# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှင့် လွယ်ကူချောမွေ့စေရေး

## လက်စွဲစာအုပ်



UNITED NATIONS ESCAP Economic and Social Commission for Asia and the Pacific

DICA

ဓန DaNa Facility Empowering Enterprise

UKaid from the British people

# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး

## လက်စွဲစာအုပ်

# ဥပဒေများစုစည်း

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) သည် ပုဂ္ဂလိက ငွေကြေးအရင်းအနှီးနှင့် နည်း ပညာများ နိုင်ငံတွင်းသို့ စီးဝင်လာစေရန် အရေးပါသည့်ကဏ္ဍ တစ်ခုဖြစ်ကြောင်း နိုင်ငံတိုင်းမှ သိရှိလက်ခံထားကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက နည်းပညာ ဖြန့်ကျက်မှုနှင့် ကုန်သွယ်ရေး တိုးတက်မှုဖြစ်ပေါ်စေရန်အလို့ငှာ FDI ကို ဖိတ်ခေါ်အားပေးကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများက ငွေကြေး၊ နည်းပညာရရှိမှုနှင့် ကုန်သွယ်မှုကို တိုးပွားစေသည် သာမက နိုင်ငံခြားမှ တရားဝင် ထောက်ပံ့ငွေများနှင့် နိုင်ငံတော်၏ ဘတ်ဂျက်အပေါ် မှီခိုမှုကိုပါ လျော့နည်းစေ ရန်အတွက် FDI ကို ဖိတ်ခေါ်လေ့ရှိကြပါသည်။ ထို့အပြင် FDI သည် ယှဉ်ပြိုင်မှုကို အားကောင်းစေပြီး ပိုမို ကောင်းမွန်လာသော စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက်လည်း တွန်းအားတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လိုသော နိုင်ငံများသည် မူဝါဒဆိုင်ရာဖြေလျှော့ ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ခြင်း၊ ခံစားခွင့် မက်လုံးများ ပေးခြင်း၊ လွယ်ကူချောမွေ့စေခြင်းနှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များချုပ်ဆိုခြင်း စသည့် နည်း ဗျူဟာအမျိုးမျိုးအသုံးပြု၍ အဖက်ဖက်မှ အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံ တွင်လည်း အလားတူ ကြိုးပမ်းမှုများကို စဉ်ဆက်မပြတ် ဖော်ဆောင်၍ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ သာမက ပြည်တွင်း ရင်းနှီး မြှုပ်နှံမှုများပါ ပိုမိုတိုး တက်လာစရန် အားပေးကူညီလျက်ရှိပါသည်။

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တန်းတူညီတူ အားပေးသည့်အနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂) ရပ်ကို ပေါင်းစည်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေဟူ၍ ၂၀၁၆ ခုနှစ်တွင် ပြောင်းလဲ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမို လွယ်ကူ ချောမွေ့စေရေးအတွက် ပြုပြင် ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများစွာကို ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တပြေးညီ အချိုးမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာစေရေးသည် လွန်စွာ အရေး ကြီးသည့်အချက်တစ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရင်းနှီးမြှုပ်နှံမှု ကော်မတီ များဖွဲ့စည်း၍ လုပ်ပိုင်ခွင့်အချို့ ပေးအပ်ခဲ့ပြီး မိမိတို့ဒေသအတွက် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေး ကြိုးပမ်းနိုင်ရန် အခွင့်အရေးများကိုလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပေးအပ်ခဲ့ပါသည်။ ထို့အပြင် စီးပွားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရန်အတွက် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ မြန်မာ

နိုင်ငံကုမ္ပဏီများဥပဒေအသစ်ကို စတင် ကျင့်သုံးဆောင်ရွက်ခဲ့ပြီး အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင် စနစ်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပင်မလုပ်ငန်း တာဝန်များစွာအနက် ရင်းနှီးမြှုပ်နှံသူများကို ရွေးချယ်ချဉ်းကပ်ခြင်း (investor targeting) နှင့် ခွင့်ပြုမိန့်ပေးအပ်ပြီးနောက်ပိုင်း ကူညီဆောင်ရွက်ပေးခြင်း (aftercare)တို့မှာ လက်ရှိကာလတွင် အရေးကြီးသည့်လုပ်ငန်းတာဝန်များဖြစ်သည်။ ထို့ပြင် ပြည်ပမှရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းများအကြား တန်ဖိုးကွင်းဆက်များ (Value chains) တွင် ချိတ်ဆက်မှု (linkages) များ ထွက်ပေါ်လာရေးအတွက် အခြားသော သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် ပူးပေါင်း၍ အားပေးကူညီ ဆောင်ရွက်ပေးရန်မှာလည်း အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ခုဖြစ်ပါသည်။

မိမိအနေဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက ထိုင်းနိုင်ငံရှိ United Nation Economic and Social Commission for Asia and Pacific (UNESCAP) တွင် 7th Asia Pacific EPI Network အစည်းအဝေးသို့ တက်ရောက်စဉ် ၎င်း၌ဖြန့်ဝေသော "Handbook on Policies, Promotion and Facilitation of Foreign Direct Investment for Sustainable Development in Asia and the Pacific" ကို ရရှိခဲ့သဖြင့် ၎င်းကို မြန်မာဘာသာပြန်ထုတ်ဝေ၍ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ၌ တာဝန်ယူ ဆောင်ရွက်နေကြသူများအတွက် လည်းကောင်း၊ နိုင်ငံအတွက် လည်းကောင်း များစွာလိုအပ်မည်ဟု သုံးသပ်ခဲ့ပါသည်။ သို့ဖြစ်၍ ဤစာအုပ်သည် United Nation Economic and Social Commission for Asia and Pacific (UNESCAP) မှ ထုတ်ဝေသည့် "Handbook on Policies, Promotion and Facilitation of Foreign Direct Investment for Sustainable Development in Asia and the Pacific" ကို ဘာသာပြန်ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤလက်စွဲစာအုပ်သည် နိုင်ငံအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် မူဝါဒချမှတ်သူများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ဆောင်ရွက်မှုများကို ချမှတ်နိုင်စေနိုင်ရန် နိုင်ငံတကာ အတွေ့အကြုံများ၊ တွေ့ရှိချက်များနှင့်တကွ ထုတ်ဖော်ရေးသားထားခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာအတွေ့အကြုံများအားလေ့လာရာ၌ ယခု ဘာသာပြန်စာအုပ်တွင် အာရှ-ပစိဖိတ်ဒေသ နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဘက်ပေါင်းစုံမှ ရှင်းလင်းဖော်ပြပေးထားသည့် အားလျော်စွာ ရင်းနှီးမြှုပ်နှံမှု အမှန်ဝင်ရောက်လာစေရေး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလွန်အသုံးဝင်မည့် ရည်ညွှန်းစာအုပ်ကောင်းတစ်အုပ် ဖြစ်ပသည်။ ဤလက်စွဲစာအုပ်သည် အခန်း (၈) ခန်းဖြင့် ဖွဲ့စည်းထားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ ဌာနခွဲများအလိုက် မိမိတို့နှင့်သက်ဆိုင်သည့် အခန်းများကို ပိုမိုအလေးထား ဖတ်ရှုအသုံးချရန်လိုအပ်ပါသည်။ ယေဘုယျအားဖြင့် အခန်း (၆)၊ (၇) နှင့် (၈) တို့မှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အရေးကြီးသည်ဟု ဆိုနိုင်ပါသည်။

ဤဘာသာပြန်စာအုပ်သည် မိမိတို့ မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမို ဝင်ရောက်လာစေရန် ကြိုးပမ်း ရွက်ဆောင်ရာတွင် များစွာ အထောက်အကူဖြစ်စေမည် ဟု ယုံကြည်ပါသည်။ ထို့ပြင် ဤစာအုပ်ပါ အခြားနိုင်ငံများမှအတွေ့အကြုံကောင်းများကိုလိုက်နာကျင့်သုံးခြင်းဖြင့် မိမိတို့နိုင်ငံမှ မျှော်မှန်းထားသော ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပို့ကုန်များ ပိုမို မြင့်မားလာ

စေရန်၊ လုပ်ငန်းချိတ်ဆက်မှုများမှတဆင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းရာတွင် အထောက်အကူဖြစ်စေပါလိမ့်မည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်ရာတွင် မိမိတို့နိုင်ငံအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖော်ဆောင်ရန်ဖြစ်ပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဖြစ်ပေါ်လာအောင် အားပေးကူညီ ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။ ဤစာအုပ်မှရရှိသည့် အချက်အလက်များနှင့် အတွေ့အကြုံများသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ဦးအောင်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

# ကျေးဇူးတင်လွှာ

ဤစာအုပ်သည် United Nations Economic and Social Commission for Asia and the Pacific (UNESCAP) ၏ Handbook on Policies, Promotion and Facilitation of Foreign Direct Investment for Sustainable Development in Asia and the Pacific လက်စွဲစာအုပ်အား ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။

စာအုပ်ပါ အကြောင်းအရာများသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် ဆောင်ရွက်သင့်သည့် လုပ်ဆောင်မှုများကို နိုင်ငံတကာအတွေ့အကြုံများဖော်ပြ၍ ရေးသားထားသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရင်းနှီးမြှုပ်နှံမှု ကော်မတီများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ရုံးခွဲများတွင် လေ့လာနိုင်ရန် ဘာသာပြန်ဆိုထား ရှိ၍ စာအုပ်ထုတ်ရန်ကိစ္စအပေါ် UNESCAP အား ခွင့်တောင်းသည့်အခါ လိုလိုလားလားပင် အသုံးပြုခွင့်ပေးခဲ့သည့်အတွက် UNESCAP မှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဤဘာသာပြန်စာအုပ်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် DaNa Facility တို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်တစ်ခုဖြစ်ပါသည်။ စာအုပ်ဖြစ် မြောက်ရေးအတွက် ဘာသာပြန်ဆိုရာတွင် ပါဝင်ခဲ့ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဤဘာသာပြန်စာအုပ်ကို ပုံနှိပ်ထုတ်ဝေပေးခဲ့သည့် DaNa Facility ကိုလည်း ကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရေးအတွက် အရေးကြီးသည့် အကြောင်းအရာများဖြစ်သည်ဟု ယုံကြည်ပြီး ဤဘာသာပြန်စာအုပ်အတွက် အကူအညီပေးခဲ့ကြသည့် DaNa Facility ၏ ခေါင်းဆောင် Mark Birnbaum၊ အကြီးတန်းအကြံပေးအရာရှိ Peter Brimble၊ မဟာဗျူဟာရေးရာ ဒါရိုက်တာ ဒေါ်မျိုးမျိုးမြင့်နှင့် စာအုပ် တစ်အုပ်လုံး၏ ဘာသာရပ်ဆိုင်ရာ အဓိပ္ပါယ်ကောက်ယူမှု မှန်ကန်သေချာမှုရှိစေရန်အတွက် စိစစ်သုံးသပ်၊ တည်းဖြတ်ပေးခဲ့သော DaNa Facility မှ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဦးဆောင်တာဝန်ခံ ဦးလင်းမောင်မောင်တို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# မာတိကာ


ဥယျောဇဉ် ........ I

ကျေးဇူးတင်လွှာ ........ V

နိဒါန်း ........ ၁

**အခန်း (၁)**

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အခြေခံအကြောင်းတရားများ ........ ၉

(က) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ........ ၉

(ခ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပုံစံများ (TYPOLOGY) ........ ၁၆

(ဂ) ရေရှည်တည်တံ့သည့်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ........ ၁၉

(ဃ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၏ အကြောင်းတရားများ ........ ၂၂

(င) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုအဆုံးအဖြတ်ပေးသည့်အချက်များ ........ ၂၃

(စ) ဆွေးနွေးစရာကိစ္စရပ်များ ........ ၃၂

ရည်ညွှန်း ........ ၃၂

**အခန်း (၂)**

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ရာလမ်းကြောင်းနှင့်အကျိုးသက်ရောက်မှုများ ........ ၃၅

(က) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာပုံနှင့် ဦးတည်ရာလမ်းကြောင်း ........ ၃၅

(ခ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု
လက်ခံရရှိသည့်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများ ........ ၅၁

(ဂ) ဆွေးနွေးစရာကိစ္စရပ်များ ........ ၈၂

ရည်ညွှန်း ........ ၈၃

**အခန်း (၃)**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေသောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက်
မူဝါဒ ရေးရာ မူဘောင်များ ........ ၉၅

(က) စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖြေလျှော့ခြင်း၊
ပုဂ္ဂလိကပိုင်ပြုခြင်းနှင့်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ........ ၉၅

(ခ) လုပ်သာကိုင်သာရှိသောအခြေအနေနှင့် တက်ကြွထက်သန်သော
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဆိုင်ရာလိုအပ်မှု ........ ၁၀၃

(ဂ) တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်များကိုမြှင့်တင်ခြင်း ........ ၁၁၉

(ဃ) မူဝါဒအရေးပေးမှု - ချိတ်ဆက်မှုများကိုဖန်တီးပေးခြင်း ၁၃၆
(င) မျိုးဆက်သစ်ရင်းနှီးမြှုပ်နှံမှုမူဝါဒများ ရေရှည်တည်တံ့ခိုင်မြဲသော
နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၁၄၉
(စ) ဒေသတွင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပေါင်းစည်းခြင်း ၁၆၆
(ဆ) အနှစ်ချုပ်၊ မူဝါဒရေးဆွဲခြင်းအတွက်အရေးအပါဆုံးသင်ခန်းစာများ ၁၇၇
(ဇ) ဆွေးနွေးစရာကိစ္စရပ်များ ၁၈၄
ရည်ညွှန်း ၁၈၆

## အခန်း (၄)

ရေရှည်တည်တံ့သောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမှုအတွက် အဖွဲ့အစည်းနှင့်ဥပဒေရေးရာမူဘောင် ၁၉၅
(က) ရေရှည်တည်တံ့မည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အတွက်
ထားရှိရမည့် အဖွဲ့အစည်းမူဘောင် ၁၉၅
(ခ) ရေရှည်တည်တံ့သောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက်
နိုင်ငံတော်၏ဥပဒေရေးရာမူဘောင် ၂၀၄
(ဂ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက်အပြည်ပြည်ဆိုင်ရာဥပဒေမူဘောင် ၂၁၉
(ဃ) ဆွေးနွေးစရာကိစ္စရပ်များ ၂၃၉
ရည်ညွှန်း ၂၄၀

## အခန်း၅

စွမ်းဆောင်ရည်လိုအပ်ချက်များ၊ ခံစားခွင့်မက်လုံးများနှင့်အထူးစီးပွားရေးဇုန်များ ၂၄၇
(က) စွမ်းဆောင်ရည်လိုအပ်ချက်များ (PERFORMANCE REQUIREMENTS) ၂၄၇
(ခ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခံစားခွင့်မက်လုံးများ ၂၅၉
(ဂ) အထူးစီးပွားရေးဇုံများ ၂၈၆
(ဃ) ဆွေးနွေးစရာကိစ္စရပ်များ ၃၀၀
ရည်ညွှန်း ၃၀၁

## အခန်း(၆)

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ အခန်းကဏ္ဍများ၊ဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲမှု ၃၀၇
(က) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ အခန်းကဏ္ဍများနှင့်လုပ်ငန်းတာဝန်များ ၃၀၇
(ခ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားများ
(*ORGANIZATION PRINCIPLES*)ကိုသတ်မှတ်ခြင်း ၃၂၆
(ဂ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီထိရောက်မှုရှိရန်အတွက်လိုအပ်ချက်များ ၃၃၃
(ဃ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ စွမ်းဆောင်ချက်အား အစီအစဉ်ချမှတ်ခြင်း၊
စောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်း ၃၅၇

(င) ထိရောက်သော IPA တစ်ခုကိုဖွဲ့စည်းတည်ထောင်ခြင်း -
ခြုံငုံဖော်ပြချက်နှင့်အကြံပြုတင်ပြချက်များ ........ ၃၈၁
(စ) ဆွေးနွေးစရာကိစ္စရပ်များ ........ ၃၈၇
ရည်ညွှန်း ........ ၃၈၇


## အခန်း(၇)

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့်ပုံရိပ်တည်ဆောက်ခြင်း ........ ၃၈၉

(က) ဖွံ့ဖြိုးရေးအတွက်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရန်
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာများ ........ ၃၈၉
(ခ) ရင်းနှီးမြှုပ်နှံသူ၏ခံယူထားသောအမြင်နှင့်ပုံရိပ်တည်ဆောက်ခြင်း ........ ၄၀၀
(ဂ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက်တည်နေရာနှင့်လုပ်ငန်းတည်မည့်နေရာများ
(LOCATIONS AND SITES) အားဈေးကွက်မြှင့်တင်ခြင်း ........ ၄၁၅
(ဃ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက်အသုံးပြုနိုင်သည့်နည်းလမ်းများ (TOOLS) -
ဝက်ဘ်ဆိုဒ်များနှင့်ဆိုရှယ်မီဒီယာ ........ ၄၄၁
(င) အခြားသောမြင်တွေ့နေကျရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနည်းလမ်းများ (TOOLS)
ကိုခြုံငုံကြည့်ရှုခြင်း ........ ၄၅၆
(စ) ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းနှင့်စိတ်ဝင်စားမှုရှိလာအောင်ဆောင်ရွက်ခြင်း (INVESTOR
TARGETING AND LEAD GENERATION) ........ ၄၇၅
(ဆ) ဆွေးနွေးစရာကိစ္စရပ်များ ........ ၄၉၆
ရည်ညွှန်း ........ ၄၉၇


## အခန်း (၈)

ရင်းနှီးမြှုပ်နှံမှုကိုလွယ်ကူချောမွေ့အောင်ကူညီဆောင်ရွက်ပေးခြင်း (INVESTMENT
FACILITATION) ........ ၄၉၉

(က) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်မှ ရင်းနှီးမြှုပ်နှံမှု အမှန်ဝင်ရောက်မှုနှုန်းတက်လာအောင်
ဆောင်ရွက်ခြင်း – ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအကြောင်း မိတ်ဆက် ........ ၄၉၉
(ခ) လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုရန်ပြင်ဆင်ခြင်းနှင့် သွားရောက်ကြည့်ရှုခြင်း ........ ၅၀၈
(ဂ) ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး - လုပ်ငန်းတည်ထောင်သည့်အဆင့်/
ရင်းနှီးမြှုပ်နှံမှုစတင်သည့်အဆင့် (ESTABLISHMENT PHASE) ........ ၅၁၇
(ဃ) လုပ်ငန်းတည်ထောင်ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံသူများအား
ဆက်လက် ဝန်ဆောင်မှုပေးခြင်း (AFTERCARE) ........ ၅၂၇
(င) ရင်းနှီးမြှုပ်နှံသူများ၏စုံစမ်းမေးမြန်းချက်များကိုထိရောက်စွာ ဖြေရှင်းခြင်း ........ ၅၄၆
(စ) ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအား အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း ........ ၅၅၆
(ဆ) ဆွေးနွေးစရာကိစ္စရပ်များ ........ ၅၆၁
ရည်ညွှန်း ........ ၅၆၂

## နိဒါန်း

တချိန်တခါက အနောက်နိုင်ငံများ၏ ကိုလိုနီစနစ်သစ်အဖွယ် ရှုမြင်ခဲ့ကြသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ ယခုအခါ ငွေကြေးအရင်းအနှီး၊ အတတ်ပညာနှင့် အသိပညာများ သယ်ဆောင်လာသည်ဟု နိုင်ငံများစွာက ပြောင်းလဲလက်ခံလာခဲ့ကြပြီး နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အပြိုင်အဆိုင် ဆွဲဆောင် လာခဲ့ကြသည်။ တစ်စတစ်စဖြင့် အပြိုင်အဆိုင် ဆွဲဆောင်မှုမှာ ပြင်းထန်လာသောကြောင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများပင် တဖြည်းဖြည်း လျော့နည်းစ ပြုလာခဲ့သည်။ ကြွေးမြီ အကျပ်အတည်း ပြင်ပြင်းထန်ထန် ဖြစ်ပွားပြီးနောက် တရားဝင်ဖွံ့ဖြိုးရေး အကူအညီများ (ODA)နှင့် ပုဂ္ဂလိက ဘဏ်များမှ ချေးငွေများ ကျဆင်းလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ပုဂ္ဂလိကကဏ္ဍအတွက် ငွေကြေးအရင်းအမြစ် တစ်ရပ်အဖြစ် ရှေ့တန်းသို့ ရောက်ရှိလာခဲ့ သည်။ အတိအကျပြောရလျှင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ ပြင်ပမှ စီးဝင်လာ သော ငွေကြေး အရင်းအမြစ် စုစုပေါင်း၏ ၆၀% ကျော် ရှိသည်။[1] ယခင်က နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုအပေါ် မှီခိုမှုမရှိခဲ့သော အာရှ- ပစိဖိတ်ဒေသနိုင်ငံများသည်ပင်လျှင် ၁၉၉၇/၉၈ အာရှ ငွေကြေးအကြပ် အတည်း (the 1997/ 1998 Asian Financial Crisis) အလွန်တွင် အပြည် ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ အကြပ်အတည်းဖြေရှင်းရေး အစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ် အနေဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို လက်ခံရန် တွန်းအားပေးလာသောကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ငွေကြေး အရင်းအမြစ် တစ်ရပ်သဖွယ် လက်ခံကျင့်သုံးလာခဲ့ကြသည်။ သို့သော်လည်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ စီးပွားရေး ဂယက်ရိုက်ခတ်ချိန်တွင်မူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်အပေါ် များစွာ ထိခိုက် နစ်နာမှု ရှိခဲ့သည်။ နောက်နှစ်အနည်းငယ်အတွင်း ကုန်သွယ်မှုမှာ ပုံမှန်ပြန်ဖြစ်လာမည်ဟု မျှော်လင့်ရသော်လည်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာဖွယ် ရှိသည်။

ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် အသုံးပြုနိုင်သော ပြင်ပမှငွေကြေးအရင်းအမြစ်တစ်ရပ် အနေ ဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံကို the 2002 Moneterry Consensus on Financing for Development နှင့် ၎င်း၏ နောက်ဆက်တွဲ အစီအစဉ် ဖြစ်သည့် the 2015 Addis Ababa Action

[1] Available from: **https://www.oecd.org/dac/Post%202015%20Investment%20for% 20 sustainable% 20development.pdf.**

Agenda on Financing for Development တို့မှ အသိအမှတ်ပြုခဲ့ကြသည်။ ထို့အပြင် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ (the Millennium Development Goals (MDGs)) ကို အစားထိုး လိုက်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (the Sustainable Development Goals (SDGs)) ပါဝင်သော the 2030 Agenda for Sustainable Development ကို အကောင်အထည် ဖော်ဆောင်ရာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အရေးပါသည့်အခန်းကဏ္ဍတွင် ထည့်သွင်းဖော်ပြထား ပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် စီးပွားရေး အသွင်ကူးပြောင်းနေသည့် နိုင်ငံများအတွက် ဆောင်ရွက် မည့် နိုင်ငံတကာမှ အစီအစဉ်များ၊ မူဝါဒများစွာနှင့် လုပ်ငန်းအစီအစဉ်များစွာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု၏ အရေးပါမှုကို အလေးထားလာကြသည်။

ပြည်သူ့ဘဏ္ဍာငွေနှင့် ပြည်ပငွေကြေးအကူအညီများဖြင့် မလုံလောက်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေကြေး အရင်းအနှီးလိုအပ်ချက် များစွာဖြစ်ပေါ်ရခြင်းမှာ ပုဂ္ဂလိကငွေကြေး အရင်းအမြစ်ဖြစ်သော နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံကို ထည့်သွင်း မစဉ်းစားထားခြင်းကြောင့် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်မှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃.၃ ထရီလီယံ မှ ၄.၅ ထရီလီယံ အကြား ရှိလိမ့်မည်ဟု The United Nations Conference on Trade and Development (UNCTAD) က ခန့်မှန်း ထားသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများမှာ (လမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ ဓာတ်အားပေးစက်ရုံများ၊ ရေနှင့် ရေနုတ်မြောင်းများ စသည့်) အခြေခံအဆောက်အအုံများ၊ (စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု) စားနပ်ရိက္ခာဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှုကို လျော့ချဟန့်တားခြင်း၊ ကျန်းမာရေးနှင့် ပညာရေးတို့ ဖြစ်ကြ သည်။ မျက်မှောက်ခေတ် (ပုဂ္ဂလိကနှင့် အစိုးရ) ရင်းနှီးမြှုပ်နှံမှု အနေအထားအရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များနှင့် ဆက်စပ်နေသော ကဏ္ဍများတွင် ၂၀၁၅-၂၀၃၀ နှစ်များ အတွက် ငွေကြေးအရင်းအနှီး ပျမ်းမျှ နှစ်စဉ် ရန်ပုံငွေလိုအပ်မှုမှာ အမေရိကန်ဒေါ်လာ ၂.၅ သန်းခန့် ရှိနေဆဲ ဖြစ်သည်[2] အာရှ-ပစိဖိတ်ဒေသ၌ပင်လျှင် (ပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် ရေရရှိမှု ၄ မျိုး ပါဝင် သော) အခြေခံ အဆောက်အအုံအတွက် ၂၀၁၀ မှ ၂၀၂၀ အထိ (၁၁) နှစ်တာ ကာလအတွင်း စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု လိုအပ်ငွေ ပမာဏသည် (၂၀၀၈ ကုန်ဈေးနှုန်းများအရ) အမေရိကန် ဒေါ်လာ ၈ ထရီလီယံ အထက် (နှစ်စဉ် အမေရိကန် ဒေါ်လာ ၇၅၀ ဘီလီယံ ခန့်) လိုအပ်လိမ့်မည်ဟု ၂၀၀၉ ခုနှစ် အာရှ ဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတွင် ခန့်မှန်း ထားသည်။[3] ရာသီဥတု ပြောင်းလဲမှုလျော့ချ ဟန့်တားရေးနှင့် ပြောင်းလဲလာမှုအပေါ် လိုက်လျောညီထွေ နေထိုင် လုပ်ကိုင်ရေး (adaptation) အတွက် ဖွံ့ဖြိုးဆဲအာရှနိုင်ငံများသည် ၂၀၁၆ ခုနှစ် မှ ၂၀၃၀ ခုနှစ်အထိ (၁၅) နှစ် တာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂၆ ထရီလီယံ (နှစ်စဉ် ၁.၇ ထရီလီယံ) ကုန်ကျမည်ဟု အာရှ ဖွံ့ဖြိုးရေး ဘဏ်မှ မကြာသေးမီက ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲမှုအတွက် ပြင်ဆင်ဆောင်ရွက်ပေးရသော ကုန်ကျစရိတ်များ မရှိပါက အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်သည် အမေရိကန် ဒေါ်လာ ၂၂.၆ ထရီလီယံ (နှစ်စဉ် ၁.၅ ထရီလီယံ) လိုအပ်ပေလိမ့်မည်။[4]

---

[2] UNCTAD, t, *World Investment Report 2014: Investing in the SDGs, an action plan* (United Nations publication, Sales No. E.14.II.D). Available from: **http://unctad.org/en/PublicationsLibrary/ wir2014_ en.pdf.**

[3] ADB and Asian Development Bank Institute, *Infrastructure for a Seamless Asia* (Manila, 2009). Available from: **https://www.adb.org/sites/default/files/publication/159348/adbi-infrastructure-seamless-asia.pdf.**

[4] ADB, *Meeting Asia's Infrastructure Needs* (Manila, 2017). Available from: **https://www.adb. org/sites/ default/files/publication/227496/special-report-infrastructure.pdf.**

အထက်တွင်ဖော်ပြခဲ့သည့်အခြေအနေများကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် မကောင်းသော အမြင်များရှိနေရာမှ အကောင်းဘက်သို့ ဦးတည်လာခဲ့သည်။ ထို့ကြောင့်ပင် နိုင်ငံများစွာသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနများ (investment promotion agencies (IPAs)) သို့မဟုတ် စီးပွားရေး ဖွံ့ဖြိုးမှု အဖွဲ့အစည်းများ (economic development organizations (EDOs)) ဖွဲ့စည်း၍ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို တက်တက်ကြွကြွ ဖိတ်ခေါ်လာကြသည်။[5] နိုင်ငံများသည် အခွန်ကင်းလွတ် သက်သာခွင့် မက်လုံးများ ပေး၍ ရင်နှီးမြှုပ်နှံမှုဝန်းကျင်ကောင်း မရှိမှုအပေါ် ကာမိစေပြီး FDI ကို အပြိုင်အဆိုင် ဆွဲဆောင်လာကြသဖြင့် FDI မှ ဖြစ်ပေါ်လာနိုင်သော ဖွံ့ဖြိုးရေးအကျိုးကျေးဇူးများကို လျော့နည်းလာစေခဲ့သည်။ ထို့အပြင် FDI ၏ အကျိုးကျေးဇူးများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီဘဲ ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် FDI ၏ လက်တွေ့အကျိုးပြုမှုမှာ သေချာရေရာမှု မရှိပေ။

နိုင်ငံအချို့သည် အခြားနိုင်ငံများထက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမို ဆွဲဆောင်နိုင်သည်ကို တွေ့ရပြီး ထိုသို့ပိုမိုဆွဲဆောင်နိုင်သည့် အကြောင်းရင်းများစွာ ရှိပါသည်။ နိုင်ငံအချို့သည် ပြည်ပသို့ FDI များ သွားရောက် ရင်းနှီးမြှုပ်နှံရန် တက်တက်ကြွကြွ အားပေးပြီး စီးပွားရေးလုပ်ငန်းများကို ကမ္ဘာ့အဆင့်ယှဉ်ပြိုင်နိုင်စွမ်း ရှိလာစေသည်။ နိုင်ငံများစွာသည် FDI ကြောင့် အကျိုးကျေးဇူးများ ခံစားကြရသည်။ သို့သော်ငြားလည်း အချို့ နိုင်ငံများသည် FDI လုံလုံလောက်လောက် မဆွဲဆောင်နိုင်သလို FDI မှ အကျိုးကျေးဇူးများလည်း မခံစားကြရပေ။ အထူးသဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများနှင့် အခွင့်မသာသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆိုပါ အတွေ့အကြုံဆိုးများ တွေ့ကြုံခံစားကြရသည်ကို တွေ့ရလေ့ရှိသည်။ FDI အား ပြင်ပမှ ရရှိနိုင်သည့် ငွေကြေးအရင်းအနှီးတစ်ရပ်အဖြစ် သဘောတရားအရ လက်ခံထားကြသော်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် SDGs ကို အောင်မြင်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် FDI ၏ အခန်းကဏ္ဍအပေါ် မကျေလည်မှုများ ရှိပါသည်။ တနည်းအားဖြင့် FDI အား ဆွဲဆောင်နိုင်ရုံ သက်သက်ဖြင့် ဖွံ့ဖြိုးမှုအကျိုးကျေးဇူးများ ထွက်ပေါ်လာမည်ဟု အာမမခံနိုင်ပေ။ တခါတရံတွင် စီးပွားရေး အကျိုးကျေးဇူးများ ထွက်ပေါ်လာသည့်တိုင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်နစ်နာမှုများ ရှိနိုင်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း FDI ၏ သဘောသဘာဝ၊ အသွင်သဏ္ဍာန်နဲ့ FDI အရင်းအမြစ် များ ပြောင်းလဲလာခဲ့ပြီး ပိုမိုရှုပ်ထွေးလာခဲ့သည်။ FDI ကြောင့် ကမ္ဘာရွာ ဖြစ်တည်မှု၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု(globalization)ကို ဖြစ်ပေါ်စေခဲ့သည်။ အထူးသဖြင့် FDI သည် ဒေသတွင်းနှင့် ကမ္ဘာ့ တန်ဖိုးမြင့် ကွင်းဆက်များ (regional and global value chains) ကို ချဲ့ထွင်လာစေခဲ့ပြီး အလုပ်အကိုင် ဖန်တီးပေးသလို အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ တဆင့်ခံ ကန်ထရိုက်များနှင့် ကုန်ပစ္စည်းပေးသွင်းသူများအတွက်လည်း ကောင်းကျိုးများ ရရှိစေပါသည်။ FDI သည် ဒေသတွင်းနှင့် နှစ်နိုင်ငံ ကုန်သွယ်မှု သဘောတူညီချက်များကို ဖြစ်ထွန်းစေသလို ထိုမှတဖန် အဆိုပါ သဘောတူညီချက် များတွင် ရင်းနှီးမြှုပ်နှံမှု အခန်းများကို ထည့်သွင်း ဖော်ပြသည့်အတွက် FDI ကို အားပေးရာ ရောက်ပါသည်။ FDI မှာလည်း ဖွံ့ဖြိုးပြီးကြွယ်ဝသော နိုင်ငံများမှ စီးဝင်လာသည်ထက် တက်သစ်စနိုင်ငံများမှလည်း ပိုမို စီးဝင်လာသည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံတိုးတက်လာသည်နှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှုမှာလည်း

[5] The term IPA is used in Asia and the Pacific while the use of "economic development organizations" is more common in North America. In this Handbook, only the term IPA is used with the understanding that all references to IPAs are meant to include those organizations also.

သိသိသာသာ များပြားလာခဲ့သည်။ သို့သော် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံငွေများ မည်သည့်နေရာမှ စီးဝင်လာသည်ကို အမှန်သိရှိနိုင်ရန် ခက်ခဲလာစေပြီး နိုင်ငံစုံလုပ်ငန်းကြီးများ၏ ကမ္ဘာတဝှမ်း လည်ပတ်လုပ်ကိုင်သည့် သဘောသဘာဝအရ အခွန်တိမ်းရှောင်မှုများကို အားပေးနေသလို ဖြစ်နေသည်လည်း ရှိသည်။ ထို့ကြောင့် FDI ဖြင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်မည့် အစီအစဉ်မှာလည်း အားပျော့လာခဲ့သည်။ FDI အတွက် ကမ္ဘာလုံးဆိုင်ရာ ဥပဒေတစ်ရပ် မရှိသည့်အတွက် နိုင်ငံစုံလုပ်ငန်း ကြီးများ၏ တာဝန်ယူမှုရှိသော စီးပွားရေး ကျင့်ထုံးများ ကင်းမဲ့လာမှုအပေါ် စိုးရိမ်စိတ်များကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များကို အလေးပေး ပြောဆို လုပ်ကိုင်လာကြသည်။

ဝင်ရောက်လာသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့် အခက်အခဲများ၊ အဆိုပါ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအကြား ချိတ်ဆက်မှုများစွာရှိပြီး သိရှိ နားလည်သဘောပေါက်ရန်လည်း ခက်ခဲပါသည်။ အဆိုပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ ရေးသားပြုစု ထားသည့် စာအုပ်စာတမ်းများစွာ ရှိပါသည်။ အဆိုပါ ပညာရပ်ဆိုင်ရာ စာပေများတွင် FDI ပြုလုပ်ရန် ဆုံးဖြတ်သည့် အကြောင်းတရားများနှင့် FDI ၏ အကျိုးသက်ရောက်မှုများအပေါ် လေ့လာမှုများစွာရှိပြီး ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အား ပိုမိုကောင်းမွန်လာအောင် မည်သို့လုပ်ဆောင်ရမည်၊ FDI ပိုမိုစီးဝင်လာအောင် မည်သို့သောမူဝါဒများကို ရွေးချယ်ကျင့်သုံးရမည်ကို အကြံပြုတင်ပြထားပါသည်။ မျက်မှောက်ခေတ်တွင် FDI မှ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး ဖြစ်ပေါ်လာအောင် သေချာစေမည့် မူဝါဒများ ချမှတ်နိုင်ရန် အလေးပေး ဆောင်ရွက်လာကြသည်။ နှစ်ပေါင်းများစွာတိုင်အောင် FDI အတွက် ရေးသားထုတ်ဝေထားသော အထင်ရှားဆုံးစာအုပ်မှာ နှစ်စဉ် ထုတ်ဝေသော UNCTAD ၏ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ(World Investment Report) ဖြစ်သည်။

ဤလက်စွဲစာအုပ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသော တွေ့ရှိချက်များ၊ အတွေ့အကြုံ များကို မှတ်တမ်းတင်ပြုစုရန် ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပြီး မူဝါဒချမှတ်သူများအကြား ပိုမိုကောင်းမွန်သော FDI မူဝါဒများ ချမှတ်လာနိုင်စေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနများအကြား FDI ကို ပိုမိုမြှင့်တင်၍ လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက် ပေးနိုင်စေရန် အကျဉ်းချုပ် ဖော်ပြပေးထားပြီး အလွယ်တကူ ကိုးကားနိုင်သော စာအုပ်တစ်အုပ်ဖြစ်စေရန် ရည်ရွယ်ပါသည်။ ပိုမို ကောင်းမွန်သော FDI မူဝါဒများဆိုသည်မှာ အရည်အသွေးရှိသော FDI များ ပိုမိုဝင်ရောက်လာပြီး စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်ပေါ်လာစေရန်အတွက် အကူအညီဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ဆိုလိုပါသည်။ ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးရေးဆိုသည်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရာတွင် ပိုမို ထိရောက်သော၊ ပစ်မှတ်ထားသော၊ အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးပြုသော နည်းစနစ်များကို အသုံးပြုပြီး ရင်းနှီးမြှုပ်နှံမှုများကို အောင်မြင်လာအောင် ကူညီပံ့ပိုးပေးခြင်း ဖြစ်သည်။ ပုံမှန်အားဖြင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ချမှတ်သော အဖွဲ့အစည်း၊ ဌာနများနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်၍ လွယ်ကူ ချောမွေ့အောင် ကူညီဆောင်ရွက်ပေးသော အဖွဲ့အစည်းများ မတူညီကြပေ။ အဆိုပါ လုပ်ငန်းနှစ်ရပ်အတွက် လိုအပ်သော လုပ်ငန်း သဘောသဘာဝ၊ ကျွမ်းကျင်မှုနှင့် စိတ်ထားအမြင်များ (minsets)လည်း မတူညီကြပေ။ သို့သော်ငြားလည်း အဆိုပါ လုပ်ငန်းနှစ်ခုမှာ နက်ရှိုင်းစွာ ဆက်စပ်နေပါသည်။ အလားတူပင် FDI မူဝါဒများ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများမှာလည်း အပြန်အလှန်ချိတ်ဆက်နေသည့်အတွက် ခွဲခြား ပြောဆိုဆွေးနွေး၍ မရနိုင်ပေ။

ဖော်ပြပါ ရည်ရွယ်ချက်နှင့် SDG ရည်မှန်းချက်ပန်းတိုင်များသို့ လျှောက်လှမ်းရာတွင် FDI အား နည်းလမ်းတစ်ရပ်အနေဖြင့် အသုံးချရန် ရည်မှန်းချက်ဖြင့် ဤလက်စွဲစာအုပ်သည် မူဝါဒချမှတ်ခြင်း၊ ဥပဒေပြု ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး လုပ်ငန်းများအတွက် အကြံပြုချက်များကို နိုင်ငံ တကာမှ အတွေ့အကြုံများ၊ အလေ့အထကောင်းများကိုအခြေခံ၍ တစ်စုတစ်စည်းတည်းတွင် ရှင်းလင်းဖော်ပြ ပေးသွားမည် ဖြစ်သည်။ ဤလက်စွဲစာအုပ်သည် အမြင်ဆန်းများနှင့် သတင်းအချက်အလက် အသစ်အဆန်း များကို ဖော်ပြသွားမည် မဟုတ်ပေ။ အကြောင်းမှာ လေ့လာသိရှိပြီးသား အချက်အလက်များကို အသစ်တဖန် ပြန်လည်ဖော်ထုတ်ရန် မလိုအပ်သောကြောင့် ဖြစ်သည်။ သို့သော်ငြားလည်း အာရှ-ပစိဖိတ်ဒေသမှ FDI အတွေ့ အကြုံများအပေါ် နှစ်ပေါင်းများစွာ လေ့လာပြုစုထားသည့် စာအုပ်စာပေများစွာမှ ကောက်နုတ်တင်ပြထားသည့် အတွက် မူဝါဒချမှတ်သူများ၊ ဥပဒေပြုသူများနှင့် IPAs များအတွက် ရည်ညွှန်းကိုးကားစရာတစ်ခုအဖြစ် အသုံး ဝင်ပါလိမ့်မည်။

အခန်း(၁)တွင် FDI ၏ အခြေခံအကြောင်းတရားများဖြစ်သည့် FDI ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များ၊ အမျိုးအစားများနှင့် ပုံစံများ၊ အကြောင်းရင်းခံများကို မိတ်ဆက်အနေဖြင့် ရှင်းလင်း ဖော်ပြပေးထားသည်။ ထို့ကြောင့်ပင် ဤအခန်းတွင် သီအိုရီပိုင်းဆိုင်ရာ ပိုများပြီး ရေရှည်တည်တံ့မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရေရှည် တည်တံ့သော နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (sustainable FDI)ဆိုင်ရာ အငြင်းပွားမှုများကို အဖြေရှာ ထားသည်။

အခန်း(၂)တွင် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း အိမ်ရှင်နိုင်ငံနှင့် မိခင်နိုင်ငံ နှစ်နိုင်ငံလုံးတွင် ဖြစ်ထွန်းပြောင်းလဲလာခဲ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု အခြေအနေနှင့် (စဉ်ဆက်မပြတ်) ဖွံ့ဖြိုး တိုးတက်မှုပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိကို လေ့လာထားသော်လည်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ကောင်းကျိုး၊ ဆိုးကျိုး ပိုမိုအလေးပေး၍ လေ့လာထားပါသည်။ FDI ၏ အမှန် တကယ် အကျိုးသက်ရောက်မှုများနှင့် အလားအလာများကို ကျယ်ကျယ်ပြန့်ပြန့် နားလည် သဘောပေါက်ထား ခြင်းဖြင့် မူဝါဒ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရာတွင် အသုံးဝင်သည့်သင်ခန်းစာများ ရရှိနိုင်မည် ဖြစ်သည်။

အခန်း (၃) တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအတွက် မူဝါဒရေးရာ မူဘောင်များကို အကျယ်တဝင့် အကြံပြုတင်ပြထားပါသည်။ ဤအခန်းသည် လက်စွဲစာအုပ်တွင် အများဆုံး အပိုင်းဖြစ်ပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း(privatization)၊ စည်းမျဉ်းစည်းကမ်း ဖြေလျှော့ခြင်း (deregulation) နှင့် နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာချက် (competitive advantage) အပါအဝင် FDI ၏ အမျိုးမျိုးသော မူဝါဒ ဦးတည်ချက်များကို ရှင်းလင်းဖော်ပြထားသည်။ တနည်းအားဖြင့် စီးပွားရေးမူဝါဒ သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကို ခွဲခြားရှုမြင်ရန်မသင့်ဘဲ ထိုကဲ့သို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကို ကျယ်ပြန့် စွာ ရှုမြင်ရန်လိုအပ်ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ ထို့အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် မှန်ကန် သော မူဝါဒဝန်းကျင်အောက်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုကို ကူညီအားပေးသော်လည်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တစ်ခုတည်းဖြင့် ဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်ပေါ်စေသည်တော့ မဟုတ်ဘဲ အခြားသော မူဝါဒများ အထူးသဖြင့် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ကောင်းများ ပိုမိုဖော်ဆောင်ပေးနိုင်မည့် မူဝါဒများနှင့် နိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်ကို မြှင့်တင် အားပေး

နိုင်သည့် မူဝါဒများလည်း လိုအပ်ပါသည်။ လက်ရှိမူဝါဒရေးရာ မူဘောင်များဖြစ်သော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒဆိုင်ရာ မူဘောင်နှင့် ရေရှည်ဖွံ့ဖြိုးမှု အတွက် UNCTAD ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒဆိုင်ရာ မူဘောင်များကို ရည်ညွှန်း ကိုးကားနိုင်ပါသည်။

အခန်း (၄) တွင် FDI အတွက် လိုအပ်သော အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ မူဘောင်များကို လေ့လာနိုင်မည် ဖြစ်သည်။ အဖွဲ့အစည်းဆိုင်ရာ မူဘောင်ဆိုသည်မှာ အခန်း(၆)တွင် ဆွေးနွေးသွားမည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် လိုအပ်သည့် အဖွဲ့အစည်းများသာမက မူဝါဒချမှတ်ခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့အတွက် လိုအပ်သော အဖွဲ့အစည်းများကို ဆိုလိုခြင်း ဖြစ်သည်။ ဤအခန်းတွင် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ဥပဒေရေးရာ မူဘောင်များကို ဆွေးနွေးသွားမည် ဖြစ်သည်။ နိုင်ငံအဆင့်တွင် FDI အား ဆွဲဆောင်ခြင်းနှင့် FDI မှ အကျိုးကျေးဇူးထွက်ပေါ်လာရန်အတွက် လိုအပ်ချက်များ၊ ဥပဒေကိစ္စရပ်များကို FDI သက်သက် လေ့လာကြည့်ရှုခြင်းမဟုတ်ဘဲ ဥပဒေများကြောင့် FDI စီးဝင်မှုအပေါ် တိုက်ရိုက်နှင့် သွယ်ဝိုက်အကျိုး သက်ရောက်မှုများ ဖြစ်ပေါ်စေသည်ကို ဆွေးနွေးသွားမည် ဖြစ်သည်။ နိုင်ငံတကာအဆင့်ဆိုသည်မှာ FDI ကို ဆွဲဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ (international investment agreements (IIAs)) နှင့် ၎င်းတို့၏ အခန်းကဏ္ဍများကို ရည်ညွှန်းပါသည်။ အကြံပြုတင်ပြချက်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဆွဲဆောင်နိုင်ရန်အတွက် IIAs များကို မည်သို့ပြင်ဆင်ရေးဆွဲပြီး FDI မှ အကျိုးကျေးဇူးများ ပိုမိုရရှိ လာစေရန် မည်သို့လုပ်ဆောင်ရမည်ကို တင်ပြဆွေးနွေးထားသည်။

အခန်း(၅) တွင် FDI မူဝါဒအတွက် အရေးကြီးပြီး အသုံးအများဆုံးသော နည်းလမ်း (၃) သွယ်ကို လေ့လာရမည် ဖြစ်သည်။ ၎င်းတို့မှာ ခံစားခွင့်မက်လုံးများ (incentives)၊ စွမ်းဆောင်ရည် လိုအပ်ချက်များ (performance requirements) နှင့် အထူးစီးပွားရေး ဇုန်(special economic zones (SEZs)) တို့ ဖြစ်သည်။ အဆိုပါ မူဝါဒ နည်းလမ်း (၃) သွယ်ကို အသုံးပြု၍ ဖြစ်ပေါ်လာသော အကျိုးရလဒ်များမှာ နေရာအလိုက် ကွဲပြားမှု ရှိသောကြောင့် နိုင်ငံများအနေဖြင့် အဆိုပါ မူဝါဒ နည်းလမ်းများကို ဆင်ခြင်သုံးစွဲသင့်ပြီး နည်းလမ်း တစ်ခုနှင့် တစ်ခုအကြား အပြန်အလှန် ဆက်စပ် ထောက်ကူ (cossistent, coherent and complementary) ပေးနိုင်ရန်လည်း လိုအပ်ပါသည်။ ခံစားခွင့်မက်လုံးများမှာ ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သည့် တည်နေရာ ရွေးချယ်မှုကို ဖြစ်စေနိုင်သော်လည်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် အဓိက အဆုံးအဖြတ်ပေးသည့် အရာတစ်ခု မဟုတ်သကဲ့သို့ အရင်းအမြစ်များ ဖြုန်းတီးမှုလည်း ဖြစ်ပေါ်နိုင်သည်။ စွမ်းဆောင်ရည် လိုအပ်ချက်များ (performance requirements) သည် FDI မှ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အသုံးဝင်သော နည်းလမ်းတစ်ရပ်အဖြစ် မူဝါဒချမှတ်သူများအကြားတွင် ရေပန်းစားလျက်ရှိသည်။ သို့သော်လည်း အဆိုပါ အချက်မှာ ရောထွေးနေဆဲဖြစ်ပြီး လက်တွေ့တွင် FDI ဆွဲဆောင်ရာတွင် ဆန့်ကျင်ဘက် အကျိုးရလဒ်များကို ဖြစ်ပေါ်စေသလို အိမ်ရှင်နိုင်ငံများအတွက် အကျိုးကျေးဇူးများမှာလည်း မရေရာတတ်ပေ။ အထူးစီးပွားရေး ဇုန်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တူညီလက္ခဏာများ ဖြစ်ပြီး အချို့သော နိုင်ငံများသည် အခြားနိုင်ငံများထက် ပိုမိုအောင်မြင်သည်ကို တွေ့ရသည်။ ဤအခန်းတွင် မူဝါဒရွေးချယ်စရာ (၃)မျိုးစလုံးအတွက် အောင်မြင်စေသည့်အချက်များကို လေ့လာနိုင်မည် ဖြစ်ပြီး အဆိုပါနည်းလမ်းများကို အကောင်းဆုံး အသုံးချ၍ အကျိုး ကျေးဇူး ထွက်ပေါ်လာအောင် မည်သို့လုပ် ဆောင်ရမည်ကို ဆန်းစစ်ဖော်ပြပေးသွားမည် ဖြစ်သည်။

အခန်း (၆) တွင် ရင်းနှီးမြှုပ်နှံမှုမူဝါဒကိုကျော်၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပိုင်းကို လေ့လာ သုံးသပ်မည်ဖြစ်ပြီး ၎င်းကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးသွားမည် ဖြစ်သည်။ အဆိုပါ လိုအပ်ချက်များတွင် ဥပမာအားဖြင့် ဖွဲ့စည်းပုံ၊ အစီအမံ၊ စီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနများကို စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု၊ ကုန်သွယ်မှု မြှင့်တင်ရေးဌာနများကဲ့သို့သော အခြားဆက်စပ်ဌာနများ၊ မူဝါဒ ချမှတ်မှုအတွက် တာဝန်ရှိသော အစိုးရဝန်ကြီးဌာနများနှင့် အေဂျင်စီများ ပါဝင်သည်။

အခန်း (၇) တွင် လက်တွေ့ကျင့်သုံးနိုင်ပြီး ထိရောက်အလုပ်ဖြစ်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနည်းလမ်းများကို တင်ပြဆွေးနွေးသွားမည် ဖြစ်သည်။ အဆိုပါနည်းလမ်းများမှာ နှစ်ပေါင်းများစွာရင်း၍ ဖော်ထုတ်ထားပြီး ဝဘ်ဆိုက်များတွင် ပိုမိုဖော်ပြလာသည့်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး လုပ်ငန်းများအတွက် အသုံးဝင်သော နည်းလမ်းများ ဖြစ်သည်မှာ သိသာပါသည်။ ဤအခန်းတွင် ဝဘ်ဆိုက်ကောင်းတစ်ခု၏ သွင်ပြင်လက္ခဏာများနှင့် ရင်းနှီးမြှုပ်နှံမှု ပဏာမအဆင့်ဖြစ်သော သီးခြားပုံရိပ်ကောင်းတစ်ရပ် တည်ဆောက်ရေးအတွက် နည်းလမ်းများကို တင်ပြဆွေးနွေးထားသည်။ ဤအခန်းတွင် အရင်းအမြစ် အကန့်အသတ်ပေါ် မူတည်၍ ရင်းနှီးမြှုပ်နှံသူ ရွေးချယ်ဖော်ထုတ်ခြင်း (investor targeting) လုပ်ငန်းကို ထိထိရောက်ရောက်၊ အကျိုးရှိရှိ လုပ်ဆောင်နိုင်ပုံကို အလေးပေး တင်ပြထားသည်။

အခန်း(၈)တွင် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး သဘောတရားကို ဆွေးနွေး တင်ပြထား ပါသည်။ ထိရောက်သော၊ အလုပ်ဖြစ်သော ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် IPA များအနေဖြင့် မည်သို့လုပ်ဆောင်ရမည်၊ ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းမှုများကို မည်သို့ ပြန်လည် ဖြေကြားပေးရမည်ကို ဖော်ပြပေးထားသည်။ လွယ်ကူချောမွေ့စေရေး ဝန်ဆောင်မှုသည် ဆွဲဆောင်ထားသော၊ စိတ်ဝင်စားနေသော ရင်းနှီးမြှုပ်နှံမှုများကို အမှန်တကယ် ရင်းနှီးမြှုပ်နှံမှု ပြုလာအောင် ကူညီပေးရာတွင် အရေးကြီးလာသော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ထို့အပြင် လက်ရှိရင်းနှီး မြှုပ်နှံသူများသည် အိမ်ရှင်နိုင်ငံအတွက် မိခင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို ထိထိရောက်ရောက် ဆွဲဆောင်နိုင်သော ကြော်ငြာပေးမည့် သံတမန်များ ဖြစ်သည့် အတွက် IPA များသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းထက် လွယ်ကူချောမွေ့စေရေး အလုပ်များကို ပိုမို အာရုံစိုက် လုပ်ကိုင်လာကြသည်။ လက်ရှိရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကျေနပ်မှုမရှိပါက ရင်းနှီးမြှုပ်နှံမှု အသစ်များကို IPA များက ဆွဲဆောင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုစက်ဝန်း၏ ရင်းနှီးမြှုပ်နှံပြီး နောက်ပိုင်း အဆင့်တွင် ရင်းနှီးမြှုပ်နှံမှုအား လွယ်ကူချောမွေ့စေရေး (aftercare)ကို ပိုမို အလေးထား လုပ်ဆောင်လာ ကြသည်။ အဆိုပါ aftercare သည် IPAများအတွက် အသစ်ဖြစ်သောကြောင့် အထူးအလေးထားဖတ်ရှုရန် လိုအပ်ပါသည်။

အခန်းတိုင်းတွင် နိုင်ငံတော်အဆင့် မူဝါဒချမှတ်သူများနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဌာနများ အတွက် အကြံပြုတင်ပြချက် အကျဉ်းချုပ်နှင့် မေးခွန်းများကို ဖော်ပြပေးထားပါသည်။ ၎င်းတို့တွင် ဖွံ့ဖြိုး တိုးတက်ရေးအတွက် FDI ၏ အခန်းကဏ္ဍ၊ ကမ္ဘာလုံးဆိုင်ရာ FDI နှင့် TNCs တို့၏ အခြေအနေအရ ရင်းနှီးမြှုပ်နှံမှုအား ပိုမိုထိရောက်စွာနှင့် အကျိုးရှိစွာ ဆွဲဆောင်နိုင်မည့် ပိုမိုလွယ်ကူချောမွေ့စေမည့် နည်းလမ်းများ၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်များ ပြောင်းလဲလာမှု၊ ခေတ်ရေစီးကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်ဆောင်ရွက်သူများကို ဖော်ပြပေးထားပါသည်။

ဤလက်စွဲစာအုပ်သည် နိုင်ငံများ၏ တောင်းဆိုချက်အရ ESCAP မှ ပို့ချသော FDI မူဝါဒ၊ FDI မြှင့်တင်ရေးနှင့် FDI လုပ်ငန်းများကို လွယ်ကူချောမွေ့စေရေးနှင့် စပ်လျဉ်းသော သင်တန်းများအတွက် စုံစုံလင်လင် ပြုစုထားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ အဆိုပါ သင်တန်းများကို နိုင်ငံများ၏ မြို့တော်များတွင် သာမက ရင်းနှီးမြှုပ်နှံမှုအား လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးရေးမှာ လွန်စွာ အရေးကြီးသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီးများတွင်ပါ လေ့ကျင့်သင်ကြားပေးပါသည်။ နိုင်ငံများအနေဖြင့် FDI ဆိုင်ရာ သင်တန်း အကူအညီများပေးရန် UNESCAP သို့ တရားဝင်စာပေးပို့၍ တောင်းဆိုနိုင်ပါသည်။ အဆိုပါ အကူအညီများကို တခါတရံတွင် အခမဲ့ပေးတတ်သော်လည်း သင်တန်းကာလ ၁ ရက်မှ ၂ ပတ် ပေါ်မူတည်၍ များသောအားဖြင့် အရာရှိ ၂ ဦး၊ ၃ ဦးအတွက် ခရီးစရိတ်နှင့် နေ့စဉ် အသုံးစရိတ်များကို တောင်းဆိုသည့် နိုင်ငံများမှ ကျခံပေးရန် လိုအပ်ပါသည်။

ဤလက်စွဲစာအုပ်သည် မူဝါဒချမှတ်သူများနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနများ အတွက် အသုံးဝင်ပြီး ရည်ညွှန်းကိုးကားနိုင်သော စာအုပ်တစ်အုပ် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဒုတိယအကြိမ်မြောက် ထုတ်ဝေရာတွင် ပိုမိုကောင်းမွန်လာစေရန်အတွက် အကြံပြုချက်များ ပေးပို့ခြင်း၊ အမှားထောက်ပြ ဝေဖန်မှုများ ကိုလည်း အားပေးကြိုဆိုလျက်ရှိပါသည်။ အကြံပြုချက်များ၊ ထောက်ပြဝေဖန်မှုများ ရေးသားပေးပို့ လိုပါလျှင် Director, Trade, Investment and Innovation Division, UNESCAP, Bangkok 10200, Thailand; Tel: (66-2) 288-1410; Fax: (66-2) 288-1027, 288-3066; e-mail: escap-tiid@ un.org. သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

t cef
1

# 1 နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အခြေခံအကြောင်းတရားများ

## (က) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဘောဂဗေဒပညာရှင်များနှင့် မူဝါဒရေးဆွဲသူများအကြား နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) ဆိုင်ရာ အယူအဆကို တွင်ကျယ်စွာ အသုံးပြုကြသော်လည်း FDI ၏ အဓိပ္ပာယ် မှာ ရိုးရှင်းလွယ်ကူ သည်တော့ မဟုတ်ပေ။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)ကို မှန်မှန်ကန်ကန် ရှုမြင်နိုင်ရန်အတွက်ဆိုလျှင် နိုင်ငံခြား သွယ်ဝိုက် ရင်းနှီးမြှုပ်နှံမှု (FIDI) သို့မဟုတ် နိုင်ငံခြားငွေကြေး သက်သေခံစာချုပ်များ ရင်းနှီးမြှုပ်နှံမှု (FPI)[6] နှင့် ခွဲခြားသိမြင်ရန် အရေးကြီး ပါသည်။ FDI နှင့် FPI ၏ ကွဲပြားခြားနားချက်မှာ အဓိကအားဖြင့် ပိုင်ဆိုင်မှု (Ownership) နှင့် ထိန်းချုပ်မှု (Control) ဆိုင်ရာ ကွဲပြားမှုများ ဖြစ်ပါသည်။ FDI ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူ ကိုယ်တိုင် ထိန်းချုပ်မှု ပြုသည့်အလျောက် တက်တက်ကြွကြွ စီမံခန့်ခွဲသော ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်ပြီး FPI မှာမူ ရင်းနှီးမြှုပ်နှံသူက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခြင်း၊ စီမံခန့်ခွဲမှု ပြုလုပ်ခြင်း (သို့မဟုတ်) ထိန်းချုပ်ခြင်း မရှိဘဲ စာချုပ်စာတမ်းများ၊ အစုရှယ်ယာများမှတဆင့် လုပ်ငန်းတစ်ခုကို ဝင်ရောက်ခြယ်လှယ်ခြင်းမရှိသည့် ပိုင်ဆိုင်မှု အမျိုးအစားတစ်ရပ်သာ ဖြစ်သည်။

**Box 1.1 နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသွယ်ဝိုက် ရင်းနှီးမြှုပ်နှံမှု (FDI vs FPI)**

နိုင်ငံခြားသွယ်ဝိုက် ရင်းနှီးမြှုပ်နှံမှု(FPI)သည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI)နှင့် နှိုင်းယှဉ်ပါက ပိုမို ပြောင်းလဲလွယ်သည့် သဘောရှိသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံခြင်း (FDI) တွင် မရွှေ့မပြောင်းနိုင်သော ပုံသေပိုင် ပစ္စည်းများနှင့် ရပိုင်ခွင့်အမျိုးအစားများပါဝင်ပြီး နိုင်ငံခြားသွယ်ဝိုက်ရင်းနှီးမြှုပ်နှံမှု(FPI) သည် စက်ရုံများနှင့် စက်ပစ္စည်း များကဲ့သို့ မဟုတ်ဘဲ အလွယ်တကူ လွဲပြောင်းရောင်းချ နိုင်သော ငွေရေးကြေးရေး အာမခံစာချုပ်များ၊ စတော့ခ်ရှယ်ယာ များတွင် ရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြင့်တက်ချိန်တွင် နိုင်ငံခြားသွယ်ဝိုက် ရင်းနှီးမြှုပ်နှံမှုသည် ဥစ္စာခနေ အများအပြား၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များ စသည့် အကျိုးကျေးဇူး များကို လျင်မြန်စွာပေါ်ထွက်လာမည့် စီးပွားရေးကို ယူဆောင်လာနိုင်မည် ဖြစ်ပါသည်။ သို့သော် တိုင်းပြည်၏ စီးပွားရေး အခြေအနေ ကျဆင်းနေချိန်တွင်မူ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ မျှော်မှန်းချက်များကျဆင်းတက်ပြီး ပမာဏ မြောက်မြားစွာ စီးဆင်းထားသည့် ရင်းနှီးမြှုပ်နှံမှုများအား တဟုန်ထိုး ပြန်လည်ထုတ်ယူခြင်းများ ကြုံတွေ့နိုင်ပါသည်။ (ဥပမာ တစ်ခုအနေနှင့် ကြည့်လျှင် အမေရိကန် ဖက်ဒရယ် ရန်ပုံငွေအဖွဲ့သည် ဘဏ်တိုးနှုန်းများ မြင့်တက်လိုက်သောအခါ ဈေးကွက်ငယ်များမှ မတည်ငွေ အရင်းအနှီး များ အလျင်အမြန် ထုတ်ယူခြင်းကို ဖြစ်စေပါသည်။)

[6] Foreign portfolio investment (FPI)

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ လက္ခဏာရပ်များမှာ-

- နိုင်ငံဖြတ်ကျော်ရင်းနှီးမြှုပ်နှံခြင်း (Cross-border investment)

- နိုင်ငံတစ်ခုတွင် လည်ပတ်နေသော လုပ်ငန်းတစ်ခုတွင် ရေရှည်အကျိုးစီးပွား (Lasting interest) ကို ဖော်ဆောင်ရန် ဦးတည်ချက်ရှိခြင်း။

- ရေရှည်အကျိုးစီးပွားဆိုသည်မှာ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်း၏ ဆုံးဖြတ်ချက်များတွင် မဲအရေအတွက်ခွဲတမ်း (voting power) အနည်းဆုံး ၁၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခြင်း ဖြစ်သည်။
  - လက်အောက်ခံကုမ္ပဏီ (Subsidiaries) ဆိုသည်မှာ တိုက်ရိုက်ရင်းနှီး မြှုပ်နှံသူက မဲအရေအတွက် ခွဲတမ်း၅၀ ရာခိုင်နှုန်း သို့မဟုတ် ၅၀ ရာခိုင်နှုန်း အထက် ပိုင်ဆိုင်သော တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား ဖြစ်သည်။
  - အသင်းအဖွဲ့များ (Associates or affiliates) ဆိုသည်မှာ တိုက်ရိုက်ရင်းနှီး မြှုပ်နှံသူက မဲအရေအတွက်ခွဲတမ်း ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း အထိ ပိုင်ဆိုင်သော ရင်းနှီး မြှုပ်နှံမှု လုပ်ငန်း အမျိုးအစား ဖြစ်ပါသည်။
  - ရုံးခွဲများ(Branches) ဆိုသည်မှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံသူက မဲအရေအတွက် ခွဲတမ်း ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားဖြစ် ပါသည်။

နိုင်ငံများစွာတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော လုပ်ငန်းတစ်ခုကို multinational enterprise (MNE) ၊ multinational corporation (MNC) သို့မဟုတ် transnational corporation (TNC) ဟု ယေဘုယျ အားဖြင့် ခေါ်ဆိုကြသည်။ ပြည်တွင်း စီးပွားရေးလုပ်ငန်းတစ်ခုက ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်အခါ ယင်းသို့ ခေါ်ဆိုသုံးနှုန်းကြသည်။ ယခုလက်ဆွဲစာအုပ်တွင် ကုလသမဂ္ဂမှ သုံးနှုန်းသည့် TNC ဟု ခေါ်ဝေါ်သုံးစွဲသွားမည် ဖြစ်သည်။

FDI အား အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားကြပါသည်။ IMF ၏ ခြောက်ကြိမ်မြောက် ထုတ်ဝေထားသော Balance of Payments and International Investment Position Manual (BPM6) နှင့် OECD ၏ လေးကြိမ်မြောက် ထုတ်ဝေထားသော *Benchmark* Definition of Foreign Direct Investment (BMD4) တို့၏ ရည်ရွယ်ချက်မှာ FDI ၏ အဓိပ္ပာယ်ကို တူညီစွာ သုံးစွဲသွားရန် ဖြစ်သည်။

BPM6 အရ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ စီးပွားရေးတစ်ခု (နိုင်ငံတစ်ခုတွင်) တည်ရှိမှုနှင့် ဆက်စပ်နေသော နိုင်ငံဖြတ်ကျော် (cross-border) ရင်းနှီးမြှုပ်နှံမှု အမျိုးအစားတစ်ရပ် ဖြစ်ပြီး အခြားနိုင်ငံ တစ်နိုင်ငံတွင်ရှိသော လုပ်ငန်းတစ်ခု၏ စီမံခန့်ခွဲမှုအား ထိန်းချုပ်သော သို့မဟုတ် အတိုင်းအတာ တစ်ခုအထိ ဩဇာလွှမ်းမိုးမှုရှိခြင်းကို ဆိုလိုသည်။ တနည်းပြောရလျှင် FDI ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံပြင်ပတွင် ရှိသော စီးပွားရေး လုပ်ငန်း တစ်ရပ်အား ရေရှည်အကျိုးစီးပွား ရယူလိုသောကြောင့် ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှု

ဖြစ်သည်။ ထို့ အပြင် ရင်းနှီးမြှုပ်နှံသူ၏ ရည်ရွယ်ချက်မှာ အဆိုပါ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း၏ စီမံခန့်ခွဲမှုတွင် ထိထိရောက်ရောက်ဝင်ပါနိုင်ရန် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သော နိုင်ငံခြားမှ စီးပွားရေးလုပ်ငန်း သို့မဟုတ် ဆက်စပ် လုပ်ငန်းစုကို တိုက်ရိုက် ရင်းနှီးမြှုပ်နှံသူဟု ခေါ်ပါသည်။ ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်၍ ဖွဲ့စည်း ထားခြင်းမရှိသော လုပ်ငန်း သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်၍ ဖွဲ့စည်းထားသော လုပ်ငန်းများမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းကို တိုက်ရိုက်ရင်းနှီး မြှုပ်နှံသော လုပ်ငန်းများ(direct investment enterprise)ဟု ခေါ်ဆိုပါသည်။ အစုရှယ်ယာ ပိုင်ဆိုင်မှု အနည်းအများအလိုက် စီးပွားရေးလုပ်ငန်းအပေါ် ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်မှုမှာ ဆက်စပ်နေသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံသူအဖြစ် သတ်မှတ်နိုင်ရန်အတွက် အနည်းဆုံး အစုရှယ်ယာ (Equity) ၁၀ ရာခိုင်နှုန်း ပိုင်ဆိုင်ရမည်ဟု BPM6 က အဆိုပြုထားပါသည်။

အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် မဲပေးနိုင်ခွင့် (voting power) ရှိသည့် အစုရှယ်ယာ (equity) အား ပိုင်ဆိုင်ခြင်းဖြင့် ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှု(control or influence)ကို တိုက်ရိုက်အားဖြင့် လည်းကောင်း သို့မဟုတ် အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် မဲပေးနိုင်ခွင့်ရှိသော လုပ်ငန်းတစ်ခုတွင် အစုရှယ်ယာများ ဝယ်ယူပြီး သွယ်ဝိုက်သောအားဖြင့် လည်းကောင်း ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှုပြုခြင်း ဖြစ်သည်ဟု BPM6 က ဖော်ပြထားပါသည်။ အဆိုပါဖော်ပြချက်အရ ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှု ပြုလုပ်နိုင်သည့် နည်းလမ်း နှစ်သွယ်ကို ဖော်ပြထားပါသည်-

(၁) **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် တိုက်ရိုက်နှီးနွယ်ခြင်း(Immediate direct investment relationships)** ဆိုသည်မှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံသူတစ်ယောက်က တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် voting power ၁၀ ရာခိုင်နှုန်းနှင့်အထက်များသော Equity အား ပိုင်ဆိုင်ခြင်းကို ဆိုလိုပါသည်။ တိုက်ရိုက်ရင်းနှီးမြှုပ်နှံသူတစ်ယောက်က တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် voting power ၅၀ ရာခိုင်နှုန်းအထက် Equity အား ပိုင်ဆိုင်သည့်အခါ(Control) ပြုလုပ်နိုင်ပြီဟု ဆိုပါသည်။ တိုက်ရိုက် ရင်းနှီးမြှုပ်နှံသူသည် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် voting power ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိရှိလျှင် သိသိသာသာလွှမ်းမိုး(Influrence) နိုင်ပြီဟု သတ်မှတ်ထားပါသည်။

(၂) **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို သွယ်ဝိုက်သောအားဖြင့် နှီးနွယ်ခြင်း(Indirect direct investment relationships)** ဆိုသည်မှာ **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုတွင် voting power ပိုင်ဆိုင်သော** နှီးနွယ်မှု ကွင်းဆက်မှတဆင့် နောက်ထပ် လုပ်ငန်း သို့မဟုတ် လုပ်ငန်းများတွင် voting power ပိုင်ဆိုင်သောအခါ အဆိုပါ လုပ်ငန်းမှတဆင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအား သွယ်ဝိုက်သော အားဖြင့် ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှု ပြုလုပ်နိုင်ပါသည်။

အဆိုပါ သတ်မှတ်ချက်များမှာ လက်ရှိကာလအထိ အကျုံးဝင်နေသေးသော်လည်း FDI လက်ခံရရှိသည့် နိုင်ငံ(Host country) တွင် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ(TNC)၏ ဆက်စပ်လုပ်ငန်းများ သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီ၏ ပိုင်ဆိုင်မှု (ownership) ကို သတ်မှတ်ရန် ပိုမိုခက်ခဲ လာပါသည်။ ယင်းသို့ ခက်ခဲလာသည့်အတွက် FDI လက်ခံသည့် နိုင်ငံပါဝင်သည့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုစာချုပ်များနှင့် အခြားသော နိုင်ငံတကာ

ရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်များ အပါအဝင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း များအပေါ်အကျိုးဆက်များစွာ ဖြစ်ပေါ်စေပါသည်။

### Box 1.2. နိုင်ငံခြား လက်အောက်ခံကုမ္ပဏီများ၏ ပိုင်ဆိုင်မှု ရှုပ်ထွေးခြင်း

နိုင်ငံစုံဖြတ်ကျော် ကော်ပိုရေးရှင်းကြီးများ(TNCs)၏ ရှုပ်ထွေးသော အစုရှယ်ယာပိုင်ဆိုင်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုများအား နိုင်ငံခွဲခြားသတ်မှတ်ရာတွင် ဒွိဟဖြစ်စေပါသည်။ နိုင်ငံအများစုတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတို့အကြား ခွဲခြားဆက်ဆံထားသော စည်းမျဉ်းစည်းကမ်းများရှိခြင်းနှင့် နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ (IIAs)အရ ရင်းနှီးမြှုပ်နှံ သူများ ရရှိမည့် အကျိုးကျေးဇူး အထောက်အပံ့များသည် ၎င်းတို့၏ မူရင်းနိုင်ငံအပေါ်မူတည်၍ ကွာခြားနိုင်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ရာတွင် ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံသည် အရေးပါလျက် ရှိပါသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံခြား လက်အောက်ခံကုမ္ပဏီများ၏ ၄၀ ရာခိုင်နှုန်းကျော်သည် နိုင်ငံကူးလက်မှတ်အမျိုးအစားမျိုးစုံကို ကိုင်ဆောင်ထားကြောင်း ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ (UNCTAD) (၂၀၁၆ခုနှစ်)တွင်  ဖော်ပြထားပါသည်။ အဆိုပါ နိုင်ငံခြားလက်အောက်ခံကုမ္ပဏီများသည် ပျမ်းမျှအားဖြင့် နိုင်ငံသုံးခုကို  နယ်စပ်ဖြတ်ကျော် ချိတ်ဆက်ထားသည့်အတွက် ရှုပ်ထွေးသော အစု ရှယ်ယာပိုင်ဆိုင်မှုများ ဖြစ်စေပါသည်။ မိခင်ကုမ္ပဏီကို ချိတ်ဆက်ထားသော နိုင်ငံစုံနယ်စပ်ဖြတ်ကျော် ပိုင်ဆိုင်မှုများရှိသည့် လက်အောက်ခံ ကုမ္ပဏီများ၏ ၆၀ ရာခိုင်နှုန်းသည် နိုင်ငံစုံလုပ်ငန်းကြီးများတွင် အများဆုံးတွေ့ရှိရပါသည်။ နိုင်ငံခြား လက်အောက်ခံ ကုမ္ပဏီများ၏ ပိုင်ရှင်များနှင့် ၎င်းရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သည့် ရင်းနှီးမြှုပ်သူများ၏ နိုင်ငံသားဖြစ်မှုတို့သည် ပိုင်ဆိုင်မှု ရှုပ်ထွေး ခြင်းကို ပိုမိုဖြစ်စေပါသည်။ နိုင်ငံစုံ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် လက်အောက်ခံကုမ္ပဏီများ (Multiple passport affiliates)သည် သွယ်ဝိုက် ရင်းနှီးမြှုပ်နှံမှု ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု လက်ခံသည့်နိုင်ငံနှင့် ရင်းနှီး မြှုပ်နှံသူတို့နှင့် မသက်ဆိုင်သည့် တတိယနိုင်ငံများနှင့် လှည့်ပတ်ငွေကြေးစီးဝင်မှု (Round-tripping)နည်း၏ ရလဒ် များပင် ဖြစ်ပါသည်။ လက်အောက်ခံကုမ္ပဏီများ၏ ၃၀ ရာခိုင်နှုန်း နီးပါးသည် သွယ်ဝိုက်သော နိုင်ငံခြားသား ပိုင်ဆိုင်မှု များဖြစ်ပြီး ၁၀ ရာခိုင်နှုန်းကျော်သည် တတိယနိုင်ငံ တစ်နိုင်ငံတွင်  ကြားခံအဖွဲ့အစည်းမှတဆင့် ပိုင်ဆိုင်ပြီး ၁ ရာခိုင် နှုန်း မှာ ပြည်တွင်း အဖွဲ့အစည်းမှ ပိုင်ဆိုင် ကြပါသည်။

နိုင်ငံခြား လက်အောက်ခံကုမ္ပဏီများ၏ ထက်ဝက်နီးပါးသည် ဖွံ့ဖြိုးပြီးစီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေပြီး ဖွံ့ဖြိုးဆဲနိုင်ငံ စီးပွားရေးလုပ်ငန်းများတွင် ၄ ပုံ ၁ ပုံကျော်သည် နိုင်ငံခြား လက်အောက်ခံ ကုမ္ပဏီများ ပါဝင်သည်။ ရင်းနှီးမြှုပ်နှံသူ နိုင်ငံသားဖြစ်မှု မကိုက်ညီခြင်းများ ပေါ်ပေါက် လာသည်။

နိုင်ငံသားဖြစ်မှု ဆုံးဖြတ်ချက်ဆိုင်ရာ အငြင်းပွားမှုသည် အိမ်ရှင်နိုင်ငံများမှ သံတမန်ရေးရာ အကာအကွယ်ပေးမှု လိုအပ်သော နိုင်ငံဖြတ်ကျော်လုပ်ငန်းကြီးများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုပေါ်တွင်လည်း အရေးပါလျက် ရှိသည်။

နိုင်ငံတကာဥပဒေအရ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများမှ ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံသူကိုယ်စား တောင်းဆိုမှုများ ပြုလုပ်ပေးသည့်နိုင်ငံအကြား နိုင်ငံသားဖြစ်မှု၏ အကျိုးသက်ရောက်သည့် အာမခံ စာချုပ် (effective bond) တည်ရှိမှု (သို့မဟုတ်) စစ်မှန်သော ဆက်သွယ်ချက် (genuine connection) တို့သည် သံတမန်နည်းလမ်းအရ အကာအကွယ်တောင်းဆိုခြင်းအတွက် အဓိကလိုအပ်ချက်များအနက် တစ်ခု ဖြစ်ပါ သည်။

စစ်မှန်သော ဆက်သွယ်ချက်" Genuine Connection" အတွက် တိကျသော အဓိပ္ပါယ် ဖွင့်ဆိုချက် လက်ရှိ

တွင် မရှိသော်လည်း ဥပဒေအရ နိုင်ငံသားဖြစ်မှုလို့ နည်းလမ်းအမျိုးမျိုးဖြင့် သတ်မှတ်လျက်ရှိကြပါသည်။

ပထမနည်းလမ်းမှာ - TNC လုပ်ငန်းတည်ရှိရာ နေရာကိုမူတည်၍ ဆုံးဖြတ်ခြင်း(ဥပမာ- TNC ဖွဲ့စည်းတည်ထောင်မှု ပြုလုပ်ထားသည့် နိုင်ငံများအရသတ်မှတ်ခြင်း

ဒုတိယနည်းလမ်းမှာ - " Sie'ge Social" ဟုခေါ်ဝေါ်သော ရုံးချုပ်တည်နေရာအရ သတ်မှတ်သည့် နည်းလမ်းဖြစ်ပါသည်။(ဥပမာ- TNC၏ ရုံးချုပ် သို့မဟုတ် စီမံခန့်ခွဲမှု ရုံးဦးစီးချုပ်တည်ရှိရာ နိုင်ငံကို မူတည်၍ သတ်မှတ်ခြင်း)

တတိယနည်းလမ်းမှာ - လွှမ်းမိုးမှု သို့မဟုတ် အဓိကကျသည့် အကျိုးစီးပွား ဖြစ်တည်မှုတို့အပေါ် မူတည်ဆုံးဖြတ်ခြင်း (ဥပမာ-အစုရှယ်ယာ အများစုပိုင်ဆိုင်သူ သို့မဟုတ် အစုရှယ်ယာများ၏ အချိုး အများကို ပိုင်ဆိုင်သူတို့၏ နိုင်ငံသားဖြစ်မှုကိုအခြေခံဖြစ်ပြီး သတ်မှတ်ခြင်း)

*Source:* Astorga (2006); UNCTAD(2016).

အသုံးပြုထားသော FDI အဓိပ္ပါယ်ဖွင့်ဆိုချက်သည် FDI အချက်အလက် ရရှိမှုပေါ်တွင် အကျိုးသက်ရောက်စေသည်။ FDI ၏အစိတ်အပိုင်းများမှာ ထည့်ဝင်အရင်းအနှီး (equity capital)၊ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း (reinvested earnings) နှင့် အခြားအရင်းအနှီးများ (အထူးသဖြင့် ကုမ္ပဏီအချင်းချင်း ချေးယူငွေများ intra-company loans) တို့ဖြစ်ကြသည်။ ထည့်ဝင်အရင်းအနှီးတွင် ရုံးခွဲများ၊ အဖွဲ့အစည်း သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီများ၏ အစုရှယ်ယာအားလုံး(ချွင်းချက်အနေဖြင့် other direct investment capital အောက်တွင် ပါဝင်သော ကြွေးမြီများ၊ ငွေချေး သက်သေခံလက်မှတ်များကဲ့သို့သော ဦးစားပေး ရှယ်ယာ အမျိုးအစားများ မပါဝင်ပါ)နှင့် အခြားသောစက်ပစ္စည်း စသည့် ထည့်ဝင်မှုများ ပါဝင်ပါသည်။ **ပြန်လည် ရင်းနှီးမြှုပ်နှံမှုမှ ရရှိသော ငွေ**တွင် အရင်းအနှီး ထည့်ဝင်ထားမှုနှင့် ညီမျှသည့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံသူ၏ မခွဲဝေရသေးသော အစုရှယ်ယာ ဝေစု၊ လက်အောက်ခံ ကုမ္ပဏီများ၊ အဖွဲ့အစည်းများသို့ အမြတ်ဝေစုခွဲဝေမှု မပြုလုပ်ရသေးသော ဝင်ငွေများနှင့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံသူထံသို့ မလွှဲပို့ရသေးသော ရုံးခွဲများ၏ ဝင်ငွေများကို ပါဝင်ပါသည်။

**Other direct investment capital** တွင်တိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများနှင့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြားတွင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူတစ်ဦးတည်း၏ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုကြားတွင်ဖြစ်စေ ငွေချေးသက်သေခံလက်မှတ်များ၊ ကုန်သွယ်ခွင့် လက်မှတ်များအပါအဝင် ငွေချေးယူခြင်းများ ပါဝင်ပါသည်။ နိုင်ငံများက ဖော်ပြပါအစိတ်အပိုင်း အသီးသီးအတွက် အချက်အလက် စုဆောင်းမှု အမြဲမပြတ် ပြုလုပ်ခြင်း မရှိသောကြောင့် FDI ဆိုင်ရာ အစီရင်ခံသည့် အချက်အလက်များ မပြည့်စုံကြပါ။

ကုမ္ပဏီစစ်တမ်းကောက်ယူမှုအပေါ် အခြေခံ၍ စုဆောင်းထားသော ပြန်လည် ရင်းနှီး မြှုပ်နှံမှုမှ ရရှိငွေဆိုင်ရာ အချက်အလက်များကို နိုင်ငံအများစုမှ တင်ပြခြင်း မရှိကြပေ။ ထို့အပြင် လှည့်ပတ် ငွေကြေး စီးဝင်မှု (Round-tripping) ကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု စီးဝင်မှုဆိုင်ရာ အချက်အလက်များ မှားယွင်းစေနိုင်သည်။

**Box 1.3. နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု ပုံစံမမှန်ခြင်း – လှည့်ပတ်ငွေကြေး စီးဝင်မှု**

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံအတွက် အသားတင် ငွေကြေး စီးဝင်မှုအပါအဝင် သီးသန့်အကျိုးအမြတ်များလည်း ရရှိနိုင်သည်။ သို့သော် နိုင်ငံတစ်နိုင်ငံတွင် အခြေခ ျနေထိုင်သော ရင်းနှီးမြှုပ်နှံသူမှ ရန်ပုံငွေများကို ပြည်ပသို့ လွှဲပြောင်း ပြီးနောက် အဆိုပါ ငွေကိုပင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အသွင်ဖြင့် နိုင်ငံအတွင်းသို့ ပြန်လည်စီးဝင်စေပါက ထိုကဲ့သို့သော နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ မည်သည့် အကျိုးကျေးဇူးမှ ရရှိနိုင်မည်မဟုတ်ပေ။ ထိုကဲ့သို့သော ဖြစ်စဉ်ကို လှည့်ပတ် ငွေကြေးစီးဝင်မှု (Round-tripping) ဟု ခေါ်သည်။ Round-tripping သည် စစ်မှန်သော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မဟုတ်ဘဲ နိုင်ငံအတွင်း အခွန် ရရှိမှုလျော့နည်းစေကာ ရင်းနှီး မြှုပ်နှံသူ နေထိုင်သောနိုင်ငံတွင် လုပ်ထုံးလုပ်နည်းများ လွဲမှားသွားနိုင်သည်။

Round-tripping အတိုင်းအတာမှာ ကွာခြားနိုင်သော်လည်း အချို့နိုင်ငံများတွင် များစွာ သက် ရောက် လျက် ရှိသည်။ ဥပမာအားဖြင့် ရုရှားနိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ် အကုန်တွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု စီးထွက်မှု ၏ ထက်ဝက်ကျော်မှာ Round-tripping ပုံစံဖြင့် စီးဝင်လာသည့် ရင်းနှီး မြှုပ်နှံမှုများဖြစ်မည်ဟု ခန့်မှန်းထားသည်။ တရုတ်နိုင်ငံနှင့် ဟောင်ကောင်ကိုကြည့်ပက တရုတ်နိုင်ငံအနေဖြင့် ငွေသားစီးဆင်းမှု အဆင့်(၃)ဆင့်၏ အဆင့်တိုင်း သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသည်။ အဆိုပါ အဆင့်များမှာ (၁) တရုတ်နိုင်ငံတွင် အရင်းအနှီး အသစ်များ ဖန်တီးခြင်း၊ (၂) တရုတ် နိုင်ငံ ပြင်ပသို့ ငွေသားအရင်းအနှီးများ စီးထွက်ခြင်း၊ (၃) တရုတ်နိုင်ငံ အတွင်းသို့ Round-tripping နည်းဖြင့် ငွေသားများ ပြန်လည်ဝင်ရောက်လာခြင်းတို့ ဖြစ်သည်။ ထိုအချက်ကြောင့်ပင် ဟောင် ကောင် နှင့် တရုတ်နိုင်ငံတွင် တရုတ်နိုင်ငံသည် အဓိက ရင်းနှီးမြှုပ်နှံသူ ဖြစ်နေရခြင်းမှာ Round-tripping ကြောင့် ပင် ဖြစ်နိုင်သည်။ ပြည်ပငွေကြေးဗဟိုဌာနများ ဖြစ်သည့် British Virgin Islands, Bermuda နှင့် Cayman Islands တို့တွင်လည်း အလားတူ ကိစ္စများ ဖြစ်နိုင်သည်–

အောက်ပါအချက်များကြောင့် Round-tripping ဖြစ်နိုင်သည်–

- နိုင်ငံများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ၎င်းတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွန် ကင်းလွတ်ခွင့် နှင့် အခြားသောကင်းလွတ်ခွင့်များပေး၍ ဖိတ်ခေါ်လျက်ရှိသည်။ အကယ်၍ ပြည်တွင်း ရင်းနှီးမြှုပ်နှံသူ အနေဖြင့် ထိုကဲ့သို့သော အခွင့်အရေးများတန်းတူမရရှိပါက ပြည်တွင်းရင်းနှီးမြှုပ်နှံ သူများသည် Round-tripping နည်းဖြင့် အကျိုးကျေးဇူးများရရှိအောင် ဆောင်ရွက်လာနိုင်သည်။

- အချို့နိုင်ငံများတွင် အရင်းအနှီးလွှဲပြောင်းမှုနှင့် ငွေကြေးလဲလှယ်မှုတို့အပေါ် အကန့်အသတ်များ ရှိကြသည်။ ထိုကဲ့သို့သော အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံသူ များသည် Round-tripping နည်းကို အသုံးပြုကြသည်။

- အချို့နိုင်ငံများတွင် ငွေကြေးဈေးကွက် ဖွံ့ဖြိုးမှု မရှိသည့်အတွက် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ကောင်းမွန်သော ငွေကြေးဝန်ဆောင်မှုများ ရရှိရန် ပြည်ပတွင် ဦးစွာ ရင်းနှီးမြှုပ်နှံကြပြီး နောက်မှ ပြည်တွင်း တွင် ပြန်လည် ရင်းနှီး မြှုပ်နှံကြသည်။

- နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အကာအကွယ်ပေးမှု ခိုင်မာစွာ ပြဋ္ဌာန်းထား သော ရင်းနှီးမြှုပ်နှံမှု စာချုပ်ရှိပါက ပြည်တွင်းရင်းနှီးမြှုပ်နှံသူများသည် အဆိုပါ ခိုင်မာသော အကာအကွယ် ပေးမှု ရရှိစေရန် Round-tripping နည်းကို အသုံးပြုကြသည်။

- အချို့ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏သရုပ်မှန်ကို ဖုံးကွယ်လိုသည့်အတွက်လည်း Round-tripping နည်းကို အသုံးပြုကြသည်။

OECD's BMD4 မှ နိုင်ငံတစ်နိုင်ငံသို့ စီးဝင်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ကိန်းဂဏန်းအရ တွက်ချက်ရာတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံကိုသာထည့်သွင်းသင့်ကြောင်း အကြံပြုထားသည်။ နိုင်ငံစုံ လုပ်ငန်းကြီးများတွင် ရှုပ်ထွေးသောပိုင်ဆိုင်မှုပုံစံရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုကို တိုက်ရိုက်ထိန်းချုပ်သည့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံကိုသာ ထည့်သွင်းပါက အဆိုပါ ရင်းနှီးမြှုပ်နှံမှု၏ အဆိုးအကောင်းကို ရင်းနှီးမြှုပ်နှံမှု လက်ခံသည့်နိုင်ငံအနေဖြင့် ခံစားရနိုင်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု လက်ခံသည့်နိုင်ငံတွင် နေထိုင်သူမှ ထိန်းချုပ်ခြင်းဖြင့် ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှု၏ အစိတ်အပိုင်းကို Round-tripping လုပ်သည့် ပမာဏဟု သတ်မှတ်ခြင်းဖြင့် တိုက်ရိုက် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံအဖြစ် သတ်မှတ်နိုင်သည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများကို စံသတ်မှတ်ဖော်ပြရာတွင် လက်ငင်းဝင်ငွေ ရရှိသော အရင်းအမြစ်ကိုသာ ဖော်ပြထားသည်။ သို့သော် တိုက်ရိုက် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံမှာ မည်သည့်နိုင်ငံဖြစ်ကြောင်းကို ဆုံးဖြတ်ရန်မှာ လွယ်ကူသည်တော့ မဟုတ်ပေ။

***Source: Borga(2016), Reprinted with permission from the Columbia Center on Sustainable Investment; Xiao Geng (2004)***

နိုင်ငံများတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆက်နွယ်မှု၏ သက်သေထင်ရှားဖြစ်စေသော foreign equity ပိုင်ဆိုင်မှုအတွက် စတင်တန်ဖိုး(threshold value)မှာ မတူညီကြပါ။ အဆိုပါ ဖော်ပြချက်မှာ လုပ်ငန်းတစ်ခုတွင် စီမံပိုင်ခွင့် အတိုင်းအတာကို ဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ FDI အတွက် threshold value မှာ များသောအားဖြင့် ၁၀ ရာခိုင်နှုန်းကို အသုံးပြုကြပါသည်။ အချို့သောနိုင်ငံများတွင် အနည်းဆုံးထည့်ဝင်ငွေ သတ်မှတ်ထားခြင်း မရှိပါ။

အချို့သောနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းတွင် အမှန်ပါဝင် ဆုံးဖြတ်နိုင်စွမ်းရှိမရှိ ထည့်သွင်း၍လည်း တိုင်းတာမှုပြုပြီး ယင်းအချက်သည် အသုံးနည်းသော နည်းလမ်းဖြစ်သည်။ အနည်းဆုံးရင်းနှီးမြှုပ်နှံမှု ပမာဏနည်းလမ်းအသုံးပြုခြင်းသည် အရင်းအနှီး မြောက်များစွာ ထည့်ဝင်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် ထည့်ငွေပမာဏအပေါ် အကျိုးသက်ရောက်မှုများ ကွဲပြားနိုင်ပါ သည်။

## (ခ) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပုံစံများ (TYPOLOGY)

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပုံစံအမျိုးမျိုးခွဲခြားနိုင်ပါသည်။ အတွေ့ရ အများဆုံး ပုံစံများမှာ-

- အိမ်ရှင်နိုင်ငံတွင်လက်အောက်ခံ ကုမ္ပဏီအသစ်တစ်ခုဖွဲ့စည်းခြင်း သို့မဟုတ် ကုန်ထုတ်လုပ်မှုစက်ရုံတစ်ခု တည်ထောင်ခြင်း သို့မဟုတ် ဝန်ဆောင်မှုဌာန ဖွင့်လှစ်ခြင်း။ (ရင်းနှီးမြှုပ်နှံမှု အသစ် greenfield FDI ဟု ခေါ်ဝေါ် သုံးစွဲကြသည်။)
- အိမ်ရှင်နိုင်ငံတွင်တည်ရှိပြီးသား စီးပွားရေးလုပ်ငန်းနှင့် ပေါင်းစပ်ခြင်း ဝယ်ယူခြင်း (M & A)။
- ဖက်စပ်(JVs) ပြုလုပ်ခြင်း။
- အိမ်ရှင်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းမှရရှိလာသော အကျိုးအမြတ်များကို ပြန်လည် ရင်းနှီးမြှုပ်နှံခြင်း(Re-investment)။

**Greenfield FDI** ဆိုသည်မှာ အိမ်ရှင်နိုင်ငံသို့ အရင်းအနှီးအသစ် စီးဝင်လာခြင်း ဖြစ်ပြီး ပိုင်ဆိုင် ပစ္စည်းအသစ်များ ပါဝင်ပါသည်။ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှု အသစ်များနှင့် ပတ်သက်၍ သတင်းအရင်း အမြစ်ဒေတာဘေ့ ဖြစ်သော fDi Markets of the Financial Times Ltd. (https://www.fdimarkets.com) ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှု ကြေငြာချက်များအပေါ် အခြေခံ၍ပြုစုထားသော အချက်အလက်များကို အခမဲ့ ကြည့်ရှု နိုင်ပါသည်။ တဖက်တွင် **Mergers and acquisitions (M & A)** ဆိုသည်မှာ အိမ်ရှင်နိုင်ငံတွင် ရင်းနှီး မြှုပ်နှံသော ပြည်တွင်း ကုမ္ပဏီနှင့် ပေါင်းစည်းခြင်း သို့မဟုတ် ဝယ်ယူခြင်း ဖြစ်သည်။ **M & A သည် ယေဘုယျ အားဖြင့်** နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ပြည်တွင်း ကုမ္ပဏီတစ်ခုအား ဝယ်ယူခြင်းဖြစ်ပြီး အိမ်ရှင်နိုင်ငံတွင် new asset များ မဖြစ်ပေါ်လာဘဲ အိမ်ရှင် နိုင်ငံသို့ ငွေကြေးအရင်းအနှီး (capital) စီးဝင်မှုသာ ဖြစ်ပါသည်။ **M & A နှင့် ပတ်သက်၍ သတင်း အချက်အလက်များကို စုစည်းပေးထားသော** Thomson Reuters (https://www.thomsonreuters.com) ကို http://dmi.thomsonreuters.com/DealsIntelligence.[7] တွင် **အခကြေးငွေဖြင့်** ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။ **Brownfield investment** ဆိုသည်မှာ ထုတ်ကုန်အသစ် ထုတ်လုပ်ရန်အတွက် ကုမ္ပဏီတစ်ခု သို့မဟုတ် အစိုးရတစ်ရပ်သည် ရှိပြီးသား စက်ရုံ၊ အလုပ်ရုံ (existing facility) ကို ဝယ်ယူခြင်း သို့မဟုတ် ငှားရမ်း ခြင်းဖြစ်နိုင်သလို လက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက အိမ်ရှင်နိုင်ငံ တွင် လုပ်ငန်းတိုးချဲ့ခြင်း သို့မဟုတ် existing foreign affiliates သို့မဟုတ် sites တွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းတို့လည်း ဖြစ်နိုင် ပါသည်။ များသောအားဖြင့် brownfield investment ဆိုသည်မှာ ကုမ္ပဏီတစ်ခုက လုပ်ငန်းဆောင်ရွက်မှု ရပ်တန့်ပိတ်သိမ်းပြီးနောက် အခြားကုမ္ပဏီတစ်ခုသို့ ရောင်းချသောအခါမျိုးတွင် တွေ့ရပါသည်။

**FDI** ကို ပိုင်ဆိုင်မှုပုံစံများဖြင့် အမျိုးအစား ခွဲခြားနိုင်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် ရှယ်ယာအများစု ပိုင်ဆိုင်ခြင်း (majority-owned FDI)၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ မှ အပြည့်အဝ ပိုင်ဆိုင်ခြင်း (wholly-foreign-owned FDI)၊ ပြည်တွင်းကုမ္ပဏီနှင့် ဖက်စပ် ဆောင်ရွက်ခြင်း (joint venture JV) စသည့်ပုံစံများဖြင့် ရှိနိုင်ပါသည်။ JV ဆိုသည်မှာ ပိုင်ဆိုင်မှုအသစ်ကို ပူးတွဲ ပိုင်ဆိုင်သကဲ့သို့ ကုန်ကျစရိတ်၊ အခွန် စသည်တို့ကိုလည်း မျှဝေတာဝန်ယူရခြင်းမျိုး ဖြစ်သည်။ JV ဆောင်ရွက် ခြင်းသည် ရင်းနှီး

[7]For more information on the M&A database of Thomson Reuters, see: **http://financial.thomsonreuters.com/content/dam/openweb/documents/pdf/financial/mergers-and-acquisitions.pdf.**

မြှုပ်နှံမှုလက်ခံသည့် နိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမှုဝင်ရောက်ခြင်းသက်သက်သာဖြစ်ပြီး နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူအတွက် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှု လက်ခံမည့် နိုင်ငံ၏ လိုအပ်ချက်များကို ရှာဖွေနိုင်ရန် အဆင်ပြေစေသော နည်းလမ်းပင် ဖြစ်သည်။ ပြည်တွင်း JV ဆောင်ရွက်သူအနေဖြင့် လုပ်ငန်းထိရောက်စွာ လည်ပတ်နိုင်ရန်အတွက် လုံလောက်သော စွမ်းရည်မရှိခြင်း (သို့မဟုတ်) ပူးပေါင်းဆောင်ရွက်နိုင်စွမ်း မရှိခြင်းတို့လည်း ရှိနိုင်သည်။ ထို့ကြောင့် မှန်ကန်သော ဖက်စပ်ဆောင်ရွက်သူ ရွေးချယ်ရန်မှာ အလွန်အရေးပါသော်လည်း လွယ်ကူသည်တော့ မဟုတ်ပေ။

FDI ကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ လုပ်ငန်းရည်ရွယ်ချက်ပေါ်မူတည်၍ အောက်ပါ အတိုင်း အမျိုးအစား ခွဲခြားနိုင်ပါသည်(Dunning, 1993) –

- **ဈေးကွက်ရှာဖွေသည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Market-seeking FDI)**ဆိုသည်မှာ နိုင်ငံခြား တိုင်းပြည်များတွင် ဈေးကွက်ရှာဖွေလိုသည့်အတွက် ရင်းနှီးမြှုပ်နှံမှုအသစ် (greenfield FDI)ကို လုပ်ဆောင်ခြင်း ဖြစ်သည်။ ဝယ်ယူနိုင်စွမ်း (purchasing power) များပြားပြီး လူဦးရေထူထပ်သော နိုင်ငံများတွင် Market-seeking FDI ကို တွေ့ရများသည်။ အဆိုပါ ဈေးကွက်များသို့ ပို့ကုန်တင်ပို့၍ ရောင်းချနိုင်ပါသော်လည်း နိုင်ငံခြားဈေးကွက်တွင် တည်ရှိခြင်းမှာ ပိုမို တွက်ချေကိုက်သလို ဖောက်သည်များအား ဝန်ဆောင်မှုပေး (customer services) ရာတွင်လည်း ပိုမိုကောင်းမွန်လာစေပါသည်။ အချို့သောထုတ်ကုန်များမှာ ဈေးကွက်တွင်းရောင်းချမှသာ ဖြစ်နိုင်ပါသည်။ (ဥပမာအားဖြင့် Mac Donalds ဟမ်ဘာဂါအား တင်ပို့ရောင်းချ၍ မရနိုင်ပါ။ အခြားပို့ကုန်များမှာမူ တင်ပို့ရောင်းချမှသာ ဖြစ်နိုင်ပါသည်။ (ဥပမာအားဖြင့် Boeing ခရီးသည်တင်လေယာဉ်)။

- **အရင်းအမြစ်ရှာဖွေသည့် FDI (Resource-seeking FDI)** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူအနေဖြင့် ၎င်းတို့၏ တိုင်းပြည်/ မိခင်နိုင်ငံ (home country)တွင် မရရှိနိုင်သော သို့မဟုတ် လုံလောက်စွာ မရရှိနိုင်သော သဘာဝ သယံဇာတများကို ပြည်ပနိုင်ငံတွင် (foreign country) စူးစမ်းရှာဖွေဖော်ထုတ်ခြင်းနှင့် လုပ်ကိုင် ဆောင်ရွက် ခြင်းဖြင့် greenfield FDI ကို အားပေးသည့်ပုံစံမျိုး ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းရခြင်းမှာ ပြည်ပနိုင်ငံရှိ လုပ်အားဈေးနှုန်းသည် ရင်းနှီးမြှုပ်နှံသူ၏ တိုင်းပြည်/ မိခင်နိုင်ငံ (home country)ရှိ လုပ်အားခ ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုသက်သာသော ကြောင့် ဖြစ်သည်။

- **ကုန်ကျစရိတ်သက်သာမှုကို ရှာဖွေသည့် FDI (Efficiency-seeking FDI)** ဆိုသည်မှာ ကမ္ဘာတစ်ဝှမ်းလုံး အတိုင်းအတာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သော TNCs ကုမ္ပဏီများမှ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ (R & D)၊ စက်အပိုပစ္စည်းများနှင့် အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် လုပ်ငန်းတည်ရှိရာနေရာပေါ် မူတည်၍နှိုင်းယှဉ်အကျိုးကျေးဇူးရရှိနိုင်ရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝစွာ တာဝန်ယူ ဆောင်ရွက်ခြင်းအားဖြင့် greenfield FDI ကို အားပေးသည့်ပုံစံမျိုး ဖြစ်ပါသည်။ အဆိုပါ FDI အမျိုးအစားမှာ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အလွန်အမင်း အရေးပါလာပါသည်။ Efficiency-seeking FDI ၏ စံပုံစံကို "vertical" FDI ပုံစံဟုလည်း ခေါ်ပါ သည်။

**Strategic asset-seeking FDI** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူအနေဖြင့် ပြည်တွင်းကုမ္ပဏီကို ဝယ်ယူခြင်း/ ရယူခြင်းအားဖြင့် အဆိုပါ နိုင်ငံတွင် တည်ရှိခြင်းမျိုးကို Strategic asset-seeking FDI ဟု ဆိုပါသည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုပုံစံကို Mergers and Acquisition ဟု ခေါ်ပါ သည်။

**Box 1.4 အလျားလိုက်နှင့် ဒေါင်လိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် ၄င်းတို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေသော နိုင်ငံ၏ အားသာချက်ပေါ် မူတည်၍ နိုင်ငံစုံတွင် ထုတ်လုပ်မှုလုပ်ငန်းစဉ် အမျိုးမျိုးကို လုပ်ဆောင်နေခြင်းကြောင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှု စက်ဝန်းတွင် လျင်မြန်စွာ ပြန့်နှံ့လာသည်။ ထိုသို့ ဖြစ်ပေါ်မှုသည် Vertical နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လျင်မြန်စွာတိုးတက်စေပါသည်။ Vertical နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ လုပ်ငန်းတစ်ခုမှ နိုင်ငံအမျိုးမျိုးတွင် ထုတ်လုပ်မှု တန်ဖိုးမြှင့်ကွင်းဆက်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု(အနည်း/အများ)ကို ရွှေ့လျားပြောင်းရွှေ့ ပြုလုပ်ခြင်းကို ဒေါင်လိုက် ရင်းနှီးမြှုပ်နှံမှုဟု ခေါ်သည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုမျိုးကို စွမ်းဆောင်ရည်ရှာဖွေသော ရင်းနှီးမြှုပ်နှံမှုဟုလည်း ခေါ်သည်။ ၎င်းတွင် ပုံစံ ၂ မျိုး ရှိပါသည်။

**(က) နောက်ပြန်ဒေါင်လိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

ပြည်တွင်းလုပ်ငန်းငယ်များ၏ ကုန်ထုတ်မှု လုပ်ငန်းစဉ်အတွက် လိုအပ်သောသွင်းကုန်များကို နိုင်ငံခြား လုပ်ငန်းကြီးများမှ ကူညီထောက်ပံ့ပေးခြင်းမျိုး ဖြစ်သည်။ ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများ သေချာစေရန် အတွက် သီးခြားကုမ္ပဏီမှ ဝယ်ယူခြင်းအစား ပြည်ပမှထွက်ရှိသော ထွက်ကုန်များကို ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချခြင်းကို နောက်ပြန်ဒေါင်လိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟု ခေါ်သည်။

**(ခ) ရှေ့တိုးဒေါင်လိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

ပြည်တွင်းလုပ်ငန်းငယ်များ၏ ထွက်ကုန်များအား နိုင်ငံခြားလုပ်ငန်းကြီးများမှ ရောင်းချခြင်း ဖြစ်ပါသည်။

မူလရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နိုင်ငံတွင်ထုတ်လုပ်ထားသော တန်ဖိုးကွင်းဆက်ထုတ်ကုန် ပစ္စည်းအား FDI ပုံစံဖြင့် အခြားနိုင်ငံသို့ သွားရောက်ရင်းနှီးမြှုပ်နှံခြင်း ဥပမာအားဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့မည့်အစား ပြည်တွင်းဈေးကွက်တွင် ဝန်ဆောင်မှုပေးခြင်း (သို့မဟုတ်) တတိယနိုင်ငံသို့ တင်ပို့ရန်အတွက် ကြားခံ ဈေးကွက်အဖြစ် အသုံးပြုခြင်းမျိုးကို အလျားလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟု ခေါ်သည်။

ဈေးကွက်ရှာဖွေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ထိုရင်းနှီးမြှုပ်နှံမှုမှ ကမ္ဘာ့ လက်လီရောင်းချသူများ ဖြစ်သည့် Walmart၊ Tesco Lotus သို့မဟုတ် အပြင်အစားအစာ ထုတ်လုပ်မှု ရပ်ဝန်းများဖြစ်သည့် McDonalds၊ KFC စသည်တို့ဖြစ်ပြီး အလျားလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများလည်း ဖြစ်သည်။ အခြား ဥပမာအနေဖြင့် Toyota ကုမ္ပဏီမှ ကားများကို နည်းပညာပြောင်း ပြင်ဆင်မှုများဖြင့် အခြားနိုင်ငံများတွင် စက်ရုံကြီးများဖြင့် အခြေစိုက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အခြေစိုက်နိုင်ငံတစ်နိုင်ငံတွင် ဈေးကွက်ရှာဖွေခြင်းသာမက ထိုနိုင်ငံ၏ကုန်ထုတ်လုပ်မှု အခြေစိုက်ပြုလုပ်ပြီး အခြားတတိယနိုင်ငံသို့ တင်ပိုနိုင်ခြင်းတို့ပါဝင်သည်။ ထို့ပြင် အလျားလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည် နိုင်ငံခြားတင်ပို့ငွေများကို အခွန်ရှောင်သည့် သဖွယ်ဖြစ်နေတတ်သည်။ အဘယ်ကြောင့်ဆိုသော် သွင်းကုန်ခွန် မြင့်မားသည့် နိုင်ငံမှတင်ပို့ရောင်းချခြင်းထက် ထိုနိုင်ငံအတွင်းရှိ ဈေးကွက်အတွင်း သို့ တိုက်ရိုက်ရောင်းချခြင်းကို ပိုမိုလုပ်ဆောင်လာကြသည်။ သို့သော်လည်း အခွန်မဟုတ်သော အခြားအတားအဆီးများသည် ကုန်သွယ်မှု အတွက် အဓိကအတားအဆီးဖြစ်လာသဖြင့် အခွန်ရှောင်မှုသည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူ အများစု အနေဖြင့် အဓိကထည့်သွင်း စဉ်းစားရသည့်အချက် မဟုတ်တော့ပေ။

***Source: ESCAP***

ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်ကို စီမံရန်အတွက် နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားသည့် နိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာကြသည်။ ထို့အပြင် ကမ္ဘာ့တန်ဖိုးမြင့် ကွင်းဆက်များ ချဲ့ထွင်ရန်နှင့် နိုင်ငံတကာ ထုတ်လုပ်မှု နည်းလမ်းများ ပိုမိုခန့်ခွဲနိုင်ရန်လည်း ဆောင်ရွက်လာကြသည်။ အဆိုပါ နည်းလမ်းများဖြင့် လွတ်လပ်စွာ လုပ်ငန်းလည်ပတ်နိုင်ရန် မိတ်ဖက်လုပ်ငန်းများအပေါ် မှီခိုမှု လျော့နည်းအောင် နည်းမျိုးစုံသုံး၍ ဆောင်ရွက်လာကြသည်။ အကျိုးတူ ထုတ်လုပ်မှု လုပ်ငန်းများ၊ ဝန်ဆောင်မှုများကို ပြင်ပသို့ ဆောင်ရွက်စေခြင်း၊ အကျိုးတူ စိုက်ပျိုးခြင်း၊ လက်ခွဲထားခြင်း၊ လိုင်စင်ပေးခြင်းနှင့် အခြားသော ဖက်စပ်ဆောင်ရွက်သောနည်းများဖြင့် နိုင်ငံစုံ လုပ်ငန်းကြီးများသည် ၄င်းတို့ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသော နိုင်ငံရှိ ဖက်စပ် လုပ်ငန်းများကို ထိန်းချုပ်ကွပ်ကဲ ကြသည်။

## (ဂ) ရေရှည်တည်တံ့သည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု

မကြာသေးမီ နှစ်များအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ရည်မှန်းချက် ပန်းတိုင်များ Sustainable Development Goals(SDGs) ၏ စနစ်တကျ စီစဉ်ပြုလုပ်ခြင်းနှင့် အောင်မြင်မှု ရရှိခြင်းတို့နှင့် ဆက်စပ်ပြီး “sustainable” နှင့် “social” FDI အယူအဆများကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အထူးဂရု ပြုထည့်သွင်းစဉ်းစားလာကြသည်။ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် စသည့် sustainability ရှုထောင့် သုံးခုအား ရည်းညွှန်းပြု၍ Sustainable FDI ၏အဓိပ္ပာယ်ကို လူမှုဘဝအားလုံးပါဝင်ပြီး သဘာဝပတ်ဝန်းကျင် ရေရှည် တည်တံ့သည့် စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ပါသည်။ အိမ်ရှင်နိုင်ငံ၏ ရည်မှန်းချက် ပန်းတိုင်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှု ကို အထောက်အကူ ဖြစ်စေသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် ဖြစ်ပါသည်။ စတုတ္ထရှုထောင့်အဖြစ် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို ထည့်သွင်းနိုင်ပါသည်။

- **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**။ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်း၊ သင်တန်းပေးခြင်း။
- **သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး**။ ဆိုးရွားသောထိခိုက်မှုများ အနည်းဆုံးလျော့ချခြင်း၊ (စွမ်းအင်အနည်းဆုံးနှင့်ထိရောက်သော/ ပြည့်ဖြိုးမြဲစွမ်းအင်) နည်းပညာများ စသည်တို့အား အသုံးပြု၍ ထိမ်းသိန်းစောင့်ရှောက်ခြင်း။
- **လူမှုဘဝဖွံ့ဖြိုးရေးနှင့် အကျုံးဝင်မှုများ**။ အလုပ်သမားနှင့် အလုပ်ခန့်အပ်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ၊ အားလုံးကျမ်းမာရေးနှင့် အကြံပြုဆွေးနွေးခြင်း၊ ပညာရေး၊ သင်တန်းပေးခြင်း။
- **ကောင်းမွန်သော အုပ်ချုပ်မှုစနစ်**။ မျှတပြီးကျွမ်းကျင်သော စေ့စပ်ညှိနှိုင်းခြင်း၊ ပဋိညာဉ် စာချုပ်များ။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ပုံ အမူအကျင့် (responsible business conduct) စသည့် နိုင်ငံတကာ စံချိန်စံညွှန်း များကို ထိန်းသိမ်းလိုက်နာခြင်း။

လူမှုတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (socially responsible investment) ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ အုပ်ချုပ်မှုစနစ် စသည့် အချက်များအား မည်ကဲ့သို့ ထိခိုက်သွား စေနိုင်သလဲဆိုသည့် အချက်များကို (တားမြစ်လိုသည့်သဘောဖြင့်) စိစစ်သည့် (negative screening) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ social investment နှင့် impact investment ဆိုသည်မှာ လူမှုဘဝ၊ လူမှုပတ်ဝန်းကျင်ကို အကျိုးအမြတ်ရရှိမှု၊ မရရှိမှု ဖန်တီးပေးခြင်း အပေါ်တွင် ကောင်းသော အပြုသဘောစိစစ်ခြင်း (positive screening)ဖြင့် အများဆုံး ထိခိုက်မှု ရှာဖွေသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။ ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း သုံးမျိုး မှာ FDI နှင့် FPI နှစ်မျိုးစလုံးတွင် ရှိနိုင်ပါသည်။ အကျိုးသက်ရောက်မှု ရေရှည်ရှုသည့်ရင်းနှီးမြှုပ်နှံမှုသည် အမြတ် ရရှိရေးမှာ ပဓာန မကျဘဲ အစုရှယ်ယာရှင်များ၏ ပြန်ရချက်သည် လူမှုဘဝရေးရှုသည့် အကျိုးအမြတ်ရရေးကို ဦးတည်ခြင်းပင် ဖြစ်သည်။

ကောင်းမွန်သောအုပ်ချုပ်မှုစနစ် သဘောတရားမှာ TNC (ဥပမာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ)များ၏ ကျင့်ဝတ် နှင့် တာဝန်ယူမှုရှိသော အလေ့အကျင့်ကို ရည်ညွှန်းပါသည်။ အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ရေးဆွဲထားရန်စံနှုန်းများနှင့် ၁၃၆ မျဉ်းများအခြေခံမှုများသည် အဆိုပါ အလေ့အကျင့်များကို အားပေးမြှင့်တင်ရန် ဖြစ်သည်။ ဥပမာ the United Nations Global Compact, ISO 26000, Global Reporting Initiative and sectoral standards။ အဆိုပါ သဘောတရားတွင် ကော်ပိုရိတ် လူမှုတာဝန်ခံမှု CSR လည်း အကျုံးဝင်ပါသည်။ ကုမ္ပဏီများက ၎င်းတို့၏လူမှုရေးနှင့် သဘာဂပတ်ဝန်းကျင်အပေါ် အလေးထား ဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် နည်းလမ်း တစ်ရပ်ဟု CSR ကို သဘောမထားဘဲ အမြတ်အစွန်း ရနိုင်သမျှ များများရှာသော ပင်မရည်မှန်းချက်အပြင် လူမှုရေး ရည်မှန်းချက် များကို ဖြည့်ဆည်းပေးရန်အတွက် နည်းလမ်း တစ်ရပ်ဟု အဓိပ္ပါယ်ကောက်ယူလာကြသည်။ အိမ်ရှင်နိုင်ငံအစိုးရ၏ တာဝန်တစ်ရပ်ဖြစ်သော ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၏ အရေးကြီးပုံကို အောက်တွင် တင်ပြဆွေးနွေးထားသည်။

Loewendahl and others., (2017) ဖော်ပြချက်အရ ဝင်ငွေတိုးလာခြင်း၊ လုပ်ငန်းထိခိုက်ကျရှုံးစေမည့် အန္တရာယ် (risk)ကို လျော့ကျစေခြင်းနှင့် လုပ်ငန်းတစ်ခုလုံး၏ တန်ဖိုး (overall enterprise value) ကို တိုးမြှင့်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာပြီး TNCs ၏ ရေရှည်ဖွံ့ဖြိုးမှု (own sustsinability) ကို အထောက်အကူဖြစ်စေသည့်အတွက် နိုင်ငံစုံ ကော်ပိုရေးရှင်းများ အနေဖြင့်လည်း စိတ်ဝင်စားကြပါသည်။ အထူးသဖြင့်-

(၁) ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေမည့် အလေ့အထများက ကုမ္ပဏီ၏ ဝင်ငွေများနှင့် လုပ်ငန်းတန်ဖိုးကို မည်မျှတိုးမြှင့်နိုင်စေမလဲ -

(က) **ယှဉ်ပြိုင်နိုင်စွမ်းကို ထိန်းထားပေးခြင်း။** စံချိန်စံညွှန်းများကို ပိုမို ကောင်း မွန်အောင် နိုးနိုးကြားကြား ကြိုးပမ်းနေသော ပြိုင်ဘက်များနှင့် တန်းတူ ရပ်တည်ခြင်း။

(ခ) **ထုတ်ကုန်များကို ကွဲပြားခြားနားစေခြင်း။** ဈေးကွက်ဝေစုရရှိရန်နှင့် ဈေးကောင်းရရှိရန်အတွက် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ကွဲပြားခြားနားအောင် ဆောင်ရွက်ခြင်း။ (ဥပမာ။ fair trade နှင့် Rainforest Alliance စသည်)

(ဂ) **ဝင်ငွေသစ်များရှာ၍ စားသုံးသူများကို ထိန်းထားခြင်း။** ဖောက်သည်သစ်များနှင့် ဈေးကွက်များကို ရှာဖွေဖော်ထုတ်ခြင်းအားဖြင့် ဝင်ငွေ ရပေါက်ရလမ်းသစ်များကို ဖော်ထုတ်ခြင်း၊ ဖောက်သည်များနှင့် အကျိုးသက်ဆိုင်သူများ (shareholder) အကြား သိရှိ လာအောင် ဆောင်ရွက်ခြင်းနှင့် အမှတ်တံဆိပ်ကို စွဲလမ်းစေခြင်း။

(ဃ) **ဝန်ထမ်းများ သစ္စာစောင့်သိမှု အားကောင်းစေခြင်း။** ဖော်ပြပါ တန်ဖိုးများကို အလေးထားသည့် ဝန်ထမ်းများကို ရွေးချယ်ခန့်အပ်ခြင်း၊ လုပ်ငန်းခွင် တည်မြဲစေခြင်းနှင့် စိတ်ဓာတ်ခွန်အား ဖြစ်စေခြင်း။

(၂) ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေမည့် အလေ့အထများက လုပ်ငန်းထိခိုက် ကျရှုံးစေမည့် အန္တရာယ် (risk)များကို မည်မျှလျော့ချပေးနိုင်မလဲ -

(က) **လုပ်ငန်းလိုင်စင်အား မဆုံးရှုံးအောင် ဂရုစိုက်ခြင်း။** လုပ်ငန်းလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေမည့်အန္တရာယ်များကို ဟန့်တား၊ လျော့ချခြင်း သို့မဟုတ် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် အခြားသဘာဝ ဘေးအန္တရာယ်များ ဖြစ်ပွားခြင်းကြောင့် ထွက်ပေါ်လာသော စည်းကမ်းချက်များကြောင့် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ် တိုးလာခြင်း ကို ဟန့်တားလျော့ချခြင်း။

(ခ) **ဂုဏ်သတင်းထိခိုက်မှု မရှိအောင် ကြိုးပမ်းခြင်း။** လူမှုနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှုများ ရှိ၊ မရှိကို ကွင်းဆက်လိုက်ခြင်း၊ တိုင်းတာခြင်းနှင့် ပြောဆိုဆွေးနွေးခြင်းဖြင့် ဂုဏ်သတင်း ထိခိုက်မှုမှ ဖြစ်ပေါ် လာမည့် ဝင်ငွေလျော့ကျမှု မဖြစ်လာအောင် ကာကွယ်ခြင်း။

(ဂ) **အနာဂတ်ကာလတစ်ခုခုတွင် ကုန်စည်နှင့် ဝန်ဆောင်မှုပေးသွင်းခြင်းဆိုင်ရာ ကမောက်ကမ များ မဖြစ်ပေါ်လာအောင် ဟန့်တားခြင်း။** ကုန်စည် နှင့် ဝန်ဆောင်မှု တင်သွင်းသူများ၊ အထူးသဖြင့် အငယ်စား လုပ်ငန်းများအား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပံ့ပိုးပေးခြင်းဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှု ရှားပါးမှု ဖြစ်ပေါ် ၍ ကုန်စည် ဈေးနှုန်းတက်လာခြင်း မရှိအောင် အရေးယူ ဆောင်ရွက်ထားခြင်း။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် မည်သို့သော အကျိုးသက်ရောက်မှုများ ရှိသည်ကို အခန်း(၂)တွင် လည်းကောင်း၊ ရေရှည်တည်တံ့သော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတရားကို အခန်း(၃)တွင် လည်းကောင်း အသေးစိတ် ဖော်ပြဆွေးနွေးထားပါသည်။

## (ဃ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်း၏ အကြောင်းတရားများ

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုရှင်းပြသည့် သီအိုရီများစွာ ရှိပါသည်။ သီအိုရီအများစုက ဈေးကွက်၏ ဟာကွက်များ (market imperfections)၊ မိမိလုပ်ငန်း အတွင်းသာ လွှဲပြောင်းခြင်း (internalization)၊ လုပ်ငန်း၏ သီးသန့်ပစ္စည်း ပိုင်ဆိုင်မှုနှင့် အားသာချက်များ၊ အိမ်ရှင်နိုင်ငံတွင် အားသာချက်များကို အာရုံစိုက် ပြောဆိုကြသည်။ Stephan Hymer (1960) ၏အဆိုအရ ထုတ်လုပ်မှု ကွင်းဆက်အားလုံးကို ပိုင်ဆိုင်သည့် FDI မျိုးသည် ဝင်ငွေစီးဝင်မှုအတွက်မှု အကျိုးသက်ရောက်မှု မဖြစ်ပေါ်စေပါ။

ယင်း FDI မျိုးသည် ပုံသေပိုင်ပစ္စည်း၊ နည်းပညာနှင့် စမ်းသပ်တီထွင်မှုများ အားလုံးကို ပိုင်ဆိုင် ထားသည့် FDI ဖြစ်ပြီး၊ ပြည်တွင်းရင်းနှီးမြှုပ်နှံသူထက် နိုင်းယဉ်အားသာချက်ရပြီး ဖြစ်နေသည့် ရင်းနှီး မြှုပ်နှံမှုမျိုး ဖြစ်သည်။ ယင်းသို့သော လုပ်ငန်းများသည် နိုင်ငံတကာဈေးကွက်အားလုံးကို ချိတ်ဆက်နိုင်ပြီး ဆုံးရှုံးမှုကို လျော့ချနိုင်သလို ပြိုင်ဘက်လုပ်ငန်းများအပေါ်လည်း အသာစီးရရှိနိုင်ပါသည်။

John H. Dunning (e.g. 1977, 1980, 1988) အဆိုပြုသော Eclectic paradigm သည် လုပ်ငန်း၏ သီးသန့်အားသာချက်များ၊ internalization theory နှင့် location theory များကို ချိတ်ဆက်ပေးသည်။ အဆိုပါ Eclectic paradigm သည် ပိုင်ဆိုင်မှု (Ownership)၊ တည်နေရာ (Location) နှင့် Internalized စသည်ဖြင့် အားသာချက် ၃ မျိုးဖြင့် ပေါင်းစပ် ဖွဲ့စည်းထားပြီး OLI-model ကို ဖြစ်ပေါ်စေပါသည်။ အဆိုပါ မတူညီသော အချက်များမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး ထပ်တူညီမှုများလည်း ရှိပါသည်။

အဆိုပါ ဆက်စပ်မှုများက လုပ်ငန်းများအနေဖြင့် နိုင်ငံတကာဈေးကွက်များသို့ မည်သို့သော မဟာဗျူဟာ/ နည်းလမ်းဖြင့် ဝင်ရောက်မည်ကို သတ်မှတ်ပေးသည်။

- **ပိုင်ဆိုင်မှုဆိုင်ရာ အားသာချက်များ။** ကုန်အမှတ်တံဆိပ်၊ ပုံရိပ်၊ စီမံခန့်ခွဲမှု စွမ်းရည်များ၊ နည်းပညာ၊ ကုမ္ပဏီအရွယ်အစား၊မှတ်ပုံတင်မူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်၊ အတတ်ပညာ၊ သွင်းအားစုများ၊ ပိုင်ဆိုင်သည့် ပစ္စည်းများနှင့်/ သို့မဟုတ် ဈေးကွက်များအား ပိုမိုလက်လှမ်းမီမှု အပါအဝင် စီမံခန့်ခွဲမှုဆိုင်ရာ အရင်းအမြစ် များနှင့် အသိပညာ အရင်းအမြစ်များကို လက်လှမ်းမီ လာခြင်း။

- **နေထိုင်ရာအရပ်(တည်နေရာ) အားသာချက်များ။** နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် တည်ရှိခြင်းဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအချက်များကြောင့် ဖြစ်ပေါ်လာသော ပိုင်ဆိုင်မှု ပစ္စည်း များနှင့် အရင်းအမြစ်များကို လက်လှမ်းမီလာခြင်း။

- **အားသာချက်များ လက်ခံကျင့်သုံးခြင်း (internalize advantages)။** လုပ်ငန်း အမျိုးအစားအလိုက် အသိပညာများ(နှင့် ဉာဏပစ္စည်း)။ ကွန်ရက်များ၊ အထူးပြုခြင်းနှင့် အရွယ်အစားကဲ့သို့သော လုပ်ငန်းဖွဲ့စည်းပုံနှင့် လုပ်ငန်းကဏ္ဍအတွင်းရှိ တည်ဆောက်မှု ပုံသဏ္ဍာန်အား အသုံးပြုခြင်း။

ဈေးကွက်သို့ ဝင်ရောက်သည့် နည်းလမ်းကို အဆိုပါအားသာချက် (၃) ရပ်က မည်သို့ အဆုံးအဖြတ်ပေးသည်ကို အောက်ဖော်ပြပါ ဇယား(၁.၁)တွင် ဖော်ပြပေးထားသည်။ အဆိုပါ နည်းလမ်းများမှာ လိုင်စင်ပေးခြင်း (licensing)၊ ပို့ကုန်များ (exports)နှင့် FDI တို့ ဖြစ်ကြ သည်။ FDI သည် အခြားသော နည်းလမ်းများ

(modalities) နှင့် ကွဲပြားမှုရှိပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဖြစ်ပေါ်စေရန်အတွက် အားသာချက် ၃ မျိုးလုံး ကို တင်ပြရန် လိုအပ်မည်။

**Table 1.1. ပြည်ပဈေးကွက်သို့ ဝင်ရောက်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ**

| ဈေးကွက်အတွင်း ဝင်ဆံ့နိုင်မှု နည်းလမ်းများ | အကျိုးကျေးဇူး အမျိုးအစား | | |
|---|---|---|---|
| | ပိုင်ဆိုင်မှု | လုပ်ငန်းအတွင်း လွှဲပြောင်းအသုံးချနိုင်မှု | နေရာဒေသ |
| လိုင်စင်ပေးခြင်း | ရှိ | မရှိ | မရှိ |
| ပို့ကုန်များ | ရှိ | ရှိ | မရှိ |
| နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု | ရှိ | ရှိ | ရှိ |

*Source:*J.H. Dunning,*International Production and the Multinational Enterprise* (London, George Allen and Unwin, 1981).

ဝေဖန်ရေးသမားများကမူ ယင်းအဆိုသည် ထည့်သွင်းစဉ်းစားရမည့်အချက်များ လွန်စွာကျယ်ပြန့်သည့်အတွက် အသုံးတည့်ရန်နှင့် ပြည့်စုံစွာဆောင်ရွက် ခက်ခဲမည်ဟု ငြင်းဆိုကြပါသည်။ အခြားဝေဖန်ရေး သမားတစ်ဦးမှလည်း ယင်းအဆိုအရ လုပ်ငန်းကြီးများသည် ၎င်းတို့၏ လုပ်ငန်းအတွင်း အားသာချက်များကို အသုံးချလိုပါကပို၍ အကျိုးရှိကြောင်း ငြင်းဆန်ပါသည်။ ယင်းဝေဖန်မှုများကို Dunning မှ ပြန်လည် တုံ့ပြန်ရာ တွင် စီမံခန့်ခွဲမှု မဟာဗျူဟာ ကိုရှင်းလင်းစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလိုက်လျောညီထွေဖြစ်ပြီး နည်းပညာ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်လိုအပ်ခြင်း စသည့်အချက်များကို (၁၉၉၇ ခုနှစ်တွင် ထပ်တိုးပြင်ဆင်ထည့်သွင်းခဲ့ ပါသည်။ မည်သို့ပင်ဆိုစေကာမူ FDI ပုံစံများသည် အမျိုးအစားကွဲပြား ရှုပ်ထွေးနက်နဲလာနေပြီး သုတေသန ပြုမှုများမှာလည်း ဆက်လက်လုပ်ဆောင်ဆဲပင် ဖြစ်ပါသည်။

## (c) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အဆုံးအဖြတ်ပေးသည့် အချက်များ

### ၁။ အထွေထွေ ခြုံငုံဖော်ပြချက်

ဤအခန်းတွင် ယခင်အခန်း၌ ဖော်ပြခဲ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအသစ် (greenfield FDI) ကို အဆုံးအဖြတ်ပေးသည့် အချက်များကို အခြေခံ၍ အသေးစိတ် ရှင်းလင်းဖော်ပြပေးသွားပါမည်။ Greenfield FDI အဆုံးအဖြတ်ပေးသည့် အမျိုးအစား (၃) ရပ်ကို ခွဲထုတ်နိုင်ပါသည် (table 1.2)။ ပထမ အမျိုးအစား (၂) ရပ်မှာ ရင်းနှီးမြှုပ်နှံမှုကို လက်ခံမည့် အိမ်ရှင်နိုင်ငံနှင့် တိုက်ရိုက်ပတ်သက်နေပြီး (the L in the OLI model)။ တတိယအမျိုးအစားမှာ ပိုင်ဆိုင်မှု (ownership) နှင့် လုပ်ငန်းအတွင်း လွှဲပြောင်း အသုံးချနိုင်ခြင်း (internalization) တို့နှင့် ပတ်သက်နေပါသည် (the O and I in the OLI model)။

Table 1.2. နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ သတ်မှတ်ချက်များ

| | | |
|---|---|---|
| **စီးပွားရေး အခြေအနေ** | ဈေးကွက်များ | အရွယ်အစားနှင့် ဝင်ငွေအဆင့်များ- မြို့ပြအဆင့်၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှု အမြင်၊ ဒေသဆိုင်ရာ ဈေးကွက်ရယူနိုင်မှု (ဥပမာ-အာဆီယံ လွတ်လပ်စွာ ကုန်သွယ်နိုင်သောနေရာ)၊ ဖြန့်ဖြူးခြင်းနှင့် ဝယ်လိုအား ပုံစံများ။ |
| | အရင်းအမြစ်များ | သဘာဝအရင်းအမြစ်များ -နည်းပညာနှင့် ကျွမ်းကျင်မှု အရင်းအမြစ်များ၊ လုပ်သား အရင်းအမြစ်များ။ |
| | ယှဉ်ပြိုင်နိုင်စွမ်း | ဈေးနှုန်းချိုသာပြီး စွမ်းဆောင်ရည်ရှိသော လုပ်သားအင်အားရရှိနိုင်မှု - ကုန်ကျစရိတ်၊ ကျွမ်းကျင်မှု၊ သင်ယူနိုင်စွမ်း၊ စီမံခန့်ခွဲနိုင်စွမ်း၊ စွမ်းအားစုများ ရယူသုံးစွဲနိုင်စွမ်း၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံ (ရေ၊ လျှပ်စစ်၊ အခြား စွမ်းအင်၊ လမ်း၊ တံတား၊ ဆိပ်ကမ်း၊ ရထားလမ်း၊ ဆက်သွယ်ရေးစသည့်)၊ အခြေခံ ထောက်ပံ့မှု၊ (သုတေသနနှင့် ဖွံ့ဖြိုးမှု၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ)။ |
| | မက်ခရိုစီးပွား ရေးအခြေခံ အချက်များ | အခွန်နှုန်းထား၊ ငွေကြေးဖောင်းပွနှုန်း၊ ငွေကြေးလဲလှယ်မှု နှုန်း၊ အတိုးနှုန်း၊ ပြင်ပကြွေးမြီ။ |
| **အိမ်ရှင်နိုင်ငံ ၏ ဥပဒေ နှင့် မူဘောင် များ** | မက်ခရိုစီးပွား ရေးမူဝါဒနှင့် ဥပဒေများ | ဘဏ္ဍာရေးနှင် ငွေကြေးမူဝါဒ၊ ငွေကြေးလွှဲပြောင်းခြင်းနှင့် အမြတ်ငွေလွှဲပြောင်းရာတွင် လွယ်ကူခြင်း၊ နိုင်ငံခြားငွေ လဲလှယ်ရာတွင် လွယ်ကူခြင်း။ |
| | ပုဂ္ဂလိကကဏ္ဍ မူဝါဒနှင့် ဥပဒေများ | ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် ပုဂ္ဂလိက ပါဝင်မှု အတိုင်းအတာ- ရှင်းလင်း တိကျသော မူဝါဒများ၊ လုပ်သာကိုင်သာ ရှိသော မူဝါဒများ (လုပ်ငန်းများ တည်ဆောက်/ ဖျက်သိမ်းရန် လွယ်ကူမှု)၊ ဘဏ္ဍာရေး ဈေးကွက် ကောင်းမွန်မှု၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခြား ထောက်ပံမှုများ။ |
| | ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်း များအတွက်မူဝါဒ နှင့် ဥပဒေများ | ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းများအတွက် ထိန်းချုပ်/ ဖြေလျှော့ ခြင်း မူဝါဒများ၊ ဒေသတွင်း ကုန်သွယ်မှုများနှင့် ပေါင်းစည်းမှု သဘော တူညီချက်များတွင် အဖွဲ့ဝင်ဖြစ်ခြင်း၊ ယှဉ်ပြိုင်မှုမူဝါဒ၊ အသေးစား အလတ်စား လုပ်ငန်းများကို ထောက်ပံ့ခြင်း ၊ အသိဉာဏ ပစ္စည်းအခွင့်အရေး ကာကွယ်မှု။ |

| | | |
|---|---|---|
| | နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု မူဝါဒများ | နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူညီမှု စာချုပ်တွင် အဖွဲ့ဝင်ခြင်း နှင့် သဘောသဘာဝ၊ လုပ်ငန်း မစတင်မီနှင့် စတင်ပြီး နောက်ပိုင်း နိုင်ငံတစ်နိုင်ငံကို ဦးစားပေးခြင်း၊ နိုင်ငံသားနှင့် တန်းတူအခွင့်အရေးပေးခြင်းများ (ပိုင်ဆိုင်မှု၊ အကျိုးခံစားခွင့်၊ သွင်းအားစုများကို ရယူ သုံးစွဲနိုင်စွမ်း၊ တည်ငြိမ်ပြီး ပွင့်လင်းမြင်သာမှုရှိသော မူဝါဒများနှင့် ဥပဒေများ၊ သတင်းအချက်အလက်ရယူနိုင်မှုနှင့် ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ခြင်းကို တက်ကြွစွာ ကူညီပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးသည့် ကိုယ်စားလှယ်ရုံးများကို အဓိက ထားခြင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ခွင့်ပြုမိန့်ရပြီးနောက် ဝန်ဆောင်မှု ပေးခြင်း။ |
| **နိုင်ငံဖြတ်ကျော် လုပ် ငန်းကြီး များ အတွက် မဟာဗျူဟာ များ** | အန္တရာယ်ကို သိမြင်ခြင်း | နိုင်ငံရေးဆိုင်ရာ၏အန္တရာယ်ကို နိုင်ငံရေးဆိုင်ရာအချက်အလက်များ၊ မက်ခရိုစီးပွားရေး စီမံခန့်ခွဲမှု၊ အလုပ်သမား ဈေးကွက်၊ တည်ငြိမ်သော မူဝါဒ၊ အသိဉာဏပစ္စည်း အခွင့်အရေးကာကွယ်ခြင်း တို့ကို အခြေခံ၍ သိနိုင်သည်။ |
| | တည်နေရာ၊ အရင်းအမြစ်များ၊ ပေါင်းစပ်ခြင်း၊ လွှဲပြောင်းခြင်း | ကုမ္ပဏီ၏ မဟာဗျူဟာများသည် နေရာ၊ထုတ်ကုန်များနှင့် သွင်းအားစုများ၏ အရင်းအမြစ် ရှာဖွေခြင်း၊ ထုတ်လုပ်မှု ကွင်းဆက်များ စီမံခန့်ခွဲမှုကို ပေါင်းစပ်ခြင်း၊ မဟာဗျူဟာမြောက် မဟာမိတ်များ ဖြစ်သည်။ |

*Source:* Based on Lall(1997).

သီးခြားအဆုံးအဖြတ်များသည် FDI အမျိုးအစားအသီးသီးနှင့် (box 1.5) တွင် ဖော်ပြပေးထားသော ကဏ္ဍများပေါ်တွင် မူတည်ပါသည်။ ဥပမာအားဖြင့် အရင်းအမြစ် ရှာဖွေသည့် resource-seeking FDI သည် အိမ်ရှင်နိုင်ငံတွင် ရရှိနိုင်သော သဘာဝအရင်းအမြစ်များ၊ ရင်းနှီးမြှုပ်နှံမှုအား အကာအကွယ်ပေးမှုနှင့် နိုင်ငံရေး တည်ငြိမ်မှုတို့တွင် မူတည်ပါသည်။ ဈေးကွက်ရှာဖွေသော marketing-seeking FDI သည် ဈေးကွက် ကြီးထွားလာသော နိုင်ငံများတွင်သာ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည်။ ကုန်ကျစရိတ် သက်သာမှုကို ရှာဖွေသော efficiency-seeking FDI သည် ကုန်ကျစရိတ် လျော့ချရန်သာ စိတ်ဝင်စားသည်။ ဥပမာ အားဖြင့် လက်အားခ သက်သာမှု သို့မဟုတ် ကျွမ်းကျင်လုပ်သားရရှိနိုင်မှု၊ ဉာဏပစ္စည်း အလွတ်အသုံးချမှုကို ကာကွယ် ပေးခြင်းနှင့် နည်းပညာမြင့်မားစွာ အသုံးပြုရသော နက်နဲသော R&D လုပ်ငန်းများတွင်သာ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည်။ strategic-asset seeking FDI သည် နိုင်ငံစုံကုမ္ပဏီများက ၎င်းတို့၏ မဟာဗျူဟာနှင့် ကိုက်ညီသော အိမ်ရှင်နိုင်ငံများရှိ ကုမ္ပဏီများကို ရှာဖွေဝယ်ယူခြင်း ဖြစ်သည်။ အထူးသဖြင့် အိမ်ရှင်နိုင်ငံများတွင် စီးပွားရေး ကပ်ဆိုက်နေသည့် အချိန်အခါမျိုးတွင် အလွယ်တကူ ဝယ်ယူနိုင်သောကြောင့် ပြုလုပ်လေ့ရှိကြ သည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသည့်အခါ (သွင်းကုန်အပေါ် မှီခိုအားထားနေသလားဆိုသည့် ကုန်သွယ်မှု စနစ်/ အနေအထားကို ကြည့်ရှုကြသည်။ ထို့ပြင် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းနှင့် ဝယ်ယူနိုင်သည့် နေရာများ၊ လုပ်အားခ သက်သာမှု၊ လုပ်သားကုန်ထုတ် စွမ်းအား (labor productivity) တို့ကို ကြည့်ကြသည်။ ဝန်ဆောင်မှုကဏ္ဍများ (ဥပမာအားဖြင့် သတင်းဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသော FDI သည် ထိန်းကျောင်းမှု ဥပဒေဝန်းကျင် (regulatory environment) ကို ကြည့်ကြသည်။

## Box 1.5. နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် နေရာဒေသ ရွေးချယ်နိုင်ရန် အချက်များ

UNCTAD ၏ စစ်တမ်းကောက်ယူချက်အရ နေရာဒေသရွေးချယ်ရာတွင် အဓိကအကျဆုံးအချက်မှာ ဈေးကွက်နှင့် စီးပွားရေးဝန်းကျင်တစ်ခုလုံးဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများအနေဖြင့် ဒေသတွင်းဈေးကွက်သည်လည်း နေရာဒေသ ရွေးချယ်ရာတွင် အရေးကြီးကြောင်း ဖော်ပြထားသည်။

ဈေးကွက် ချဲ့ထွင်နိုင်မှုသည် အခြားသော ထည့်သွင်းစဉ်းစားရမည့်အချက်တွင် ပါဝင်သည်။ သွင်းအားစုများ ရရှိနိုင်ပြီး မိတ်ဖက်များနှင့် ချိတ်ဆက်နိုင်မှု၊ စက်မှုလုပ်ငန်းများ စုစည်းတည်ရှိမှုတို့သည်လည်း နေရာဒေသ ရွေးချယ်မှုတွင် များစွာသက်ရောက်လျက် ရှိသည်။ ဒေသတွင်းဈေးကွက်သို့ ဝင်ရောက်နိုင်ရန်မှာ ဒေသတွင်းနိုင်ငံ အစုအဝေးများနှင့် ကြီးမားသော ဈေးကွက်များနှင့် နီးစပ်မှုသည်လည်း အရေးပါသည်။ နေရာဒေသရွေးချယ်မှု၏ အရေးပါမှုမှာ စက်မှုလုပ်ငန်း အမျိုးအစားကွာခြားမှု၊ လုပ်ငန်းလည်ပတ်မှုနှင့် ဝင်ရောက်နိုင်သည့် နည်းလမ်းများ ပေါ်တွင်လည်း မူတည်သည်။ ဇယား ၁.၃ တွင် ကဏ္ဍအလိုက် ကွဲပြားမှုကို ဖော်ပြသွားရန် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတွင် နေရာဒေသ ရွေးချယ်သည့် အဓိက အကြောင်းအရင်းများမှာတူညီသော်လည်း သဘာဝသယံဇာတထုတ်ယူသုံးစွဲသည့်ကဏ္ဍများတွင်မူ ကွာခြားမည်ဖြစ်သည်။ သဘာဝသယံဇာတများ ရယူသုံးစွဲနိုင်မှုသည် သဘာဝသယံဇာတထုတ်ယူသုံးစွဲသည့် ကဏ္ဍများတွင် အဓိကကျသည်။ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများတွင် ဈေးကွက်နှင့် ဆက်စပ်သည့် အချက်များမှာ အဓိက စဉ်းစားရမည့်အချက်ဖြစ်သည်။ ကဏ္ဍများအကြား ကွာခြားမှုသည် နေရာဒေသ ရွေးချယ်မှုအပေါ် မဟာဗျူဟာကျသည့် တွန်းအားသက်ရောက်နေကြောင်း ဖော်ပြထားသည်။ ဈေးကွက်နှင့် ဆက်စပ်သည့် အချက်များဖြစ်သည့် ဈေးကွက်အရွယ်အစား၊ ဈေးကွက်ချဲ့ထွင်နိုင်မှု အလားအလာနှင့် သုံးစွဲသူများဝယ်ယူနိုင်စွမ်းတို့သည် ဈေးကွက်ရှာဖွေသည့် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးကြီးလျက်ရှိကြောင်း Dunning's OLI မူဘောင်တွင် ဖော်ပြထားသည်။ သဘာဝအရင်းအမြစ်ရှာဖွေသည့် ရင်းနှီးမြှုပ်နှံမှုများသည် ကုန်ကျစရိတ် သက်သာပြီး ရှားပါး သယံဇာတ ကြွယ်ဝသည့် နိုင်ငံများကို ရွေးချယ်မည် ဖြစ်သည်။ စွမ်းဆောင်ရည်ကို အဓိကထားသည့် ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် စွမ်းဆောင်ရည် မြင့်မားမှုနှင့် ထုတ်လုပ်မှုစွမ်းအားကောင်းမွန်မှုရှိသည့် နေရာဒေသကို အဓိကထားရှာဖွေမည်ဖြစ်သည်။ ပိုင်ဆိုင်မှုကိုရှာဖွေသည့် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် နည်းပညာ ရယူသုံးစွဲနိုင်စွမ်းနှင့် အခြားထုတ်လုပ်နိုင်စွမ်းများရှိသော နေရာဒေသကို ရွေးချယ်မည် ဖြစ်ပေသည်။

စံပြရွေးချယ်မှု အနေဖြင့် စီးပွားရေးဆိုင်ရာ ထိရောက်မှုအပေါ် မူတည်ပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် နေရာဒေသ ရွေးချယ်ရန် ဆုံးဖြတ်ရာတွင် အဖွဲ့အစည်းဆိုင်ရာ အချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ (Kostova and others, 1999; Dunning and Lundan, 2008; Voss and others, 2009).

## Table 1.3. ကုမ္ပဏီများမှ နေရာဒေသရွေးချယ်ရာတွင် အဓိကလွှမ်းမိုးသော အချက်များ

**၂၀၀၉-၂၀၁၁ (ဖြေဆိုသူများ၏ ရာခိုင်နှုန်း)**

| | |
|---|---|
| ပြည်တွင်းဈေးကွက် အရွယ်အစား | ၁၇ |
| ဈေးကွက် ချဲ့ထွင်နိုင်မှု | ၁၆ |
| ပစ္စည်းပံ့ပိုးပေးနိုင်မှုနှင့် ပူးတွဲလုပ်ငန်းဆောင်ရွက်မည့်သူ ရရှိနိုင်ခြင်း | ၁၀ |
| ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်နိုင်ခြင်း | ၁၀ |
| တည်ငြိမ်ပြီး၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ရှိခြင်း | ၈ |

*Source:*UNCTAD(2009).

FDI အများအစားအားလုံးအတွက် ပိုင်ဆိုင်မှုခွင့်ပြုသည့်အနေအထားနှင့် ဝင်ရောက်ရင်းနှီးမြှပ်နှံရန် လွယ်ကူမှုအပြင် လုပ်အားခကုန်ကျစရိတ်နှင့် စီးပွားရေးလုပ်ကိုင်မှုအတွက် အထွေထွေကုန်ကျစရိတ်များမှာ အရေးကြီးပါသည်။ ယေဘုယျအားဖြင့် FDI အမျိုးအစား အများစုအတွက် အောက်ဖော်ပြပါ အချက်များမှာ အရေးကြီးပြီး အချိန်နှင့်အမျှပြောင်းလဲခြင်းလည်း မရှိပေ။

- ဈေးကွက် စီးပွားရေးစနစ်၊ မြင့်မားသော တိုးတက်မှုနှုန်း (ဥပမာ တရုတ်နှင့် အိန္ဒိယ)၊
- တရားဥပဒေစိုးမိုးမှုနှင့် ရှင်းလင်းအားကောင်းသော စီးပွားရေးမူဝါဒ (ဥပမာ စင်္ကာပူနှင့် ထိုင်းနိုင်ငံ)၊
- နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှု (ဥပမာ တရုတ်နိုင်ငံနှင့် စင်္ကာပူနိုင်ငံ)
- ဈေးနှုန်းသက်သာပြီး လုပ်ကိုင်နိုင်စွမ်းရှိသော လုပ်သားအင်အား (ဥပမာ အာဆီယံနိုင်ငံများ၊ တရုတ်နှင့် အိန္ဒိယ)
- သဘာဝသယံဇာတများ (ဥပမာ အင်ဒိုနီးရှား၊ အယ်ဇာဘာဂျန်၊ ကာဇက်စတန် နိုင်ငံ)
- ကြီးမားသော ဈေးကွက် (ဥပမာ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် လွတ်လပ်သော အာဆီယံ ကုန်သွယ်မှု သဘောတူချက်ညီ)
- ရုပ်ပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးနှင့် နည်းပညာအခြေခံအဆောက်အအုံများ (ဥပမာ စင်္ကာပူ၊ ဟောင်ကောင်၊ တရုတ်နှင့် ထိုင်းနိုင်ငံ)
- ဈေးကွက်လက်လှမ်းမီမှုနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း (နယ်စပ်ဖြတ်ကျော်ခုံများ ဒေသများ၊ ဥပမာ အာဆီယံရင်းနှီးမြှပ်နှံမှုဒေသ (ASEAN Investment Area – AIA) နှင့် growth triangles များ
- ရင်းနှီးမြှပ်နှံမှု အကာအကွယ်ပေးခြင်းနှင့် မြှင့်တင်ခြင်း (အထူးသဖြင့် သတ္တု တူးဖော်ရေး လုပ်ငန်းများ)
- ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊အဖွဲ့အစည်း၏အရည်အသွေး၊ ကြိုးနီစနစ်ကင်းမဲ့မှု (ဟောင်ကောင်၊ တရုတ်နှင့် စင်္ကာပူ)

## ၂။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှပ်နှံမှုကို တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ချိတ်ဆက်ခြင်း

နိုင်ငံတစ်နိုင်ငံ/ နေရာတစ်ခုသည် ရင်းနှီးမြှပ်နှံမှုပြုလုပ်သည့်နေရာ တစ်ခုအဖြစ် ဆွဲဆောင်မှု ရှိ၊ မရှိ ဆိုသည်မှာ အဆိုပါနိုင်ငံ/ဒေသ၏ အထွေထွေဖွံ့ဖြိုးတိုးတက်မှု အဆင့်ပေါ်တွင် မူတည်ပါသည်။ တနည်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန်အတွက် FDI ကို အားပေးလုပ်ဆောင်ကြသည်။ သို့သော် ထူးခြားအားသာချက်များ သို့မဟုတ် သဘာဝ သယံဇာတများရှိသော နိုင်ငံများမှလွဲ၍ FDI ကို ဆွဲဆောင်နိုင်ရန်အတွက် ဖွံ့ဖြိုးမှုအဆင့်တစ်ရပ် (a minimum level of development) တော့ ရှိရန် လိုအပ်ပါသည်။ တန်ဖိုးမြင့် ထုတ်ကုန်များ လုပ်ကိုင်သော၊ ပိုမို ရှုပ်ထွေးသော ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍများအတွက်မူ TNCs များသည် ကုန်ကျမှု အနည်းဆုံးနှင့် အကောင်းဆုံး ထောက်ပံ့ ပစ္စည်းများ (အဆောက်အအုံ၊ ပစ္စည်းပစ္စယများ - facilities) များပေးနိုင်သော နိုင်ငံများ၊ တည်နေရာများကို ရှာဖွေကြသည်။ တိုင်းပြည်၏ ယှဉ်ပြိုင်နိုင် စွမ်းအားသာချက်ကို ခွဲခြား သတ်မှတ်ရန်အတွက် Michael Porter ၏ သုံးသပ်မှု နည်းလမ်းပုံစံ (figure 1.1)ကို အသုံးပြု၍ FDI အဝင် (အိမ်ရှင်နိုင်ငံအမြင်)နှင့် အထွက် (မိခင် နိုင်ငံအမြင်) (၂)ခုစလုံးအတွက် အကြောင်း တရားများကို ခွဲခြမ်းနိုင်ပါသည်(Porter, 1988)။[8]

[8]The diamond model is an economic model developed by Michael Porter explaining why particular industries become competitive in particular locations. He distinguished four core determinants of national competitive advantage that interact which each other along with two additional factors affecting the other four consisting of

**(က) သွင်းအားစုအခြေအနေများ** - လုပ်ငန်းကဏ္ဍတစ်ခုတွင် ယှဉ်ပြိုင်နိုင်ရန်အတွက် လိုအပ်သော နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်သွင်းအားစုများ (factors of production) ရရှိမှု အခြေအနေ။ ဤအစိတ်အပိုင်းသည် အရင်းအမြစ်နှင့် အကျိုးများမှု/ဈေးနှုန်းသက်သာမှုကို ရှာဖွေသော နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (resource-seeking and efficiency-seeking FDI) နှင့် အဓိကသက်ဆိုင်ပါသည်။ သို့သော်ငြားလည်း ကုန်ထုတ် သွင်းအားစုများသည် အရင်းအနှီးနှင့် လုပ်သားအင်အားများဖြစ်သော လူ့အရင်းအမြစ်များ၊ ရုပ်ဝတ္ထုနှင့် သဘာဝ သယံဇာတများ၊ ရာသီဥတု၊ တည်နေရာ၊ သာမာန်လုပ်သားများနှင့် အရင်းအနှီးများသာ မဟုတ်ပေ။ ခေတ်ပေါ် အခြေခံအဆောက်အအုံများ၊ တက္ကသိုလ်များ၊ ကျွမ်းကျင် လုပ်သားများ စသည့် အဆင့်မြင့် သွင်းအားစုများလည်း ပါဝင်ပါသည်။ အဆင့်မြင့် သွင်းအားစုများရှိသော နိုင်ငံများသည် အဆိုပါသွင်းအားစုများကို အသုံးပြုသော လုပ်ငန်းစုများတွင် ယှဉ်ပြိုင် နိုင်စွမ်းအားသာချက် ရရှိပါသည်။ သို့သော် သွင်းအားစုအချို့တွင် အားနည်းသော နိုင်ငံများမှ လုပ်ငန်းများသည် အဆိုပါသွင်းအားစု များကြွယ်ဝသော နိုင်ငံများတွင် သွားရောက် ရင်းနှီးမြှုပ်နှံရန် တွန်းအားများရှိပါသည်။ အလားတူပင် နိုင်ငံက သမားရိုးကျနှင့် အဆင့်မြင့် သွင်းအားစုပုံစံများ ပိုင်ဆိုင်သော နိုင်ငံများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို လာရောက် ရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်မှု ရှိသည်။ ထို့ပြင် သွင်းအားစုအချို့ ရရှိနိုင်မှုသာမက ၎င်းတို့၏ ကုန်ကျစရိတ်များကိုလည်း ထည့်သွင်းစဉ်းစားကြသည်။ ထို့ကြောင့် သမားရိုးကျ FDI များသည် ကုန်ကျ စရိတ်သက်သာမှု (နှင့် လုပ်သားဈေးပေါမှု) ကို စိတ်ဝင်စားသော်လည်း လုပ်ငန်းကဏ္ဍ များစွာတွင် လုပ်သားအရည်အသွေးနှင့် ကျွမ်းကျင်မှုများမှာ ပိုမိုအရေးပါလာသည်။ အခြေခံအဆောက်အအုံများနှင့် စပ်လျဉ်း၍ လမ်းများ၊ လေဆိပ်များနှင့် တယ်လီဖုန်းလိုင်းများမှာ အရေးပါသော်လည်း မျက်မှောက် ကမ္ဘာတွင် မြန်ဆန်သော အင်တာနက်ဆက်သွယ်မှု၊ သတင်းနှင့်နည်းပညာ စွမ်းရည်များမှာလည်း ပိုမို အရေးပါလာခဲ့သည်။

**(ခ) ဝယ်လိုအား အခြေအနေများ** - စက်မှုထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအပေါ် ပြည်တွင်း ဝယ်လိုအားသဘာဝနှင့် အရွယ်အစားဖြစ်သည်။ ယခုအစိတ်အပိုင်းသည် ဈေးကွက်ရှာဖွေသော FDI နှင့် အထူးသက်ဆိုင်ပါသည်။ FDI လက်ခံသော အိမ်ရှင်နိုင်ငံ၏ ဝယ်လိုအားအရေအတွက်နှင့် အရည်အသွေး နှစ်ခုစလုံးမှာ အရေးကြီးသည်။ ယှဉ်ပြိုင်နိုင်စွမ်း အားသာချက်အပေါ် အကျိုးသက်ရောက်စေသည်မှာ နိုင်ငံ၏ဝယ်လိုအား အရွယ်အစားသာမက အဆိုပါဝယ်လိုအား၏ ပါဝင်ဖွဲ့စည်းမှုမှာလည်း အရေးကြီးသည်။

**(ဂ) ဆက်စပ်သော အထောက်အကူပြု လုပ်ငန်းစုများ (related and supporting industries)** - နိုင်ငံတစ်နိုင်ငံတွင် ကုန်ကြမ်း/ကုန်ပစ္စည်းပေးသွင်းသည့် နိုင်ငံတကာအဆင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်ငန်းစုများနှင့် ဆက်စပ်လုပ်ငန်းစုများ ရှိခြင်း၊ မရှိခြင်းသည် အဆိုပါ လုပ်ငန်းစုမှ ပြည်တွင်း လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို သတ်မှတ်ပေးသလို အဆိုပါလုပ်ငန်းများအနေဖြင့် နိုင်ငံရပ်ခြားတွင် ရင်းနှီးမြှုပ်နှံသည့် အတိုင်းအတာကိုလည်း သတ်မှတ်ပေးသည်။ တဖက်တွင် နိုင်ငံရပ်ခြား၌ ရင်းနှီးမြှုပ်နှံသော လုပ်ငန်းများစွာပါဝင်သော လုပ်ငန်းကဏ္ဍ တစ်ခုသည် ဆက်စပ်သော အထောက်အကူပြု လုပ်ငန်းစုများကို နိုင်ငံရပ်ခြားတွင် ဝန်ဆောင်မှုများနှင့် ကုန်ကြမ်း/ပစ္စည်း (သွင်းအားစုများ) လိုက်ပါဆောင်ရွက်ရန်ဆွဲခေါ်ပါလိမ့် မည်။ TNC များသည် အရည်အသွေးမြင့်သော ကုန်စည်များနှင့် ဝန်ဆောင်မှုများပေးသွင်းနိုင်သော ပြည်တွင်းလုပ်ငန်းများရှိသည့် နိုင်ငံများတွင် ပိုမို

government and chance events that are out of control of business and governments. While the model has lost some relevance with the growth of global value chains and does not allow for foreign activity, it still offers a good framework for analysis of determinants of FDI inflows (and outflows) at the national level leading to policy recommendations (chapter 3).

ရင်းနှီးမြှုပ်နှံကြသည်။ ထိုသို့မရှိပါက အဆိုပါ အိမ်ရှင်နိုင်ငံမှ အထောက်အကူပြု လုပ်ငန်းစုများကလည်း TNC သွားရောက် ရင်းနှီးမြှုပ်နှံရာ နိုင်ငံများသို့ လိုက်ပါရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ကြသည်။

**(ဃ) လုပ်ငန်းမဟာဗျူဟာ၊ ဖွဲ့စည်းပုံနှင့် ယှဉ်ပြိုင်မှု** - လုပ်ငန်းကဏ္ဍတစ်ခုတွင် နိုင်ငံ၏ ယှဉ်ပြိုင်အားသာချက်အတွက် အကြောင်းတရား (၄) ခုမှာ လုပ်ငန်းများကို ဖန်တီးသော၊ တည်ဆောက်သော၊ စီမံခန့်ခွဲရသော အခြေအနေနှင့် ပြည်တွင်းယှဉ်ပြိုင်မှု သဘောသဘာဝ ဖြစ်သည်။ FDI အကြောင်းတရားများထဲမှ ပထမအမျိုးအစားသည် လုပ်ငန်း၏ သီးခြား လက္ခဏာများကို ရည်ညွှန်းပြီး လုပ်ငန်းတစ်ခုချင်းနှင့် ဆက်စပ်ပါသည်။ တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်သည် နိုင်ငံတစ်ခု၏ သီးသန့်ကော်ပိုရိတ် ယဉ်ကျေးမှုကို ရည်ညွှန်းပြီး နိုင်ငံနှင့်ဆိုင်သော အခြေခံအချက်များဖြစ်သည့် ပန်းတိုင်များ၊ မဟာဗျူဟာများနှင့် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းများကို စုစည်းပုံမှာလည်း နိုင်ငံအလိုက် များစွာကွဲပြား ခြားနားကြသည်။ နိုင်ငံတစ်နိုင်ငံ၏ လုပ်ငန်းကဏ္ဍတစ်ခုတွင် အပြိုင်အဆိုင်များသည့်အခါ ထိုနိုင်ငံမှ လုပ်ငန်းများသည် FDI ပြုလုပ်မည့် အလားအလာ ပိုရှိပြီး တဖက်တွင် FDI ကိုလည်း ဆွဲဆောင်ပါသည်။

Figure 1.1. Michael Porter' ၏ နိုင်ငံတစ်နိုင်ငံအတွက် နှိုင်းယှဉ်အားသာချက်ရှိမှုကို ဖော်ပြသည့် "စိန်ပုံသဏ္ဌာန်"




*Source*: Porter (1990, 1998).

အကြောင်းတရား (၄) မျိုးစလုံးတွင် အားကောင်းသောနိုင်ငံများသည် FDI ကို တင်ပို့သော မိခင်နိုင်ငံနှင့် FDI လက်ခံသော အိမ်ရှင်နိုင်ငံများအဖြစ် အခြေအနေကောင်းများ ဖြစ်ပေါ်စေပါသည်။ ထိုအကြောင်းကြောင့် FDI အများစုသည် ဖွံ့ဖြိုးပြီးနိုင်ငံများအကြားတွင် ဖြစ်ပေါ်လေ့ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ နိုင်ငံ၏ ယှဉ်ပြိုင်အားသာချက်အတွက် လိုအပ်သောအကြောင်းတရား (၄) ခု ခိုင်မာအားကောင်းစွာ ရှိနေခြင်းပင် ဖြစ်သည်။

အစိုးရက ဖော်ပြပါအကြောင်းတရား ၄ မျိုးကို မူဝါဒများ (အထူးသဖြင့် သုံးစွဲမှုနှင့် စည်းမျဉ်း စည်းကမ်းများ- regulations) ဖြင့် သြဇာလွှမ်းမိုးမှုပုံစံသည် နိုင်ငံ၏ ယှဉ်ပြိုင် နိုင်စွမ်းအားသာချက်နှင့် FDI pattern များကို ရှင်းပြရာတွင် အရေးကြီးသည်(အခန်း ၃)။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို အနှောင့်အယှက်မဖြစ်စေသည့် တည်ငြိမ်သောနိုင်ငံရေးအခြေအနေကို ဖန်တီးပေးနိုင်သည့် အစိုရများရှိသော နိုင်ငံများကို ရှာဖွေကြသည်။ အကျယ်တဝင့်ဆိုရလျှင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှုကို အားပေးသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုချမှတ်ပြီး ခွဲခြားဆက်ဆံမှု မရှိသော နိုင်ငံများကို ရှာဖွေကြသည်။ ပွင့်လင်းသော ကုန်သွယ်ရေးစနစ် ရှိသည့် နိုင်ငံများ (WTO အဖွဲ့ဝင်နိုင်ငံများ) သည် ရင်းနှီးမြှုပ်နှံမှုကို အလေးပေးသော နိုင်ငံများအဖြစ် ထင်ရှားကြသည်။

## ၃။ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၏ အရေးပါမှု

FDI အများအစားနှင့် ပုံသဏ္ဍာန်အပေါ် မူတည်၍ အကြောင်းတရားများ၏ လွှမ်းမိုးသက်ရောက်မှုမှာ အနည်းအများကွာခြားနိုင်သော်လည်း ကောင်းမွန်သောအုပ်ချုပ်မှုစနစ်၏အရေးပါမှုကိုမူ အပြည့်အဝအသိအမှတ်ပြုနိုင်လိမ့်မည် မဟုတ်ပေ။ အစိုးရများနှင့် IPAs (MIC/ state and regional investment committees) များသည် တည်နေရာကို ကျော်ကြား လာအောင်လုပ်ဆောင်ခြင်းနှင့် ခံစားခွင့်မက်လုံးများပေး၍ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် အလေးထား လုပ်ဆောင်ခဲ့ကြသည်။ တဖက်တွင် တိုင်းပြည်၏ စီးပွားရေး ဝန်းကျင်ကို မြှင့်တင်နိုင်ရန် လိုအပ်သည်ကို ဆထက်တိုးပြီး သတိပြုမိလာကြသည်။ မကြာခဏဆိုသလိုပင် IPAs များကြောင့် တည်နေရာသစ်များတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာသော ရင်းနှီးမြှုပ်နှံသူများသည် မမျှော်လင့်ထားသော အုပ်ချုပ်ရေး အဟန့်အတားများကို ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြုံတွေ့ရသည်။ ၎င်းတို့မှာ အစိုးရကဏ္ဍတွင် စွမ်းဆောင်ရည်အားနည်းပြီး မြန်မြန်ဆန်ဆန်၊ စရိတ်နည်းနည်း (efficiency) ဖြင့် ဆောင်ရွက် မပေးနိုင်ခြင်း၊ မထင်မှတ်သောနှောင့်နှေးမှုများရှိခြင်းနှင့် ကောင်းမွန်သောဝန်ဆောင်မှုများ မပေးနိုင်ခြင်းတို့ ဖြစ်သည်။ အဆိုပါ ကိစ္စရပ်များကို ဖြေရှင်းပေးနိုင်ရန်အတွက် အစိုးရများသည် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် အခြေခံမှုများ (principles of good governance) ချမှတ် လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တွင် အစိတ်အပိုင်း (၄) မျိုး ခွဲခြား သတ်မှတ်နိုင်ပါသည် (UNCTAD, 2004)။

- **ခန့်မှန်းရလွယ်ကူမှု** - အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများသည် စီမံကိန်းအသစ်များနှင့် ဆုံးရှုံးနိုင်ခြေများကို သုံးသပ်ကြသည်။ မသေချာမရေရာမှု၊ မတည်ငြိမ်မှု (uncertainty) များစွာရှိလျှင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တွန့်ဆုတ်စေနိုင်ပါသည်။ ရှင်းလင်းသော မူဝါဒများနှင့် ပွင့်လင်းမြင်သာပြီး ခန့်မှန်းနိုင်သော ဥပဒေနှင့် အဖွဲ့အစည်းမူဘောင်သည် ရင်းနှီးမြှုပ်နှံသူများအတွက် စိတ်ကျေနပ်မှု၊ စိတ်ချယုံကြည်မှု (investor's confidence) ရရှိစေရန် အထူးအရေးကြီးပသည်။ ခန့်မှန်းနိုင်ရန် မဖြစ်နိုင်ပါက တရားဥပဒေစိုးမိုးမှုကို လေးစားလိုက်နာမှု မရှိခြင်း၊ အဂတိလိုက်စားနိုင်မည့် အခွင့်အလမ်းများ ထွက်ပေါ်စေခြင်း၊ အရင်းအမြစ်များကို တလွဲသုံးစွဲမှု ဖြစ်စေခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများကို လမ်းကြောင်းပြောင်းစေနိုင်ပါသည်။

- **တာဝန်ခံမှု** - အဂတိလိုက်စားမှုကို ကာကွယ်ဟန့်တားပေး၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန်အတွက် စည်းမျဉ်းများ၊ မူဘောင်များကို ရှင်းလင်းစွာ လိုက်နာကျင့်သုံးရန် လိုအပ်သလို (ယင်းသည် မျှော်မှန်းနိုင်မှုကို အားပေးခြင်းဖြစ်သည်။) ဖောက်ဖျက်မှုများရှိပါကလည်း အပြစ်ပေးနိုင်မည့်နည်းလမ်းများ လုံလောက်စွာချမှတ်ထားရှိရပါမည်။ ထို့ကြောင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေများကိုချမှတ်ပြီး တိုင်ကြားမှုများကို လက်ခံဆောင်ရွက်နိုင်မည့် အစီအမံများလည်း ထားရှိရပါမည်။ စွမ်းဆောင်မှုအဆင့်သတ်မှတ်ခြင်းနှင့် စောင့်ကြပ်စစ်ဆေးခြင်းသည် အဂတိလိုက်စားမှုကို လျော့ချနိုင်သလို တာဝန်ခံမှုနှင့် လုပ်ငန်းစွမ်းဆောင်ရာတွင် ထိရောက်မှုရှိစေခြင်းကို ဖြစ်စေနိုင်သည်။

- **ပွင့်လင်းမြင်သာမှု** - သက်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အင်္ဂလိပ် ဘာသာဖြင့် လက်လှမ်းမီဖတ်ရှုနိုင်ရေးမှာ ရင်းနှီးမြှုပ်နှံသူများအတွက် အလွန်အရေးကြီးသည့် အလားအလာရှိသော တည်နေရာများ ရွေးချယ်ရာတွင် အထောက်အကူဖြစ်စေသည်။ ထိုနည်းတူစွာပင် အင်္ဂလိပ်ဘာသာ (သို့မဟုတ် မိခင်ဘာသာမဟုတ်သော အခြားဘာသာများဖြင့်) ဖော်ပြသော ဝဘ်ဆိုက်များသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန် တည်နေရာသစ်များ ရှာဖွေရာတွင် အထောက်အကူ ဖြစ်စေပါသည်။ သတင်းမီဒီယာများနှင့် သတင်းနည်းပညာများမှတဆင့် သတင်းအချက်အလက်များကို ပိုမိုပွင့်လင်းမြင်သာစွာဖော်ပြခြင်းသည် အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများ အကြား အကျိုးရှိစွာ ထိတွေ့မှုရှိနိုင်စေပါသည်။

- **ပါဝင်ဆောင်ရွက်မှု** - ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ထိန်းကျောင်းမှုဆိုင်ရာ မူဘောင်တွင် ပြည်သူ့ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့၏အကျိုးစီးပွား (၂) ရပ်လုံးကို မျှမျှတတ ထည့်သွင်းစဉ်းစားရေးမှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ ပြည်သူ့ကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပြီး ပုဂ္ဂလိကကဏ္ဍသည် အမြတ်အစွန်းရှာနိုင်သမျှ ရှာဖွေပြီး အစုရှယ်ယာရှင်များ၏ အကျိုးကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးခြင်းဖြစ်သည်။ မူဝါဒ ချမှတ်သူများ၊ ဥပဒေဖြင့် ထိန်းကျောင်းသူများ (regulatros)၊ ဥပဒေပြုသူများ (legislators)နှင့် ဥပဒေ ဘက်တော်သား (enforcers) များ အပါအဝင် ပြည်သူ့ကဏ္ဍတစ်ရပ်လုံးသည် ပြဋ္ဌာန်းကျင့်သုံးသော ဥပဒေ မူဘောင်၏ အကျိုးဆက်များအတွက် တာဝန်ခံရပါသည်။ အဆိုပါ မူဘောင်သည် အာလုံးပါဝင်အကျိုးခံစားခွင့်ရပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (inclusive and sustainable development)ကို ဆောင်ကြဉ်းပေးရမည် ဖြစ်သလို လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် (enabling environment) ကိုလည်း ဖော်ဆောင်ပေးရပါမည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း ထိန်းကျောင်းမှုဆိုင်ရာဥပဒေမူဘောင်ကို လေးစားလိုက်နာခြင်းဖြင့် တာဝန်ဝေမျှယူပြီး ဆွေးနွေးတိုင်ပင်မှုကို လက်ခံဆောင်ရွက်သလို အစိုးရအတွက်ဝန်ထုတ်ဝန်ပိုးလျော့ချနိုင်မည့် မိမိသဘောဆန္ဒအလျောက် ထိန်းကျောင်းမည့်အစီအမံများ (self-regulatory measures) ကိုလည်း ခွင့်ပြုကျင့်သုံးရပါမည်။ မူဝါဒတစ်ရပ်၊ ဥပဒေတစ်ခုအား မရေးဆွဲမီ၊ ရေးဆွဲစဉ်၊ ရေးဆွဲပြီးကာလများတွင် အစိုးရ၊ အကျိုးစီးပွားသက်ဆိုင်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအကြားတွင် အပြန်အလှန် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းမှာ အလွန် နှစ်လိုဖွယ်ကောင်းသော အနေအထားတစ်ရပ် ဖြစ်သည်။ အချုပ်ဆိုရလျှင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအကြား အနစ်ပါသော အစိုရ-ပုဂ္ဂလိကဆွေးနွေးမှုများဖြင့် မကြာခဏညှိနှိုင်း တိုင်ပင်မှုများပြုလုပ်ပါက မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏အသိအမှတ်ပြုမှု (legitimacy) ကို ဖြစ်ပေါ်စေပါသည်။

## (၈) ဆွေးနွေးစရာ ကိစ္စရပ်များ

1. What is more important in your country: FDI or FPI and why?
2. What do you think are the most important types and forms of FDI in your country? How important is greenfield investment in your total FDI inflows?
3. Does the type and form of FDI differ across localities in your country (e.g. provinces, cities, special economic zones, border areas, etc.)?
4. What do you think are the main attractions for FDI to invest in your country/locality? What are the main determinants of FDI in your country/locality?
5. Does your country have specific rules and regulations for FDI on the basis of nationality of the investor? Have you encountered difficulties in ascertaining nationality?
6. To what extent is round-tripping a problem in your country? Is it being addressed?
7. Referring to the determinants of national competitive advantage, which of the four is the strongest in your country and which is the weakest? To what extent you think your country has overall competitive advantage?
8. Do you think FDI in your country contributes to sustainable development? Is FDI itself sustainable?
9. To what extent do you think the principles of good governance are applied in your country/locality?

## ရည်ညွှန်း


Astorga, Ricardo L. (2006, 2007). The nationality of juridical persons in the ICSID Convention in light of its jurisprudence. In *Max Planck Yearbook of United Nations Law*,A. von Bogdandy and R. Wolfrum, eds. , vol. 11, pp. 417-472.Kninklijke Brill N.V.Available from**http://www.mpil.de/files/pdf1/mpunyb_17_ricardo_thesis_11.pdf.**

Blomström, M. and A. Kokko (2003). The economics of foreign direct investment incentives.NBER Working PaperNo. 9489. Cambridge, M.A.: National Bureau of Economic Research. Available from**http://www.nber.org/papers/w9489.pdf.**

Blonigen, Bruce A. (2005). A review of the empirical literature on FDI determinants.*Atlantic Economic Journal*, vol. 33, pp. 383-403.IAES. Available from **https://doi.org/10.1007/s11293-005-2868-9.**

Borga, Maria (2016). Not all foreign direct investment is foreign: the extent of round- tripping.*Columbia FDI Perspectives*, No. 172, 25 April. Available from **https://academiccommons.columbia.edu/catalog/ac:201602**.

Goldstein, I. and A. Razin (2006).An information-based trade-off between foreign direct investment and foreign portfolio investment.*Journal of International Economics*, vol. 70, No. 1,pp. 271-295. Available from**http://www.sciencedirect.com/science/article/pii/S0022199606000134**.

Dunning, John H. (1977). Trade, location of economic activity and the MNE: a search for an eclectic approach. In *The International Allocation of Economic Activity,*Bertil Ohlin, Per-Ove Hesselborn and Per Magnus Wijkman, eds. London: Macmillan.

______ (1980). Toward an eclectic theory of international production: some empirical tests. *Journal of International Business Studies*, vol. 11, Issue No. 1,pp. 9-31. Available from **http://rd.springer.com/article/10.1057/palgrave.jibs.8490593**.

______ (1981).*International Production and the Multinational Enterprise*. London: GeorgeAllen & Unwin.

______ (1988). The eclectic paradigm of international production: a restatement and some possible extensions.*Journal of International Business Studies,* vol. 19, No. 1(Spring), pp. 1-31.Available from **http://rd.springer.com/article/10.1057/palgrave.jibs.8490372**.

______ (1993).*Multinational Enterprises and the Global Economy*. Harlow: Addison-Wesley.

______ (1997).*Alliance Capitalism and Global Business*. Routledge.

Dunning, John H., Peter J.Buckley and Pervez N. Ghauri (1999). Trade, location of economic activity and the Multinational Enterprise: A Search for an Eclectic Approach.*The Internationalization of the Firm*, pp. 61-79.

Dunning, John H., and Sarianna M. Lundan (2008). Institutions and the OLI paradigm of the multinational enterprise. *Asia Pacific Journal of Management*,vol. 25, Issue No. 4, 28 December, pp. 573–593.

Franco, Chiara,FrancescoRentocchini and Giuseppe V. Marzetti (2008). Why do firms invest abroad? An analysis of the motives underlying foreign direct investments. 15 December.Available from **http://papers.ssrn.com/sol3/papers.cfm?abstract_id=1283573**.

Hussain, Fayyaz, and Constance K. Kimuli (2012). Determinants of foreign direct investment flows to developing countries.*SBP Research Bulletin*,vol. 8, No. 1. Available from: **https://pdfs.semanticscholar.org/b048/e3b12cfff937863ff56ec552e2733861e663.pd f**.

Hymer, Stephen H. (1960). The international operations of national firms: a study of direct foreign investment. PhD Dissertation. Published posthumously. Cambridge, M.A.: MIT Press, 1976.

International Monetary Fund (IMF) (1993).*Balance of Payments Manual*. Fifth edition. Washington, D.C.

Kostova, Tatiana, and Srilata Zaheer (1999). Organisational legitimacy under conditions of complexity: the case of the multinational enterprise. *Academy of Management Review*, No. 24, 1 January, pp. 64–81.

Lall, Sanjaya (1997). Attracting foreign investment: new trends, sources and policies. *Economic Paper,* No. 31.London: Commonwealth Secretariat.Available from **http://dx.doi.org/10.14217/9781848596030-en .**

Loewendahl, Henry (2001). A framework for FDI promotion.*Transnational Corporations*, vol. 10, No. 1,pp. 1-42.UNCTAD. New York and Geneva:United Nations.

Loewendahl, Henry, Tingmei Deng and Chris Fraser (2016). How to attract FDI from China? Special report published by WAVTEQ. Available from **http://www.wavteq.com/countryreports.cfm?country=china**.

Loewendahl, Henry, Christian Kollinsky andDouglas van den Berghe (2017). Sustainable development and FDI: Towards a practical framework to implement the principle of sustainable development into investment promotion strategy. Special report published by WAVTEQ in collaboration with Investment Consulting Associates (ICA). April. Available from **http://www.wavteq.com/publications**.

Moran, Theodore H. (2015). The role of industrial policy as a development tool: New evidence from the globalization of trade-and-Investment. Center for Global Development. Policy Paper No. 71.December. Washington, D.C. Available from **https://www.cgdev.org/sites/default/files/CGD-PP71-Moran-industrial-policy- development-tool-0.pdf.**

Nunnenkamp, Peter (2002). Determinants of FDI in developing countries: has globalization changed the rules of the game? Kiel Working Paper, No. 1122, July. Kiel, Germany: Kiel Institute for the World Economy. Available from**https://www.econstor.eu/bitstream/10419/2797/1/352635657.pdf**.

Organisation for Economic Co-operation and Development(OECD) (2008). *Benchmark Definition of Foreign Direct Investment*.Fourth edition.Paris. Available from **https://www.oecd.org/daf/inv/investmentstatisticsandanalysis/40193734.pdf.**

______(2009). Draft principles to enhance the transparency and governance of tax incentives for investment in developing countries. *OECD Better Policies for Better Lives: Taxand Development.* Paris.

______(2011). Location factors for international investment in innovation. In*Attractiveness for Innovation: Location Factors for International Investment*. Paris. Available from **http://dx.doi.org/10.1787/9789264104815-4-en.**

Organization for Security and Co-operation in Europe (OSCE) (2006).*Best-Practice Guidefora Positive Business and Investment Climate.* Vienna.

Porter, Michael E. (1990, 1998). *The Competitive Advantage of Nations*. New York: Free Press.

Sun, X. (2002). How to promote FDI? The regulatory and institutional environment for attracting FDI. Paper prepared by the Foreign Investment Advisory Service for theCapacity Development Workshops and Global Forum on Reinventing Government on Globalization, Role of the State and Enabling Environment.Marrakech, Morocco. Available from **http://unpan1.un.org/intradoc/groups/public/documents/UN/UNPAN006349.pdf**.

Tekin-Koru, Ayça (2004). Is FDI indeed tariff-jumping? Firm-level evidence. March. Oregon State University. Mimeo.Available from: **http://www.etsg.org/ETSG2004/Papers/Ayca.pdf.**

United Nations Conference on Trade and Development(UNCTAD) (2004). Good governance in investment promotion.Paper prepared for theExpert Meeting on Good Governance in Investment Promotionand secretariat note for the Commissionon Investment, Technology and Related Financial Issues Expert Meeting on Good Governance in Investment Promotion (Trade and Development Board), 1–3 November. TD/B/COM.2/EM.15/2.Geneva.25 August.

______ (2009). *World Investment Prospects Survey 2009 – 2011*. Available from

**http://unctad.org/en/docs/diaeia20098_en.pdf.**

______ (2011). *World Investment Report 2011: Non-equity Modes of International Production and Development.*United Nations publication, Sales No. E.11.II.D.2. Available from **http://unctad.org/en/publicationslibrary/wir2011_en.pdf**.

______(2016). *World Investment Report 2016 – Investor Nationality: Policy Challenges*.

United Nations publication, Sales No. E.16.II.D.4.Available from **http://unctad.org/en/PublicationsLibrary/wir2016_en.pdf.**

t cef
2

# 2 နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ရာလမ်းကြောင်းနှင့် အကျိုးသက်ရောက်မှုများ

## (က) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာပုံနှင့် ဦးတည်ရာ လမ်းကြောင်း

### ၁။ ကမ္ဘာ့လုံးဆိုင်ရာနှင့်ဒေသတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှု အနေအထား

၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးကပ်ဆိုက်သည့်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တဟုန်ထိုး ကျဆင်းခဲ့သည်မှတပါး လွန်ခဲ့သော ဆယ်စုနှစ် ၃ ခု အတွင်း ကမ္ဘာ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ ၁၉၉၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၅ ဘီလီယံသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁.၇၆ ထရီလီယံအထိ တဟုန်ထိုး တိုးတက်လာခဲ့သည်။ အဆိုပါ တိုးတက်မှု၏ အဓိကဖြစ်စဉ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ အကြား အထူးသဖြင့် အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများအကြားတွင် စီးပွားရေးဖွံ့ဖြိုးမှုအတွက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ်ထားရှိသည့် သဘောထားအမြင် ပြောင်းလဲခဲ့ခြင်း၏ ရလဒ်ပင် ဖြစ်ပါသည်။ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စဉ်ဆက်မပြတ် စီးဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၃၂% အထိ တိုးတက်လာခဲ့သည် (figure 2.1)။ ဝန်ဆောင်မှုကဏ္ဍ တွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ သိသာထင်ရှားစွာ တိုးတက်လာခဲ့သော်လည်း ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအသစ်များ (greenfield FDI) အများဆုံး စီးဝင်နေဆဲဖြစ်ပါသည် (figure 2.2)။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် လုပ်သားအင်အား ပေါများပြီး ထုတ်လုပ်မှုစရိတ်နည်းသော နိုင်ငံများတွင် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများက (TNCs) သွားရောက် ထုတ်လုပ် လာကြပြီး ကမ္ဘာ့ထုတ်လုပ်မှု လုပ်ငန်းစဉ်/ တန်ဖိုးကွင်းဆက်များတွင် အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့ သည်။ အာရှပစိဖိတ်ဒေသသည် အခြားသော ဖွံ့ဖြိုးဆဲဒေသများထက် ကုန်ကျစရိတ်နည်းသော နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အများအပြားကို ဆွဲဆောင် နိုင်ခဲ့သည်။

**Box: 2.1 နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လက်ခံသည့် နိုင်ငံများ၏ ဖွံ့ဖြိုးမှုအတွက် ပြောင်းလဲလာသော သဘောထားများ**

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးလုပ်ဆောင်နေသူများမှ အခြားနိုင်ငံတစ်နိုင်ငံတွင် သွားရောက်ရင်းနှီးမြှုပ်နှံခြင်းကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည်ဟု နှစ်ပေါင်းများစွာ လက်ခံထားခဲ့သည်။ အများအားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပုံစံသစ်မှာ အမေရိကန်လုပ်ငန်းငယ်များမှ စတင်ခဲ့သည်ဟု ယူဆထားကြသော်လည်း ယနေ့ လက်ခံထားသော နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ လက္ခဏာများမှာ အဓိက အားဖြင့် အမေရိကန်ကုမ္ပဏီကြီးများမှ စတင်ခဲ့သည်။ ၁၉၁၃ ခုနှစ် မတိုင်မီက နိုင်ငံဖြတ်ကျော် ဆောင်ရွက်သော လုပ်ငန်းများ(သို့မဟုတ်) နိုင်ငံစုံလုပ်ငန်းကြီးများ၏ အခန်းကဏ္ဍဖော်ပြမှုမှာ မှေးမှိန်နေသော်လည်း ထုတ်လုပ်မှုနှင့်ပုံသေ ရင်းနှီးမြှုပ်နှံမှုကို ကြည့်ပါက အဆိုပါအချိန်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ အများအပြား စီးဝင်ခဲ့ဖွယ်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုအများစုမှာ မတည်ငွေရင်း ကြီးမားပြီး အကျိုးအမြတ်ကို မူတည်သော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ကြပြီး မီးရထားလမ်း၊ မြေယာ စီမံခန့်ခွဲမှု၊ အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်းများနှင့် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများတွင် ဖြစ်ကြသည်။

ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ စစ်ပြီးကာလတွင် လွတ်လပ်ရေး ရရှိခဲ့ကြသည်။ အဆိုပါ နိုင်ငံများမှာ ရင်းနှီးမြှုပ်နှံနိုင်စွမ်းမရှိကြသည့်အပြင် ကိုလိုနီအရင်းရှင်များ၏ ငွေအရင်းအနှီးကိုလည်း ယုံကြည်မှု မရှိသည့်အတွက် အစိုးရမှ မတည်သည့် လက်ရှိ ရေးရိုးစွဲ သွင်းကုန်အစားထိုး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုသာ မှီခိုနေရသည်။ သို့သော်လည်း သွင်းကုန်အစားထိုး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ အကျိုးကျေးဇူးမှာ အနည်းငယ်သာရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှုရရှိသည့်နိုင်ငံများ၏ ကိုယ်စားလှယ်များသဖွယ် နိုင်ငံရေးဖြစ်စဉ်များတွင် ဝင်ရောက် စွက်ဖက်လေ့ရှိသည်။ ရလဒ်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံကို ပုံစံသည် ကိုလိုနီစနစ်အနေဖြင့် ရှုမြင်ခဲ့ကြပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နမူနာကောင်းအနေဖြင့် မနှစ်မြို့ခဲ့ကြပါ။

ကမ္ဘာ့ဆက်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးစနစ် ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ သွင်းကုန် အစားထိုးစနစ်မှသည် ပို့ကုန်မြှင့်တင်ရေးစနစ်သို့ ပြောင်းလဲလာသည်။ အဆိုပါ ပြောင်းလဲမှုနှင့်အတူ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ငွေသားအရင်းအနှီး၊ နည်းပညာနှင့် နိုင်ငံတကာဈေးကွက်တွင် ဝင်ဆန့်နိုင်ရန်အတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်ကြောင်း သိမြင်လာကြသည်။

၁၉၇၀ ခုနှစ်မှ ၁၉၈၀ ခုနှစ်အစောပိုင်းအထိ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုမှာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု၏ ၁၅% အောက်သာရှိသော်လည်း အဆိုပါ ရင်းနှီးမြှုပ်နှံမှုမှာ မြင့်တက်လာကြောင်း အသားတင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုစာရင်းများတွင် ဖော်ပြထားသည်။ ၁၉၉၀ ခုနှစ် ပထမ ၅ နှစ် တွင် တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုစီးဝင်မှုမှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု စီးထွက်မှု၏ ၃၀% ရှိပြီး ဒုတိယ ၅ နှစ်တွင်လည်း အဆိုပါ စံနှုန်းဖြင့်ပင် ဆက်လက် ရပ်တည်လျက်ရှိသည်။ သို့သော်လည်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘာ့စီးပွားရေး အပေါ် လွှမ်းမိုးလျက်ရှိသည့် ဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်သည့် အီးယူနိုင်ငံများ၊ အမေရိကန်နှင့်ဂျပန် နိုင်ငံတို့သို့ ပိုမိုစီးဝင်လျက်ရှိသည်။ ၁၉၈၀ ခုနှစ်များနှင့် ၁၉၉၀ ခုနှစ်များတွင် ဂျပန်နိုင်ငံ၌ နိုင်ငံတကာမှ ကုမ္ပဏီကြီးများ များပြားလာမှုကြောင့် ဂျပန်ယန်းမှာ ပိုမိုခိုင်မာလာပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာခဲ့သည်။ ဂျပန်နိုင်ငံ၏ စီးပွားရေး အားကောင်းလာသည် နှင့်အမျှ ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုများကို ကုန်ကျစရိတ် သက်သာသည့် ထွန်းသစ်စ နိုင်ငံများဖြစ်သည့် အရှေ့နှင့်အရှေ့တောင်အာရှ နိုင်ငံများသို့ ဦးတည်လာခဲ့သည်။ အီးယူနိုင်ငံများနှင့် အမေရိကန် ကုမ္ပဏီများသည် ကုန်ကျစရိတ်သက်သာပြီး သယံဇာတကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံ၍ အကျိုးအမြတ်များများ ရရှိလိုကြသည်။ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုစာချုပ်များ ပိုမိုချုပ်ဆိုလာသည်နှင့်အမျှ

ရင်းနှီးမြှုပ်နှံသူအပေါ် အကာအကွယ်ပေးမှု အားကောင်းလာသော်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်အတွက် ကင်းလွတ်ခွင့်၊ သက်သာခွင့်များ အလွန်အကျွံပေးသည့်အပြင် အလုပ်သမားနှင့်ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများမှာလည်း ပိုမိုလျော့ရဲလာကြသည့်အတွက် အဆိုပါ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ ရေရှည်တည်တံ့မှုကို ပုံသေသတ်မှတ်၍ မရပေ။

ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ချမှတ်လိုက်သည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည် ရေရှည်တည်တံ့သည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဆွဲဆောင်လာကြသည်။ တစ်ချိန်တည်းမှာပင် အထိန်းအကွပ်မဲ့သည့် ဖြေလျော့မှုများနှင့် ရင်းနှီးမြှုပ်နှံသူအပေါ် အကာအကွယ်ပေးမှုများ ပြုလုပ်ခြင်း မပြုတော့ဘဲ ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးကို ကာကွယ်ပေးမှုနှင့်ဖွံ့ဖြိုးမှုကို မျှတစေရန်အတွက် ဆောင်ရွက်လာကြသည်။

*Source: Lipsey (2001)*

**Figure 2.2. FDI inflows to world regions, 1990-2015**




***Source:*** **ESCAP calculations, based on UNCTADstat (2016).**

Figure 2.3. Sectoral distribution of greenfield FDI inflows to the Asia-Pacific region, 2006-2015




*Source:* ESCAP calculations, based on fDi Intelligence data (2016).

၂၀၀၀ ပြည့်နှစ် အလယ်ပိုင်းတွင် ဒေသတွင်း၌ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အသစ်များ ကျဆင်းခဲ့သော်လည်း မကြာခင်ကာလတွင် ပြန်လည်အားကောင်းလာခဲ့သည် (figure 2.3)။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု ရရှိလာသည်နှင့်အမျှ နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု စီးထွက်မှုမှာလည်း မြင့်တက်လာခဲ့သည်။ Mergers and Acquisition နည်းဖြင့် နှစ်စဉ် ရင်းနှီး မြှုပ်နှံမှု စီးဝင်မှုမှာ လွန်ခဲ့သောနှစ်ပိုင်းအတွင်း အတက်အကျ ဖြစ်ခဲ့ပြီး အာရှပစိဖိတ်ဒေသ၌ ၁၉၉၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံ၊ ၂၀၀၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၇ ဘီလီယံနှင့် ၂၀၁၀ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၈၁ ဘီလီယံသာ ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၆၈ ဘီလီယံ လက်ခံရရှိခဲ့သည် (figure 2.4)။[9]

Figure 2.4.  Greenfield FDI inflows and outflows: Asia-Pacific region, 2009-2015




*Source:* ESCAP calculations, based on fDi intelligence data (2016).

Figure 2.5.  FDI inflows through M&A in the Asia-Pacific region, 2009-2015




*Source:* ESCAP calculation, based on UNCTAD (2016).

[9]UNCTAD, 2016

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ရန်အတွက် အာရှ-ပစိဖိတ်ဒေသမှ ဖွံ့ဖြိုးဆဲနိုင်ငံများစွာသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်း၊ လွယ်ကူ ချောမွေ့အောင် ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းများဖြင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ်ဖြစ်ပေါ်စေရန် ပြည်တွင်းနှင့်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်လာခဲ့ကြသည်။ ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံများနှင့် ကုန်းတွင်းပိတ် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ၊ ကာဇက် စတန်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့အနေဖြင့် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခဲ့သည်။ အခြားသော နိုင်ငံများမှလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်နိုင်အောင် ဆောင်ရွက်လျှက်ရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင် လျက်ရှိသည်။ နိုင်ငံများနှင့် ရောင်းသူများအား ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ဖြန့်ကျက်ထားခြင်းဖြင့် ထုတ်လုပ်မှုစက်ဝန်းတည်ထောင်နိုင်ရန်အတွက် ကုမ္ပဏီများသို့ အားပေးလျက် ရှိသည်။

အာရှ-ပစိဖိတ်ဒေသ[10]အတွင်း အရှေ့၊ အရှေ့မြောက်အာရှ၊ အရှေ့တောင် အာရှဒေသ များသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများစုကို ဆွဲဆောင်နိုင်ခဲ့သည်။ နိုင်ငံအများစုသည် စီးပွားရေးအပေါ် ဖြေလျှော့ပေးပြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အား ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြသည်။ ချည်မျှင်နှင့် အထည်အလိပ်၊ အီလက်ထရောနစ် ပစ္စည်းများကဲ့သို့သော လုပ်အားအခြေပြု ကဏ္ဍများတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အများစုကို ဆွဲဆောင်ခဲ့ကြပြီး အချို့သောတက်သစ်စ နိုင်ငံများသည် တန်ဖိုးမြင့်ထုတ်ကုန်နှင့် တန်ဖိုးမြင့်နည်းပညာကဏ္ဍများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ ရောက်ရှိလာအောင် ဆွဲဆောင် နိုင်ခဲ့ကြသည်။ ဝန်ဆောင်မှုနှင့် မဟာဗျူဟာမြောက် ပိုင်ဆိုင်မှုကိုရှာဖွေသည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (strategic asset seeking) များသည် အိန္ဒိယ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံကဲ့သို့သော နိုင်ငံများသို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံခဲ့ကြသည် (ESCAP, 2015)။ ၁၉၉၀ ခုနှစ် အစောပိုင်းကတည်းက တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် အလွန်အမင်း တိုးတက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုမှာ အမေရိကန်နိုင်ငံကို ကျော်လွန်ခဲ့သည်။ (၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ M&A ပုံစံဖြင့် ဝင်ရောက်လာမှုများကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု အမြင့်ဆုံးနိုင်ငံ ပြန်ဖြစ်ခဲ့သည်)။ မကြာသေးမီက တရုတ်နိုင်ငံသို့ဝင်ရောက်ခဲ့သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပုံစံအများစုမှာ ကမ္ဘာ့ဒေသအသီးသီးမှ အစိတ်အပိုင်းများ တင်သွင်း၍ တပ်ဆင်ကာ ကုန်ချောထုတ်လုပ်တင်ပို့သည့် လုပ်ခသက်သာသည့် လုပ်သားအခြေပြု လုပ်ငန်းများ ဖြစ်ကြသည်။ ထို့ကြောင့်ပင် တရုတ်နိုင်ငံအား အာရှ၏ စက်ရုံ (Factory Asia) ဟု ခေါ်ကြသည်။

[10]ESCAP distinguishes the following subregions: East and North-East Asia, South-East Asia, South and South-West Asia (including Islamic Republic of Iran), North and Central Asia (including Mongolia), and the Pacific.
[10]As ADB (2013) concludes, 'Factory Asia refers to the model of regional production networks connecting factories in different Asian economies, producing parts and components that are then assembled, with the final product shipped largely to advanced economies (Ando and Kimura, 2005)'.

**Figure 2.6. FDI inflows to China, 1990-2015**




*Source:* ESCAP calculation, based on UNCTAD stat(2016).

ယခုအခါ တရုတ်နိုင်ငံတွင် လုပ်ခလစာ တစ်စတစ်စမြင့်တက်လာသည်နှင့်အမျှ လုပ်ခလစာနည်းပါးမှု သားသာချက် မရှိတော့ပေ။ သို့သော်လည်း အလွန်ကောင်းမွန်သော အခြေခံအဆောက်အဦနှင့် ကမ္ဘာ့ ထုတ်လုပ်မှု ဖြစ်စဉ်/ကမ္ဘာ့တန်ဖိုးကွင်းဆက်(global value chains) တွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက် နိုင်မှု တို့ကြောင့် လုပ်သားများ၏ ကုန်ထုတ်လုပ်မှုမှာလည်း မြင့်တက်လာခဲ့သည့်အတွက် မတည်ငွေရင်း ကြီးမားသည့် ကဏ္ဍများ နှင့် နည်းပညာ အထူးပြုကဏ္ဍများတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကို ဆက်လက်ဆွဲဆောင်ထား နိုင်သည့်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးမှုအတွက်လွန်စွာအရေးပါသည်ဆိုသည့် သာဓက တစ်ရပ် ဖြစ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံအနေဖြင့် အာရှပစိဖိတ်ဒေသမှ နိုင်ငံငယ်များအပါအဝင် နိုင်ငံများစွာ တွင် ဦးဆောင်ရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့သည်။ အထူးသဖြင့် အစပိုင်းတွင် အရင်းအမြစ်များရှာဖွေသည့် FDI များ ဖြစ်ခဲ့သော်လည်း၊ နည်းပညာနှင့်ကျွမ်းကျင်မှုရရှိရန်အတွက် (M&Aကဲ့သို့သော) strategic-asset seeking FDI ကိုဖွံ့ဖြိုးပြီး နိုင်ငံများ တွင် ရင်းနှီးမြှုပ်နှံလာခဲ့သည်။ ထို့အပြင် နိုင်ငံတွင် လူလတ်တန်းစား များလာ သည့်အတွက် ဈေးကွက်ရှာဖွေလာသည့် FDI (market-seeking FDI) များကိုလည်း ဆောင်ရွက်လာကြသည်။ ကုန်ထုတ်လုပ်မှုကွန်ရက်သည် ဒေသတွင်းရှိ အခြားနိုင်ငံများသို့ ပျံ့နှံ့သွားခြင်းကြောင့် ဒေသတွင်း ကုန်သွယ်မှု (intraregional trade)မှာလည်း မြင့်တက်လာခဲ့ပြီး အဆိုပါ နိုင်ငံများသို့ပါ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု များ ပိုမိုဝင်ရောက်လာခဲ့သည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို အောင်မြင်စွာ ဆွဲဆောင်နိုင်သည့် တရုတ် နိုင်ငံ၏ခြေရာကို လိုက်နင်းနိုင်သော နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည် (box 2.2)။

သို့သော်လည်း ဒေသတွင်းနိုင်ငံအနည်းစုကိုသာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စား ကြသည်။ ဥပမာအားဖြင့် ဖွံ့ဖြိုးမှုနည်းသည့် နိုင်ငံများနှင့် ကုန်းတွင်းပိတ် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု စီးဝင်မှုမှာ ကျဆင်းနေဆဲ ဖြစ်သည်။ အာရှ ပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးမှုနည်းသော ဒေသများတွင် FDI စီးဝင်မှုမှာ ဒေသတွင်း FDI စီးဝင်မှု စုစုပေါင်း၏ ၁.၅ ရာခိုင်နှုန်း အောက်သာ ရှိသည်။ အဆိုပါ နိုင်ငံများသည် သဘာဝ သယံဇာတ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ကြပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှု

ဝင်ငွေနှင့် သယံဇာတများသည် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုအသစ်တစ်ရပ် ဖြစ်ပေါ်စေသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယား နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် ၄င်းတို့၏ စီးပွားရေးအတွက် အဓိက အရေးပါသည့် ချည်မျှင်နှင့်အထည် ထုတ်လုပ်မှုကဲ့သို့သော လုပ်သားအခြေပြု လုပ်ငန်းများ၏ FDI စီးဝင်မှုပေါ် မူတည်နေရသည်။

Table 2.1. FDI inflows to Asian-Pacific economies by subregion, various years (in millions of United States dollars)

| Subregion/Economy | 1990 | 2000 | 2005 | 2010 | 2015 |
|---|---|---|---|---|---|
| **East and North-East Asia** | **9,619** | **115,193** | **124,306** | **199,836** | **317,479** |
| China | 3,487 | 40,715 | 72,406 | 114,734 | 135,610 |
| DPR Korea | 5 | 11 | -6 | 14 | 83 |
| Hong Kong, China | 3,275 | 54,582 | 34,058 | 72,319 | 174,892 |
| Japan | 1,806 | 8,323 | 2,776 | - 1,252 | 2,250 |
| Macao, China | 0 | - 1 | 1,243 | 2,831 | 3,907 |
| Mongolia | 0 | 54 | 185 | 1,691 | 195 |
| Republic of Korea | 1,046 | 11,509 | 13,643 | 9,497 | 5,042 |
| **South-East Asia** | **12,821** | **22,515** | **43,113** | **105,572** | **125,732** |
| Brunei Darussalam | 7 | 550 | 289 | 481 | 173 |
| Cambodia | 0 | 149 | 381 | 1,342 | 1,701 |
| Indonesia | 1,092 | -4,550 | 8,336 | 13,771 | 15,508 |
| Lao PDR | 6 | 34 | 28 | 279 | 1,220 |
| Malaysia | 2,611 | 3,788 | 4,065 | 9,060 | 11,122 |
| Myanmar | 225 | 91 | 110 | 6,669 | 2,824 |
| Philippines | 550 | 2,240 | 1,854 | 1,298 | 5,234 |
| Singapore | 5,575 | 15,515 | 18,090 | 55,076 | 65,262 |
| Thailand | 2,575 | 3,410 | 8,004 | 14,568 | 10,845 |
| Timor-Leste | … | … | 1 | 29 | 43 |
| Viet Nam | 180 | 1,289 | 1,954 | 8,000 | 11,800 |
| **South and South-West Asia** | **897** | **5,848** | **24,213** | **44,155** | **66,993** |
| Afghanistan | 0 | 0 | 271 | 211 | 58 |
| Bangladesh | 3 | 579 | 845 | 913 | 2,235 |
| Bhutan | 2 | 0 | 6 | 76 | 12 |
| India | 237 | 3,588 | 7,622 | 27,417 | 44,208 |
| Iran (Islamic Rep. of) | - 362 | 194 | 2,889 | 3,649 | 2,050 |
| Maldives | 6 | 22 | 73 | 216 | 324 |
| Nepal | 6 | 0 | 2 | 87 | 51 |

| | | | | | |
|---|---|---|---|---|---|
| Pakistan | 278 | 309 | 2,201 | 2,022 | 865 |
| Sri Lanka | 43 | 175 | 272 | 478 | 681 |
| Turkey | 684 | 982 | 10,031 | 9,086 | 16,508 |
| **Central Asia** | **...** | **4,526** | **19,440** | **50,905** | **25,383** |
| Armenia | ... | 104 | 292 | 529 | 181 |
| Azerbaijan | ... | 130 | 1,680 | 563 | 4,048 |
| Georgia | ... | 131 | 453 | 814 | 1,350 |
| Kazakhstan | ... | 1,283 | 1,971 | 11,551 | 4,021 |
| Kyrgyzstan | ... | - 2 | 43 | 438 | 404 |
| Russian Federation | ... | 2,651 | 14,375 | 31,668 | 9,825 |
| Tajikistan | ... | 24 | 16 | 74 | 227 |
| Turkmenistan | ... | 131 | 418 | 3,632 | 4,258 |
| Uzbekistan | ... | 75 | 192 | 1,636 | 1,068 |
| **Pacific islands** | **9,891** | **15,837** | **-26,503** | **38,616** | **23,565** |
| American Samoa | ... | ... | ... | ... | ... |
| Australia | 7,904 | 14,191 | -28,294 | 36,443 | 22,264 |
| Cook Islands | 0 | 59 | 6 | 0 | 1 |
| Fiji | 84 | 3 | 185 | 350 | 332 |
| French Polynesia | 22 | 2 | 8 | 64 | 83 |
| Guam | ... | ... | ... | ... | ... |
| Kiribati | 0 | 1 | 3 | -7 | 2 |
| Marshall Islands | 0 | 126 | 297 | 89 | 54 |
| Micronesia (F.S.) | 0 | 0 | 0 | 1 | 1 |
| Nauru | 1 | 1 | 1 | 0 | 0 |
| New Caledonia | 0 | - 41 | - 7 | 1,439 | 1,879 |
| New Zealand | 1,685 | 1,347 | 1,205 | -62 | -986 |
| Niue | 0 | 5 | 0 | 0 | 0 |
| Northern Mariana Islands | 7 | 2 | - 8 | 15 | 0 |
| Palau | 1 | 3 | 4 | 3 | -9 |
| Papua New Guinea | 155 | 98 | 34 | 29 | -28 |
| Samoa | 7 | - 1 | 4 | 0 | 16 |
| Solomon Islands | 10 | 13 | 19 | 25 | 13 |
| Tonga | 0 | 9 | 13 | 25 | 13 |
| Tuvalu | ... | ... | ... | 1 | 1 |
| Vanuatu | 13 | 20 | 28 | 60 | 29 |
| **LLDC** | **14** | **1,597** | **3,133** | **19,674** | **11,516** |
| **LDC** | **266** | **886** | **1,694** | **9,825** | **8,197** |

*Source:* ESCAP statistical database. Available from http://www. unescap. org/stat/data.

**Box 2.2. အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများသို့ FDI စီးဝင်မှု ပိုမိုမြင့်တက်လာခြင်း**

စင်္ကာပူနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတစ်ခုလုံးသို့ စီးဝင်သော FDI ၏ တစ်ဝက်ကျော်ကို ပိုင်ဆိုင်ထားပြီး အာဆီယံ၏ FDI အဓိက စီးဝင်ရာဦးတည် နိုင်ငံ ဖြစ်ခဲ့သော်လည်း အင်ဒိုနီးရှားနှင့် ဗီယက်နမ် နိုင်ငံများသည် FDI စီးဝင်ရန်အတွက် ဖွံ့ဖြိုးမှုမြင့်မားသော ဈေးကွက်များအဖြစ် ထွက်ပေါ်လာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသို့ FDI စီးဝင်မှု သည် ၂၀၀၅ ခုနှစ်တွင် ကန်ဒေါ်လာ ၈.၃ ဘီလီယံအောက် ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၁၅.၅ ဘီလီယံ အထိမြင့်တက်ခဲ့ပြီး ထိုပမာဏသည် မလေးရှားနိုင်ငံသို့ စီးဝင်ခဲ့သော FDI ပမာဏထက် ၁.၄ ဆ ပိုနေသည်ဟု UNCTAD ၏ အချက်အလက်များအရ သိရှိရသည်။ အင်ဒိုနီးရှားနိုင်ငံမှ FDI အဓိက ဆွဲဆောင်နိုင်ခြင်းမှာ သဘာဝသယံဇာတ ပေါကြွယ်ဝခြင်းနှင့် လူဦးရေ ၂၅၀ သန်း ရှိသော ကြီးမားသည့် လုပ်သားဈေးကွက်ရှိခြင်း တို့ကြောင့် ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် အင်ဒိုနီးရှားသည် ရင်းနှီးမြှုပ်နှံမှုဥပဒေ အမှတ်(၂၅)ကို မိတ်ဆက်ပေးခဲ့ပြီး ၎င်းသည် FDI စီးဝင်မှု လျင်မြန်စွာ မြင့်တက်လာခြင်း၏ အဓိက အုတ်မြစ်ဖြစ်ပြီး ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ်နှင့် အနည်းငယ် ပတ်သက်ဆက်နွှယ် မှုရှိသည်။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံသူများအကြား သာတူညီမျှ ဆက်ဆံခြင်း၊ ရရှိသောအမြတ်ကို မိမိနိုင်ငံသို့ ပြန်လည် ယူဆောင်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ မက်လုံးများပေးခြင်းနှင့် နိုင်ငံပိုင်ပြုလုပ်ခြင်းတို့မှ ကာကွယ်ပေးခြင်း စသည်တို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ပိုမိုကာကွယ်ထောက်ပံ့မှုများ လုပ်ဆောင်ပြီး ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ခုအဖြစ် မြှင့်တင်နိုင်ရန် ဖြစ်သည်။ Fitch နှင့် Moody ကုမ္ပဏီတို့သည် နိုင်ငံ၏ အကြွေးများကို ဆပ်ပြီး ရင်းနှီးမြှုပ်နှံမှုအဆင့် တိုးမြှင့်အောင်လုပ်ဆောင်နိုင်ခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အကျိုးအမြတ်များ ဖြစ်ထွန်းခဲ့သည်။ သမ္မတ JokoWdodo လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများဖြစ်သော လောင်စာဆီထောက်ပံ့မှုများ ဖြတ်တောက်ခြင်း၊ ဘတ်ဂျက်လိုငွေပြမှုများကို ထုတ်ပြန်ခြင်းနှင့် ကုန်ထုတ်လုပ်ငန်းများ နည်းစနစ် မကျခြင်း၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်မှုများအပါအဝင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုအတွက် အပြုသဘော မဆောင်သည့် စာရင်းများ လျော့ချခြင်းများနှင့် စွမ်းအင်၊ ဆက်သွယ်ရေး၊ ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကဲ့သို့ ရှေ့ဆောင်ဖြစ်သော စက်မှု လုပ်ငန်းများတွင် အခွန်ဆိုင်ရာမက်လုံးများဖြင့် ပိုမိုဆွဲဆောင်ခြင်းများကို ဆက်လက် လုပ်ဆောင်ခဲ့သည်။ သို့သော် အခြေခံစီးပွားရေး အဆောက်အအုံ ပိတ်ဆို့မှုများ၊ သယ်ယူပို့ဆောင်ရေး စရိတ်မြင့်မားခြင်း၊ အကျင့်ပျက်ခြစားမှုများ ရှိနေခြင်း၊ လုပ်သားစရိတ် မြင့်တက်ခြင်းနှင့် ပို့ကုန်များအပေါ် အခွန်တိုးမြှင့်ခြင်းများသည် လတ်တလော FDI အခြေအနေကို အဟန့်အတား ဖြစ်စေပြီး အစိုးရကို ယခုပြုပြင်ပြောင်းလဲမှုများသည် ရေရှည်တွင် နည်းဗျူဟာကျကျ ဆောင်ရွက်ရန်လိုအပ်သည်ဟု ခိုင်မာသောသက်သေများ ပြလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသည်လည်း FDI စီးဝင်မှုလျင်မြန်စွာ မြင့်တက်လာကြောင်း ဗီယက်နမ်နိုင်ငံ၏ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားပြီး ၂၀၁၅ ခုနှစ်တွင် FDI စီးဝင်မှုသည် ကန်ဒေါ်လာ ၁၁.၈ ဘီလီယံ အထိ ရောက်ရှိခဲ့သည်။ ဗီယက်နမ် နိုင်ငံတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံသော ပြည်ပ လုပ်ငန်းများတွင် ဆမ်ဆောင်း၊ အယ်လ်ဂျီ၊ မိုက်ခရိုဆော့ဖ်နှင့် အင်တယ်လုပ်ငန်းတို့ ပါဝင်သည်။ ဗီယက်နမ် အစိုးရသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၊ ဥပဒေဆိုင်ရာ အဆင့်မြင့်မှု၊ ဘဏ်စနစ်နှင့် အရင်းနှီး ဈေးကွက်(လွတ်လပ်စွာ ငွေကြေးလဲလှယ်ခြင်း အပါအဝင်) တို့အတွက် တိုးတက်ကောင်းမွန်သော စီးပွားရေး ပတ်ဝန်းကျင်မြှင့်တင်ရေးအပါအဝင် စနစ်ကျသော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၎င်းသည်လုပ်သားအခြေပြု စက်မှုလုပ်ငန်းများကို ဆွဲဆောင်ရန် အခြေခံလုပ်သားစရိတ် လျော့ကျ စေပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရန် မက်လုံးပေးခြင်းများကို ဆောင်ရွက်စေခဲ့ပါသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံမှ မိမိတို့နိုင်ငံကို ရွေးချယ် ရင်းနှီးမြှုပ်နှံစေရန် ဆဲလ်ဖုန်းများ၊ ရုပ်မြင်သံကြားများ၊ အခြားအီလက်ထရောနစ်ပစ္စည်းများ၊ ဖိနပ်နှင့် အဝတ်အစား ထုတ်လုပ်မှုများတွင် အသက်သာဆုံးကုန်ထုတ်လုပ်မှုစရိတ်များဖြစ်အောင် ဆောင်ရွက်ထားရှိသည်။ ပစိဖိတ်ဖြတ်ကျော် မဟာမိတ်အဖွဲ့

(တီပီပီ)မှ အမေရိကန် မနုတ်ထွက်ခင်အချိန်ထိ တီပီပီအဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းဖြင့် ဗီယက်နမ်နိုင်ငံအတွက် ၎င်း၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုအားကောင်းလာရန် မျှော်လင့်ချက်များ ခိုင်မာစေခဲ့သည်။ သို့သော် အသိဉာဏ်ဆိုင်ရာ ပစ္စည်းမူပိုင်ခွင့်နှင့် ပစိဖိတ်ဖြတ်ကျော်မဟာမိတ်စာချုပ်များတွင်ပါဝင်သော အကျင့်ပျက်ခြစားမှုနှင့် ရေရှည်တည်တံ့ ရေး ကိစ္စရပ်များ၊ နိုင်ငံ၏လုပ်နိုင်စွမ်းအားကို တင်းကြပ်သောစံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက် ခြင်းများသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းအပေါ် ဟန့်တားချုံးဖျက်စေသော အချက်များဖြစ်သည်။ ကုန်စည်စျေးနှုန်းများ ကျဆင်းခြင်းနှင့် ပြည်သူများ၏ အကြွေးမြင့်တက်လာခြင်းသည် အခြား ထည့်သွင်းစဉ်းစားရ မည့် အချက်များ ဖြစ်သည်။

**Source: ESCAP research**

## ၂။ ကမ္ဘာတစ်ဝန်း ပြောင်းလဲနေသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံစုံ ကော်ပိုရေး ရှင်းကြီးများ၏ ဝိသေသများ

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံပေါင်းစုံ လုပ်ငန်းများ၏ ဝိသေသများသည် မူဝါဒ ချမှတ်သူ များ အလေးထားသင့်သည့် အပြောင်းအလဲတစ်ချို့ ရှိပါသည်။ အထူးသဖြင့်-

- Worldwide sourcing/supply chain management- ဈေးကွက်ရှာဖွေသည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနည်းတူ စွမ်းဆောင်ရည်ရှာဖွေသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘာတစ်ဝန်းတွင်၊ အထူးသဖြင့် အရှေ့နှင့် အရှေ့တောင် အာရှဒေသတွင် အရေးပါသည့် FDI အမျိုးအစားဖြစ်လာသည်။ သတင်း ဆက်သွယ်ရေးနည်းပညာ (ICT) ဖွံ့ဖြိုးလာမှုနှင့်အတူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျော့မှုကြောင့် ထုတ်လုပ်မှုဖြစ်စဉ်၏ အစိတ်အပိုင်းများနှင့် အခြားသော အရင်းအမြစ်များအား ကုမ္ပဏီများက လက်ခွဲခိုင်းစေ ထုတ်လုပ်လာနိုင်ခဲ့ကြသည်။ ယင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက် Global Value Chains ကို ဖြစ်ထွန်း ပေါ်ပေါက်စေခဲ့သည်။
- ကမ္ဘာ့ဈေးကွက်တွင်ရောက်ရှိမှုမှာ အခြေခံဖြစ်လာခြင်း- Global Value Chains ဖြစ်ထွန်း လာသည့်အတွက် TNCs ကြီးများအတွက် ဈေးကွက်တွင်တည်ရှိနေရန် မရှိမဖြစ် အရေးပါလာခဲ့သည်။ ထို့အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အတားအဆီးများ လျော့ကျလာခြင်း၊ ခေတ်မီ ICT tools များ များပြားလာခြင်း၊ TNCs များသည် လက်အောက်ခံဌာနခွဲများနှင့် မိတ်ဖက် အဖွဲ့အစည်းငယ်များမှတစ်ဆင့် ဒေသတွင်း ဝယ်လိုအားကို ဖြည့်ဆည်းပေးရန်နှင့် ဖောက်သည်များထံ နီးနီးကပ်ကပ် တည်ရှိနေရန်အတွက် ဈေးကွက်ရှာဖွေသော နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုသည် ကမ္ဘာတစ်ဝှမ်းသို့ ခြေဆန့်လာခဲ့ကြသည်။
- ကုန်ကျစရိတ်လျော့ချခြင်းနှင့် အိုင်တီနည်းပညာ/အလိုအလျောက်စနစ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြု ခြင်း- ကမ္ဘာတစ်ဝန်း ခွဲဝေလုပ်ကိုင်ခြင်းနှင့် ထုတ်လုပ်မှုကွန်ရက် စီမံခန့်ခွဲခြင်းသည် ကုန်ကျစရိတ် လျော့ချ နိုင်ရေးနှင့် များစွာဆက်စပ်လျက်ရှိသည်။ ကမ္ဘာကြီးသည် TNCs များ အတွက် အပြိုင်အဆိုင် လုပ်ကိုင်ရာ နေရာဖြစ်လာသည့်အလျောက် ကုန်ကျစရိတ်နည်းပြီး အရည်အသွေးမြင့်အောင် ယှဉ်ပြိုင်ထုတ်လုပ်လာကြ သည်။ ICT နည်းပညာသည် ကုန်ကျစရိတ် လျော့ချရန်၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကောင်းများဖြင့် စွမ်းဆောင်ရည် မြှင့်တင်ရန်စသည့် အခန်းကဏ္ဍတွင် အရေးပါသည်။

- Customized end-products - ဝယ်လိုအားဘက်တွင် တစ်စတစ်စ ထွေပြားလာသည်နှင့်အမျှ နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းကြီးများ(TNCs)သည် ဈေးကွက်အမျိုးမျိုးတွင် ပစ္စည်းတစ်မျိုး/ ပုံစံတစ်မျိုးတည်းဖြင့် မရောင်းချနိုင်ကြောင်း သိရှိ သဘောပေါက်လာကြသည်။ ကမ္ဘာ့နေရာ အသီးသီးတွင် ရောင်းချသည်နှင့်အမျှ နိုင်ငံတစ်ခုစီအတွက် အရသာနှင့် ခေတ်ပုံစံအလိုက် ဈေးကွက်များကို ပိုင်းခြား ခွဲခြမ်းပြီး ပစ္စည်းအမျိုးကွဲများကို မထုတ်မဖြစ် ထုတ်လုပ်လာကြရသည်။
- ထုတ်လုပ်မှုနှင့်တပ်ဆင်မှုပိုင်းဆိုင်ရာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် ကျွမ်းကျင်မှု အလယ်အလတ်နှင့် ကျွမ်းကျင်မှုမြင့်မားသော ကဏ္ဍများသို့ အဓိကအားဖြင့် စီးဝင်လာကြပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ကျွမ်းကျင်မှုနှင့်လုပ်ခလစာ နည်းပါးသော (ဥပမာ- အထည်နှင့် ဖိနပ်ချုပ်လုပ်ခြင်း)ကဏ္ဍများသို့ စီးဝင်မှု သိပ်မရှိပေ။ Moran(2015) ၏ လေ့လာတွေ့ရှိချက်အရ အလယ်အလတ် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများဖြစ်သည့် သယ်ယူပို့ဆောင်ရေး ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းသုံး စက်ယန္တရားကြီးများ ထုတ်လုပ်သည့် လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများ၊ သိပ္ပံပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများ၊ ဆေးရုံသုံး စက်ကိရိယာများ ထုတ်လုပ်သည့် လုပ်ငန်းများ၊ ဓာတုပစ္စည်း၊ ရာဘာနှင့် ပလပ်စတစ် ထုတ်လုပ်သည့်လုပ်ငန်းများ စသည့် ကုန်ထုတ်လုပ်မှုဆိုင်ရာ နိုင်ငံခြားတိုက်ရိုက် စီးဝင်မှုများသည် ကျွမ်းကျင်မှု သိပ်မလိုအပ်သောကဏ္ဍများနှင့် လုပ်အားအခြေပြု ကဏ္ဍများထက် ၁၀ ဆ ပိုမို များပြားခဲ့သည်ကို လက်ရှိအချက်အလက်များအရ တွေ့ရှိခဲ့သည်။ ကျွမ်းကျင်မှုလိုအပ်သောလုပ်ငန်းများနှင့် ကျွမ်းကျင်မှု သိပ်မလိုသော လုပ်ငန်းများ၏ အချိုးသည် ၁၉၉၀ ခုနှစ်မှ ၁၉၉၂ ခုနှစ် ထိ ကာလများတွင် ၅ ဆ ပိုမို များပြားခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ ကာလများတွင် ၁၄ ဆ နီးပါး တိုးတက်ခဲ့သည်။
- ထိတွေ့၍ မရနိုင်သော ပစ္စည်းများ(ကုန်အမှတ်တံဆိပ်၊ ကျွမ်းကျင်မှု၊ တီထွင်ဆန်း သစ်မှု)က ထိတွေ့ကိုင်တွယ်နိုင်သောပစ္စည်းများ(စက်ရုံ၊ဂိုဒေါင်နှင့် ကုန်သည် ပွဲစား ကွန်ရက်များ)ထက် ပိုမိုအရေးကြီးသည်။ ကုန်အမှတ်တံဆိပ်နာမည်ရအောင် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းကြီးများမှာ အောင်မြင်သည့် လုပ်ငန်းများ ဖြစ်ကြသည်။[11] ကွန်ပျူတာနှင့် စမတ်ဖုန်း ဝယ်ယူကြခြင်းမဟုတ်ဘဲ Apple iPhone နှင့် Samsung Galaxy ကို ဝယ်ယူခြင်း သာ ဖြစ်သည်။ အလားတူ ကားဝယ်ယူခြင်းထက် Mercedes, Ferrari, Toyota နှင့် Mini Cooper တံဆိပ်များကို ဝယ်ယူကြခြင်းဖြစ်သည်။ ကုန်အမှတ်တံဆိပ်များသည် ကုန်ပစ္စည်း အမျိုးအစား တူသော်လည်း ဝယ်ယူသူ စိတ်တိုင်းကျဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ထူးခြား ဆန်းသစ်စေသည်။ အမြဲမပြတ် တီထွင်ဆန်းသစ်နိုင်သော လုပ်ငန်းများ၏ ကုန်အမှတ် တံဆိပ် သည် အောင်မြင်မှုအများဆုံးရရှိကြသော်လည်း အဆိုပါအောင်မြင်မှုသည် ပုံမှန်အားဖြင့် ကြာရှည်ခံလေ့မရှိပေ။ မျက်မှောက်ခေတ်တွင် ထင်ရှားသည့် ကုန်အမှတ် တံဆိပ်များဖြစ်သည့် Sony, Nokia နှင့် Microsoft တို့ပင်လျှင် အပြိုင်အဆိုင်များကြားတွင် ရုန်းကန်နေကြရသည်။

- **နိုင်ငံစုံလုပ်ငန်းကြီးများ များပြားလာသည်နှင့်အမျှ အသေးစားနှင့်အလတ်စား လုပ်ငန်းများ မှာလည်း ပိုမိုအရေးပါလာခြင်း**[12]- ကမ္ဘာတစ်ဝှမ်းတွင် နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများ များပြားလာသည်နှင့်အမျှ အဆိုပါ လုပ်ငန်းကြီးများသို့ ကုန်ပစ္စည်း ပေးသွင်းသူများမှာလည်း လိုက်ပါလာကြသည်။ (ဥပမာအားဖြင့် မလေးရှားနိုင်ငံ ပီနန်မြို့ရှိ အီလက်ထရောနစ် လုပ်ငန်းစုနှင့် ထိုင်း နိုင်ငံရှိ ကားထုတ်လုပ် သည့် လုပ်ငန်းစုများ)။ အဆိုပါ ကုန်ပစ္စည်းပေးသွင်းသူ (Supplier) များ အနေဖြင့်လည်း ကျွမ်းကျင်မှု၊ နည်းပညာ၊ ငွေကြေးနှင့် လုပ်သားအင်အားများ စသည့် တိုးတက်မှုအခွင့်အလမ်းများရရှိလာနိုင်သဖြင့် တက်ကြွစွာအားပေးမြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။[13] သို့သော် အဆိုပါ SME ကုမ္ပဏီများသည် ၎င်းတို့ နိုင်ငံအတွင်းရှိ SMEs များနှင့်

[11] Quelch, 1999 ; Holt and others, 2004

[12] Fujita, 1995 and trend analysis reports of FDI markets

[13] Moran and others, 2016

ယှဉ်ပြိုင်မှုရှိလာနိုင်ပြီး မိခင်ကုမ္ပဏီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းမပေးနိုင်သဖြင့် မယှဉ်နိုင်သည့် အခြေအနေမျိုးလည်း ဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ကြောင့် အိမ်ရှင်နိုင်ငံများအနေဖြင့် ပြည်ပ SMEs များကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန် ထုတ်လုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများတွင် အားကောင်းစေပြီး ပြည်တွင်း SMEs များ ဘေးရောက်သွားစေမည့် ဆိုးကျိုးများကို အားပျော့အောင် ဆောင်ရွက်ပေးရပေလိမ့်မည်။ နိုင်ငံအများစုသည် ပြည်တွင်း SMEs များအား ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်ခုလုံးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အကျိုးရှိမှု၊ နည်းပညာ၊ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီနိုင်မှု၊ ကျွမ်းကျင်လုပ်သားများ ခန့်ထားနိုင်မှု စသည့် အချက်များ တွင် ပြည်တွင်း SMEs များအနေဖြင့် အဆင်သင့်ဖြစ်စေမည့် အစီအစဉ်ကောင်းများ ရေးဆွဲနေကြပါသည်။

- **ပြည်ပသို့ သွားရောက်ရင်းနှီးမြှုပ်နှံသူများ များပြားလာသည်နှင့်အမျှ ထွန်းသစ် စနိုင်ငံများ၏ အရေးပါမှု မြင့်မားလာခြင်း**- ပုံမှန်အားဖြင့် ဥရောပ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံများကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများသာ နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများပြုလုပ်ခဲ့ကြသည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိက နိုင်ငံများကဲ့သို့သော ထွန်းသစ်စ နိုင်ငံများနှင့် တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ထိုင်ဝမ်တို့မှာလည်း ပြည်ပသို့ တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ ပိုမို တိုးမြင့်လုပ်ကိုင်လာကြသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ လက်ခံရရှိသည့် အိမ်ရှင်နိုင်ငံများသည် South-South FDI[14] မှ ရရှိနိုင်သည့် အကျိုးကျေးဇူးများအပြင် ရေရှည်ဖွံ့ဖြိုးမှုအား မည်သို့ထိခိုက်စေနိုင်သည်ကိုပါ သတိပြုကြရမည် ဖြစ်သည်။[15] တက်သစ်စ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကုမ္ပဏီများသည် ထိတွေ့ကိုင်တွယ်မရသော ပစ္စည်းများနှင့် နည်းပညာ အမြင့်များကို ရယူအသုံးပြုနိုင်ရန် အလို့ငှာ M&As ကဲ့သို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို လက်ခံအသုံးပြုလာကြသည်။

- **နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ များပြားလာသည်နှင့်အမျှ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ (SOEs)နှင့် နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများ (Sovereign Wealth Funds) များပြားလာခြင်း** - နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ များပြားလာသလို ဒေသတွင်းမှ နိုင်ငံများစွာ အထူးသဖြင့် တရုတ်နိုင်ငံ၏ နိုင်ငံခြား ရန်ပုံငွေမှာလည်း တိုးမြင့်လာသည်နှင့်အမျှ နိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေမှာလည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။ အထူးသဖြင့် အထူးစီးပွားရေး ဇုန်ကဲ့သို့သော အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထည့်ဝင်လာခဲ့ကြသည်။ UNCTAD, 2015 အရ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်ရင်းနှီး မြှုပ်နှံမှု ရန်ပုံငွေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည် နှစ်ဆကျော် တိုးတက်ခဲ့သည်။ သို့သော်ငြားလည်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး(value of FDI)သည် အဆိုပါ ရန်ပုံငွေဖြင့် စီမံခန့်ခွဲသော ပိုင်ဆိုင်မှုတန်ဖိုး(value of assets) နှင့်နှိုင်းယှဉ်ပါက အနည်းအကျဉ်းသာ ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံကဲ့သို့သော နိုင်ငံများမှ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများသည် အစိုးရအကာအကွယ်အောက်မှ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်သည်ကို တွေ့ရတတ်သည်။[16] ယင်းကဲ့သို့သော နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်ခံသည့် နိုင်ငံများ၏ အရင်းအမြစ်များအပေါ် အချုပ်အခြာအာဏာအားထိပါးလာနိုင်သည့် စိုးရိမ်မှုလည်း(ချဲ့ကား ပြောဆိုမှုရှိသည့်တိုင်အောင်) ပိုမိုမြင့်တက်လာခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာကုန်စည်ဈေးနှုန်းကျဆင်းသည့်နောက်ပိုင်း နိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလာခဲ့သလို နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေဖြင့် ဆောင်ရွက်

[14] ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လုပ်ငန်းများမှ အခြားဖွံ့ဖြိုးဆဲနိုင်ငံများရှိ လုပ်ငန်းများသို့ ရင်းနှီးမြှုပ်နှံခြင်း

[15] Aykut and Goldstein, 2007

[16] Gestrin, 2014

မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများမှာလည်း အကောင်အထည် ဖော်ဖြစ်ခြင်း မရှိပေ။ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းကြီးများကြာရှည် မရပ်တည်နိုင်ခြင်းနှင့်အတူ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ၏ အခန်းကဏ္ဍသည် သေးငယ်နေမည်သာ ဖြစ်သည်။[17]

- **သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ၏ အရေးပါမှု** - မကြာသေးမီနှစ်များအတွင်း နိုင်ငံတကာကုန်ထုတ်လုပ်မှုတွင် နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများ၏ အခန်းကဏ္ဍမှာ တဟုန်ထိုး မြင့်တက်လာခဲ့သည်။ UNCTAD ၏ စာရင်းအရ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထိပ်တန်း နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများနှင့် နှိုင်းယှဉ်လျှင် နိုင်ငံပေါင်းစုံ လုပ်ငန်းများ၏ ပိုင်ဆိုင်မှုသည် ၆၅% မြင့်တက်လာပြီး လုပ်ငန်းလည်ပတ်မှုမှ ရရှိလာသည့် ဝင်ငွေနှင့် ဝန်ထမ်း ခန့်အပ်မှုမှာလည်း ၃၀% မြင့်တက်ခဲ့သည်။
- **ဒစ်ဂျစ်တယ်နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများ၏ အရေးပါမှု**-အင်တာနက်စနစ်၊ အီလက်ထရောနစ် ဖြင့် ရောင်းဝယ်ဖောက်ကားမှုနှင့်ဒစ်ဂျစ်တယ်အသုံးချ လုပ်ငန်းများမှာ အလျှင်အမြန် တိုးပွားလာ ခဲ့သည်။[18]

**Box 2.3 ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုကွင်းဆက်များ မြင့်တက်လာခြင်း**

ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှု ကွင်းဆက်များဆိုသည်မှာ နိုင်ငံတစ်နိုင်ငံထက် ပိုသော နေရာများတွင် တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျောက်ကို ဆိုလိုပါသည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်(အမေရိကန်ဒေါ်လာ ၂၀ ထရီလီယံကျော်)တွင် အသုံးပြုသူထံ မရောက်မီ လုပ်ဆောင်ရသည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအဆင့်များ (ကြားခံကုန်စည်များနှင့် ဝန်ဆောင်မှုများ)ကို ကုန်သွယ်မှုများ ပါဝင်ပါသည်။

ကမ္ဘာ့ကုန်ထုတ်လုပ်မှုစက်ဝန်းသည် အနာဂတ်ကုန်သွယ်မှု၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပုံစံ၊ တိုးတက်မှု အခွင့်အလမ်းများ စသည်တို့အပေါ် လွှမ်းမိုးမှု ပိုမိုရှိလာနိုင်သည်။ အာရှ-ပစိဖိတ်ဒေသ အတွေ့အကြုံများအရ အကျိုးများစွာ ရရှိနိုင်သည့် ကုန်ထုတ်လုပ်မှု ကွင်းဆက်တွင် ပါဝင်ခြင်းအားဖြင့် ကုမ္ပဏီများ၏ ကုန်ထုတ်လုပ်မှု စွမ်းအားကို မြှင့်တင်ပေးနိုင်ခြင်း၊ ကျွမ်းကျင်မှုမြင့်မားသည့် အလုပ်အကိုင်များနှင့် လစာကောင်းသော အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ ထိုမှတဆင့် တစ်ဦးချင်းဝင်ငွေ တိုးတက်မှုမှသည် မက်ခရိုအဆင့်ဖြစ်သည့် စီးပွားရေး တိုးတက် လာမည် ဖြစ်သည်။

အာဆီယံနိုင်ငံအများစုသည် ကမ္ဘာ့ကုန်ထုတ်လုပ်မှု ကွင်းဆက်များတွင် ထိရောက်စွာ ပါဝင်ခြင်းဖြင့် ဒေသခွဲအတွင်း နက်ရှိုင်းစွာ ချိတ်ဆက် ဆောင်ရွက်နိုင်မှုနှင့်အတူ အာဆီယံ အဖွဲ့ဝင် နိုင်ငံများအတွင်း ပူးပေါင်း ဆောင်ရွက်မှုများ ရရှိနိုင်မည်ဖြစ်သည်။ ပြည်တွင်း ကုမ္ပဏီများမှ ကမ္ဘာ့ကုန်ထုတ်လုပ်မှု ကွင်းဆက် များတွင် မူဝါဒ ချဉ်းကပ်မှုများ ပြုလုပ်ရန် အတွက် ထိရောက်မှုရှိပြီး တိုးတက်စေသော မဟာဗျူဟာများ လိုအပ်လျက်ရှိသည်။

ကုန်ထုတ်လုပ်မှုကွင်းဆက်မှာ ကဏ္ဍအလိုက် ဆောင်ရွက်ခြင်း ဖြစ်နိုင်သော်လည်း နိုင်ငံစုံလုပ်ငန်းများ မှ ကမ္ဘာ့ကွန်ရက်စနစ်အတွင်း ကြားခံကုန်စည်များ ရွှေ့ပြောင်းထုတ်လုပ်ခြင်းလည်း ပါဝင်ပါသည်။ နိုင်ငံအတွင်း ထုတ်လုပ်မှု (သို့မဟုတ်) ပြင်ပနိုင်ငံများတွင် ထုတ်လုပ်မှုအပါအဝင် နိုင်ငံစုံ လုပ်ငန်းကြီးများ၏ ထုတ်လုပ်မှု မဟာဗျူဟာမှာ ကြားခံ ထုတ်လုပ်မှုအဆင့်ဆင့်အား ကုန်သွယ်မှုမှတစ်ဆင့် ကုန်စည်နှင့် ဝန်ဆောင်မှုကို အသုံးပြုသူအထိ ကုန်သွယ်မှု အပြင် အဆင့်ဆင့်ပြောင်းလဲခြင်းကွင်းဆက်အားပါဝင်ပါသည်။

***Source: ESCAP(2015)***

[17] Ramamurti, 2011

[18] UNCTAD, 2017- United Nations Convention on Trade and Development+-

## ၃။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာကုန်သွယ်ရေး ချိတ်ဆက်မှု

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တဟုန်ထိုးစီးဝင်လာမှုမှာ ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှု မြင့်တက်လာခြင်းနှင့် ဆက်စပ်နေပါသည်။ ကုန်သွယ်မှုနှင့်နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ချိတ်ဆက်မှု အား စာတမ်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်း တင်ပြထားပြီးဖြစ်သည်။[19] နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု သည် ကုန်သွယ်မှုအတွက် အစားထိုးဖြစ်သကဲ့သို့ တွဲဖက်လည်း ဖြစ်သည်-

- **နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ကုန်သွယ်မှုအတွက် အစားထိုး ဖြစ်ခြင်း** - ကုန်သွယ်မှု အတားအဆီးကို ကျော်လွှားပြီး နိုင်ငံခြားမှ သုံးစွဲသူများအား တိုက်ရိုက် ရောင်းချရန် အလို့ငှာ လုပ်ငန်း တစ်ခုမှ အဆိုပါ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ရင်းနှီးမြှုပ်နှံ၍ ကုန်ထုတ်လုပ်ခြင်းသည် ကုန်သွယ်မှုကို အစားထိုးခြင်းပင် ဖြစ်သည်။ အဆိုပါ ကိစ္စရပ်တွင် အိမ်ရှင်နိုင်ငံတွင် မရနိုင်သော သွင်းအားစု(ကုန်ကြမ်း) များကို တင်သွင်းရသည့် အကျိုးဆက်တော့ ကျန်ရှိနေနိုင်ပါသေးသည်။
- **နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ကုန်သွယ်မှုအတွက် တွဲဖက်ဖြစ်ခြင်း-** (ပို့ကုန် ဦးစားပေးပြီး) စွမ်းဆောင်ရည်မြင့်မားမှုကို ရှာဖွေသည့် လုပ်ငန်းများသည် ၎င်းတို့၏ ကုန်ပစ္စည်းများအား ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချရန်အတွက် အသင့်တော်ဆုံးဖြစ်မည့် နေရာများကို ရှာဖွေသည့်အခါ နိုင်ငံတကာ ကုန်သွယ်ရေးအတွက် တွဲဖက်ဖြစ်လာသည်။

နိုင်ငံများစွာတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ကန့်သတ်ထားသည့် လုပ်ငန်းများစွာရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းလုပ်ငန်းအား အစိုးရမူဝါဒများတွင် ဦးစားပေး အနေ ဖြင့် ထည့်သွင်းစဉ်းစားခြင်းမရှိပေ။ ပြီးခဲ့သည့် ဆယ်စုနှစ် သုံးခုအတွင်း နိုင်ငံများစွာတွင် ကုန်သွယ်မှု အတား အဆီးများကို လျှော့ချလာခဲ့ကြသဖြင့် အာရှပစိဖိတ်ဒေသအပါအဝင် နိုင်ငံများရှိ လုပ်ငန်းများအကြား ကုန်သွယ်မှု တိုးမြှင့်လာသည်နှင့်အမျှ နိုင်ငံခြားကုန်သွယ်မှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုတို့အကြား ခိုင်မာ သည့် ချိတ်ဆက်မှုကို တွေ့ရှိလာရသည်။ ရလဒ်အနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ကုန်သွယ်မှု အတွက် အစားထိုးဆောင်ရွက်သည့်နေရာမှ ဖြည့်စွက်ဆောင်ရွက်သည့် အဆင့်သို့ ပြောင်းလဲလာခဲ့သည်။

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမြင့်မားလာခြင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် ဖြေလျှော့မှုများ အားကောင်းလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းသည် အရေးပါသည့် ဖွံ့ဖြိုးရေးမူဝါဒ တစ်ရပ်ဖြစ်လာ ခဲ့သည်။ တစ်ချိန်တည်းမှာပင် ကုန်သွယ်မှုမူဝါဒသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အလွန်အမင်း အရေးပါ လာသည်။[20] ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကုန်သွယ်မှု ပိုမိုလမ်းပွင့်လာလေလေ နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်လေလေ ဖြစ်သည်။ အဆိုပါ ဖြစ်စဉ်သည် စွမ်းရည်မြှင့်/ အကျိုး အမြတ်ပိုများမှုကို ရှာဖွေသော ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုဖြစ်စဉ်ဖြင့် လုပ်ကိုင်နေသည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဦးစားပေးသည့် လုပ်ငန်းများ တွင်ကျယ်လာပြီး ဒေသတွင်းကုန်သွယ်မှု၊ လုပ်ငန်းစု များအကြား ကုန်သွယ်မှုနှင့် ကုမ္ပဏီများအကြား ကုန်သွယ်မှုကို ဖြစ်ပေါ်လာစေခဲ့သည်။[21] UNCTAD (2013)

---

[19] Fontagné, 1999; Forte, 2004; Chaisrisawatsuk, 2007

[20] UNCTAD 2009

[21] ESCAP 2015

အရ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပမာဏ (FDI stock) နှင့် ကုန်သွယ်မှု အကြား အချိုးသည် ၁၉၉၀ ခုနှစ် အလယ်ပိုင်းတွင် ၅၀% သာရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၁၀၀% သို့ တိုးမြင့် လာခဲ့သည်။ ကမ္ဘာ့ကုန်သွယ်မှု၏ ၈၀% နီးပါးသည် နိုင်ငံစုံ လုပ်ငန်းကြီးများ၏ နိုင်ငံတကာ ထုတ်လုပ်မှု ကွန်ရက်များ (သို့မဟုတ်) နိုင်ငံစုံလုပ်ငန်းတစ်ခု အနည်းဆုံးပါဝင်သည့် လုပ်ငန်းများမှတဆင့် ဆောင်ရွက်ကြကြောင်း UNCTAD မှ ခန့်မှန်းထားသည်။ ယေဘုယျအားဖြင့် ကမ္ဘာ့လုံးဆိုင်ရာ တန်ဖိုးကွင်းဆက်/ ကမ္ဘာ့ ထုတ်လုပ်မှု ဖြစ်စဉ် မြင့်တင်လာမှုသည် ကုန်ကျစရိတ်သက်သာမှုကို ရှာဖွေသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနှင့် ဆက်စပ်မှုရှိပြီး နိုင်ငံစုံ လုပ်ငန်းကြီးများ၏ ထုတ်လုပ်မှုဖြစ်စဉ်ကို ကုန်ကျစရိတ်သက်သာသည့် ဒေသများတွင် ဆောင်ရွက်ရန် ရှာဖွေကြသည်။ ကုန်ကျစရိတ်သက်သာမှုကို ရှာဖွေနေသည့် FDI သည် နိုင်ငံစုံ လုပ်ငန်းကြီးများ၏ နိုင်ငံတကာ ထုတ်လုပ်မှုကွန်ယက်အတွင်း ဆောင်ရွက်သည့် ကုန်သွယ်မှု ပမာဏကို မြင့်မားစေသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံပေါင်းစုံပါဝင်သည့် ထိန်းကြောင်းရေး မူဘောင် မရှိသည့်အတွက် ကုန်သွယ်မှုဆိုင်ရာ နိုင်ငံတကာထိန်းကြောင်းရေး မူဘောင်သည် ရင်းနှီးမြှုပ်နှံမှု အပေါ်အဆင့်(၃)ဆင့်တွင် အကျိုးသက်ရောက်မှုများ ရှိသည်။ (အခန်း ၄၊ အပိုင်း ဂ တွင် လည်း ရှင်းလင်းထားပါသည်။)

**ကမ္ဘာ့အဆင့်တွင်** ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အောက်ရှိ နိုင်ငံများအကြား ကုန်သွယ်မှု စနစ်အရ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုရည်ညွှန်းသည့် နိုင်ငံများအကြားချုပ်ဆိုထားသော သဘောတူညီချက် အမျိုးမျိုးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအကြား ဆက်စပ်မှုကို အသိအမှတ်ပြုထားသည်။ ဥပမာအားဖြင့် Agreement on Trade Related Investment Measures(TRIMs) တွင်ပေါ် ချမှတ်ထားသည့် လိုအပ်ချက်များကို တားမြစ်သည့်ပြဋ္ဌာန်းချက်များစွာ ပါဝင်သလို General Agreement on Trade in Services (GATS)တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်ရေး နည်းလမ်းတစ်ရပ်အဖြစ် မှတ်ယူထားသည်။ သို့သော် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်များ နိုင်ငံများသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအား ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့မှ တဆင့်ထပ်မံဆွေးနွေးရန် သဘောမတူသော်လည်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအကြား အပြန်အလှန်ချိတ်ဆက်မှုရှိသည့်အချက်ကိုမူ လက်ခံထားပြီး ဖြစ်သည်။

ဒေသအဆင့်တွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ(regional integration arrangements - RIAs) ပြန့်ပွားရေး သို့မဟုတ် ဒေသတွင်းကုန်သွယ်မှုသဘော တူညီချက်များ (regional trade agreemtns - RTAs) သည် နိုင်ငံစုံကုန်သွယ်ရေးစနစ်ကဲ့သို့ အရေးကြီးပါသည် (box 2.4)။[22] ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များမှာ နိုင်ငံရေးအရ ဖြစ်ပေါ်လာခြင်းဖြစ်သော်လည်း အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် ဖော်ဆောင်ခြင်းလည်း ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အောက်မှ နိုင်ငံစုံကုန်သွယ်ရေးညှိနှိုင်းချက်များ (multilateral trade negotiations) ရှေ့ဆက်ညှိနှိုင်း၍ မရနိုင်သောကြောင့်လည်း ဖြစ်သည်။ ၁၉၉၀ ခုနှစ် နှစ်လယ်ပိုင်းတွင် ဒေသတွင်း ပူးပေါင်း

[22]While the term regional trade agreement is widely used, regional integration arrangements would cover wider forms of economic cooperation arrangements covering trade as well as other areas of economic cooperation. In particular, there has been a rise in the number of economic partnerships agreements (EPAs) concluded among two or more countries, including in the Asia-Pacific region. RIAs or RTAs include so-called free trade agreements (FTAs) which are more commonly preferential trade agreements (PTAs).

ဆောင်ရွက်မှု အစီအစဉ်များ တိုးပွားလာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်စီးဆင်းမှု ဝေစုများနှင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ အပေါ် သိသာသော အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Integration Agreements -- RIAs) ပုံစံအများစုမှာ ဒေသတွင်း သို့မဟုတ် နှစ်နိုင်ငံသဘောတူ သို့မဟုတ် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်များ၊ အကောက်ခွန်ယူနီယံ[23]၊ ဘုံဈေးကွက်၊ စီးပွားရေးယူနီယံနှင့်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက်များ အစရှိသည်တို့ ဖြစ်ကြသည်။ မကြာသေးမီက RIAs များသည် ဝန်ဆောင်မှု၊ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများ၊ ရင်းနှီးမြှုပ်နှံမှု၊ ယှဉ်ပြိုင်မှုမူဝါဒ၊ ပတ်ဝန်းကျင်နှင့် အခြား စီးပွားရေး ဆိုင်ရာ နယ်ပယ်များကို လွှမ်းခြုံသော ကျယ်ပြန့်သည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘော တူညီချက်အဖြစ် သတ်မှတ်လာကြသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု ပြဋ္ဌာန်းချက်များ ပါဝင် သည့် Trans-Pacific Partnership(TPP) နှင့် Regional Comprehensive Economic Partnership (RCEP) ကဲ့သို့သော ရည်ရွယ်ချက်ကြီးမားသည့် နိုင်ငံများစွာကို လွှမ်းခြုံသည့် “mega-regional” agreements များကို ဆွေးနွေး ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်လာကြသည်။ အဆိုပါ သဘောတူညီချက်များသည် လက်ရှိ တွင်ကျယ်နေသော နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ သဘောတူညီချက်များမှ ပေါ်ပေါက်လာသော ရှုပ်ထွေးမှုအချို့ကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

**Box2.4 ရင်းနှီးမြှုပ်နှံမှုပြဋ္ဌာန်းချက်များနှင့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ များပြား လာခြင်း**

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဒေသတွင်းကုန်သွယ်ရေးစာချုပ် ၁၇၂ ခုမှာ အသက် ဝင်ခဲ့ခြင်း (သို့မဟုတ်) ESCAP အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆဲ အခြေအနေတွင် ရှိသည်။ အဆိုပါ စာချုပ်များအနက် စာချုပ် ၄၉ ခုမှာမူ ရင်းနှီးမြှုပ်နှံမှု ပြဋ္ဌာန်းချက်များအဖြစ်သာ ရှိသည်။ တစ်ချိန်တည်းမှာပင် ESCAP အဖွဲ့ဝင် နိုင်ငံများသည် ကမ္ဘာလုံး ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစာချုပ် စုစုပေါင်းအရေအတွက်၏ ၅၀ ရာခိုင်နှုန်းအား နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘော တူညီချက် ၁၅၀၀ ထဲတွင် ပါဝင်နိုင်ရန်လည်း ကြိုးပမ်းနေကြသည်။ အဆိုပါ စာချုပ်အရေအတွက်များ လျင်မြန်စွာ မြင့်တက်ခဲ့သော်လည်း ယခင်နှစ်က ကျဆင်းခဲ့သည်ဟု ဖော်ပြထားသည်။ ထိုစာချုပ်အများစုသည် နှစ်နိုင်ငံရင်းနှီး မြှုပ်နှံမှု စာချုပ်များ၏ ပုံစံအတိုင်း ဖြစ်နေသော်လည်း ပိုမိုနယ်ပယ်ကျယ်ပြန့်သောသဘော တူညီချက်များကိုလည်း ရင်းနှီးမြှုပ်နှံမှု ပြဋ္ဌာန်းချက်များ ဖြင့် လက်မှတ်ရေထိုးခဲ့ပြီး ဖြစ်သည်။ မကြာသေးမီကပင် သြစတြေးလျ- ဂျပန် စီးပွားရေး မိတ်ဖက် သဘောတူညီမှု၊ သြစတြေးလျ- ကိုရီးယား လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီမှု၊ ဂျပန်- မွန်ဂိုလီးယား စီးပွားရေးမိတ်ဖတ် သဘောတူညီမှု၊ အာရှ- ဥရောပ ပြည်ထောင်စုစီးပွားရေးစာချုပ်နှင့် အာဆီယံ- အိန္ဒိယ အကြား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင် သဘောတူညီချက်စသည်ဖြင့် များစွာ ရှိခဲ့သည်။ ပစိဖိတ် ဖြတ်ကျော် မိတ်ဖက်သဘောတူညီမှုသည် အချုပ်အားဖြင့် နားလည်ရန် မလွယ်ကူသော ရင်းနှီး မြှုပ်နှံမှုပြဋ္ဌာန်း ချက်များ ဖြစ်သော်လည်း ၂၀၁၇ ခုနှစ် အစောပိုင်းတွင် အမေရိကန်နိုင်ငံမှ နုတ်ထွက်ခဲ့သဖြင့် အဆိုပါ စာချုပ် အကောင် အထည်ဖော်ရန်မှာ ဝေဝါးနေဆဲဖြစ်သည်။

**Source: Asia-Pacifia Trade and Investment Agreements Database(APTIAD) and UNCTAD(2015)**

[23]A customs union is a free trade area with free trade or relatively low tariffs on trade among the member of the customs union but with a common external tariff. Under a standard free trade agreement (FTA), the members of the FTA continue to impose their own external tariff on imports from non-members.

နိုင်ငံအဆင့်တွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိန်းကျောင်းရေး မူဘောင် (regulatroy framework) သည် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့် ကိုက်ညီရန် လိုအပ်သော်လည်း နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများနှင့် ပြည်ပသို့တင်ပို့သူများအတွက် အထူးအရေးပါလျက်ရှိပါသည်။ နိုင်ငံအများစုတွင် စီးပွားရေး မူဝါဒပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စနစ်အချို့ထားရှိပြီး ဖြစ်သော်လည်း ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှု ဆိုင်ရာ မူဝါဒများမှာ မည်မျှအတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်မှုရှိသည်နှင့် အားလုံးပါဝင်သည့် ဆွေးနွေးမှု ဖြင့် ရေးဆွဲထားခြင်း ရှိ၊ မရှိမှာမူ ရှင်းလင်းမှု မရှိပေ။(ESCAP, 2007; Duval,2008)

## (ခ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိသည့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများ

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိသည့် နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများရှိပြီး မည်သည့်အတိုင်းအတာ အထိ အကျိုးသက်ရောက်မှုရှိသည်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားပြီး ဖြစ်သည်။ အကျိုးသက်ရောက်မှုများကို လုပ်ငန်းအဆင့်၊ ကဏ္ဍအဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ မြို့အဆင့် သို့မဟုတ် နိုင်ငံ့စီးပွားရေးအဆင့် စသဖြင့် အဆင့်များစွာဖြင့် ဆန်းစစ်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသည့် ပုံစံနှင့် အမျိုးအစားပေါ်မူတည်၍ ရင်းနှီးမြှုပ်နှံသူ နိုင်ငံနှင့် သွားရောက် မြှုပ်နှံသည့်နိုင်ငံအပေါ်မူတည်၍လည်း အကျိုးသက်ရောက်မှုမှာ မတူညီတတ်ပေ။ ဥပမာအားဖြင့် နိုင်ငံ/ဒေသ တစ်ခုတွင် ဆောင်ရွက်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုသည် အခြား နိုင်ငံ/ ဒေသတစ်ခုတွင် ဆောင်ရွက်သည့် အလားတူ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုမှာ ကွာခြားနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် အလိုအလျောက်စနစ်များ အသုံးပြုမှုနှင့် အဆင့်မြင့် နည်းပညာများ အသုံးပြုလာခြင်းကြောင့်လည်း ကောင်းကျိုးနှင့် ဆိုးကျိုးများ ဒွန်တွဲနေပြီး အကျိုးသက် ရောက်မှုများ ကွဲပြားမည် ဖြစ်သည်။

အလိုအလျောက်စနစ်အား တွင်ကျယ်စွာအသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းသည် ကုန်ထုတ် စွမ်းအား ကို မြင့်မားစေနိုင်သော်လည်း အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်နိုင်မှုတွင် အားနည်းပေလိမ့်မည်။ ဈေးကွက် စီးပွားရေးစနစ်ကျင့်သုံးသည့် တက်သစ်စနိုင်ငံများအပေါ် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုး သက် ရောက်မှုများအား Moran and others (2016) ၏ ဆန်းစစ်ထားချက်အရ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကို အနည်းဆုံးလုပ်ငန်းစု (industry segments) ၅ ခု ဖြင့် ခွဲခြားနိုင်ပြီး တခုချင်းစီတွင် ထူးခြား ကွဲပြားသော မူဝါဒနှင့် ထိန်းကျောင်းမှုဆိုင်ရာ စိန်ခေါ်ချက်များ ရှိပါလိမ့်မည်။ ၎င်းတို့ မှာ (၁) သယံဇာတ ထုတ်ယူ သုံးစွဲသည့် လုပ်ငန်းများ၊ (၂) ကျွမ်းကျင်မှု သိပ်မလိုဘဲ (လစာ နည်းပါးသည့်) ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ (၃) အလယ်အလတ် ကျွမ်းကျင်မှုနှင့် ကျွမ်းကျင်မှု များစွာလိုအပ်သည့် လုပ်ငန်း များ၊ (၄) အခြေခံ အဆောက်အဦနှင့် (၅) ဝန်ဆောင်မှုလုပ်ငန်း စသည့် လုပ်ငန်းစုများတွင် သီးခြားမူဝါဒနှင့် ထိန်းကျောင်းမှုဆိုင်ရာ စိန်ခေါ်ချက်များ လည်း ရှိသည်။ ထို့ကြောင့် အသားတင် အကျိုးသက်ရောက်မှုမှာ နိုင်ငံတစ်ခု၏ မူဝါဒဆိုင်ရာ ရည်မှန်းချက်များ၊ (သတ်မှတ်ချက်အမျိုးမျိုးရှိသည့်) ကဏ္ဍ သို့မဟုတ် နေရာဒေသပေါ်မူတည်၍လည်း ကွာခြားတတ်သည်။

ထို့ကြောင့်ပင် အမျိုးမျိုးသော သတ်မှတ်ချက်များ အမြင်များပေါ် မူတည်နေကြောင်း သိသာထင်ရှားလျှက်ရှိသည်။ ယခုအပိုင်းတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ညွှန်း ကိန်းများအပေါ် အဓိကမူတည်၍ အကျဉ်းချုပ်ရေးသားထားသည်။ ထို့အပြင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုလက်ခံသည့် နိုင်ငံများအပေါ် သက်ရောက်မှုအား အဓိက ထားဆန်းစစ်မည်ဖြစ်ပြီး နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု မြင့်တင်ရန်နှင့် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခြင်းတို့နှင့် အဓိက ဦးတည်၍ ဖော်ပြထားသည်။

## ၁။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လက်ခံသည့်နိုင်ငံများအပေါ် အကျိုးသက်ရောက်မှု

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လက်ခံသည့် နိုင်ငံများအပေါ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုမှာ ပုံမှန်အားဖြင့် ပြည်ပသို့သွားရောက် ရင်းနှီးမြှုပ်နှံစေခြင်းကြောင့် ပြည်ပဈေးကွက်နှင့် ပြည်တွင်းကုမ္ပဏီများ၏ နိုင်ငံရပ်ခြားတွင်ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာပြီး နိုင်ငံခြားဈေးကွက်များကို ပိုမိုလက်လှမ်းမီလာစေပြီး အကျိုးအမြတ်မှာလည်း ပိုမိုများပြားလာပါသည်။[24] နိုင်ငံခြားငွေ လွှဲပြောင်းခြင်းမှ ဝင်ငွေများလည်း ရင်းနှီး မြှုပ်နှံမှုလက်ခံသည်နိုင်ငံများမှ အကျိုးကျေးဇူးရရှိနိုင်ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဖြင့် ပြည်တွင်းတွင် မရှိသော နည်းပညာ၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များကိုလည်း လက်လှမ်းမီ လာစေပါသည်။ သို့ရာတွင် ပေးပို့သည့် နိုင်ငံ၏ စုစုပေါင်း ကုန်ထုတ်စွမ်းအား (total factor productivity) အပေါ် အပြုသဘော အကျိုးသက်ရောက်မှု ရှိသည်ဆိုသည့် အချက်မှာမူ မသေချာပေ။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အားနည်းချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတင်ပို့သည့်နိုင်ငံတွင် လုပ်အားခများ မြင့်တက်လာသည့်အတွက် ပြည်ပသို့ အလုပ်အကိုင်များ သွားရောက်လုပ်ကိုင်ရစေသည်ဟု အပြစ်တင်ကြသော်လည်း အဆိုပါအယူအဆအတွက် အားကောင်းသည့် သာဓက မရှိပေ။[25] နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတင်ပို့ခြင်းကြောင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုအတိုင်းအတာသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု အမျိုးအစားပေါ်တွင်လည်း မူတည်ပါသည်။[26] အထူးသဖြင့် သယံဇာတနှင့် ဈေးကွက်ရှာဖွေသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် စက်ပစ္စည်းများ၊ ကြားခံ ကုန်စည်များနှင့် ကုန်ပစ္စည်းအသစ်များအား နိုင်ငံခြားရုံးခွဲများသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု တင်ပို့သည့်နိုင်ငံများတွင် ရုံးဝန်ထမ်းများ ပိုမိုလိုအပ်ပြီး အလုပ်အကိုင်များ ပိုမိုပေါ်ထွက်လာမည် ဖြစ်သည်။ စွမ်းဆောင်ရည်အခြေပြု နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ထုတ်လုပ်မှုစရိတ် သက်သာမှုကို ရှာဖွေသည့် ရင်းနှီးမြှုပ်နှံမှုသည် (efficiency-seeking FDI) ပြည်တွင်း၌ အလုပ်အကိုင်ဖန်တီးမှုကို ဖြစ်ပေါ် စေသည်ထက် ပို့ကုန်အစားထိုးခြင်းနှင့် ပြန်လည်တင်သွင်းလာခြင်းများကို ဖြစ်ပေါ်စေပြီး အလုပ်လက်မဲ့ကိုလည်း ပိုမိုများပြားစေပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်တွင်းဈေးကွက်တွင် လုပ်ခ လစာနှုန်း မြင့်မားလာခြင်းနှင့် လုပ်သားအခြေပြု ထုတ်လုပ်မှုလုပ်ငန်းများအား အခြားနိုင်ငံများတွင် သွားရောက်ထုတ်လုပ်ခြင်းကြောင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ထိခိုက်နစ်နာစေပါသည်။ ဖော်ပြပါ အကျိုးသက်ရောက်မှုအား စာပေတွင် တွေ့ရ

[24] see e.g. Sauvant and others, 2014

[25] Lipsey, 2002

[26] Agarwal, 1996

တတ်သော်လည်း အထောက်အထား ခိုင်ခိုင်မာမာတော့ မရှိပေ။[27] ရှင်းလင်းသည့်အချက်မှာ နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိသော နိုင်ငံများ၏ စက်မှုလုပ်ငန်း/ လုပ်ငန်းစုများကို ပိုမို အဆင့်မြင့်သော၊ ခေတ်မီသော နည်းပညာများဖြင့် ပြောင်းလဲအစားထိုးခြင်းအား ဖွံ့ဖြိုးမှုဖြစ်စဉ်၏ တစိတ်တဒေသအဖြစ် သဘော ထားကာ အစိုးရအနေဖြင့် မူဝါဒများချမှတ် အကောင်အထည်ဖော်ရန် လိုအပ် ပါသည်။[28]

အမေရိကန်နိုင်ငံမှ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအနေဖြင့် အခြားနိုင်ငံများတွင် လုပ်ငန်းခွဲများ တိုးချဲ့ လုပ်ဆောင်သောကြောင့် အမေရိကန်နိုင်ငံတွင် သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်လာခြင်း၊ ပို့ကုန်တိုးမြင့်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖော်ဆောင်လာခြင်းနှင့် ကုန်ထုတ်လုပ်မှု ပိုမို တိုးမြင့်လာ ခြင်းတို့နှင့် ဆက်စပ်လျက်ရှိသည် ဟု သုတေသနတစ်ခုမှ တွေ့ရှိထားသည်[29]။ အဆိုပါ သုတေသန သည် ၁၉၉၀ ခုနှစ်မှ ၂၀၀၉ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ နိုင်ငံစုံ ကော်ပိုရေးရှင်း ၁၅၀၀ ကျော်နှင့် လုပ်ငန်းခွဲ ၁၀၀၀၀ ကျော်၏ အချက်အလက်များကို အခြေခံ၍ ကောက်ချက်ချထားခြင်း ဖြစ်သည်။ အဆိုပါ ဆန်းစစ်ချက်တွင် စုစုပေါင်း တိုးတက်မှုနှုန်းနှင့် စီးပွားရေးစက်ဝန်းတို့အကြား သက်ရောက်မှုကို ခွဲခြားနိုင်ရန် အတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းလုပ်ငန်းများအကြား ဆက်စပ်မှုကို ကွဲပြားစေနိုင်သည့် အချိန်နှင့်အမျှ ပြောင်းလဲမှု ကို ကိန်းသေအဖြစ် ယူဆ၍ ထိန်းချုပ်ထားသည်။ ထို့အတူ လုပ်ငန်းများ၏ ဝိသေသ လက္ခဏာများဖြစ်သည့် ထုတ်လုပ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှု အမျိုးအစားနှင့် လုပ်ငန်း အကြီး အသေး တို့အားလည်း တူညီသည်ဟု ယူဆထားသည်။ ရလဒ်အနေဖြင့် ပြည်ပမှ နိုင်ငံစုံလုပ်ငန်းကြီးများ လုပ်ငန်းချဲ့ထွင်လာခြင်းနှင့်အတူ အဆိုပါ နိုင်ငံစုံလုပ်ငန်းကြီးများသည် ပြည်တွင်းတွင်လည်း ဝင်ရောက်လာ ကြောင်း သိသိသာသာ တွေ့ရှိခဲ့ရသည်။

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ပို့ကုန်နေရာတွင် ဝင်ယူလိုက်သည့် ပမာဏအလျောက် ပို့ကုန် တင်ပို့မှု ကျဆင်းလာသည်နှင့်အမျှ စာရင်းရှင်အပေါ် အကျိုးသက်ရောက်မှုရှိပြီး ငွေလုံးငွေရင်း စာရင်း ကိုလည်း ထိခိုက်မှုရှိပါသည်။ အကြောင်းမှာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကြောင့် ငွေအရင်းအနှီး စီးထွက်မှု ဖြစ်ပေါ် လာသောကြောင့်ဖြစ်ပြီး ရေရှည်တွင်မူ ပြန်ပို့ငွေများကြောင့် ငွေပြန်စီးဝင်လာမည် ဖြစ်သည်။[30] နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးထွက်မှုသည် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသို့ အကျိုးဖြစ်ထွန်းစေသော်လည်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံ၏ စီးပွားရေးဝန်းကျင်အပေါ်တွင် မူတည်၍ အကျိုးသက် ရောက်မှုလည်း ကွာခြားမည် ဖြစ်သည်။[31] အချုပ်အားဖြင့်ဆိုသော် outward FDI ကို အကောင်းဘက်သို့ ရှုမြင်ကြသည်။ သို့သော် အသားတင်အကျိုးသက်ရောက်မှုမှာမူ FDI ၏ ရည်ရွယ်ချက်၊ အမျိုးအစားနှင့် အရွယ် အစားပေါ် မူတည်၍ ကွာခြားနိုင်မည် ဖြစ်သည်။

---

[27] Kokko, 2006

[28] Elia et. Al, 2009

[29] Hufbauer and others (2013)

[30] Zhang, 2001

[31] Kokko(2006)

## ၂။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လက်ခံသည့် နိုင်ငံများအပေါ် အကျိုးသက်ရောက်မှု - ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအတွက် စီးပွားရေးဆိုင်ရာ ရှုထောင့်မှ ကြည့်ခြင်း

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလက်ခံသည့် နိုင်ငံများအပေါ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုမှာ တိကျရေရာခြင်းမရှိဘဲ အစိုးရမူဝါဒ၊ အမျိုးအစား နှင့်အရည်အသွေး၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ချိန် ရင်းနှီးမြှုပ်နှံမှု လက်ခံမည့် နိုင်ငံ၏ (ရင်းနှီးမြှုပ်နှံမှု လက်ခံနိုင်စွမ်း အပါအဝင်) ပကတိအခြေအနေများပေါ်မူတည်၍ ကွဲပြားလျက်ရှိသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုနှင့် အလားအလာသည် အမျိုးမျိုးကွဲပြားနေသည် သာမက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လက်ခံသည့် နိုင်ငံများအနေဖြင့် အလားအလာရှိသည့်အကျိုးကျေးဇူးများကို ဆုပ်ကိုင်မိပြီး (ဆိုးကျိုးများကို ရှောင်ရှားနိုင်ရန်) ကြိုးပမ်းရမည် ဖြစ်သည်။ ထို့အတွက် ဈေးကွက်လည်ပတ်မှု ချောမွေ့စေရန် သီးသန့်မူဝါဒများ ချမှတ်ခြင်း၊ အများသုံးပစ္စည်း/ဝန်ဆောင်မှုများ ပံ့ပိုးခြင်း၊ စံနှုန်းများသတ်မှတ်ပေးခြင်းနှင့် ဈေးကွက်ကျရှုံးမှုများကို ကျော်လွှားခြင်းဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးကျေးဇူးများကို ရရှိလာအောင် ကြိုးပမ်းကြသည်။ စီးပွားရေးရလဒ်၊ အုပ်ချုပ်မှုစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာရလဒ်များ ချိတ်ဆက်မှုသည် သဘာဝသယံဇာတ ထုတ်ယူအသုံးပြုသည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အဦဆိုင်ရာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် အထူးသက်ဆိုင်လျက်ရှိသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုသည် ချမှတ်ထားသည့် မူဝါဒပေါ်မူတည်၍ အကောင်း၊ အဆိုး ဖြစ်ပေါ် စေနိုင်ပါသည်။

ဒုတိယကမ္ဘာစစ်မတိုင်ခင်နှင့် စစ်ပြီးကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအား ဖွံ့ဖြိုးပြီး နိုင်ငံများမှ ၎င်းတို့အပေါ် သဘာဝအရင်းအမြစ်များ ခေါင်းပုံဖြတ်လိုသည့်အတွက် အသုံးပြုသည့် နည်းလမ်းတစ်ရပ်အဖြစ် ရှုမြင်ကြပြီး နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ ဆိုးကျိုးများကိုသာ မြင်တတ်ကြသည်။ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးမှုမြင့်မားလာမှုနှင့် ကိုလိုနီလက်အောက်မှ လွတ်လပ်ရေး ရရှိလာသည်နှင့်အမျှ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအား ဈေးကွက်နှင့်နည်းပညာရယူနိုင်ခြင်း၊ ကျွမ်းကျင်မှုနှင့် အရင်းအနှီး ရရှိနိုင်သည့် အရင်းအမြစ်တစ်ခုအဖြစ် အပြုသဘောရှုမြင်လာကြသည်။ ယေဘုယျအားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလက်ခံကျင့်သုံးနိုင်စွမ်း (absorptive capacity) ရှိသည့် နိုင်ငံများတွင် FDI မှ ကောင်းကျိုးများ ပိုမိုခံစားရရှိမည်ဟု ခန့်မှန်းရသည်။ နိုင်ငံတစ်နိုင်ငံ၊ နေရာဒေသ တစ်ခု၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လက်ခံကျင့်သုံးနိုင်စွမ်း ရှိသည့်အချက်များ (absortive capcity factors) မှာ FDI မှ ရရှိနိုင်သည့် အသီးအပွင့်များကိုခူးဆွတ်နိုင်သည့် စွမ်းဆောင်ရည်နှင့် အရည်အချင်းများရှိခြင်းကို ဆိုလိုသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လက်ခံကျင့်သုံး နိုင်စွမ်းရှိသည့် အချက်များတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အသီးအပွင့်များကို ကူညီခူးဆွတ်ပေးသည့်အချက်များ ပါဝင်သည်။ လူသားအရင်းအနှီး၊ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးပွင့်လင်းလာမှု၊ အင်စတီကျူးရှင်းများနှင့် အခြေခံအဆောက်အဦများ၏ အရည်အသွေး၊ ပြည်တွင်းလုပ်ငန်းများ၏ စွမ်းဆောင်ရည်တို့မှာ ရင်းနှီးမြှုပ်နှံမှု လက်ခံကျင့်သုံးနိုင်စွမ်းရှိသည့် အချက်များ (absortive capcity factors)၏ သာဓကများ ဖြစ်သည်။[32]

[32] Nguyen and others 2009; Farole and Winkler, 2012; Khordagui and Saleh, 2013

## (က) စီးပွားရေးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု

ကုန်သွယ်ရေးဖြေလျော့မှုစနစ် ကျင့်သုံးခြင်း၊ လူသားအရင်းအမြစ်နှင့် ပညာရေး တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပို့ကုန်ဦးစားပေး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဖိတ်ခေါ်ခြင်းနှင့် မက်ခရိုစီးပွားရေးစနစ်ကို တည်ငြိမ်အောင် ဆောင်ရွက်ခြင်းတို့ ပြုလုပ်သည့် အိမ်ရှင်နိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက စီးပွားရေးတိုးတက် မှုအပေါ် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရသည်။[33] ထို့အပြင် နိုင်ငံရေးတည်ငြိမ်ခြင်း[34]၊ တရားဥပဒေ စိုးမိုးခြင်း[35]နှင့်ကောင်းမွန်သည့် အုပ်ချုပ်မှု စနစ်ရှိသည့် နိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးကျေးဇူးများကို ပိုမိုခံစားရသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွင် အရင်းအနှီး စီးဝင်မှုများ ပါဝင်သည့်အတွက် နိုင်ငံအတွင်း ငွေကြေး ဈေးကွက် ပိုမိုကောင်းမွန်လေလေ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်လေလေ ဖြစ်သည်။[36] ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှု အတိုင်းအတာတခု ရောက်ရှိပြီးမှသာလျှင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးကျေးဇူးများကို တွေ့မြင်လာရသည်။[37] ထို့အတူ ငွေကြေးစနစ်ပိုမိုဖွံ့ဖြိုးလာသည်နှင့်အတူ နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုနှင့် ဆက်စပ်သောနည်းပညာများစိမ့်ဝင်ကိုလည်း ပိုမိုဖြစ်ပေါ်လာစေသည်။[38] သို့သော် အိန္ဒိယအတွေ့အကြုံအရ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အခြေခံ/လယ်ယာကဏ္ဍများတွင်မဟုတ်ဘဲ ကုန်ထုတ်လုပ်မှုကဏ္ဍတွင်သာ ထုတ်လုပ်မှုတိုးတက်လာခဲ့ကြောင်း တွေ့ရှိခဲ့သည်။[39] တဖက်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုများမှာ ရင်းနှီးမြှုပ်နှံမှုအသစ် (Greenfield Investment) သို့မဟုတ် အခြားနိုင်ငံများမှ ပြည်တွင်းလုပ်ငန်းတစ်ခုကို ရယူပိုင်ဆိုင်ခြင်းမျိုး (cross-border Mergers and Acquisition)တို့အပေါ် မူတည်၍ ကွာ ခြားနိုင်ပါသည်။

[33] Zhang (2001)
[34] Morrissey and Udomkerdmongkol, 2012
[35] Olson, 2000; Globerman and Shapiro, 2002; Zhao et. Al, 2003
[36] Alfaro and others, 2004
[37] Azman Saini and others (2010)
[38] Hermes and Lensink, 2003
[39] Chlkraborty and Nummenkamp (2008)

## Box 2.5. Greenfield နှင့် M&As တွင် မည့်သည့်ရင်းနှီးမြှုပ်နှံမှု ပုံစံက ဖွံ့ဖြိုးမှုအတွက် ပိုမို အကျိုး ကျေးဇူး ရှိစေသနည်း။

အာရှပစိဖိတ်ဒေသတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုပုံစံမှာ M&As သည် Greenfield investment ထက် ပိုမိုအားကောင်းလာလျက်ရှိသည်။ ထိုသို့ ဖြစ်လာရခြင်းမှာ အသစ်ဝင်ရောက်လာသော ရင်းနှီး မြှုပ်နှံမှုများတွင် ထုတ်လုပ်မှုစွမ်းရည်အသစ်နှင့် လုပ်သားအသစ်များ ထပ်မံလိုအပ်မည်ဖြစ်ပြီး M&As တွင်မူ အုပ်ချုပ်မှု ပုံစံသာ ပြောင်းလဲလာမည်ဖြစ်ပြီး အရှုံးပေါ်နေသော ကုမ္ပဏီမျိုးကို ရယူရသည့်အခါမျိုးတွင် ဝန်ထမ်းအင်အား လျော့နည်းခြင်းလည်း ဖြစ်လာနိုင်သည်။ အကောင်းဘက်က ကြည့်မည်ဆိုပါက အရှုံးပေါ်နေသော ကုမ္ပဏီသည် အုပ်ချုပ်မှုအသစ်နှင့် ငွေသားအရင်းအနှီးများ ရရှိလာမည်ဖြစ်သဖြင့် ဒေဝါလီခံရမည့်အဖြစ်မျိုးမှ ပြန်လည် အဖတ် ဆည်နိုင်မည် ဖြစ်သည်။ ၁၉၉၇ ခုနှစ် အာရှ ငွေကြေး ဂယက် ဖြစ်ပွားနေချိန်နှင့် ဖြစ်ပွားပြီး နောက်ပိုင်းတွင် ထိုကဲ့သို့ အဖြစ်မျိုးကို အာရှနိုင်ငံတော်တော်များများတွင် ဖြစ်ပွားခဲ့သည်။ အချို့နိုင်ငံများတွင် ဒေဝါလီခံရသည့် အဖြစ်မျိုးအပြင် ပြည်တွင်းပိုင်ဆိုင်မှုကို နိုင်ငံခြားသားများက သိမ်းပိုက်ခဲ့ကြပြီး အလုပ်လက်မဲ့နှုန်းလည်း မြင့်မားခဲ့သည်။

M&As နှင့် Greenfield investment ၂ ခုစလုံးသည် စီးပွားရေးဖွံ့ဖြိုးမှုကို မည်သည့်အခြေအနေ မျိုးတွင် မဆို ဖော်ဆောင်ပေးနိုင်ကြောင်း စာပေများတွင် တွေ့ရှိခဲ့ရသည်။ ဥပမာအားဖြင့် M&As သည် လူသားအရင်းအနှီး လုံလောက်စွာရှိသော ရင်းနှီးမြှုပ်နှံမှုလက်ခံသည့်နိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ကြောင်း Wang and Wong(2009) မှ တွေ့ရှိခဲ့ရသည်။[40] Lall(2002) မှ M&As နှင့် စပ်လျဉ်း၍ အပြုသဘောဆောင်သည့် အမြင်ကို ဖော်ပြထားသော်လည်း နိုင်ငံဖြတ်ကျော်ဆောင်ရွက်သော လုပ်ငန်းကြီးများအနေဖြင့် သတင်းအချက်အလက် အပြည့်အစုံဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါက M&As ၏ မှားယွင်းသော ဆုံးဖြတ်ချက်သည် ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိသော နိုင်ငံအတွက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များ ပိုမိုများပြားလာစေနိုင်ကြောင်းကို လည်း ထောက်ပြထားသည်။

နိုင်ငံတကာမှ လုပ်ငန်းကြီးများ၏ ပုဂ္ဂလိကအကျိုးစီးပွားနှင့် ရင်းနှီးမြှုပ်နှံမှု လက်ခံမည့် နိုင်ငံများ ၏ လူမှုရေးဆိုင်ရာ အကျိုးစီးပွားများမှာ ကွဲပြားနိုင်သည်။ ဆိုလိုသည်မှာ ကုမ္ပဏီ တစ်ခုနှင့်တစ်ခု ပေါင်း စည်း ခြင်းသည် ပိုင်ဆိုင်မှုများလျော့နည်းခြင်း၊ ပြည်တွင်း စွမ်းဆောင်ရည် ကျဆင်းခြင်း (သို့မဟုတ်) ရှားပါးသည့် ပိုင်ဆိုင်မှုများကို ပြည်ပသို့ လွှဲပြောင်းပေးရခြင်းတို့ ပါဝင်နိုင်သည်။ ရင်းနှီး မြှုပ်နှံသူများ အတွက် အကျိုးစီးပွား နည်းနည်းသာရှိသည့် ဖွံ့ဖြိုးမှု နည်းသည့် နိုင်ငံများနှင့် ဖွံ့ဖြိုးမှု အနည်းဆုံး ဖြစ်သည့် နိုင်ငံများသည် M&As ကဲ့သို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပုံစံသည် အဆင်ပြေနိုင်မည် မဟုတ်သော်လည်း နိုင်ငံပိုင်စီးပွားရေးစနစ်မှသည် ပုဂ္ဂလိကပိုင် စီးပွားရေး စနစ်သို့ ပြောင်းလဲနေသည့် နိုင်ငံမျိုးတွင်မူ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည် ဖြစ်သည်။ သို့သော် လည်း ဖွံ့ဖြိုးပြီး ထွန်းသစ်စ နိုင်ငံများတွင် M&As ပုံစံဖြင့် ရင်းနှီးမြှုပ်နှံခြင်းသည် စွမ်းဆောင်ရည် ပိုမို အားကောင်း စေပြီး ဝန်ထမ်းများကို ရေရှည်ထိန်းသိမ်းထားနိုင်စွမ်း၊ နည်းပညာနှင့် ကျွမ်းကျင်မှုလည်း လွှဲပြောင်းပေးနိုင်မည် ဖြစ်ပြီး၊ ဈေးကွက် ချဲ့ထွင်နိုင်မှုနှင့် စီမံခန့်ခွဲမှုလည်း ပိုမိုကောင်းမွန်လာမည် ဖြစ်သည်။ အမှန်မှာ ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ M&As နှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပုံစံများတွင် အသုံးများ သည့် ပုံစံများ ဖြစ်လာသည်။

Ashraf and others(2014)မှ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံပေါင်း ၁၂၃ နိုင်ငံကို လေ့လာခဲ့ရာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အသစ်အနေဖြင့် ရေရှည် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့်

[40] □

စုစုပေါင်း ကုန်ထုတ်လုပ်မှုအပေါ်တွင် သိသာထင်ရှားသည့် သက်ရောက်မှု မရှိသော်လည်း M&As အနေဖြင့် စုစုပေါင်း ကုန်ထုတ်လုပ်မှုအပေါ် ကောင်းကျိုးများ သက်ရောက်စေ နိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ သို့သော်လည်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ နည်းပညာလွှဲပြောင်း ရယူနိုင်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်နိုင်ရန်မှာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုမှ နည်းပညာ ရယူနိုင်စွမ်းလည်း ရှိရန်လိုအပ်ပြီး နည်းပညာအသစ်အဆန်းများနှင့်လည်း စဉ်ဆက် မပြတ်ရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် M&As နှင့် Greenfield FDI မှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုး ကျေးဇူးရရှိရန်အတွက်မှာ သတ်မှတ်အတိုင်းအတာ တစ်ခုအတွင်း ရောက်ရှိနေရန် လိုအပ်ပါသည်။ သီအိုရီအရ ရင်းနှီးမြှုပ်နှံမှု ပုံစံ ၂ မျိုးလုံးမှာ ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ် များ ဖြစ်စေသော်လည်း ပြည်တွင်းကုမ္ပဏီများအနေဖြင့် ဘဏ္ဍာရေးဂယက်ကြောင့် ၎င်းတို့၏ ပိုင်ဆိုင်မှု များကို မူရင်းတန်ဖိုးအောက် လျော့နည်း၍ ရောင်းချရမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုပုံစံ ၂ မျိုးလုံးသည် နည်းပညာ လွှဲပြောင်းပေးနိုင်ခြင်းနှင့် နည်းပညာအသစ်များ ပေးစွမ်းနိုင်မည် ဖြစ်သည်။ နည်းပညာ အားနည်းသည့် ကုမ္ပဏီများ အနေဖြင့် နည်းပညာမြင့်မားသည့် ကုမ္ပဏီများနှင့် M&As ပုံစံဖြင့် ပူးပေါင်းပါက နည်းပညာအသစ်များ ရရှိနိုင်မည် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် M&As ပုံစံဖြင့် ရင်းနှီး မြှုပ်နှံမှု ပြုလုပ်ခြင်းကို ပိုမိုနှစ်သက်ကြသည်။ နည်းပညာ မြင့်မားသည့် ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှု အသစ်များကို ပိုမို ပြုလုပ်ကြသည်။

အချုပ်အားဖြင့်ဆိုသော် M&As နှင့် Greenfield FDI တို့၏ အကျိုးသက်ရောက်မှုကို တသမတ် တည်း သတ်မှတ်နိုင်မည်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှု လက်ခံသည့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ရယူနိုင်စွမ်းနှင့် အခြားသော ထူးခြား သည့် အခြေအနေများ ပေါ်တွင်လည်း မူတည်လျက်ရှိသည်။

စီးပွားရေးအသွင်ပြောင်းလဲမှုပြုလုပ်ရာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် အကျိုးဖြစ်စေ နိုင်မည့် အလားအလာများကို တွေ့ရှိလာရသည်။ အထူးသဖြင့် ကုန်စည်တစ် မျိုးတည်းအား မှီခိုနေရခြင်း ဖြစ်စေ၊ လုပ်အားအခြေပြုလုပ်ငန်းများမှ ကင်းဝေးရန်ဖြစ်စေ နိုင်ငံများက ကြိုးပမ်းလာကြသည်။[41] နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ကုန်ထုတ်စွမ်းအား(productivity) ကို တိုးမြှင့်လာစေခြင်း၊ နည်းပညာ လွှဲပြောင်းပေး နိုင်ခြင်း သို့မဟုတ် အရင်းအနှီးစီးဝင်မှုကို ဖြစ်ပေါ်လာစေသည်မဟုတ်ဘဲ၊ သစ်လွင်ပြီးပိုမိုခေတ်မီသော လုပ်နည်း လုပ်ဟန်နှင့် စိတ်ကူးစိတ်သန်းများကိုသာ ရရှိစေပါသည်။ ယင်းတို့မှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တွေ့ရပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ယူဆောင်အသုံးချနိုင်ပါသည်။[42]

အာရှတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကြား အပြုသဘော ဆက်စပ်မှုကို တွေ့ရှိရသော်လည်း ပို့ကုန်ဦးစားပေး၍ တိုးတက်မှု ဖော်ဆောင်ခြင်းသည် FDI ဦးစားပေး၍ တိုးတက်မှုဖော်ဆောင်ခြင်းထက် ပိုမိုကောင်းမွန်သည်ကို သတိချပ်သင့်ပါသည်။[43] နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည်မဟုတ်ကြောင်း လေ့လာမှုများတွင် တွေ့ရှိခဲ့သည်။ အဆိုပါ လေ့လာမှုများမှာ လတ်တလော အသစ်များတော့ မဟုတ်ပေ။ ဥပမာအားဖြင့် ဆင်းရဲသည့် နိုင်ငံများတွင် FDI ကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှု သို့မဟုတ် စီးပွားရေးတိုးတက်မှု သိသာထင်ရှားစွာ မတွေ့ရှိရပေ။[44] ထို့အတူ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ တစ်ဦးကျ ဝင်ငွေ၊

[41] Romer(1992, 1994)
[42] See also Moran (2011), p. 85.
[43] Tiwari and Mutascu (2010)
[44] Kosack and Tobin (2006) and Herzer and others (2008)

ပညာရေးအဆင့်၊ ပွင့်လင်းမြင်သာ လာမှုအဆင့်နှင့် ငွေကြေးဈေးကွက် ဖွံ့ဖြိုးမှုတို့အကြား ရှင်းလင်း ပြတ်သားသည့် ဆက်စပ်မှုများ မတွေ့ရှိရပေ။[45] ထိုနည်းတူစွာ နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု၏ တိုးတက်မှု အပေါ် ခိုင်မာသော လွှမ်းမိုးမှုကိုလည်း မတွေ့ရှိရပေ။[46]

**Box 2.6. စီးပွားရေးပြောင်းလဲမှုတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှု - Mauritius**

Romer (1992,1994)သည် စီးပွားရေးပြောင်းလဲမှုအပေါ် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှုကို ဆန်းစစ်ကြည့်ရာတွင် ကျွန်းနိုင်ငံငယ်ဖြစ်သော Mauritius နှင့် ဥပမာပေးထားပါသည်။ Mauritius နိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေး ရရှိခဲ့ပြီးတိုင်းပြည်စီးပွားရေးသည် လယ်ယာ စိုက်ပျိုးရေးအပေါ် အပြည့်အဝ မှီခိုလာခဲ့သည်။ အထူးသဖြင့် သကြားထုတ်လုပ်မှုအပေါ် မှီခိုခဲ့သည်။ သို့သော်လည်း နိုင်ငံ၏ အထည်ချုပ် လုပ်ငန်းများတွင် FDI စတင် စီးဝင်ခဲ့သောအခါ သီရိလင်္ကာကဲ့သို့ပင် Mauritius သည် အခြားတိုင်းပြည်များထက် စီးပွားရေး တိုးတက်မှု လျင်မြန်စွာမြင့်တက်ခဲ့ကြောင်း သက်သေ သာဓကများ ရှိခဲ့သည်။ Mauritius နိုင်ငံသည် FDI ကို ဆွဲဆောင်နိုင်ရန် ပို့ကုန်ထုတ်လုပ်ရေးဇုန်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီတို့ကို တည်ဆောက်ခဲ့သည်။ ပို့ကုန်ထုတ်လုပ်ရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံမှု များ အတွက် FDI သည် ငွေကြေးထောက်ပံ့မှုပေးနိုင်မည် မဟုတ်ကြောင်း Romer က မှတ်ချက် ပြုခဲ့သည်။ Mauritius နိုင်ငံနှင့် နိုင်ငံတကာဈေးကွက်များတွင် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်သော အပ်ချုပ်စက်နှင့် တွင် အခြားစက်ပစ္စည်းများသည် Mauritius နိုင်ငံအတွက် ပိုမိုကောင်းမွန်သော နည်းပညာများ ရရှိနိုင်ရန် လုပ်ဆောင်ပေးနိုင်မည် မဟုတ်ပါ။ သို့သော်လည်း FDI သည် ခေတ်မီအဝတ် အထည်ချုပ် စက်ရုံတစ်ခုကို လည်ပတ်ရန်၊ အရည်အသွေး ပြည့်မီစွာထုတ်လုပ်နိုင်ရန်၊ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ အထည်အလိပ် တင်သွင်းသူများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာ ကုန်သွယ်မှုကွန်ရက်တွင် ခွဲတမ်းရရှိ တင်ပို့နိုင်ရန်အတွက်မူ FDI က မိတ်ဆက်ဖော်ဆောင်ပေးနိုင်သည်။

Romer ၏ လေ့လာဆန်းစစ်ချက်များသည် ရှင်းလင်းတိကျပြီး စီးပွားရေးကိန်းရှင်များအပေါ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိခြင်းမှာ သက်သေ သာဓကများနှင့် ပြည့်စုံလုံလောက်မှုရှိသည်။ သို့သော် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုများအပေါ် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ သီးခြား အတွေးအခေါ် လုပ်ဆောင်မှုများသည် သတိပြုမှတ်သားဖွယ်ရာ ဖြစ်သည်။

**Source: Romer, 1992 and 1994 as quoted in Moran, 2011**

စီးပွားရေးစွမ်းဆောင်မှုအပေါ် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုမှာ ရှုပ်ထွေးကျယ်ပြန့်သဖြင့် FDI က စီးပွားရေးဖွံ့ဖြိုးမှုအပေါ် မည်သည့် အတိုင်းအတာအထိ အကျိုးသက်ရောက်သည်ကို ရှင်းလင်းစွာ မသိရှိရပေ။ တဖက်တွင် FDI စီးဝင်မှုက စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေသည်ထက် စီးပွားရေးတိုးတက်မှုက FDI စီးဝင်မှုကို ဖြစ်ပေါ်စေသည့် အထောက်အထားများရှိပါသည်။[47] အကြောင်းမှာ ဖွံ့ဖြိုးမှုကနဦး အဆင့်များတွင် FDI သည် လုပ်ငန်းစုတစ်ခု သို့မဟုတ် ကဏ္ဍတစ်ခုသို့သာစီးဝင်တတ်ပြီး များသောအားဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ သို့မဟုတ် အထည်ချုပ် ကဏ္ဍကဲ့သို့သော လုပ်သားအခြေပြုလုပ်ငန်းများကသာ FDI ကို ဆွဲဆောင်တတ်သဖြင့် အခြားသောစီးပွားရေးကဏ္ဍများကို အကျိုး

[45] Herzer and others(2007)

[46] Carkovic and Levine(2002)

[47] Chowdhury and Mavrotas, 2006

မဖြစ်စေတတ်ပေ။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အဆိုပါ နိုင်ငံများတွင် ကျွမ်းကျင်လုပ်သား၊ တရားဥပဒေစိုးမိုးမှုစသည့် အခြေခံလိုအပ်ချက်များ မရှိခြင်းကြောင့် ဖြစ်သည်။ အဆိုပါ အခြေခံလိုအပ်ချက်များ ပြည့်စုံပါက စီးပွားရေး ပိုမို တိုးတက်လာနိုင်ပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ပိုမိုဆွဲဆောင် လာနိုင်မည်ဖြစ်သည်။

သုတေသနပြုလုပ်ရာတွင် အချက်အလက်ရရှိနိုင်မှုခက်ခဲလေ့ရှိပြီး အဆိုပါ ခက်ခဲမှုမှ ပြည့်စုံမှု မရှိသည့် ပုံစံတည်ဆောက်မှုနှင့် အယူအဆများ ဖြစ်ပေါ်လာသည်။ မတူညီသော သုတေသန နည်းလမ်းများနှင့် ယူဆချက်များအပေါ်မူတည်၍ လေ့လာဆန်းစစ်မှုများတွင် ရလဒ်များ ကွာခြားမည် ဖြစ်သည်။ အာရှပစိဖိတ် ဒေသတွင် FDI အား တက်ကြွစွာ မြှင့်တင်ဆောင်ရွက်နေသည့် နိုင်ငံများအနေဖြင့် ကောင်းကျိုးများ ရရှိခံစားရသည်ကို မှတ်သားသင့်ပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ဂျပန်နိုင်ငံနှင့် ကိုရီးယား နိုင်ငံတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် သိပ်အရေးမပါသော်လည်း အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်စသည့် အာဆီယံနိုင်ငံများစွာ ရရှိခံစားနေသည်။

ယနေ့အချိန်တွင် FDI သည် ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက် (global value chains) တွင် အရေးပါကြောင်း အသိအမှတ်ပြုထားပြီး ဖြစ်သော်လည်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ရာတွင် စီးပွားရေးဆိုင်ရာ ပွင့်လင်းမှုမရှိဘဲ လျှင်မြန်စွာ တိုးတက်လာနိုင်မည် မဟုတ်ပေ။ သို့သော်လည်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးမှုအတွက် အကျိုးသက်ရောက်မှုရှိရန်အတွက်မူ အနည်းဆုံးဖွံ့ဖြိုးမှုအဆင့်နှင့် ဒေသတွင်း အဖွဲ့ အစည်းဆိုင်ရာ စွမ်းရည်လည်းရှိရန် လိုအပ်သည်။[48] FDI သည် ဖွံ့ဖြိုးမှုအတွက် အလုံးစုံ ကုစားပေးနိုင်သော ဆေးတစ်ခွက် မဟုတ်သော်လည်း ကျယ်ပြန့်သည့်မူဘောင်တွင် ထည့်သွင်းစဉ်းစားရန်လိုအပ်ပါ သည်။

## (ခ) ငွေသားအရင်းအနှီး၊ စတော့ဈေးကွက်နှင့် အခွန်အကောက်အပေါ် အကျိုးသက်ရောက်မှု

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပြည်ပငွေသားအရင်းအနှီးအတွက် အရေးပါသည့် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း United Nations Monetary Consensus of the International Conference on Financing for Development(2002) နှင့် United Nations Addis Ababa Action Agenda of the Third International Conference on Finance for Development(2015)တို့မှလည်း အသိအမှတ် ပြုထားပြီးဖြစ်သည်။ ထို့အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဘဏ္ဍာရေးဆိုင်ရာ အောက်ပါ ကွာဟချက်များ မရှိအောင်လည်း ဆောင်ရွက်ပေး နိုင်သည်။[49]

- ပြည်တွင်း စုဆောင်းငွေနှင့် ရင်းနှီးမြှုပ်နှံမှုအကြား ကွာဟချက်
  (စုဆောင်းငွေသည် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်နှင့် ကိုက်ညီအောင် မဆောင်ရွက်နိုင်ခြင်း)
- ငွေပေး ငွေယူ ရှင်းတမ်းနှင့် ငွေလုံးငွေရင်းစာရင်းအကြား ကွာဟချက်
  (ငွေသားစီးထွက်မှုသည် စီးဝင်မှုထက် ပိုမိုများပြားခြင်း)
- ငွေပေး ငွေယူ ရှင်းတမ်းနှင့် စာရင်းရှင်အကြား ကွာဟချက်
  (သွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက် ကျော်လွန်နေခြင်း)
- အစိုးရ အသုံးစရိတ်နှင့် အခွန်အကြား ကွာဟချက်
  (နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အခွန်ဝင်ငွေနှင့် ဆက်စပ်နေမှု)

---

48 Saggi, 2000

49 Todaro and Smith, 2015

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ ဘဏ္ဍာငွေထောက်ပံ့ခြင်းသည် လက်တွေ့တွင် ပိုမိုရှုပ်ထွေးသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စုဆောင်းငွေနှင့် ရင်းနှီးမြှုပ်နှံမှုအကြားနှင့် အသားတင် ငွေသားအရင်းအနှီးဖြစ်ပေါ်စေခြင်းတို့အကြား ကွာဟချက်ကို လျော့ချနိုင်ကြောင်း အထောက်အထား ရှိထားပြီးဖြစ်သည်။[50] UNCTAD ၏ အဆိုအရ ၂၀၀၄-၂၀၁၄ အထိ ဆယ်စုနှစ်ကျော်အတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု သည် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံများတွင် သုံးဆထိ တိုးတက်ခဲ့ပြီး ကုန်းတွင်းပိတ် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၄ ဆအထိ တိုးတက်ခဲ့သည်။[51]

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများနေရာတွင် အစားထိုး နေရာယူနိုင်သော်လည်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်းကြောင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု၏အရေးပါမှုကို လျော့တွက်၍ မရနိုင်ပေ။[52] ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘဏ္ဍာရေးသည် အဓိက အရင်းအမြစ်ဖြစ်ကြောင်း UNCTAD မှ အသိအမှတ်ပြုထားပြီးဖြစ်သော်လည်း မူဝါဒချမှတ်မည့်သူများအနေဖြင့် ဖွံ့ဖြိုးမှုအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိစေမည့် မူဝါဒများချမှတ်ခြင်းနှင့် အခက်အခဲများကို လျော့ချနိုင်ရေး အလေးပေး ဆောင်ရွက်သင့်သည်။

ငွေပေးငွေယူရှင်းတမ်း ကွာဟချက်နှင့်စပ်လျဉ်း၍ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအား အခြား ပြည်ပငွေသားအရင်းအနှီးပုံစံများနှင့်နှိုင်းယှဉ်ပါက FDI သည် ပြောင်းလဲမှုနှင့် တာဝန်ခံမှု နည်းသည်။ အထူးသဖြင့် အဖွဲ့အစည်းလိုက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံအတွင်းမှ စီးထွက်မှု အလားအလာနည်းသည်။ ၁၉၉၇ ခုနှစ် အာရှစီးပွားရေး ကပ်ဆိုက်သည့် အချိန်တွင် ထိခိုက်မှု အများဆုံးခံစားရသော နိုင်ငံ ၅ နိုင်ငံ ၌ ဘဏ်ချေးငွေနှင့် မတည်ငွေစီးဆင်းမှုတို့တွင် သိသိသာသာကျဆင်းခဲ့ပြီး အားလုံး ခြုံငုံကြည့်မည်ဆိုပါက သိသိသာသာ ကျဆင်းခြင်း မရှိခဲ့ပေ။ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ဘဏ္ဍာငွေ လွှဲပြောင်းခြင်းမှ ရရှိလာသော ဝင်ငွေစီးထွက်မှုကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့်ဘဏ္ဍာငွေရရှိမှုမှာ လျော့နည်းလာမည်ဖြစ်ပြီး အဆိုပါ စီးထွက်မှုမှာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် အဓိက ဆိုးကျိုးအဖြစ် ရှုမြင်လာကြသည်။[53]

ကုန်သွယ်မှုအပိုင်းကို ကြည့်မည်ဆိုပါက ပို့ကုန်ဦးစားပေး နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းသည် တရုတ်နှင့် ဗီယက်နမ်နိုင်ငံကဲ့သို့သော အရှေ့အာရှနိုင်ငံများတွင် ပို့ကုန်တင်ပို့မှု မြင့်မားလာခြင်းနှင့် များစွာသက်ဆိုင်လျက်ရှိသည်။ ဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာငွေရှာဖွေရာတွင် ပို့ကုန်ရငွေသည် အပါအဝင် ဖြစ်ကြောင်း the United Nations conferences on financing for development မှ အသိအမှတ်ပြုပြီး ဖြစ်သည်။ ပြည်တွင်းရှိ နိုင်ငံစုံလုပ်ငန်းကြီးများ၏ ထုတ်လုပ်မှုကြောင့် တင်သွင်းရသည့် သွင်းကုန်တန်ဖိုးကို ပို့ကုန်တင်ပို့မှုမှရငွေဖြင့် အချိုးညီအောင် ဆောင်ရွက်နိုင်သည်။ နိုင်ငံငယ်များတွင် ပို့ကုန်အခန်းကဏ္ဍမှာ ပိုမို မြင့်မားလျက်ရှိသည်။[54] ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများမှ အဓိကထုတ် ကုန်နှင့်ကုန်စည်တင်ပို့ခြင်းများ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ အထည်ချုပ်လုပ်ငန်းများ၏သွင်းကုန်ပါဝင်မှုသည် ၈၀% ကျော်ရှိသည်။ Trade Related

[50] Sun, 2002

[51] UNCTAD, Global Investment Trends Monitor

[52] Agosin and Machado, 2005

[53] Asiedu and Lien, 2003

[54] OECD, 2011

Investment Measures (TRIMs) ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သဘောတူညီချက်တွင် ပါဝင်သော အပြည်ပြည်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွင် ပြည်တွင်းကုန်ကြမ်းပါဝင်မှုနှင့် ကုန်သွယ်မှုလျော့နည်းမှု မရှိစေရန် တားမြစ်ချက်များ ပါဝင်သည်။

အခွန်ရငွေတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပါဝင်မှုကို ကြည့်မည်ဆိုပါက အခွန်ကင်းလွတ် ခွင့်နှင့် သက်သာခွင့်ကဲ့သို့သောပုံစံမျိုးဖြင့် ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကင်းလွတ်ခွင့်များပေးလျက်ရှိသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားတစ်မျိုးတည်းအား နိုင်ငံအမြောက်အများ ယှဉ်ပြိုင်လာရသောအခါ ကင်းလွတ်ခွင့် သက်သာခွင့်ကို ပိုမိုပေးလေ့ရှိသည်။ အဆိုပါ နိုင်ငံများသည် အခွန်ရရှိငွေကို အသုံးပြု၍ အခြေခံအဆောက်အဦပိုမို ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် စီးပွားရေးဝန်းကျင် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်သဖြင့် အခွန်နှုန်း မြင့်မားသော်လည်း အဆိုပါနိုင်ငံအား ရင်းနှီးမြှုပ်နှံသူများမှ ရွေးချယ်၍ ရင်းနှီးမြှုပ်နှံကြသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင်အခွင့်အလမ်းပိုမိုဖော်ဆောင်ပေးနိုင်သည်နှင့်အမျှ အဆိုပါအလုပ်အကိုင် အခွင့်အလမ်းများမှတစ်ဆင့် ဝင်ငွေခွန်လည်း သွယ်ဝိုက်သောနည်းဖြင့် ရရှိလာမည်ဖြစ်သည်။ သို့သော်လည်း နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် အခွန်ငွေပေးချေရမှုနည်းအောင် မိခင်ကုမ္ပဏီ ရှိသော နေရာတွင်သာ transfer pricing[55] နည်းဖြင့် အခွန်ပေးဆောင်လာကြသည်။

အဆိုပါဖြစ်စဉ်သည် နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် အခွန်နှုန်းမြင့်မားသောနိုင်ငံတွင် အခွန်ပေးဆောင်ရခြင်းကို ရှောင်ရှားသည့်စနစ်တစ်ရပ် "base erosion and profit shifting" ဖြစ်လာသည်။ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပေးသည့် နိုင်ငံများနှင့် ကင်းလွတ်ခွင့်များ မပေးသည့် နိုင်ငံများ နှိုင်းယှဉ်လေ့လာကြည့်ပါက အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပေးသည့် အစိုးရများတွင် အုပ်ချုပ်မှုစနစ်ကောင်းများရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။[56] အရေးအကြီးဆုံး အချက်အနေဖြင့် အခွန်ကင်းလွတ်ခွင့် သက်သာခွင့်သည် နိုင်ငံစုံလုပ်ငန်းကြီးများအတွက် အခွန်ပေးဆောင်ရာတွင် အခွင့်အလမ်းများ ဖြစ်စေသည်။ သို့သော် အဆိုပါအချက်သည် အခွန်နှုန်း မြင့်မားသော နိုင်ငံများအတွက် အခွန်အခြေခံနှုန်းထားကို ပျက်စီးစေသည်။ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပေးခြင်းကြောင့် ကမ္ဘာ့နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အချိုးမကျမှုကို ဖြစ်စေပြီး ထိုသို့ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးခြင်းကြောင့် အခွန်နှုန်း မြင့်မားသည့်နိုင်ငံများအတွက် ဆိုးကျိုးသက်ရောက်စေမည် မဟုတ်ပေ။ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပေးခြင်းသည် စွမ်းဆောင်ရည်မြင့်မားစေနိုင်ရုံသာမက အခွန်နှုန်းယှဉ်ပြိုင်နိုင်မှုကိုပါ ရှောင်ရှားစေနိုင်သည်။ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ကြောင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အတော်အတန် စီးဝင်လာခြင်းအပြင် ငွေလုံးငွေရင်းထည့်ဝင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံအများစု၏ အဖွဲ့အစည်းများမှရရှိသည့် အခွန်ဝင်ငွေကိုလည်း အခိုင်အမာ တိုးတက်လာသည်။

[55] နိုင်ငံစုံ လုပ်ငန်းကြီးများအနေဖြင့် လုပ်ငန်းတွင်ရရှိသော အမြတ်ငွေများကို အခွန်နှုန်း မြင့်မား သော နိုင်ငံတွင် အခွန်ပေးဆောင်မည့်အစား အခွန်နှုန်းနည်းသော မိခင်ကုမ္ပဏီရှိသည့် နိုင်ငံတွင် အခွန်ပေးဆောင်ခြင်းဖြင့် အခွန်ငွေပေးဆောင်ရမှု သက်သာစေခြင်း

[56] Dharmapala (2009)

## (ဂ) လုပ်အားခ၊ ကျွမ်းကျင်မှုနှင့်အလုပ်အကိုင် အခွင့်အလမ်းအပေါ် အကျိုးသက်ရောက်မှု

အလုပ်အကိုင်အခွင့်အလမ်းအပေါ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုသည် လုပ်အားခ သက်သာသည့် လုပ်သားအခြေပြု စက်မှုလုပ်ငန်းများကြောင့် ဖြစ်သည်။ ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များသည် M&A ကဲ့သို့သော လုပ်ငန်းများထက် အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်သည်။ M&A သည် လုပ်ငန်းများ ပေါင်းစည်း၍ အသစ် ဆောင်ရွက်သည့်အတွက် အသုံးစရိတ် လျော့ချခြင်းနှင့် အလုပ်ထုတ်ပယ်ခြင်းတို့ ဖြစ်လာနိုင်သည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပြည်တွင်းကုမ္ပဏီများအတွက် ပြည်တွင်းထုတ်လုပ်မှုကွန်ရက်မှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးနိုင်သည်။ သို့သော် စွမ်းဆောင်ရည် မရှိသည့် ပြည်တွင်းလုပ်ငန်းများ အတွက်မူ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးနိုင်သည်။[57] ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများရှိ နိုင်ငံစုံလုပ်ငန်းကြီးများကြောင့် ready-made garment (RMG) industry တွင် အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြသည်။

**Box 2.7. နိုင်ငံစုံလုပ်ငန်းကြီးများ၊ အခွန်နှုန်းသက်သာခြင်းနှင့် ငွေလွှဲပြောင်းခြင်း နည်းလမ်းများ**

အခွန်နှုန်းမြင့်မားသည့် နိုင်ငံမှ အခွန်နှုန်းနည်းသည့် နိုင်ငံသို့ transfer pricing နည်းဖြင့် အမြတ်ငွေလွှဲပြောင်းခြင်းအားဖြင့် အခွန်ဆောင်ရသည့် ကုန်ကျစရိတ်ကို သက်သာအောင် ဆောင်ရွက်ကြသည်။ Transfer pricing ဆိုသည်မှာ နိုင်ငံဖြတ်ကျော်၍ လုပ်ငန်းဆောင်ရွက်နေကြသော လုပ်ငန်းကြီးများ အနေဖြင့် ၎င်းတို့လုပ်ငန်းဆောင်ရွက်နေကြသော နိုင်ငံအမျိုးမျိုးရှိ အခွန်နှုန်းမြင့်မားမှုကို ရှောင်ရှားနိုင်ရန် အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ လွှဲပြောင်းရာတွင် ရောင်းရငွေတန်ဖိုးကို ပိုမိုဖော်ပြခြင်း (သို့မဟုတ်) လျော့ပြခြင်းအားဖြင့် အခွန်ဆောင်စရိတ် သက်သာအောင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ Transfer pricing နည်းမှာ အခွန်ရှောင်ရန် (သို့မဟုတ်) အခွန် လျော့ချရန်အတွက် နိုင်ငံစုံလုပ်ငန်းကြီးများမှ အများဆုံး အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်သည်။ အခွန်နှုန်းမြင့်မားသော နိုင်ငံမှ အခွန် နှုန်းနည်းသောနိုင်ငံသို့ လွှဲပြောင်းဟန်ပြခြင်း၊ အခွန်နှုန်းနည်းသောနိုင်ငံမှ ကြွေးမြီကို အခွန်နှုန်းများသောနိုင်ငံသို့ လွှဲပြောင်းဟန်ပြခြင်းတို့လည်းပါဝင်သည်။ Egger, Eggert နှင့် Winner (2010) တို့မှ နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် အမြတ်ရရှိမှုမှ အခွန်ပေးဆောင်မှုများအလွန်နည်းကြောင်း သုတေသနရလဒ်များတွင် ဖော်ပြထားသည်။

နိုင်ငံစုံလုပ်ငန်းကြီးများသည် နိုင်ငံကြီးသားပီသမှုမှ သွေဖီနေသည့်အတွက် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဖြစ်ရန် လိုအပ်လျက်ရှိသည်။ ကမ္ဘာ့စီးပွားရေးတွင် နိုင်ငံစုံ လုပ်ငန်းကြီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည့်အတွက် အစိုးရများအနေဖြင့် နိုင်ငံစုံလုပ်ငန်းကြီးများမှ အခွန်ဘဏ္ဍာငွေရရှိမှု သေချာစေရန်အတွက် အမြတ်ငွေ ဟန်ဆောင် လွှဲပြောင်းနေမှုများ မရှိစေရန်နှင့် အဆိုပါ လုပ်ငန်းကြီးများ အနေဖြင့် ၎င်းတို့၏ မိခင်နိုင်ငံဘက်သို့ အခွန်ရရှိမှုအခြေအနေကို ဖော်ပြရာတွင် ၎င်းတို့ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသော နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းကိုလည်း ထင်ဟပ်ရန် လိုသည်။ အပြည် ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် အခွန်နှစ်ထပ် ပေးဆောင်ရမှုကို ရှောင်ရှားနိုင်ရန် ဖော်ပြထားပြီးဖြစ်သည့် အတွက် ထိုကဲ့သို့ အခွန်နှစ် ထပ်ကောက်ခံမှု မဖြစ်စေရန်လည်း လိုအပ်သည်။ သို့သော်လည်း လုပ်ငန်းကြီးများသည် အခွန်နှုန်းနည်းသည့် နိုင်ငံတွင် ဈေးနှုန်းချိုသာစွာဖြင့် အရောင်းပြပြီး အသုံးစရိတ် (ဝယ်ယူစရိတ်)များများ ဖော်ပြသည့်အတွက် အမြတ်ရရှိမှုနည်းကာ အခွန်

[57] Nguyen and Dinh, 2015

ပေးဆောင်မှု နည်းအောင် Transfer pricing နည်းဖြင့် ဆောင်ရွက်ကြသည်။ အများအားဖြင့် ပြည်ပကုမ္ပဏီ အများစု (သို့မဟုတ်)လက်အောက်ခံကုမ္ပဏီများသည် စာရွက်ပေါ်တွင်သာ လွှဲပြောင်းမှုများ ဆောင်ရွက်ကြသည်။ ရလဒ်အားဖြင့် အခွန်နှုန်းမြင့်မားသော နိုင်ငံများတွင် အမြတ်ရရှိမှုကို လျော့နည်းဖော်ပြသည့်အတွက် တရားမဝင် အခွန် ရှောင်ရှားမှုပင် ဖြစ်သည်။ ထို့အတူ နိုင်ငံစုံလုပ်ငန်းကြီးများ၏ လက်အောက်ခံ ကုမ္ပဏီများအကြား အခွန်ဆိုင်ရာ လွှဲပြောင်းမှုများ ပြုလုပ်ခြင်းဖြင့်လည်း Transfer pricing နည်းဖြင့် အခွန်နှုန်းလျော့နည်းအောင် ဆောင်ရွက်ကြသည်။

နိုင်ငံဖြတ်ကျော်ဆောင်ရွက်ကြသော လုပ်ငန်းကြီးများအကြား အခွန်နှင့် ဆက်စပ်သည့် လွှဲပြောင်းမှုများ ပြုလုပ်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်းတို့ဆောင်ရွက်ရာတွင် အဆိုပါ လုပ်ငန်းကြီးများနှင့် အခွန်ဆိုင်ရာ စီမံခန့်ခွဲသူများ အနေဖြင့် လိုက်နာရမည့် လမ်းညွှန် စာအုပ်ကို စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့မှ ထုတ်ပြန်ထားသည်။ အဆိုပါ လမ်းညွှန်ချက်များမှာ ၁၉၉၅ ခုနှစ်တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးမှုကောင်စီမှ အတည်ပြုခဲ့ခြင်း ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ထပ်မံပြင်ဆင်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့မှ အခွန်ရှောင်မှုမှ ကင်းဝေးစေရန် လုပ်ငန်းစဉ်နှင့် အကြံပြုချက်များကို ထုတ်ပြန်ခဲ့သော်လည်း အဆိုပါ ထုတ်ပြန်ချက်များမှာ စည်းနှောင်မှု မရှိပေ။ ၂၀၁၅ ခုနှစ်တွင် G20 မှ ဘဏ္ဍာရေး ဝန်ကြီးများမှ နိုင်ငံစုံ လုပ်ငန်းကြီးများမှ အခွန် နှုန်း နည်းပါးသည့် နိုင်ငံ(သို့မဟုတ်) အခွန်ပေး ဆောင်ရခြင်းမရှိသည့် နိုင်ငံများသို့ ဟန်ဆောင် လွှဲပြောင်းခြင်းဖြင့် အမြတ်ငွေရရှိမှု ပျောက်ဆုံးနေသော လက်ရှိနိုင်ငံတကာ ကျင့်သုံးနေသည့် စည်းမျဉ်းများ၏ အားနည်းချက်များကို အစိုးရများအတွက် အဖြေရှာပေးနိုင်မည့် OECD/G20 Base Erosion and Project Shifting(BEPS) Project အတွက် စိတ်အားထက်သန်စွာ ပံ့ပိုးပေးလိုကြသည်။ အဆိုပါ စီမံကိန်းတွင် လုပ်ငန်းစဉ် ၁၅ ခုပါဝင်မည် ဖြစ်ပြီး အခွန်ရရှိသည့် နိုင်ငံတွင် အခွန်ငွေပေးဆောင်စေမည်ဖြစ်ပြီး အခွန်ရှောင်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ပြည်တွင်းပြည်ပ အစိုးရများ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

အဆိုပါ လုပ်ဆောင်ချက်များကို ဖော်ဆောင်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဇွန်လ ၇ ရက်နေ့ တွင် နိုင်ငံပေါင်း ၇၀ ပါဝင် လက်မှတ်ရေးထိုးမည် ဖြစ်သည်။

ပြည်တွင်းတွင် ဆောင်ရွက်နေသော နိုင်ငံစုံလုပ်ငန်းကြီးများ၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ အလုပ်အကိုင် ဖော်ဆောင်ပေးနိုင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတကာရှိ ကျော်ကြားသည့် အမှတ်တံဆိပ်များ လက်လီရောင်းချသော လုပ်ငန်းများသို့တင်ပို့သည့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများကြောင့် အလုပ်အကိုင် အခွင့်အလမ်း အများစု ရရှိနေခြင်း ဖြစ်ကြောင်းလည်း တွေ့ရှိရပေသည်။ သို့သော် အထည်ချုပ်လုပ်ငန်းများတွင် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုများ ဆောင်ရွက်ကြပြီး ထိုကဲ့သို့ဆောင်ရွက်သော TNCs များသည် ပြည်တွင်းလုပ်ငန်းများထက် ၂၀% ပိုမို၍ ထုတ်လုပ်မှုအားကောင်းကြသည်။ ပြည်တွင်းလုပ်ငန်းများသို့ ထုတ်လုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်များ[58] ရရှိခဲ့ခြင်းကြောင့် အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ခြင်းဖြစ်ကြောင်း စာရင်းအထောက် အထားများတွင် တွေ့ရှိရသည်။[59]ပြည်ပ လုပ်ငန်းများသည် ပြည်တွင်း လုပ်ငန်းများထက် (အထူးသဖြင့် ဆင်းရဲသော နိုင်ငံများတွင်) လစာ ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်။[60] ကျွမ်းကျင်မှု အသင့်အတင့် လိုအပ်သော လုပ်ငန်းဆောင်ရွက်နေသော ပြည်ပလုပ်ငန်းများသည် ၄င်းတို့၏ ဝန်ထမ်းများအား

[58] Productivity spillovers may occur through labor turnover, as former employees of multi- nationals who have acquired managerial expertise, production or marketing skills, resurface in domestic firms or set up their own firms to which they can transfer that knowledge

[59] Kee, 2005

[60] Moran, 2011

ကျွမ်းကျင်မှုနည်းသောလုပ်ငန်းများတွင် လုပ်ကိုင်နေသော လုပ်ငန်းများထက် လစာကောင်းကောင်းပေးရုံသာမက အကျိုးခံစားခွင့်များလည်း ပိုမိုပေးကြသည်။ ပြည်ပ လုပ်ငန်းများသည် ပြည်တွင်း လုပ်ငန်းများနှင့် နှိုင်းယှဉ်၍ wage premium[61] လည်း ပေးထားသည်။

အိန္ဒိယနိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်မှုကို ဆန်းစစ် ကြည့်ရာတွင် အောက်ပါ သက်ရောက်မှုများ ရှိနိုင်ကြောင်း တွေ့ရှိခဲ့ရသည်-[62]

**အလုပ်အကိုင် အသစ်ဖန်တီးပေးနိုင်မှု-** နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ထုတ်လုပ်မှု စွမ်းရည် အသစ်နှင့် အလုပ်အကိုင်အသစ်များ ဖော်ဆောင်ပေးနိုင်သည်။ ထို့အပြင် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်လည်း ဆောင်ရွက် ပေးနိုင်သည်။

**အလုပ်အကိုင် ရှားပါးလာခြင်း-** နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ ပိုမို ကောင်းမွန်သော အရင်းအနှီးနှင့် အသိပညာတို့ရရှိခြင်းကြောင့် ပြည်တွင်းလုပ်ငန်းများ၏ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာသည်။ နည်းပညာ မြင့်မားစွာ အသုံးပြုလာသည်နှင့်အမျှ လုပ်သားအခြေပြုမှု လျော့နည်းလာသည့်အတွက် အလုပ်အကိုင် ရှားပါးမှုများ ဖြစ်ပေါ်လာသည်။

**အလုပ်အကိုင် ရရှိလာခြင်း-** နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပြည်တွင်းပြည်ပ ကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်စေသည်။ ဥပမာအားဖြင့် ဖက်စပ်ဆောင်ရွက်ခြင်းမှ သွယ်ဝိုက်သောနည်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ထပ်မံ၍ ဖော်ဆောင်ပေးနိုင်သည်။

**အလုပ်အကိုင် ဆုံးရှုံးလာခြင်း-** ပြည်တွင်းဝန်ထမ်းများအနေဖြင့် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် လုပ်ငန်း လိုအပ်ချက် မကိုက်ညီသည့်အတွက် ပြည်ပမှရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသည် ၄င်းတို့၏ မန်နေဂျာများနှင့် ဝန်ထမ်းများကို ခေါ်ဆောင်လာကြသည့်အတွက် အလုပ်အကိုင်များဆုံးရှုံးလာသည်။

ခြုံငုံကြည့်ပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုကို ခန့်မှန်းရန် ခက်ခဲလာသည်။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကြောင့် အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်သည့် ကောင်းကျိုးများကို သုတေသနစာတမ်း အမြောက်အများတွင် တွေ့ရှိရသည်။[63] သို့သော် အချို့သုတေသန စာတမ်းများတွင်မူ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအပေါ် ဆိုးကျိုးများရှိကြောင်းလည်း တွေ့ရှိရပြန်သည်။[64]

---

[61] Ratio that compares the additional average wage paid to employees of the organization, to the average wage paid for a similar job in a similar industry/sector in the local market, at the end of the reporting period.

[62] Someshu, 2015

[63] Fu and Balasubramanyam, 2005 for the case of China; Jayaraman and Singh, 2007 for the case of Fiji; Pinn and others, 2011 for the case of Malaysia; Someshu,2015 for the case of the services sector in India

[64] Jenkins, 2006 for the case of Viet Nam

ထုတ်လုပ်မှု လုပ်ငန်းများတွင် စက်ရုပ်အသုံးပြုခြင်းနှင့် အလိုအလျောက်စနစ် အသုံးပြုလာခြင်းတို့ကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ အလုပ်အကိုင်ဖော်ဆောင်ပေးရာတွင် ထပ်မံကျဆင်းလာဖွယ်ရှိသည်။

**Table 2.2 အိမ်ရှင်နိုင်ငံ၏အလုပ်အကိုင်အခြေအနေအပေါ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု၏ တိုက်ရိုက်(သို့) သွယ်ဝိုက်သောသက်ရောက်မှု**

| | **တိုက်ရိုက်သက်ရောက်မှု** | | **သွယ်ဝိုက်သောသက်ရောက်မှု** | |
|---|---|---|---|---|
| | **ကောင်းကျိုး** | **ဆိုးကျိုး** | **ကောင်းကျိုး** | **ဆိုးကျိုး** |
| **အရေအတွက်** | လုပ်ငန်းများချဲ့ထွင်ခြင်းဖြင့် အလုပ်အကိုင် များ ဖန်တီးပေးခြင်း နှင့် အသားတင် ငွေလုံးငွေရင်းများတိုးလာခြင်း။ | ရင်းနှီးမြှုပ်နှံမှု များ ဝင်ရောက် လာခြင်းကြောင့် လုပ်ငန်း လျော့ ချကာ အလုပ်အ ကိုင် လျော့နည်းလာခြင်း။ | လုပ်ငန်းများအကြား ချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အသစ်များ ဖန်တီးလာနိုင်ပြီး ပြည်တွင်းစီးပွားရေး အခြေအနေအား ကောင်းမွန်စွာ အကျိုးဖြစ်ထွန်းစေခြင်း | သွင်းကုန်များအပေါ် မှီခိုခြင်း(သို့)မူလ လုပ်ငန်းများတွင် အစားထိုးနေရာယူခြင်းဖြင့်အလုပ်အကိုင် ဆုံးရှုံးလာခြင်း။ |
| **အရည်အသွေး** | အမြင့်ဆုံးလုပ်ခလစာပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှု အမြင့်မားဆုံး ရရှိလာခြင်း။ | ဝန်ထမ်းများ ငှားရမ်းခြင်းနှင့် ရာထူးတိုးခြင်းများ မလုပ်အပ်ဘဲ ဆောင်ရွက်ခြင်း။ | ပြည်ပလုပ်ငန်းများ၏ ကောင်းသော အလေ့အကျင့်များကို ပြည် တွင်း လုပ်ငန်းများမှ ရယူနိုင်ခြင်း။ | ပြည်တွင်းလုပ်ငန်းများယှဉ်ပြိုင်ပြီး လစာပေးခြင်းဖြင့် လစာနှုန်းမတည်ငြိမ်ခြင်း။ |
| **တည်နေရာ** | နေရာအသစ် ထပ်တိုးခြင်းနှင့် အလုပ်အကိုင် မရှိသော နေရာများတွင် ပိုမို ကောင်းမွန်သော အလုပ်များကို ထပ်တိုးရရှိခြင်း။ | လူဦးရေသိပ်သည်းသော မြို့ပြဒေသများတွင် လူစုလူဝေး များလာခြင်း၊ ဒေသတွင်း လူဦးရေ သိပ်သည်းမှု မညီမျှမှုများ ဆိုးရွားလာခြင်း။ | လုပ်သားအလွယ်တကူ ရရှိနိုင်သော နေရာများ သို့ သွင်းကုန် လုပ်ငန်း ရှင်များအား ပြောင်းရွှေ့ နိုင်ရန် အားပေးခြင်း။ | ပြည်တွင်းထုတ်လုပ်မှုတွင်နေရာပြောင်းလဲခြင်း၊ ဒေသဆိုင်ရာ အလုပ်လက်မဲ့ ထပ်တိုးလာခြင်း၊ ပြည်တွင်း ထုတ်လုပ်မှုတွင် နိုင်ငံခြား အဖွဲ့ အစည်းကို အစားထိုး ခဲ့ခြင်း(သို့) သွင်းကုန် ပေါ်တွင် မူတည် နေခြင်း။ |

**Source: UNCTAD (1994)**

FDI သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရရှိသောကဏ္ဍအတွက် ငွေသားအရင်းအနှီး၊ နည်းပညာနှင့် စီမံခန့်ခွဲမှုစွမ်းရည်စသည့် ကောင်းကျိုးများ ရရှိစေသကဲ့သို့ အဆိုပါ ကောင်းကျိုးများ ပျံ့နှံ့ခြင်းမှလည်း ပြည်တွင်း လုပ်ငန်းများအတွက် သွယ်ဝိုက်၍ ကောင်းကျိုးများရရှိစေသည်။ FDI ကြောင့် ကုန်ထုတ်လုပ်မှု

မြင့်မားစေခဲ့သည့် သာဓကများလည်း ရှိခဲ့သည်။[65] သို့သော် FDI သည် ကုန်ထုတ်လုပ်မှုအား အမြဲတစေ မြင့်မားစေသည်တော့ မဟုတ်ပေ။[66] သို့သော် လုပ်အားခ သက်သာရုံသက်သက်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည် မဟုတ်သကဲ့သို့ ကျွမ်းကျင်မှု အမြောက်အများ မလိုအပ်သည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပုံစံများလည်း ရှိမည် ဖြစ်သည်။ FDI သည် အချို့လုပ်ငန်းများအတွက် ကျွမ်းကျင်မှု ပိုမိုရရှိစေသကဲ့သို့ ကျွမ်းကျင်မှုနှင့် အသိပညာပြည့်စုံပြီးသောဒေသအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ မြင့်တင်ရန်အတွက် အထောက်အပံ့ဖြစ်စေ သည်။[67] ပြည်တွင်းတွင် လစာမညီမျှမှုကို သိသာစွာ မကျဆင်း စေခဲ့သော်လည်း FDI သည် နိုင်ငံစုံလုပ်ငန်းကြီးများတွင် အလုပ်လုပ်ကိုင်နေကြသော ဝန်ထမ်းများ၏ လစာကို မြင့်တက်စေခဲ့သည်။[68] နိုင်ငံစုံလုပ်ငန်းကြီးများသည် ပြည်တွင်းလုပ်ငန်းများထက် လစာပိုမို ကောင်းမွန်ပြီး လုပ်ငန်းခွင်သာယာအောင် ပိုမိုဖန်တီးပေးနိုင်မည်ဟု ပုံမှန်အားဖြင့် မှတ်ယူထားကြသော်လည်း လက်တွေ့တွင် ထိုကဲ့သို့ ဖော်ဆောင်ပေးနိုင်မှု ရှိ၊ မရှိ ကိုတော့ ဒွိဟဖြစ်နေဆဲပင် ဖြစ်သည်။ ထိုအချက်သည် နိုင်ငံစုံ လုပ်ငန်း ကြီးများ ပြည်တွင်းတွင် ကျယ်ပြန့်စွာ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် အနောက်နိုင်ငံများရှိ နိုင်ငံစုံ လုပ်ငန်းကြီး များတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အတွေးအခေါ်များ ခိုင်မာစွာတည်ရှိနေမှု ပေါ်တွင်လည်း မူတည်လျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ နိုင်ငံစုံလုပ်ငန်းကြီးများသည် လုပ်ငန်းခွင် သာယာရေးအတွက် အဓိက ဦးတည်ဆောင်ရွက်ခြင်းထက် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားရေးကိုသာ အလေးထားကြသည်။

အနောက်နိုင်ငံရှိ နိုင်ငံစုံလုပ်ငန်းကြီးများသည် ဖွံ့ဖြိုးဆဲနိုင်ငံရှိ ၎င်းတို့၏ လုပ်ငန်းများ ဥပမာ– ဘင်္ဂလား ဒေ့ရှ်နိုင်ငံရှိ အသင့်ချုပ်ပြီးအဝတ်အထည်လုပ်ငန်းနှင့် တရုတ်နိုင်ငံရှိ Foxconn လုပ်ငန်းများတွင် အလုပ်ခွင် သာယာရေးအတွက် အပြည့်အဝ ဖန်တီး မပေးကြပေ။ နိုင်ငံစုံ လုပ်ငန်းကြီးများတွင် အလုပ်လုပ် ကိုင်ခြင်းကြောင့် အလုပ်သမားများ လစာပိုမို ကောင်းမွန်ကြောင်းတွေ့ရှိခဲ့ရသော်လည်း[69] နိုင်ငံစုံ လုပ်ငန်းကြီးများ၏ ထုတ်လုပ်မှု ဖြစ်စဉ်တွင် တစ်စိတ်တစ်ပိုင်း ပါဝင်ကြသော ပြည်တွင်းလုပ်ငန်းများတွင်မူ လစာအပေါ် ကောင်းကျိုး သက် ရောက်မှုနည်းကြောင်း တွေ့ရှိရသည်။ ပြည်ပမှ ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများသည် လုပ်ငန်းခွင် သာယာရေးဆောင်ရွက်ထားရှိမှု ကွာခြားမည်ဟု ယူဆကြသော်လည်း လက်တွေ့တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပိုမိုသာလွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိ ကြပေ။

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြသော နိုင်ငံစုံလုပ်ငန်းကြီးများ အနေဖြင့် ပြည်တွင်းရှိ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များကို တိကျ စွာ ဆောင်ရွက်နိုင်ခြင်း မရှိကြပေ။ လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေး ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်းမရှိသော ဖွံ့ဖြိုးဆဲနိုင်ငံ များတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော နိုင်ငံစုံလုပ်ငန်းကြီးများအား လူ့အခွင့်အရေးနှင့်အလုပ်သမား အခွင့် အရေး ချိုးဖောက်သည်ဟု စွပ်စွဲကြသည်။ နိုင်ငံစုံ လုပ်ငန်းကြီးများကြောင့် ပြည်တွင်းလုပ်ငန်းများတွင် လူမှု အကျိုး သက်ရောက်မှုအား အဆိုပါနိုင်ငံ၏ ဒေသဆိုင်ရာစံချိန်စံညွှန်းများဖြင့်သာ အကဲဖြတ်သင့်သည်။[70]

65 Chang and Luh, 2000; Liu and others, 2000; Pham, 2008
66 Zhang, 2001
67 Noorbakhsh and others, 2001
68 Velde and Morrissey, 2004
69 OECD, 2008
70 OECD, 2008b

နိုင်ငံစုံလုပ်ငန်းကြီးများ၏ နိုင်ငံခြားရုံးခွဲများတွင် လုပ်ငန်းဆောင်ရွက်နေကြသော ဝန်ထမ်းများ၏ လုပ်ငန်းခွင်အခြေအနေ၊ လစာငွေရရှိမှုတို့နှင့် အဆိုပါရုံးခွဲများတွင် တာဝန်ထမ်းဆောင်မည့်အစား နိုင်ငံစုံ လုပ်ငန်းကြီးများအား ထောက်ပံ့နေသော လုပ်ငန်းများတွင် လုပ်ကိုင်ပါက ရရှိမည့် လုပ်ငန်းခွင် အခြေအနေနှင့် လစာငွေရရှိခြင်းတို့ နှိုင်းယှဉ်ကြည့်ရန်လည်းလိုသည်။ အဆိုပါ နှိုင်းယှဉ်ချက်ကွာခြားမှုသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ရရှိသည့် နိုင်ငံ၏ လုပ်ငန်းခွင်အခြေအနေနှင့် လစာတိုးတက်မှုအတွက်ဖြစ်ကြောင်း မှတ်ယူရမည် ဖြစ်သည်။

ကျွမ်းကျင်မှုအပေါ် အကျိုးသက်ရောက်မှုကို ကြည့်မည်ဆိုပါက ပြည်တွင်းတီထွင်ဆန်းသစ်မှု စနစ်သည် သုတေသနအဖွဲ့အစည်းများ၊ နိုင်ငံစုံလုပ်ငန်းကြီးများနှင့် ပြည်တွင်းလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု ကို ဖြစ်စေသည့်အပြင် ကျွမ်းကျင်မှုကိုလည်း လက်ဆင့်ကမ်းပေးနိုင်သည်။

**Box 2.8. နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှတဆင့် ကျွမ်းကျင်မှုမြင့်မားလာစေခြင်း – ဗီယက်နမ်နိုင်ငံ၏ အတွေ့အကြုံ**

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်လာခြင်းသည် ဗီယက်နမ် စီးပွားရေး ပြောင်းလဲမှုအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စီးပွားရေးပိုမို မြင့်တက်လာမှုနှင့် ဆင်းရဲမှုနှုန်း လျော့ချနိုင်မှုကြောင့် ကျွမ်းကျင် လုပ်သားလိုအပ်မှုလည်း များပြားလာသည်။ နည်းပညာမြင့်မားပြီး ကျွမ်းကျင်မှု လိုအပ်သည့်ကဏ္ဍများတွင် လုပ်သား လိုအပ်မှုကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံခြားကုမ္ပဏီအချို့သည် ကိုယ်ပိုင် လေ့ကျင့်သင်ကြားရေး အစီအစဉ်များကို ပြုလုပ် လာကြသည်။ဥပမာအားဖြင့်–လျှပ်စစ်ကဏ္ဍတွင် Intel အနေဖြင့် ဗီယက်နမ်လုပ်သားများကို အတွေ့အကြုံရှိ ရင့်ကျက် သည့် မန်နေဂျာများမှ လက်တွေ့လုပ်ငန်းခွင်ဝင်၍ သင်ယူနိုင်ရန် အာရှရှိ အခြားနိုင်ငံများသို့ ပေးပို့စေလွှတ်၍ သင်ကြားပေးလျက်ရှိသည်။ အဆိုပါ ကုမ္ပဏီ အနေဖြင့် ကျွမ်းကျင်ဝန်ထမ်း ရရှိနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံတွင် အမေရိကန် တက္ကသိုလ်များ လာရောက်ဖွင့်လှစ်နိုင်ရေး ကြိုတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ Foxconn အနေဖြင့် ဗီယက်နမ်မှ တက္ကသိုလ်ဘွဲ့ရ ၅၀၀ကို အဓိက ရာထူးနေရာများတွင် အလုပ်ခန့် ထားနိုင်ရန် တရုတ် နိုင်ငံသို့ စေလွှတ်၍ သင်ယူစေခဲ့သည်။

ဖူးမိုင် ၃ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ကုမ္ပဏီရှိ ရာထူး တော်တော်များများကို ဗီယက်နမ်နိုင်ငံသားများကို ပြောင်းလဲ ခန့်ထားခဲ့သည်။ ထို့အပြင် အဆိုပါ စက်ရုံကို လည်ပတ် နိုင်မည့်ကွန်ပျူတာစနစ် အသုံးပြုမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနည်းများ၊ လုံခြုံရေး၊ လုပ်ငန်း ခွင်ရှိ အလုပ်သမားများနှင့် ဒေသပတ်ဝန်းကျင် လူထု၏ကျန်းမာရေး အစီအမံများ ဆောင်ရွက်နိုင်ရန်လည်း သင်ကြား ပေးခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်ကြသော ကုမ္ပဏီများထဲတွင် အကြီးဆုံး ရင်းနှီးမြှုပ်နှံ သူ ဖြစ်သည့် Nestle အနေဖြင့် ဒေသခံ ကော်ဖီအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျွမ်းကျင်သူများ ငှားရမ်းပေးပြီး ကော်ဖီစိုက်ပျိုးသူများအား အရည်အသွေးမြင့် ကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကူညီ ဆောင်ရွက်ပေးခဲ့သည်။
***Source: UNCTAD(2011b)***

**Box 2.9. နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှတဆင့် ကျွမ်းကျင်မှုမြင့်မားလာစေခြင်း – စင်ကာပူနိုင်ငံ၏ အတွေ့အကြုံ**

စင်ကာပူနိုင်ငံအနေဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ကျွမ်းကျင်မှု မြင့်မားစေရန် အတွက် ဆောင်ရွက်ခဲ့မှုမှာ အလွန်အောင်မြင်လျက်ရှိသည်။ ဖွံ့ဖြိုးမှု အဆင့်ဆင့်ကို ဆန်းစစ်ကြည့်ရာတွင် စင်ကာပူ နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှု မဟာဗျူဟာနှင့်ကျွမ်းကျင်မှု မြှင့်တင်ရေးမူဝါဒများ ချမှတ်ရာတွင် စံနမူနာပြ ဖြစ်သည်။ စင်ကာပူနိုင်ငံအနေဖြင့် နိုင်ငံ၏လုပ်သားအင်အားလိုအပ်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန် အလေးထား ဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်း၌ ကျွမ်း ကျင်မှုနှင့် ငွေသားအရင်းအနှီးပိုမိုဝင်ရောက်လာအောင် ဆွဲဆောင်နိုင်ရန်အတွက် ပညာရေးနှင့် သင်ကြားရေး အစီ အစဉ် များတွင် ရင်းနှီးမြှုပ်နှံသူများ လိုအပ်သည့် ကျွမ်းကျင်မှုများအပေါ် အလေးထားဆောင်ရွက်လာသည်။ ၁၉၈၀ ခုနှစ် မှ စတင်၍ နည်းပညာနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်ကြားရေးစနစ်များ ပိုမို ကောင်းမွန်လာပြီး တက္ကသိုလ် စနစ်တွင်လည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး ထပ်မံချဲ့ထွင်မှုများ ပြုလုပ်ခဲ့သည်။ ပြည်တွင်းပညာ ရေး စနစ်နှင့် လေ့ကျင့် သင်ကြားရေးကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ ပြည်တွင်း ဝန်ထမ်း များနှင့် ပြည်တွင်းမှ ကုန်ကြမ်းပံ့ပိုးပေးသူများအား ကျမ်းကျင်မှုနှင့် အသိပညာပိုမိုပေးနိုင်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံ သူများကို ပိုမိုဆွဲ ဆောင်ခဲ့သည်။ ထိုကဲ့သို့သော စီးပွားရေး ပြောင်းလဲမှုအပေါ် တုံ့ပြန်မှုများ၊ မူဝါဒများနှင့် ဘက်စုံ ကျွမ်းကျင်မှုများကြောင့် စင်ကာပူနိုင်ငံသည် ကမ္ဘာတွင် အရည်အချင်းအပြည့်ဝဆုံးသော လုပ်သားများရှိရာ နိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ကျယ်ပြန့်သည့် မူဝါဒများဖြင့် ဝန်ထမ်းများအတွက် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးစနစ်များကို စနစ်တကျ ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ကျွမ်းကျင်မှု မြှင့်တင်ရန် အတွက် ဌာန ဆိုင်ရာများနှင့် မူဝါဒဆိုင်ရာ ညှိနှိုင်းရန်အတွက် သုံးပွင့်ဆိုင် ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ အဖွဲ့အစည်း ၃ ခုသည် အလွန်အရေးကြီးသည့် အဖွဲ့အစည်းများဖြစ်ပြီး အမျိုးသားအလုပ်သမားကောင်စီ၊ အသက်မွေး ဝမ်းကြောင်း နှင့် နည်းပညာဆိုင်ရာ ပညာပေးရေးကောင်စီ တို့နှင့်အတူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့အနေဖြင့် လက်ရှိနှင့် အနာဂတ်တွင် လိုအပ်လာမည့် ကျွမ်းကျင်မှုများကို ခန့်မှန်းခြင်းများ ဆောင်ရွက်လာခဲ့သည်။ လုပ်ငန်းများ ပြီးမြောက်စေရန်အတွက် အလုပ်သမားကောင်စီအနေဖြင့် နည်းပညာဆိုင်ရာ ပညာပေးမှုများ ပြုလုပ်နိုင်ရန် ရည်မှန်းချက်များ ချမှတ်၍ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု များ ပြုလုပ်လျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ရှိပြီး လေ့ကျင့် သင်ကြားရေး ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများအနေဖြင့် ရေရှည်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ကုန်သွယ်မှုနှင့်စက်မှု ဝန်ကြီးဌာနအောက်ရှိ ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးမှု အဖွဲ့ (EDB) သည် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ လိုအပ် သည့် ကာလတို ကျွမ်းကျင်မှုကို သတ်မှတ်၍ ဖြည့်ဆည်းပေးရန် လိုအပ်သည်။ အထက်ဖော်ပြပါ အဖွဲ့အစည်း ၃ ခု၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးအကြား ချိတ်ဆက်မှု၊ ဘုတ်အဖွဲ့နှင့် အဖွဲ့ဝင်များ အကြား ချိတ်ဆက်မှုမှ ရရှိမည့် အကျိုးကျေးဇူးများကြောင့် သတင်းအချက်အလက်များ ပုံမှန်ရရှိစေပြီး၊ ကျွမ်းကျင်မှုတိုးတက်စေရန်အတွက် ဘုံ နည်းလမ်းတစ်ခု ရရှိစေမည်ဖြစ်သည်။ ထို့အပြင် အဆိုပါ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုသည် အလုပ်ရှင်၊ အလုပ်သမား သမဂ္ဂနှင့် ပြည်သူ့ဝန်ထမ်းများ စသည့် သုံးပွင့်ဆိုင် အဖွဲ့အစည်း၏ ကျွမ်းကျင်မှု တိုးတက်အောင် ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

*Source: UNCTAD (2011b)*

## (င) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာလွှဲပြောင်းပေးနိုင်မှု

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နည်းပညာလွှဲပြောင်းပေးခြင်းသည် ပိုမိုရှုပ်ထွေးလျက်ရှိပြီးရရှိမည့် အကျိုးကျေးဇူးများမှာလည်း ရောထွေးလျက်ရှိသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ အောက်ပါအတိုင်း နည်းပညာ လွှဲပြောင်းပေးနိုင်မည် ဖြစ်သည်-

- ပြည်တွင်းလုပ်ငန်းများအနေဖြင့် နိုင်ငံစုံလုပ်ငန်းကြီးများထံမှ လေ့လာသင်ယူခြင်းနှင့် တုပခြင်းအားဖြင့် သင်ယူလာခြင်း။

- ဝန်ထမ်းများသည် နိုင်ငံစုံလုပ်ငန်းကြီးများမှ အလုပ်ထွက်၍ ပြည်တွင်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လာကြခြင်း။

- နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အတွက် ကြားဝင်ဆောင်ရွက်ပေးသူများ၊ စာရင်းအင်းလုပ်ငန်းများ၊ အကြံပေးကုမ္ပဏီများနှင့် အခြားအသက်မွေး ဝမ်းကြောင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုကို တွန်းအားဖြစ်စေသကဲ့သို့ ပြည်တွင်းလုပ်ငန်းများလည်း အဆိုပါလုပ်ငန်းများတွင် လုပ်ကိုင်နိုင်အောင် တွန်းအားပေးနိုင်သည်။

နည်းပညာလွှဲပြောင်းခြင်းအား လုပ်ငန်းများ ဖက်စပ်ဆောင်ရွက်ခြင်းမှတစ်ဆင့် အကောင်းဆုံး ရရှိနိုင်သည့် နည်းလမ်းအဖြစ် မှတ်ယူကြသည်။ ဖက်စပ်လုပ်ငန်း ဆောင်ရွက်ခြင်းမှ နည်းပညာပိုမို လွှဲပြောင်း နိုင်ခြင်းနှင့် နည်းပညာအသစ်ရရှိခြင်းတို့ထက် နိုင်ငံခြား ရုံးခွဲမှတစ်ဆင့် နည်းပညာပိုမို လွှဲပြောင်းနိုင်ခြင်းနှင့် နည်းပညာအသစ်ပိုမို ရရှိကြသည်။ သို့သော်လည်း မိခင်ကုမ္ပဏီမှ ရာခိုင်နှုန်းပြည့် ထည့်ဝင်၍ ရုံးခွဲထားရှိ ဆောင်ရွက်သည့်လုပ်ငန်းများအနေဖြင့် မိမိတို့ ကုမ္ပဏီရုံးခွဲ အတွင်း၌သာ နည်းပညာဖြန့်ဝေပေးခြင်းဖြစ်သည့်အတွက် ပြည်တွင်းသို့ နည်းပညာ ဖြန့်ဝေနိုင်ခြင်း မရှိသည်ကိုလည်း တွေ့ရှိရသည်။ နည်းပညာရယူသုံးစွဲနိုင်မှုမှာ ပြည်တွင်းလုပ်ငန်းများနှင့် ဒေသတွင်းရုံးခွဲများအတွက်မူ တန်ဖိုးတစ်ခုဖြစ်ပြီး နည်းပညာလွှဲပြောင်းမှုကို လက်တွေ့ အသုံးချဆောင်ရွက်ခြင်းမှတစ်ဆင့် နည်းပညာပြန့်ပွားစေသည့် အကျိုးကျေးဇူးများလည်း ရရှိ နိုင်သည်။[71]

သို့သော် လက်တွေ့တွင် ထိထိရောက်ရောက်နည်းပညာဖြန့်ဝေပေးနိုင်ရန် မလွယ်ကူ ပေ။ ထို့အပြင် နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် နည်းပညာအဟောင်းများကိုသာ လွှဲပြောင်းပေးခြင်း၊ အသိဉာဏ်ဆိုင်ရာပစ္စည်းများအတွက် အကာအကွယ်ပေးထားခြင်း မရှိသည့်အတွက် နည်းပညာ လွှဲပြောင်းပေးလိုမှု မရှိခြင်း ကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နည်းပညာကို ထိရောက်စွာနှင့် အကျိုးရှိစွာ ရယူသုံးစွဲ နိုင်စွမ်း မရှိသည်ကိုတော့ တွေ့ရှိရသည်။ ထိုအချက်များသည် ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများသို့ နည်းပညာလွှဲပြောင်း ရာတွင် အခက်အခဲဖြစ်လာသည်။ အကောင်းဘက်မှ ကြည့်မည် ဆိုပါက ကမ္ဘာတစ်ဝန်း ထုတ်လုပ်မှုဖြစ်စဉ် မြင့်တက်လာသည်နှင့်အမျှ နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် ပြည်ပတွင် ထိရောက်သည့် ထုတ်လုပ်မှုစနစ် တည်ဆောက်နိုင်ရန် နည်းလမ်းတစ်ရပ်အနေဖြင့် ပြည်တွင်းထောက်ပံ့သူများကို နည်းပညာအကူအညီ ပေးလာကြသည်။

[71] Wahab and others, 2012

နည်းပညာ မြင့်မားလာသည်နှင့်အမျှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အကျိုးဖြစ်ထွန်းစေမည့် ဈေးနှုန်းကျဆင်းမှုနှင့်အတူ ယှဉ်ပြိုင်မှုလည်း မြင့်မားလာသည်။[72] နိုင်ငံစုံလုပ်ငန်းကြီးများမှ နည်းပညာများ ထိရောက်စွာ လွှဲပြောင်းပေးနိုင်ကြောင်း အထောက်အထား ခိုင်မာပြီး ဖြစ်ပါသည်။ သို့သော် အဆိုပါ အချက်သည် ရောထွေးလျက်ရှိပြီး ပြည်တွင်းမှ နည်းပညာရယူနိုင်စွမ်းအပေါ်လည်း မူတည်လျက်ရှိပါသည်။

ပြည်တွင်း စွမ်းဆောင်ရည်မြင့်တက်လာခြင်း၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ယှဉ်ပြိုင်မှု မြင့်မားလာခြင်းနှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် နည်းပညာလွှဲပြောင်းမှုကို ဖြစ်စေသည်။ ဥပမာ- အင်ဒိုနီးရှားနိုင်ငံ၏ အခြေအနေကို ကြည့်ပါက ပြည်တွင်း လုပ်ငန်းများအတွက် ထုတ်လုပ်မှုတိုးတက်စေခြင်း၊ နည်းပညာတိုးတက်မှုကြောင့် ပြည်သူလူထုအသိဉာဏ်တိုးတက်ခြင်းမှတစ်ဆင့် လူမှုအကျိုးစီးပွား ပိုမိုတိုးတက်စေနိုင်ပါသည်။ အစိုးရအနေဖြင့် ပြည်တွင်းလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား အားပေးသင့်သည်။ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုမှ တစ်ဆင့် နည်းပညာ လွှဲပြောင်းမှုကြောင့် အောင်မြင်မှုမှာ ပြည်တွင်းမှ ဖက်စပ်ဆောင်ရွက်မည့် လုပ်ငန်း၏ စွမ်းဆောင်ရည်ပေါ် မူတည်သည်။ ထိုသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ နည်းပညာ လွှဲပြောင်းမှုမှာ အလိုအလျောက် ရရှိနိုင်မည် မဟုတ်ပါ။ အစိုးရအနေဖြင့် ပြည်တွင်း နည်းပညာ စွမ်းရည် တိုးတက်စေရန်အတွက် ကောင်းမွန်သော ပညာရေးစနစ်၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၊ နည်းပညာကျွမ်းကျင်မှု သင်ယူမှု တိုးတက်စေနိုင်သည့် အစိုးရ မူဝါဒများ၊ ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းမူပိုင်ခွင့်၊ ဆန်းသစ်တီထွင်မှုများ ဆောင်ရွက် နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရန် လိုအပ်သည်။[73] အာဆီယံဒေသတွင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ နည်းပညာလွှဲပြောင်းပေးနိုင်မှုတွင် စင်ကာပူနိုင်ငံအနေဖြင့် အအောင်မြင်ဆုံး ဖြစ်သည်။ အထူးသဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားရခြင်းမှာ အစိုးရ၏ လျှင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်မှု၊ စွမ်းဆောင်ရည်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှု တို့ကြောင့် ဖြစ်သည်။ ထို့အပြင် အသိဉာဏ် ပစ္စည်းဆိုင်ရာ အခွင့်အရေး ကာကွယ်ခြင်းသည်လည်း အထူးအရေးပါလျက် ရှိသည်။

[72] Pack and Saggi, 2001
[73] Lall, 2003

**Box 2.10. နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှတဆင့် နည်းပညာလွှဲပြောင်းပေးနိုင်ခြင်း – မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ အတွေ့အကြုံ**

မလေးရှားနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ လုပ်ငန်းအမျိုးအစားဟု အချင်းချင်း နည်းပညာလွှဲပြောင်းနိုင်ခဲ့သော အောင်မြင်သော အကောင်းဆုံး ဥပမာတစ်ခုဖြစ်သည်။ ၁၉၉၀ ခုနှစ်မှ စ၍ မလေးရှားအစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ၎င်းတို့၏ စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အားပေးခဲ့ပြီး နိုင်ငံစုလုပ်ငန်းကြီးများအနေဖြင့် နည်းပညာမြင့် စက်မှုလုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် စက်မှုမူဝါဒများ ချမှတ်ခဲ့သည်။ မလေးရှားနိုင်ငံအနေဖြင့် ၂၀၀၀ ခုနှစ်နောက်ပိုင်း ကမ္ဘာ့စီးပွားရေးကပ်ဆိုက်ပြီးချိန်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆွဲဆောင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီ ဖြစ်သည်။ ၂၀၁၀ ခုနှစ်မှစ၍ နှစ်စဉ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ ပျမ်းမျှ အားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိခဲ့ပြီး အာဆီယံနိုင်ငံများသို့ စီးဝင်ခဲ့သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် စက်မှုကဏ္ဍတွင် အများဆုံးစီးဝင်ခဲ့ပြီး ပြည်တွင်းဈေးကွက်ရှိ တန်ဖိုးကြီးကုန်စည်နှင့် ထုတ်လုပ်မှု လုပ်ငန်းများ၏ အရေအတွက်နှင့် အရည် အသွေးပါ တိုးတက်စေခဲ့သည်။ မလေးရှားနိုင်ငံရှိ စက်မှုလုပ်ငန်းများမှ အချင်းချင်း နည်းပညာလွှဲပြောင်းပေးခြင်းအားဖြင့် စက်ပစ္စည်းများနှင့် ကုန်စည်များ အဆင့်မြင့် လာစေပြီး ပြည်တွင်းလုပ်သားများ၏ ထုတ်လုပ်မှုစွမ်းရည်ကိုလည်း တိုးတက်စေခဲ့သည်။

ထိုင်းနိုင်ငံသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ခိုင်မာစေရန်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အကောင်းဆုံး အသုံးပြုခဲ့သည့် စံနမူနာဖြစ်သည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ထိုင်းနိုင်ငံတွင် နည်းပညာလွှဲပြောင်းနိုင်ရန် အတွက် အဓိကအရင်းအမြစ် ဖြစ်လာသည်။ ၂၀၀၀ခုနှစ်မှ စတင်၍ ထိုင်းနိုင်ငံရှိ မော်တော်ယာဉ် ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများသည် နည်းပညာပိုမိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်လာ ကြသည်။ ထိုကဲ့သို့ ပြောင်းလဲလာခြင်းမှာ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများချဲ့ထွင်လာပြီး ထိုင်းနိုင်ငံသို့ နည်း ပညာ လွှဲပြောင်းပေးခြင်းကြောင့် ဖြစ်သည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံသည် ထိုင်းနိုင်ငံတွင် အဓိက ရင်းနှီးမြှုပ်နှံသူဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။ တိုယိုတာနှင့်ဟွန်ဒါကဲ့သို့သော ဂျပန် ကုမ္ပဏီများသည် ထိုင်းနိုင်ငံတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာများ ဖွင့်လှစ်ကာ အင်ဂျင်နီယာများနှင့် နည်းပညာပညာရှင်များအား သင်ကြားမှုများ ပြုလုပ် ပေးခဲ့သည်။ ဂျပန်ကုမ္ပဏီများမှ ထိုင်းအလုပ်သမားများသို့ စက်ပစ္စည်း တပ်ဆင်ခြင်း၊ လည်ပတ်ခြင်းနှင့် ထိန်းသိမ်းခြင်းမှသည် အရည်အသွေးထိန်းသိမ်းနိုင်သည်အထိ နည်းပညာများလွှဲပြောင်းသင်ကြားပေးခဲ့သည်။ သို့သော် ဒေသတွင်း နည်းပညာစွမ်းရည် မြှင့်တင်ပေးနိုင်ခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်မှုအရည်အသွေးများမြှင့်တင်ရန် အတွက် မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် နည်းပညာ လွှဲပြောင်းပေးနိုင်မှု အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ထိုင်းနိုင်ငံတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ မူဝါဒများမှာ ပြည့်စုံမှုမရှိခြင်း၊ အင်ဂျင်နီယာများ နည်းပါးခြင်းနှင့် ထိုင်းလုပ်ငန်းငယ်များ၏ နည်းပညာစွမ်းရည် မရှိခြင်းတို့သည် ထိုင်းနိုင်ငံကို အခြားသော အာဆီယံနိုင်ငံများနှင့် အမှီလိုက်နိုင်ရန် အတွက် အဟန့်အတားဖြစ်စေသည်။

ကျွမ်းကျင်မှုနှင့် အခြေခံအဆောက်အဦ မရှိခြင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်း၊ လာဘ်ပေး လာဘ်ယူမှုမြင့်မားခြင်း၊ ဘဏ္ဍာရေးကဏ္ဍတွင် ဖွံ့ဖြိုးမှုနည်းသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန်အတွက် စိန်ခေါ်မှုကို ဖြစ်စေသည်။ သဘာဝသယံဇာတ ကြွယ်ဝသောနိုင်ငံများ အနေ

ဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သော်လည်း အစိုးရ၏ အုပ်ချုပ်မှုစနစ် ကောင်း မွန်မှု မရှိခြင်းနှင့် လာဘ်ပေးလာဘ်ယူနှုန်း မြင့်မားခြင်းတို့ရှိသည့် နိုင်ငံများအတွက် သဘာဝသယံဇာတကြွယ်ဝမှုသည် ပိုမိုဆိုးရွားမှုကို ဖြစ်စေသည်။ သဘာဝ သယံဇာတများ တူးဖော်ထုတ်လုပ်သည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုများသည် အရင်းအနှီး ကြီးမားကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင် ပေးနိုင်ခြင်း မရှိပေ။ လူဦးရေများပြားသော်လည်း ဝယ်နိုင်စွမ်းအားနည်းသည့် ထိုကဲ့သို့ နိုင်ငံမျိုးသည် market-seeking FDI ကို ဆွဲဆောင်နိုင်မည် မဟုတ်ပေ။ ထိုကဲ့သို့ နိုင်ငံမျိုးတွင် လုပ်အားခနှုန်း နည်းပါးမှုမှသာ efficiency-seeking FDI ကို ဆွဲဆောင်နိုင်မည် ဖြစ်သည်။ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ကဲ့သို့သော လုပ်သားအခြေပြု ဆောင်ရွက် ရသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ဝင်ငွေ ရရှိရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရန်အတွက် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့သော် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများတွင် ကျွမ်းကျင်မှု မရှိသော လုပ်သားများထက် အတော်အသင့် ကျွမ်းကျင်မှုနှင့် ကျွမ်းကျင် ဝန်ထမ်းများ ပိုမိုလိုအပ်ကြသည်။

## ၃။ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ရောက်မှု- လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အမြင်

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏သက်ရောက်မှုမှာ ကောင်း မွန်လျက်ရှိသော်လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ အပေါ် သက်ရောက်မှုအား သေချာစွာ စဉ်းစားရန် လိုအပ်ပေသည်။ ဥပမာအားဖြင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမှု သည် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးပြီး အခွန်ဝင်ငွေ တိုးတက်စေသော်လည်း ဆိုးကျိုးများ ကိုလည်း ဖြစ်ပေါ်စေသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကြောင့် ဝင်ငွေမညီမျှမှုကို လျော့နည်းစေမည် မဟုတ်ဘဲ လက်တွေ့တွင် ပိုမို၍တိုးတက်လာစေသည်။ ထို့အပြင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေသည်။ ယှဉ်ပြိုင်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် လစာငွေကို အနည်းဆုံး သတ်မှတ်ထားချိန်တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများ၏ ဆိုးကျိုး များဖြစ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်ကျဆင်းခြင်း၊ အလုပ်သမားများနှင့် ပတ်သက်၍ စံချိန်စံညွှန်း မမီ ခြင်း၊ လုပ်ငန်းခွင်သာယာရေး ဆောင်ရွက်ပေးမှု မရှိခြင်း၊ ကလေးလုပ်သားများ ခေါင်းပုံဖြတ်ခြင်းတို့သည် စီးပွား ရေးဆိုင်ရာ အကျိုးကျေးဇူးများကို လျော့ကျစေသည်။[74] အထူးသဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန် ယှဉ်ပြိုင်လာချိန်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းနှင့် မက်လုံးများပေးခြင်းတို့သည် အခွန်ရငွေအပေါ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ကောင်းကျိုးသက်ရောက်မှုကို လျော့ကျစေသည်။[75]

[74] Fortanier and Maher, 2001
[75] Morisset, 2003; Abbas and others, 2012; Olney, 2013

## (က) ဆင်းရဲမှု လျှော့ချရေးအပေါ် အကျိုးသက်ရောက်စေမှု

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင်ဖန်တီးပေးပြီး ဝင်ငွေရရှိစေ ခြင်းမှ ဆင်းရဲမှု လျှော့ချနိုင်ကြောင်း ယေဘုယျအားဖြင့် နားလည်ကြသည်။ ထို့အပြင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေပြီး ဆင်းရဲမှု လျှော့ချနိုင်သည်။ အာရှနှင့် ပစိဖိတ်နိုင်ငံများတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ ပေးပြီး စီးပွားရေးအခွင့်အလမ်း ဖော်ဆောင်ပေးမှုသည် ဆင်းရဲမှု လျှော့ချရေးနှင့် စီးပွားရေးတိုးတက်မှုကို ဖြစ်စေသည်။ 76 သို့သော် ဆင်းရဲမှုသည် ဒေသတွင်းတွင် ပြဿနာတစ်ရပ်ဖြစ်နေဆဲပင် ဖြစ်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပိုမိုပါဝင်စေရန် အခွင့်အလမ်းများ ဖြစ်စေသည်။77

နိုင်ငံစုံလုပ်ငန်း အမျိုးမျိုး၏ ထောက်ပံ့ပို့ဆောင်မှု စနစ်အပေါ် အလုပ်သမားများ၏ တင်ပြချက်သည် အလုံးစုံဖွံ့ဖြိုးတိုးတက်မှုအပေါ် နိုင်ငံစုံလုပ်ငန်းကြီးများ၏ အကျိုးသက်ရောက်မှုအား မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ၂၀၁၃ ခုနှစ်က ဘင်္ဂလားဒေ့ရှ်ရှိ ရာနာပလာဇာတွင် ဖြစ်ပွားခဲ့သော ကိစ္စမှာ အသင့်ချုပ်လုပ်သည့် အထည်များ ထောက်ပံ့သည့် စနစ်တွင် လုပ်ငန်းခွင် အဆင့်အတန်း လျှော့ကျခြင်းကြောင့် ဖြစ်သည်။ အဆိုပါ ကုမ္ပဏီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းမဟုတ်သော်လည်း နိုင်ငံစုံလုပ်ငန်းကြီးများမှ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ကုန်အမှတ်တံဆိပ် ထုတ်လုပ်လျက်ရှိသည်။ ထို့ကဲ့သို့ဖြစ်ပေါ်ခဲ့ခြင်းမှာ ဘင်္ဂလားဒေ့ရှ် အစိုးရအနေဖြင့် နိုင်ငံတော်အတွင်း အဆောက်အဦ တည်ဆောက်မှုဆိုင်ရာ စံချိန် သတ်မှတ်ချက်များကို လက်တွေ့ဆောင်ရွက်ရန် တွန်းအားပေးနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။ နိုင်ငံစုံလုပ်ငန်းကြီးများအနေဖြင့် ယေဘုယျအားဖြင့် လစာအမြောက်အများ ပေးသည့်အပြင် ပြည်တွင်းကုမ္ပဏီများထက် လုပ်ငန်းခွင် သာယာအောင် ပိုမိုဖန်တီးပေးကြသည်။ ထိုသို့ ဖန်တီးပေးနိုင်ရန်မှာ ပြည်တွင်းရှိ TNCs များအပေါ်တွင်လည်း မူတည်သည်။ တရုတ်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ TNCs များသည် တာဝန်ယူမှု မရှိကြကြောင်း ကျော်ကြားကြသော်လည်း အဆိုပါ ကိစ္စသည် တစ်စတစ်စပြောင်းလဲလာပြီ ဖြစ်သည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် "growth enhancing effect" ကို ဖြစ် စေသော်လည်း "distribution effect" ဖြစ်စေမှုမှာ နည်းနေဆဲပင်ဖြစ်သည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ဆင်းရဲမှု လျှော့ချရေးအကြား တိုက်ရိုက်ချိတ်ဆက်မှုကိုတော့ မတွေ့ရပေ။ TNCs များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အကြား ပြည်တွင်း မူဝါဒရွေးချယ်မှုကို ပျက်စီးစေခြင်း၊ လစာငွေ အနည်းဆုံး ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက် (သို့မဟုတ်) နှစ်ဦးသဘောတူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက် များမှ အချက်များကို ချိုးဖောက်ခြင်းဖြင့် အစိုးရ၏ ဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် စိန်ခေါ်လာ ခြင်းနှင့် ဈေးကွက်စွမ်းအားများကို လွဲမှားစွာ အသုံးပြုလာကြသည်။ ပြည်တွင်း ကုမ္ပဏီများထက် လစာငွေ ပိုမိုပေးခြင်းနှင့် ကျွမ်းကျင်မှုလိုအပ်သည့် ကဏ္ဍများတွင် လစာကောင်းကောင်း ပေးခြင်းစသည့် TNCs များ ၏ ကောင်းကျိုးများလည်း ရှိသည်။78

ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ၏ မူဝါဒများ၊ လူမှုရေးဆိုင်ရာနှင့် အလုပ်သမား ဥပဒေများ၊ ဥပဒေ အကျိုး သက်ရောက်မှု၊ အဖွဲ့အစည်း၊ မူဝါဒ၊ လုပ်သားဈေးကွက်၏ စွမ်းရည်၊ စီးပွားရေးဝန်းကျင်၊ ရင်းနှီး

[76] ESCAP, 2009
[77] ESCAP, 2013
[78] Moran, 2015

မြှုပ်နှံမှု၊ အထူးသဖြင့် လူမှုစီးပွားတာဝန်ယူမှုဆိုင်ရာ စည်းမျဉ်းများကို လက်တွေ့ ဆောင်ရွက်မှု၊ နိုင်ငံစုံ လုပ်ငန်းများမှ ၄င်းတို့လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံများတွင် တာဝန်ယူမှုရှိသော စီးပွားရေးစနစ် ကျင့်သုံးမှု စသည့် အချက်များပေါ်တွင် ဆင်းရဲမှုအပေါ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုသည် များစွာ မူတည်လျက်ရှိသည်။

## (ခ) ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုသည် ရောထွေးလျက်ရှိပြီး ခြုံငုံကြည့်ပါက နိုင်ငံစုံလုပ်ငန်းကြီးများသည် ဖွံ့ဖြိုးဆဲ နိုင်ငံအများစု၏ စီးပွားရေးတိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေသည့်အတွက် လေထုညစ်ညမ်းမှုနှင့် အခြား ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေသည့် သစ်တောပြုန်းတီးခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲဆုံးရှုံးခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ အလွန်အကျွံထုတ်လွှတ်ခြင်းတို့သည် မပြောပလောက်တော့ပေ။ အထူးသဖြင့် သတ္တုနှင့်သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်သည့် ကဏ္ဍများတွင် ကောင်းကျိုးနှင့်ဆိုးကျိုးဒွန်တွဲ လျက်ရှိသည်။ ပတ်ဝန်းကျင်အပေါ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုမှ သက်ရောက် မှုအပေါ် အချေအတင်ပြောဆိုကြရာတွင် "pollution havens" ဟုခေါ်သည့် ပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း တင်းကျပ်မှု မရှိသည့်နိုင်ငံများတွင် TNCs များသည် ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုမရှိသည့် စနစ်များ ကျင့်သုံးလာ နိုင်သည်ဟု ယူဆကြသည်။ ထိုယူဆချက် မှန်ကန်ကြောင်းလည်း သက်သေအခိုင်အမာ ပြထားပြီး ဖြစ်သည်။[79] သဘာဝနှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုများကြောင့် ကုန်ကျခဲ့သည့် ကုန်ကျစရိတ်များက နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကြောင့် ရရှိလာသည့် အကျိုးကျေးဇူး ဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လျော့ကျစေသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု၏ အကျိုး သက်ရောက်မှု များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိသည့် အသိုက်အဝန်းနှင့် နိုင်ငံတွင်ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်လွယ်သည့် ကဏ္ဍများတွင် ရောထွေး လျက်ရှိသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဆက်စပ်လျှက်ရှိကြောင်း မလေးရှားနိုင်ငံတွင်တွေ့ရသည်။[80] တရုတ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် လေ့လာတွေ့ရှိချက်အရ တင်းကြပ် သည့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပေါ် ဆိုးကျိုးသက်ရောက် စေကြောင်းလည်း အထောက်အထားများ တွေ့ရှိခဲ့ပြီး ဖြစ်သည်။[81]

TNCs အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် နိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများအပေါ် ဆိုးကျိုးသက်ရောက်မှု ကွာခြားမှုသည် လာဘ်ပေးလာဘ်ယူမှုနှုန်းပေါ် မူတည်၍ ကွာခြားနိုင်မည်ဖြစ်သည်။ ပတ်ဝန်းကျင်အပေါ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ သက်ရောက်မှုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိသည့် နိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် ချိတ်ဆက်လျှက်ရှိသည်။[82] တစ်နည်းအားဖြင့်ဆိုသော် ဖွံ့ဖြိုးမှု အဆင့်မြင့် လာသည်နှင့်အမျှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုအနေဖြင့် ပတ်ဝန်းကျင် အပေါ် ဆိုးကျိုး သက်ရောက်မှုနှုန်း နည်းလေလေဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာမူ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကောင်းမွန်သော ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ ရှိခြင်းတို့ကြောင့် ဖြစ်သည်။ ထိုတွေ့ရှိချက်ကို

---

[79] Mabey and McNally, 1999
[80] Hitam and Borhan, 2012
[81] Zhang and Fu, 2008
[82] Hoffmann and others, 2005

အာဆီယံနိုင်ငံများ၏ ပတ်ဝန်းကျင်အပေါ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏သက်ရောက်မှုကို သုံးသပ် ချက်ကလည်း ထောက်ခံထားပြီး ဖြစ်သည်။83 ထိုတွေ့ရှိ ချက်အရ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုကြောင့် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်စေကြောင်းနှင့် စင်ကာပူနိုင်ငံတွင် လေထုညစ်ညမ်းမှု မဖြစ်စေကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောပြုန်းတီးခြင်းကဲ့သို့ ပတ်ဝန်းကျင် ထိခိုက်သည့် ကိစ္စရပ်များ ထည့်သွင်းထားခြင်းမရှိပါက နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် သက်ရောက်မှုမရှိကြောင်း တွေ့ရှိရသည်။

အခြားတစ်ဖက်မှ ကြည့်မည်ဆိုပါက တရုတ်နိုင်ငံတွင် ပတ်ဝန်းကျင်အပေါ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ ကောင်းကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရသည်။84 ထို့အပြင် ကုန်သွယ်မှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပတ်ဝန်းကျင်အပေါ် ကောင်းကျိုးသက်ရောက်စေနိုင်သည်။ TNCs များသည် လုပ်ငန်းဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်းသို့ မြင့်မားသည့်နည်းပညာများ ယူဆောင်လာခြင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်းနှင့် စွမ်းအင်ထိ ရောက်စွာ အသုံးပြုခြင်းတို့ဖြင့် ပြည်တွင်း လုပ်ငန်းများအပေါ် လေထုညစ်ညမ်းမှုနှင့် စွမ်းဆောင်ရည်ကျဆင်းမှုအား လျော့နည်းစေသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်စေချိန်တွင် ပတ်ဝန်းကျင်ဆိုင်ရာ စံသတ်မှတ်ချက်များ၊ ပိုမိုတင်းကြပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများနှင့် အစိုးရ မှ ထိရောက်စွာ အရေးယူမှုစနစ်များ ကျင့်သုံးစေရန် တောင်းဆိုလာမည် ဖြစ်သည်။

လေ့လာတွေ့ရှိချက်များအရ “pollution haven hypothesis” အတွက် ခိုင်မာသည့် အထောက်အထားများ မတွေ့ရှိရပေ။ သို့သော် သတ္တုတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်း တို့ကဲ့သို့သော ပတ်ဝန်းကျင် ထိခိုက်စေသည့် လုပ်ငန်းများတွင် ဆောင်ရွက်သည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ချိတ်ဆက်လျက်ရှိကြောင်း တွေ့ရှိရသည်။ အခြားတစ်ဖက်မှကြည့်လျှင် TNCs များအနေဖြင့် ပြည်တွင်း ကုမ္ပဏီများထက် ပိုမိုကောင်းမွန်သော နည်းပညာနှင့် ပိုမိုသန့်ရှင်းမှုများ ယူဆောင်နိုင်ကြသည်။ ထိုအချက်မှာ TNCs လက်ခံသည့် နိုင်ငံများအနေဖြင့် ပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းရေး၏ အရေးပါမှုအပေါ် အလေးထားမှုနှင့် လိုက်နာဆောင်ရွက်မှုတို့အပြင် ၎င်းတို့လုပ်ငန်းများ ပြည်ပတွင်ဆောင်ရွက်ပါက လက်ခံသည့်နိုင်ငံများ အနေ ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည့်အတွက် ပတ်ဝန်းကျင်ရေရှည် တည်တံ့မှုထက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအလေးထား၍ ဆောင်ရွက်သည့် နိုင်ငံ ဟုတ်၊ မဟုတ်ပေါ်မူတည်၍ ကွာခြားနိုင်မည် ဖြစ်သည်။

[83] Merican and others, 2007
[84] Liang, 2006

## Box 2.11. တရုတ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အပေါ် အကျိုးသက်ရောက်မှု

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲကမ္ဘာ့ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာဒေသတစ်ခု သာမက နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ လျင်မြန်စွာ စီးထွက်လျက်ရှိသည့် နိုင်ငံတစ်ခုလည်း ဖြစ်ပါသည်။ ပို့ကုန် တင်ပို့မှု မြင့်မားမှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ၁၉၉၇ ခုနှစ် အာရှငွေကြေး ဂယက်ရိုက်ခတ်မှုမှ ထိန်းချုပ်နိုင်ရန်၊ နိုင်ငံခြားအရန် ရန်ပုံငွေ လိုအပ်မှုကို ကူညီပေးနိုင်ရန် အတွက် အစိုးရအနေဖြင့် ၂၀၀၀ ခုနှစ် အစောပိုင်းကပင် "going out" မူဝါဒကို ချမှတ်ခဲ့သည်။ ထိုမူဝါဒကြောင့်ပင် တရုတ်နိုင်ငံ၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးထွက်မှုမှာ အဆမတန် မြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် သဘာဝသယံဇာတနှင့် သတ္တု စသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြသည်။ တရုတ်နိုင်ငံ၏ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးထွက်မှု၏ ရာခိုင်နှုန်း တော်တော်များများမှာ သဘာဝသယံဇာတ ထုတ်လုပ်သော လုပ်ငန်းများတွင် ဖြစ်သည်။ တရုတ်နိုင်ငံ၏ အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး ကျဆင်းနေသော်လည်း တရုတ်ကုမ္ပဏီများသည် အနောက်နိုင်ငံရှိ ကုမ္ပဏီ များထက် ကမ္ဘာ့ စီးပွားရေး ကျဆင်းမှုကို ပိုမိုကိုင်တွယ်နိုင်စွမ်းရှိကြသည်။ တရုတ်အစိုးရ အနေဖြင့် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများကို အတန်အသင့် အကာအကွယ် ပေးထား သဖြင့် တရုတ်နိုင်ငံရှိ လုပ်ငန်းများမှာ ပိုမိုခံနိုင်ရည် ရှိကြသည်။

ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးပြီး နိုင်ငံများမှ တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ကောင်းမွန်သော အုပ်ချုပ်မှု စနစ်ကို လိုက်နာခြင်း၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ် ပေးခြင်းစသည့် ကမ္ဘာ့စံများကို လိုက်နာမှု အားနည်း ကြောင်း အကြံပြုထားသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ၎င်းတို့အနေဖြင့် နိုင်ငံတကာ အတွေ့အကြုံ အားနည်းခြင်း၊ စွမ်းအင် နှင့် သတ္တုကဏ္ဍတို့တွင် ဆောင်ရွက်ထားသည့် ပြည်ပရင်းနှီးမြှုပ်နှံမှု ကြီးများနှင့်စပ်လျဉ်း၍ လုံခြုံရေးဆိုင်ရာ ကိစ္စရပ် များအား ရှင်းလင်းစွာ သိရှိမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။ ပြည်ပနိုင်ငံများတွင် လည်ပတ်နေသော တရုတ် လုပ်ငန်း များသည် ရင်းနှီးမြှုပ်နှံမှု လက်ခံသောနိုင်ငံ၏ စည်းမျဉ်းများနှင့် ဆောင်ရွက်ရသဖြင့် အထူးသတိထား ဆောင်ရွက်ရန် လိုသည်။ အဆိုပါ အခြေအနေသည် အုပ်ချုပ်မှုစနစ်၊ လူ့အခွင့်အရေး အကာအကွယ်ပေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ အားနည်းသော နိုင်ငံများ၏ ပြည်တွင်းရေးကို ပိုမိုဆိုးရွားစေသည်။ သဘာဝဓာတ်ငွေ့နှင့် စပ်လျဉ်း၍ အကြီးအကျယ် ပဋိပက္ခ ဖြစ်ခဲ့သည့် မြန်မာနိုင်ငံ၊ စက္ကူပျော့ဖတ်ထုတ်လုပ်ရန် စိုက်ပျိုးရေး လုပ်ကိုင်ခြင်း နှင့် စက်သုံးဆီ ထုတ်လုပ်ခြင်းကြောင့် အင်ဒိုနီးရှားတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများနှင့် အာဖရိကတွင် တရုတ်နိုင်ငံ၏ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမည့် လုပ်ငန်းများတွင် လာဘ်ပေးလာဘ်ယူ မှုများ စသည်တို့သည် ရင်းနှီးမြှုပ်နှံမှု လက်ခံသည့်နိုင်ငံကို အကျိုးကျေးဇူးမရရှိစေဘဲ ၎င်းတို့အတွက်သာ ကိုယ်ကျိုးဆောင်ရွက်ထားကြောင်း တွေ့ရှိရသည်။

သို့သော် အဆိုပါအခြေအနေမှာ ကောင်းမွန်လာပြီး အချို့သော တရုတ်ကုမ္ပဏီများမှာ တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ရန် ကြိုးပမ်းလျက်ရှိသည်။ သဘာဝ သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရေး စောင့်ကြည့်အဖွဲ့၏ နိုင်ငံတကာအတွင်းရေးမှူးမှ EITI အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်း များတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက် နေကြသော တရုတ်ကုမ္ပဏီများသည် အခြားသော ကုမ္ပဏီများနည်းတူ ပွင့်လင်း မြင်သာမှုများ ရှိလာပြီဖြစ်သည်။ မွန်ဂိုလီးယား အပါအဝင် အာဖရိက နှင့် အာရှနိုင်ငံတော်တော်များများတွင် တရုတ် ကုမ္ပဏီအများစုသည် ၎င်းတို့ကုမ္ပဏီ၏ ပိုင်ရှင် အစစ်အမှန်များနှင့်ရရှိသည့် အကျိုးအမြတ်များစသည့် အချက်အလက် အချို့ကို စတင် ထုတ်ဖော်လာပြီ ဖြစ်သည်။

အခြားနိုင်ငံများတွင် သတ္တုလုပ်ငန်းများလုပ်ဆောင်ရာတွင် တရုတ်ကုမ္ပဏီများ လိုက်နာရန်အတွက် လူမှုရေး ဆိုင်ရာ တာဝန်ယူမှုရှိရန်အတွက် လမ်းညွှန်ချက်များကို ထုတ် ပြန်ထားသည်။ အဆိုပါ လမ်းညွှန်ချက်တွင် အလုပ်

သမားနှင့် ပတ်ဝန်းကျင် အကာအကွယ် ပေးမှုဆိုင်ရာ စံသတ်မှတ်ချက်များ၊ ပတ်ဝန်းကျင်လူထုမှ ပူးပေါင်းပါဝင်လာစေရန်နှင့် ထောက်ပံ့ ပို့ဆောင်ရေးရပ်ဝန်းတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲများအတွက် လမ်းညွှန်ချက်များ ပါဝင်သည်။ အခြားကဏ္ဍများတွင်လည်း တာဝန်ယူမှုရှိသော လူမှုစီးပွားရေးစနစ်များ ပေါ်ထွက်လာရန် လိုအပ်လျက်ရှိသော်လည်း တရုတ်ရင်းနှီးမြှုပ်နှံသူများအကြား အသိအမှတ်ပြုမှုများ တဖြည်းဖြည်း ရရှိလာသည်။

တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင်ကောင်းမွန်သော နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို တဖြည်းဖြည်း လိုက်နာလာသည်နှင့်အမျှ ဒေသတွင်း ခေါင်းဆောင်များနှင့် တရုတ်နိုင်ငံတို့သည် ကောင်းမွန်သော အုပ်ချုပ်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုရှိစေရေးတွင် အကောင်းဆုံးသော အာရှဒေသ အဖြစ် ရာစုသစ်တစ်ခုကို ရှေးရှု ဆောင်ရွက်လျက်ရှိသည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံဖြတ်ကျော်ဆောင်ရွက်သည့် လုပ်ငန်းများတွင် တာဝန်ရှိသည်-

အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုအပေါ် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ သက်ရောက်မှုသည် ပျမ်းမျှအား ဖြင့် ကောင်းကျိုးအများဆုံးဖြစ်စေနိုင်မည့် မူဝါဒများနှင့် မှန်ကန်သည့် စည်းမျဉ်းမူဘောင် ချမှတ်ရန် လိုအပ် သည်။[85] နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ တစ်စိတ် တစ်ပိုင်းပင် ဖြစ်သည်။ ယင်း မဟာဗျူဟာတွင် ကောင်းမွန်သော မူဝါဒများနှင့် အခြားသော အစိတ်အပိုင်းများ အကျိုးရှိရှိ ပေါင်းစည်းထားသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတစ်ခုတည်းဖြင့် အလုံးစုံ ဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်သကဲ့သို့ ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အခက်အခဲအားလုံးကို ကျော်လွှားနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဟူ၍လည်း မရှိပေ။ ဘက်စုံရေရှည်တိုးတက်မှု ရရှိရန် အတွက် TNCs များတွင် တာဝန်ရှိသည်။ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်သာဖြစ်ပြီး စီးပွားရေး စံနှုန်းနှင့်လည်း မကိုက်ညီသည့် လှူဒါန်းမှု သက်သက်သာ ဆောင်ရွက်သည့် CSR အစီ အစဉ်များ ဆောင်ရွက်ခြင်းထက် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် responsible business conduct(RBC) ကိုလည်း TNCs များအနေဖြင့် လိုက်နာဆောင်ရွက်ရန် လိုသည်။ TNCs များနှင့် အထူးသက်ဆိုင်သည့် RBC ဆိုင်ရာ စည်းမျဉ်းများ၊ စံသတ်မှတ်ချက်များကိုလည်း နိုင်ငံတကာ အဖွဲ့အစည်းအမျိုးမျိုးမှ ထုတ်ပြန်ထားပြီး ဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံစုံ လုပ်ငန်းကြီးများမှ လက်ခံသည့်အစိုးရများ၊ အလုပ်ရှင်နှင့် အလုပ်သမားဆိုင်ရာ အဖွဲ့အစည်းများအကြား မည်ကဲ့သို့ ဆောင်ရွက်ကြသည်နှင့် ၄င်းတို့၏ ဆောင်ရွက်ချက်အား စံနမူနာယူပြီး တက်ကြွစွာ ဆောင်ရွက်ကြစေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့မှ Tripartite Declaration of Principles concerning Multinational Enterprises and Social Policy ကို ချမှတ်ခဲ့သည်။ အဆိုပါ ကြေညာချက်တွင် အလုပ်အကိုင်၊ လေ့ကျင့်သင်ကြားရေး၊ လုပ်ငန်းခွင် အခြေအနေ၊ လုံခြုံရေးနှင့်ကျန်းမာရေး၊ လုပ်ငန်းခွင် ဆက်ဆံရေး ကဲ့သို့သော နယ်ပယ်များတွင် ကျင့်သုံးရမည့် ကောင်းမွန်သော မူဝါဒများ ပါဝင်သည်။ ထို့အတူ တာဝန်ယူမှုရှိသော စီးပွားရေး အပြုအမူတို့ကို တိုးမြှင့်စေရန် ရည်ရွယ်သည့် အစိုးရမှ နောက်ခံဆောင်ရွက် သည့် ဥပမာအနေဖြင့် OECD Guidelines for Multinational Enterprises ကိုလည်း တွေ့ရသည်။ အဆိုပါ Guidelines တွင် ပါရှိသော National Contact Points အား အငြင်းပွားမှု ဖြေရှင်းရာတွင် အသုံးပြုသည့် စနစ်အဖြစ် အသုံးပြုကြသည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအတွက် အပြည်ပြည် ဆိုင်ရာ လမ်းညွှန်မှုတွင် The United Nations Global Compact principles နှင့် Guiding Principles on Business and Human Rights အား စံအဖြစ်

[85] Fortanier and Maher, 2001

အသုံးပြုကြသည်။ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု ရရှိရန် အတွက် စီးပွားရေး၊ TNCs နှင့် FDI တို့ဝင်ရောက်ရန် အရေးကြီးကြောင်း မှတ်ယူကြပြီး ပြဿနာတစ်ရပ် အဖြစ် မရှုမြင်ကြပေ။ TNCs နှင့် စီးပွားရေးလုပ်ငန်းများသည် climate-smart goods၊ ဝန်ဆောင်မှုနှင့် နည်းပညာ ထုတ်လုပ်သူများ ဖြစ်ကြသည့်အတွက် ရာသီဥတု ပြောင်းလဲမှုကို ရှောင်ရှားနိုင်ရန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်လျှက်ရှိသည်။ Sustainable Development Goals ချမှတ်ခဲ့သည် နှင့်အမျှ အပြောင်းအလဲများလည်း ဆောင်ရွက်လာကြသည်။ ဥပမာအားဖြင့် UN Global Compact နှင့် KPMG တို့သည် SDG Industry Matrix Project အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပြီး SDG တွင် ပါဝင်သော အချက်တိုင်းအတွက် ပူးပေါင်းဆောင်ရွက်ရန် အယူအဆနှင့် အတွေးအခေါ်များ ရရှိလာကြသည်။ SDG ၁၇ သည် စီးပွားရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်လျက်ရှိသည်။ သို့သော် အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် ထောက်ပံ့ပေးရန်နှင့် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ အပြုအမူအတွက် စည်းမျဉ်းနှင့် စံသတ်မှတ်ချက်များကို ချမှတ်၍ လက်တွေ့လိုက်နာ ကျင့်သုံးရန် တာဝန်ရှိသည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လက်ခံသည့် နိုင်ငံ၏ စီးပွားရေးအပေါ် ကောင်းကျိုးသက်ရောက်စေပြီး အားလုံးပါဝင်သော ရေရှည် တည်တံ့သည့် ဖွံ့ဖြိုးမှုကိုလည်း ပေးစွမ်းနိုင်သည်။ သို့သော် ထိုသက်ရောက်မှုသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လက်ခံသည့် နိုင်ငံ၏ တရားဥပဒေစိုးမိုးမှု၊ မူဝါဒချမှတ်မှုစသည့် အချက်များ ပေါ်တွင် မူတည်လျက် ရှိပေသည်။

**Box 2.12. ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံများသည် နိုင်ငံစုံလုပ်ငန်းကြီးများ၏ ရေရှည် ဖွံ့ဖြိုးမှုအတွက် ဆိုးကျိုးသက်ရောက်မှုများကို လေ့လာခြင်း- အင်ဒိုနီးရှားနိုင်ငံရှိ အာရှပျော့ ဖတ်နှင့်စက္ကူလုပ်ငန်း**

အာရှပျော့ဖတ်နှင့်စက္ကူသည် အင်ဒိုနီးရှား၏ လုပ်ငန်းကြီးတစ်ခုဖြစ်ပြီး သစ်တောပြုန်းတီးမှု၊ ဒေသခံပြည်သူများနှင့် ပဋိပက္ခများဖြစ်ပွားမှု၊ တောရိုင်းတိရစ္ဆာန်များ ကျက်စားရာနေရာကို ကျူးကျော်ခြင်းနှင့် မြေယာရှင်းလင်းခြင်းအတွက် တောမီးရှို့ခြင်းစသည့် အခြေအနေအမျိုးမျိုးကြောင့် ဝေဖန်ခံရလျက်ရှိသည်။ အဆိုပါကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မဟုတ်သော်လည်း အင်ဒိုနီးရှားအခြေစိုက် TNC လုပ်ငန်းကြီးတစ်ခုဖြစ်ပြီး အဆိုပါ လုပ်ငန်းသည် ရေရှည်တည်တံ့မှု မရှိသည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ အပြုအမူများ ကင်းမဲ့လျက်ရှိသောနိုင်ငံစုံ လုပ်ငန်းကြီးတစ်ခုအပြင် ပြယုဂ်တစ်ခု ဖြစ်နေပါသည်။ အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် အာရှပျော့ဖတ်နှင့် စက္ကူလုပ်ငန်းကို ပြည်တွင်း၌သာမက ပြည်ပ၌လည်း ဆောင်ရွက်လျက်ရှိသည်။ အာရှပျော့ဖတ်နှင့်စက္ကူလုပ်ငန်းသည် ကမ္ဘာ့ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ဆာဟာတိုအစိုးရနှင့် နီးစပ်သည့် ဆိုင်နာမတ်မှ ပိုင်ဆိုင်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ပြင်ပဖြစ်သည့် ကမ္ဘာဒီးယားနှင့် တရုတ်တို့တွင်လည်း ၎င်း၏ အဓိကလုပ်ငန်းများကို လုပ်ဆောင်သည်။

အာရှစက္ကူနှင့်ပျော့ဖတ်လုပ်ငန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများကို ဝေဖန် ပြောဆိုလျက် ရှိသည်။ ၂၀၀၅ ခုနှစ်တွင် Friends of the Earth အစီရင်ခံစာအရ ဆယ်စုနှစ် တစ်ခုအတွင်းတွင် ဒီရေတော ၂၈၀,၀၀၀ ဟက်တာကျော်ကို ခုတ်ထွင် ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် နောက် ၅ နှစ်အတွင်း ၃၀၀,၀၀၀ ဟက်တာကျော်ကို ခုတ်ထွင်ရန် စီစဉ်လျက်ရှိသည်။ ကုမ္ပဏီအား ပတ်ဝန်းကျင်ဆိုင်ရာ အချေ အတင်ပြောဆိုသူများမှ အဓိကထား ပြောဆိုလာကြပြီး အင်ဒိုနီးရှားနှင့် ကမ္ဘာဒီးယား နိုင်ငံတို့၏ တရားမဝင် သစ်ခုတ်မှုတွင်လည်း ကုမ္ပဏီအနေဖြင့်ပါဝင်ကြောင်း

စွပ်စွဲထားကြသည်။ အရှေ့တောင်အာရှဒေသများတွင် ဘဏ္ဍာရေးဆိုင်ရာ ပြဿနာများ ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့် ကာလဖြစ်သည့် ၂၀၀၁ ခုနှစ်တွင် ကြွေးမြီ ပြန်လည်ပေးဆပ်မှု ပျက်ကွက်ခဲ့ခြင်းကြောင့်လည်း လူသိများခဲ့သည်။ ပြည်ပတွင် ကုမ္ပဏီ၏ နာမည်ဆိုး များ ပျံ့နှံ့နေမှုကို ထိန်းသိမ်းရန်အတွက် ၂၀၀၃ ခုနှစ်တွင် သဘာဝ ပတ်ဝန်းကျင် အတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့နှင့် စာချုပ်များချုပ် ဆိုခဲ့သည့်အပြင် ဒီရေတောများ ရေရှည်ထိန်းသိမ်းနိုင်ရန် အတွက် ၂၀၀၅ ခုနှစ်တွင် သက်တန့်ရောင် မဟာမိတ်အဖွဲ့နှင့်လည်း ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ သို့သော် ကုမ္ပဏီ၏ စည်း ကမ်း မလိုက်နာမှုနှင့် ပျက်ကွက်မှုများကြောင့် အဆိုပါ စာချုပ်အားလုံးကိုလည်း ဖျက်သိမ်းခံခဲ့ရသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် သစ်တောထိန်းသိမ်းရေးကောင်စီမှ ကုမ္ပဏီနှင့် လုပ်ငန်းဆောင်ရွက်ခြင်းအား ရပ်ဆိုင်းခဲ့ပြီး ၄င်းတို့၏ အမှတ်တံဆိပ် အသုံးပြုမှုမှုလည်း ရုတ်သိမ်းခဲ့သည်။

အစိမ်းရောင် ငြိမ်းချမ်းရေးအတွက် လှုံ့ဆော်သူများမှ ဆက်တိုက်တိုက်တွန်းမှု၏ ရလဒ်အနေဖြင့် ကုမ္ပဏီ၏ ဖောက်သည်များမှ စွန့်ခွာမှုများ ဖြစ်စေခဲ့သည့်အတွက် ကုမ္ပဏီ အနေဖြင့် ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး အလေး ထား ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဇွန်လတွင် ကုမ္ပဏီအနေဖြင့် ၂၀၂၀ ရေရှည်တည်တံ့မှု လမ်းစဉ် မျော်မှန်းချက်ကို ထုတ်ပြန်ခဲ့သည်။ ၂၀၂၀ မျော်မှန်းချက်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး မူဝါဒပြုပြင်မှုအနေဖြင့် ကုမ္ပဏီမှ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ မတိုင်မီ သဘာဝသစ်တောအားလုံး ခုတ်လှဲရန်နှင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ ၄င်းတို့၏ ပျော့ဖတ်စက်ရုံသို့ ပေးပို့ရန် ကြေညာခဲ့သည်။

ကုမ္ပဏီ၏ လုပ်ငန်းစဉ်များတွင် သဘာဝသစ်တော ဖိုက်ဖာအသုံးပြုမှုကို ယနေ့ အချိန်အထိ ခွင့် မပြုခဲ့ပေ။ သစ်တောထိန်းသိမ်းရေး ကောင်စီနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ထပ်မံပြုလုပ်ခဲ့သည်။ ကုမ္ပဏီ အနေဖြင့် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေးအတွက် ကတိပြုပြောကြား ခဲ့ပြီးနောက် ကုမ္ပဏီအနေဖြင့် အခြေအနေအမျိုးမျိုးတွင် ၄င်း၏ကတိကို ချိုးဖောက်ခဲ့ကြောင်း ဝန်ခံခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူ ကုမ္ပဏီ ၁၀၀ ကျော်တို့မှ ၄င်းတို့အား လုပ်ပိုင်ခွင့် ပေးထားသော မြေနေရာတွင် တောမီးရှို့ခဲ့သည်ဟု စွပ်စွဲခဲ့ပြီး အခြား ကုမ္ပဏီများမှလည်း အာရှစက္ကူနှင့် ပျော့ဖတ်လုပ်ငန်း၏ ထုတ်ကုန်များအပေါ် သပိတ်မှောက်ခဲ့ကြသည်။ တစ်ဖန် ကုမ္ပဏီမှ သစ်တောထိန်းသိမ်းရေးနှင့် စိုက်ပျိုးမြေများ ပြန်လည်ထိန်းသိမ်းရေးအတွက် အောင်မြင်အောင် ကြိုးပမ်း လုပ်ဆောင်ခဲ့ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ကုမ္ပဏီ၏ဖော်ပြချက်များအရ လွန်ခဲ့သော ၃ နှစ် အတွင်း သဘာဝသစ်တော ဟတ်တာ ၆၀၀,၀၀၀ ထိန်းသိမ်းထားနိုင်ခဲ့ကြောင်းနှင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ မှစ၍ စိုက်ပျိုးမြေ ၇၀၀၀ ဟက်တာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ကုမ္ပဏီ၏ ကြိုးပမ်းမှုများအတွက် ချီးမွမ်း ပြောဆိုမှုများ ရှိသော်လည်း ယုံကြည်နိုင်ရန်အတွက်မှာ တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ အပြုအမူများအတိုင်း လိုက်နာဆောင်ရွက်မှုနှင့် ရေရှည်ထိန်းသိမ်းနိုင်စွမ်းအပေါ် မူတည်နေသည်။

## ၅။ အကျိုးသက်ရောက်မှုကို တိုင်းတာသော မူဘောင်

အားလုံးပါဝင်သည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအပေါ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အကျိုး သက်ရောက်မှုကို တိုင်းတာနိုင်ရန်အတွက် အမျိုးမျိုးသော အညွှန်းကိန်းများကို အသုံးပြုကြသည်။ အချို့ ညွှန်း ကိန်းများကို ဇယား ၂.၄ တွင် ဖော်ပြထားသည်။

**Box 2.13. ရင်းနှီးမြှုပ်နှံမှုလက်ခံရရှိသော နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအပေါ် နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု၏ ကောင်းကျိုးသက်ရောက်မှုများအပေါ် လေ့လာခြင်း- ဗီယက်နမ် နိုင်ငံရှိ Unilever ကုမ္ပဏီ**

ဗီယက်နမ်နိုင်ငံရှိ Unilever ကုမ္ပဏီကို ၁၉၉၅ ခုနှစ်တွင် စတင်လုပ်ငန်း ဆောင်ရွက်ခဲ့ပြီး အဆိုပါ ကုမ္ပဏီ အနေဖြင့် ဗီယက်နမ်နိုင်ငံတွင် နိုင်ငံစုံလုပ်ငန်းကြီးများမှ လက်အောက်ခံကုမ္ပဏီ တည်ထောင်၍ လုပ်ငန်း ဆောင်ရွက်ခဲ့သည့် ပထမဆုံးကုမ္ပဏီလည်း ဖြစ်သည်။ ကုမ္ပဏီအနေဖြင့် ပျမ်းမျှအားဖြင့် နှစ်စဉ် တိုးတက်မှုနှုန်းမှာ ဂဏန်း ၂ လုံး အထိ တိုးတက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအနက် အအောင်မြင်ဆုံး ရင်းနှီးမြှုပ်နှံသူ ဖြစ်လာခဲ့သည်။ စီးပွားရေး စီမံခန့်ခွဲမှု ဗဟိုအဖွဲ့၏ ၂၀၀၉ ခုနှစ် အစီရင်ခံစာအရ ကုမ္ပဏီ အနေဖြင့် ဗီယက်နမ်နိုင်ငံ၏ ကဏ္ဍအစုံတွင် ပူးပေါင်း ပါဝင်မှုများ သိသိသာသာ ပြုလုပ်ခဲ့သည်။

အဆိုပါ အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံရှိ Unilever ကုမ္ပဏီကြောင့် အဓိက အကျိုးကျေးဇူးသက်ရောက်မှု များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- **အလုပ်အကိုင် ဖန်တီးပေးနိုင်မှု**- Unilever အနေဖြင့် ဝန်ထမ်း ၁၅၀၀ ကျော်ကို တိုက်ရိုက် ခန့်ထားခဲ့ပြီး ထောက်ပံ့ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့နှင့် ချိတ်ဆက်၍ အလုပ်အကိုင် ၁၀၀၀၀ နီးပါးကိုလည်း သွယ်ဝိုက်သောနည်းဖြင့် ဖန်တီး ပေးနိုင်ခဲ့သည်။

- **အခွန်ငွေနှင့် ပြင်ပငွေကြေးများ ရရှိစေခြင်း-** ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည် ကောင်းမွန်မှု၏ ရလဒ်ကြောင့် အများဆုံးအခွန်ပေးဆောင်၍ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံဘဏ္ဍာကို ရာဖွေပေးနိုင်ခဲ့သည်။ ထို့အပြင် ကုန်သွယ်မှုနှင့် နိုင်ငံ၏ပေးချေမှု ရှင်းတမ်းများအပေါ်တွင်လည်းကောင်းကျိုးများ သက်ရောက်စေခဲ့သည်။

- **ပြည်တွင်းမိတ်ဖက်များနှင့် ချိတ်ဆက်ခြင်း-** Unilever ကုမ္ပဏီသည် ရေရှည် ရင်းနှီးမြှုပ်နှံသူဖြစ်ပြီး ကုန်စည်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအတွက်လည်း အချိတ်အဆက်ကောင်းများရှိသည်။ အဆိုပါ အချက် သည် အသေးစားနှင့် အလတ်စား လုပ်ငန်းများ အများစုပါဝင်သည့် ထုတ်လုပ်သူများနှင့် ပြည်တွင်း ပံ့ပိုး သူများ ပူးပေါင်းချိတ်ဆက်ခြင်းဖြင့် ကျယ်ပြန့်သည့် ကွန်ရက်တစ်ခုဖော် ဆောင်နိုင်ခဲ့သည်။ ကုမ္ပဏီ အနေဖြင့် ၎င်း၏မိတ်ဖက်များ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ နည်းပညာနှင့် လုပ်ငန်းခွင် စည်းမျဉ်းများ ကို ပိုမိုကောင်းမွန်ပြီး ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားအောင် ကူညီလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။ ချမ်းသာ သူများထံမှ အခွန်များ ကောက်ခံ၍ ပြည်သူများကို ခွဲဝေပေးသည့် "trickle-down" effects သည် လည်း ထင်သာ မြင်သာရှိလာပြီး ရေရှည်တည်တံ့လာသည်။

- Unilever အနေဖြင့် ကျေးလက်ဒေသနှင့် ဝင်ငွေနည်းပါးသူများ အပါအဝင် ဝယ်ယူသုံးစွဲသူများကို သန့်ရှင်းသောအလေ့အထများ ပိုမိုကောင်းမွန်လာစေရန်နှင့် ကောင်းမွန်သောအာဟာရများပိုမိုထောက်ပံ့ ပေးနိုင်ရန်အတွက် အရည် အသွေးမြင့် ထုတ်ကုန်များ ပံ့ပိုးပေးသည်။

- ကုမ္ပဏီ၏ တာဝန်ယူမှုရှိသော လူမှုအကျိုးပြုမှု မူဝါဒအရ လူ့အဖွဲ့အစည်းအပေါ် ရေရှည်တည်တံ့သော အကျိုးသက်ရောက်မှုများ ဖြစ်စေခဲ့သည်။ ဥပမာအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် သန့်ရှင်းရေး၊ပညာရေးနှင့် သင်ကြားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် ကလေးငယ်ဖွံ့ဖြိုးရေး၊ ဗီယက်နမ် အမျိုးသမီးသမဂ္ဂနှင့် အမျိုးသမီးများ အခန်းကဏ္ဍမြှင့်တင်ရေး၊ စိုက်ပျိုးရေး နှင့်ကျေးလက် ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ရေရှည်တည်တံ့သော ရေနွေးကြမ်း ဖွံ့ဖြိုးရေးစီမံကိန်း စသည့် အဓိက ကျသည့်နယ်ပယ် ၄ ခုတွင် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက် ခြင်းဖြင့် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း Unilever ဗီယက်နမ် မှတဆင့် လူမှုအသိုက်အဝန်းတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် Unilever ၏ ထိရောက်စွာ ပူးပေါင်းပါဝင်မှုသည် အခြားသော နိုင်ငံဖြတ်ကျော်ဆောင်ရွက်ကြသည့် လုပ်ငန်းများနှင့် မူဝါဒချမှတ်သူများအပေါ် အတွေ့အကြုံကောင်းများဖြစ်စေသည်။သို့သော် Unilever သည် ဒေသတွင်း စီးပွားရေးကို များစွာ အကျိုးပြုစေသည့် သွင်းကုန်နှင့် ဖြန့်ဖြူးမှုဆောင်ရွက်သော ဒေသတွင်း စီးပွားရေးလုပ်ငန်းများ အပေါ်များစွာမူတည်နေသည့် စီးပွားရေးပုံစံ ဖြစ်သည်။ ရေရှည်တည်တံ့မှုနှင့် လူမှုတာဝန်ယူမှုကို အမြင့်ဆုံး အာမခံပေးထားသော်လည်း အလုပ်သမားနှင့်ဆိုင်သည့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုမှာ ကင်းမဲ့လျက်ရှိသည်။ Unilever ၏ ယှဉ်ပြိုင်မှုအားသာချက်မှာ လုပ်အားခကုန်ကျစရိတ်ပေါ်တွင် ဖိအားအဖြစ်ရှိနေဆဲဖြစ်ပြီး အဆိုပါအချက်မှာ အလုပ်သမားများအပေါ် ကုန်ကျစရိတ်နှင့် စွန့်စားမှုများ ပိုမိုဖြစ်စေကြောင်း Oxfam က ဆိုသည်။ ကောင်းကျိုးများ ပိုမိုရရှိစေရန်မှာ Unilever အနေဖြင့် လစာနှုန်းနည်းပါးနေမှု နှင့်ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်တွင် အန္တရာယ်များသည့် အလုပ်များနှင့်အလုပ်သမားများနှင့် ညှိနှိုင်းတိုင်ပင်၍ ပြည်သူ့ဗဟိုပြု ချဉ်းကပ်နည်းများ ကျင့်သုံးခြင်းတို့ဖြင့် ကိုင်တွယ် ဖြေရှင်းရန် လိုသည်။

***Source: Unilever Viet Nam, references quoted in text.***

## Table2.4 နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ရေရှည်တည်တံ့စေသောညွှန်းကိန်းများ

| | |
|---|---|
| **စီးပွားရေး** | နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးကိုတိုးစေခြင်း၊ အသားတင် ပို့ကုန်ပို့နိုင်ခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းများရလာခြင်း၊ မြို့ပြဖွံ့စည်းခြင်း၊ မြို့ပြဝင်ငွေစီးဝင်လာခြင်း၊ နိုင်ငံတော် အခွန်ဘဏ္ဍာတိုးလာခြင်း၊ ပြည်တွင်းအသေးစား အလတ်စားစက်မှု လက်မှု လုပ်ငန်းများ ချိတ်ဆက်မှု အားကောင်းစေခြင်း၊ နည်းပညာလွှဲပြောင်းနိုင်မှုနှင့် အသုံးချနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်လာခြင်း။ |
| **လူမှုရေး** | နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ကျွမ်းကျင်မှုကို ဖွံ့ဖြိုးတိုးတက်စေ ခြင်း၊ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းများ ရနိုင်ခြင်း၊ ကျန်းမာရေး ဆိုင်ရာ အကျိုးခံစားခွင့်နှင့်ပင်စင် အစီအစဉ်၊ အနည်းဆုံး လုပ်ခလစာ နှင့်အလုပ်သမား၏ အခြေအနေအဆင့်(ဥပမာ-အပြည်ပြည်ဆိုင်ရာ အလုပ်သမား သမဂ္ဂ ၏ သတ်မှတ်ချက် စံနှုန်းများနှင့်ကိုက်ညီမှု)၊ လူမှုဝန်းကျင် အကျိုးပြုသော အစီအစဉ်များကို တိုးချဲ့ခြင်းနှင့် ရရှိလာသော အကျိုးရလဒ်များကို အသုံးချခြင်း၊ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်လိုသော အိမ်ထောင်စု အရေအတွက်၊ ထုတ်လုပ်လိုက်သော ကုန်စည်များနှင့် ဝန်ဆောင်မှုများကို သက်သာစွာဖြင့် ရယူနိုင်ခြင်း။ |
| **သဘာဝ ပတ်ဝန်း ကျင်** | သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုအဆင့်(လေ၊ရေ၊မြေ)၊ ဖန်လုံအိမ် ဓာတ်ငွေ့ ထုတ်လွှတ်မှုအဆင့်၊ စွမ်းအင်လုံလောက်မှုနှင့် ရေသုံးစွဲမှုအဆင့်၊ စွန့်ပစ်ပစ္စည်းများကို ထုတ်လုပ်ခြင်းနှင့် ပြန်လည် အသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာကောင်းမွန်သော လွှဲပြောင်းမှုနှင့် နည်းပညာ အသုံးပြုနိုင်မှု။ |

# (ဂ) ဆွေးနွေးစရာ ကိစ္စရပ်များ

1. What has been the trend in FDI in your country/location? Has it increased or decreased? Can you specify why this happened?

2. Which sectors attract the most FDI in your country/location? Why are these sectors attractive? In which sectors would you like to see FDI increase?

3. Which areas/locations in your country attract the most FDI and why?

4. Which countries account for the most FDI in your country/location?

5. Which forms of FDI are the most prominent in your country/location? Greenfield or M&A?

6. Which type of FDI is the most prominent in your country/location? Market- seeking, resource-seeking, efficiency-seeking or strategic-asset seeking?

7. What impact has FDI had on your country's GDP, (women's) employment, skills development, technology acquisition and utilization, balance of payments, tax revenue? How does this impact compare to domestic investment?

8. How do you rate your country's absorptive capacity in target sectors for benefiting from FDI?

9. What social and environmental impact has FDI had in your country? For instance: Has FDI led to the displacement of people without due compensation? Has FDI led to higher levels of air, water and land pollution, unsustainable deforestation or damage to pristine land or agricultural land? Has FDI had a positive impact on the environment?

10. How do foreign investors' behaviour and track record on responsible business compare to that of domestic investors?

11. What tools do you use to measure impact?

12. What is needed to improve the behaviour of foreign investors or to attract higher quality investors?

# ရည်ညွှန်း


Abbas, S.M. Ali, and others (2012). A partial race to the bottom: Corporate tax developments in emerging and developing economies. IMF Working Paper WP/12/28. Washington, D.C.:International Monetary Fund.Available from http://www.imf.org/ external/ pubs/ft/wp/ 2012/wp1228.pdf.

Acs, Zoltan J. and Bernard Yeung (1999). *Small- and medium-sized enterprises in the global economy*. University of Michigan Press.

Agarwal, Jamuna P. (1996). Does foreign direct investment contribute to unemployment in home countries? An empirical survey. Kiel Working Papers 765. Kiel Institute of World Economics.September. Available from https://www.econstor.eu/dspace/bitstream/10419/47220/ 1/257779833.pdf.

Agosin, Manuel R. and Roberto Machado (2005). Foreign Investment in Developing Countries: Does it Crowd in Domestic Investment? *Oxford Development Studies*,vol. 33, Issue No. 2, pp. 149-162.

Alfaro, Laura, and others (2004). FDI andeconomic growth: the role of local financial markets. *Journal of International Economics*,vol. 64, Issue No. 1,October, pp. 89-112. Available fromdoi:10.1016/S0022-1996(03) 00081-3.

Ando, Mitsuyo and Fukunari Kimura (2005). The formation of international production and distribution networks in East Asia.In International Trade in East Asia, NBER-East Asia Seminar on Economics.Takatoshi Ito and Andrew K. Rose, eds. volume 14, pp. 177–213. Chicago: The University of Chicago Press.

ASEAN Secretariat and UNCTAD (2014). *ASEAN Investment Report 2013-2014: FDI development and value chains*. Jakarta. Available from http://investasean.asean.org/files/upload/AIR%202013-2014% 20FINAL.pdf.

Asian Development Bank (2013). *Beyond factory Asia: Fuelling growth in a changing world*. Manila. Available from https://www.adb.org/ sites/ default/files/publication/30223/beyond-factory-asia-fuelling-growth.pdf.

Asiedu, Elizabeth and Donald Lien (2003). Capital controls and foreign direct investment. *World Development*,vol. 32, Issue No. 3, March, pp. 479–490. Elsevier. Available from http://people.ku.edu/~asiedu/FDI-and-Capital-Controls-WD.pdf.

Ashraf, Ayesha, DierkHerzer andPeter Nunnenkamp (2014). The effects of greenfield FDI and cross-border M&As on total factor productivity. Kiel Working Paper No. 1941. July. Kiel Institute for the World Economy. Available from https://www.ifw-members.ifw-kiel.de/ publications/the-effects-of-greenfield-fdi-and-cross-border-m-as-on-total- factor-productivity/KWP_1941.pdf.

Aykut,Dilek andAndrea Goldstein (2007). Developing country multinationals: South-South investment comes of age. In *United Nations, Industrial development in the 21st century: sustainable development perspectives*. New York: United Nations.

Azman-Saini, W.N.W.,Siong HookLaw and Abd Halim Ahmad (2010). FDI and economic growth: New evidence on the role of financial markets. *Economic Letters*,vol. 107, Issue No. 2, May, pp. 211–213. Elsevier. Available from http://www.sciencedirect.com/science/article/pii/S0165176510000285.

Bhararumshah, Ahmad Z. and Marwan A.M Thanoon (2006). Foreign capital flows and economic growth in East Asian countries. *China Economic Review*,vol. 17, Issue no. 1, pp. 70-83. Elsevier. Available fromdoi: 10.1016/j.chieco.2005.09.001.

Blalock, Garrick and Paul J. (2008). Welfare gains from foreign direct investment through technology trans Gertlerfer to local suppliers. *Journal of International Economics*,vol. 74, Issue No. 2, March, pp. 402-421.Elsevier. Available fromdoi:10.1016/j.jinteco.2007.05.011.

Carkovic, Maria V. and Ross Levine (2002). Does Foreign Direct Investment Accelerate Economic Growth? University of Minnesota Department of Finance Working Paper. June.

Central Institute for Economic Management (2009). *Exploring the links between international businesses and socio-economic development of Vietnam: A case study of UnileverVietnam*. Hanoi. Available from https://www.unilever.com/Images/sd_exploring_the_links_between_international_businesses_and_socio-economic_development_of_vietnam---a_case_study_of_unilever_vietnam--2009-_tcm13-387467_tcm244-409772_1_en.pdf

Chaisrisawatsuk, Santi and Wisit Chaisrisawatsuk (2007). Imports, exports and foreign direct investment interactions and their effects. ARTNeT Working Paper Series, No. 45, October. ESCAP. Available from http://www.unescap.org/sites/default/files/AWP%20No.%2045.pdf.

Chakraborty, Chandana andPeter Nunnenkamp(2008). Economic reforms, FDI, and economic growth in India: A sector level analysis. *World Development*, vol. 36, Issue No. 7, July, pp. 1192–1212. Elsevier.

Chang, Ching-Cheng and Yir Hueih Luh (2000).Efficiency change and the growth in productivity: The Asian growth experience. *Journal of Asian Economics*, vol. 10, Issue No. 4, pp. 51-570. Elsevier.

Chowdhury, Abdur and George Mavrotas (2006). FDI and Growth: What Causes What? *The World Economy*,vol. 29, Issue No. 1, pp. 9-19. January.

Cole, Matthew A.,Robert J.R.Elliott and Per G. Fredriksson (2006). Endogenous pollution havens: Does FDI influence environmental regulations?*The Scandinavian Journal of Economics,*vol. 108, Issue No. 1, pp. 157-178. March.

Dharmapala, Dhammika (2009). What problems and opportunities are created by tax havens? *Oxford Review of Economic Policy*,vol. 24, Issue No. 4, pp. 661-679.

Dunning John H. and Lundan, Sarianna M. (2008). *Multinational enterprises and the global economy.* Second edition.Edward Elgar Publishing.

Eden, Lorraine (2009). Taxes, transfer pricing and the multinational enterprise. In *The Oxford Handbook of International Business,*A.M. Rugman, ed., Second edition. Chapter 21.pp. 557-590. Oxford: Oxford University Press.

Egger, Peter, WolfgangEggert and Hannes Winner (2010). Saving taxes through foreign plant ownership. *Journal of International Economics*, vol. 81, Issue No. 1, May, pp. 99-108. Elsevier. Available fromdoi: 10.1016/j.jinteco.2009.12.004.

Elia, Stefano, IlariaMariotti and Lucia Piscitello (2009). The impact of outward FDI on the home country's labour demand and skill composition. *International Business Review,* vol. 18, Issue No. 4,August, pp. 357-372. Elsevier. Available from http://www. sciencedirect. com/science/article/pii/S0969593109000547.

Duval, Yann (2008). Trade and investment linkages and policy coordination: Lessons from case studies in Asian developing countries. OECD Global Forum on International Investment, 27-28 March 2008, http://www.oecd.org/investment/globalforum/40300944.pdf. ARTNeT Working Paper No.15.June. Available from http://www.unescap. org/sites/default/files/polbrief15.pdf.

Economic and Social Commission for Asia and the Pacific (ESCAP)(2007). *Towards coherent policy frameworks: Understanding trade and investment linkages.*Studies in Trade and Investment No. 62. ST/ ESCAP/2469.Bangkok.Available from http://www.unescap.org/ resources/ towards-coherent-policy-frameworks-understanding-trade-and-investment-linkages.

______(2009). *Asia-Pacific Trade and Investment Report 2009: Trade-led recovery and beyond.*Bangkok. Available from http://www. unescap. org/resources/asia-pacific-trade-and-investment-report-2009-trade-led-recovery-and-beyond.

______(2011). *Climate-smart trade and investment in Asia and the Pacific: Towards a triple win outcome.* Studies in trade and investment No. 73. ST/ESCAP/2614. Bangkok. Available from http://www.unescap.org/ sites/default/files/0%20-%20Full%20 Report_18.pdf.

______(2013). *Asia-Pacific Trade and Investment Report 2013: Turning the tide: Towards inclusive trade and investment.* Bangkok. Available from http://www.unescap.org/resources/asia-pacific-trade-and-investment-report-2013-turning-tide-towards-inclusive-trade-and.

______(2015). *Asia-Pacific Trade and investment Report 2015: Supporting participation in value chains*. Bangkok. Available from http://www. unescap.org/resources/asia-pacific-trade-and-investment-report-2015-supporting-participation-value-chains.

Farole, Thomas andDeborah Winkler (2012). Foreign firm characteristics, absorptive capacity, and the institutional framework: The role of mediating factors for FDI spillovers in low- and middle-

income countries.Policy research working paper No. 6265. Poverty Reduction and Economic Management Network; International Trade Department. The World Bank. November. Available from https://openknowledge. worldbank.org/bitstream/handle/10986/16386/wps6265.pdf.

Fontagné, Lionel (1999). Foreign direct investment and international trade: complements or substitutes? OECD Science, Technology and Industry Working Papers. March. OECD Publishing. Available from http:// dx.doi.org/10.1787/788565713012.

Fortanier, Fabienne andMaria Maher (2001). Foreign direct investment and sustainable development. *Financial Market Trends*, No. 79, June. OECD. Available from http://www.oecd.org/industry/ inv/investment statisticsandanalysis/1906135.pdf.

Forte, Rosa (2004). The relationship between foreign direct investment and international trade: Substitution or complementarity? A Survey. CETE, Faculty of Economics, University of Porto. Working Papers No. 140. March.Available from https://www.academia.edu/8180644/ The _relationship_between_foreign_direct_investment_ and_ international _trade._Substitution_or_complementarity_A_survey.

Fu, Xiaolan and V.N. Balasubramanyam (2005). Export, foreign direct investment and employment: The case of China. *The World Economy*,vol. 28, Issue No. 4, pp. 607-25.

Fujita, Masataka (1995). Small and medium-sized transnational corporations: salient features. *Small Business Economics*,vol. 7, Issue 4,August, pp. 251-271.

Gestrin, Michael V. (2014). State-owned enterprises finding bigger role in global investment. In *East Asia Forum Quarterly*,vol.7, No. 4, October-December 2015. Available from http://www.eastasiaforum. org/2014/ 11/27/state-owned-enterprises-finding-bigger-role-in-global-investment.

Ghazalian, P. and R. Cardwell (2010). Multilateral Trade Liberalisation and FDI: An Analytical Framework for the Implications for Trading Blocs. *The Estey Centre Journal of International Law and Trade Policy*, vol. 11, Issue No. 1, pp. 192-212.

Globerman, Steven and DanielShapiro (2002). Global foreign direct investment flows: The role of governance infrastructure. *World Development*, vol. 30, Issue No. 11, pp. 1899-1919. Elsevier Science Ltd. November. Available from http://dx.doi.org/10.1016/S0305-750X(02)00110-9.

Hermes, Niels andRobert Lensink (2003). Foreign direct investment, financial development and economic growth. *The Journal of Development Studies*,vol. 40, Issue No. 1, pp. 142-163.Available from http:// dx.doi.org/10.1080/00220380412331293707.

Herzer, Dierk,StephanKlasen and Felicitas D. Nowak-Lehmann (2007). In search of FDI-led growth in developing countries: The way forward. *Economic Modelling*, vol. 25, Issue No. 5, September, pp. 793–810. Elsevier.

Hitam, Mirzan Bin and Halimahton Binti Borhan (2012). FDI, growth and the environment: Impact on quality of life in Malaysia. *Procedia - Social and Behavioral Sciences*,vol. 50, pp. 333–342.

ASEAN Conference on Environment-Behaviour Studies, Bangkok, Thailand, 16-18 July 2012. Elsevier. Available from http://www.sciencedirect.com/science /article/ pii/S187704281203176X.

Hoffmann, Robert and others (2005).FDI and pollution: A Grainger causality test using panel data. *Journal of International Development*, No. 17, pp. 311-317. John Wiley & Sons Limited.

Holt, Douglas B., John A.Quelch and Earl L. Taylor (2004). How global brands compete. *Harvard Business Review*. September.

Hufbauer, Gary Clyde, Theodore H.Moran and LindsayOldenski,assisted by Vieir, Martin(2013). *Outward FDI, US exports, US jobs, and US R&D: Implications for US policy*. Peterson Institute for International Economics. August.

International Institute for Sustainable Development (IISD) (2016). *Sustainability impacts of Chinese outward direct investment: A review of the literature*. Available from http://www.iisd.org/sites/default/ files/publications/sustainability- impacts-chinese-outward-direct-investment-literature-review.pdf.

Javorcik, Beata S. (2004). Does foreign direct investment increase the productivity of domestic firms? In search of spillovers through backward linkages. *American Economic Review*, vol. 94, Issue No. 3,pp. 605-627. American Economic Association. Availablefrom http:// www.jstor.org/stable/3592945?seq=1#page_scan_tab_contents.

Jayaraman, T.K. and Baljeet Singh (2007). Foreign direct investment and employment creation in Pacific Island countries: An empirical study of Fiji. Asia-Pacific Research and Training Network on Trade (ARTNeT) Working Paper Series. No. 35. May. ESCAP. Available from http://www.unescap.org/sites/default/files/AWP%20No.%2035.pdf.

Jenkins, Rhys (2006). Globalization, FDI and employment in Viet Nam. *Transnational Corporations*,vol. 15, No. 1, pp.115-42. UNCTAD.

Kee, Hiau Looi (2005). *Foreign ownership and firm productivity in Bangladesh garment sector*. Development Research Group-Trade. Washington, D.C.:World Bank.May.

Khordagui, Nagwa Hosny and Gehan Saleh(2013). FDI and absorptive capacity in emerging economies. *Topics in Middle Eastern and African Economies,*vol. 15, Issue No. 1, May. Available fromhttp://meea. sites. luc.edu/volume15/pdfs/FDI-Absorptive-Capacity.pdf.

Kokko, Ari (2006). The home country effects of FDI in developed countries. Working paper No. 225. European Institute of Japanese Studies; Stockholm School of Economics. April. Available from http://swopec. hhs.se/eijswp/papers/eijswp0225.pdf.

Kosack, Stephen and Jennifer Tobin (2006). Funding Self-Sustaining Development: The Role of Aid, FDI and Government in Economic Success. *International Organization*, vol. 60, Issue No. 1, January, pp. 205-243. The IO Foundation and Cambridge University Press. Available from http://dx.doi.org/10.1017/S0020818306060097.

Kurtishi-Kastrati, S. (2013). Impact of FDI on economic growth: an overview of the main theories of FDI and empirical research. *European Scientific Journal*, vol. 9, Issue No. 7, pp. 56-77.

Lall, Sanjaya (2002). Implications of cross-border mergers and acquisitions by TNCs in developing countries: A beginner's guide. Working paper Number 88. QEH Working Paper Series – QEHWPS88. June. Available from http://www3.qeh.ox.ac.uk/RePEc/qeh/ qehwps/ qehwps88.pdf.

______ (2003). Indicators of the relative importance of IPRs in developing countries. *Research Policy*, vol. 32, Issue No. 9, October, pp. 1657-1680. Elsevier. Available from doi:10.1016/S0048-7333(03)00046-5.

Lall, Sanjaya and Rajneesh Narula (2004). Foreign direct investment and its role in economic development: Do we need a new agenda? *The European Journal of Development Research*, vol. 16, Issue No. 3. Special Issue: Understanding FDI-assisted economic development.

Lee, Huay Huay and Hui Boon Tan (2006). Technology Transfer, FDI and Economic Growth in the ASEAN Region. *Journal of the Asia Pacific Economy*, vol.11, Issue No. 4. Special Issue: Financial Issues in the Asia-Pacific Region. pp. 394-410. Available from http://www. tandfonline. com/doi/full/10.1080/13547860600923593.

Liang, Feng Helen (2006). Does foreign direct investment harm the host country's environment? Evidence from China. Haas School of Business. University of California, Berkeley. 12April. Availablefrom http://faculty.haas.berkeley.edu/fenliang/research/Pollution&FDI/FDI_Pollution.pdf.

Lipsey, Robert E. (2001). Foreign direct investment and the operations of multinational firms: Concepts, history and data. NBER Working Paper No. 8665. Cambridge: National Bureau of Economic Research. December.

______ (2002). Home and host country effects of FDI. NBER Working Paper No. 9293. Cambridge: National Bureau of Economic Research. October.

Liu, Xiaming, and others (2000). The impact of foreign direct investment on labour productivity in the Chinese electronics industry. Lancaster University Management School Working Paper 2000/002. 7 March. Available from http://eprints.lancs.ac.uk/48529/1/Document.pdf.

Mabey, Nick and Nick McNally (1999). *Foreign direct investment and the environment: From pollution havens to sustainable development*. WWF-UK. August. Available from http://www.oecd.org/ investment/ mne/2089912.pdf.

Mallampally, Padma and Karl P. Sauvant (1999). Foreign direct investment in developing countries. *Finance and Development*, vol. 36, Issue No. 1, March. International Monetary Fund. Available from http://www. imf.org/external/pubs/ft/fandd/1999/03/mallampa.htm.

Merican, Yasmine, and others (2007). Foreign direct investment and the pollution in five ASEAN nations. *Journal of Economics and Management,* vol. 1, Issue No. 2, pp. 245-261. Available from http://repository.um.edu.my/77267/1/Merican%20et%20al.%20IJEM.pdf.

Mold, Andrew (2004). *FDI and poverty reduction: A critical re-appraisal of the arguments.* Economic Commission for Africa. Available from http://region-developpement.univ-tln.fr/en/pdf/R20/R20_Mold.pdf.

Moran, Theodore H. (2011). *Foreign direct investment and development: launching a second generation of policy research.* April. Washington, D.C.:Peterson Institute for International Economics

_____ (2015). *The role of industrial policy as a development tool: New evidence from the globalization of trade-and-Investment.* CGD Policy paper 071. December. Washington, D.C.:Center for Global Development. Available from https://www.cgdev.org/sites/default/ files/ CGD-PP71-Moran-industrial-policy-development-tool-0.pdf.

Moran, Theodore H.,HolgerGörg and AdnanSeric (2016). Quality FDI and supply-chains in manufacturing:Overcoming obstacles and supporting development. Paper presented at the Vienna Investment Conference 2016, 14-15 September. Discussion Paper prepared for Plenary Session 1: Perspectives on the New World of FDI and the Globalization of Supply Chains. Available from https://www.investment conference. info/wp-content/uploads/2016/09/Discussion_Paper_ Moran Goerg Seric.pdf.

Morisset, Jacques. (2003). Tax incentives: Using tax incentives to attract foreign direct investment. Note no. 253. February. Washington, D.C.: World Bank. Available from https://www.openknowledge.worldbank. com/ handle/10986/11325.

Morrissey, Oliver and ManopUdomkerdmongkol(2012). Governance, private investment and foreign direct investment in developing countries. *World Development*, vol. 40, Issue No. 3, March,pp. 437-445. Elsevier. Available from https://doi.org/10.1016/j.worlddev.2011.07.004.

Noorbakhsh, Farhad, AlbertoPaloni and AliYoussef(2001). Human capital and FDI inflows to developing countries. *World Development*,vol. 29, Issue No. 9, September,pp. 1593-1610. Elsevier. Available from doi:10.1016/S0305-750X(01)00054-7.

Nguyen, Hoang T., and others (2009). Foreign direct investment absorptive capacity theory. Paper presented at GLOBELICS Conference, 6-8 October, Dakar, Senegal. Parallel Session 3: Globalization and the building of absorptive capacity. Available from http:// globelics 2009dakar.merit.unu.edu/papers/1238510767_HN.pdf.

Nguyen, Hoang T. and Thi Thanh Binh Dinh (2015). The impact of foreign direct investment on employment in developing countries. Eight Vietnam Economist Annual Meeting (VEAM), Thai Nguyen City, 9-10 June 2015.

Organisation for Economic Co-operation and Development(2008a). The impact of foreign direct investment on wages and working conditions. OECD-ILO Conference on corporate social responsibility. Employment and industrial relations: Promoting responsible business conduct in

a globalising economy. 23-24 June 2008, OECD Conference Centre, Paris, France. Available from http://www.oecd.org/investment/ mne/40848277.pdf.

______(2008b). Do multinationals promote better pay and working conditions? *OECD Employment Outlook 2008*, Paris.

______(2011). Import content of exports.In *OECD Science, Technology and Industry Scoreboard 2011*. OECD Publishing. Available from http:// dx.doi.org/10.1787/sti_scoreboard-2011-61-en.

Olson, Mancur (2000). Dictatorship, democracy and development. In *A not-so-dismal science: A broader view of economies and societies*,Mancur Olson and Satu Kähkönen, eds.Oxford: Oxford University Press.

Olney, William W. (2003). A race to the bottom? Employment protection and foreign direct investment. *Journal of International Economics*,vol. 91, Issue No. 2, pp. 191-203. November. Elsevier.

Oxfam (2013). Labour rights in Unilever's supply chain – From compliance towards good practice: An Oxfam study of labour issues in Unilever's Viet Nam operations and supply chain, January. Published in *Oxfam Policy and Practice: Private Sector*,vol. 10, No.1, 1 February.

Pack, Howard and Saggi, Kamal (2001).Vertical technology transfer via international outsourcing. *Journal of Development Economics*,vol. 65, Issue No.2, August,pp. 389–415. Elsevier. Available from doi:10. 1016/S0304-3878(01)00142-0.

Pham Xuan Kien (2008). The impact of foreign direct investment on the labor productivity in host countries: the case of Vietnam. Vietnam Development Forum 2008. October. VDF Working Paper Series No. 0814. Available from http://www.vdf.org.vn/ workingpapers/ vdf wp0814.

Pinn, Stan L. S., and others (2011). Empirical analysis of employment and foreign direct investment in Malaysia: An ARDL bounds testing approach to co-integration. *Advances in Management & Applied Economics*,vol. 1, Issue No. 3, pp.77-91.

Poon, Jessie P.H. andSuksawatSajarattanochote (2010). Asian Transnational Enterprises and Technology Transfer in Thailand. *European Planning Studies*,vol. 18, Issue No. 5, pp. 691-707.

Quelch, John A. (1999). Global brands: taking stock. *Business Strategy Review,*vol. 10, Issue No. 1, March, pp 1-14.

Ramamurti, Ravi (2011). New players in FDI: Sovereign wealth funds, private equity, and emerging-market multinationals. Published in *The future of foreign direct investment and the multinational enterprise*,Ravi Ramamurti and Niron Hashai, eds.Research in *Global Strategic Management,* Volume 15,pp.137-165.Emerald Group Publishing Limited.

Rhijn, Lisette van (2010). Are developing economies really benefitting from large companies? *CSR Asia Weekly*. Available from http://csr-asia. com/ csr-asia-weekly-news-detail.php?id=12095

Rodrik, Dani (1999). The new global economy and developing countries: making openness work. *Policy Essay 24*. Overseas Development Council. Washington, D.C.:Johns Hopkins University Press.

Romer, Paul (1992). Two strategies for economic development: using ideas and producing ideas. *World Bank Economic Review,*volume 6, Supplement No. 1, pp. 63-91. Washington, D.C.: World Bank.

Romer, Paul (1994). New goods, old theory and the welfare costs of trade restrictions. *Journal of Development Economics,*volume 43, Issue No 1, pp. 5-38. Elsevier. Available fromdoi:10.1016/0304-3878(94)90021-3.

Sadoi, Yuri (2010). Technological capability of automobile parts suppliers in Thailand. *Journal of the Asia Pacific Economy*,vol.15, Issue No. 3, pp. 320-334. Special Issue: Innovation and Catch-Up Experiences in Automotive and Electronics Industries in Asia.

Saggi, K. (2000). Trade, foreign direct investment and international technology transfer: a survey.World Bank Policy Research Working Paper No. 2349.Washington, D.C.:World Bank.

Sauvant, Karl P., and others (2014). Trends in FDI, home country measures and competitive neutrality. In *Yearbook on International Investment Law & Policy 2012-2013*,Andrea K. Bjorklund, ed.Chapter1. Oxford University Press. Available from https://works.bepress.com/karl_sauvant/157andhttps://papers.ssrn.com/sol3/papers.cfm?abstract_id=2814307.

Smarzynska, Beata K. and Shang-Jin Wei (2001). Pollution havens and foreign direct investment: Dirty secret or popular myth? NBER Working Paper No. 8465. September.Available from http://www. nber.org/papers/w8465.pdf.

Someshu, Pakanati (2015). Impact of FDI on employment generation in India. *International Journal of scientific research and management (IJSRM)*, vol. 3, Issue No. 1, pp. 2029- 2033. Available from http://www.ijsrm. in/v3-i1/25%20ijsrm.pdf.

Stiglitz, Joseph (2002). *Globalisation and its discontents*. Allen Lane. London.

Sun, Xiaolun (2002). Foreign Direct Investment and Economic Development What Do the States Need To Do? Paper prepared for the Foreign Investment Advisory Service (FIAS) for the Capacity Development Workshops and Global Forum on Reinventing Government on Globalization, Role of the State and Enabling Environment Sponsored by the United Nations Marrakech, Morocco, December 10-13, 2002. Available from http://unpan1.un.org/intradoc/groups/public/documents/ un/unpan006348.pdf.

Techakanont, Kriengkrai (2008). The evolution of automotive clusters and global production network in Thailand. Discussion Paper Series No. 0006, 19 March. Economic Research and Training Centre. Thammasat University. Available from http://citeseerx.ist.psu.edu/viewdoc/download?doi=10.1.1.532.4554&rep=rep1&type=pdf.

Tiwari, Aviral K. and Mihai Mutascu(2010). Economic growth and FDI in Asia: A panel data approach. Munich Personal RePEc Archive (MPRA) Paper No. 28172. ICFAI University, Tripura, West University of Timisoara.13 December. Available from https://mpra.ub.uni-muenchen.de/28172.

Todaro, Michael P. and Stephen C. Smith(2015). *Economic Development.* Twelfthedition. George Washington University. Prentice Hall.

United Nations Conference on Trade and Development (UNCTAD)(1994). *World Investment Report 1994: Transnational corporations, employment and the workplace.* New York and Geneva: United Nations. Available from http://unctad.org/en/pages/ Publication Archive.aspx?publicationid=642.

(2006). *World Investment Report 2006: FDI from developing and transition economies: implications for development.* New York and Geneva: United Nations.Availablefrom http://unctad.org/en/pages/Publication Archive.aspx?publicationid =709.

______ (2009). Promoting investment and trade: Practices and issues. *Investment AdvisorySeries,*Series A, No. 4.New York and Geneva: United Nations. Available from http://unctad.org/en/Docs/ diaepcb 20099_en.pdf.

______(2011a*). Foreign direct investment in LDCs: Lessons learned from the decade 2001-2010and thewayforward.* Available from http://unctad. org/en/Docs/diaeia2011d1_en.pdf.

______(2011b). Best practices in investment for development: Case studies in FDI. How to integrate FDI and skill development. Lessons from Canada and Singapore.*Investment Advisory Series*, Series B, No. 5. New York and Geneva: United Nations. Available from http://unctad.org/en/docs/diaepcb2010d5_en.pdf.

______(2013). *World Investment Report 2013: Global value chains and development – Investment and value-added trade in the global economy.* New York and Geneva: United Nations.Availablefrom http://unctad.org/en/pages/PublicationWebflyer.aspx?publicationid=588.

______(2014). *World Investment Report 2014: Investing in the SDGs: An action plan.* New York and Geneva:United Nations. Available from http://unctad.org/en/pages/PublicationWebflyer.aspx?publicationid=937.

______(2015). *World Investment Report 2015: Reforming international investment governance.* New York and Geneva:United Nations. Available fromhttp://unctad.org/en/pages/PublicationWebflyer.aspx? publicationid=1245.

______(2016). *World Investment Report 2016: Investor nationality: policy challenges.* New York and Geneva:United Nations. Available from http://unctad.org/en/pages/PublicationWebflyer.aspx?publicationid=1555.

______(2017). *World Investment Report 2017: Investment and the digital economy*. New York and Geneva:United Nations. Availablefrom http://unctad.org/en/PublicationsLibrary/wir2017_en.pdf.

Velde, Dirk and Oliver Morrissey (2004). Foreign direct investment, skills and wage inequality in East Asia. *Journal of the Asia-Pacific Economy*,vol. 9, Issue No. 3,pp. 348-369. Available from http:// dx.doi.org/10.1080/1354786042000272991.

Velde, Dirk Willem (2006). *Foreign direct investment and development, a historical perspective.* Available from http://www.odi.org.uk/ sites/odi.org.uk/files/odi-assets/publications-opinion-files/ 850.pdf.

Wahab, Sazali A., Raduan C.Rose and Suzana I.W.Osman (2012). Exploring the technology transfer mechanisms by the multinational corporations: A literature review. *Asian Social Science*, vol. 8, No. 3, March,pp. 142-150.Available from http://dx.doi.org/10.5539/ass.v8n3p142.

Wang, Miao and M.C. Sunny Wong (2009).What drives economic growth? The case of cross- border M&A and greenfield FDI activities. *Kyklos*,vol. 62, Issue No. 2, pp 316 –330. April. Blackwell Publishing.

Yamauchi, Futoshi, Nipon Poapongsakorn and NipaSrianant (2009). Technical Change and the Returns and Investments in Firm-level Training: Evidence from Thailand. *The Journal of Development Studies*, vol. 45, Issue No. 10. Special Issue: Special Section on Firm Performance in Developing Countries. pp. 1633-1650.

Zhang, KevinH. (2001). Does foreign direct investment promote economic growth? Evidence from East Asia and Latin America. *Contem-porary Economic Policy*,vol. 19, Issue 2. pp. 175-185. April.

Zhang, Jing and Xiaolan Fu (2008). FDI and environmental regulations in China. *Journal of the Asia Pacific Economy*,vol. 13, Issue No. 3, 20 June, pp. 332-353.

Zhang, Zhaoyong (2002). Productivity and economic growth: an empirical assessment of the contribution of FDI to the Chinese economy. *Journal of Economic Development*, vol. 27, No. 2, December, pp.81-95.

Zhao, John. H., Seung H.Kim and JianjuDu (2003). The impact of corruption and transparency on foreign direct investment: An empirical analysis. *MIR: Management International Review*, vol. 43, No. 1, pp. 41-62. Springer.

t cef 3

# 3

# စဉ်ဆက်မပြတ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် မူဝါဒရေးရာ မူဘောင်များ

## (က) စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့ခြင်း၊ ပုဂ္ဂလိကပိုင်ပြုခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

### ၁။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အပေါ် ဖြေလျှော့ခြင်း

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားအဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ၁၉၇၀ ခုနှစ်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားသည် အချုပ်အခြာအာဏာ ဆုံးရှုံးမည်ကို စိုးရွံ့ခြင်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများကို ဘဏ္ဍာငွေထောက်ပံ့ရန် ဘဏ်များမှ ချေးယူခြင်းကို ပိုမိုနှစ်သက်ခြင်းတို့ကြောင့် နိုင်ငံ ဖြတ်ကျော်စီးပွားရေးလုပ်ငန်းများအား အယုံအကြည် ကင်းမဲ့ခဲ့ပါသည်။ ၁၉၈၀ ခုနှစ်များတွင် ဖြစ်ပွားခဲ့သော ကြွေးမြီအကြပ်အတည်းနှင့်အတူ အဆိုပါအခြေအနေသည် ပြောင်းလဲခဲ့ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား အလားအလာရှိသော အရင်းအနှီးရင်းမြစ်တစ်ခု အဖြစ် စဉ်းစားလာခဲ့ကြသည်(e.g. Edwards, 1990)။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပို့ကုန်ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများကို ပိုမိုကျင့်သုံးလာခြင်းကြောင့် ၁၉၉၀ ခုနှစ်များတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပိုမိုအရေးပါသောကဏ္ဍတစ်ရပ် ဖြစ်လာခဲ့သည် (ဥပမာ- Singh and Jun, ၁၉၉၅; Kohpaiboon, ၂၀၀၃)။

အချိန်ကြာလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုမူဝါဒများနှင့် မဟာဗျူဟာများ တိုးတက် ပြောင်းလဲလျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာများသည်လည်း အလိုက်သင့် ပြောင်းလဲလျက်ရှိပါသည်။ ၁၉၈၀ ခုနှစ်များတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရေးအတွက် ဈေးနှုန်းအမှန်ရရှိရန် (“get the prices right”) ဘဏ္ဍာရေးမူဝါဒများအား ချမှတ်ရန် (ဆိုလိုသည်မှာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းများအကြား ကွာဟချက် ဖြစ်စေနိုင်သည့် စွမ်းအင်နှင့် အစားအစာထောက်ပံ့မှုများကဲ့သို့သော နိုင်ငံအဆင့် စီးပွားရေး မူဝါဒ/ မက်ခရိုစီးပွားရေးမူဝါဒများအား ပယ်ဖျက်ရန်ဖြစ်ပါသည်။) ဖွံ့ဖြိုးဆဲနိုင်ငံများက အဆိုပြုခဲ့ကြပါသည်။ ၁၉၉၀ အစောပိုင်းကာလများတွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြုလုပ်ခဲ့သည့် ဈေးနှုန်းမှန်ကန်မှု ရှိစေနိုင်သော ဘဏ္ဍာရေးမူဝါဒ များအား ချမှတ်ရန်နှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်မှာ “ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဈေးကွက် ဦးစားပေး မက်ခရိုစီးပွားရေး ဖြေလျှော့မှုမူဝါဒများ၊ အထူးသဖြင့် နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ ဘဏ္ဍာရေးဈေးကွက်များဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ခြင်း၊ နိုင်ငံတကာ ပေါင်းစည်းမှုကိုမြှင့်တင်ပေးသော ကုန်သွယ်ရေးအတားအဆီးများကို လျှော့ချခြင်းများ ပြုလုပ်သင့်ကြောင်း”တို့ ဖြစ်ပါသည်(IMF, ၂၀၀၁)။ ၁၉၉၀ ခုနှစ်များ နှောင်းပိုင်းကာလနှင့် ၂၀၀၀ ခုနှစ်များ အစောပိုင်းကာလတွင်

နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင်ရန် ဖြေလျော့မှုများ ပြုလုပ်ရုံမျှဖြင့် ပြည့်စုံမှုမရှိကြောင်း သတိပြုမိလာခြင်းကြောင့် ကြိုးနီစနစ် ဖြတ်တောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများ ထူထောင်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ကိုင်ခွင့် ရရှိပြီးနောက်ပိုင်းဝန်ဆောင်မှုပေးခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် လျင်မြန်ချောမွေ့စေခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြင့် "လုပ်သာကိုင်သာရှိသောဝန်းကျင်" ကို တည်ဆောက်ရန် နိုင်ငံများအား အကြံပြုခဲ့ကြပါသည်။ ၂၀၀၀ ခုနှစ်များ၏ နှစ်လယ်ကာလတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် "စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှု" ဖြစ်သင့်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပေးသင့်ကြောင်း၊ ကိုယ်ပိုင်အကျိုးစီးပွားတိုးတက်မှုအတွက်သာ မပြုသင့်ကြောင်း ပိုမိုပြောဆိုလာကြပါသည်။ ယခုအခန်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုဖြေလျော့ခြင်းကိစ္စနှင့် ပို၍ ကျယ်ပြန့်သောစီးပွားရေးဆိုင်ရာ ဖြေလျော့ခြင်းနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းတို့၏ အခန်းကဏ္ဍတို့နှင့် အကျုံးဝင်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနည်းဗျူဟာ၏ စတုတ္ထမြောက်မျိုးဆက်တစ်ခု

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနည်းဗျူဟာများ ပြောင်းလဲလာခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ ပြောင်းလဲခြင်းကိုပါ တပါတည်းဖြစ်ပေါ်စေပါသည်။ စီးပွားရေးဖြေလျော့ခြင်းသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း နည်းဗျူဟာများတွင် "ပထမဆုံးမျိုးဆက်သစ်"ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ရှာဖွေရရှိခြင်းသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းသည် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် တူညီသောအချိန်အခါတွင် (ဖြေလျော့ခြင်းမှတဆင့်) passive stage ဖြစ်ပါသည်။ သို့သော် လည်း အိမ်ရှင်နိုင်ငံများအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရရှိရန်အတွက် ဖွင့်လှစ်ရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအေဂျင်စီများတွင် ထိုသို့သော အခန်းကဏ္ဍ မျိုး မရှိချေ။

အဆိုပါ မျိုးဆက်သစ်၏နောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနည်းဗျူဟာ၏ "ဒုတိယ မျိုးဆက်သစ်" ထပ်မံထွက်ပေါ်လာပါသည်။ အဆိုပါအဆင့်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးနှင့် တိုးမြှင့်စေရေးတက်ကြွစွာ ဆောင်ရွက်ရန် တည်ထောင်ထားရှိပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးသည် ရင်းနှီးမြှုပ်နှံမှုလက်ခံသောနိုင်ငံ၏ ဈေးကွက်မှတဆင့် ကြိုတင်ဆောင်ရွက်မှု (Pro-active) ကိုဖြစ်လာစေသည်။ ထို့နောက် "တတိယမျိုးဆက်သစ်"သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအများစုအနေဖြင့် လတ်တလော ကျင့်သုံးနေသော နည်းဗျူဟာ ဖြစ်သည်။ အဆိုပါ နည်းဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုလက်ခံသောနိုင်ငံအတွက် အကိုက်ညီဆုံး ဖြစ်မည်ဟု ယူဆသည့် လုပ်ငန်း အတိအကျကို ပစ်မှတ်ထားရန် ရည်ရွယ်သည့် နည်းဗျူဟာ ဖြစ်ပါသည်။ အဆိုပါနည်းဗျူဟာသည် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့၏ အတူညီသောအခန်းကဏ္ဍများကို ပိုမိုထောက်ပြ ထားသည်။ UNCTAD ၏ ဖွံ့ဖြိုး တိုးတက်မှုအဖြစ်ဆုံးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ "စတုတ္ထ မျိုးဆက်သစ်" နည်းဗျူဟာတစ်ခု ထွက်ပေါ်လာခဲ့သည်။ အဆိုပါ နည်းဗျူဟာတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများသည် စဉ်ဆက်မပြတ်သည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့်အညီ ဆွဲဆောင်ရန် ဖြစ်ပါသည်။ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ ၂၀၁၄ တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) ရှိ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်စေရေးအတွက် စီမံချက်အသေးစိတ်တစ်စောင်ကို UNCTAD က တင်ပြခဲ့သည်။ သို့သော်လည်း လက်တွေ့တွင်မူ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ အနည်းငယ်မျှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းသည့် ရည်မှန်းချက်ပန်းတိုင်တစ်ခုအဖြစ် အလေးထားပြီး စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိဆဲဖြစ်ပါသည်။

Source: Ismail and Ajija (2013).

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျော့ဆောင်ရွက်မှုသည် စီးပွားရေးယိုယွင်းမှုအခြေအနေကို တည့်မတ်မှန်ကန် စေရန် နှင့် ထိရောက်သောစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အပေးအယူကိစ္စရပ်များ တိုးတက်စေရန် အရေးပါသောမူဝါဒ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။ စဉ်ဆက်မပြတ်အကောင်အထည် ဖော်ဆောင်ရွက်မှုနှင့် လုပ်သာကိုင်သာ ရှိစေရန်အတွက် ဖြေလျော့ပေးခြင်းမှာ အိမ်ရှင်နိုင်ငံသည် စီးပွားရေး လုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖွင့်ပေးလျက်ရှိကြောင်းကို ရင်းနှီးမြှုပ်နှံသူများအား အသိပေးခြင်း တစ်မျိုးလည်း ဖြစ်ပါသည်။ ပြည်တွင်းနှင့် ပြည်ပအကြောင်းအချက်များကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျော့ဆောင်ရွက်မှုများသည် ပိုမိုဆောင်ရွက်လာကြသည်။ ပြည်တွင်းနှင့်ဆိုင်သောအကြောင်းအရင်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက်ကောင်းမွန်သည်ဟူသော ထင်မြင်ယူဆချက်နှင့်ဆက်နွယ်ပြီး ပြည်ပအကြောင်းအရင်းသည် IMF နှင့် World Bank ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဖိအားပေးမှုနှင့် ဆက်နွယ်နေပါသည်။ ပြည်တွင်းနှင့် ဆိုင်သောအကြောင်းအရင်း ပြည်ပ အကြောင်းအရင်းထက် ပိုမိုအရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း Kobrin (2005) က တွေ့ရှိခဲ့ပါသည်။ အစိုးရများသည် ကုန်ကျစရိတ်နည်းနည်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏အကျိုးကို အများဆုံးရရှိနိုင်သည်ဟု ပိုမိုယုံကြည်မှုရှိလာသည့်အပြင် အခြားသောပြင်ပအကူအညီများကိုတဖြည်းဖြည်းလျော့ချလာသောကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာသည်ဟူသော ထင်မြင်ယူဆချက်လည်း ရှိခဲ့ပါသည်။ လုပ်သာကိုင်သာရှိစေရေးဖြေလျော့ ဆောင်ရွက်မှုကို စေ့ဆော်မှုသည်နိုင်ငံ၏ အရွယ်အစား (နိုင်ငံငယ်များတွင် ဒေသတွင်းတိုးတက်အမှုအတွက် လိုအပ်သော သဘာဝအရင်းအမြစ်များ နည်းပါးခြင်း)၊ ဖွံ့ဖြိုးတိုးတက်မှုအဆင့် (ဖွံ့ဖြိုးတိုးတက်မှု အဆင့်မြင့်မားလေလေ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်သည့်အပြင် ၎င်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးအမြတ်များကို ပိုမိုရယူနိုင်မည် ဖြစ်သည်။) နှင့် ကုန်သွယ်ရေးဖွင့်ပေးမှု (ကုန်သွယ်မှုဦးစားပေး နိုင်ငံများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်သည်။) တို့နှင့် ဆက်စပ်နေကြောင်း Kobrin က မှတ်ချက်ပြုခဲ့ပါသည်။

ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်သာကိုင်သာရှိရေး ဖြေလျော့ဆောင်ရွက်မှုသည် အောက်ပါနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကန့်အသတ်များ လျော့ချခြင်းကို ရည်ညွှန်းပါသည် -

- နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သော လုပ်ငန်းကဏ္ဍများကို ကန့်သတ်မှုများ။
- နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို ကန့်သတ်မှုများ။
- ပြည်ပမှပိုင်ဆိုင်မှုပမာဏကို ကန့်သတ်မှုများ။
- ပြည်တွင်းလုပ်ငန်းများနှင့် ဖက်စပ်ဆောင်ရွက်မှု မဖြစ်မနေ ပြုလုပ်ရခြင်း။
- အမြတ်ငွေများပြန်လည်လွှဲပြောင်းမှုအပေါ် ထိန်းချုပ်မှုများ
- ပြုမှုဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များ၊ (ဥပမာ- ပို့ကုန်လိုအပ်ချက်များ၊ ပြည်တွင်း လိုအပ်ချက် အကြောင်းအရာများ၊ နည်းပညာလွှဲပြောင်းမှု လိုအပ်ချက်များ၊ ကျွမ်းကျင်မှုအရည်အသွေး တိုးတက်မှု လိုအပ်ချက်များနှင့် ကုန်သွယ်ရေး ချိန်ညှိမှုအတွက် လိုအပ်ချက်များ)
- သွင်းကုန်ကန့်သတ်မှုများ။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်များ၊ အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များနှင့် WTO စာချုပ်များအားလုံးတွင် အတွင်းနှင့် ပြင်ပလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်လာသော ကနဦးဖြေလျော့ဆောင်ရွက်ချက်များမှလွဲ၍ ရင်းနှီးမြှုပ်နှံမှု လုပ်သာကိုင်သာရှိရေး ဖြေလျော့ဆောင်ရွက်မှုနည်းလမ်း

များ ပါဝင်ပါသည်။ အခန်း ၄ တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတကာ စည်းမျဉ်းစနစ်ကို အသေးစိတ် ဖော်ပြထားပြီး အခန်း ၅ တွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များ အကြောင်းကို ဖော်ပြထားပါသည်။

## ၂။စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဖြေလျော့မှုနှင့် သက်ဆိုင်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို စွဲဆောင်ရန် နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျော့ဆောင်ရွက်မှုများကို အပြိုင်အဆိုင် ဆောင်ရွက်လာလျက်ရှိပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျော့ချရေးတို့နှင့် ပတ်သက်သော စီးပွားရေးဆိုင်ရာဖြေလျော့မှု (သို့မဟုတ်) ဘဏ္ဍာရေးဆိုင်ရာဖြေလျော့မှုတို့၏ အကျိုးသက်ရောက်မှုကို လေ့လာသုံးသပ်မှုများ အများအပြားရှိသော်လည်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဖြေလျော့မှု တစ်ခုတည်း၏ သက်ရောက်မှုအပေါ် လေ့လာသုံးသပ်မှုမှာ များစွာမရှိချေ။ ESCAP (၂၀၀၉ a) မှ လေ့လာသုံးသပ်သူအနည်းစုမှ ကုန်သွယ်မှုဆိုင်ရာ ဖြေလျော့ဆောင်ရွက်မှုကို ဆန့်ကျင်ကြသော်လည်း လေ့လာသုံးသပ်မှု အများစုတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုဆိုင်ရာဖြေလျော့မှု၏ အပြုသဘောဆောင်သော သက်ရောက်မှုကို ဖော်ပြထားပါသည်။ ကုလသမဂ္ဂ DESA အစီရင်ခံစာကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျော့ချရေးနှင့်ပတ်သက်သောစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဖြေလျော့မှု၏ အကျိုးသက်ရောက်မှုရလဒ်သည် ရောထွေးလျက်ရှိသည်ကို ထောက်ပြထားပါသည်။ Basu နှင့် အခြားပညာရှင်များမှ ကန့်သတ်မှုရှိသောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစနစ်များအောက်တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အပြန်အလှန်အကျိုးသက်ရောက်မှု မရှိချေ။

"အတွင်းမျှော် သွင်းကုန် အစားထိုး စီးပွားရေးမူဝါဒမှ အပြင်မျှော် ပို့ကုန် ဦးစားပေးမူဝါဒ (နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလိုလားသော သဘောထားအပါအဝင်) သို့ ပြောင်းလဲကျင့်သုံးခဲ့ခြင်းကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ရှိန်ထိုးဖြစ်ပေါ်စေခဲ့ကြောင်း အာရှ - ပစိဖိတ်ဒေသ၏ အတွေ့အကြုံက သာဓက ပြလျက် ရှိပါသည်။ အဆိုပါ ဖြေလျော့မှုအား ထိန်းချုပ်မှုရှိပြီး စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်နိုင်သောအပြုအမူဖြင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း အာရှအတွေ့အကြုံများကလည်းဆိုထားပါသည်။ ထိရောက်သော စည်းမျဉ်းမူဘောင်မရှိသည့် ဘဏ္ဍာရေးနှင့် အရင်းအနှီးဈေးကွက် ဖြေလျော့ဆောင်ရွက်မှုသည် ၁၉၉၇ အာရှ ငွေကြေးအကြပ်အတည်း ဖြစ်စေခဲ့သည့် အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ကြောင်း Stiglitz (2000) က အခိုင်အမာပြောဆိုခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုမရှိသော ဘဏ္ဍာရေးဆိုင်ရာ ဖြေလျော့မှုနှင့် ထိန်းချုပ်မှုလျှော့ချခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ် စီးပွားရေးအကြပ်အတည်းကို ဖြစ်စေခဲ့ကြောင်း ပြစ်တင် ပြောဆိုမှုများလည်း ရှိခဲ့ပါသည်။ ဖြေလျော့မှုသည် ဈေးကွက်များ ထိရောက်စေရေးအတွက် လိုအပ်သကဲ့သို့ ဥပဒေစည်းမျဉ်းသည် ၎င်းတို့၏ တည်ငြိမ်မှုရှိစေရေးအတွက် လိုအပ်ပါသည်။ ဖြေလျော့မှုနှင့် ဥပဒေစည်းမျဉ်းတို့သည် တူညီသော နယ်ပယ်များတွင် တပြိုင်တည်းအသုံးပြု၍မရချေ။ ဥပမာ အားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုအတွက် ဖြေလျော့မှုသည် ယေဘုယျအားဖြင့် ကောင်းမွန်သည်ဟု ယူဆနိုင်သော်လည်း ပြောင်းလဲလွယ်သော ၁၀ % အောက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Foreign Portfolio Investment) ဆိုင်ရာ

ဖြေလျော့ဆောင်ရွက်မှုကို ကောင်းသည်ဟု မယူဆနိုင်ပေ။ ထိုအချက်သည် "ရင်းနှီးမြှုပ်နှံမှု" အဓိပ္ပါယ်ဖွင့်ဆိုချက်များပါဝင်သော Portfolio Investment အား အကာအကွယ်ပေးသော အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားသောနိုင်ငံများအတွက် အရေးကြီးလှပါသည်။ သို့ရာတွင် ဘဏ္ဍာရေးဆိုင်ရာ ဖြေလျော့မှုသည်ပင် ရေရှည်တိုးတက်မှု မရှိနိုင်သောအကြောင့် ၎င်းအချက်သည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွင်ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသည့်အချက်တစ်ချက် ဖြစ်ပါသည်။

သို့ဖြစ်၍ စိန်ခေါ်မှုသည် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဖြေလျော့မှုများနှင့် ထိရောက်သော ကြီးကြပ်မှုနှင့် ထိန်းကျောင်းမှုအကြား သင့်လျော်သောဟန်ချက်ရှိရေးကို ရှာဖွေရန် ဖြစ်ပါသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျော့မှုများသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာတွင် မရှိမဖြစ်လိုအပ်သည် ဆိုဖွယ်ရာရှိပါသည်။ တင်းကြပ်သော ပိုင်ဆိုင်မှုနှင့် လုပ်ငန်းကဏ္ဍကန့်သတ်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတား ဖြစ်စေသော အရာများ ဖြစ်ပါသည်။ နိုင်ငံများတွင် စီးပွားရေးနှင့်ပတ်သက်၍ တားမြစ်မှုများရှိသော်ငြားလည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူအား အကျိုးအမြတ် ရရှိစေနိုင်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင် နိုင်သော အထူးသဖြင့် နိုင်ငံကြီးဖြစ်လျှင် ထိုနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ၎င်းနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စဉ်းစားလေ့ရှိနေပေလိမ့်မည်ဖြစ်ပါသည်။ နိုင်ငံငယ်များအနေဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု ဆွဲဆောင်မှုတွင် ကန့်သတ်ချက်များ ရှိနေနိုင်သောကြောင့် ဖြေလျော့ဆောင်ရွက်မှု ပြုလုပ်ရုံမှတစ်ပါး အခြား မရှိချေ။ နိုင်ငံငယ်ဖြစ်သော စင်ကာပူနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုအပေါ်တွင် အမှီအခိုပြုနေရသဖြင့် ရင်းနှီးမြှုပ်နှံမှုတွင် များစွာဖြေလျော့ပေးထားပါသည်။ သို့သော် တရုတ်နိုင်ငံကဲ့သို့သော နိုင်ငံကြီးတစ်နိုင်ငံသည် စီးပွားရေးနှင့်ပတ်သက်၍ တားမြစ်မှု အများအပြား ရှိသော်လည်း သင့်တင့်လျောက်ပတ်သော ဖြေလျော့မှုများကြောင့် နိုင်ငံတော်မှ စီးပွားရေးကိုချုပ်ကိုင်ထားသော်လည်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုပမာဏသည် မြင့်မားနေဆဲပင် ဖြစ်ပါသည်။ ထို့နောက် စီးပွားရေးအင်အားကြီးမားသော အိန္ဒိယနိုင်ငံတွင် စီးပွားရေးနှင့်ပတ်သက်၍ တားမြစ်မှုများဆက်လက်ရှိနေခြင်း (အသွင်ကူးပြောင်းဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှု အခြေအနေများ မရှိခြင်း) ကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုပမာဏသည် အတိုင်းအတာတစ်ခုအထိလျော့နည်းနေဆဲပင်ဖြစ်ပါသည်။ နိုင်ငံအများ၏အတွေ့အကြုံများအပေါ်အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုဖြေလျော့မှုတစ်ခုတည်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မလုံလောက်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှု ဖြေလျော့မှုသည် အရေးပါသော်လည်း ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် လုံလောက်သောအရာတစ်ခု မဟုတ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

## ၃။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း

စီးပွားရေးဆိုင်ရာဖြေလျှော့မှုတွင် အရေးပါသော ရှုထောင့်တစ်ခုမှာ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဖြစ်ပါသည်။ ၁၉၉၀ ခုနှစ်ကာလများနှင့် ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် စီးပွားရေးတွင် အသွင်ကူးပြောင်းခဲ့သော နိုင်ငံများ၌ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် အလွန်အရေးပါပြီး ၎င်းသည်စီးပွားရေးကဏ္ဍတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုကို လျော့ချရန် (သို့မဟုတ်) ဘတ်ဂျက်လိုငွေများ ဖြေရှင်းဆောင်ရွက်ရန် အရေးပါသော ဖြေရှင်းနည်းတစ်ရပ် ဖြစ်နေဆဲဟု ယူဆခဲ့ကြပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာရှအလယ်ပိုင်းနိုင်ငံများ၌ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ Boubakri နှင့် အခြားသောပညာရှင်များ (၂၀၀၉) သည် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့၏ အပြန်အလှန်ဆက်စပ်မှုအား (က) ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှု အခြေအနေကို တိုးတက်စေခြင်း (အစိုး၏ အခန်းကဏ္ဍကိုလျော့ချပြီး ပုဂ္ဂလိက၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်း)၊ (ခ) ပုဂ္ဂလိပိုင် ပြုလုပ်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း (ပုဂ္ဂလိကသည် အစိုးရထက် ပိုမိုစွမ်းဆောင်နိုင်ခြင်း)၊ (ဂ) ရှယ်ယာထုတ်ပေးခြင်းမှတဆင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အရေးပါသော အချက်တစ်ချက်ဖြစ်သည့် ဘဏ္ဍာရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေခြင်း စသည်တို့ဖြင့် ဖော်ပြခဲ့ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းအတွက် အရေးပါလှသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် အရေးပါသည့်သော့ချက် ဖြစ်ကြောင်းကို အဆိုပါပညာရှင်များ၏ရှာဖွေတွေ့ရှိချက်များက အကြံပြုကြပါသည်။ Mukherjee and Suetrong (2009) တို့ကလည်း ပုဂ္ဂလိကပိုင်ပြု လုပ်ခြင်းနှင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အသစ်ပြုလုပ်ခြင်းတို့အကြား ခိုင်မာသောဆက်နွယ်မှု နည်းလမ်းနှစ်သွယ် ရှာဖွေတွေ့ရှိခဲ့ပြန်ပါသည်။ အစိုးရပိုင် ပစ္စည်းများအား ခွဲဝေဖြန့်ဖြူးရာတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် စိတ်ဝင်စားဖွယ် နည်းလမ်း တစ်ရပ်ဖြစ်ကြောင်း (အထူးသဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများက အဆိုပါ အစိုးရပိုင် ပစ္စည်းများကို ဝယ်ယူနိုင်စွမ်း (သို့မဟုတ်) ဝယ်ယူရန်ဆန္ဒ မရှိသည့်အခါ) သုံးသပ်ခဲ့ကြပါသည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် မဟာဗျူဟာကျသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ရှာဖွေသော လုပ်ငန်းများကိုသာမက M&As ပုံစံဖြင့် ဈေးကွက်တစ်ခုသို့ ထိုးဖောက်နိုင်သည့် လွယ်ကူသော ဝင်ပေါက်တစ်ခုကို ရှာဖွေသော အခြားနိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများကိုလည်း ဆွဲဆောင်နိုင်ပါသည်။ ထို့အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ငွေကြေးအရင်းအနှီးအပြင် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုကိုလည်း သယ်ဆောင်လာနိုင်ပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် အထူးသဖြင့် ဆိပ်ကမ်းများ၊ လမ်းမများ၊ လေဆိပ်များ၊ ရထားလမ်းများ အစရှိသည့် ကြီးမားသော အခြေခံ အဆောက်အဦ စီမံချက်များကဲ့သို့သော လုပ်ငန်းများတွင် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ (PPPs) အတွက် အရေးပါသောနည်းလမ်းတစ်ရပ် ဖြစ်လာပါသော်လည်း ၎င်း၏ အောင်မြင်မှုသည် ပြည်တွင်းဥပဒေစည်းမျဉ်းမူဘောင်၏အရည်အသွေးပေါ်တွင် မူတည်ပါ သည်။ (Kirkpatrick နှင့် အခြားပညာရှင်များ, ၂၀၀၆)

သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံတော်ပိုင်လုပ်ငန်းများသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အဖြစ် ခွင့်မပြုသော ဘဏ်လုပ်ငန်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (ရေနှင့်လျှပ်စစ်မီးရရှိရေး)၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ရေနှင့် ရေဆိုးသန့်စင်စနစ်၊ ဆက်သွယ်ရေးကဏ္ဍတို့ကဲ့သို့သော ကဏ္ဍများအား ချုပ်ကိုင် ထားဆဲဖြစ်ပါသည်။ အဆိုပါအစိုးရပိုင်လုပ်ငန်းများအား လုပ်ကိုင်လာရာမှ နိုင်ငံခြားသားပိုင် လုပ်ငန်းအဖြစ် လွှဲပြောင်း

ပေးအပ်သည့်အခါ မိမိတို့၏ လုပ်ပိုင်ခွင့်အာဏာ ပျောက်ဆုံးသကဲ့သို့ ထင်မြင်တွေးတောလာနိုင်ပါသည်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍတွင်လွှမ်းမိုးခြယ်လှယ်ထားမှုသည် ထုတ်လုပ်သူအတွက် အကျိုးကျေးဇူးများပြီး စားသုံးသူအတွက် ထိခိုက်နစ်နာစေသော စီးပွားရေးအင်အားကို ဖြစ်ပေါ်စေပါသည်။ ပြိုင်ဆိုင်မှုကင်းမဲ့ခြင်းကြောင့် စားသုံးသူသည် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရွေးချယ်ခွင့်မရှိသော (သို့မဟုတ်) အကန့်အသတ် ဖြစ်သာ ရွေးချယ်ခွင့် ရှိသောအခြေအနေများကို ကြုံတွေ့လာနိုင်ပြီး ဈေးနှုန်းများ မြင့်တက်မှုနှင့်လည်း ရင်ဆိုင်ရနိုင်ပါသည်။ အစိုးရပိုင်လုပ်ငန်းများကို နိုင်ငံခြားသားများကလွှဲပြောင်းရယူရာတွင် လုပ်ငန်းထိရောက်မှု ရှိစေရန်နှင့် ပြိုင်ဆိုင်နိုင်မှုရှိစေရန် ဆောင်ရွက်ရသောကြောင့် အလုပ်အကိုင် ဆုံးရှုံးမှုများ မကြာခဏ ဖြစ်ပေါ် လေ့ရှိပါသည်။ ထို့ကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပါဝင်သော ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် သာမန် လူထုအကြား ကြိုက်နှစ်သက်မှု မရှိကြသောကြောင့် ပြည်သူလူထုအတွက် လုံခြုံစိတ်ချရသော အစီအစဉ်များရှိစေရန်နှင့် ပြန်လည် လေ့ကျင့်ပျိုးထောင်ပေးခြင်းအစီအစဉ်များရှိစေရန် အရေးကြီးလှပါသည်။ ခိုင်မာရှင်းလင်းသော ဥပဒေစည်းမျဉ်းမူဘောင်အတွင်းတွင် ပွင့်လင်းမြင်သာမှုရှိသော (တင်ဒါ) နည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်ပြီး ပြိုင်ဆိုင်မှုရှိသော ဈေးကွက်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ထားသောလုပ်ငန်းက ဆက်လက်လည်ပတ်မည် ဆိုပါက ယင်းသို့ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် အောင်မြင်မှု အရှိဆုံး ဖြစ်ပါသည်။

## ကာဇက်စတန်နိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အပါအဝင် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း ပြဿနာများ

၁၉၉၀ ခုနှစ်နှောင်းပိုင်းတွင် ကာဇက်စတန်နိုင်ငံသည် ဘက်စုံပြုပြင်ပြောင်းလဲမှုတစ်ခုကို ကြုံခဲ့ရပြီး ပုဂ္ဂလိကပိုင် ဆောင်ရွက်ခြင်း အပါအဝင် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းမှတဆင့် စက်မှုလုပ်ငန်းများကို ပြန်လည်တည်ထောင်ခြင်း နှင့်စပ်လျဉ်းသည့် ပြဿနာများအပြားကို ကြုံတွေ့ခဲ့ရသည်။ အဆိုပါကိစ္စရပ် အများစုသည် နိုင်ငံခြားမှ ဝယ်ယူသူများ (သို့မဟုတ်) ဖက်စပ်အဖြစ် ဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိသည့် လုပ်ငန်းပါတနာများနှင့်အတူ ကာဇက်စတန်နိုင်ငံရှိ စက်မှု ဆိုင်ရာလုပ်ငန်းကြီး အများစုကို ၁၉၉၆ ခုနှစ်တွင် ပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့သည်။ ရောင်းချထားပြီးသော စက်ရုံများအနက် အဓိကစက်ရုံများမှာ Qaragandy သတ္တုစက်ရုံဖြစ်ပြီး ယင်းစက်ရုံသည် သံနှင့်ဆိုင်သောသတ္တုများ ထုတ်လုပ်သည့် စက်ရုံ ဖြစ်သည့်အပြင် ယခင် ဆိုဗီယက် ပြည်ထောင်စုတွင် အကြီးဆုံးစက်ရုံများအနက် တစ်ခုလည်း ဖြစ်သည်။ Sokolov-Sargay သံသတ္တုရိုင်း ထုတ်လုပ်သည့် စက်ရုံ၊ Yuzhneftegaz ရေနံကုမ္ပဏီ၏ Kumkol ရေနံတွင်း၊ Almaty မြို့နှင့် အခြားနေရာများ၏ အပူပေးခြင်းနှင့် လျှပ်စစ်ဓာတ်အား စနစ်စသည်တို့လည်း ရှိသည်။

လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းမှာ ပုဂ္ဂလိကလက်ထဲသို့ ရောင်းချထားပြီး နိုင်ငံတော်၏ ဘဏ္ဍာတိုက်အတွက် အမေရိကန်ဒေါ်လာ ၂၆၃ သန်းခန့် မြင့်တက်စေခဲ့ပါသည်။ နိုင်ငံခြားအရင်းရှင်ဝါဒီများကို အကြမ်းဖက်သည့် ပတ်ဝန်းကျင်တစ်ခုတွင် အစိုးရနှင့်အတူ အဆိုပါလုပ်ငန်းစဉ်တွင် နိုင်ငံခြားသားများ ပါဝင်မှုသည့် ကျော်ကြားမှုမရှိပါ။ ထို့နောက် အလုပ်သမားများသည် နိုင်ငံခြားပိုင်ရှင်များထံသို့ ရောင်းချခြင်းသည် ရေရှည်ပြဿနာတစ်ခုဖြစ်သည့် လစာမပေးနိုင်သည့် ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ဆိုဗီယက်ခေတ်ကာလတွင် အဓိကစက်ရုံနေရာတဝိုက်ဧရိယာတွင် အိမ်ရာများကို ဖြည့်ဆည်းပေးရန် ကာဇက်စတန်နိုင်ငံတွင် မြို့ငယ်လေးများစွာကို တည်ထောင်ခဲ့သည့် အချက်သည် စက်ရုံများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန်အတွက် ပိုမိုဖြစ်စေသည်။ ထို့ကြောင့် ဒေသခံစက်ရုံများနှင့်အတူ စီးပွားရေးပြဿနာများ ပေါ်ပေါက်ခဲ့ပြီး မြို့ကိုလည်း ကြီးမားစွာ ထိခိုက်စေခဲ့သည်။ နိုင်ငံပိုင်ဆိုင်မှုများကို နိုင်ငံခြားပိုင်ရှင်များသို့ ရောင်းချခြင်းသည် ၎င်းတို့၏ အခြေအနေများသည် ချက်ချင်းတိုးတက်မှု မရှိသေးကြောင်းသိသည့် အလုပ်သမားများသည်

စက်ရုံကို ကန့်ကွက်ခြင်းနှင့် အဆာငတ်ခံဆန္ဒပြမှုများကို ကာဇက်စတန်နိုင်ငံ အလယ်ပိုင်းတွင် ၁၉၉၆ ခုနှစ်၌ ပြုလုပ်ခဲ့ကြသည်။

၁၉၉၆ ခုနှစ်တွင် အနောက်နိုင်ငံများမှ မိတ်ဖက်များပါဝင်သည့် Global Mineral Reserves Incorporated အကြီးအကဲသည် Qaragandy ဒေသအလယ်ပိုင်းရှိ Shubarkol ကျောက်မီးသွေး သတ္တုတွင်းကို လွှဲပြောင်းရယူသည့် နိုင်ငံပိုင်ဆိုင်မှုများ ဒေသခံကော်မတီ အဖွဲ့နှင့်အတူ ဖက်စပ်လုပ်ငန်းသဘောတူ စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူစာချုပ်တွင် Global အနေဖြင့် သတ္တုတွင်း လုပ်သားများ၏ လူနေမှု အဆင့် အတန်းကို တိုးတက်စေရန် ဆောင်ရွက်ရမည်ဟူသော အချက်ပါဝင်သည်။ သို့သော်လည်း Global အနေဖြင့် ဘဏ္ဍာရေးမရှိသောကြောင့် အဆိုပါတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

အခြားပုဂ္ဂလိကပိုင် ဆောင်ရွက်ခြင်းမှာ နိုင်ငံရေးဆိုင်ရာ ပြဿနာများ ဖြစ်လာပါသည်။ ဥပမာအားဖြင့် ကာဇက်စတန်အလယ်ပိုင်းရှိ Jezkazgan သံသတ္တု မဟုတ်သော စက်ရုံကို ဝယ်ယူခဲ့သည့်Samsung Corporation နှင့်စပ်လျဉ်း၍ Almaty ၏ မြို့တောဝန် ထံမှ မကျေနပ်ချက်များကို လွှတ်တော်က ကြားသိခဲ့ရပါသည်။ Samsung Corporation သည် ဝယ်ယူထားသည့် စက်ရုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ပိုင်ငွေများကို အသုံးပြုခြင်း မရှိဘဲ ကာဇက်အစိုးရမှ ထောက်ပံ့ခဲ့သော ဘဏ္ဍာငွေကို အသုံးပြုခဲ့ကြောင်း မြို့တော်ဝန်က စွပ်စွဲခဲ့ပါသည်။ Ispat-Karmet ဟုခေါ်သည့် ဖက်စပ်လုပ်ငန်းတစ်ခုသည် နိုင်ငံခြားမှ အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းမရှိဟု Qaragandy Metal Plant ပိုင်ရှင်ကိုလည်း အဆိုပါ မြို့တော်ဝန်က ဝေဖန်ခဲ့သည်။ ၎င်း၏ပြောဆိုချက်များသည် အစိုးရ အဖွဲ့ဝင်များအကြား အကျင့်ပျက်ခြစားမှု ကောလဟာလကို မြှင့်တက် စေခဲ့သည်။

၁၉၉၆ ခုနှစ်တွင် လုပ်ငန်းလည်ပတ်လျက်ရှိသည့် ဘယ်လ်ဂျီယံ နိုင်ငံခြားကုမ္ပဏီ တစ်ခုဖြစ်သည့် Tractebel သည် Almaty လျှပ်စစ်နှင့် အပူပေးခြင်းစနစ်ကို လွှဲပြောင်းယူခဲ့သည်။ ထိုသို့လွှဲပြောင်းယူပြီး နောက်ပိုင်း ထိရောက်စွာ မောင်းနှင်လည်ပတ်နိုင်ရန် အတွက် အလုပ်သမားများကို လျော့ချခဲ့သည်။ ထိုသို့ လျော့ချ ခဲ့သည့် အတွက်ကြောင့် အလုပ်သမား သပိတ်မှောက်မှုများ ပေါ်ပေါက်လာခဲ့သည်။ ၎င်းတို့ကအသုံးပြုခ တိုးမြှင့်မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ ယင်းသို့ကြေညာခြင်းသည် စားသုံးသူများမှဆန့်ကျင်ခြင်းကို ဦးတည်စေခဲ့သည်။ မြို့ပြ၏ ဆင်ခြေဖုံး အချို့ဒေသများသို့ ငွေကြေးထ ောက်ပံ့ပေးမှုများအား ရက်အနည်းငယ်မျှ ဖြတ်တောက်ခြင်းကို ပြုလုပ်ခဲ့ခြင်းသည် ဒေသခံအာဏာပိုင်များကို ပေးဆောင်စေရန် သတိပေးချက် တစ်ခုပင် ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် အုတ်အော်သောင်းနင်းများကိုထပ်မံ ဖြစ်စေခဲ့ပသည်။ Tractebel ၏ ရည်ရွယ်ချက်မှာ ဖြန့်ဖြူးရေးကုမ္ပဏီကို ထည့်လိုပြီး စားသုံးသူများကို ထိရောက်သည့်ဝန်ဆောင်မှုများကို ရေရှည်ပေးနိုင် စေရန်ဖြစ်သည်။ သို့သော်လည်း ယင်းကုမ္ပဏီ၏ ကြိုးပမ်းမှုများသည် နားလည်မှုလွဲမှားမှုကို ဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း Tractebel သည် ဆက်လက်တည်ရှိနေခဲ့ပြီး အာမခံများ ထုတ်ပေးခဲ့ပြီး ၁၉၉၇ ခုနှစ်သည် ကောင်းမွန်ချောမွေ့သောနှစ် ဖြစ်လာခဲ့သည်။ ကုန်သွယ်ရေးသမဂ္ဂနှင့်လုပ်အားခ ကြွေးကျန်ပေးဆောင်ခြင်းဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုးခဲ့သည်။ ကာဇက်စတန်အစိုးရသည် တဖန် ပြန်လည် လန်းဆန်းလာမည့် ကုမ္ပဏီများ ပုံစံနှင့်လာမည့်နှစ်များတွင် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးလုပ်ငန်းစဉ်များကို စတင် ဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးအမြတ်များရရှိလိမ့်မည်ဟု အာမခံချက်များ ပေးခဲ့သည်။

Source: Merhat Sharipzhan, "Kazakhstan: A case study of privatization problems." Radio Free Europe/Radio Liberty. 9 January 1997. Available from: http://www.rferl.org/content/article/1083013.html..

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းအတွက် အရေးပါသည့် အောင်မြင်စေသည့် အချက်များ

၁။ တိုင်းပြည်၏စီးပွားရေးအခြေအနေတည်ငြိမ်ခြင်း၊
၂။ ကောင်းမွန်သောဥပဒေမူဘောင်များရှိခြင်း၊
၃။ ခိုင်မာသောစီးပွားရေးမူဝါဒများရှိခြင်း၊
၄။ ဘဏ္ဍာရေးဈေးကွက်ရရှိနိုင်ခြင်း၊
၅။ အကျိုးအမြတ်မျိုးစုံရည်မှန်းချက်များရှိခြင်း၊
၆။ သင့်လျော်သောစွန့်စားမှုခွဲဝေခြင်းနှင့်စွန့်စားမှုမျှဝေခြင်း၊
၇။ ကတိကဝတ်ပြုခြင်းနှင့်အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတာဝန်ယူမှုရှိခြင်း၊
၈။ ပုဂ္ဂလိကအကျိုးတူကုမ္ပဏီများကောင်းမွန်ခိုင်မာအားကောင်းစေခြင်း၊
၉။ ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်ရှိခြင်း၊
၁၀။ နည်းပညာဆိုင်ရာစီမံကိန်းကနဦးဆန်းစစ်လေ့လာမှုရှိခြင်း၊
၁၁။ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအကြားအာဏာခွဲဝေမှုရှိခြင်း၊
၁၂။ နိုင်ငံရေးဆိုင်ရာပံ့ပိုးမှုရှိခြင်း၊
၁၃။ လူမှုရေးဆိုင်ရာပံ့ပိုးမှုရှိခြင်း၊
၁၄။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို တာဝန်ယူဆောင်ရွက်ရန်အတွက် ကောင်းမွန်စွာ ဖွဲ့စည်းထားသော အစိုးရအဖွဲ့အစည်းများရှိခြင်း၊
၁၅။ ယှဉ်ပြိုင်မှုရှိသောဝယ်ယူရေးလုပ်ငန်းစဉ်ရှိခြင်း၊
၁၆။ ပွင့်လင်းမြင်သာသောဝယ်ယူရေးလုပ်ငန်းစဉ်ရှိခြင်း၊
၁၇။ အစိုးရမှအာမခံမှုရှိခြင်း၊
၁၈။ စရိတ်နှင့် အကျိုးကျေးဇူးတို့ကို မှန်မှန်ကန်ကန်သေသေချာချာအကဲဖြတ် ဆန်းစစ်ခြင်း။

Source: Ismail and Ajija (2013).

## (ခ) လုပ်သာကိုင်သာရှိသောအခြေအနေနှင့် တက်ကြွထက်သန်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဆိုင်ရာ လိုအပ်မှု

### ၁။ ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးပေးနိုင်သောအရာများ

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ နှစ်ရပ်လုံးအကြားတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ပြိုင်ဆိုင်မှုသည် ပြင်းထန်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အဓိက ဦးတည်ချက်သည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက်ဆိုင်ရာ အမှန်တကယ် လုပ်သာကိုင်သာရှိသော ဝန်းကျင် ဖန်တီးနိုင်မှုဆီသို့ ပြောင်းလဲလျက် ရှိပါသည်။ ထိုသို့ဖန်တီးယူမှုဆိုရာ၌ ပြည်ပရင်းနှီးမြှုပ်နှံသူများကို ပွင့်လင်းမြင်သာမှု၊ ကာကွယ်မှုနှင့် တည်ငြိမ်မှုပေးနိုင်သော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံဖြတ်ကျော်ကော်ပိုရေးရှင်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ပြည်တွင်းလုပ်သားအင်အား၏ စွမ်းဆောင်ရည်များ

တိုးတက်စေနိုင်သည့် ပညာရေးကဲ့သို့သော လူမှုဆိုင်ရာ အခြေခံအဆောက်အအုံ အစရှိသည်တို့တွင် ပြုပြင်ပြောင်းလဲလာပါသည်။ ထိုကဲ့သို့လုပ်သာကိုင်သာရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စရိတ်များသော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် အမှန်တကယ်အောင်မြင်မှုရှိပါသည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံအများစု အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများတွင် လုပ်သာကိုင်သာရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် မရှိချေ။ လုပ်သာကိုင်သာ ရှိသောရင်းနှီးမြှုပ်နှံမှုဝန်းကျင် မရှိသောကြောင့် တက်ကြွ ထက်သန်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများ ရှိခြင်းနှင့် တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ခွင့်ပြုပေးသော လုပ်ငန်းစဉ်များ ရှိခြင်းသည် အဆိုပါအခြေအနေကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်သော်လည်း အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မှု မရှိချေ။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးနိုင်ပြီး ထုတ်လုပ်မှု၊ လူမှုရေး၊ စည်းမျဉ်းများနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ပြည်တွင်း အခြေအနေများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ပါသည်။

ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ ၂၀၀၅ တွင် ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေရှိခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့ချရေးတို့အတွက် အဓိကဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၎င်းအစီရင်ခံစာတွင်ပင် "ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေ" ကို "လုပ်ငန်းများအတွက် အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံနိုင်ရန်၊ အလုပ်အကိုင်များ ဖန်တီးနိုင်ရန်နှင့် လုပ်ငန်းချဲ့ထွင်နိုင်ရန်အလို့ငှာ အခွင့်အလမ်းများနှင့် ဆွဲဆောင်မှုများ ဖော်ဆောင်နိုင်သည့် တည်နေရာနှင့် သက်ဆိုင်သည့်အရာများ" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒသည် ရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်နေရသည့် အတားအဆီးများကို ဖြေရှင်း ဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေကို တိုးတက်စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ စွန့်စားရမှုအခြေအနေတို့ကို လျော့ချပေးရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်နေရသည့် အဓိက အတားအဆီးအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- မူဝါဒရေးရာမသေချာမှု (တရားဝင်မူဝါဒများချမှတ်နိုင်မှုနှင့် (သို့မဟုတ်) မကြာခဏပြောင်းလဲမှုရှိခြင်း)၊ အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် တင်းကြပ်သောဥပဒေစည်းမျဉ်း (မူပိုင်ခွင့်နှင့် ပတ်သက်၍ မရှင်းလင်းခြင်းနှင့် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ အလုပ်သမားဥပဒေ (သို့မဟုတ်) ဥပဒေများနှင့် စည်းမျဉ်းများကို အကောင်အထည် ဖော်ခြင်း)၊ တိုင်းပြည်စီးပွားရေး မတည်ငြိမ်မှု (ကြွေးမြီများနှင့် ငွေကြေး ဖောင်းပွမှု (သို့မဟုတ်) ငွေကြေးတန်ဖိုး ကျဆင်းခြင်း (သို့မဟုတ်) ငွေကြေးအလွန်အမင်း ဖောင်းပွပြီး စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းခြင်းနှင့် အလုပ်လက်မဲ့နှုန်း မြင့်မားခြင်း)၊ ရာဇဝတ်မှုနှင့် ပေါ်ပေါက်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို အကာအကွယ်ပေးနိုင်မှု ကင်းမဲ့ခြင်းနှင့် ဆက်နွယ်နေသည့် **မြင့်မားသော စွန့်စားရမှုများ။**
- စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင်သည် အခွန်အကောက်များ၊ ပြည်သူ့ဝန်ဆောင်မှုအသုံးစရိတ်များ၊ သွင်းကုန်ခွန်များ၊ အကောက်ခွန်မဟုတ်သောအတားအဆီးများ၊ ငွေချေးယူခြင်းနှင့် ဘဏ္ဍာငွေရယူခြင်း၊ အဂတိလိုက်စားမှုနှင့်အကျုံးဝင်သော စရိတ်များနှင့် လုပ်ခလစာမြင့်မားခြင်း စသည်တို့ပါဝင်သည့် **မြင့်မားသောစရိတ်များ။**

## ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ ၂၀၀၅၏ အဓိကလေ့လာတွေ့ရှိချက်များ

- "ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ခုသည် လုပ်ငန်းများအတွက် အကျိုးအမြတ်များကိုသာရရှိခြင်း မဟုတ်-စရိတ် များနှင့် အန္တရာယ်များကို လျှော့ချနိုင်ရန်အတွက် ကန့်သတ်ပေးနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း တစ်ခုသည် လူမှုပတ်ဝန်းကျင် တစ်ခုလုံးအတွက် ရလာဒ်များကို တိုးတက်စေနိုင်ပါသည်။ ဆိုလိုသည်မှာ အချို့ စရိတ်များနှင့် စွန့်စားမှု အန္တရာယ်တို့ကို လုပ်ငန်းများမှ ကျခံခြင်း ဖြစ်ပါသည်။"
- "ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သည် အသေးစားလုပ်ငန်းများမှ လုပ်ငန်းစုံ လုပ်ငန်းကြီးများ အထိ ပိုမို ရင်းနှီးမြှုပ်နှံရန်၊ အလုပ်အကိုင်များ ဖန်တီးပေးရန်တို့အတွက် အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်/ သက်သာခွင့် များကို ပံ့ပိုးပေးသည်။"
- "ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းသည် မညီမျှသော စရိတ်များ၊ စွန့်စားမှုများနှင့် အခက်အခဲများအတွက် အတား အဆီးများကို ဖျက်သိမ်းပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံရန် အားပေးလျက်ရှိသည်။"
- ၁၉၈၀ ခုနှစ်နှောင်းပိုင်းနှင့် ၁၉၉၀ နှောင်းပိုင်းကာလများတွင် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများတိုးတက်မှု ရလာဒ်များမှာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ပြည်တွင်းအသားတင် ထုတ်လုပ် မှု ရှယ်ယာ၏ နှစ်ဆနီးပါး ဖြစ်ခဲ့သည်။"
- "ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းသည် စီးပွားရေးလုပ်ငန်းများကို အခွင့်အလမ်းများနှင့် ကင်းလွတ်ခွင့် မက်လုံး များပေးခြင်းဖြင့် ထုတ်လုပ်မှုတိုးမြှင့်စေရန် အားပေးလျက်ရှိသည်။ ထိုသို့ရင်းနှီးမြှုပ်နှံမှုများကို ဆန်းသစ် ပြောင်းလဲခြင်းအတွက်သာမက ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်၊ ကုန်ပစ္စည်းဖြန့်ဖြူးခြင်းနှင့် စားသုံးသူများ၏ တုံ့ပြန်မှု စသည်တို့ကို ဆောင်ရွက်နိုင်မည့်နည်းလမ်းကောင်းများ ဖွံ့ဖြိုးစေရန်၊ ချမှတ်နိုင်ရန်၊ နည်းလမ်းကောင်းများ ချမှတ်ရန်အားပေးလျက်ရှိသည်။"
- "မူဝါဒများ တိုးတက်ဆောင်ရွက်ခြင်း။" ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံမှုအသစ်ကို ၃၀ ရာခိုင်နှုန်းထက် တိုးတက် လာနိုင်မည်ဖြစ်ပါသည်။
- "အစိုးရ၏မူဝါဒများနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်စေမည့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကို ပံ့ဖော်နိုင်မည့် အမူအကျင့်များ တိုးတက်စေခြင်း ဖြစ်ပါသည်။"
- "အရေးကြီးသည့် အဟန့်အတားများ ဖြေရှင်းခြင်းကို ဆောင်ရွက်ခဲ့သည့် တိုးတက်မှု အတွေ့အကြုံများကို ပြသ ခြင်းနှင့် ရေရှည်တိုးတက်မှုကို ဆက်လက်ဆောင်ရွက်ခြင်းတို့ဖြင့် စီးပွားရေးလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှုရရှိစေနိုင်ပါသည်။"

Source: World Bank (2004).

- နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ခြင်းရာ လက္ခဏာတစ်ခုဖြစ်သော လုပ်သားအင်အားတွင် ဆုံးဖြတ်ပေးသော အရာများဖြစ်သော လုပ်သားအင်အား၏ **နိမ့်ကျသော ကျွမ်းကျင်မှုအရည်အသွေးများ** နှင့် ကျွမ်းကျင်မှု နည်းပါးခြင်းမှ သာ၍ ကျွမ်းကျင်မှုများဆီသို့ ရွေ့လျားလာခြင်းနှင့် နိုင်ငံတကာထုတ်ကုန် စံချိန်စံညွှန်းများသည်လည်း မြင့်တက် နေခြင်း။
- မြေရရှိမှု၊ လုံလောက်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများကဲ့သို့သော **အခြေခံ အဆောက် အအုံ လုံလုံလောက်လောက် မရရှိ နိုင်ခြင်း။**

စွန့်စားရမှုနှင့် စရိတ်များလျော့ခြင်းနှင့် ကျွမ်းကျင်မှုများနှင့် အခြေခံအဆောက်အအုံများ တိုးတက်လာခြင်း စသော မူဝါဒသည် ရှင်းလင်းမြင်သာမှုရှိပါသည်။ ဒုတိယအတားအဆီးနှစ်ခုသည် နိုင်ငံ၏ယှဉ်ပြိုင် အကျိုး ကျေးဇူးများ ခိုင်မာလာခြင်းနှင့် ဆက်စပ်နေပြီး ရေရှည်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပထမ အတားအဆီး နှစ်ခုသည် ရင်းနှီးမြှုပ်နှံသူများကို ချက်ချင်း ဖြေလျော့ပေးနိုင်သော အချိန်ကာလတိုအတွင်း ဖြေရှင်း ဆောင်ရွက် နိုင်ပါသည်။ သို့ရာတွင် အဆိုပါကန့်သတ်ချက်များကို ဖြေရှင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်း လမ်းများသည် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေမှု ရှိရမည်ဖြစ်ပြီး နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ရပါမည်။ ဥပမာ-ရင်းနှီးမြှုပ်နှံသူ များသည် မူဝါဒရေးရာတည်ငြိမ်မှုကို လိုလားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၎င်းတို့၏ ဥပဒေများ၊ စည်းမျဉ်းများကို တိုးတက်မှုရှိနေစေရန် ဆောင်ရွက်ရန် လိုအပ်ပြီး မပြောင်းလဲဘဲ ထာဝရ တည်မြဲနေအောင် ကိုင်စွဲမထားနိုင်ပေ။ ရင်းနှီးမြှုပ်နှံသူများသည် အခွန်နှုန်းနည်းခြင်း (သို့မဟုတ်) အခွန်အကောက် မရှိခြင်းကို နှစ်သက်သော်လည်း ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် အခွန်ကောက်ခံခြင်းသည် အစိုးရ အတွက် မရှိမဖြစ် အရေးပါလှပါသည် (ဥပမာ- ကျွမ်းကျင်မှုနှင့် အခြေခံအဆောက်အအုံ)။ ရင်းနှီးမြှုပ်နှံသူများ သည် ပြိုင်ဆိုင်မှုနည်းခြင်း(သို့မဟုတ်) မရှိခြင်းကို နှစ်သက်သော်လည်း စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှု ရှိ စေရန်အတွက် ပြိုင်ဆိုင်မှုသည် မရှိမဖြစ်အရေးပါလှပြီး အစိုးရများသည် ဈေးကွက်ဝင်ရောက်မှု၊ ထွက်ခွာမှု ဆိုင်ရာ အတားအဆီးများ နည်းပါးစေရန်နှင့် ခိုင်မာသော ပြိုင်ဆိုင်အဆင့်နှင့် တန်းတူ ယှဉ်ပြိုင်နိုင်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယှဉ်ပြိုင်ဆိုင်မှုသည် နိုင်ငံ၏ယှဉ်ပြိုင်အကျိုးကျေးဇူးဆိုင်ရာ အခြား သော အရေးပါသည့် အချက်တစ်ချက်လည်း ဖြစ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများသည် ဥပဒေ စည်းမျဉ်း နည်းပါးမှုကို နှစ်သက်သော်လည်း ဈေးကွက်တည်ငြိမ်မှုရှိစေရန်နှင့် လူ့အဖွဲ့အစည်းအတွက် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ အကျိုးကျေးဇူးများ ရရှိစေရန် ဥပဒေစည်းမျဉ်းများ လိုအပ်ပါသည်။ ထို့ကြောင့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုမူဝါဒသည် ထိုပြဿနာကိုဖြေရှင်းရန်နှင့် သက်ဆိုင်သူအားလုံးအတွက် မျှတသော အကျိုးကျေးဇူး ကို ရှေးရှုပါသည်။ ထို့အပြင် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် အခြားသော ဆက်စပ် မူဝါဒများနှင့် လည်း သင့်လျော်သောချိတ်ဆက်မှု ရှိရပါမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်ရသည့် အတားအဆီးများအား စီးပွားရေးလုပ်ငန်း စတင် မတည်ထောင်မီ အပိုင်းနှင့် တည်ထောင်မှုပြုပြီးအပိုင်းဟူ၍ ခွဲခြားနိုင်ပါသည်။ လုပ်ငန်းစတင်မတည်ထောင်မီအပိုင်းတွင် ရင်းနှီး မြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာများအား လေ့လာသုံးသပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်း လိုင်စင်နှင့် အခြားလိုအပ်သောခွင့်ပြုချက်များ၊ အလုပ်လုပ်ခွင့်ပါမစ်၊ မိမိ အိမ်ထောင်ဖက်အတွက် နေထိုင်ခွင့် ပါမစ် ရယူခြင်းနှင့်သက်ဆိုင်သော ပြဿနာများကို ရင်ဆိုင်ရပါသည်။ စီးပွားရေးလုပ်ငန်း တည်ထောင်မှု ပြုပြီး အပိုင်းတွင် ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမည့်နေရာ ရှင်းလင်းခြင်း၊ ဒေသဆိုင်ရာ ခွင့်ပြုချက်များနှင့် လိုင်စင်များ ရယူခြင်း၊ ဒေသဆိုင်ရာအာဏာပိုင်များမှ သင့်တင်လျောက်ပတ်သော ပူးပေါင်းဆောင်ရွက်မှုနှင့် အမှန်တကယ် လုပ်ငန်းစတင်ခြင်း၊ ပြောင်းလဲလွယ်သော အလုပ်သမားဆိုင်ရာ စည်းမျဉ်းများ၊ အကောက်ခွန် ရှင်းလင်းခြင်းဆိုင်ရာ ပြဿနာများ၊ အလုပ်သမားနှင့် ဘေးကင်းလုံခြုံမှုအတွက် မကြာခဏ စစ်ဆေးခြင်း တို့နှင့် ဆက်စပ်သော ပြဿနာများအပါအဝင် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် စက်ယန္တရားများ တပ်ဆင် တည် ဆောက်ခြင်းနှင့်ပတ်သက်သော ပြဿနာများကို ရင်ဆိုင်ရပါသည်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒသည် စီးပွားရေး လုပ်ငန်း မစတင်မီ တွေ့ကြုံရသော ပြဿနာများကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖြေလျော့မှုပေးခြင်းဖြင့် ဆောင်ရွက် ရမည် ဖြစ်ပြီး တည်ထောင်မှုပြုပြီးအပိုင်းနှင့်ဆက်နွယ်သောပြဿနာများကို ထိန်းချုပ်မှု လျော့ချခြင်းဖြင့် ဖြေရှင်း

ဆောင်ရွက်ပေးရပါမည် ဖြစ်ပါသည်။ ထို့အပြင် တည်ထောင်မှုပြုပြီးအပိုင်းတွင် ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့မှု ရှိစေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးခြင်းပုံစံတို့ဖြင့် အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ဝန်ဆောင်မှုများ လိုအပ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တိုးတက်ခြင်း- တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့၏အတွေ့အကြုံများ

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးသော အခန်းကဏ္ဍ တစ်ခုဖြစ်သည်။ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်စေရေး ကြိုးပမ်းအားထုတ်မှု များစွာ ရှိသည်။ သို့သော်လည်း ယနေ့အချိန်အထိ မည်သည့်နိုင်ငံတွင်မှ စံနမူနာပြ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်း မရှိသေးပါ။ တရုတ်နိုင်ငံသည် မကြာသေးမီက ပုဂ္ဂလိကပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို အသိအမှတ် ပြုပေးခဲ့ပြီး ဈေးငွေ ဆောင်ရွက်မှု မရှိခြင်းကြောင့် ဘဏ်လုပ်ငန်းကဏ္ဍသည်လည်း ကျဆင်းလျက်ရှိသည်။ တရုတ်အစိုးရ၏ အလွန်အမင်း ကြားဝင်မှုနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် အစိုးရ၏ ထောက်ပံ့မှုရရှိရန် လွှမ်းမိုးမှုတို့မှာ တရုတ်နိုင်ငံ၏ ပြည်တွင်းနှင့်ပြည်ပ ပုဂ္ဂလိကကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲများပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ပြဿနာများမှာ လျှပ်စစ်ကဏ္ဍနှင့် မြေယာရရှိမှုနှင့် ပိုင်ဆိုင်မှုကန့်သတ်ချက်များ နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ထိန်းချုပ်မှုတို့ပင် ဖြစ်ပါသည်။ အိန္ဒိယတွင် ဖက်ဒရယ်ပြည်ထောင်စုနှင့် နိုင်ငံတော်အစိုးရတို့သည် ရင်းနှီးမြှုပ်နှံသူများ ပထမဦးဆုံးဆောင်ရွက်ရမည့် Pre-establishment Phase နှင့် နောက်ပိုင်းတွင် ဆောင်ရွက်ရမည့် Post-establishment Phase တို့ကို ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ အခက်အခဲများကို ဆောင်ရွက်ပေးရန် အာဏာများကို ကိုင်တွယ်ထားပါသည်။

နှစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးစသည့်တို့တွင် သင့်တင့်မျှတသော ကနဦးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။ တရုတ်နိုင်ငံသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၏ အခြေခံစနစ်တစ်ခုနှင့်အတူ ၎င်းနိုင်ငံ၏စီးပွားရေးအရ အဓိက ကျသောအပိုင်းတွင် ရင်းနှီးမြှုပ်နှံပါက ဆွဲဆောင်မှုအသစ်များကို ဖန်တီးခြင်းဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကုန်သွယ်မှုအတားအဆီးများကို လျော့ချရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ နှစ်နိုင်ငံလုံး၏ အခြေအနေကိုကြည့်လျှင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် အရေးကြီးသည့်အတားအဆီးများကို ဖြေရှင်းနိုင်ခဲ့ပြီး ယင်းပြုပြင် ပြောင်းလဲရေးကို အကောင်အထည် ဖော်ခြင်း နည်းလမ်းသည် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ယုံကြည်ချက်ကိုပေးခြင်းပင် ဖြစ်သည်။ ထို့နောက် ကနဦး ပြုပြင်ပြောင်းလဲမှုများ နောက်တွင် အခက်အခဲများကို ဖြေရှင်းနိုင်သည့် တိုးတက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး အနာဂတ်တွင် အစိုးရ၏မူဝါဒအပေါ် ယုံကြည်မှုတည်ဆောက်ပေးခြင်းပင် ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ၏နောက်တွင် အလွန်ဝေးကွာစွာ ရှိနေသော်လည်း နှစ်နိုင်ငံလုံးသည် ကမ္ဘာ့ဘဏ်၏လုပ်ငန်းများ လွယ်ကူချောမွေ့စေရေး အဆင့် သတ်မှတ်ချက်များတွင် သိသိသာသာ တိုးတက်လာသည်ကို တွေ့ရမည် ဖြစ်ပါသည်။ (ဇယား-၃.၃)

လက်တလောတွင် နှစ်နိုင်ငံလုံး၌ ထင်ရှားသောအခက်အခဲများစွာ ရှိနေသေးသည်။ အကျင့်ပျက် ချစားခြင်း၊ အခွန်အကောက်များ၊ နိုင်ငံခြားသားပိုင်ဆိုင်မှုအချိုး၊ သင့်တော်သော နှုန်းထားရှိသည့် ဘဏ္ဍာရေး ဖူလုံမှု မရှိခြင်း၊ ရှုပ်ထွေးပြီးရှည်လျားသည့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်နှင့်မြေယာရရှိသည့် လုပ်ငန်းစဉ်များရှိခြင်း၊

ခေတ်နောက်ကျသော အလုပ်သမား ဥပဒေများနှင့် ပဋိညာဉ်စာချုပ်များနှင့် အနုညာတ တရားစီရင်မှု အားနည်းခြင်းစသည် တို့သည် အိန္ဒိယနိုင်ငံ၏ အဓိကပူပန်စရာကိစ္စများ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံရှိ ကဏ္ဍအများအပြားတွင် နိုင်ငံသားခြားပိုင်ဆိုင်မှုအချိုးကို ကန့်သတ်ထားရှိပြီး အထူးသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကန့်သတ်ထားပါသည်။ မီးရထားဖြင့် ကုန်စည်သယ်ယူ ပို့ဆောင်ခြင်းနှင့် သစ်တောကဏ္ဍတို့သည် အစိုးရမှသာ ဆောင်ရွက်ခွင့်ရှိပြီး နိုင်ငံခြားသားပါဝင်မှုကို ပိတ်ပင်ထားပါသည်။ လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင်လည်း နိုင်ငံခြားသား ဆောင်ရွက်ခွင့်ကို ခွင့်ပြုထားခြင်းမရှိပါ။ လက်ရှိအစိုးရသည် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေသော်လည်း အကျင့်ပျက်ခြစားခြင်းသည် အဓိကစိုးရိမ်စရာအဖြစ် ကျန်ရှိနေသေးသည်။ အိန္ဒိယနိုင်ငံတွင် ဖက်ဒရယ်အဆင့်နှင့် နိုင်ငံတော်အဆင့်ဟူ၍ နှစ်ပိုင်းကွဲလျက် ရှိသောကြောင့် တစ်နိုင်ငံလုံး ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ခြင်းကို ခက်ခဲစေပါသည်။ ဥပမာ အားဖြင့် -၂၀၁၃ ခုနှစ်တွင် ကုန်အမှတ် တံဆိပ်မျိုးစုံကို လက်လီရောင်းချခွင့်ကို အစိုးရမှဖြေလျှော့ပေးခဲ့ပြီး အဆိုပါဖြေလျှော့မှုတွင် ကန့်သတ်ချက်များပါ ပူးတွဲပါရှိပါသည်။ နိုင်ငံရေးဆိုင်ရာ ခေါင်းဆောင်မှု၊ အုပ်ချုပ်မှု အရှုပ်အထွေး၊ လုပ်ထုံးလုပ်နည်းများ၊ အခွန်အကောက်များ၊ အလုပ်သမား ဆက်ဆံရေးနှင့် ပညာရေး အဆင့်အတန်း စသည် တို့တွင် နိုင်ငံတော်အဆင့်အနေဖြင့် ဆောင်ရွက်ရာတွင် ကွဲပြားခြားနားလျက်ရှိသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များ၏ လိုအပ်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုစနစ်ကို ဖြေလျှော့ခဲ့သော်လည်း တရုတ်နိုင်ငံစီးပွားရေး၏ နေရာတော်တော်များများတွင် နိုင်ငံတော်မှ ထိန်းချုပ်သည့် စနစ်များ ကျန်ရှိနေသေးသည်။ ၂၀၁၅ ခုနှစ်တွင် စတော့ဈေးကွက်ကျဆင်းခြင်းသည် နိုင်ငံမှ မထိန်းချုပ်နိုင်သော ဈေးကွက်စီးပွားရေးတစ်ခုအဖြစ် အဓိပ္ပာယ်သက်ရောက်စေသည်။ ၂၀၁၅ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့်ပြုပြင်ပြောင်းလဲရေးကော်မရှင် (NDRC) နှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန (MOFCOM) တို့သည် ၂၀၁၁ ခုနှစ်တွင် ချမှတ်ခဲ့သည့် ("2011 Catalogue") အစား Catalogue for the Guidance of Foreign Investment Industries ("2015 Catalogue") ကို ပူးတွဲထုတ်ပြန်ခဲ့သည်။ အဆိုပါ 2015 Catalogue သည် ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် အာဏာအသက်ဝင်ခဲ့ပါသည်။ အဆိုပါစာရင်းတွင် လုပ်ငန်း "အားပေးမှု" ၃၄၉ ခု၊ "ကန့်သတ်ချက်"၃၈ခု နှင့် "တားမြစ်ချက်" ၃၆ ခုတို့ ပါဝင်ပါသည်။ စတီး၊ အီသိုင်း၊ သတ္တုသန့်စင်ခြင်း၊ စက္ကူ၊ ကျောက်မီးသွေးသုံး ကိရိယာများ၊ မော်တော်ယာဉ်များ၊ လျှပ်စစ်ပစ္စည်းများ၊ ယမကာများ၊ ရထားလမ်း၊ မြေအောက် ရထားလမ်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးနှင့် အီလက်ထရောနစ် ကုန်သွယ်ခြင်းများ စသည့် ကဏ္ဍများကို အဓိကထားသော ကန့်သတ်ချက်များအား လျော့နည်းစေသည့် ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။ 2011 Catalogue နှင့် နှိုင်းယှဉ်ပါက စက်မှုကဏ္ဍ တွင် တရုတ်နိုင်ငံသားများ အများဆုံး ပါဝင်မှုမှာ ၄၄ မှ ၃၅ သို့ လျော့ကျသွားစဉ်တွင် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားသားများသည် တရုတ်နိုင်ငံသားနှင့် ဖက်စက်ဆောင်ရွက်မှုအချိုးမှာ ၄၃ မှ ၁၅ အထိသို့ လျော့ကျသွားသည်ကို တွေ့ရမည်။ ယဉ်ကျေးမှုနှင့် ဖျော်ဖြေရေး ကဏ္ဍများတွင် ကန့်သတ်ချက်များ ကျန်ရှိနေသေးသည်။ တရုတ်နိုင်ငံသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ချမှတ်ရန် ဆောင်ရွက်လျက်ရှိပြီး ဥပဒေမူကြမ်းကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ (မူကြမ်း) တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဗဟိုအစိုးရထံသို့ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်ရယူရန် မလိုအပ်တော့သည့်ဖြေလျှော့ပေးသည့်စနစ် ထည့်သွင်းထားသည်။ ထို့အပြင် "Negative List" (ကန့်သတ်ရင်းနှီးမြှုပ်နှံမှု စာရင်းများ) စနစ်ကိုလည်း စတင်ကျင့်သုံးထားသည်။ ရင်းနှီး မြှုပ်နှံသူများ

အနေဖြင့် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ကန့်သတ်ထားသည့်စာရင်းတွင် ပါ-မပါ ကြည့်ရှုရန်သာ လိုပါမည်။ အဆိုပါ စာရင်းသည် များသောအားဖြင့် နိုင်ငံ၏လုံခြုံရေးနှင့် သက်ဆိုင်သည့်ကိစ္စများ ဖြစ်ပါသည်။ တနည်းအားဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အထူးသဖြင့် ကာကွယ်ရေး၊ စွမ်းအင်၊ စပါး၊ သတင်းအချက်အလက်နည်းပညာစသည့်ကဏ္ဍများတွင် အမျိုးသားလုံခြုံရေးကို မထိခိုက်စေရေး အစိုးရထံမှ လုံခြုံရေးကင်းရှင်းကြောင်း ရရှိမည်ဖြစ်ပါသည်။

Sources: World Bank (2004); World Bank: http://rru.worldbank.org/BESnapshots/India/default.aspx.; United States Department of State:http://www.state.gov/e/eb/rls/othr/ics/2014/228298.htm;http://www.fticonsulting.com/~/media/Files/us-files/insights/white-papers/indias-investment-climate-under-the-new-government.pdf.;http://www.chinadaily.com.cn/bizchina/2015-01/19/content_19351576.htm;http://www.nortonrosefulbright.com/knowledge/publications/125226/china-new-law-shakes-up-foreign-investment-regime
Available from http://www.fdi.gov.cn/1800000121_39_4830_0_7.html.

## ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ခုဖြစ်ပေါ်စေသော စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံသည် ယင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍကို အလွန်အမင်း အလေးထားလျက်ရှိပြီး အာဆီယံနိုင်ငံများတွင် ရင်းနှီး မြှုပ်နှံမှု ဗဟိုဌာနတစ်ခု အဖြစ် ပြောင်းလဲလာခဲ့သည်။ စင်ကာပူနိုင်ငံအစိုးရသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် တိုက်ရိုက်ပါဝင်နေသော်လည်း စင်ကာပူနိုင်ငံသည် ဈေးကွက်အင်အား အပေါ် များစွာမှီတည်နေပြီး လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှုစနစ်ကိုလည်း ချမှတ်ခဲ့သည်။ ချွင်းချက်အနေဖြင့် စင်ကာပူနိုင်ငံသည် ဆက်သွယ်ရေး၊ ရုပ်သံထုတ်လွှင့်ခြင်း၊ ပြည်တွင်း သတင်းမီဒီယာ၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ဥပဒေနှင့်အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုစသည့် လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးထားသည်။ ကမ္ဘာ့ဘဏ်၏ လုပ်ငန်းများလွယ်ကူချောမွေ့စေရေး ၂၀၁၅ အစီရင်ခံစာတွင် စင်ကာပူနိုင်ငံသည် လုပ်ငန်းများ လုပ်ကိုင်ရာတွင် အလွယ်ကူဆုံး နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရသည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဘုတ်အဖွဲ့ (EDB)၊ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီတို့သည် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ လုပ်သားအင်အားအစားထိုး နည်းပညာအစိတ်အပိုင်းဖြစ်သည့် ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများစသည့် အဓိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားနှင့် ပြည်တွင်းလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများကို တည်ထောင်ရန်၊ လည်ပတ်ရန်နှင့် နေရာတကျဖြစ်ရန် အဆင်သင့် ဆောင်ရွက်ပေးထားသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ဖက်စပ်ဆောင်ရွက်ရန် မလိုအပ်ပါ။ ပြည်တွင်းနှင့် ပြည်ပ ရင်းနှီး မြှုပ်နှံသူများသည် တူညီသော အခြေခံ ဥပဒေနှင့် အညီ ဆောင်ရွက်ရမည်။ လုပ်ထုံးလုပ်နည်း လိုအပ်ချက်ရှိသည့် အချို့ကဏ္ဍမှလွဲ၍ စင်ကာပူနိုင်ငံတွင် ပြန်လည် ရင်းနှီးမြှုပ်နှံခြင်း (သို့မဟုတ်) ဝင်ငွေများ (သို့မဟုတ်) အရင်းအနှီးများကို ပြန်လည်လွှဲပြောင်းခြင်းတို့တွင်

ကန့်သတ်ချက်များ မရှိပါ။ စက်မှုနှင့်စီးပွားရေးဆိုင်ရာအဆောက်အအုံများတွင် နိုင်ငံခြားသားပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များ မရှိပါ။ စင်ကာပူနိုင်ငံ၏ တရားစီရင်ရေးနှင့် ဆုံးဖြတ်ချက်များသည် အာဏာသက်ဝင်မှုရှိသည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေးကို လုံလောက်စွာ ထောက်ပံ့နိုင်မည့် နိုင်ငံခြားသားများအတွက် မြေ အပါအဝင် အိမ်ရာအဆောက်အဦများ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်သတ်ထားသည်။ အိမ်ရာပိုင်ဆိုင်မှု ကန့်သတ်ချက်များကို Residential Property Act တွင် ဖော်ပြထားသည်။ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဖွင့်ထားပြီး လက်ဝါးကြီးအုပ် ဆောင်ရွက်မှုကို ကာကွယ်ရန်အတွက် ဆောင်ရွက်ထားသည်။ မီဒီယာကဏ္ဍတွင် ကန့်သတ်ချက်အချို့ ကျန်ရှိနေသေးသည်။ ဥပမာအားဖြင့် သတင်းစာနှင့် ပုံနှိပ် ထုတ်ဝေခြင်းအက်အရ (ပြည်တွင်း (သို့မဟုတ်) နိုင်ငံခြားသား) ပိုင်ဆိုင်မှု ရှယ်ယာအချိုးမှာ ၅ ရာခိုင်နှုန်းနှင့် ဒါရိုက်တာမှာ စင်ကာပူနိုင်ငံသားဖြစ်ရန် လိုအပ်သည်ဟု ကန့်သတ်ထားသည်။ စင်ကာပူနိုင်ငံ အစိုးရသည် ၁၉၉၉ ခုနှစ်တွင် နိုင်ငံခြားဘဏ်များကို ကန့်သတ် ထားခြင်းအား ဖြေလျှော့ခဲ့သည်။ ဘဏ္ဍာရေးကုမ္ပဏီများတွင် နိုင်ငံခြားရှယ်ယာရှင်များ စုစုပေါင်း၂၀ ရာခိုင်နှုန်းနှင့် ပြည်တွင်းဘဏ်များတွင် နိုင်ငံခြားသားပိုင်ဆိုင်မှု အမြင့်ဆုံး ၄၀ ရာခိုင်နှုန်းကို ပယ်ဖျက်ခဲ့သည်။

စင်ကာပူနိုင်ငံသည် စီးပွားရေးဝန်းကျင်ကောင်းကိုတိုးတက်စေရန် ကြိုးပမ်းလျက်ရှိသည်။ အခွန်၊ အလုပ် သမား၊ ဘဏ်နှင့် ငွေရေးကြေးရေး၊ စက်မှုဆိုင်ရာကျန်းမာရေးနှင့် လုံခြုံ စိတ်ချရေး၊ အနုညာတစီရင်ခြင်း၊ လုပ်ခနှင့် သင်တန်းစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအား ဖော်ထုတ်ခဲ့ပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ အကျိုး စီးပွားများကို ပြန်လည်ဆန်းစစ်သည်။ စင်ကာပူနိုင်ငံအစိုးရသည် www.reach.gov.sg ဖြစ်သည့် Internet Portal တစ်ခု တည်ထောင်ထားရှိပြီး ရွေးချယ်ထားသော ဥပဒေမူကြမ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အကြောင်းပြန်ကြားနိုင်ရန် ထူထောင်ထားခြင်း ဖြစ်သည်။ ထို့အပြင် စင်ကာပူနိုင်ငံ၏ စာရင်းအင်း စံချိန်စံညွှန်းသည် အပြည်ပြည်ဆိုင်ရာ စာရင်းအင်း စံချိန်စံညွှန်း ဘုတ်အဖွဲ့နှင့် အညီ ထုတ်ပြန် ထားသည်။ စင်ကာပူနိုင်ငံ၏ ခိုင်မာသော အသိညာဏပစ္စည်း ပိုင်ဆိုင်ခွင့် (IPR) စနစ်များ ဖွံ့ဖြိုးတိုးတက်မှုသည် အာရှတွင်တစ်ခုအပါအဝင်ဖြစ်ပြီး IPR Laws ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံသည် အာရှတွင် အကျင့်ပျက် ခြစားမှု အနည်းဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင်လည်း အကျင့်ပျက်ခြစားမှု အနိမ့်ဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။

*Source:* United States Department, Singapore Investment Climate Statement 2015: of State: **http://www.state.gov/documents/organization/241949.pdf.**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေ တိုးတက်ရေးကို အဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဒေသတွင်းရှိ နိုင်ငံအမျိုးမျိုးသည် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေ တိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြသော်လည်း နိုင်ငံအများစုတွင် ဆောင်ရွက်နေဆဲ အခြေအနေတွင် သာရှိနေပါသည်။

ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု လွယ်ကူချောမွေ့မှုဆိုင်ရာ ညွှန်းကိန်းတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေကို ဖော်ပြပေးပါသည်။ အဆိုပါ ညွှန်းကိန်းများအရ စင်ကာပူနိုင်ငံသည် နှစ်စဉ် ဆက်တိုက် ကမ္ဘာ့နံပါတ် ၁ နေရာတွင် ရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် နယူးဇီလန်နိုင်ငံက ၎င်းကိုကျော်တက်ကာ ကမ္ဘာ့နံပါတ် ၁ ဖြစ်ခဲ့ပါသည်။ အာရှပစိဖိတ်ဒေသရှိ နိုင်ငံအများစုသည်

၎င်းတို့၏အဆင့်များတိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း အချို့နိုင်ငံများ၏အဆင့်များမှာ အမှန်တကယ် ဆိုးရွားလွန်းလှပါသည်။ အဆင့်သတ်မှတ်ချက်များသည် ညွှန်းကိန်းများသာ ဖြစ်သော်လည်း ဂရုပြု၍ ရှုမြင်ရမည် ဖြစ်ပါသည်။ သာဓကဆိုရသော် နိုင်ငံအချို့သည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှု လွယ်ကူချောမွေ့မှုဆိုင်ရာညွှန်းကိန်းများ တိုးတက်မှုနှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု တိုးတက်လာသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် အဆိုပါညွှန်းကိန်းအဆင့်များ တိုးတက်မှု ရှိသော်ငြား နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု မှာ အလွန်နည်းပါးလှပါသည်။

ပြီးပြည့်စုံသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေ ဟူ၍ မရှိပါ။ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အခြေအနေသည် ရင်းနှီးမြှုပ်နှံမှုကိုလက်ခံသောနေရာ (နိုင်ငံ၊ ပြည်နယ်၊ မြို့ စသည်ဖြင့်)၏ သွင်ပြင်လက္ခဏာ များနှင့် ဖွံ့ဖြိုးမှုအဆင့်တို့အပေါ်တွင် မူတည်ပါသည်။ ထို့အပြင် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေသည် ရင်းနှီးမြှုပ်နှံသူ၏ ရှုထောင့်မှ သုံးသပ်ရှုမြင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို လက်ခံသောနိုင်ငံလူ့အဖွဲ့အစည်း၏ ရှုထောင့်မှ သုံးသပ်ရှုမြင်မှု အပေါ်မူတည်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် အထူးသဖြင့် အခွန်အကောက် နည်းပါးခြင်း သို့မဟုတ် မရှိခြင်း၊ ကျွမ်းကျင်လုပ်သားအင်အား အများအပြားရှိပြီး လုပ်ခ လစာများနည်းခြင်း၊ အကောက်ခွန်မဲ့ တင်သွင်းတင်ပို့နိုင်ပြီး ပြိုင်ဆိုင်မှုမှ အကာအကွယ်ပေးထားခြင်း၊ အမြတ်ငွေများကို လွတ်လွတ်လပ်လပ် ပြန်လည်ပေးပို့နိုင်ခြင်း၊ နိုင်ငံခြားသားလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများအတွက် အလုပ်အကိုင်ခွင့်ပြုမိန့်များ မရှိခြင်း၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်သတ်ချက်များ မရှိခြင်း၊ ခိုင်မာသော အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်များ ကာကွယ်ပေးမှုရှိခြင်း၊ တရားဥပဒေစိုးမိုးမှု၊ ယုံကြည်ကိုးစားရသော အငြင်းပွားမှုဖြေရှင်းနည်းစနစ်များကို အလိုရှိကြပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်း များနှင့် ဆိုင်သော စည်းမျဉ်းများကို မနှစ်သက်သော်လည်း စျေးကွက်များနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများ တည်ငြိမ်ရေးနှင့် လုံခြုံမှုကို ပေးစွမ်းနိုင်သည့် စည်းမျဉ်းများကို နှစ်သက်လေ့ရှိပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရုံသာမက ပြည့်စုံသော Aftercare ဝန်ဆောင်မှုများ ပေးနိုင်သည့် တက်ကြွထက်သန်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများကို နှစ်သက်ကြပါသည်။ အစိုးရ၏ ရှုထောင့်မှ ကြည့်လျှင် တစ်ဖက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သော အခြေအနေတွင်ရှိပြီး အခြားတစ်ဖက်၌ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုနည်းပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက် စေခြင်းဖြင့် လူ့အဖွဲ့အစည်းအား အကျိုးရှိစေမည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေသည် အကောင်းဆုံး အနေအထားတွင် ရှိသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းနိုင်မှု ရှိရပေမည်။ ကောင်းမွန်သောအုပ်ချုပ်မှု၊ သင့်တင့် လျောက်ပတ်သော ဥပဒေများ၊ စည်းမျဉ်းများ ရေးဆွဲမှု၊ အကောင်အထည်ဖော်မှုနှင့် ပြဋ္ဌာန်းဆောင်ရွက်မှုတို့သည် အဆိုပါ မျှတသောအခြေအနေကို ရရှိစေသည့် အဓိက အချက်များ ဖြစ်ပါသည်။

| **လုပ်ထုံးလုပ်နည်းများ၏ကုန်ကျစရိတ်များနှင့်ရှုပ်ထွေးမှုများ** | |
|---|---|
| စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း | လုပ်ထုံးလုပ်နည်းများ၊ အချိန်၊ ကုန်ကျစရိတ်နှင့် တာဝန်ကန့်သတ်ထားသော ကုမ္ပဏီတစ်ခု စတင်ရန်အတွက် အနိမ့်ဆုံးအရင်းအနှီး။ |
| ဆောက်လုပ်ရေးပါမစ်ရရှိရန်ဆောင်ရွက်ခြင်း | လုပ်ထုံးလုပ်နည်းများ၊ အချိန်နှင့်ကုန်ကျစရိတ်၊ ကုန်သိုလှောင်ရုံတစ်ခု တည်ဆောက်ရန်ရာတွင် လုပ်ရိုးလုပ်စဉ်များအတိုင်းပြီးစီးရန်၊ အရည်အသွေးထိန်းချုပ်ရန်နှင့် ဆောက်လုပ်ရေးလိုင်စင် စနစ်တွင် လုံခြုံရေးနည်းလမ်း။ |
| လျှပ်စစ်မီးရရှိရေး | လုပ်ထုံးလုပ်နည်းများ၊ အချိန်နှင့်မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရရှိနိုင်သည့် ကုန်ကျစရိတ်၊ လျှပ်စစ်ဓာတ်အား ပေးဝေမှုနှင့် tariffs ၏ပွင့်လင်း မြင်သာမှု |
| ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း | လုပ်ထုံးလုပ်နည်းများ၊ အချိန်နှင့်ပစ္စည်းဥစ္စာများ လွှဲပြောင်းခြင်းအတွက်ကုန်ကျစရိတ်၊ မြေယာ စီမံခန့်ခွဲမှုစနစ်၏ အရည်အသွေး။ |
| အခွန်ပေးဆောင်ခြင်း | အခွန်ပေးဆောင်မှုများ၊ အချိန်နှင့်အခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတစ်ခုအတွက် စုစုပေါင်း အခွန်နှုန်း၊ |
| နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း | ဥပမာ- စာရွက်စာတမ်းများ၊ အချိန်နှင့်ပင်လယ်ဆိပ်ကမ်းများမှတဆင့်တင်ပို့/ တင်သွင်းခြင်းအတွက် ကုန်ကျစရိတ်၊ (၂၀၁၅)၊ ထုတ်ကုန်တင်ပို့သည့်အချိန်နှင့် ကုန်ကျစရိတ်၊ auto အစိတ် အပိုင်းများ တင်သွင်းသည့်ကုန်ကျစရိတ် (၂၀၁၇) |
| ဥပဒေဆိုင်ရာအဖွဲ့အစည်းအားကောင်းခြင်း | |
| ချေးငွေရရှိနိုင်ခြင်း | ရွှေ့ပြောင်းနိုင်သော Collateral ဥပဒေများနှင့် ချေးငွေရရှိနိုင်မည့် သတင်းအချက်အလက်စနစ်များ။ |
| ရင်းနှီးမြှုပ်နှံသူများအားအကာအကွယ်ပေးခြင်း | ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်းနှင့်ဆက်စပ်သည့် လူနည်းစုရှယ်ယာရှင်များ၏ အခွင့်အရေး များ။ |
| ပဋိညာဉ်စာချုပ်များအသက်ဝင်စေခြင်း | လုပ်ထုံးလုပ်နည်းများ၊ အချိန်နှင့်စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ကုန်ကျစရိတ်နှင့် တရားစီရင်ရေးလုပ်ငန်းစဉ်၏ အရည်အသွေး။ |
| လူမွဲခံမှုအားဖြေရှင်းခြင်း | အချိန်၊ကုန်ကျစရိတ်၊ ရလာဒ်နှင့်စီးပွားရေးဆိုင်ရာ လူမွဲခံမှုနှုန်းများကို ပြန်လည် ကောင်းမွန်စေခြင်းနှင့် လူမွဲခံဥပဒေမူဘောင်များ အားကောင်းလာစေခြင်း။ |
| အလုပ်သမားဈေးကွက်စည်းမျဉ်းစည်းကမ်းများ | အလုပ်သမား စည်းမျဉ်းစည်းကမ်းများ လိုက်လျောညီထွေဖြစ်စေခြင်း၊ အလုပ်သမားများ၏ အကျိုးအမြတ်များနှင့် အလုပ်သမားအငြင်းပွားမှုဖြေရှင်းခြင်းနှင့် အလုပ်အကိုင်အရည်အသွေး။ |

*Source:* World Bank.*Doing Business Report 2015*, table 2 and World Bank.*Doing Business Report 2017*, table 2.1.

နှိုင်းယှဉ်ခြင်းအားဖြင့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အခြေအနေများရှိပြီး ရင်းနှီးမြှုပ်နှံမှုကို အပြုသဘောရှုမြင်သော နိုင်ငံများတွင်ပင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြိုင်ဆိုင်မှုမှာ ပြင်းထန်လှပါသည်။ ထို့ကြောင့် နိုင်ငံအမြောက်အမြားသည် တက်တက်ကြွကြွရှိသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ နိုင်ငံ၏ ပုံရိပ်ကောင်း တည်ဆောက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး ရည်ရွယ်ချက်တို့ဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ ဖွဲ့စည်းတည်ထောင်လျက်ရှိကြပါသည်။

ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေ တိုးတက်ရေးဆိုင်ရာ နည်းပညာ အကူအညီအား OECD (၎င်း၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်မှုများဖြင့်)၊ UNCTAD နှင့် World Bank Group အပါအဝင် နိုင်ငံစုံပါဝင်သော အေဂျင်စီအမျိုးမျိုးက ပေးလျက်ရှိပါသည်။ ပုံမှန်ပြုလုပ်သော WRO Trade Policy Reviews တွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ပါဝင်ပါသည်။

ကမ္ဘာ့ဘဏ်၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်လွယ်ကူ ချောမွေ့စေရေးအတွက် အကြံပေးဝန်ဆောင်မှု လုပ်ငန်းများအဖွဲ့ (FIAS) သည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (IFC)နှင့်အတူ ပူးတွဲဝန်ဆောင်မှု ပေးလျက်ရှိသည့် ဘဏ်၏ Trade & Competitiveness Global Practice (T&C) ၏ တစ်စိတ်တစ်ပိုင်း ပေါင်းစပ်ထားခြင်းဖြစ်သည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်လျက်ရှိသည့် အခြား ကမ္ဘာ့ဘဏ် အေဂျင်စီမှာ Multilateral Investment Guarantee Agency (MIGA) ဖြစ်ပါသည်။ FIAS သည် လုပ်ငန်းအတွေ့အကြုံနှစ်ပေါင်း (၃၀) ကျော်ရှိပြီး ယခင်ကဘဏ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကြံပေး ဝန်ဆောင်မှု အဖွဲ့ဟု လူသိများခဲ့သည်။ FIAS သည် လက်တလောတွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများကိုပါ ဆောင်ရွက် ပေးလျက်ရှိပြီး ကမ္ဘာအနှံ့အပြားရှိ ဖောက်သည်နိုင်ငံများ၏ ပုဂ္ဂလိကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့်မြှင့်တင်ရေး (IPP) နှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တိုးတက်ခြင်းတို့အတွက် နည်းပညာ အကူအညီနှင့် အကြံဉာဏ်များ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၁၅ ခုနှစ် နှစ်စဉ်ဆန်းစစ်လေ့လာချက်အရ FIAS သည် ၇၅ နိုင်ငံရှိ ပြုပြင်ပြောင်းလဲမှု ၂၆၅ ခု ခန့်အား ကူညီပေးခဲ့ပြီး ၂၀၁၂-၂၀၁၆ ကာလအတွက် ပြုပြင်ပြောင်းလဲမှု ခန့်မှန်းချက် ၂၅၀ ခုထက်ပင် ကျော်လွန်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့်မြှင့်တင်ရေးအစီအစဉ်သည် လက်တလောတွင် အဓိကဧရိယာ ၆ ခုဖြစ်သော (က) ရင်းနှီးမြှုပ်နှံမှု ပြုပြင်ပြောင်းလဲရေးလမ်းစဉ်၊ (ခ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ (ဂ) ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်း၊ (ဃ) ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရေးနှင့်တည်ထောင်ခြင်း၊ (င) ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်းနှင့် စွဲမြဲနေစေခြင်းနှင့် (စ) ရင်းနှီးမြှုပ်နှံမှုချိတ်ဆက်မှုများနှင့် ပြည်တွင်းတန်ဖိုးစသည်တို့တွင် ဖြေရှင်းပေးလျက် ရှိပါသည်။

FIAS ပြင်ပတွင် ကမ္ဘာ့ဘဏ်သည် အခါအားလျော်စွာ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အကဲဖြတ်ခြင်းကို နိုင်ငံတော် အဆင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ထုတ်ခဲ့သည့်အစီရင်ခံစာများသည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအို ပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို အကဲဖြတ်ထားပါသည်။ OECD Investment Policy Reviews သည် OECD investment instrument နှင့် ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဝါဒမူဘောင်တို့ကို အသုံးပြု၍ ဆောင်ရွက်ထားခြင်းဖြစ်သည်။ OECD ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒဆန်းစစ်ခြင်းကို ၁၉၉၃ ခုနှစ်မှ စတင်၍ ထုတ်ဝေခဲ့သည်။ ထိုကဲ့သို့ ဆန်းစစ်ရန် အတွက် ဆောင်ရွက်မည့် ဦးစားပေးနိုင်ငံများမှာ OECD investment instrument တွင် အလားအလာရှိကြောင်း ပြသနေသည့်နိုင်ငံများ ဖြစ်ကြပါသည်။ အာရှ-ပစိဖိတ်ရှိ ရင်းနှီးမြှုပ်နှံမှု မူဝါဒ ဆန်းစစ်ခြင်း လတ်တလော ဆောင်ရွက်ထားသည့် နိုင်ငံများမှာ - ကမ္ဘောဒီးယားနိုင်ငံ (၂၀၁၆)၊ အိန္ဒိယနိုင်ငံ (၂၀၀၉)၊ အင်ဒိုနီးရှားနိုင်ငံ (၂၀၁၀)၊ လာအိုနိုင်ငံ (၂၀၁၆)၊ မလေးရှားနိုင်ငံ (၂၀၁၃)၊ မြန်မာနိုင်ငံ (၂၀၁၄)၊ ဖိလစ်ပိုင်နိုင်ငံ (၂၀၁၅)၊ ရုရှားနိုင်ငံ (၂၀၀၈)နှင့် ဗီယက်နမ် နိုင်ငံ (၂၀၁၆) တို့ဖြစ်ပါသည်။

*Source:* World Bank (2016) and OECD. Available from
http://www.oecd.org/investment/countryreviews.htm.

*The following country reports were forthcoming at the time of this publication: Cambodia, Lao People’s Democretic Republic, Philippines, and Viet Nam.

## ၂။ ကုန်သွယ်မှုကို လျင်မြန်ချောမွေ့စေခြင်း

ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေခြင်း နည်းလမ်းများသည် ကုန်သွယ်မှု ကုန်ကျစရိတ်များ လျော့ကျစေရန် ရည်ရွယ်ပါသည်။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေခြင်းသည် ပုံစံမျိုးစုံ ဖြစ်နိုင်သော်လည်း အများအားဖြင့် နယ်စပ်၌ ကြိုးနီစနစ် လျော့ကျစေရန် ရည်ညွှန်းပါသည်။ ဆိုလိုသည်မှာ ကျဉ်းမြောင်းသော အမြင်ဖြင့်ဆိုရလျှင် အကောက်ခွန်နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများကို ရှင်းလင်း လွယ်ကူစေခြင်း၊ ဆီလျော်ညီညွတ်မှု ရှိစေခြင်းနှင့် လျော့ကျခြင်းကို ရည်ညွှန်းပါသည်။ ကျယ်ပြန့်သော အမြင်ဖြင့် ဆိုရလျှင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေခြင်းသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအချိန်နှင့် ကုန်ကျစရိတ်များ လျော့ကျစေရန် ရည်ညွှန်းပါသည်။ ထိုအချင်းအရာသည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက် ရာတွင်လွယ်ကူခြင်းဆိုင်ရာ ညွှန်းကိန်းများအနက်တစ်ခု ဖြစ်ပါသည်။ Anderson နှင့် van Wincoop (၂၀၁၄) တို့သည် ကုန်သွယ်မှုကုန်ကျစရိတ်များကို "ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်ထက် ကုန်စည် များအား နောက်ဆုံးအသုံးပြုသူလက်ထဲ ရောက်ရှိသည်အထိ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသော ကုန်ကျစရိတ် စုစုပေါင်း"ဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ကုန်ကျစရိတ် စုစုပေါင်းတွင် အောက်ပါတို့ အကျုံးဝင်ပါသည် -

- သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ (ကုန်စည်ယာဉ်စရိတ်များနှင့်အချိန် ကုန်ကျ စရိတ်များ)၊
- မူဝါဒရေးရာအတားအဆီးများ (အကောက်ခွန်များနှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများ)၊
- သတင်းအချက်အလက်ကုန်ကျစရိတ်များ၊
- စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာကုန်ကျစရိတ်များ၊
- ငွေကြေးအမျိုးမျိုး သုံးစွဲခြင်းနှင့်ဆက်နွယ်သော ကုန်ကျစရိတ်များ၊
- ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာကုန်ကျစရိတ်များ၊ ပြည်တွင်းဖြန့်ချိရေးကုန်ကျ စရိတ်များ (လက်ကားနှင့် လက်လီ)။

ESCAP-World Bank Trade Cost Database အပေါ် အခြေခံသော ESCAP ၏ လေ့လာမှု စာတမ်းတွင် ကုန်သွယ်မှုကုန်ကျစရိတ်များသည် ကျဆင်းလျက်ရှိသော်လည်း အာရှ နှင့် ပစိဖိတ်ဒေသတွင်မူ မြင့်မားနေဆဲပင်ရှိသေးကြောင်း ဖော်ပြထားပါသည်။ ကုန်သွယ်မှု ကုန်ကျစရိတ်များသည် အာရှနှင့် ပစိဖိတ်ဒေသ တွင်းရှိ နိုင်ငံများအကြား မတူညီ ကွဲပြားလျက်ရှိပြီး ပစိဖိတ်ဒေသတွင် အမြင့်ဆုံးဖြစ်ပြီး တရုတ်နိုင်ငံ၊ ဂျပန် နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အနိမ့်ဆုံးဖြစ်လျက် အဆိုပါစာတမ်းတွင် ဖော်ပြထားပါသည်။ ကုန်သွယ်မှု ကုန်ကျ စရိတ်များ လျော့ကျစေခြင်းတွင် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေခြင်းသည် အဓိက ဖြစ်ကြောင်း ESCAP က ရှာဖွေတွေ့ရှိခဲ့ပါသည်။

အထူးသဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအကြား ခိုင်မာသော ချိတ်ဆက်မှုများ ရှိခြင်းကြောင့် ကုန်သွယ်မှု ကုန်ကျစရိတ်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အရေးပါလှပါသည်။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားအားလုံးနီးပါးသည် ကုန်သွယ်ချိတ်ဆက်မှု ရှိကြပါသည်။ အထူးသဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်လျက်ရှိသော အချိန်တိုအတွင်း အကျိုးထိရောက်မှုကို ရှာဖွေ

သော ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်သည် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ နယ်စပ်များကို ဖွင့်ပေးထားမှုနှင့် ကုန်သွယ်ရေးစရိတ်နည်းပါးခြင်းအပေါ် အလွန်တရာ အားထားပါသည်။ နိုင်ငံအများစုတွင် ယေဘုယျအားဖြင့် ထုတ်ကုန်ပစ္စည်းများအပေါ် ကောက်ခံသည့် အကောက်ခွန်သည် အလွန်နည်းသော်လည်း ရှုပ်ထွေးသော ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများကဲ့သို့ အကောက်ခွန်မဟုတ်သော အတားအဆီးများသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကိုလည်း အတားအဆီးများ ဖြစ်စေပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုကို လက်ခံသောနိုင်ငံရှိ ကုန်သွယ်ရေးလွယ်ကူလျင်မြန်ချောမွေ့မှုဆိုင်ရာအဆင့်သည် ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသော နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ ခိုင်မာသောအချက်တစ်ရပ် ဖြစ်လာပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများ ရှင်းလင်း လွယ်ကူ ချောမွေ့ခြင်းနှင့် တစ်ညီတစ်ညွတ်တည်း ရှိမှုသည် ကုန်သွယ်မှုပမာဏနှင့် ကုန်သွယ်မှုပြုသောထုတ်ကုန်အရေအတွက် တိုးတက်စေနိုင်သည့် အလားအလာ ရှိကြောင်း သုတေသနစာတမ်းဖော်ထုတ်ချက်များတွင် ဖော်ပြထားပါသည်။ စွမ်းဆောင်ရည် မပြည့်ဝသော (သို့မဟုတ်) ရှုပ်ထွေးသော ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများရှိသောနိုင်ငံများသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်သာ လက်ခံရရှိကြောင်းကိုလည်း လေ့လာမှုစာတမ်းတွင် ဖော်ပြထားသည်။ ESCAP ၏ လေ့လာမှုစာတမ်းတစ်စောင်တွင် ရင်းနှီးမြှုပ်နှံမှုကို လက်ခံသောနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဥပဒေစည်းမျဉ်းဝန်းကျင်သည် ကောင်းမွန်သော်လည်း ကုန်သွယ်မှုစရိတ်မြင့်မားနေလျှင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပေါ်သိသာသောထိခိုက်မှုရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ အထူးသဖြင့် လေ့လာမှုစာတမ်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစရိတ်ကို ၁% လျှော့ချနိုင်ပါက နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု သည် ပျှမ်းမျှအားဖြင့် ၀.၈% တိုးတက်လာကြောင်း လေ့လာသုံးသပ်မှုများမှတွေ့ရှိရပါသည်။ ရင်းနှီးမြှုပ်နှံမှုကို လက်ခံ သောနိုင်ငံ၏ သွင်းကုန်ခွန်နှုန်းထားများသည် အရေးပါသော်လည်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုအပေါ် အနုတ်လက္ခဏာ အနည်းငယ်ဆောင်သော ထိခိုက်မှုရှိနိုင်ကြောင်းကိုလည်း တွေ့ရှိခဲ့ကြပါသည်။ အာရှပစိဖိတ်ဒေသရှိ နိုင်ငံများသည် ၎င်းတို့၏ ပျှမ်းမျှအခွန်နှုန်းထားအား ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပျှမ်းမျှနှုန်းထားသို့ လျှော့ချလိုက်သောအခါ ဒေသ တစ်ခုလုံးသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုသည် ၆-၇% ခန့် တိုးတက်လာ ကြောင်းကိုလည်း တွေ့ရှိရပါသည်။ အာရှ-ပစိဖိတ်ဒေသရှိ ကုန်ကျစရိတ်မြင့်မားနိုင်ငံများတွင် အခြားသော ကုန်သွယ်စရိတ် အမျိုးအစားများအား ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပျှမ်းမျှသို့ လျှော့ချလိုက်ပါက နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုများသည် ၂၀% သို့ တိုးတက်လာနိုင်ကြောင်း တွေ့ရှိရပါသည်။ အလားတူ ရင်းနှီးမြှုပ်နှံမှုကို လက်ခံသောနိုင်ငံများတွင် ပြည်တွင်းစီးပွားရေး အသိုက်အဝန်း၏အရည်အသွေးအား အတော်အတန် တိုးတက်အောင် ဆောင်ရွက်နိုင်လျှင် (ဒေသတစ်လွှား ပျှမ်းမျှအားဖြင့် ၁၀% ခန့် တိုးတက်အောင် ဆောင်ရွက်နိုင်လျှင်) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုများသည် ၆၀% ကျော် တိုးတက်လာမည်ဖြစ်ပါသည်။ (Duval and Utoktham, 2014)

OECD ၏လေ့လာမှုစာတမ်းတွေ့ရှိချက်တွင် တိုးတက်ပြီးလွယ်ကူချောမွေ့သော အကောက်ခွန် လုပ်ထုံးလုပ်နည်းများသည် ကုန်သွယ်စီးဆင်းမှုများနှင့် ကုန်သွယ်ခွန်များကို ပိုမိုထိထိရောက် ရောက်ကောက်ခံ ရရှိခြင်းဖြင့် အစိုးရအခွန်ဘဏ္ဍာအပေါ် သိသာထင်ရှားပြီး အပြုသဘောဆောင်သော အကျိုးသက်ရောက်မှု ရှိစေကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် လေ့လာမှုစာတမ်းတွင် အဆင်ပြေလွယ်ကူ လျင်မြန်ချောမွေ့သော နယ်စပ် ဖြတ်ကျော်ကုန်သွယ်မှုသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ထုတ်လုပ်ရောင်းချမှု

ကွင်းဆက်တွင် ပိုမိုကောင်းမွန်စွာ ပေါင်းစပ်နိုင်ရန် နိုင်ငံတစ်နိုင်ငံ၏ စွမ်းဆောင်ရည်အပေါ် အပြုသဘော ဆောင်သော သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

OECD သည် အစိုးရများအား ၎င်းတို့၏ နယ်စပ်ရေးရာလုပ်ထုံးလုပ်နည်းများ တိုးတက်စေရေး၊ ကုန်သွယ်မှု ကုန်ကျစရိတ်များ လျော့ကျစေရေး၊ ကုန်သွယ်စီးဆင်းမှုကို မြှင့်တင်ဆောင်ရွက်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမှ အကျိုးကျေးဇူးများ များစွာရရှိစေရေးတို့တွင် ကူညီထောက်ပံ့ပေးရန် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ဆိုင်ရာ ညွှန်းကိန်းများကို ရေးဆွဲခဲ့ပါသည်။ အဆိုပါညွှန်းကိန်းများသည် ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်များကို ပိုင်းခြားဖော်ပြပြီး ပြုပြင်ပြောင်းလဲမှုများ၏ ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်ကိုလည်း ဖော်ပြပေးပါသည်။ Table 3.4 တွင် ယင်းညွှန်းကိန်းများကို ခြုံငုံဖော်ပြထားပြီး နိုင်ငံအလိုက် နှိုင်းယှဉ်မှုများအား **http://www.oecd.org/trade/facilitation/indicators.htm**တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

United Nations Economic Commission for Europe (UNECE) သည် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေခြင်း စံချိန်စံညွှန်းများနှင့် ထောက်ခံချက်များအတွက် နိုင်ငံတကာနှင့်ဆိုင်သော အဓိကအဖွဲ့အစည်းဖြစ်ပါသည်။ UNECE သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် လုပ်ထုံးလုပ်နည်းများနှင့် စာရွက်စာတမ်းတင်သွင်း ဆောင်ရွက်မှုများကို လျော့ချရန်၊ တစ်ညီတစ်ညွတ်တည်းဖြစ်စေရန်နှင့် အလိုအလျောက်ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဖော်ထုတ်ချမှတ်ထားပါသည်။ အဆိုပါလုပ်ငန်းစဉ်အား UN Centre for Trade Facilitation and Electronic Business (UN/CEFACT) က ပံ့ပိုးပေးပါသည်။ ထို့အပြင် UN/CEFACT သည် Electronic အချက်အလက်ဖလှယ်မှုအတွက် တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းကို တီထွင်ဖော်ထုတ်ထားပါသည်။ အဆိုပါစံချိန်စံညွှန်းအား ကွန်ပျူတာများ အချင်းချင်း သတင်းအချက်အလက်ကို ဖလှယ်ရာတွင် အသုံးပြုပြီး အချိန်ကုန်သက်သာသော ထုတ်လုပ်မှုကဲ့သို့သော စီမံခန့်ခွဲမှုဆိုင်ရာ နည်းနာနိသဿယများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျလှပါသည်။

## အိုအီးစီဒီကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေးညွှန်းကိန်းများ

| | |
|---|---|
| ကြိုတင်စီမံခန့်ခွဲမှု | ကုန်စည်အမျိုးအစား ခွဲခြားခြင်း၊ ကုန်စည်၏မူလဇစ်မြစ်၊ တန်ဖိုးသင့်ခြင်း စနစ်စသည့်တို့နှင့် စပ်လျဉ်း၍ ကုန်သည်ကြီးများကို စီမံခန့်ခွဲရေးမှ ကြိုတင် ထုတ်ပြန်ချက်များဖြင့် မေတ္တာရပ်ခံရန်၊ ကုန်ပစ္စည်းများကိုတင်ပို့သည့်အချိန်၊ စည်းမျဉ်းများနှင့် လျှောက်ထားသည့်လုပ်ငန်းစဉ်၊ |
| လုပ်ထုံးလုပ်နည်းများ | နယ်စပ်ဒေသအေဂျင်စီများကအုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကိုတောင်းခံခြင်း၊ |
| ပြည်ပ-<br>ပူးပေါင်းဆောင်ရွက်ခြင်း | အိမ်နီးချင်းနိုင်ငံများနှင့်တတိယနိုင်ငံတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ |
| ပြည်တွင်း-<br>ပူးပေါင်းဆောင်ရွက်ခြင်း | နိုင်ငံ၏နယ်စပ်အေဂျင်စီများအကြားပူးပေါင်းဆောင်ရွက်ခြင်း၊ |
| ဝန်ဆောင်ခနှင့်အဖိုးအခ | သွင်းကုန်နှင့်ပို့ကုန်ဆိုင်ရာဝန်ဆောင်ခနှင့်အဖိုးအခဆိုင်ရာစည်းကမ်းများ၊ |
| လုပ်ရိုးလုပ်စဉ်-<br>အလိုအလျောက်စနစ် | အချက်အလက်များအား အီလက်ထရောနစ်စနစ်ဖြင့် ဖလှယ်ခြင်း၊ အလိုအလျောက် နယ်စပ် လုပ်ထုံးလုပ်နည်းများ၊ အန္တရာယ်စီမံခန့်ခွဲမှုကို အသုံးချခြင်း၊ |
| လုပ်ရိုးလုပ်စဉ်-<br>စာရွက်စာတမ်းအထောက်အထားများ | ကုန်သွယ်ရေး စာရွက်အထောက်အထားများ လွယ်ကူရိုးစင်းစေခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် လိုက်လျောညီထွေဖြစ်ခြင်း၊ လက်ခံခြင်းမိတ္တူ၊ |
| လုပ်ရိုးလုပ်စဉ်-<br>လုပ်ထုံးလုပ်နည်းများ | နယ်စပ်ထိန်းချုပ်မှုစစ်ဆေးခြင်း၊ ပြတင်းတစ်ပေါက်စနစ်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ တင်ပြခြင်း၊ စာရင်းစစ်၊ အမိန့်ရစီးပွားရေးလုပ်ငန်းရှင်များ၊ |
| အုပ်ချုပ်မှုနှင့်သမာသမတ်ကျခြင်း | အကောက်ခွန် ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းတာဝန်များ၊ တာဝန်ယူမှုရှိမှုနှင့် ကျင့်ဝတ် မူဝါဒ၊ |
| သတင်းအချက်အလက်ရရှိနိုင်ခြင်း | အင်တာနက်၊ စုံစမ်းမေးမြန်းခြင်းနေရာများ အပါအဝင် ကုန်သွယ်ရေး သတင်း အချက်အလက်များ ထုတ်ဝေခြင်း၊ |
| ကုန်သွယ်ရေးအသိုက်အဝန်းတွင်ပါဝင်မှု | ကုန်သည်ကြီးများနှင့် **တိုင်ပင်ဆွေးနွေးခြင်း။** |

*Source:*OECD. Available from **http://www.oecd.org/trade/facilitation/indicators.htm**.

ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးမူဘောင်ကောင်စီနှင့် ဥရောပအတွက်ကုလသမဂ္ဂစီးပွားရေးကော်မရှင် (UNECE) တို့သည် ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေး ထောက်ခံချက်ပေးရန်နှင့် အီလက်ထရောနစ် စီးပွားရေး စံချိန်စံညွှန်း မီစေရေးအတွက် အဓိကအဖွဲ့အစည်းများအဖြစ် ဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဆက်စပ်ဝန်ဆောင်မှု လုပ်ငန်းများတွင် တိုးတက်စေရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် အီလက်ထရောနစ် စီးပွားရေးဆိုင်ရာ ကုလသမဂ္ဂဗဟိုဌာန (UN/CEFACT) သည် ကုန်သွယ်ရေးဆိုင်ရာ UNECE ကော်မတီ၏အစိုးရဌာနချင်းချင်းကို ထောက်ပံ့သည့် အဖွဲ့အစည်းတစ်ခုအဖြစ် တည်ထောင်ခဲ့ပြီး ကမ္ဘာအနှံ့အပြားတွင် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်မှု ရရှိစေရန်ဆောင်ရွက်ခဲ့သည်။ UN/CEFACT ၏ထောက်ခံချက်များသည် ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေး ဧရိယာတွင် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် ထောက်ခံချက်များဖြစ်သည်။

ထောက်ခံချက်ပေးထားသည့်ဧရိယာ (၃၅) ခုမှာ ကုန်သွယ်ရေး စာရွက်စာတမ်းများအတွက် ကုလသမဂ္ဂ၏ အဓိက စီမံချက်၊ ကုန်သွယ်ရေး စာရွက်စာတမ်းများတွင် နေရာပြသည့် ကုတ်အမှတ်အသားများ၊ နိုင်ငံအမည်ကို ကိုယ်စားပြုရန်အတွက် ISO နိုင်ငံကုတ် အမှတ်အသားများ၊ အမျိုးသားကုန်သွယ်ရေး လွယ်ကူချောမွေ့ စေရေးအဖွဲ့အစည်းများ၊ INCOTERMS ဟုလူသိများသည့် အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီး များအသင်း၏ အမည်အတိုကောက်၊ နိုင်ငံတကာကုန်သွယ်ရေးအတွက်Aligned Invoice Layout Key၊ စံချိန်စံညွှန်းနှင့်ညီသော စနစ်တစ်ခုကိုတည်ထောင်ခြင်း၊ အချိန်ကာလ၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ကုန်သွယ်ရေး လုပ်ငန်းနှင့်(သို့မဟုတ်) ကုန်စည်များကို ရည်ညွှန်းသည့် တမူထူးခြားသော ခွဲခြမ်းစိတ်ဖြာရေးကုတ်စနစ်၊ ငွေကြေးအတွက် ကုတ်စနစ်၊ သင်္ဘော အမျိုးအစားခွဲခြားရန်တွက် ကုတ်စနစ်၊ အန္တရာယ်ရှိစေသည့် ကုန်စည်များကို နိုင်ငံတကာသို့ သယ်ယူပို့ဆောင်ခြင်းအတွက်အ ထောက်အထားများ၊ ရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ချက်များ၊ သွင်းကုန်ကင်းရှင်းကြောင်း လုပ်ထုံးလုပ်နည်းများတွင် ဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူချောမွေ့စေခြင်း၊ ကုန်သွယ်ရေး ဆိုင်ရာ စာရွက်စာတမ်းများ အစစ်အမှန်ဖြစ်ခြင်း၊ သင်္ဘောဆိုင်ရာ အမှတ်အသားများ ပိုမိုလွယ်ကူစေရန်၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နေရာများအတွက် UN/LOCODE ကုတ်ကို အကောင် အထည်ဖော်ခြင်း၊ နိုင်ငံတကာကုန်သွယ်ရေး လုပ်ငန်းတွင် ငွေပေးချေမှုအတွက် “PAYTERMS” ဟု ညွှန်းဆိုထားသော အတိုကောက်စာလုံး၊ နိုင်ငံတကာ ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ လွယ်ကူချောမွေ့စေခြင်း၊သယ်ယူပို့ဆောင်ရေးအတွက်ကုတ်များ၊ နိုင်ငံတကာကုန်သွယ်ရေးတွင် အသုံးပြု ထားသော ကုတ်စနစ်၊ ခရီးသည်များအတွက် ကုတ်များ၊ ကုန်ပစ္စည်းနှင့် ထုပ်ပိုးမှု အမျိုးအစားများ၊ ကုန်စည် အညွှန်းများအား စံချိန်စံညွှန်း ကိုက်ညီစေရန်အတွက် စီမံချက်၊ ကုန်စည်ကုန်ကျ စရိတ်ကုတ်များ၊ နိုင်ငံတကာသို့ ကုန်စည်စီးဆင်းမှုနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များနှင့် ကုန်စည်ကုန်ကျစရိတ်ကို ဖော်ပြမည့်စနစ်၊ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး အခြေအနေကုတ်များ၊ UN/EDIFACT စံနှုန်းများကို အသုံးပြုခြင်း၊ အီလက်ထရောနစ် အချက်အလက်များ ဖလှယ်ရန်အတွက် စီးပွားရေးဆိုင်ရာဖလှယ်ခြင်း သဘောတူစာချုပ်များ၊ သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်မှုများအား ကြိုတင်စစ်ဆေးခြင်း၊ သယ်ယူပို့ဆောင်ရေး အမျိုးအစားအတွက်ကုတ်များ၊ စံပြ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး သဘောတူစာချုပ်၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး၊ (ဆောင်ရွက်ရမည့် ကျင့်ဝတ်)၊ ပြတင်းတစ်ပေါက် စနစ်တည်ထောင်ခြင်း၊ အချက်အလက်များ လွယ်ကူရိုးရှင်းစေရန်နှင့် နိုင်ငံတကာ ကုန်သွယ်ရေးအတွက် စံချိန်စံညွှန်းမီစေရန်၊ နိုင်ငံတကာကုန်သွယ်မှု ပြတင်းတစ်ပေါက်စနစ်အတွက် ဥပဒေ မူဘောင်တစ်ခု တည်ထောင်ခြင်း တို့ဖြစ်ပါသည်။

For a full list of trade facilitation recommendations, please access:

http://www.unece.org/cefact/recommendations/rec_index.html.

Available from http://www.unece.org/leginstr/trade.html.

*Source:* UNECE.

ယေဘုယျအားဖြင့် ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် အစိုးရများသည် အောက်ပါတို့အား အနည်းဆုံး နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်သင့်ပါသည် -

- UN/CEFACTကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ထောက်ခံချက်များနှင့်အညီ ကုန်သွယ်မှု လုပ်ထုံး လုပ်နည်းများကို လွယ်ကူစေခြင်းနှင့် ညီညွတ်မှုရှိစေခြင်း။
- (စာရွက်စာတမ်းမဲ့ ကုန်သွယ်မှုစနစ်များနှင့်တစ်ခုတည်းသောပြတင်းပေါက်စနစ်များကို ကျင့်သုံး ဆောင်ရွက်ခြင်း၊ အဆိုပါ တစ်ခုတည်းသော ပြတင်းပေါက်စနစ်အားဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ခုအပေါ် အခြေခံလျက် ဒေသများအတွင်း (ဥပမာ အာဆီယံတစ်ခုတည်းသော ပြတင်း ပေါက်) ဆောင်ရွက်သင့်ပါသည်။
- ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ဆက်နွယ်လျက်ရှိသော WTO သဘောတူစာချုပ်များနှင့် လုပ်ထုံးလုပ်နည်းများ အထူးသဖြင့် ကုန်သွယ်မှုလွယ်ကူအဆင်ပြေချောမွေ့စေသော WTO Trade Facilitation Agreement ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) အသင်းဝင်အဖြစ်ဆောင်ရွက်နိုင်ပြီး အပြည်ပြည်ဆိုင်ရာ သဘော တူညီမှုစာချုပ်အမျိုးမျိုးနှင့် ကွန်ဗင်းရှင်းများ၏ အဖွဲ့ဝင်ဖြစ်လာပြီးနောက် ၎င်းတို့၏ ထောက်ခံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## (ဂ) တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်း အားသာချက်များကို မြှင့်တင်ခြင်း

### ၁။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ရရှိစေသော အကြောင်းတရားတစ်ရပ်အနေဖြင့် တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်များ (national competitive advantages) များကို ဖန်တီးခြင်း

နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်စွာ အထောက်အကူ ဖြစ်လာချိန်တွင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်များ အားကောင်းလာမှုတို့သည် ပြည်တွင်းပုဂ္ဂလိကပိုင်လုပ်ငန်းစုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်မှုများကို အားကောင်းလာစေပြီး ရေရှည်စီမံကိန်းများအတွက် ဖြေလျော့ပေးမှုများနှင့် ကန့်သတ်ချက်များကို ကင်းလွတ်ခွင့်ပြုခြင်းများအတွက် လိုအပ်ချက်များဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု များအတွက် လုပ်သာကိုင်သာ ရှိသော ပတ်ဝန်းကျင်ဖန်တီးရန် လိုအပ်ချက်များစသည်တို့အတွက် အကောင်းဆုံး အရှိန်အဟုန်ဖြစ်လာစေပါရန် ပံ့ပိုးပေးပါသည်။ သို့ရာတွင် နိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်များ အားကောင်းလာမှုသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများထံသို့ မှန်ကန်သော သတင်းပေးပို့နိုင်မှုဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည့်စုံသော မူဝါဒစနစ်တစ်ခုကို ဖွဲ့စည်းခြင်းဖြင့် ပိုမိုအားကောင်းလာနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမှုသည် ယှဉ်ပြိုင်အကျိုးကျေးဇူးကိုပုံဖော်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပါသည်။

နိုင်ငံ၏ ယှဉ်ပြိုင် အကျိုးကျေးဇူး ဖွံ့ဖြိုးတိုးတက်လာမှု ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် သီးခြားသတ်မှတ်ထားသည့် ကုန်ပစ္စည်းတစ်မျိုးကို ဖန်တီးနိုင်မှုကို ဆိုလိုပါသည်။ ၎င်းအားသာချက်များ သိသာထင်ရှားခြင်း မရှိပါက ၎င်းတို့ကို ဖန်တီးနိုင်ပါသည် (Porter, 1990

and 1998)။ ထို့ကြောင့် နိုင်ငံများအနေဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အခြေခံများပေါ်မူတည်၍ အမှန်တကယ်နှင့် အလားအလာရှိသော ယှဉ်ပြိုင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမှန်တကယ် ဖြစ်နိုင်သော ယူဆချက်များ၊ ရရှိလာနိုင်မည့် ပန်းတိုင်များနှင့် အချိန်ကာလစသည်တို့အပေါ် အခြေခံ၍ ကာလရှည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပါဝင်လာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မဟာဗျူဟာကျသော စီးပွားရေးကဏ္ဍများကို ရေးဆွဲရန်စသည့် ထိရောက်သော ဆန်းစစ်ချက်များ ဆောင်ရွက်ရန် အရေးကြီးပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကာလရှည်စီးဝင်မှု သေချာစေရန်အတွက် အစိုးရအနေဖြင့် အတွေ့အကြုံကောင်းများရရှိနိုင်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့်မူဝါဒများကို လက်ခံကျင့်သုံးရမည်ဖြစ်ပါသည်။ ဤကဏ္ဍ၏ အဓိကမူဝါဒသည် နိုင်ငံ၏ ယှဉ်ပြိုင်အားသာချက်များကို ဖန်တီးနိုင်စွမ်း ရှိခြင်း၊ အားကောင်းစေခြင်းနှင့် ရေရှည်တည်တံ့စေခြင်းတို့ကို ရည်မှန်းရေးဆွဲသင့်ပါသည်။ နိုင်ငံ၏ ယှဉ်ပြိုင် အကျိုးကျေးဇူးများကို ဖန်တီးခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု၏ ယေဘုယျ ရည်ရွယ်ချက်ဖြစ်စေပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဆွဲဆောင်ရာတစ်ခု ဖြစ်စေသော်လည်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု စီးဝင်ခြင်းနှင့် စီးထွက်ခြင်းများသည် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တွင် သိသာထင်ရှားသော အခန်း ကဏ္ဍမှ ပါဝင်နေပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်လျှက်ရှိသည့် နိုင်ငံများအတွက် နိုင်ငံ၏ ယှဉ်ပြိုင် အားသာချက်များကို ဖန်တီးခြင်းနှင့် ရေရှည်တည်တံ့စေခြင်းတို့တွင် အစိုးရ၏ အခန်းကဏ္ဍကို ယခုစာအုပ်တွင် အကြမ်းဖျဉ်း ဖော်ပြထားပါသည်။

ပထမဦးစွာ ယှဉ်ပြိုင် အကျိုးကျေးဇူးများသည် အခြေခံအားဖြင့် စီးပွားရေးလုပ်ငန်းများမှ ခိုင်မာသော မူဝါဒများမှတဆင့် စတင်ဖန်တီးခြင်းဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသည် အဆိုပါ ယှဉ်ပြိုင်အကျိုးကျေးဇူးများကို ဖန်တီးခြင်းနှင့် ရေရှည်တည်တံ့စေခြင်းတို့အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ နိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာခြင်း (သို့မဟုတ်) ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းလျှက်ရှိသော နိုင်ငံများတွင် အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းကို သတိပြုသင့်ပါသည်။ အစိုးရ အနေဖြင့် စီးပွားရေးမူဝါဒရေးဆွဲရာတွင် နိုင်ငံ၏ အရင်းအမြစ်များ (အလုပ်သမား၊ ငွေကြေးအရင်းအနှီး) ကို ထိရောက်စွာ အသုံးချသည့်နည်းဖြင့် ထုတ်လုပ်နိုင်မှုစွမ်းအားမြှင့်တင်နိုင်မည့်နည်းကို အလေးထား ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးလုပ်ငန်းများအတွက် ချမှတ်ဆောင်ရွက်ရမည့်မူဝါဒများ (policy towards nation"s industry) သည် လုပ်ငန်းများအနေဖြင့် ပို၍ခေတ်မီသော နည်းပညာများနှင့် နည်းစနစ်များကို စတင် အသုံးပြု၍ ယှဉ်ပြိုင်အကျိုးကျေးဇူးများကို မြှင့်တင်ပေးမည့် ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးသင့်ပါသည်။ အစိုးရသည် ယှဉ်ပြိုင် အကျိုးကျေးဇူးများ၏ ဖြစ်နိုင်ချေရှိသော နည်းလမ်း ၄ သွယ်နှင့် ၎င်းတို့၏ ဆက်စပ်ပုံများကို သတ်မှတ်နိုင်သည့် ပုံဖော်ခြင်းနှင့် အားကောင်းစေခြင်းတို့မှတဆင့် စီးပွားရေးလုပ်ငန်း ဝန်းကျင်ရှိ အကြောင်းအရာများနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာပုံစံတို့ကို ပုံဖော်ခြင်း (သို့မဟုတ်) ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်နိုင်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် အစိုးရသည် စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင် အကျိုးကျေးဇူးများသည် ဆက်စပ်လျှက်ရှိကြောင်း သိရှိလာမည်ဖြစ်ပါသည်။ ယှဉ်ပြိုင်အကျိုးကျေးဇူးများအတွက် စံသတ်မှတ်ချက်များသည် နိုင်ငံတစ်နိုင်ငံအတွင်းတွင်သာ သတ်မှတ်ထားခြင်း မဟုတ်ဘဲ အခြားနိုင်ငံများ၏ လုပ်ငန်းများမှပါ ပါဝင်သတ်မှတ်ထားခြင်းဖြစ်ပါသည်။ သို့သော် တီထွင်ဖန်တီးနိုင်ခြင်းနှင့် ရေရှည် တည်တံ့သော ယှဉ်ပြိုင် အကျိုးကျေးဇူးများသည် စဉ်ဆက်မပြတ် အခြားနိုင်ငံများရှိ လုပ်ငန်းများထက် ပို၍ လျှင်မြန်သော အဟုန်ဖြင့် ဆန်းသစ်တီထွင်မှုများမှတဆင့် စီးပွားရေး လုပ်ငန်းများကို အဆင့် မြှင့်တင်နိုင်ရမည်ဖြစ်ပါသည်။

ဒုတိယအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ (industries)တွင် ယှဉ်ပြိုင် အကျိုး ကျေးဇူးများသည် နိုင်ငံတစ်နိုင်ငံ၏ ပထဝီအနေအထားအလိုက် စုစည်းနေတတ်သည်။ ထို့ကြောင့် စီးပွားရေး လုပ်ငန်းစုများ အားပေးမြှင့်တင်ခြင်းနှင့် ဖွဲ့စည်းခြင်းနှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ခြင်းနှင့် ဆွဲဆောင်ခြင်းတို့တွင် ဒေသအစိုးရများ၏ အခန်းကဏ္ဍသည် ဗဟိုအစိုးရနည်းတူ အရေးကြီးသည်ဟု ယူဆနိုင်ပါသည်။

တတိယအနေဖြင့် အဆိုပါ ယှဉ်ပြိုင်နိုင်းစွမ်းအားသာချက်များကို ဖန်တီးရာတွင် ဆယ်စုနှစ်တစ်ခုကြာမျှ အချိန်ယူရသဖြင့် အလောတကြီး မဆောင်ရွက်သင့်ပါ။

စတုတ္ထအနေဖြင့် နိုင်ငံများသည် မတူကွဲပြားခြင်းများကြောင့် ကောင်းကျိုးများရရှိနိုင်ပါသည်။ "နိုင်ငံများ အားလုံးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်ငန်းစုများရှိပြီး မည်သည့်နိုင်ငံကမှ အရာအားလုံးတွင် ယှဉ်ပြိုင်နိုင်မည် မဟုတ်ပါ" ဟု Porter က ပြောပါသည်။ အကယ်၍ ယှဉ်ပြိုင်နိုင်စွမ်း မရှိပါကလည်း ဖန်တီး နိုင်ပါသည်။ အခြားနိုင်ငံများတွင် ဖြစ်စေ ဈေးကွက်ထဲ တွင်ဖြစ်စေ တူညီသော ထုတ်ကုန်များရှိနေပါက ကုန်အမှတ် တံဆိပ်ပေါက်အောင် ကြိုးပမ်းခြင်းသည် အလွန်အရေးကြီးသည်။ ယခုအခါ ဥရောပနိုင်ငံများသည် မော်တော်ယာဉ်ဈေးကွက်နှင့် ကားထုတ်လုပ်မှုဈေးကွက်များတွင် ယှဉ်ပြိုင်လျှက်ရှိပါသည်။ ၎င်းတို့၏ ယှဉ်ပြိုင်မှုများသည် ထုတ်ကုန်များပေါ်တွင်သာ မှီခိုနေသည်မဟုတ်ဘဲ သီးခြားတံဆိပ် သို့မဟုတ် အမည် ကျော်ကြားခြင်း ပေါ်တွင်လည်း တည်မှီနေပါသည်။ ထို့ကြောင့် ဂျာမနီနိုင်ငံမှ Mercedes Benz နှင့် BMW၊ ပြင်သစ်နိုင်ငံမှ Peugeot နှင့် Renault၊ UK မှ Rover နှင့် Rolls Royce စသည်တို့ကို ထုတ်လုပ်တင်ပို့လျက်ရှိပါသည်။ ၎င်းကားထုတ်လုပ်သူများသည် သီးသန့်ဈေးကွက်တစ်ခုကိုသာမှ ရည်ရွယ်သော စားသုံးသူများကိုသာ ဝန်ဆောင်မှု ပေးသည်။ ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ မိမိတို့ထုတ်ကုန်၏ ယှဉ်ပြိုင် နိုင်းစွမ်းအားသာချက်ကို ဖန်တီးကြပါသည်။ ဥပမာအားဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် ၎င်း၏ ထုတ်ကုန်များ ဖြစ်သည့် ဘဏ္ဍာရေး ဝန်ဆောင်မှု၊ နာရီများနှင့် စစ်သုံးဓားများထုတ်လုပ်ရာတွင် ယှဉ်ပြိုင်အကျိုးကျေးဇူးမြင့်မားကြောင်း တွေ့ရှိရပါသည်။ ထိုကဏ္ဍများရှိ ယှဉ်ပြိုင်အကျိုးကျေးဇူးများသည် နိုင်ငံ၏ ကောင်းသတင်း ကျော်စောမှုများကြောင့် ရရှိခြင်းမဟုတ်ဘဲ ကိုယ်တိုင်ဖန်တီး ရယူထားကြခြင်းသာ ဖြစ်ပါသည်။ ယှဉ်ပြိုင် အကျိုးကျေးဇူး အဆင့်သည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင် မြှင့်တင်နိုင်သကဲ့သို့ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု သည်လည်း ၎င်းယှဉ်ပြိုင်အကျိုးကျေးဇူးကို ဖန်တီးရာတွင် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

ပဉ္စမအားဖြင့် အစိုးရမူဝါဒများသည် တီထွင်ဆန်းသစ်ပြီး ထုတ်လုပ်မှုစွမ်းအားမြင့်မားသော စီးပွားရေးလုပ်ငန်း ကဏ္ဍတိုင်း အောင်မြင်နိုင်သည့် ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးရမည်။ ဦးစားပေး လုပ်ငန်းများ မထားရှိလျှင် ပိုမိုသင့်လျော်ပါသည်။

ဆဋ္ဌမအနေဖြင့် အစိုးရများသည် စီးပွားရေးလုပ်ငန်းအချို့၏ ဖိအားပေးမှုများကို မလိုက်လျောဘဲ အကာအကွယ်ပေးသော အခြေအနေတစ်ရပ် ဖန်တီးမပေးဘဲ အစိုးရမှ အားပေးထောက်ပံ့မည်ဟုလည်း အာမခံခြင်း မပြုလုပ်သင့်ပေ။ ကမ္ဘာတဝှမ်းတွင် ပြိုင်ဆိုင်မှုများကို ရင်ဆိုင်ခြင်းနှင့် တိုင်းပြည် ယှဉ်ပြိုင်နိုင်စွမ်း အားသာချက်များ၏ ပါဝင်အကြောင်းအရာ လေးခုကို အဆင့်မြှင့်တင်ခြင်းတွင် ရင်းနှီးမြှုပ်နှံခြင်း စသည်တို့ထက် စိုက်ပျိုးရေးကဏ္ဍအပါအဝင် တိုင်းပြည်၏ ပြည်ပပို့ကုန်ဈေးကွက်ကို အဆင်ပြေစေရန် ဖြေလျော့ပေးခြင်းဖြင့် ရေရှည်တွင် တိုင်းပြည်အတွက် ပို၍အကျိုးရှိစေနိုင်ပါသည်။ တိုင်းပြည်၏ ယှဉ်ပြိုင်အကျိုးကျေးဇူးကို ဖန်တီး

ခြင်း၊ အားကောင်းစေခြင်းနှင့် ရေရှည်တည်တံ့စေနိုင်ခြင်းတို့ ဖြစ်ပေါ်စေရန်အတွက် စဉ်ဆက်မပြတ် ဖြစ်ပေါ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှု အဆင့်မြင့်တင်ခြင်းနှင့် ရေရှည်တည်တံ့စေနိုင်သည့် စွမ်းအားများ လိုအပ်ပါသည်။ ကုန်သွယ်မှု အကာအကွယ်ပေးခြင်းသည် တိုင်းပြည်နှင့် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများကို ဖိအားပေးခံရခြင်းများမှ ရှောင်ရှားနိုင်ရန်လည်းကောင်း၊ အခြားသော တိုင်းပြည်များတွင် ဂလိုဘယ်လိုင်ဇေးရှင်း ဖြစ်စဉ်တွင် ရင်ဆိုင်ရမည့် စီးပွားရေးလုပ်ငန်းများ နောက်ကျကျန်ခဲ့ခြင်းမှလည်းကောင်း အကာအကွယ်ပေးနိုင်ပါသည်။

အချို့သော လုပ်ငန်းများနှင့် လုပ်ငန်းစုများတွင် နိုင်ငံတော်အတွက် အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သော အစိုးရမူဝါဒများ ရှိပါသည်။ ပညာရေးမူဝါဒ၊ အခွန်မူဝါဒ၊ ကျန်းမာရေး စောင့်ရှောက်မှုမူဝါဒ၊ Anti-Trust Policy၊ ဥပဒေပြုရေးဆိုင်ရာ မူဝါဒ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ဘဏ္ဍာရေး နှင့် ငွေကြေးဆိုင်ရာမူဝါဒနှင့် အခြားသော မူဝါဒများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျှက်ရှိပါသည်။ သို့ရာတွင် အစိုးရ တော်တော်များများသည် လုပ်ပိုင်ခွင့်များထပ်နေခြင်းနှင့် မတူညီသော အစိုးရအဖွဲ့အစည်းများရှိ လုပ်ငန်းများ၏ ယှဉ်ပြိုင်အားသာချက်များ အားကောင်းစေရေးအတွက် ရှေ့နောက် ကိုက်ညီမှုမရှိသော မူဝါဒများကြောင့် အဆင်မပြေမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

## ၂။ နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ရာတွင် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဖန်တီးမှုတို့၏ အခန်းကဏ္ဍ

တိုင်းပြည်၏ ယှဉ်ပြိုင်အားသာချက်ကို ဖန်တီးရာတွင် အရေးပါသော အကြောင်းအရာ များစွာရှိသော်လည်း သိပ္ပံနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်နိုင်ခြင်း(science, technology and innovation - STI) အခန်းကဏ္ဍ၏ အရေးပါမှုက ပို၍ အရေးကြီးပါသည်။ ယနေ့ခေတ် အင်အားကြီးနိုင်ငံများသည် ကောင်းမွန်သော ပညာရေးစနစ်၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တီထွင်ဖန်တီးနိုင်မှု အားကောင်းခြင်းတို့ကြောင့် အကျိုးအမြတ်ကောင်းသည့် ဖန်တီးနိုင်မှု အားကောင်းနေခြင်းကို သတိပြုသင့်ပါသည်။ သိပ္ပံပညာ အဆင့်မြင့်ခြင်းနှင့် နည်းပညာမြင့်မားခြင်းတို့က တီထွင်ဆန်းသစ်နိုင်မှုစွမ်းအားကို အားကောင်းစေပြီး ၎င်းတို့ အချင်းချင်း အပြန်အလှန် အကျိုးပြုလျက်ရှိပါသည်။

ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ၎င်းတို့မည်သို့ အသုံးပြုသည် (ဥပမာအားဖြင့် solar panels ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးနည်းပညာ) သာမက ၎င်းတို့ကို မည်သို့ထုတ်လုပ်သည် (ရေရှည် တည်တံ့စေခြင်း) စသည့်တို့ ပိုမိုကောင်းမွန်စေရန်အတွက် တီထွင်ဖန်တီးနိုင်မှုနှင့် နည်းပညာဖွံ့ဖြိုးမှု လိုအပ်ပါသည်။ STIသည် SDG ၏ အဆိုပြုချက် များအားလုံးအပေါ် အကျိုးသက်ရောက်မှုရှိပြီး ၂၀၁၅ ခုနှစ်အလွန် ဖြစ်ပေါ်လာမည့် ပြဿနာများအတွက် ကောင်းမွန်ထိရောက်သော အဖြေများရှာဖွေပေးနိုင်ရန်နှင့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်နွယ်လျက်ရှိသော စိန်ခေါ်မှုများကို အဖြေရှာပေးရန်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျှက်ရှိပါသည်(Chaisse, 2016)။

နည်းပညာပိုမိုဖွံ့ဖြိုးသောနိုင်ငံများသည် ပို၍ ကောင်းမွန်ပြီး နည်းပညာအထူးပြု ရင်းနှီးမြှုပ်နှံ မှုလုပ်ငန်းများကိုပို၍ ဆွဲဆောင်နိုင်သည်ကို တွေ့ရှိရပါသည်။ ၎င်းလုပ်ငန်းကြီးများမှ ဆောင်ရွက်လျက်ရှိသော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများက တိုင်းပြည်၏ တီထွင်ဖန်တီးနိုင်မှုစနစ်ကို ပို၍ အားကောင်းလာစေရန်လည်း

အထောက်အကူပေးနိုင်ပါသည့်အပြင် စွမ်းရည်များနှင့် ဖွံ့ဖြိုးမှုများအတွက်လည်း ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ပါသည်။ ၎င်းစနစ်များသည် တိုင်းပြည်၏ STI လုပ်ဆောင်နိုင်စွမ်းနှင့် ယှဉ်ပြိုင် နိုင်စွမ်းအားသာချက်များနှင့် စီးပွားရေးတိုးတက်မှုများကို သတ်မှတ်ပေးနိုင်ပါသည်(Fagerberg and Srholec, 2008)။

အစိုးရမူဝါဒများသည် တိုင်းပြည်နှင့် ၎င်းဒေသအသီးသီးမှ တီထွင်ဖန်တီးနိုင်စွမ်းရှိသောစနစ်များကို ဖွံ့ဖြိုးတိုးတက် လာစေရန် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပါသည်။ OECD (2000) စာတမ်းများအရ အရေးပါသော ဖွံ့ဖြိုးတိုးတက်မှုများသည် ကျယ်ပြန့်သော သိပ္ပံနှင့် စီးပွားရေး အသိပညာများအပေါ် အခြေခံရေး ဆွဲထားသောကြောင့် ကုမ္ပဏီများသည် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းအားလုံးကို အကာအကွယ် ပြုနိုင်တော့မည် မဟုတ်ပေ။ မသေချာမှုများကို လျော့ချရန်နှင့် ကုန်ကျစရိတ်များနှင့် အသိပညာများ ဖလှယ်နိုင်ရန် မတူညီသော ကျွမ်းကျင်မှုနယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများအကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် လိုအပ်ချက်များ ပိုမိုကြီးမားလာပါသည်။ အစိုးရအနေဖြင့် လုပ်ငန်းစုများ၊ သိပ္ပံနှင့် နည်းပညာဇုန်များ၊ incubators များနှင့် လုပ်ငန်းရှင်များအားလုံးအကြား ဆက်သွယ်မှုများမှတဆင့် ကုမ္ပဏီများအကြား ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်နိုင်ပါသည်။ ဥပမာ- ပညာရေး၊ သုတေသနဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရဌာနများ။ ယှဉ်ပြိုင်မှုကို မြှင့်တင်ပေးခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်ပေး ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည့် ခိုင်မာသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ မူဘောင်များ ရှိရန် လည်း လိုအပ်သည်။

NIS ဆိုသည်မှာ လုပ်ငန်းများ၊ အစိုးရများနှင့် ပညာရေးကဏ္ဍများအကြား ရှုပ်ထွေးပြီး အပြန်အလှန်ဆက်နွယ်လျှက်ရှိသော အသိပညာ စီးဆင်းမှုများနှင့် ဆက်ဆံရေးကို ရည်ညွှန်းပါသည်။ တီထွင်ဆန်းသစ်မှုများ၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းမှုများကို ရေရှည်တည်တံ့စေရန်အလို့ငှာစနစ်တကျ လုပ်ဆောင်တတ်စေရန်ဖြစ်ပါသည်။ တိုင်းပြည်တစ်ခု၏ တီထွင်ဖန်တီးနိုင်မှု စွမ်းရည် (Innovative Performance) (National Innovation System - NIS) တွင် အမျိုးသားအဆင့် တီထွင်ဖန်းတီးမှုစနစ် အသိ ပညာစနစ်နှင့် နည်းပညာဖန်တီးနိုင်ခြင်း အစိတ်အပိုင်းများအဖြစ်မည်သို့ အချိတ်အဆက်ရှိမှုနှင့် အသုံးပြုမှု အပေါ်တွင် များစွာမူတည်ပါသည်။ အောင်မြင်သည့် NIS သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးချက်များနှင့်အညီ တီထွင်ဖန်တီးမှုကို ပြုလုပ်စေသည်သာမက ပြည်သူလူထု၏လူနေမှုဘဝကိုလည်း ပို၍မြင့်မားစေပါသည်။ စီးပွားရေးကဏ္ဍတွင် အလုပ်ဖြစ်သော NIS သည် တီထွင်ဖန်တီးနိုင်မှုကို စီးပွားရေးအရ တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်ရန်နှင့် အကျိုးအမြတ်ရရှိရန် လိုအပ်သော ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ပါသည်။

Figure 3.1 တွင် NIS သဘောတရားကို အသေးစိတ် ပြသထားသည်။ အတွင်းစည်းတွင် သိပ္ပံနှင့် နည်းပညာ တီထွင်ဆန်းသစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော အဖွဲ့အစည်းများနှင့် မူဝါဒများပါဝင်သည်။ အပြင်စည်းတွင် ဆန်းစစ်ထားသော တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး ဝန်းကျင်များ နှင့်သက်ဆိုင်သည့် ကျယ်ပြန့်သည့်NIS အမြင်တစ်ရပ်ကို ဖော်ပြထားသည်။ STI သည် ဝန်ကြီးဌာနများစွာနှင့် သက်ဆိုင်မှုရှိပြီး မူဝါဒများအကြား တစ်ခုနှင့်တစ်ခု မကွဲပြားစေဘဲ ဟန်ချက်ညီစေရန်နှင့် STI အား ဖွံ့ဖြိုးတိုးတက်မှုအတွက် ထည့်သွင်းအသုံးချရာတွင် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု ရှိရန် လိုအပ်ပါသည်။

**Figure 3.1. National Innovation System: an overview**




*Source:*OECD, *Managing National Innovation Systems*, Figure 4 (Paris, 1999).

Figure 3.2 တွင် NISကို ပိုမိုကျယ်ပြန့်စွာဖြင့် ဖော်ပြပေးထားသည်။ FDI က ထိုစနစ်များကို ပုံဖော်ပုံနှင့် အဆိုပါစနစ်များက FDI ကို ဆွဲဆောင်ရာတွင် အကျိုးသက်ရောက်မှုရှိသည်ကို မီးမောင်း ထိုးပြထားပါသည်။ ၎င်းသည် တီထွင် ဆန်းသစ်ခြင်း၏ အဓိကနေရာ အဖွဲ့အစည်းများဖြစ်သော စီးပွားရေး၊ သုတေသန အဖွဲ့အစည်းများနှင့် ပညာရေးကဲ့သို့သော နယ်ပယ်များတွင် အပြန်အလှန် ပူးပေါင်းဆက်ဆံဆောင်ရွက်ခြင်းဖြင့် တီထွင်ထားသော eco-system တစ်ခု အရည်အသွေးကို အကျိုးသက်ရောက်စေသည့် အစိုးရ၏ မူဝါဒမူဘောင်တစ်ခု အခန်းကဏ္ဍကိုလဲ ဖော်ပြပါသည်။ ၎င်း eco-system သည် (ဥပမာ- နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် TNCs ၏ အခန်းကဏ္ဍတို့) အရည်အသွေးကို သက်ရောက်စေသော အမြင်မျိုး စုံရှိပါ သည်။ အစိုးရ၏မူဝါဒမူဘောင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ WTO နှင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များကဲ့သို့သော နိုင်ငံတကာတာဝန်သိမှုအပါအဝင် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်း၏ လွှမ်းမိုးမှုများရှိနိုင်သည်။ နောက်ဆုံးတွင် အစိုးရ ၏မူဝါဒနှင့် eco-system တီထွင်ဆန်းသစ်မှု၏ အရေးပါသော ဆက်နွယ်မှုသည် ငွေရေးကြေးရေး၊ လွယ်ကူ အဆင်ပြေချောမွေ့ စေရေးနှင့် အခြေခံအဆောက်အဦ၏ Provision ဖြစ်ပါသည်။ အချို့သော ငွေရေး ကြေးရေး စနစ်များသည် ထို eco-system ၏ အစိတ်အပိုင်းသာဖြစ်ပါသည်။ ယေဘုယျ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဈေးကွက်စနစ်သည် အစိုးရ၏ တီထွင်ဆန်းသစ်မှုလုပ်ဆောင်မှုအတွက်နှင့် နည်းပညာဦးစားပေး လုပ်ငန်းများအတွက် ချေးငွေတိုးမြှင့်ရန် တိုက်ရိုက်ချုပ်ကိုင်ထားပါသည်။ (အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) အခြေခံအဆောက်အဦနှင့် ပတ်သက်၍ အစိုးရ၏ မူဝါဒသည် သိပ္ပံနှင့် နည်းပညာ

နယ်ပယ်များ၊ နည်းပညာဦးစားပေး အထူးစီးပွားရေးဇုန်များ၊ incubators နှင့် လိုအပ်သော လမ်း၊ ဆိပ်ကမ်း၊ ICT ကွန်ယက်နှင့် စွမ်းအင်ထောက်ပံ့ပေးခြင်း (လျှပ်စစ်ဓါတ်အား၊ ရေနံနှင့်သဘာဝဓါတ်ငွေ့) စသည်တို့ကို စတင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ NIS သည် နိုင်ငံတဝှမ်းအညီအမျှ အကျိုးသက်ရောက်စေနိုင်သကဲ့သို့ ဦးစားပေးကဏ္ဍတစ်ခု (အရေးကြီးသော ကဏ္ဍတစ်ခု) ဖွံ့ဖြိုးတိုးတက်မှုအတွက်လဲ NTS ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။

## Figure 3.2. NIS in a broader context




*Source*:ESCAP-APCTT.

*Notes*: 1. Example of infrastructure: electricity, road, rail, ports, telecommunication,science & technology parks, tech business incubator, science & technology info centres, etc. 2. Financing instruments: bank loan, grant subsidy, business angel, venture capital, corporate venturing, crowd funding, tax incentive, etc.

ကိုရီးယားသမ္မတနိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် သိပ္ပံနှင့်နည်းပညာ (STI) ၏ အရေးပါမှုကို အလေးထားခြင်းနှင့်အတူ ဆန်းသစ်တီထွင်မှုကုမ္ပဏီများအနက် Samsung ကုမ္ပဏီကို အောင်မြင်သော အမျိုးသားဆန်းသစ်တီထွင်မှုစနစ် ဖွံ့ဖြိုးတိုးတက်မှု၏ သာဓကကောင်းတစ်ခုအဖြစ် ဖော်ပြပေးထားပါသည်။ ၁၉၅၃ ခုနှစ်တွင် ကိုရီးယားစစ်ပွဲပြီးကတည်းက အစိုးရ၏မူဝါဒဖြင့် သိသာထင်ရှားသောအသွင်ကူးပြောင်းရေးကို ဆောင်ရွက်ခဲ့သည်။ အစောပိုင်း နှစ်များတွင် ကိုရီးယားအစိုးရသည် လုပ်သားဦးစားပေးလုပ်ငန်းများ၊ အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားသည့် Korea Institute of Science and Technology (KIST) နှင့် Korea Advanced Institute of Science (KAIS) တို့ကို တည်ထောင်ခဲ့သည်။ ၁၉၇၀ ခုနှစ်နှင့် ၁၉၈၀ ခုနှစ်များတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့၊ သင်္ဘော တည်ဆောက်ခြင်း၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ပစ္စည်းများထုတ်လုပ်ခြင်း စသည့် အကြီးစားစက်မှု လုပ်ငန်းများသို့ ပြောင်းလဲဆောင်ရွက်ခဲ့ပြီး အဆိုပါဆောင်ရွက်ချက်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စေခဲ့သည်။ ၁၉၈၀ ခုနှစ်အလယ်ပိုင်းမှစ၍ ကိုရီးယားအစိုးရသည် တဆင့်ခံ ထုတ်လုပ်သည့် လုပ်ငန်းများကဲ့သို့သော အဆင့်မြင့် နည်းပညာသုံးသည့် လုပ်ငန်းများအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ၁၉၉၀ ခုနှစ်များတွင် အဆိုပါ အသွင်ကူးပြောင်းရေးသည် အသိပညာ ဦးစားပေးသည့် လုပ်ငန်းအဖြစ်သို့ ပိုမိုသက်ရောက်လာစေခဲ့သည်။ ကိုရီးယားအစိုးရမှ စက်မှုမြို့တော်များ၊ နည်းပညာနှင့်သိပ္ပံဇုန်များ ဖန်တီးတည်ထောင်ပေးပြီးနောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုသိသိသာသာဝင်ရောက်လာခဲ့သည်။ ထို့အပြင် ပုဂ္ဂလိကကုမ္ပဏီများကို အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုး တိုးတက်ရေး ကူညီပေးရန်ရည်ရွယ်ချက်ဖြင့် အမျိုးသားသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် R&D ကို စတင် ခဲ့သည်။ R&D ကဏ္ဍတွင် အဓိကရင်းနှီးမြှုပ်နှံမှုကို အစိုးရမှ ပုဂ္ဂလိကကဏ္ဍသို့ ပြောင်းလဲခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၏ R&D အတွက် ကုန်ကျစရိတ်မှာ ပုဂ္ဂလိကကဏ္ဍတွင် ၈၀ ရာခိုင်နှုန်းဖြစ်ခဲ့သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ အစိုးရသည် နိုင်ငံခြားမှနည်းပညာတင်သွင်းမှုနှင့် R&Dအတွက် အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းကြောင့်ဖြစ်သည်။

အောက်ဖော်ပြပါ မူဝါဒများသည် ကိုရီးယားသမ္မတနိုင်ငံ၏ အသိပညာနှင့် ဆန်းသစ် တီထွင်မှုကို ဦးတည်သည့် စီးပွားရေးအသွင်ကူးပြောင်းခြင်းပင်ဖြစ်သည်။ ပထမဦးစွာ ဒေသအလိုက် စက်မှုဇုန်များကို ပြုစုပျိုး ထောင်ခဲ့သည်။ ဒေသတစ်ခုစီတိုင်းရှိအရေးကြီးသည့် စက်ရုံ (၄) ခုကို အမျိုးသားအဆင့်နှင့် အစိုးရတို့က ထောက်ပံ့ ကူညီပေးလျက်ရှိသည်။ ဒေသဆိုင်ရာ ဆန်းသစ်တီထွင်မှုကောင်စီများက အဆိုပါစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ် သည့် အထောက်အပံ့များကို ပံ့ပိုးကူညီရသည်။ ဒုတိယအချက်အနေဖြင့် စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုကို မွေးမြူပေးရန်အတွက် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခဲ့သည်။ ယင်းအချက်တွင် စီးပွားရေး လုပ်ငန်းအသစ် ချမှတ်ဆောင်ရွက်ခြင်းအတွက် အားပေးခြင်း၊ တည်ငြိမ်ပြီး ပွင့်လင်းမြင်သာသည့် ဥပဒေစနစ်များကို ကမ်းလှမ်းပေးထားခြင်းတို့ဖြင့် စီးပွားရေး ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်းတို့ ပါဝင်ပါသည်။ အရည်အသွေး ပြည့်ဝသော ဘဝနှင့် ဘဏ္ဍာငွေ ရရှိနိုင်မှု၊ လုပ်ငန်းအထောက်အပံ့ပေးသည့် ဝန်ဆောင်မှုများ၊ ပြုပြင်ပြောင်းလဲ လွယ်သည့် အလုပ်သမား၊ ပညာရေးနှင့် သင်တန်း၊ R&D စင်တာများသည် ဤကနဦး ဆောင်ရွက်ချက်၏ အသွင်သဏ္ဌာန်များဖြစ်သည်။ တတိယအချက်မှာ ဆန်းသစ်တီထွင်ခြင်း ချိတ်ဆက်မှုနှင့်အတူ သင်ကြားရေးအစီအစဉ်များကို တိုးတက်လာစေရန် ကနဦးဆောင်ရွက်ခဲ့ သည်။ အဆိုပါအချက်တွင် လုပ်ငန်းဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်ရာတွင် လုပ်ထုံး လုပ်နည်းနှင့် ဥပဒေအခက်အခဲများကို ဖယ်ရှားခြင်းတို့ ပါဝင်သည်။ စက်မှုလုပ်ငန်းနှင့် တက္ကသိုလ်များအကြား ပူးပေါင်း သုတေသနဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်း ဝန်ဆောင်မှုရရှိခြင်းနှင့် လူမှု ကွန်ယက်များ ဖော်ဆောင်ခြင်းတို့အတွက် ဆွဲဆောင်မှုများ ပေးခြင်းတို့ ပါဝင်ပါသည်။ စတုတ္ထဆောင်ရွက်ချက်မှာ လူမှုရေးဆိုင်ရာ အရင်းအနှီးအတွက် စတော့တစ်ခုကိုတည်ထောင်ခြင်းဖြစ်ပါသည်။ အဆိုပါ အစီအစဉ်ကို ကွန်ဖရင့်များ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် ဆွေးနွေးပွဲများကဲ့သို့သော လူမှုရေးဆိုင်ရာ ကွန်ယက်ချိတ်ဆက်မှု ဖိုရမ်များမှတဆင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ခရစ်ယာန်ကျောင်းများနှင့် တက်ကြွစွာစေ့စပ် ဆောင်ရွက်ခြင်းတို့ဖြင့် ပံ့ပိုးနိုင်ပါသည်။ နောက်ဆုံးအနေဖြင့် ပြည်တွင်းနှင့်ပြည်ပကွန်ရက်များကို တိုးမြှင့်စေရေးဆောင်ရွက်ခြင်းတို့ ဖြစ်ပါ သည်။ အဆိုပါအချက်တွင် ပညာရေး၊ သုတေသနနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် အသိပညာဖလှယ်ခြင်း

| |
|---|
| အစီအစဉ်တွင်ပါဝင်သည့် ဂျပန်၊ စင်ကာပူနှင့် တရုတ်နိုင်ငံများကဲ့သို့သော အခြားနိုင်ငံများနှင့် စေ့စပ် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ |
| ကိုရီးယားနိုင်ငံတွင် အောင်မြင်မှုရရှိခဲ့သည့် အမျိုးသားဆန်းသစ်တီထွင်မှုစနစ် (NIS) တည်ထောင်ခြင်းသည် အဓိကလှေ့လာစရာတစ်ခုဖြစ်ပြီး အဆိုပါစနစ်သည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် တက္ကသိုလ် အဖွဲ့အစည်းများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ပြီး အဆင့်မြင့် ပညာရေးစနစ်ကို အလေးထား ဖော်ပြထားသည်။ ကိုရီးယား NIS ဖွံ့ဖြိုး တိုးတက်မှုသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ်တွင် အလေးထားခြင်းမဟုတ်ဘဲ လုပ်ငန်းကြီးများအပေါ်ကို အလေးထားခြင်းဖြစ်ကြောင်း ဝေဖန်ထားပါသည်။ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ကို ၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၁၉၉၇ ခုနှစ် အာရှအကြပ်အတည်းတွင် ကိုရီးယား အစိုးရသည် လုပ်ငန်းကြီးများကို ပြန်လည်ဖွဲ့စည်းရန်နှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆန်းသစ်တီထွင်မှု အပါအဝင် ဆန်းသစ်တီထွင်မှုကို ဦးတည်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ |
| ကိုရီးယားအစိုးရသည်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏အသွင်သဏ္ဌာန်များနှင့်လိုလားချက်များ နှင့်အညီဖြစ်စေရန် ရည်ရွယ်၍SME မူဝါဒကိုချမှတ်ပေးထားသည်။အစိုးရ၏ အဓိက ထောက်ပံ့မှုများ တွင် SME နည်းပညာဆန်းသစ်တီထွင်မှုအစီအစဉ်၊ စက်မှု-တက္ကသိုလ်-သုတေသန ပေါင်းစည်းဆောင်ရွက်ခြင်း အစီအစဉ်၊ နည်းပညာသစ်ဝယ်ယူခြင်း အာမခံချက်အစီအစဉ်နှင့် ကိုရီးယားအသေးစားလုပ်ငန်း သုတေသနနှင့် ဆန်းသစ်တီထွင်မှုအစီအစဉ်(KOSBIR)များပါဝင်သည်။ ဘဏ္ဍာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အစိုးရအနေဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ လည်းကောင်း ဘဏ္ဍာရေး ထောက်ပံ့ပေးလျက်ရှိသည်။ တိုက်ရိုက် ဘဏ္ဍာရေး ထောက်ပံ့မှုအတွက်အစိုးရအနေဖြင့်အရင်းအနှီး ဈေးကွက်ကို မြှင့်တင် ပေးထားသည်။ သွယ်ဝိုက်ဘဏ္ဍာရေး ထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဘဏ်ချေးငွေရရှိရန်အရည် အချင်းမပြည့်မီသည့် SME လုပ်ငန်းများ အတွက်ချေး ငွေထောက်ခံ ချက်ဝန်ဆောင်မှုကိုပေးသည်။ ထို့အပြင် အစိုးရသည် စီးပွားရေး စတင် ဆောင်ရွက်သည့်အစီအစဉ်နှင့် ဖောက်သည်များကို သတင်းအချက်အလက်စနစ် မူဝါဒတို့ကို ဆောင်ရွက်ပေးသည်။ အစိုးရသည် စက်မှုဆိုင်ရာ နည်းပညာရှင် ရွေးချယ်ခြင်း အစီအစဉ်နှင့် SME အလုပ်သမားဖွံ့စည်းပုံ အဆင့်မြှင့်ခြင်းအစီအစဉ်များကဲ့သို့သောလူ့စွမ်းအား အရင်း အမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း ကူညီပေးသည်။ SME လုပ်ငန်းများအနေဖြင့် အစိုးရနှင့်စပ်ဆက်သည့် အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်သည့်အချိန်တွင် ဆန်းသစ်တီထွင်မှု အသိအမှတ်ပြု လက်မှတ်ပေးခြင်းကိုလည်း စတင်ဆောင်ရွက်ပေးခဲ့သည်။ အခြားအစီအစဉ်တွင် ဝယ်ယူရေး- အာမခံချက်ရှိသော ထုတ်ကုန်သစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် ထုတ်လုပ်မှုဝန်းကျင် ဆန်းသစ်တီထွင်မှု နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တို့ ပါဝင်သည်။ အဆိုပါအစီအစဉ် အများစုတွင် ရန်ပုံငွေထောက်ပံ့မှုများ ပါဝင်သည်။ ထုတ်ကုန်အသစ်များ ဖွံ့ဖြိုးတိုးတက်စေရန် SME အတွက်တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် အခြားစီးပွားရေး လုပ်ငန်းများ၏ အကူအညီများနှင့်အတူ ရန်ပုံငွေများကိုလည်း ထောက်ပံ့ထားသည်။ SME လုပ်ငန်းနှစ်ခုနှင့်အထက်နှင့် သုသေတန ဌာနတစ်ခုတို့သည် တစ်နှစ်/ နှစ်နှစ်အတွင်းထုတ်ကုန်သစ် (သို့မဟုတ်) စံနမူနာကို ဖန်တီးရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါက တွဲဖက်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ရရှိနိုင်ပါသည်။ |

*Sources:* Mazzarol (2012); Kim (2007); Lilischkis (2011).

မလေးရှားနိုင်ငံအစိုးရသည် ICT၊ Multimedia ဆန်းသစ်တီထွင်မှု၊ လုပ်ငန်းလည်ပတ်မှု နှင့် ဝန်ဆောင်မှုများအတွက် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန်၊ အသိပညာကို အခြေခံသည့် စီးပွားရေးသို့ အသွင်ကူးပြောင်းနိုင်ရန်နှင့် ၂၀၂၀ မျှော်မှန်းချက်နှင့်အညီ နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၁၉၉၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ Multimedia Super Corridor (MSC Malaysia) ကို တည်ထောင်ခဲ့ပါသည်။ MSC Malaysia သည် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး ယင်းသည် ကွာလာလမ်ပူမြို့ရှိ Petronas Twin Towers မှ ပူထရာဂျာရားနှင့် ဆိုက်ဘာဂျာယား မြို့များအပါအဝင် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်အထိ ၇၅၀

စတုရန်း ကီလိုမီတာ ရှည်လျားပါသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် Klang ဆိပ်ကမ်းကို MSC Malaysia တွင် ထည့်သွင်းခဲ့ပါသည်။

MSC သည် မြန်နှုန်းမြင့် အင်တာနက်ရရှိစေရန်ကဲ့သို့သော ပံ့ပိုးမှုများနှင့် အာမခံဥပဒေ တွင် အသေးစိတ်ပြဋ္ဌာန်းထားသကဲ့သို့ အခွန်ယာယီရပ်ဆိုင်းခြင်းနှင့် သက်သာခွင့်ပေးခြင်းတို့နှင့် ကုမ္ပဏီများကို ဆွဲဆောင်ရန် ရည်ရွယ်ပါသည်။ MSC ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြီးကြပ်ရန်၊ မလေးရှား နိုင်ငံအစိုးရအနေဖြင့် ဥပဒေပြုရေးနှင့် မူဝါဒများ ချမှတ်နိုင်ရေး အကြံဉာဏ် ပေးရန် နှင့် Multimedia လုပ်ငန်းများအတွက် စံချိန်စံညွှန်းများ ချမှတ်နိုင်ရန်တို့အတွက် Multimedia Development Corporation (MDeC)ကို ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ MSC သည် ICT ကဏ္ဍတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန် ကူညီပေးလျက်ရှိသည်။ R&D ကဏ္ဍနှင့် Creative Multimedia Cluster များကဲ့သို့သော Cluster များကို ထူထောင်ခဲ့သည်။ MSC Malaysia လုပ်ငန်းများ မက်လုံးများကို ထောက်ပံ့ပေးထားသည်။

MDeC သည် MSC Malaysia ကို ကွဲပြားခြားနားသည့် လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များဖြင့် လုပ်ငန်း(၃)မျိုး ပေးအပ်ထားသည်။ ဥပမာ-ပုဂ္ဂလိက Limited companies၊ အဆင့်မြင့်သင်ယူနိုင်မည့် တက္ကသိုလ်များ၊ MDeC သည် MSC တွင် စွန့်ဦးတီထွင်သူများကို သင်ကြားပေးရန်နှင့် ချိတ်ဆက်အစီအစဉ်များ လည်ပတ်နိုင်ရန်အတွက် အရင်းအနှီးများကို ထောက်ပံ့ပေးသည်။ K-workers Development Initiatives (KDI) ဒေသတွင်း ICT လုပ်ငန်းများမှ လက်ရှိနှင့် အနာဂတ်တွင် စက်မှုလုပ်ငန်းဆိုင်ရာ အရည်အသွေး လိုအပ်ချက်များကို ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ KDI သည်အသက်မွေးဝမ်းကျောင်း ပညာရေးအစီအစဉ်၊ ကျွမ်းကျင်မှု သင်တန်းများ၊ အဆင့်မြင့်သင်ကြားခြင်းတက္ကသိုလ်များ (IHLs) ကိုထောက်ပံ့ပေးထားသည်။ KDI သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ထိရောက်မှုရှိစေရန်နှင့် အကောင်အထည်ဖော်မှုလုပ်ငန်းများ အောင်မြင်မှု ရရှိစေရန်တို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ကိုရီးယားအစိုးရမှ MDeC ကိုဒီဂျစ်တယ် ကမ္ဘာကို တည်ထောင်ခြင်းဖြင့် အခွင့်အလမ်းများစွာ ဖန်တီးနိုင်မည့် ဒီဂျစ်တယ်စီးပွားရေး စနစ်တစ်ခုဖွံ့ဖြိုး တိုးတက်စေရန် နောက်ထပ် ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်တစ်ခုကို ပေးခဲ့သည်။ ဒစ်ဂျစ်တယ်မလေးရှားဟု ခေါ်သည့်အဆိုပါ အစီအစဉ်ကို ၂၀၁၂ ခုနှစ် မေလတွင် ပြည်သူကို ချပြခဲ့သည်။

MSC မလေးရှားသည်မလေးရှားနိုင်ငံ၏ စီးပွားရေးကို သိသိသာသာအထောက် အကူပြုလျက်ရှိပြီး ICTလုပ်ငန်းများ နှင့်တစ်နိုင်ငံလုံးအတွက်လည်း အကျိုးကျေးဇူးများ ရရှိစေလျက်ရှိကြောင်း ၂၀၁၁ ခုနှစ် လေ့လာချက်များအရ တွေ့ရှိရပါသည်။ အဆိုပါ လေ့လာတွေ့ရှိချက် ကမ္ဘာလုံးဆိုင်ရာ ICT ဗဟိုဌာန တစ်ခုဖြစ်စေရေး နိုင်ငံ၏ရည်မှန်းချက် ပန်းတိုင်သို့ရောက်ရှိစေရေး သိသိသာသာ တိုးတက်စေခဲ့ပြီး နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို အောင်မြင်စွာ ဆွဲဆောင်ရာတွင် ကင်းလွတ်ခွင့်/ သက်သာခွင့် စသည့် မက်လုံးများ ကမ်းလှမ်းခြင်း၊ ပံ့ပိုးခြင်းနှင့် ကမ္ဘာ့အဆင့်မီ ပတ်ဝန်းကျင်တစ်ခု စသည်တို့ကို လေ့လာထားခြင်း ဖြစ်ပါသည်။ (Injau၊၂၀၁၁) MSC (၂၀၀၄-၂၀၁၀)၏ ဒုတိယအဆင့် ကာလ အတောအတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ဖ၈ရာခိုင်နှုန်း ထောက်ပံ့ပေးခဲ့သည်။ တတိယအဆင့် ဖြစ်သည့် (၂၀၁၀-၂၀၂၀) ကာလအတွင်းတွင်၊ MSC သည် နိုင်ငံတစ်ဝှမ်းလုံးကို တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်သည်။

၂၀၁၄ခုနှစ်တွင် MSC ရှိ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီပေါင်း ၃၆၀၀ ကျော်ခန့် ယင်းအနက် ကုမ္ပဏီ၁၀၀၀ ကျော်မှာ TNCs လုပ်ငန်းကြီးများမှဖြစ်ပြီး အဆိုပါနှစ်တွင် စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု ပမာဏ၏ ၄၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

Multimedia Super Corridor (MSC) အောင်မြင်ရန်အတွက် အောက်ဖော်ပြပါအချက်များက ထောက်ပံ့ပေးထားပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူများအတွက် ပြီးပြည်စုံသော Package ရှိခြင်း၊

၂။ ခိုင်မာသော လူမှု-စီးပွားရေးနှင့် ဥပဒေ-လုပ်ထုံးလုပ်နည်း အခြေခံအုတ်မြစ်များ၊

၃။ အစိုးရမှ လုပ်ငန်းဆိုင်ရာ ကတိကဝတ်များ၊

၄။ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ပွင့်လင်းသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစနစ်ရှိခြင်း၊

၆။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အရှိန်မြှင့်တင်ခြင်း၊

၇။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့် ကုန်ကျစရိတ်များ ယှဉ်ပြိုင်နိုင်ခြင်း၊

၈။ အာရှ-ပစိဖိတ် ဈေးကွက်သို့ ရရှိရန် အဆင်သင့်ဖြစ်နေခြင်း၊

၉။ အင်္ဂလိပ်ဘာသာစကားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်း၊

၁၀။ ကောင်းမွန်ပြီး အရည်သွေးပြည့်ဝသော ဘဝရှိခြင်း။

သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဖန်တီးမှု (STI) ကို မြှင့်တင်ရန်၊ အထူးသဖြင့် NIS ကို အားကောင်းစေရန်အတွက် လိုအပ်သော အစိုးရမူဝါဒများက ဘာတွေလဲ။ အစိုးရမူဝါဒများကို အပြန်အလှန်ချိတ်ဆက်နေသော ကျယ်ပြန့်သည့် အမျိုးအစားများစွာဖြင့် ခွဲခြားသတ်မှတ်နိုင်ပါသည် (OECD, 1997; OECD, 1999; Feinson, 2003; Kaiser and Prange, 2003; Lundvall and others, 2006; Fagerberg and Shrolec, 2008)။

- **ပညာရေးနှင့်လူသားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံခြင်း** - အခြေခံပညာရေးသည် အရေးကြီး သည်သာမက တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းတို့မှ သင်ယူသော အဆင့်မြင့် ပညာရေးသည်လည်း အရေးကြီးပါသည်။ အင်ဂျင်နီယာပညာနှင့် သဘာဝသိပ္ပံတို့ကို အထူးအလေးထား လေ့လာရန်လိုအပ်ပါသည်။ ၎င်းနယ်ပယ်များတွင် ပညာသင်ဆု ထောက်ပံ့ပေးခြင်းများကို အလေးပေးဆောင်ရွက်ရန်လိုပြီး ပြည်ပတက္ကသိုလ်များနှင့် Student Exchange Programe များ ဆောင်

ရွက်ရန်လည်း တိုက်တွန်းအားပေးသင့်ပါသည်။ အစိုးရ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ရေးသည်လည်း ကျွမ်းကျင်မှု အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးပါသည်။ ဥပမာ အားဖြင့် မလေးရှား နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကနဦးစတင်ခဲ့သည့် ရင်းနှီးမြှုပ်နှံသူများသည် အဆင့်မြင့် ဆရာများအတွက် ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းများ ပေါ်ထွက်လာ စေရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများနှင့် အဆင့်မြင့် ဆရာ ဆရာမများအား ခန့်အပ်ဆောင်ရွက် ပေးခြင်း (ဥပမာ Penang Skills Development Corporation) (Freund & Moran, 2017)

- **ကွန်ယက်ချိတ်ဆက်ပေးခြင်း (Networking)** - အစိုးရအနေဖြင့် ဖန်တီးနိုင်စွမ်းရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် Network များ ပေါ်ထွက်လာစေရေးကိုအားပေးရန် လိုအပ်ပါသည်။ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခြင်းမှအပ ၎င်း Network များတွင် စီးပွားရေး လုပ်ငန်းများနှင့် စားသုံးသူတို့ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေသော သုတေသနလုပ်ငန်းများမှ ရရှိလာမည့် ရလဒ်များကို ပညာရေးအဖွဲ့အစည်းများနှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်စေခြင်းနှင့် စီးပွားရေးအရလဲဆက်စပ်မှုရှိ စေပါသည်။ Networking တွင် အစုအဖွဲ့ များ ဖွဲ့စည်းခြင်းနှင့် ၎င်းအစုအဖွဲ့အတွက်အခက်အခဲများကို ဖယ်ရှားအောင် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများအား ၎င်းတို့နှင့် ချိတ်ဆက်ဆောင်ရွက်မည့် လုပ်ဖော်ကိုင်ဖက်များ ရှာဖွေရာတွင် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ဝန်ဆောင်မှုများ ချိတ်ဆက်ပေးခြင်းဖြင့် အကူအညီပေးနိုင်ပါသည်။ ၎င်းအပြင် အစိုးရမှ incubating စင်တာများ ဆောက်လုပ်ပေးခြင်း (သို့မဟုတ်)သိပ္ပံနှင့် နည်းပညာ နယ်ပယ်များ ဖော်ထုတ်ပေးခြင်းတွင် လိုအပ်သော နေရာများကို ဆောင်ရွက် ပေးနိုင်ပါသည်။ အမေရိကန် နိုင်ငံရှိ ဆီလီကွန် တောင်ကြားသည် Network များကို မည်ကဲ့သို့မြှင့်တင်ကြောင်း ပြသနိုင်သည့် အကောင်းဆုံး သာဓကတစ်ခု ဖြစ်ပါသည်။ သို့ရာတွင် ၎င်း Network များကို ဒေသတွင်းတွင် ဖြစ်စေ၊ နိုင်ငံတွင်းတွင် ဖြစ်စေ အားပေးမြှင့်တင်ပေးနိုင်ပါသည်။

- **နည်းပညာဖန်တီး၊ ပြန့်ပွားရေးနှင့် ပြည်တွင်း R&D ကို မြှင့်တင်အားပေးခြင်း** -အစိုးရအနေဖြင့် စီးပွားရေး လုပ်ငန်းများ လိုအပ်သော နည်းပညာရရှိနိုင်ရေး အကူအညီပေးခြင်းကိုသာ ဆောင်ရွက်ပေးသင့်သည်သာမက စီးပွားရေးအရ အသုံးပြုနိုင်မည့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် သုတေသနလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသော ဝန်းကျင်တစ်ရပ်ကိုလည်း ဖော်ဆောင်ပေးသင့်သည်။ တိုင်းပြည်၏ယှဉ်ပြိုင်အကျိုးကျေးဇူးများ ဖွံ့ဖြိုးလာစေရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက် ခြင်းနှင့် နည်းပညာသစ်များ ရှာဖွေခြင်းသည် တိုင်းပြည်၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းအတွက် ပင်မ သော့ချက်တစ်ခုဖြစ်ပြီး TNCs များကိုလည်း လာရောက် ရင်းနှီးမြှုပ်နှံ ရန် ဆွဲဆောင်နိုင်ပါသည်။ ယခုအခါ အိန္ဒိယနိုင်ငံ၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ITC ကဏ္ဍတွင် လုပ်ကိုင်နေကြသော ကမ္ဘာ့ TNCs များကို ဆွဲဆောင်လာ နိုင်ခဲ့သည်။

- **ကမ္ဘာ့အဆင့်မီ သိပ္ပံပညာလေ့လာမှု၏ အတိုင်းအတာများ၊ စံချိန်စံညွှန်း၊ စမ်းသပ်မှုနှင့် အရည်အသွေးထိန်းချုပ်မှု အခြေခံအဆောက်အအုံ (Metrology, Standards, Testing and Quality**

**Control - MSTQ Infrastructure)**(ပြည်တွင်းစက်မှုထုတ်ကုန်များအရည်အသွေးကို နိုင်ငံ တကာ စံချိန်စံညွှန်းမီစေရန် MSTQ များကို ဖော်ဆောင်ခြင်း။

- **တီထွင်ဖန်တီးမှုနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင် အလေ့အထကို ပြုစုပျိုးထောင်ပေးခြင်း** စီးပွားရေး လုပ်ငန်းများနှင့် အစိုးရနှစ်ရပ်လုံးသည် တီထွင်ဖန်တီးမှုများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းမှပါဝင်ပါသည်။ တခါတရံ အစိုးရသည် ဈေးကွက် မအောင်မြင်မှု (market failures)ကို ရှာဖွေဖော်ထုတ်ပြီး ဈေးကွက်စိတ်ပါဝင်စားမှု မည်သည့် အတွက်ကြောင့် လျော့နည်းရသည်ကို သုတေသနပြုရမည်ဖြစ်သည် (ဥပမာ ဆေးဝါးထုတ်လုပ်မှု နယ်ပယ်)။ သို့သော် စီးပွားရေး လုပ်ငန်းများသည် အပြိုင်အဆိုင် လုပ်ကိုင်ရသော ဝန်းကျင် (competitive environment)တွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်ရပါက တီထွင် ဖန်တီးနိုင်မှုများ ပြုလုပ်ရန်ပို၍ အားပေးမှုများ ရရှိမည်ဖြစ်သည် (Porterအ သုံးအနှုန်းမှာ firm “rivalry” ဖြစ်သည်)။ အစိုးရအနေဖြင့် စွန့်ဦးတီထွင်ခြင်းနှင့် တီထွင်ဖန်တီးမှု စိတ်ဓါတ်များကို မြှင့်တင်ပေးသော မူဝါဒများနှင့် နိုးကြားတက်ကြွသော မူဝါဒများမှတဆင့် မှန်ကန်သောဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် တီထွင်ဖန်တီးလိုမှု အသိစိတ်ဓါတ် မွေးမြူပေးနိုင်ပါသည်။ အစိုးရမှ လုပ်ငန်းလည်ပတ်မှုကုန်ကျ စရိတ်များကို လျော့ချပေးနိုင်သကဲ့သို့ လုပ်ငန်းသစ်များအတွက် အခက်အခဲများကို လျော့ချပေးနိုင်ပါသည်။

- **Open innovation ကို မြှင့်တင်၍ တွင်ကျယ်လာစေခြင်း** - “open innovation” ၏ သဘောတရားကို ကမ္ဘာ့စီးပွားရေးတွင် ရေရှည်တည်တံ့ အောင်မြင်စေရန်အတွက် နည်းပညာမြင့်မားသည့် စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများမှ မူဝါဒနှင့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းအဖြစ် အသုံးပြုမှု များပြားလာပါသည်။ Open innovation သည် စီးပွားရေး လုပ်ငန်း အတွင်းနှင့် ပြင်ပ အတွေး အခေါ်များနှင့် စွမ်းရည်တို့ကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် စီးပွားရေး လုပ်ငန်းများကို ယှဉ်ပြိုင် အကျိုးကျေးဇူးများ ရရှိစေပါသည်။ ၎င်းနည်းလမ်းမှတဆင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်သော အဖွဲ့အစည်းများသည် ၎င်းတို့ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်ကို နည်းလမ်းအမျိုးမျိုးဖြင့် အသက်တမျှ အရေးကြီးသော အထောက်အပံ့ပြုခြင်းကို ရရှိစေနိုင်ပါသည်။ အခြားကုမ္ပဏီများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသန အဆောက်အဦများ မျှဝေသုံးစွဲခြင်း၊ နည်းပညာအသစ်များ ထူထောင်ခြင်း၊ တက္ကသိုလ်အချင်းချင်း မိတ်ဖက်အဖြစ် ပူးပေါင်း ဆောင်ရွက်ခြင်းအပြင် သတင်းအချက် အလက်နှင့် နည်းပညာများ ရယူမျှဝေခြင်း။

- **ပြည်တွင်း၊ ပြည်ပမှ အသိပညာများ လွတ်လပ်စွာစီးမျောစေခြင်းနှင့် လုပ်သားအင်အား အပြောင်းအရွှေ့ လွယ်ကူခြင်း** - စီးပွားရေးတွင် အစိုးရမှ တီထွင်ဖန်တီးမှုသည် ကုန်ထုတ်လုပ်ခြင်း၊ အသိပညာ ပျံ့ပွားခြင်းနှင့် အသုံးပြုခြင်း၊ သတင်းအချက်အလက်နှင့် အယူအဆများ ပွင့်လင်း မြင်သာပြီး လွတ်လပ်မှုရှိခြင်းများကို ခွင့်ပြုပေးခြင်းနှင့် မြှင့်တင်ပေးမည်ဆိုပါက အအောင်မြင်ဆုံး ဖြစ်ပါသည်။ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများသည် အသိပညာ ဦးစားပေး လုပ်ငန်းများအဖြစ် တိုးတက်များပြား ဖြစ်လာခြင်းဖြစ်သောကြောင့် ၎င်းတို့သည် အရေးကြီးပါသည်။ ၎င်းအသိပညာ စီးဆင်း

မှုကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြားတွင်လည်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ အသိ ပညာ လွတ်လပ်စွာ စီးဆင်းခြင်းသည် လုပ်သားများ လွတ်လပ်စွာ ပြောင်းရွှေ့ လုပ်ကိုင် ကြခြင်း ကိုလည်း ပိုမိုအဆင်ပြေ လွယ်ကူချောမွေ့စေပါသည်။

- **သင့်လျော်သော ဥပဒေနှင့် စည်းမျဉ်း မူဘောင်များ ဖော်ဆောင်ခြင်း** - အစိုးရအနေဖြင့် ဥပဒေနှင့် စည်းမျဉ်း မူဘောင်များသည် ပြင်းထန်၍ တရားမျှတသော ယှဉ်ပြိုင်မှုများဖြစ်စေရန် လိုအပ်ပြီး တီထွင်သူများနှင့် ပိုင်ရှင်များအား မူပိုင်ခွင့်အတွက် အကာအကွယ်ပေးရမည် ဖြစ်ပါသည်။ ဉာဏ ပစ္စည်းဆိုင်ရာ အကာအကွယ်ပေးခြင်းသည် ပြည်တွင်းတီထွင်ဖန်တီးသူများကို လိုအပ်သလို အကာ အကွယ်ပေးနိုင်ရန်အတွက် ခိုင်မာမှုရှိရန်လိုအပ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ မဟာဗျူဟာ မြောက် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကိုကာမိစေရန် လိုအပ်သလိုသော်လည်း၊ နောက် ထပ် တဆင့်တီထွင်မှုအသစ်များပြုလုပ်ရန်အတွက် လိုအပ်သောလက်ရှိတီထွင်ထားသည့်နည်းပညာ များကို ရယူအသုံးပြုနိုင်မှုကိုလည်း အဟန့်အတား မဖြစ်စေသင့်ပေ။ အခြား ဥပဒေလိုအပ်ချက်များ သည် လိုင်စင်ရယူခြင်းနှင့် နည်းပညာ အသုံးပြုခြင်းများ၊ စာချုပ်အသက်ဝင်စေခြင်း၊ ဘဏ္ဍာရေး ဆိုင်ရာများနှင့် အလုပ်သမားစသည်တို့ နှင့် ဆက်စပ်လျက် ရှိပါသည်။

- **ကောင်းမွန်စွာအသုံးပြုနိုင်သော အခြေခံအဆောက်အအုံများ** - အစိုးရများသည် လုပ်ငန်းတူများအစု အဖွဲ့များကွန်ယက်များဖြစ်ပေါ်စေရန်အတွက် incubation parks များ၊ သိပ္ပံနှင့် နည်းပညာ သို့မဟုတ် အဆင့်မြင့်နည်းပညာစက်မှုဥယျာဉ်များ စသည့် ရုပ်ဝတ္ထုအခြေခံ အဆောက်အအုံများကို ပံ့ပိုးပေးနိုင်ပါသည်။ ဥပမာ မလေးရှားနိုင်ငံသည် ဥပမာကောင်းတစ်ခုဖြစ်သည် (box 3.9)။

- **နည်းပညာနှင့် တီထွင်ဖန်တီးမှုအတွက် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများနှင့် နည်းလမ်းများကို ဖော်ထုတ်ခြင်း** - အစိုးရအနေဖြင့် venture capital ကဲ့သို့သောတီထွင်ဆန်းသစ်မှုနှင့် နည်းပညာ ဦးစားပေး လုပ်ငန်းများကို အဓိကထားပြီး ပူးတွဲငွေကြေးမတည်မှု အစီအစဉ်များကို တိုးမြှင့် ဆောင် ရွက်ပေး နိုင်ပါသည်။ အခွန်ဆိုင်ရာ ခံစားခွင့်မက်လုံးများကိုလည်း ပေးအပ်နိုင်ပါသည်။ သို့ရာတွင် အစိုးရသည် ဆုရရှိသူများကို မရွေးချယ်တတ်လေ့ မရှိခြင်းကြောင့် ပုဂ္ဂလိက အတွက် သုတေသန ပြုလုပ်ခြင်းများကို အစိုးရမှ အထောက်အပံ့ ပေးခြင်းကို သေချာစွာ ဂရုပြု လုပ်ဆောင်သင့်ပါသည်။ ရေရှည်စီမံကိန်းလုပ်ငန်းများအဖြစ် ဆောင်ရွက်ခြင်းကိုလည်း အဓိကထား စဉ်းစားသင့်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ကောင်းမွန်စွာ လည်ပတ်နေသော ငွေကြေးဈေးကွက်များ ကဲ့သို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကောင်းမွန်စွာလည်ပတ်လျက်ရှိသော ပုဂ္ဂလိကဘဏ္ဍာ ရေး ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါက ပိုမိုကောင်းမွန်မည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် တီထွင် ဖန်တီး နိုင်စွမ်းမြင့်မားသည့် အသေးစား အလတ်စားလုပ်ငန်းများနှင့် လုပ်ငန်းသစ်များကို ရင်းနှီး မြှုပ်နှံမှု အရင်းအနှီးများ ထုတ်ချေးပေးရန်အတွက် အခြားသော ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ နှင့် ဘဏ်များကို ဘဏ္ဍာရေးဆိုင်ရာနှင့် ချေးငွေများကို ထောက်ပံ့ ပေးနိုင်ပါသည်။

- **လွတ်လပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစနစ်များကို ထိန်းသိမ်းပေးခြင်း** - အကယ်၍ အမျိုး သား အဆင့် တီထွင်ဆန်းသစ်မှုစနစ် (NIS) ၏ အခြားအစိတ်အပိုင်းများရှိပါက လွတ်လပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစနစ်များသည် နည်းပညာဦးစားပေးကုန်ပစ္စည်းများ (technology-

intensive goods) တင်သွင်းခြင်းနှင့် နည်းပညာလွှဲပြောင်းမှုကိုဖြစ်ပေါ်စေမည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းများကို ပို၍လွယ်ကူစေပါလိမ့်မည်။ အဆိုပါစနစ်များသည် ယှဉ်ပြိုင်နိုင်မှုအဆင့်ကို တိုးတက်လာစေပြီး တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေး နိုင်ပါသည်။

- **သိပ္ပံနှင့် နည်းပညာနှင့် တီထွင်ဆန်းသစ်နိုင်ခြင်း(science, technology and innovation - STI) တွင် ကျား/မ အရေအတွက် မျှတစေခြင်း - အခြေခံပညာ** မူလတန်းအလယ်တန်းကျောင်းများ၊ အထက်တန်းကျောင်းများ၊ တက္ကသိုလ်များ၊ သုတေသနဌာနများ၊ သင်ကြားရေးနှင့် STI ရေးရာများ ဆုံးဖြတ်ရာတွင် ပါဝင်သည့် အမျိုးသမီးဦးရေမှာ ကမ္ဘာတစ်ဝှမ်းတွင် မျှတမှုမရှိသည်ကို တွေ့ရပါသည်။ ပုဂ္ဂလိကကဏ္ဍတွင် နည်းပညာပိုင်း ကျွမ်းကျင်ဝန်ထမ်းများအကြားတွင်လည်း အမျိုးသမီးပါဝင်မှု နည်းပါးသကဲ့သို့ ကုမ္ပဏီကြီးများတွင် အဆင့်မြင့်စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်ပိုင်းတွင်လည်း အမျိုးသမီးပါဝင်မှု နည်းပါးကြောင်းတွေ့ရှိရသည်။ STI ကဏ္ဍတွင် အမျိုးသမီး စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းခြင်းဖြင့် ကျား/မ ပါဝင်မှု မျှတစေခြင်းသည် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုအတွက် နည်းလမ်းကောင်းတစ်ခုအဖြစ် မှတ်ယူနိုင်ပါသည်။

## ၃။ တိုင်းပြည်၏ ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်များကို ဖော်ဆောင်ရန်အတွက် FDI ကို ဆွဲဆောင်ခြင်း

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရန်အတွက် နိုင်ငံအများတွင် အမျိုးသားအဆင့်ယှဉ်ပြိုင် အကျိုးကျေးဇူးကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရန်လိုအပ်သည်ဟု အပြိုင်အဆိုင် ဆိုကြသော်လည်း နိုင်ငံအများသည် ထိုအကျိုးကျေးဇူးကို များပြားလာရန် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမှု (ပြည်တွင်းသို့ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းနှင့် ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိသွားခြင်း) ကို ကောင်းစွာအသုံးချနိုင်ပါသည်။ NIS ကို ပုံဖော်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသို့ဆိုရာတွင် ယှဉ်ပြိုင်အားသာချက်မရှိသော နိုင်ငံများသည် ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားနိုင်မည့်အကြောင်း အရာများကို မဖြစ်ပေါ်စေနိုင်ပါ။ သို့ရာတွင် နိုင်ငံ တစ်နိုင်ငံချင်းစီသည် ယှဉ်ပြိုင်အားသာချက်များကို ဖန်တီးနိုင်ပါသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်ဟူသော ဖွံ့ဖြိုးတိုးတက်မှု အဆင့်အမျိုးမျိုးနှင့်ပတ်သက်၍ Poter (၁၉၉၀၊ ၁၉၉၈) က အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ထိုယှဉ်ပြိုင်အကျိုးကျေးဇူးများ၏ ကနဦးအဆင့်များတွင် တိုင်းပြည်သည် သဘာဝအရင်းအမြစ်များနှင့် အလုပ်သမား ဦးစားပေးသော factor-driven အဆင့်တွင် သဘာဝဓါတ်ငွေ့တူးဖော်ခြင်းနှင့် လုပ်သားအခြေပြုလုပ်ငန်းများစသည်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက အထောက်အကူဖြစ်စေနိုင်ပါသည်။ သို့ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးသက်ရောက်မှုသည် အစိုးရမှ မှန်ကန်သော မူဝါဒများ ချမှတ်ပေးခြင်းများမှတဆင့်သာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု လက်ခံရရှိသည့်နိုင်ငံများသည် လုပ်သားအခြေပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကိုဆွဲဆောင်ရန် လုပ်ခလစာ နည်းပါးလွန်းခြင်းတွင်သာ မှီခိုနေမည်ဆိုပါက လုပ်ခလစာ မရရှိခြင်းနှင့် ထုတ်လုပ်နိုင်စွမ်း မရှိတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုလည်း ရရှိမည် မဟုတ်ပေ။ ထုတ်လုပ်နိုင်မှုမြင့်တက်လာခြင်းနှင့်အတူ လုပ်ခလစာ မြင့်လာခြင်းဖြင့် နိုင်ငံတစ်နိုင်ငံသည် investment-driven အဆင့်သို့

ဝင်ရောက်လာနိုင်ပါသည်။ ၎င်းအဆင့်တွင် နိုင်ငံတွင်းကျွမ်းကျင်မှုများနှင့် အခြေခံ အဆောက်အဦများ တိုးတက်လာ သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိစေနိုင်မည့် အခြား အလားအလာကောင်းများလည်း အားကောင်းလာစေပါသည်။ နောက်ဆုံးတွင် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု innovation-driven အဆင့်သို့ ရောက်ရှိလာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် နည်းပညာလွှဲပြောင်းခြင်း၊ ကျွမ်းကျင်မှု အရည်အသွေး တိုးတက်လာခြင်း၊ သုတေသနလုပ်ငန်းများနှင့် ကုန်အမှတ်တံဆိပ်များ တိုးတက်လာခြင်းများ ရရှိလာနိုင်ပါသည်။ ပြည်တွင်းသို့ စီးဝင်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှအပ ပြည်ပတွင်သွားရောက်ဆောင်ရွက်သည့်ရင်းနှီးမြှုပ်နှံမှုများလည်း အရေးကြီးပါသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုများက ကုမ္ပဏီများကို နည်းပညာအပါအဝင် စွမ်းရည်နှင့်အရင်း အမြစ်များကို အသုံးချနိုင်မည်ဖြစ်ပြီး မိမိတို့၏ ကုန်အမှတ်တံဆိပ်များကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပ ဈေးကွက် တွင်လည်း ချဲ့ထွင်နိုင်မည်ဖြစ်သည်။ နိုင်ငံများသည် ဖွံ့ဖြိုးမှုအဆင့်တစ်ခုမှ နောက်တစ်ခုသို့ ပြောင်းလဲသည့်အခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ တိုးတက်မှုသည်လည်း ထောက်ပံ့နိုင်ခြင်းကိုလည်း ဖွံ့ဖြိုးတိုးတက်မှု သံသရာတွင် လည်ပတ်လျက်ရှိပါသည်။ သို့ရာတွင် ၎င်းလည်ပတ်မှုအရှိန်ရလာစေရန်နှင့် အမျိုးသားအဆင့် ယှဉ်ပြိုင် အကျိုးကျေးဇူးများကို ပိုမိုအားကောင်းလာစေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုကောင်းမွန် လာစေရန် အတွက် အရည်အချင်းပြည့်ဝသောဖွံ့ဖြိုးတိုးတက်မှုကိုဦးဆောင်နိုင်မည့် အစိုးရတစ်ရပ်ရှိရန် လိုအပ်ပါသည်။

Porter's model ဖြင့် အမျိုးသားအဆင့်ယှဉ်ပြိုင် အကျိုးကျေးဇူးများရရှိလာစေနိုင်သော နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုကို Gugler နှင့် Brunner (၂၀၁၇) တို့က ရှာဖွေတွေ့ရှိခဲ့ပြီး လုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် အမျိုးသားအဆင့် ယှဉ်ပြိုင် အကျိုးကျေးဇူးများကို ပိုမို များပြားလာစေကြောင်း ကောက်ချက်ဆွဲခဲ့ကြပါသည်။ အမှန်တကယ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမျိုးသားအဆင့် ယှဉ်ပြိုင်အကျိုးကျေးဇူး၏အစိတ်အပိုင်း ဖြစ်ပါသည်။ Porter သည် "ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ဆောင်ရွက်မှု၏ ပြဿနာ"ကို ထည့်သွင်း မစဉ်းစားခဲ့ခြင်းကို ၎င်း၏ "diamond model" တွင် ဝေဖန်ပြောဆိုထားပါသည်။ အမျိုးသားအဆင့် ယှဉ်ပြိုင်အကျိုးကျေးဇူး အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အရှိန်မြှင့်တင်နိုင်မည့် မှန်ကန်သော မူဝါဒ မူဘောင်များ ရေးဆွဲရန် အစိုးရအပေါ်တွင်သာ မူတည်နေပါသည်။ သို့ရာတွင် ဤအခန်းတွင် ဖော်ပြထားသော "ဘုံ အစိတ်အပိုင်းများ" ရှိသော်လည်း နိုင်ငံတိုင်းနှင့် သင့်လျော်သည့် အံဝင်ခွင်ကျမူဘောင် မရှိသေးပေ။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဖြင့်သာ အမျိုးသားအဆင့် ယှဉ်ပြိုင်အကျိုးကျေးဇူးများ တိုးပွားအောင် မဆောင်ရွက်နိုင်ပေ။

"ကုန်ထုတ်လုပ်သူများ(သို့မဟုတ်) စားသုံးသူများနှင့် အစိုးရတို့သည် ယှဉ်ပြိုင်မှုကိုအကျိုးသက်ရောက် စေသော ရွှေ့ပြောင်းမလွယ်သောနှင့် ရွှေ့ပြောင်းလွယ်သော သဘာဝအရင်းအမြစ်များနှင့် စွမ်းဆောင်မှု အရည် အသွေး အားလုံး၏ထောက်ပံ့ပေးမှုနှင့် လိုအပ်ချက်များကို တိုက်ရိုက်သက်ရောက်စေပြီး ၎င်းတို့တွင် အဆိုပါ သဘာဝ အရင်းအမြစ်များအတွက် လိုအပ်သော မူဘောင်(သို့မဟုတ်) စနစ်များ ဖော်ဆောင်ခြင်း အတွက် အန္တိမ တာဝန်လည်း ရှိပါသည်။ သူတို့သည် "စည်းမျဉ်း" များ ချမှတ်ပြီး လုပ်ငန်းများမှ လာသော တုံ့ပြန်ချက်ကိုလည်း ထိန်းချုပ်နိုင်ပါသည်။ ထို့အပြင် အစိုးရသည် နိုင်ငံသားများနှင့် လုပ်ငန်းများ၏ အရည်အသွေးနှင့် လှုံ့ဆော်မှု တို့ကို နည်းလမ်းမျိုးစုံဖြင့် နည်းလမ်းမျိုးစုံဖြင့် အကျိုးသက်ရောက်စေပါသည်။ (ဥပမာ- စွန့်ဦးတီထွင်မှု ပြုနိုင် ခြင်း၊ စွမ်းဆောင်ရည် ရှိရှိ အလုပ်လုပ်နိုင်ခြင်း၊ အတွေးအခေါ်နှင့် သဘောထားအသစ်များကို လက်ခံခြင်း၊ လူသား အရင်းအမြစ်နှင့် နည်းပညာစွမ်းရည်မြှင့်တင်ခြင်း) နိုင်ငံတော်၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေး အစီ အစဉ် များတွင် ပါဝင်ခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ၎င်းတို့၏ မူဝါဒများနှင့် စည်းမျဉ်း

များကြောင့် ငွေလဲလှယ်နှုန်းများတွင် အကျိုးသက်ရောက်မှုရှိသဖြင့် နိုင်ငံတစ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးတွင် ပါဝင်လာပါသည်။

တိုင်းပြည်၏ ဖွံ့ဖြိုးမှုအဆင့်အလိုက် ချမှတ်ထားသော မှန်ကန်သော မူဝါဒအခြေအနေများအရ အမျိုးသားအဆင့် ယှဉ်ပြိုင်အကျိုးကျေးဇူးများကို အဆုံးအဖြတ်ပေးသော အချက် ၄ ချက်အတွက် FDI ၏ အကျိုးပြုမှုများကို Table ၃.၅ တွင် အကျဉ်းချုပ်ဖော်ပြပေးထားသည်။ အောက်ပါဇယားတွင် ဖော်ပြထားသော မူဝါဒအကြံပြုချက်များသည် စေ့ငှသေချာပြီးပြည့်စုံမှုတော့ မရှိပေ။

**Table 3.5. Promoting inward FDI for strengthening national competitiveness**

| Determinant of national Competitive Advantage | Potential Contribution of FDI | Required policy Intervention |
|---|---|---|
| လုပ်ငန်းအခြေအနေများ | အသိပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှု လွှဲပြောင်းခြင်း၊ | IPR အပါအဝင် သင့်လျော်သော ဥပဒေမူဘောင်များ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖက်စပ်ဆောင်ရွက်ခြင်း တို့မှတဆင့် ထိရောက်မှုရှိသည့် ချိတ်ဆက်မှုများ တည်ထောင်ဆောင်ရွက်ရန်။ |
| | လမ်းများ၊ ဆိပ်ကမ်းများ၊ ICT စသည့်) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်။ | (BOT) အပါအဝင် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း လုပ်ငန်းစဉ်အား ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် လုပ်ထုံးလုပ်နည်းမူဘောင်များခိုင်မာစေရန်နှင့် ဥပဒေစိုးမိုးမှု အကောင်အထည်ဖော်ရန်။<br>အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု မူဘောင်များ ဖွံ့ဖြိုးတိုးတက်စေရန်။ |
| ဈေးကွက်အခြေ အနေများ | အလုပ်သမားများအား ခန့်မှန်းလုပ်အားခထက် ပိုမိုထောက်ပံ့ပေးရန်၊ | အလုပ်သမားများ၌ အနိမ့်ဆုံးကျွမ်းကျင်မှု လိုအပ်ချက် ပြည့်မီနေစေရန်၊ ထုတ်လုပ်မှု အပေါ် သက်ရောက်နိုင်မည့် အနည်းဆုံး လုပ်အားခကို တည်ထောင်ရန်နှင့် ပြောင်းလွယ်ပြင်လွယ်ရှိသော အလုပ်သမား ဥပဒေများကို ထိန်းသိမ်းထားရှိရန်။ |
| | စားသုံးသူများ အကြိုက် တွေ့မည့် ထုတ်ကုန်များကို အရည်အသွေး ပြည့်မီစွာ ဖြင့် ထုတ်လုပ်ရောင်းချရန် နှင့် ကုန်ပစ္စည်းအမှတ် တံဆိပ်ဖြင့် ရောင်းချရန်၊ (made in..) | ကုန်ပစ္စည်း အရည်အသွေးကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ စမ်းသပ်ထားရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာသည့် ပြဋ္ဌာန်းချက်များနှင့်အတူ သင့်လျော်သည့် လုပ်ထုံးလုပ်နည်း မူဘောင်များကို အသုံးပြုရန်။ |
| စက်မှုလုပ်ငန်းများ | ပြည်တွင်းစက်မှုလုပ်ငန်းများ | ဖက်စပ်ဆောင်ရွက်ခြင်း၊ အသေးစားနှင့် အလတ်စား |

| | | |
|---|---|---|
| | ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့လျက်ရှိသည့် ဖြန့်ဖြူးရောင်းချသူများကဲ့သို့သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အနေဖြင့် ထိုသို့ပြုလုပ်ခြင်းသည် ပြည်တွင်းလုပ်ငန်းများကို လျော့နည်းစေသည်။ | စီးပွားရေးလုပ်ငန်းများမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်း၊ အိမ်ရှင်နိုင်ငံအတွက် အကျိုးကျေးဇူးများ ရရှိမည့် ဖြန့်ဖြူးရေး ကွင်းဆက်ကို တည်ထောင်ခြင်း ကဲ့သို့သော Horizontal linkage အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။ |
| လုပ်ငန်းနည်းဗျူဟာ၊ ဖွဲ့စည်းပုံနှင့် ယှဉ်ပြိုင်မှု | Transnational Corporation (TNC) များသည် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းအတွက် အကြံအဉာဏ်နှင့် လက်တွေ့စီမံခန့်ခွဲမှုအသစ်ကို သယ်ဆောင်လာနိုင် ပါသည်။ ယင်းကော်ပိုရေးရှင်း များသည် ဖြန့်ဖြူးမှု ကွင်းဆက် နှင့် ပြည်တွင်း ဖြန့်ဖြူးမှုတစ်ခုလုံး၏ ဖွဲ့စည်းပုံကို ထိရောက်မှု ရှိစေပါသည်။ TNC သည် ယှဉ်ပြိုင်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။ | စီးပွားရေးလုပ်ငန်း ဝန်းကျင် (ပြည်တွင်းလုပ်ငန်းများကို ကာကွယ်ခြင်းကို ရှောင်ကြဉ်ရန်)နှင့် ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးရန်၊ ယှဉ်ပြိုင်မှု (သို့မဟုတ်) anti-trust လုပ်ထုံးလုပ်နည်း မူဘောင်တို့ အပါအဝင် ယှဉ်ပြိုင်မှု မူဝါဒကို အကောင်အထည်ဖော်ရန်။ |

*Source:* ESCAP.

## (ဃ) မူဝါဒ အရေးပေးမှု - ချိတ်ဆက်မှုများကို ဖန်တီးပေးခြင်း

### ၁။ ချိတ်ဆက်မှုအား အစပ်ပါယ်ဖွင့်ဆိုခြင်း

ချိတ်ဆက်မှုများ ဖန်တီးပေးခြင်း အထူးသဖြင့် အသေးစားအလတ်စားလုပ်ငန်းများကဲ့သို့ ပြည်တွင်း ထောက်ပံ့သူများနှင့် နောက်ပြန်ချိတ်ဆက်မှုများ (backward linkages)သည် အစဉ်အလာအရ နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှု၏ အရေးကြီးသည့် မူဝါဒရည်မှန်းချက်တစ်ခုအဖြစ်ရှိနေပြီး အောင်မြင်သောချိတ်ဆက်မှု များသည် ကောင်းမွန်သော ပျံ့နှံ့မှုများ (spill-overs) များကို ဖြစ်ပေါ်စေမည်ဟု ယုံကြည်ကြပါသည်။ UNCTAD (2001) အရ-

ပြည်တွင်းထုတ်လုပ်ထောက်ပံ့သူများသည် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းများမှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ပထမဦးစွာ ချိတ်ဆက်မှုများသည် ချိတ်ဆက်ထားသော လုပ်ငန်းများတွင် ထုတ်လုပ်မှု ပမာဏနှင့် အလုပ်ခန့်ထားမှုများကို တိုးလာစေပါသည်။ ကုန်ပစ္စည်းပေးသွင်းသူများ၏ လုပ်ဆောင်နိုင်စွမ်းအပေါ်သွယ်ဝိုက်သော သက်ရောက်မှုများမှာ ပို၍အရေးကြီးသည်။ ချိတ်ဆက်မှု များသည် လုပ်ငန်းများအကြား အသိပညာနှင့် ကျွမ်းကျင်မှုများ ပျံ့နှံ့စေရေးအတွက် အားကောင်းသော လမ်းကြောင်းများ ဖြစ်လာနိုင်ပါသည်။ လုပ်ငန်းများအချင်းချင်းကြား ချိတ်ဆက်မှုများသည် သတင်း အချက်အလက်များ၊ နည်းပညာဆိုင်ရာ အသိပညာများနှင့် ကျွမ်းကျင်မှုများ အပြန်အလှန် ဖလှယ်မှုများ ဖြစ်ပေါ်လာစေပါသည်။ ခိုင်မာသော ချိတ်ဆက်မှုများသည် ထုတ်လုပ်ထောက်ပံ့သောလုပ်ငန်းများတွင် ထုတ်လုပ်မှု စွမ်းဆောင်ရည်မြင့်လာခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကြီးမားလာခြင်း၊ နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းနှင့် ဈေးကွက်ချဲ့ထွင်ခြင်း တို့ကို မြှင့်တင်ပေးနိုင်ပါသည်။ ၎င်းတို့သည် ချိတ်ဆက်ထားသောလုပ်ငန်းများမှ ပြည်ပတင်ပို့ခြင်းကိုလည်း မြှင့်တင်ပေးနိုင်ပြီး မှန်ကန်သော အခြေအနေတွင် ပြည်တွင်းလုပ်ငန်းများကို ကမ္ဘာ့ ထုတ်လုပ်ထောက်ပံ့သူများ ဖြစ်လာစေပြီး ၎င်းတို့ ကိုယ်ပိုင်လုပ်ပိုင်ခွင့်များဖြင့် TNCs များ ဖြစ်လာစေနိုင်ပါသည်။ ထောက်ပံ့သူများကို အားကောင်းလာစေခြင်းသည် လုပ်ငန်းဆောင်ရွက်ရာဒေသ၏ စီးပွားရေးကို သွယ်ဝိုက်အကျိုးသက်ရောက်မှုများနှင့် ပျံ့နှံ့မှုများ အဖြစ်တို့ ဖြစ်ပေါ်စေနိုင်ပါသည်။ ပျံ့နှံ့မှု spill-overs များသည် demonstration effect များ၊ လေ့ကျင့်ထားသော အလုပ်သမားများ ပြောင်းရွှေ့မှု၊ enterprise spin-offs နှင့် ယှဉ်ပြိုင်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများ အသွင်ဖြင့်ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့ပြင် ချိတ်ဆက်မှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အချိန်မရွေး ထွက်ခွာမသွားနိုင်အောင် ကာကွယ်ပေး (less "foot-loose") ပါသည်။ချိတ်ဆက်မှုများကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည် (Altenburg, 2000; UNCTAD, 2001)။

- ဒေါင်လိုက် ချိတ်ဆက်မှုများ (vertical linkages) - နောက်ပြန်ချိတ်ဆက်မှု (ပြည်တွင်းထုတ်လုပ်သူ များကို ကုန်ပစ္စည်းပေးသွင်းစေခြင်း) နှင့် ရှေ့ဆက်ချိတ်ဆက်မှု (လွတ်လပ်သောလုပ်ငန်း သို့မဟုတ် လုပ်ငန်းလက်ခွဲများ ကဲ့သို့သော ပြည်တွင်းလုပ်ငန်းများကို ဝယ်ယူသုံးစွဲသူများအဖြစ် အသုံးပြုခြင်း) ဥပမာ- မော်တော်ကားရောင်းဝယ်သူများ၊ ဆီဆိုင်များ၊ စားသောက်ဆိုင်ခွဲများနှင့် စက်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဝယ်သူများစသည့် ဈေးကွက် ရှာဖွေရေး နေရာများ - Marketing Outlets)
- အလျားလိုက် ချိတ်ဆက်မှုများ (horizontal Linkages) - ဖက်စပ်ထုတ်လုပ်မှုများ၊ ဈေးကွက် ရှာဖွေခြင်းများနှင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်စေခြင်းတို့အတွက် အပြိုင်အဆိုင် လုပ်ကိုင် ရသော လုပ်ငန်းကဏ္ဍများတွင် ပြည်တွင်းလုပ်ငန်းများနှင့် ဖက်စပ်ဆောင်ရွက်ခြင်းနှင့် နည်းပညာ ရှိသော စီးပွားဖက်များနှင့် ချိတ်ဆက်ခြင်း

နောက်ပြန်ချိတ်ဆက်မှုများသည် ကျွမ်းကျင်မှုကို ရှာဖွေလျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ ထိန်းချုပ်ထားသော ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global Value-chain)ပေါ်ပေါက်လာမှုနှင့်အတူ သိသာစွာ တိုးတက်လာလျက်ရှိပါသည်။ ၁၉၈၀ နောက်ပိုင်းနှစ်များတွင် အာရှ-ပစိဖိတ်ဒေသများတွင်းနှင့်ဒေသပြင်ပမှ

TNCs များသည် တိုင်းပြည်ပို့ကုန်ဦးစားပေးဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဖြေလျော့ပေးမှုများနှင့် ဒေသတွင်းကုန်သွယ်မှုသဘောတူစာချုပ်များ (regional trade agreements - RTAs) အပြီးသတ်ချုပ်ဆိုခြင်း၊ logistic စနစ်များ ပေါင်းစည်းခြင်းနှင့် ဆန်းသစ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ အသုံးပြုခြင်းစသည့် အချက်များကူညီမှုဖြင့် ဖွံ့ဖြိုးဆဲ GVCs များ ဖွံ့ဖြိုးတိုးတက်လာစေရေး တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာကြပါသည်။ TNCs များအတွက် ရင်းနှီး မြှုပ်နှံရာဒေသမှ ပြည်တွင်း ထုတ်ကုန်များကို ရယူအသုံးပြုရန် အဆုံးအဖြတ်သည် ပြည်ပရှိ ထုတ်လုပ်ထောက်ပံ့သူများနှင့် ယှဉ်ပါက ပြည်တွင်းရှိ ထုတ်လုပ်သူများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ ဈေးနှုန်း၊ အရည်အသွေး၊ ယုံကြည်စိတ်ချရမှု၊ လွယ်ကူစေမှု စသည့်အချက်များပေါ်တွင် မူတည်သည်ဟု UNCTAD (2001) က မှတ်ချက်ပြုထားသည်။ ရရှိနိုင်သောနေရာများကို ရွေးချယ်နိုင်ပါသည်။ သို့သော် အနီးအနားရှိ ထုတ်လုပ် ထောက်ပံ့သူများထံမှ ဝယ်ယူခြင်းသည် ပိုမိုလွယ်ကူပြီး ညှိနှိုင်းရန်နှင့် စောင့်ကြည့်ရန် ပိုမို လွယ်ကူပါသည်။ သို့ရာတွင် ပြည်တွင်းလိုအပ်ချက်အကြောင်းအရာများအား ခွင့်ပြုထားသည့် ကုန်ပစ္စည်းတစ်ခု၏ မူလနိုင်ငံပါဝင်သည့် အထူး RTA ရှိ ဦးစားပေးဈေးကွက်မှ ကုန်စည်များကို ၎င်းတို့ကိုယ်တိုင် အသုံးပြုလိုကြောင်း ဖော်ပြလာလျှင် TNC များအနေဖြင့် ပြည်တွင်းထုတ်ကုန်များကို အသုံးပြုရုံမှလွဲ၍ ရွေးချယ်ရန် မရှိပေ။ အခြားတစ်ဖက်မှလည်း (ဥပမာ-အထည်ချုပ်လုပ်ငန်း) စီးပွားရေးလုပ်ငန်းအမျိုးမျိုးတွင် ပြည်တွင်းမှ ပါဝင်မှုသည် အလွန်နည်းလွန်းသည်ကိုလည်း လေ့လာတွေ့ရှိရပြီး သဘာဝအရင်းအမြစ်များကို ထုတ်ယူသည့် စီးပွားရေးလုပ်ငန်းတွင် ဒေါင်လိုက်ချိတ်ဆက်မှုများအား အများအားဖြင့် မတွေ့ရှိရပေ။

SME လုပ်ငန်းများ ပြုပြင်ရန်လွယ်ကူခြင်း၊ ပြည်တွင်းစီးပွားရေးအခြေအနေနှင့် လိုက်လျော ညီထွေရှိခြင်းနှင့် ကုန်ပစ္စည်းမှာယူမှု အရေအတွက်အနည်းငယ်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းတို့သည် အဓိကအားသာချက်များဖြစ်လာပြီး ၎င်းတို့သည် တိုင်းပြည်၏ ယှဉ်ပြိုင်အကျိုးကျေးဇူးများကို ပိုမိုအားကောင်းစေရေးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေ အားလုံးတို့ တိုးတက်လာစေရေးတို့နှင့် ချိတ်ဆက်လျက်ရှိပါသည်။ အာရှပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ (အထူးသဖြင့် အာဆီယံနိုင်ငံများ)မှ အသေးစားအလတ်စား ထုတ်လုပ်သူသည် တန်ဖိုးမြင့် လုပ်ဆောင်ချက်များရှိသည့်GVCs များသို့ ဦးတည်လာနေကြပါသည်(ASEAN Secretariat and UNCTAD, ၂၀၁၄)။ ၎င်းတို့ ကုန်ပစ္စည်းထုတ်လုပ်နိုင်စွမ်းကို မြင့်တင်နေချိန်တွင် ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်သော အရည်အသွေးများဖြင့် ထုတ်လုပ်ပံ့ပိုးလာပါသည်။သို့ဖြစ်၍ ၎င်းတို့သည် စီးပွားရေးလုပ်ငန်းများအတွက် ဦးစားပေး ထုတ်လုပ်ထောက်ပံ့သူများ ဖြစ်လာပါသည်။ ၎င်းလုပ်ငန်းများသည် GVCs များတွင် ပိုမိုပူးပေါင်းပါဝင်လာပြီး နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ရရှိလာပါသဖြင့် အာရှပစိဖိတ်ဒေသရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ပြီး horizontal linkage မှတဆင့် ဖက်စပ် လုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားမှုများ ရရှိလာပါသည်။ မူဝါဒချမှတ်သူများအတွက် ဖက်စပ်လုပ်ငန်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် နှစ်သက်သည့် ပုံစံတစ်ခုဖြစ်လာပြီး ၎င်းဖက်စပ်လုပ်ငန်းများသည် spill over များအတွက် အကောင်းဆုံး အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟု ထင်မြင်ခဲ့ကြပါသည်။ သို့ရာတွင် တိကျသော အောင်မြင်သည့်အချက်များ မရှိသည့်အခါ ဖက်စပ်လုပ်ငန်းအတွေ့အကြုံများသည် စိတ်ပျက်ဖွယ်ရာများ ဖြစ်လာစေတတ်ပါသည် (box 3.10)။

## Box 3.10 Forging Horizontal Linkages: Joint Ventures

ဖက်စပ်လုပ်ငန်းတစ်ခုသည် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားအတွက် ကာလတိုပူးတွဲဆောင်ရွက်ခြင်း ပုံစံဖြစ်သည့် ဥပဒေကြောင်း အရ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယေဘုယျအားဖြင့်ပုဂ္ဂိုလ် တစ်ဦးစီကပိုင်ဆိုင်မှုများနှင့် ရှယ်ယာများကို ထည့်ဝင်ကြသည်။ မိတ်ဖက်ဆောင်ရွက်ခြင်းပုံစံကဲ့သို့ ဖက်စပ်ဆောင်ရွက်ခြင်းတွင် မည်သည့်စီးပွားရေး လုပ်ငန်း အမျိုးအစားမဆို ပါဝင်နိုင်ပြီး လူပုဂ္ဂိုလ်ဟု ဆိုထားရာတွင် လူတစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်လည်းကောင်း၊ ကုမ္ပဏီများသော်လည်းကောင်း၊ (သို့မဟုတ်) ကော်ပိုရေးရှင်းကြီးများ စသည်တို့ပါဝင်နိုင်သည်။ အပြည်ပြည်ဆိုင်ရာ ဖက်စပ်လုပ်ငန်း (IJV) တစ်ခုတွင်ပါဝင်သည့် မိတ်ဖက်များမှာ မတူညီသည့်နိုင်ငံများမှ မိတ်ဖက်များဖြစ်ပြီး အခေါ်အဝေါ်များလည်း ကွဲပြား ခြားနားသည်။ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံတွင် ဖက်စပ်လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ်စာချုပ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ IJV နှင့် စပ်လျဉ်းသည့် သာဓကတစ်ခုမှာ မိုဘိုင်းဖုန်းများ အသစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိသည့် Sony-Ericsson ဖြစ်သည်။ Sony၏ လျှပ်စစ်ပစ္စည်း ကျွမ်းကျင်သူများနှင့် Ericsson၏ ဆက်သွယ်ရေးကဏ္ဍတွင် နည်းပညာပိုင်းဆိုင်ရာ ခေါင်းဆောင်မှုတို့ အတူပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ Sony တွင် ကမ္ဘာလုံးဆိုင်ရာဈေးကွက်ရှာဖွေရေး ကျွမ်းကျင်သူများရှိပြီး Ericsson တွင် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကျွမ်းကျင်မှုများရှိခဲ့သည်။ ကုမ္ပဏီနှစ်ခုလုံးသည် ၄င်းတို့၏ ကိုယ်ပိုင်မိုဘိုင်းဖုန်း တပ်ဆင်ခြင်း လုပ်ငန်းများကို ရပ်ဆိုင်းခဲ့သည်။ Sony သည် Sony Mobile Communications ပုံစံဖြင့် Ericsson၏ ရှယ်ယာ များကို ၂၀၁၂ခုနှစ်တွင်ရရှိခဲ့သည်။

နိုင်ငံခြားကုမ္ပဏီများသည် ခက်ခဲသောဈေးကွက်ကို ထိုးဖောက်ရန်၊ ပြည်တွင်းဈေးကွက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းသဘောတရားများကို ဒေသခံများထံမှအသိပညာ ရရှိရန်အတွက် ဖက်စပ်လုပ်ငန်းပုံစံမျိုးကို ရန်ဖန်ရန်ခါ အသုံးပြုခြင်းဖြစ်သည်။ ဥပမာအားဖြင့်တရုတ်နိုင်ငံ၊ Sony သည် တရုတ်နိုင်ငံတွင် တားမြစ်ထားသော ဂိမ်းလုပ်ငန်းများကို ထိုးဖောက် နိုင်ရန်အတွက် ၂၀၀၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ Shanghai Oriental Pearl Group နှင့် ဖက်စပ် ဆောင်ရွက်ခဲ့သည်။ တရုတ်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်းသည် Sony PlayStation ထုတ်ကုန်များကို တရုတ် ဈေးကွက် အတွင်း ဖြန့်ဖြူး ရောင်းချခဲ့သည်။ တရုတ် နိုင်ငံ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခဲ့သည့် GM ၏ လုပ်ငန်းသည် မော်တော်ယာဉ်လုပ်ငန်းတွင် သိသာထင်ရှားသောလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် GM သည် Shanghai GM ကိုတည်ထောင်ခဲ့ပြီး Baojun၊ Jiefang၊ Chevrolet စသည့် အမည်များဖြင့် ၄င်း၏ မော်တော် ယာဉ်များကို ရောင်းချရန်ပြည်တွင်း ထုတ်လုပ်သူများနှင့် ဖက်စပ်လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ မကြာသေးမီက Jaguar Land Rover သည် တရုတ်ဈေးကွက်အတွက် အထူးထုတ်လုပ်ရောင်းချမည့်တရုတ် ကုမ္ပဏီ တစ်ခုဖြစ်သော Chery Automobile ကုမ္ပဏီ တစ်ခုနှင့် ဖက်စပ်စာချုပ် တစ်စောင် ချုပ်ဆိုခဲ့သည်။ အဆိုပါ ဖက်စပ်စာချုပ်သည် Chery၏ တရုတ် နိုင်ငံရှိ စားသုံးသူများအပေါ် နားလည်မှုနှင့် အသိပညာတို့ကို အသုံးချခြင်းဖြင့် အရင်းခံထားသောစာချုပ်ဖြစ်သည်။

နိုင်ငံအများအပြားတွင် နိုင်ငံခြာ ရင်းနှီးမြှုပ်နှံသူများအတွက် ရွေးချယ်ထားသည့် ကဏ္ဍများတွင် ပိုင်ဆိုင်မှု အချိုးအစား ကန့်သတ်ထားရှိခြင်း သို့မဟုတ် ပြည်တွင်းဈေးကွက်အခြေအနေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ လုပ်ထုံးလုပ်နည်းများနှင့် ဒေသခံ များနှင့် ချိတ်ဆက်ဆောင်ရွက်မှု စသည့် ဗဟုသုတများ မရှိပါက ဈေးကွက်ထိုးဖောက်ရန် ခက်ခဲလျက်ရှိပါသည်။ (Craig, 2008; PwC Deals, 2012) ဗီယက်နမ်နိုင်ငံတွင် ဒေသခံများက နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများအတွက် မြေအသုံးပြုခွင့် နှင့် စပ်လျဉ်းပြီး ပံ့ပိုးပေးလျက်ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဖက်စပ်

ဆောင်ရွက်ခြင်းမှတဆင့် ဈေးကွက်သို့ ဝင်ရောက်ပါက အခွန်ကင်းလွတ်ခွင့်/ သက်သာခွင့်ကဲ့သို့သော မက်လုံးများကို ခံစားနိုင်သည်။ အောင်မြင်သော ဖက်စပ်လုပ်ငန်းဖြစ်စေရန် အမျိုးမျိုးသော အချက်များ ပေါ်တွင် မူတည်ပါသည်-

- နိုင်ငံတကာ ဖက်စပ်လုပ်ငန်းသည် ထင်ရှားသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အခြား မည်သည့် မိတ်ဖက်များ မဟုတ်ကြောင်း အပြန်အလှန် နားလည်မှုရှိသည်။ (ရုံးခွဲ)
- မိတ်ဖက်များ၏ တာဝန်ဝတ္တရားများဆိုင်ရာ ဦးတည်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် နှစ်ဖက်နားလည်မှု ရှိသည်။ (နိုင်ငံတကာ ဖက်စပ်လုပ်ငန်း)
- မိတ်ဖက်များ အကြားယုံကြည်မှု၊ လေးစားမှုနှင့် ဂါရဝတရားများ မြင့်မားကြသည်။
- ပြည်တွင်း မိတ်ဖက်သည် အစိုးရ သို့မဟုတ် နိုင်ငံရေးကြားဝင်မှုမှ ကင်းရှင်းသူ၊
- ပြည်တွင်း မိတ်ဖက်သည် ပိုင်ဆိုင်ခွင့်၊ နည်းပညာ၊ အသိပညာနှင့် အသိဉာဏပစ္စည်းကို ရရှိခြင်းကို အမှန်တကယ် မျှော်လင့်သည်။ အဆိုပါ ရပိုင်ခွင့်များကို နိုင်ငံတကာဖက်စပ် သဘောတူစာချုပ်တွင် အသေးစိတ်ဖော်ပြရန် လိုအပ်သည်။
- နိုင်ငံတကာ ဖက်စပ်လုပ်ငန်းသည် စေတနာအလျောက်ဖြစ်ပြီး အတင်းအကြပ် လုပ်ဆောင်ခြင်းမျိုး မဟုတ်ပါ။
- မိတ်ဖက် နှစ်ဖွဲ့လုံးသည် အောင်မြင်မှုရရှိရန်အတွက် လိုအပ်သည့်အချိန်နှင့် အရင်းအမြစ်များကို ရရှိရန် ကတိကဝတ် ပြုရမည်။
- နှစ်ဖက်စလုံးသည် နိုင်ငံတကာဖက်စပ်သဘောတူစာချုပ် မချုပ်ဆိုမီ သင့်လျော်သည့်သုတေသနနှင့် အစီအစဉ်များ ဆောင် ရွက် ရမည်။
- မိတ်ဖက်ဆောင်ရွက်နှင့်စပ်လျဉ်း၍ ရှင်းလင်းသည့်ရည်မှန်းချက်နှင့် အကျိုးကျေးဇူးများရှိရမည်။
- မိတ်ဖက်များအကြား အငြင်းပွားမှုများကို ဖြေရှင်းရန် တတိယနိုင်ငံတွင် ဆုံးဖြတ်ရမည်။

အပြည်ပြည်ဆိုင်ရာ ဖက်စပ်လုပ်ငန်းတစ်ခုအတွက် အောက်ဖော်ပြပါအချက်များမှာ အောင်မြင်စေမည့်အချက်များ ဖြစ်ပါသည်-

- နည်းဗျူဟာကျသောအစီအစဉ်များကိုခွဲခြမ်းစိတ်ဖြာခြင်း၊
- မိတ်ဖက်၏ထုတ်ကုန်များကိုတန်ဖိုးဖြတ်ခြင်း၊
- ထိရောက်သည့်လုပ်ငန်းလည်ပတ်မှုဖွဲ့စည်းပုံတည်ဆောက်ခြင်း၊
- စံပြလုပ်ငန်းအသစ်သတ်မှတ်ခြင်း၊
- အားလုံးဆောင်ရွက်နိုင်မည့်စီးပွားရေးစနစ်တစ်ခုကိုဖန်တီးခြင်း၊
- နှစ်ဦးနှစ်ဖက်အောင်မြင်စေမည့်အားလုံးပါဝင်ညှိနှိုင်းခြင်းကိုသေချာစေခြင်း၊
- လက်ဆွဲနှုတ်ဆက်ခြင်းနှင့်လုပ်ငန်းကိုအတူတကွဆောင်ရွက်ခြင်း။

တည်ထောင်ထားသောကမ္ဘာ့ TNCsသည် လက်အောက်ခံကုမ္ပဏီများ၊ M&As များ တစ်ခုလုံးကို ပိုင်ဆိုင်လိုသည်။ အဘယ့်ကြောင့်ဆိုသော် အထက်ပါအောင်မြင်စေသည့် အချက်များသည် တခါတရံ အကျုံးမဝင်ပါ။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ဒေသ၏ ယဉ်ကျေးမှု၊ လုပ်ထုံးလုပ်နည်းများနှင့် ဈေးကွက် အခြေအနေများကိုရရှိစေရန်အတွက် ယင်းအခြေအနေများကို သိရှိသောပြည်တွင်းကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည်။ သို့သော်လည်း သေးငယ်သော TNCs များသည် ၎င်းတို့၏ ရွေးချယ်မှုများမှာ ရှင်းလင်းခြင်း မရှိချေ။ ထို့နောက် နိုင်ငံတကာ ဖက်စပ်လုပ်ငန်းများသည် ကုန်ကျစရိတ်နှင့် ပေါင်းစည်းထားသော ကုမ္ပဏီအဖွဲ့များထက်စာလျှင် အန္တရာယ်နည်းပါးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိ ခံစားနိုင်ပါသည်။ (Craig,2008)(Stahler and others, 2007)

Available from[http://www.telegraph.co.uk/finance/newsbysector/transport/9684276/Jaguar-Land-Rover-seals-Chinese-joint-venture.html](http://www.telegraph.co.uk/finance/newsbysector/transport/9684276/Jaguar-Land-Rover-seals-Chinese-joint-venture.html).

## ၂။ ထိရောက်သော ချိတ်ဆက်မှုများ ဖန်တီးမှုအတွက် မူဝါဒများ

အောင်မြင်မှုများရရှိသော်လည်း နိုင်ငံအတော်များများသည် ထိရောက်သော ချိတ်ဆက်မှုများကို ဖော်ဆောင်ရာတွင် ကြီးမားသော အတားအဆီးများဖြင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။

OECD (2005) အရ ထိရောက်သော ချိတ်ဆက်မှုများ ဖော်ဆောင်ရာတွင် အောက်ဖော်ပြပါ အတားအဆီး ကြီးများ ရှိသည်ဟု ဖော်ပြထားသည်။

- ချိတ်ဆက်မှုများနှင့် ပူးပေါင်းမှု (ပေါင်းစည်းမှု) အခွင့်အရေးများအတွက်သတင်းအချက်အလက်များ မရှိခြင်း (ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများ၏ အခန်းကဏ္ဍ)
- SMEs လုပ်ငန်းများအနေဖြင့် TNCs လုပ်ငန်းကြီးများနှင့် ချိတ်ဆက်နိုင်သည့် စွမ်းရည်မရှိခြင်း (စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် မလွယ်ကူခြင်းနှင့် သက်ဆိုင်သောကျွမ်းကျင်မှု၊ လုံလောက်သော စံချိန်စံညွှန်း မရှိသည့် အခက်အခဲများကြောင့်)
- TNCs လုပ်ငန်းကြီးများတွင် ချိတ်ဆက်မှုများ ခိုင်မာအောင် ဆောင်ရွက်လိုစိတ်မရှိခြင်း။ (TNCs လုပ်ငန်းကြီးများအတွက် ချိတ်ဆက်မှုများသည် သွင်းအားစုများ၊ အရင်းအမြစ်များနှင့် ဈေးကွက်များ ရရှိနိုင်ရေးအတွက် နည်းဗျူဟာသက်သက်သာ ဖြစ်သည်။ ပြည်ပပို့ကုန်လမ်းကြောင်းများမှတဆင့် ဈေးကွက်ရရှိနိုင်သောကြောင့် TNCs များသည် ၎င်းတို့ကိုယ်တိုင် ကုန်ကြမ်းတင်သွင်းခြင်းနှင့် ထုတ်လုပ်ခြင်းများ ပြုလုပ်နိုင်ကြသည်။) စိတ်ပါဝင်စားမှုရှိခြင်းသည် ရင်းနှီးမြှုပ်နှံမှု လက်ခံသော အိမ်ရှင်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်စွမ်းနှင့်လည်း ဆက်စပ်လျက်ရှိပါသည်။

၎င်းအတားအဆီးများကို ကောင်းမွန်စွာသိနားလည်သည့် အစိုးရတစ်ရပ်သည် လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် တိုင်းပြည် အမှန်တကယ်အခြေအနေတို့နှင့် ကိုက်ညီသည့် မှန်ကန်သော မူဝါဒများ ချမှတ်ရန်လည်း အရေးကြီးပါသည်။ ကောင်းမွန်သော မူဝါဒများ ချမှတ်နိုင်ရေးအတွက် ချိတ်ဆက်မှုများ နှင့် ဆက်စပ်သော စွန့်စားမှုများကိုလည်း မူဝါဒချမှတ်သူများမှ သတိပြုမိရန် လိုအပ်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ဈေးကွက်အားနည်းချက် သို့မဟုတ် အကာအကွယ်ပေးထားသည့် လုပ်ငန်းများကို အပြည့်အဝအသုံးချနိုင်မည့်အပြင် ချိတ်ဆက်မှု၏အကျိုးအမြတ် အချိုး တော်တော်များများကို တောင်းဆိုရန်အတွက် ၎င်းတို့၏သာလွန်သော ဈေးနှုန်းညှိနှိုင်းသည့် ပါဝါမှ တဆင့် ယှဉ်ပြိုင်မှုမရှိသော အလေ့အထများတွင် ပါဝင်လာနိုင်မည် ဖြစ်ပါသည်။ အချို့သော ကိစ္စရပ်များတွင် နိုင်ငံခြားသား ပစ္စည်းတင်သွင်းသူများသည် ရင်းနှီးမြှုပ်နှံသူများ နောက်လိုက်သွားသည့်အခါ ပြည်တွင်းပစ္စည်းတင်သွင်းသူများအနေဖြင့် ဆုံးရှုံးမှုများ ရှိလာမည် ဖြစ်ပါသည်။ ဤစွန့်စားမှုများအားလုံးကို ကောင်းမွန်သော မူဝါဒချမှတ်ခြင်းများမှတဆင့် စီမံခန့်ခွဲနိုင်ပါသည်။

TNCs လုပ်ငန်းကြီးများသည် ပြည်တွင်း ပစ္စည်းထောက်ပံ့သူများနှင့် မိတ်ဖက်လုပ်ငန်းများ၏ လုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်နိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် အထောက်အကူပြု အစီအစဉ်များ ဆောင်ရွက်ကြပါသည်။ အစိုးရအနေဖြင့် အကောင်းမွန်ဆုံး ရလဒ်များရရှိစေပြီး ၎င်း TNCs လုပ်ငန်းကြီးများကို အထောက်အကူပြု အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရေး တွန်းအားပေးနိုင်မည့် အခြေအနေတစ်ရပ်ကို ဖန်တီးရယူရန် လိုအပ်ပါသည်။ အစိုးရအနေဖြင့် TNCs လုပ်ငန်းများမှ ဆောင်ရွက်သော အစီအစဉ်များ အပါအဝင် ရေရှည်တည်တံ့စေရန်နှင့် တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းအလေ့အကျင့်များ လိုက်နာလာစေရန် တိုင်းပြည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များကို အထောက်အကူပြုစေနိုင်မည့် မည်သည့်ချိတ်ဆက်မှုမျိုးကို မဆို သေချာစွာ ဆောင်ရွက်သင့်ပါသည်။

အစိုးရအနေဖြင့် TNCs လုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများမှ ကုန်ကျစရိတ် လျှော့ချခြင်းနှင့် ချိတ်ဆက်မှုဖန်တီးခြင်းများအတွက် အကျိုးခံစားခွင့်များပေးခြင်းတို့ဖြင့် ချိတ်ဆက်မှုများ ဖန်တီးရန်နှင့် ပိုမိုအားကောင်း လာစေရန် တွန်းအားပေးနိုင်ပါသည်။ အသိပညာ၊ ကျွမ်းကျင်မှုနှင့် နည်းပညာများတွင် အပြုသဘောဆောင်သော Spill-over အကျိုးသက်ရောက်မှုများရှိစေသည့် ထိုကဲ့သို့ချိတ်ဆက်မှုမှအပ ရည်ရွယ်ချက်သည် ချိတ်ဆက်မှုတစ်ခုတည်းအတွက် မျှသာမဟုတ်ပေ။ အခန်း (၂) တွင် လေ့လာခဲ့ရသည့် ထိုကဲ့သို့ Spill-over အကျိုးသက်ရောက်မှုများသည် သဘာအလျောက်ဖြစ်ပေါ်လာခြင်းမဟုတ်သောကြောင့် ပြီးပြည့်စုံသော အစိုးရ၏ ဆောင်ရွက်ချက်များ လိုအပ်ပါသည်။ အကျိုးရှိသော ချိတ်ဆက်မှုများ မြှင့်တင်နိုင်ရန် အတွက် ကုန်သွယ်မှု မူဝါဒ၊ အကောက်ခွန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများ (Tarrifs and non tariffs barriers)၊ ကုန်ပစ္စည်း တစ်ခု၏ မူလနိုင်ငံ (rules of origin)၊ ယှဉ်ပြိုင်မှုမူဝါဒ၊ နည်းပညာဆိုင်ရာ မူဝါဒ (ဉာဏ ပစ္စည်း ဆိုင်ရာ အကာအကွယ်ပေးခြင်း)၊ ပညာရေးမူဝါဒ၊ အလုပ်သမားမူဝါဒနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒမှအပ အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့် အခြားဆက်စပ်သည့် ဥပဒေများနှင့် နည်းဥပဒေများ အပါအဝင် ကျယ်ပြန့်သော မူဝါဒများရှိရန် လိုအပ်ပါသည်(UNCTAD, 2001)။ ပြည်တွင်း လိုအပ်ချက်အကြောင်း အရာများသည် ယေဘုယျအားဖြင့် ဆန့်ကျင်ဘက်သက်ရောက်မှုများ ရှိနေနိုင်ပါသည်။ Moran (၂၀၁၁) မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် တိကျရှင်းလင်းမှုမရှိသော ပြည်တွင်းလိုအပ်ချက် အကြောင်းအရာများထက်ပို၍ ကျယ်ပြန့်ပြီး ပိုမိုယှဉ်ပြိုင်မှုရှိသော နောက်ပြန်ချိတ်ဆက်မှုများကို ပိုမိုဖြစ်ပေါ်စေပါသည်။ ထို့ပြင် ထိရောက်သော ချိတ်ဆက်မှု မူဝါဒတစ်ခု အောင်မြင်မှုသည် တိုင်းပြည်ယှဉ်ပြိုင်အားသာချက်ပေါ်တွင် မူတည်နေပါသည်ဟု Porter’ s diamond သီအိုရီမှ ဆိုထားပါသည်။

TNCs-SMEs လုပ်ငန်းများ ချိတ်ဆက်မှုများ၏ အောင်မြင်မှုအကြောင်းအချက် ၃ ချက် ရှိသည်ဟု Altenburg (2000) က ဖော်ထုတ်ထားသည်။

- TNCs လုပ်ငန်းများ အဆင့်သတ်မှတ်ချက်များနှင့် ကိုက်ညီနိုင်မည့် အသေးစားအလတ်စားလုပ်ငန်းများ တည်ရှိခြင်း
- TNCs လုပ်ငန်းကြီးများ ကော်ပိုရိတ် မဟာဗျူဟာ
- အစိုးရဆိုင်ရာ အထောက်အပံ့ပြုနိုင်သည့် မူဝါဒများ တည်ရှိခြင်းနှင့် အရေးပါခြင်း

ချိတ်ဆက်မှုများကို မြှင့်တင်နိုင်ရန် မူဝါဒရေးရာ အထွေထွေ မူဘောင် (framework for policy) တစ်ရပ်ကို OECD (2005)တွင် ဖော်ပြထားသည်။ အဆိုပါ မူဘောင်တွင် အဓိက အစိတ်အပိုင်း ၃ ခု ပါဝင်ပါသည်-

- သတင်းအချက်အလက်နှင့် ပူးပေါင်းမှု (ပေါင်းစည်းမှု)
- SMEs လုပ်ငန်းများနှင့် ပြည်တွင်းမှ ကုန်ပစ္စည်းပေးသွင်းသူများ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း
- TNCs လုပ်ငန်းကြီးများကို ချိတ်ဆက်မှုများတွင် ပါဝင်လာစေရန် အားပေးခြင်း

UNCTAD (2001) တွင် အဆိုပါနယ်ပယ်များကို ပိုမိုကျယ်ပြန့်စွာရှင်းလင်းဖော်ပြထားသည်။

- **သတင်းအချက်အလက်နှင့် ပူးပေါင်းမှု (ပေါင်းစည်းမှု)** - ၎င်းသည် တိုင်းပြည်၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ အခန်းကဏ္ဍဖြစ်ပြီး အလျားလိုက်ချိတ်ဆက်မှု (horizontal) နှင့် ပူးပေါင်းမှု (ပေါင်းစည်းမှု) အစီအစဉ်များ ခိုင်မာစေရေးအတွက် အရေးကြီးပါသည်။ ထိုသို့သော ရည်ရွယ်ချက်များအတွက် online platforms များကို ဖန်တီးနိုင်သည် (Box 3.12)။

- **နည်းပညာ အဆင့်မြှင့်တင်ခြင်း (technology upgrading)** - နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် နည်းပညာများ ရရှိစေရန် ဆွဲဆောင်သည့် အရာတစ်ခု ဖြစ်သည့် အားလျော်စွာ ၎င်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် ပြည်တွင်းလုပ်ငန်းများ၏ နည်းပညာ စွမ်းဆောင်နိုင်စွမ်းသည် အဓိကကျသည့် အဆုံးအဖြတ်ပေးနိုင်သည့်အရာ ဖြစ်ပါသည်။ နည်းပညာများ ရရှိသော်လည်း ပြည်တွင်း ကုမ္ပဏီများအနေဖြင့် TNCs လုပ်ငန်းများ နည်းပညာလိုအပ်ချက်များနှင့် စံသတ်မှတ်ချက်များကို ကိုက်ညီရန် မမျှော်လင့်နိုင်ပေ။ လုပ်ငန်းဆောင်ရွက်မှု လိုအပ်ချက်တစ်ခု (performance requirement) ကဲ့သို့ နည်းပညာလွှဲပြောင်းခြင်းသည် အခြားရလဒ်များ ရရှိနိုင်သည်ကို သက်သေပြနိုင်သော်လည်း နိုင်ငံခြားကုမ္ပဏီများနှင့် အခြား ကုမ္ပဏီကြီးများအတွက် ကောင်းမွန်သော မက်လုံးပေး ဆွဲဆောင်မှု အစီအစဉ်တစ်ခုသည် နည်းပညာလွှဲပြောင်းခြင်းတွင် လိုအပ်သော ရလဒ်တစ်ခု ရရှိစေရန်ဆောင်ရွက်ပေးနိုင်ပါသည်။ ထို့အပြင် ပြည်တွင်းလုပ်ငန်းများနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ အကာအကွယ်ပေးနိုင်မှု သည်လည်း အောင်မြင်သော နည်းပညာလွှဲပြောင်းခြင်းတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

- **လေ့ကျင့်သင်ကြားပေးမှု** - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးရှိသော ချိတ်ဆက်မှုများအတွက် TNCs လုပ်ငန်းများမှ သင်တန်းများ ဆောင်ရွက်ပေးခြင်းသည်အရေးကြီးသည့် အချက်တစ်ချက်ဖြစ်သော ကျွမ်းကျင်မှုများ ပိုမိုရရှိခြင်းသည်လည်း အရေးကြီးသောအချက်တစ်ချက် ဖြစ်ပါသည်။ အစိုးရသာမက ပုဂ္ဂလိက ကဏ္ဍ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အေဂျင်စီများကဲ့သို့ သတ်မှတ်ထားသော အဖွဲ့အစည်းများမှ သင်တန်းများ ဆောင်ရွက်ပေးနိုင်ရန်လည်း တိုက်တွန်း အားပေးနိုင်ပါသည်။ ရှေ့တွင် ဖော်ပြခဲ့ သကဲ့သို့ အစိုးရ-ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်(Freund & Moran, 2017)။

- **ဘဏ္ဍာရေး** - အစိုးရသည် ပြည်တွင်းကုမ္ပဏီများအတွက် ဘဏ္ဍာရေး၊ ပေးရန်ရှိသော အခွန်များ (tax credits) နှင့် ချေးငွေအာမခံချက်များ (credit guarantees) ဆောင်ရွက်ပေးနိုင်ပြီး TNCs များကို ၎င်း ပြည်တွင်းကုမ္ပဏီများအား ငွေကြေးလွှဲပြောင်းပေးရန် တွန်းအားပေးနိုင်ပါသည်။ ကာလတိုနှင့် ကာလရှည် ဘဏ္ဍာရေးစနစ် ရှိရန် လိုအပ်ပါသည်။ ဘဏ္ဍာရေးထောက်ပံ့မှုလုံလောက်စွာမရရှိပါက ပြည်တွင်းထုတ်လုပ်သူများအနေဖြင့် TNCs များမှ တောင်းဆိုသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စိန်ခေါ်မှုများ ကျေနပ်အောင် ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။

**Box 3.10. မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အောင်မြင်ခဲ့သော TNCs များနှင့် SMEs များအကြား ချိတ်ဆက်မှုများ**

အာရှ-ပစိဖိတ်ဒေသမှ နိုင်ငံအချို့သည် TNCs များနှင့် ဒေသခံ ပေးသွင်းသူများအကြား မလေးရှားနိုင်ငံမှ လျှပ်စစ် ကဏ္ဍနှင့် ထိုင်းနိုင်ငံမှ မော်တော်ယာဉ်စက်မှုကဏ္ဍ စသည့် ကဏ္ဍများတွင် ကောင်းမွန်သော ချိတ်ဆက်မှုများကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ကြပါသည်။ ၎င်း ချိတ်ဆက်မှုများ အောင်မြင်ခြင်းသည် အစိုးရမှ ဘက်စုံထောက်ပံ့မှု အစီအစဉ်များကြောင့် ဖြစ်ပါသည်။

မလေးရှားနိုင်ငံတွင် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများသည် များစွာသော မက်လုံးများ သက်သာခွင့်များပေးခြင်းဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံများနှင့် ဒေသခံ SMEs များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးကြပါသည်။ ငွေရေး ကြေးရေးဆိုင်ရာ ကောင်းမွန်သော မက်လုံးများကြောင့် ဖြစ်ပေါ်စေသော “Pioneer” status သည် ၎င်း ချိတ်ဆက်မှုများ၏ နောက်ကွယ်မှ ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ခုဖြစ်ပါသည်။ ဖွဲ့စည်းတည်ထောင်ပြီးသော ရင်းနှီးမြှုပ်နှံသူများသည် TNCs များနှင့် SMEs များကို မက်လုံးများ ပေးနိုင်သော Industrial Linkage Programme (ILP) နှင့် Global Supplier Programme (GSP) ကဲ့သို့ အစီအစဉ်များမှ အကျိုးအမြတ်များ ရရှိနိုင်ပါသည်။ ILP အစီအစဉ်အောက်တွင် ရင်းနှီးမြှုပ်နှံသူများသည် ဒေသခံ ထောက်ပံ့သူများကို သင်တန်းများပေးခြင်း၊ ကုန်ပစ္စည်း ဖွံ့ဖြိုး တိုးတက်မှုများနှင့် စမ်းသပ်မှုများနှင့် ၎င်းတို့၏ အရည်အသွေးကို အာမခံပေးနိုင်သည့် စက်ရုံစစ်ဆေးခြင်းများ စသည့်အချက်များ အပါအဝင် အထောက်အပံ့များ ပေးခြင်းကြောင့် ကုန်ကျသည့် ကုန်ကျစရိတ်များအတွက် အခွန်အခများနုတ်ပယ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ GSP အစီအစဉ်သည် စင်ကာပူနိုင်ငံရှိ ဒေသခံ စက်မှုလုပ်ငန်းများ မြှင့်တင်ခြင်းဆိုင်ရာ အစီအစဉ်ကဲ့သို့ ဖြစ်ပြီး ၎င်းအစီအစဉ်တွင် ဒေသခံ စက်မှုလုပ်ငန်းများ မြှင့်တင်ရန် ရည်ရွယ်သည့်အတွက် နိုင်ငံခြားသား ကျွမ်းကျင်သူများကို ဒေသခံလုပ်ငန်းများတွင် ကူညီဆောင်ရွက်စေခဲ့ပါသည်။ ပြည်နယ်အဆင့်တွင် ပီနန် စွမ်းဆောင်ရေး ဖွံ့ဖြိုးရေး စင်တာသည် ဒေသခံလုပ်ငန်းများကို နိုင်ငံခြားသား ဝယ်ယူသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်အားပေးပြီး ၎င်းတို့လိုအပ်လျက်ရှိသော အရည်အချင်း ကွာဟမှုများကို ကာကွယ်နိုင်ရန် သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံခြားသားလုပ်ငန်းများမှ လိုအပ်သော ကျွမ်းကျင်မှုများ ထောက်ပံ့ ပေးလျက် ရှိပါသည်။

မလေးရှားနိုင်ငံတွင် အချို့သော စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များသည် ILP အစီအစဉ်ကြောင့် လက်လီရောင်းချသည့် TNCs များကို ကုန်ပစ္စည်းတင်သွင်းနိုင်သော အောင်မြင်သည့် ထောက်ပံ့တင်ပို့သူများ ဖြစ်လာခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် Tesco ကုန်တိုက် သည် မလေးရှားနိုင်ငံအတွင်းရှိ ၎င်း၏ဆိုင်နေရာ ၃၁ နေရာအတွက် မလေးရှားနိုင်ငံအတွင်းမှ စားသောက်ကုန်ထုတ်လုပ်သော SMEs များနှင့် အခြားနိုင်ငံများမှ SMEs လုပ်ငန်းများကို မှီခိုခဲ့ရပါသည်။ ၂၀၀၉ ခုနှစ်တွင် မလေးရှားနိုင်ငံရှိ Tesco ကုန်တိုက်များတွင်ရောင်းချသော ကုန်ပစ္စည်း ၆၀၀၀၀ ကျော်အနက် ၇၀ ရာခိုင်နှုန်းကို မလေးရှားနိုင်ငံတွင် ထုတ်လုပ်ပြီး ၆၀ ရာခိုင်နှုန်းသည် မလေးရှားနိုင်ငံမှ SMEs လုပ်ငန်းများမှ တင်ပို့သော ကုန်ပစ္စည်းများ ဖြစ်ပါသည်။

စင်ကာပူနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ကနဦးကပင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဒေသခံလုပ်ငန်းများ၏ အားကောင်းသော တောင်းဆိုမှု များကြောင့် နိုင်ငံခြားကုမ္ပဏီများ ရှိနေခြင်းကို ပိုမိုအားကောင်းစေပါသည်။ တစ်ချိန်တည်းမှာပင် ငွေကြေးထောက်ပံ့မှုနှင့် ဆောင်ရွက်နိုင်စွမ်းမြင့်မား တိုးတက်စေရေး အစီအစဉ်များမှ တဆင့် ကောင်းမွန်သော SME ကဏ္ဍ ဖွံ့ဖြိုးမှုကို အာရုံစိုက်ခဲ့ပြီး ၎င်းအစီအစဉ်များအရ TNC နှင့် SME များအကြားချိတ်ဆက်မှုကို ကောင်းမွန်စွာ ဖြစ်ပေါ်လာစေခဲ့ပါသည်။ ထို့အပြင် ဒေသခံများ၏ အင်ဂျင်နီယာ၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ ပညာရပ်များ တိုးတက် ကျွမ်းကျင်လာ စေရေးအတွက် အစိုးရက နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် များ ဆောင်ရွက်ပေးပါသည်။ ၎င်းဆောင်ရွက်မှုများသည် TNCs နှင့် ချိတ်ဆက်မှုများမှ ဒေသခံ SMEs များသည် လိုအပ်သော အရည်အချင်းများ ဖန်တီးရန်နှင့် အကျိုးအမြတ်များရရှိစေပါသည်။ သို့သော်လည်း စင်ကာပူအစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် SMEs များအကြား ချိတ်ဆက်မှုများ အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ၁၉၈၆ တွင် စတင်ခဲ့သော ဒေသခံစက်မှု လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (LIUP) ကဲ့သို့ မူဝါဒများချမှတ်ခဲ့ပါသည်။

ငင်းအစီအစဉ် အစမှစ၍ LIUP သည် TNCs များမှ ပြည်တွင်း SMEsများသို့ နည်းပညာ လွှဲပြောင်းခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် စီးပွားရေးဆောင်ရွက်မှုဆိုင်ရာ အသိပညာများတွင် အကူအညီ ဖြစ်စေပါသည်။ ယင်းအစီအစဉ်အောက်တွင် TNCs များသည် ပြည်တွင်း SMEsများအား ငင်းတို့၏ value-chain များတွင် ပါဝင်နိုင်စေရေးနှင့် SMEs ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် အဆင့် ၃ ဆင့်ဖြင့် နှစ်ဖက်စလုံးကို အစိုးရထောက်ပံ့မှုအစီအစဉ်များကို ဆောင်ရွက် ပေးပါသည်။ ပထမအဆင့် အနေဖြင့် ယေဘုယျ SME လုပ်ငန်းစဉ်များတွင် စွမ်းဆောင်ရည် မြင့်တင်နိုင်စေရေး ရှာဖွေခြင်းများ ဆောင်ရွက်ပါသည်။ ဒုတိယ အဆင့်တွင် SME များသို့ ထုတ်ကုန် အသစ်များနှင့် ဆောင်ရွက်မှုလုပ်ငန်းစဉ်များ လွှဲပြောင်းပေးပါသည်။ တတိယအဆင့် တွင် သုတေသနနှင့် ထုတ်ကုန် ဖွံ့ဖြိုးရေးအတွက် TNC များနှင့် ပူးပေါင်း ဆောင်ရွက်ကြပါသည်။ LIUP မှ ဖွဲ့စည်းပုံနှင့် ငွေကြေး အထောက်အပံ့များမှ ရောင်းဝယ်သူ ဆက်သွယ်မှုများကို အဆင့်မြင့်တင်ရန် ပံ့ပိုးကူညီကြပါသည်။

ငင်းအစီအစဉ်များသည် TNC များနှင့် ငင်းတို့၏ ထောက်ပံ့သူများအကြား လိုအပ်ချက်များကို အဆင်ပြေစေပါသည်။ ၁၉၉၀ နှစ်လယ်ပိုင်းမှစ၍ LIUP သည် အောင်မြင်မှုများစွာ ရရှိခဲ့ပါသည်။ ဥပမာအားဖြင့် LIUP အစီအစဉ်ဖြင့် လုပ်ငန်းစုကြီးများနှင့် ပူးပေါင်းဆောင်ရွက်ကြသူများ၏ ထုတ်လုပ်နိုင်စွမ်း ၁၇ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရပြီး အလုပ်သမားများ၏ တန်ဖိုးမြင့် ထုတ်လုပ်နိုင်စွမ်းသည် ၁၄ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရပါသည်။ ၁၉၉၄ ခုနှစ်တွင် SMEs လုပ်ငန်း ၁၈၀ ခုနှင့် နိုင်ငံခြား TNCs ၂၈ ခု အပါအဝင် ကုန်သွယ်လုပ်ငန်း ၃၂ ခု တို့သည် ယင်းအစီအစဉ်အောက်တွင် ပူးပေါင်းဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။ ငင်းလုပ်ငန်းများမှ ၇၀ ရာခိုင်နှုန်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးစားပေး ဆောင်ရွက်ခဲ့သော လျှပ်စစ်ကဏ္ဍတွင် အာရုံစိုက်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ LIUP အစီအစဉ်ကို Partnerships for Capability Transformation (PACT) programme ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ငင်းသည် စင်ကာပူစီးပွားရေး ဖက်ဒရေးရှင်းမှ ဆောင်ရွက်သော SPRING Singapore ၏ အစဦး အစီအစဉ်တစ်ခုဖြစ်ခဲ့ပါသည်။

ထိုင်းနိုင်ငံမှရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် ၁၉၉၂ ခုနှစ်တွင် တည်ဆောက်သူများနှင့် ထောက်ပံ့သူများ၏ ဆက်နွယ်မှုကို ပိုမိုအားကောင်းလာစေရန်၊ SMEs ကဲ့သို့ ထောက်ပံ့သူများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြှင့်တင်ရန်၊ ထုတ်လုပ်နိုင်မှုစွမ်းရည်နှင့် အရည်အသွေး တိုးတက်လာစေရန်နှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် စသည် တို့ကို ဆောင်ရွက်ရန်အတွက် စက်မှုကဏ္ဍချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနတစ်ခု တည်ဆောက်ခဲ့ပါသည်။ ငင်းအစီအစဉ်သည် အဓိက ကဏ္ဍ ၅ ခု တွင် ဆောင်ရွက်ခဲ့ပြီး ပြည့်စုံသော ကွန်ပျူတာဒေတာများမှ တဆင့် subcontract အခွင့်အရေးများအတွက် သတင်း အချက်အလက်များ ပံ့ပိုးပေးခြင်း၊ လုပ်ငန်းတစ်ခုချင်းအတွက် စီးပွားရေးလုပ်ငန်း ယှဉ်တွဲပေး ခြင်းများ ဆောင်ရွက်ခြင်း၊ subcontractများ ဖွံ့ဖြိုးတိုးတက်ရေးများတွင် စိတ်ပါဝင်စားသော ဒေသခံလုပ်ငန်းရှင်းများကို နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးခြင်း၊ အလားအလာကောင်းသော နေရာများတွင် လုပ်ငန်းတည်ထောင်ပေးနိုင်ရန်အတွက် ဈေးကွက် သတင်းအချက်အလက်များနှင့် နည်းပညာများပံ့ပိုးပေးခြင်းနှင့် အသေးစားနှင့် အလတ်စား ဒေသခံ လုပ်ငန်းများ အတွက် ဈေးကွက်နှင့် နည်းပညာ ဆောင်ရွက်နိုင်စွမ်းများကို မြှင့်တင်ပေး နိုင်ရန်အတွက် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သင်တန်းများပေးခြင်း စသည် တို့ကို ဆောင်ရွက်ပေးပါသည်။

ယနေ့အထိ BUILD အစီအစဉ်သည် သတင်းအချက်အလက်ပံ့ပိုးပေးခြင်းနှင့် စီးပွားရေး လုပ်ငန်းများ ယှဉ်တွဲပေးခြင်း တို့တွင် အဓိကဆောင်ရွက်ပါသည်။ Vendors Meet Customers Programme (VMC) and the ASEAN Supporting Industry Database (ASID) အစီအစဉ်နှစ်ခုကို ၁၉၉၇ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ VMC အစီအစဉ်သည် မော်တော်ယာဉ်များနှင့် လျှပ်စစ်ဆိုင်ရာ အစိတ်အပိုင်းများကဲ့သို့ အစိတ်အပိုင်းများနှင့် အပိုပစ္စည်းများအား ပြည်တွင်းမှသာ ရယူသုံးစွဲစေရန် အတွက် လှုံ့ဆော်ပေးသည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ BOI သည် ဝယ်သူများနှင့် တပ်ဆင်သူများ (သို့မဟုတ်) ရောင်းချသူနှင့် ထောက်ပံ့ သူများအကြား ဆက်စပ်ပေးသည့် အကျိုးဆောင်သူအဖြစ် ဆောင်ရွက်ပါသည်။ ဤအစီအစဉ် သည် ထောက်ပံ့သူများ အား အစိတ်အပိုင်းများကို တပ်ဆင်သည့် စက်ရုံများသို့ သွားရောက် လေ့လာနိုင်ရန် စီစဉ်ပေးပါသည်။ ငင်းလေ့လာရေး ခရီးများသည် ထုတ်ကုန်ပစ္စည်းများနှင့် တပ်ဆင်ရာတွင် လိုအပ်သည်များကို တပ်ဆင်သူများမှ အလားအလာကောင်းသော ဒေသခံ subcontractors များနှင့် ဆက်သွယ်ရာတွင် ကောင်းမွန်စေပါသည်။ ယင်းအစီအစဉ်သည် ထောက်ပံ့သူများ အကြား ကောင်းမွန်သော အဆက်အသွယ် (သို့မဟုတ်) ငင်းတို့ထုတ်လုပ် နိုင်စွမ်းထက်ပိုသော မှာယူမှုများ ရရှိလာပါက ဝေမျှနိုင်မည့် အခွင့်အရေးများ ရရှိလာမည် ဖြစ်ပါသည်။

*Source:* BOI Thailand, MIDA, UNCTAD (2001) and UNCTAD (2011b).

နိုင်ငံအတော်များများတွင် အစိုးရမှဆောင်ရွက်သည့် တိကျသောချိတ်ဆက်မှု အစီအစဉ်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသော်လည်း ပတ်ဝန်းကျင်အခြေအနေ၊ နိုင်ငံရေးကတိကဝတ်များ၊ ပြည်တွင်းလုပ်ငန်းများကို ထောက်ပံ့နိုင်မှုများနှင့် ၎င်းတို့ဆောင်ရွက်နိုင်စွမ်းများ၊ အကျိုးရှိသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးစနစ် တည်ထောင်ထားရှိမှုများ စသည့်အချက်များပေါ်မူတည်၍ နိုင်ငံအနည်းငယ်တွင်သာ အောင်မြင်သည်ကို တွေ့ရှိရပါသည်(UNCTAD, 2001)။ ချိတ်ဆက်မှုများသည် ပါဝင်သောလုပ်ငန်းများအတွက် စီးပွားရေးအရ တွက်ချေကိုက်မှု၊ အမြတ်အစွန်းရရှိမှုများနှင့် နည်းပညာအရ အလားအလာရှိမှသာ ရေရှည်တည်တံ့နိုင်ပါသည်။ အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်သော အရာရှိများသည် လိုအပ်သော ကျွမ်းကျင်မှုများနှင့် နောက်ခံအခြေအနေတို့ဖြင့် ကျွမ်းကျင်သူများဖြစ်လျှင် ချိတ်ဆက်မှုများတွင် အထောက်အကူ ပြုစေနိုင်ပါသည်။

## Box 3.12. မြန်မာနိုင်ငံ၏ SME Link

ထိရောက်သော SME ဖွံ့ဖြိုးတိုးတက်မှုနှင့် value chain ပေါင်းစည်းမှုများအတွက် အဓိက ကျသော အခက်အခဲတခုမှာ အင်တာနက်ဆက်သွယ်မှုစနစ် ရရှိနိုင်မှုအပါအဝင် နည်းပညာ ဆိုင်ရာ ဆောင်ရွက်နိုင်စွမ်းများသည် ဆက်သွယ်ဆောင်ရွက်နိုင်မှုကို ဟန့်တားသည့် အရာများ ဖြစ်ပြီး ၎င်းနည်းပညာဆောင်ရွက်နိုင်စွမ်းသည် ၎င်းတို့၏ ဈေးကွက်တွင် ပြိုင်ဆိုင်မှုကို အားကောင်း လာစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာ value chains သို့ဝင်ရောက်စေနိုင်မည် ဖြစ်ပါသည်။ online platforms များ ဖွံ့ဖြိုးလာခြင်းဖြင့် SMEs များကို စိတ်ပါဝင်စားသည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်စေနိုင်မည်သာမက ၎င်းတို့ကို အကူအညီဖြစ်စေမည့် စီးပွားရေး အခွင့်အလမ်းများကို သင်ယူနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် ESCAP Sustainable Business Network (ESBN) သည် Digital Economy ဆိုင်ရာ Task Force ကို ဖွဲ့စည်းပေးခဲ့ပြီး Myanmar SME Link (**www.myanmarsmelink.com**). အမည်ရှိ platform တစ်ခုကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းMyanmar SME Link သည် SMEs အတွက် သတင်းအချက်အလက်များ မရရှိနိုင်မှုကို လျော့ချပေးနိုင်ခြင်းနှင့် စီးပွားရေးအဆက်အသွယ်များ၊ resources၊ ဆောင်ရွက်နိုင်စွမ်းနှင့် အခွင့်အရေးများကို ဖန်တီးနိုင်မည့် ဗဟုသုတများနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးတက်စေနိုင်မည့် အချက်အလက်များ ကို မျှဝေပေးနိုင်မည့် အဓိက နေရာတစ်ခုဖြစ်ပါသည်။

၎င်း platform သည် ပါဝင်သည့်နိုင်ငံများအကြားစီးပွားရေးလုပ်ငန်းများ ယှဉ်တွဲပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် up-to-date စီးပွားရေး ဆိုင်ရာ သတင်းများနှင့် သတင်းအချက်အလက်များ အပါအဝင် ကောင်းမွန်သော ဆွဲဆောင်မှုရှိသည့် ဝန်ဆောင်မှု များကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ country-based SMEs များကို ရင်းနှီးမြှုပ်နှံသူများ၊ ပူးပေါင်း ဆောင်ရွက်သူများ၊ ဝန်ဆောင်မှုပေးသူများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့များနှင့် အခြားအကျိုးအမြတ်မယူသော အဖွဲ့အစည်းများ (ဖွံ့ဖြိုးရေး အေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများ) နှင့် ချိတ်ဆက်ပေးခြင်းဖြင့် SME Link Platform မှ SMEs များရရှိနိုင်မည့် resources များတိုးတက်စေရန် ရည်ရွယ်ပြီး global value chains တွင် ပေါင်းစည်းပါဝင်နိုင်မည့် အရည်အသွေးများ တိုးတက်လာစေမည် ဖြစ်ပါသည်။ အထူးသဖြင့် SME Link Platform သည် SMEs လုပ်ငန်းများအကြား ecosystem ကို ဖန်တီးပေးပြီး စီးပွားရေးကဏ္ဍ၏ အဓိကကဏ္ဍများတွင် ကောင်းမွန်သော ဆောင်ရွက်နိုင်မှုများကို ထုတ်လုပ်ပေးပါသည်။

Myanmar SME Link အောင်မြင်ပြီးနောက် အလားတူ platforms များကို Kazakhstan ကဲ့သို့ အခြားနိုင်ငံများမှလည်း ဆောင်ရွက်လာကြပါသည်။

*Source:* ESCAP.

Altenburg (၂၀၀၀) သည် ပြည်တွင်းမှ ကုန်ပစ္စည်းပေးသွင်းသူများကို တိုးတက်စေရန် အောက်ပါ အချက်များကို အဆိုပြုတင်ပြထားပါသည်။ ကုန်ပစ္စည်းပေးသွင်းသူ ဖွံ့ဖြိုးရေး မူဝါဒများမှာ

- ပြည်တွင်းလိုအပ်ချက်အကြောင်းအရာများနှင့် ဈေးကွက် reservation မူဝါဒများကို တွန်းအားပေး ခြင်းထက် ပြည်တွင်းကုန်ပစ္စည်းပေးသွင်းသူများကို အထောက်အပံ့ပေးရန် မိမိဆန္ဒအလျောက် လုပ်ကိုင်မည့် နည်းလမ်းများ ပေါ်တွင် အလေးထားခြင်း။

- ဖြစ်ပေါ်လာနိုင်သော ကုမ္ပဏီအချင်းချင်း၏ လုပ်သားနှင့်သက်ဆိုင်သည့် ကာလလတ် (သို့မဟုတ်) ကာလရှည် မျှော်မှန်းချက်များထားရှိခြင်း၊ လိုချင်သောရလဒ်နှင့် ရည်ညွှန်းလိုသောအစုအဖွဲ့ကို ရှင်းလင်းစွာ သတ်မှတ်သင့် ခြင်း နှင့် မူဝါဒချမှတ်သူများအနေဖြင့် စဉ်ဆက်မပြတ်ယှဉ်ပြိုင်မှုကို အထောက် အကူဖြစ်စေသော ကုန်ပစ္စည်းပေး သွင်းသူ များနှင့်ပတ်သက်သည့် အကြံအစည်များရှိသင့်ခြင်း။

- ကုန်ပစ္စည်းပေးသွင်းသူများ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့်ပတ်သက်၍ ကော်ပိုရေးရှင်းကြီးများမှ ပါဝင်ခြင်း နှင့် ကတိကဝတ်များကို သေချာစေခြင်း။

- ကျိုးကြောင်းဆီလျော်၍ ညီညွတ်မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိခြင်း။ အထူးအေဂျင်စီများနှင့် လက်တွဲ ပူးပေါင်း ဆောင်ရွက်ပြီး ကုန်ပစ္စည်းပေးသွင်းမှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးဆောင်မည့် အေဂျင်စီ တစ်ခု ရှိသင့်ပါသည်။

ပြည်တွင်း အသေးစား အလတ်စားလုပ်ငန်းများ၏ လုပ်ဆောင်နိုင်စွမ်းကို လွယ်ကူရှင်းလင်းပြီး တွက်ချေ ကိုက်စေသည့် ပုံစံဖြင့် မြှင့်တင်ပေးရန်အတွက် အစိုးရများသည် လုပ်ငန်းများနှင့်ဆက်စပ် နယ်ပယ်များကို အထောက်အကူပြုပေးခြင်းများ ပါဝင်သော clusters များ တည်ထောင်ခြင်း အစီအစဉ်များ ဆောင်ရွက်ပေး နိုင်ပါသည်။ ၎င်း clusters များသည် အသေးစားအလတ်စား လုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာစံပုံစံများ၊ နည်းပညာများနှင့် နည်းပညာအကူအညီများ ရရှိစေရန် ဆောင်ရွက်ပေးနိုင်ပါသည်။ ချိတ်ဆက်မှုများ ခိုင်မာစေ ရေးနှင့် clusters များ တည်ထောင်ရာတွင် အစိုးရများသည် ၎င်းတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ သတ်မှတ်သည့် GVC များကိုသိရှိရန် လိုအပ်ပါသည်။ GVCs များအရ ပြည်တွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ လုပ်ဆောင်နိုင်စွမ်းသည် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ မဟာဗျူဟာ များအရ TNCs များ၏ လိုအပ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ တနည်းအားဖြင့်ဆိုသော် ပြည်တွင်း အသေးစားနှင့်အလတ်စားလုပ်ငန်းများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများသည် အခြားနိုင်ငံ များရှိ ကုမ္ပဏီများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများနှင့် ကိုက်ညီရန်လိုအပ်ပြီး ၎င်းတို့သည် TNCs လုပ်ငန်းများမှ ဈေးကွက်ရှာဖွေ ရောင်းချနိုင်သော ကုန်ချောအဆင့် ဖြစ်ရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် TNCs လုပ်ငန်းများကို clusters အစီအစဉ်များတွင် ပါဝင်ရန် နှင့် အထူးစီးပွားရေးဇုန် ဆက်စပ် နေရာများတွင် ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုထားပါသည်။

ပြည်တွင်း SMEs လုပ်ငန်းများသည် TNCs ၏ စံသတ်မှတ်ချက်များနှင့် မကိုက်ညီသောအခါ မိခင် နိုင်ငံများရှိ TNCs များမှ ထုတ်လုပ်သူများကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နောက်တဆင့်အဖြစ် ဆွဲဆောင် နိုင်မည့် မဟာဗျူဟာများ ဖြစ်လာတတ်ပါသည်။ ရင်းနှီးမြှုပ်နှံရာနိုင်ငံမှ အသေးစား အလတ်စားလုပ်ငန်းက ပြည်တွင်းမှ SME လုပ်ငန်းများအတွက် အပြိုင်အဆိုင် စိန်ခေါ်မှုများဖြစ်လာသည့်အခါ အဆင့်မြှင့်တင်ခြင်းနှင့် ဖက်စပ်လုပ်ကိုင်ခြင်းများ ဖြစ်ရန်တွန်းအားဖြစ်စေပါလိမ့်မည်။ ဥပမာအနေဖြင့် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ မော်တော်ကားထုတ်လုပ်မှုတွင် ဂျပန်နိုင်ငံမှ အဓိက TNCs များသည် ၎င်းတို့ မူရင်းနိုင်ငံမှ တင်သွင်းသည့်ပစ္စည်း

များကို အသုံးပြုကြပါသည်။ ၎င်းနောက်တွင် ပြည်တွင်း ထုတ်လုပ်သူများနှင့် ဖက်စပ်ဆောင်ရွက်ခဲ့ကြပြီး ၎င်း လုပ်ငန်း ငယ်များ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့ကြပါသည်။

TNCs များနှင့် ပြည်တွင်းထုတ်လုပ်သူများအကြားရှိ vertical linkage သည်SME လုပ်ငန်းများ ကိုသာ အလေးထားရန် မလိုအပ်ပါ။ ၎င်းချိတ်ဆက်မှုအစီအစဉ်များသည် ပြည်တွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းများကိုသာ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်သော်လည်း လက်တွေ့တွင် TNCs ကြီးများကို ကုန် ပစ္စည်း/ သွင်းအားစုများ ပေးသွင်းသူများသည် ခေါင်းဆောင် TNCs များထက် ပမာဏ သေးငယ်သည် မှန်သော် လည်း အသေးစားနှင့်အလတ်စားလုပ်ငန်းများထက် အလတ်စားနှင့် အကြီးစား ကုန်ပစ္စည်း ပေးသွင်းသူများ သည် အကောင်းဆုံးကုန်စည်ပေးသွင်းနိုင်သူများ ဖြစ်သည် (Moran, ၂၀၁၅; UNCTAD, ၂၀၁၁b)။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း supply-chain management မှ အစိတ်အပိုင်းတစ်ခုအဖြစ် TNCs များတွင် ပြည်တွင်းကုမ္ပဏီများ ပါဝင်ဆောင်ရွက်နိုင်သည့် ကုန်ပစ္စည်းပေးသွင်းသူ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် များရှိပါသည်။ အချုပ်အားဖြင့်ဆိုသော် နိုင်ငံတကာအေဂျင်စီများ(ဥပမာ ITC"s Value-added to trade programme packages solutions) တွင် ကုန်ထုတ်လုပ်မှုမှ ဈေးကွက်ဖြန့်ချိသည့် အဆင့်အထိ ထောက်ပံ့ ပို့ဆောင်ရေးနှင့် ဆက်စပ်သည့် အခက်အခဲများနှင့် မတူညီထူးခြားပြီး တန်ဖိုးမြှင့်ထုတ်ကုန်များရှိသော SMEs များကို ပံ့ပိုးပေးသော ICT တန်ဖိုးမြှင့်ထုတ်ကုန်များမှ Trade Program Package ကဲ့သို့ ပူးပေါင်းမှု (ပေါင်း စည်းမှု) အစီအစဉ်များရှိပါသည်။(**http://www.intracen.org/itc/goals/ connecting-to-value- chains-SME-competitiveness-diversification-and-links-to-export-markets/#sthash.uAnci3E0.dpuf**); UNIDO's Subcontracting and Partnership Exchanges (SPXs) (**http://spx.unido.org/ spx/Default2.aspx**) and UNCTAD's Business Linkages Programme (**http://unctad.org/en/ Pages/DIAE/ Enterprise%20Development/Business-Linkage-Programme.aspx**).

နောက်အခန်းများတွင် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မည့်နည်းလမ်းများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပြီး Cluster များအပါအဝင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည့် မူဝါဒများကို အာရှပစိဖိတ်ဒေသများတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ESCAP ၏ မူဝါဒလက်စွဲစာအုပ်" တွင် ရှင်းလင်းစွာဖော်ပြထားပါသည်။

# (င) မျိုးဆက်သစ် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ
# ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

## ၁။ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် မူဝါဒမူဘောင်

မျိုးဆက်သစ် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို လက်ခံကျင့်သုံးခြင်းမှာ မကြာမီကာလများမှစ၍ ရေပန်းစားလာခဲ့သည်။ အဆိုပါ မျိုးဆက်သစ် ရင်းနှီးမြှုပ်နှံမှုမူဝါဒများတွင် ပြည်တွင်းနှင့် အပြည်ပြည် ဆိုင်ရာ အနေအထားတွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်မှုကြောင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် အကျိုးအမြတ်ရရှိစေရန် inclusive growth နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်ပါသည်။ အားလုံးပါဝင် အကျိုးခံစားခွင့်ရရှိရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် အဓိကဦးစားပေးနေဖြင့် စဉ်းစားပြီး တိုင်းပြည်အဆင့်နှင့် နိုင်ငံတကာအဆင့်၌ ရင်းနှီးမြှုပ်နှံမှု မူဝါဒ ချမှတ်ရာတွင် စိန်ခေါ်မှုများ ပိုမိုများပြားလာစေသည်။ ပိုရှင်းအောင်ဆိုရမည်ဆိုလျှင် မျိုးဆက်သစ်ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှုစနစ်ဆိုင်ရာ အခက်အခဲများကို ထည့်သွင်းစဉ်းစားသည့် စဉ်ဆက်မပြတ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်ကြိုးပမ်းခြင်းပင် ဖြစ်သည် (Narula, 2012)။ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဖော်ပြပါ ရှုထောင့် (၄) မျိုးဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ၎င်းတို့မှာ- (ချိတ်ဆက်မှုများ၊နည်းပညာလွှဲပြောင်းရရှိမှု၊ လေ့ကျင့်သင်ကြားရေး စသည်ဖြင့်) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊(ရင်းနှီးမြှုပ်နှံမှုကြောင့်ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေးနိုင်မည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာများ အသုံးပြုခြင်း စသည်ဖြင့်) သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှု၊ (အလုပ်သမားနှင့် အလုပ်အကိုင် စံနှုန်းများ၊ ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး၊ သင်တန်းစသည်ဖြင့်) လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့် အားလုံးပါဝင် အကျိုးခံစားနိုင်မှု၊ (မျှတပြီး အကျိုးရှိသော ဆွေးနွေးညှိနှိုင်းမှု၊ အဂတိကင်းရှင်းခြင်း၊ စာချုပ်များ အသက်ဝင်ခြင်း စသည်ဖြင့်) ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့ ဖြစ်ပါသည် (အခန်း၁ကိုကြည့်ရန်)။

ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကြောင့် ရရှိလာမည့် အကျိုးကျေးဇူးသည်အားလုံးပါဝင်အကျိုးခံစားရသော တိုးတက်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရပါမည်။ ဥပမာ - မညီမျှမှု လျှော့ချခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ချက်များကို တိုးတက်ကောင်းမွန်စေခြင်းတို့ဖြင့် ပြည်တွင်း ထုတ်လုပ်မှုစွမ်းရည်များကို တိုးတက်စေခြင်း၊ လူမှုရေး ဒုက္ခများ၏ ဒဏ်ကို တန်ပြန်နိုင်ခြင်းနှင့် သွေးစည်း ညီညွတ်မှုရှိခြင်း။

- ပိုမိုကျယ်ပြန့်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (သို့မဟုတ်) စက်မှုမူဝါဒများနှင့် လိုက်လျော ညီထွေဖြစ်စေခြင်းနှင့်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများနှင့် တသားတည်းရှိခြင်း။
- တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံသူအမူအကျင့်နှင့်တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ကိုင်မှုများ ဖြစ်ပေါ်လာအောင် မြေတောင်မြှောက်ပေးခြင်း။
- ၎င်းတို့လည်ပတ်နေသော အဖွဲ့အစည်းအသိုက်အဝန်း၊ ပုံစံနှင့် အကောင်အထည်ဖော်မှုများတွင် မူဝါဒများ ထိရောက်စေခြင်းတို့ကို ဆိုလိုပါသည်။

ရေရှည်တည်တံ့ခိုင်မြဲသော ရင်းနှီးမြှုပ်နှံမှုမူဝါဒ မျိုးဆက်သစ်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ဆိုးကျိုး ဖြစ်ပေါ်လာနိုင်ခြေများကို အဖြေရှာပြီး၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုအတွက် အစိုးရ၏ မူဝါဒများအပေါ် လမ်းညွှန်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်နိုင်စေမည့် ပြီးပြည့်စုံသည့် မူဘောင်တစ်ရပ် (a comprehensive framework) လိုအပ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရာတွင် တိုင်းတာနိုင်သောညွှန်းကိန်းများ သတ်မှတ်ထားရှိခြင်းမှာ အထောက်အကူ ဖြစ်စေသည့် အဆင့်တစ်ရပ် ဖြစ်ပါသည်။ UNCTAD သည်ရေရှည်တည်တံ့သော နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရာတွင် ထိပ်ဆုံးမှ ဦးဆောင်ဦးရွက်ပြုလျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒမူဘောင် (Investment Policy Framework for Sustainable Development -- IPFSD) ကိုမိတ်ဆက်ထားပြီးဖြစ်ပါသည်။ Figure 3.3 တွင် IPFSD ၏ အစိတ်အပိုင်း များကို ဖော်ပြထားပါသည်။

**Figure 3.3. The components of UNCTAD's IPFSD**




ရင်းနှီးမြှုပ်နှံမှုမူဝါဒအသစ်များသည်ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဆင့်တွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒ ချမှတ်ရာတွင်တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည် (UNCTAD ၂၀၁၂, ၂၀၁၅)။

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၏စိန်ခေါ်မှုများ

(၁) ရင်းနှီးမြှုပ်နှံမှုမူဝါဒအားဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် ပေါင်းစည်းချိတ်ဆက်ပေးခြင်း

- ရင်းနှီးမြှုပ်နှံမှုအားထုတ်လုပ်မှုစွမ်းရည်နှင့် နိုင်ငံတကာယှဉ်ပြိုင်မှုတို့တွင် အားကောင်းလာစေမည့် အဓိက ကဏ္ဍ နယ်ပယ်များသို့ ရောက်ရှိအောင် လမ်းကြောင်းပေးခြင်း၊
- အခြားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမူဝါဒများဖြင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒကို သဟဇာတ ဖြစ်စေခြင်း။

(၂) ရင်းနှီးမြှုပ်နှံမှုမူဝါဒတွင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက်များထည့်သွင်းခြင်း

- ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကောင်းကျိုးများကို များပြားလာစေ၍ ဆိုးကျိုးများကို လျော့နည်း စေခြင်း၊
- တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူ အမူအကျင့်/တာဝန်ယူမှု တာဝန်ခံမှုရှိသော စီးပွားရေး လုပ်ငန်းများကို အားပေးအားမြှောက်ပြုခြင်း။

(၃) ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ဆီလျော်စေပြီး ထိရောက်မှု ရှိစေခြင်း

- ရင်းနှီးမြှုပ်နှံမှုမူဝါဒကိုအကောင်အထည်ဖော်ဆောင်ရန်ခိုင်မာသောအဖွဲ့အစည်းများကို တည်ဆောက်ခြင်း၊
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် ရင်းနှီးမြှုပ်နှံမှု၏အကျိုးသက်ရောက်မှုကို တိုင်းတာခြင်း။

## (15) Box 3.13. အခြေခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုအတွက် ပြည့်စုံသော အချက်များ

အောက်ဖော်ပြပါ အဓိက ၁၁ ချက် ကို အခြေခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုအတွက် ပြည့်စုံသော အချက်များ ဖြစ်ပါသည်-

| | |
|---|---|
| ၁။ | ပြည့်စုံသော ပန်းတိုင်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု |
| ၂။ | **ရှင်းလင်းသော မူဝါဒ** : ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့် မဟာဗျူဟာများတွင် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပေါင်းစပ်ခြင်း |
| ၃။ | ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် rule of law အပါအဝင်အစိုးရစီမံအုပ်ချုပ်မှုနှင့် အဖွဲ့အစည်းများ |
| ၄။ | **မြန်ဆန်သော မူဝါဒချမှတ်ခြင်း** : ကောင်းမွန်ထိရောက်ခြင်းနှင့် ဆီလျော်မှုရှိခြင်း အတွက် အချိန်နှင့်တပြေးညီ ပြန်လည် ဆန်းစစ်ခြင်း |
| ၅။ | နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ညီမျှသော အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ |
| ၆။ | နိုင်ငံတကာ ကတိကဝတ်များအရ the interest of the public good အတွင်း ဥပဒေပြဋ္ဌာန်းခွင့် |
| ၇။ | **ရင်းနှီးမြှုပ်နှံမှု ပွင့်လင်းမှု** : ပွင့်လင်းမှု၊ တည်ငြိမ်မှုနှင့် ကြိုတင်ခန့်မှန်းနိုင်သော အစ အခြေအနေများ |
| ၈။ | ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးခြင်းနှင့် ဆက်ဆံဆောင်ရွက်မှုများ : ပြည့်စုံကုံလုံမှုနှင့် မခွဲခြားမှု |
| ၉။ | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်း |
| ၁၀။ | ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများ၏ နိုင်ငံတကာ စံနှုန်းများအရ လိုက်လျောညီထွေရှိသော တာဝန်ယူမှုများ |
| ၁၁။ | အကျိုးအမြတ် မျှဝေခြင်းများအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်တွင်းလုပ်ငန်းများကို ပြည်ပယှဉ်ပြိုင်မှုများမှ ကာကွယ်ပေးသည့် ရင်းနှီးမြှုပ်နှံမှုများကို ရှောင်ရှားခြင်း |

*Source*: UNCTAD(2015).

(ခ) အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏စိန်ခေါ်ချက်များ

(၁) အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ (IIAs)၏ဖွံ့ဖြိုးတိုးတက်မှုအချက်ကို ခိုင်မာ အားကောင်းစေခြင်း၊

- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များအတွက် မူဝါဒပိုင်း လူးသာလှုပ်သာ (policy space) ဖြင့် အကာအကွယ်ပေးခြင်း၊

- ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပိုမိုခိုင်မာစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေခြင်း။

(၂) **နိုင်ငံတော်နှင့်ရင်းနှီးမြှုပ်နှံသူများ၏အခွင့်အရေးနှင့်တာဝန်ဝတ္တရားများကို ချိန်ညှိပေးခြင်း**

- (IIAs) တွင်ရင်းနှီးမြှုပ်နှံသူ၏တာဝန်ဝတ္တရားများထင်ဟပ်စေခြင်း၊
- CSR မူဝါဒများမှ လေ့လာခြင်းနှင့် အခြေခံစည်းမျဉ်းများအပေါ် တည်ဆောက်ခြင်း။

(၃) **IIA စနစ်၏စနစ်ပိုင်းဆိုင်ရာ ခက်ခဲရှုပ်ထွေးမှုများကိုစီမံခန့်ခွဲခြင်း၊**

- (IIAs)၏ လွှမ်းခြုံမှုနယ်ပယ်နှင့် အကြောင်းအချက်များတွင် ကွာဟချက်များ၊ထပ်နေခြင်းများနှင့် သဟဇာတ မဖြစ်မှုများကိုကိုင်တွယ်ဖြေရှင်းခြင်းနှင့်အဖွဲ့အစည်းဆိုင်ရာ (ဥပဒေ၊ နည်းဥပဒေပိုင်း) အခက်အခဲများ နှင့် အငြင်းပွားမှုဖြေရှင်းရေး အခက်အခဲများကို ဖြေရှင်းခြင်း၊
- ကုန်သွယ်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အလုပ်သမားရေးရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များဖြင့် IIAs အပြန်အလှန် ထိရောက်စွာ ချိတ်ဆက်မှုရှိခြင်းနှင့် လိုက်လျောညီထွေမှု ရှိခြင်း။

"ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် *ရှင်းလင်းသည့် ဦးစားပေးချက်များပါဝင်သည့် မူဝါဒ ရည်မှန်းချက်များ၊ အဆိုပါ ရည်မှန်းချက်များကို ဆွတ်ခူးရမည့် အချိန်ကန့်သတ်ချက်နှင့် အဆိုပါရည်မှန်းချက်များကို အထောက် အပံ့ပေးသော အဓိကနည်းလမ်းများအပေါ် အခြေခံရေးဆွဲသင့်ပါသည်။ အဆိုပါရည်မှန်းချက်များသည် ချမှတ် သည့် မူဝါဒ၏ ထိရောက်မှုကို တိုင်းတာသည့် ပေတံတစ်ခုလည်း ဖြစ်သင့်ပါသည်။" (UNCTAD, 2015)*

ရင်းနှီးမြှုပ်နှံမှု မူဝါဒ၏ ရည်မှန်းချက်နှင့် ပန်းတိုင်များသည်တိကျသော၊ တိုင်းတာနိုင်သော၊ ရရှိနိုင် သော၊ ဆီလျှော်သော အချိန်အကန့်အသတ်ရှိသော၊ SMART မူဝါဒနှင့် ကိုက်ညီမှုရှိသင့်ပါသည်။

ပြည်တွင်းတွင် UNCTAD ၏မူဝါဒဆောင်ရွက်ချက်အဆင့် (၃) ဆင့်မှာအောက်ပါ အတိုင်းဖြစ်ပါသည်-

- **မဟာဗျူဟာမြောက်။** ။ရေရှည်တည်တံ့ခိုင်မြဲသော ရင်းနှီးမြှုပ်နှံမှုမူဝါဒအား စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်တွင်ထည့်သွင်းခြင်း။ တိုင်းပြည် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှု အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အခန်းကဏ္ဍကို အဓိပ္ပါယ် သတ်မှတ် ဖွင့်ဆို ခြင်းနှင့် မူဝါဒပိုင်းဆိုင်ရာ ညီညွတ်မှုရှိစေခြင်း။
- **စံတန်ဖိုး။** ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန်အတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုအား နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကျောင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုစည်းမျဉ်း စည်းကမ်းများအကြားသင့်လျော်အောင် ချိန်ညှိပေးခြင်း။
- **အုပ်ချုပ်မှုဆိုင်ရာ။** ။ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ မှန်ကန် တိကျစွာ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အဆိုပါ ရည်ရွယ်ချက်အတွက် သင့်လျော်သော အဖွဲ့အစည်းဆိုင်ရာ မူဘောင် များတည်ဆောက်ထားရှိခြင်း။

မူဝါဒရေးရာမူဘောင်သည် FDI ကို ဆွဲဆောင်နိုင်မည့် ဦးစားပေးအစီအစဉ်များဖြင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုအတွက် လိုအပ်သော ပင်မကဏ္ဍများကို ဖော်ထုတ်ပေးသည်။ IPFSD (Investment Policy Framework for Sustainable Development) အတွက် ပိုမိုအသေးစိတ်ကျသော ခြုံငုံဖော်ပြချက် (table 3.6)နှင့် နိုင်ငံ၏ မူဝါဒလမ်းညွှန်ချက်များစာရင်းကို **http://investmentpolicyhub.unctad.org/ Upload/**

Documents/ FINAL_WEB_POLICY_FRAMEWORK_30_NOV_2015.pdf.တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

Table 3.6. စဉ်ဆက်မပြတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အရေးပါသော ကဏ္ဍများ
*Source*: UNCTAD(2015).

| ကဏ္ဍ | အကြောင်းအရာ |
|---|---|
| လျှပ်စစ် | လျှပ်စစ်ထုတ်လုပ်ခြင်း ၊ ဖြန့်ဝေခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း |
| သယ်ယူပို့ဆောင်ရေး | လမ်းများ၊လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ရထားလမ်းများတွင် ရင်းနှီးမြှုပ်နှံမှုများ |
| Telecommunications | အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံခြင်း (fixed lines, mobile and Internet) |
| ရေနှင့် သန့်ရှင်းမှု | စက်မှုလုပ်ငန်းများနှင့် အိမ်ထောင်စုများတွင် ရေနှင့် သန့်ရှင်းရေး စနစ်ဆိုင်ရာ စည်းကမ်းချက်များ |
| အစာရေစာလုံလောက်မှုနှင့် စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ သုတေသန၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ safety nets များတွင် ရင်းနှီးမြှုပ်နှံမှုများ |
| ရာသီဥတုပြောင်းလဲမှု သက်သာစေခြင်း | သင့်လျော်သော အခြေခံအဆောက်အဦ၊ ပြန်လည်ဖွံ့ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ခြင်း၊ သုတေသနနှင့် ရာသီဥတုနှင့် ကိုက်ညီ သည့် နည်းပညာများ စသည်တို့တွင် ရင်းနှီးမြှုပ်နှံခြင်း |
| ရာသီဥတု ပြောင်းလဲမှုကို လက်ခံခြင်း | စိုက်ပျိုးရေးကဏ္ဍတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ် လာမည့် အကျိုးဆက်များ လက်ခံနိုင်စေသည့် စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်း ( မိုးခေါင်ရေရှားခြင်းနှင့် ရေကြီးမှုဒဏ်ကို ခံနိုင်သော စိုက်ပျိုးသီးနှံများ)၊ အခြေခံအဆောက်အဦ၊ ရေစီမံခန့်ခွဲမှု၊ ကမ်းရိုးတန်းဒေသများ |
| Eco-systems/ bio-diversity | eco-systems, ပင်လယ်ထွက်ကုန်များ စီမံခန့်ခွဲမှု၊ ရေရှည် သစ်တောများ ကာကွယ်ရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ |
| ကျန်းမာရေး | အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများ ဥပမာ- ဆေးရုံသစ်များ၊ ဆေးဝါးသစ်များ သုတေသနနှင့် ဖွံ့ဖြိုးရေး |
| ပညာရေး | အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများ ဥပမာ- ကျောင်းအသစ်များ |

အခြားသော မူဝါဒမူဘောင်များကဲ့သို့ UNCTAD ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒမူဘောင်သည် မေခရို အဆင့် (နိုင်ငံအဆင့်) ရေရှည်တည်တံ့ခိုင်မြဲသော FDI အတွက် အညွှန်းများပါရှိသော်လည်း မိုက်ခရိုအဆင့် (လုပ်ငန်းအဆင့်)တွင် FDI အား လက်ခံသည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များ၊ ဦးစားပေးချက်များနှင့် ကိုက်ညီမည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကိုအားပေးသည့် ထိရောက်သော အကောင်အထည်ဖော်မှု ဖြစ်စဉ်နှင့်

ပတ်သက်၍ ဖော်ပြရန်ပျက်ကွက်သည်ဟု ဝေဖန်ခံရသည်။ ဥပမာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု သည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိဆိုသည့်အချက်ကို စိစစ်နိုင်သည့် ဘက်စုံအသုံးချ လုပ်ငန်းစဉ်တစ်ခု မပါရှိဟု Kline (2012) က လေ့လာသုံးသပ်ထားသည်။ ထို့ကြောင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်တစ်ခုသည် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှုစနစ် ဦးတည် ချက်များအပေါ် ဆက်စပ် အကျိုးသက်ရောက်မှုများ ရှိ၊ မရှိကို ကူညီဆန်းစစ်ပေးနိုင်သော လုပ်ငန်းစဉ် အကောင် အထည်ဖော်မှု နည်းလမ်းတစ်ရပ် လိုအပ်ပါသည်။

UNCTAD ၏ရင်းနှီးမြှုပ်နှံမှု မူဝါဒမူဘောင်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDGs) ရှိ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအတွက် လုပ်ငန်းစဉ်တစ်ခုမှ ထွက်ရှိလာခြင်းဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်တွင် SDGs ရှိ (နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသာမက) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအတွက် မဟာ ဗျူဟာမြောက် မူဘောင်တစ်ရပ်နှင့် SDG ကဏ္ဍများတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှု တိုးတက်စေမှုနှင့်အတူ မူဝါဒ ဆိုင်ရာ အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် လမ်းညွှန်ချက်ချမှတ်ခြင်းတို့ ပါဝင်ပါသည်။ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုသည် SDGs ပန်းတိုင်များကို ရရှိရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြုံတွေ့နေရသော နှစ်စဉ် (၂.၅) ထရီလီယံ ရင်းနှီးမြှုပ်နှံမှု ကွာဟချက်ကို ဖြေရှင်းနိုင်ရန်လိုအပ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်သည် စီးပွားရေး အလေ့အကျင့်များတွင် ကောင်းမွန်သောစီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှု စသည့် အဓိက ပုံစံနှစ်မျိုးကို ထောက်ပံ့ပေးနိုင်သည်ဆိုသည့် ပုဂ္ဂလိကကဏ္ဍ သဘောထားပေါ်တွင် အခြေခံ ပါသည်။ ၎င်းတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက်ပုဂ္ဂလိကကဏ္ဍ၏ ကတိကဝတ်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အလေ့အကျင့်များ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်း၊ ထိခိုက်နစ်နာမှုကို ရှောင်ရှားရန် တာဝန်နှင့် ကန့်သတ် တားမြစ်ခြင်း မရှိသော်လည်း ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်များကို မြင့်တက်လာ စေခြင်း တွင် အစိုးရ နှင့်အတူ မိတ်ဖက်ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်ပါသည်။

အဆိုပါ လုပ်ငန်းစဉ်ကို http://unctad.org/en/PublicationsLibrary/osg2015d3_en.pdf. တွင် ကြည့်ရှုနိုင် ပါသည်။

UNCTAD မှတပါး အခြားအဖွဲ့အစည်းများသည် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုအတွက် ကိုယ်ပိုင် မူဝါဒ မူဘောင်များကို ပြဋ္ဌာန်းထားပါသည်။ အိုအီးစီဒီသည် ထင်ရှားသော သာဓကတစ်ခုဖြစ်ပါသည်။ မေခရို အဆင့် အခက်အခဲများကို ဖြေရှင်းရန် ၎င်းတို့ကိုယ်တိုင် သတ်မှတ်ထားသည့် အဆိုပါ မူဘောင်များ ရှိသော်ငြား လည်း စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများကို မဖြေရှင်းနိုင်ကြပေ။ အိုအီးစီဒီသည် ရင်းနှီးမြှုပ်နှံမှု မူဝါဒမူဘောင် ၂၀၀၆ ကို ၂၀၁၅ ခုနှစ်တွင် အသစ်ပြင်ဆင်ခဲ့ပါသည်။

## Box 3.14. OECD ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒမူဘောင်

၂၀၁၅ ခုနှစ်တွင် OECD မှ ရင်းနှီးမြှုပ်နှံမှု မူဝါဒမူဘောင် ကို ထုတ်ဝေခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုအတွက် မူဝါဒမူဘောင်၏ ရည်ရွယ်ချက်မှာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို စည်းရုံးနိုင်စေရန် ဖြစ်ပါသည်။ ၎င်းတို့သည် တည်ငြိမ်သော စီးပွားရေးတိုးတက်မှုများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ထောက်ပံ့ခြင်း၊ ကမ္ဘာပေါ်ရှိ လူသားများ၏ စီးပွားရေးနှင့် လူမှုရေး ကောင်းမွန်ခြင်းများကို ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။ ၎င်းအပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ ၂၀၃၀ Agenda ကို ကူညီထောက်ပံ့ပေးရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဤမူဘောင်သည် ရင်းနှီးမြှုပ်နှံမှု ပုံစံအားလုံးကို ဆောင်ရွက်နိုင်ရန်အတွက် ကောင်းမွန်သောဝန်းကျင်ကိုဖန်တီးရန် စိတ်ဝင်စားသည့် အစိုးရများအတွက် အဓိကမူဝါဒများ ချမှတ်ရာတွင် လိုအပ်သော အရာတစ်ခုဖြစ်ပြီး လူထုအတွက် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်များကို ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။

ဤမူဘောင်သည် မူဝါဒများကို ဘက်ပေါင်းစုံမှ ပေါင်းစည်းပေးနိုင်ပြီး ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်း၊ ကုန်သွယ်မှုမူဝါဒ၊ ယှဉ်ပြိုင်မှု မူဝါဒ၊ အခွန်မူဝါဒ၊ အစိုးရ စီမံအုပ်ချုပ်မှု၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု၊ တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ မူဝါဒ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး '၊ အစိမ်းရောင် တိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမူဘောင်၊ အခြေခံအဆောက်အဦများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီမြှုပ်နှံမှုအတွက် ငွေကြေးအရင်းအနှီးများ အပါအဝင် ကမ္ဘာပေါ်တွင် ကျင့်သုံးလျက်ရှိသည့် အလေ့ကျင့်ကောင်းများရေးဆွဲနိုင်မည် ဖြစ်ပါသည်။ ဤမူဘောင်သည် အစိုးရများအား မူဝါဒ ဧရိယာများကို တစ်ခုတည်းဖြစ်အောင် ထည့်သွင်းစဉ်းစားနိုင်မည် ဖြစ်ပြီး စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပန်းတိုင်များကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

**<u>ဤမူဘောင်သည် မူဝါဒချမှတ်သူများအတွက် ဦးဆောင်နိုင်မည့် အောက်ဖော်ပြပါ ဧရိယာများတွင် မေးခွန်းများစွာပါဝင်မည် ဖြစ်သည် :</u>** ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်း၊ ကုန်သွယ်မှုမူဝါဒ၊ ယှဉ်ပြိုင်မှု မူဝါဒ၊ အခွန်မူဝါဒ၊ အစိုးရ စီမံအုပ်ချုပ်မှု၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု၊ တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ မူဝါဒ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး '၊ အစိမ်းရောင် တိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုမူဘောင် ။ မူဘောင် အပြည့်အစုံကို ဖော်ပြပါ :**<u>http://www.oecd.org/investment/investment-policy/Policy-Framework-for-Investment-2015-CMIN2015-5.pdf တွင် ရရှိနိုင်ပါသည်။</u>**

*Source*: OECD (2015)

G 20 သည် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းအတွက် လမ်းညွှန်ချက်တစ်ရပ်ကို ဖြစ်ပေါ် လာစေသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့တစ်ရပ်ကို ထူထောင်ခဲ့ပါသည်။ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၉ရက်နေ့နှင့် ၁၀ရက်နေ့တွင် တရုတ်သမ္မတရုံးမှ ဦးဆောင် ကျင်းပ ပြုလုပ်ခဲ့သော G20 အစည်းအဝေးတွင် G20 ကုန်သွယ်ရေးဝန်ကြီးများသည် "အားလုံးပါဝင်နိုင်သော တောင့်တင်း ခိုင်မာပြီး ရေရှည်တည်တံ့နိုင်မည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်" အဆိုတစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ တချိန်တည်းမှာပင် ဝန်ကြီးများသည် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဝါဒ ချမှတ်ခြင်းအတွက် လမ်းညွှန်ချက်မူဝါဒများနှင့်ပတ်သက်၍ သဘောတူညီခဲ့ကြပါသည်။

**Box 3.15. G20 အဖွဲ့ဝင်များမှ ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းအတွက် အထွေထွေ လမ်းညွှန်**

(၁) ရင်းနှီးမြှုပ်နှံမှုအတွက် ပွင့်လင်းမြင်သာပြီး ကမ္ဘာ့ မူဝါဒနှင့် လိုက်လျောညီထွေရှိမည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်

(၂) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ခြင်းကို မြှင့်တင်ရန်

(၃) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကိုမြှင့်တင်ရန် စသည့် ရည်ရွယ်ချက် များဖြင့် G20 အဖွဲ့ဝင်များမှ ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်သူများအတွက် အထွေထွေ လမ်းညွှန်မှုပြုနိုင်မည့် အောက်ဖော်ပြပါ စည်းနှောင်ခြင်းမရှိသော စည်းကမ်းချက်များကို အဆိုပြုခဲ့ကြ ပါသည်-

၁။ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏အင်ဂျင်တစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံမှု၏ အခန်းကဏ္ဍကို အသိအမှတ် ပြုရန်၊ အစိုးရမှ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ အတွက် ပြည်တွင်းမှ ရင်းနှီး မြှုပ်နှံမှုများကို အကာအကွယ်ပေးခြင်းမှ ရှောင်ကြဉ်ရန်

၂။ ရင်းနှီးမြှုပ်နှံမှု မူဝါဒများသည် ရင်းနှီးမြှုပ်နှံမှုများအတွက် ပွင့်လင်းမြင်သာမှု၊ မခွဲခြားမှုနှင့် ကြိုတင် ခန့်မှန်းနိုင်မှုရှိစွာ ရေးဆွဲရန်

၃။ ရင်းနှီးမြှုပ်နှံမှု မူဝါဒများသည် ဥပဒေအရ ဆောင်ရွက်နိုင်စွမ်းနှင့် ရင်းနှီးမြှုပ်နှံသူ နှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အငြင်းပွားမှုများကို ကာကွယ်ရန်နှင့် ဖြေရှင်းရန် အတွက် ကောင်းမွန်သော နည်းလမ်းများ ရရှိနိုင်ခြင်းနှင့် ဥပဒေသက်ဝင်စေသည့် နည်းလမ်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများကို အကာ အကွယ် ပေးနိုင်စေသင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းသည့် နည်းလမ်းများသည် ပွင့်လင်းမြင်သာမှုရှိပြီး အကြမ်းဖက်မှုမှ ကာကွယ်ရန် ကောင်းမွန်သော နည်းလမ်းများ ရှိသင့်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ရာတွင် Stakeholders များအားလုံး ပါဝင်နိုင်သည့် အခွင့်အရေးနှင့် အတူ ပွင့်လင်းမြင်သာမှုရှိပြီး rule of law ကို အခြေခံသည့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ ပါဝင်သင့်ပါသည်။

၅။ ရင်းနှီးမြှုပ်နှံမှုကို အကျိုးသက်ရောက်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် အခြားသော မူဝါဒများသည် ပြည်တွင်းပြည်ပအဆင့်တွင် ကျိုးကြောင်း ဆီလျော်မှုရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး နှင့် inclusive growth များ၏ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်သင့်ပါသည်။

၆။ အစိုးရများမှ ပြည်သူ့မူဝါဒများ ချမှတ်ရန် ရည်ရွယ်ချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေပြုသည့် အခွင့်ရရှိသင့်ပါသည်။

၇။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းအတွက် မူဝါဒများသည် ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ လုပ်ငန်း များကို တိုးချဲ့ရန်နှင့် တည်ထောင်ဆောင်ရွက်နိုင်စေရန် စီးပွားရေးအရ အကျိုးအမြတ်

အများဆုံး ရရှိနိုင်ပြီး ထိရောက်ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်သင့်ပြီး လွယ်ကူ ချောမွေ့ စေခြင်းနှင့်အညီ ပွင့်လင်းမြင်သာမှုကို အားပေးသင့်ပါသည်။

၈။ ရင်းနှီးမြှုပ်နှံသူများ၏ နိုင်ငံတကာမှ အလေ့ကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများနှင့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုများ၏ အကျိုးဝင်သော အရာများဖြင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ များကို မြှင့်တင်ခြင်းနှင့် လွယ်ကူ ချောမွေ့စေခြင်းများ ဆောင်ရွက်သင့်ပါသည်။

၉။ နိုင်ငံတကာ အသိုင်းအဝန်းမှ ရင်းနှီးမြှုပ်နှံမှုအတွက် ဆောင်ရွက်နိုင်စွမ်းနှင့် ပွင့်လင်းမြင်သာမှု ရှိသည့် အမြင်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒဆိုင်ရာ စိန်ခေါ်မှုများကို ဝေမျှသွားကြရန် ဆက်လက် ဆောင်ရွက်သင့်ပါသည်။

ဖော်ပြပါ အချက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး အချင်းချင်း အပြန်အလှန် ဆောင်ရွက် ကြရမည် ဖြစ်ပါသည်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုမူဝါဒ ချမှတ်မှုများတွက် နိုင်ငံတကာ ကတိကဝတ် များနှင့်အညီ ရည်ညွှန်း ဆောင်ရွက်နိုင်မည် ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်များနှင့် ဦးစားပေး ကဏ္ဍများအတွက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် UNCTAD ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ မူဘောင်ကို ရေးဆွဲခဲ့ ပါသည်။ Zhan (2016) အရ ဖော်ပြပါ အချက်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် inclusive growth၊ ပြည်သူ့မူဝါဒချမှတ်ရန် ရည်ရွယ်ချက်နှင့် တာဝန်ယူမှုရှိသော စီးပွားရေး အလေ့ အကျင့်ကောင်းများကို လမ်းညွှန် ပေးနိုင်ရန် စသည့် အဓိက ရင်းနှီး မြှုပ်နှံမှု မူဝါဒအသစ်များ ထုတ်လုပ် နိုင်မည့် အချက်များ ပါဝင်ပါသည်။ ၎င်းတို့သည် လက်ရှိ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် ပါဝင် သည့် အားနည်းသည့် (သို့မဟုတ်) မပါဝင်သည့် အဓိက အကြောင်းအရာများ ဖြစ်ပါသည်။

ပြည်တွင်း/ပြည်ပ မူဝါဒများအကြား မူဝါဒဆီလျော်မှုရှိစေခြင်းကို အားကောင်းစေပြီး ရင်းနှီးမြှုပ်နှံမှု မူဝါဒ နှင့် အခြား မူဝါဒများအကြား လိုက်လျောညီထွေရှိမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေသည့် အချက် များကို ဖြစ်ပေါ်စေပါသည်။ လုပ်ငန်းများနှင့် နိုင်ငံတို့၏အခွင့်အရေးနှင့် လိုက်နာရမည့်အချက်များ အကြား၊ သာတူညီမျှရှိခြင်းနှင့် မူဝါဒချမှတ်ခြင်းအကြား၊ လက်ခံရာနိုင်ငံများ၏ မဟာဗျူဟာကျသော အကျိုး အမြတ် များအကြား သာတူညီမျှရှိခြင်းကို ရှာဖွေ လျက်ရှိပါသည်။

*Source:* Annex III of the G20 Trade Ministers Statement, 9-10 July, Shanghai: http://www.g20.org/English/Documents/Current/201607/t20160715_3057.html

## ၂။ လူမှုရေးတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း

အခန်း (၁) တွင်ရှင်းလင်းထားသည့်အတိုင်း လူမှုရေးတာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုသည် (SRI) ပြည်တွင်းနှင့် ပြည်ပစဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ လူမှုရေး အရ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု (SRI) သည် ၁၉၉၀အစောပိုင်းတွင် ပေါ်ပေါက်လာခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ချရာတွင် လူမှုရေးနှင့် လူ့ကျင့်ဝတ်များကို ထည့်သွင်းစဉ်းစားသည့် အလေ့အကျင့်မှာ

တရားဝင်ပုံစံ ဖြစ်လာခဲ့သည်။ အခြေခံအကျဆုံးပုံစံတွင် SRI သည် ပတ်ဝန်းကျင်ဆိုင်ရာ လူမှုရေးဆိုင်ရာနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမှ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ချမှတ်ခြင်း စသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်ဖြစ်သည်။ SRI တွင် အနုတ်လက္ခဏာ ဆောင်သည့် စစ်ဆေးခြင်း (သို့မဟုတ်) ဆေးရွက်ကြီး၊ လောင်းကစားနှင့် ကာကွယ်ရေးကဲ့သို့သော ပတ်ဝန်းကျင်ထိခိုက်မှု (သို့မဟုတ်) လူမှုရေးကို ထိခိုက်စေသည်ဟု ထင်မှတ်ရသော ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းမဟုတ်သော ကဏ္ဍများတို့ ပါဝင်သည်။ SRI ၏အခြားနည်းစနစ်မှာ အနုတ်လက္ခဏာ စစ်ဆေးခြင်းထက် ကျော်လွန်ပြီး Shareholder adovacy မှတဆင့် ကုမ္ပဏီဦးဆောင်မှုပိုင်းနှင့်အတူ တက်ကြွစွာ စေ့စပ်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ထိုအခြေအနေမျိုးတွင် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများကို ကဏ္ဍများအလိုက် သေချာစွာ စစ်ဆေးခြင်းသာမက ၎င်းတို့ ရင်းနှီးမြှုပ်နှံသည့်ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုကို မြင့်တင်နိုင်ရန်အလို့ငှာ ကုမ္ပဏီအများ၏ စီမံခန့်ခွဲမှုကို လွှမ်းမိုးနိုင်သော ၎င်းအစုရှယ်ယာရှင်များ၏ အခွင့်အာဏာကို အသုံးပြုကြပါသည်။

လူမှုရေးအရတာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှု (SRI)အများစုသည်နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ထက်စာလျှင် ကုန်သွယ်မှုပြုလုပ်သည့် ကုမ္ပဏီများ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံလေ့ရှိသော ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေတစ်ရပ်ကို ပုံမှန်အားဖြင့်ရည်ညွှန်းလေ့ရှိပါသည်။ SRI ရန်ပုံငွေတစ်ခုချင်းစီသည် အနုတ်လက္ခဏာဆောင်သည့် ပုံစံအတွက် ၎င်းတို့၏ကိုယ်ပိုင်စံသတ်မှတ်ချက်များကို အဓိပ္ပါယ်သတ်မှတ်ကြပြီး ထိုအတွက် ၎င်းတို့ရှယ်ယာရှင်များ၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးကြပါသည်။ ရင်းနှီးမြှုပ်နှံသူ (သို့မဟုတ်) ၎င်းတို့၏ တန်ဖိုးများနှင့် တန်းညှိနိုင်မည့်မည်သည့်ရန်ပုံငွေ၏ စစ်ဆေးနည်းစံသတ်မှတ်ချက်များသည် ၎င်းတို့၏ ရွေးချယ်မှုပင်ဖြစ်ပါသည်။ SRI ရန်ပုံငွေများသည် ရင်းနှီးမြှုပ်နှံသူတို့၏ လုပ်ငန်းတစ်ခုနှင့် ပတ်သက် သည့် စွန့်စားရမှု အကဲဖြတ်မှတ်တမ်းလွှာ (risk profile) ဟုခေါ်သည့်ပြည်သူများ၏ လုံခြုံရေးတွင် ရင်းနှီး မြှုပ်နှံသည့် အခြားရန်ပုံငွေပုံစံများနှင့် ကွဲပြားခြားနားခြင်းမရှိပါ။ ရင်းနှီးမြှုပ်နှံသူများတွင် ရန်ပုံငွေ၏တူညီသော စွန့်စားရမှု အကဲဖြတ်မှတ်တမ်းလွှာများနှင့် ရွေးချယ်ရမည့်ကဏ္ဍနှင့် SRI ထုတ်ကုန်များသည် လက်ကားနှင့် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအတွက် ရရှိနိုင်ပါသည်။ (ESCAP, ၂၀၁၃)

အမျိုးသားအဆင့်နှင့်နိုင်ငံပေါင်းစုံ ကနဦးဆောင်ရွက်မှုများနှင့် အဖွဲ့အစည်းများသည် လူမှုရေးအရ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု (SRI) လုပ်ငန်းကို ထောက်ပံ့ကူညီခြင်း၊ တိုးမြှင့်စေခြင်းနှင့် ကောင်းမွန်သော အလေ့အကျင့်များအာ ချမှတ်ခြင်းစသည့် ုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းများ လည်ပတ်ခြင်းတွင် တာဝန်ယူမှုရှိသော လုပ်ငန်းအလေ့အကျင့်များကိုချမှတ်သော စီးပွားရေးလုပ်ငန်းများအားလုံးအတွက် အသုံးဝင်သော United Nations Global Compact မူဝါဒများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်များကို ထောက်ပံ့ပေးထားပါသည်။ သို့သော်လည်း အဆိုပါနည်းလမ်းများကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် အသုံး မပြုနိုင်ပါ။ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် United Nations Global Compact-backed မူဝါဒများသည် နည်းလမ်း ၆ ခုရှိပြီး အဆိုပါနည်းလမ်းများသည် ရင်းနှီးမြှုပ်နှံသူများ၏ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကော်ပိုရိတ်စီမံခန့်ခွဲမှုဆိုင်ရာ (ESG) အချက်အခဲများအပေါ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်နှင့်စပ်လျဉ်းသည့် Voluntary မူဘောင်တစ်ရပ်ကို ထောက်ပံ့ပေးထားပါသည်။ အခြားသောသာဓကမှာ Gobal Reporting Initiative (GRI) ဖြစ်ပါသည်။ ယင်းမှာ ရေရှည်ဖြစ်ပေါ်နေသော အချက်အခဲများနှင့်စပ်လျဉ်း၍ တူညီသော အစီရင်ခံစာ တင်ပြမှု အတွက် Voluntary စံသတ်မှတ်ချက်များကို ပံ့ပိုးပေးထားပြီး TNCs နှင့် ESG ဆိုင်ရာအချက်အခဲများအပါအဝင် ကုမ္ပဏီများက အစီရင်ခံတင်ပြသည့်နည်းလမ်းကို စံချိန်စံညွှန်းမီစေရန် ကူညီပေးထားပါသည်။

TNC များနှင့်ပတ်သက်၍ နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ MNE အတွက် OECD ၏ ချည်နှောင်ခြင်း မရှိသော လမ်းညွှန်ချက်များသည် တာဝန်ယူမှုရှိသော TNC အမူအကျင့်များအတွက် ပြည့်စုံသော လမ်းညွှန်ချက်များ ချမှတ်နိုင်ရန်အတွက်ဖြစ်ပါသည်။ ထို့အပြင် လူမှုရေးဆိုင်ရာတာဝန်ယူမှုရှိသော နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်း (ISO) 26000 ကဲ့သို့ အမျိုးမျိုးသော "Multi-stakeholder ကနဦးစံသတ်မှတ်ချက်" များလည်းရှိပါသည်။ Extractive Industries Transparency Initiative (EITI) ကဲ့သို့သော တူညီသည့် စံချိန်စံညွှန်းများလည်း ရှိပါသည်။ အခွင့်အရေးများ၊ လူနေမှုဘဝများနှင့် သယံဇာတများ (PRAI) နှင့် စပ်လျဉ်းသည့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် မူဝါဒများကို UNCTAD၊ FAO၊ IFAD နှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးတွဲချမှတ်ခဲ့ကြပါသည်။ နောက်ဆုံးတွင် စက်မှုအသင်း ကုတ်နံပါတ် များနှင့် ကုမ္ပဏီတစ်ခုချင်းစီ၏ ကုတ်နံပါတ်များရှိပြီး ယင်းတို့ကို supply chain တွင် အသုံးပြုပါသည်။ UNCTAD ၏ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ ၂၀၁၁ သည် လုပ်ငန်းမျိုးစုံတွင် အသုံးပြုသင့်သည့် (CSR) အတွက် နိုင်ငံတကာ စံချိန်စံညွှန်းများ၏ ယေဘုယျအမြင်ကို ဖော်ပြထားပါသည်။

UNCTAD (2011c)တွင် အောက်ဖော်ပြပါ စံချိန်စံညွှန်းများနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုအမျိုးမျိုးကို ဖော်ပြထားပါသည်-

- ကွာဟချက်များ၊ ထပ်နေခြင်းများနှင့် လိုက်လျောညီထွေ မဖြစ်မှုများ၊
- ၎င်းတို့၏အဖွဲ့အစည်းတွင် ပြင်ပမှ Stakeholder များပါဝင်မှုကို ကန့်သတ်ထားခြင်း၊
- CSR စံချိန်စံညွှန်းများသည် အမျိုးသားဥပဒေပြုရေး ကြိုးပမ်းအားထုတ်မှုများကို လျော့ပါးစေနိုင်ပြီး ဥပဒေပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အစားမထိုးနိုင်ခြင်း၊
- တူညီမှုမရှိခြင်း၊ စံသတ်မှတ်ချက်မရှိခြင်းနှင့် နှိုင်းယှဉ်မှုမရှိဘဲ ဆက်လက်အစီရင်ခံတင်ပြခြင်း။
- စံသတ်မှတ်ချက်များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် အစုရှယ်ယာရှင်များအတွက် မတူညီသော ကနဦးဆောင်ရွက်ချက်များကို ဆန်းစစ်ရန် နှင့် နှိုင်းယှဉ်ရန်ခက်ခဲစေခြင်း။
- ကုမ္ပဏီများအပေါ် ဝန်ထုပ်ဝန်ပိုးကြီးမားစေပြီးလိုက်နာမှုအားနည်းခြင်း၊
- CSR စံညွှန်းများကိုလည်း နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကောက်အခွန် မဟုတ်သော အတားအဆီးများကဲ့သို့ အဓိပ္ပာယ် သတ်မှတ်နိုင်သည်။

SRI ၏အခြားပုံစံမှာ လူမှုရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်ခြင်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်ခြင်းဟူသော သဘောထားအမြင်မှာ ၁၉၉၀ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၀၀ ခုနှစ် အစောပိုင်းတွင် လူမှုရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့နှင့် ဆွေးနွေးခြင်းမှ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ စီးပွားရေး ကဏ္ဍအနေဖြင့် အကျိုးအမြတ် အများဆုံး ရရှိရေးကိုသာ မျှော်မှန်းနေစဉ်တွင် အကျိုးအမြတ် မယူသော အဖွဲ့အစည်းများနှင့် အစိုးရတို့သည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနှင့် လူမှုရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန် တာဝန်ရှိသော အဖွဲ့အစည်းများဖြစ်ပါသည်။ အဆိုပါ အတွေးအခေါ်သည် စီးပွားရေး လုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာအစီအစဉ်များကို ထောက်ပံ့နိုင်သည် ဆိုသည့် အသိတရားပေါ်တွင်မူတည်ပြီး နောက်ဆုံးတွင် ပြောင်းလဲဖြစ်ပေါ်လာသည်။ စီးပွားရေး ကဏ္ဍသည် လူမှုရေးနှင့်ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီစေရေးဆောင်ရွက်နေစဉ်တွင် လူမှုရေး

ကဏ္ဍသည် ဈေးကွက်နှင့် ချိတ်ဆက်လျက်ရှိပါသည်။ သာမာန်အားဖြင့် SRI ရန်ပုံငွေမှတဆင့် SRI သည် ကုန်သွယ်ရေး အာမခံချက်တွင် ရင်းနှီးမြှုပ်နှံမှုကို ရည်ညွှန်းစဉ်တွင် ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်မှုသည် ပုဂ္ဂလိကဏ္ဍကို ရည်ညွှန်းပါသည်။ ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်မှုများသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် အမျိုးမျိုးသော ရန်ပုံငွေများမှတဆင့် ဆောင်ရွက်နိုင်ပြီး charities မှ စီးပွားရေး လုပ်ငန်းကြီး များသို့ ဥပဒေပိုင်းဆိုင်ရာဖွဲ့စည်းမှုအသွင်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်သည်။ ရန်ပုံငွေ ရရှိစေရန် အတွက် အကျိုးအမြတ်ရှာဖွေခြင်း (သို့မဟုတ်) အကျိုးအမြတ်အကြောင်းအရင်းတစ်ခုမရှိဘဲ လူမှုရေး (သို့မဟုတ်) ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များ တစ်ခုမဟုတ်တစ်ခုကို ရရှိနိုင်သော်လည်း ကုမ္ပဏီတစ်ခု သည် လူမှုရေး (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်မှုတွင် ယင်း၏ရည်မှန်းချက်များကို ပြည့်မီရန် ချိတ်ဆက် ဆောင်ရွက်နေစဉ်တွင် အကျိုးအမြတ်မရရှိနိုင်ပါ။

ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်ခြင်းနှင့် လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတို့မှာ ဆက်စပ်နေပါသည်။ လူမှုရေး ဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများသည် ဥပဒေအရ ဖွဲ့စည်းထားသည့် ပုံစံ မဟုတ်သော်လည်း လူမှုရေး (သို့မဟုတ်) ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖန်တီးနိုင်စေရန် ဈေးကွက်ကို အခြေခံသည့်ပုံစံကို အသုံးပြု ကြပါခြင်း ဖြစ်သည်။ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းများသည် ၎င်းတို့လက်ခံကျင့်သုံးသော ဥပဒေများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မတူညီသည့်ဥပဒေအဖွဲ့များတွင် ဝင်ရောက်လာကြပါသည်။ လူမှုရေးဆိုင်ရာလုပ်ငန်းများသည် မိရိုးဖလာလုပ်ငန်းများ၊ အကျိုးအမြတ် မယူသော အဖွဲ့အစည်းများကဲ့သို့ တရားဝင်ဖွဲ့စည်းနိုင်ပါသည်။ ဥပမာအားဖြင့် အကျိုးအမြတ် မယူသော အဖွဲ့အစည်း တစ်ခုသည် လုပ်ငန်းတစ်ခုလုံးကို အပြည့်အဝပိုင်ဆိုင်ပြီး ထိန်းချုပ်နိုင်ပါသည်။ လုပ်ငန်းစုတစ်ခု (TNC) သည် လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်သည့်အခါ ယင်းသည် လူမှုရေးဆိုင်ရာလုပ်ငန်းတစ်ခုကို ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ လူမှုရေးလုပ်ငန်းတစ်ခုသည် ၎င်း၏လုပ်ငန်းလည်ပတ်ရာတွင် ကျင့်သုံးလိုက်နာရမည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း လေ့အကျင့်များအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းတစ်ခုသာ မဟုတ်သော်လည်း အမှန်တကယ်အားဖြင့် လူမှုရေး (သို့မဟုတ်) ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကို ရရှိရန် တည်ရှိနေခြင်းဖြစ်သည်။ အဆိုပါ လူမှုရေးလုပ်ငန်းသည် အကျိုးအမြတ်အတွက် (သို့မဟုတ်) အကျိုးအမြတ် မယူသော လုပ်ငန်းဖြစ်နိုင်သည်။ ဥပမာအားဖြင့် အကျိုးအမြတ်ယူသော လူမှုရေး လုပ်ငန်းတစ်ခုမှာ လုပ်ငန်းစုများ၊ လူမှုရေး (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုတွင် ပါဝင်နိုင်ရန် လုပ်ငန်းများ အတွက် လေ့ကျင့်သင်တန်းပေးသည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်များ အစီအစဉ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သည့် Global Institute for Tomorrow (GIFT) အဖွဲ့အစည်း ဖြစ်သည်။

### Box 3.16. GIFT and the Global Leadership Programme

Global Institute for Tomorrow (GIFT) သည် ဟောင်ကောင်အခြေစိုက် ပစိဖိတ်-အာရှဒေသ think tank တစ်ခုဖြစ်ပြီး စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် အနောက်နိုင်ငံများမှ အာရှ နိုင်ငံများသို့ လွှမ်းမိုးမှုများ၊ စီးပွားရေးနှင့် လူမှု ပတ်ဝန်းကျင် အကြား ဆက်နွယ်မှု၊ နိုင်ငံတစ်နိုင်ငံ၏ အခန်းကဏ္ဍနှင့် ကမ္ဘာ့အရင်းအနှီး၏ မူဝါဒများ ပြန်လည် ချမှတ်ခြင်း အပါအဝင် နိုင်ငံတကာ ကိစ္စရပ်များကို လေ့လာသော နေရာတစ်ခုဖြစ်ပါသည်။ GIFT သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့် ဦးဆောင်မှုပေးနိုင်မည့် အောင်မြင်သော နည်းလမ်းကို ရရှိခဲ့ပါသည်။

၎င်းအစီအစဉ်များအနက်မှ Global Leadership Programme (GLP) သည် ၂၁ ရာစုတွင် ဖြစ်ပေါ်လျက်ရှိသော လူဦးရေ ထူထပ်ခြင်း၊ ကြိုတင်မခန့်မှန်းနိုင်သည့် ရာသီဥတု ပြောင်းလဲခြင်း၊ နည်းပညာ ရှေ့ရောက်ခြင်းနှင့် ငွေကြေး အကြပ်အတည်းများကို ပိုမို နားလည်စေရန် လေ့လာသည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။ ၎င်းအစီအစဉ်သည် ပါဝင်သူများကို စီးပွားရေး ပုံစံများ၊ ဈေးနှုန်းသတ်မှတ်ခြင်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်းများနှင့် ၎င်းတို့၏ ကြွယ်ဝမှုများကို ထိရောက်စွာ စဉ်းစားစေခဲ့ပါသည်။

၎င်းသည် လက်တွေ့နှင့်အခြေခံကျသည့် ရလဒ်များနှင့် ဆက်စပ်လျက်ရှိသည့် လေ့ကျင့်ခန်းတစ်ခု ဖြစ်ပါသည်။ ၎င်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်တက်ရောက်သူများကို ဖွံ့ဖြိုးဆဲနိုင်ငံများမှ field project များသို့ စေလွှတ်ခဲ့ပါသည်။ ပါဝင်သူများအနေဖြင့် လုပ်ငန်းစီမံချက်တစ်ခုကို အကောင်ထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပြီး ၎င်းတို့၏ ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပါဝင်တက်ရောက်သူများသည် မရင်းနှီးသော ပတ်ဝန်းကျင်တွင် ၎င်းတို့၏ အရည်အသွေးကို အဆင့်အမျိုးမျိုးဖြင့် စစ်ဆေးခံရပြီး အောင်မြင်သော ရလဒ်တစ်ခုရရှိစေရန် မတူညီသော ယဉ်ကျေးမှုနှင့် နောက်ခံများကို အောင်မြင်စွာ ပေါင်းစည်း ဆောင်ရွက်နိုင်သည့် အရည်အချင်းများ ရရှိစေမည် ဖြစ်ပါသည်။ ၎င်းရလဒ်သည် အခြေခံအားဖြင့် စီးပွားရေးစီမံချက်တစ်ခု ဖြစ်ပါသည်။ အခြေအနေအမျိုးမျိုးတွင် ၎င်းစီးပွားရေးစီမံချက်များသည် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

GLP မှအပ GIFT သည် အခြားသော သင်တန်းများကို အဆင့်မြင့်ပညာရေးစနစ်ကို ရည်ရွယ်ပါသည်။ ၎င်းတို့၏ သင်တန်းများတွင် GIFT သည် နှစ်ဆယ်ရာစုနှစ်များမှ စီမံခန့်ခွဲမှုဆိုင်ရာ သီအိုရီများကို အခြေခံခြင်းမဟုတ်ဘဲ အဆင့်မြင့် ပညာရေး စနစ်သို့ ချဉ်းကပ်ရန် ဖြစ်ပါသည်။ ၎င်းချဉ်းကပ်ခြင်းများသည် လွတ်လပ်သော ဈေးကွက်များ၊ နည်းပညာနှင့် စားသုံးမှု မြင့်မားလာခြင်းနှင့် ကမ္ဘာပေါ်တွင် အမှန်တကယ် ဖြစ်ပျက်လျက်ရှိသော အကြောင်းအရာသစ်များကို အသိအမှတ်ပြုပြီး ရိုးရှင်း လွယ်ကူသဘောပေါက်မှု၏ အလွန်မှ ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိပြီး လက်ရှိအချိန်နှင့် စီးပွားရေး ပုံသဏ္ဌာန်များ၏ တောင်းဆိုမှုအရ ပြည်သူ့ မူဝါဒများကိုပြန်လည်စဉ်းစားရမည့် အချိန် ဖြစ်ပါသည်။

*Source:*Available from **http://www.global-inst.com**.

ယခုအချိန်အထိ လူမှုရေးဆိုင်ရာလုပ်ငန်းစုများမှာ ရှားပါးလျက်ရှိပြီး လူမှုရေးလုပ်ငန်း အများစုမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖြစ်ပါသည်။ သို့သော်လည်း အစိုးရအနေဖြင့် အိမ်ရှင်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြား ကုမ္ပဏီများအပါအဝင် လုပ်ငန်းအားလုံးအတွက် တာဝန်ယူမှု ရှိသော စီးပွားရေးလုပ်ငန်း အလေ့အကျင့်များ (သို့မဟုတ်) ကျင့်ဝတ်များ (RBC) နှင့် တာဝန်ယူမှု ရှိသော စီးပွားရေးလုပ်ငန်းများ (CSR) နှစ်ရပ်လုံးကို ချမှတ်ခြင်းနှင့် လူမှုရေးဆိုင်ရာ တာဝန်ယူမှုရှိသည့်

ရင်းနှီးမြှုပ်နှံမှု၊ လူမှုရေးလုပ်ငန်းများနှင့် လူမှုရေး/ ရင်းနှီးမြှုပ်နှံမှု ထိခိုက်မှုလုပ်ငန်းများ တိုးမြှင့်ခြင်းတို့တွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ လုပ်ငန်းလည်ပတ်ရာတွင် အတားအဆီးများ၊ စွန့်စားမှုများ လျော့နည်း စေခြင်းနှင့် ကုန်ကျစရိတ်များ နည်းစေသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်းကျင် ကောင်းကို ဖန်တီးပေးရန်နှင့် တာဝန်ယူမှုရှိသော ပုဂ္ဂလိက လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်သည့် အခွင့်အလမ်းများ ဆုလာဘ် ပေးခြင်းများကို မြှင့်တင်ခြင်း တို့တွင် အစိုးရ၏ဆောင်ရွက်ချက်များသည် မရှိမဖြစ်လိုအပ်ပါသည်။ CSR အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ အစိုးရဌာနများအတွက် စိန်ခေါ်မှုများမှာ ဦးစားပေးလုပ်ငန်းစဉ်များကို ခွဲခြားသတ်မှတ်ရန်၊ အသိပညာပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊ ဆွဲဆောင်မှုများနှင့် အထောက်အပံ့တို့ကို ဖန်တီးပေးရန် တို့အပြင် စွမ်းဆောင်ရည်မြှင့်တင် တည်ဆောက်ခြင်းတို့ဖြစ်ပါသည်။ အထူးသဖြင့် အာရှနှင့် ပစိဖိတ်ဒေသများရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစိုးရအနေဖြင့် RBC/ CSR တို့ကို တက်ကြွစွာ ဆောင်ရွက်စေခြင်းနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသော အခန်းကဏ္ဍတွင် ပါဝင်နေသည့် စီးပွားရေး လုပ်ငန်းများကို ကူညီရန် သိသာထင်ရှားသည့် အခွင့်အရေးတစ်ခုရှိနေပါသည်။ အစိုးရ၏အဓိက အခန်းကဏ္ဍအချို့မှာ လူမှုရေး ဆိုင်ရာ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို ကူညီထောက်ပံ့ရန်နှင့် အောက်ဖော်ပြပါ အချက်များ အပါအဝင် RBC ကို ချမှတ်ခြင်းတို့တွင် ဆောင်ရွက်နိုင်ရန်အတွက် ရွေးချယ်နိုင်ပါသည်-

- စည်းမျဉ်းများ။ အိမ်ရှင်နိုင်ငံရှိ နိုင်ငံခြားကုမ္ပဏီများ အပါအဝင် လုပ်ငန်းအားလုံးအတွက် တာဝန်ယူမှု ရှိသော စီးပွားရေး လုပ်ငန်းအလေ့အကျင့်များသည် စေတနာအလျောက် ဆောင်ရွက်ရသော လမ်းညွှန်ချက်များ၊ မူဝါဒများနှင့် စံချိန်စံညွှန်းများ လုပ်ထုံးလုပ်နည်းများပေါ်တွင် အခြေခံပါသည်။ RBC သည် ဥပဒေများ၊ စည်းမျဉ်းများ၊ ပြစ်ဒဏ်များ ပုံစံမှ ရရှိနိုင်ပြီး ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းလည်ပတ်ခြင်းတို့ကို ထိန်းချုပ်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အစိုးရသည် အဆင့်တိုင်းတွင် ဥပဒေမူဘောင်နှင့်အတူ စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုအတွက် လုပ်ငန်းဆောင်ရွက်ချက် အနိမ့်ဆုံး စံချိန်စံညွှန်းများ သတ်မှတ်ခြင်းဖြင့် အစိုးရများအနေဖြင့် စီးပွားရေးလုပ်ငန်း အလေ့အကျင့်ကို ထိန်းကျောင်းပေးခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ရည်မှန်းချက်များ အကောင်အထည် ဖော်ခြင်း၊ စီးပွားရေး အမူအကျင့်များကို ကြီးကြပ်ကွပ်ကဲရန်အတွက် စစ်ဆေးရေး တာဝန်ရှိသူများနှင့် အာဏာထိန်းသိမ်းသူများအား ဖွဲ့စည်းခြင်း၊ ဆန္ဒမရှိသော စီးပွားရေးအမူအကျင့်များကို ကန့်သတ်ရန်အတွက် ကျင့်ဝတ်များ (သို့မဟုတ်) ဥပဒေများပြဋ္ဌာန်းခြင်း၊ မဖြစ်မနေဆောင်ရွက်ရမည့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော လုပ်ငန်းများ(သို့မဟုတ်) လုပ်ငန်းလိုင်စင်ကို စည်းကြပ်ခြင်းတို့ဖြင့် ထိန်းသိမ်းနိုင်သည်။ စည်းမျဉ်းများသည် အနည်းဆုံးလုပ်ခလစာများနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ အမြင့်ဆုံးထုတ်လွှတ်မှု (သို့မဟုတ်) လုပ်ငန်းအားလုံးအတွက် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအလေ့အကျင့်များနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကို ချမှတ်နိုင်သည်။ အိန္ဒိယတွင်အစိုးရသည် ကုမ္ပဏီများကို ၄င်းတို့အမြတ်၏ ၂ရာခိုင် နှုန်း ကို CSR အဖြစ်သုံးစွဲရန် မဖြစ်မနေဆောင်ရွက်ရမည့် လိုအပ်ချက်တစ်ရပ်ကို သတ်မှတ်ခဲ့သည်။

- လွယ်ကူချောမွေ့စေခြင်း။ အစိုးရအနေဖြင့် တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အကျင့်များကို ချမှတ်ရန်နှင့်/ (သို့မဟုတ်) CSR တွင် ပါဝင်ဆောင်ရွက်ရန် (သို့မဟုတ်) လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုကို တွန်းအားပေးရန်အတွက် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခြင်းမှတဆင့် ပြီးမြောက်စေသည် (သို့မဟုတ်) ကုမ္ပဏီများကို ဆွဲဆောင်နိုင်သည်။ အစိုးရ၏အခန်းကဏ္ဍသည် အထောက်အကူပြု ခြင်း၊ ဒုတိယအဆင့်ဖြစ်ခြင်း (သို့မဟုတ်) ထောက်ပံ့ကူညီခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် အစိုးရအနေဖြင့် တာဝန်ယူမှုရှိသော လုပ်ငန်းများ တိုးမြှင့်နိုင်ရန် အခွန်မက်လုံးများနှင့် ဒဏ်ကြေးများကို ထောက်ပံ့ပေးနိုင်သည်။ သတင်းအချက်အလက်များကို လိုအပ်သောလုပ်ငန်းများသို့ သတင်းအချက်အလက်ရရှိနိုင်ရန် စွမ်းဆောင်ပေးခြင်း၊ တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်း အလေ့အကျင့်များနှင့် စပ်လျဉ်းသည့် အခက်အခဲများအတွက် အနိမ့်ဆုံးဥပဒေလိုအပ်ချက်များကို လွယ်ကူစွာ နားလည်စေခြင်း၊ (စက်မှု မူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် အလုပ်သမား

မူဝါဒ) များကဲ့သို့သော CSR နှင့်သက်ဆိုင်သည့် မူဝါဒနယ်ပယ်များပါဝင်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ရန် ကမ်းလှမ်းခြင်း၊ စီးပွားရေးလုပ်ငန်း အကြံပေးသည့်ဝန်ဆောင်မှုများနှင့် လုပ်ငန်းများတွင် လိုအပ်သည့်အခါ နည်းပညာ အကူ အညီများပေးခြင်း (သို့မဟုတ်) supply chain လုပ်ငန်းများ ကနဦးဆောင်ရွက်မှုနှင့် voluntary certification ထောက်ပံ့ခြင်းတို့ဖြစ်ပါသည်။

- အကျိုးဆောင်ခြင်း။ အစိုးရနေဖြင့် RBC နှင့် CSR အစီအစဉ်တွင် အခက်အခဲများကို ဖြေရှင်းရန် အလို့ငှာ ကျွမ်းကျင်မှု အရည်အသွေးများနှင့် အရင်းအမြစ်များကို ချိန်ညှိပေးရန်အတွက် ပြည်သူ့အရင်း အမြစ်များကို စီးပွားရေးနှင့် အခြားကဏ္ဍတို့ကို ပေါင်းစည်းပေးနိုင်ပါသည်။ အစိုးရအနေဖြင့် ပုဂ္ဂလိက ကဏ္ဍ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အခြားရှယ်ယာရှင်များအဖွဲ့နှင့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် စီးပွားရေး အကျိုးဆောင်အနေဖြင့် ဆောင်ရွက်နိုင်သည်။ အစိုးရသည် ၎င်းပြဿနာတို့ကို သက်ဆိုင်သူများနှင့် နှစ်ဦး နှစ်ဖက် ဆွေးနွေးခြင်းဖြင့် ဦးဆောင်ဦးရွက်ပြုနိုင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် RBC/CSR လမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်စေခြင်းတွင် အစိုးရ-စီးပွားရေး လုပ်ငန်း ပူးတွဲပံ့ပိုးဆောင်ရွက်ခြင်း၊ စံချိန်စံညွှန်းချမှတ်သည့် လုပ်ငန်းစဉ်များတွင် လုပ်ငန်းရှင်များနှင့်အတူ ပါဝင်ဆောင်ရွက်ခြင်း၊ အသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းနှင့် အရင်းအမြစ် များရယူဆာင်ရွက်နိုင်ခြင်းတို့ဖြင့် စီးပွားရေးအကျိုးဆောင်အဖြစ် ဆောင်ရွက်နိုင်သည်။ အကျိုးဆောင်အနေဖြင့်ဆောင်ရွက်သောအစိုးရသည် RBC/CSR အစီအစဉ်တွင် အဓိကကျသော ဇာတ်ကောင်များ ပါဝင်လာရေးလည်း ဆောင်ရွက်နိုင်သည်။ သာဓကအားဖြင့် သုတေသန (သို့မဟုတ်) လှုပ်ရှား ဆောင်ရွက်မှုများအတွက် ရန်ပုံငွေထောက်ပံ့ပေးခြင်း၊ သတင်းအချက်အလက်များရရှိအောင် ပူးပေါင်းဆောင်ရွက် ခြင်းနှင့် ဖြန့်ဝေခြင်း၊ သင်တန်းပေးခြင်း သို့မဟုတ် အသိပညာမျှဝေပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ပါသည်။
- အာမခံပေးခြင်း။ နောက်ဆုံးတွင် အစိုးရသည် RBC/CSR နှင့်စပ်လျဉ်း၍ အစိုးရ၏ အာမခံချက်နှင့် နိုင်ငံရေးဆိုင်ရာ ထောက်ပံ့မှုတို့ကို ပံ့ပိုးပေးနိုင်သည်။ ပုံမှန်အားဖြင့် ဈေးကွက်တွင် RBC နှင့်စပ်လျဉ်းသည့် ဆောင်ရွက်မှုများအတွက်ပံ့ပိုးပေးနိုင်ပါသည်။ အာမခံချက်ကို နိုင်ငံတကာဥပဒေသများကို အကောင်အထည်ဖော်ရာတွင် ကတိကဝတ်ပြုခြင်း၊ ပညာရေး (သို့မဟုတ်) အသိပညာပေးခြင်း အစီအစဉ်များ၊ တရားဝင်မူဝါဒ အထောက်အထားအချက်အလက်များ၊ အခြား ထိပ်တန်းကုမ္ပဏီများမှ ဆောင်ရွက်သော ကောင်းမွန်သည့် RBC အလေ့အကျင့် များကို အများပြည်သူ သိအောင်ဖြန့်ဝေခြင်း၊ (National Green Business Award) ကဲ့သို့သော တိကျသေချာသည့် RBC နှင့် စပ်လျဉ်းသည့် ဆုပေးသည့် စီမံချက် (သို့မဟုတ်) Pro-RBC ညွှန်းကိန်းများ၊ လမ်းညွှန်ချက်များ၊ စနစ်များနှင့် စံချိန်စံညွှန်းများကို တိတိကျကျကို အတည်ပြုပေးခြင်းအပါအဝင် ပုံစံအမျိုးမျိုးဖြင့် ရယူနိုင်ပါသည်။ အစိုးရ အနေ ဖြင့် CSR ဆုချီးမြှင့်သည့် စီမံချက်မှတဆင့် လုပ်ငန်းတစ်ခုချင်းအလိုက်၏ ကြိုးပမ်းအားထုတ်မှုကို တိုက်ရိုက်အသိအမှတ်ပြုခြင်း (သို့မဟုတ်) ပြည်သူ့ကဏ္ဍစီမံခန့်ခွဲမှု အလေ့အကျင့်များ (သို့မဟုတ်) အစိုးရ အဖွဲ့အစည်းများမှ ကုန်စည်နှင့်ဝန်ဆောင်မှုများဝယ်ယူခြင်းကဲ့သို့သော ပုံစံများဖြင့် ဦးဆောင်နိုင်ပါသည်။

## အိန္ဒိယနိုင်ငံ၏ CSR အခွန်အခ

၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယ လွှတ်တော်မှ ၁၉၅၆ ခုနှစ် အိန္ဒိယ ကုမ္ပဏီ အက်ဥပဒေကို အစားထိုးမည့် အိန္ဒိယ ကုမ္ပဏီ အက် ၂၀၁၃) အက်ဥပဒေအသစ်ကို ပြဌာန်းခဲ့ပါသည်။ ထိုဥပဒေသစ်တွင်ပါဝင်သည့် စိတ်လှုပ်ရှားဖွယ် ပြောင်းလဲမှုတစ်ခုမှာ အိန္ဒိယနိုင်ငံအတွင်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းပြည်ပ ကုမ္ပဏီများအနေဖြင့် CSR ကို မဖြစ်မနေဆောင်ရွက်ကြရန် တာဝန်ရှိသည် ဆိုသည့်အချက်ဖြစ်ပြီး ၎င်းသည် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပါသည်။ ၎င်းသည် လူမှုပြဿနာများကို ကုစားရာတွင် အထောက်အပံ့ဖြစ်စေမည့် ပမာဏတစ်ခုကို ကုမ္ပဏီများမှ ထောက်ပံ့ပေးရန် ဖြစ်ပါသည်။ CSR အတွက် သတ်မှတ်ထားသည့် အဆင့်မှာ နိမ့်ပါးလျက်ရှိပါသည်။ ကုမ္ပဏီများအနေဖြင့် ဘဏ္ဍာနှစ်အလိုက် CSR လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

- ၅ ဘီလီယံရူပီးတန်ဖိုးအနည်းဆုံးရှိသည့်ပိုင်ဆိုင်မှုပစ္စည်းများ ( ဒေါ်လာ ၈၀ သန်း ခန့်)
- ၁၀ ဘီလီယံ ရူပီးတန်ဖိုးရှိ စီးပွားရေးလုပ်ငန်း ( ဒေါ်လာ ၁၆၀ သန်း ခန့်)
- အမြတ်တန်ဖိုး ရူပီး ၅၀ သန်း ( ဒေါ်လာ ၈ သိန်း ခန့်)

၎င်းသတ်မှတ်အဆင့်ရှိ ကုမ္ပဏီများအနေဖြင့် CSR အစီအစဉ်ကို ဆောင်ရွက်ရန် လိုအပ်ပြီး CSR အစီအစဉ်တွင် အနည်းဆုံးသုံးစွဲသည့် ပမာဏနှင့် ၎င်းအစီအစဉ်ကို တင်ပြရန် လိုအပ်ပြီး မဆောင်ရွက်ပါက အဘယ်ကြောင့် မဆောင်ရွက်သည်ကို ရှင်းလင်းတင်ပြရပါသည်။ သတ်မှတ်အဆင့်ပြည့်မီသော လုပ်ငန်းတိုင်းသည် ဘဏ္ဍာနှစ် ၃ နှစ် ဆက်တိုက်အတွက် အမြတ်ပေါ်တွင် ၂ ရာခိုင်နှုန်းထက်မနည်းသော ပမာဏကို CSR အစီအစဉ်တွင် အသုံးပြုရမည် ဖြစ်ပါသည်။ အမြတ်ဆိုသည်မှာ ဥပဒေသစ်အရ ရေးဆွဲတင်ပြရမည့် အမြတ်/အရှုံးစာရင်းတွင် ပါဝင်သည့် ကုမ္ပဏီ၏ အမြတ်ဖြစ်ပြီး ၎င်းအမြတ်များသည် အိန္ဒိယနိုင်ငံ ပြင်ပတွင် ဆောင်ရွက်သည့် ကုမ္ပဏီလုပ်ငန်းများမှ ရရှိသည့် အမြတ်များ မပါဝင်ခြင်း သို့မဟုတ် CSR လိုအပ်ချက်များကို ၎င်းတို့ကိုယ်တိုင် ပြည့်မီသည့် ကုမ္ပဏီများကို ဆိုလိုပါသည်။

CSR ရန်ပုံငွေများအားလုံးကို အိန္ဒိယနိုင်ငံတွင်သာ အသုံးပြုရမည် ဖြစ်သည်။ ဥပဒေသစ်သည် ကုမ္ပဏီများကို ၎င်းတို့လုပ်ငန်းဆောင်ရွက်ရာနေရာများတွင် CSR အစီအစဉ်များ ပြုလုပ်ပြီး ၎င်းရန်ပုံငွေများကို သုံးစွဲကြရန် အားပေးပါသည်။ သို့သော် ကုမ္ပဏီမှ ပုံမှန်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ၎င်းတို့၏ လုပ်သားများနှင့် မိသားစုဝင်များ၏ အကျိုးအမြတ်များအတွက် ပြုလုပ်သော စီမံချက်များတွင် အသုံးမပြုနိုင်ပါ။ ဥပဒေသစ်အရ ကုမ္ပဏီတစ်ခုတွင်ဒါရိုက်တာ ၃ ဦးပါဝင်သည့် CSR ကော်မတီကို ဖွဲ့စည်းရန် လိုအပ်ပါသည်။ CSR ကော်မတီမှ CSR မူဝါဒများကို ချမှတ်ရန်လိုအပ်ပါသည်။ ၎င်းအပြင် ဥပဒေသစ်သည် ကုမ္ပဏီ၏ CSR အစီအစဉ်များကို CSR ကော်မတီဖွဲ့စည်းပုံ၊ CSR အသုံးစရိတ် ပမာဏနှင့် အစီအစဉ်တစ်ခုချင်းစီ စသည်တို့ ပါဝင်သော အသေးစိတ် အစီရင်ခံစာ တင်ပြရန် လိုအပ်ပါသည်။

ကုမ္ပဏီများအတွက် ဗျူရိုကရက် အကျပ်အတည်းများ သိသာစွာ ဖြစ်ပေါ်စေခြင်းကြောင့် ဝေဖန်ခံရမှုများ ရှိခဲ့ပါသည်။ ထို့ပြင် ချိုးဖောက်ခံရမှုများအတွက် ပတ်သက်ခြင်းများမှာ ရှင်းလင်းမှုမရှိပါ။ ဒုတိယအနေဖြင့် အမေရိကန်လုပ်ငန်း၏ လက်အောက်ခံလုပ်ငန်းဖြစ်သည့် အိန္ဒိယကုမ္ပဏီမှ CSR လုပ်ငန်းများ ဆောင်ရွက်ခြင်း (သို့မဟုတ်) ယူကေတွင်

လုပ်ငန်းဆောင်ရွက်ခြင်း (သို့မဟုတ်) အမေရိကန်နိုင်ငံ၏ နိုင်ငံခြား အဂတိအက်ကို ချိုးဖောက်ခြင်း (သို့မဟုတ်) ယူကေနိုင်ငံ၏ အဂတိအက်ကို ထိလိုက်ပါက ၎င်းတို့သည် အိန္ဒိယကုမ္ပဏီ၏ CSR ပေးချေမှုများကို ထိခိုက်မည် ဖြစ်ပါသည်။ နောက်ဆုံးတွင် မဖြစ်မနေပေးဆောင်ရမည့် CSR အခွန်အခများသည် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ လိုက်နာရမည့် အလေ့ကျင့်ကောင်းများကို မဖြစ်မနေဆောင်ရွက်စေသကဲ့သို့ဖြစ်ပြီး ဥပဒေကို လိုက်နာရန် လိုအပ်မည် ဖြစ်ပါသည်။ ကိစ္စရပ်တော်တော်များများတွင် ကုမ္ပဏီများသည် ၎င်းတို့၏ CSR လိုအပ်ချက်များ ပြည့်မီရန်အတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အသုံးချကြပါသည်။ ၎င်းတို့၏ လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ လိုက်နာရမည့် အချက်များကို ဆောင်ရွက်ခြင်းက ပို၍ အရေးကြီးပါသည်။ နောက်ဆုံးတွင် အမြတ်များကို မည်သို့အသုံးပြုသည် မဟုတ်ဘဲ အမြတ်များ ရရှိအောင် မည်သို့ ပြုလုပ်သည်က အရေးကြီးပါသည်။ သို့မှသာ ရေရှည်တည်တံ့နိုင်မည် ဖြစ်ပါသည်။

*Source:* Jones Day, April 2014. *India's New Corporate Social Responsibility Requirements – Beware of the Pitfalls.* For full article see **http://www.jonesday.com/Indias-New-Corporate-Social-Responsibility-Requirements--Beware-of-the-Pitfalls-04-15-2014**

* Note: exchange rate as of April 2014.

အစိုးရများအနေဖြင့် အဆိုပါများပြားလှသော အခန်းကဏ္ဍများကို တပြိုင်နက်တည်း ဆောင်ရွက်နိုင်သည်။ အဓိကရည်မှန်းချက်မှာ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခုကို ထောက်ပံ့ပေးရန်နှင့် လူမှုရေး(သို့မဟုတ်)ရင်းနှီးမြှုပ်နှံမှု အကျိုးသက်ရောက်မှုတို့တွင် ပါဝင်ဆောင်ရွက်ခြင်း (သို့မဟုတ်) နှင့် တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အကျင့်များကို ချမှတ်ရန်နှင့် အကောင်အထည်ဖော်ရန်တို့ ဖြစ်ပါသည်။ အထူးသဖြင့် (ESCAP, ၂၀၀၉ b) ၏ ကောင်းမွန်သော ပတ်ဝန်းကျင် အကောင်အထည်ဖော်ရန်/ ခိုင်မာစေရန် ဆောင်ရွက်ရမည့် မူဝါဒများတွင်-

- (စားသုံးသူများအား) အသိပညာပေးခြင်း၊ စဉ်ဆက်မပြတ် ထုတ်လုပ်မှုနှင့် စားသုံးမှု အလေ့အကျင့် မြှင့်တင်ခြင်းတို့ အပါအဝင် RBC နှင့် SRI နှင့် ဆက်စပ်သည့် သဘောတရားနှင့် အလေ့အကျင့်များအတွက် အစိုးရ၏ ထောက်ပံ့မှု မြှင့်တင်ခြင်း။

- ထိရောက်သော RBC မူဝါဒအကောင်အထည်ဖော်ခြင်းတွင် ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများ ပါဝင်သောကြောင့် အစိုးရဌာနအတွင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် RBC/SRI ဌာန/ အေဂျင်စီ တစ်ခုကို တည်ထောင်ခြင်း၊

- နိုင်ငံတကာအဆင့်အတန်းမီစေရန် လုပ်ထုံးလုပ်နည်း မူဘောင်များအား ပြုပြင်ပြောင်းလဲခြင်း၊

- စီးပွားရေးလုပ်ငန်းများ၊ အခြား အဓိကပါဝင်ပတ်သက်သူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ကဲ့သို့သော သက်ဆိုင်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ တိုင်ပင်နှီးနှောခြင်း၊ အဖွဲ့အစည်းများနှင့် အချင်းချင်းချိတ်ဆက် ဆောင်ရွက်ခြင်းများကို လေ့ကျင့် ပျိုးထောင်ပေးခြင်း၊

- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (HRD)နှင့် ဘဏ္ဍာရေး ထောက်ပံ့မှုတို့မှတဆင့် တာဝန်ယူမှု ရှိသော စီးပွားရေးလုပ်ငန်း အလေ့အကျင့်များကို ချမှတ်ရာတွင် ထောက်ပံ့ ကူညီပေးခြင်းတို့ ပါဝင်ပါသည်။

ထို့အပြင် UNCTAD (၂၀၁၁c)သည် အောက်ဖော်ပြပါ မူဝါဒများကို နိုင်ငံတကာ RBC/CSR စံချိန် စံညွှန်းများအား ခိုင်မာအားကောင်းစေရန် ချမှတ်ထားခြင်းနှင့် အကောင်အထည်ဖော်နိုင်ရန်အတွက် အဆိုပြုထားခြင်း ဖြစ်ပါသည်-

- ပစ္စည်းကိရိယာများထောက်ပံ့ပေးမှု၊ နည်းပညာကျွမ်းကျင်မှုနှင့် သက်ဆိုင်ရာ stakeholder များ ပါဝင်ခြင်းတို့ အပါအဝင် CSR စံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် အားပေးရန်၊

- National certificable management system (MSSs) ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ရန်၊ အဆိုပါ စနစ်၏ ချဉ်းကပ်မှုမှာ CSR နယ်ပယ်တွင် လုပ်ငန်းရှင်များအား စံချိန်စံညွှန်းနှင့်ကိုက်ညီသော အသိအမှတ်ပြု လက်မှတ် ရထားသည်ဟု သိသာထင်ရှားစေရန် ပံ့ပိုးခြင်းဖြစ်ပါသည်။

- အကာအကွယ်ပေးသည့်ပုံစံတစ်ခုဖြစ်သည့် ခွဲခြားဆက်ဆံသည့် အလေ့အကျင့်ကိုရှောင်ရှားရန် အလေးထား ဆောင်ရွက်နေစဉ်တွင် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော ထုတ်လုပ်မှုလုပ်ငန်းများ၌ ကောင်းမွန်သောစီးပွားရေး လုပ်ငန်း အလေ့အကျင့်များကို တိုးမြှင့်နိုင်ရန်အတွက် ၄င်းတို့၏ဝယ်ယူနိုင်မှုနှင့် ကုန်စည်နှင့်ဝန်ဆောင်မှု မူဝါဒ များအတွက် CSR စံချိန်စံညွှန်းနှင့်အညီ ကျင့်သုံးရန်၊

- ပြည်တွင်းလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ရန် ကနဦး ဆောင်ရွက်မှုများနှင့် နည်းပညာ အကူအညီများ ထောက်ပံ့ရန်အတွက် အလှူရှင်နိုင်ငံများနှင့် ပူးပေါင်းရန်၊

- စတော့အိတ်ချိန်းအပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် CSR ကို တိုးမြှင့်ရန်၊

- လုပ်ထုံးလုပ်နည်းဆိုင်ရာ ကနဦးဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် လက်ရှိ CSR ၏ စံချိန်စံညွှန်း များအနက် အချို့ကို စေတနာအလျောက်သာ ဆောင်ရွက်ရမည့် စံချိန်စံညွှန်းများ (soft law) အဖြစ်မှ မဖြစ်မနေ ဆောင်ရွက်ရမည့် စံချိန်စံညွှန်းများ(hard law)အဖြစ်သို့ ပြောင်းလဲခြင်း စသည့်တို့ကို ချမှတ်ရန်၊

- လက်ရှိဌာနဆိုင်ရာ အချင်းချင်းချိတ်ဆက်သည့်အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းနှင့် လိုက်လျော ညီထွေ ဖြစ်မည့် နည်းစနစ်များအဖြစ် မြှင့်တင်ဆောင်ရွက်ခြင်းကို အားပေးရန်၊

- သင့်လျော်သော ဆွဲဆောင်မှုမက်လုံးများပေးခြင်းမှတဆင့် နိုင်ငံသားအကာအကွယ်ပေးခြင်း ပုံစံတစ်ခု ဖြစ်သည့် ခွဲခြားဆက်ဆံသည့် အလေ့အကျင့်များကို ရှောင်ရှားစဉ်တွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်၊

- အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (IIAs) များတွင် CSR မူဝါဒများကို အားကောင်း လာ စေရေး ဆောင်ရွက်ရန်။

# (စ) ဒေသတွင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစည်းခြင်း

## ၁။ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့်ပေါင်းစည်းမှုပုံစံများ

ဒေသတွင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်း (သို့မဟုတ်) ပေါင်းစည်းခြင်းသည် စည်းနှောင်မှု (သို့မဟုတ်) စည်းနှောင်မှုမရှိသည့် ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များမှတဆင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင်ကူညီနိုင်ရန် အတွက် ဖြစ်ပါသည်။ စည်းနှောင်မှုရှိသော မူဘောင်များသည် ဒေသတွင်းဆိုင်ရာ ကုန်သွယ်ရေး (သို့မဟုတ်) စီးပွားရေးမိတ်ဖက် သဘောတူစာချုပ်များတွင် ပုံမှန်အားဖြင့် တွေ့ရလေ့ရှိပြီး အာဆီယံရင်းနှီးမြှုပ်နှံမှု ဧရိယာ (ASEAN Investment Area - AIA) နှင့် ယင်းကို

ဆက်ခံသည့် စာချုပ်ဖြစ်သည့် အာဆီယံ ဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (ASEAN Comprehensive Investment Agreement - ACIA) တွင်တွေ့နိုင်ပါသည်။ ဒေသတွင်း ကုန်သွယ်ရေး သဘောတူစာချုပ်များ (regional trade agreements - RTAs) သည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို သက်ရောက်မှု ရှိစေသည်ကို လေ့လာတွေ့ရှိရပါသည် (Aggarwal, ၂၀၀၈)။ ဈေးကွက်များအား စုပေါင်းခြင်းနှင့်ကုန်သွယ်ရေး အဟန့် အတားများကို ဖယ်ရှား၍ အမျိုးမျိုးသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကိုဖြင့် ဆွဲဆောင်နိုင်ပြီး ဒေသတွင်း အဖွဲ့အစည်းများအတွက် အလားအလာရှိသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တိုးတက်သော်လည်း တခါတရံတွင် အခြားအကြောင်းအရာများကြောင့် ကန့်သတ်မှုများရှိနေပါသည်။ ကုန်သွယ်ရေး ဖြေလျှော့မှုသည် စီးပွားရေးတိုးတက်မှုရလာဒ်ကိုဖြစ်စေပြီး အဆိုပါတိုးတက်မှုသည်လည်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ပါသည်။ ထို့အပြင် RTAs တွင်အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သော ငွေကြေးအရင်းအနှီးများ စီးဝင်မှုနှင့် အလုပ်သမားများဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ RTAs တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ (သို့မဟုတ်) အသေးစိတ်အခန်းများ ပါဝင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကို တိုက်ရိုက်လွှမ်းခြုံသော ဝန်ဆောင်မှုနှင့် အသိဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။ (အခန်း၄တွင်ကြည့်နိုင်ပါသည်။) အဆိုပါပြဋ္ဌာန်းချက်များသည် RTAs ၏ အဖွဲ့ဝင်နိုင်ငံများအားလုံးရှိ ရင်းနှီးမြှုပ်နှံမှုအခြေအနေကို အားကောင်းလာစေမည် ဖြစ်ပါသည်။ သို့သော်လည်း RTAs သည် ဒေသတွင်း နိုင်ငံအချင်းချင်း၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဦးတည်နေစဉ်တွင် RTA အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများမှ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်ရန် ၄င်းတို့အနေဖြင့် လိုအပ်မည်မဟုတ်ပါ။ ဦးစားပေး ကုန်သွယ်ရေး ဘောတူစာချုပ်များသည် ရင်းနှီးမြှုပ်နှံမှု ခွဲခြားဆက်ဆံခြင်းကို ဖြစ်စေသည်ကို Baccini နှင့် Dur (၂၀၁၅) တို့က တွေ့ရှိခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် intermediary ကုန်စည်များ (ကြားခံကုန်စည်များ) အပေါ်တွင် ကောက်ခံသည့် အကောက်ခွန်များ မတူညီခြင်းနှင့် အခြားအဖွဲ့ အစည်းများအတွက် ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို လျှော့ထားသည့် ပြဋ္ဌာန်းချက်များ မတူညီခြင်းကြောင့် ဖြစ်ပါသည်။ ပြည်တွင်းလုပ်ငန်းများအပေါ်တွင် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှု ခွဲခြားဆက်ဆံခြင်းနှင့် စပ်လျဥ်း၍ အဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံများအနေဖြင့်ထိခိုက်လွယ်ပြီး အားလုံးတပြေးညီဖြစ်စေရန် ရည်ရွယ်၍ ကုန်သွယ်ရေး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း အငြင်းပွားဖွယ်ရာများကိုလည်း ထင်ထင်ရှားရှားတွေ့ရှိခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများအတွက် ဖွင့်ပေးသော ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမှုကို အဆိုပါ နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများမှ ရရှိမှုသောကြောင့် အာဆီယံနှင့် NAFTA ကဲ့သို့သော အုပ်စုများ၏ အဖွဲ့ဝင် မဟုတ်သော နိုင်ငံများသည် များပြားလှသောကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားများနှင့်အတူ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်များကို ချုပ်ဆိုရန် စိတ်အားထက်သန်နေသည့် အကြောင်းရင်းကို ရှင်းပြထားပါသည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အာဆီယံနှင့် NAFTA ကဲ့သို့သော အုပ်စုများမှ ကမ်းလှမ်းသော ကုန်သွယ်ရေး အကာအကွယ်ပေးခြင်း (သို့မဟုတ်) ကြီးမားသော ဈေးကွက်ရရှိခြင်းကဲ့သို့သော အကျိုးကျေးဇူးများကို မရနိုင်သည့်အတွက် အဆိုပါ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် မည်သည့် RTA အဖွဲ့ဝင်နိုင်ငံများတွင်မဆို ရင်းနှီးမြှုပ်နှံခြင်းကို ပြန်လည်စဉ်းစားရမည် ဖြစ်ပါသည်။ RTA (သို့မဟုတ်) ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ မတူညီသော်သတ်မှတ်ချက်၊ အချက်အလက်များဖြင့် မတူညီသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပုံစံအမျိုးမျိုးရှိသောကြောင့် အခြားအစုအဖွဲ့များမှ ရင်းနှီးမြှုပ်နှံသူများအတွက် မတူညီသော အကျိုးရလဒ်များလည်း ရှိလာပါသည်။

UNCTAD ၏ လေ့လာချက်တစ်ခုအရ ဒေသတွင်းအဖွဲ့အစည်းများတွင် အဖွဲ့ဝင်ဖြစ်ခြင်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု တိုးတက်စေရန်အတွက် ဦးတည်ရန် မလိုအပ်ကြောင်း တွေ့ရှိခဲ့ပါသည်။ သို့သော် RTA ၏ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ကတိကဝတ်များနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ကောင်းမွန်သော အခြေအနေတွင် ရှိနေမည်ဖြစ်သည်။ အဆိုပါလေ့လာချက်သည် စီးပွားရေးလုပ်ငန်းသေးများ (သို့မဟုတ်) အစွန်အဖျားပိုင်းတွင် တည်ရှိသည့် နိုင်ငံများထက်စာလျှင် စီးပွားရေးလုပ်ငန်းကြီးများရှိသည့် (သို့မဟုတ်) ပထဝီအနေအထားအရ နိုင်ငံကြီးများနှင့် နီးကပ်စွာ တည်ရှိသည့် နိုင်ငံများသည် RTA တွင် ပူးပေါင်းခြင်း၏ ရလာဒ်တစ်ခုကြောင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ကြီးမားစွာ တိုးတက်စေနိုင်သည်ဟု မျှော်လင့်နိုင်ပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုအများစုမှာ ဒေသတွင်း ပေါင်းစည်းခြင်း သဘောတူ စာချုပ်များ (RIAs) သည် အဖွဲ့ဝင်နိုင်ငံများနှင့် တိုင်းပြည်စီးပွားရေး တည်ငြိမ်ရေးနှင့် ဒေသတွင်း ဖြေလျှော့ခြင်းများကို တပြိုင်တည်း ဆောင်ရွက်ချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း Blomstrom and Kokko (1997) တို့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ Inter-American Development Bank (IADB) သည် သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်သည့်နိုင်ငံတစ်နိုင်ငံနှင့် RIA တွင် သဘောတူလက်မှတ်ရေးထိုးထားသော သာမန်အဖွဲ့ဝင်များသည် အဆိုပါ အရင်းအမြစ်များဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။ သို့သော် တန်ဖိုးအားကွင်းဆက်များမှတဆင့် ချိတ်ဆက်ဆောင်ရွက်ခြင်း (သို့မဟုတ်) ဒေါင်လိုက် ပေါင်းစည်းခြင်း အတွက် အခွင့်အလမ်းများကို ခွဲဝေပေးသောကြောင့် factor proportion သည် ပို၍ မတူညီကြပြီး ပိုမို ပွင့်လင်းသော နိုင်ငံများသည် အကျိုးအမြတ်ပိုမို ရနိုင်ခြေရှိပါသည်။ (Yegat နှင့် အခြားပညာရှင်များ ၂၀၀၃)၊ ဒေသတွင်း ပေါင်းစည်းမှု ဦးဆောင် ဦးရွက်ပြုမှုနှင့် သက်ဆိုင်သည့် ဈေးကွက်ပမာဏ တိုးတက်လာမှုသည် RIA စာချုပ်အားလုံး အတွက်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်ပါသည်။ သို့သော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် RIA သဘောတူစာချုပ်တွင်ပါသည့် ပိုမိုသာလွန်သော စီးပွားရေး အသိုက်အဝန်းတစ်ခုကို ဖန်တီးပေးနိုင်သောနိုင်ငံများသာလျှင် အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ခြေ ရှိပါသည်။

ယေဘူယျအားဖြင့် သဘောတူညီမှုများ အကောင်အထည်ဖော် ဆောင်ရွက်လာကြ၍ ပိုမိုအားကောင်းလာလေ့ရှိကြီးပြီး ဒေသတွင်း ပေါင်းစည်းခြင်းသည် ရှုထောင်အမျိုးမျိုးဖြင့် ဆက်လက် တည်ရှိနေသောကြောင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစည်းခြင်းမှ အကျိုးအမြတ်များသည် အချိန်နှင့်အမျှ တိုးပွားလာပါသည်။ Aldaba နှင့် Yap တို့က အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်ပြီး အရှေ့အာရှဒေသရှိ ဆောင်ရွက်ဆဲ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု - ကုန်စည် ကူးသန်းရောင်းဝယ်ရေး အချိတ်အဆက်များအားကောင်းလာစေသော ဒေသတွင်း ထုတ်လုပ်မှု အခြေခံ တစ်ခုကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းစီးပွာရေး ပေါင်းစည်းမှုကို ပိုမို နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်ခြင်းဖြင့် တည်ဆောက်နိုင်ပါသည်ဟု အငြင်းပွားကြပါသည်။ Aggarwal ကလည်း တောင်အာရှဒေသတွင် တိုးတက်သည့် ဒေသတွင်း စီးပွားရေး ပူးပေါင်းခြင်းနှင့် ပေါင်းစည်းဆောင်ရွက်ခြင်း အဆင့်ဆင့်ဖြင့် ဒေသတွင်း နိုင်ငံအချင်းချင်းနှင့် ဆိုင်သော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တိုးမြင့်ရန်အတွက် ကောင်းမွန်သော အလားအလာများ (အလားအလာကောင်းမွန်မှုများ) ကိုလဲ တွေ့ရှိရပါသည်။ Feels နှင့် Rahman (၂၀၁၁) တို့သည် လက်ခံနိုင်ငံသည် ပေါင်းစည်းဆောင်ရွက်မှု နယ်နမိတ်ပြင်ပတွင် ရှိသော နိုင်ငံထက် RIA တွင် သဘောတူညီလက်မှတ်ထိုးထားသော အဖွဲ့ဝင်များရှိသော၊ အိမ်ရှင်နိုင်ငံ ဈေးကွက်ပမာဏ၊ ယဉ်ကျေးမှုနှင့် ပထဝီအနေအထား အကွာအဝေးတို့ ကဲ့သို့သော

ဖွဲ့စည်းတည်ဆောက်ပုံ အချက်အလက်များရှိသော အိမ်ရှင်နိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည် ယေဘုယျအားဖြင့် မြင့်တက်လာတက်ကြောင်းနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ပြည့်ဝမှုသည် မတူညီသော အကျိုးသက်ရောက်မှုများ ရှိစေသည်ကို တွေ့ရှိခဲ့ကြပါသည်။ တနည်းအားဖြင့်ဆိုသော် ဘုံစီးပွားရေး နယ်နမိတ်အတွင်းမှ အဖွဲ့ဝင်ခြင်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပိုမို စီးဆင်းခြင်းနှင့်ပိုမိုများပြားသော အဖွဲ့ဝင်များ ပိုမိုရရှိခြင်းနှင့် သက်ဆိုင်ပါသည်။ သို့သော် RIAs/RTAs တို့၏ ချည်နှောင်သော သဘော သဘာဝသည် ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှု တစ်ခုခုရှိနေနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် အဆုံးအဖြတ် အများစုတွင် RTAs များ ကိုယ်တိုင်သည် လုံလောက်သောအခြေအနေတစ်ခုမဟုတ်ပေ။ (အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီမှုများနှင့် သက်ဆိုင်သည့် ဆွေးနွေးချက် တစ်ခုကို အခန်း (၄) တွင် ကြည့်ရှုနိုင်ပါသည်။)

## ၁။ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့်ပေါင်းစည်းမှုအတွက် စည်းနှောင်မှုမရှိသည့် ပုံစံများ

ဒေသတွင်းပေါင်းစည်းရာတွင် စည်းနှောင်မှုရှိသော သဘောတူညီချက်များ ရံဖန်ရံခါ ပါဝင်သော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် ဒေသဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုတွင် ချည်နှောင်မှု မရှိသော ကွဲပြားခြားနားသည့်ပုံစံများ ပါဝင်နိုင်ပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများသည် အကောင်အထည်ဖော်ရန် ပိုမိုလွယ်ကူစေနိုင်ပြီး နိုင်ငံရေးပိုင်းဆိုင်ရာ ထိခိုက်မှုများကို နည်းပါးစေနိုင်သည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက် နည်းစနစ်များသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုက်ရိုက်အားဖြင့် ပစ်မှတ် မထားနိုင်သော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် အကျိုးသက်ရောက်မှု ရှိနေဆဲပင် ဖြစ်ပါသည်။ ဥပမာ-အာဆီယံတွင် ဒေသတွင်းဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသည် ဒေသတွင်း ဘဏ္ဍာရေးဆိုင်ရာ ပေါင်းစည်းမှုထက် ပိုမိုအရေးကြီးကြောင်း၊ အမျိုးသားဘဏ္ဍာရေးစနစ်ဖွံ့ဖြိုး တိုးတက်မှုနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးအရင်းအနှီးစီးဆင်းမှုတွင် ကြုံတွေ့ရသည့် အန္တရာယ်များကို လျော့ချ ခြင်းတို့ကို ကူညီခြင်းကြောင့် Aldaba and Yap (၂၀၀၉)တို့က တွေ့ရှိခဲ့ကြပါသည်။ အမျိုးသား ဘဏ္ဍာရေးဆိုင်ရာ စနစ်များသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံရာတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသော်လည်း ဒေသဆိုင်ရာ ဘဏ္ဍာရေး ပူးပေါင်း ဆောင်ရွက်မှုသို့ မရောက်မီ သေချာသည့် အဆင့်တစ်ခုသို့ ရောက်ရှိရန် လိုအပ်ပါသည်။ အာဆီယံ စက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံချက်များနှင့် portals များ၊ database များ၊ စာအုပ်စာပေများ ထုတ်ဝေခြင်းနှင့် database များမှတဆင့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ အရေးကြီးမှုကို Te Velde and Bezemer (၂၀၀၆) တို့က ထောက်ပြထားပါသည်။ Box 3.18 သည် အာဆီယံဒေသတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် အမျိုးမျိုးသော စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး စီမံချက် များ ဆိုင်ရာ နောက်ခံ သမိုင်းကြောင်းကို ဖော်ပြထားပါသည်။

## အဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်း ပေါင်းစည်းခြင်းဆိုင်ရာ သဘောတူစာချုပ်များ - အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံ

အာဆီယံကို တည်ထောင်ပြီးသည့်အချိန်မှစ၍ အာဆီယံနိုင်ငံများအကြား များစွာသော စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းများမှတဆင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လှုံ့ဆော်ရန် ကြိုးစားခဲ့ကြပသည်။ ASEAN Industrial Projects (AIP) နှင့် ASEAN Industrial Complementary (AIC) တို့သည် အစောဆုံး လုပ်ငန်းစီမံချက်များဖြစ်ပြီး ၎င်းတို့၏ top-down approach သည် ပုဂ္ဂလိကကဏ္ဍကို မဆွဲဆောင်နိုင်ကြောင်း သက်သေပြခဲ့ပါသည်။ AIC အစီအစဉ်သည် Brand-to-Brand Complementation Scheme (BBC) အဖြစ် တိုးချဲ့ခဲ့ပြီး အာဆီယံ နိုင်ငံများအကြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဒေါင်လိုက် တိုးတက်စေရန် ရည်ရွယ်ခဲ့ပါသည်။

ASEAN Industrial Joint Ventures (AIJV) နည်းလမ်းအား၁၉၈၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အသက်ဝင်စေပြီး ဦးစားပေးမှုနှင့် ညီမျှပြီးပို၍ ဆွဲဆောင်မှုရှိသော အစီအစဉ်များ၏ ပိုမိုသည့် ပမာဏများအတွက် ခွင့်ပြုပေးနိုင်ရန် အသက်ပြန်သွင်းခဲ့သော်လည်း ရုံးအသုံးစရိတ်များ၊ ဒေသတွင်းနှင့် ပြည်တွင်း ဥပဒေများတွင် ရှုပ်ထွေးမှုများရှိခြင်း၊ တရားစီရင်ရေးနှင့် တက်ကြွသော မြှင့်တင်ခြင်း လုပ်ငန်းစဉ်များ မရှိခြင်း စသည့် များစွာသော အဟန့်အတားများကြောင့် မကောင်းသော ရလဒ်များ ဖြစ်ပေါ်စေခဲ့ပါသည်။

အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (AFTA) ပေါ်ထွက်လာမှုနှင့်အတူ AIJV အစီအစဉ်တွင် ဦးစားပေးမှု ပမာဏသည် မလိုအပ်တော့ပေ။ ၁၉၉၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် ASEAN Industrial Cooperation (AICO) အစီအစဉ် တည်ထောင်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၎င်းအစီအစဉ်သည် အာဆီယံတွင် ရှိသည့် ကုမ္ပဏီများအကြား ထုတ်ကုန်ပမာဏ တိုးမြှင့်ခြင်း၊ ထုတ်လုပ်မှုတန်ဖိုး လျှော့ချခြင်းနှင့် ထုတ်ကုန်များ၏ သုံးစွဲနိုင်မှုတို့ကို ကောင်းမွန်စွာသုံးစွဲနိုင်စေရန် စီးပွားရေးပမာဏ တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး စက်မှုကဏ္ဍဆောင်ရွက်ချက်များကို ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန် ဖြစ်ပါသည်။ AICO အောက်တွင် မတူညီသော အာဆီယံနိုင်ငံနှစ်ခုမှ ပါဝင်သည့် အနည်းဆုံး ကုမ္ပဏီနှစ်ခု၏ ထုတ်ကုန်တစ်မျိုးစီဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခွန်ကို ၀-၅ ရာခိုင်နှုန်းအထိ သက်သာစေမည် ဖြစ်ပါသည်။ ပါဝင်သည့်နိုင်ငံများမှ ပံ့ပိုးပေးသည့် အခြားသော သက်သာခွင့် ခံစားခွင့်များကို လည်း ခံစားနိုင်မည် ဖြစ်ပါသည်။

ဤအစီအစဉ်များသည် ၁၉၉၈ ခုနှစ် အောက်တိုဘာလတွင် တည်ထောင်ခဲ့သည့် ASEAN Investment Area (AIA) သို့ ပူးပေါင်းသွားမည် ဖြစ်ပါသည်။ ၎င်းအစီအစဉ်ကို တိုးချဲ့မည့် AFTA ၏ နောက်ထပ် လုပ်ငန်းများဖြစ်သည့် AICO နှင့် AIA တို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ လျှော့ပေါ့ပေးခြင်း၊ တိုးမြှင့်ခြင်းနှင့် အာဆီယံနိုင်ငံများအကြား လိုက်လျောညီထွေရှိမှုနှင့် အခြားသော တိကျသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လွယ်ကူချောမွေ့စေခြင်း အင်္ဂါရပ်များ အထိ တိုးချဲ့ဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။ ၎င်းအစီအစဉ်တွင် ထုတ်လုပ်မှု၊ ငါးလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပါသည်။

နောက်ဆုံးတွင် AIA သည် ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သည့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်အဖြစ် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ အာဆီယံ ဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်သည် လက်ရှိအခြေအနေတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း

အတွက် အရေးကြီးသောကဏ္ဍတစ်ခု ဖြစ်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုအခြေအနေကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ၾင်းဆောင်ရွက်မှုများကို ကြိုးပမ်းခဲ့ကြသော်လည်း နိုင်ငံများအကြား တူညီသောနေရာများတွင် ပြိုင်ဆိုင်နေကြခြင်းကြောင့် အာဆီယံဒေသတွင်းနိုင်ငံများအကြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ကန့်သတ်ချက် ရှိနေသေးပါသည်။ ၂၀၁၄ ခုနှစ်တွင် အာဆီယံနိုင်ငံအတွင်းသို့ စီးဝင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၁၈ ရာခိုင်နှုန်းသည် အာဆီယံဒေသကို ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသူ ဖြစ်စေခဲ့ပြီး အာဆီယံဒေသအချင်းချင်းကြား ရင်းနှီးမြှုပ်နှံမှု များသည် ထုတ်လုပ်မှုနှင့် အိမ်ခြံမြေကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံလျက်ရှိကာ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ပမာဏ၏ ၈၈ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးနှင့် သစ်တော ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံကြပါသည်။

AIA/ACIA ၏ အယူအဆများသည် အာဆီယံနိုင်ငံများမှ မဟုတ်သော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်ဖြစ်ပြီး "ဒေသခံ လုပ်ငန်းရှင်များကို ဒေသတွင်း အကျိုးစီးပွားနှင့် တည်ငြိမ်မှုကို မြှင့်တင်ပေးနိုင်မည့် သူများအဖြစ် တိုးမြှင့်ပေးနိုင်မည့် ပြည်တွင်းမူဝါဒများ" ချမှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြည့်စုံသော စီးပွားရေး ဝန်းကျင်ဖြစ်ပေါ်လာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ ဧရိယာသည်လည်း ပို၍ ရှင်းလင်း ကြီးမားလာမည် ဖြစ်ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် အဓိက ရင်းနှီးမြှုပ်နှံသူများ ဖြစ်လာသည့် အကြောင်းရင်းများဖြစ်ပါသည်။ သို့သော် economic complementarities သည် ပူးပေါင်းဆောင်ရွက်မှုများမှတဆင့် ဒေါင်လိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အလားအလာ ကောင်းများဖြစ်စေပြီး အခြားသောနယ်စပ်ဖြတ်ကျော် လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည့် အလျားလိုက် ချိတ်ဆက်မှုများမှာ မြှင့်တက်လျက်ပင်ရှိပါသည်။

အာဆီယံ စီးပွားရေး အသိုက်အဝန်းမှ အကျိုးအမြတ်များအားလုံးကို အာဆီယံနိုင်ငံများမှ ခံစားနိုင်စေရန်နှင့် ပိုမို ကြီးမားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းများကို ဆွဲဆောင်ရန်အတွက် သယ်ယူပို့ဆောင်ရေးစရိတ်များ လျော့ချရန်၊ ကုန်စည်စီးဆင်းမှုလွယ်ကူစေရန်နှင့် လျှပ်စစ်ရရှိနိုင်မှုကိုတိုးချဲ့ရန်နှင့် အခြားသောရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်း ဖန်တီးနိုင်မည့် မတူညီသော အခြေခံအဆောက်အဦများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှတဆင့် ဒေသတွင်း ချိတ်ဆက်မှုများ မြှင့်တင်ခြင်းများတွင် ပိုမိုဆောင်ရွက်သင့်ပါသည်။

*Sources:* ESCAP, ASEAN Secretariat and UNCTAD (2015).

စင်စစ်အားဖြင့် အာဆီယံတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် ပူးပေါင်း ဆောင်ရွက်ရေး စီမံချက်များကို အကောင်းဆုံး အလေ့အကျင့်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ အဆိုပါ စီမံချက်များကို အာဆီယံရင်းနှီးမြှုပ်နှံမှု ဧရိယာ (AIA) မူဘောင် သဘောတူစာချုပ်များတွင် ပါဝင်သောအစီအစဉ်များ (Schedule) တွင် စတင်သတ်မှတ်ခဲ့ကြပါသည်။ အဆိုပါ မူဘောင် သဘောတူစာချုပ်၏ အခန်း (၆)တွင် ဖွံ့ဖြိုးတိုးတက်မှုကို ပူးတွဲဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်း၊ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် အသိပညာပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်းအစီအစဉ်များကို အကောင်အထည်ဖော်ရန် စသည့်တို့ကို ကတိကဝတ်ပြုခဲ့ပြီး ယင်းအဆိုပြုချက်အတွက် လုပ်ငန်းစီမံချက်များကို တင်ပြရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို မေတ္တာရပ်ခံထားပါသည်။ သဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံများ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဤလုပ်ငန်းအစီအစဉ်များဖြင့် ချည်နှောင်ထားစဉ်တွင် (၂)နှစ် တကြိမ် ပြန်လည်သုံးသပ်သင့်ရမည့် လုပ်ငန်းစီမံချက်များကို ဆောင်ရွက်မည့် ကတိကဝတ်များ၏ သဘောသဘာဝနှင့် နက်နဲမှုကိုတော့ သတ်မှတ်ထားခြင်းမရှိပါ။ လုပ်ငန်းအစီအစဉ်များတွင် အစီအစဉ် (Schedule) ၃ခုပါဝင်ပြီး ဒေသတွင်း

ပူးပေါင်း ဆောင်ရွက်ခြင်း/ ရင်းနှီးမြှုပ်နှံမှုကို ဦးတည်သည့် အုပ်စုများပေါင်းစည်းခြင်းတွင် ချည်နှောင်မှုရှိခြင်း (သို့မဟုတ်) စည်းနှောင်မှု မရှိခြင်းတို့ကို အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများ အကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါ စာရင်း/ပုံစံ ကဲ့သို့သော ယေဘုယျ အမည် များအား သတ်မှတ်ထားပါသည်။

**အစီအစဉ် ၁။ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် လွယ်ကူချောမွေ့စေရေး အစီအစဉ်များ -** မည်သည့်ဒေသတွင်း ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု/ပေါင်းစည်းခြင်း အစီအစဉ်/ အဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါတို့ကိုလုပ်ရမည်/လုပ်နိုင်သည်/ လုပ်လိမ့်မည်-

(က) **နိုင်ငံအလိုက်** ကနဦးဆောင်ရွက်ရန်မှာ-

(၁) အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် စည်းမျဉ်းဥပဒေသများကို သတင်းအချက် အလက်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်ခြင်းဖြင့် ပွင့်လင်းမြင်သာမှု တိုးမြင့်စေရန်၊

(၂) ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများ၏ အဆိုပြုခြင်းများနှင့် လျှောက်လွှာ တင်ပြခြင်း စသည့် လုပ်ထုံးလုပ်နည်းအဆင့် အားလုံးကို ရိုးရှင်းလွယ်ကူ လျင်မြန်နေစေရန်၊

(၃) အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံ အခွန်နှစ်ဆ မကျသင့်ရေး နှစ်နိုင်ငံသဘောတူစာချုပ် (bilateral Double Taxation Avoidance Agreements) ချုပ်ဆိုမှု အရေအတွက် များပြားလာ စေရန်၊

**(ခ)** စုပေါင်း၍ ကနဦးဆောင်ရွက်ရန်မှာ-

(၁) အသင်းအဖွဲ့များအတွင်းရှိ ထုတ်လုပ်မှုသွင်းအားစုများ ထောက်ပံ့သည့် လုပ်ငန်းများနှင့် နည်းပညာဖြန့်ဝေသူများအတွက် Databaseတစ်ခုကိုတည်ထောင်ရန်၊

(၂) အသင်းအဖွဲ့အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ သတင်းအချက် အလက်များနှင့် ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းဆိုင်ရာ အချက်အလက်များကို ပိုမိုကောင်းမွန်စေမည့် စုပေါင်း Database တစ်ခုကို တည်ထောင်ရန်၊

(၃) အသင်းအဖွဲ့အတွင်း လုပ်ငန်း လည်ပတ်လျက်ရှိသည့် စီးပွားရေး အသိုက်အဝန်းနှင့် အခြား နိုင်ငံတကာ အဖွဲ့အစည်းများသည် အဖွဲ့အတွင်းနှင့် ၎င်းပြင်ပတွင် ကြုံတွေ့လျက် ရှိသော ရင်းနှီးမြှုပ်နှံမှုအဟန့်အတားများကို ခွဲခြားဖော်ပြရန်နှင့်အဖွဲ့၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တိုးတက်စေရန် နည်းလမ်းများကို အဆိုပြုရန်အတွက် ပုံမှန် အပြန်အလှန် ဆွေးနွေးခြင်းမှတဆင့် အစိုးရ-ပုဂ္ဂလိကကဏ္ဍ ချိတ်ဆက်မှု ဆောင်ရွက်မှု တိုးတက် စေရန်၊

(၄) နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဦးတည်နယ်ပယ်များ ခွဲခြားသတ်မှတ်ရန်၊ ဥပမာ-လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အခြေခံအဆောက်အအုံ၊ ထုတ်လုပ်မှုသွင်းအားစုများ ထောက်ပံ့သည့်လုပ်ငန်းစုများ၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၊ သတင်းအချက်အလက် နည်းပညာ၊ စက်မှုလုပ်ငန်းနည်းပညာ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး (R&D)နှင့် အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကြိုးပမ်းမှုတွင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပါဝင် ပူးပေါင်းဆောင်ရွက်ရန်၊

(၅) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စုပေါင်းသဘောတူစာချုပ် တစ်ရပ် ပေါ်ပေါက်လာစေရေး စေ့စပ်ညှိနှိုင်းရန်နှင့် ပြန်လည်သုံးသပ်ရန်နှင့်

(၆) အဖွဲ့တစ်ခုလုံးအတွက် အခွန်နှစ်ထပ် မကျသင့်ရေး စုပေါင်းသဘောတူစာချုပ်တစ်ရပ် (collective Double Taxation Agreement) ချုပ်ဆိုနိုင်ရေး စိစစ်ရန်။

**အစီအစဉ် (၂)။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် အသိပညာပေးခြင်း အစီအစဉ်** - မည်သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု/ ပေါင်းစည်းခြင်း အစီအစဉ် အဖွဲ့အစည်းတို့မှ အဖွဲ့ဝင်နိုင်ငံ များသည် အောက်ပါတို့ကို လုပ်ရမည်/ လုပ်နိုင်သည်/ လုပ်လိမ့်မည်-

(က) ရင်းနှီးမြှုပ်နှံမှု ပူးတွဲမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်၊ ဥပမာ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Capital Exporting နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအတွက် ပြည်တွင်း ခရီးသွားလာမှုကို စီစဉ်ပေးခြင်း၊ စီးပွားရေးကဏ္ဍတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှုနှင့်အတူ လုပ်ငန်း စီမံကိန်းများကို ပူးတွဲ တိုးမြှင့် ဆောင်ရွက်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း ကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု အေဂျင်စီများနှင့် ပုံမှန်တိုင်ပင်ဆွေးနွေးခြင်းကို ဆောင်ရွက်ခြင်း၊

(ဂ) အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများမှ အရာထမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် သင်တန်းအစီအစဉ်များကို ဆောင်ရွက်ပေးခြင်း၊

(ဃ) အခြားအဖွဲ့ဝင်နိုင်ငံများသည် အခြားအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များကို တိုက်တွန်းအားပေးသော ဦးစားပေးကဏ္ဍများ/ လုပ်ငန်းများ စာရင်းအား လဲလှယ်ခြင်း၊

(င) အခြားအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း ကြိုးပမ်းမှုများကို ကူညီထောက်ပံ့နိုင်မည့် ဖြစ်နိုင်ချေရှိသည့် နည်းလမ်းများကို အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု အေဂျင်စီများ အနေဖြင့် ဆန်းစစ်ရန်။

**အစီအစဉ်(၃)။ ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ခြင်းအစီအစဉ်များ** - မည်သည့်ဒေသတွင်း ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု/ ပေါင်းစည်းခြင်းအစီအစဉ်/ အဖွဲ့အစည်းမှ အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါ တို့ကို လုပ်ရမည်/ လုပ်နိုင်သည်/ လုပ်လိမ့်မည်-

(က) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များတွင် ကန့်သတ်ရင်းနှီးမြှုပ်နှံမှု အတိုင်းအတာများလျော့ချခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုစနစ်များကို ဖြေလျှော့နိုင်စေရေး ပြန်လည်ဆန်းစစ်ရန်၊ အဖွဲ့ဝင် နိုင်ငံများသည် အောက်ပါအချက်များကို ဖြေလျော့နိုင်ရေးဆောင်ရွက်ရမည် ဖြစ်ပါသည်-

(၁) ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်သည့်နည်းဥပဒေများ၊စည်းမျဉ်းများနှင့်မူဝါဒများ၊
(၂) လုပ်ငန်းလိုင်စင်အခြေအနေဆိုင်ရာနည်းဥပဒေများ၊
(၃) ပြည်တွင်းဘဏ္ဍာငွေရရှိခြင်းနှင့်စပ်လျဉ်းသည့်နည်းဥပဒေများ၊
(၄) ရင်းနှီးမြှုပ်နှံသူများက ငွေပေးချေမှု၊ ငွေလက်ခံရရှိမှုနှင့် အမြတ်ငွေများကို ပြန်လည် လွှဲပြောင်းခြင်းများ လွယ်ကူချောမွေ့စေရေး နည်းဥပဒေများ။

(ခ) တစ်နိုင်ငံချင်းအလိုက်လုပ်ငန်းစီမံကိန်းများကိုတာဝန်ယူဆောင်ရွက်ရန်-
(၁) အဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် လုပ်ငန်းစု အားလုံးကို တံခါးဖွင့်ပေးရန်၊
(၂) အဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူအားလုံး အပေါ် နိုင်ငံသားများနှင့် တန်းတူ အခွင့် အရေး ပေးခြင်း။

(ဂ) အဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်လုပ်သား၊ အသက်မွေးဝမ်းကျောင်း ပညာရှင်များနှင့် နည်းပညာများ ပိုမိုလွတ်လပ်စွာ စီးဆင်းနိုင်ရေး အားပေးရန်၊

အာဆီယံ၏ ပြဋ္ဌာန်းချက်များသည် ၂၀၀၉ ခုနှစ်တွင် ပြောင်းလဲခဲ့၍ အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အဖြစ် ပေါင်းစည်းခဲ့ပြီး အာဆီယံနိုင်ငံများအကြား မူအားဖြင့် စည်းနှောင်ထားပါသည်။ အခန်း (၂၄) ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း ပြဋ္ဌာန်းချက်မှာ-

"အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အာဆီယံနိုင်ငံများ အတွင်းသို့ စီးဝင် စေခြင်းနှင့် အာဆီယံနိုင်ငံအချင်းချင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန် အလို့ငှာ ပေါင်းစည်းထားသော ရင်းနှီး မြှုပ်နှံမှု နယ်ပယ်တစ်ခုအဖြစ် အာဆီယံ၏ အသိပညာပေးမှု တိုးတက်စေရေး ဆောင်ရွက်ချက်တွင် ပူးပေါင်း ဆောင်ရွက်ရမည်။

(က) အာဆီယံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံစုံ စီးပွားရေး လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်တွန်းအားပေးခြင်း၊
(ခ) အာဆီယံဒေသအတွင်း နိုင်ငံစုံ-ပြည်တွင်း စီးပွားရေးလုပ်ငန်းများအကြား စက်မှုလုပ်ငန်းပိုင်း နှင့် ထုတ်လုပ်မှုတွင် ချိတ်ဆက်မှု တိုးတက်စေခြင်း၊

(ဂ) ဒေသတွင်း စက်မှုလုပ်ငန်းအစုအဝေး (regional cluster) နှင့် ထုတ်လုပ်မှု ကွန်ရက် (production networks) ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားသည့် ရင်းနှီးမြှုပ်နှံမှုမစ်ရှင်များကို ဖွဲ့စည်းခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေများ၊ စည်းမျဉ်းများနှင့် မူဝါဒများ ဆိုင်ရာဆွေးနွေးပွဲများ၊ မိတ်ဆက်ခြင်းများ စသည်တို့ကို စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အထောက် အပံ့ ပေးခြင်း၊

(င) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အခက်အခဲများကို အပြန် အလှန် ဖလှယ်ခြင်း။"

ထို့အပြင်အခန်း (၂၅) ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး ပြဋ္ဌာန်းချက်ဆိုင်ရာနှင့် စပ်လျဉ်း၍- "အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံဒေသအတွင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု များ ပြုလုပ်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု ပုံစံအားလုံးအတွက် လိုအပ်သည့်ဝန်းကျင်ကို ဖန်တီးပေးခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှု လျှောက်ထားလွှာနှင့် အဆိုပြုချက်တင်ပြခြင်း လုပ်ငန်းစဉ်များအား ကောင်းမွန် ရိုးရှင်း လွယ်ကူစေခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့်နည်းလမ်းများ အပါအဝင် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဃ) တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ဆောင်ရွက်ပေးသည့် ရင်းနှီးမြှုပ်နှံမှုစင်တာများ တည်ထောင်ခြင်း၊

(င) အာဆီယံ၏ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တိုးတက်စေရန် မူဝါဒချမှတ်ဖော်ဆောင်ရေးအတွက် ရင်းနှီး မြှုပ်နှံမှု ပုံစံအားလုံးနှင့် စပ်လျဉ်းသည့် Database များ အားကောင်းလာစေခြင်း၊

(စ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီးပွားရေးအသိုင်းအဝိုင်းနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်း၊

(ဆ) အခြားအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအသိုင်းအဝိုင်းကို အကြံဉာဏ်ပေးသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း။"

အခန်း ၂၅ သည် အခန်း ၂၄ ထက် ပိုမိုသိမ်မွေ့ပြီး ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့စေရေးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် အခြေခံအားဖြင့် ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားတစ်ရပ်မှ စေတနာအလျောက် ကြိုးပမ်းအားထုတ်ခြင်းအဖြစ်သို့ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ အခန်း ၂၆ သည် အာဆီယံ ပေါင်းစည်းခြင်းကို တိုးတက်စေရန် အဖွဲ့ဝင်နိုင်ငံများ၏ အောက်ဖော်ပြပါ ကြိုးပမ်းဆောင်ရွက်မှုကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်-

"ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအားလုံးနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံ ပေါင်းစည်းရေးအတွက် ကနဦးဆောင်ရွက်မှု၊ ပေါင်းစည်းခြင်း ကဏ္ဍအတွက် ဦးစားပေးဆောင်ရွက်မှုများ အပါ အဝင် အမျိုးမျိုးသောကနဦးဆောင်ရွက်မှု များမှတဆင့် အာဆီယံစီးပွားရေး ပေါင်းစည်းခြင်းကို မွေးမြူရန်မှာ အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုအဖြစ် အဖွဲ့ဝင်နိုင်ငံများမှ အသိအမှတ် ပြုလာခဲ့ကြပါသည်။ အာဆီယံ စီးပွား

ရေး ပေါင်းစည်းခြင်းကို တိုးတက်စေရန် အလို့ငှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အောက်ပါတို့ကို ကြိုးပမ်းဆောင်ရွက် ကြရမည်-

(က) လုပ်ငန်းများ ပြီးပြည့်စုံစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် အခြေအနေများကို ဖြစ်နိုင်ပါက ဟန်ချက်ညီမှုရှိစေရန်၊

(ခ) ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ တိုးတက်စေခြင်းနှင့် ဖော်ဆောင်ခြင်းတို့တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အဖွဲ့ဝင် နိုင်ငံများ၏ စွမ်းဆောင်ရည် တည်ဆောက်ရန်နှင့် အားကောင်းလာစေရန်၊

(ဂ) ဦးစားပေး လုပ်ငန်းဆောင်ရွက်မှုများနှင့် လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှု မူဝါဒများဆိုင်ရာ သတင်းအချက်အလက်များနှင့် အကောင်းဆုံး အလေ့အကျင့် များကို မျှဝေပေးရန်၊

(ဃ) အပြန်အလှန် အကျိုးကျေးဇူး ထွက်ပေါ်လာစေရေးအတွက် အာဆီယံနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းကို ထောက်ပံ့ကူညီရန်။"

ထို့အပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း ပုံစံများသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံး၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ရေးအတွက် အကူအညီအဖြစ် မျှော်မှန်းနိုင်ပါသည်။

- ဒေသတွင်းနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့်မက်လုံး အစီအစဉ်များ၊
- နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးပူးတွဲဆောင်ရွက် ခြင်း၊
- ဒေသတွင်းဆိုင်ရာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းစနစ် (patent filing system)၊
- ဒေသတွင်းဆိုင်ရာနည်းပညာစံချိန်စံညွှန်းများ၊
- ထုတ်လုပ်မှုသွင်းအားစုများ ထောက်ပံ့သည့် လုပ်ငန်းများ (supporting industries)နှင့် နည်းပညာဖြန့်ဖြူးသူများ (technology suppliers) အတွက် (Database)များထူထောင်ခြင်း၊
- ယှဉ်ပြိုင်မှုမူဝါဒများစည်းဝါးကိုက်ညီမှုရှိစေခြင်း၊
- ဒေသတွင်း ငွေချေးခြင်း/ ငွေကြေးအာမခံပေးခြင်း အစီအစဉ်များ၊
- ဒေသတွင်း ကွင်းဆက်/ဆက်စပ်စနစ်များ (Linkage Systems)
- ဒေသတွင်း ပူးတွဲရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ
- တိုင်းပြည်စီးပွားရေးနှင့် ငွေကြေးမူဝါဒ ပူးပေါင်းဆောင်ရွက်ခြင်း၊
- ဒေသတွင်း ငွေကြေးတည်ငြိမ်မှု ရရှိရေး အစီအစဉ်များ (currency alignment scheme)
- ဒေသတွင်း ကုန်သည်ကြီးများအသင်း (ဥပမာ GMS-Business Forum)
- လမ်းများ၊ မီးရထားလမ်းများ၊ လျှပ်စစ်ဓါတ်အားပေးဝေရေးများ၊ အင်တာနက် ဖြန့်ဝေရေး အစရှိသည့် ဒေသတွင်း ချိတ်ဆက်မှုများ (regional connectivity)

အာဆီယံအတွင်း ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးရန်အလို့ငှာ အခြားသောနိုင်ငံ၏ နယ်နိမိတ် အတွင်းရှိနေသည့် WTO အဖွဲ့ဝင်နိုင်ငံမှ ပုဂ္ဂိုလ်တည်ရှိနေခြင်း (movement of natural persons)၊ နှစ်ဦးနှစ်ဖက် အသိအမှတ်ပြုခြင်းများတို့တွင် (မူဘောင်) သဘောတူစာချုပ်များ/ စီစဉ်ဆောင်ရွက်မှု များနှင့် အခြားအရာများပူးပေါင်း၍ အာဆီယံစီးပွားရေး အသိုက်အဝန်းအဖြစ် အာဆီယံဒေသတွင်းနှင့် အာဆီယံဒေသပြင်ပ နှစ်ခုလုံးတို့တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် ကောင်းမွန်သော အခြေအနေ ပိုမိုတိုးမြှင့်စေရန် အားလုံးဝိုင်းဝန်း ကူညီပေးကြပါသည်။ ယေဘူယျ အားဖြင့် ပိုမိုကျယ်ပြန့်နက်နဲသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု (ဒေသတွင်းပေါင်းစပ်ခြင်းဆီသို့ ဦးတည်ခြင်း) ဆိုသည်မှာ ပိုမို ောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သည် ပေးထားသောဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် များအတွင်း အဖွဲ့ဝင်နိုင်ငံ အားလုံးတွင် မျှော်လင့်နိုင်ခြင်း ဖြစ်သည်။

## (ဆ) အနှစ်ချုပ်၊ မူဝါဒရေးဆွဲခြင်းအတွက် အရေးအပါဆုံး သင်ခန်းစာများ

ဤအခန်းသည် ရေရှည်တည်တံ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်မှုအား ဆွဲဆောင်ရန် အတွက် မူဝါဒရေးရာမူဘောင်များကို ရှင်းလင်းဖော်ပြခဲ့ပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင် နိုင်သည့် (သို့မဟုတ်) မြှင့်တင်နိုင်သည့် တစ်ခုတည်းသော မူဝါဒမရှိသကဲ့သို့ ကျယ်ပြန့်သော စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေရန် မူဝါဒများအကြား ချိတ်ဆက်ပူးပေါင်းမှုရှိရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် အိမ်ရှင်နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပမာဏအား ဆွဲဆောင်ရန် (သို့မဟုတ်)ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန်အတွက် ဦးတည်ချက် တိတိကျကျပါဝင်သော မူဝါဒတစ်ခု ဖြစ်နိုင်သည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုကို လက်ခံမည့် အိမ်ရှင်နိုင်ငံ အနေဖြင့် မည်သည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်သည်ကို ရှင်းလင်းနေရမည် ဖြစ်သည်။ ဥပမာအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအရ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်း၏ မူလအခြေခံ ရည်ရွယ်ချက်က ဘာတွေလဲ။ မည်သည့်မူဝါဒမဆို ချက်ချင်းဖြစ်မြောက်နိုင်သော ရည်မှန်းချက်ပန်းတိုင်များနှင့် ရေရှည်ဦးတည်ချက်များ လိုအပ်ပါသည်။ အဆိုပါ ဦးတည်ချက်၊ ရည်ရွယ်ချက်များမှာ ပါဝင်ပတ်သက်သည့် မူဝါဒ ရေးဆွဲသူများ အားလုံး ရှင်းလင်းစွာ နားလည်ထားကြရန် လိုအပ်ပါသည်။ ရည်ရွယ်ချက်ပေါ်မူတည်၍ ရည်ရွယ်ချက် အောင်မြင်သည်ဟု ရည်ညွှန်းသည့် မူဘောင်အား သတ်မှတ်နိုင်ပါသည်။ ထို့နောက် အဆင့်များစွာ ပါဝင်သော မူဝါဒဆက်စပ်မှု “Policy Tree” ကို ရေးဆွဲနိုင်ပါသည်။ ဤသို့ဖြင့် “ရင်းနှီးမြှုပ်နှံမှုမူဝါဒ” ဖြစ်လာပါလိမ့်မည်။ သို့သော်လည်း ထပ်မံ၍ သတိပြုစေလိုသည်မှာ စဉ်ဆက်မပြတ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများအား မြှင့်တင်ခြင်းနှင့် ဆွဲဆောင်ခြင်းများ ပြုလုပ်ရာတွင် ကောင်းမွန်စွာ အတူတကွပူးပေါင်း ဆောင်ရွက် ထားသည့် ကုန်သွယ်မှု၊ ယှဉ်ပြိုင်မှု၊ နည်းပညာ၊ အလုပ်သမားရေးရာ စသည့် စီးပွားရေးမူဝါဒများ အပါအဝင် ဘဏ္ဍာရေး၊ အခွန်နှင့် ငွေကြေးဆိုင်ရာမူဝါဒများအပြင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ၊ ဥပဒေမူဘောင်များ အစရှိသည့်သာမက အိမ်ရှင်နိုင်ငံက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများထံမှ အကျိုးအမြတ်များ စုတ်ယူ/ လက်ခံရယူနိုင်မှု စွမ်းအားများကို တိုးမြှင့်စေနိုင်သည့် မည့်သည့် မူဝါဒမဆို ပေါင်းစပ် ပါဝင်သည့် မူဝါဒများ လိုအပ်ပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မည့် ကျယ်ပြန့်သော မူဝါဒတစ်ရပ်မှာ နည်းလမ်းတစ်ရပ် ဖြစ်သည်။ သို့သော် ပိုမိုကောင်းမွန်သောအကျိုးကျေးဇူးများအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမို ကျယ်ပြန့်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒ/မဟာဗျူဟာ/ အစီအစဉ်တစ်ရပ်သို့ ချိတ်ဆက်ထားရှိ

သင့်ပါသည်။ နောက်ဆုံးတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ရင်းနှီးမြှုပ်နှံမှုသက်သက်အတွက် ဆွဲဆောင်ခြင်း မဟုတ်ဘဲ (SDGs မှ သတ်မှတ်ထားသော) ဖွံ့ဖြိုးတိုးတက်မှု၏ သီးခြားအစိတ်အပိုင်းများ (သို့မဟုတ်) အလုံးစုံဖွံ့ဖြိုး တိုးတက်မှုအတွက် ဆွဲဆောင်ခြင်းဖြစ်သည်။ အောက်ဖော်ပြပါ ထည့်သွင်း စဉ်းစားချက်အချို့မှာ UNCTAD ၏ Investment policy reviews နှင့် World Investment Reports မှ ဆင်းသက်လာသော သင်ခန်းစာများ ဖြစ်ပြီး အခြား စဉ်းစားချက်များမှာ အခြားသော ထုတ်ပြန်ချက်တို့မှ (ဥပမာ အားဖြင့် Nunenkamp, 2002; Dupasquier and other, 2012 published by UNCTAD) တို့မှ ထုတ်နှုတ် ဖော်ပြပေးခြင်း ဖြစ်သည်။ UNCTAD (၂၀၁၁a) သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာတွင် ဆောင်ရွက်သည့် လုပ်ငန်းစဉ် (action plan) များ ကိုဖော်ပြထားပါသည် (box 3.19)။

- **နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမူဝါဒတွင် ရှင်းလင်းသော ဦးတည်ချက်များကို ဖော်ပြခြင်း။** အနှစ် အားဖြင့် ဦးတည်ချက်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား ပိုမိုဆွဲဆောင်ရန် ဖြစ်သော်လည်း လုပ်ငန်းကဏ္ဍ သို့မဟုတ် အမျိုးအစား (မည်သည့်ကဏ္ဍ၏မည်သည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မဆို)၊ တည်နေရာ (မြို့၊ ခရိုင်၊ အထူးစီးပွားရေးဇုန်)နှင့် မည့်သည့်အကြောင်းကြောင့်ဆိုသည်ကို ပိုမို တိကျ ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်။ ။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်း၏ ပိုမို ကျယ်ပြန့်သော ရည်ရွယ်ချက်သည့် အောက်ပါတို့အနက်မှ တစ်ခုခု ဖြစ်နိုင်ပါသည်။
    - နိုင်ငံခြားနည်းပညာများနှင့် ကျွမ်းကျင်မှုများ ရရှိနိုင်ရန်
    - ပြည်တွင်း စုဆောင်းမှု-ရင်းနှီးမြှုပ်နှံမှု ကွာဟချက်ကို ပိတ်ပင်ရန်
    - ပြည်တွင်း အလုပ်အကိုင် ဖန်တီးပေးရန်
    - အားနည်းသော ပြည်တွင်းပုဂ္ဂလိကကဏ္ဍအသိုက်အဝန်းတွင် ပုဂ္ဂလိကကဏ္ဍကို တာဝန် ယူ ဖော်ဆောင်ရန်
    - ပြည်တွင်း ယှဉ်ပြိုင်မှုများကို အားပေးလှုံ့ဆော်ရန်
    - ရေရှည်တည်တံ့သော စီးပွားရေး အလေ့အကျင့်များ ပိုမိုကောင်းမွန်လာစေရန်
    - PPP ဖြင့် ပြည်တွင်းအခြေခံအဆောက်အဦများ တိုးတက်လာစေရန်
    - ငွေပေးငွေယူရှင်းတမ်းမှ လိုငွေပြမှုကိုချေဖျက်ရန်
    - အစိုးရ ဘဏ္ဍာရေးလိုငွေပြမှုအား အဆုံးသတ်နိုင်ရန်
    - နိုင်ငံခြားဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် သို့မဟုတ် ချဲ့ထွင်နိုင်ရန်
    - နိုင်ငံတကာတွင် မိမိနိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာစေရန်
    - ပြည်တွင်းမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အခြားသော ပြည်တွင်း လုပ်ငန်းများအား ဒေသတွင်းသို့မဟုတ် ကမ္ဘာ့တန်ဖိုးကွင်းဆက် ( regional and global value chains) သို့ ထိရောက်စွာ ချိတ်ဆက်ပေးနိုင်ရန်
    - (သို့မဟုတ်) အထက်ဖော်ပြပါ အချက်များကို လိုအပ်သလိုပေါင်းစပ်ခြင်း

အဆိုပါရည်ရွယ်ချက်အများစုတွင် ကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များ ပါဝင်ပါသည်။ အဆိုပါ ဖြစ်စဉ်တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်းသည်သာလျှင် ရည်ရွယ်ချက်အောင်မြင်ရန်အတွက် တစ်ခုတည်း သော နည်းလမ်းအဖြစ် သုံးသပ်နိုင်သော်လည်း အခြားနည်းလမ်းများ ရှိပါသေးသည်။ ဥပမာအားဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုကို ဆွဲဆောင်နိုင်စဉ် တွင် ကုန်သွယ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်း (အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း) ဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ အစရှိသည့် အခြားသောမူဝါဒများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုကို ဖော်ဆောင်ပေးနိုင်ပါသည်။ သို့ဖြစ်ပါ

၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် သတ်မှတ်ထားသော ရည်ရွယ်ချက်အောင်မြင်ရန်အတွက် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ အတွင်း သင့်လျော်စွာ နေရာချထားပေးရန် လိုအပ်ပါသည်။

- **SMART မူဝါဒနှင့် ကိုက်ညီစေခြင်း။** မူဝါဒတစ်ခုခု၏ မည်သည့်ရည်ရွယ်ချက်မဆို ၎င်းနှင့် ကိုက်ညီမှု ရှိရန် လိုအပ်ပါသည် (ဥပမာ- UNCTAD, ၂၀၁၅ တွင် ကြည့်နိုင်ပါသည်။)
    - **တိကျသေချာရမည်**။ ။ တိုးတက်စေချင်သော နယ်ပယ်တစ်ခုကို ဦးတည်ချက်ထားပါ။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား သတ်သတ်မတ်မတ်ကို ရွေးချယ်ပါ။ ရင်းနှီးမြှုပ်နှံမှု တက်လာစေချင်သော တည်နေရာတစ်ခုကို သတ်မှတ်ပါ။ ဆက်လက်၍ ဦးတည်ဆွဲဆောင်လိုသည့် နိုင်ငံနှင့် ကုမ္ပဏီတို့အားလည်း ရွေးချယ်ဖော်ထုတ်ရပါမည်။ (အခန်း ၇ တွင် ကြည့်ရန်)
    - **တိုင်းတာနိုင်ရမည်**။ ။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွက် ဆောင်ရွက် ပြီးစီးမှု အခြေအနေကို ကိန်းဂဏာန်းဖြင့် ဖော်ပြပါ။ (သို့မဟုတ်) ဆောင်ရွက် ပြီးစီးမှု ညွှန်းကိန်း (indicator of progress) အနည်းဆုံး တစ်ခုခုကိုအကြံပြုပေးပါ။ ဥပမာ အားဖြင့် ရည်ရွယ်ချက်ကို မည်ရွေ့မည်မျှ ဆောင်ရွက်ပြီးစီးမှုကို တိုင်းတာနိုင်ရပါမည်။
    - **တာဝန်ခွဲဝေသတ်မှတ်ပေးနိုင်ရမည်/ ပြီးစီးအောင် ဆောင်ရွက်နိုင်ရမည်/ အောင်မြင်အောင် လုပ်ဆောင်နိုင်ရမည်။** ။ မူဝါဒရေးဆွဲခြင်းနှင့် ယင်းမူဝါဒအား အကောင်အထည် ဖော်ရာ တွင် မည်သူက မည့်သည့်တာဝန်ကို တာဝန်ယူဆောင်ရွက်ရမည်ကို သတ်သတ် မတ်မတ် ခွဲခြားပေး ထားရမည်။ ဦးတည်ချက်များကိုလည်း သင့်တော်သော အချိန်ကာလနှင့် ရရှိနိုင်သော အရင်းအမြစ် အလိုက် အောင်မြင်ပေါက်မြောက်အောင် ဖော်ဆောင် ပေးနိုင် ရမည်။
    - **လက်တွေ့ကျရမည်**။ ။ ရရှိနိုင်သည့်ရင်းမြစ်များအရအမှန်တကယ် ဖြစ်မြောက်နိုင်မည့် လက်တွေ့ ကျသည့် ရလဒ်များကိုဖော်ပြပါ။ လက်တွေ့ကျမှုဆိုသည်မှာ အိမ်ရှင်နိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အဆင့်ပေါ်တွင် အခြေခံ၍ မျှော်မှန်းချက်များကို သတ်မှတ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံတစ်နိုင်ငံ အနေဖြင့် နည်းပညာမြင့်မားသည့် စက်မှုလုပ်ငန်းများအား ဦးတည် ရည်ရွယ်သည့် FDI မူဝါဒကို ချမှတ်ကျင့်သုံးခြင်း မပြုသင့်ပေ။
    - **အချိန်ကာလ အပိုင်းအခြားတစ်ခု ထားရှိရမည်။** ။ ချမှတ်ထားသော ဦးတည်ချက် များ/ အကျိုးရလာဒ်များ အောင်မြင်ရမည့် အချိန်ကာလ သတ်မှတ်ထားရှိပါ။ အချိန်ကာလ များကို ကာလတို (ဥပမာ တစ်နှစ်အတွင်း)၊ ကာလလတ် (ဥပမာ ၂ နှစ်မှ ၃ နှစ်အတွင်း)နှင့် ကာလရှည် (ဥပမာ ၅နှစ် မှ ၁၀ နှစ်အတွင်း) စသည်ဖြင့် သတ်မှတ်ထားရှိရမည်။ အချိန်ကာလအလျောက် ပြီးစီးရမည့် ဦးတည်သတ်မှတ်ချက်များ (time-related targets) သည် နိုင်ငံတော်၏ကာလရှည် မျှော်မှန်းချက် (long-term vision) သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ/ အစီအမံ (development strategy/plan) တို့အပေါ် အခြေခံ သင့်သည်။
- **ရင်းနှီးမြှုပ်နှံမှုဥပဒေ မရေးဆွဲမီ ရင်းနှီးမြှုပ်နှံမှု မူဝါဒအား ချမှတ်ထားရှိပါ။** မူဝါဒတွင် အောက်ပါ မေးခွန်းများကို ထည့်သွင်းစဉ်းစားသင့်သည်။ နိုင်ငံတစ်နိုင်ငံ/တည်နေရာတစ်ခုအတွင်း မည်သည့် နေရာ ဒေသတွင် မည်သူတို့ကမည့်သည့် သတ်မှတ်ချက်များအတိုင်း ရင်းနှီးမြှုပ်နှံနိုင်သည် (Daniel and Forneris, 2010)။
- **အကျိုးစီးပွားသက်ဆိုင်သူများနှင့် ထိုက်သင့်သောဆွေးနွေးတိုင်ပင်မှုများပြုလုပ်ပါ။** ။ရင်းနှီးမြှုပ်နှံမှု မူဝါဒတစ်ခုကို ချမှတ်ရာတွင် အကျိုးသက်ဆိုင်သူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား နိုင်ရန် အတွက် ြပည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အကျိုးစီးပွား သက်ဆိုင်သူများနှင့် ဆွေးနွေး တိုင်ပင်မှု ပြုလုပ်ပါ ။

- **သင့်လျော်မည့် စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုဆိုင်ရာ မူဘောင်တစ်ခုကို ရွေးချယ် ကျင့်သုံးပါ။** ရရှိနိုင်သော အရင်းအမြစ်များနှင့် ဘတ်ဂျက်အရ လက်တွေ့ကျသော အချိန်ကာလ တစ်ခုအတွင်း မူဝါဒ ဦးတည် ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အကဲဖြတ်ရန် သင့်တော်သော စောင့်ကြည့် လေ့လာမှုနှင့် အကဲဖြတ်မှုဆိုင်ရာ မူဘောင်တစ်ရပ် ကျင့်သုံးရပါမည်။ စောင့်ကြည့် လေ့လာမှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ များထံမှ တုန့်ပြန်ချက်များတောင်းခံခြင်း (feedback) နှင့် ပုံမှန် တိုင်ပင်ဆွေးနွေးခြင်းများ ပါဝင်ပါသည်။
- **သင့်တော်သော ပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ရပ်ကို ထူထောင်ထားရှိပါ။** နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုအား ဆွဲဆောင်ခြင်း၊ မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်းတို့ ပြုလုပ်ရာတွင် မူဝါဒများပေါင်းစပ် စုစည်းမှု (သို့မဟုတ်) အနည်းဆုံးအားဖြင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် အခြားသော မူဝါဒများအကြား လိုက်လျော ညီထွေမှုရှိရန် လိုအပ်ပါသည်။ ထို့အတွက်ကြောင့် သင့်လျော်ပြီး ထိရောက်မှုရှိသော အဖွဲ့အစည်း ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုတစ်ရပ်ကို ထူထောင်ထားရှိပြီး မူဝါဒကိုက်ညီမှု၊ ဟန်ချက်ညီမှု၊ ဆက်စပ်မှုတို့ ရှိစေရပါမည်။ အထူးသဖြင့် ဝန်ကြီးချုပ် (သို့မဟုတ်) သမ္မတရုံး (President"s Office)အောက်တွင် တိုက်ရိုက် ထားရှိပြီးအစိုးရအကြီးအကဲ (Head of Government)၏ ဦးဆောင်မှုဖြင့် ထိုကဲ့သို့သော ပူးပေါင်း ဆောင်ရွက်မှုကို ဆောင်ရွက်သင့်သည်။ IPA ၏ အဓိကအခန်းကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းမဟုတ်သဖြင့် ယေဘူယျအားဖြင့် ထိုကဲ့သို့သော မူဝါဒအခန်းကဏ္ဍနှင့် မကိုက်ညီ ပေ။( အခန်း ၄နှင့် ၆တို့တွင် ကြည့်ရန်)
- **စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှု ရှိပါစေ။** နိုင်ငံရေးတည်ငြိမ်မှုမရှိသော၊ စီးပွားရေးမူဝါဒ အမြဲ တစေ ပြောင်းလဲလျက်ရှိသော(သို့မဟုတ်) ငွေဖောင်းပွမှုနှုန်းနှင့် ငွေကြေးလဲလှယ်နှုန်းကဲ့သို့သော စီးပွားရေးညွှန်း ကိန်းများ တည်ငြိမ်မှုမရှိသောနိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်ရန်ခက်ခဲပါသည်။
- **အခြေခံအဆောက်အဦများကို ပုံမှန် အဆင့်မြှင့်တင်ပါ။** အဆင်းရဲဆုံးသော နိုင်ငံများသည်ပင်လျှင် အခြေခံကျသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများကို ဆွဲဆောင်နိုင်ရန်အတွက် အခြေခံ အဆောက် အဦ အနည်းအကျဉ်းကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ မူအားဖြင့် အခြေခံ အဆောက် အဦကို တည်ဆောက်ရန် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆာင်နိုင် ပါသည်။ သို့သော် သင့်တော်သော အခြေခံအဆောက်အဦမရှိပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်ရန်အတွက် အခြားသော မရှိ မဖြစ် လိုအပ်ချက်များလည်း ကင်းမဲ့နေတတ်သည်။[၆၉]
- **ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်အဆင်သင့်ရှိအောင် ဖော်ဆောင်ခြင်း။** လူ့စွမ်းအားအရင်း အမြစ်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုထံမှ ရရှိမည့် အကျိုးကျေးဇူးများကို လက်ခံရယူ နိုင်မှုကို တိုးမြှင့်ပေးနိုင်မည့် မရှိမဖြစ်အရာ တစ်ခုဖြစ်ပါသည်။ သို့သော် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ခြင်းသည် ကာလရှည်ကြိုးပမ်းမှုများနှင့် တီထွင်မှုဆိုင်ရာ မူဝါဒများ လိုအပ်ပြီး ပြောင်းလဲ ပြင်လွယ်သော အလုပ်သမား ဥပဒေများ၊ ခိုင်မာအားကောင်းသော ပညာရေးနှင့် သင်ကြားပို့ချမှု စနစ်များ လိုအပ်ရုံသာမက နိုင်ငံရေးအရ ထိလွယ်ရှလွယ်သော နိုင်ငံခြားလုပ်သားများနှင့် ကျွမ်းကျင် သူများ (ဥပမာအားဖြင့် WTO Agreement on Services ၏ နည်းလမ်း (၄) နှင့်သက်ဆိုင်သော အကြောင်းအချက်များ) ဝင်ရောက်မှုအပေါ် လက်ခံနိုင်ရန် လည်း လိုအပ်ပါသည်။ PPP နှင့် TNCs တို့၏ ပြည်တွင်း ကျွမ်းကျင်မှုမြှင့်မားရေး (local skills developemt) တွင်တိုက်ရိုက် ပါဝင် ဆောင်ရွက်ခြင်းသည်လည်း လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေး အတွက် အရေးကြီးပါသည် (Freund & Moran 2017)။
- ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ဖွဲ့စည်းမှုတို့ အားကောင်းပါစေ။ ဒေသတွင်း ပေါင်းစပ် ဖွဲ့စည်းမှုအဆင့်သည် နိုင်ငံငယ်များတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင် ဝင်ရောက်လာစေရေး အတွက် အရေးကြီးသော နည်းလမ်းတစ်သွယ်ဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးမှု နည်းသော၊ အနည်းဆုံးသော၊ သို့မဟုတ် ကုန်းတွင်းပိတ်နိုင်ငံများအတွက် အရေးကြီးသည်။

- စီးပွားရေးလုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်မှု (Ease of Doing Business) ကို တိုးတက်ကောင်းမွန်စေပြီးနှင့် ကြိုးနီစနစ်ကိုလည်းပယ်ဖျက်ပါ။ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးခြင်းတို့သည် စီးပွားရေးစနစ်များတည်ငြိမ်မှု (stability of economic systems)နှင့် ထိရောက်မှု နှစ်ခုလုံးအတွက် လုပ်ဆောင်နိုင်သလို ရင်းနှီးမြှုပ်နှံမှုဝန်းကျင် (investment climate) အား ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမို ကောင်းမွန်ခြင်းသည် ဖြေလျှော့ပေးခြင်းသက်သက် မဟုတ်ဘဲကောင်းမွန်သော စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းကျောင်းမှုများလည်း လိုအပ်ပါသည်။ ဥပမာအားဖြင့် စီးပွားရေးစတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ရရှိရန် အတော်အတန် လွယ်ကူသင့်သလို ရင်းနှီးမြှုပ်နှံမှုအတွက် သာမက အခြားသော နယ်ပယ်များ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ကျင့်သုံးခြင်းနှင့် ထိန်းကျောင်းခြင်းများ ပြုလုပ်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား မှန်ကန်သည့် သတင်းစကားများ ဖော်ပြပေးရာရောက်မည်ဖြစ်သလို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ ပိုမို များပြားသော အကျိုးကျေးဇူးများကိုလည်း ရရှိစေမည် ဖြစ်သည်။
- **ငွေကြေးမက်လုံးများအပေါ် မှီခိုမှုမလွန်ကဲစေဘဲမယှဉ်ပြိုင်နိုင်သော အခွန်စနစ်ကိုလည်း ပြုပြင်ပြောင်းလဲမှုပြုလုပ်ပါ။** ငွေကြေးမက်လုံးများ အကြောင်းအား အခန်း၅ တွင်ထပ်မံ၍ ဆွေးနွေး သွားမည်ဖြစ်ပါသည်။ အခွန်ဘဏ္ဍာစနစ် (fiscal regimes)များသည် အခြေခံ သဘော တရား များဖြစ်သည့် ရိုးရှင်းခြင်း၊ ခန့်မှန်းရလွယ်ခြင်းနှင့် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ကိုက်ညီသင့်ပြီး ပြည့်သူ့ဝန်ဆောင်မှုအတွက် ဘတ်ဂျက်အသုံးစရိတ်များ (public expenditures) ရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ရမည် ဖြစ်သည်။ ဥပမာအားဖြင့် UNCTAD ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်မှုအရ အခွန်ဘဏ္ဍာစနစ်အနေများသည် (၁) အလွန်ရှုပ်ထွေးတတ်ပြီး ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်း ကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် အခွန်အာဏာပိုင် နှစ်ဖက်စလုံးအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်း၊ (၂) တည်ငြိမ်မှုမရှိဘဲ ခန့်မှန်းရခက်သောကြောင့် ရင်းနှီးမြှုပ်နှံသူမည်သို့ဆုံးဖြတ်လုပ်ကိုင်ရမည်ကို မသိဘဲ ယုံကြည်မှုလျော့နည်းလာခြင်း၊ (၃)ရင်းနှီးမြှုပ်နှံသူကို ဆွဲဆောင်နိုင်သော်လည်း အခွန်ကို ပြင်ဆင်ပြောင်းလဲခြင်း (tax engineering)၊ လိုသလိုကောက်ချက်ဆွဲခြင်း (arbitrage)၊ တိမ်း ရှောင်ခြင်း (evasion)တို့ကို အားပေးသလို ဖြစ်စေသောကြောင့် လုပ်ငန်းအသစ်များကို စိတ်ပျက်စေပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် လုံလောက်သော အခွန်အခ မရရှိခြင်းနှင့် ပြည်သူလူထု၏ လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်များကို မဖြည့်ဆည်း ပေးနိုင်ခြင်း၊ (၄) နည်းပညာအဆင့်မြှင့်တင်မှု (technological upgrading)၊ အလုပ်အကိုင် ဖန်တီးပေးမှုနှင့် လုပ်ငန်းအစုအဖွဲ့ဖြစ်ပေါ်လာခြင်း (cluster development)အပါအဝင် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အချို့ကို ဖော်ဆောင်ရန် လုံလောက်သော ဦးတည်လုပ်ဆောင်မှု မရှိခြင်း (Dupasqueir and other 2012) နှင့် UNCTAD (2015) ကို ရှုပါ။
- **မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာပိုင်ဆိုင်မှုအတွက်ဥပဒေရေးရာ မူဘောင်ကို ခိုင်မာစေခြင်း၊ မြေယာ ရရှိနိုင်ရန်နှင့် မြေယာလွှဲပြောင်းရာတွင် လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးပါ။** ရင်းနှီး မြှုပ်နှံသူ များသည် မြေယာအပါအဝင် အခြေပစ္စည်းများပိုင်ဆိုင်ခွင့်အပေါ် များစွာတန်ဖိုးထားကြသည်။ မြေပိုင်ဆိုင်ခွင့်အကြောင်းကို အခန်း ၄ တွင် ပိုမိုဆွေးနွေးသွားမည် ဖြစ်ပါ သည်။
- ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အား တိုးတက်စေရန် အဖွဲ့အစည်းဆိုင်ရာထိရောက်မှုကို မြှင့်တင်ပေးပါ။ Dupasquire နှင့်အခြားပညာရှင်များ (၂၀၁၂) အရ အုပ်ချုပ်မှုစနစ်တွင် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၏ပုံစံနှင့် ထိရောက်မှု၊ အဆိုပါ ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ် ထိန်းကျောင်းသည့် အဖွဲ့အ စည်း၏ အုပ်ချုပ်မှုစနစ် (၂) မျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ အဆိုပါ အဖွဲ့အစည်းများ၏ ထိရောက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အတွက် အရေးပါသော အချက်တစ်ချက် ဖြစ်သည် (အခန်း ၄ တွင်ကြည့်ရန်)။

- နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် **တက်ကြွ၍ ထက်သန်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှင့် ရွေးချယ်ချဉ်းကပ်မှု (active and pro-active investment promotion and targeting)** မှာ အရေးကြီးသည်။ ထို့အတွက် **ထိရောက်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ တစ်ရပ်**သည် အဆိုပါ ကဏ္ဍကို တာဝန်ယူဆောင်ရွက်ရန်လိုအပ်ပါသည်။ နောက်ပိုင်း သင်ခန်းစာများတွင် ထိရောက်သော IPA တစ်ရပ် နှင့် ထိရောက်သော ရင်းနှီးမြှုပ်နှံမြှင့်တင်ရေး အတွက် အဓိက လိုအပ်ချက်များ ရှင်းလင်းပေးသွားမည် ဖြစ်သည်။
- FDI မှ အကျိုးကျေးဇူး အများဆုံး ရရှိထွက်ပေါ်စေရန်အတွက် ပြည်တွင်းပုဂ္ဂလိကကဏ္ဍကို တိုးတက်လာအောင် အားပေးဆောင်ရွက်ပါ။ အထူးသဖြင့် SMEs များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် TNCs များနှင့် အလုပ်ဖြစ်သော backward linkage နှင့် forward linkage များဖန်တီး ဆောင်ရွက်ရန်မှာ အရေးကြီးသည်။ သို့ရာတွင် ပြည်တွင်းမှ အကောင်းဆုံးပစ္စည်း ပေးသွင်းနိုင်သူများ (suppliers) များမှာ SMEs များ မဟုတ်ဘဲ အလယ်အလတ်နှင့် အကြီးစား ကုမ္ပဏီများ ဖြစ်နေ တတ်သည်။
- **ဟန်ချက်ညီပြီး ရေရှည်တည်တံ့မည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့မှုကို ပြုလုပ်ခြင်း** - အဆိုပါ ဖြေလျှော့မှုသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုရှိရန် လိုအပ်သော်လည်း ပြည့်စုံလုံလောက်မှု မရှိသေးပေ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ပွင့်လင်းပြီး ဖြေလျှော့ ပေးသော စီးပွားရေး နှင့် စီးပွားရေးဝန်းကျင်လိုအပ်သော်လည်း အများစုမှာ ကျွမ်းကျင်အလုပ်သမား ရရှိမှုနှင့်/သို့မဟုတ် အခြေခံ အဆောက်အအုံစသည့် အချက်များကို အလေးထားကြသည်။ ထို့အပြင် နက်နက်နဲနဲနှင့် မြန်မြန်ဆန်ဆန် ဖြေလျှော့ပေးပါက စီးပွားရေးစနစ် တည်ငြိမ်မှုကို ထိခိုက်နိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို စိတ်ပျက်စေနိုင်ပါသည်။ မကြာသေးခင်က **ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ လွယ်ကူချောမွေ့စေရေး**ကို ဖြေလျှော့မှုထက် ပိုမိုအလေးပေး ဆောင်ရွက်လာကြသည်။ ထိရောက်သော စီးပွားရေးစနစ်တစ်ခုသည် အလုပ် ဖြစ်သော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် အပအဝင် အကျိုးရှိမှု (efficiency)နှင့် တည်ငြိမ်မှု (stability) ၂ မျိုးစလုံး လိုအပ်ပါသည် (အခန်း ၄ တွင် ဖတ်ရှုပါ)။
- **နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြောင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်နိုင်ဖွယ်ရှိသော ဆိုးကျိုးများကို လျှော့ချပြီး ကောင်းကျိုးများကို အများဆုံးရရှိစေမည့် မူဝါဒ၏များနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲကျင့်သုံးခြင်း** - နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်ပေါ်သော ဆိုးကျိုးများမှာ ယေဘုယျအားဖြင့် လျော့ကျလာသော်လည်း ရင်းနှီးမြှုပ်နှံမှု အမျိုးအစားနှင့် အိမ်ရှင်နိုင်ငံ၏ အခြေအနေပေါ်မူတည်၍ အောက်ဖော်ပြပါ ဖြစ်နိုင်ခြေရှိသောနယ်ပယ်များကို အထူးအလေးပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။[86]
  - နိုင်ငံခြားလုပ်ငန်းခွဲများ (foreign affiliates) ၏ ယှဉ်ပြိုင်မှုကို အားလျော့စေသည့် အလေ့အထများ (anticompetitive practices)
  - မတည်ငြိမ်သော ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းနှင့် ငွေပေးငွေယူရှင်းတမ်း (balance of payments) ကို အနှောင့်အယှက် ဖြစ်စေသော ဆက်စပ်ပေးချေမှုများ
  - နိုင်ငံခြားလုပ်ငန်းခွဲများ၏ အခွန်ရှောင်တိမ်းမှု (tax avoidance) နှင့် မသင့်လျော်သော ဈေးနှုန်း လွှဲပြောင်းမှုများ
  - ညစ်ညမ်းမှုကို ဖြစ်စေသော လုပ်ဆောင်ချက်များ၊ နည်းပညာများကို (အိမ်ရှင်လုပ်ငန်းများသို့) လွှဲပြောင်းခြင်း
  - ပြည်တွင်းလုပ်ငန်းများကို ဘေးရောက်စေခြင်းနှင့် နိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ကိုင်မှုကို ချိုးနှိမ်ရာ ရောက်စေခြင်း

[86] These areas were first identified by UNCTAD (2003).

- လူမှု-ယဉ်ကျေးမှုကို ဆိုးကျိုးများဖြစ်စေသော စီးပွားရေးလုပ်ကိုင်မှု အလေ့အထများကြောင့် ပြည်တွင်း ထွက်ကုန်များ၊ နည်းပညာများနှင့် ကွန်ရက်များကို ဘေးရောက်စေခြင်း
- TNCs များကို အလျှော့ပေးလိုက်လျောခြင်း၊ အထူးသဖြင့် ပို့ကုန်မြှင့်တင်ရေးဇုန်များ (export processing zones)တွင် အလုပ်သမားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းများကို လျှော့ချပေးခြင်း
- စီးပွားရေးကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် လွှမ်းမိုးခြယ်လှယ်လွန်းပြီး လုပ်ငန်း ကဏ္ဍ တိုးတက်မှု (industrial development) နှင့် နိုင်ငံတော်လုံခြုံရေးတွင် ဆိုးကျိုးများ ဖြစ်ပေါ် စေခြင်း

## ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း လုပ်ငန်းများအတွက် UNCTAD မှ ပြည့်စုံသော အစီအစဉ်

ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း လုပ်ငန်းများအတွက် UNCTAD မှ ပြည့်စုံသော အစီအစဉ်တစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအစီအစဉ်တွင် အစိုးရနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးသည့် မိတ်ဖက် အဖွဲ့အစည်းများ အတွက်အကြံပြုချက်များ ပါဝင်ပါသည်။ ၎င်းတို့အနက်မှ အောက်ဖော်ပြပါ အကြံပြုချက်များသည် အစိုးရအတွက် စိတ်ဝင်စားဖွယ် အစီအစဉ်များဖြစ်ပါသည်-

- နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသည် နှစ်ဦးနှစ်ဖက် တွန်းအားပေးစေရန်အတွက် အတိုင် အဖောက်ညီညီ မြှင့်တင်သင့်ပါသည်။
- ပြည်သူ-ပုဂ္ဂလိက အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကို အားကောင်းစေခြင်း (အခြေခံ အဆောက် အဦများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအသစ်) ။ ၎င်းသည် အခြေခံ အဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် တည်ငြိမ်သော ဥပဒေမူဘောင်များ ရေးဆွဲတည်ထောင်ခြင်းနှင့် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းများစသည်တို့တွင် သတိပြု လျော့ပေါ့ပေးရန် လိုအပ် ပါသည်။
- နည်းပညာနှင့် သက်မွေးပညာသင်တန်းများနှင့် သင်တန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပေးရန်
- နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ လုပ်ငန်းစဉ်များတွင် "kick-start" စတင်နိုင်သည့် လူဝင်မှု ကြီးကြပ်ရေးနှင့် အလုပ်လုပ်ကိုင်ခွင့် မူဝါဒများ ရွေးချယ်ရန်
- မသုံးမပြုရသေးသည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို SMEs များမှအသုံးပြုပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု များကို မြှင့်တင်ရန်
- အလားအလာကောင်းသော ရင်းနှီးမြှုပ်နှံသူများကို ရှာဖွေနိုင်ရန်
- ဒေသခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဈေးငွေအာမခံမှု အစီအစဉ်များအပါအဝင် ငွေကြေးရရှိနိုင်မှုများ လွယ်ကူစေရန်
- တရားဝင်မဟုတ်သော လုပ်ငန်းများကို တရားဝင် စီးပွားရေးလုပ်ငန်းများအဖြစ် ပူးပေါင်းလာစေရန်
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးပန်းတိုင်များကို မထိခိုက်စေဘဲ စီးပွားရေးဆောင်ရွက်မှု လွယ်ကူ ခြင်းကို တိုးတက်လာစေရန်အတွက် ဤစာအုပ်တွင် ဖော်ပြပါရှိသောအကြံပြုချက်များနှင့်အညီ ဥပဒေ၊ အသင်းအဖွဲ့များ ပြုပြင်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်ကြရန်
- ရင်းနှီးမြှုပ်နှံသူများနှင့် အဓိပ္ပါယ်ရှိသော ဆွေးနွေးနိုင်သည့် နည်းလမ်းများ တည်ထောင်ကြရန်

The full plan of action can be accessed at http://unctad.org/en/Docs/diaeia2011d1_en.pdf.

*Source:* UNCTAD (2011a).

## (ဈ) ဆွေးနွေးစရာ ကိစ္စရပ်များ

1. Why does your country attract FDI? In other words, what are the immediate and long-term objectives of attracting FDI?

2. Has your country undertaken any economic, financial, trade, investment liberalization initiatives? How have these initiatives helped economic growth and attraction of FDI?

3. Does or did your country have a privatization programme? What was the role of FDI in the implementation of this programme? Was it successful? What were the obstacles you encountered in involving FDI in privatization and how did you overcome them?

4. Which of the four determinants of Porter's model of competitive advantage are the best developed in your country and which ones require more attention? How has FDI helped shape some of these determinants?

5. Do you have a separate FDI policy or do you embed FDI in other development policies? How well is FDI integrated in your national development policies, plans and strategies?

6. Do you consult the private sector, and in particular foreign investors, in formulating FDI policies or policies that impact FDI? What is the mechanism for proper regular private sector and investor community consultation? Could this be improved, not only at the central but also at the local level?

7. How do you rate the quality of your infrastructure system as a determinant for FDI? Are you taking measures to improve it? What role is FDI playing in this regard?

8. Does your government engage in public-private partnerships with foreign investors? How effective are these partnerships? What are the obstacles encountered and what is done to overcome them?

9. Does your country have a national innovation system? How would you rate the quality of that system? What role does it play in attracting quality FDI? What could you do to improve it and what role could FDI play in this regard?

10. Does your country have a business linkage programme to help SMEs integrate into global and regional value chains? What role does the attraction of FDI play in this regard? How successful is this linkage programme and how could you improve it?

11. How do you rate the quality of your human resources? Does this match the requirements of foreign investors in the sectors you want them to attract? What role does FDI play in upgrading the quality of your work force?

12. How many regional integration/trade agreements is your country part of? How has membership in these agreements helped attract FDI? How could these agreements be improved to better attract FDI for sustainable development? Is your country involved in any other regional cooperation programme that covers or contributes to attracting FDI?

13. How do you rate the sustainability of FDI inflows to your country/location in terms of social and environmental impact? What are your policies to improve sustainability?

14. Does your country have any policy to promote the adoption of responsible business conduct/practice or CSR?

15. How do you view the contribution of FDI to individual SDGs and what could you do to strengthen that contribution?

# ရည်ညွှန်း


Aggarwal, Aradhna (2008). Regional economic integration and FDI in South Asia: Prospects and problems. Working paper 218. Indian Council for Research on International Economic Relations. July. Available from **http://www.icrier.org/pdf/Working_Paper_218.pdf.**

Aldaba, Rafaelita M. and Josef T. Yap (2009). Investment and capital flows: Implications of the ASEAN Economic Community. Philippine Institute for Developing Studies. *Discussion paper series,* No. 2009-1. Available from **http://saber.eaber.org/sites/default/files/documents/PIDS_Aldaba_2009_0.pdf**.

Altenburg, Tilman (2000). Linkages and spill-overs between transnational corporations and small and medium-sized enterprises in developing Countries – opportunities and policies. Reports and Working Papers 5/2000. German Development Institute. .

Anderson, James E. and Eric van Wincoop (2004). Trade costs. *Journal of Economic Literature.* vol. 42, Issue No. 3, pp. 691-751.

ASEAN Secretariat and UNCTAD (2014). *ASEAN Investment Report 2013-2014: FDI development and value chains*. Jakarta. Available from **http://investasean.asean.org/files/upload/AIR%202013-2014%20FINAL.pdf**.

______ (2015). ASEAN Investment Report 2015: Infrastructure investment and connectivity.

Available from **http://www.asean.org/storage/images/2015/November/asean-investment-report/ASEAN%20Investment%20Report%202015.pdf**.

Baccini, Leonardo and Andreas Dür (2015). Investment discrimination and the proliferation of preferential trade agreements. *Journal of Conflict Resolution*,vol. 59, Issue No. 4, June, pp. 617-644.

Basu, Parantap, ChandanaChakraborty and Derrick Reagle (2007). Liberalization, FDI, and Growth in Developing Countries: A Panel Cointegration Approach. *Economic Inquiry*, vol. 41,Issue No. 3, July, pp. 510-516. Available from**doi: 10.1093/ei/cbg024**.

Battat, Joseph,IsaiahFrank and Xiaofang Shen (1996). *Suppliers to multinationals: linkage programs to strengthen local companies in developing countries*. Foreign Investment Advisory Services.Occasional Paper6. Washington, D.C.: The World Bank.

Blomstrom, Magnus and Kokko, Ari (1997). Regional integration and foreign direct investment. NBER Working Paper6019.Cambridge: National Bureau of Economic Research. April. Paper commissioned by the World Bank. Available from **http://www.nber.org/papers/w6019.pdf**.

Boubakri, Narjess, and others (2009). The dynamics of foreign direct investment and privatization: An empirical analysis. *International Management*,vol. 13, Issue No. 2, pp. 81-92.Erudit.Availablefrom http://www.erudit.org/revue/mi/2009/v13/n2/029781ar.pdf.

Cooray, Arusha, ArthurTamazian and Krishna C. Vadlammanati(2014). What drives FDI policy liberalization? An empirical investigation. *Regional Science and Urban Economics*,vol. 49, November, pp. 179–189. Elsevier. Available from http://www.sciencedirect.com/science/article/pii/S0166046214000878.

Craig, Julian C. (2008). Joint venture conflict: The case of Thai international joint ventures. *Journal of Asia-Pacific Business*,vol. 9, Issue No. 1, pp. 6-27. Available from http://epubs.scu.edu.au/cgi/viewcontent.cgi?article=1310&context=comm_pubs.

Chaisse Julien (2016). Renewables re-energized? The internationalization of green energy investment rules and disputes. *Journal of World Energy Law & Business*, vol. 9, Issue No. 4,August, pp. 269-281. Available from https://academic.oup.com/jwelb/article/9/4/269/2578767/Renewables-re-energized-The-internationalization.

Crotty, James (2009). Structural causes of the global financial crisis: a critical assessment of the ‘new financial architecture’. *Cambridge Journal of Economics*,vol. 22, Issue No. 4, pp. 563-580. Available from http://cje.oxfordjournals.org/content/33/4/563.full.pdf+html.

Cuong, Hoang Chi (2013). The impact of the World Trade Organization (WTO) regime on foreign direct investment (FDI) flows to Vietnam: A gravity model approach. *Journal of Modern Accounting and Auditing*,vol. 9, Issue No. 7, July, pp. 961-987. Available from http://www.davidpublishing.com/davidpublishing/Upfile/7/19/2013/2013071982937153.pdf.

Daniel, Kobina Egyir and Xavier Forneris (2010). *Investment law reform: A handbook for investment practitioners.* June. Investment Climate Advisory Services of the World Bank Group. Washington, D.C.:The World Bank Group.Available from http://documents.worldbank.org/curated/en/306631474483143823/Investment-law-reform-a-handbook-for-development-practitioners.

Dunning, John H. (1992). The competitive advantage of countries and the activities of transnational corporations. *Transnational Corporations*, vol. 1, Issue No. 1. UNCTAD. Available from http://unctad.org/en/Docs/iteiitv1n1a8_en.pdf.

______ (1993). Internationalizing Porter’s diamond. *Management International Review,*vol. 33. Extensions of the Porter Diamond Framework. pp. 7-15. Springer.

Dupasquier, Chantal, MassimoMeloni and Stephen Young (2012). UNCTAD's Investment Policy Reviews: Key policy lessons. *Transnational Corporations*,vol. 21, Issue No. 1, April. UNCTAD. New York and Geneva:United Nations. Available from **http://unctad.org/en/PublicationChapters/diaeia20122a3_en.pdf**.

Duval, Yann andChorthip Utoktham (2014). Impact of trade facilitation on foreign direct investment. Trade and Investment Division Staff Working Paper No. 04/14, 18 August. Bangkok: ESCAP. Available from **http://www.unescap.org/sites/default/files/Staff%20Working%20Paper%2004- 14_0.pdf**.

Edwards, Sebastian (1990). Capital flows, foreign direct investment, and debt-equity swaps in developing countries. National Bureau of Economic Research Working Paper No. 3497. Available from **http://www.nber.org/papers/w3497.pdf**.

Engman, Michael (2005). The economic impact of trade facilitation. OECD Trade Policy Working Papers No. 21. OECD Publishing. Available from**http://dx.doi.org/10.1787/861403066656**.

Economic and Social Commission for Asia and the Pacific(2009a). *Asia-Pacific Trade and Investment Report 2009. Trade-led recovery and beyond.* New York:United Nations. Available from **http://www.unescap.org/sites/default/files/0%20-%20Full%20Report_32.pdf.**

______ (2009b). *Creating business and social value: The Asian way to integrate CSR into business strategies*. Studies in trade and investmentNo. 68. ST/ESCAP/2565.Bangkok. Available from **http://www.unescap.org/sites/default/files/P2-SocialValue.pdf.**

______(2012). *Policy Guidebook for SME development in Asia and the Pacific.* ST/ESCAP/2621.Bangkok. Available from **http://www.unescap.org/resources/policy-guidebook-sme-development-asia-and-pacific.**

______(2013). *From corporate social responsibility to corporate sustainability: Moving the agenda forward in Asia and the Pacific.* Studies in trade and investment No. 77. Chapter III. ST/ESCAP/2658.Bangkok. Available from **http://www.unescap.org/sites/default/files/0%20-%20Full%20Report_3.pdf**.

______(2015). *Asia-Pacific Trade and investment Report: Supporting Participation in Value Chains.* Sales No. E.15.II.F.15. Available from **http://www.unescap.org/sites/default/files/Full%20Report%20%20-%20APTIR%202015.pdf.**

Fagerberg, Jan and Martin Srholec (2008). National innovation systems, capabilities and economic development. *Research Policy*, vol. 37, Issue No. 9, October, pp. 1417– 1435. Elsevier. Available from **http://www.sciencedirect.com/science/article/pii/S0048733308001431**.

Feils, Dorothee J. and Manzur Rahman(2011). The impact of regional integration on insider and outsider FDI. *Management International Review*,vol. 51, Issue No. 1, February, pp. 41-63. Springer.

Feinson, Stephen (2003). "National innovation systems overview and country cases." Center for Science, Policy, and Outcomes. Section 1 in: *"Knowledge flows and knowledge collectives: Understanding the role of science and technology policies in development, volume 1: Knowledge flows, innovation, and learning in developing countries.*" A project for the Global Inclusion Program of the Rockefeller Foundation. Available from http://cspo.org/legacy/library/110215F4ZY_lib_FeinsonInnovatio.pdf.

Freund, Caroline and Theodore H. Moran(2017). Multinational investors as export superstars:How emerging market governments can reshape comparative advantage.Working paper 17-1. January. Peterson Institute for International Economics. Available from https://piie.com/system/files/documents/wp17-1.pdf.

Gugler, Philippe and Serge Brunner(2007). FDI effects on national competitiveness: A cluster approach. *International Advances in Economic Research*,vol. 13, Issue No. 3, 1 August, pp. 268-284. International Atlantic Economic Society.

Hong, Junjie (2008). WTO accession and foreign direct investment in China. *Journal of Chinese Economic and Foreign Trade Studies*,vol. 1, Issue No. 2, pp. 136-147. Available from http://dx.doi.org/10.1108/17544400810884709.

International Monetary Fund (MAF) (2001). *Global Trade Liberalization and the Developing Countries*. Washington, D.C. November.

Injau, Hamsha Bin (2011). Evaluation of Multimedia Super Corridor (MSC Malaysia) contribution in Malaysian economy. September. Available from http://r-cube.ritsumei.ac.jp/bitstream/10367/3642/1/51209604.pdf.

Ismail, Suhaiza and Shochrul R. Ajija (2013). Critical success factors of public private partnership (ppp) implementation in Malaysia. *Asia-Pacific Journal of Business Administration*,vol. 5, Issue No. 1, pp. 6-19. Available from http://irep.iium.edu.my/14605/1/Critical_success_factors.pdf.

Jayasuriya, Dinuk (2011). Improvements in the World Bank's Ease of Doing Business rankings; Do they translate into greater foreign direct investment inflows? World Bank Policy Research Working Paper No. 5758. Available from https://elibrary.worldbank.org/doi/pdf/10.1596/1813-9450-5787.

Joubin-Bret, Anna andCristian R. Chiffelle (2016). G20 Guiding Principles for global investment policymaking: A stepping stone for multilateral rules on investment. ICTSD and World Economic Forum. The E15 Initiative. White Paper. January 2017. Available from http://e15initiative.org/publications/g20-guiding-principles-for-global-investment-policymaking-a-stepping-stone-for-multilateral-rules-on-investment.

Kaiser, Robert and Heiko Prange (2003). The reconfiguration of national innovation systems in OECD countries. Paper prepared for the SEGERA international conference on Innovation in Europe: Dynamics, institutions, and values, Roskilde, Denmark, 8-9 May 2003.

Kim, Joo-Yong (2007). SME innovation policies in Korea.In *The policy environment for the development of SMEs*, Chapter 6. Pacific Economic Cooperation Council. Available from **https://www.pecc.org/images/stories/publications/SME-2007-6-SME_Innovation_Policies_in_Korea-Kim.pdf**

Kirkpatrick, Colin, DavidParker and Yin-Fang Zhang (2006). Foreign direct investment in infrastructure in developing countries: does regulation make a difference? *Transnational Corporations*,vol. 15, Issue No. 1, pp. 143–171. UNCTAD. Available from **http://unctad.org/en/docs/iteiit20061a6_en.pdf**.

Kohpaiboon, Archanun (2003). Foreign trade regimes and the FDI–growth nexus: a case study of Thailand. *The Journal of Development Studies*,vol. 40, Issue No. 2, pp. 55-69. Elsevier.

Kline, John M. (2012). Evaluate sustainable FDI to promote sustainable development. Columbia FDI Perspectives on topical foreign direct investment issues by the Vale Columbia Center on Sustainable International Investment No. 82.5 November. Available from**http://ccsi.columbia.edu/files/2014/01/FDI_82.pdf**.

Kobrin, Stephen J. (2005). The determinants of liberalization of FDI policy in developing countries: a cross-sectional analysis, 1992-2001. *Transnational Corporations*, vol. 14, No. 1, April. UNCTAD. Available from **http://unctad.org/sections/dite_dir/docs/dite_iiab_tnc003_en.pdf**.

Kokko, Ari (2006). The home country effects of FDI in developed economies. Working Paper No. 225. April. European Institute of Japanese Studies Stockholm School of Economics. Available from **http://spot.colorado.edu/~utar/HomeEffects_Kokko.pdf.**

Lilischkis, Stefan (2011). Policies in support of high-growth innovative SMEs. INNO-Grips Policy Brief No. 2, June, pp. 53-61. European Commission.Available from **http://www.innogrips.empirica.biz/fileadmin/INNOGRIPS/documents/01_Policy%20Briefs/IG_Policy Brief_2_High-growth_SMEs.pdf.**

Lundvall, Bengt-Åke, PatarapongIntarakumnerd and Jan Vang(2006). *Asia's innovation systems in transition.* Cheltenham:Edward Elgar.

Martens, André (2008). Trade liberalization and foreign direct investment in emerging countries: An empirical survey. Department of Economics. University of Montreal. January. Available from **http://www.pep-net.org/sites/pep- net.org/files/typo3doc/pdf/Martens-trade-FDI-final.pdf**.

Mazzarol, Tim (2012).*Building a national innovation system: What can we learn from Korea?* 10 September. Available from **http://theconversation.com/building-a-national- innovation-system-what-can-we-learn-from-korea-9449**.

Masron, Tajul A. (2013). Promoting intra-ASEAN FDI: The role of AFTA and AIA. *Economic Modelling*,vol. 31, March, pp. 43-48. Elsevier. Available from **doi:10.1016/j.econmod.2012.11.050**.

Moran, Theodore H. (2011). *Foreign direct investment and development: launching a second generation of policy research.* April. Washington, D.C.:Peterson Institute for International Economics.

______ (2015). The role of industrial policy as a development tool: New evidence from the globalization of trade-and-Investment. Policy paper no. 71. December. Washington, D.C.:Center for Global Development.Available from https://www.cgdev.org/sites/default/files/CGD-PP71-Moran-industrial-policy- development-tool-0.pdf.

Mukherjee, Arjit and Kullapat Suetrong (2009). Privatization, strategic foreign direct investment and host-country welfare. *European Economic Review*,vol. 53, Issue No. 7,October, pp. 775–785. Elsevier. Available from http://www.sciencedirect.com/science/article/pii/S0014292109000336.

Narula, Kapil (2012). Sustainable investing' via the FDI route for sustainable development. *Procedia - Social and Behavioral Sciences*, vol. 37, pp. 15–30. Elsevier.

Nunnenkamp, Peter (2002). Foreign direct investment in developing countries: What economists (don't) know and what policymakers should (not) do. *Monograph on Investment and Competition Policy*, Issue No. 11. Consumer Unity & Trust Society (CUTS) Centre for International Trade, Economics & Environment. Available from http://cuts-international.org/FDI%20in%20Developing%20Countries-NP.pdf.

Organisation for Economic Co-operation and Development (OECD)(1997). *National innovation systems*. Paris. Available fromhttp://www.oecd.org/science/inno/2101733.pdf.

______(1999). *Managing national innovation systems*. Paris. Available from http://echo.iat.sfu.ca/library/oecd99_managing_National_IS.pdf.

______(2000). Science, technology and innovation in the new economy. *Policy brief* September. Available from http://www.oecd.org/science/sci-tech/1918259.pdf.

______(2002). *Foreign Direct Investment for Development: Maximising benefits, minimising costs*. Paris. Available from http://www.oecd.org/investment/investmentfordevelopment/1959815.pdf.

______(2005). *Encouraging linkages between small and medium-sized companies and multinational enterprises: An overview of good policy practice by the OECD Investment Committee*. 10 November. Available from http://www.oecd.org/investment/investmentfordevelopment/35795105.pdf.

______(2015). *Policy framework for investment*. 2015 edition. Paris. Available from http://www.oecd-ilibrary.org/finance-and-investment/policy-framework-for- investment-2015-edition_9789264208667-en.

Persson, Maria (2012). From trade preferences to trade facilitation: Taking stock of the issues. *Economics: The Open-Access, Open-Assessment E-Journal,*vol. 6, 2012-17, 14 May. Available from **http://dx.doi.org/10.5018/economics-ejournal.ja.2012-1.**

Porter, Michael E. (1990, 1998). *The competitive advantage of nations.* Free Press.

PwC Deals (2012). *Navigating Joint Ventures and Business Alliances Success factors in executing complex arrangements that are challenging to negotiate, operate, monitor and exit.* November. Available from **https://www.pwc.com/us/en/deals/publications/assets/pwc-navigating-joint-ventures-and-business-alliances.pdf**.

Rajan, Ramikesh, S. (2004). Measures to attract FDI: Investment promotion, incentives and policy intervention. *Economic and Political Weekly,* vol. 39, No. 1, January, pp. 12- 16.

Singh, Harinder and Kwang W. Jun (1995). Some new evidence on determinants of foreign direct investment in developing Countries. World Bank Policy Research Working Paper No. 1531. November.

Stähler, Frank, MichaelRyan,and HorstRaff (2007). The choice of market entry mode: greenfield investment, M&A and joint venture. Economics working paperNo. 19. Christian-Albrechts-Universität Kiel. Department of Economics. Available from **http://econstor.eu/bitstream/10419/22035/1/EWP-2007-19.pdf.**

Stiglitz, Joseph (2000). Capital market liberalization, economic growth, and instability. *World Development,*vol. 28, Issue No. 6, June, pp. 1075–1086. Elsevier. Available from **http://www.sciencedirect.com/science/article/pii/S0305750X00000061**.

Tetteh, Komiete (2013). *The pros and cons of privatization: A critical assessment.* Munich: GRINPublishing GmbH. Available from**http://www.grin.com/en/e-book/263720/the-pros-and-cons-of-privatization.**

United Nations (2009). *Rethinking poverty. Report on the world social situation 2010.* Economic liberalization and poverty reduction. Department of Economic and Social Affairs. ST/ESA/324.Chapter VI. New York. Available from **http://www.un.org/esa/socdev/rwss/docs/2010/fullreport.pdf**.

United Nations Conference on Trade and Development(UNCTAD) (1994). *World Investment Report 1993: Transnational corporations and integrated international production.* New York:United Nations. Available from**http://unctad.org/en/pages/PublicationArchive.aspx?publicationid=640**.

______ (2001). *World Investment Report 2001: Promoting linkages.* New York and Geneva: United Nations. Available from**http://unctad.org/en/pages/PublicationArchive.aspx?publicationid=656.**

______ (2003). *World Investment Report 2003: FDI policies for development: National and international perspectives.* New York and Geneva:United Nations. Available from**http://unctad.org/en/Docs/wir2003_en.pdf.**

______ (2011a). *Foreign direct investment in LDCs: Lessons learned from the decade 2000-2010 and the way forward*. New York and Geneva:United Nations. Available from http://unctad.org/en/Docs/diaeia2011d1_en.pdf.

______ (2011b). Best practices in investment for development case studies in FDI: How to create and benefit from FDI-SME linkages; Lessons from Malaysia and Singapore. *Investment Advisory Series*, Series B, Number 4. New York and Geneva. Available from http://unctad.org/en/Docs/diaepcb200918_en.pdf.

______ (2011c). *World Investment Report 2011. Non-equity modes of international production and development*. New York and Geneva: United Nations. Available from http://unctad.org/en/PublicationsLibrary/wir2011_en.pdf.

______ (2012). *World Investment Report 2012. Towards a new generation of investment policies*. New York and Geneva: United Nations. Available from http://unctad.org/en/pages/PublicationWebflyer.aspx?publicationid=171.

______ (2014). *World Investment Report 2014. Investing in the SDGs: An action plan*. New York and Geneva: United Nations. Available from http://unctad.org/en/pages/PublicationWebflyer.aspx?publicationid=937.

______ (2015). *Investment policy framework for sustainable development*. Latest version. Available from http://unctad.org/en/PublicationsLibrary/webdiaepcb2015d3summary_en.pdf.

United Nations Industrial Development Organization(2001). *Development of clusters and networks of SMEs*. Vienna. Available from: http://www.unido.org/fileadmin/user_media/Services/PSD/Clusters_and_Networks/SMEbrochure_UNIDO.pdf.

Vale Columbia Centre on Sustainable International Investment; World Association of Investment Promotion Agencies (WAIPA) (2010). *Investment promotion agencies and sustainable FDI: moving toward the fourth generation of investment promotion*. Report of the findings of the Survey on Foreign Direct Investment and Sustainable Development. 25 June.

te Velde, Dirk Willem andDirk Bezemer (2006). Regional integration and foreign direct investment in developing countries. *Transnational Corporations*,vol. 15, Issue No. 2, pp. 41-70. August. UNCTAD. New York and Geneva:United Nations. Available from http://unctad.org/en/docs/iteiit20062a3_en.pdf.

Wang, Georgette (2003). Foreign investment policies, sovereignty and growth. *Telecommunications Policy*,vol. 27, Issue Nos. 3–4, April–May, pp. 267–282. Elsevier. Available from http://www.sciencedirect.com/science/article/pii/S0308596102001039.

World Bank (2004) *World Development Report 2005: A better investment climate for everyone.* Washington, D.C.:World Bank and Oxford University Press. Available from http://siteresources.worldbank.org/INTWDRS/Resources/477365-1327693758977/FNL_WDR_SA_Overview6.pdf.

______ (2014). *Doing Business 2015: Going beyond efficiency.* Twelfthedition. Washington, D.C. Available from http://www.doingbusiness.org/~/media/WBG/DoingBusiness/Documents/Annual-Reports/English/DB15-Full-Report.pdf.

______ (2016). *FIAS 2015 Annual Review.* Washington, D.C. Available from http://documents.worldbank.org/curated/en/283811468179662281/pdf/103084-REVISED-2015-FIAS-Sprds-07-21.pdf

______ (2017). *Doing Business 2017: Equal opportunity for all.* 14th edition. Washington, D.C. Available from http://www.doingbusiness.org/~/media/WBG/DoingBusiness/Documents/Annual-Reports/English/DB17-Report.pdf.

Yehoue, Etienne B. (2005). Clusters as driving engine for FDI. IMF Working Paper No. 05/193. October. International Monetary Fund. Available from http://siteresources.worldbank.org/INTEXPCOMNET/ Resources/Yehoue_2005.pdf.

Yeyati, Eduardo L., ErnestoStein and Christian Daude(2003). Regional integration and the location of FDI. July. Research Department Working Paper No. 492. Inter-American Development Bank. Available from http://www.iadb.org/res/publications/pubfiles/pubWP-492.pdf.

Zhan, James (2016).G20 Guiding Principles for global investment policymaking: A facilitator's perspective. The E15 Initiative: Strengthening the global trade and investment system for sustainable development. ICTSD and World Economic Forum. December. Geneva. Available from http://e15initiative.org/wp- content/uploads/2015/09/E15-Investment-Zhan-Final-1.pdf.

# 4

# ရေရှည်တည်တံ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အတွက် အဖွဲ့အစည်းနှင့် ဥပဒေရေးရာ မူဘောင်များ

## (က) ရေရှည်တည်တံ့မည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ထားရှိရမည့် အဖွဲ့အစည်း မူဘောင်

### (၁) ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း

ပုံမှန်အားဖြင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ဗဟိုအစိုးရ၏ဝန်ကြီးဌာနတစ်ခုမှ ရေးဆွဲကြီးကြပ်ပါသည်။ ဥပမာ-ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန။ သီရိလင်္ကာနိုင်ငံကဲ့သို့သော နိုင်ငံအချို့တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဝန်ကြီးဌာနတစ်ခု တည်ရှိသော်လည်း အဓိကကျသော ရင်းနှီးမြှုပ်နှံမှုမူဝါဒကိုမူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက ချမှတ်ပါသည်။ လာအိုပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတွင် မဟာမဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများဖြစ်သော ရင်းနှီးမြှုပ်နှံမှုမူဝါဒကို စီမံကိန်းနှင့် ရင်းနှီးမြှုပ်မှုဝန်ကြီးဌာနမှ သတ်မှတ် ပါသည်။ သို့သော် အခြားဝန်ကြီးဌာနများကလည်း ၎င်းတို့နှင့် သက်ဆိုင်သည့်နယ်ပယ်အသီးသီးမှ ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို သတ်မှတ်တတ်ကြပါသည်။ ဥပမာ-သယ်ယူပို့ဆောင်ရေး၊ သတင်းဆက်သွယ်ရေး နည်းပညာ၊ သတ္တုတူးဖော်ရေး၊ စွမ်းအင် စသည်တို့ဖြစ်ပါသည်။ ထို့ပြင် အလုပ်သမားနှင့် သဘာဝ ပတ်ဝန်းကျင် ဝန်ကြီးဌာနများသည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ အလုပ်သမားနှင့် သဘာဝပတ်ဝန်းကျင် အပေါ် အကျိုးသက်ရောက်မှုရှိမှုကို ဆန်းစစ်ကြပါသည်။ ပြည်ထဲရေး သို့မဟုတ် မြေယာဝန်ကြီးဌာနသည် မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကိုယ်တွယ်ဆောင်ရွက်ကြပြီး ခရီးသွားလာရေး ဝန်ကြီးဌာနသည် ခရီးသွားကဏ္ဍသို့ ဝင်ရောက်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်မှုများကို ကိုယ်တွယ်ဆောင်ရွက်ကြပါသည်။ ရင်းနှီးမြှုပ်နှံမှု မူဝါဒများချမှတ်သော ဝန်ကြီးဌာနများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက လုပ်ကိုင်နိုင်သည့် အလုပ်များ၊ မလုပ်ကိုင်နိုင်သည့် အလုပ်များအစရှိသည်ဖြင့်သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ် ရာတွင် အဓိကပါဝင်သော ဌာနများ ဖြစ်ကြပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်မှုမူဝါဒတွင် အထူးအခွန်ဆိုင်ရာ ပြဌာန်းချက်များ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် အလုပ်လုပ်ကိုင်ခွင့်ပါမစ် အစီအစဉ်များ၊ မြေယာ ဝယ်ယူခွင့်နှင့် နိုင်ငံခြားငွေ လဲလှယ်ရေး ကန့်သတ်ချက်များစသည်တို့ပါဝင်သည်။ အဆိုပါ ကိစ္စရပ်တစ်ခုချင်းသည် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ မြေယာဝန်ကြီးဌာန၊ ဗဟိုဘဏ်ကဲ့သို့သော အဖွဲ့ အစည်းများ၏ လုပ်ပိုင်ခွင့်အောက်တွင်ရှိကြသည်။ နောက်ဆုံးအားဖြင့် (ပို့ကုန်ထုတ်လုပ်လည်ပတ်မှုဇုံ အပါအဝင်) အထူးစီးပွားရေးဇုန်များ တည်ထောင်ထားသည့် အားလျော်စွာ အဆိုပါဇုန်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းများ မူဝါဒချမှတ်ခြင်းကို ဇုန်အာဏာပိုင်များက ဆောင်ရွက်ကြသည်။

ရင်းနှီးမြှုပ်နှံမှုမူဝါဒ ချမှတ်ရာတွင် အစိုးရဌာနများစွာ ပါဝင်သည့်အတွက် အာဏာသက်ရောက်မှု အားကောင်းစေရန်ဖြစ်နိုင်လျှင် နိုင်ငံတော်သမ္မတမှ ဥက္ကဌ/သဘာပတိအဖြစ် ဦးဆောင်ပြီး ပေါင်းစပ်ညှိနှိုင်းမှု ကောင်းကောင်းဖြင့် အဆက်အစပ်ရှိပြီး ဟန်ချက်ညီသော မူဝါဒတစ်ရပ်ကို ချမှတ်ထားရှိရန် လိုအပ်ပါသည်။ အမှန်တကယ်တွင်ရင်းနှီးမြှပ်နှံမှု မူဝါဒအား လက်တွေ့ချမှတ်ကျင့်သုံးရာတွင် ကောင်းမွန်မှန်ကန်သော ပေါင်းစပ် ညှိနှိုင်းမှု ကင်းမဲ့နေတတ်ပါသည်။ အဆိုပါ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ဆောင်ရာတွင် ရင်းနှီးမြှပ်နှံမှု မူဝါဒ ချမှတ်ရာတွင် တိုက်ရိုက်ပါဝင်သည့် ဌာနများသာမက ရင်းနှီးမြှပ်နှံမှုအပေါ် အကျိုးသက်ရောက်မှု ရှိသည့် မူဝါဒများချမှတ်သော ဌာနများပါ ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ ဥပမာ-ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေး၊ အထူးသဖြင့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်များတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အခန်းများ (သို့မဟုတ်) ပြဌာန်းချက်များ ပါဝင်ကြသည်။နောက်ဆုံးအားဖြင့်နိုင်ငံကြီးများတွင် ဒေသဆိုင်ရာ အစိုးရအာဏာပိုင်များသည် ဗဟိုအစိုးရမူဝါဒများနှင့် မကိုက်ညီသည့် ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှုမူဝါဒများ ချမှတ်ပိုင်ခွင့်ရှိကြသည်။ ဥပမာ စီမံကိန်းနှင့် ရင်းနှီးမြှပ်နှံမှုဌာနများစွာရှိသော ဗီယက်နမ်နိုင်ငံ ပြည်နယ် (သို့မဟုတ်) မြို့နယ်အဆင့်တွင် ပြည့်သူ့ကော်မတီများမှ ၄င်းတို့ ဒေသဆိုင်ရာများအတွက် ချမှတ်သော မူဝါဒ များနှင့် စည်းမျဉ်းစည်းကမ်းသည် ဟန္ဓိုင်းရှိ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနမှ ချမှတ်သော ဗဟိုအစိုးရ မူဝါဒနှင့် အမြဲတစေ မကိုက်ညီကြပေ။ (အခန်း ၈ မှာ box 8 ကို ကြည့်ပါ။)

ရင်းနှီးမြှုပ်နှံမှုမူဝါဒများသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းသီးသန့် ဖြစ်ပါသည်(ဥပမာ- boxes 4.1 and 4.2 တွင်ကြည့်နိုင်ပါသည်)။ နိုင်ငံများစွာတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် အဆင်ပြေလွယ်ကူ ချောမွေ့စေရေး လုပ်ငန်းတာဝန်များကို သီးခြားလုပ်ဆောင်သည့် အေဂျင်စီများထူထောင်ထားရှိကြပါသည်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ (IPAs)။ IPA များကို သီးခြားဥပဒေများပြဌာန်း၍ တည်ထောင်တတ်ကြပါသည်။ အဆိုပါဥပဒေများသည် IPA ၏ ဖွဲ့စည်းပုံနှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှု ဝင်ရောက်လာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အတိအလင်းသတ်မှတ်ပေးပြီး လုပ်ကိုင် ဆောင်ရွက် ရမည့် လုပ်ငန်းနယ်ပယ်များကို သတ်မှတ်ပေးပါသည်။ IPA များ၏ အခန်းကဏ္ဍသည် အချိန်ကာလနှင့်အမျှ တဖြည်းဖြည်းပြောင်းလဲလာသဖြင့် ၎င်းတို့သည် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ ရင်းနှီးမြှပ်နှံမှု မြှင့်တင်ခြင်းနှင့် အဆင်ပြေလွယ်ကူချောမွေ့စေရေးတို့နှင့်စပ်လျဉ်း၍ အကောင်းဆုံးလုပ်ဆောင်နိုင်မည့် စံနမူနာ ပုံစံ အပေါ် ငြင်းခုန်စရာဖြစ်လာခဲ့သည်။

အကောင်းဆုံးပုံစံအနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းတာဝန်အားလုံးကို ဌာနတစ်ခုတည်းမှ မဆောင်ရွက် နိုင်သလို တာဝန်မယူသင့်ပါ။ ရင်နှီးမြှပ်နှံမှုမူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများသည် ရင်းနှီးမြှပ်နှံမှု မြှင့်တင် ခြင်းအလုပ်နှင့် များစွာကွာခြားသည့်အတွက် အဖွဲ့အစည်း/ဌာနများစွာမှ စီမံဆောင်ရွက်သင့်ပါသည်။ သုတေ သန တစ်ခု၏ တွေ့ရှိချက်အရ အအောင်မြင်ဆုံး IPA များသည် စိစစ်ခြင်းနှင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း အပါ အဝင် စည်းကမ်းထိန်းကျောင်းမှုအလုပ်များ (regulatory function) ကို ဆောင်ရွက်ခြင်းမရှိဟု ကမ္ဘာ့ ဘဏ်က ကိုးကားဖော်ပြထားသည်။ အကြောင်းမှာ အဆိုပါ အလုပ်များသည် IPA ၏ ပင်မလုပ်ငန်း တာဝန် ဖြစ်သော ရင်းနှီးမြှပ်နှံမှုမြှင့်တင်ခြင်းနှင့် ဆွဲဆောင်ခြင်းနှင့်အတူ အကျိုးစီးပွားပဋိပက္ခတစ်ခုသို့ ဦးတည် နေသောကြောင့် ဖြစ်ပါသည်။ (IPA ၏ အခန်းကဏ္ဍအပေါ် ပြည့်ပြည့်စုံစုံ ဆွေးနွေးချက်များကို အခန်း(၆) တွင် ဖတ်ရှုပါ။) ထို့အပြင် စည်းမျဉ်းစည်းကမ်းနှင့် ရင်းနှီးမြှပ်နှံမှု မြှင့်တင်ခြင်းတို့သည် မတူညီသော လုပ်ငန်း ကျွမ်းကျင်မှုများ လိုအပ်ပါသည်။ IPA၏ တာဝန်များကိုအပြောင်းအလဲ လုပ်ဆောင်လျှင် ရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ခုလုံးကို ပြင်ဆင်ခြင်းထက် သီးခြားရေးဆွဲထားသည့် IPA ဥပဒေအား ပြင်ဆင်ရခြင်းက ပိုမို

လွယ်ကူ ပါလိမ့်မည်။ သို့ဖြစ်ပါ၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်း စည်းကမ်းများကို IPA ထက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနတစ်ခုမှ တာဝန်ယူဆောင်ရွက်သင့်ပါသည် (Daniel and Porneris, ၂၀၁၀)။ လုပ်ငန်းရပ် ၂ခုကို အေဂျင်စီ/ဌာနတစ်ခုတည်းအဖြစ် ပေါင်းစပ် ဖွဲ့စည်းထားသော်လည်း လုပ်ငန်းရပ် ၂ ခုမှာ သီးခြားဖြစ်နေနိုင်ပါသေးသည် (Griffin et.al ၂၀၁၁)။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို အာရုံစိုက် လုပ်ကိုင်သည့် IPA ဥပမာကောင်းတစ်ရပ်မှာ နီကာရာဂူးနိုင်ငံ (Nicaragua Box 4.3) ဖြစ်သည်။ ဇယား 4.1 သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု စည်းကမ်းထိန်းများ၏ မတူညီသော လိုအပ်ချက်များကို ပြုစုပေးထားသည်။

## FDI မြှင့်တင်ခြင်းနှင့် စည်းကမ်းထိန်းကျောင်းခြင်းအကြား မတူညီသော လိုအပ်ချက်များ

ဇယား ၄-၁

Table 4.1. ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် ဥပဒေပြုခြင်းအကြား ကွဲပြားချက်များ

| Institutional dimension | Investment promotion | Investment regulation |
|---|---|---|
| Organizational culture<br>အသင်းအဖွဲ့ ဓလေ့ | • ဝယ်သူဦးစားပေး<br>• ပုဂ္ဂလိကကဏ္ဍကို အာရုံစိုက်ခြင်း<br>• ဦးစားပေးကဏ္ဍများထည့်သွင်းစဉ်းစားခြင်း | • လေးစားလိုက်နာ ခြင်း<br>• စီမံအုပ်ချုပ်မှုဆိုင်ရာများကို အလေးထားဆောင်ရွက်ခြင်း<br>• နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံးနှင့် သက်ဆိုင်ခြင်း. |
| Staff skills<br>ဝန်ထမ်းများ၏ အရည်အသွေး | • ဈေးကွက်ရှာဖွေခြင်းနှင့် ရောင်းချခြင်း<br>• စီမံချက်များနှင့် ဝယ်ယူသူများအကြား ဆက်ဆံရေး စီမံခန့်ခွဲမှု<br>• ဆက်သွယ်မှုများ | • စီမံအုပ်ချုပ်မှုဆိုင်ရာများ<br>• ဥပဒေနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများ<br>• တိကျမှုနှင့် ပြည့်စုံမှု |
| Knowledge<br>အသိပညာ | • စီးပွားရေးအလေ့ကျင့်များ<br>• ကဏ္ဍအလိုက် ကျွမ်းကျင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု<br>• ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ<br>• နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအချက်အလက်များ<br>• နိုင်ငံခြားဘာသာစကားနှင့် လုပ်ငန်းခွင် အလေ့အထများ | • ဥပဒေ၊ နည်းဥပဒေ နှင့်လုပ်ထုံး လုပ်နည်းများ<br>• နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအချက် အလက်များ |
| Enabling environment<br>ဝန်းကျင်ကောင်းဖန်တီးခြင်း | • ကန့်သတ်ချက်ဘောင်အတွင်း လိုက်လျောညီထွေရှိမှု<br>• ရင်းနှီးမြှုပ်နှံသူများ၏ | • တိကျသော လုပ်ထုံး လုပ်နည်းများနှင့် ခွင့်ပြုခြင်းဆိုင်ရာ |

| | | |
|---|---|---|
| | လိုအပ်ချက်များကို မြန်ဆန်စွာ ဖြေရှင်းပေးနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များ<br>• ရလဒ်အခြေပြုခြင်း | နည်းလမ်းများ<br>• ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း<br>• ဆောင်ရွက်မှု အခြေပြုခြင်း |
| Internal systems<br>ရုံးတွင်းစနစ် | • သတ်မှတ်ပုံစံ<br>• ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို မြန်ဆန်စွာ ဖြေရှင်းပေးခြင်း<br>• ရင်းနှီးမြှုပ်နှံသူကျေနပ်သည် အထိ ဆောင်ရွက်ပေးခြင်း | • သတ်မှတ်စံနှုန်းစနစ်<br>• ရင်းနှီးမြှုပ်နှံသူ၏ တောင်းဆိုချက်များသည် စနစ်၏ မြန်ဆန်မှုများနှင့် ကိုက်ညီခြင်း<br>• ရင်းနှီးမြှုပ်နှံသူလို အပ်မှသာ ဆောင်ရွက်ပေးခြင်း |

*Source:* Griffin and others(2011), table 1.

## Box 4.1 နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းများအတွက် မတူညီသော အသင်းအဖွဲ့များ

နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းများအတွက် မတူညီသော အသင်းအဖွဲ့များ ရှိပါသည်။ ၎င်းအပြင် အထူးစီးပွားရေးဇုန်များစီမံခန့်ခွဲခြင်းနှင့် ၎င်းဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း ဆောင်ရွက်သည့် သီးခြားတာဝန်ရှိ အာဏာပိုင်များရှိပါသည်။ အထူးသဖြင့် စက်မှုနှင့် ထုတ်လုပ်မှုကဏ္ဍများကို အထူးအလေးထား ဆောင်ရွက်ချက်နှင့်အညီ အာရှနိုင်ငံများနှင့် ပစိဖိတ်ဒေသနိုင်ငံများတွင် အောက်ဖော်ပြပါ မူဘောင်များကို တွေ့နိုင်ပါသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော High Commission on Investment (HCI) သည် ရင်းနှီးမြှုပ်နှံမှု မူဝါဒရေးဆွဲသည့် အဓိက ဌာနဖြစ်ပြီး Afghanistan Investment Support Agency (AISA) သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၎င်းဌာနသည် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ ပူးပေါင်းဖွဲ့စည်းလိုက်ပြီ ဖြစ်ပါသည်။

အာမေနီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမူဝါဒသည် စီးပွားရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒဦးစီးဌာနမှ ဆောင်ရွက်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းအတွက် ပုဂ္ဂလိက အကြံပေး ကုမ္ပဏီများမှတဆင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း အေဂျင်စီ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ **Azerbaijan နိုင်ငံတွင် ရေနံမဟုတ်သော ကဏ္ဍ များတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း လုပ်ငန်းများကို** Azerbaijan (State) Investment Company မှ ဆောင်ရွက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများအားလုံး ချမှတ်ခြင်းကို ဆောင်ရွက်ပါသည်။ ထို့အပြင် Azerbaijan Export and Investment Promotion Foundation (AZPROMO) သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ဆောင်ရွက်သည့် ပြည်သူ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ကနဦးအစအဖြစ် ဆောင်ရွက်ပေးပါသည်။

အခွန်ဆိုင်ရာ ဝန်ကြီးဌာနသည် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းများအတွက် တစ်နေရာတည်းတွင် ဆောင်ရွက်သည့် ဌာနအဖြစ် ဆောင်ရွက်ပေးပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မည်သည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မူဝါများကို တာဝန်ယူဆောင်ရွက်ခြင်းမရှိဘဲ ရင်းနှီးမြှုပ်နှံမှုမူဝါဒများသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနှင့်

ဆင်းရဲ မွဲတေမှု လျော့ချခြင်း မူဝါဒနှင့် မဟာဗျူဟာများတွင် ထည့်သွင်းရေးဆွဲထားပါသည်။ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးပါသည်။ Bangladesh Board of Investment သည် ဥပဒေပြုရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ကဏ္ဍနှစ်ခုလုံးတွင် ဆောင်ရွက်ပြီး Bangladesh Export Processing Zone Authority (BEPZA) သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒများကို the Council for Development of Cambodia (CDC) မှဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းလုပ်ငန်းများကို Cambodia Investment Board under CDC မှ တာဝန်ယူ ဆောင်ရွက်ပါသည်။ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို Ministry of Commerce မှ တာဝန်ယူဆောင်ရွက်ပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မူဝါဒများချမှတ်ပါသည်။ China Investment Promotion Agency သည် ရင်းနှီး မြှုပ်နှံမှုများ မြှင့်တင်ခြင်းကို ဆောင်ရွက်ပါသည်။

ဖီဂျီနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဘုတ်အဖွဲ့၏ အောက်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအဖြစ်ဆောင်ရွက်ပြီး ဥပဒေရေးရာ ကိစ္စရပ်များ၊ မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် အကြံပြုချက်များနှင့် သတင်းအချက်အလက်များ ဝန်ဆောင်မှု များကို ဆောင်ရွက်မည် ဖြစ်ပါသည်။ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဒေသတွင်း၊ နိုင်ငံတကာ အေဂျင်စီများနှင့် ဆက်သွယ်ရာ တွင်လည်း ဆောင်ရွက်ပေးပါသည်။ ဂျော်ဂျီယာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကို စီးပွားရေးနှင့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံသူနှင့်အစိုးရအကြား ဆက်သွယ်သူအဖြစ်လည်း ဆောင်ရွက် ပေးပြီး Georgia National Investment Agency သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအဖြစ် ဆောင်ရွက်ပါသည်။

အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒများသည် စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန၏ စက်မှုမူဝါဒနှင့် မြှင့်တင်ခြင်းဆိုင်ရာ ဦးစီး ဌာနမှ ဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအဖြစ်ဆောင်ရွက် ဆောင်ရွက်ပါသည်။ အင်ဒိုနီးရှား နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးပါသည်။ Indonesian Investment Co-ordination Board (BKPM) မှ ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲမှုနှင့်မြှင့်တင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ပြီး ထုတ်ကုန်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းများအတွက် ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ဒေသခံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း အေဂျင်စီများ၏ စွမ်းဆောင်နိုင်စွမ်းသည် အမျိုးမျိုးဖြစ်ပြီး မူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများသည် လုပ်ပိုင်ခွင့် ခွဲဝေခြင်းများကို ဦးဆောင်လျက်ရှိပါသည်။

ကာဇက်စတန်နိုင်ငံတွင် စီးပွားရေးဝန်ကြီးဌာနသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒ ချမှတ်ခြင်းများတွင် သက်ဆိုင်ရာ ဝန်ကြီး ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးပြီး ၎င်းသက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ၎င်းတို့၏ တာဝန်ယူဆောင်ရွက်ရသော နယ်ပယ် အသီးသီးမှ တာဝန်ယူဆောင်ရွက်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ လုပ်ငန်းများကို တရား စီရင်ရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရပါသည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရသည် Council on Development of Business and Investmentsကို တည်ထောင်ခဲ့ပြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် တိုးတက်စေရေး မူဝါဒ အကြံပြုချက်များ ပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီကို စီးပွားရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ လာအိုနိုင်ငံတွင် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဌာနခွဲမှ မူဝါဒချမှတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။

မလေးရှားနိုင်ငံတွင် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ စက်မှု မူဝါဒ များအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒများအတွက် တာဝန်ယူဆောင်ရွက်ပြီး Malaysia Industrial Development Authority (MIDA) မှ ကြီးကြပ်ပါသည်။ MIDA သည် ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်းနှင့် မြှင့်တင်ခြင်းကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်ပါသည်။ ၂၀၀၉ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို စစ်ဆေးသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကော်မတီကို ဖျက်သိမ်းခဲ့ပါသည်။

မှတ်ပုံတင်ခြင်း၊ ဥပဒေနှင့် လက်မှတ်ထုတ်ပေးခြင်း ၊ ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုနှင့် ထုတ်ကုန် မြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဆိုင်ရာ အကာအကွယ်ပေးခြင်းနှင့် ငွေကြေးဈေးကွက်ဆိုင်ရာ မူဝါဒများ ချမှတ်ခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပြီး ကုန်သွယ်မှုနှင့် စက်မှု ဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှု မူဝါဒ များကို ကြီးကြပ်ပါသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင် ဝန်ကြီးဌာနမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ရန် အတွက် တာဝန်ယူဆောင်ရွက်သည့် အစိုးရ ဝန်ကြီးဌာနတစ်ခု ဖြစ်ပါသည်။ အဆိုပါဝန်ကြီးဌာနသည် Korea Trade-Investment Promotion Agency (KOTRA) ကို ကြီးကြပ်ပြီး Invest KOREA သည် တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပေးသည့် တရားဝင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီအဖြစ် ဆောင်ရွက်ပါသည်။

ထိုင်းနိုင်ငံတွင် စက်မှုဝန်ကြီးဌာနသည် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် ဖန်တီးရန်အတွက် တာဝန်ယူဆောင်ရွက်ပြီး Thailand Board of Investment (BOI) သည် ဝန်ကြီးချုပ်ရုံးအောက်တွင် တည်ထောင်ထားရှိကာ နိုင်ငံစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအစီအစဉ်ကို အခြေခံ၍ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ဌာနအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။ ၎င်းအပြင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ BOI သည် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ခြင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။

သီရိလင်္ကာနိုင်ငံတွင် စက်မှုနှင့် စီးပွားရေးဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ခြင်းများတွင် ဆောင်ရွက်ခြင်း မပြုဘဲ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း ဝန်ကြီးဌာနမှ ဆောင်ရွက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ရာတွင် ပို၍ အာဏာရှိပါသည်။ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် Sri Lanka Board of Investment မှ ဆောင်ရွက် အကောင်အထည်ဖော်ပြီး ၎င်းဌာနမှပင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ သို့သော် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒရေးရာ ဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းများကို ကူညီပေးပြီး BOI and non-BOI ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်ဆန်းစစ်ရာတွင် အကူအညီပေးပါသည်။ ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မူဝါဒ ချမှတ်ခြင်းအတွက် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု အေဂျင်စီမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းအေဂျင်စီအဖြစ် ဆောင်ရွက်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ဒေသခံ မူဝါဒများနှင့် ဥပဒေများထုတ်ပေးရာတွင် သီးခြား စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဌာနများဖြင့် ပြည်သူ့ကော်မတီများမှ အဆင့်တစ်ခု သတ်မှတ်ပြီး ဆောင်ရွက်ပေးပါသည်။

*Source:* ESCAP online research, various national IPA websites

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းသည် သီးခြားလုပ်ချက်တစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများနှင့် တိုက်ရိုက် လုပ်ကိုင်ရန် လိုအပ်သော အေဂျင်စီ/ဌာနတစ်ခုမှ ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် ရဲဝန်ထမ်းကဲ့သို့ ပြုမူနေလျှင် (သို့မဟုတ်) စည်းမျဉ်းနှင့် မူဝါဒများကိုချမှတ်နေလျှင် ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အေဂျင်စီအား အလေးထားအားကိုးတော့မည်မဟုတ်ပေ။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အရာရှိ များသည် ရင်းနှီးမြှုပ်နှံသူများထံမှ ယုံကြည်မှု ရရှိပြီး အခက်အခဲဖြေရှင်းပေးသူများအဖြစ် ပြုမူဆောင်ရွက်ရန် လိုအပ်ပါသည်။ အနှစ်သာရအားဖြင့် IPA သည် အရေးကြီးသည့် ဈေးကွက်ချဲ့ထွင်ခြင်း အခန်းကဏ္ဍကို တာဝန်ယူထားသော ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဌာန တစ်ခုဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် အစိုးရဌာနများစွာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း IPA ကဲ့သို့ ဌာနတစ်ခု တည်းဖြင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒတစ်ရပ် ဖြစ်မြောက်ရေးအတွက် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ပေ။ ထို့ကြောင့် ရရှိလာသော အတွေ့အကြုံအသိအမြင်များသည် IPAs များမှ မူဝါဒရေးရာ စည်းရုံးရေး အဖွဲ့များသို့ ပြောင်းလဲသွားနိုင် သော်လည်း ပုံမှန်အားဖြင့် IPA များသည် စည်းမျဉ်းများ၏ လုပ်ဆောင်ချက်ဖြစ်သော ရင်းနှီးမြှုပ်နှံမှု စီမံချက်

စိစစ်မှု (project screening)တွင် မပါဝင်သင့်ပေ။ အကြောင်းမှာ အဆိုပါလုပ်ငန်းတာဝန်သည် ထိန်းကျောင်းမှု အလုပ်ဖြစ်ပြီး သင်ခန်းစာ၊ တွေ့ရှိချက်များကိုမူ မူဝါဒနိုးဆော်ပေးနိုင်ပါသည်။ IPA များသည် ထိရောက်သော one-stop shops များ ဖြစ်ရန်လည်းခဲယဉ်းပါသည်။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် စည်းမျဉ်းများ တွင် ပါဝင်သော ဝန်ကြီးဌာနများစွာနှင့် အေဂျင်စီများကို အေဂျင်စီတစ်ခုအဖြစ် အပြည့်အဝ တာဝန်ပေးမည် မဟုတ်ပေ (အခန်း ၈ တွင် ကြည့်ပါ)။ သို့သော်ငြားလည်း IPA များသည် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေ လွယ်ကူအောင် ကူညီဆောင်ရွက်ပေးနိုင်ကာ ရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်ခြင်း၊ ၎င်းတို့ ရင်းနှီး မြှုပ်နှံမှု များကို ပိုမိုသိရှိနားလည်အောင် အမှန်တကယ် ကူညီပေးခြင်းဖြစ်ပြီး ထိန်းချုပ်ရန် အတွက်တော့ မဟုတ်ပေ။

## Box 4.2 Kazakhstan နိုင်ငံ၏နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် မြှင့်တင်ရေးဆိုင်ရာ မှုဘောင်

Kazakhstan နိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်ပို့မှုအပေါ် အလွန်အားထားနေရသော ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် Kazakhstan နိုင်ငံ၏ စီးပွားရေးကို ပုံစံအသစ်ဖြင့် ခွဲထွက်ရန်ရည်ရွယ်၍ အစိုးရ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ၂၀၂၀ ခုနှစ်၏ စီးပွားရေးလမ်းပြမြေပုံသည် ဦးစားပေး ရင်းနှီးမြှုပ်နှံမှုများကို ဖန်တီးပေးလျက်ရှိပါသည်။ Kazakhstan နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်း၊ အထူး စီးပွားရေးဇုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေး စီမံကိန်း ၂၀၁၀-၂၀၁၄ သည် နိုင်ငံ၏ အဓိက မဟုတ်သည့် ကဏ္ဍများတွင် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အနည်းဆုံး ၁၅ ရာခိုင်နှုန်းခန့်နှင့် GDP တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု ပါဝင်မှုသည် ၅ ရာခိုင်နှုန်းခန့် တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ အစိုးရသည် ဗီဇာလုပ်ငန်းစဉ်များ၊ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစေခြင်း၊ ပြည်နယ်အစိုးရ အာဏာပိုင်များ၏ အောက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား အထူးဝန်ဆောင်မှုပေးသည့် စင်တာများဖွင့်လှစ်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက် စေရန်အတွက် 'ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် အမျိုးသားစီမံကိန်း' ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ တွင် ချမှတ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ဝန်ဆောင်မှုစင်တာများကို ပြည်နယ် အသီးသီး တွင် ဖွင့်လှစ်ပြီးစီးခဲ့ပါသည်။ ဗဟိုတိုက်ရိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒ ချမှတ်သည့် အဖွဲ့အစည်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဖြစ်ပါသည်။ ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှု ဖြေရှင်းရေးကော်မတီ တစ်ခု လည်း ရှိပါသည်။ ထို့အပြင် ရင်းနှီးမြှုပ် နှံသူအား အကူအညီပေးရေးစင်တာဖြစ်သည့် Kazakh Invest (ယခင် ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အမျိုးသားအေဂျင်စီ သို့မဟုတ် Kaznex Invest) လည်းရှိပါသည်။

ထို့အပြင် အစိုးရနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအကြား နိုင်ငံတော်အတွင်းရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အဓိက ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် Kazakhstan နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားမှုအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကောင်စီကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

Kazakh Invest သည် ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ လုပ်ငန်းများ တည်ထောင်ခြင်းနှင့် လုပ်ငန်းလည် ပတ်ခြင်း တို့တွင် အကူအညီပေးရေးအတွက် တာဝန်ရှိသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ဆွဲဆောင်ရေး အမျိုးသား အေဂျင်စီတစ်ခုဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံသူများအား အခြားအကူအညီအမျိုးမျိုးကိုလည်း ထောက်ပံ့ပေးပါသည်။ အဓိကအားဖြင့် Kazakh Invest သည် အောက်ဖော်ပြပါ အခန်းကဏ္ဍကို အဓိက ဆောင်ရွက်ပါသည်- (http://invest.gov.kz/pages/about):

•   ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် အခြေအနေများနှင့် မျှော်မှန်းချက်များ ဆွေးနွေးရာတွင် အစိုးရ၏ အကျိုးစီးပွားအတွက် ကိုယ်စားပြုသည့် စေ့စပ်ညှိနှိုင်းသူတစ်ဦး၊

•   ရင်းနှီးမြှုပ်နှံသူများအား အကူအညီပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ရေးနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် အမျိုးမျိုးထုတ်ပေးခြင်းတို့ အပါအဝင် ပြည်သူ့ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် တစ်ခုတည်းသော နေရာ။

ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် မြှင့်တင်ရေးသည် ကောင်းမွန်နေသော်လည်း ရင်းနှီးမြှုပ်နှံသူများအား ရှုပ်ထွေးစေသည့် လုပ်ငန်းတာဝန်များ ထပ်နေသည့် အဖွဲ့အစည်းများ များပြားခြင်းခြင်းသည် ပြဿနာတစ်ခုဖြစ်နေပါသည်။ (OECD, 2012) ဖွဲ့စည်းပုံ မူဘောင်ကို ပေါင်းစည်းသည့် အကျိုးဝင်မှုနယ်ပယ်တစ်ခု ရှိလာမည်ဖြစ်ပါသည်။

အလားတူIPA များသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒချမှတ်သည့် ဌာန/အဖွဲ့အစည်းများ မဟုတ်သည့်အတွက် မူဝါဒပူးပေါင်းဆောင်ရွက်ပေးသည့် အခန်းကဏ္ဍကို တာဝန်ယူရန် အဆင်မပြေပေ။ သို့သော်ငြားလည်း IPA များမှာ လုံလောက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဆုံးဖြတ်လုပ်ကိုင်ပိုင်ခွင့်ရရှိထားကာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် နိုင်ငံ့ခေါင်းဆောင်(သို့မဟုတ်) အစိုးရအကြီးအကဲ၏ ဦးဆောင်မှုအောက်တွင်ရှိပြီးIPA များအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည့် အခန်းကဏ္ဍကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပါသည်။ မလေးရှားစက်မှုဖွံ့ဖြိုး တိုးတက်မှု အာဏာပိုင် (MIDA) နှင့် စင်ကာပူစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဘုတ်အဖွဲ့ (EDB) များမှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အောင်မြင်မှုများအဖြစ် ဥပမာပြနိုင်ပါသည်။ အဆိုပါအဖွဲ့များမှာ ဗဟိုချုပ်ကိုင်မှုဖြင့် မူဝါဒရေးဆွဲခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် နိုင်ငံရေးစနစ်များတွင်ထိရောက်စွာ လည်ပတ်နိုင်ကြပါသည်။

## Box 4.3 ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို ရင်းနှီးမြှုပ်နှံမှု မူဝါဒများမှ ခွဲထုတ်ခြင်း: Nicaragua

Nicaragua IPI သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် နမူနာယူထိုက်သော ပုံစံဖြစ်ပါသည်။ အဆိုပါ အောင်မြင်မှုကို အစိုးရ-ပုဂ္ဂလိက အဖွဲ့အစည်းအနေဖြင့် ၂၀၀၂ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး မူဝါဒချမှတ်သူများနှင့် သက်ဆိုင်မှုမရှိပဲ နိုင်ငံတော်သမ္မတရုံးကို တိုက်ရိုက် အစီရင်ခံ တင်ပြရသောအဖွဲ့အစည်းဖြစ်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား သတင်းအချက်အလက်များပံ့ပိုးပေးခြင်း၊ site visit များ ပြုလုပ်ပေးခြင်းနှင့် အစိုးရဌာန များနှင့် ဆက်သွယ်ရာတွင် အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်နှင့် အလုပ်အကိုင် ဖန်တီးပေးရန်အတွက် အခွင့်အာဏာရရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်နှင့် ထိန်းသိမ်းနိုင်ရန်အတွက် အကောင်းဆုံး အလေ့အကျင့်များကို ပိုမိုအလေးထား၍ PRONicaragua သည် ၂၀၁၀ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၄၉,၀၀၀ ခန့် ဖန်တီးပေးနိုင်သည့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပေးနိုင်ခဲ့ပါသည်။ Nicaragua တွင်ကုမ္ပဏီနှင့် အခွန်မှတ်ပုံတင်ခြင်းကဲ့သို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည့် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် ဌာနလည်းရှိပါသည်။ အောင်မြင်မှုတွင် ခန့်အပ်ထားသည့် ဝန်ထမ်း ၂၅ ဦးမှာ ဘာသာ စကားစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် အတွေ့အကြုံရှိသည့် ဝန်ထမ်းများ ဖြစ်ကြပါသည်။ PRONicaragua၏ ပုဂ္ဂလိက ကဏ္ဍ ကိုယ်စားလှယ်များသည် ပုဂ္ဂလိက ကဏ္ဍဘုတ်အဖွဲ့ဝင်များနှင့် နိုင်ငံတော်သမ္မတသို့ တိုက်ရိုက်အစီရင်ခံခြင်း၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများ၏ မျှော်မှန်းချက်များနှင့် အခြေအနေများကို ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

ကမ္ဘာ့အဆင့်တွင် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများအသင်း(World Association of Investment Promotion Agnecies _WAIPA)ကို ၁၉၉၅ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ၎င်းအား ဆွစ်ဇာလန်နိုင်ငံ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အသင်းတစ်သင်းဖြစ်ပါသည်။ ဂျီနီဗာတွင် အစိုးရ မဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပြီး အခြားသက်ဆိုင်ရာ အာဏာပိုင်များ နှင့်လည်း ချိတ်ဆက်လျက်ရှိပါသည်။ စတင်တည်ထောင်စဉ်မှစ၍WAIPA ၌ အဖွဲ့ဝင် အရေအတွက် အစဉ်တိုးပွား လျက်ရှိပါသည်။ လက်ရှိတွင် WAIPA တွင် နိုင်ငံပေါင်း ၁၃ဂ မှ အဖွဲ့ဝင် ၁၇ဂ ရှိပါသည်။ WAIPA တွင် လှုပ်ရှားမှုများစွာရှိပြီး အဖွဲ့ဝင်များအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မှုဆိုင်ရာ အကောင်းဆုံးအလေ့အထများကို နှီးနှောဖလှယ်ရာ ကွန်ရက်သဖွယ် ဖန်တီးပေးပါသည်။ ထို့ပြင် ကမ္ဘာပေါ်ရှိ IPA များ၏ စာရင်းကိုလည်း ထုတ်ပြန်ပေးပါသည်။ ၎င်း၏ website ကို http://www.waipa.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ၂။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအကြား အခိုင်အမာ ချိတ်ဆက်မှုရှိသည့်အားလျော်စွာ ကုန်သွယ်မှုမူဝါဒ နှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒအကြား ပေါင်းစည်းရန် လိုအပ်ပါသည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် ကုန်သွယ် မှုနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ (၂)ရပ်လုံးကို လွှမ်းခြုံမှုရှိစေရန်အတွက် ဝန်ကြီးဌာနများအောက်တွင် ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများကို ပေါင်းစပ်တည်ထောင်ခဲ့ကြသည်။ အလုပ်ဖြစ်မှု အနေအထား မှာ ကောင်းသည်လည်းရှိ၊ ဆိုးသည်လည်းကြုံရပါသည်။ ယေဘုယျအားဖြင့် စက်မှုဝန်ကြီးဌာနမှာမူ ကုန်သွယ် ရေးဝန်ကြီးဌာနမှ သီးခြားတည်ရှိနေတတ်သော်လည်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒကို ဝန်ကြီးဌာန တစ်ခုတည်းအောက်တွင် ထားရှိနိုင်ပါသည်။ ဘတ်ဂျက်အားနည်းသည့် နိုင်ငံငယ်များက ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းတာဝန်ကိုဌာနတစ်ခုတည်းအောက်တွင် ထားရှိလိုကြသော်လည်း လက်တွေ့တွင်မူ (က) မတူညီသောဦးတည်ချက်များရှိခြင်း၊ (ခ) မတူညီသော ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်ချက်များ ရှိခြင်း၊ (ဂ) မတူညီသော နိုင်ငံအများတွင် ဖောက်သည်အမျိုးမျိုးနှင့် အလုပ်လုပ်ရခြင်း (ကုန်သွယ်မှု မြှင့်တင်ခြင်းသည် နိုင်ငံခြား ဈေးကွက်များသို့ ပို့ကုန်မြှင့်တင်ရခြင်းနှင့် မိမိနိုင်ငံမှ ကုန်စည်ထွက်သွားခြင်း ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းသည်ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံတွင်းသို့ ဝင်ရောက်လာအောင် ဆွဲဆောင်ခြင်းဖြစ်သည်)၊ (ဃ) မတူညီသည့် ဈေးကွက်ထိုးဖောက်ရေး နည်းစနစ်များကို အသုံးပြုရခြင်း (Sader, ၂၀၀၂) တို့ ဖြစ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာတွင် နိုင်ငံအတွင်း ဝင်ရောက်မည့် နိုင်ငံခြားသားများနှင့် ဆက်ဆံရသည့်အတွက် အထက်အဆင့်များမှ ဆုံးဖြတ်ချက်များ လိုအပ်ပြီး အချိန်ကြာမြင့်တတ် ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများသည် ကုန်သွယ်မှုမြှင့်တင်ရေးများ မဟုတ်သော ရင်းနှီး မြှုပ်နှံမှု ပြုလုပ်ပြီးနောက် ဝန်ဆောင်မှုပေးခြင်း (aftercare) စသည့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေ ချောမွေ့စေရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြရသည်။ ထို့ကြောင့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတာဝန်ကို ဌာနတစ်ခုတည်းတွင် ပေါင်းစည်းထားရန် အကြံမပြုပေ။ သို့သော်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနနှစ်ခုအကြားနှင့် ဆက်စပ်သော သက်ဆိုင်ရာ မူဝါဒချမှတ်ခြင်းနှင့် စည်းမျဉ်း စည်းကမ်း ထိန်းကျောင်းရေး ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းသည့် နည်းလမ်းတစ်ရပ် ထားရှိသင့် ပါသည်။

သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးအားကွင်းဆက် (global value chains) ရှုထောင့်မှကြည့်ပါက အောင်မြင်သော ပူးတွဲအဖွဲ့အစည်းများသည် အသီးသီး ပူးပေါင်းဆောင်ရွက်မှုမှ အကျိုးကျေးဇူးရှိသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့်သုတေသနပြုမှု၊ လုပ်ငန်းဆောင်ရွက်ချက်များကောင်းမွန်စေခြင်း၊ နိုင်ငံရပ်ခြား ကိုယ်စားလှယ်များခန့်အပ်ခြင်း (overseas representation)စသည့်အုပ်ချုပ်ရေးနှင့် နည်းပညာနယ်ပယ်များ (UNCTAD, ၂၀၁၃(ခ))။ ထို့အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အတိုင်းအတာတစ်ခုအထိ ပို့ကုန် ဦးစားပေးဖြစ်သည့်အားလျော်စွာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ပြည်တွင်းမှ ကုန်ပစ္စည်း ထုတ်လုပ် ရောင်းချသူများအတွက် ပို့ကုန်မြှင့်တင်ပေးရေးမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဓိကရည်မှန်းချက် တစ်ရပ်ဖြစ်သောကြောင့်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကို ပူးတွဲလုပ်ဆောင်ပါက အကျိုးရှိမည် ဖြစ်ပါသည်။

## (ခ) ရေရှည်တည်တံ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတော်၏ ဥပဒေရေးရာမူဘောင်

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေမူဘောင်သည် အဖွဲ့အစည်းဆိုင်ရာ မူဘောင်နှင့် မူဝါဒမူဘောင်တို့ကို ခြုံငုံဖော်ပြပေးပါသည်။ မူဝါဒများနှင့် အဖွဲ့အစည်းများမှာ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများပေါ်တွင် အခြေခံ၍ ထုတ်ပြန်ခြင်း ဖြစ်သည်။ ထို့ကြောင့် မူဝါဒနှင့် အဖွဲ့အစည်းများအား ဥပဒေဆိုင်ရာမူဘောင်ထဲမှ သီးခြားခွဲထုတ်ရှုမြင်၍မရပေ။ ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ရင်းနှီးမြှုပ်နှံမှုဥပဒေ မရေးဆွဲမီ ချမှတ်ထားရှိရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေပြုခြင်းသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒအား ခံရုံးဥပဒေအပါအဝင် ဥပဒေကြောင်းအရ အသက်ဝင်အောင် ပြုလုပ်ခြင်းဖြစ်သည် (Daniel and Forneries, 2010)။ ထို့ကြောင့် ဥပဒေပြုရေးလုပ်ငန်းစဉ်အား ထိရောက်မှုရှိစေရန်အတွက် မူဝါဒမှာ ရှင်းလင်းမှုရှိရန် အရေးကြီးပါသည်။ ဥပဒေမူဘောင်သည် မူဝါဒများနှင့် အဖွဲ့အစည်းများအတွက် ဥပဒေအခြေခံ (legal basis)ကို ပံ့ပိုးပေးလိမ့်မည် ဖြစ်ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသံသရာ၏ အဆင့်တိုင်းတွင် ဖြေရှင်းထုတ်ပြန်ပေးရမည့် တိကျသော ဥပဒေရေးရာ ကိစ္စရပ်များရှိသည်။

- **ရင်းနှီးမြှုပ်နှံမှု အကြိုပြင်ဆင်သည့်ကာလ**(Pre-establishment) - ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်သည့် ကဏ္ဍများအပေါ် ကန့်သတ်ချက်များ၊ စီးပွားရေးပုံသဏ္ဍာန်များအပေါ်ကန့်သတ်ချက်များ၊ အနောက်တိုင်း စံနှုန်းများနှင့်အညီ ဆုံးရှုံးနိုင်ခြေရှိသောစွန့်စားမှုကိုလေ့လာရာတွင် ခွဲခြမ်းစိတ်ဖြာရန် ခက်ခဲမှု များ၊
- **ရင်းနှီးမြှုပ်နှံမှု ပြင်ဆင်သည့်ကာလ (Establishment)** (ဝင်ရောက်မှုနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း) - အခွန်ပေးချေမှု အစီအစဉ်နှင့် ကင်းလွတ်သက်သာခွင့်များ၊ ကုမ္ပဏီထောင်ခြင်းနှင့် ဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ လုပ်ငန်းခွင့်ပြုမှုအတွက်သက်သာခွင့်မက်လုံးများ အတည်ပြုမှု၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်ပါမစ်များ၊ လိုင်စင်လိုအပ်ချက်များ၊ အရင်းအနှီးလိုအပ်ချက်များ၊ အာမခံငွေနှင့် မြေယာအသုံးချခွင့်များ။
- **လုပ်ငန်းလည်ပတ်မှု**(Operational) - အလုပ်သမားဥပဒေ၊ အမြတ်ငွေများ မိခင်နိုင်ငံသို့ ပြန်လည် ပေးပို့ခြင်း (repatriation)၊ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော ကိစ္စရပ်များ (competition issues)၊ အခွန်ပေးဆောင်မှု ထုတ်ပြန်ခြင်းနှင့် စစ်ဆေးမှုများ၊ မီးဘေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ စစ်ဆေးမှုများ။

နည်းပညာ စံသတ်မှတ်ချက်များနှင့် အသိအမှတ်ပြုလက်မှတ်များ၊ ပို့ကုန်-သွင်းကုန် လုပ်ထုံးလုပ်နည်းများ၊ အဂတိ လိုက်စားမှုနှင့် လာဘ်ထိုးမှုအတွက် တာဝန်ရှိခြင်း၊

- **လုပ်ငန်းရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း (Termination)** - အာဏာပိုင်များမှ ပိတ်သိမ်းခြင်း၊ ရပ်ဆိုင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဒေဝါလီခံသော ကိစ္စရပ်များ (insolvency issues)၊ ဉာဏ ပစ္စည်း ဆိုင်ရာမူပိုင်ခွင့် ပြန်လည်ရပိုင်ခွင့် (recovery of intellectual property)။

ခေတ်မီဈေးကွက်စီးပွားရေးတွင် ကျင့်သုံးသော နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ မူဘောင်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အတွက် သီးသန့်ရေးဆွဲထားသည်ဖြစ်စေ၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအား တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ အကျိုးသက်ရောက်မှုရှိသော ဥပဒေများ၊ နည်းပညာ များနှင့် စည်းမျဉ်းစည်းကမ်းမြောက်များစွာ ပါဝင်သည်။ ဥပမာအားဖြင့်အိမ်ရှင်နိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် သီးသန့်စဉ်းစားပြီး IPA များ ထုထောင်သလို အလုပ်သမားဥပဒေများနှင့် ပတ်ဝန်း ကျင် ဆိုင်ရာ ဥပဒေများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် သီးသန့် စဉ်းစားရေးဆွဲထားခြင်း မဟုတ်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ပြုမှုပုံနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုအပေါ်အကျိုး သက်ရောက်မှုရှိပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များ (international investment agreements – IIAs)နှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်သော အလုံးစုံပါဝင်သော ကုန်သွယ်ရေး/စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များစသည့် နိုင်ငံတကာ ဥပဒေ မူဘောင် များကြောင့်လည်းအမျိုးသားအဆင့် ဥပဒေမူဘောင်အပေါ် လွှမ်းမိုးအကျိုးသက်ရောက်မှုရှိပါသည် (အောက် တွင် ကြည့်ရှုပါ)။ အဆိုပါ နိုင်ငံတကာပြဋ္ဌာန်းချက်များသည် ပြည်တွင်းဥပဒေ၏ အစိတ်အပိုင်း တစ်ရပ် ဖြစ်ပြီး ပြည်တွင်း ဥပဒေများနှင့် ညီညွတ်ကိုက်ညီမှု မရှိပါက အလေးအနက် ပြန်လည် စဉ်းစားသင့်သည်။ ယေဘုယျအားဖြင့် အောက်ပါဥပဒေများမှာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ရေရှည်တည်တံ့ စေရေး အတွက် ချမှတ်ထားရှိရမည့် နိုင်ငံအဆင့်/အမျိုးသားအဆင့် ဥပဒေမူဘောင်တွင် ပါဝင်လေ့ ရှိကြသည်။

- နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းဆိုင်ရာ မူဘောင်အတွက် လိုအပ်သော ဥပဒေများ အပါအဝင် (နိုင်ငံခြား) ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ (ဥပမာ- IPA တည်ထောင်မှု)၊ လုပ်ငန်း ဆောင်ရွက်ချက် လိုအပ်ချက်များနှင့် အကျိုးခံစားခွင့် မက်လုံးများ၊
- ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊
- စီးပွားရေးလုပ်ငန်း(ကုမ္ပဏီ) ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊
- ကန်ထရိုက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊
- မြေယာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မြေယာရယူခွင့်/ပိုင်ဆိုင်မှု (အပိုင်ဝယ်ယူမှုဖြစ်စေ၊ အငှား ဖြစ်စေ)၊ မြေယာသုံးစွဲခွင့်များ
- အလုပ်သမား ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ (အနိမ့်ဆုံးလုပ်ခ လစာအပါအဝင်)
- နိုင်ငံခြားငွေလဲလှယ်မှုဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊
- ဘဏ္ဍာရေးဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊
- အခွန်ဥပဒေများ - စားသုံးခွန်၊ တန်ဖိုးမြင့်အခွန် (VAT) ၊ လုပ်ငန်းခွန်၊ အမြတ်ခွန်၊ ဝင်ငွေ၊ အခွန် သက်သာ ခွင့် မက်လုံးများ စသည်ဖြင့်
- ကြွေးမြီ မဆပ်နိုင်ခြင်းနှင့် သက်ဆိုင်သည့် ဥပဒေနှင့် ဒေဝါလီခံသည့် ဥပဒေများ၊
- ကုန်သွယ်ရေးဥပဒေနှင့် ပို့ကုန်သွင်းကုန် စည်းမျဉ်းစည်းကမ်းများ၊

- ယှဉ်ပြိုင်မှုဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊
- သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊
- တာဝန်ယူမှု တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းများ(သို့မဟုတ်) တာဝန်ယူမှုရှိသော စီးပွားရေး အလေ့အထများနှင့် စပ်လျဉ်းသော ဥပဒေများ၊
- ကဏ္ဍအလိုက်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ (စိုက်ပျိုးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ သတ္တုတူးဖော်ရေး၊ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အခြေခံသုံးစွဲမှုများ၊ သတင်းမီဒီယာ၊ ဘဏ္ဍာရေး၊ ဖျော်ဖြေရေးနှင့် ခရီးသွားလုပ်ငန်း၊ ကျန်းမာရေး စောင့်ရှောက်မှု၊ သက်မွေးဝမ်းကျောင်းနှင့် လက်လီရောင်းဝယ်ရေးကဲ့သို့သော ဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများ)၊
- သီးခြားကိစ္စရပ်များအတွက် ဥပဒေများ (ဥပမာ နာမည်အသုံးချလုပ်ကိုင်ခွင့် (franchising)၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်များ၊ လိုင်စင်ချပေးခြင်း၊ နည်းပညာ လွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းလုပ်ကိုင်ခြင်း၊ လုပ်ငန်းပူးပေါင်းခြင်းနှင့် အပြတ်ဝယ်ယူခြင်း(M&A)၊ အာမခံ အစရှိသည်ဖြင့်)
- အငြင်းပွားမှုဖြေရှင်းခြင်းနှင့် တရားဥပဒေစိုးမိုးရေး၊
- နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဥပဒေများနှင့် စည်းမျဉ်းများ

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား သက်ရောက်မှုရှိစေသော အခြားဥပဒေများကိုလည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။ သီးခြားဥပဒေများ ဆက်လက်ပြဋ္ဌာန်းပေးရန် လိုအပ်လေ့ရှိသော်လည်း အထွေထွေပြဋ္ဌာန်းသော ရင်းနှီးမြှုပ်နှံမှု ဥပဒေကလည်း အဆိုပါ နယ်ပယ်များအတွက် ခြုံငုံမိစေပါသည်။ ပိုမိုဖွံ့ဖြိုးသော နိုင်ငံများတွင် အထွေထွေပြဋ္ဌာန်းသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သောဥပဒေမျိုး မရှိတတ်ပေ။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများအားလုံးအပေါ်တွင် ကျင့်သုံးသည့် ဥပဒေမူဘောင်သာရှိပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် သီးခြားထားရှိသော မူဘောင်မရှိသော်လည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ဥပဒေမူဘောင်သည် ကျယ်ပြန့်ပါသည်။ အမိန့်အမြောက်အမြားနှင့် အခြားဥပဒေဆိုင်ရာ အထောက်အထားအချက်အလက်များတွင် ပါဝင်သော အသေးစိတ်တိတိကျကျ အကောင်အထည်ဖော်ရမည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပါအဝင် လုပ်ငန်းနယ်ပယ်အားလုံးရှိ ဥပဒေများပါဝင်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် အမျိုးသားအဆင့် ဥပဒေဆိုင်ရာမူဘောင်သည် ပိုမိုရှုပ်ထွေးလာနိုင်သည်ဆိုသည်မှာ သိသာထင်ရှားလှပါသည်။ အမှန်တကယ်ကောင်အထည်ဖော်နိုင်မှု၏ အဆင့်နှင့် လွှမ်းမိုးသက်ရောက်နိုင်သော အတိုင်းအတာပမာဏနှင့် သင့်လျော်သော အားထုတ်မှုသည် တရား ဥပဒေစိုးမိုးရေး၏ အရည်အသွေးကို ညွှန်ပြနေပါသည်။ ၎င်းသည် အိမ်ရှင်နိုင်ငံတိုင်းရှိ ရင်းနှီးမြှုပ်နှံမှု၏ အခြေအနေကို ပြသသော အရေးကြီးသည့် ရှုထောင့်တစ်ခုဖြစ်ပါသည်။ ထိရောက်သော အမျိုးသားအဆင့် ဥပဒေ မူဘောင်အတွက် လမ်းညွှန်အခြေခံမူအချို့ကို (အောက်တွင် ဖော်ပြပေးထားပါသည်။)

ပထမစည်းမျဉ်းမှာ မျှတမှု ရှိရပါမည်။ ဥပမာအားဖြင့် ဥပဒေအရ နိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကြား ခွဲခြားဆက်ဆံမှု မရှိသင့်ပေ (box 4.4 ကို ကြည့်ပါ)။ ဒုတိယ စည်းမျဉ်းမှာ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းနားလည်လွယ်မှုရှိရပါမည်။ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းနားလည်လွယ်သည့် ပုံစံဖြင့် ရေးသားပြုစုပြီး အင်္ဂလိပ်ဘာသာဖြင့်ပါ ထုတ်ပြန်ပေးရပါမည်။ တတိယစည်းမျဉ်းမှာ ဥပဒေမူဘောင်သည် ခန့်မှန်းတွက်ဆလွယ်ပြီးခဏခဏ အပြောင်းအလဲ မလုပ်သင့်ပါ။ စတုတ္ထစည်းမျဉ်းမှာ သက်ဆိုင်သူများအားလုံးကို အသိပေး၍ ပါဝင်ဆွေးနွေးခွင့်ပေးပြီး အများသဘောတူညီချက်ဖြင့် ရေးဆွဲရမည် ဖြစ်သည်။ ပဉ္စမစည်းမျဉ်းမှာ အသိအမှတ်ပြုထားကြသော

နိုင်ငံတကာ အခြေခံစည်းမျဉ်းများ၊ ကတိကဝတ်များနှင့်အညီ ရေးဆွဲသင့်ပါသည်။ ဆဋ္ဌမစည်းမျဉ်းမှာ လူ့အခွင့်အရေးကို အကာအကွယ် ပေးရပါမည်။ သတ္တမစည်းမျဉ်းမှာ ပြည်သူများဘေးကင်းလုံခြုံမှုနှင့် တည်ငြိမ်မှုကို အာမခံချက် ပေးနိုင်ရပါမည်။ အဋ္ဌမအချက်မှာ- မူဝါဒများသည် အဂတိလိုက်စားမှု မရှိသည့် မူဝါဒ အဖွဲ့နှင့် လွတ်လပ်သော တရားရေးမဏ္ဍိုင်ဖြင့် မှန်ကန်စွာ အကောင်အထည်ဖော်ခြင်းနှင့် ပြဋ္ဌာန်းထိန်းကျောင်း ပေးရပါမည် (အာဏာခွဲဝေမှု၊ မျှတခြင်း သင့်လျော်သော တရားစီရင်ခြင်း)။ အစိုးရ၏အန္တိမ ရည်ရွယ်ချက် များကို ပြည့်မြောက်စေသော အစိုးရစည်းမျဉ်းများ ဖော်ဆောင်ရန်အလို့ငှာ စည်းကမ်းထိန်းကျောင်းပေးရသည့် မူရင်းရည်ရွယ်ချက်များကို ဖော်ဆောင်နိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများမှာဓမ္မဒိဋ္ဌာန်ကျ၍၊ တပြေးညီ ဖြစ်ပြီး၊ ပွင့်လင်းမြင်သာ၍၊ ဘက်လိုက်မှုမရှိဘဲ ကျင့်သုံးရန် ဖြစ်သည်။ သို့မှသာ လက်ရှိလုပ်ငန်းရှင်များ၊ နိုင်ငံရေးသမားများ (သို့မဟုတ်) ဗျူရိုကရက်များ/နိုင်ငံ့ဝန်ထမ်းများက အကျိုးစီးပွား မရှာဖွေနိုင်အောင် ကန့်သတ် ဟန့်တားပေးနိုင်မည်ဖြစ်သည် (Sun,2002)။ ဥပဒေမူဘောင်အများစုသည် အထက်ဖော်ပြပါ လမ်းညွှန် အခြေခံတစ်ခုခု (သို့မဟုတ်) တစ်ခုထက်ပို၍ ကင်းမဲ့နေတတ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်တစ်ချို့ကို ပိုမိုနှစ်သက်ကြသည်။ ဥပမာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် (bilateral investment treaty - BIT) သည် ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများကို ရှင်းလင်းစွာ ဖော်ပြပါရှိပြီး ပြည်တွင်းဥပဒေတစ်ရပ်ရပ်ဖြင့် လွယ်ကူစွာ ပြင်ဆင်ပြောင်းလဲနိုင်ခြင်း မရှိဘဲ နိုင်ငံ တကာခုံရုံးနှင့် အငြင်းပွားမှုဖြေရှင်းရေး အစီအမံများကိုလည်း အသုံးပြုနိုင်သည်။ (အောက်တွင် ကြည့်ရှုပါ။)

ထိရောက်မှုရှိပြီး အလုပ်ဖြစ်သော ဥပဒေမူဘောင်တစ်ရပ် ရေးဆွဲရာတွင် တွေ့ကြုံရသည့် စိန်ခေါ်ချက်မှာ တည်ငြိမ်မှုနှင့် အကျိုးများမှုအကြား ချိန်ခွင်လျှာညီမျှရေး ဖြစ်သည်။ တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ရန် အတွက် စမတ်ကျ၍ အကျိုးများပြီး မျှတသော စည်းမျဉ်းစည်းကမ်းများ လိုအပ်ပါသည်။ ထိရောက်မှုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော၊ ဆန့်ကျင်ဘက်အကျိုးရလဒ်များကို ရရှိစေသော၊ လက်တွေ့တွင်အလုပ်မဖြစ်သော စည်းမျဉ်းစည်းကမ်းများကို လျော့ချခြင်း (သို့မဟုတ်) လိုအပ်လျှင် ဖယ်ရှားပေးခြင်းများ ပြုလုပ်ရပါမည်။ ထိရောက်သော ဈေးကွက်စီးပွားရေးစနစ်သည် ဈေးကွက်မူဝါဒများကို စီမံအုပ်ချုပ်သည်။ ထို့ကြောင့် ဈေးကွက်၏ အဆုံးအဖြတ်များနှင့်ပတ်သက်သော ဥပဒေများနှင့် စည်းကမ်းစည်းကမ်းများမရှိခြင်းနှင့် စပ်လျဉ်း၍ အာမခံတစ်ခုထားလေ့ရှိပါသည်။ သို့ရာတွင် ဈေးကွက်သည် ထိုသို့မဖြစ်လာသည့် အချိန်အခါ များတွင် ပြည်သူများ လုံခြုံဘေးကင်းမှု၊ တည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရေး အတွက် ရေရှည် တည်တံ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား လက်ခံရရှိလာစေရန် အစိုးရ၏ ကြား ဝင်မှုမှာ လိုအပ် လာပါသည်။ မကြာသေးသည့်နှစ်များအတွင်း အဆိုပါအမြင်သည် နိုင်ငံတော်နှင့် နိုင်ငံတကာ ဥပဒေ မူဘောင်များ နှစ်ရပ်စလုံးတွင် ပိုမိုအရေးပါလာခဲ့သည်။ သင့်လျော်သည့် ဥပဒေများ၊ စည်းမျဉ်း စည်းကမ်း များဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား ရေရှည်တည်တံ့မှုကိုဖြစ်ပေါ်စေပြီး ရှုပ်ထွေးပြီး၊ အကျိုး မရှိသော ရင်းနှီးမြှုပ်နှံမှု တစ်ခုချင်းအလိုက် စဉ်းစားဆုံးဖြတ်သော စိစစ်ရေးလုပ်ငန်းစဉ်များအား လျော့ချ ဖယ်ရှားပေးနိုင်ပါလိမ့်မည်။

## Box 4.4. ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေ

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ မူဘောင်ကို တည်ငြိမ်စေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၁၉၉၄ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပြင်ဆင်ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် မြေပိုင်ဆိုင်ခွင့်မှအပ ရင်းနှီးမြှုပ်နှံမှု မတည်ထောင်မီနှင့် တည်ထောင်ပြီးနောက်ပိုင်းတွင် နိုင်ငံခြားသားနှင့် နိုင်ငံသားများကို ခွဲခြားဆက်ဆံမှု မပြုပါ။ အဆိုပါဥပဒေနှင့် ၎င်းကို ပြင်ဆင်သည့် ဥပဒေတို့သည် မြေများကို နိုင်ငံသားကသာ ပိုင်ဆိုင်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဥပဒေသည် ပွင့်လင်း၍ မျှတမှုရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို တည်ထောင်ထားပါသည်။ စီးပွားရေးကဏ္ဍများအားလုံးကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအားလုံးအတွက်ဖွင့်ပေးပြီး အစိုးရသည့် ကဏ္ဍအများစုကို နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင်ဆိုင်သည့် ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပေးရမည်ဖြစ်ပါသည်။ စီးကရက် ထုတ်လုပ်ခြင်း၊ ရုပ်ရှင် ထုတ်လုပ်ခြင်း၊ ဆန်စက်၊ ကျောက်မျက်ရတနာ တူးဖော်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား၊ သစ်သားနှင့် ကျောက်တုံး ထုတ်လုပ်ခြင်းနှင့် ပိုးထည်ရက် လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို သက်ဆိုင်ရာ အာဏာပိုင်များ၏ သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ခွင့်ပေးပါသည်။

အဆိုပါ ဥပဒေသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်နိုင်ခဲ့ပြီး အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် မတ်လတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေအား ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် အစိုးရသည် လိုင်စင်လျှောက်ထားခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းလွယ်ကူစေခဲ့ပြီး ပွင့်လင်းမြင်သာမှုနှင့် ကြိုတင်ခန့်မှန်းနိုင်မှုကို တိုးတက်စေခဲ့ ပါသည်။၂၀၀၅ခုနှစ်ဖေဖော်ဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်နယ်အစိုးရများ၏ အောက်တွင် ရင်းနှီးမြှုပ်နှံမှုကော်မတီခွဲများဖွဲ့စည်း၍ ရင်းနှီးမြှုပ်နှံမှု မတည်ငွေရင်း ၂ သန်းအောက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လိုင်စင်ထုတ်ပေးခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကို အကောင်အထည်ဖော်မည့် ဒီဂရီခွဲအမှတ် ၁၁၁ ကို ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများမှ အရည်အသွေးပြည့်မီသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်အသေးစိတ်ကို ဖော်ပြထားပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည် ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော အခြားခွင့်ပြုမိန့်များကို သက်ဆိုင်ရာဌာနများ တွင် လျှောက်ထားရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူသည် အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကင်းလွတ်ခွင့် သက်သာခွင့်များ ရရှိလိုပါက ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများမှ အတည်ပြုချက် ရရှိရန် လိုအပ်ပါသည်။

ဥပဒေတွင် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြီးကြပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများ ဆောင်ရွက်ရန်အတွက် အဓိကတာဝန်ရှိသည့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း အဖြစ် သတ်မှတ်ထားပါသည်။ ဥပဒေတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ၊ အာမခံချက်များနှင့် ရရှိနိုင်သည့် သက်သာခွင့်များကို အသေးစိတ်ဖော်ပြထားပါသည်။ အာမခံချက်များမှာ နိုင်ငံတော် ပိုင်သိမ်းယူခြင်းမပြုခြင်း၊ အမြတ်ငွေများကို လွတ်လပ်စွာ မိခင်နိုင်ငံသို့ ပြန်ပို့နိုင်ခြင်း၊ လွတ်လပ်စွာ ငွေလဲလှယ်နိုင်ခြင်း၊ နိုင်ငံသားပါဝင်မှု အချိုးမသတ်မှတ်ခြင်းနှင့် ဈေးနှုန်းထိန်း ချုပ်မှုမရှိခြင်းတို့ဖြစ်ပါသည်။ ဥပဒေသည် မြေပိုင်ဆိုင်မှု၊ အသုံးပြုမှုနှင့် အလုပ်ခန့်ထားမှုများကိုလည်း လွှမ်းခြုံထားပါသည်။ အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံသူများသည် ကမ္ဘောဒီးယားနိုင်ငံသားနှင့် နိုင်ငံခြားသားများကို လွတ်လပ်စွာ ခန့်ထားနိုင်ပါသည်။ မြေဆိုင်ရာ အငြင်းပွားမှုများမှအပ ဥပဒေအရ ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင် ခွင့်များနှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့် အငြင်းပွားမှုများကို ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၊ ရင်းနှီးမြှုပ်နှံသူနှင့် အငြင်းပွားမှုတွင် ပါဝင်သည့် တတိယအဖွဲ့အစည်းတို့အကြား ညှိနှိုင်းခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ ဥပဒေတွင် ပြင်ပအနုညာတ စီရင်ဆုံးဖြတ်ခြင်း ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍လည်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ဥပဒေသည် စဉ်ဆက်မပြတ် ဖြစ်ပွားနေသော ပြဿနာများကို လွှမ်းခြုံနိုင်ခြင်းမရှိပါ။

သို့ရာတွင် ဥပဒေတွင် အားနည်းချက်များရှိနေပါသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်နှင့် ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို တစ်ဦးတည်း ဆုံးဖြတ်ချက်ချခြင်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများကို ခွဲခြား ဆက်ဆံခြင်းသည် ဥပဒေအသက်ဝင်မှု အားနည်းခြင်း၏ လက္ခဏာပင်ဖြစ်ပါသည်။ အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များသည် ခေတ်နှင့် မလျော်ညီသည့်အပြင် ACIA နှင့် ကိုက်ညီမှုမရှိပါ။ ထို့ကြောင့် ဥပဒေသည် အကောင်းဆုံး အလေ့ အကျင့် မဟုတ်ပါ။ သို့သော် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား နိုင်ငံအနေဖြင့် ကနဦးအဆင့်တွင် ခွဲခြားဆက်ဆံမှုမရှိခြင်းသည် အရေးပါကြောင်း သတိပြုမိ ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အစားထိုးသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ခုကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် ၁၉၉၉ ခုနှစ် နိုင်ငံခြားစီးပွားရေးလုပ်ငန်းအက်ဥပဒေကို ဆက်လက်ကျင့်သုံးလျက်ရှိပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်ပြီး ၎င်းမှ အကျိုးကျေးဇူး ရရှိစေသော ခေတ်မမီသော ဥပဒေမူဘောင် ဖြစ်နေတတ်သည်။ လက်တွေ့တွင် မလိုအပ်သောဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများစွာသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမဝင်ရောက်နိုင်အောင်၊ မလုပ်ကိုင်နိုင်အောင် အတား အဆီး ဖြစ်နေတတ်ပါသည်။ ကြိုးနီစနစ်၊ အကောင်အထည်ဖော်ဆောင်မှုနှင့် ထိန်းကျောင်းမှု အားနည်း ခြင်းတို့သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အတွက် အဟန့်အတားများ ပိုမိုဖြစ်စေသည်။ ရင်းနှီးမြှုပ်နှံသူ များသည် (ပြည်တွင်း/ဒေသ အစိုးရအရာရှိများက ဖန်တီးထားသော) အမှန် နှင့် စိတ်ကူးယဉ် နည်းဥပဒေ များအား ထိန်းကျောင်းမှုနှင့် မကြာခဏ စစ်ဆေးမှုများသည် လုပ်ငန်းလည်ပတ်မှုအတွက် ကြီးမားသော အဟန့်အတားများအဖြစ် ပြောဆိုတတ်ကြသည်။ အခွန်နှင့် အကောက်ခွန်စည်းမျဉ်း စည်းကမ်း များမှာလည်း အတားအဆီးများ ဖြစ်သည်ဟု ပြောဆိုကြသည် (Sun, 2002)။ ရှင်းလင်း၍ ပွင့်လင်းမြင်သာပြီး တည်ငြိမ် သော ဥပဒေမူဘောင်တစ်ရပ်ရှိသည်ဆိုပါက အလုပ်ဖြစ်သော အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ရပ်လည်း ရှိနေ တတ်ပါသည်။ ရှင်းလင်းသော ဥပဒေမူဘောင်မရှိပါက အဖွဲ့အစည်းဆိုင်ရာ မူဘောင် မရှိနိုင်သဖြင့် ၎င်းတို့ကို သီးခြားစီ ခွဲခြား၍မရပေ။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ၎င်းတို့၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကနဦး အဆင့်များတွင် ယေဘုယျအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု "ကိုဒ‌ဥပဒေ" (သို့မဟုတ်) ဥပဒေကို ပြဋ္ဌာန်းကြပြီး ဥပဒေများ ထိုသို့ပြဋ္ဌာန်းကြခြင်းသည် နိုင်ငံရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် လုံလောက်သည် ဟုလည်း ယူဆကြပါသည်။ ယင်းကဲ့သို့သော ဥပဒေတစ်ရပ်တစ်ရပ်ကို ပြဋ္ဌာန်းခြင်းသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် ထိရောက်သော ဥပဒေမူဘောင်တစ်ရပ်၏ ပဏာမအဆင့်မျှသာ ဖြစ်ပါသည် (Sun, 2002)။ သို့သော် အထက် တွင် ဖော်ပြခဲ့သည့် နယ်ပယ်များ အားလုံးကို အကျုံးဝင်သည့် လိုအပ်သော ဥပဒေ များနှင့် စည်းမျဉ်း စည်းကမ်း များ မရှိလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသက်သက်သည် လုံလောက်မှု မရှိသကဲ့သို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပင် လိုအပ်မှုမရှိပေ။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုသည်မှာ နိုင်ငံသားမဟုတ်သော (သို့မဟုတ်) ပြည်ပမှ နိုင်ငံခြားသားများ၏ ရင်းနှီးမြှုပ်နှံမှုများကို စည်းကမ်းထိန်းကျောင်းရန်အတွက် ရေးဆွဲသော ဥပဒေတစ်ရပ်သာဖြစ်ပါသည်။ ယင်းဥပဒေသည် နိုင်ငံတော်လုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို လွှမ်းခြုံမိသလို ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု များကို အကာအကွယ်ပေးပြီး အာမခံချက်ပေးသော အရေးကြီးသည့် ဥပဒေတစ်ရပ်လည်းဖြစ်ပါသည်။ ဥပဒေတွင် ရင်းနှီးမြှုပ်နှံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက် တစ်ခုပါဝင်ပါသည်။ ဥပမာအားဖြင့် ၎င်းအဓိပ္ပါယ်တွင် စီးပွားရေး လုပ်ကိုင်ရန် အတွက် ရည်ရွယ်၍ နိုင်ငံတွင်းသို့ တင်သွင်းလာသော ပစ္စည်းများ၊ နည်းပညာ၊ အသိပညာနှင့် အခြားသောအရင်းအနှီးများ ပါဝင်သည်။ ထိုဥပဒေတွင်ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်းကို ဖော်ပြပေး

ပြီး နိုင်ငံတွင် နိုင်ငံခြားသားများက မည်သည့်အတိုင်းအတာထိ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ မည်သည့် အချိန်တွင် မည်ကဲ့သို့ ရင်းနှီးမြှုပ်နှံနိုင်သည်တို့ကို ဖော်ပြပါရှိသည်။ ၎င်းဥပဒေတွင် ပိုင်ဆိုင်ခွင့်နှင့် အကာ အကွယ် ပေးခြင်း၊ အမြတ်ငွေပြန်လည်ပေးပို့မှု၊ ရင်းနှီးမြှုပ်နှံသူများ၏ ရပိုင်ခွင့်နှင့် တာဝန်များ၊ နှင့် နိုင်ငံတော် ဘက်မှ ရပိုင်ခွင့်များ၊ မြေယာနှင့် အလုပ်သမားအသုံးချမှု၊ ကန့်သတ်ချက်များ လုပ်ငန်းဆောင်ရွက်မှု လိုအပ်ချက် ဖော်ပြချက်များနှင့် ခံစားခွင့်မက်လုံးများ၊ လုပ်ငန်းဖျက်သိမ်းခြင်းအတွက် ပြဋ္ဌာန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်နှင့် မြှင့်တင်ခြင်း၊ ဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ တရားစီရင်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု စတင် ခြင်း (establishment)နှင့် IPA ၏အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို ကြီးကြပ်ပေးသည်။

ကမ္ဘာ့ဘဏ်အဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဆိုင်ရာ အကြံပေးရေးဝန်ဆောင်မှုအဖွဲ့ (Investment Climate Advisory Services) မှ ရေးသားထုတ်ဝေထားသော အောက်ဖော်ပြပါ လက်စွဲစာအုပ်(Daniel and Forneris, 2010)သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ရပ်အတွက်ထည့်သွင်းစဉ်းစားရမည့် အချက်များအားလုံးကို အသေးစိတ် ဖော်ပြထားသည်။ အဆိုပါစာအုပ်မှာ "Investment law reform: A handbook for investment practitioners" ဖြစ်ပြီး **http://documents.worldbank.org/curated/en/306631474483143823/Investment-law-reform-a-handbook-for-development-practitioners** တွင် ရယူနိုင်ပါသည်။

ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်ရပ်စလုံးအားလွှမ်းခြုံမိပေးသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ရပ် (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်ကိုကျင့်သုံးခြင်းသည် အထူးသဖြင့် ဈေးကွက် စီးပွားရေး စနစ်ကို ဖော်ဆောင်ခြင်း ကဲ့သို့သော ရှုပ်ထွေးသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အောက်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ပြီးပြည့်စုံသည့် ဥပဒေမူဘောင်တစ်ရပ်အဖြစ် ပေါ်ပေါက်ရေး အတွက် အသုံးဝင်သည့် ပထမခြေလှမ်း ဖြစ်နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ရပ်မှာ မရှိမဖြစ်မလိုအပ်သော်လည်း အကျိုးကျေးဇူးအချို့ ရှိပါသည် (Daniel and Fornesis, 2010)။

- ပုဂ္ဂလိကကဏ္ဍနှင့်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တို့သည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒပိုင်း အကောင် အထည်ဖော်ဆောင်ရာတွင် အရေးကြီးသည့် အသုံးချစရာ ဖြစ်သည်။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများနှင့် တာဝန်များ၊ ရင်းနှီးမြှုပ်နှံမှုလက်ခံသော နိုင်ငံ၏ အစိုးရ နှင့် ၎င်းအဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် တာဝန်များကို ရှင်းလင်းဖော်ပြပေးသည်။
- နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခြေအနေကိုရင်းနှီးမြှုပ်နှံသူများအား ဖော်ပြပေးသည့်အတွက် ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးဝင်ပါသည်။
- လက်ရှိအငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများအပါအဝင် ရင်းနှီးမြှုပ်နှံသူအား အကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များအားလုံးကို အတိအကျဖော်ပြပြီး ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုများအား အကာ အကွယ် ပေးခြင်းကို ရှင်းလင်းစွာ ဖော်ပြပေးသည်။
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူဘောင် (regulatory framework)များသည် ပွင့်လင်း မြင်သာမှု ရှိသောကြောင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် လည်းဖြစ်ပေါ်လာစေပါသည်။

ထို့ပြင် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်အဖြစ် ပေါင်းစပ် ခြင်းဖြင့် အကျိုးကျေးဇူးများစွာရှိပါသည်။ အထူးသဖြင့်ပြည်တွင်းနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ အကြား ခွဲခြားဆက်ဆံမှုမရှိခြင်းကို ပေါ်လွင်စေပါသည် (see box-4.4 above)။ သို့သော် တခါတရံတွင်

ပြည်ပရင်းနှီးမြှုပ်နှံသူများကို ပိုမိုမျက်နှာသာပေးသည့် အချက်များကို နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ (bilateral investment agreement - BIT)တွင် တွေ့ရတတ်ပါသည် (Subedi, 2012)။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံမှုကိုလက်ခံသော နိုင်ငံတစ်နိုင်ငံတွင် အဆိုပါ BIT များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ်တွင်သာ အကျိုးသက်ရောက်သောကြောင့်ဖြစ်သည်။ ထို့ပြင် တပေါင်းတည်း ရေးဆွဲထားသော ရင်းနှီးမြှုပ်နှံမှုဥပဒေအား အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ပြင်ဆင်ရေးဆွဲရာတွင် ပိုမိုလွယ်ကူပါလိမ့်မည်။

နိုင်ငံတစ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်ကို ရွေးချယ်ကျင့်သုံးရာတွင် အဆိုပါ နိုင်ငံ၏ အခြားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်သဟဇာတဖြစ်ရန် အရေးကြီးပါသည်။ UNCTAD (2016a) သည် ကမ္ဘာတဝှမ်းမှ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၏ နောက်ဆုံးပြဋ္ဌာန်းချက်များကို ဖော်ပြပေးထားသည်။ ၎င်းတို့အနက် အဓိကတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နိုင်ငံပေါင်း (၁၀၈)နိုင်ငံထက်မနည်းသော နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုကို စီမံအုပ်ချုပ်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ် ထားရှိကြသည်။
- ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် အာရှနှင့် ပစိဖိတ်ဒေသတွင် အတွေ့ရများသည်။
- ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် လက်ခံနိုင်ငံများမှ အလုံးစုံလွှမ်းခြုံသော မူဝါဒမူဘောင်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုသက်သက် ကိုင်တွယ်ရန် မဟုတ်ပေ။
- ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် ယေဘုယျအားဖြင့် တူညီသော ဦးတည်ချက်များ ရှိကြသော်လည်း ပြဋ္ဌာန်းချက်များနှင့် ချဉ်းကပ်မှုများတွင် ကွဲလွဲမှုများစွာ ရှိပါသည်။
- ရင်းနှီးမြှုပ်နှံမှုဥပဒေအများစုသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အဓိကထားသော်လည်း ရင်းနှီးမြှုပ်နှံမှု ဥပဒေအချို့က လွယ်ကူချောမွေ့စေရေးပါ ထည့်သွင်းရေးဆွဲကြသည်။
- ရင်းနှီးမြှုပ်နှံမှုဥပဒေ အနည်းအကျဉ်းသာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသည် ပန်းတိုင် တစ်ရပ်အဖြစ် တိတိပပဖော်ပြထားသည်။
- ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးနှင့် တာဝန်များအကြား မျှတမှုမရှိစွာ ဖော်ပြလိုကြသည်။
- ရင်းနှီးမြှုပ်နှံမှုဥပဒေများသည် ရင်းနှီးမြှုပ်နှံမှုပဋိညာဉ်များတွင် တွေ့ရသော အခက်အခဲများကို လွှမ်းခြုံဖော်ပြပြီး ဥပဒေ၏ အခန်းတော်တော်များများသည် နိုင်ငံတကာတရားစီရင်ဆုံးဖြတ်မှုအား ခွင့်ပြုပေးသည်။
- ရင်းနှီးမြှုပ်နှံမှုဥပဒများသည် အရေးပါသည့် အားလျော့စွာဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ကိုက်ညီမှုရှိ၊ မရှိ သိရှိရန်အတွက် လေးနက်စွာသုံးသပ်ရန် လိုပါသည်။
- ကုန်သွယ်မှု၊ အခွန်၊ ယှဉ်ပြိုင်မှု၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကဲ့သို့သော အခြားအစိုးရမူဝါဒများ နှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများကြား ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။

ထုံးစံအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်တွင်(တားမြစ်ထားသော ကဏ္ဍများနှင့် အခြား ကန့်သတ်ချက်များ(ကန့်သတ်စာရင်းများ (negative list))၊ လုပ်ငန်းဆောင်ရွက်မှု လိုအပ်ချက်များ၊ စိစစ် ခြင်းနှင့် ဖွဲ့စည်းမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်အပါအဝင်) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရာတွင် လိုအပ်သည့်အချက်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အောက်ပါ အာမခံချက်များ ပါဝင်သည် (Sun,2002; Daniel and Porneris, 2010)။

- ခွဲခြားဆက်ဆံမှုမရှိခြင်း- နိုင်ငံခြားသားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအား နိုင်ငံသားသဖွယ် (သို့မဟုတ်) သာတူညီမျှ ဆက်ဆံမှု၊ အခွင့်အရေးတန်းတူပေးသောနိုင်ငံအဖြစ် (most-favored nation - MFN) ဆက်ဆံမှု။ (အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု မစတင်မီအဆင့်နှင့် ရင်းနှီးမြှုပ်နှံမှု စတင်ပြီးအဆင့်များတွင် ဖြစ်သည်။)
- **ပိုင်ဆိုင်ခွင့် (right to ownership) နှင့် ရင်းနှီးမြှုပ်နှံမှုအား အကာအကွယ်ပေးခြင်း** -ပစ္စည်းဥစ္စာ များကို အတင်းအဓမ္မ ပြည်သူပိုင်သိမ်းခြင်း၊ တရားမဝင် သိမ်းဆည်းခြင်း၊ (သို့မဟုတ်) နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ မပြုလုပ်ဟု အာမခံချက်ပေးခြင်း၊ (သို့မဟုတ်) အခြားသော အလားတူ အကျိုးသက်ရောက်မှု ရှိသည့် အစိုးရ၏ ဆောင်ရွက်ချက်များ၊ အကယ်၍ သိမ်းဆည်းခြင်းများ ပေါ်ပေါက်လာပါက လုံလောက် လျော်ကြေးကို ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် ပေးအပ်ရမည် ဖြစ်သည်။
- **အရင်းအနှီးနှင့် ရှာဖွေထားသော အကျိုးအမြတ်များ (capital and earnings)ကို မူလနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးခြင်း**
- **(အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အကျုံးဝင်မှုနယ်ပယ် (scope of application))အား ရှင်းလင်းစွာ ဖော်ပြ၍[72]သာတူညီမျှသော ဆက်ဆံမှုပေးခြင်း၊**
- **နိုင်ငံတကာအငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများအား အသုံးချနိုင်မှု**- ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူ များသည် တရားဥပဒေစိုးမိုးမှု အားနည်းသော နိုင်ငံများစွာတွင် လုပ်ငန်းလည်ပတ်ကြသည်။ မည်သည့် နိုင်ငံတွင်မဆို တည်ဆဲ နိုင်ငံတကာ အငြင်းပွားမှုဖြေရှင်းရေး နည်းလမ်းများကို အသုံးချခွင့်အား နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ များကို ရရှိခံစားစေသင့်ပါသည်။
- **နိုင်ငံခြားသား ဝန်ထမ်းများ** -ရင်းနှီးမြှုပ်နှံမှုလက်ခံသည့် နိုင်ငံများသည် ပြည်တွင်းအလုပ်သမားများကို ငှားရန်းအသုံးပြုရန်တိုက်တွန်းလေ့ရှိကြသော်လည်း နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ၊ မန်နေဂျာများနှင့် နည်းပညာ ပိုင်းဝန်ထမ်းများအား မလွှဲမသွေခန့်အပ်ရတတ်ပါသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ (see section C below) ၏ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေရှိပြီးမိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ၏ အခွင့်အရေးများအကြား အားမျှစေမည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေများကို ရေးဆွဲသင့်ပါသည်။ အကယ်၍အဆိုပါ ဥပဒေတစ်ရပ်သည် ရင်းနှီးမြှုပ်နှံသူများအတွက် အခြေခံကျသော အကာအကွယ်ပေးမှုများ ပါရှိရန်ပျက်ကွက် ပါက သက်ဆိုင်ရာဆီလျော်မှုရှိမှု ဆိုသည့်အချက်ကို ဆုံးရှုံးစေပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေများစွာတွင် IPA တည်ထောင်မှုနှင့် ၎င်း၏လုပ်ငန်းတာဝန်များနှင့် အကျိုးခံစားခွင့်မက်လုံးများ ကဲ့သို့ သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစိတ်အပိုင်းများလည်း ဖော်ပြပါရှိသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှု မြှင့်တင် ရေးနှင့် မက်လုံးများသည်လည်း သီးခြားဥပဒေများတွင် ပြဋ္ဌာန်းပါရှိသင့်သည်ဟု ကမ္ဘာ့ဘဏ်က အကြံပြု ထားပါသည် (Daniel and Fornernis, ၂၀၁၀)။ အထူးသဖြင့် အကျိုးခံစားခွင့်မက်လုံးများကို ရင်းနှီး မြှုပ်နှံမှုဥပဒေများတွင် ဖော်ပြခြင်းထက် အခွန်/အကောက်ခွန် ဥပဒေများတွင် သတ်မှတ်ဖော်ပြခြင်းက ပိုမို သင့်လျော်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် ကာလရွေ့လျားလာသည်နှင့်အမျှ ပြောင်းလဲလာသင့်ပြီး သက် ဆိုင်ရာ နယ်ပယ်၊ ကဏ္ဍများတွင် သီးခြား ဥပဒေများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တဖြည်းဖြည်း ပြောင်းလဲလာ သင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများစွာအတွက် အရေးပါသည့်ပြဋ္ဌာန်းချက်များ၊ အဆုံးအဖြတ်ပေး သည့်အချက်များ အမြောက်အမြားရှိသော်လည်း ယေဘုယျအားဖြင့် မြေ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုနှင့် အခွင့် အရေးများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များသည်လည်း အထူးအရေးကြီးပါသည်။ အမြဲ အား ကောင်းနေသင့်ပါသည် (box 4.5)။

**Box 4.5 နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ပြဋ္ဌာန်းချက်များ : မြေပိုင်ဆိုင်မှုနှင့် အသုံးပြုခွင့်**

နိုင်ငံခြားသားမှ မြေပိုင်ဆိုင်ခွင့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပွားလေ့ရှိသည့် ပြဿနာတစ်ခု ဖြစ်ပါသည်။ အဓိကအကြောင်းအရင်းမှာ နိုင်ငံခြားသားများသည် နယ်ချဲ့ကဲ့သို့ ပြုမူခြင်းနှင့် မြေဈေးနှုန်းကစားခြင်းတို့ ပြုလုပ်ခြင်းဖြင့် အိမ်ရှင်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ၎င်း၏ နယ်နိမိတ်အတွင်း ထိန်းချုပ်နိုင်စွမ်း လျော့နည်းသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် သတ္တုတွင်းကဏ္ဍများတွင် နိုင်ငံခြားသားများအား မြေပိုင်ဆိုင်ခွင့် ပြုလိုက်ပါက အိမ်ရှင်နိုင်ငံမှ ၎င်း၏ သဘာဝသယံဇာတများအပေါ် ထိန်းချုပ်နိုင်မှု လျော့နည်းခြင်းနှင့် တိုင်းပြည်၏ စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်စေမည်ကို စိုးရိမ်ကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ (ဥပမာ- အာဖရိက) နှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ (ဥပမာ- ဩစတြေးလျ နိုင်ငံ) မှ မြေအများအပြားဝယ်ယူသည့် နိုင်ငံခြားသားများ (အထူးသဖြင့် တရုတ်နိုင်ငံ) မှ အဆိုပါ စိုးရိမ်မှုကို ပိုမိုမြင့်တက်စေပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ ထိရောက်မှုရှိသော မြေအသုံးပြုခွင့်သည် အရေးကြီးကြောင်း သိရှိလာကြပါသည်။ သို့ရာတွင် ထိရောက်မှုရှိသော မြေအသုံးပြုခွင့်သည် နိုင်ငံခြားသား မြေပိုင်ဆိုင်ခွင့် မပြုဘဲ နှစ်ရှည် မြေငှားရမ်းခွင့်ပြုခြင်းပင် ဖြစ်ပါသည်။ သို့သော် မြေပိုင်ဆိုင်ခွင့်ပြုခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုများကို ၎င်းတို့ပိုင်ဆိုင်သည့် မြေကို ပေါင်နှံခြင်းဖြင့် မတည်ငွေရင်းမြှင့်တင်နိုင်သည့် အကျိုး ကျေးဇူးများ ခံစားရရှိစေမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နိုင်ငံခြားသားများအား မြေပိုင်ဆိုင်ခွင့်ပေးခြင်းဆိုင်ရာ ကန့်သတ်ချက်များသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုများပြားပါသည်။ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၏ နိုင်ငံခြားသားမြေပိုင်ဆိုင်ခွင့် ပေးခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို မထိခိုက်စေပါ။ နိုင်ငံခြားသားများအား မြေပိုင်ဆိုင်ခွင့်ပြုခြင်းအားဖြင့် နိုင်ငံတော်သည် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း သည့် အခွန်များနှင့် အခြားအကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ အပြန်အလှန်မရှိခြင်းသည် ပြဿနာတစ်ခုဖြစ်ပါသည်။ ဥပမာအားဖြင့် အာရှနိုင်ငံသားများသည် အနောက်နိုင်ငံများတွင် လွတ်လပ်စွာ မြေဝယ်ယူခွင့် ရှိသော်လည်း အနောက်နိုင်ငံသားများသည် အာရှနိုင်ငံများတွင် လွတ်လပ်စွာ မြေဝယ်ယူခွင့်မရရှိကြပါ။ အာရှ-ပစိဖိတ် နိုင်ငံအများစုတွင် နိုင်ငံခြားသား မြေပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များနှင့် တားမြစ်ချက်များ အလွန် များပြားပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ခြားနားချက်မှာ တရားဥပဒေစိုးမိုးခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံခြားနှင့် နိုင်ငံသားများအကြား ခွဲခြားမှုမရှိသည့် သင့်လျော်သော ဥပဒေများနှင့် နည်းဥပဒေများချမှတ်မှု အားနည်းခြင်းသည် နိုင်ငံခြားသား မြေပိုင်ဆိုင်မှုအပေါ် ဆိုးကျိုးသက်ရောက်နိုင်ပါသည်။ နိုင်ငံတော်နှင့် စားနပ်ရိက္ခာဖူလုံမှုနှင့်စပ်လျဉ်းသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအကြီးစားတွင်သာ ရွေးချယ်ထားသည့် အနောက်နိုင်ငံများ ပါဝင်ခွင့်ရကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ကာလရှည် စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေသည့် မြေအသုံးပြုခွင့်အားနည်းခြင်းများကို ကြုံတွေ့ကြရပါသည်။ မြေအသုံးပြုခွင့် ကန့်သတ်ချက်များတွင် မြေငှားရမ်းခွင့်ကာလတိုတောင်းခြင်း၊ မြေအသုံးပြုခွင့် လွှဲပြောင်းခြင်းနှင့် သက်တမ်းတိုးခြင်းများတွင် အတားအဆီးများရှိခြင်း၊ မြေအသုံးပြုခွင့် ပေါင်းနှံခြင်းနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များရှိခြင်း၊ မြေကို တွဲဖက်၍ အသုံးပြုရခြင်းတို့ ပါဝင်ပါသည်။ မြေသိမ်းယူခြင်းလုပ်ငန်းစဉ်များနှင့် သင့်လျော်သည့် လုပ်ငန်းနေရာနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် မရရှိခြင်းသည် ရင်းနှီးမြှုပ်နှံသူ၏ ဆုံးဖြတ်ချက်များကို သက်ရောက်မှုရှိစေနိုင်သည့် အတားအဆီးများဖြစ်ပါသည်။

ခြုံငုံကြည့်ပါက ကောင်းမွန်သည့် တိုးတက်မှုများလည်းရှိပါသည်။ ၁၉၉၇ ခုနှစ် အာရှ ငွေကြေးအကြပ်အတည်းဖြစ်ပွားပြီးနောက် အာရှနိုင်ငံများသည် မြေနှင့် အခြားပစ္စည်းများကို ပိုင်ဆိုင်ခွင့်ပေးခြင်းအပါအဝ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖြေလျှော့ပေးခဲ့ပါသည်။ အထူးစီးပွားရေးဇုန်များတွင် နှစ်ရှည်မြေငှားရမ်းခွင့်ပြုခဲ့ကြပါသည်။ သတ္တုတွင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရင်းနှီးမြှုပ်နှံမှု ပဋိညာဉ်စာချုပ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ၏ မြေအသုံးပြုခွင့်

ဆိုင်ရာ သီးခြားပြဋ္ဌာန်းချက်များကို ထည့်သွင်းချုပ်ဆိုကြပါသည်။ အချို့နိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် သတ်မှတ်ထား သည့်မြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အဆောက်အအုံတစ်ခုလုံးကို ပိုင်ဆိုင်ခွင့်ရှိပါသည်။ သို့ရာတွင် မြေချည်းသက်သက် ပိုင်ဆိုင်ခွင့်မရှိပါ။ (ဥပမာ-ထိုင်းနိုင်ငံ) အခြားနိုင်ငံများတွင် နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသားပိုင်ဆိုင်သည့် ပုဂ္ဂလိကမြေကို သာမန်အသုံးပြုနိုင်သော်လည်း လုပ်ငန်းအတွက် အသုံးပြုရာတွင် ကန့်သတ်မှုများရှိပါသည်။ (ဥပမာ-တရုတ်၊ ဗီယက်နမ်) အခြားနိုင်ငံများတွင် နိုင်ငံခြားသား ပိုင်ဆိုင်နိုင်သည့် (သို့မဟုတ်) ငှားရမ်းနိုင်သည့် သို့မဟုတ် ဝယ်ယူနိုင်သည့် မြေဧရိယာသတ်မှတ်ထားသော်လည်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် နိုင်ငံခြား ကုမ္ပဏီများကို ခွင့်ပြုထားပါသည်။ နိုင်ငံအများစုတွင် နိုင်ငံခြားသားများသည် နိုင်ငံသားများနှင့် ဖက်စပ်လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် မြေပိုင်ဆိုင်ခွင့် (သို့မဟုတ်) အသုံးပြုခွင့်ရရှိပါသည်။ (ဥပမာ-ထိုင်းနိုင်ငံ) ရံဖန်ရံခါတွင် အဆိုပါအချက်များသည် ဥပဒေတွင် ထွက်ပေါက် အဖြစ် တည်ရှိနေပါသည်။

နိုင်ငံခြားမြေပိုင်ဆိုင်မှုအပေါ် ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အရင်းအမြစ်များသည် အလွန်ကျယ်ပြန့်ပြီး တရားဥပဒေစီရင်ခြင်း (သာမန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (သို့မဟုတ်) မြေဥပဒေပါ ပြဋ္ဌာန်းချက်များ)၊ စီရင်ဆုံးဖြတ်ချက်များ၊ ကိစ္စရပ်တစ်ခုချင်းစီ အလိုက် သုံးသပ်ချက်များ၊ နိုင်ငံတော်၏ ဖွဲ့စည်းပုံ၊ တရားမဥပဒေ၊ အုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းများ စသည်တို့ပါဝင်ပါသည်။ ကန့်သတ်ချက် ပုံစံနှင့် သဘောသဘာဝသည် မူဝါဒ ရည်မှန်းချက်များအပေါ် မူတည်နေပါသည်။ အဆိုပါ ရည်မှန်းချက်သည် “နိုင်ငံခြားသား” အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် သက်ရောက်မှုရှိပါသည်။ Hodson and others ၁၉၉၉ ခုနှစ်သည် မြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ နည်းလမ်း ၂ ခုကို ခွဲခြားခဲ့ပါသည်-

- တိုက်ရိုက်သက်ဆိုင်ခြင်း: ငှားရမ်းခြင်းထက် ပိုင်ဆိုင်ခြင်း
- နိုင်ငံခြားမြေပိုင်ဆိုင်မှုနှင့်/ သို့မဟုတ် အသုံးပြုမှုကို ခွင့်ပြုသည်။ သို့သော် မြေတည်နေရာ၊ ကဏ္ဍနှင့် အရွယ်အစား တို့နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက် များနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပါသည်။ အချို့နိုင်ငံများတွင် ကြိုတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း/ ကြေညာချက် လိုအပ်ပါသည်။ ပုံစံအမျိုးမျိုးကွဲပြားပါသည်။

Hodson and others ၁၉၉၉ ခုနှစ်သည် နိုင်ငံခြားမြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ နိုင်ငံများမှ ချမှတ်ဆောင်ရွက်သည့် အလေ့အကျင့်များနှင့် နည်းလမ်းများ မတူညီခြင်းသည် နိုင်ငံခြားမြေ ပိုင်ဆိုင်မှုဆိုင်ရာ ကန့်သတ်ချက်များ နိုင်ငံ၏ စီးပွားရေးအားသာချက်များ၊ ဖွံ့ဖြိုးမှုအဆင့်၊ နိုင်ငံရေးစနစ်နှင့် ဖွဲ့စည်းပုံ ဆိုင်ရာ အစီအစဉ်များ သို့မဟုတ် နယ်မြေသိမ်းပိုက်ခံရခြင်း သို့မဟုတ် လွှမ်းမိုးခံရခြင်းတို့နှင့် တိုက်ရိုက် သက်ဆိုင်ခြင်း မရှိကြောင်း သုံးသပ်ခဲ့ ပါသည်။

အထက်ပါ စိစစ်ချက်အရ မူဝါဒဆိုင်ရာ အကြံပြုချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြနိုင်ပါသည်-

- မြေသိမ်းယူခြင်းနှင့် အသုံးပြုခွင့်များကို ရှင်းလင်း၍ ပွင့်လင်းမြင်သာမှုရှိပြီး ယုံကြည် စိတ်ချစွာ ပြုလုပ်နိုင်ခြင်း၊
- ၎င်းတို့သည် ရင်းနှီးမြှုပ်နှံသူနှင့် အိမ်ရှင်နိုင်ငံနှင့် ဒေသခံအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များအကြား ဟန်ချက်ညီအောင်ဆောင်ရွက်သင့်ပါသည်၊
- သင့်တော်သည့် အကာအကွယ်အစီအစဉ်များဆောင်ရွက်နေပြီဖြစ်ရာ စည်းမျဉ်းများတွင် မလိုအပ်သည့် ဝန်ထုပ်ဝန်ပိုဖြစ်စေသည့် အဆင့်များကိုဖယ်ထုတ်သင့်ပါသည်။
- မြေစီမံခန့်ခွဲမှုအဖွဲ့အစည်းများသည် စီးပွားရေးလုပ်ငန်းများအတွက် မြေအသုံးပြု ခွင့်ရရှိနိုင်သည့် တစ်ခုတည်းသော နေရာအဖြစ်ဆောင်ရွက်သင့်ပါသည်။
- အသုံးပြုရမည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ရရှိ အောင် ဆောင်ရွက်သင့်ပါသည်။

- နိုင်ငံသားနှင့် နိုင်ငံခြားသားများ၏ မြေပိုင်ဆိုင်ခွင့်နှင့် အခြားပစ္စည်းများ ပိုင်ဆိုင်ခွင့်ကို ဥပဒေအရ သတ်မှတ်ထားသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် အညီ ဆောင်ရွက် သင့်ပါသည်။
- ရင်းနှီးမြှုပ်နှံသူများ ၎င်းတို့၏ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ချဲ့ထွင်ခြင်းတို့ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်အတွက် အာမခံချက်ပေးသင့်ပြီး မြေသက်တမ်းတိုးခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်းနှင့် တစ်ဆင့်ငှားရမ်းတို့ ပြုလုပ်ခွင့် ပေးသင့်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အာမခံချက်ရှိပြီး ပွင့်လင်းမြင်သာမှုရှိသော အပြည့်အဝ ပိုင်ဆိုင် ခွင့်ရရှိခြင်းကဲ့သို့ ကောင်းမွန်သည့် နှစ်ရှည်မြေငှားရမ်းခွင့်ကို တွေ့ရှိကြမည်ဖြစ်ပါသည်။
- မြေမှတ်တမ်းများကို သက်ဆိုင်ရာအစိုးရအေဂျင်စီများကို ချိတ်ဆက်၍ update ဖြစ်အောင် ပြုလုပ် သင့်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် အသုံးဝင်သည့် သတင်းအချက်အလက်များကို လွယ်ကူစွာ ရရှိ နိုင်ရန် ဆောင်ရွက်သင့်ပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စားရပ်ရိက္ခာဖူလုံရေးနှင့် သဘာဝသယံဇာတများ အသုံးပြုခွင့်ကို ထိခိုက်စေသည့် နိုင်ငံခြားသားမြေဝယ်ယူခြင်းကို ဖြစ်ပေါ်စေသည်ဟု သတိပြုမိလာကြပါသည်။ ထို့ကြောင့် နိုင်ငံခြားသားမြေပိုင်ဆိုင်ခွင့်နှင့်သက်တမ်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် စာနပ်ရိက္ခာဖူလုံရေးတို့နှင့် ကိုက်ညီရန် အရေးကြီးပါသည်။ ၂၀၁၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests ကို ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မြေငှားရမ်းခွင့်သက်တမ်း အာမခံချက်ရှိခြင်း၊ သစ်တော၊ ငါးလုပ်ငန်းနှင့် မြေများကို ညီမျှစွာ အသုံးပြုနိုင်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။ လမ်းညွှန်ချက်များကို http://www.fao.org/docrep/016/i2801e/i2801e.pdf တွင် ရယူနိုင်ပါသည်။

နိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာသည့်နှင့်အမျှ ယခင်က အရေးကြီးသည်ဟု မစဉ်းစားထားသော နယ်ပယ်များစွာတွင် ဥပဒေများ ရေးဆွဲကျင့်သုံးခြင်းသည် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရေး လုပ်ငန်းစဉ်အတွက် ပိုမိုအရေးကြီးလာကြသည်။ ဥပမာအားဖြင့် ဉာဏပစ္စည်းပိုင်ဆိုင်မှု (intellectual property rights - IPR) ကို အုပ်ချုပ်သည့် ဥပဒေများဖြစ်သည်။ ၎င်းဥပဒေများသည် ဖွံ့ဖြိုးမှုအနည်းဆုံးသော နိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အဖြစ် မစဉ်းစားခဲ့ကြသော်လည်း လုပ်သားအခြေပြု လုပ်ငန်းများမှ (တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အရင်းအနှီး/ပညာ အခြေပြုလုပ်ငန်းများစသည့်) ဉာဏအခြေပြု လုပ်ငန်းများသို့ တက်လှမ်းရာတွင် အဆိုပါ ဥပဒေမှာ အရေးကြီး လာပါသည်။ Box 4.6 တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အားဆွဲဆောင်ခြင်းနှင့် နည်းပညာ လွှဲပြောင်းမှု များတွင် IPR ၏ အခန်းကဏ္ဍကို အသေးစိတ် ဖော်ပြပေးထားသည်။

## Box 4.6. နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရာတွင် Intellectual Property Right- IPR နှင့် နည်းပညာလွှဲပြောင်းခြင်း၏ အခန်းကဏ္ဍ

WTO TRIPS သဘောတူစာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ် နှံမှုများကို ဆွဲဆောင်ရာတွင် IPR နှင့် ၎င်းတို့၏ အကာအကွယ်များသည် အရေးပါလာကြပါသည်။ ဒေသတွင်း ကုန်သွယ်ရေးဆိုင်ရာ သဘောတူ စာချုပ်များနှင့် နှစ်နိုင်ငံ ရင်းနှီး မြှုပ်နှံမှု သဘောတူစာချုပ်များသည် IPR ကို တိုးတက်စေပါသည်။ UNCTAD ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒမူဘောင်တွင် ပြည်တွင်းဥပဒေများအရ ဖွင့်ဆိုထားသည့် “ရင်းနှီး မြှုပ်နှံမှု” ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အောက်တွင် IPR သည် အကျုံးဝင် ပါဝင်ခြင်းမရှိသော်လည်း အဆိုပါ သဘောတူ စာချုပ်များတွင် IPR နှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက်အဖြစ် ပါဝင်ခြင်းမရှိလျှင် “ရင်းနှီးမြှုပ်နှံမှု” ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အောက်တွင် အကျုံးဝင် ပါဝင်ပါသည်။ IPR ကိုင်ဆောင်ထားသူများသည်IPR ၏ အကာအကွယ်ပေးမှု၏ အရေးပါမှုကို သိရှိကြပါသည်။ အများအားဖြင့် ၎င်းတို့သည် ဖွံ့ဖြိုးပြီးနိုင်ငံများမှ TNCs များဖြစ်ကြပါသည်။ TNCs များသည် မြင့်မားသည့် နည်းပညာများ မပါဝင်ဘဲ လုသားအင်အား အများအပြား အသုံးပြုသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံ မှုများ (သို့မဟုတ်) အရင်းအမြစ် အခြေပြုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံ များ (သို့မဟုတ်) ဖွံ့ဖြိုးဆဲနိုင်ငံများကို ပစ်မှတ်ထားလေ့မရှိပါ။ ရလဒ်အနေဖြင့် အဆိုပါကဏ္ဍများတွင် TNCs ၏ ပါဝင် ဆောင်ရွက်မှုများသည် IPR သည် အရေးပါသည့် အချက်မဟုတ်ပါ။

သို့ရာတွင် နည်းပညာလွှဲပြောင်းမှုနှင့် တီထွင်ဖန်တီးမှုကို ဦးစားပေးသည့် ရင်းနှီးမြှုပ်နှံမှုကို ရှာဖွေနေသည့် နိုင်ငံများတွင် IPR သည် ပိုမိုအရေးကြီးပါသည်။ လေ့လာ သုံးသပ်မှုအများအပြားတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု နှင့် IPR တို့သည် တိုက်ရိုက် ပတ်သက်နေသည်ဟု ထောက်ပြခဲ့ပါသည်။ Nunnenkamp နှင့် Spatz (၂၀၀၄) သည် ခိုင်မာသည့် IPR အကာအကွယ်ပေးမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရေအတွက်များသာမက အရည်အသွေးများကို လည်း တိုးတက်လာစေကြောင်း တွေ့ရှိခဲ့ကြပါသည်။ Awokuse နှင့် Yin (၂၀၁၀) သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် IPR ခိုင်မာစေခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင်အရေးကြီးကြောင်းနှင့် သို့မှသာ နည်းပညာများကို လွှဲပြောင်းရယူနိုင်မည်ကို ပြသခဲ့ပါသည်။ Zekos (၂၀၁၃) သည် ထိရောက်မှုရှိသော ယှဉ်ပြိုင်မှုမူဝါဒသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးအတွက် အရေးကြီးသည့် အချက်ဖြစ်သည်ကို ပြသခဲ့ပါသည်။ ပြည့်စုံသည့် ယှဉ်ပြိုင်မှုမရှိဘဲ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရာတွင် IPR ၏ အခန်းကဏ္ဍသည် အားနည်းနေပါသည်။

R&D ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုစီးဝင်လာစေလိုသော နိုင်ငံများတွင် IPR သည် အဓိက ကျသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ Guimon (2008) သည် R&D ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်းတွင် IPR အပြင် အိမ်ရှင် နိုင်ငံ၏ သုတေသန အခြေခံ အဆောက်အအုံ၊ သင့်လျော်သည့် ကျွမ်းကျင်လုပ်သားလစာနှင့် တီထွင်ဖန်တီးမှု စနစ် စသည့် အချက်များလိုအပ်ကြောင်း တွေ့ရှိခဲ့ပါသည်။ အခြားလိုအပ်သော အချက်များမှာ R&D ကဏ္ဍတွင် အခြား TNCs များ ပါဝင်မှု၊ R&D ကဏ္ဍတွင် ပုဂ္ဂလိကအား ပါဝင်ဆောင် ရွက်စေခြင်း၊ လူနေမှုအဆင့်အတန်း၊ ဒေသခံပြည်သူလူထု၏ အင်္ဂလိပ်ဘာသာစကား စွမ်းရည်နှင့် အဆင့်ဆင့်အုပ်ချုပ်မှု၊ R&D Enterprise များတည်ထောင်ရန်အတွက် အချိန် တို့ဖြစ်ပါသည်။

ဆင်းရဲသောနိုင်ငံများတွင် IPR နှင့်ပတ်သက်၍ တင်းကြပ်စွာဆောင်ရွက်ခြင်းသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ခြင်းမရှိဘဲ တည်ရှိပြီးနည်းပညာ များအပေါ် မှီခိုနေရသော ပြည်တွင်းရင်းနှီးမြှုပ်နှံမှု များကို ပြိုလဲစေနိုင်ပါသည်။ Nicholson (၂၀၀၇) သည် R&D ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ရင်းနှီး မြှုပ်နှံလုပ်ငန်း အနေဖြင့် ဝင်ရောက်ခြင်းမပြုဘဲ လိုင်စင်ရယူ၍သာ လုပ်ငန်းဆောင်ရွက်ကြသဖြင့် IPR တစ်ခုတည်းဖြင့် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရန် မလုံလောက်ကြောင်း တင်ပြခဲ့ပါသည်။ ပွင့်လင်းပြီး တည်ငြိမ်မှုရှိသည့် စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေတို့သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို လွှမ်းမိုးသော အချက်များဖြစ်ပါသည်။ (Adams, 2010)

ယေဘုယျအားဖြင့် FDI အတွက် ပိုမိုကောင်းမွန်သော ဥပဒေရေးရာမူဘောင်တစ်ရပ် ရှိသော နိုင်ငံများသည်

- ကဏ္ဍများစွာ (နှင့် ကဏ္ဍအားလုံးနီးနီး) တွင် FDI ကို ခွင့်ပြုပေးခြင်း။
- နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများကို သာတူညီမျှ ဆက်ဆံခြင်း။
- ရိုးရှင်း၍ ပွင့်လင်းမြင်သာသော တည်ဆောက်ရေးလုပ်ငန်းစဉ် (establishment process) တစ်ရပ် ချမှတ်ထားရှိခြင်း။
- (ပိုင်ဆိုင်ခွင့်ဖြစ်စေ၊ နှစ်ရှည်ငှားရမ်းမှုဖြစ်စေ) မြေယာကို လွယ်လွယ်ကူကူ ရရှိ/လျှောက်ထား အသုံးပြုခွင့်ပေးပြီး မြန်ဆန်သော မြေယာရယူအသုံးပြုမှုလုပ်ထုံးလုပ်နည်းများ ထားရှိခြင်း။
- ခိုင်မာသော အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းပေးရေး ဥပဒေများကို ထိန်းကျောင်းပေးခြင်းနှင့်/ သို့မဟုတ် ပြည်တွင်းနှင့် နိုင်ငံတကာခုံရုံးများကို အသုံးပြုခွင့်ပေးပြီး နိုင်ငံခြားခုံရုံး၏ ဆုံးဖြတ်ချက်ကို အသိအမှတ်ပြု ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာ မူဝါဒများနှင့် ဥပဒေများနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ခြင်း၊
- လွတ်လပ်၍ အထောက်အကူဖြစ်ပြီး မြန်ဆန်စွာနှင့် ဘက်လိုက်မှုကင်းမဲ့သော တရားစီရင်ရေး စနစ်ရှိပြီး မှုတသော စီရင်ချက်များ ချမှတ်ခြင်း
- အရည်အသွေးကောင်းသော ဥပဒေရေးရာ ဝန်ဆောင်မှုများ ရှိခြင်း၊
- ကန့်သတ်ချက်မရှိသော အလုပ်သမားဥပဒေများ (non-restrictive labour laws) များကို အားပေးခြင်း
- လုံလောက်သော ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်ကို အကာအကွယ်ပေးခြင်း
- အမြတ်ငွေများကို မိခင်နိုင်ငံသို့ လွယ်ကူစွာ ပြန်လည်ပေးပို့နိုင်ရန် ခွင့်ပြုပေးခြင်း (repatriation of profits)

ကမ္ဘာ့ဘဏ်သည် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညွှန်းကိန်းတစ်ခုကို ပုံစံထုတ်ခဲ့သည်။ အဆိုပါ ညွှန်းကိန်းသည် နိုင်ငံများအကြား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ တရားဥပဒေစိုးမိုးမှု အနည်း၊ အများကို နှိုင်းယှဉ်ဖော်ပြပေးသည် (box 4.26)။

နိုင်ငံများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဥပဒေမူဘောင်သည်လည်း ၎င်းနှင့်အတူ သိသိသာသာ ပေါ်ပေါက် လာပါသည်။ “ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ အစီအစဉ်” အရ နိုင်ငံအများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ ရရှိရန်အလို့ငှာ ဥပဒေမူဘောင်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေလိုကြပါသည်။ တရားဥပဒေပြုခြင်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများအပါအဝင် အခြားသက်ဆိုင်သူများ အားလုံးပါဝင်သော လုပ်ငန်းစဉ်များပေါ်တွင် အခြေခံ၍ ရေးဆွဲသင့်ပြီး ပွင့်လင်းမြင်သာမှုလည်း ရှိသင့်ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများဘက်မှလည်း အိမ်ရှင်နိုင်ငံတွင် ၎င်းတို့၏ ရပ်တည်မှု သည် ရင်းနှီးမြှုပ်နှံမှုကိုလက်ခံသောနိုင်ငံမှ တရားဥပဒေပြုခြင်း ဖွံ့ဖြိုးတိုးတက်လာမှုအရေးနှင့် ပတ်သက်၍ ၎င်းတို့၏ အခွင့်အရေးများညီမျှရန် လိုအပ်သည်ကို နားလည်သဘောပေါက်ကြပေလိမ့်မည် ဖြစ်ပါသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ မိခင်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုကို လက်ခံသည့် အိမ်ရှင်နိုင်ငံ နှစ်နိုင်ငံလုံးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု များကို လက်ခံကြပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်လည်း ပါဝင်အကောင်အထည်ဖော် လိုကြပါသည်။ သို့သော် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများသည် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီမှုများတွင် ပါဝင်သော အကြောင်းအရာများပေါ်တွင် အခြေခံသည့် ဥပဒေမူဘောင်တွင် အပြောင်း

အလဲများကို တရားဝင်ပြောင်းလဲလေ့ရှိကြပြီး ရင်းနှီးမြှုပ်နှံမှုလက်ခံသော နိုင်ငံ၏ ထိခိုက်နစ်နာမှုများကိုလည်း အောင်မြင်စွာဖြေရှင်းလေ့ရှိကြပါသည်။ ၎င်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆိုးရွားသော အခြေအနေတစ်ခုတွင် ရောက်ရှိစေပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများသည် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အပြုအမူများနှင့်အညီ အကောင်းဆုံးပြုမူကျင့်ကြံရန် တာဝန်ရှိပါသည်။ သို့သော် အပြည်ပြည် ဆိုင်ရာ ဥပဒေမူဘောင်သည် ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးနှင့် ရင်းနှီးမြှုပ်နှံမှုလက်ခံသော နိုင်ငံများ၏ တရားဥပဒေပြုမှု ဖွံ့ဖြိုးတိုးတက်လာမှု အခွင့်အရေးများအကြား သင့်လျော်သောချိန်ညှိမှုတစ်ခု ရရှိရန် အတွက် ပြောင်းလဲလေ့ရှိပါသည်။

## Box 4.7 နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုအတွက် ကမ္ဘာ့ဘဏ်၏ အညွှန်းကိန်း

ကမ္ဘာ့ဘဏ်မှ နိုင်ငံပေါင်း ၈၇ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် လွယ်ကူမှုကို တိုင်းတာသည့် အညွှန်းကိန်း ၄ ခုကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံပေါင်း ၁၀၄ နိုင်ငံနှင့် အညွှန်းကိန်း ၁ ခုကို ထပ်မံထည့်သွင်းခဲ့ပါသည်။ အညွှန်းကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- **ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်း**: ဤအညွှန်းကိန်းသည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း အသစ်များတွင် နိုင်ငံခြားသား ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များကို တိုင်းတာခြင်းဖြစ်ပါသည်။
- **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စတင်ခြင်း**: ဤအညွှန်းကိန်းသည် နိုင်ငံခြားကုမ္ပဏီများ နိုင်ငံခြားသားပိုင် လက်အောက်ခံ ကုမ္ပဏီများ တည်ထောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ စက်မှုဇုန်မြေအား အသုံးပြုခွင့်ရယူရာတွင် မြေယာ စီမံခန့်ခွဲမှုနှင့် အထူးစီးပွားရေးဇုန်များ တည်ရှိမှုနှင့် ဝိသေသလက္ခဏာများကို တိုင်းတာခြင်းဖြစ်ပါသည်။
- **အငြင်းပွားမှုများကို အနညာတစီရင်ခြင်းနှင့် ကြားဝင်ဖျန်ဖြေခြင်း**: ဤအညွှန်းကိန်းသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ပြည်တွင်းနှင့် နိုင်ငံတာ အနညာတ စီရင်ဆုံးဖြတ်ခြင်း အစီအစဉ်များကို တိုင်းတာခြင်းဖြစ်ပါသည်။ အငြင်းပွားမှု ဖြေရှင်းခြင်းအတွက် ဥပဒေမူဘောင်ခိုင်မာမှု၊ အနညာတစီရင်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ စည်းမျဉ်းများနှင့် တရားစီရင်ရေးကို အထောက်အပံ့ပေးမှုနှင့် အနညာတစီရင်ခြင်း လုပ်ငန်းစဉ်များအား လွယ်ကူချောမွေ့စေခြင်း တို့ဖြစ်ပါသည်။
- **ငွေကြေးလဲလှယ်မှုနှင့် လွှဲပြောင်းခြင်း**: ဤအညွှန်းကိန်းသည် ငွေလဲလှယ်မှု ကန့်သတ်ချက်များကို တိုင်းတာခြင်း ဖြစ်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အတွက် သတ်မှတ်ထားသည့် မူဝါဒများနှင့် နိုင်ငံခြားငွေလဲလှယ်မှု အစီအစဉ်များကို ကန့်သတ်ထားသည့် အချက်များနှင့် ပိုမိုသက်ဆိုင်ပါသည်။
- ကျွမ်းကျင်လုပ်သားခန့်အပ်ခြင်း : ဤအညွှန်းကိန်းသည် နိုင်ငံခြားသားအကြီးတန်းအရာရှိများနှင့် ကျွမ်းကျင် ဝန်ထမ်းများတွက် ယာယီအလုပ်လုပ်ခွင့် ခွင့်ပြုမိန့် ထုတ်ပေးနှင့်စပ်လျဉ်းသည့် စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များကို တိုင်းတာ ခြင်းဖြစ်ပါသည်။

ဖော်ပြပါ အညွှန်းကိန်းများကို http://iab.worldbank.org/Data/FDI-2012-Data တွင် ကြည့်ရှုနိုင်ပါသည်။

# (ဂ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေ မူဘောင်

## ၁။ ပြောင်းလဲဖြစ်ပေါ်လာသော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ

### (က) ခြုံငုံဖော်ပြချက်

အပြည်ပြည်ဆိုင်ရာအဆင့် ကတိကဝတ်များအရ အစိုးရများသည် မိမိတို့နိုင်ငံ၏ ဥပဒေမူဘောင်အား ပြင်ဆင်ပြောင်းလဲခဲ့ကြသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်သည် ဆထက်တိုး၍ ခက်ခဲနက်နဲလာပြီး နိုင်ငံများအကြားတွင် ချုပ်ဆိုသောအပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ (international investment agreements - IIAs)၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် အိမ်ရှင်နိုင်ငံအစိုးရအကြား ရင်းနှီးမြှုပ်နှံမှု စာချုပ်များ၊ (ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်းမှ ကြီးကြပ်သော) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစနစ်အတွင်းမှ သက်ဆိုင်ရာ သဘောတူညီချက်များ ပါဝင်လာသည်။

IIAs တွင် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်များပါရှိသော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်များ (IITs) နှင့် ရင်းနှီးမြှုပ်နှံမှုပြဋ္ဌာန်းချက်များ ပါရှိသော သဘောတူစာချုပ်များ (TIPs) တို့ ပါဝင်ပါသည်။ (ဦးစားပေးကုန်သွယ်မှုသဘောတူညီချက်များ၊ ဒေသတွင်း ကုန်သွယ်မှုသဘောတူညီမှုများ၊ စီးပွားရေးမိတ်ဘက်သဘောတူညီမှုများ၊ အကောက်အခွန်ဆိုင်ရာ သမဂ္ဂအစရှိသဖြင့်) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် ဆိုလိုရင်းများ (အကြံပြုချက်များ) ပါရှိသော ရင်းနှီးမြှုပ်နှံမှုပြဋ္ဌာန်းချက်များ/ အခန်းများ (သို့မဟုတ်) ၎င်းနယ်ပယ်ရှိ ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ အခွန်နှစ်ထပ်ကောက်ခံမှု သဘောတူ စာချုပ် (DTTs) ကို ရှောင်ရှားခြင်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သော်လည်း IIAs နှင့်တော့မပတ်သက်ပေ။ BITs ၏ မူလရည်ရွယ်ချက်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးရန်ဖြစ်ပြီး DTTs သည် ရင်းနှီးမြှုပ်နှံမှုလက်ခံသည့် အိမ်ရှင်နိုင်ငံနှင့် မိခင်နိုင်ငံများအကြား ပြုလုပ်သော ထိုရင်းနှီးမြှုပ်နှံမှုများမှ ရရှိလာသော အခွန်ကောက်ခံမှုများမှ ပေါ်ပေါက်လာသည့် ပြဿနာရပ်များကို ဖြေရှင်းရန်ဖြစ်သည်။ ဥပမာ- TNC စနစ်တစ်ခု၏ အဖွဲ့အစည်းအမျိုးမျိုးမှ ရရှိသော ဝင်ငွေများမှ ရရှိလာမည့် အခွန်များမှ ကောက်ခံသော ဝင်ငွေခွန်များ။ IIA (နှင့် DTTs) တို့သည် အစိုးရနှစ်ခု (သို့မဟုတ်) ထို့ထက်ပိုသော အစိုးရများအကြား သဘောတူညီမှုများဖြစ်ပြီး ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာဥပဒေဖြင့် ဦးဆောင်မှုပြုခြင်းခံရပါသည်။ (ဥပမာ- ဥပဒေစာချုပ်များ)။ UNCTAD ၏ "အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသဘောတူညီမှုလမ်းပြသူ" သည် BITs နှင့် TIPs ၏ အသေးစိတ်ခြုံငုံဖော်ပြချက်နှင့် လေ့လာသုံးသပ်ချက်တို့ ဖော်ပြပါရှိပါသည်။ အဆိုပါလမ်းပြသူတွင် UNCTAD နှင့် ကမ္ဘာတစ်လွှားမှ တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှု ကနဦးဆောင်ရွက်ချက်ဖြစ်သော IIAs ၏ အကြောင်းအရာများကို အသေးစိတ် လမ်းညွှန်ပြသထားပါသည်။ "ထိုလမ်းပြသူ" နှင့် Database ကို UNCTAD ၏ Investment Policy Hub "http:investmentpolicyhub.unctad.org/IIA" တွင် ကြည့်ရှုနိုင်ပါသည်။

ဘက်စုံအဆင့်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘက်စုံသဘောတူညီမှုတစ်ခုကို အဆုံးသတ်ရန်အတွက် ယခင်ကတည်းက ကြိုးစားခဲ့ကြသော်လည်း ရင်းနှီးမြှုပ်နှံမှုသဘောတူညီမှု မရှိကြပေ။ သို့သော် အဆိုပါ

ကြိုးစားမှုသည် အရာမထင်ခဲ့ပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် အနောက်နိုင်ငံများမှ တွန်းအားပေးသော အကြောင်းအရာနှင့်ပတ်သက်၍ စိုးရိမ်နေကြပါသည်။ MAI ၏ အကျိုးအမြတ်သည် (IIAs ပြန့်ပွား လာမှုကြောင့်) တိုးတက်လာသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများထက် ရင်းနှီးမြှုပ်နှံမှုကို လက်ခံသော အိမ်ရှင်နိုင်ငံများ၏ ဖွံ့ဖြိုးတက်မှု လိုအပ်ချက်များဖြင့် လွှမ်းမိုးလာပါသည်။

သို့ရာတွင် အပြည်ပြည်ဆိုင်ရာအဆင့်ရှိ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းကြီး၏စာချုပ်များသည် ရင်းနှီးမြှုပ်နှံမှုကို သွယ်ဝိုက်၍ လွှမ်းမိုးနိုင်သော်လည်း ကုန်သွယ်မှုနှင့်ဆက်နွယ်နေသည့် ရင်းနှီး မြှုပ်နှံမှု ဆိုင်ရာစာချုပ်သည် ကုန်သွယ်မှုကို တားမြစ်နိုင်ရန်အတွက် အစိုးရများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ကို လုပ်ငန်းဆောင်ရွက်မှု လိုအပ်သည့်အချက်များ(Performance requirement) အဖြစ် သတ်မှတ် ထားနိုင်ပါသည်။ (နိုင်ငံတွင်းအကြောင်းအရာနှင့် ကုန်သွယ်မှုထိန်းညှိနိုင်မည့် လိုအပ်ချက်များ)။ ဝန်ဆောင်မှုတွင် ကုန်သွယ်မှုဆိုင်ရာ အထွေထွေစာချုပ်များတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံကဲ့သို့သော စီးပွားရေး အခြေအနေတွင် ပါဝင်သည့် အသိအမှတ်ပြုပုံစံ(၄)မျိုးအနက် တစ်ခုဖြစ်သည့် အသိဉာဏပစ္စည်း မူပိုင်ခွင့် အခွင့်အရေးအတွက် ကုန်သွယ်မှုနှင့် ဆက်နွယ်သည့် ရှုထောင့်များတွင် အနည်းဆုံးစံ သတ်မှတ်ချက်များ ထားရှိထားကြသည်။ TNC များသည် အသိဉာဏပစ္စည်းများ ပိုင်ဆိုင်သူများဖြစ်ပြီး ကောင်းမွန်သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု စာချုပ်များနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာစာချုပ်များတွင် အသိဉာဏပစ္စည်းများကို ရင်းနှီးမြှုပ်နှံမှုအမျိုးအစားအဖြစ် ထည့်သွင်းဖွင့်ဆိုလာကြပါသည်။ (Chaise and Nagaraj, ၂၀၁၄) အလုံးစုံ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုစာချုပ်တွင် ပါဝင်သော အလားတူကိစ္စရပ်များကြောင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် စေ့စပ်ညှိနှိုင်းသည့် ကြိုးစားမှုများတွင် ကျရှုံးခဲ့ကြသည် (စင်ကာပူပြဿနာရပ်များ၇၆)။ အဆိုပါအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစာချုပ်အဖွဲ့အပြင် စွမ်းအင်ဆိုင်ရာစာချုပ်များတွင်လည်း ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့၏ စည်းမျဉ်းများကို စွမ်းအင်ထုတ်ကုန်များ၊ ဝန်ဆောင်မှုမဟုတ်သော ကိရိယာများနှင့် နှစ်နိုင်ငံ စာချုပ်များ၏ (BITs) အမြင့်ဆုံးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ်ပေးရန် သတ်မှတ်ထားကြသည်။ အခြားအပြည်ပြည်ဆိုင်ရာ သဘောတူထားသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ခွဲဝေသတ်မှတ် ထားသော မူဝါဒများကို ဥရောပသမဂ္ဂနှင့် အမေရိကနိုင်ငံတို့တွင် ၂၀၁၂ ခုနှစ်တွင် ကျင့်သုံးခဲ့ကြသည်။ ၎င်း၏ရည်ရွယ်ချက်မှာ အတ္တလန္တိတ်ဒေသဆိုင်ရာနိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်မှုစာချုပ် ချောမွေ့အောင်မြင်စေရန် ဖြစ်သည်။ အခန်း(၃)တွင် ဆွေးနွေးခဲ့သော ကမ္ဘာ့ထိပ်သီးနိုင်ငံ ၂၀ တို့၏ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ချက်မူဝါဒများကို ရင်းနှီးမြှုပ်နှံမှု ဥပဒေသ များတွင်လည်း နက်နက်ရှိုင်းရှိုင်း ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ (Joubin- Bret နှင့် Chiffelle, ၂၀၁၆)

**Box 4.8 နိုင်ငံစုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အသစ်**

နိုင်ငံစုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (MAI) ညှိနှိုင်းခြင်းကို ၁၉၉၅ ခုနှစ် မေလတွင် ကျင်းပပြုလုပ်ခဲ့သည့် OECD ကောင်စီ၏ ဝန်ကြီးအဆင့် နှစ်ပတ်လည် အစည်းအဝေးတွင် စတင်မိတ်ဆက်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးရေးနှင့်အကာအကွယ်ပေးရေးတို့အတွက် စံနှုန်းမြင့်မားသည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုမူဘောင် တစ်ခုပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပြီး ထိရောက်မှုရှိသော အငြင်းပွားမှု ဖြေရှင်းရေး စနစ်နှင့် OECD အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများလည်း ပါဝင်ပါသည်။ ညှိနှိုင်းမှုများကို ၁၉၉၈ ခုနှစ် ရပ်ဆိုင်းခဲ့ပြီး OECD မှ ပြန်လည် စတင်ခြင်း မရှိပါ။

MAI သည် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်ကို တည်ထောင်၍ စီးပွားရေးလုပ်ငန်းများအား ပြည်တွင်းဥပဒေများနှင့် နိုင်ငံသားတို့၏ အခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ကမ္ဘာတစ်ဝန်းတွင် ငွေကြေးစီမံခန့်ခွဲခြင်း၊ ဝယ်ယူခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ရည်ရွယ်ပါသည်။ မူကြမ်းအရ စီးပွားရေးလုပ်ငန်းများကို အမျိုးသားကျန်းမာရေး၊ အလုပ်သမားနှင့် ပတ်ဝန်းကျင် စည်းမျဉ်းစည်းကမ်းများသည် ၎င်းတို့၏ အကျိုးစီးပွားကို ထိခိုက်စေပါက နိုင်ငံတော် အစိုးရကို တရားဆွဲ ဆိုနိုင်သည့် အခွင့်အရေးပေးထားပါသည်။ သို့ရာတွင် NGOs များ၊ နိုင်ငံသားများနှင့် ဆင်းရဲသည့်နိုင်ငံများမှ အစိုးရများမှ ကန့်ကွက်မှုကြောင့် ပြင်သစ်နိုင်ငံနှင့် အခြားနိုင်ငံများမှ နုတ်ထွက်သွားသဖြင့် ညှိနှိုင်းမှုကို ၁၉၉၈ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါသည်။ MAI ကို ကန့်ကွက်သူများသည် သဘောတူစာချုပ်ကို နိုင်ငံတော်၏ အချုပ်အခြာအာဏာ နှင့် ဒီမိုကရေစီအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် မှတ်ယူ၍ သဘာဝပတ်ဝန်းကျင်နှင့် အလုပ်သမား စံချိန်စံညွှန်းများ လျော့ကျမှုကို ဦးတည်စေနိုင်ကြောင်း ငြင်းဆိုခဲ့ကြပါသည်။

သို့သော် IIAs သဘောတူစာချုပ်များ များပြားလာပြီးနောက် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MAI သို့မဟုတ် နိုင်ငံစုံ ရင်းနှီးမြှုပ်နှံမှုမူဘောင်သည် ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးနှင့် နိုင်ငံတော်တို့အကြား ပို၍ ဟန်ချက်ညီစေသည်ဟု စဉ်းစားလာကြပါသည်။ (Hufbauer and Stephenson, 2014; Sauvant, 2016). ကမ္ဘာ တစ်ဝန်းလုံးရှိ စီးပွားရေးလုပ်ငန်းများသည် နိုင်ငံစုံ စည်းမျဉ်းများနှင့် ဈေးကွက်ဝင်ရောက်မှု အာမခံချက်များကို လိုအပ်လျက်ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွင် WTO သည် အဆိုပါသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းအတွက် ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုလုပ်ရန်အတွက် အကောင်းဆုံး Platform ဖြစ်သည်ဟု ဆိုထားသော်လည်း WTO ပါဝင်လာခြင်းမရှိပါ။ (Sauvant.2016)

လက်ရှိ FTAs နှင့် BITs များအကြား ဆက်စပ်မှုပြုလုပ်ရာတွင် နိုင်ငံအများအပြား ကျန်ရှိနေပါသည်။ တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် outward ရင်းနှီးမြှုပ်နှံသူ များဖြစ်လာပြီး နိုင်ငံစုံ စည်းမျဉ်းစည်းကမ်းများတွင် စိတ်ပါဝင်စားလာကြပါသည်။ ထို့ကြောင့် ခေတ်နှင့် လျော်ညီသည့် စည်းမျဉ်း စည်းကမ်းများ ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူ စာချုပ်ကို လိုအပ်လာပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးမှုကို နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံအများအပြား ပါဝင်သည့် အဆင့်တွင် တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် နိုင်ငံများသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် မူဝါဒများ အားလုံး ပါဝင်သည့် သဘောတူစာချုပ် ချုပ်ဆိုရန် ပိုမို မျှော်မှန်းလာပါက နိုင်ငံစုံရင်းနှီး မြှုပ်နှံမှု သဘောတူ စာချုပ်၏ အလားအလာသည် လျော့ကျသွားနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံစုံ သဘောတူစာချုပ်အသစ်ဖြင့် တန်ဖိုးမြင့်တင်ခြင်းသည် ၎င်း၏ တည်ရှိခြင်းတွင် မရှိဘဲ ပိုမိုကောင်းမွန်သည့် မူဝါဒများရရှိနိုင်ပြီး ရင်းနှီးမြှုပ်နှံမှု၏ အနှစ်သာရ ပျက်ပြယ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ (Karl, 2014). MFI အသစ်သည် ဥပဒေအရ တာဝန်ရှိမှု

အသစ်ဖြစ်ပေါ်စေခြင်းမရှိပဲ တည်ရှိပြီး နှစ်နိုင်ငံနှင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များကို အစားထိုးခြင်းပင်ဖြစ်ပါသည်။ ထို့အပြင် အနိမ့်ဆုံးအဖြစ် ခွဲခြား သတ်မှတ်ထားသော အားနည်းသည့် သဘောတူစာချုပ်ထက် နိုင်ငံစုံ သဘောတူစာချုပ် မရှိခြင်းသည် ပိုမိုကောင်းမွန်ပါသည်။

လက်ရှိတွင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့အပါအဝင် နိုင်ငံများသည် (i.e အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ချီလီ၊ တရုတ်၊ ကိုလံဘီယာ၊ ဥရောပသမဂ္ဂ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မက္ကဆီကို၊ ပါကစ္စတန်၊ ရုရှားနှင့်တူရကီ) WTO ညှိနှိုင်းမှုများတွင် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေခြင်းကို ထည့်သွင်းလိုကြပြီး အခြားနိုင်ငံများ (i.e အိန္ဒိယ၊ တောင်အာဖရိက၊ အမေရိကန်) သည် WTO အတွက် အခွင့်အာဏာမရှိမှုကို ထောက်ပြ၍ ငြင်းဆိုကြပါသည်။ Doha Development Agenda အရ နိုင်ငံစုံ ကုန်သွယ်ရေး ညှိနှိုင်းမှုများတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို ပေါင်းစည်းရန် ကနဦး ကြိုးပမ်းမှုမှာ ကျရှုံးခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှု စာချုပ်များသည် အိမ်ရှင်နိုင်ငံ၏အစိုးရတစ်ရပ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ တစ်ဦး အကြား သီးခြားကဏ္ဍတစ်ခုအတွက် ချုပ်ဆိုသော သဘောတူစာချုပ်များ ဖြစ်ပြီး များသောအားဖြင့် ဓာတ်သတ္တု တူးဖော်ရေးနှင့် သဘာဝအရင်းအမြစ်များတူးဖော်သည့် ကဏ္ဍများတွင် ချုပ်ဆိုကြသည်။ အဆိုပါ စာချုပ်တွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအတွက် ဆုံးရှုံးနိုင်သည့် စွန့်စားရမှုများ၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို ခွဲဝေသတ်မှတ်ကြသည်။ စာချုပ်များသည် ဥပဒေအရ ရပိုင်ခွင့်များနှင့် ရင်းနှီးမြှုပ်နှံသူနှင့်နိုင်ငံတို့၏ တာဝန်ဝတ္တရားများကို မျှတစေရန် ရည်ရွယ်ထားခြင်းဖြစ်ပြီး ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အတွေ့ရများပါသည်။ဓါတ်သတ္တုတူးဖော်ရေးလုပ်ငန်းမှ အကျိုးအမြတ်/ထုတ်လုပ်မှုနှင့် ဝင်ငွေခွဲဝေခြင်း/ ခိုင်ကြေးဆိုင်ရာ စာချုပ်များကို တိတိကျကျ ရှင်းလင်းဖော်ပြသည်။ ယင်းစာချုပ်များသည် အစိုးရများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့အတွက် နိုင်ငံတကာအငြင်းပွားမှုဖြေရှင်းအစီအမံများကိုလည်း လိုအပ်စေပြီး ပြည်တွင်းတရားရုံးများကို ကျော်လွှန်အသုံးပြုနိုင်စေသည်။

## Box 4.9 စွမ်းအင် သဘောတူစာချုပ်

စွမ်းအင်သဘောတူစာချုပ် (ECT) သည် စွမ်းအင်ကဏ္ဍတွင် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုအတွက် နိုင်ငံစုံ မူဘောင်တစ်ခုအဖြစ်တည်ထောင်ထားသော အပြည် ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ခုဖြစ်ပါသည်။ သဘောတူစာချုပ်သည် ကုန်သွယ်ခြင်း၊ တစ်ဆင့်ကုန်သွယ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းအင်လုံလောက်မှုအပါအဝင် စီးပွားဖြစ်လုပ်ဆောင်သည့် စွမ်းအင်လုပ်ငန်းများအားလုံးကို လွှမ်းခြုံထားပါသည်။ သဘောတူစာချုပ်သည် ဥပဒေအရ စည်းနှောင်မှု ရှိပြီး အငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ်များလည်း ပါဝင် ပါသည်။ ECT နှင့် Energy Charter Protocol on Energy Efficiency and Related Environmental Aspects ကို ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးချုပ်ဆို ခဲ့ကြပြီး ၁၉၉၈ ခုနှစ် ဧပြီလတွင် စတင်အသက်ဝင်ခဲ့ပါသည်။ ဥရောပသမဂ္ဂနှင့် နိုင်ငံ ၄၅ နိုင်ငံ တို့သည် အဆိုပါ သဘောတူစာချုပ်ကို အတည်ပြုခဲ့ကြပါသည်။ ရုရှားနိုင်ငံသည် သဘောတူ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော်လည်း အတည်မပြုခဲ့ပါ။ ပထမတွင် ရုရှားနိုင်ငံသည် သဘောတူစာချုပ်၏ provisional application ကို သဘောတူညီခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင် ရုရှားနိုင်ငံသည် provisional application ကို ရပ်ဆိုင်းခဲ့ပြီး ECT စာချုပ်ဝင်နိုင်ငံဖြစ်မလာတော့ပါ။ သို့ရာတွင် ၎င်း၏ ECT တွင် ပါဝင် လက်မှတ်ရေးထိုးထားမှု နှင့် သဘောတူစာချုပ်တွင် ပါဝင်မှုတို့ ကျန်ရှိနေပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ ECT ၏ ပြဋ္ဌာန်းချက်များသည် သဘောတူစာချုပ်၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ရည်မှန်းချက်သည် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အခြေအနေများ ဖန်တီးပေးရန်နှင့် အဆိုပါရင်းနှီးမြှုပ်နှံမှုများအတွက် စွန့်စားရမှုများကို လျှော့ချနိုင်ရန်အတွက် ဖြစ်ပါသည်။ ECT တွင် ရင်းနှီးမြှုပ်နှံမှု မတည်ထောင်မီအဆင့် အတွက် ကောင်းမွန်သော တာဝန်များကို ပြဋ္ဌာန်းထားသော်လည်း North American Free Trade Agreement (NAFTA) နှင့် BIT များတွင် ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု အကာအကွယ် ပေးရေးပြဋ္ဌာန်းချက်များကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတည်ထောင်ပြီးနောက်ပိုင်း စာချုပ်ဝင်နိုင်ငံများအကြား ဥပဒေအရ စည်းနှောင်မှုရှိသည့် တာဝန်များ ပါရှိပါသည်။

ECT ၏ ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ECT ၏ အပိုင်း ၃ တွင် တွေ့ရှိရပါသည်။ အပိုဒ် ၁၀ (၁) တွင် BIT များတွင် တွေ့ရလေ့ရှိသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆက်ဆံဆောင်ရွက်သည့် အခြေခံ စည်းမျဉ်းများကို ဖော်ပြထားပါသည်။ အဆိုပါအပိုဒ်တွင် " ရင်းနှီးမြှုပ်နှံမှုများကို စီမံခန့်ခွဲမှု၊ အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှုများကို သင့်လျော်မှုမရှိသော (သို့မဟုတ်) ခွဲခြားဆက်ဆံသော ဆောင်ရွက်ချက်များဖြင့် ဆိုးကျိုးသက်ရောက်မှုမရှိစေရ" ဟု ပြဋ္ဌာန်းထားပါသည်။ အပိုဒ် ၁၀ (၁) ၏ နောက်ဆုံးစာကြောင်းတွင် "umbrella clause" ဟုခေါ်သော ပြဋ္ဌာန်းချက် ပါဝင်ပြီး စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံချင်းစီကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု အဖြစ်ဝင်ရောက်ပါက ဆောင်ရွက်ရမည့် တာဝန်များကို ဖော်ပြထားပါသည်။ အပိုဒ် ၁၃ သည် လျော်ကြေးပေး၍ ပစ္စည်းသိမ်းယူခြင်းနှင့် သက်ဆိုင်ပါသည်။ အပိုဒ် ၂၆ တွင် ရင်းနှီးမြှုပ်နှံသူ များနှင့် အစိုးရအကြားဖြစ်ပွားသည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားပြီး ရင်းနှီးမြှုပ်နှံသူများသည် ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများတွင် အနုညာတ စီရင်ဆုံးဖြတ်ခွင့်ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ECT သည် NAFTA ပြီးနောက် ISDS အတွက် လျှောက်ထားမှု အများဆုံးဖြစ်ပေါ်စေသည့် သဘောတူစာချုပ် ဖြစ်လာပါသည်။

အိမ်ရှင်နိုင်ငံများသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်များကိုလက်မှတ်ထိုးကြသည်။ IIAs များသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် အရေးကြီးသော အကြောင်းတရားအဖြစ် ဆိုသည်မှာမူ သိပ်မသေချာပေ။ လေ့လာမှုများအရ IIAများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအကြား ကောင်းမွန်သော သက်ရောက်မှုမှာ

အနည်းငယ်သာ ဆက်စပ်မှုရှိသည်ကို တွေ့ရှိခဲ့သည်။ သတ္တုတူးဖော်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုစာချုပ်များမှာ အရေးကြီးပါသည်။ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်များသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအပေါ် ကောင်းကျိုးသက်ရောက်မှု မရှိသည်ကို Sauvant and Sachs (၂၀၀၉) က တွေ့ရှိခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေးအရ ပိုမိုအရေးပါသော နိုင်ငံများနှင့် သဘောတူညီချက်များ ချုပ်ဆိုပါက ပိုမိုအကျိုးသက်ရောက်မှု ရှိသည်ကိုမူ တွေ့ရှိရသည်။ Neumayer နှင့် Spess (၂၀၀၅) တို့ကလည်း BITs အရေအတွက်များပြားမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု ပိုမိုမြင့်မားစေသည်ကိုလည်း တွေ့ရှိရပါသည်။ Bnasin နှင့် Manoche (၂၀၁၆) တို့ကလည်း အိန္ဒိယနိုင်ငံအတွက် BITs နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့၏ အပြုသဘောဆောင်သော ချိတ်ဆက်မှုကို တွေ့ရှိခဲ့ကြပါသည်။ ၎င်းတို့သည် လွတ်လပ်သော ဝင်ရောက်ခွင့်နည်းလမ်းများကို ခွင့်ပြုလျှင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် RTAs များသို့ ကောင်းမွန်သော သက်ရောက်မှု ရှိစေသည်ကို Berger နှင့် အခြားပညာရှင်များ (၂၀၁၀) တို့ကလည်း တွေ့ရှိခဲ့ကြပါသည်။ အငြင်းပွားမှုဖြေရှင်းခြင်းပြဋ္ဌာန်းချက်သည် အရေးမပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ Sirr နှင့် အခြားပညာရှင်များ (၂၀၀၇) တို့ကလည်း BITs များသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို အလျားလိုက် သက်ရောက်မှုထက် ဒေါင်လိုက် သက်ရောက်မှုရှိစေသည်ကို သိရှိခဲ့ကြပါသည်။ တနည်းဆိုသော် ၎င်းတို့သည် GVCs တွင် စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဝင်ရောက်စေလိုပါသည်။ အခြားသောလေ့လာသိရှိမှုများအရလည်း ၁၉၉၇ ခုနှစ် အာရှ ဘဏ္ဍာအရေးအကြပ်အတည်းအကြိုကာလအတွက် BITs သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် အပြုသဘောဆောင်သော သက်ရောက်မှုရှိကြောင်းတွေ့ရှိခဲ့ကြပါသည်။ သို့သော် BIT များအဆုံးသတ်သောအခါ အဆိုပါ အပြုသဘောဆောင်သော သက်ရောက်မှုစွမ်းအားသည် ပျောက်ကွယ်သွားတတ်ပါသည်။ ဆိုလိုသည်မှာ BIT တစ်ခုချင်းစီသည် အနည်းငယ်မျှသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရလဒ်များကိုသာ ရရှိစေပါသည်။

ဒေသတွင်း ကုန်သွယ်မှု (သို့မဟုတ်) စီးပွားရေးမိတ်ဖက်သဘောတူညီမှုများရှိ ရင်းနှီးမြှုပ်နှံမှုပြဋ္ဌာန်းချက်များ (သို့မဟုတ်) အခန်းများသည် BITs ထက် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုတွင် ပိုမိုသက်ရောက်မှု ရှိစေပါသည်။ (Lesher နှင့် Miroudot, ၂၀၀၇)။ IIAs သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာတွင် အချက်တစ်ချက်ဖြစ်နိုင်ပါသည်။ အထူးသဖြင့် ထိရောက်သော ရင်းနှီးမြှုပ်နှံမှုပြဋ္ဌာန်းချက်ပါသော ပိုမိုလေးနက်ကျယ်ပြန့်သည့် စီးပွားရေးမိတ်ဖက်သဘောတူညီမှုများတွင် IIAs တစ်ခုတည်းသာလျှင် မည်သို့မျှ မလုံလောက်နိုင်ပေ။ (UNCTAD, ၂၀၀၉၊ ၂၀၁၄)။ သို့သော် ၎င်းတို့သည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပါဝင်လာသောအခါ ၎င်းတို့သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာပါသည်။ ဥပမာ- လေ့လာမှုတစ်ခုသည် အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအကြား ချုပ်ဆိုသော IIAs များ အဆုံးသတ်နိုင်မှုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုကို အပြုသဘောဆောင်သော သက်ရောက်မှုရှိစေပါသည်။ ယခု ACIA ဖြင့် အစားထိုးထားပြီးဖြစ်သော AIA သည် အာဆီယံအချင်းချင်း၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် သက်ရောက်မှုမှာ မပြောပလောက်ပေ။ (Bopppanon, ၂၀၀၇)။ IIAs သည် ပြည်တွင်းပြုပြင်ပြောင်းလဲမှုများ အကောင်အထည် ဖော်နိုင်ရန်အတွက် အစိုးရများကို ဥပဒေဆိုင်ရာ ကျောထောက်နောက်ခံများ ပံ့ပိုးပေးပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ပွင့်လင်းမြင်သာပြီး ကြိုတင်မှန်းဆနိုင်သော ဥပဒေမူဘောင်များ တိုးတက်လာစေရေးလည်း ထောက်ပံ့ပေးပါသည်။ (Chaise နှင့် Bellak, ၂၀၁၅)။ မိခင် နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသည် ၎င်တို့၏ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန်အတွက် အဆိုပါ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြပါသည်။ ဥပမာ- မတရားသိမ်းယူခြင်း (သို့မဟုတ်) တရား

မျှတမှု မရှိခြင်းနှင့် ခွဲခြားမှုမရှိသော ဆက်ဆံခြင်းများတို့ဖြစ်ပါသည်။ IIA ၏အခြေခံအကျဆုံးပုံစံသည် BIT ဖြစ်ပါသည်။

## (ခ) ဖွဲ့စည်းပုံနှင့်ပြဋ္ဌာန်းချက်များ

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ (BITs)တွင် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များ ပါဝင်သည်။ အချို့စာချုပ်များတွင် အောက်ပါပြဋ္ဌာန်းချက် အများအပြားတွေ့ရပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ဥပဒေများတွင် တွေ့ရသော ပြဋ္ဌာန်းချက်များကို ထင်ဟပ်စေသည်။

- နိဒါန်း
- ခွင့်ပြုစာရင်း၊ ခွင့်မပြုစာရင်း (Positive vs. negative list)
- အဓိပ္ပါယ်ဖွင့်ဆိုချက်/နယ်ပယ်နှင့် လွှမ်းခြုံမှု - ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှုကို ကျယ်ကျယ် ပြန့်ပြန့် ဖွင့်ဆိုကြသည်။
- အများစုသည် ကာကွယ်ပေးခြင်း၊ အချို့က ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် တခါတရံ ဖြေလျော့ခြင်းနှင့်/ သို့မဟုတ် လွယ်ကူချောမွေ့စေခြင်း
- ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းနှင့် ဆက်ဆံမှု - Most-favoured nation (MFN)/national treatment (NT); ရင်းနှီးမြှုပ်နှံမှုမစတင်မီနှင့် ရင်းနှီးမြှုပ်နှံမှုစတင်ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံ သူနှင့်/ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုကို လွှမ်းခြုံစေခြင်း။
- ခြွင်းချက်များ
- လုပ်ငန်းစွမ်းဆောင်ချက်လိုအပ်ချက်ကို တားမြစ်ခြင်း (ခွင့်ပြုစာရင်းကို များပြားစေသည်)
- သိမ်းယူခြင်း/လျော်ကြေးပေးခြင်း
- သာတူညီမျှ ဆက်ဆံမှု (Fair and equitable treatment - FET)
- အပြည့်အဝ အကာအကွယ်ပေးခြင်းနှင့် လုံခြုံမှုပေးခြင်း (ဆန္ဒပြမှုများမှ ကာကွယ်ပေးခြင်း)
- ပွင့်လင်းမြင်သာမှု
- ငွေပေးငွေယူရှင်းတမ်းကို ကာကွယ်ပေးခြင်း (balance of payment protection)
- အစားထိုးခန့်အပ်ခြင်း (Subrogation)
- အကျိုးကျေးဇူးများကို ငြင်းဆန်ခြင်း (Denial of benefits)
- အမြတ်ငွေကို မိခင်နိုင်ငံသို့ ပေးပို့ခြင်း/ လွှဲပြောင်းခြင်း
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ/ ဝန်ထမ်းရေးရာ ပြဋ္ဌာန်းချက်များ
- ပူးတွဲရင်းနှီးမြှုပ်နှံမှုကော်မတီ
- တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ
- အငြင်းပွားမှုဖြေရှင်းခြင်း - နိုင်ငံတော်-နိုင်ငံတော်၊ နိုင်ငံတော်-ရင်းနှီးမြှုပ်နှံသူ (ICSID, UNCITRAL, etc.)၊ ပိုမိုတိကျသော ဘာသာစကားဖြင့် ဖော်ပြခြင်း။

ပြဋ္ဌာန်းချက်များကို အသေးစိတ်ဆွေးနွေးပေးရန်သည် ယခုစာအုပ်တွင် လွှမ်းခြုံရန် မဖြစ်နိုင်သော်လည်း နယ်ပယ် (၃) ခုကို အထူးအလေးပေးဖော်ပြရန် လိုအပ်ပါသည်။ ၎င်းတို့မှာ ရင်းနှီးမြှုပ်နှံမှု အဓိပ္ပါယ် ဖွင့်ဆိုချက်၊ အကာအကွယ်ပေးရေးဆိုင်ရာ အဓိကစံနှုန်း ဖော်ပြချက်များနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ဖြစ်သည်။[87]

[87]IIAs and related key issues are comprehensively discussed in UNCTAD (2004), the UNCTAD Investment Policy Framework for Sustainable Development and the most recent UNCTAD World Investment Reports (Chapter III)

**IIAs** အများစုသည် ရင်းနှီးကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုကြပါသည်။ ၎င်းတို့မှာ (က) အပေါင်ပစ္စည်းကဲ့သို့ ပြောင်းရွှေ့နိုင်သောနှင့် မပြောင်းရွှေ့နိုင်သော ပစ္စည်းများနှင့် အခြား ပစ္စည်းပိုင်ဆိုင်ခွင့်များ (ခ) ရှယ်ယာများ၊ စတော့များ၊ ဒီဘင်ချာများနှင့် အလားတူပါဝင်သည့် ပုံစံများ (ဂ) ငွေချေးစာချုပ်များ၊ ချေးငွေများနှင့် ကြွေးမြီ များနှင့် သက်ဆိုင်သည့် အခြားပုံစံ များ (ဃ) ဘဏ္ဍာရေးဆိုင်ရာ တန်ဖိုးရှိသော စာချုပ်ရှိငွေကြေး (သို့မဟုတ်) အခြားဆောင်ရွက်ချက်အတွက် အခွင့်အရေးများ (င) ဥပဒေအရ အပ်နှင်းထားသော ဉာဏပစ္စည်းပိုင်ဆိုင်မှု ဆိုင်ရာမူပိုင်ခွင့်၊ စီးပွားရေးဆောင်ရွက်ရာတွင် မမြင်ရသော တန်ဖိုးများ၊ နည်းပညာဆိုင်ရာ ဖြစ်စဉ်များနှင့် အတတ်ပညာများ (စ) ရေနံနှင့် အခြားသတ္တုများ၊ အခြားသဘာဝ အရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ခြင်း အပါအဝင် ဥပဒေ(သို့မဟုတ်) စာချုပ်အရ အပ်နှင်းထားသော စီးပွားရေးဆိုင်ရ ရပိုင်ခွင့်များ ဖြစ်ပါသည်။ အဆိုပါကျယ်ပြန့်သည့် အဓိပ္ပါယ် ဖွင့်ဆိုချက်များတွင် တရားဥပဒေဆိုင်ရာ ဖွံ့ဖြိုးမှု ရည်မှန်းချက်များကို ဆက်လက် ဖော်ဆောင်ရန်အတွက် အစိုးရတွင် ကန့်သတ်ချက်များထားရှိပါသည်။ ဥပမာ- WTO TRIPS ၏ သဘောတူညီမှုနှင့်အတူ အထွေထွေ ဆေးဝါးတစ်ခုအတွက် မဖြစ်မနေလိုအပ်သော လိုင်စင် ထုတ်ပေးခြင်းဖြစ်သည်။ သို့သော် ၎င်းသည် ဆေးဝါးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ တစ်ဦးသည် သွယ်ဝိုက်သော သိမ်းယူခြင်းအဖြစ် သိမ်းယူခံရနိုင်ကြောင်း ယူဆနိုင်ပါသည်။ (ဥပမာ-Gibson, Jooe, Mercurion, ၂၀၁၁ တွင် ကြည့်နိုင်ပါသည်။)

Treatment ကုစားခြင်း (ဆက်ဆံခြင်း) ၏ အဓိကစံသတ်မှတ်ချက်တွင် အပြီးအပိုင် သိမ်းယူခြင်းနှင့် ပြည်သူပိုင်သိမ်းယူခြင်း (တိုက်ရိုက်နှင့်သွယ်ဝိုက် နှစ်မျိုးစလုံး)နှင့် လျော်ကြေးအပြည့်အဝ ပေးခြင်း၊ “treatement (ကုစားခြင်း) ၏ အနည်းဆုံး စံသတ်မှတ်ချက်များ” နှင့် ရန်ပုံငွေလွှဲပြောင်းခြင်း (အခြားခြွင်းချက်များမှ အပ) ရင်းနှီး မြှုပ်နှံမှု လက်ခံသော နိုင်ငံအတွင်းသို့ ရန်ပုံငွေ လွတ်လပ်စွာ စီးဝင်ခြင်း နှင့် ပြန်ထွက်သွားခြင်း တို့ပါဝင်ပါသည်။ ကုစားခြင်း၏ အနည်းဆုံးစံသတ်မှတ်ချက်များတွင် ခွဲခြားဆက်ဆံမှု မရှိခြင်း (MFN အပိုဒ်တွင် နိုင်ငံအားလုံးမှ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား တန်းတူညီမျှသော ဆက်ဆံမှု လိုအပ်ခြင်း) တန်းတူညီမျှ မျှတသောဆက်ဆံမှု (FET) အတွက် ပြဋ္ဌာန်းချက်များ (ရင်းနှီးမြှုပ်နှံသူ အတွက် တရားဥပဒေနှင့်ဆိုင်သော မျှော်လင့်ချက်များကို သိရှိအောင် ဆောင်ရွက်ရန် အတွက် ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံအစိုးရများ၏ ကျဆုံးနိုင်ငံများကို ဖော်ပြသည့်) နှင့် အပြည့်အဝ အကာ အကွယ်ပေးခြင်းနှင့် လုံခြုံမှု ပေးသော ပြဋ္ဌာန်းချက်များ (Chaises, ၂၀၁၅) တို့ ပါဝင်ပါသည်။

ခွဲခြားဆက်ဆံမှု မရှိသည့် အပိုင်းနှင့် စပ်လျဉ်း၍ သိသာထင်ရှားမှုသည် ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ခြင်း အကြိုကာလနှင့် တည်ဆောက်ပြီး နောက်ပိုင်းကာလများအကြားတွင် ဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံ အများစုသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီးမှုကို ရည်ညွှန်းသော ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ပြီး နောက်ပိုင်း ကာလများနှင့် ပိုမိုအဆင်ပြေကြပါသည်။ သို့သော် ၎င်းတိုသည် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရသေးသော ရင်းနှီးမြှုပ်နှံမှု ခွဲခြားဆက်ဆံမှု မရှိခြင်းလိုသော ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ခြင်း အကြိုကာလနှင့် အဆင်ပြေမှု နည်းပါလုပါသည်။ အဆိုပါပြဋ္ဌာန်းချက်အပိုင်းများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရတို့ အားထုတ်မှုများနှင့် ပတ်သက်၍ အစိုးရများအား ရင်းနှီးမြှုပ်နှံမှု လျှောက်ထားလွှာများ စိစစ်ခြင်းမှ အကာအကွယ်ပေးပါသည်။ သို့သော် ဖွံ့ဖြိုးဆဲ နိုင်ငံများသည် IIAs ရှိ ရင်းနှီးမြှုပ်နှံမှု  တည်ဆာက်ပြီး နောက်ပိုင်းကာလ ပြဋ္ဌာန်းချက်အပိုင်းနှင့် ပတ်သက်၍ ပြောဆိုလာကြပါသည်။ ၎င်းတိုသည် ပိုမိုများပြားပြီး အထူးသဖြင့် အမျိုးသားအဆင့်တရားဥပဒေမူဘောင်မှတဆင့် ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များကို လိုအပ်သလိုပြောဆို ဆောင်ရွက် လာနိုင်ကြပါသည်။

အရေးကြီးပြဿနာ တရပ်မှာ ရင်းနှီးမြှုပ်နှံမှု၏ ကျယ်ပြန့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သက်ဆိုင်သော တရားမျှတ၍ မျှတသော ဆက်ဆံမှု၏ သဘောတရားကို ရင်းနှီးမြှုပ်နှံသူများနှင့် မိခင်နိုင်ငံများမှ ပိုမိုကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုလာခြင်းပင် ဖြစ်ပါသည်။ (UNCTAD, ၂၀၁၄) ခွဲခြားသော ပြဋ္ဌာန်းချက် အတော်များများအတွက် ကျယ်ပြန့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်တရပ်တွင် ညွှန်းဆိုထားသော အကြံပြုချက်များ ပါရှိပြီး FET နှင့် ဆက်စပ်သော ပြဿနာရပ် အမျိုးမျိုးလည်း ပေါ်ပေါက်လာခဲ့ပါသည်။ FET သည် သာမန်အားဖြင့် အခွင့်အရေးများ (ရင်းနှီးမြှုပ်နှံသူ၏) တရားစီရင်ရေးကို ငြင်းဆိုခြင်းနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အပြောင်းအလဲများနှင့် ပတ်သက်သော ပြဿနာရပ်များကို ရည်ညွှန်းပါသည်။ ဆိုလိုသည်မှာ အစိုးရတစ်ရပ်သည် ခံစားခွင့် မက်လုံးများ အပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ တစ်ဦးကို (သို့) သူ/သူမ၏ ရင်းနှီးမြှုပ်နှံမှု သက်ရောက်စေသော ဥပဒေ တစ်ရပ် (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲရန် လိုအပ်သည်ဟု ယူဆသော မည်သည့်အချိန်တွင်မဆို ရင်းနှီးမြှုပ်နှံသူသည် FET ပြဋ္ဌာန်းချက်သည် ချိုးဖောက်ခံရသည်ဟု တောင်းဆိုလာနိုင်ပါသည်။ အလားတူပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အလားတူကဏ္ဍတစ်ခုပါဝင်သော ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ရှိ တည်ငြိမ်ပြဋ္ဌာန်းချက်အပိုင်းကို တောင်းဆို လေ့ရှိကြပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများတွင် ဥပဒေမူဘောင်ရှိ တည်ငြိမ်မှုနှင့် ကြိုတင် မှန်းဆနိုင်သော အခြေအနေတရပ်ကို ရှိစေသော တရားဥပဒေဆိုင်ရာ အခွင့်အရေးတစ်ခုရှိပြီး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အရ ဥပဒေများနှင့် စည်းမျဉ်းများကို ပြောင်းလဲရန်အတွက် အစိုးရတစ်ရပ်၏ တရားဥပဒေဆိုင်ရာ အခွင့်အရေးလည်း ဖြစ်ပါသည်။ FET နှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့်ပတ်သက်သည့် မတူညီသော အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အစိုးရ အချင်းချင်း (မိခင်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု လက်ခံသော အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု) (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံအစိုးရ၏ ရင်းနှီးမြှုပ်နှံသူ (ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အရ) အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှု အရေအတွက်ပိုမိုများပြားလာပါသည်။

FET ၏ ပြဿနာရပ်သည် IPR ၏ လွှမ်းမိုးနိုင်မှုနှင့် ပတ်သက်၍ အကဲဆတ်လှပါသည်။ ၎င်းသည် ဖွံ့ဖြိုးပြီး နိုင်ငံများ ပါဝင်သော IIAs၏ အရေးကြီးသော အပိုင်းတစ်ခုအဖြစ်လေးလားပါသည်။ အမေရိကန်ပြည်ထောင်စုသည် အထူးသဖြင့် ဝင်ငွေအလယ်အလတ်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သော IIAs ပါဝင်သော အဆိုပါပြဿနာရပ်အတွက် အထောက်အထားအတန်ရေးကြီးမှုကို ပေးပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများသည် တင်းကြပ်သော IPR ပြဋ္ဌာန်းချက်ကို ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ခုအဖြစ် ရှုမြင်ပြီး ပြဿနာရပ်များ၏ လုံလောက်သော လွှမ်းမိုးမှု အဖြစ် TRIPs ရှိ တည်ရှိဆဲ ပြဋ္ဌာန်းချက်များကို ထောက်ပြပါသည်။ ၎င်းတို့၏ အရည်အသွေးကို အကောင်အထည်ဖော်ရန်အတွက် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများသည် TRIPs ပြဋ္ဌာန်းချက်များမှ ကင်းလွတ်နေကြပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက IRIPs ကသာလျှင် IPR အကာအကွယ်ပေးခြင်းအတွက် အနည်းဆုံးစံသတ်မှတ်ကို ထောက်ပြကြပါသည်။ IPR သည် IIAs တွင် ပါဝင်လေ့ မရှိပေ။ သို့သော် ရင်းနှီးမြှုပ်နှံမှု အဓိပ္ပါယ် ဖွင့်ချက်၏ တပိုင်းတစဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံမှု  အကာအကွယ်ပေးခြင်း IIAs ၏ အဓိကရည်ရွယ်ချက် နှင့် ဆိုင်သော ပြဋ္ဌာန်းချက်များအားလုံးသည် IPR ကိုလည်း ကာမိပါသည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံသည် အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များထက်သာလွန်သော IPR ဥပဒေပြုခြင်းကို ကျင့်သုံးရန် တွန်းအားပေးနိုင်ပြီး အဆိုပါ ဥပဒေပြုခြင်းမရှိလျှင် လျော်ကြေးတောင်းဆိုလာနိုင်သော ရင်းနှီး မြှုပ်နှံသူမှ စတင်ကျင့်သုံးသော ဖြစ်နိုင်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရင်းနှီးမြှုပ်နှံမှုကို လက်ခံသော နိုင်ငံအတွက် ဖော်ပြလာနိုင်ပါသည်။ အချို့သော  IIAs များတွင် အပြည်ပြည်ဆိုင်ရာ အမြင့်ဆုံး စံသတ်မှတ်

တွင် IPR ၏ အကာအကွယ်ပေးခြင်းအတွက် ပြဋ္ဌာန်းချက်များ ရှိပါသည်။ သို့သော် တစ်ခုတည်းသော စံသတ်မှတ်မရှိသောကြောင့် မတူညီသော အခိပ္ပါယ်ဖွင့်ဆိုချက်များရှိပါသည်။ အခြားပြဿနာမှာ အထွေထွေ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရန်အတွက် သဘောတူစာချုပ် (သို့မဟုတ်) ခွင့်ပြုချက်များသည် ရင်းနှီး မြှုပ်နှံမှု တစ်ခုအဖြစ် ယူဆနိုင်ပြီး IIAs အရကာမိပါသည်။ ၎င်းသည် ဇီဝမျိုးကွဲများဆိုင်ရာ သဘောတူညီ ချက်နှင့် IIAs အကြားတွင် ပဋိပက္ခဖြစ်လာနိုင်ပါသည်။

အငြင်းပွားမှုဖြေရှင်းခြင်း လုပ်နည်းများသည် နိုင်ငံအချင်းချင်း(SSDS) နှင့် ရင်းနှီးမြှုပ်နှံ သူနှင့် နိုင်ငံ (ISDS) အကြား ဖြစ်ပေါ်သော အငြင်းပွားမှုနှစ်ခုလုံးအတွက် ပါဝင်ပါသည်။ SSDSသည် ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံအကြား စီရင်ဆုံးဖြတ်ခြင်းထက် အရင် ဖြစ်ပေါ်ပြီး အပြည်ပြည်ဆိုင်ရာ ဓလေ့ ထုံးတမ်း ဥပဒေ၊ မိတ်ဆွေဖွဲ့ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းနှင့် လမ်းညွှန်ပြသခြင်း(FCN) သဘောတူစာချုပ် များနှင့် အစောပိုင်း ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ (Bernas coni-Osterwalder, ၂၀၁၄) Robents, ၂၀၁၄) အရ အုပ်ချုပ်ကြပါသည်။ SSDS သည် သာမန်အားဖြင့် ဖော်ပြပါအကြောင်းပြချက်များအတွက် စတင်ကြပါသည်။ ၎င်းတို့မှာ (က) ရင်းနှီးမြှုပ်နှံသူများ ကိုယ်စား လျော်ကြေးရရှိရန် မိခင်နိုင်ငံများမှ သံတမန် အကာအကွယ်ပေးခြင်းဆိုင်ရာ တောင်းဆိုချက်(ခ) ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ သင့်လျော်သော အဓိပ္ပါယ်ဖွင့်ဆိုသည့် အငြင်းပွားမှုများနှင့် (ဂ) သဘောတူစာချုပ် ချိုးဖောက်ခြင်း (သို့) မချိုးဖော်ကသော declaratory relief အတွက် တောင်းဆိုချက်များတို့ဖြစ်ပါသ်ည။ SSDSသည် သာမန်အားဖြင့် အပြည်ပြည် ဆိုင်ရာ တရားရုံး(သို့) ဒေသတွင်း ဆိုင်ရာ တရားရုံးများမှ ကိုင်တွယ်ဆောင်ရွက်ပါသည်။ (Bernasconi-Osterwalder, ၂၀၁၄)

ဆန့်ကျင်ဘက်အားဖြင့် ISDS သည် သာမန်အားဖြင့် ကမ္ဘာ့ဘဏ်(သို့) UNCITRAL ၏ ရင်းနှီး မြှုပ်နှံမှု အငြင်းပွားမှု ဖြေရှင်းခြင်းအတွက် အပြည်ပြည်ဆိုင်ရာ စင်တာမှ ဆောင်ရွက်ပါသည်။ ISDS သည် သာမန်အားဖြင့် အပြည်ပြည်ဆိုင်ရာ ခုံရုံးဖွဲ့၍ စီရင်ဆုံးဖြတ်ခြင်း၊ ခုံရုံးမှ အထူးခန့်အပ်မှုနှင့် ဆက်စပ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများ အသင်း (ICC)၊ UNCITRAL၊ ICSID၊ အပြည်ပြည်ဆိုင်ရာ ခုံရုံးဖွဲ့ စီရင်ခြင်းနှင့်ဆိုင်သော လန်ဒန်တရားရုံး၊ ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ ခုံရုံးဖွဲ့စီရင်ဆုံးဖြတ်ခြင်း၊ စင်တာ အစရှိသဖြင့် IIAS တွင် အငြင်းပွားမှု ဖြေရှင်းခြင်း ပြဋ္ဌာန်းချက်များ ပိုမိုကျယ်ပြန့်လာပြီး BITs အများစုတွင် ၎င်းတို့သည် အတော်အတန် တိုတောင်းသော်လည်း ရှင်းလင်းသော ပြဋ္ဌာန်းချက်များပေးရန် ၎င်းတို့သည် အလွန် တိကျလာနိုင်ပါသည်။ ရင်းနှီမြှုပ်နှံသူကို ဦးစားပေးခြင်း၊ အယူခံဝင်သော ဖြစ်စဉ်တစ်ခုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံအစိုးရ၏ မူဝါဒနယ်ပယ်အား ကန့်သတ်ပြီး ရင်းနှီမြှုပ်နှံသူများရရှိနိုင်မည့် အခွင့်အရေးများကို ဆွဲဆောင်ရန်အတွက် ရင်းနှီမြှုပ်နှံသူများအား အမြင်အမျိုးမျိုးပေးခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ များ၏ အစိတ်ပိုင်းအချို့နှင့် ဆိုင်သော စရိတ်များဆက်တိုက်မြင့်တက်စေခြင်းနှင့် ပြည်သူ့အကျိုးအမြတ်တွင် ထိန်းကျောင်းရန်အတွက် လက်ခံသော နိုင်ငံအစိုးရများ၏ စွမ်းရည်များကို လျော့နည်းစေသော (ဥပမာ-IISD, ၂၀၁၄) အငြင်းပွားမှုဖြေရှင်ခြင်းပြဿနာရပ်များသည် ပေါ်ပေါက်လာသောကြောင့် ၎င်းတို့သည် အရေးကြီး သည်။ မကြာသေးခင်က ပြုလုပ်ခဲ့သော စစ်တမ်းအရ ISDS ပြဋ္ဌာန်းချက်များတွင် မတူညီမှုများရှိပြီး သေးငယ်သော ISDS ပြဋ္ဌာန်းချက်များတွင် ထိန်းကျောင်းတည့်မတ်ရမည့် ပြဿနာအများအပြားရှိသည်ကို တွေ့ရှိရပါသည်။ (Pohl နှင့်အခြားပညာရှင်များ၊ ၂၀၁၂)။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အပြည်ပြည်ဆိုင် ရာ ခုံဖွဲ့စီရင်ဆုံးဖြတ်သော အခွင့်အရေးများပါ ရှိသင့်သည်ကို အသိအမှတ်ပြုကြပါသည်။ သို့သော် လက်ခံသော နိုင်ငံ၏ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်သော ISDS တွင် ၎င်းကို ပြန်လည်သုံးသပ်သော တိုးတက်သည့်

လမ်းကြောင်းတစ်ခုရှိပါသည်။ တချို့နိုင်ငံများသည် ISDS ပြဋ္ဌာန်းချက်များကို BITs လမ်းကြောင်းအသစ်မှ ခွဲထွက်ရန် ရွေးချယ်နေကြပါသည်။ အသေးစိတ်ကို UNCTAD, ၂၀၁၅ ခ တွင် ကြည့်ရှုပါ။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် UNCTAD သည် ပွင့်လင်းမြင်သာမှုနှင့်ဆိုင်သော မော်ရေးသျှကွန်ဗင်းရှင်းကို ပြုလုပ်ခဲ့ကြပါသည်။ ၎င်းသည် များစွာသော တည်ဆဲ ရင်းနှီးမြှုပ်နှံမှုသည် သဘောတူစာချုပ်များနှင့် ခုံဖွဲ့စီရင်ဆုံးဖြတ်ခြင်း နည်းဥပဒေ များအရ ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော် အကြား ပွင့်လင်းမြင်သာမှု ရှိစေခြင်းကို ပိုမိုတိုးတက်စေရန် မျှော်လင့်ကြပါသည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီး မြှုပ်နှံမှု စနစ် အားကောင်းလာစေရန် လိုအပ်သော အကြောင်းအရာအတွင်း သင့်လျော်သော အယူခံခြင်း နည်းလမ်းဖြင့် လိုအပ်ပါသည်။ ဥပမာ-နိုင်ငံများနှင့် အခြားနိုင်ငံများမှ နိုင်ငံသားများအကြား (သို့) ICSID II အကြားဖြစ်ပေါ်သော ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှု ဖြေရှင်းခြင်း အတွက် လက်ရှိကွန်ဗင်းရှင်းက တိုးတက်စေခြင်းဖြင့် သဘောတူညီမှု စာချုပ် တစ်ခုကို ညှိနှိုင်းခြင်း။ UNCTAD ၏ မော်ရေးသျှကွန်ဗင်းရှင်းဆိုင်ရာ နည်းလမ်းသည် ရင်းနှီးမြှုပ်နှံမှု (သို့) အယူခံဝင်ခြင်း နည်းလမ်းအတွက် ထာဝရ ဘက်စုံအပြည်ပြည်ဆိုင်ရာ ခုံရုံးတစ်ခုကို ဖန်တီးရန် အသုံးပြုနိုင်ပါသည်။ (Kaufmann-Kohler နှင့် Potesta, ၂၀၁၆)။ UNCTAD ၏ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှု ဖြေရှင်းခြင်း လမ်းပြသူသည် ကောင်းမွန်သော အပြည်ပြည်ဆိုင်ရာ ရင်းနှီး မြှုပ်နှံမှု အငြင်းပွားမှုများအတွက် အကောင်းဆုံးသော Database တစ်ခုကို ပံ့ပိုးပေးပါသည်။ (Box-၄.၁၀)

ရင်းနှီးမြှုပ်နှံမှုသူများ၏ ဦးစားပေးမှုတွင် IISA ၏ လွဲမှားသုံးစွဲမှုများ ပိုမိုတိုးပွားလာသော ထိုကဲ့သို့ အလားတူ ပြဿနာများကြောင့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့် အတူလုပ်ပိုင်ခွင့်များနှင့် ရင်းနှီး မြှုပ်နှံမှုကို လက်ခံသော နိုင်ငံရှိ ၎င်းတို့၏အခွင့်အရေးများကို ပြန်လည်ချိန်ညှိရန် လိုအပ်ပါသ်ည။ (ဥပမာ-Dhas နှင့် အခြားပညာရှင်များ, ၂၀၁၂) အမှန်တကယ်တွင် ဖွံ့ဖြိုးတိုးတက်မှုများသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် FDI လက်ခံသော နိုင်ငံများ၏ အဆိုပါ ပြဿနာရပ်များကို ပြောဆိုကြပါသည်။ အထူးသဖြင့် IISa အသစ်များသည် FET MFN နှင့် NT များတွင် ပိုမိုတိကျသော ဘာသာစကားများ ရှိစေလိုခြင်း၊ FDI ကိုဆွဲဆောင်၍ နည်းလမ်းတစ်ခုအဖြစ် လက်ခံသော နိုင်ငံတွင် အလုပ်သမားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို ပယ်ဖျက်ခြင်းမှ ကာကွယ်တားဆီးသော အလုပ်သမားနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစေခြင်း၊ အထွေထွေခြွင်းချက်များကို စဉ်ဆက်မပျက်သော အငြင်းပွားမှု ဖြေရှင်းခြင်း နည်းလမ်းများကို တိုးတက်စေခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် So- Called forum Shopping မှ ကာကွယ်ပေးခြင်း (အမြင့်ဆုံးအောင်မြင်မှုများ ရရှိသော နည်းလမ်းများ အသုံးပြုခြင်း)။ နိုင်ငံအချို့သည် BITs မှ ထွက်ခွာသွားသည် (သို့) ပြန်လည်စေ့စပ်ညှိနှိုင်းမှုများ လိုအပ်ပါသည်။ အချို့နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှု လက်ခံသော နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားသော BIT ၏ နည်းလမ်း အသစ်၊ ပုံစံအသစ်ပေါ်အခြေခံ၍ ညှိနှိုင်းမှုများ ပြုလုပ်နေကြပါသည်။ အိန္ဒိယနိုင်ငံ၏ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံ မှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူညီမှု (BIPA) ပုံစံကို ကျင့်သုံးခြင်းသည် ဥပမာ တစ်ရပ် ဖြစ်ပါသည်။ Brazil မှ ကျင့်သုံးသော အခြားပုံစံတစ်ခုသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် အကာအကွယ် ပေးခြင်း၏ သဘောသဘာဝတစ်ခုလုံးကို အစားထိုးရန် ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အဆင်ပြေ ချောမွေ့စေသော ဘရာဇီးသဘောတူညီမှု (ACFIs)။ ACFIs တွင် ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြားခုံဖွဲ့ စီရင်ဆုံးဖြတ်ခြင်းနှင့်ဆိုင်သော ပြဋ္ဌာန်းချက်များ မပါဝင်ပေ။ ACFI စေ့စပ်ညှိနှိုင်းမှုများသည် ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် မတ်လမှ မေလအတွင်း မိုဇန်ဖြစ်နိုင်ငံ၊ အန်ဂိုလာနိုင်ငံနှင့် မတ်ကဆီကို ၈၅ နိုင်ငံ

(၃) နိုင်ငံနှင့် ပထမဆုံး သဘောတူညီမှု (၃) ခုကို အဆုံးသတ်နိုင်ခဲ့ကြပါသည်။ UNCTAD ကမ္ဘာ့ရင်းနှီး မြှုပ်နှံမှု အစီရင်ခံစာ (၂၀၁၆) ကIIA ပုံစံအသစ်နှင့် ပတ်သက်၍ ပို၍ တိတိကျကျ ဖော်ပြပေးပါသည်။

## Bos 4.10 UNCTAD ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရေးလမ်းညွှန်

UNCTAD ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရေးလမ်းညွှန်တွင် အပြည်ပြည်ဆိုင်ရာ ရင်းနှီး မြှုပ်နှံမှု သဘောတူစာချုပ်များအရရင်းနှီးမြှုပ်နှံသူနှင့် အစိုးရအကြား ဖြစ်ပွားသည့် အပြည်ပြည် ဆိုင်ရာ အနုညာတ စီရင်ဆုံးဖြတ်သည့် အမှုများ နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များသည် ပါဝင်ပါသည်။ အဆိုပါ အနုညာတ စီရင်ဆုံးဖြတ်မှုများကို သဘောတူစာချုပ်အခြေခံ ရင်းနှီးမြှုပ်နှံသူ-အစိုးရ အငြင်းပွားမှု ဖြေရှင်းခြင်း (ISDS) အမှုများဟု ရည်ညွှန်းပါသည်။ ISDS လမ်းညွှန်သည်:

- ဘက်စုံပြည့်စုံခြင်း: အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များအရ ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရ အကြား ဖြစ်ပွားသည့် အနုညာတစီရင်ဆုံးဖြတ်သည့် အမှုပေါင်း ၇၆၇ မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် အပြည့်အစုံကို ဖော်ပြထားပါသည်။
- User-friendly နှင့် ပါဝင်ခြင်း: လမ်းညွှန်ကို အလကားအသုံးပြုနိုင်ခြင်း၊ နိုင်ငံအများအပြားရှိ ISDS တွင် ပါဝင်ဆောင်ရွက်သူများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ ရှာဖွေသည့်လုပ်ငန်းစဉ်များသည်သိသာထင်ရှားပြီး အသုံးပြုရ လွယ်ကူခြင်း၊ အဓိကအချက်အလက်များကို အသုံးပြုခွင့်ပေးခြင်းတို့ ပါဝင်ပါသည်။
- သတင်းအချက်အလက် ကြွယ်ဝခြင်း: ISDS အမှုများ၏ အဓိက အချက်အလက်များနှင့်စပ်လျဉ်း၍ စာရင်းအင်း အချက်အလက်များ ရရှိနိုင်ပါသည်။
- နက်ရှိုင်း၍ ပြုလွယ်ပြောင်းလွယ်ဖြစ်ခြင်း: "Advanced Search" option တွင် လိုအပ်သည့် အချက်အလက်များကို ရှာဖွေနိုင်ပါသည်။။
- အသေးစိတ်ဖြစ်ခြင်း: အမှုတစ်ခုခြင်းစီတွင် ဥပဒေအခြေခံ၊ ပါဝင်သည့် နိုင်ငံများ၊ အငြင်းပွားမှုဖြစ်စဉ်အကျဉ်းချုပ်၊ စီးပွားရေးကဏ္ဍနှင့် ကဏ္ဍခွဲများ၊ အငြင်းပွားမှုဖြစ်ပွားသည့် ပမာဏနှင့် ဖြေရှင်းချက်များ၊ ချိုးဖောက်မှုဖြစ်ပွားသည့် IIA ပြဋ္ဌာန်းချက်များ၊ အနုညာတစီရင်ရေး တရားသူကြီးများ၊ ရလဒ်များနှင့် အခြား အချက်အလက်များ ပါဝင်ပါသည်။
- Update ဖြစ်ခြင်းနှင့် ယုံကြည်စိတ်ချရခြင်း: ISDS လမ်းညွှန်တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များသည် မူလသတင်းအချက်အလက်များနှင့် ကိုက်ညီမှု ရှိပြီး နှိုင်းယှဉ်ကြည့်ရှုနိုင်ပါသည်။ သတင်းအချက်အလက်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် update လုပ်ထားပါသည်။ ISDS လမ်းညွှန်တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များသည် မှန်ကန်မှုရှိပြီး ယုံကြည်စိတ်ချရပါသည်။

UNCTAD's Investment Policy Hub တွင် သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူနိုင်ပါသည်။ အစိုးရဝန်ထမ်းများ၊ မူဝါဒချမှတ်သူများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ law firmများ၊ တရားသူကြီးများ၊ ပညာသင် ကြားနေသူများ၊ သတင်းထောက်များနှင့် အခြား ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှုများကို စိတ်ဝင်စားသူများအတွက် အသုံးဝင်သည့် website တစ်ခုဖြစ်ပါသည်။

ပြန်လည်ချိန်ညှိခြင်းသည် သင့်လျော်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အားမပေးခြင်းကို မထိခိုက်သင့်ပေ။ IIAs များသည် ရင်းနှီးမြှုပ်နှံသူများကို ကောင်းမွန်စွာ အကာအကွယ်ပေးသင့်ပါသည်။ ထို့သို့

ကာကွယ်ပေးရန်မှာ IIAs များ၏ ပင်မရည်ရွယ်ချက် ဖြစ်သည်။ Box 4.11 တွင် နိုင်ငံများအနေဖြင့် ၎င်းတို့၏ မူဝါဒနယ်ပယ်ကို ချဲ့ထွင်ပေးရန် နှင့် ရင်းနှီးမြှုပ်နှံသူအခွင့်အရေးများ၏ အကျယ်တဝင့် အနက်ဖွင့်ဆိုနိုင်မည့် နည်းလမ်းများစွာကို ဆွေးနွေးထားသည်။ UNCTAD ၏ roadmap for IIA reform ကိုလည်း ကိုးကားမှုပြုနိုင်ရန်အတွက် အောက်တွင် ဖော်ပြပေးထားသည်။

Box 4.11 နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များပါ ပြဋ္ဌာန်းချက်များ

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရင်းနှီးမြှုပ်နှံသူနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် သင့်လျော်သည့် အကာအကွယ် ပေးထားရာတွင် IIAများတွင် policy space များ ပါဝင်ပါသည်။ အောက်ပါအချက်များမှာ အချို့အချက်များဖြစ်ပါသည်-

- Positive/Negative List: နိုင်ငံများသည် ၎င်းတို့၏ policy space အတွက် negative list ထက် positive list ကိုပို၍ အသုံးပြုကြပါသည်။ သို့ရာတွင် IIAs အောက်ရှိ ကတိကဝတ်များရှိနေသဖြင့် ပိုမိုကျယ်ပြန့်သည့် အကျုံးဝင်မှုနယ်ပယ် ပါဝင်သော negative list ကို ပို၍ နှစ်သက်ကြပါသည်။ Negative list များတွင် အိမ်ရှင် နိုင်ငံ၏ ဥပဒေကန့်သတ်ချက်များကို တွေ့မြင်တိုင်ပါသည်။ MFN/NT နှင့် FET တို့နှင့် စပ်လျဉ်း၍ ကတိကဝတ် မပြုလုပ်လိုသော နိုင်ငံများသည် negative list ကို သီးခြားပြဋ္ဌာန်းချက် အနေဖြင့် ထည့်သွင်းချုပ်ဆိုလေ့ရှိပါသည်။
- Fair and equitable treatment: Standard General Formulation အစား ပိုမို ကျဉ်းမြောင်း၍ အသေးစိတ်ကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် ပြုလုပ်နိုင်ပါသည်။ BITs များတွင် ထူးခြားသည့် ပြဋ္ဌာန်းချက်များနှင့် ပြဿနာများအတွက် ပူးတွဲ အဓိပ္ပာယ်ဖွင့်ဆိုချက် ပြုလုပ်ရန်လိုပါပါသည်။
- သွယ်ဝိုက်၍ သိမ်းယူခြင်း: လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်းသည့် ခွင့်ပြုမိန့်များကို ရုတ်သိမ်းခြင်း အပအဝင် ရင်းနှီးမြှုပ်နှံသူ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို ထိခိုက်စေသော ဆောင်ရွက်ချက်များ ပါဝင်ပါ သည်။
- Exclusion: GATT article XX ကို အခြေခံ၍ လူ၊ တိရစ္ဆာန်၊ အပင်များ၏ အသက်၊ ကျန်းမာရေး၊ လုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် နိုင်ငံတော် အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အထွေထွေကင်းလွတ်ခွင့် များနှင့် လုံခြုံရေးဆိုင်ရာ ကင်းလွတ်ခွင့်များ ပါဝင်ပါသည်။
- အထူးလုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများ:နိုင်ငံများသည် ၎င်းတို့၏ အထူးလုံခြုံရေးဆိုင်ရာ အကျိုးစီးပွား သို့မဟုတ် အထူးအကျိုးစီးပွားအပေါ် ဆောင်ရွက်ချက်များ သက်ရောက်မှုမရှိစေရန်အတွက် ပြဋ္ဌာန်းချက်တစ်ခု ထည့်သွင်း ပြဋ္ဌာန်းနိုင်ပါသည်။
- လိုအပ်ချက်: အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် နိုင်ငံများအား ၎င်းတို့၏ လိုအပ်ချက်အရ ဆောင်ရွက်ရမည့် ကိစ္စများအတွက် ၎င်း၏ အပြည်ပြည်ဆိုင်ရာ တာဝန်ရှိမှုကို ချိုးဖောက်ခွင့်ပြုထားပါသည်။ သို့သော် နိုင်ငံများသည် ၎င်းတို့၏ လိုအပ်ချက်ကို ၎င်းတို့ကိုယ်တိုင်သတ်မှတ်ခွင့်မရှိပါသည်။ ထို့အတူ "Emergency" ပြဋ္ဌာန်းချက်များကို BITs အများအပြားတွင် တွေ့နိုင်ပါသည်။
- အချိုးညီမှု: 'အချိုးညီမှု' သည် ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား တည်ရှိသည့် အချက်ဖြစ်ပါသည်။ အငြင်းပွားမှု များတွင် အချိုးညီမှုကို ဆုံးဖြတ်ရာတွင် တရားရုံးများသည် အများပြည်သူလိုလား ချက်နှင့် အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားပါသည်။
- ရဲအင်အား: အဓိပ္ပာယ်ဖွင့်ဆိုချက်အတိအကျ မရှိသော်လည်း 'နိုင်ငံ၏ ထိရောက်မှုရှိသော လုပ်ဆောင်ချက်အတွက် ဆောင်ရွက်ချက်များ" ဟု အဓိပ္ပာယ် ဖွင့်ဆို၍ရပါသည်။ 'နိုင်ငံ၏ ထိရောက်မှုရှိသော လုပ်ဆောင်ချက်' ကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ကျယ်ပြန့်နေပါသည်။ ဥပမာအားဖြင့် လူ့အခွင့်အရေးလည်း ပါဝင်ပါသည်။ အဆိုပါ အချက်ကို IIAs များတွင် သတိပြုမှု တိုးလာပါသည်။

- Margin of Appreciation: ရင်းနှီးမြှုပ်နှံသူနှင့် အများပြည်သူအကြား ဖြစ်ပွားသည့် ပဋိပက္ခများကို ဖြေရှင်းရန် အတွက် ဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်ပါသည်။ အကြပ်အတည်းဖြစ်နေချိန်တွင် အစိုးရ၏ ဆောင်ရွက် ချက်များကို ပြန်လည်သုံးသပ်ရာတွင် ကန့်သတ်ချက်အဆင့် လျော့နည်းပါသည်။
- သက်ဆိုင်သည့် ဥပဒေ: တရားရုံးများသည် ဆုံးဖြတ်ချက် ချမှတ်ရာတွင် တိကျသေချာမှု ရှိစေရန်အတွက် BITs များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် (ဥပမာအားဖြင့် အများပြည်သူမှ ရေရရှိနိုင်မှု သို့မဟုတ် အခြား မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများ သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်လိုအပ်ခြင်း) တည်ဆဲ အပြည်ပြည် ဆိုင်ရာ ဥပဒေများ (ဥပမာ- ILO သို့မဟုတ် UNESCO Convention) ကို အသုံးပြုနိုင်ပါသည်။ (ဥပမာ- ICSID Convention Article 42(1) နှင့် NAFTA Article 1131 (1)
- UNCTAD ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒသည် နိုင်ငံများအတွက် မူဝါဒ နယ်ပယ်တွင် မြှင့်တင်နိုင်ရေးအတွက် အကြံဉာဏ်ပေးနိုင်ခဲ့ပြီး IIAs များကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ပန်းတိုင် များနှင့် ကိုက်ညီအောင် ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ အဘက်ဘက်မှလွှမ်းခြုံသော ရင်းနှီးမြှုပ်နှံမှု အခန်းများ ပါဝင်သော လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ မြင့်တက်လာခြင်းကြောင့် BITs ချုပ်ဆိုမှုများ တိုးပွားလာမှုကို နှေးကွေးစေပါသည်။ သီးခြားဥပမာတစ်ခုကို ပြရလျှင် Trans-Pacific Partnership (TPP) Agreement တွင် ရင်းနှီးမြှုပ်နှံသူကို ကာကွယ်ပေးသော ကတိကဝတ်များစွာ၊ အထူးသဖြင့် ISDS ဆိုင်ရာ အချက်များ ပါဝင်ပါသည်။88 အလားတူ ပြဋ္ဌာန်းချက်များကိုလည်း ဆွေးနွေးဆဲဖြစ်သော Regional Comprehensive Economic Partnership Agreement (RCEP) တွင် ပါဝင်လာနိုင်ဖွယ် ရှိပါသည်။ အခြား ဥပမာ များမှာASEAN-China Investment Agreement နှင့် the ASEAN Comprehensive Investment Agreement (ACIA)တို့ဖြစ်ပါသည် (box 4.12; see also Chaisse and Jusoh, 2016)။

[88]In January 2017, upon assuming office as the United States President, Donald J. Trump withdrew the United States from the TPP which effectively meant the demise of the Agreement. However, TPP set new standards in various areas, including in investment, which are likely to be copied in other agreements, including possibly the Regional Comprehensive Economic Partnership Agreement (RCEP), comprising ASEAN and its leading trading partners in Asia, including China, Japan and the Republic of Korea. However, some of the provisions in TPP, including ISDS, remain controversial. On the 4$^{th}$ February 2016, New Zealand sent a side letter to Australia precluding ISDS under the TPP for their investment relationship.

## Box 4.12. အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (ACIA)

အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (ACIA) သည် ၂၀၁၂ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ချုပ်ဆိုထားသည့် တည်ဆဲသဘောတူစာချုပ်များကို ပေါင်းစည်းခြင်းအားဖြင့် လွတ်လပ်၍ ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် ရည်ရွယ်ပါသည်။ ACIA သည် အာဆီယံ၏ ကနဦး အစီအစဉ် နှစ်ခုဖြစ်သည့် ASEAN Investment Area (AIA) နှင့် ASEAN Investment Guarantee သဘောတူစာချုပ်များကို အစားထိုးခြင်းဖြင့် AIA နှင့် AIG တွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတကာ အကောင်းဆုံး အလေ့အကျင့်များကို အခြေခံသည့် ဝန်ကျင်းတစ်ခု ပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အာဆီယံကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တစ်ခုတည်းသော နေရာအဖြစ် မြှင့်တင်ပေးနိုင်ပြီး တည်ဆဲအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် ကိုက်ညီသည့် ရှင်းလင်း၍ ဘက်စုံဖြစ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထောက်ပံ့ပေးပါသည်။

ACIA သည် ၂၀၁၇ ခုနှစ်တွင် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများအကြား ချမှတ်ထားသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းကြေညာချက်၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းစေနိုင်သော ပေါင်းစည်းထားသည့် ဒေသတွင်းစီးပွားရေးတစ်ခု တည်ထောင်နိုင်ရန် ရည်ရွယ်ပါသည်။

ACIA သည် ကုန်ထုတ်လုပ်မှု ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းကဏ္ဍစသည့် ကဏ္ဍလေးခု နှင့်၎င်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လွှမ်းခြုံသည့် ဖြေလျှော့ထားသည့် ပြဋ္ဌာန်းချက်များအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပုံစံအားလုံး (အဖွဲ့ဝင်နိုင်ငံများမှ ပြုစုထားသည့် ACIA ၏ ခွင့်မပြုနိုင်သော လုပ်ငန်းများစာရင်းမှအပ) ကို အကျုံးဝင်စေပါသည်။ ဖြေလျှော့မှုလုပ်ငန်းစဉ်သည် အဖွဲ့ဝင်နိုင်ငံများမှ ခွင့်မပြုနိုင်သော လုပ်ငန်းများစာရင်းတွင် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို တစ်ဖြည်းဖြည်း ဖြေလျှော့ပေးခြင်းအားဖြင့် တိုးတက်လာစေရန် မျှော်မှန်းပါသည်။

ACIA သည် မတည်ထောင်မီနှင့် တည်ထောင်ပြီးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အတွက် MFN နှင့် NT နှစ်ခုလုံးကို လွှမ်းခြုံပါသည်။ ၎င်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များကို သာတူညီမျှဆက်ဆံခြင်း၊ အပြည့်အဝအကာအကွယ်ပေးခြင်း၊ လုံခြုံမှုပေးခြင်း၊ ဥပဒေနှင့်မညီဘဲ ပစ္စည်းသိမ်းယူခြင်း မပြုလုပ်ခြင်းနှင့် ဘဏ္ဍာငွေ လွတ်လပ်စွာလွှဲပြောင်း ခွင့်များအပါအဝင် အကာအကွယ်များစွာ ပေးထားပါသည်။

ACIA မှ အကျိုးကျေးဇူးများရရှိနိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ရပုဂ္ဂိုလ်တို့မှ ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ အသိအမှတ်ပြုထားသည့် တရားဝင် စီးပွားရေးအဖွဲ့အစည်းမှ ဆောင်ရွက် သောရင်းနှီးမြှုပ်နှံမှုသည် အာဆီယံပြင်ပရင်းနှီးမြှုပ်နှံသူများမှ ACIA မှ အာမခံ ပေးထားသော အကာအကွယ်များမှ အကျိုးကျေးဇူးရရှိမှုဖြစ်ပါသည်။

## နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များအား ပြုပြင်ပြောင်းခြင်းအတွက် UNCTAD ၏ လမ်းပြမြေပုံ(Road Map for IIAs Reform)

UNCTAD (2012) က ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒမူဘောင် Investment Policy Framework for Sustainable Development (IPFSD)အရ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် များများကို ညှိနှိုင်းရန်အတွက် မူဝါဒလမ်းညွှန်များကို ဖော်ထုတ်ပေးထားသည်။ UNCTAD ၏ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ (World Investment Report 2015) (UNCTAD, 2015b)တွင် အဆိုပါ လမ်းညွှန်ချက်များကိုRoad Map for IIAs Reformတွင် ပြင်ဆင်ဖြည့်စွက်ထားသည်။ အစိုးရများအနေဖြင့် IIAs Reform ကို ဆောင်ရွက်မီ ထည့်သွင်း စဉ်းစားရမည့် အချက်များကို အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၎င်းတို့မှာ (က) ကနဦးစဉ်းစားချက်အနေဖြင့် IIAs များ ထားရှိသင့်၊ မသင့်၊ (ခ) IIAs ကို ပြန်လည်ရုတ်သိမ်းသင့်၊ မသင့်၊ (ဂ)IIA ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်သင့်၊ မသင့်၊ (ဃ) IIA များကို မည်သို့ ပြုပြင်ပြောင်းလဲမည် တို့ဖြစ်ပါသည်။ ရွေးချယ်ရာတွင် အိမ်ရှင်နိုင်ငံ တစ်နိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရန် IIA များက မည်မျှအသုံးဝင်ခဲ့သလဲ ဆိုသည့်အပေါ်တွင် မူတည်၍ ရွေးချယ်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် IIAs ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရာတွင် အန္တိမဦးတည်ချက်မှာ IIA သည် ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးကို ကာကွယ်ပေးပြီး အမိနိုင်ငံတော်၏အခွင့်အရေးနှင့် ပြည်သူတို့၏ အကျိုးကျေးဇူးအတွက် ကြီးကြပ်ထိန်းကျောင်းပေးရန် တာဝန်ရှိမှုအကြား အားမျှစေခြင်း ဖြစ်သည်။ ထိုသို့ ပြန်လည်အားမျှအောင်ဆောင်ရွက်ရာတွင် ပုံစံမျိုးစုံရှိနိုင်ပါသည်။ ဥပမာ- (က) ပြဋ္ဌာန်းချက်အသစ်များ ထည့်သွင်းခြင်း၊ (ခ) ပြဋ္ဌာန်းချက်အချို့ကို ပယ်ဖျက်ခြင်း၊ (ဂ) လက်ရှိပြဋ္ဌာန်းချက်များကို ရှင်းလင်း၍ ပိုမိုတိကျအောင် ပြင်ဆင်ခြင်း၊ (ဃ) အချို့အယူအဆများကို ထုတ်ပယ်ခြင်း၊ (င) ပြဋ္ဌာန်းချက်အချို့ကို ချိတ်ဆက်ပေးပြီး အခြေအနေအရ ကာကွယ်ပေးမှု များကို ရှင်းရှင်းလင်းလင်း ဖြစ်စေခြင်း၊ (စ) အချို့ပြဋ္ဌာန်း ချက်များကို စံနှုန်းနှင့် ကိုက်ညီစေခြင်း (ဥပမာ- အဆိုပါ ပြဋ္ဌာန်းချက် များ၏ စံနှုန်းများကို စီမံခြင်း)၊ (ဆ) ISDS အပါအဝင် အဖွဲ့အစည်းဆိုင်ရာမူဘောင်အား ပြန်လည် သုံးသပ်ခြင်း၊ (ဇ) အခြားသော ဥပဒေများကို ထည့်သွင်း စဉ်းစားခြင်း (ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့် အရေးများ၊ ပြည်သူ့ကျန်းမာရေး စသည်ဖြင့်)

အစီရင်ခံစာသည် MFN၊ FET၊ သွယ်ဝိုက်၍ သိမ်းယူခြင်း၊ ပြည်သူရေးရာမူဝါဒ ခြွင်းချက်များ၊ အမျိုးသား လုံခြုံရေး ခြွင်းချက်များနှင့် နိုင်ငံနှင့်ရင်းနှီးမြှုပ်နှံသူတို့အကြား အငြင်းပွားမှုဖြေရှင်းခြင်း (ISDS) ဆိုင်ရာ ပြုပြင် ပြောင်းရေးအတွက် မူဝါဒရွေးချယ်စရာများကို ဖော်ပြသည်။ ISDS အငြင်းပွားမှုဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ ရွေးချယ် စရာများမှာ ISDS ကို အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ (IIAs)မှ လုံးဝ ဖယ်ထုတ်ထားခြင်း ဖြစ်သည်။ ထို့ပြင် ခုံသမာဓိဖြစ်စဉ်ကို တိုးတက် ကောင်းမွန်စေခြင်း၊ အယူခံဝင်မှု လုပ်ငန်းစဉ်ကို တည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံသူ၏ ရယူနိုင်မှုကို ကန့်သတ်ခြင်း၊ နိုင်ငံ-နိုင်ငံ (နိုင်ငံအချင်းချင်း) အငြင်းပွားဆိုင်ရာ အကဲဆတ်သော ကိစ္စရပ်များကို စိစစ်ခြင်း၊ ISDS အတွက် ပဏာမ လိုအပ်ချက်အနေဖြင့် ပြည်တွင်း တရားစီရင်ခြင်းဆိုင်ရာ လိုအပ်ချက် များကို မိတ်ဆက်ခြင်းစသည့် ရွေးချယ်စရာများလည်း ပါဝင်သည်။ ရင်းနှီးမြှုပ်နှံမှု ကမ္ဘာ့တရားရုံးတစ်ခု တည်ထောင်ခြင်း၏ ဖြစ်နိုင်ချေရှိမှုကလည်း ၎င်းအကြောင်းအရာကို ဆွေးနွေးကြပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေရေး ကိစ္စ ရပ်များသည် IIAs များတွင် ထည့်သွင်းရမည့် အခြားကိစ္စ တစ်ရပ် ဖြစ်သည်။ အရေးကြီးသော အခြား ကိစ္စ တစ်ရပ်မှာ အစီရင်ခံစာတွင် ဆွေးနွေးထားသည့် IIA ၏ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို

အာမခံပေးရန် ဖြစ်သည်။ နောက်ဆုံးတွင် အစီရင်ခံစာ၌ တိကျသော စနစ်၊ နိုင်ငံတကာဥပဒေအရ ဖွဲ့စည်းထား သော အခြား သော အဖွဲ့အစည်းများနှင့် IIAs စာချုပ်များ ပေါင်းစည်းရန်နှင့် ချိတ်ဆက်မှု လိုအပ်ချက်များကို ဆွေးနွေး ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစာချုပ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို သုံးသပ်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကွန်ဖရင့်၏ ၂၀၁၅(က)နှင့် ၂၀၁၅(ခ)ပါ အောက်ဖော်ပြပါ လမ်းညွှန် ချက် များသည် အရေးကြီးပါသည် (UNCTAD, 2015a and 2015b)။

- မူဝါဒချမှတ်သူများအနေဖြင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူ စာချုပ်များအတွက် ကောင်းကျိုး၊ ဆိုးပြစ် များကို စဉ်းစားချင့်ချိန်ရာတွင် IIAs များက ဆောင်ကျဉ်းပေးနိုင်မည့်အချက်များ၊ မဆောင် ကျဉ်းပေးနိုင်မည့် အချက်များအပေါ် ရှင်းလင်းစွာ နည်းလည်သဘောပေါက်ထားရမည်။ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်စိတ်ချမှု ကို တည်ဆောက်နိုင်ပြီး ပိုမိုဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် ကောင်းကို ပံ့ဖော် ကြော်ငြာနိုင်သည်။ ထို့အပြင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဥပဒေများက မပေးအပ် နိုင်သော တည်ငြိမ်မှုနှင့်ကြိုတင်မှန်းဆနိုင်မှုတို့ကို ပေးစွမ်းနိုင်ပါသည်။ ဆိုးရွားသောရင်းနှီးမြှုပ်နှံမှုဝန်းကျင်မှ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သို့ အလို အလျောက် မပြောင်းလဲပေးနိုင်ပါ။ ထို့ပြင် IIA သက်သက်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် လုံလောက်သော အခြေအနေ တစ်ရပ် မဟုတ်ပါ။
- IIA များတွင် ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှင်းလင်းသည့် အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် လွှမ်းခြုံမည့် နယ်ပယ်များကို ဖော်ပြပါရှိပြီး စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုများ (၁၀ % နှင့် အောက် ရင်းနှီး မြှုပ်နှံမှု) နှင့် အခြားသော ကာလတို သို့မဟုတ် ခန့်မှန်းဈေးကစားသော ရင်းနှီး မြှုပ်နှံမှုများ (speculative investments)ကို ဖယ်ထုတ်ထားရပါမည်။
- IIA များသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်စေရေးအတွက် နိုင်ငံစုံလုပ်ငန်းများ (MNEs) အတွက် OECD ၏ လမ်းညွှန်ချက်များနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ အခြေခံမူများ ကဲ့သို့သော တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံနှင့် စီးပွားရေး အလေ့အထများကို အားပေးမြှင့်တင် သည့် ခိုင်မာသော ပြဋ္ဌာန်းချက်များ ထည့်သွင်းရန် လိုအပ်ပါသည်။ ၎င်းပြင် ရင်းနှီးမြှုပ်နှံမှုလက်ခံသော အိမ်ရှင်နိုင်ငံများ၏ (ကျန်းမာရေးကဏ္ဍ အပါအဝင်) လူမှုရေးဆိုင်ရာအကာအကွယ်ပေးရေးနှင့် ဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာစေရေး၊ ဖန်လုံအိမ် ဓာတ်ငွေ့ ထုတ်လွှင့်မှုလျော့ချခြင်းအပါအဝင် သဘာဝပတ်ဝန်းကျင် ထိခိုက် မှုမှ အကာအကွယ် ပေးရေးနှင့် တိုးတက်ကောင်းမွန်လာစေရေးတို့အတွက် စည်းမျဉ်းစည်းကမ်းအသစ်များ ပြဋ္ဌာန်းဖော်ဆောင်နိုင်ရန် အချက်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။ IIA များတွင် အလုပ်ဖြစ်သော အပြန်အလှန် ထိန်းကျောင်းမှုများပါရှိသင့်ပြီး မူဝါဒပိုင်း ပြောင်းလွယ်ပြင်လွယ်လုပ်နိုင်အောင် အမခံချက် ပေးပြီး အလွဲသုံးစားမလုပ်နိုင်အောင် လည်း တားဆီးပေးနိုင်ရပါမည်။
- အတိုချုပ်အားဖြင့် IIA များသည် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးအတွက် အစိုးရများအား စည်းမျဉ်း စည်းကမ်းဖြင့် ထိန်းကျောင်းမှုများ (regulatory space) ပြုလုပ်နိုင်ခွင့် ပေးရပါမည်။
- IIA များသည် လက်ခံသည့် အိမ်ရှင်နိုင်ငံများအား မျှတသောပေးရန်တာဝန်ရှိမှုများနှင့် နိုင်ငံနှင့်ရင်းနှီး မြှုပ်နှံသူတို့ အကြား အငြင်းပွားမှု ဖြေရှင်းခြင်း (investor-state dispute settlement - ISDS) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် ကုန်ကျစရိတ်ကိုလည်း မများအောင် ကာကွယ်ပေးရမည် ဖြစ်သောပြဋ္ဌာန်းချက် များလည်း လိုအပ်ပါသည်။
- ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်သည့် အားလျော့စွာ နိုင်ငံများ အတွက် ရင်းနှီးမြှုပ်နှံမှုအကြို ကတိကဝတ်များ (pre-establishment commitments)၏ နယ်ပယ်အား

ဖွင့်ဆိုချက်များ ပါရှိရန် လိုအပ်ပါသည်။ ခွင့်ပြုစာရင်း (positive list)နှင့် ကန့်သတ် စာရင်း (negative list) များကိုလည်း သေချာစွာ ရှင်းလင်းဖော်ပြရန် လိုအပ်ပါသည်။

- ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ချုပ်ဆိုသော IIA များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင့်လျော်စွာ အထူးပြုထားသော၊ ကွဲပြားခြားနားသော အချက်များ (special and differential treatment) ထည့်သွင်းရန် လိုအပ်ပါသည်။
- (MFN) မျက်နှာသာအပေးဆုံးနိုင်ငံများနှင့် နိုင်ငံသားကဲ့သို့ဆက်ဆံခြင်း အချက်များကို ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်မည် ဖြစ်သည်။ သို့ရာတွင် ရည်ရွယ်ချက်အားပျော့စေမည့် ကျဉ်းမြောင်း လွန်းသော ဖွင့်ဆိုချက်များ မဖြစ်ရပေ။
- IIA များတွင် တိကျသောဖွင့်ဆိုချက်ရှိရန်နှင့် သာတူညီမျှ ဆက်ဆံမှုရှိရန်လိုအပ်ပြီးနှင့် အဆိုပါ အခြေခံစည်းမျဉ်းအား ကျင့်သုံးမည့် နယ်ပယ်ကို တိကျစွာ ရှင်းလင်းဖော်ပြပေးရန် လိုအပ်ပါသည်။ အထူးသဖြင့် FET ဖော်ပြချက်အား နိုင်ငံမှ လိုက်နာရမည့် တာဝန်ယူမှု စာရင်းတစ်ရပ်အဖြစ် စေ့စပ်ညှိနှိုင်းသင့်ပါသည်။ (ဥပမာအားဖြင့် (က) တရားဥပဒေကြောင်း (သို့မဟုတ်) အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများအရ ငြင်းပယ်နိုင်ခွင့်မရှိခြင်း၊ (ခ) ရင်းနှီးမြှုပ်နှံသူများအား ဓမ္မဓိဋ္ဌာန်မကျစွာ ထင်တိုင်းကြဲ ဆက်ဆံမှု မပြုခြင်း၊ (ဂ) လုပ်ပေးရမည့် လုပ်ငန်းစဉ်များကို ပြောင်ပြောင်တင်းတင်း ဖောက်ဖျက်ကျူးလွန်ခြင်း)၊
- IIA အနေဖြင့် အပြည့်အဝအကာအကွယ်ပေးခြင်းနှင့် လုံခြုံမှုပေးခြင်းများကို "ရုပ်ပိုင်းဆိုင်ရာ" အကာအကွယ်ပေးမှုတွင်သာ ကန့်သတ်ထားရန်လိုအပ်ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အဆင့်နှင့် ကိုက်ညီသော ကာကွယ်ပေးမှုမျိုးသာ ဖြစ်မည်ကိုလည်း ဖော်ပြထားရပါမည်။
- အလားတူပင် သွယ်ဝိုက်သိမ်းယူခြင်း အပါအဝင် နိုင်ငံတော်မှ (ပြည်သူ့ဘဏ္ဍာအဖြစ်) သိမ်းယူခြင်း (expropriation) ကို ကျင့်သုံးမည့် အခြေအနေများနှင့် အကျုံးဝင်မည့် နယ်ပယ်များကိုလည်း ရှင်းလင်းတိကျစွာ ဖွင့်ဆိုသတ်မှတ်ထားရန် လိုအပ်ပါသည်။ IIAs သည် အရေးကြီးသော ငွေပေးငွေယူ အခက် အခဲများအတွက် ခြွင်းချက်များအပါအဝင် ငွေပေးငွေချေမှု/လွှဲပြောင်းပေးမှုများ ပါရှိသည့် ပြီးပြည့်စုံသည့် စာရင်းတစ်ခုပံ့ပိုးပေးခြင်းဖြင့် ရန်ပုံငွေလွှဲပြောင်းပေးနိုင်မည့် နယ်ပယ် ပြဋ္ဌာန်းချက်များကို ကန့်သတ်ထား သင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှုလက်ခံသော အိမ်ရှင်နိုင်ငံရှိ ဘဏ္ဍာရေးနှင့်ဆိုင်သော တာဝန်များနှင့် ငွေလွှဲပြောင်းခြင်းနှင့် ဆိုင်သော အခြားတာဝန်များနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှု၏ ငွေကြေးလွှဲပြောင်းမှု အခွင့်အရေးများ ပါဝင်သင့်ပါသည်။
- အငြင်းပွားမှုဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းသူများသည် သတ်မှတ်ထားသော နယ်ပယ် များတွင် အရည်အချင်းပြည့်မီသူများ ဖြစ်ရမည်။တန်ပြန်အငြင်းပွားမှုဖြေရှင်းခြင်း နည်းလမ်းများကို မြှင့်တင်ရန်၊ ပွင့်လင်း မြင်သာသော လုပ်ထုံးလုပ်နည်းများ တိုးတက်လာစေရန်၊ အနုညာတ ခုံအဖွဲ့များ ၏ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံသူ၏ စံသတ်မှတ်ချက်ကိုတာဝန်ယူပြီး မိမိနိုင်ငံ၏ ပြည်တွင်းတရားရေး စနစ်များမြှင့်တင်ရန်တို့ ဖြစ်သည်။ ၎င်းတွင် တရားရေးမဏ္ဍိုင်၏ ယုံကြည်ထိုက်ခြင်းနှင့် အရည်အချင်း ပြည့်ဝမှုအားကောင်းနေရမည်ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် IIAs သည် ISDS မပါဝင်ပေ။ သို့သော် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရေးအတွက် IIAs ထိရောက် သောမူများပါဝင်ရပါမည်။
- ပြောင်းလဲလာသော ဖွံ့ဖြိုးတိုးတက်မှုနှင့် မျှော်လင့်မထားသော (ရုတ်တရက်ဖြစ်ပေါ်လာသော) အရေးပါသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပြန်လည်စေ့စပ်ညှိနှိုင်းခြင်းနှင့် ပြင်ဆင်ခွင့်များ ပေးအပ် ထားရှိသင့်ပါသည်။

IIA များအတွက် မူဝါဒ အကြံပြုတင်ပြချက်များနှင့် လမ်းညွှန်ချက်များကို http://investmentpolicyhub.unctad.org/Upload/Documents/FINAL_WEB_POLICY_FRAMEWORK_30_NOV_2015.pdf. တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

Table 4.2 သည် UNCTAD (2015b) တွင် ပါရှိသည့်အတိုင်း အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး (IIA reform) အတွက် လမ်းပြမြေပုံကို ဖော်ပြပေးထားသည်။

Table 4.2. IIA ပြုပြင်ပြောင်းလဲမှုအတွက် UNCTAD ၏ လမ်းပြမြေပုံ

| **အဆင့်** | **ပြဿနာသတ်မှတ်ခြင်း** | **မဟာဗျူဟာမြောက်ချဉ်းကပ်ခြင်း/ လုပ်ငန်း အစီအစဉ်** | **ဆောင်ရွက်ချက်များနှင့် ရလဒ်များ ရွေးချယ်ခြင်း** |
|---|---|---|---|
| နိုင်ငံသား | • ပြည်တွင်း IIA သုံးသပ်ခြင်း<br>– သဘောတူစာချုပ် ကွန်ယက်နှင့် နိုင်ငံ သမိုင်းများ<br>– စွန်းစားမှု ဆန်းစစ်ချက် နှင့် အကျိုးသက်ရောက် မှု<br>– ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များ | • ပြည်တွင်း IIA လုပ်ငန်း အစီ အစဉ်<br>– လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ သတ်မှတ်ခြင်း<br>– ပြုပြင်ပြောင်းလဲမည့် ဧရိယာ နှင့် ဝင်ရောက်မည့်နေရာ<br>– IIA ပြုပြင်ပြောင်းလဲမှုအား ချဉ်းကပ်မှုများ<br>– ညှိနှိုင်းရေး စွမ်းရည် | •သဘောတူစာချုပ် ပုံစံ အသစ်<br>•တစ်ဖက်သတ် ရုပ်ဆဲခြင်း<br>•အကောင်အထည်ဖော်ခြင်း<br>– ပြည်တွင်း ပြုပြင် ပြောင်းလဲမှု<br>– သတိပြုမှုတိုးတက် လာခြင်း<br>– အဖွဲ့အစည်းများ ဖွံ့ဖြိုးလာခြင်း<br>– စွမ်းဆောင်ရည် မြှင့်တင်ခြင်း |
| နှစ်နိုင်ငံ | • ပြုပြင်ပြောင်းလဲရန် လိုအပ် ချက်များကို သတ်မှတ်ရန် အတွက် ပူးတွဲ IIA ဆွေး နွေးပွဲများကျင်းပခြင်း | • ပူးတွဲဆောင်ရွက်ရန်အတွက် အစီ အစဉ် | •ပူးတွဲ အဓိပ္ပာယ်ဖွင့်ဆို ချက်<br>•ပြန်လည်ညှိနှိုင်းခြင်း/ ပြင်ဆင်ခြင်း<br>•သဘောတူညီချက် ရုပ်ဆိုင်းခြင်း |
| ဒေသတွင်း | • လေ့လာချက်စုစည်းမှု<br>- စာချုပ်ဆက်သွယ် ချက် နှင့် အချက် အလက် စာချုပ်<br>- ဆိုးကျိုးနှင့် စွန့်စားမှု ခန့်မှန်းချက်<br>- ပြုပြင်ပြောင်းလဲမှု လိုအပ်ခြင်း | • လှုပ်ရှားမှုများ စုစည်းမှု<br>- ပုံစံအမျိုးအစား နှင့် လမ်းညွှန်<br>- ဧရိယာနှင့် ဆုံးမှတ် ပြောင်းလဲခြင်း<br>- ဆက်သွယ်မှု အားလုံး တည်ဆောက် ရေးနှင့်ချောမွေ့ ရေးအတွက် ပြောင်းလဲမှုအား လုံးလက်ခံခြင်း | • တည်ဆောက်ခြင်း/ စားနပ်ရိက္ခာသက်မှတ် ခြင်း ကွင်းဆက်<br>• ဘုံပုံစံ<br>• ဖက်စပ် စကားပြန်ခြင်း<br>• ပြန်ညှိခြင်း/ ပြုပြင်ခြင်း<br>• အကောင်တည်ဖော်ခြင်း/ ထောက်ပံ့ခြင်း |
| ဒေသစုံ | • ဒေသစုံပါဝင်သော တစ်ကမ္ဘာလုံးဆိုင် ရာ လေ့လာချက်များ<br>- စာရင်းကောက်ခြင်း သင်ယူရသော သင်ခန်းစာ များ<br>- စနစ်ကျသော စွန့်စားမှု၊ အန္တရာယ် နှင့် ပေါ် | • ပေါ်ပေါက်လာသော အဓိကပြဿနာများ ကိုတည်ဆောက်<br>• စနစ်ကျသော ပြောင်းလဲမှုအပေါ် အမြင်ဖလှယ်ခြင်း | • ဘက်ပေါင်းစုံ ဆောင်ရွက်မှု အစီအစဉ်<br>- စနစ်တကျပြောင်းလဲမှုအတွက် ဘက်ပေါင်းစုံ သဘောတူသော စံနှုန်းနှင့် လမ်း ညွှန်ချက်များ<br>- အဆင့်အားလုံးမှ ပြုပြင်ပြောင်းလဲမှု အဆင်ပြေရန် အတွက် အကြောင်း အရာများနှင့် အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုး တက်ခြင်း |

| | | | |
|---|---|---|---|
| | ထွက်လာ သော ပြဿနာ အမျိုး အစားခွဲခြင်း | | • ဘက်ပေါင်းစုံ နောက်မဆုတ်ခြင်း<br>- သုတေသနနှင့် လေ့လာမှု၊<br>- အခြားဥပဒေအဖွဲ့ များနှင့်ပူးပေါင်းခြင်း<br>- နည်းပညာအကူ အညီ<br>- အကောင်းဆုံး သော အလေ့အထ များပြောင်းလဲမှု နှင့် အများဆန္ဒများ ဖွဲ့စည်းရန် ဆွေးနွေးပွဲများ |

*Source:* UNCTAD, table IV.9, page 165 (2015b).

ထို့အပြင် ၂၀၀၅ ခုနှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာ အဖွဲ့အစည်း (Intennational Institute for Sustainable Development - IISD) က အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် စံနမူနာပုံစံကို ထုတ်ဝေခဲ့ပါသည် (Mann, and others 2005)။ ၎င်းသည် IIA များတွင် အတွေ့ရများသော အချက်များကို ပြုစုပေးထားပြီး ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ၊ ရင်းနှီး မြှုပ်နှံမှု လက်ခံသောအိမ်ရှင်နိုင်ငံ၏ ရပိုင်ခွင့်များနှင့် တာဝန်များ၊ မိခင်နိုင်ငံ၏ ရပိုင်ခွင့်နှင့် တာဝန်များကိုပါ ထပ်လောင်း ဖော်ပြထားပါသည်။ ညီမျှစေရန်အတွက် ISDS တွင် ပါရှိသော အသေးစိတ်ပြဋ္ဌာန်းချက်များကိုလည်း ဖော်ပြပြီး အခြားသောအပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် တပြေးညီကျင့်သုံးမှု ရှိစေရန်အတွက် ဆက်စပ်ချိတ်ဆက်မှုများကိုပါ လွှမ်းခြုံဖော်ပြပါရှိသည်။ အဆိုပါ စံနမူနာပုံစံအား **http://www.iisd.org / pdf/2005/ investment_model_int_ agreement.pdf** တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

နောက်ဆုံးအားဖြင့်သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်း (International Institute for Environment and Development - IIED) က ပိုမိုမျှတ၍ ရေရှည်တည်တံ့မည့် ရင်းနှီးမြှုပ်နှံမှုစာချုပ်များ ချုပ်ဆိုရန်အတွက် လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ လမ်းညွှန်ချက်များအား http://pubs.iied. org/pdfs/17507IIED.pdf. တွင် ကြည့်ရှုနိုင်ပါသည်။ UNCTAD IIA Issue Notes တွင် ပါဝင်သော IIAs နှင့် ဆက်စပ်သည့် လမ်းကြောင်းနှင့် ပြဿနာများ၏ နောက်ဆုံးအခြေအနေများကို **http://unctad.org/en/pages/publications/Intl-Investment-Agreements---Issues-Note.aspx**. တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

# (ဃ) ဆွေးနွေးစရာ ကိစ္စရပ်များ

1. Does your country have a specific foreign investment or investment law? Does your country discriminate between foreign and domestic investors?

2. Does your country have a negative or positive list approach to allowed sectors?

3. What land, property and investment ownership restrictions does your country have on foreign investment? Are these restrictions right, too strict or too flexible?

4. How do you rate your overall rule of law in terms of (a) adequate legal protection for foreign investors; (b) due enforcement. Does your country have a national court and dispute settlement system that meets international standards and expectations?

5. What other laws does your country have that affects or impacts foreign investors and their investments? For instance, what are the relevant clauses for foreign investors in your labour and land laws? Your financial, tax and banking laws? Your mining law, transport and ICT related laws? Laws governing other sectors such as tourism, agriculture, mobile phone operators, e-commerce etc. Are the impacts of these laws considered positive or negative by investors? How can the impact of these laws be made more positive or less negative?

6. Does your country have a proper IPR regime that fits its current development stage? Is it duly enforced? Is there scope for improvement or is this too premature?

7. How many IIAs (in particular BITs) is your country a contracting party to? Do you think these IIAs have helped attract FDI? If so, overall or only in specific sectors?

8. Do you agree with a broad or rather narrow definition of investment? Should your country agree with pre-establishment related MFN and NT clauses or should you retain your right to screen investment proposals?

9. Do you think the current IIA and ISDS regime properly balances investor rights with the state's duty and need for policy space to pursue sustainable development? How could the regime be improved in its contribution to achieving the SDGs?

10. How do you view the relationship between your national legislative framework for FDI and your bilateral and regional legal commitments (under IIAs and RTAs) and multilateral commitments (under relevant WTO laws)? Is there proper alignment? At what level do you think FDI should be best regulated: at national, bilateral, regional or global (multilateral) level?

11. Do you think a Multilateral Framework on FDI and/or the establishment of a World Court on Investment would be necessary or desirable?

## ရည်ညွှန်း


Adams, Samuel (2010). Intellectual property rights, investment climate and FDI in developing countries. *International Business Research*,vol. 3, No. 3, July, pp 201- 209. Available from http://search.proquest.com/docview/822239997/fulltext/2DADCC9B97E84DE9PQ/1?accountid=41819.

Awokuse, Titus O. and Hong Yin (2010). Intellectual property rights protection and the surge in FDI in China. *Journal of Comparative Economics*,vol. 28, Issue No. 2, June, pp217–224. Elsevier. Available fromdoi:10.1016/j.jce.2009.10.001.

Bernasconi-Osterwalder, Nathalie (2014). State-state dispute settlement in investment treaties. International Institute for Sustainable Development (IISD). Best Practices Series. October. Available from https://www.iisd.org/sites/default/files/publications/best-practices-state-state- dispute-settlement-investment-treaties.pdf.

Berger, Axel, and others (2010). Do trade and investment agreements lead to more FDI? Accounting for key provisions inside the black box. Kiel Institute for the World Economy. Working Paper No. 1647. September. Available from https://www.ifw-members.ifw- kiel.de/publications/do-trade-and-investment-agreements-lead-to-more-fdi-accounting-for-key-provisions-inside-the-black-box/kwp_1647.pdf.

Bhasin, Niti and Rinku Manocha(2016). Do bilateral investment treaties promote FDI inflows? Evidence from India. *Vikalpa, the Journal for Decision Makers*,vol. 41, Issue No. 4, pp. 275-287.

Indian Institute of Management. Ahmedabad: SAGE Publications. Available from http://journals.sagepub.com/doi/pdf/10.1177/0256090916666681.

Booppanon, Sarasin (2007). The effects of bilateral and regional investment agreements on the FDI inflows into ASEAN countries. PhD dissertation. George Mason University.

Chaisse Julien (2015). The shifting tectonics of international investment law - structure and dynamics of rules and arbitration on foreign investment in the Asia-Pacific Region. *George Washington International Law Review*,vol. 47, Issue No. 3, pp. 563-638.

Chaisse Julien and Christian Bellak (2015). Navigating the expanding universe of investment treaties - creation and use of critical index. *Journal of International Economic Law,* vol. 18, Issue No. 1,2 March,pp. 79-115. Oxford University Press. Available from https://doi.org/10.1093/jiel/jgv008.

Chaisse, Julien and Puneeth Nagaraj (2014). Changing lanes - trade, investment and intellectual property rights.*Hastings International and Comparative Law Review*, vol. 36, Issue No 1,pp223-270. University of California. Hastings College of the Law.

Chaisse Julien and Sufian Jusoh (2016). The ASEAN Comprehensive Investment Agreement: The regionalization of laws and policy on foreign investment.London: Edward Elgar Publishing. Available from http://www.e- elgar.com/shop/eep/preview/book/isbn/9781785360022.

Cotula, Lorenzo (2010). Investment contracts and sustainable development: How to make contracts for fairer and more sustainable natural resources investments. International Institute for Environment and Development (IIED). United Kingdom.

Daniel, Kobina Egyir and Xavier Forneris (2010). *Investment law reform: A handbook for investment practitioners*. June. Investment Climate Advisory Services of the World Bank Group. Washington, D.C.:The World Bank Group. Available from http://documents.worldbank.org/curated/en/306631474483143823/Investment- law-reform-a-handbook-for-development-practitioners.

Dhar, Biswajit, RejiJoseph andJames T.C. (2012). India's bilateral investment agreements: time to review. *Economic & Political Weekly*, vol. XLVII, No. 52,29 December.

Gibson, Christopher S. (2009). A look at the compulsory license in investment arbitration: the case of indirect expropriation. Legal studies research paper series research paper 09-32. July 1. Suffolk University Law School.

Guimón, José (2008). Government strategies to attract R&D intensive FDI. Session 2.1.: International investment and innovation. Paper prepared for the OECD Global Forum on International Investment, 27-28 March 2008. Available from http://www.oecd.org/investment/globalforum/40310856.pdf.

Griffin, Carlos Roberto, Celia Ortega Sotes and RobertWhyte (2011). Investment regulation and promotion: can they coexist in one body? *Investment climate in practice*, No. 16.Investment Climate Advisory Services. March. Washington, D.C.:World Bank.. Available from http://documents.worldbank.org/curated/en/832851474483734837/Investment-regulation-and-promotion-can-they-coexist-in-one-body.

Hobér Kaj (2010). Investment arbitration and the Energy Charter Treaty.*Journal of International Dispute Settlement,*vol. 1, Issue No. 1, pp. 153-190. Available from http://intl-jids.oxfordjournals.org/content/1/1/153.full.pdf+html.

Hodgson, Stephen, Cormac Cullinanand Karen Campbell(1999). Land ownership and foreigners: A comparative analysis of regulatory approaches to the acquisition and use of land by foreigners. *Food and Agricultural Organization (FAO)Legal Papers,* No. 6. December. EnAct International. FAO. Available from http://www.fao.org/fileadmin/user_upload/legal/docs/lpo6.pdf.

Hufbauer, Gary and Sherry Stephenson(2014).The case for a framework agreement on investment. *Columbia FDI Perspectives*, No. 116. 3 March 2014. Vale Columbia Center on Sustainable International Investment.

Joubin-Bret, Anna and Cristian R. Chiffelle(2016). G20 Guiding Principles for global investment policymaking: A stepping stone for multilateral rules on investment. ICTSD and World Economic Forum. The E15 Initiative. White Paper January 2017. Available fromhttp://e15initiative.org/publications/g20-guiding- principles-for-global-investment-policymaking-a-stepping-stone-for-multilateral-rules-on-investment.

Karl, Joachim (2014). The "spaghetti bowl" of IIAs: The end of history?. *Columbia FDI Perspectives,* No. 115. February. Vale Columbia Center on Sustainable International Investment. Available from http://ccsi.columbia.edu/files/2013/10/No-115-Karl-FINAL.pdf.

Kaufmann-Kohler, Gabrielle and Michele Potestà (2016). *Can the Mauritius Convention serve as a model for the reform of investor-State arbitration in connection with the introduction of a permanent investment tribunal or an appeal mechanism? Analysis and roadmap.* Geneva Center for International Dispute Settlement. 3 June. Available from http://www.uncitral.org/pdf/english/CIDS_Research_Paper_Mauritius.pdf.

Lesher, Molly and Sébastien Miroudot (2007). The economic impact of investment provisions in regional trade agreements. *Aussenwirtschaft,* vol. 62, Issue 02, June, pp. 193-232. Available from http://search.proquest.com/docview/220840116?pq-origsite=gscholar.

Mann, Howard and others (2005). *IISD model international agreement on investment for sustainable development.* International Institute for Sustainable Development. April. Available from https://www.iisd.org/pdf/2005/investment_model_int_handbook.pdf.

Mercurio, Bryan (2011). The untapped potential of investor-state dispute settlement involving intellectual property rights and expropriation in free trade agreements. *SSRN Electronic Journal.*April 2011. Available fromhttp://dx.doi.org/10.2139/ssrn.1806822.

Min, Byung S., SudeshMujumdar and Jong C.Rhim (2011). Bilateral investment treaties and foreign direct investment.*Global Business and Finance Review.* Griffith Research Online. Available fromhttps://research-repository.griffith.edu.au/bitstream/handle/10072/41281/70462_1.pdf.

Neumayer, Eric and Laura Spess(2005). *Do bilateral investment treaties increase foreign direct investment to developing countries?* London:LSE Research online. Available fromhttp://eprints.lse.ac.uk/627/1/World_Dev_%28BITs%29.pdf.

Nicholson, Michael. W. (2007). The impact of industry characteristics and IPR policy on foreign direct investment.*Review of World Economics*, vol. 1, Issue No.1,April, pp. 27-54.

Nunnenkamp, Peter and Julius Spatz (2004). Intellectual property rights and foreign direct investment: A disaggregated analysis.*Review of World Economics,*vol. 140, Issue No. 3, September, pp. 393-414.

Organisation for Economic Co-operation and Development (OECD) (2010). *Investment policy review Indonesia.*Paris. Available from http://www.oecd.org/investment/investmentfordevelopment/indonesia-investmentpolicyreview-oecd.htm.

______ (2012). *Investment policy review Kazakhstan.* Paris. Available from http://www.oecd.org/countries/kazakhstan/kazakhstan-investmentpolicyreview- oecd.htm.

Pohl, Joachim, KekeletsoMashigo and AlexisNohen (2012). Dispute settlement provisions in international investment agreements: A large sample survey.OECD Working Papers on

International Investment. 2012/02. Paris:OECD Publishing. Available from https://www.oecd.org/investment/investment-policy/WP-2012_2.pdf.

Roberts, Anthea (2014). State-to-state investment treaty arbitration: A hybrid theory of interdependent rights and shared interpretive authority. *Harvard International Law Journal,*vol. 55, Issue No. 1(Winter). Available from http://www.harvardilj.org/wp-content/uploads/Roberts.pdf.

Sader, Frank (2002). Promoting investment and trade. How different are these functions? *Investment Promotion Toolkit.* Foreign Investment Advisory Services (FIAS). September. Available from https://www.wbginvestmentclimate.org/toolkits/investment-generation-toolkit/upload/FIAS-FDI_vs-Export-Promotion.pdf.

Sauvant, Karl P. and LisaSachs, Editors (2009). *The effect of treaties on foreign direct investment: Bilateral investment treaties, double taxation treaties and investment flows.* Columbia University. New York:Oxford University Press. Available from http://works.bepress.com/karl_sauvant/15.

Sauvant, Karl P. (2016). The evolving international investment law and policy regime: Ways forward. *E15 Task Force on Investment Policy – Policy Options Paper.* E15 Initiative. Geneva: International Centre for Trade and Sustainable Development (ICTSD) and World Economic Forum. Available from http://works.bepress.com/karl_sauvant/428.

Subedi, Surya P. (2012). *International investment law: Reconciling policy and principle.* Second edition. Oxford and Portland (Oregon):Hart Publishing.

Sirr, Gordon, John Garvey and Liam A. Gallagher (2017). Bilateral investment treaties and foreign direct investment: Evidence of asymmetric effects on vertical and horizontal investments. *Development Policy Review*, vol. 35, Issue No. 1, January, pp. 93–113.

Sun, Xiaolun (2002). How to promote FDI? The regulatory and institutional environment for attracting FDI. Prepared by the Foreign Investment Advisory Service for the Capacity Development Workshops and Global Forum on Reinventing Government on Globalization, Role of the State and Enabling Environment.Available from http://unpan1.un.org/intradoc/groups/public/documents/un/unpan006349.pdf.

United Nations Conference on Trade and Development (UNCTAD) (2004). *International investment agreements: key issues*, Volumes I, II and III. New York and Geneva:United Nations. Available fromhttp://unctad.org/en/Docs/iteiit200410_en.pdf; http://unctad.org/en/docs/iteiit200410v2_en.pdf; and http://unctad.org/en/Docs/iteiit200410v3_en.pdf.

______ (2009). *The role of international investment agreements in attracting foreign direct investment to developing countries*. UNCTAD series on international investment policies for development. New York and Geneva:United Nations. Available from http://unctad.org/en/pages/PublicationArchive.aspx?publicationid=432.

______ (2012). *World Investment Report 2012. Towards a new generation of investment policies.* New York and Geneva:United Nations. Available from http://unctad.org/en/pages/PublicationWebflyer.aspx?publicationid=171.

______ (2013a). *Bangladesh Investment Policy Review*. New York and Geneva:United Nations. Available from http://unctad.org/en/PublicationsLibrary/diaepcb2013d4_en.pdf.

______ (2013b). Optimizing government services: A case for joint investment and trade promotion? *IPA Observer,*No.1. Available from http://unctad.org/en/PublicationsLibrary/webdiaepcb2013d1_en.pdf.

______ (2014). The impact of international investment agreements on foreign direct investment: an overview of empirical studies 1998–2014. IIA Issues Note. September. Available from http://investmentpolicyhub.unctad.org/Upload/Documents/unctad-web-diae-pcb-2014-Sep%2024.pdf.

______ (2015a). *Investment policy framework for sustainable development.* Available from http://investmentpolicyhub.unctad.org/Upload/Documents/FINAL_WEB_POLICY_FRAMEWORK_30_NOV_2015.pdf.

______ (2015b). *World Investment Report 2015: Reforming international investment governance.* New York and Geneva:United Nations. Available from http://unctad.org/en/PublicationsLibrary/wir2015_en.pdf.

______ (2016a). Investment laws: A widespread tool for the promotion and regulation of foreign investment.*Investment Policy Monitor.* November 2016. Special issue. Available from http://unctad.org/en/PublicationsLibrary/webdiaepcb2016d5_en.pdf.

______ (2016b). Investor-state dispute settlement: Review of developments in 2015.*IIA Issues Note No.2.* June. Available from http://unctad.org/en/PublicationsLibrary/webdiaepcb2016d4_en.pdf.

______ (2016c). *World Investment Report 2016. Investor nationality: Policy challenges.* New York and Geneva:United Nations. Available from http://unctad.org/en/PublicationsLibrary/wir2016_en.pdf.

World Bank (2010). *Investing across borders 2010.* Washington, D.C.:The World Bank Group. Available from http://iab.worldbank.org/~/media/FPDKM/IAB/Documents/IAB-report.pdf.

Zekos, Georgios I. (2013). Interrelation of intellectual property rights and competitiveness: FDI inwards and outwards. *Journal of Intellectual Property Rights*,vol. 18,July, pp. 338-350. Available from http://nopr.niscair.res.in/bitstream/123456789/20288/1/JIPR%2018%284%29%20338-350.pd

t cef
5

# 5 စွမ်းဆောင်ရည်လိုအပ်ချက်များ၊ ခံစားခွင့်များနှင့် အထူးစီးပွားရေးဇုန်များ

## (က) စွမ်းဆောင်ရည်လိုအပ်ချက်များ (Performance Requirements)

### ၁။ စွမ်းဆောင်ရည် လိုအပ်ချက်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ အကြောင်းရင်းခံများနှင့် ရည်မှန်းချက်များ

စွမ်းဆောင်ရည် လိုအပ်ချက်များဆိုသည်မှာ “ရင်းနှီးမြှုပ်နှံသူများက အိမ်ရှင်နိုင်ငံ အတွင်း လုပ်ငန်းလည်ပတ်ရာတွင် ချမှတ်ထားသော မျှော်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်ပေးရမည့် အချက်များ” ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည် (UNCTAD, 2003)။ စွမ်းဆောင်ရည် လိုအပ်ချက်များသည် ဖွံ့ဖြိုးရေးရည်မှန်းချက်များစွာ တိုးတက်လာစေရေးအတွက် ရှိရမည့်ကိစ္စရပ်များအဖြစ် ထားရှိရခြင်း ဖြစ်သည်။ အဆိုပါလိုအပ်ချက် များမှာ ကုန်သွယ်ရေးမူဝါဒ၊ စိစစ်ရေးစနစ်များနှင့် ခံစားခွင့်မက်လုံးများ အပါအဝင် အခြားသောမူဝါဒဆိုင်ရာ အထောက်အပံ့များနှင့် ချိတ်ဆက် အသုံးပြုလေ့ ရှိပါသည်။ အဆိုပါ စွမ်းဆောင်ရည် လိုအပ်ချက်များတွင် FDI များ စတင်ဝင်ရောက် လာချိန်မှစ၍ နောက်ဆက်တွဲ တိုးချဲ့ခြင်း သို့မဟုတ် အချို့သော ခံစားခွင့်များ (ဥပမာ။ ။ မက်လုံးများ) သတ်မှတ်ပြဋ္ဌာန်း ပေးသည့် အခြေအနေ တစ်ရပ်အဖြစ် ရင်းနှီးမြှုပ်နှံမှု၏ ရှုထောင့် အားလုံး ပါဝင်နိုင်ပါသည်။ မကြာသေးမီ ကာလအတွင်း နိုင်ငံခြားရပ်ခြားသို့ သွားရောက်ရင်းနှီးမြှုပ်နှံသည့်အခါ မဖြစ်မနေ လိုက်နာရမည့် လိုအပ်ချက်များ အနေဖြင့် မဟုတ်တော့ဘဲ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့် မက်လုံးများနှင့် ချိတ်ဆက်ထားသည့် လိုအပ်ချက်များအဖြစ် ပိုမို အလေးထားဖော်ဆောင်လာသည်ကို တွေ့မြင်ရသည်။ (Chaisse, 2016a)။

FDI မှတဆင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် စွမ်းဆောင်ရည် လိုအပ်ချက်များကို သတ်မှတ်ထားလေ့ရှိကြသည်။ အဆိုပါလိုအပ်ချက်များအားဈေးကွက် သို့မဟုတ် မူဝါဒ ပိုင်းဆိုင်ရာ ကျရှုံးမှုများကို ကုစားရန်၊ သတင်းအချက်အလက် မညီမျှမှုများကို ဖြေရှင်းရန်နှင့် အမျိုးသား လုံခြုံရေးကို ကာကွယ်ရန် သို့မဟုတ် FDI ကြောင့် ဖြစ်ပေါ်လာမည့် ထိန်းချုပ်ခြယ်လှယ်သည့် စီးပွားရေး အလေ့အထ များ (restrictive business practices) ကဲ့သို့သော ဘေးထွက် ဆိုးကျိုးများ (negative externalities) ကို ကာကွယ်တားဆီးရာတွင် အသုံးပြုနိုင်ပါသည်။ စွမ်းဆောင်ရည် လိုအပ်ချက်များ၏ ထိရောက် အသုံးဝင်မှုနှင့် စပ်လျဉ်းသည့် အထောက်အထားများမှာမူ ရောထွေး နေပါသည်။ အချို့က စွမ်းဆောင်ရည် လိုအပ်ချက်များသည် ဖွံ့ဖြိုးရေးအတွက် ထိရောက်အားကောင်းသည့် မူဝါဒဆိုင်ရာ ကိရိယာများ ဖြစ်သည်ဟု ဆိုကြသော်

လည်း အချို့ကမူ ၎င်းတို့သည် ဖွံ့ဖြိုးရေးအပေါ် အထောက်အကူပြုမှု နည်းပါးကြောင်း သို့မဟုတ် အထောက်အကူပြုမှု မရှိကြောင်း၊ မလိုလားအပ်သည့် ဆိုးကျိုးများကိုပင် ဖြစ်စေနိုင်ပြီး FDI များကို တွန့်ဆုတ်သွားစေနိုင်ကြောင်းသုံးသပ်ပြောဆိုကြသည် (အောက်ပါ အပိုင်း ၂ ကို ကြည့်ရှုပါ)။

စွမ်းဆောင်ရည် လိုအပ်ချက်များ၏ ရည်ရွယ်ချက်များအား အောက်ပါအတိုင်း ခွဲခြား သတ်မှတ် နိုင်ပါသည် (အဆိုပါ ရည်ရွယ်ချက်များသာမကဘဲ အခြားသော ရည်ရွယ်ချက်များလည်း ရှိနိုင်ပါသည်)။

- ကုန်ထုတ်လုပ်မှု (industrial base) ခိုင်မာအားကောင်းစေရေးနှင့် ပြည်တွင်း တန်ဖိုးမြင့် ထုတ်ကုန်များ တိုးပွားလာစေရေး
- ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး
- (TNC များနှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများကြား) ချိတ်ဆက်မှု အားကောင်းလာစေရေး
- ပို့ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး နှင့် စွမ်းဆောင်ရည် ကောင်းမွန်လာစေရေး
- ကုန်သွယ်မှု ချိန်ခွင်လျှာ ညီမျှမှုရှိစေရေး
- ဒေသအဆင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး
- နည်းပညာများ လွှဲပြောင်းလက်ခံရရှိရေး
- ထိန်းချုပ်ခြယ်လှယ်သည့် စီးပွားရေးလုပ်ငန်းအလေ့အထများအား ရှောင်ကြဉ်ရေး
- စီးပွားရေးအကျိုးကျေးဇူးများ (rents) ထွက်ပေါ်ရေးနှင့် ခွဲဝေခံစားမှုရှိရေး
- နိုင်ငံရေးအမှီအခိုကင်းရှင်းရေး နှင့် နိုင်ငံရေးအာဏာ ခွဲဝေပေးရေးတို့ကဲ့သို့သော စီးပွားရေးနှင့်မသက်ဆိုင်သည့် ရည်မှန်းချက်များ (UNCTAD, 2003)

အတွေ့ရများသည့် စွမ်းဆောင်ရည်လိုအပ်ချက် ဥပမာများမှာ

- ကုန်သွယ်ရေးနှင့်သက်ဆိုင်သည့် လိုအပ်ချက်၊ သတ်မှတ်ချက်များ၊ ဥပမာ - ဒေသတွင်း ကုန်ကြမ်းများ အသုံးပြုမှု (local content)၊ ပို့ကုန်တင်ပို့မှု ပမာဏ (export performance)၊ သွင်းကုန်ကန့်သတ်ချက်များ၊
- ဖက်စပ်လုပ်ငန်း/ပိုင်ဆိုင်မှု နှင့် ပိုင်ဆိုင်မှုရှယ်ယာ လိုအပ်ချက်များ၊
- အလုပ်ခန့်ထားမှုဆိုင်ရာ သတ်မှတ်ချက်များ၊ ဥပမာ - ဒေသခံလုပ်သားများ၊ မန်နေဂျာများ မဖြစ်မနေ ခန့်အပ်ရန် လိုအပ်ချက်ရှိခြင်း၊
- သင်တန်းပို့ချမှု၊ လေ့ကျင့်သင်ကြားပေးမှုလိုအပ်ချက်များ - ဒေသခံ၊ ပြည်တွင်းဝန်ထမ်းများအား မဖြစ်မနေ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ချက်၊
- နည်းပညာ လွှဲပြောင်းပေးအပ်မှုဆိုင်ရာ သတ်မှတ်ချက်များ
- သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု
- စီးပွားရေးလုပ်ငန်းစုများ၏ ရုံးချုပ်များ တည်ထောင်ထားရှိရန် လိုအပ်ချက် လူထုအကျိုးပြုလုပ်ငန်းများ၊ CSR နှင့် နစ်နာကြေးပေးအပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များတို့ ဖြစ်ကြပါသည်။

စွမ်းဆောင်ရည် လိုအပ်ချက်များအား ဇယား ၅.၁ တွင် ပိုမို ပြည့်စုံစွာ အမျိုးအစားအလိုက် ခွဲခြား ဖော်ပြ ထား ပါသည်။

Table ၅.၁ လုပ်ဆောင်မှုလိုအပ်ချက်အမျိုးအစားများ

| အမျိုးအစားများ | လုပ်ဆောင်မှုလိုအပ်ချက်များ |
|---|---|
| WTO (TRIMS) စာချုပ်အရ တားမြစ်ချက် အမျိုးအစား | • ပြည်တွင်းအခြေခံလိုအပ်ချက်များ<br>• ကုန်သွယ်ရေးဆိုင်ရာဟန်ချက်ညီမှုအတွက်လိုအပ်ချက်များ<br>• နိုင်ငံခြားငွေလဲလှယ်နှုန်းကန့်သတ်ချက်များ<br>• ပို့ကုန်ကန့်သတ်ခြင်း<br>• အရေအတွက် ကန့်သတ်ခြင်း<br>• နိုင်ငံအဆင့်စာချုပ်ကိုချိုးဖောက်သော လိုအပ်ချက်များ |
| နှစ်နိုင်ငံနှင့် ဒေသတွင်းအဆင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစာချုပ်များအရ တားမြစ်ခြင်း၊ မူတည်ခြင်း၊ စိတ်ပျက်စေခြင်း အမျိုးအစား | • ပြည်တွင်းပူပေါင်းပါဝင်မှုဖြင့် ဖက်စပ်လုပ်ငန်းများ တည်ထောင်နိုင်ရန် လိုအပ်ချက်များ<br>• ပြည်တွင်း မတည်ရင်းနှီးငွေထည့်ဝင်မှု အနည်းဆုံးအဆင့် လိုအပ်ချက်များ<br>• သီးခြားသက်ဆိုင်သည့်ဒေသတွင် TNC ၏ ရုံးချုပ်များ ထားရှိရန် လိုအပ်ချက်များ<br>• လုပ်သား လိုအပ်ချက်များ<br>• ပြည်ပပို့ကုန် လိုအပ်ချက်များ<br>• ထုတ်လုပ်သော (သို့) ဖြည့်ဆည်းခံရသော နယ်မြေဒေသတွင် ရောင်းချသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအပေါ် ကန့်သတ်ချက်များ<br>• ပေးထားသောနယ်မြေဒေသမှ သက်ဆိုင်ရာဒေသသို့ ကုန်နှင့် ဝန်ဆောင်မှုထောက်ပံ့ပေးရန် လိုအပ်ချက်များ<br>• ကုန်နှင့် ဝန်ဆောင်မှုရောင်းချသူများဆောင်ရွက်ရန် လိုအပ် ချက်များ<br>• နည်းပညာ၊ ထုတ်လုပ်ပုံအဆင့်၊ အခြားကိုယ်ပိုင် ဗဟုသုတ လွှဲပြောင်းပေးရန် လိုအပ်ချက်များ<br>• သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ<br>• ပြည်တွင်းရောင်းချသူများမှ ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် လိုအပ်သည့် ရင်းနှီးသွင်းအားစုများ အနည်းဆုံးလိုအပ်ချက် |
| မကန့်သတ်သောအမျိုးအစား | • အခြားလုပ်ဆောင်မှု လိုအပ်ချက်များ (ဥပမာ သင်တန်း ပေး ခြင်း၊ CSR၊ မတည်ငွေ မဖြစ်မနေ ရင်းနှီးမြှုပ်နှံခြင်းများ) |

*Source:* UNCTAD (2003).

## ၂။ စွမ်းဆောင်ရည်လိုအပ်ချက်များ အလုပ်ဖြစ်၊ မဖြစ်

စွမ်းဆောင်ရည်လိုအပ်ချက်များအသုံးပြုမှုနှင့် အကျိုးသက်ရောက်မှုသည် FDI အား ဖွံ့ဖြိုးတိုးတက်မှု အတွက် မည်သို့ရှုမြင်မှုနှင့် ဆက်စပ်နေပါသည်။ မည်သို့ပင်ဖြစ်စေ စွမ်းဆောင်ရည် လိုအပ်ချက်များအား ဈေးကွက်မအောင်မြင်မှုကို ဖြေရှင်းပေးနိုင်သည့် နည်းလမ်းများအဖြစ် သုံးသပ်နိုင်ပါသည်။ သို့ရာတွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များရှိခြင်းကြောင့် ကုမ္ပဏီများအား အဆိုပါ သတ်မှတ်ချက်များ မရှိသည့်အခါတွင် လုပ်ငန်းဆောင်ရွက်မည့် ပုံစံနှင့် ကွဲပြားစွာ ဆောင်ရွက်စေပြီး ဈေးကွက်အား ပုံစံပြောင်းလဲပစ်နိုင်သည့် စွမ်းရည်ရှိပါသည် (Collins, ၂၀၁၅)။ လက်တွေ့တွင် စွမ်းဆောင်ရည်လိုအပ်

ချက်များ၏ အကျိုးသက်ရောက်မှု အထောက်အထားများအား အတိအကျ ဖော်ပြနိုင်ရန် ခက်ခဲပြီး အကျိုးသက်ရောက်မှုများသည် အခြေအနေပေါ် မူတည်တတ်ပါသည်။ ယေဘုယျအားဖြင့် စွမ်းဆောင်ရည်လိုအပ်ချက်များ ချမှတ်ထားသည့် နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုစတင်လုပ်ဆောင်ရန် ဝန်းကျင်ကောင်း မရှိသည့်နိုင်ငံများ ဖြစ်လေ့ရှိပြီး ရင်းနှီးမြှုပ်နှံသူများက စွမ်းဆောင်ရည် လိုအပ်ချက်များအား အပိုအဟန့်အတားတစ်ရပ် အဖြစ်ရှုမြင်ကြသည်။ ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ရှိသော နိုင်ငံများတွင် အမျိုးသားအဆင့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းဆိုင်ရာမူဘောင်များနှင့် ပြည်တွင်း စီးပွားရေး လုပ်ငန်းများ၏ အရည်အသွေးတို့သည် FDI က ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမှန်တကယ် အထောက်အကူပြုဖြစ်စေသောကြောင့် စွမ်းဆောင်ရည်လိုအပ်ချက်များ ချမှတ်ကျင့်သုံးရန် မလိုအပ်ပေ။ သို့ရာတွင် စွမ်းဆောင်ရည်လိုအပ် ချက်များအား မက်လုံးများ ရရှိနိုင်ရန်ထားရှိသည့် အခြေအနေတစ်ရပ်အဖြစ် သတ်မှတ်ကျင့်သုံးနိုင်ပြီး စွမ်းဆောင်ရည်လိုအပ်ချက်များနှင့် ခံစားခွင့်မက်လုံးများသည် အပြန်အလှန် ပိုမိုချိတ်ဆက်လာပါသည် (Collins, 2015)။

စွမ်းဆောင်ရည်လိုအပ်ချက်အသီးသီးနှင့် စပ်လျဉ်းသည့်အကျိုးသက်ရောက်မှု အထောက် အထားများမှာလည်း ကွဲပြားလျက်ရှိသည်။ သို့ရာတွင် ယေဘုယျအားဖြင့် ဆန့်ကျင်ဘက်သဘောသို့ ဦးတည်လာနေပါသည်။ အဆိုပါ နယ်ပယ်အပေါ် ပြုစုထားသည့် သုတေသနအများစုမှာ ခေတ်နောက်ကျနေပြီဖြစ်သည်။ UNCTAD (၂၀၀၃) အတွင်း အချို့သော လေ့လာချက်များက "သတင်း အချက်အလက်အချိုးမညီမှုများ နှင့် အခြားသော ဈေးကွက် မအောင်မြင်မှုများကို ကျော်လွှားနိုင်ရန်အတွက် TNC များအား ဒေသတွင်း ကုန်ကြမ်းပစ္စည်းများကို အသုံးပြုရန်၊ လိုင်စင်မရရှိ နိုင်သည့် ဒေသခံ ကုန် ထုတ်လုပ်သူများအား လိုင်စင်ထုတ်ပေးရန်၊ အခြေတည်စ ဒေသတွင်းစွမ်းရည်များကို ဖော်ထုတ်သတ်မှတ်ရန်နှင့် ယင်းတို့အား နည်းစနစ်များနှင့် နည်းပညာများ ထောက်ပံ့ပေးရန် ဒေသတွင်း ကုန်ကြမ်းပစ္စည်းများဆိုင်ရာ သတ်မှတ်ချက်များအား ထိရောက်အောင်မြင်စွာ အသုံးပြုနိုင်ခဲ့သည်။" ဟု ဖော်ပြထားပါသည်။

အခြားသော လေ့လာမှုများအရ ပြည်တွင်း ကုန်ကြမ်းပစ္စည်းများ သုံးစွဲရန် လိုအပ်ချက် (local content requirements) သည် ကုန်ကျစရိတ်ပိုပြီး ထိရောက်မှုမရှိသည့် မူဝါဒနည်းလမ်း တစ်ရပ်ဖြစ်ကြောင်း ဖော်ညွှန်းနေသည်။ ဥပမာအားဖြင့် ပြည်တွင်းကုန်ကြမ်းပစ္စည်းများသုံးစွဲရန် လိုအပ်ချက်အားနိုင်ငံခြားရင်းနှီး မြှုပ်နှံသူများအပေါ် ကန့်သတ်လွန်းသည့် ဈေးကွက်များတွင် အသုံးပြုလေ့ရှိပြီး "၎င်းတို့ကြောင့် ကုန်ကျစရိတ်များလာသည်သာမက သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံတွင် နိုင်ငံစုံကော်ပို ရေးရှင်းများဝင်ရောက်လာစေရန် ဆွဲဆောင်စဉ် သက်တမ်းနုလုပ်ငန်းကဏ္ဍကို အကာအကွယ်ပေးသည့် နည်းဗျူဟာ (infant industry tactic) အတွက်လည်း ထိရောက်မှု မရှိတတ်ပေ။[…] အကာအကွယ် ပေးထားသည့်/ကန့်သတ်ထားသည့် ဈေးကွက်များ (protected markets) တွင် ပြည်တွင်း ကုန်ကြမ်းများ သုံးစွဲရန်လိုအပ်ချက်များစွာ ပြဋ္ဌာန်းထားခြင်းသည် မလိုလားအပ်သော နိုင်ငံရေးဆိုင်ရာဘောဂဗေဒ တစ်ရပ်ကိုဖြစ်ပေါ်စေသည်။ အကြောင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပြည်တွင်းမှ လုပ်ငန်းရှင် အင်အားစုများနှင့် ပူးပေါင်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖြေလျှော့မှုများ ထပ်မံမပြုလုပ်နိုင်အောင် ကန့်ကွက်လာကြသည်။" ဟူ၍ Moran (1998) တွင် ဖော်ပြခဲ့သည်။ Moran ၏ လေ့လာမှုတွင် မော်တော်ယာဉ်ကဏ္ဍ၊ ရေနံဓာတုကဏ္ဍနှင့် ကွန်ပျူတာကဏ္ဍများ ပါဝင်သည်။

သို့ရာတွင် မဟာဗျူဟာ စဉ်းစားချက်ဖြင့် တည်နေရာတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက ဆုံးဖြတ်ချက်ချသည့်အခါမျိုးတွင် ပြည်တွင်းကုန်ကြမ်းများ အသုံးပြုရန် လိုအပ်ချက်မှာ မရည်ရွယ်ထားသော ကောင်းကျိုးသက်ရောက်မှု ထွက်ပေါ်စေနိုင်ပါသည်။ ဥပမာအားဖြင့် ပြည်တွင်းကားပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဂျပန် မော်တော်ယာဉ် လုပ်ငန်းများအပေါ် ထိုင်းအစိုးရမှ ဒေသတွင်းကုန်ကြမ်းအသုံးပြုမှု လိုအပ်ချက်ကို ထည့်သွင်းခဲ့သည့်အခါ ဂျပန်နိုင်ငံမှ ကားပစ္စည်းပေးသွင်းသူများက ထိုင်းနိုင်ငံသို့ FDI အနေဖြင့် ဝင်ရောက်လာပြီး သတ်မှတ်အရည်အသွေးအတိုင်း ကားပစ္စည်းများကို ထိုင်း SME များ မယှဉ်နိုင်သည့် ဈေးနှုန်းများဖြင့် ပေးသွင်းလာကြသည်(ITC, 2010; Techakanont, 2011)။ ထိုင်းအစိုးရ၏ ရည်ရွယ်ချက်မှာ ဒေါင်လိုက်ချိတ်ဆက်မှုများ (vertical backward linkages)ဖန်တီးပေးခြင်းဖြင့် ပြည်တွင်း SME များ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သော်လည်း အဆိုပါ ရည်ရွယ်ချက်မှာ အထမမြောက်ခဲ့ပေ။ သို့ရာတွင် ဂျပန်နိုင်ငံ ၏ FDI စီးဝင်မှုကို များပြားလာစေပြီး ဂျပန် နှင့် ထိုင်း SME များအကြား ဖက်စပ်လုပ်ငန်းအနည်းငယ် ပေါ်ပေါက်လာခဲ့ပြီး(အလျားလိုက် ချိတ်ဆက်မှုများ) (horizontal linkages) ဖြစ်ပေါ်လာခဲ့သည့်တိုင် အဆိုပါမူဝါဒမှ ကောင်းကျိုးသက်ရောက်မှုများ ရှိနေပါသေးသည်။ အိန္ဒိယနိုင်ငံတွင် အမှတ်တံဆိပ် ပေါင်းစုံပါဝင်သော လက်လီလုပ်ငန်းပိုင်း FDI များအတွက် ဖြေလျှော့ပေးခဲ့ရာတွင် ပြည်တွင်း ကုန်ကြမ်း ပစ္စည်းများပါဝင်ရန် သတ်မှတ်ချက်များသည် အဆိုပါ ကဏ္ဍအတွင်းသို့ FDI များ ပိုမိုဝင်ရောက်လာခြင်း မရှိခဲ့ပေ (အကွက် ၅.၁)။ သို့ရာတွင် ဗီယက်နမ် နိုင်ငံတွင်မူ ဒေသတွင်း ကုန်ကြမ်းပစ္စည်းအသုံးပြုမှု လိုအပ်ချက် ထားရှိခြင်းကြောင့် ကောင်းကျိုးရလဒ်များ ရရှိခဲ့သည် (အကွက် ၅.၂)။ တရုတ်နိုင်ငံတွင် ဒေသတွင်းကုန်ကြမ်း များအသုံးပြုရေးနှင့် နည်းပညာ လွှဲပြောင်းပေးရေး ဆိုင်ရာ သတ်မှတ်ချက်များကိုများစွာ အသုံးပြုခဲ့ခြင်းဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ ထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည် (Mazzucato, ၂၀၁၅)။ အကျိုးအမြတ်များစွာ ရရှိနိုင်သည့် ဈေးကွက်အတွင်း လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးအတွက် ရင်းနှီးမြှုပ်နှံ သူများက အဆိုပါ သတ်မှတ် ချက်များကို လက်ခံနိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ပို့ကုန်သတ်မှတ်ချက်များ (export performance requirements)နှင့်စပ်လျဉ်း၍ အပြုသဘော အထောက်အထားများ ပိုမိုတွေ့ရှိရသည်ဟု Moran က ဆိုပါသည်။ အထူးသဖြင့် (အထက်တွင် ဖော်ပြခဲ့သည့် ကဏ္ဍသုံးခုနှင့်စပ်လျဉ်း၍) ပို့ကုန်သတ်မှတ်ချက်များ ထားရှိခြင်းကြောင့် TNC များအနေဖြင့် နိုင်ငံတကာမှ ကုန်ကြမ်းများရယူရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးစနစ် ကူးပြောင်း နေသည့် နိုင်ငံများမှ တည်နေရာများကို ထည့်သွင်းပေါင်းစပ်ရန် တွန်းအားတစ်ရပ် ဖြစ်စေသည်ဟု Moran က တွေ့ရှိခဲ့သည်။ ပို့ကုန်သတ်မှတ်ချက်များသည် မလေးရှားနိုင်ငံ၏ အီလက်ထရောနစ်ပစ္စည်း အစိတ်အပိုင်းများ ပိုမိုတင်ပို့နိုင်ရန် အထောက်အကူ ဖြစ်စေခဲ့သည့်အတွက် မလေးရှားနိုင်ငံ၏ အပြုသဘော ဆောင်သည့် အတွေ့အကြုံကို UNCTAD (2003) တွင် ကိုးကား ဖော်ပြခဲ့သည်။ အခြားတစ်ဖက်မှ ကြည့်မည်ဆိုလျှင် ပို့ကုန်သတ်မှတ်ချက်များ မရှိပါကလည်း ပို့ကုန်လုပ်ငန်းများ လုပ်ဆောင်မည့် TNC များသည် မက်လုံးများနှင့်/ သို့မဟုတ်Economic Processing Zone (EPZ) များတွင် အခြေခံ အဆောက်အဦများ ထောက်ပံ့ပေးနိုင်ပါက အဆိုပါ တည်နေရာများအား ရွေးချယ်မည်ဖြစ်သည်။ တစ်နည်းဆိုသော် TNC များသည် သတ်မှတ်ချက်များ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အဆိုပါ တည်နေရာ များကို ရွေးချယ်မည်ဖြစ်သည်။ ထို့ပြင် ပို့ကုန် သတ်မှတ်ချက်များ မထားရှိလျှင်ပင် TNC များအနေဖြင့် ပို့ကုန်တင်ပို့ရန်လိုအပ်မှုမျှော်မှန်းချက်များနှင့် ကိုက်ညီနေနိုင်ပါသည်။ မည်သို့ပင် ဖြစ်စေကာမူ ပို့ကုန်သတ်မှတ်ချက်များသည် ဈေးကွက်အတွင်းရှိ ဝယ်လိုအားနှင့် ရောင်းလိုအား၊

နိုင်ငံ တကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို အနှောင့်အယှက်ဖြစ်စေပြီး အရင်းအမြစ်များကို အကျိုး မရှိသည့် ဘက်တွင်သုံးစွဲသွားစေနိုင်သောကြောင့် ပို့ကုန်တင်ပို့ရန်လိုအပ်မှု သတ်မှတ်ချက်များ (export performance requirements) ယခုအခါတွင် WTO နှင့် IIA များစွာတို့တွင် တားမြစ်ထားပါသည်။

## Box ၅.၁ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအမျိုးအစားစုံ လက်လီရောင်းဝယ်မှု အခြေခံလိုအပ်ချက်များ

အိန္ဒိယနိုင်ငံသည် မိရိုးဖလာအရ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် ကောင်းသည့်အမြင်မရှိခဲ့ပါ။ ရင်းနှီးမြှုပ်နှံမှုတွင် ဖြေလျှော့မှုများမှာလည်း နှေးကွေးခဲ့ပါသည်။ လတ်တလောနှစ်များတွင် အိန္ဒိယနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် ဆွဲဆောင်ခြင်း လမ်းစဉ်ကို ကျင်းသုံးလာခဲ့သည်။ လက်လီ ရောင်းချခြင်း နှင့် စပ်လျဉ်း၍အိန္ဒိယသည် ယေဘုယျအားဖြင့် အသေးစား၊ အလတ်စားကဏ္ဍတွင်ရှိသော ၎င်း၏ ပြည်တွင်း စက်မှုကဏ္ဍအား အကာအကွယ်ပေးသည်။၁၉၉၇ ခုနှစ်တွင် အလိုအလျောက် လမ်းကြောင်း အောက်ရှိ "ရှင်းပြီးယူ" လက်ကားစတိုးများအား ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဖြင့် အစိုးရမှ ခွင့်ပြုပေးခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အစိုးရ၏ ကြိုတင် ခွင့်ပြုချက်ရယူပြီးမှသာဆောင်ရွက်နိုင်သော အမျိုးအစား တစ်မျိုးတည်း လက်လီ ရောင်းချခြင်း လုပ်ငန်းအား ၅၁ ရာခိုင်နှုန်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဖြင့် ခွင့်ပြုပေးခဲ့သည်။၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အစိုးရသည် အမျိုးအစားတစ်မျိုးတည်း လက်လီရောင်းချခြင်းလုပ်ငန်းအား နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ပေးခဲ့သည်။ Walmart, Carrefour, နှင့် Tesco စသော ယင်းနောက်တွင်အမျိုးအစားစုံ လက်လီရောင်းချခြင်းလုပ်ငန်းအား ၅၁ ရာခိုင်နှုန်းနိုင်ငံခြားသားပိုင် ခွင့်ပြုပေးမည် ဟူသောထုတ်ပြန်ချက်အား ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ကြေညာခဲ့ပြီး အဆိုပါ ကြေညာချက်အရ လက်လီလုပ်ငန်းများ အကျုံးဝင်ခဲ့ပါသည်။ နှစ်ပေါင်းများစွာ နှောင့်နှေးခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင် အဆိုပါမူဝါဒ အသက်ဝင်ခဲ့သည်။ နောက်ကျနေရခြင်း၏ အဓိက အကြောင်းအရင်းမှာ လက်လီကုန်သွယ်ရေးအား နိုင်ငံခြားသားများ စိုးမိုးချယ်လှယ်မည်ကို စိုးရိမ်ခြင်းနှင့် အသေးစား၊ အလတ်စား ပြည်တွင်းစီးပွားရေး လုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ပြီး အလုပ်လက်မဲ့ပြဿနာနှင့် ဆင်းရဲနွမ်းပါးမှုကို ဆက်လက်ဖြစ်ပေါ် စေနိုင်သည် ဟူသော ပူပန်ခြင်းတို့ကြောင့် ဖြစ်သည်။

သို့သော်လည်း မူဝါဒများသည် ချည်နှောင်မှုများစွာဖြင့် ပေါ်ထွက်ခဲ့သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ၅၁ % အား အစိုးရ၏ခွင့်ပြုချက်ဖြင့်သာခွင့်ပြုပြီး အနည်းဆုံးရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၀၀၊ သုံးနှစ်အတွင်း ဖြန့်ဝေရေးစင်တာ၊ ဂိုထောင်၊ ထောက်ပံ့ပို့ဆောင်ရေး စသောအခြေခံလုပ်ငန်းများ တွင် ၅၀ % ပြန်လည် ရင်းနှီးမြှုပ်နှံခြင်း၊ အသေးစား စက်ရုံများမှ ရရှိသော ထုတ်ကုန်များအား ၃၀% အထိ မဖြစ်မနေဝယ်ယူရခြင်း စသော အခြေအနေများအား လိုက်နာနိုင်မှသာ ခွင့်ပြုမှုရရှိနိုင်မည်ဖြစ်သည်။ လူဦးရေတစ်သန်း (သို့) တစ်သန်းထက်ပိုသောမြို့များတွင်သာ ရင်းနှီးမြှုပ်နှံရန်ခွင့်ပြုသည်။ တစ်ချိန်တည်းတွင် ဒေသတစ်ခုချင်းစီ၌ မူဝါဒအကောင်အထည်ဖော်ခြင်းအား လက်ခံခြင်း (သို့) ငြင်းပယ်ခြင်းအတွက် အခွင့် အာဏာရှိသည်။ မူဝါဒကြောင့် အိန္ဒိယသို့ လက်လီလုပ်ငန်း ဝင်ရောက်လာခြင်းမရှိပေ။ မူဝါဒအား ဆန့်ကျင်ခဲ့သောလက်ရှိအစိုးရသည် ၎င်းအား ဆက်လက်ကျင့်သုံးခဲ့ပြီး လက်ရှိအခြေအနေအား အနည်းငယ် အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ခဲ့သည်။ဥပမာအားဖြင့် ယခုတွင် လူဦးရေတစ်သန်း အောက် လျော့နည်းသော မြို့များတွင် နိုင်ငံခြားလက်လီဆိုင် များဖွင့်ခွင့်ပြုသည်။ အခြေခံလိုအပ်ချက် များလည်း အနည်းငယ် လျော့ပေါ့ပေးခဲ့သည်။သို့သော် တစ်ချိန်တည်း၌ အစိုးရမှ နိုင်ငံခြားဖက်စပ် လုပ်ငန်း များ အား ပိုမိုတင်းကြပ်စွာ ထိန်းချုပ်ခဲ့သည်။

၂၀၁၃ ခုနှစ်မှစ၍ များစွာသောလေ့လာမှုများမှ လက်လီလုပ်ငန်းများအပေါ် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးခြင်းသည် အိန္ဒိယနိုင်ငံအတွက် အခက်ခဲမရှိကြောင်း ဖော်ပြ ခဲ့သည်။

စင်စစ်တွင်မူ ပိုမိုကောင်းမွန်သော အခြေခံ လုပ်ငန်းအဆောက်အအုံများ၊ စားသုံးသူများ အတွက် ပိုမို ကောင်းမွန်သော အရည်အသွေးမီ ထုတ်ကုန်၊ ပြည်တွင်းထောက်ပံ့မှုများမြင့်တင်ခြင်း၊ ပိုကောင်းသော ထောက်ပံ့ ပို့ဆောင်ရေးနှင့် လေလွင့်မှုလျော့နည်းသော အစားအစာထုတ်လုပ်မှုများအား နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ ဦးဆောင်ခဲ့သည်။အခြားနိုင်ငံများမှ အတွေ့အကြုံများအရ လက်လီလုပ်ငန်းတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းသည် mom-and-pop စတိုးများတွင် အငြင်းပွားမှုများ ရှိနိုင်သော်လည်း အတိုင်းအတာတစ်ခု ထိသာဖြစ်သည်(Reardon and other, 2012)။နိုင်ငံခြား Supermarket များသည် မြို့တွင်းထက် မြို့ပြင်များတွင်သာရှိလေ့ရှိပြီး ကွဲပြားသော စားသုံးသူအုပ်စုအား အာရုံထားခဲ့သည်။ 7-Eleven ကဲ့သို့ သေးငယ်သော Supermarket များတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အခန်းကဏ္ဍ သည် ချွင်းချက်ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ပြည်တွင်း ကုန်စုံဆိုင်များအနေဖြင့် ရပ်တည်နိုင်ရန်၊ ရေရှည်ရှင်သန်နိုင်ရန် ရုန်းကန် လှုပ်ရှားခဲ့ရပါသည်။

လက်လီနိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် အကျိုးအမြတ် ရရှိနိုင်ကြောင်း နားလည်ခြင်းဖြင့် ၎င်းသည် အိန္ဒိယအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် ဖြေလျော့ပေးခြင်းကိုလည်း သဘောပေါက်မြင်သာနိုင်ပါသည်။ သို့သော် အိမ်ယာ ကုန်ကျစရိတ် မြင့်မားခြင်းအခက်အခဲ တစ်ခုအဖြစ် ရှိနေပြီး အဆိုပါ အခက်အခဲကို ဖြေရှင်းရန် ကြိုးပမ်းခဲ့ပါသည်။ ထိုကဲ့သို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်းကျပ်မှုသည် အစိုးရမူဝါဒနှင့်သွေဖည်နေသည်။ သွင်းကုန်ထက်ဈေးပေါသော ပြည်တွင်းထုတ်ကုန်ပစ္စည်းများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ လိုအပ်သော အရည်အသွေးအတိုင်း ထုတ်လုပ်နိုင်လျှင် ပြည်တွင်း ရောင်းချသူများမှာ ၎င်းတို့၏ ဤရင်းအမြစ်အဖြစ် အလိုလို ရောက်ရှိသွားမည်ဖြစ်သည်။ သို့သော် ပြည်တွင်းရောင်းချသူများမှာ အရည်အသွေးမပြည့်မီလျှင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ကမ္ဘာ့အဆင့် ကုန်ပစ္စည်း တံဆိပ်နာမည်ဂုဏ်သတင်းအတွက် စွန့်စားလိမ့်မည်မဟုတ်ပါ။ ၎င်းတို့သည် အဆိုပါ လုပ်ငန်းတွင် ရင်းနှီးရန် လုံးဝ ရွေးချယ်မည်မဟုတ်ပါ။ မထူးဆန်းစွာပင် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း အိန္ဒိယ လက်ကား လုပ်ငန်းတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု များစွာ ဝင်ရောက်မှု မရှိခဲ့ပါ။ ယခုတွင် အစိုးရမှ စားသောက် ကုန်စက်ရုံများတွင် အမျိုးအစားစုံ လက်ကားထုတ်လုပ်ခြင်း လုပ်ငန်းအား နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ၁၀၀ % ဖြင့် ခွင့်ပြုမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ "အနုပညာဖော်ပြခြင်း" နှင့် "ခေတ်မီဆုံး/ နောက်ဆုံပေါ်" နည်းပညာဟု ယူဆရသော ကုန်ပစ္စည်း များအတွက် ၃၀ % local content ပါဝင်မှု ကင်းလွတ်ခွင့်အား သုံးနှစ်မှ ငါးနှစ် တိုးပေးခြင်း၊ ကုန်ပစ္စည်း တစ်မျိုးတည်း လက်လီရောင်းသူ များအတွက် ပြည်တွင်း ခြေခံစည်းမျဉ်းအား အစိုးရမှဖြေလျှော့ပေးခဲ့ပြီး ထိုဖြေလျှော့ပေးခြင်းသည် Apple နှင့် Ikea စသော ကုမ္ပဏီများအတွက် အကူအညီဖြစ်ခဲ့သည်။

*Source:* Available from **http://www.moneycontrol.com/news/real-estate/fdimulti-brand-retail-hopeabeyance_1020882.html**; **http://timesofindia.indiatimes.com/business/india-business/FDI-rules-in-multi-brand-retail-eased/articleshow/21541870.cms**; Singh (2013).

## Box ၅.၂. မော်တော်ဆိုင်ကယ်ကဏ္ဍ၌ ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းမူဝါဒ

Localization သည် တစ်ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက် နှင့် ဆက်စပ် နေသောအပိုင်းအား ပြောင်းလဲရန်နှင့် ထုတ်လုပ်မှုများနှင့် နိုင်ငံတစ်ခု (သို့) နေရာတစ်ခု တွင် ပေးထားချက် value chain နှင့် ဆက်စပ်နေသော ဝန်ဆောင်မှုများအား ထိန်းသိမ်းခြင်း (သို့) ဆွဲဆောင်ခြင်းတို့အတွက် ကုမ္ပဏီနှင့် အစိုးရမူဝါဒ၏ မဟာဗျူဟာ အား ရည်ညွှန်းပါသည်။ ပြည်တွင်း အလုပ်အကိုင်ရရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်၊ နည်းပညာ လွှဲပြောင်းရယူမှုတို့အား အထောက်အကူပြုရန် မျှော်လင့်သော Localization ကို ဖန်တီးပေးနိုင်ရန် မြင့်မားသော သွင်းကုန်ခွန်နှင့်ပြည်တွင်းပါဝင်မှုနည်းလမ်းတို့ဖြင့် အစိုးရမှ တစ်ခါတရံ ဖြေလျှော့ပေးသည်။ Localization အောင်မြင်မှုသည် လိုအပ်သော အစိတ်အပိုင်း အားလုံး (သို့) အများစု ထုတ်လုပ်နိုင်ခြင်းနှင့် လိုအပ်သောအချိန်တွင် လိုအပ်သောအရည်အသွေးရှိ သော လိုအပ်သော ဝန်ဆောင်မှုကိုပေးနိုင်ခြင်း စသောနိုင်ငံ (သို့) ဒေသတစ်ခု၏ စွမ်းဆောင်ရည် အပေါ်မူတည် သည်။ထူးခြားသော ဥပမာ အနေဖြင့် ကုန်ပစ္စည်းတစ်ခုချင်းစီ၏ အထူးသဖြင့် နောက်ဆုံး အခြေအနေသည် နည်းပညာအရ ပိုမိုခေတ်မီသည်။

အာရှရှိ နိုင်ငံများသည် Localization နည်းဗျူဟာများစွာကို ဆက်လက် ကျင့်သုံးခဲ့သည်။ အရှေ့တောင်အာရှတွင် WTO TRIMS သဘောတူစာချုပ်မှ ထိုမူဝါဒအား လျှော့ချပြီး တားမြစ်ခဲ့သော်လည်း Localization မဟာဗျူဟာသည် ကားနှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်မှု ကဏ္ဍတွင် အထူးသဖြင့် အရေးပါခဲ့သည်။ ပုံမှန်အားဖြင့် Localization သည် အလုံးစုံတည်ဆောက်ခြင်း (Completely Built Unit-CBU)အား တားမြစ်ခြင်းနှင့် မော်တော်ဆိုင်ကယ်များအား CKD ပုံစံဖြင့်တင်သွင်းရန် ပြည်တွင်း ထုတ်လုပ်သူများ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ဖိအားပေး ဆောင်ရွက်စေခြင်းတို့ဖြင့် စတင်ခဲ့သည်။ ဒုတိယအဆင့်တွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ၏ မူလနိုင်ငံမှ ဖွံ့ဖြိုးတိုးတက်နေသော စက်ရုံများမှ ဝယ်မည့်အစား ပြည်တွင်းထုတ်လုပ်သော အစိတ်အပိုင်းများ အသုံးပြုရန် အစိတ်အပိုင်း များအပေါ် သွင်းကုန် ကန့်သတ်ခြင်းသည် ကုမ္ပဏီများအား တွန်းအားပေး ခဲ့သည်။ ပထမနှင့် ဒုတိယအဆင့် နှစ်ဆင့်လုံးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ ပြည်တွင်း၌ အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းကို ဖြစ်ပေါ် စေခဲ့ပြီး နောက်ပိုင်းတွင် ပြည်တွင်းထုတ်လုပ်သူများမှ ထုတ်လုပ်နိုင်သည့်အဆင့်ထိရောက်လာရန် မျှော်လင့်ပါသည်။ လက်တွေ့တွင် ပြည်တွင်းထုတ်လုပ်သူများတွင် အဆင့်အတန်းပြည့်မီရန်နှင့် လိုအပ်သော အရည်အသွေးရရှိရန် အတွက် လိုအပ်သော နည်းပညာနှင့် အရည်အချင်း မရှိသောကြောင့် အစိတ်အပိုင်းများ (အထူးသဖြင့် အချောသတ်တပ်ဆင်ခြင်း) ထုတ်လုပ်ခြင်း လုပ်ငန်းများအား နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ ဆောင်ရွက်လုပ်ကိုင်နေရခြင်းဖြစ်သည်။

အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ Localization ကျင့်ထုံးများအရ ဗီယက်နမ်သည် ၁၉၉၆ ခုနှစ်တွင် CBU အား ကန့်သတ်ခြင်းဖြင့် မော်တော်ဆိုင်ကယ် စက်ရုံတွင် Localization မူဝါဒအား စတင်ခဲ့သည်။ထိုကာလမတိုင်ခင်က နိုင်ငံအတွင်း ရှိ မော်တော်ဆိုင်ကယ်အများစုသည် ဂျပန်မှတင်သွင်းသော မော်တော်ဆိုင်ကယ်များဖြစ်သည်။ ရုံဖန်ရံခါတွင် မော်တော်ဆိုင်ကယ်အများစုသည် ဂျပန်ထက် ဈေးသက်သာသော တရုတ်နှင့် တရုတ်မှ ထိုင်ဝမ်အုပ်စုတို့မှ CKD ပုံစံဖြင့်တင်သွင်းမှု မြင့်မားခဲ့သည်။ပြည်တွင်းအဓိက အစိတ်အပိုင်း ထုတ်လုပ်မှုဖြင့် အနည်းဆုံး ၂၀ ရာခိုင်နှုန်း ပြည်တွင်းထုတ်လုပ်မှု ရရှိခဲ့ချိန်တွင် ၂၀၀၃ ခုနှစ်မှစ၍ မော်တော်ဆိုင်ကယ်ထုတ်လုပ်သူများ၏ ဖြန့်ဖြူးခြင်းနှင့် ထုတ်လုပ်ခြင်း အတွက် ရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ခဲ့ပြီး ၂၀၀၀ခုနှစ် အစောပိုင်းတွင် ဗီယက်နမ်အစိုးရမှ မော်တော်ဆိုင်ကယ် မှတ်ပုံတင်ခြင်းအပေါ် ကန့်သတ်ခြင်းဖြင့် အစိတ်အပိုင်းတင်သွင်းမှုအပေါ် တင်သွင်းမှု ထိန်းချုပ်ခြင်းများ မိတ်ဆက်ခဲ့သည်။ ထိုကန့်သတ်မှု သည် ပြည်တွင်းတွင် တပ်ဆင်သည့် လုပ်ငန်းစုကုမ္ပဏီများအပေါ် သက်ရောက်မှုမရှိပါ။ ထိုကိစ္စသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ကြီးမားစွာ ထိခိုက်စေပြီး နိုင်ငံတွင်းမော်တော်ဆိုင်ကယ်များ ထုတ်လုပ်ခြင်းကို ထိုးကျစေခဲ့သည်။၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကန့်သတ်မှုများ လျှော့ကျခဲ့ပြီး ဗီယက်နမ် နိုင်ငံသည် WTO သို့ ဝင်ရောက်ခြင်းနှင့်အတူ ရပ်ဆိုင်းခဲ့ သည်။ ဗီယက်နမ်နိုင်ငံ၏ Localization မူဝါဒသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်း ကုမ္ပဏီများ ပါဝင်သော ပြည်တွင်းမော်တော်ဆိုင်ကယ်ကဏ္ဍကြီးထွားလာမှုကို ဖြစ်ပွားစေ ပံ့ပေါ် ပါသည်။၂၀၀၅ ခုနှစ်တွင် ဟွန်ဒါ ဗီယက်နမ်မှ ပြည်တွင်းပါဝင်မှု ၈၁ % ရရှိခဲ့ကြောင်း Mishima (2005) မှ မှတ်တမ်းတင်ခဲ့သည်။ ပုံစံမျိုးစုံသော မော်တော်ဆိုင်ကယ်ကဏ္ဍတွင် ပြည်တွင်း ပါဝင်နှုန်း ၇၀ % မှ

၈၀ % အတွင်းရှိကြောင်း Thuy (2007) မှ မှတ်တမ်းတင်ခဲ့ သည်။သို့သော် Moran (2011) ဖော်ပြချက်အရ ဒေသတွင်း အသုံးပြုနိုင်အောင် ဖန်တီးပေးနိုင်ခြင်းမူဝါဒမှာ ချွင်းချက်ဖြစ်ပြီး စွမ်းဆောင်ရည် လိုအပ်ချက်ကို ဆိုးကျိုး ဖြစ်စေသော စည်းမျဉ်းတစ်ခုအဖြစ် သက်သေ ပြခဲ့သည်။ လျှင်မြန်စွာကြီးထွားလာသော မော်တော်ဆိုင်ကယ်စက်ရုံ တွင်ရှိသော နိုင်ငံခြားမှလုပ်ငန်းရှင်များ အတွက် နည်းပညာ အရ ရိုးရှင်းသော အစိတ်အပိုင်းများအား ထုတ်လုပ်ပြီး ပြည်တွင်း ရောင်းချသူများအား ကူညီခြင်းဖြင့် Honda, Yamaha နှင့် Suzuki တို့မှ ၎င်းတို့၏ အကျိုး အမြတ်ကိုရှာဖွေခဲ့သည်။ ထို့ကြောင့် ပြည်တွင်းပါဝင်မှုအဆင့်သည် ၄၀% အထက်သို့ ရောက်ရှိလာသည်။သို့သော် Moran အရ နိုင်ငံခြားတပ်ဆင်သူများနှင့် မသက်ဆိုင်သော ၆၀ % ထားရှိမှုအား အငြင်းပွားဖွယ် သတ်မှတ်ခဲ့သည်။
*Sources:* Mishima (2005); Thuy (2007); Fujita (2011); Moran (2011).

ဈေးကွက်အခြေအနေများ၊ ပြည်တွင်းယဉ်ကျေးမှုနှင့် မကျွမ်းဝင်သော နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများသည် စည်းမျဉ်းစည်းကမ်းများကိုသိရှိရန်နှင့် အစိုးရနှင့် အပြန်အလှန် ချိတ်ဆက် ဆောင်ရွက် ရန်အတွက် မိတ်ဖက် လုပ်ငန်းရှင်တစ်ဦး ရှာဖွေပြီး ဖက်စပ်လုပ်ငန်းအဖြစ်ဆောင်ရွက်လိုကြသည်ဟု Moran က တွေ့ရှိပါသည်။ အဆိုပါ အခြေ အနေများတွင် ဖက်စပ်လုပ်ငန်းများလုပ်ကိုင်ရန် သတ်မှတ် ချက်တစ်ရပ် ထားရှိရန် မလိုအပ်ပေ။ ပြည်တွင်း အခြေအနေများ၊ ဓလေ့ထုံးစံများနှင့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ မူဘောင်များကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက အပြည့်အဝ သိရှိနားလည်ပြီး ဖြစ်သလို ပြည်တွင်း လုပ်ငန်းရှင် မိတ်ဖက်များမှာလည်း အားမကောင်းသေးဟု ရှုမြင်ကြသည့်အခါတွင် ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ရန် သတ်မှတ်ချက်ထားရှိမည်ဆိုလျှင် မလိုလားအပ်သည့် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။ ဖက်စပ် လုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်ချက်နှင့် စပ်လျဉ်းသော ပြဿနာများကို အခန်း (၃) တွင် ဆွေးနွေး ခဲ့ပြီး အောင်မြင်သည့် ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်လာရန် လိုအပ်သည့် အခြေအနေများကိုလည်း ဖော်ပြ ခဲ့ပြီးဖြစ်ပါသည်။

နည်းပညာ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍မူ Moran (1998, 2011) တွင် "ကိုရီးယား ပုံစံ" သို့မဟုတ် "ဂျပန်-ကိုရီးယား" ပုံစံတို့အား ကိုးကားပြောဆိုခဲ့ပြီး အောက်ပါ အရေးကြီးသည့် အစိတ်အပိုင်းများကို ဖော်ပြခဲ့သည်။

- သွင်းကုန်ကန့်သတ်ခြင်းကို ပို့ကုန်အားပေးခြင်းနှင့် ပူးတွဲဆောင်ရွက်ခြင်း၊
- ငွေကြေးထောက်ပံ့မှုများနှင့် အထူးခံစားခွင့်ပေးခြင်းများမှတစ်ဆင့် အောင်မြင်သည့် ပြည်တွင်း လုပ်ငန်းများ (national champions) ထွက်ပေါ်လာအောင် မြေတောင် မြှောက်ပေးခြင်း၊
- နည်းပညာ မျှဝေခြင်း၊ အသုံးပြုခွင့်ပေးခြင်း နှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ အစီအမံများ ထားရှိ ကျင့်သုံး ရန် တွန်းအားပေး၍ FDI များအပေါ် တင်းတင်းကျပ်ကျပ် ကန့်သတ်ချက်များ ထားရှိပြီး နိုင်ငံသားများ လက်ထဲတွင် ထိန်းချုပ်နိုင်စွမ်း ရှိနေစေခြင်း။

အဆိုပါ ပုံစံသည် ကိုရီးယားသမ္မတနိုင်ငံ နှင့် ဂျပန်နိုင်ငံတို့တွင် FDI အကူအညီမပါဘဲ R&D" တို့တွင် များစွာသုံးစွဲပြီး အခြားထုတ်လုပ်သူများ၏ ကုန်ပစ္စည်းများကို လေ့လာ၍ တဖန်ပြန်လည် ထုတ်လုပ်ခြင်း (reverse engineering)နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ (အထူးသဖြင့် ကြီးမားသည့် လုပ်ငန်းစုများ၊ ကိုရီးယားအခေါ် "chaebol" များ) အတွက် စီးပွားရေးလုပ်ကိုင်ရလွယ်ကူသော ဝန်းကျင်

ကောင်းများ (enabling environment) ဖော်ဆောင်ခြင်းဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာခဲ့ကြသည်။ သို့သော် ၁၉၉၇ ခုနှစ် အာရှစီးပွားရေးအကျပ်အတည်း ဖြစ်ပွားပြီးနောက်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဖြေလျော့မှုများဖြင့် FDI ကို တခါးဖွင့်ကြိုဆိုလာခဲ့ကြသည်။ မည်သို့ပင် ဆိုစေကာမူ WTO သဘော တူညီချက်များ၊ ဒေသတွင်းကုန်သွယ်မှု သဘောတူညီချက်များ (Regional Trade Agreement - RTA) များနှင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီ ချက်များ (International Investment Agreement – IIA) များ တွင်ကျယ်လာသော မျက်မှောက် ခေတ်တွင် တခါးဖွင့်စီးပွားရေးစနစ်ကျင့်သုံးသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုသို့ သောပုံစံကို ကျင့်သုံးရန် အခက်အခဲ ရှိပါလိမ့်မည်။ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် ယနေ့ထိတိုင် FDI များအပေါ် ကန့်သတ်ချက်များ ထားရှိဆဲဖြစ်ပါသည်။ အပိုင်း ၃ ၌ ဆွေးနွေးခဲ့သလိုပင် FDI မှတစ်ဆင့် နည်းပညာ လွှဲပြောင်းရယူခြင်းမှာအလိုအလျောက် ဖြစ်ပေါ်လာမည် မဟုတ်ဘဲ လုပ်ငန်းဖော်ဆောင်မှု သတ်မှတ်ချက်များ/ စွမ်းဆောင်ရည်လိုအပ်ချက်များဖြင့်လည်း လွယ်လွယ် ကူကူ လွှဲပြောင်းရယူ နိုင်သည်မဟုတ်ပေ။ သို့သော်ငြားလည်း ဆထက်တိုးကောင်းမွန်သည့် ပြည်တွင်း စီးပွားရေး ဝန်းကျင် တစ်ခုနှင့် နိုင်ငံအဆင့် တီထွင်ဆန်းသစ်မှုဆိုင်ရာစနစ် (national innovation system) တစ်ရပ်ကို ဖော်ဆောင်ပေးခြင်းဖြင့် အဆင့်မြင့် FDI များကို ထုတ်လုပ်မှု အင်အားတွင်သာမကဘဲ လေ့ကျင့် သင်ကြားမှု နှင့် R&D အထောက်အကူများတွင်ပါ ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်လာနိုင်မည်ဖြစ်သည်။ တစ်နည်း ဆိုရလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့အတွက် အကျိုးရှိမည် ဆိုပါက နည်းပညာ လွှဲပြောင်း ပေးခြင်းများကို လုပ်ဆောင်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ရှင်နိုင်ငံများ၏ အစိုးရများ (နှင့် ၎င်းတို့ ၏ IPA များ)သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ သဘောသဘာဝ နှင့် ဦးတည်ချက်များကို နားလည် သဘော ပေါက်ရန်နှင့် ၎င်းတို့၏ လိုလားချက်များနှင့် လိုအပ်ချက်များ (demands and requirements) ကို ကြိုတင် ချိန်ဆထားရန် လိုအပ်ပါသည်။ သို့မှသာ FDI မှ အကျိုးကျေးဇူး အများဆုံး ထွက်ပေါ်လာမည် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုအတွက် အနည်းဆုံးပမာဏ သတ်မှတ်ချက်များသည် အတိအကျဆိုရသော် အကောင် အထည်ဖော်မှုဆိုင်ရာ သတ်မှတ်ချက်များမဟုတ်ဘဲ အကောင်အထည်ဖော်မှု တစ်ခုခု (ဥပမာ ပြည်ပမှ ငွေကြေး စီးဝင်မှု) နှင့် ဆက်စပ်နေသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်တစ်ရပ် ဖြစ်သည်။ အဆိုပါ သတ်မှတ်ချက် များသည် အရည်အသွေးမြင့်မားသည့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေးအတွက် ရည်မှန်းချက် တရားဝင် ဖြစ်စေရန် ဖော်ဆောင်ရာတွင် အလားအလာရှိသော အဖိုးတန်သည့် အသေးစားရင်းနှီးမြှုပ်နှံမှုများ၊ အထူးသဖြင့် ဝန်ဆောင်မှုကဏ္ဍအတွင်းရှိ ငွေကြေးအရင်းအနှီး သိပ်မလိုသော စီးပွားရေးလုပ်ငန်းများအား အဟန့်အတား ဖြစ်စေနိုင်သည် (Daniel နှင့် Fornesris, 2010)။

ရေရှည်ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းဆောင် ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ(performance requirements) ချမှတ်သင့်သည့် ကိစ္စရပ်များလည်း ရှိပါသည်။ နိုင်ငံ အဆင့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် ရေရှည်ဖွံ့ဖြိုးမှုကို ပိုမို အာမခံချက်ပေးသည့် နည်းလမ်း တစ်ရပ်ဖြစ်နေသေးသော်လည်း တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများဆိုင်ရာကျင့်ဝတ်များ (responsible business conduct)နှင့် လူမှုတာဝန်ခံမှု (CSR)များနှင့် စပ်လျဉ်းသော နိုင်ငံတကာက အသိအမှတ်ပြု လက်ခံထားကြသော အခြေခံမူများနှင့် စံနှုန်းများကို လိုက်နာရန် တောင်းဆိုထိုက်ပေသည်။ အဆိုပါ အခြေခံ မူများနှင့် စံနှုန်းများဖြစ်သည့် (က) MNE များအတွက် OECD လမ်းညွှန်ချက်များ (ခ) စီးပွားရေးနှင့် လူ့ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်ချက် အခြေခံမူများ (ဂ) ကုလသမဂ္ဂ Global Compact (ဃ) နိုင်ငံ

စုံတွင်လည်ပတ်နေသည့် စီးပွားရေး လုပ်ငန်းများနှင့် လူမှုရေးမူဝါဒနှင့် စပ်လျဉ်းသည့် သုံးပွင့်ဆိုင် ကြေငြာချက် အခြေခံမူများ Tripartite Declaration of principles (MNE ကြေညာချက်)၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာအကဲဖြတ်မှုများနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေး၊ သဘာဝသယံဇာတများမှ အကျိုး အမြတ်များအား ခွဲဝေခံစားရေး၊ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် အကျိုးစီးပွားအုပ်စုများကို အားပေး မြှောက်ပင့်ခြင်းမှ ရှောင်ကျဉ်ရေး အပါအဝင် ကောင်းမွန်တင့်တယ်သည့် အလုပ်အကိုင်များ ဖြစ်ပေါ် ရေး အတွက် ILO စံနှုန်းများကို လိုက်နာရန် တိုက်တွန်းသင့်သည်။ အလားတူပင် အဆိုပါ အခြေခံမူနှင့် စံနှုန်း များကို အစိုးရနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူကြား ချုပ်ဆိုသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နှစ်ဦး သဘောတူစာချုပ် (BIT) များ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု ကန်ထရိုက်စာချုပ်များ ချုပ်ဆိုရာတွင်လည်း ထည့်သွင်းချုပ်ဆို နိုင် ပါသည်။ (ထည့်သွင်းချုပ်ဆိုမှုလည်း ပြုသင့်ပါသည်)။ အဆိုပါ သဘောတူညီချက်များတွင် အထက်၌ ဖော်ပြ ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ (performance requirements) ထည့်သွင်း ချုပ်ဆိုခြင်း မပြုလာကြသော်လည်း လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ပိုမိုအလေးထား ဖော်ပြလာကြသည် (အခန်း ၄ ကိုရှုပါ)။ ၎င်းတို့တွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်အချို့ကို အစားထိုးသော အချက်များကိုလည်း ထည့်သွင်းလာကြသည်။ ဥပမာအားဖြင့် ကုန်သွယ်မှုဆိုင်ရာ သီးခြား အကျိုးခံစားခွင့် (preferential trade access) များအတွက် ဒေသတွင်းကုန်သွယ်မှု သဘောတူညီချက် (RTA) အများစုတွင် ကုန်ပစ္စည်း၏ မူလဇစ်မြစ်သတ်မှတ်ချက် စည်းမျဉ်းများ (rules of origin) ကို ထည့် သွင်း ချုပ်ဆို ကြသည်။ IIA များတွင် ထည့်သွင်းချုပ်ဆိုသော လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ် ချက် များ/ စွမ်းဆောင်ရည် လိုအပ်ချက်များအပေါ် ရှင်းလင်းချက်ကို Nikièma (2014) တွင် ကြည့်ရှုပါ။

## ၃။ နိဂုံးချုပ်သုံးသပ်ချက်

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များအား ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဝန်းကျင်တစ်ခုတွင် ပြဋ္ဌာန်း သတ်မှတ်ပါက အကျိုးကျေးဇူးအများဆုံး ရှိနိုင်မည်ဖြစ်သော်လည်း သွင်းကုန်များအပေါ် ကန့်သတ်မှု များပြုလုပ်သည့် ဝန်းကျင်များတွင်မူ ဖွံ့ဖြိုးရေးအတွက် ထိရောက်မှု မရှိခြင်းများ ဖြစ်စေနိုင်သည်။ မည်သို့ပင် ဆိုစေကာမူ အဆိုပါ သတ်မှတ်ချက်များသည် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အထမြောက်ရေးအတွက် အသုံး မဝင်ကြောင်း တွေ့ရလေ့ရှိပြီး ၎င်းတို့နေရာတွင် ကုန်သွယ်ရေးဆိုင်ရာ မူဝါဒ ကိရိယာများကို ပိုမိုအစားထိုး အသုံးပြုလာကြပြီဖြစ်သည်။ သို့ရာတွင် မက်လုံးများ သို့မဟုတ် ရှားပါးသည့် အရင်းအမြစ်များ အသုံးပြုခွင့်ပေးခြင်း စသည့်ပုံစံများဖြင့် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်သိမ်းသွင်းသည့် နိုင်ငံများတွင်မူ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များကို တောင်းဆိုနိုင်ရန် အနေ အထား ပိုမိုကောင်းမွန်သည်။ ပြဋ္ဌာန်းနိုင်သည့် သတ်မှတ်ချက်များအားလုံးအနက် နည်းပညာ လွှဲပြောင်း ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များသည် အောင်မြင်မှု ရရှိနိုင်ရန် အခွင့်အလမ်း အနည်းဆုံးဖြစ်ပြီး အချို့သော ဖြစ်စဉ် များတွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များအား အတင်းအကျပ် ပြဋ္ဌာန်းခြင်းကြောင့် FDI များ ဝင်ရောက်လာရန် ဆွဲဆောင်မှု လုံးဝမရှိခြင်း ဖြစ်လာ စေနိုင်သည်။ ယင်းသို့ ပြဋ္ဌာန်းခြင်းများ မပြုလုပ်ရန် ကမ္ဘာ့ဘဏ်၏ အင်စတီကျူးရှင်း များက ပုံမှန် ဆိုသလို အကြံပြုလေ့ ရှိပါသည် (ဥပမာ။ Daniel နှင့် Forneris, ၂၀၁၀)။ ထိုသို့ ပြဋ္ဌာန်း ခြင်းသည် ဈေးကွက်အတွင်းရှိ ရောင်းလိုအားနှင့် ဝယ်လိုအားတို့၏ ထိရောက်စွာ လည်ပတ်နေမှုကို ပျက်ပြား သွားစေနိုင်ပါသည်။ အဆုံးသတ်တွင် အားပေးမြင့်တင်သည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ခု ရှိခြင်းသည် အကောင်းဆုံးပင် ဖြစ်ပါသည်။ ထိုသို့သော ဝန်းကျင်တစ်ခုမရှိသည့် နိုင်ငံများသည် မက်လုံးများ ရက်ရောစွာ ပေးသည့်အခါတွင်မှလွဲလျှင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များထားရှိခြင်းဖြင့် FDI များကို ဆွဲဆောင်နိုင် မည်မဟုတ်ပေ။ အကယ်၍

ထိုသို့ မက်လုံးများစွာပေး၍ ဆွဲဆောင်နိုင်သည့်အခါတွင်လည်း နိုင်ငံအတွက် အသားတင် အကျိုးအမြတ်သည် အနုတ်လက္ခဏာသာ ဖြစ်နေမည်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင် ရင်းနှီးမြှုပ်နှံသူအများစုသည် အမြင်ကျယ်လာကြပြီဖြစ်ကြောင်းကိုလည်း ဂရုပြုသင့်ပါသည်။ တစ်နည်းဆိုရပါက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ မထားရှိသည့် နိုင်ငံတစ်နိုင်ငံတွင်လည်း အလားတူရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်နိုင်ပါက သတ်မှတ်ချက်များ ထားရှိသည့် နိုင်ငံတွင် အဘယ့်ကြောင့် ရင်းနှီးမြှုပ်နှံဦးမည်နည်း။ ယှဉ်ပြိုင်မှုများ ရှိနေသည့် ယနေ့ခေတ် ပတ်ဝန်းကျင်တွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ အတင်းအကျပ် ချမှတ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုများကိုပါ လက်လွှတ် ဆုံးရှုံးသွားရစေနိုင်ပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးသည် ၎င်းအတွက် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမှ ရရှိနိုင်သည့် တန်ဖိုးပေါ်တွင် မူတည်နေပါသည်။ အကယ်၍ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များသည် အဆိုပါ တန်ဖိုးကို ထိခိုက်စေပါက ရင်းနှီးမြှုပ်နှံသူ အနေဖြင့် စီးပွားရေးအရ အကျိုးအမြတ် ကောင်းစွာ မရရှိနိုင်သဖြင့် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ဘဲ နေရုံသာ ရှိမည်ဖြစ်သည်။ တစ်နည်းဆိုရပါက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များသည် စီးပွားရေး မဟာဗျူဟာနှင့် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်ပြီး အဓိကရည်မှန်းချက်များအပေါ် ထိခိုက်စေမှု မရှိသင့်ပေ။ ထို့ကြောင့် လုပ်ငန်း ဆောင်ရွက် မှုဆိုင်ရာ သတ်မှတ်ချက်များသည် လက်တွေ့ကျရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦး၏ ဉာဏပစ္စည်း မူပိုင်ခွင့်များကို ထိခိုက်စေသည့် နည်းပညာလွှဲပြောင်းပေးအပ်မှုကို အတင်းအကျပ် တောင်းဆိုခြင်းသည် လက်တွေ့မကျလှပေ။ ဒေသတွင်းမှ ကုန်ကြမ်းများသည် စံချိန်စံညွှန်း မမီသည့်အခါတွင် ကုန်ကြမ်းများဝယ်ယူရာ၌ ရင်းနှီးမြှုပ်နှံသူများအား ဒေသတွင်းမှ ဝယ်ယူရမည့် အနည်းဆုံးပမာဏတစ်ခု သတ်မှတ် တောင်းဆို ခြင်းသည် ရင်းနှီးမြှုပ်နှံသူ၏ ဂုဏ်သတင်းအပေါ် ထိခိုက်စေမည် ဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်တော့မည်မဟုတ်ပေ။ ဖြစ်စဉ်အများစု၌ ထိုသို့သော သတ်မှတ်ချက်များကိုသာ အကြိမ်ကြိမ် အဖန်ဖန် တွေ့မြင်နေရပါသည်။ ဥပမာအားဖြင့် အကယ်၍ ဒေသခံ ကုန်ကြမ်း ထုတ်လုပ်သူများသည် အရည်အသွေး ပြည့်မီသော ကုန်ကြမ်းများကို ထုတ်လုပ်နေပါက ရင်းနှီးမြှုပ်နှံသူ များ အနေဖြင့် ထိုသို့ သော ကုန်ကြမ်းများအား ပြည်ပမှ မှာယူခြင်းသည် အဓိပ္ပာယ်ရှိမည် မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ မရှိသည့်တိုင် ဒေသခံ ထုတ်လုပ်သူများထံမှသာ အလိုအလျောက် ရွေးချယ်ဝယ်ယူမည်ဖြစ်ပါသည်။ အနှစ်ချုပ် ဆိုရပါက လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များသည် “ရင်းနှီးမြှုပ်နှံမှုများ၏ စီးပွားရေး ဖြစ်ထွန်းတိုးတက်မှုအပေါ် ထိခိုက်မှုမဖြစ်စေဘဲ ရလဒ်များကို ဟန်ချက်ညီမျှစွာ ဖော်ဆောင်နိုင်စေ ရမည်ဖြစ်သည်” (Bernasconi-Osterwalder နှင့် Rosert, ၂၀၁၄)။

ယေဘုယျအားဖြင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များသည်-

- ရှင်းလင်းပြတ်သားသည့် ဦးတည်ချက်များရှိပြီး (နိုင်ငံရေးနှင့် မပတ်သက်ဘဲ စီးပွားရေး သက်သက် ဖြစ်လျှင်)၊
- အစိုးရများတွင် အကောင်အထည်ဖော်နိုင်စွမ်းပြီး ထိထိရောက်ရောက် စောင့်ကြည့် လေ့လာ အကဲဖြတ်နိုင်စွမ်းရှိလျှင်၊
- ၎င်းတို့အား ရင်းနှီးမြှုပ်နှံမှုကို အားပေးသည့် မူဝါဒများဖြင့် ဖြည့်စွက်ထောက်ကူပေးလျှင်၊

- ၎င်းတို့အား စီးပွားရေးဝန်းကျင် ကောင်းမွန်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေး ကြိုးပမ်းမှုများ အတွက် အစားထိုးအသုံးပြုခြင်းမဟုတ်လျှင်၊
- ပြည်တွင်းလုပ်ငန်းနှင့် ဝန်ထမ်းများက လေ့လာသင်ယူထားသည့် ကျွမ်းကျင်မှုများ အသုံးချနိုင်စွမ်း၊ နည်းပညာလွှဲပြောင်းရယူနိုင်စွမ်း နှင့် R&D အတွက် ဝန်ထမ်းများ ခန့်အပ်နိုင်လျှင်၊
- ဖက်စပ်လုပ်ငန်းများအနေဖြင့် ပြည်တွင်းလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်လျှင်၊
- အခြားသော စက်မှု/ကုန်သွယ်ရေး မူဝါဒများနှင့် ကိုက်ညီလျှင်၊
- ခံစားခွင့်မက်လုံးများနှင့် ချိတ်ဆက်ထားလျှင် အကောင်းဆုံးအကျိုး ကျေးဇူးများ ထွက်ပေါ်လာစေမည် ဖြစ်သည်။

## (ခ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့် မက်လုံးများ

### ၁။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့်မက်လုံးများ - အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အကြောင်းရင်းခံ နှင့် အမျိုးအစားများ

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့်များ၊ မက်လုံးများ ဆိုသည်မှာ "ဦးစားပေးကဏ္ဍများ သို့မဟုတ် ဦးစားပေးဒေသများသို့ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိသွားစေရန်အတွက် လမ်းကြောင်းပေးရန် သို့မဟုတ် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများအပေါ် လွှမ်းမိုးနိုင်ရန်အတွက် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် စီးပွားရေးအုပ်စုများသို့ အစိုးရမှ ပေးအပ်သည့် တိုင်းတာ၍ရသော စီးပွားရေးအကျိုး ခံစားခွင့်များ ဖြစ်သည်။ အဆိုပါ ခံစားခွင့်များမှာ (အခွန်ကင်းလွတ်သက်သာခွင့်ကဲ့သို့သော) အခွန်ဆိုင်ရာ ခံစားခွင့်များ ဖြစ်နိုင်သလို (စီးပွားရေးလုပ်ငန်း ဦးမော့လာစေရန် သို့မဟုတ် ယှဉ်ပြိုင်နိုင်စွမ်း ပိုကောင်းလာစေရန်အတွက် ထောက်ပံ့ပေးအပ်သော ငွေကြေး၊ ချေးငွေ သို့မဟုတ် ပြန်အမ်းငွေများ (rebates)) ကဲ့သို့သော အခွန်နှင့် မသက်ဆိုင်သည့် ခံစားခွင့်များလည်း ဖြစ်နိုင်ပါသည်" (James 2009, 2013)။ OECD (2003) အရခံစားခွင့်၊ မက်လုံးများ ဆိုသည်မှာ "FDI စီမံကိန်းတစ်ခု၏ အရွယ်အစား၊ တည်နေရာ သို့မဟုတ် လုပ်ငန်းကဏ္ဍ ရွေးချယ်မှုအပေါ် လွှမ်းမိုးနိုင်ရန်အတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများပင် မရရှိနိုင်သည့် ဆွဲဆောင်မှု များဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ကုန်ကျစရိတ်များသက်သာစေသည့် (သို့မဟုတ်) ဆုံးရှုံးနိုင်ခြေ များ လျော့နည်းစေသည့် အစီအမံများ" ဖြစ်သည်ဟုဖွင့်ဆို ထားသည်။ အစိုးရများသည် FDI ကို ဆွဲဆောင်ရန်နှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်အတွက် ခံစားခွင့်မက်လုံးများကို အသုံးပြုကြပါသည်။ အစိုးရများအနေဖြင့် ပြည်တွင်း သို့မဟုတ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ခံစားခွင့်မက်လုံးများပေးရသည့် အကြောင်းအရင်း များစွာရှိပါသည်။ အဓိကအကြောင်းအရင်းတချို့ကို အောက်တွင် ဖော်ပြပေးထားသည် (Loewendahl, 2009)။

- (တည်နေရာကုန်ကျစရိတ် ညီမျှစေရေး အသုံးစရိတ်များဟု သုံးစွဲလေ့ရှိသည့်) (site equalization outlays) စီးပွားရေးလုပ်ကိုင်ရာတွင် ကုန်ကျစရိတ် မြင့်မားမှု သို့မဟုတ် စီးပွားရေးဝန်းကျင် အားနည်းမှုများကဲ့သို့သော ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းစေသည့် အချက်များကို ကာမိစေရန်၊
- အခြားဒေသများထက် ဖွံ့ဖြိုးမှု နိမ့်ကျနေသော၊ အားနည်းချက်များစွာရှိနေသော (deprived)၊ ဆင်းရဲသော ဒေသများသို့ ရင်းနှီးမြှုပ်နှံမှုများကို ရောက်ရှိလာစေရန်၊

- သက်ဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများကို ဆွဲဆောင်ရန်၊
- ကုမ္ပဏီများအနေဖြင့် ငွေကြေးရင်းနှီးမှုနှင့် စွန့်စွန့်စားစား လုပ်ကိုင်မှု မရှိသည့် ဈေးကွက် အလုပ်မလုပ်သည့် အခြေအနေ (market failures)ကို ပြောင်းလဲပေးရန်၊
- တည်နေရာတစ်ခုအား စီးပွားရေးလုပ်ငန်းများကို အားပေးမှုရှိသည်(pro-business)ဆိုသည့် ပုံရိပ်တစ်ရပ်ကို ဖော်ဆောင်ရန်၊

ခံစားခွင့်မက်လုံးများအား နည်းလမ်းမျိုးစုံဖြင့် အမျိုးအစားခွဲခြားနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုတွင် တရားဝင်ပြဋ္ဌာန်းထားသည့် မက်လုံးများနှင့် အခြေအနေအရပေးသည့် မက်လုံးများ (statutory and discretionary incentives) ဟူ၍ ခွဲခြားထားလေ့ရှိပြီး FDI နှင့် သီးသန့် ချိတ်ဆက်ထားခြင်း မရှိပေ။ မည်သည့် စီးပွားရေးလုပ်ငန်းမဆို သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီမှုရှိပါက နိုင်ငံတော် သို့မဟုတ် ပြည်ထောင်စုအစိုးရမှ ပေးသော ခံစားခွင့်မက်လုံးများကို ရရှိနိုင်သည်။ အခြေအနေ အရပေးသည့် ခံစားခွင့်မက်လုံးများကို စီမံကိန်းအလိုက်စဉ်းစားလေ့ရှိပြီး အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု အရွယ်အစား အလွန်ကြီးမားသော စီမံကိန်း သို့မဟုတ် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းက စိတ်အား ထက်သန်စွာ လိုလားသော စီမံကိန်းများကိုသာ ပေးအပ်ပါသည်။ လူမှုအသိုင်း အဝိုင်းအတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုများ (၎င်းမှတဆင့် အလုပ်အကိုင်များနှင့် ဝင်ငွေများစွာ) ဖန်တီးပေးနိုင်မည့် စီးပွားရေးလုပ်ငန်းကြီး တစ်ခုခုကို ဆွဲဆောင်ရန် ကြိုးပမ်းသည့်အခါတွင်သာ အခြေအနေအရပေးသည့် ခံစားခွင့်မက်လုံးကို အသုံးပြုလေ့ရှိကြသည်။

ခံစားခွင့်မက်လုံးများအား အခွန်ဆိုင်ရာ ခံစားခွင့်များ နှင့် အခွန်မဟုတ်သည့် မက်လုံးများ (fiscal and non-fiscal incentives) ဟူ၍လည်း ခွဲခြားသတ်မှတ်နိုင်ပါသည်။ အခွန်ဆိုင်ရာ ခံစားခွင့်များတွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ (tax holidays or exemptions)၊ သွင်းကုန်ခွန်များ ကင်းလွတ်ခွင့် သို့မဟုတ် အထူးနှုန်းထား (import duty exceptions or preferences) များ အကျုံးဝင်သလို အမတော်ကြေးငွေများ သို့မဟုတ် ထောက်ပံ့ကြေးများ (subsidies or grants) လည်း အကျုံးဝင်နိုင်ပါသည်။ အခွန်မဟုတ် သည့် ခံစားခွင့်မက်လုံးများတွင် မြေယာ၊ လုပ်အား၊ ငွေအရင်းအနှီး၊ ကိရိယာများ၊ အခြေခံ အဆောက်အဦများ အစရှိသည့် အရင်းအမြစ်များကို အထူးအခွင့်အရေးဖြင့် ရယူသုံးစွဲခွင့်ပေးပါသည်။ အခွန်မဟုတ်သည့်၊ ငွေကြေးမဟုတ်သည့် ခံစားခွင့်မက်လုံးများ (non-fiscal incentives) တွင် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မက်လုံးများ (regulatory incentives) ပါဝင်ပါသည်။ ဆိုလိုသည်မှာ “နိုင်ငံတော် သို့မဟုတ် ဒေသအဆင့် စည်းမျဉ်းစည်းကမ်းအချုပ်အနှောင်များမှ လွတ်ကင်းစေခြင်းဖြင့်နိုင်ငံခြားလုပ်ငန်းများအား ဆွဲဆောင်သည့် မူဝါဒများ” ကို ရည်ညွှန်းခြင်း ဖြစ်သည် (OECD, 2003)။

ကမ္ဘာ့ဘဏ်၏ ဖွင့်ဆိုချက်အရ အခွန်ဆိုင်ရာ ခံစားခွင့်များ (fiscal or tax incentives) ဆိုသည်မှာ (အကြွေးလျှော်ပစ်ခြင်းများ နှင့် Accelerated depreciation အပါအဝင်) “လုပ်ငန်း တစ်ခု၏ အခွန်ဝန်ထုတ်ဝန်ပိုးအား လျှော့ချပေးရန် ရည်ရွယ်ရေးဆွဲထားသည့် မူဝါဒများ” ဖြစ်ပြီး ငွေကြေးဆိုင်ရာမက်လုံးများဆိုသည်မှာ (အရင်းအနှီးတိုက်ရိုက်ထည့်ဝင်စိုက်ထုပေးခြင်း (direct capital subsidies)၊ အတိုးနှုန်းနည်းသည့်ချေးငွေများ (subsidized loans) သို့မဟုတ် စီမံကိန်း အတွက် သီးသန့်ရည်ရွယ်

ပြုလုပ်ပေးသည့် အခြေခံအဆောက်အဦများ (dedicated infrastructure) အပါအဝင်) "အစိုးရက လုပ်ငန်းတစ်ခုအတွက် တိုက်ရိုက်ငွေကြေးထောက်ပံ့မှုများ" ဖြစ်သည်(World Bank, 2003)။ သို့ရာတွင် IISD (2007) ၏ လေ့လာမှုအရ "ငွေကြေးဝင်ကူမှု/ ထည့်ဝင်စိုက်ထု ပေးမှုသည် ရင်းနှီးမြှုပ်နှံမှု မက်လုံး တစ်ရပ်အဖြစ် သတ်မှတ်ရာတွင်ရိုးရှင်းလွယ်ကူ မနေတတ်ပေ။ ငွေကြေး ဝင်ရောက် စိုက်ထုပေးမှုအား မက်လုံးအဖြစ် ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်နှင့် ရှင်းလင်း တိကျမှုတို့ ချမှတ် ထားရှိရန် အရေးကြီးသည်။ မက်လုံးများစွာတို့တွင် ငွေကြေးဝင်ရောက် ကူညီမှုမျိုးစုံ(package) များ ပါဝင်ကာ ရင်းနှီးမြှုပ်နှံမှုတစ်ခု ပြုလုပ်သည့် ကုမ္ပဏီပေါ်၏ လိုအပ်ချက်အနေအထားပေါ်တွင် မူတည်၍ ပေးအပ်တတ်ကြသည်။"

OECD (2003) တွင် ဥပဒေပြဋ္ဌာန်း၍ (နိုင်ငံသားဖြစ်မှုအရ) ရင်းနှီးမြှုပ်နှံသူများအား ခွဲခြား ဆက်ဆံသည့်နည်းလမ်းများ (rules-based approaches)နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတစ်ဦးချင်း သို့မဟုတ် ရင်းနှီး မြှုပ်နှံမှု အခြေအနေများပေါ်မူတည်၍ ဆက်ဆံသည့် နည်းလမ်းများ (specific approaches) ဟူ၍ မက်လုံး များကို ခွဲခြားထားသော်လည်း အဆိုပါနည်းလမ်း ၂ ခုကြား စည်းမှာ တိတိကျကျ မရှိပေ။ အခြေအနေပေါ် မူတည်၍ ဆက်ဆံသည့် နည်းလမ်းမှာ အခွန်ကင်းလွတ်ခွင့် အမျိုး မျိုးပေးခြင်းသို့ ဖြစ်ပေါ်စေပါသည်။ အဆိုပါ ကင်းလွတ်ခွင့် အမျိုးမျိုးတွင် အခွန်ဖြေလျော့ပေးမှုများ၊ ထောက်ပံ့ကြေးများနှင့် သတ်မှတ်ချက်များ သိပ် မထားသည့် ချေးငွေများ (soft loans)၊ မြေယာချပေးမှု (free land)၊ အလုပ်အကိုင်သင်တန်း၊ အလုပ် အကိုင်နှင့် အခြေခံအဆောက်အဦအတွက် ထောက်ပံ့ကြေးများ၊ ထုတ်ကုန်အဆင့်မြှင့်တင်ခြင်း (product enhancement)၊ R&D အထောက်အပံ့နှင့် စည်းမျဉ်းစည်းကမ်းများမှ လိုအပ်ချက်အလိုက်/ ပေးချင်လျှင် ပေးတတ်သည့် ကင်းလွတ်ခွင့်များ (ad hoc exceptions and derogations from regulations) တို့ ပါဝင်သည်။

အမျိုးအစားခွဲခြားရာတွင် အသုံးအများဆုံးပုံစံမှာ ကမ္ဘာ့ဘဏ်အုပ်စု၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် အကြံပေးဝန်ဆောင်မှုအဖွဲ့ (Investment Climate Advisory Services) မှ သတ်မှတ်ထားသည့် ပုံစံဖြစ်ပြီး (Daniel နှင့် Forneris, ၂၀၁၀) အဆိုပါ ပုံစံသည် ကမ္ဘာ့ဘဏ်အုပ်စု၏ အစောပိုင်း သုတေသနများကို အခြေခံထားသည် (အကွက် ၅.၂)။ အာရှပစိဖိတ်ဒေသအပါအဝင် ကမ္ဘာတစ်ဝန်းတွင် အခွန်ဆိုင်ရာ မက်လုံးကို အများဆုံးပေးအပ်ကြပြီး Accelerated depreciation နှင့် သင်တန်းပို့ချခြင်း နှင့် R&D တို့အတွက် စရိတ်ထောက်ပံ့မှုများကိုလည်း အသုံးပြုကြသည် (UNCTAD, 2000)။ သို့ရာတွင် ငွေကြေးဆိုင်ရာ မက်လုံးများသည် ဥပဒေအရ ကန့်သတ်ချက်များနှင့် ကြုံတွေ့ရလေ့ရှိသည်။ (အထူးသဖြင့် "ပို့ကုန်တင်ပို့ရန် လိုအပ်ချက်၊ သတ်မှတ်ချက်" (contigent on export performance) ဖြစ်ပြီး ၎င်းသတ်မှတ်ချက်ကို WTO က တားမြစ်ထားပါသည်။ အခွန်ကင်းလွတ်ခွင့်ကာလ (tax holidays) ကဲ့သို့သော အခွန်ဆိုင်ရာ ခံစားခွင့် မက်လုံးများအား စွမ်းဆောင်ရည်အပေါ် အခြေခံသည့် မက်လုံးများ (performance-based incentives) ထက် ပိုမိုစီမံခန့်ခွဲရ လွယ်ကူသည်ဟု လွဲမှားစွာ ယူဆလေ့ရှိကြသည်။

Table ၅.၂ ရင်းနှီးမြှုပ်နှံမှု ကင်းလွတ်ခွင့်များ အမျိုးအစားခွဲခြင်း

| အမျိုးအစား | ဥပမာ |
|---|---|
| လုပ်ထုံးလုပ်နည်း (သက်ဆိုင်ရာနည်း ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ) | • ပတ်ဝန်းကျင်လိုအပ်ချက်လျှော့ချခြင်း<br>• အလုပ်သမားလိုအပ်ချက်လျှော့ချခြင်း<br>• လုပ်ဆောင်မှုလိုအပ်ချက်လျှော့ချခြင်း<br>• မြေယာပိုင်ဆိုင်မှုအချက်အလက်လျှော့ချခြင်း |
| ဘဏ္ဍာရေး | • အခြေခံအဆောက်အအုံနည်းပါးခြင်းများ<br>• အလုပ်ခွင်သင်တန်းနည်းပါးခြင်းများ<br>• နေရာပြောင်းရွှေ့ခြင်းနှင့်ပြည်ပထောက်ခံမှု<br>• ညွှန်ကြားမှုအထောက်အပံ့<br>• ယာယီ လစာ နည်းပါးမှုများဖြစ်သော<br>- ရင်းနှီးမြှုပ်နှံသူများကိုငွေချေးခြင်း<br>- အိမ်ခြံမြေ အထောက်အပံ့<br>- တိုက်ရိုက်(သို့)သွယ်ဝိုက်ကုန်ကျစာရိတ်ပါဝင်ကျခံမှု(ဥပမာ ဈေးကွက်ရှာဖွေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှု ရောင်းချခြင်း) |
| ဘဏ္ဍာ(အခွန်) | • ဖွဲ့စည်းခွန်လျှော့ချခြင်း။အထူးသဖြင့်<br>- ဝင်ငွေခွန်နှုန်းလျှော့ချခြင်း<br>- အခွန်အားလပ်ရက်များ<br>- အထူးအခွန်ကင်းလွတ်ခွင့်ဇုန်များ<br>• မတည်ငွေထည့်ဝင်မှုအပေါ် သက်သာခွင့်များဖြစ်သော<br>- အထူးရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းများ(ဥပမာ တန်ဖိုးလျှော့တွက်ချက်မှု၊ လျှော့ချမှုတိုးမြှင့်ခြင်း)<br>- ရင်းနှီးမြှုပ်နှံမှုအခွန်ကြွေးများ tax credits<br>- ပြန်လည်ရင်းနှီးမြှုပ်နှံမှုအကျိုးအပေါ် ခံစားခွင့်ပြုခြင်းများ<br>• နယ်စပ်ရှိ လုပ်ငန်းလည်ပတ်မှုတွင် အဟန့်အတားများလျှော့ချခြင်း အဖွဲ့အစည်းများအား ပိတ်ဆို့မှုများလျှော့ချခြင်းဖြစ်သော<br>- Withholding taxအခွန်ရှောင်ခြင်းမှကင်းလွတ်ခွင့်<br>- ကုန်သွယ်ခွန်ကင်းလွတ်ခွင့်(ဥပမာပို့ကုန်၊သွင်းကုန်ခွန်နှင့် အကောက်ခွန် လျှော့ချခြင်း)<br>- အလုပ်သမားများ၏ အခွန်လျှော့ချခြင်း(သို့)ကင်းလွတ်ခြင်း (ဥပမာ ဝင်ငွေခွန် လျှော့ချခြင်း၊ ပြည်ပရှိ အရာရှိနှင့် အလုပ်သမား များ အတွက် လုံခြုံရေးခွန် လျှော့ချခြင်း)<br>• အခြားအခွန်လျှော့ချခြင်းများ(ရောင်းချခွန်လျှော့ချခြင်း၊ VAT လျှော့ချ ခြင်း၊ "အိမ်ခြံမြေရောင်းဝယ်"ခွန် လျှော့ချခြင်း) |

*Source:*Daniel and Forneris(2010).

ကမ္ဘာတစ်ဝန်းရှိ မက်လုံးများအား www.incentivesmonitor.com တွင် ပြည့်ပြည့်စုံစုံ တွေ့မြင်နိုင်ပါသည်။

အဆိုပါ ဝက်ဆိုဘ်တွင် WAVTEQ ဖန်တီးထားသော အချက်အလက်ဘဏ် (database) ရှိပြီး ကမ္ဘာတစ်ဝန်းမှစီမံကိန်းတစ်ခုချင်းစီအတွက် ကုမ္ပဏီများအားပေးခဲ့သည့် မက်လုံးများနှင့် သက်ဆိုင်ရာ နိုင်ငံ၏ ခံစားခွင့် မူဝါဒများအား ဖော်ပြထားသည်။

ပြည်ပသို့ FDI များ သွားရောက်ရင်းနှီးမြှုပ်နှံမှုများသည် အလုပ်အကိုင်များနှင့် ငွေအရင်းအနှီးများအား ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားစေပြီး အမျိုးသားစီးပွားရေးကို ဆုတ် ယုတ်စေသည်ဟူ၍ မူလက ယူဆလေ့ရှိကြရာမှ ယခုအခါတွင် ပိုမိုတိုးတက်ကြီးထွားလာနေပြီး ဖွံ့ဖြိုးမှု ပိုမိုမြင့်မားသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ပြည်ပသို့ FDI များ သွားရောက်ရင်းနှီးမြှုပ်နှံမှုကိုလည်း အားပေးမြှင့်တင်ရန်မက်လုံးများကို အသုံးပြုလာကြပါသည်။ ပြည်ပသို့ FDI များ သွားရောက် ရင်းနှီးမြှုပ်နှံခြင်းသည် ဥပမာအားဖြင့် ကုန်ကျစရိတ်များ လျှော့ချခြင်း နှင့်/သို့မဟုတ် ပြည်တွင်းတွင် မရရှိနိုင်သည့် ကျွမ်းကျင်မှုများနှင့် နည်းပညာများအား အသုံးပြုခြင်းဖြင့် ပြည်တွင်း စီးပွားရေး လုပ် ငန်းများ၏ နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် အထောက်အကူ ပြုကာ Porter ၏ ပုံစံနှင့် ကိုက်ညီမည်ဖြစ်သည်။ ပြည်ပသို့ FDI များသွားရောက်ရင်းနှီးမြှုပ်နှံရန်ပေးသည့် မက်လုံးများသည် ပြည်တွင်းသို့ FDI များ ဝင်ရောက်လာစေရန် ဆွဲဆောင်သည့် မက်လုံးများနှင့် ကွဲပြားသော်လည်း အသုံးပြုသည့် မက်လုံး အမျိုးအစားများ (ဥပမာ၊ ငွေကြေးနှင့် အခွန်ဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ၊ အင်စတီကျူးရှင်းဆိုင်ရာ မက်လုံးများ) တွင် တူညီမှုများရှိပါသည်။ ပြည်ပသို့ FDI များသွားရောက်ရင်းနှီးမြှုပ်နှံရာတွင် ပေးအပ်သည့် မက်လုံးများတွင် အဆိုးကြုံနိုင်ခြေ အနည်းဆုံး ဖြစ်စေရန် လျှော့ချသည့် အစီအမံများ (နိုင်ငံရေးဆိုင်ရာ အဆိုး ကြုံနိုင်ခြေနှင့် ကြွေးမြီဆိုင်ရာ အဆိုးကြုံနိုင်ခြေ အာမခံများ) ပါဝင်ပြီး ပုံမှန်အားဖြင့် အဆိုပါ မက်လုံးများကိုမူ ပြည်တွင်းသို့ ဝင်ရောက်လာသည့် FDI များကို ပေးလေ့မရှိပေ။[89] Sauvant နှင့် အခြား ပုဂ္ဂိုလ်များ (၂၀၁၄) က ပြည်ပသို့ FDI များ သွား ရောက်ရင်းနှီးမြှုပ်နှံရန်အတွက် အမိနိုင်ငံ၏ အစီအမံ များကို ပိုမို အသေးစိတ် ဖော်ပြထားပါသည်။

## ၂။ ခံစားခွင့်မက်လုံးများ အလုပ်ဖြစ်မှု ရှိ၊ မရှိ

ခံစားခွင့်မက်လုံးများပေးခြင်း၏ အကျိုးသက်ရောက်မှုများသည် မတူညီတတ်ဘဲ မက်လုံး အမျိုးအစားနှင့် ပေးအပ်သည့် အိမ်ရှင်နိုင်ငံ၏ အခြေအနေများပေါ်တွင် မူတည်ပါသည်။ အတွေ့အများ ဆုံးသော မက်လုံးများဖြစ်သည့် အခွန်နှင့် ငွေကြေးဆိုင်ရာ မက်လုံးများ၏ အားသာချက်များ၊ အားနည်း ချက်အချို့ကို ဇယား ၅.၃ တွင် ဖော်ပြပေးထားသည်။

[89] The WTO-TRIMS Agreement prohibits local content requirements for export goods. However, when the production is for domestic consumption only, governments can require foreign investors to source a minimum of their inputs required for the production of a good from local suppliers or a subgroup of local suppliers such as SMEs.

Table ၅.၃ အခွန်ဘဏ္ဍာနှင့် ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှု ကင်းလွတ်ခွင့်များ၏ ကောင်းကျိုး ဆိုးကျိုးများ

| ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|
| **ရွေးချယ်စိစစ်ပြီး ဝင်ငွေခွန်လျှော့နည်းစေခြင်း** | |
| • စီမံရန်ရိုးရှင်းခြင်း။<br>• ဝင်ငွေဆိုင်ရာ စရိတ်စက ပိုမိုပွင့်လင်း မြင်သာခြင်း | • ကင်းလွတ်ခွင့်မပေးလျှင်တောင် ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်နိုင်သည့် အကျိုးအမြတ်များစွာ ရရှိနေ ပြီးသော ကုမ္ပဏီ များ ဆီသို့သာ အကျိုး အမြတ် များရောက်ရှိသွားခြင်း<br>• Transfer pricing (ဈေးနှုန်းသတ်မှတ်မှု အတက်အကျ) မှတစ်ဆင့် အခွန်ရှောင်မှုဖြစ်ပွား စေနိုင်ခြင်း (တိုင်းပြည်ချင်းနှင့်နိုင်ငံတွင်း)<br>• ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုများအား ရရှိပြီး သကဲ့သို့ ဆောင်ရွက်ခြင်း။<br>• မိခင်နိုင်ငံ၏အခွန်ပေးဆောင်ရမှုအားကင်းလွတ် ခြင်းမရှိ။ |
| **အခွန်ကင်းလွတ်မှုကာလ** | |
| • စီမံခန့်ခွဲမှုရိုးရှင်းခြင်း။<br>• အခွန်ဆောင်သူများအား အခွန်စီမံသူများနှင့်ရှောင်ရှားရန်။ (အကျင့်ပျက်နိုင်သည့်အခွင့်အရေး ဆက်သွယ်မှု အား လျှော့ချခြင်း) | • ပိုလျှံနေသောအခွန်မှလွဲ၍ ပေါင်းစည်းထားသော နည်းပါးသည့်ဝင်ငွေနှုန်းနှင့်တူညီရမည်။<br>• ရေတိုခိုင်မာသေချာသော စီမံကိန်းများဖြင့် ဆွဲ ဆောင်ရန်<br>• လက်ရှိရင်းနှီးမြှုပ်နှံမှုကိုပြန်လည်ရေးဆွဲခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်မှတစ်ဆင့် အခွန် ခံစားခွင့်ကာလကို တိုးချဲ့ရန်ဆောင်ရွက်ပြီး ထိုဆောင်ရွက်မှုမှတစ်ဆင့် အခွန်ရှောင်းရှားမှုကို ဦးတည်လာနိုင်ခြင်း<br>• လက်ရှိရှိနေသော လုပ်ငန်းများနှင့် လုပ်ငန်း အသစ်များအကြား ယှဉ်ပြိုင်၍ အချက်အလက် များကို မှားယွင်းဖော်ပြလာမှုများဖြစ်နိုင်<br>• အခွန်နှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် အကျိုး အမြတ်များ ခံစားခွင့်ပြီးဆုံးသွားသည့် အချိန်တွင် ရရှိပါမည်။ အခွန်စုဆောင်းမှုများ မလို အပ်လျှင် ကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍ ပွင့်လင်း မြင်သာ မှု မရှိနိုင်ပါ။ |
| **ရင်းနှီးမြှုပ်နှံမှုများခွင့်ပြုမှုများနှင့် အခွန်ငွေကြေးများ** | |
| • ကုန်ကျစရိတ်များသည် ပွင့်လင်းမြင်သာ မှုရှိရမည်။<br>• ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများခွဲခြား၍ ရည်ရွယ်ဆွဲဆောင်နိုင်မည်။ | • နောက်ထပ်ခွင့်ပြုချက်များကို ပိုင်ဆိုင်သော ပစ္စည်း အစားထိုးသည့်အခါတိုင်း allowance ထပ်တိုး ရရှိရေတိုစေ့စပ်သေချာသော စီမံကိန်း များကို ငွေကြေးများဖြင့် ရွေးချယ်ရန် လိမ်လည်မှု<br>• များစွာသော တူညီသည့်ပစ္စည်းများကို ရောင်း |

| | |
|---|---|
| | ဝယ်ခြင်းအားဖြင့် allowance တိုးပွားစေရန် ကြိုးပမ်းခြင်း အရည်အသွေးမီသည့် လုပ်ငန်းများ သည်လည်း ပိုမိုများပြားသည်<br>• စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုး<br>• အရှုံးပြနေသော အကျိုးအမြတ်နှောင့်နှေးနေသော ရင်းနှီး မြှုပ်နှံမှုကို ခွဲခြားဆက်ဆံလာခြင်း |
| **တန်ဖိုးလျော့တွက်ချက်မှု** | |
| • ရင်းနှီးမြှုပ်နှံမှု အသိအမှတ်ပြုခြင်းနှင့် ခွင့်ပြုခြင်းများအတွက် တူညီသော အကျိုးများ<br>• ယေဘုယျအားဖြင့် သက်တမ်းရှည် ပိုင် ဆိုင်မှုကို ပိုင်းခြားခြင်း<br>• ယခင်က ထုတ်လုပ်ခဲ့သော မူမမှန်သော ရင်းနှီးမြှုပ်နှံမှု လျော့ချခြင်း၊စားသုံးသူ ကိုအခြေခံသောအခွန်သည်အဖွဲ့ အစည်း အခွန်အဖြစ် ပြောင်းလဲလာ ခြင်း | • စီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးအချို့ |
| **သွယ်ဝိုက်ခွန် ကင်းလွတ်ခွင့်** | |
| • အခွန်စီမံခြင်းဖြင့် ဆက်သွယ်မှုအား အခွန်ဆောင်သူမှ ငြင်းပယ်ရန် ခွင့်ပြု ခြင်း(ချစားခြင်းအနည်းဆုံး) | • VAT ကင်းလွတ်ခွင့် သည် အကျိုးအမြတ် ကင်း မဲ့စေခြင်း (ပုံမှန် VAT အရ သွင်းကုန် အပေါ် အခွန်အား အသိအမှတ် ပြုခြင်း၊ ထုတ် ကုန်သည် နောက်ဆုံးအဆင့် အထိ အခွန်ဆောင်ရမည်။<br>• အလွဲသုံးစားအနေဖြင့် ကျရောက်မှု |
| **ပို့ကုန်ဆောင်ရွက်သောဇုန်** | |
| • အခွန်စီမံခြင်းဖြင့် ဆက်သွယ်မှုအား အခွန်ဆောင်သူမှ ငြင်းပယ်ရန် ခွင့်ပြု ခြင်း(ချစားခြင်းအနည်းဆုံး) | • ဒေသတွင်းဆုံးဖြတ်ချက်အား မမှန်မကန် ဖြစ်စေ ခြင်း<br>• ပြည်တွင်းဈေးကွက်ထဲသို့ အခွန်မဆောင် သော ကုန်စည်များ အဆက်မပျက် ယိုစိမ့်ခြင်း ရလာဒ် ၊ အခွန်အခြေခံ ပျက်ယွင်းလာခြင်း |

*Source:*Fletcher(2002) as quoted in Rajan(2004).

တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံမှု မက်လုံးများသည် ဈေးကွက်များကို နှောင့်ယှက်သလို ဖြစ်စေပြီး ရင်းနှီးမြှုပ်နှံသူများအား အကျိုးသိပ်မရှိသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် တွန်းအား ပေးသလို ဖြစ်နေကြောင်း Collins (၂၀၁၅) က လေ့လာသုံးသပ်ထားသည်။ တစ်နည်းဆိုရသော် အဆိုပါ ငွေအရင်းအနှီးများအား အခြားစီမံကိန်းများ သို့မဟုတ် အခြားနိုင်ငံများတွင် ဝင်ရောက် ရင်းနှီး မြှုပ်နှံပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ထို့အပြင် အရေးပါသည့် ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ရန် အတွက် အသုံးပြုမည့် ပြည်သူ့ဘဏ္ဍာ ငွေများကိုလည်း အလေအလွင့် ဖြစ်စေသည်။ တစ်နည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့်မက်လုံးများသည် များပြားသည့် အခြားအခွင့်အလမ်းများ (opportunity costs) ကို ဆုံးရှုံးရသည်။ အခြားတစ်ဖက်တွင်မူ မက်လုံးများသည် ဈေးကွက်အလုပ်လုပ်သည့် အခြေအနေကို

အလုပ်လုပ်လာအောင် နှိုးဆွပေးနိုင်ပြီး ဈေးကွက်၏ သတင်းလက်ဝယ်ရှိမှု ကွာဟချက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ပြီး ဝန်ဆောင်မှုမရောက်ရှိသည့်၊ ရောက်ရှိမှု အားနည်းသည့် ဈေးကွက်များသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်စေရန် လမ်းကြောင်းပေးနိုင်ကြောင်းတွေ့ရှိရပါသည်။ ခံစားခွင့်မက်လုံးများသည် သဘာဝ ပတ်ဝန်း ကျင် ထိခိုက်ပျက်စီးမှုတို့ကဲ့သို့သော ဘေးထွက်ဆိုးကျိုးများကိုလည်း လျော့နည်း သက်သာစေ နိုင်ပါသည်။

ကမ္ဘာ့ဘဏ်အုပ်စု ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အကြံပေးဝန်ဆောင်မှုအဖွဲ့ (Investment Climate Advisory Sercices) (Daniel and Forneris, 2010) က ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အားနည်းသော ဆင်းရဲသည့်နိုင်ငံများတွင် အခွန်ကင်းလွတ်ခွင့်ကာလများသည် ဆန့်ကျင်ဘက်ရလဒ်ကို ဖြစ်ပေါ်စေသည်။ အကြောင်းမှာ အဆိုပါ ကင်းလွတ်ခွင့်များသည် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အားနည်းချက်များအတွက် ကာမိ စေခြင်း မရှိသလို အစိုးရများအနေဖြင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို မြှင့်တင်ရန် သုံးစွဲရမည့် ဘဏ္ဍာငွေ များလည်း ဆုံးရှုံးရသောကြောင့် ဖြစ်သည်။ ယေဘုယျအားဖြင့် အခွန်ကင်းလွတ် သက်သာခွင့်ပေးခြင်းများ သည် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမို ဖြစ်ပေါ်စေသည်။ အခွန်ဘဏ္ဍာ ဆုံးရှုံးခြင်းအပြင် ခံစားခွင့် မက်လုံး များနှင့် ဆက်စပ်နေသည့် ဆိုးကျိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် (James, 2009, 2013)။[90]

- ရင်းနှီးမြှုပ်နှံမှုအသစ်များကို အားပေးမြှင့်တင်ခြင်းကြောင့်ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေ သည့် ဈေးကွက်အနှောင့်အယှက်ဖြစ်စေမှု ဆိုးကျိုးများ၊ (Distortion costs)
- ခံစားခွင့်မက်လုံးများ ရရှိရန်အတွက် အစိုးရကို တိုက်တွန်းကြိုးပမ်းရသည့်အတွက်ကြောင့် စီးပွား ရေး လုပ်ငန်းများ၏ အချိန်နှင့် ငွေကြေးများ ဆုံးရှုံးရခြင်း
- မက်လုံးများ ရရှိရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီရန် စီးပွားရေး လုပ်ငန်းများ အနေဖြင့် အချိန်နှင့် ငွေကြေးများ အသုံးပြုရခြင်း
- သတ်မှတ်ချက်များနှင့် မကိုက်ညီသော်လည်း အခွန်ကင်းလွတ်ခွင့်ရရှိရန်အတွက် အချက်အလက် အတုများ ဖန်တီးခြင်းစသည့် တရားမဝင် လုပ်ရပ်များကြောင့် ဘဏ္ဍာငွေ တိုက်ရိုက် ဆုံးရှုံးမှု (သို့မဟုတ်) အခွန်ကင်းလွတ်ခွင့်အတွက် ၎င်းတို့ကိုယ်တိုင်မှာ သတ်မှတ်ချက်နှင့် မကိုက်ညီသော် လည်း ထုတ်ကုန်များ ဝယ်ယူရာတွင် အခွန်ကင်းလွတ်ခွင့်ရရှိသည့် အဖွဲ့အစည်းများမှ ဝယ်ယူ အသုံးပြုခြင်းကြောင့် စီးပွားရေးလုပ်ငန်းများအတွက်ဘဏ္ဍာငွေ သွယ်ဝိုက် ဆုံးရှုံးမှု
- ခံစားခွင့်မက်လုံးများအား ကြီးကြပ်ရသည့် အခွန်အာဏာပိုင်များအတွက် ကုန်ကျစရိတ်များ ပိုများ ခြင်း

အထူးသဖြင့် အခွန်ကင်းလွတ်ခွင့်ပေးခြင်းများသည် အောက်ပါ ဆိုးကျိုးသက်ရောက်မှုများကို ပေါ်ပေါက်လာစေနိုင်ပါသည် (Daniel နှင့် Forneris, 2010)။ (ဇယား ၅.၃ ကိုလည်း ရှုပါ။)

[90] This refers to the tax sparing credit (i.e. the direct dollar-for-dollar reduction of an individual or company's tax liability) which is a term to denote a special form of double taxation relief in tax treaties with developing countries. Where a country grants tax incentives to encourage foreign investment and that company is a resident of another country with which a tax treaty has been concluded, the other country may give a credit against its own tax for the tax which the company would have paid if the tax had not been "spared" under the provisions of the tax incentives (**http://definitions.uslegal.com/t/tax-sparing-credit)**.

- လုပ်ငန်းများသည် အခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးသည့်အခါတွင် လုပ်ငန်းပိတ်သိမ်း၊ ရောင်းချကာ ရင်းနှီးမြှုပ်နှံမှု "အသစ်" အဖြစ် ပြန်လည်လုပ်ကိုင်ခြင်းကြောင့် အခွန်ကင်း လွတ်ခွင့် ကာလကို အကန့်အသတ်မရှိ ခံစားခြင်း၊
- အခွန်ကင်းလွတ်ခွင့်များသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် ဆွဲဆောင်မှု မရှိဘဲ ရင်းနှီးမြှုပ်နှံမှုနှင့် ချိတ်ဆက်နေသော မက်လုံးများ နှိုင်းယှဉ်ပါကလည်း မျှတမှုမရှိပေ။
- (tax sparing မရှိဘဲ) အခွန်နှစ်ထပ်မကောက်ခံရေး သဘောတူညီအရ လုပ်ကိုင်နေသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည့်အတွက်အခွန်ကင်းလွတ်ခွင့်ကာလများသည် ရင်နှီးမြှပ်နှံမှုကို လက်ခံသည့် အိမ်ရှင် နိုင်ငံမှ အခွန်ဝင်ငွေများကို မိခင်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသည့် အနေအထားသို့ ရောက်ရှိစေသည်။
- အခွန်ကင်းလွတ်ခွင့်ကာလများကြောင့် လက်ရှိအခွန်ရရှိနိုင်သည့် အရင်းအမြစ် (existing tax base) ကို ဆုံးရှုံးစေသည်။ အကြောင်းမှာ အမြတ်အစွန်းရှိသောကုမ္ပဏီတစ်ခုသည် အကျိုးအမြတ် များအား transfer pricing မှတစ်ဆင့် အခွန်ကင်းလွတ်ခွင့်ကာလခံစားနေသော ကုမ္ပဏီသို့ အမြတ်အစွန်း များကို လွှဲပြောင်းနိုင်သောကြောင့် ကုမ္ပဏီနှစ်ခုစလုံး အခွန်ပေးစရာ မလိုတော့ဘဲ အခွန်ရှောင်နိုင် ပါသည်။
- ငွေအရင်းအနှီးကြီးမားသော ရင်းနှီးမြှုပ်နှံမှုများသည် အစောပိုင်းနှစ်များတွင် အကျိုးအမြတ် မရရှိ သေးသောကြောင့် "ကနဦး စတင်သည့်၊ လုပ်ငန်းစတင်လည်ပတ်သည့်" ကာလအတွက် ("start-up" period)ပေးအပ်ထားသော အခွန်ကင်းလွတ်ခွင့် ကာလ ဥပမာငါးနှစ် အခွန် ကင်းလွတ်ခွင့်မှာ ထိရောက်မှုမရှိပေ။ အမှန်စင်စစ် အဆိုပါကိစ္စရပ်များတွင် လုပ်ငန်းများအနေဖြင့် အကျိုးအမြတ်များ ထွက်ပေါ်လာသည့် အချိန်မှသာ အခွန်ပေးဆောင်ထိုက်သည့် တာဝန်ရှိ သင့်ပါသည်။
- FDI အတွက်ပေးသော အခွန်ခံစားခွင့်မက်လုံးများကြောင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံခြား ရင်းနှီးမြှပ်နှံမှုသဖွယ် နိုင်ငံခြားမှတဆင့် ပြန်လည်ဝင်ရောက် ရင်းနှီးမြှပ်နှံမှုမျိုး (roundtripping) ကို ဖြစ်ပေါ်စေနိုင်ပါသည် (IMF and others, 2015)။

ကမ္ဘာ့ဘဏ်အုပ်စုရင်းနှီးမြှုပ်နှံမှုဝန်းကျင်အကြံပေးဝန်ဆောင်မှုအဖွဲ့ (Daniel နှင့် Forneris, ၂၀၁၀) က မှတ်ချက်ပြုဖော်ပြထားသည့်အတိုင်းပင် လုပ်ငန်းစွမ်းဆောင်ရည်အပေါ် မူတည်သည့် ခံစားခွင့် မက်လုံး များ (performance-based incentives)နှင့် ပို့ကုန်တင်ပို့မှုအပေါ် မူတည်သည့် ခံစားခွင့် မက်လုံးများ (export-based incentives) သည် ပိုမိုအကျိုးရှိသည့် နည်းလမ်းများ ဖြစ်သော်လည်း အိမ်ရှင်နိုင်ငံအတွက် ရင်းနှီးမြှပ်နှံမှုလက်ခံရာမှ ဖြစ်ပေါ်လာမည့် ကောင်းကျိုးနှင့် ဆိုးပြစ်များကို ချိန်ထိုးတွက်ချက်သင့်ပါသည်။ ထို့ပြင် "အခြားအခြေအနေများအားလုံး တစ်ပြေးညီဖြစ်ပါက export-based incentives များသည် အထည် အလိပ်လုပ်ငန်းများကဲ့သို့သော ရွှေ့လျားလွယ်သည့် ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရာတွင် ထိရောက်မှု ရှိသည်။ သို့သော် ပြည်တွင်းစီးပွားရေးမှ နောက်တွဲချိတ်ဆက်မှု (backward linkages) အားနည်းတတ်ပြီး အခွန်ကင်းလွတ်သက်သာခွင့် ပြန်လည်ရုပ်သိမ်းလိုက်ပါက ၎င်းလုပ်ငန်းများသည် လျင်မြန်စွာ ပြန်လည် ထွက်ပြေး သွားတတ်ကြပါသည်။"

ရင်းနှီးမြှုပ်နှံမှုအတွက် တည်နေရာရွေးချယ်ရာတွင် မက်လုံးများ၏ အရေးပါမှုအတိုင်းအတာမှာ ရင်းနှီးမြှုပ်နှံသူ၏ မက်လုံးအပေါ် တွန်းအားတစ်ခုအဖြစ် မည်မျှတက်ကြွမှုရှိသနည်းအပေါ်တွင် များစွာ မူတည်နေသည်။ စာတမ်းများနှင့် လက်တွေ့သုတေသနတွေ့ရှိချက်များအရ ခံစားခွင့်မက်လုံးများအပေါ် တုံ့ပြန်ပုံမှာ ရောထွေးနေပါသည်။ ခံစားခွင့်မက်လုံးများပေးခြင်းသည် ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ရင်းနှီး မြှုပ်နှံရန် စဉ်းစားသည့်အခါ အရေးပါသော်လည်း (ဥပမာ De Mooij နှင့် Ederveen, ၂၀၀၈) ဖွံ့ဖြိုးဆဲ နိုင်ငံ များတွင် FDI များအား ဆွဲဆောင်ရာတွင်မူ ယေဘုယျအားဖြင့် ထိရောက်မှု နည်းပါးသည် (ဥပမာ Thomas ၂၀၀၇ အင်တာဗျူးကို ကြည့်ရှုပါ)။ James (၂၀၀၉၊ ၂၀၁၃) နှင့် Investment Consulting Associates (2013) က FDI များအပေါ် အခွန်ကောက်ခံမှုသည် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် မတိမ်း မယိမ်းရှိသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသော်လည်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အားနည်းသည့် ဖွံ့ဖြိုး ဆဲနိုင်ငံများတွင်မူ မက်လုံးများသည် အဆိုပါအားနည်းချက်ကို အစားထိုးပေးနိုင်စွမ်း၊ ကာမိစေနိုင်ခြင်း မရှိပေ (Chaisse, 2016 (b), Kinda, 2014 တို့ကိုလည်း ကြည့်ရှုပါ)။ James နှင့် Van Parys (2009) နှင့် Abbas နှင့် Klemm (2013) တို့က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မက်လုံးများပေးခြင်းသည် အရေး ပါသော်လည်း ၎င်းတို့၏ အကျိုးသက်ရောက်မှုမှာ သိပ်မရှိကြောင်း တွေ့ရှိရသည်ဟု ဆိုပါသည်။ Loewendahl (၂၀၁၃) ကလည်း ခံစားခွင့်မက်လုံးများနှင့် အခွန်များသည် အရေးပါသော်လည်း အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်တစ်ခုချင်းစီသို့ FDI များအား ဆွဲဆောင်ရာတွင် သိသာသည့် အကျိုးသက်ရောက်မရှိကြောင်း တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်များတွင် (ဈေးကွက်များ နှင့် ကျွမ်းကျင်မှုများသည် ပိုမိုအရေးပါကြောင်း) နှင့် မက်လုံးနှင့် အခွန်များသည် R&D စီမံကိန်း များထက် ကုန်ထုတ်လုပ်ရေး စီမံကိန်းများတွင် ပိုမိုအရေးပါကြောင်း တွေ့ရှိရသည်ဟု ဆိုပါသည်။ Mutti နှင့် Grubert (၂၀၀၄) အရ ပို့ကုန်ဦးစားပေး FDI သည် ပြည်တွင်းဈေးကွက်ကို အာရုံစိုက်သည့် FDI ထက် အခွန်ခံစားခွင့်မက်လုံးများကို ပိုမိုတုံ့ပြန်စိတ်ဝင်စားမှု ရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ခံစားခွင့်မက်လုံးများသည် ကုန်ကျစရိတ်သက်သာမှုကိုရှာသည့် FDI များ (efficiency-seeking FDI များ) (၎င်းကို ပို့ကုန်အသားပေးသည့် FDI များဟု ခေါ်ဆိုကြသည်) အတွက် အရေးပါလေ့ရှိသည်။ အကြောင်းမှာ နိုင်ငံတကာ တန်ဖိုးကွင်းဆက်တွင် လုပ်ကိုင်ကြသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများသည် တည်နေရာများ ရွေးချယ်ရာတွင် အခြားအခြေအနေများ တူညီနေသည်ရှိသော် ထုတ်လုပ်မှု ကုန်ကျစရိတ် ဈေးသက်သာသည့် နေရာများကို ရွေးချယ်ကြသည်။ ခံစားခွင့်မက်လုံးများသည် သတ္တုတူးဖော် ရေး လုပ်ငန်းများနှင့် သဘာဝအရင်းအမြစ်ကဏ္ဍတို့တွင် အသုံးမဝင်ပေ (James, ၂၀၀၉၊ ၂၀၁၃)။ အကြောင်းမှာ အဆိုပါလုပ်ငန်းများသည် အရင်းအမြစ်ရှိသည့် တည်နေရာကိုသာ ရွေးချယ်ရသည့်အတွက် မည်သို့ပင် ဖြစ်စေ ရင်းနှီးမြှုပ်နှံကြမည် ဖြစ်သော်ကြောင့်ကင်းလွတ်သက်သာခွင့်ပေးပါက အခွန်ဘဏ္ဍာ ဆုံးရှုံး ရမည် ဖြစ်သည်။ အလားတူပင် ခံစားခွင့်မက်လုံးများပေးခြင်းသည် ဈေးကွက်ရှာဖွေသော FDI များနှင့် ဗျူဟာမြောက် ပိုင်ဆိုင်မှုများ ဝယ်ယူသည့် FDI များအတွက်လည်း အရေးမပါလှပေ။ သို့ရာတွင် ကဏ္ဍ အလိုက်နှင့် ရင်းနှီးမြှုပ်နှံသူအလိုက် အရေးပါပုံ၊ တုံ့ပြန်ပုံ ကွဲပြားမှုတော့ ရှိနိုင်သည်။ ထို့ပြင် မော်တော်ယာဉ် များ နှင့် အီလက်ထရောနစ် ပစ္စည်းများကဲ့သို့သော ငွေကြေးအရင်းအနှီးများစွာ လိုအပ်သည့် ကဏ္ဍများသို့ ဝင်ရောက်သော FDI များအတွက် ထောက်ပံ့ကြေးများရရှိနိုင်မှုသည် အလွန်အရေးကြီးတတ်သည် (Thomas, ၂၀၀၇)။ ထိုအခါမျိုးတွင် ခံစားခွင့်မက်လုံးများသည် ရင်းနှီးမြှုပ်နှံမှုတည်နေရာရွေးချယ်မှုအား အဆုံးအဖြတ် ပေးသည့်အရာ ဖြစ်နိုင်သည်။

ခံစားခွင့်မက်လုံးများအားအကျယ်တဝင့် ပေးမလား (သို့မဟုတ်)သီးခြားရည်ရွယ်ချက်အလိုက် ပေးမလား (သို့မဟုတ်) ကဏ္ဍအလိုက် လုပ်ငန်းများပေါ်မူတည်၍ ပေးမလား ဆိုသည်ကို ဆက်လက် ငြင်းခုန်ကြဆဲဖြစ်သည် (အကွက် ၅.၃ ကို ရှုပါ)။ ဥပဒေအရ ညီတူညီမျှပေးသော မက်လုံးများ၊ အခြေအနေပေါ်မူတည်၍ပေးသော မက်လုံးများ၊ အထွေထွေမက်လုံးများ သို့မဟုတ် ကဏ္ဍအလိုက်ပေးသော မက်လုံး များသည် လုပ်ငန်းလုပ်ကိုင်ရန် မကောင်းသည့် တည်နေရာတစ်ခုအား သင့်လျော်သည့် တည်နေရာတစ်ခု ဖြစ်လာအောင် ပြောင်းလဲ ပေးနိုင်ခြင်း မရှိသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ပုံမှန်အားဖြင့် ကုမ္ပဏီများသည် ၎င်းတို့အတွက် အဓိကကျသော လုပ်ငန်းလိုအပ်ချက်များ (operation requirements) နှင့် ကိုက်ညီသည့် တည်နေရာ အချို့ကို ရွေးထုတ်ပြီးမှသာ မက်လုံးများကို ဆက်ကြည့်လေ့ရှိသည်။ ထို့ကြောင့် တည်နေရာ ရွေးချယ်စရာများ အကြမ်းအားဖြင့် မတိမ်းမယိမ်း ဖြစ်နေပါက မက်လုံးများက အဆုံးအဖြတ် ပေးနိုင်ပါသည်။ မက်လုံးများသည် အကြီးစားရင်းနှီးမြှုပ်နှံသူများထက် အသေးစားရင်းနှီး မြှုပ်နှံသူများအတွက် ပိုမိုအရေးပါနိုင်သည်ဟု ထင်ရသော်လည်း အမှန်စင်စစ်တွင် အကြီးစားရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအရေးကြီးပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အနည်းဆုံးရှိရမည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ သတ်မှတ်ချက် (minimum investment requirements) နှင့် ခံစားခွင့်မက်လုံးရရှိရေးအတွက် ကနဦး ကုန်ကျစရိတ်များ (upfront costs) မြင့်မားသောကြောင့် ဖြစ်နိုင်ပါသည်။

**Box 5.3. ထိုင်းနိုင်ငံ၏ ကင်းလွတ်ခွင့်များခွင့်ပြုခြင်းအား ချဉ်းကပ်နည်းအသစ်**

ထိုင်းနိုင်ငံ၏ ခုနစ်နှစ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မူဝါဒ (၂၀၁၅-၂၀၂၁)၊ ရင်းနှီး မြှုပ်နှံမှုဘုတ်အဖွဲ့အရ နိုင်ငံသည် (က) သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ၊ စက်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍများတွင် တန်ဖိုးမြင့် ထုတ်လုပ်ခြင်းများ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ၊ အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများ၊ မျှတသောယှဉ်ပြိုင် ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း စသည်တို့ကို အားပေးခြင်းဖြင့် အမျိုးသားရေးဆိုင်ရာ ယှဉ်ပြိုင်မှုကို မြှင့်တင်ခြင်းအား အကူအညီ ပေးသော ရင်းနှီးမြှုပ်နှံမှု၊ (ခ) ပတ်ဝန်းကျင်နှင့် အကျွမ်းတဝင်ဖြစ်မှု၊ စွမ်းအင်ချွေတာခြင်း (သို့) မျှတပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်သော သဘာဝစွမ်းအင် အသုံးပြုခြင်း စသော လှုပ်ရှားမှု များနှင့် (ဂ) ဒေသတွင်းစွမ်းအားဖွံ့ဖြိုးမှု တန်ဖိုး ကွင်းဆက်များနှင့် သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုများကို ဖန်တီးရန်နှင့် စက်မှုဇုန်အတွင်းနှင့် အပြင်ဆိုင်ရာ အထူးသဖြင့်နယ်စပ်တွင်ရှိသော အထူး စီးပွားရေး ဇုန်များ မြှင့်တင်ရန်၊ အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားဆက်သွယ်မှုဖန်တီးရန်နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ဝင်ရောက်ရန်အတွက်ပြင်ဆင်ရန် စသည်တို့ကိုမြှင့်တင်လျက် ရှိပါသည်။ ထိုရည်ရွယ်ချက်ဖြင့်ပင် ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် ၎င်း၏မက်လုံးပေးခြင်း မူဝါဒအား ပြည်တွင်း အခြေပြု မက်လုံးပေးခြင်းများ (ဇုန်များ) မှပုံ ၅.၁ တွင် ဖော်ပြထားသော လုပ်ဆောင်မှုနှင့်အရည်အသွေး အခြေခံသော မက်လုံးပေးခြင်းအဖြစ် ပြောင်းရွှေ့သွားခဲ့ပါသည်။ (အထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ထားသော မက်လုံးများ အတွက် ပုံ ၅.၁၆ တွင် ကြည့်နိုင်ပါသည်။

**ပုံ ၅.၁ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကင်းလွတ်ခွင့် မူဝါဒပြောင်းလဲခြင်း**

| **လုပ်ဆောင်မှုအခြေခံကင်းလွတ်ခွင့်များ** | **ထိုက်တန်မှုအရကင်းလွတ်ခွင့်များ** |
| --- | --- |
| <br>အဓိကလှုပ်ရှားမှုများအပေါ် အခြေခံသော ကင်းလွတ်ခွင့် အမျိုးအစားခွဲခြင်း | (၁)ယှဉ်ပြိုင်မှုတိုးပွားလာခြင်း<br>(၂)ဗဟိုချုပ်ကိုင်မှု ဖျက်သိမ်းခြင်း<br>(၃)စက်မှုဇုန်ဖွံ့ဖြိုးမှု<br>နိုင်ငံ၏လုပ်ငန်းများ(သို့)<br>နိုင်ငံအတွက် အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ အသုံးစရိတ် တိုးမြှင့်မှုများဖြစ်ပေါ်စေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များအား ပိုမိုအားပေးရန် နှင့် မက်လုံးများ ထပ်မံခွင့်ပြုပေးရန်။ |

*Source:* -ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၊ ထိုင်းနိုင်ငံ

အခွန်မက်လုံးများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနှင့် ဖြစ်ထွန်းစနိုင်ငံများ၏ မူဝါဒ ချမှတ်သူများ အကြားတွင် ပိုမိုရေပန်းစားလာသည်။ နိုင်ငံအများစုသည် အိမ်နီးချင်း နိုင်ငံများက ပေးအပ်သည့် အခွန်မက်လုံးများကို မတိမ်းမယိမ်းဖြင့် အပြိုင်ပေးနိုင်ရန် ဖိအားများနှင့် ရင်ဆိုင်နေရသလို တဖက်တွင်လည်း အစိုးရအများစုသည် အခွန်ငွေလျော့နည်းခြင်းကြောင့် အသုံးစရိတ် လျှော့ချပြီး ပြည်သူ့ ဝန်ဆောင်မှုများလည်း ကောင်းမွန်စွာ ပေးနိုင်ခြင်းမရှိတော့ပေ။ အခွန်မက်လုံးများပေးရန် ကျိုးကြောင်း သုံးသပ်မှုသည် အခွန်မူဝါဒများ၏ ပင်မရည်ရွယ်ချက်ဖြစ်သော အစိုးရဘဏ္ဍာငွေ ရှာဖွေရေးနှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ Thomas (၂၀၀၇) က အခွန်မက်လုံးများသည် အရင်းအနှီးအတွက် ထောက်ပံ့ကြေး ဖြစ်စေပြီး "E" သုံးခုဖြစ်သော - အကျိုးရှိမှု (efficiency), မျှတမှု (equity) နှင့် (စီးပွားရေး) ဝန်းကျင် (environment) တို့ကို ထိခိုက်စေသည်ဟု မှတ်ချက်ပြုပါသည်။ ယေဘုယျ အားဖြင့် ရင်းနှီးမြှုပ်နှံမှု အတွက် အခွန်သက်သာခွင့်များ (Investment Tax Allowances - ITA)၊ ရင်းနှီးမြှုပ်နှံမှု အခွန်နှုတ်ယူ သုံးစွဲရန်ရှိမှုများနှင့် accelerated depreciation တို့သည်အခွန်ဆိုင်ရာ အခွန်မက်လုံးများထက် ပိုမိုကောင်းမွန်ပါသည်။[91] မလေးရှားနိုင်ငံသည် ITA များကို အခြားသော အခွန်မက်လုံးများအား တွဲဖက်အသုံးပြုသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည် (အကွက် ၅.၄)။

[91] An investment tax allowance is a tax incentive offered to businesses to encourage capital investment in which they can deduct a specified percentage of capital costs, including depreciation, from taxable income. Different from investment credits which allows businesses to deduct investment costs directly from their tax liability. (Source: **http://www.businessdictionary.com/definition/investment-allowance.html#ixzz4BdSAsI7O**.)

## Box ၅.၄
## မလေးရှားနိုင်ငံ၏ကုန်ထုတ်ကုမ္ပဏီများအတွက် အဓိကကင်းလွတ်ခွင့်

နိုင်ငံအားလုံးနီးပါးနှင့်အတူပင် နိုင်ငံခြားနှင့်ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများအတွက် ကင်းလွတ်ခွင့်စီမံချက်များသည် ရှုပ်ထွေးပြီးများစွာသောလုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။ မလေးရှားနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများအတွက် အထူးအခွန်ကင်းလွတ်ခွင့်နှင့် အဓိက စပ်လျဉ်းသည့် ကုန်ထုတ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ သော ကုမ္ပဏီများအတွက် အထူးအခွန်ကင်းလွတ် ခွင့်သည် ကနဦးဖော်ပြချက်နှင့် ရင်းနှီးမြှုပ်နှံမှုအခွန် allowance ပေးခြင်း (ITA) ဖြစ်သည်။ ကနဦး ဖော်ပြချက်နှင့် ITA အတွက် ပြည့်စုံမှုသည် တန်ဖိုးမြင့်ထုတ်ကုန်အဆင့်၊ နည်းပညာ အသုံးချမှုနှင့် စက်မှု လုပ်ငန်းနှင့် ဆက်နွယ်မှုတို့ပါဝင်သော သေချာသော ဦးစားပေးများအပေါ် မူတည်ပါသည်။ ပြီးပြည့်စုံသော ဆောင်ရွက်မှုနှင့် ထုတ်ကုန်များအား ဦးစားပေးမြင့်တင်မည့် ဆောင်ရွက်ချက်များနှင့် ဦးစားပေးထုတ်လုပ်မည့် ပစ္စည်းများကို ဆိုလိုပါသည်။ စာရင်းအား MIDA ဝက်ဆိုဒ်တွင် ကြည့်ရှု နိုင်ပါသည်။

**ကနဦးဖော်ပြချက်**

ဝင်ငွေခွန်ပေးဆောင်ပြီး ကနဦးဖော်ပြချက်ကို လက်ခံသောကုမ္ပဏီသည် ဝင်ငွေခွန် ပေးချေ ရာတွင် ငါးနှစ်စာ တစ်စိတ်တစ်ပိုင်း ကင်းလွတ်ခွင့်ကို နှစ်သက်သည်။ ၎င်း၏ အသားတင်ဝင်ငွေ၏ ၃၀% အထိ ပေးဆောင်ရပြီး ၎င်း၏ထုတ်လုပ်သည့်နေ့မှ ကင်းလွတ်ခွင့်အချိန်စတင်ပါသည်။ နိုင်ငံဝင်ငွေမှ အခွန်ဘဏ္ဍာ အသုံးပြုခြင်းနှင့် မတည်ငွေ ခွင့်ပြုချက်အား လျော့ချပြီးနောက် ရရှိလာသော ၎င်း၏ တရားဝင်ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းအပေါ် ၎င်းမှအခွန်ပေးဆောင်သည်။ ကနဦးအချိန်အတွင်း ဆုံးရှုံးမှုများခြင်းနှင့် မတည်ငွေ ခွင့်ပြုမှု မပါဝင်ခြင်းများသည် ဆက်၍ဖြစ်ပေါ်နိုင်ပြီး ကုမ္ပဏီ၏ ကနဦး ဝင်ငွေရရှိပြီးနောက် နောက်ပိုင်းရသည့် ဝင်ငွေမှ ပြန်လည်နုတ်ယူနိုင်သည်။

**ရင်းနှီးမြှုပ်နှံမှု အခွန်ခွင့်ပြုခြင်း**

ပုံမှန်မဟုတ်သော ကနဦးဖော်ပြချက်အနေဖြင့် ကုမ္ပဏီတစ်ခုသည် ITA အတွက် အသုံးပြုနိုင်သည်။ ကုမ္ပဏီတစ်ခုမှခွင့်ပြုသော ITA သည် ပထမဆုံးမတည်ငွေ အသိအမှတ်ပြု ခဲ့သောရက်မှ ငါးနှစ်အတွင်းဖြစ်သော စက်ရုံ၊ အပင်၊ စက်(သို့)ခွင့်ပြုသော စီမံကိန်းအတွက် အသုံးပြုသော အခြား ကိရိယာစသော ၎င်း၏ မတည်ငွေအသုံးစာရိတ် အသိအမှတ်ပြုခြင်း အပေါ် ၆၀ ရာခိုင်နှုန်း ခွင့်ပြုခြင်းတစ်ခု အဖြစ် သတ်မှတ်ပါသည်။

တစ်နှစ်ချင်းစီ အကဲဖြတ်မှုအတွက် ၎င်း၏ပုံမှန်ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်းကို ဆန့်ကျင်သော ထိုခွင့်ပြုချက်ကို ကုမ္ပဏီက ခုနှိမ်နိုင်သည်။ မည်သည့်ခွင့်ပြုသော အသုံးစာရိတ်မဆို အပြည့်အဝ အသုံးပြုခြင်း မတိုင်မီ နောက်ပိုင်းနှစ်များကို ဆက်လက် သယ်ဆောင် နိုင်ခဲ့သည်။ ကျန်ရှိနေသော၎င်း၏ ပုံမှန်ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းသည် ကုမ္ပဏီအခွန်နှုန်းပျံ့နှံ့နေချိန်တွင် ကောက်ခံမည်။ ကုန်ထုတ်လုပ်ခြင်းအတွက် ထပ်တိုးကင်းလွတ်ခွင့်များကို ပြန်လည်ရင်းနှီးမြှုပ်နှံ ခွင့်ပြုခြင်းနှင့် မတည်ငွေ တိုးမြှင့်ခွင့်ပြုခြင်းတို့ဖြင့်ဖွဲ့စည်းထားသည်။ စက်တပ်ယာဉ်များ၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ဇီဝနည်းပညာနှင့် ဆီအုန်းဇီဝ စွမ်းအင်အသုံးပြုခြင်း စသောကဏ္ဍများအား အထူး ကင်း လွတ်ခွင့်စီမံချက်များအဖြစ် ရွေးချယ် ရန် အသုံးပြု သည်။

အမျိုးမျိုးသော ကင်းလွတ်ခွင့်စီမံချက်များအတွက် အသုံးပြုပစ္စည်းသည် မလေးရှား ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအတွက် အာဏာရှိသောအဖွဲ့ (MIDA) ကိုတင်ပြ သင့်သည်။

အမျိုးမျိုးသော၊ ကျယ်ပြန့်သော ခွင့်ပြုသည့် ကင်းလွတ်ခွင့်များအား MIDA ဝက်ဆိုဒ်: http://www.mida.gov.my/home/incentives-in-manufacturing-sector/posts. တွင် ရယူနိုင်ပါသည်။

http://www.mida.gov.my/home/incentives-in-manufacturing-sector/posts

*Source*: MIDA.

ခံစားခွင့်မက်လုံးများ ပေးရန် သို့မဟုတ် သက်တမ်းတိုးပေးရန် ဆုံးဖြတ်ရာတွင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (နှင့် ရင်းနှီးမြှုပ်နှံသူ၏ အပြုအမူ၊ ဥပမာ - ရင်းနှီးမြှုပ်နှံ၏ စွန့်စားလိုစိတ်ရှိမှု၊ မရှိမှု အနေအထား) နှင့် ဆက်စပ်နေသည့် ခံစားခွင့်မက်လုံးများကို သေချာစွာ စောင့်ကြည့်လေ့လာ၍ အကဲဖြတ်ရန် လိုအပ်ပါသည်။ ထိုသို့စောင့်ကြည့်အကဲဖြတ်ရာတွင် ခက်ခဲသော်လည်း လိုအပ်လှသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကောင်းကျိုး-ဆိုးပြစ်ဆန်းစစ်မှု (economic and social cost-benefit analysis)ကို လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ ထိုသို့ဆန်းစစ်မှသာ ရင်းနှီးမြှုပ်နှံမှုမှ ရရှိမည့် အကျိုးကျေးဇူးများ သည် မက်လုံးပေးခြင်းနှင့် မပေးခြင်းတို့အကြား (မျက်မှောက်အသားတင်တန်ဖိုး (net present value - NPV) အရ) မည်သို့ ကွာခြားမည်ကိုသိရှိလာပါမည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း မက်လုံးများသည် (အတိအကျ ဖော်ပြထားသော သို့မဟုတ် အတိအကျ ဖော်ပြမထားသော) စွမ်းဆောင်ရည် သတ်မှတ်ချက်များ (performance requirements) ပေါ်တွင် မူတည်၍ ပေးအပ်ပါသည်။ စွမ်းဆောင် ရည်သတ်မှတ်ချက်/လုပ်ငန်း ဆောင်ရွက်မှု ဆိုင်ရာ သတ်မှတ်ချက်များကို မလိုက်နာပါက မက်လုံးများကို ရပ်ဆိုင်းပစ်နိုင်ပါသည်။ ထို့ကြောင့် မက်လုံးများ နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ အကြားချိတ်ဆက်မှုရှိပါသည်။ အဆိုပါချိတ်ဆက်မှုသည် မက်လုံးများပေးအပ်သည့် စံနှုန်းများကို သတ်မှတ်ရာတွင် အရေးကြီးပါသည် (Box ၅.၅)။

**Box ၅.၅**
**ရင်းနှီးမြှုပ်နှံမှု ကင်းလွတ်ခွင့်အတွက် စံသတ်မှတ်ချက်များ**

ရင်းနှီးမြှုပ်နှံမှု ကင်းလွတ်ခွင့်အတွက် ယေဘုယျအားဖြင့် အကျိုးမရှိသောအခါ အထူးသဖြင့် သေချာအောင်လုပ်ဆောင်ရန် လိုအပ်ချက်များအတွက်ချိတ်ဆက်ခဲ့လျှင် ထိုကင်း လွတ်ခွင့်ကွဲပြားမှု ပြုလုပ်နိုင်သောနေရာများသည် ပြဿနာများဖြစ်သည်။ ထိုပြဿနာတွင် အဆိုပါကင်းလွတ်ခွင့်များအားခွင့်ပြုခြင်းအတွက် အရိုးရှင်းဆုံး ဆုံးဖြတ်ချက်မှာ အမှန် တကယ်တိုင်းတာနိုင်သော မတည် ငွေ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်သားဖန်တီးပေးနိုင်မှုအပေါ် အခြေခံသည်။ ဆုံးဖြတ်ချက် အရည်အသွေး သည် အ ရေအတွက်ကို ကိုယ်စားပြုသည်။ တခြားစကားရပ်ဖြင့် လုပ်သားဖန်တီးပေးနိုင်မှုအရေ အတွက်နှင့် ချိတ်ဆက်နေသော ကင်းလွတ်ခွင့်များထက် အလုပ်ဖန်တီးပေးနိုင်သော အရည်အသွေး အား စာရင်းတွင် ထည့်သွင်းသင့်သည်။ ပေး အပ်သော ကင်းလွတ်ခွင့်များသည် စီမံကိန်း (အမြင့်ဆုံး မဟုတ်) အား ဆွဲဆောင်ရသော ပမာဏ ဖြစ်သင့်သည်။ ၎င်းသည် (က) ဈေးကွက် အရွယ်အစား၊ (ခ) အဖွဲ့စည်းခွန်၊ (ဂ) တခြားနေရာက ဘာတွေပေးနေလဲ စသည်တို့၏ လွှမ်းမိုးခြင်းခံရသည်။

စီမံချက်၏ လူမှုအကျိုးနှင့် စီးပွားရေးကွန်ယက်ဖြစ်နိုင်သော စာရင်းထဲသို့ ကင်းလွတ်ခွင့် ပြုချက် အား အမြဲထည့်သွင်းသင့်သည်။

အောက်ပါအခြေအနေများအား ဖြစ်နိုင်သောကင်းလွတ်ခွင့် ဖြေရှင်းချက်အဖြစ် သတ်မှတ်သင့်သည်။

(က) ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် အများဆုံးအကျိုးအမြတ်

- အရှိန်အဟုန်ဖြင့်စတင်ခြင်းဖြင့် ဝင်ငွေထုတ်လုပ်မှု ပိုမိုဆောလျင်စွာ ရရှိမှု
- အမြတ်နှင့် ကုန်ကျစရိတ်များ ပိုကောင်းအောင်ပြုလုပ်ခြင်း
- အရည်အသွေးနှင့် ဝန်ဆောင်မှုအဆင့်များအားထိန်းသိမ်းခြင်း (သို့) တိုးတက်အောင် ပြုလုပ်ခြင်း

(ခ) တစ်ဦးချင်းနှင့် အဖွဲ့လိုက် အပြုသဘောဆောင်သော ပြင်ပအကြောင်းချင်းရာ (OECD< 2003, James, 2009, 2013)

- R&D လုပ်ဆောင်နိုင်စွမ်း
- အစိမ်းရောင်နည်းပညာများအား အားပေးခြင်း
- လုပ်သားစွမ်းရည်များ မြှင့်တင်ခြင်း
- မဖွံ့ဖြိုးသောဒေသများအား ဖွံ့ဖြိုးလာအောင်ပံ့ပိုးပေးခြင်း
- လုပ်ငန်းများ တိုးပွားလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည့် အခြေခံ အဆောက်အအုံ စီမံကိန်းများ
- ရင်းနှီးမြှုပ်နှံခြင်းနှင့် နောက်ခံချိတ်ဆက်မှုများခိုင်မာစေရန် တည်ဆောက် ခြင်း

(ဂ) အကောင်းဆုံးလုပ်ကိုင်ဆောင်ရွက်မှုရရှိခြင်း

- ဘဏ္ဍာရေးအရခွင့်ပြုခြင်းများနှင့် ခံစားခွင့်မက်လုံးများ
- စွမ်းရည်ပြည့်ဝသော Value Added Tax-VAT
- မြင်သာသောအခွန်နှင့် ဈေးနှုန်းသတ်မှတ်မှုများလွဲပြောင်းခြင်း

(ဃ) ဆုံးဖြတ်ချက် ဖြစ်စဉ်အားပေးခြင်း

- လွတ်လပ်ပြီးပွင့်လင်းမြင်သာမှုရှိခြင်း
- လိုက်နာကျင့်သုံးမှုအပေါ်အခြေခံခြင်း
- ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းဖြစ်စဉ်အား ဂရုစိုက်ရန်အကြောင်းအရာ
- သယံဇာတသုံးစွဲမှု အနည်းဆုံးနှင့် စီမံမှု ကြာမြင့်ချိန်နှင့် စောင့်ကြည့်ရမှု အနည်းဆုံး ဖြစ်ရမည်ဖြစ်သည့် ကြီးကြပ်ရေးနှင့် ပြန်လည်သုံးသပ်ခြင်း

အရင်းအမြစ်-ICA (2013); James (2009,2013)

## ၃။ ခံစားခွင့်မက်လုံးပေးခြင်းဆိုင်ရာ မူဝါဒများအား စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း

မက်လုံးများကြောင့် ရည်ရွယ်ထားသည့် ရလဒ်များ အမှန်တကယ် ထွက်ပေါ်ခြင်း ရှိ၊ မရှိကို သိရှိနိုင်ရန် အတွက် ခံစားခွင့်မက်လုံးကြီးကြပ်သည့်စနစ် (incentive administration system) ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (M&E) ကို ဂရုတစိုက် လုပ်ဆောင်ရန်လိုအပ်ပါသည် (ပုံ ၅.၂)။

မက်လုံးများဆိုင်ရာ မည်သည့် မူဝါဒကိုမဆို ပုံစံရေးဆွဲရာတွင် အဆိုပါ မူဝါဒအား အသုံးချပုံ ကို စောင့်ကြည့်လေ့လာသည့် စနစ်တစ်ခုကိုပါ ပူးတွဲရေးဆွဲရန် လိုအပ်ပါသည်။ ထိုသို့ ရေးဆွဲရသည့် အကြောင်းအရင်း ၂ ရပ် ရှိပါသည်။

(က) လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုများ မဖြစ်ပေါ်လာစေရန်- စောင့်ကြည့် လေ့လာရေး စနစ်သည် ရင်းနှီးမြှုပ်နှံသူများနှင့် ခံစားခွင့်မက်လုံးရှိသူများ၏ လိမ်လည်မှုများမှ ကာကွယ် ပေးနိုင်ရမည်ဖြစ်ပြီးကာ အဆိုပါစနစ်အား ကြီးကြပ်သည့်ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ အကျင့်ပျက်ခြစားမှုများအား မဖြစ်ပေါ်လာစေရန်၊ အနည်းဆုံးအားဖြင့် လျှော့ချရန် လုံလောက်သည့် အပြန်အလှန် ထိန်းကျောင်းမှုစနစ် (an adequate checks and balances system) အတွက် အချက်အလက်များကို ပြည့်စုံလုံလောက်အောင် စုဆောင်း ထားရန် ဖြစ်သည်။

(ခ) ထိရောက်မှုအား အကဲဖြတ်သုံးသပ်ခြင်း - မူဝါဒချမှတ်သူများအနေဖြင့် ခံစားခွင့်မက်လုံး များသည် မျှော်မှန်းထားသည့်အတိုင်း အလုပ်ဖြစ်၊ မဖြစ်ကို သုံးသပ်နိုင်ရန်နှင့် လက်ရှိ မူဝါဒများအတွင်း လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန်အတွက် မျက်မှောက် သတင်းအချက်အလက်များကို အသေးစိတ် သိရှိထားရမည်ဖြစ်သည်။

**Figure 5.1. မက်လုံးပေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှုအဆင့်များ**




*Source*: ICAAny

*Source*: Investment Consulting Associates.

အမှန်စင်စစ်တွင် မက်လုံးပေးထားသည့် ရင်းနှီးမြှုပ်နှံမှုများအား အကဲဖြတ်သုံးသပ်သည့် M&E လုပ်ငန်းများကို မက်လုံးပေးသည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ နိုင်ငံ၏ IPA ၏ aftercare strategy

တွင် အစိတ်အပိုင်းတစ်ရပ် ထည့်သွင်းဆောင်ရွက်သင့်ပါသည်။ သို့ရာတွင် မက်လုံး အစီအစဉ်များအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်သည့် လေးစားလိုက်နာဆောင်ရွက်မှုစနစ်များ ချမှတ်ထားသည့် နိုင်ငံများစွာ မရှိသေးပေ။ ရလဒ်များကို ဆန်းစစ်အကဲဖြတ်ခြင်း (post-hoc evaluation) သို့မဟုတ် ကုမ္ပဏီများမှ ကတိကဝတ်ပြုခဲ့ သည့် စီးပွားရေးဦးတည်ချက်များ (economic objectives)ကို ဖြည့်ဆည်းပေးခြင်း ရှိ၊ မရှိကို ဆန်းစစ် အကဲဖြတ်ခြင်းမရှိဘဲရင်းနှီးမြှုပ်နှံမှု မက်လုံးများစွာ ပေးအပ်ခဲ့ပါသည်။ ယင်းကြောင့် ပြည်သူ့အတွက် သုံးစွဲနိုင်သော အရင်းအမြစ်များ (public resources) ကို အကြီးအကျယ် လေလွင့်ဆုံးရှုံး စေနိုင်ပြီး အမှန်တကယ် သင့်တော်သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကိုလည်း မသိကျိုးကျွန်ပြုမိခြင်း၊ မျက်ကွယ်ပြုမိခြင်းမျိုး ဖြစ်စေနိုင်ပါသည်။

အောက်ပါ M&E နည်းစနစ်များကို အသုံးပြုနိုင်ပါသည်။

- ကြိုတင်ဆန်းစစ်အကဲဖြတ်ခြင်းများ
- အကောင်အထည်မဖော်မီ၊ ရင်းနှီးမြှုပ်နှံမှုမပြုမီ အသုံးပြုသည့်ပုံစံများ (Pre-implementation models)
- စစ်တမ်းကောက်ယူခြင်းများ
- အမှတ်ပေးသည့် ပုံစံများ (Scoring models)
- ကောင်းကျိုး-ဆိုးပြစ် လေ့လာသုံးသပ်မှု (cost-benefit analysis - CBA)

(ရင်းနှီးမြှုပ်နှံသူများအား) ကြိုတင်ဆန်းစစ် အကဲဖြတ်ခြင်း **Pre-assessments** (of investors) သည် ကုမ္ပဏီတစ်ခုအတွက် မလိုအပ်သည့် မက်လုံးများ ပေးအပ်မိသည့် အခြေအနေနှင့် မက်လုံးများကို အလွန်အကျွံ ပေးအပ်မိနိုင်သည့် အခြေအနေတို့မှ လျှော့ချပေးသည်။ အဆိုပါ ချဉ်းကပ်မှုနည်းလမ်းသည် အစိုးရ၏ ဖွံ့ဖြိုးရေး ဦးတည်ချက်များနှင့် အနီးစပ်ဆုံး ကိုက်ညီသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများသို့ ခံစားခွင့်မက်လုံးများ (targeting of incentives) ကို ပေးအပ်လာနိုင်စေသည်။ သို့ရာတွင် အသေးစိတ်ပါဝင်သည့် အကဲဖြတ်အစီအစဉ်တစ်ရပ်ကို ကျင့်သုံးရန်၊ ၎င်းတွင် ပါဝင်သည့် စံသတ်မှတ်ချက်များကို အသုံးပြုရာတွင် တန်းတူရည်တူဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်၊ မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရန်နှင့် လျာထားသည့် ရန်ပုံငွေများကို သင့်လျော်စွာ အသုံးပြုရန်အတွက် ကြီးကြပ်ရေး စွမ်းရည်နှင့် ငွေကြေးအသိအမြင်များစွာ ရှိရန်လိုအပ်ပါသည်။ အကွက် ၅.၆ တွင်ငွေကြေးဆိုင်ရာ ခံစားခွင့် မက်လုံးများ မပေးမီ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအား ဆန်းစစ်အကဲဖြတ်ရာတွင် အိုင်ယာလန် နိုင်ငံ၌ အသုံးပြုသည့် အရေးကြီးသည့် မေးခွန်းများကို စာရင်းပြုစုဖော်ပြပေးထားသည်။

## Box 5.1. Enterprise Ireland မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသို့ မက်လုံးများ ခံစားပြုရန် ထည့်သွင်းစဉ်းစားသည့် အချက်များ

Enterprise Ireland သည် အစိုးရအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အိုင်းရစ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာ့ဈေးကွက်သို့ ရောက်ရှိနိုင်စေရန် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ လုပ်ငန်းစတင်ရန်၊ ကြီးထွားရန်၊ တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်နိုင်ရန်၊ နှင့် နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် စသည်တို့အတွက် အကူအညီပေး ဆောင်ရွက်နေ ပါသည်။ စားသောက်ကုန် လုပ်ငန်းများနှင့် သဘာဝ အခြေခံ ရင်းမြစ် ထုတ်လုပ်သည့် လုပ်ငန်းများ ပါဝင်ပြီး နိုင်ငံခြားပိုင် လုပ်ငန်းများ ဖြစ်ပါသည်။ ပြည်တွင်းလုပ်ငန်းသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသို့ ဘဏ္ဍာရေး ဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးရန် စိစစ်မှုပြုသည့် စံသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(1) လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် မည်သည့် လိုအပ်ချက်များရှိသလဲ
(2) ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးမှုအမှန်တကယ်ရှိသလား
(3) နိုင်ငံတော်မှ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရန် လိုအပ်သလား
(4) လုပ်ငန်းနှင့် Enterprise Ireland အကြား အခွင့်အရေးနှင့် စွန့်စားရမှု မျှတစွာ ခွဲဝေမှု ရှိသလား
(5) Enterprise Ireland မှ ချက်မှတ်ထားသော ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိသလား
(6) အိုင်းရစ်စီးပွားရေးစနစ်ကို မည်မျှအကျိုးဖြစ်ထွန်းစေနိုင်မလဲ
(7) စီမံကိန်းသည် အောက်ပါ ရည်ရွယ်ချက်များအပေါ် မည်မျှအကူညီဖြစ်စေမလဲ -
    (a) လုပ်ငန်းစတင်ချိန်တွင် မြန်မြန်တိုးတက်နိုင်မှု
    (b) ပြည်ပသို့ တင်ပို့နိုင်ခြင်း
    (c) သုတေသနပြုမှု
    (d) နိုင်ငံခြားသို့ လုပ်ငန်းချဲ့ထွင်နိုင်မှုအလားအလာ
    (e) လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးမှု
    (f) e-Business လုပ်ငန်းဖြစ်မှု
    (g) ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မှု

*Source:* ICA (2013); Enterprise Ireland. Available from**https://enterprise-ireland.com/en**.

အကောင်အထည်မဖော်မီ ဆန်းစစ်အကဲဖြတ်မှုပုံစံများ (Pre-implementation models) သည် မက်လုံးများ၏ အကျိုးသက်ရောက်မှု (တစ်နည်းဆိုသော် ရင်းနှီးမြှုပ်နှံမှုမှ ရရှိမည်ဟု မျှော်မှန်းထားသည့် အကျိုးကျေးဇူးများ) ကို တင်ကြို အကဲဖြတ်ပြီး စံသတ်မှတ်ချက်များအလိုက် quantitative manner ဖြင့် အမှတ် ပေးခြင်းဖြစ်သည်။ သို့ရာတွင် ထိုနည်းစနစ်အား အသုံးပြုခြင်းမှာ ရှားပါသည်။ မက်လုံးများကို ကြီးကြပ်သည့် အဖွဲ့အစည်းအများစုသည် မက်လုံးများ၏ မျှော်မှန်းအကျိုးရလဒ်ကို အကဲဖြတ်ခြင်း မပြုဘဲ အမှန်တကယ် အကျိုးသက်ရောက်မှုများကိုသာ (အကောင်အထည်ဖော်ပြီး နောက်ပိုင်း)အကဲ ဖြတ်ပါသည်။ အဆိုပါ စနစ်များသည် မက်လုံးလျှောက်ထားသူများအနေဖြင့် ခံစားခွင့်မက်လုံးများ ရရှိနိုင်ရန် "သတ်မှတ်ချက် နှင့် ကိုက်ညီမှု (eligible)" ရှိစေရန်အတွက် စံသတ်မှတ်ချက်၏ အနိမ့်ဆုံးရမှတ်ရှိ၊ မရှိကို ဆန်းစစ်ရာတွင် ပါဝင်လေ့ရှိသည်။ အကောင်အထည်မဖော်မီ ဆန်းစစ်အကဲဖြတ်မှုပုံစံများတွင် မူဝါဒ ဦးတည်ချက်များကို ထည့်သွင်းစဉ်းစားလေ့ရှိပါသည်။

(မက်လုံးခံစားခွင့် ရရှိထားသူများအား) စစ်တမ်းကောက်ယူခြင်းသည် မက်လုံးအစီ အစဉ်တစ်ခု၏ ထိရောက်မှုနှင့် ခံစားခွင့်မက်လုံးအတွက် ကနဦး စံသတ်မှတ်ချက်များအား လေးစားလိုက်နာ ဖော်ဆောင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို မည်မျှ အထောက်အကူ ပြုသည်ကို လေ့လာဆန်းစစ်ရန်ဖြစ်သည်။ စစ်တမ်း သို့မဟုတ် မေးခွန်းလွှာသည် ပင်ရင်း အချက်အလက်များ (primary data) ကို ရရှိရန် အသုံးပြုနိုင်သည့် နည်းစနစ်တစ်ရပ်ဖြစ်သည်။ ယနေ့ခေတ် IT နည်း ပညာဖြင့် အွန်လိုင်းမှတဆင့် လွယ်လွယ်ကူကူ စစ်တမ်းကောက်ယူနိုင်ပြီး ထိုသို့ ကောက်ယူခြင်းဖြင့် တသမတ်တည်း ဖြစ်မှုနှင့် ပွင့်လင်းမြင်သာမှုရှိမှုတို့ကို အားကောင်းစေပါသည်။

စစ်တမ်းများ ကောက်ယူရာတွင် အရေးကြီးသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် အချက်အလက်များ အားလုံးကို (ဥပမာ အလုပ်အကိုင် ဖန်တီးရေး၊ မတည် ငွေရင်းထည့်ဝင်မှု၊ လေ့ကျင့်သင် ကြားပေးမှု၊ နိုင်ငံတကာကုန်သွယ်မှုနှင့် ပြည်တွင်းတွင် အမြတ်ဝေစုရရှိမှုတို့ကို) ထည့်သွင်း မေးမြန်းသင့် ပါသည်။ စစ်တမ်းကောက်ယူမှု ရလဒ်များ၏ မှန်ကန်မှုအား အတည်ပြုနိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် IPA မှ သက်ဆိုင်ရာ အရာရှိတစ်ဦး (ဥပမာ။ ။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အရာရှိ တစ်ဦး) က ကုမ္ပဏီသို့ တစ်နှစ်လျှင် (အနည်းဆုံး) တစ်ကြိမ် သွားရောက်ကြည့်ရှု စစ်ဆေးသင့်ပါသည်။ လိုအပ်သည့် သတင်းအချက်အလက် အမျိုးအစားပေါ်မူတည်၍ အဆိုပါ စစ်တမ်းအား ခြောက်လတစ်ကြိမ် ပေးပို့သင့်ပါ သည်။ ရင်းနှီးမြှုပ်နှံသူများသည် မက်လုံးများရရှိနိုင်မှုကို မထိခိုက်စေလိုသဖြင့် မက်လုံးများကို မလိုအပ်သည့် တိုင် အဆိုပါမက်လုံးတို့သည် အလွန်ပင် အသုံးဝင်သည်ဟု ဖြေဆိုနိုင်ခြေရှိသောကြောင့် တုံ့ပြန်ဖြေဆိုချက် များမှာ အဖြစ်မှန်ဟုတ်ချင်မှ ဟုတ်ပေ လိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ စစ်တမ်း ကောက်ယူမှုများသည် (အနည်းဆုံးအားဖြင့် ခံစားခွင့်မက်လုံး ရရှိသူများအမြင်ဖြင့်) မက်လုံးများကို မည်သို့ပိုမို ထိရောက်၍ အကျိုးရှိ လာစေရန် ပြင်ဆင်ပြောင်းလဲမှု များ ပြုလုပ်လာနိုင်မည်ဖြစ်သည်။

အမှတ်ပေးသည့်ပုံစံများ (Scoring models) သည် (အကောင်အထည် မဖော်မီနှင့် အကောင် အထည် ဖော်ပြီး) အမှတ်ပေးစနစ်တစ်ခု (scoring mechanism) တွင် ပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှုများ အလိုက် မက်လုံး ရရှိရန် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိကို အကဲဖြတ်ပေးပြီး အသုံးများသည့် စနစ် တစ်ခုလည်းဖြစ်သည်။ ထို့ပြင် မက်လုံးပေးအပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ တိုးတက်မှု၊ အကောင်အထည်ဖော်မှုအခြေအနေကို လေ့လာစောင့်ကြည့်ရာတွင်လည်း အသုံးပြုနိုင်သည်။ အမှတ်ပေးသည့်စနစ်ကို အခြေခံကာ ငွေကြေး ထောက်ပံ့မှု အား အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပေးအပ် မည်ကိုဆုံးဖြတ်လာနိုင်သည်။ (သို့မဟုတ်) အခြေအနေ သတ်မှတ်ချက်များအရ အဆိုပါထောက်ပံ့ကြေး များကို ပြန်လည်ပေးအပ်ရန်အချက် (claw-back provisions) များကို ထည့်သွင်းဖော်ပြနိုင်သည်။

ကောင်ကျိုး-ဆိုးပြစ်လေ့လာဆန်းစစ်မှု (CBA) သည် အလွန်အသုံးဝင်ပြီး ခက်ခဲနက်နဲသည့် အလုပ်တစ်ခုဖြစ်သည်။ ခံစားခွင့်မက်လုံးများ မူဘောင်၏ အကျိုးသက်ရောက်မှုကို (တိုက်ရိုက်နှင့် သွယ် ဝိုက်) ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များဖြင့် တိတိကျကျ ဆန်းစစ် အကဲဖြတ်နိုင်ရန် ခက်ခဲပါသည်။ ယင်းတွင် အဓိကကျသော မေးခွန်းမှာ “အခြားသော နိုင်ငံများမှာလည်း ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ခုကို ဆွဲဆောင်ရန် လက်ရှိမက်လုံးများအတိုင်း ကျင့်သုံးနေစဉ်တွင် မိမိနိုင်ငံတွင် လက်ရှိ မက်လုံးများ ဖယ်ရှားလိုက်သည့်အခါ အဆိုပါ (နိုင်ငံခြား) ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ခုက မိမိနိုင်ငံ သို့ဝင်လာပါ့မလား။” ဟူသည့် မေးခွန်း ဖြစ်သည်။ အဆိုပါမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက် ချမှတ်ရာတွင် စီးပွားရေး

လုပ်ငန်း/ ကော်ပိုရေးရှင်းများ၏ မက်လုံးများ၏ အရေးပါပုံနှင့် အခြား ရွေးချယ်စရာများနှင့် နှိုင်းယှဉ်ပုံကို ကောင်းစွာ နားလည် သဘောပေါက်ထားရန် လိုအပ်ပါသည်။

အဓိကအားဖြင့် ကောင်းကျိုးဆိုးပြစ် လေ့လာဆန်းစစ်မှုတွင် ပေးထားသည့် ခံစားခွင့် မက်လုံးများနှင့် ရင်းနှီးမြှုပ်နှံမှုများမှ စီးဝင်လာသော (ငွေအရင်းအနှီး) များကို ထည့်သွင်းစဉ်းစားပြီး မက်လုံးပေးသည့် အစီအစဉ်ကြောင့် အခြားအခွင့်အလမ်းဆုံးရှုံးမှု (opportunity costs) များကိုလည်း ထည့်တွက်ပါသည်။ မက်လုံးပေးသည့် အစီအစဉ်မရှိသည့်အခါ မျှော်မှန်းရလဒ်များ (assumed outcome) မည်သို့ ဖြစ်မည်ကို Opportunity costs များတွင် တွေ့ရှိရသည်။ "အကယ်၍" ဟူသည့်ယူဆချက် အခြေအနေနှင့် လက်တွေ့ မက်လုံးများ အခြေအနေများကြား ခြားနားချက်သည် ထပ်တိုးအကျိုးအမြတ်များနှင့် ထပ်တိုး ကုန်ကျစရိတ်များ (marginal benefit and marginal costs)ကို ဖော်ပြသောကြောင့် မက်လုံးများပေးခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တိကျစွာ လေ့လာဆန်းစစ်နိုင်ပါသည်။ CBA ဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကောင်းကျိုး၊ ဆိုးပြစ်များသာမက (ဖြစ်နိုင်ပါက သဘာဝပတ်ဝန်းကျင် ကောင်းကျိုး၊ ဆိုးပြစ်များပါ) ထည့်သွင်း ဆန်းစစ်သင့်ပါသည် (အကွက် ၅.၇)။ ဆိုးပြစ်များမှာ တိုက်ရိုက်နှင့်သွယ်ဝိုက်များ ပါဝင်နိုင်ပါသည်။

မျှော်မှန်းအကျိုးကျေးဇူးများမှာ-

- ပြည်တွင်းဝန်ထမ်းအတွက် ပေးချေသည့် လုပ်ခလစာများ (ဈေးကွက်ပေါက်ဈေးဖြင့်)။
- ပြည်တွင်းမှ ဝယ်ယူသော ပြည်သူ့ရေးရာ အခြေခံဝန်ဆောင်မှုများ (public utilities)နှင့် ကုန်ကြမ်းများ
- အခွန်အခများ
- ပြည်တွင်းအစုရှယ်ယာရှင်များ ရရှိခံစားရသည့် အသားတင် အမြတ်ငွေများ
- ကွဲကူးရေပါ/ပြန့်ပွားအကျိုးသက်ရောက်မှုများ (spillovers effect)နှင့် ဆင့်ကဲအကျိုးသက်ရောက်မှု များ (multiplier effect)မှတစ်ဆင့် ရရှိသည့်သွယ်ဝိုက်အကျိုးကျေးဇူးများ တို့ ဖြစ်နိုင်သည်။

မျှော်လင့်ထားရမည့် ကုန်ကျစရိတ်များမှာ -

- လုပ်အားခ သို့မဟုတ် အခြားလုပ်အားခများဆိုင်ရာ opportunity costs
- ပြည်သူ့အခြေခံဝန်ဆောင်မှုများ (public utilities) နှင့် ပြည်တွင်းမှ ဝယ်ယူသည့် ကုန်ကြမ်းများနှင့် စပ်လျဉ်းသော opportunity costs
- အထူးစီးပွားရေးဇုန်များနှင့် ဆက်စပ်အခြေခံအဆောက်အဦများ တည်ဆောက်ရန်အတွက် ကြီးမားသော အခြေခံအဆောက်အအုံများအတွက် ကုန်ကျစရိတ်များ (capital infrastrcture costs)
- ဆုံးရှုံးသွားသော အခွန်များ
- မက်လုံးများအား ကြီးကြပ်ရသည့်အတွက် (အစိုးရများအတွက်) တိုက်ရိုက်မဟုတ်သော ကုန်ကျစရိတ်များနှင့် မက်လုံးများ လျှောက်ထားသည့်အခါ (ရင်းနှီးမြှုပ်နှံသူ များ အတွက်) တိုက်ရိုက်မဟုတ်သော ကုန်ကျစရိတ်များ

- ခံစားခွင့်မက်လုံးများ ရရှိရေးအတွက်စီးပွားရေးလုပ်ငန်းက စည်းရုံးတိုက်တွန်းမှု (lobbying for incentives) အတွက်တိုက်ရိုက်မဟုတ်သော ကုန်ကျစရိတ်များ

တိကျသေချာသည့် ကောင်းကျိုး-ဆိုးပြစ် ဆန်းစစ်မှုတစ်ခုကို ပြုလုပ်နိုင်ရန် အလွန်ခက်ခဲရသည့် အကြောင်းရင်း အမျိုးမျိုးရှိပါသည်။ အထူးသဖြင့် အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများအကြား ကောင်းကျိုးဆိုးပြစ်များကို တွေ့ကြုံခံစားရနိုင်ပြီး အချိန်နှင့်အမျှ ပြောင်းလဲနိုင်သလို ခံစားခွင့်မက်လုံး အမျိုးမျိုးတို့ အပေါ်တွင်လည်း မူတည်နိုင်ပါသည်။ သိသာသောစိန်ခေါ်မှုတစ်ရပ်မှာတိုက်ရိုက်နှင့် သွယ်ဝိုက် ကောင်းကျိုးဆိုးပြစ်များ အားလုံးကို တွက်ချက်နိုင်ရန် ခက်ခဲပါသည် (အသေးစိတ် အချက်အလက်များအတွက် ဥပမာ Johnson and others, 2013; Chen, 2015 တို့ကို ရှုပါ)။[92]

**Box ၅.၇.FDI အတွက် အခွန်မက်လုံးများနှင့်စပ်လျဉ်း၍ လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို လေ့လာဆန်းစစ်မှု၏ အစိတ်အပိုင်းများ**

ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အခွန်မက်လုံးများသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအတွက် နေထိုင်ရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ ပေးရန် ရည်ရွယ် ပါသည်။ အောက်ပါအချက်များသည် လူမှုရေးဆိုင်ရာ အကျိုးတရား များအတွက် ဆန်းစစ်ဝေဖန်မှုများဖြစ်ပါသည်-

- **အသားတင်ရင်းနှီးမြှုပ်နှံမှုအကျိုးသက်ရောက်မှု အရွယ်အစား**-နှစ်တိုးများကြောင့် မတည် ငွေရင်း အသားတင် တိုးပွားသည်ဟု မှန်းဆနိုင်ရန် အခြားသော ရင်းနှီးမြှုပ်နှံမှု ကျဆင်းခြင်း (displacement effect)နှင့် မက်လုံးမပေးသော်လည်း ရင်းနှီးမြှုပ်နှံမှု ရှိနိုင်မည့် အခြေအနေ (redundancy effect)များအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏကို ပြန်လည် တည့်မတ်သင့်ပါသည်။
- **အလုပ်အကိုင်နှင့်လစာများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံပိုမိုမြင့်တက်လာမှု၏ အသားတင် သက်ရောက်မှု** - အလုပ်လက်မဲ့နှုန်းကို လျှော့ချမည်ဆိုလျှင် အလုပ်သစ်များသည် ထင်ရှားသော လူမှုရေး ဆိုင် ရာအကျိုးရရှိမှုများကို ဖန်တီး ပေးနိုင်ပါသည်။ သို့သော်လည်း အလုပ်သစ်များသည် လက်ရှိ ရှိနေသည့် အလုပ်များ အစားဝင်၍ နေရာယူမည်ဆိုလျှင် လူမှုရေးဆိုင်ရာ အကျိုးရလဒ်များသည် အလုပ်သစ်နှင့် အလုပ်ဟောင်းကြား မတူညီသောရလဒ်များအပေါ်တွင် မူတည်နေ ပါမည်။ (ဥပမာ-ထုတ်လုပ်မှုတိုးတက်နှုန်းနှင့်လစာ)
- ထုတ်လုပ်မှုပျံ့နှံ့ခြင်း- ရင်းနှီးမြှုပ်နှံမှုအသစ်များသည် ပြည်တွင်းစီးပွား ရေးထုတ် လုပ်မှုကဏ္ဍတွင် အတိုင်းအတာတစ်ခုအထိ မြင့်တက်လာပါသည်။ ထောက်ပံ့ပေးမှုနှင့် အချင်းချင်း ယှဉ်ပြိုင်မှုများ ကဲ့သို့ ဝင်ငွေများကိုကျယ်ကျယ် ပြန့်ပြန့်မြင့်တက်လာခြင်းအားဖြင့် လူမှုရေးဆိုင်ရာ အကျိုးရလဒ်များ ကျယ်ပြန့် လာပါသည်။

အခွန်မက်လုံးများနှင့်စပ်လျဉ်း၍ လူမှုရေးဆိုင်ရာ ကုန်ကျစရိတ်များသည် အောက်ပါ အချက်အလက်များ ပေါ်တွင် မူတည်ပါသည်-

[92] https://www.smartincentives.org/blogs/blog/144025031-how-to-collect-data-to-determine-if-incentives-are-workingကိုလည်း ကြည့်ရှုပါ။

- ပြည်သူ့ဘဏ္ဍာငွေများအသားတင်ဆုံးရှုံးမှုများ- အခွန်နှင့်စပ်လျဉ်း၍ များစွာသော မက်လုံးများ ရှိလျှင် (သို့)သတင်းပေါက်ကြားခြင်းနှင့် အလွဲသုံးစားမှုများရှိလျှင် ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးပါမည်။ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်များသည် ထိုဆုံးရှုံးမှုများကို ပြန်လည် ကာမိ နိုင်ပါသည်။

- စီမံခန့်ခွဲခြင်းနှင့်လိုက်နာဆောင်ရွက်ခြင်းကုန်ကျစရိတ်များ- အထူးသဖြင့် လုပ်ပိုင်ခွင့်ရှာဖွေခြင်းနှင့် အကျင့်ပျက်ချစားခြင်းအတွက် အခွင့်အရေးများ ဖန်တီးရာတွင် ရှုပ်ထွေးခြင်းများရှိပါက ပေါ်ပေါက်လာနိုင်သော အခွန်ဆိုင်ရာ မက်လုံးများကြောင့် အဆိုပါကုန်ကျစရိတ်များ တက်နိုင်ပါသည်။

- ပြည်သူ့ရန်ပုံငွေများရှားပါးမှု- အခွန်ဘဏ္ဍာတစ်ဒေါ်လာတွင် ပုဂ္ဂလိကဝင်ငွေ တစ်ဒေါ်လာထက်မြင့်မားသော လူမှုရေးဆိုင်ရာ မြင့်မားသောတန်ဖိုးမားရှိပါသည်။ အကြောင်းမှာ အများပြည်သူအသုံးစရိတ်များ ပိုမိုများလာခြင်းကြောင့်ဖြစ်သည်။ Distortionary taxes မှတဆင့် အများပြည်သူမှ ပုဂ္ဂလိက ကဏ္ဍများအထိ ကူးပြောင်းလာသော အကြောင်းအရာများကို ငွေကြေးများ မျှမျှ တတ ထောက်ပံ့ပေးပါသည်။ပုဂ္ဂလိကဝင်ငွေနှင့် အခွန်ဘဏ္ဍာတွင်ရှိသော ပြောင်းလဲမှု များကို နှိုင်းယှဉ်ရန် စည်းလုံးမှုထက် ပိုကျယ်ပြန့်သော ပြည်သူ့ရန်ပုံငွေများ၏ အသေးအဖွဲ့ ကုန်ကျစရိတ်များကိုလည်း နောက်ပိုင်းတွင် အလေးထား ရန်လိုအပ်ပါသည်။

- ပုံစံပြောင်း အရင်းအမြစ်များခွဲဝေပေးခြင်း- မတူညီသောရလဒ်များထက် အခွန်သက်ရောက်မှုအရ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွဲခြားစီမံခြင်း နှင့်စပ်လျဉ်း၍ အရင်းအမြစ်များ ခွဲဝေပေးရာတွင်ဆုံးဖြတ်ခြင်းဖြစ်သည်။ ယင်းမှားယွင်းသောဖော်ပြချက်သည် နည်းပါးသည့် တစ်ဦးချင်းဝင်ငွေနှင့် တိုးတက်မှု များကို လျော့နည်းစေပါသည်။

- *Source:* IMF and others(2015); box 1.

## ၄။ ကောင်းမွန်သည့် ခံစားခွင့်မက်လုံးမူဝါဒများအတွက် အကြံပြုချက်များ

နိုင်ငံရေးနှင့် စီးပွားရေးအရ တည်ငြိမ်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ကိုင်ရလွယ်ကူသော စီးပွားရေးဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံများစွာသည် ဆန်းသစ်တီထွင်မှုရှိပြီး အားကောင်းသောနိုင်ငံ့စီးပွားရေး တိုးတက်မှုကို ဖော်ဆောင်ကြသည်။ သဘောတရားအရ ၎င်းနည်းလမ်းသည် ကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာစေရန်အတွက် လုံလောက်သည့် မက်လုံးဖြစ်ပြီး ရင်းနှီး မြှုပ်နှံမှုလည်း ပြုလုပ်လာကြသည်။ သို့သော်ငြားလည်း ကျန်သည့် အခြေအနေ အားလုံးတူညီနေပါက ခံစားခွင့်မက်လုံးများသည် ရင်းနှီးမြှုပ်နှံသူ၏ ဆုံးဖြတ်မှုအပေါ် အကျိုး သက်ရောက်မှု ရှိပါသည်။

ယေဘုယျအားဖြင့် မက်လုံးများကို သင့်လျော်မှန်ကန်စွာ အသုံးပြုနိုင်ပါက ယင်းတို့သည် ပြည်တွင်းလူမှုအသိုင်းအဝိုင်း/အိမ်ရှင်နိုင်ငံနှင့် ကုမ္ပဏီနှစ်ဖက်စလုံးအတွက် အကျိုးရှိစေပြီး ရေတို အခက်အခဲများကို နည်းပါးစေကာ စည်းမျဉ်းထိန်းကျောင်းမှုနှင့် အခွန်ဆိုင်ရာ အသေးစားပြဿနာများကို ကျော်လွှားပေးနိုင်စေသလို ပြည်တွင်းမှ ဒေသခံလူထု၏ ပူးပေါင်း ပါဝင်မှုကို မြင့်တက်စေ၍ ရေရှည် တည်တံ့မှုကိုပါ ဆောင်ကြဉ်းပေးစေပြီးမိမိတို့နိုင်ငံ/တည်နေရာသို့ပါ ဦးစားပေးရွေးချယ်လာစေပါသည်။ သို့သော်ငြားလည်း ခံစားခွင့်မက်လုံး များသည် မကောင်းသည့် တည်နေရာတစ်ခုအား နေရာကောင်း တစ်ခုအဖြစ် ပြောင်းလဲပေးနိုင်ခြင်း၊

ယှဉ်ပြိုင်နိုင်စွမ်းအားနည်းမှုကို အစားထိုးနိုင်ခြင်း၊ တည်နေရာနှင့် လုပ်ငန်းလိုအပ်ချက်များကြားရှိ ကာဟာ ချက်၊ အချိတ်အဆက်မရှိမှုကို ဖြေရှင်းပေးနိုင်ခြင်း မရှိပေ။ ထို့ပြင် မူလကတည်းက လုပ်ငန်းများစုစည်း နေခြင်း (industry cluster)မရှိသည်ကိုလည်း စုစည်းပေးနိုင်စွမ်း မရှိသလို စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းလူမှုအသိုင်းအဝိုင်းများကြားတွင် ရေရှည်ဆက်ဆံ ရေးကိုလည်း တည်ဆောက်ပေးနိုင်စွမ်း မရှိပေ။

အထူးသဖြင့် ခံစားခွင့်မက်လုံးအစီအစဉ်တစ်ရပ်ကို ရေးဆွဲရာတွင် အောက်ပါအချက်များနှင့် အကြံပြု ချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

- ခံစားခွင့်မက်လုံးများသည် နိုင်ငံ၏ နှိုင်းယှဉ်အားသာချက်များကို အလေးပေးထားသလား၊ သို့မဟုတ် နှိုင်းယှဉ်အားသာချက် မရှိသည့်လုပ်ငန်းများကို ကာမိစေရန် စဉ်းစားလုပ်ဆောင်ထား သလားဆိုသည်ကို နားလည်သဘောပေါက်ရမည် ဖြစ်သည်။ အကယ်၍ ဒုတိယအချက် ဖြစ်ပါက ခံစားခွင့်မက်လုံးများသည် အလုပ်ဖြစ်မည် မဟုတ်ပေ။
- များသောအားဖြင့် မက်လုံးများသည် ကုမ္ပဏီတစ်ခု အတွက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တည်နေရာ ရွေးချယ်ရာတွင် အဓိကတွန်းအား မဟုတ်ပေ။ လုပ်ငန်းကဏ္ဍနှင့် စီးပွားရေး လုပ်ကိုင်မှုအမျိုး အစားများပေါ်မူတည်၍ မည်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံမည်ကို အပြီးသတ် ဆုံးဖြတ်ချက်မချမီ ကုမ္ပဏီများသည် တည်နေရာ အဆုံးအဖြတ်ပေးသည့် အချက်များစွာကို အသေးစိတ် လေ့လာ ကြသည်။
- မည်သို့သော ခံစားခွင့်မက်လုံးမူဘောင်ဖြစ်စေ အစိုးရမှကြီးကြပ်သည့်အခါ ကြီးကြပ်ရေး၊ စောင့် ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေး အလုပ်များအတွက် အရင်းအမြစ်များစွာ လိုအပ် ပါသည်။ ရင်းနှီးမြှုပ်နှံမှု ခံစားခွင့် မက်လုံးများ ပေးနိုင်သည့် အနေအထားတွင် ရှိသင့်ပြီး ကောင်းကျိုး များသည် ဆိုးပြစ်များထက် ပိုများသင့်ပါသည် (OECD, 2003)။
- ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းသို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရာတွင် အခွန်ခံစား ခွင့်မက်လုံးများသည် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်အပေါ် ဩဇာပိုမိုသက်ရောက်သည့် အချက် များ၊ အဓိကအားဖြင့် ဈေးကွက်/စီးပွားရေးဆိုင်ရာအချက်များ (လုပ်သား သွင်းအားစု၊ ကုန်ကြမ်း ပစ္စည်းများ၊ အစရှိသည်) နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအဆောက်အဦ/ ပတ်ဝန်းကျင် (ရင်းနှီးမြှုပ်နှံမှု ပိုင်ဆိုင်မှုများအပေါ် အဆိုးကြုံလာနိုင်ခြေ၊ အငြင်းပွားမှုဖြေရှင်းခြင်း၊ အစရှိ သည်)ကဲ့သို့ အရေးပါခြင်းမရှိပေ။ အထက်ဖော်ပြပါ အထောက်အထားများကို ကြည့်ခြင်းအားဖြင့် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ခုကို ပုံဖော်ရာ၌ အခွန်ခံစားခွင့်မက်လုံးများ အသုံးပြုမှုကို အကန့်အသတ်ဖြင့် တိကျစွာ ဦးတည်ဆောင်ရွက်သင့်ပါသည်။
- ရင်းနှီးမြှုပ်နှံမှု ခံစားခွင့်မက်လုံးများသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး (အကွက် ၅.၈) ကောင်းစွာ ပုံစံရေးဆွဲထားရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ရှင်းလင်း၊ လွယ်ကူ၊ တိကျပြီး တင် ကြိုရွေးချယ်ထားသည့် စံသတ်မှတ်ချက်များဖြင့် ကိုက်ညီသည့် စွမ်းဆောင်ရည် လိုအပ်ချက်ပါ ထည့်သွင်းလျှင် ပိုကောင်းပါသည်။ အခွန်ခံစားခွင့် မက်လုံးများသည်လျှပ်တပြက် (သတ်သတ်

မှတ်မှတ်မဟုတ်ဘဲ) ပေးအပ်မည့်အစား အခွန်ဥပဒေ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သင့်ပြီး ရှင်းလင်းသည့် စံနှုန်းများအပေါ် အခြေခံ ပေးအပ်သင့်ပါသည် (IMF and others, 2015)။

- အခွန်ကင်းလွတ်ခွင့်ကာလများသည် transfer pricing သို့မဟုတ် အိမ်ရှင်နိုင်ငံမှရရှိမည့် အခွန်ဘဏ္ဍာအား ရင်းနှီးမြှုပ်နှံသူ၏ မိခင်နိုင်ငံသို့ လွှဲပြောင်းပေးသလိုဖြစ်စေပြီး မက်လုံး အမျိုးမျိုးရှိသည့်အနက်နှစ်သက်မှု အနည်းဆုံးသောပုံစံဖြစ်သည်။ အခွန်ကင်းလွတ်ခွင့် ကာလ များသည် လုပ်ငန်းသစ်များအတွက် ထိရောက်မှုမရှိပေ။ အကြောင်းမှာ လုပ်ငန်းသစ် စတင်ချိန်တွင် ဝင်ငွေမယ်မယ်ရရ မရရှိသေးပေ။ ယင်းအစား ရင်းနှီးမြှုပ်နှံမှု အခွန်ပြန်အပ် ငွေများ (investment tax credits)၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်သက်သာခွင့်များ (investment allowances)93 နှင့် accelerated depreciation တို့ကို အသုံးပြုသင့်ပါသည် (James, ၂၀၀၉၊ ၂၀၁၃)။
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ကျစရိတ်ကို လျှော့ချပေးသည့် အခွန်ခံစားခွင့်မက်လုံး များကို အမြတ်အစွန်း ပေါ် မူတည်သော အခွန်ခံစားခွင့်မက်လုံးများထက် ပိုမိုရွေးချယ်သင့်ပါသည် (IMF and others, 2015)။[94]
- အခွန်ခံစားခွင့်မက်လုံးများ၏ ကုန်ကျစရိတ်/အခွန်ဆုံးရှုံးမှုကို ပြည့်ပြည့်စုံစုံ ခန့်မှန်း တွက်ချက်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်သင့်ပြီး အခွန်ဆုံးရှုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုမှ ထွက်ပေါ်လာသည့် အကျိုးကျေးဇူးများ (ဥပမာ အလုပ်အကိုင်များ၊ ပို့ကုန် များ၊ ကျွမ်းကျင်မှု/စွမ်းဆောင်ရည် မြှင့်တင်ခြင်း)ကို နှိုင်းယှဉ် လေ့လာကာ စိစစ်သုံးသပ် သင့်ပါသည်။
- ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုအတွက် ပေးအပ်သော မက်လုံးများမှာ သီးခြားအဖြစ် မတည်ရှိသင့်ဘဲ အသိပေးထုတ်ပြန်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေး မြှင့်တင်သည့် အစိုးရမူဝါဒ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ချိတ်ဆက်သင့်ပါသည်။ (ဥပမာ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ရေး ဥပဒေတစ်ရပ် သို့မဟုတ် အရည်အချင်း ပြည့်ဝသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့် ရှောက်ရေးအေဂျင်စီ မရှိပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်မည့် မက်လုံးများ သည် အကောင်းဆုံး ရလဒ် အောက် နိမ့်ကျသော ရလဒ်များကိုသာ ထွက်ပေါ်စေမည် ဖြစ်သည်။

[93] ရင်းနှီးမြှုပ်နှံမှုအခွန်ပြန်အပ်ငွေများဆိုသည်မှာ အခွန်ပေးဆောင်ရမည့် ပမာဏအတွင်းမှ ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ သတ်မှတ်ထားသည့် ပမာဏတစ်ခုကို ထုတ်နှုတ်ခွင့်ပေးခြင်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအခွန်ဆိုင်ရာအသုံးစရိတ်ဆိုသည်မှာ (ကာလတန်ဖိုးလျော့ကျမှုအပြင်) အခွန်ကောက်ခံနိုင် သည့် အမြတ်ငွေအတွင်းမှရင်းနှီးမြှုပ်နှံမှု များ၏သတ်မှတ်ထားသည့်ရာခိုင်နှုန်းကိုထုတ်နှုတ်ခွင့်ပေးခြင်းဖြစ်ပါသည်။ အသုံးစရိတ်၏ တန်ဖိုးသည် အသုံးစရိတ် နှင့် အခွန်နှုန်းတို့၏ ရလဒ်ဖြစ်သည် (James, ၂၀၀၉)။

[94] ကုန်ကျစရိတ်ကို အခြေခံသည့် အခွန်ဆိုင်ရာ မက်လုံးများတွင် accelerated depreciation အစီအစဉ်များနှင့် အထူးအခွန် လျှော့ချပေးခြင်းများ နှင့် ပြန်အပ်ငွေတို့ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များနှင့် ဆက်စပ်နေသည့် အသုံးစရိတ်များ ပါဝင်နေပါသည်။ ၎င်းတို့အား ငွေအရင်းအနှီးလျှော့ချရန် ရည်ရွယ်ထားသော ကြောင့် အစွန်းထွက်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို အရေအတွက်ပိုမို အကျိုးအမြတ်ရရှိစေပါသည်။ တစ်နည်းဆိုရသော် ၎င်းသည် အခြားအခြေအနေတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်မဟုတ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ပေါ်ပေါက်လာစေနိုင်ပါသည်။ အမြတ်ငွေကို အခြေခံသည့် အခွန်ဆိုင်ရာ မက်လုံးများသည် ယေဘုယျအားဖြင့် အခွန်ကောက်ယူ၍ ရနိုင်သော ဝင်ငွေမှ အခွန်ကောက်ယူသည့်နှုန်းထားကို လျှော့ချပေးပါသည်။ ဥပမာများမှာ - အခွန်ကင်းလွတ်ခွင့်များ၊ အထူးအခွန်နှုန်းထားများ သို့မဟုတ် ဝင်ငွေခွန် ကင်းလွတ်ခွင့်များ ဖြစ်ကြပါသည်။ အကျိုးသက်ရောက်မှု တစ်ခုမှာ ပိုမို၍ပင် အကျိုးအမြတ်ရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ပြုလုပ်ရန်အတွက် အစိုးရဝင်ငွေကို လက်လွှတ်ရန်ဖြစ်ပြီး ယင်းသို့ လုပ်ဆောင်သည့်အခါတွင် မက်လုံးပေးရန်ပင် မလိုအပ်ဘဲ လုပ်ဆောင်ကြသည် (IMF နှင့် အခြားအဖွဲ့အစည်းများ ၂၀၁၅)။

- ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးများကို စဉ်းစားပြီး ပုံစံ ရေးဆွဲ ဖော် ဆောင်ရာတွင် အစိုးရမှ ရှင်းလင်းသောမူဝါဒချမှတ်၍ မျှော်မှန်းကြိုးပမ်းနေ သောမူဝါဒ ဦးတည်ချက်များ အထမြောက် လာအောင် အထောက်အပံ့ ဖြစ်သင့်ပါသည်။ အထူးသဖြင့် အဆိုပါ မက်လုံးများသည် သုတေသနကို အခြေခံ ရမည်ဖြစ်ပြီး အဆိုပါမက်လုံးများမရှိပါက ရေရှည် တည်တံ့သော ရင်းနှီးမြှုပ်နှံမှုများ ရှိလိမ့်မည် မဟုတ် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှုန်းများ သိသိ သာသာ နှေးကွေးနေမည်ဟူသော တွေ့ရှိရသည်။
- ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးများကို (နိုင်ငံအလိုက် သက်ဆိုင်ရာ ကဏ္ဍများတွင်) အစိုးရမှ ဦးတည်ကြိုးပမ်းနေသည့် မူဝါဒရလဒ်များ အထမြောက်ရေးအတွက် တည့်မတ်ပေးရမည် ဖြစ်ပြီး အခွန်ခံစားခွင့်မက်လုံးအားလုံးမှာ အမြဲလိုအပ်သည်ဟု မယူဆ သင့်ပေ။

- စီးပွားရေးဝန်းကျင်အပေါ် အနှောင့်အယှက် မဖြစ်စေရန်အတွက် မက်လုံးများကို နိုင်ငံသား ဖြစ်မှုအပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်းမပြုဘဲ မည်သည့်ကဏ္ဍတွင်မဆို ပြည်တွင်း ရင်းနှီး မြှုပ်နှံသူများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအကြား တပြေးညီ ဆက်ဆံသင့်ပါသည်။

- လျှော့ကျထားမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား တတ်နိုင်သလောက် ရိုးရှင်းစွာနှင့် တိကျစွာ ဆောင်ရွက်သင့်ပြီး လုံလောက်သော တင်းကျပ်မှုရှိသင့်သလို ဗျူရိုကရေစီ ဆန်လွန်းခြင်း မရှိအောင်လည်း ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သင့်ပါသည်။

- ခံစားခွင့်မက်လုံးအသစ်များကို ရှိရင်းစွဲခံစားခွင့်မက်လုံးများနှင့် ပေါင်းစည်း ချိတ်ဆက်ပေး သင့်ပါသည်။ အထူးသဖြင့် အစိုးရအဆင့်များစွာ ပါဝင်သည့်အခါတွင် မလိုလားအပ်သည့် အကျိုးဆက်များကို ရှောင်ကြဉ်နိုင်ရန် ဖြစ်သည်။

- ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့်မက်လုံးများအကြောင်း အသိပညာ ပေးရေးနှင့် အချိန်နှင့်တပြေးညီ တိကျသော သတင်းအချက်အလက်များ ပံ့ပိုးရေးမှာ အလွန် အရေးကြီးသလိုပင် စောင့်ကြည့်လေ့လာရေး/ကြီးကြပ်ရေး/ ထိန်းကျောင်းရေး ဌာနများ၏ စွမ်းဆောင်ရည်မှာလည်း အလွန်အရေးကြီးပါသည်။

- နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်နှင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အမျိုးအစား များကို ဦးတည်ဆွဲဆောင်ရန် ကြိုးပမ်းလာကြသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှု ရရှိရေးအတွက် မိမိအကျိုး ထိခိုက် စေသည့် ယှဉ်ပြိုင်မှုများ (harmful competition)သို့ ဦးတည်သွားနိုင်သည့် အန္တရာယ် ပိုမိုများပြား လာပါသည်။ ဆိုလိုသည်မှာ စည်းမျဉ်းစည်းကမ်းများ အပြိုင်အဆိုင် လျှော့ချခြင်း သို့မဟုတ် မက်လုံးများ အပြိုင်အဆိုင် တိုးမြှင့်ပေးခြင်းဖြစ်ပေါ်လာပြီး (လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ၊ ဆိုးကျိုးများ သို့မဟုတ် ပြည်သူ့ဘဏ္ဍာများ ပိုမိုသုံးစွဲမှု) တို့ကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံများ အနေဖြင့် အခွန်ခံစားခွင့် မက်လုံး မပေးသည့် ကိစ္စရပ်များအတွက် စာရင်းထုတ်ပြန်ခြင်းနှင့် မက်လုံး အစီအစဉ်မှ ကန့်သတ် ချက်များ (အရွယ်အစားနှင့် ကာလ)ထားရှိခြင်းတို့အပါအဝင် အခွန်နှင့် အခြား ခံစားခွင့် မက်လုံးဆိုင်ရာ မူဝါဒများကို မျှတစေရပါမည် (James, 2009, 2013)။

- မက်လုံးများအား သင့်လျော်သည့် စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုများ လုပ်ဆောင် နိုင်ရန် IPA များ၏ စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်သည်။

- မက်လုံးများ၏ ဆီလျော်မှုနှင့် အကျိုးကျေးဇူးများအပေါ် သုံးသပ်အကဲဖြတ် နိုင်ရန်အတွက် မက်လုံး အစီအစဉ်များအား ပုံမှန်အကဲဖြတ်ရန် အချိန်ကာလ သတ်သတ်မှတ်မှတ် ထားသင့် ပါသည်။

- ခံစားခွင့်မက်လုံးများသည် လက်တွေ့ကျသောစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင်များ၊ အခြေအနေများနှင့် ချိတ်ဆက်မှု ရှိသင့်သည်။ အထူးသဖြင့် လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ၊ အခြေအနေများနှင့် ချိတ်ဆက်မှု ရှိရမည်။
- ခံစားခွင့်မက်လုံးများသည် IIA များ၊ RTA များ နှင့် WTO သဘောတူညီချက်များကဲ့သို့သော မိမိနိုင်ငံ၏ နိုင်ငံတကာသဘောတူညီချက်များနှင့် အံ့ဝင်ခွင်ကျဖြစ်ရပေမည်။ အထူးသဖြင့် အစိုးရအထောက်အပံ့နှင့် လျှော့စျေးနှင့် ရောင်းချမှုများအတွက် ထိခိုက်နစ်နာမှုများ အပေါ် ကုစားသည့် အရေးယူဆောင်ရွက်မှု ဆိုင်ရာ သဘောတူညီချက် (Agreement on Subsidies and Countervailing Measures) နှင့် TRIMS Agreement တို့ကိုလိုက်နာရပေမည်။

**Box ၅.၈ အခွန်မက်လုံးများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု၏စည်းမျဉ်းများ**

- အခွန်စည်းကြပ်ခြင်း၊ ကုန်ကျစရိတ်နှင့် စျေးကွက်ငှားရမ်းခြင်းနှင့် အခြားသောတာဝန်များ၊ မြေငှားရမ်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ဘဏ္ဍာရေးဆိုင်ရာ အဓိက ဆောင်ရွက်ချက်များ နှင့်ပတ်သက်၍ ရေတိုကာလတွင်လည်းကောင်း၊ ကာလလတ်တွင် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒရည်မှန်းချက်များကိုလည်းကောင်း အများပြည်သူများကို ဖော်ပြရမည်။
- အခွန်ဥပဒေသများ (သို့) အခြားသောဥပဒေများဖြင့် ပြဋ္ဌာန်းထားသော အခွန် မက်လုံးများ အားလုံးသည် ကျစ်လစ်ခိုင်မာမှုရှိရမည်။
- Tax Expenditure ၏နှစ်စဉ်ဖော်ပြချက်တွင် အခွန်မက်လုံးများကို ဖြစ်စေနိုင်သော ဘဏ္ဍာရေးဆုံးရှုံးသည့်ပမာဏကို တွက်ချက်ရန်
- Tax Expenditure ၏ဖော်ပြချက်တွင် အခွန်ထမ်းတစ်ဦးချင်း၊ ကဏ္ဍတစ်ခုချင်းက အခွန် မက်လုံးများနှင့်စပ်လျဉ်း၍ အများဆုံး အကျိုးခံစားသူများပါဝင်သင့်ပြီး တိကျသော အခွန်ပြဋ္ဌာန်းချက် နှင့်အခြားသော စံနှုန်းများလည်း လိုအပ်ပါသည်။
- အခွန်မက်လုံးများနှင့်စပ်လျဉ်း၍ စတင်ဆောင်ရွက်ခြင်း (သို့) ဆက်လက် ဆောင်ရွက် ခြင်း အတွက် စည်းမျဉ်းများနှင့် မူဝါဒများချမှတ်သော အခွန် မက်လုံးပေးမှုအပေါ် ပြီးပြည့်စုံသော မူဝါဒအရအစိုးရက ခွင့်ပြုသင့်ပါသည်။
- အခွန်မက်လုံးများသည် ဖော်ပြထားသောရည်ရွယ်ချက်များနှင့် အတိုင်း အတာတစ်ခု အထိ ကိုက်ညီခြင်းအားဖြင့် အစိုးရကလက်ရှိ အခွန်မက်လုံးများ ဆက်လက် တည်ရှိခြင်း နှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ ပြင်ဆင်ချက်များနှင့် ပြဋ္ဌာန်းချက်များကို ဆောင်ရွက် သင့်ပါသည်။
- Law-marking body (သို့) ပါလီမန်မှ အတည်ပြုထားသော ဥပဒေများသည် အခွန် မက်လုံးပေးမှုများ ပေးပါလိမ့်မည်။
- အခွန်မက်လုံးပေးမှုများသည် ပွင့်လင်းမြင်သာသော စီမံခန့်ခွဲမှု ဖြစ်ရန်လို အပ်ပါသည်။

- အစိုးရသည် Tax Expenditure ၏ဖော်ပြချက်ကို ပြင်ဆင်လေ့ရှိသော ပုံမှန် အချက်အလက်များစုဆောင်းခြင်းအတွက် လုပ်ထုံးလုပ်နည်းတစ်ခုတည်ဆောက်သင့်ပါသည်။
- ထိခိုက်နစ်နာသော အခွန်ယှဉ်ပြိုင်မှုများရှောင်ရှားရန် ဒေသဆိုင်ရာ သဘောတူညီမှုများမှတဆင့် အစိုးရအနေဖြင့် ကတိတာဝန်များနှင့်အညီ ပြုမူရပါမည်။

*Source:* Sebastian James, Available from**http://www.imf.org/external/np/seminars/eng/2014/caribbean/pdf/S2p2-James.pdf**.

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးများ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စေ့စပ်သေချာသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် မူဝါဒချမှတ်သူများကို လမ်းညွှန်ပေးသည့် checklist တစ်ခုကို OECD (၂၀၀၃) က ရေးသားပြုစုခဲ့ပါသည်။ အဆိုပါ စစ်ဆေးရမည့် စာရင်း (checklist) တွင် မူဝါဒဆိုင်ရာ ရွေးချယ် စရာများ ပါဝင်ပြီး မူဝါဒရေးရာမူဘောင်တစ်ခု၏ ဆီလျော်မှု (relevance)၊ အရည်အသွေး (quality)နှင့် တသမတ်တည်းဖြစ်မှု (coherence)တို့ကို အကဲဖြတ်နိုင်ရန်အတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံနှုန်းများ (operational criteria) ကို တင်ပြထားပါသည်။ အဆိုပါ စံနှုန်းများသည် အမျိုးအစားကြီး ၆ ခုအောက်တွင် ပါဝင်သည်။ ၎င်းတို့မှာ (က) FDI မက်လုံးများ ပေးအပ်လိုမှုနှင့် သင့်လျော်မှု (ခ) မူဝါဒပုံစံထုတ်နှင့် အကောင်အထည်ဖော်ခြင်းအတွက် မူဘောင်များ (ဂ) မဟာဗျူဟာများနှင့် မူဝါဒကိရိယာ များ ရွေးချယ်ရာတွင် သင့်လျော်မှု (ဃ) အစီအစဉ်တစ်ခုစီအား ပုံစံရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း (င) လုပ်ထုံးလုပ်နည်းများ (အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် နောက်ဆက်တွဲလုပ်ငန်းများ) ၏ ပွင့်လင်းမြင်သာမှုနှင့် (စ) FDI မက်လုံးဆိုင်ရာ မဟာဗျူဟာများ၏ လုပ်ပိုင်ခွင့်အာဏာ ပြင်ပ နယ်နိမိတ်အပေါ် အကျိုးသက်ရောက်မှုများ ဖြစ်သည်။ ထို့အပြင်OECD သည် မက်လုံးများနှင့် သက်ဆိုင် သည့် မူဝါဒ ရွေးချယ်မှုများအကြောင်းကို ယင်း၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒမူဘောင် (Policy Framework for Investment - PFI) တွင် ထည့်သွင်းဖော်ပြထားသည်။ နောက်ဆုံးထုတ်ဝေမှုသည် ၂၀၁၅ ခုနှစ် တွင် ဖြစ်သည်။ မက်လုံးများနှင့် သက်ဆိုင်သည့် PFI အတွင်းရှိ အဓိကမေးခွန်းများကို အကွက် ၅.၉တွင် ဖော်ပြပေးထားသည်။ မေးခွန်းစာရင်းအပြည့်အစုံနှင့် ဖြည့်စွက်မေးခွန်းများအတွက် http://www.oecd.org/daf/inv/investment-policy/Policy-Framework-for-Investment-2015-CMIN2015-5.pdf (စာမျက်နှာ ၆၁-၆၃) တွင် လေ့လာ ဖတ်ရှုနိုင်ပါသည်။

**Box ၅.၉ အခွန်မက်လုံးများအသုံးပြုခြင်းအပေါ် OECD PFI ၏ အဓိက မေးခွန်းများ**

၁. အစိုးရ၏အခွန်မူဝါဒသည် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုရည်ရွယ်ချက်များနှင့် ရင်းနှီး မြှုပ်နှံမှု ဆွဲဆောင်ခြင်း မဟာဗျူဟာ ကိုမည်ကဲ့သို့ထောက်ပံ့ပေးသနည်း။

၂. နိုင်ငံ၏လူမှုစီးပွားနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေများသည် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဆုံးဖြတ်ချက်ကို ကောင်းမွန်စွာ သက်ရောက်နိုင်သော အခွန်မက်လုံးများပါဝင် သော မူဝါဒများနှင့်ကိုက်ညီမှုရှိသလား။

၃. အခွန်မက်လုံးများသည် အထူးအုပ်စု/နေရာဟူ၍ ရည်ရွယ်ရှိမရှိ၊ ရင်းနှီးမြှုပ်နှံသူများကို ဘက် မလိုက်သည့် ဆက်ဆံရေးရှိသလား။

၄. အစိုးရ၏ဆုံးဖြတ်ချက်များကို ပံ့ပိုးပေးမည့် အခွန်မက်လုံးများ၏ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များနှင့် စပ်လျဉ်းသည့် ဆန်းစစ်ချက်များကို ပုံမှန်ဖော်ဆောင်နေသလား။

၅. အခွန်မက်လုံးများသည် အခွန်ဥပဒေနှင့်ကိုက်ညီမှုရှိသလား။ ယင်းတို့သည် အလိုလျောက်ခံစားခွင့် အခြေခံမှုများ နှင့်ပတ်သက်၍လည်း ဝန်ဆောင်မှုရှိသလား။ ရှင်းလင်း ပြီးပွင့်လင်းမြင်သာသော အခွန်မက်လုံးများ စီမံခန့်ခွဲခြင်းအတွက် လုပ်ငန်းစဉ်များ ရှိသလား။

၆. ရည်ရွယ်မထားသောပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်သော အခွန်စီမံခြင်း အခွင့်အရေးများတွင် စီမံအကဲဖြတ်မှုရှိသလား။ တိုးတက်မှုတွင် အခွန်ဆိုင်ရာစီမံကိန်း နည်းဗျူဟာ များအား ချိုးဖောက်လာပါက ပြန်လည်ဖြေရှင်းရန် နိုင်ငံတကာ အခွန်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ခြင်းများ လုပ်ဆောင်ရန် ပြင်ဆင်ထားလား။

*Sour ce:* OECD Policy Framework for Investment 2015.

## (ဂ) အထူးစီးပွားရေးဇုံများ

### ၁။ အထူးစီးပွားရေးဇုန်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အကြောင်းရင်းခံ နှင့် ရည်ရွယ်ချက်

အထူးစီးပွားရေးဇုန်များ (SEZs) ကို ပုံစံမျိုးမျိုးရှိကြသော်လည်း တူညီသော လက္ခဏာရပ် အချို့ ရှိကြသည်။ SEZ များအား အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

"နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ သီးခြားသတ်မှတ်ထားသည့် နယ်မြေများဖြစ်ပြီး အခြားသော နယ်မြေများနှင့် မတူသော စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလည်း ရှိသည်" (FIAS, 2008; Farole, 2011)

အဆိုပါ မတူညီသည့် စည်းမျဉ်းစည်းကမ်းများသည် အခြေခံအားဖြင့် အထူးစီးပွားရေးဇုန် များ၏ ပြင်ပတွင် မရရှိနိုင်သည့် မက်လုံးများအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများ၊ နိုင်ငံတကာ ကုန်သွယ်မှု နှင့် အကောက်ခွန်များ၊ အခွန်ကောက်ခံမှုများ နှင့် စည်းမျဉ်းဆိုင်ရာ မူဘောင်များ နှင့် ဆက်စပ် နေပါသည်။ အထူးသဖြင့် SEZ များအတွင်း ပြဋ္ဌာန်းထားသည့် စည်းမျဉ်း စည်းကမ်းများသည် နိုင်ငံ၏ အခြားသောနေရာများတွင်ထက် ပိုမို၍ လွတ်လပ်ပါသည်။ သို့ရာတွင် အထူးစီးပွားရေး ဇုန်များ နှင့် စပ်လျဉ်း၍ တစ်သမတ်တည်း သတ်မှတ်ထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ဟူ၍မရှိဘဲ နိုင်ငံအမျိုးမျိုးတွင် အဓိပ္ပာယ်

ဖွင့်ဆိုချက် အမျိုးမျိုးကို အသုံးပြုကြပါသည်။ တူညီသည့် လက္ခဏာများအနက် အထူး(ပိုမို၍ လွတ်လပ်သော) စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်များရှိပြီး အထူးသတ်မှတ်ထားသည့် ဗဟိုချုပ်ကိုင် မှုလျှော့ချထားသော အုပ်ချုပ်မှုပုံစံတစ်ခုရှိကာ ပိုမိုဖွံ့ဖြိုးတိုးတက်သော အခြေခံအဆောက်အဦ ကိရိယာများရှိသည့် သတ်မှတ်ထားသော နယ်မြေတစ်ရပ် ပါဝင်ပါသည်။

လက်တွေ့တွင်၊ 'SEZ' ဟူသည့် အမျိုးအစားအတွင်း လွတ်လပ်သော ကုန်သွယ်ရေး ဇုန်များ (FTZ)၊ ပို့ကုန်လုပ်ငန်းဇုန်များ (EPZ)၊ အခွန်ကင်းလွတ်ခွင့်ဇုန်များ (FZ)၊ စက်မှုဇုန် များ(IE)၊ လွတ်လပ်သောဆိပ်ကမ်းနယ်မြေများ၊ မြို့ပြစီးပွားရေးဇုန်များ နှင့် အခြားဇုန်များအပါအဝင် ပိုမို၍ အသေးစိတ် သတ်မှတ်ထားသည့် ဇုန်အမျိုးအစားများစွာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သည်။ ယင်းအကြောင်း အရာ နှင့် စပ်လျဉ်း၍ ကွဲပြားခြားနားမှုများစွာရှိပါသည်။ ကမ္ဘာအနှံ့ရှိ လွတ်လပ်သော ကုန်သွယ်ရေး ဇုန်များအား ယင်းတို့ တည်ရှိရာဒေသ နှင့် သက်ဆိုင်ရာ ဇုန်အမျိုးအစားပေါ်မူတည်၍ အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြပါသည်။ အမေရိကန်ပြည်ထောင်စုတွင်၊ ၎င်းတို့အား နိုင်ငံခြား ကုန်သွယ်ရေးဇုန်များဟု ခေါ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ထုတ်ကုန်များ သီးသန့်ထုတ်လုပ်သည့် ဇုန်များအား ပုံမှန်အားဖြင့် ပို့ကုန် လုပ်ငန်းဇုန်များဟု ခေါ်ပါသည်။ ယင်းတို့အား တရုတ်နိုင်ငံတွင် အထူးစီးပွားရေးဇုန်များ၊ အိုင်ယာလန်တွင် လွတ်လပ်သော စက်မှုဇုန်များ သို့မဟုတ် လွတ်လပ်သော ပို့ကုန်လုပ်ငန်းဇုန်များ၊ ဂျော်ဒန် နှင့် အီဂျစ် တို့တွင် အရည်အသွေးမီ စက်မှုဇုန်များ (QIZ များ)၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတွင် အခွန် ကင်းလွတ်ခွင့်ဇုန်များ၊ မက္ကဆီကိုတွင် စက်မှုဇုန်များ (maquiladoras)၊ ကိုရီးယားသမ္မတနိုင်ငံတွင် အခွန် ကင်းလွတ်သည့် လွတ်လပ်သော ပို့ကုန်လုပ်ငန်းဇုန်များ သို့မဟုတ် လွတ်လပ်သော ပို့ကုန်လုပ်ငန်းဇုန်များ၊ ဖိလစ်ပိုင်နိုင်ငံတွင် ပို့ကုန် လုပ်ငန်းဇုန်များ၊ သီရိလင်္ကာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဇုန်များ နှင့် အိန္ဒိယနိုင်ငံတွင် နိုင်ငံခြားကုန်သွယ်ရေးဇုန်များဟု ခေါ်ကြသည် (Creskoff နှင့် Walkenhorst, ၂၀၀၉)။ လွတ်လပ်သောကုန်သွယ်ရေးဇုန်များသည် ကုန်ထုတ်လုပ်ရေး အဆောက်အဦများနှင့် သက်ဆိုင်ရာ အခြေခံအဆောက်အဦများ စုစည်းနေသည့် ကန့်သတ်ထားသည့် (ဥပမာ။ ။ ခြံစည်းရိုးကာရံထားသည့်) အထူးစက်မှုဇုန်အမျိုးအစားတစ်ခုဖြစ်ပါသည်။ ယင်းတို့သည် ပုံမှန်အားဖြင့် ပင်လယ်ဆိပ်ကမ်း၊ လေဆိပ် သို့မဟုတ် ကုန်းတွင်းဆိပ်ကမ်းများတွင် သို့မဟုတ် အနီးတွင် တည်ရှိကြပါသည်။ လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ (FTZ များ) သည် ကမ္ဘာ့ ကုန်ထုတ်လုပ်မှု လမ်းကြောင်း (Global supply chain) အား အထောက်အပံ့ပေးနေသည့် ဖွဲ့စည်းပုံ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ UNIDO (၂၀၁၅) က စက်မှုဇုန်များ၊ အထူးစီပွားရေးဇုန်များ၊ ဂေဟ-စက်မှုဇုန်များ၊ နည်းပညာဥယျာဉ်များ နှင့် ဆန်းသစ်တီထွင်ရေး နယ်မြေများပါဝင်သော ပိုမို၍ ယေဘုယျဆန်သည့် "စီးပွားရေးဇုန်များ" ဟူသော အခေါ်အဝေါ်ကို ရည်ညွှန်းပါသည်။Chen (၂၀၀၉) က "လွတ်လပ်သော စီးပွားရေးဇုန်" ဟူသည့် ဝေါဟာရကို အသုံးပြုကာ ထိုဇုန်များတွင် နယ်စပ်ဖြတ်ကျော်၊ နိုင်ငံဖြတ်ကျော် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ဇုန်များနှင့် ကြီးထွားမှုတြိဂံများ ပါဝင်နိုင်ကြောင်း ထောက်ပြပါသည်။ သို့ရာတွင် အခြားအစွန်း တစ်ဖက်တွင် SEZ တစ်ခုတည်း၏ နယ်နိမိတ်အတွင်း ၌"အမျိုးအစားအလိုက်" ဇုန်များစွာ ပါဝင်နိုင်ပါသည်။ ထိုသို့ အလွှာများ ထပ်မံပါဝင်သည့် ချဉ်းကပ်မှု ပုံစံ၏ အထင်ရှားဆုံး ဥပမာ

များမှာ ဖိလစ်ပိုင်နိုင်ငံရှိ Subic Bay Freeport Zone, ဂျော်ဒန်နိုင်ငံရှိ Aqaba Special Economic Zone Authority, အိန္ဒိယနိုင်ငံရှိ Sri City Multi-product SEZ နှင့် Mundra SEZ တို့ ဖြစ်ကြပါသည်။[95]

SEZ များကို တည်ထောင်ရသည့် ရည်ရွယ်ချက် အမျိုးမျိုးရှိပြီး များသောအားဖြင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို စမ်းသပ်ရန်၊ အလုပ်အကိုင်များ ဖန်တီးပေးရန် နှင့် ပိုမိုသေးငယ်သည့် နယ်မြေ တစ်ခုအတွင်း အခြေခံအဆောက်အဦများ ထောက်ပံ့ပေးရန်အတွက်ဖြစ်ပါသည်။ SEZ များအား ပိုမိုကျယ်ပြန့်သည့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ရှေ့ပြေး စီမံကိန်း တစ်ခု အဖြစ် စမ်းသပ်လုပ်ဆောင်ပြီး ယင်းသို့လုပ်ဆောင်သည့်အခါတိုင်းနီးပါးတွင် FDI များကို ဆွဲဆောင်ခြင်း ပါဝင်လေ့ရှိပါသည် (FIAS, ၂၀၀၈)။ သို့ရာတွင် ဖြစ်စဉ်အများစုတွင် SEZ များအား ပြည်တွင်းကုမ္ပဏီများ (ကုန်ပစ္စည်း ပေးသွင်းသူများ) အတွက်လည်း ဖွင့်လှစ်ပေးထား ပါသည်။

SEZ များသည် GVC များ ချဲ့ထွင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်ပါသည်။ နိုင်ငံ တစ်နိုင်ငံချင်းစီအလိုက် စည်းမျဉ်းများကွဲပြားသော်လည်း ဇုန်များသည် ပထဝီ အနေအထား အရ နိုင်ငံအတွင်း တည်ရှိသော်လည်း အကောက်ခွန်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် ပုံမှန်အားဖြင့် နိုင်ငံ၏ နယ်နိမိတ်ပြင်ပများတွင် လည်ပတ်ကြပါသည်။ ရလဒ်အနေဖြင့် ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှု လမ်းကြောင်းသည် ကမ္ဘာအနှံ့ရှိ ဇုန်များအကြားတွင် ပြန့်ကျဲနေကာ အပြီးသတ်ထုတ်ကုန်ကို ထုတ်လုပ်သည့် နိုင်ငံတွင် ဇုန်စနစ်အတွင်းမှ ထွက်ခွာသည့်အချိန်အထိ အခွန်များ၊ ဝေစုများ နှင့် အသေးစိတ် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို စိုးရိမ်ပူပန်ရန် မလိုပေ။ ထိုအချိန်မှသာ ၎င်းတို့အပေါ် အခွန်များ၊ ဝေစုများနှင့် အကောက်ခွန် လုပ်ထုံးလုပ်နည်း အပြည့်အစုံ သက်ရောက်ပါသည် (Bolle နှင့် Williams, ၂၀၁၃)။ အကွက် ၅.၁၀ တွင် GVC များ၏ အခြေအနေများအတွင်း SEZ များမည်သို့ အလုပ်လုပ်ကြောင်း ဥပမာအချို့ ဖော်ပြထားပါသည်။

[95]Mention of the information contained in this paragraph is made in various publications and online websites, e.g. **http://sezinindia.com/sez-globally**.

**Box ၅.၁၀ ကမ္ဘာ့စီးပွားရေးဇုန်ဆက်သွယ်မှုမည်ကဲ့သို့လုပ်ဆောင်ပုံနှင့်စပ်လျဉ်း၍ ဥပမာအချို့**

အိန္ဒိယမှအထည်နှင့် အင်ဒိုနီးရှားမှကြယ်သီးများကို အမေရိကသို့ မကြာခင် တင်ပို့မည့် ရှပ်အင်္ကျီ တစ်ထည်ရရန်အတွက် ဖိလစ်ပိုင်နိုင်ငံမှ ကုန်သွယ်ရေးသို့ပို့ရသလို ယူဆ ကြပါစို့ ဖိလစ်ပိုင်နိုင်ငံအတွက် အခွန်အကောက်ပေးဆောင်ရန် မလိုဘဲ အားလုံးသည် အမေရိကန်ပြည်ထောင်စုသို့ဝင်လာသည့်ပြီး ပြည့်စုံသော ရှပ်အင်္ကျီဖြစ်သည်အထိ အခွန်အကောက် နည်းလမ်းများလွယ်ကူရိုးစင်းနေရပါမည်။ အမေရိကသို့ တင်ပို့သည့်အခါ ပထမ အမေရိကန်ပြည်ထောင်စု လွတ်လပ်သော ကုန်သွယ်မှုဇုန်သို့ဝင်ပြီး ရောင်းချရန် အတွက် ရှပ်အင်္ကျီတင်သွင်းမည်ဆိုလျှင် အခွန်အကောက်များသာ ပေးရပါမည်။ ဆိုလိုသည်မှာ အမေရိကန် ပြည်ထောင်စု အခွန်အကောက်နယ်ပယ်အဖြစ် ထွက်သွားခြင်းဖြစ်သည်။ အခြားသော ရည်ရွယ်ချက်များ လည်း ရှိကောင်းရှိနိုင်ပါသည်။ (ဥပမာ-ကုန် အမှတ် တံဆိပ်ကပ်ခြင်းကဲ့သို့ ထပ်မံ လုပ်ဆောင်မည်ဆိုလျှင်၊ သယ်ပို့ချိန်တွင် ပျက်စီး၍ ဖယ်ထုတ်ပစ်ရန်လိုလျှင်၊ ခရစ္စမတ်ပွဲတော် အရောင်းအတွက် ကုမ္ပဏီမှ သိုလှောင် ရန်လို လျှင်) စရိတ်စက သက်သာရန် အလို့ငှာ လွတ်လပ်သော ကုန်သွယ်မှုဇုန်သို့ ဝင်လာခြင်းများ ရှိကောင်း ရှိနိုင်ပါသည်။ ထိုသို့ဖြစ်လျှင် အခွန်အကောက်ပေးရမည့်ငွေပမာဏကို ရွှေ့ဆိုင်းကောင်းရွှေ့ဆိုင်းနိုင်ပါမည်။

အလားတူ တင်သွင်းသောရေနံစိမ်းများကို ရေနံထုတ်လုပ်ခြင်း အတွက် FTZ ရှိဇုန်ခွဲတစ်ခုတွင် လုပ်ဆောင်ကြပါသည်။ ပြန်လည်ချက်သောဓာတ်ဆီ၊ ဒီဇယ်ဆီများကို FTZ ရှိဇုန်ခွဲတစ်ခုအဖြစ် လက်ခံ ပြီး အသုံးပြုပါသည်။ ဆိုလိုသည်မှာ ယင်းကို သီးခြား ကုမ္ပဏီ(သို့)အသုံးပြုမှုအဖြစ် စက်ရုံနေရာကို အတည်ပြု ပေးရပါသည်။ ပြန်လည်ချက်လုပ်သော ရေနံထွက်ပစ္စည်းဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီများအပေါ် အခွန် ကောက်ဆိုင်ရာဖွဲ့စည်းမှုသည် အခြားသောရေနံဓာတုပစ္စည်းများတွင် အခွန်ကောက် မရှိစဉ် ရေနံစိမ်း ထက် အခွန်ကောက်ပိုများသော ရေနံထုတ်လုပ်ခြင်းများရှိသည်။ ထို့ကြောင့် ပြောင်းပြန်ဖြစ်စေသော အခွန် ကောက်ခံမှု စနစ်များရှိနေပါသည်။ ပြန်လည်ပြုပြင်သော ထုတ်ကုန်များသည် ဇုန်တွင်တည်ရှိပြီး အမေရိ ကန်ပြည်ထောင်စု၏ အကောက်အခွန်နယ်ပယ်ထဲသို့တင်သွင်းလျှင် ကုမ္ပဏီအနေဖြင့် ပြန်လည် ပြုပြင်သော ထုတ်ကုန်များအပေါ် ရေနံစိမ်းတင်သွင်းစဉ် အခွန် (သို့)ချက်လုပ်ပြီးအပေါ်ပေးရန်အခွန် စသဖြင့် အကောက် အခွန်ပေးရန်တစ်ခုခုကို ရွေးချယ်နိုင်ပါသည်။ ဒါ့အပြင် ရေနံစိမ်းမှရသော ဓာတုပစ္စည်းများသည် ဇုန်ထဲတွင် တည်ရှိမည် (သို့) နောင်တွင်ပြန်လည် သန့်စင် ခြင်း အတွက် ဇုန်ခွဲ ဖြစ် သော ဓာတုထုတ်လုပ်ခြင်းအပိုင်းသို့ ကူးပြောင်းမည်ဖြစ်သည်။ ပြန်လည်သန့်စင် သောဖြစ်စဉ်တွင် FTZ သည် အခြားထုတ်လုပ်ခြင်း ဖြစ်စဉ်များ ကဲ့သို့ မည့်သည့်စွန့်ပစ် သော ထုတ်ကုန်များအပေါ်တွင်မှ အကောက် အခွန် ပေးရန်မလိုပါ။

*From:* Bolle and Williams (2013), box 2.

Bolle နှင့် Williams (၂၀၁၃) က - လွတ်လပ်သည့် ကုန်သွယ်ရေးဇုန်များနှင့်စပ်လျဉ်း၍ အသုံး ဝင်သည့် ဖော်ပြချက်တစ်ခုကို သတ်မှတ်ပေးထားပြီး ကမ္ဘာအနှံ့ရှိ ယင်းသို့သော ဇုန်များသည် ကုန်သွယ်မှုကို အဆင်ပြေချောမွေ့စေရန် လည်ပတ်သည့် ပုံစံအားဖြင့် ဆင်တူသော်လည်း အရွယ်အစား၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး ရည်ရွယ်ချက်များ၊ ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများ၊ အစိုးရ မက်လုံးများနှင့် ၎င်းတို့၏ ထုတ်ကုန် များ၏ အပြီးသတ် ကင်းလွတ်ခွင့်များသည် ကွဲပြားခြားနားပါသည်။ "၎င်းတို့သည် ကုမ္ပဏီ၏ ကုန်ထုတ် လုပ်မှုဆိုင်ရာ အလုပ်အကိုင်ခန့်အပ်မှု၏ ကြီးမားသည့် ပမာဏများကို ကိုယ်စားပြုပြီး တရုတ်နိုင်ငံတွင်ကဲ့သို့ ကြီးမားသည့် တည်နေရာနယ်မြေများ ရယူထားနိုင်ပါသည်။ သို့မဟုတ် ၎င်းတို့သည် စီးပွားရေး လုပ်ငန်း အနည်းငယ်အတွက်သာ သီးသန့်နေရာပေးထားခြင်း ရှိနိုင်ပါသည်။ အခြေခံ အဆောက် အဦ နည်းပါးသည့်

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၎င်းတို့သည် သီးခြား မြို့ပုံစံကဲ့သို့သော အိမ်ရာများ၊ စားသောက်ဆိုင်များ နှင့် ဘဏ်များ နှင့်တကွ ထုတ်လုပ်ရေး နှင့်/သို့မဟုတ် သယ်ယူပို့ဆောင်ရေး အဆောက် အဦများရှိသည့် စက်မှုဇုန်ဝင်းများ ဖြစ်နိုင်ပါသည်။ အခြေခံအဆောက်အဦများနှင့် ခေတ်မီကိရိယာများ အများအပြားရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၎င်းတို့သည် ထုတ်လုပ်မှုများနှင့်/သို့မဟုတ် သယ်ယူပို့ဆောင်ရေး အဆောက်အဦများသာ ရှိကြပါသည် [...]။ ဇုန်များ အားလုံးတွင် ပုံမှန်အားဖြင့် အဆင်ပြေချောမွေ့စေရန် ပြုလုပ်ထားသည့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ နှင့် သိမ်းဆည်း ထားသည့် ပစ္စည်းများဆိုင်ရာ အခွန်များ နှင့် ကိုတာများ ကင်းလွတ်ခွင့် သို့မဟုတ် ဆိုင်းငံ့ခြင်းတို့ ပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဇုန်များသည် ထောက်ပံ့ကြေးများ၊ ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသည့် လုပ်သားဈေးကွက် စည်းမျဉ်းစည်းကမ်းများ၊ နှင့် ထပ်ဆောင်း အခွန်ကင်းလွတ်ခွင့် များကဲ့သို့သော မက်လုံးများ ထပ်မံရရှိနိုင်ခြေ ပိုမို များပြားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပုံမှန်အားဖြင့် ပို့ကုန်များအတွက် ထုတ်လုပ်ကြသော်လည်း ၎င်းတို့သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ၎င်းတို့၏ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်များ အတွင်းရှိ ထုတ်ကုန်များ၏ သိသာသည့် ပမာဏများ (“သွင်းကုန်”) ကို ပိုမို သုံးစွဲပါသည်။

တရုတ်နိုင်ငံတွင် SEZ များ အောင်မြင်ပြီးနောက်တွင် ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ဂျော်ဒန်၊ ကာဇက်စတန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ ကိုရီးယား သမ္မတနိုင်ငံ၊ ရုရှားပြည်ထောင်စု၊ ယူကရိန်း နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု တို့အပါအဝင် နိုင်ငံ အတော်များများတွင် SEZ များကို တည်ထောင်ခဲ့ရာ အောင်မြင်မှု နှုန်းထားအမျိုးမျိုးဖြင့် တည်ထောင်နိုင် ခဲ့သည်။

ဤလက်စွဲစာအုပ်တွင် FDI များ ဆွဲဆောင်နိုင်ရန် ရည်ရွယ်ချက်အတွက် အမျိုးသားအဆင့် သီးသန့် ဇုန် အမျိုးအစား ၂ မျိုးတွင် အာရုံစူးစိုက်သည်။ ယင်းတို့မှာ - (၁) ပို့ကုန်များ ထုတ်လုပ်ရေးတွင် အာရုံ စူးစိုက်သည့် EPZ သို့မဟုတ် လွတ်လပ်သည့်ဇုန် နှင့် (၂) လူနေထိုင်ခြင်း နှင့် ဘက်စုံ အသုံးပြုနိုင်သည့် စီးပွားဖြစ် လုပ်ငန်း နှင့် ကုန်ထုတ်လုပ်ငန်းများကို ပေါင်းစပ်လေ့ရှိသည့် အကြီးစား SEZ တို့ဖြစ်ပါသည် (Farole နှင့် Akinci, ၂၀၁၁)။ ပထမ အမျိုးအစားသည် သမားရိုးကျ ပုံစံတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆယ်စုနှစ် ၄ ခုနီးပါးအထိ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြပါသည်။ ဒုတိယ အမျိုးအစားသည် ၁၉၈၀ ခုနှစ်များအတွင်း တရုတ်နိုင်ငံမှ အစပြုခဲ့ပြီး ပိုမိုခေတ်မီသည့် စီးပွားရေး ဇုန် တစ်မျိုးဖြစ်ပြီး မကြာသေးမီနှစ်များ အတွင်း ပိုမိုခေတ်စားလာခဲ့ပါသည် (SEZ များနှင့်စပ်လျဉ်း၍ တရုတ် နှင့် အိန္ဒိယနိုင်ငံတို့၏ အတွေ့အကြုံများအား အကွက် ၅.၁၂ နှင့် ၅.၁၃ တို့ကို ကြည့်ရှုပါ)။

## Box ၅.၁၁ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိသော Export Processing Zones-EPZs

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် Bangladesh Export Processing Zones Authority (BEPZA) တည်ဆောက်မှုကိုဦးတည်သော ၁၉၈၀ ခုနှစ် BEPZA အက်ဥပဒေ၏ ထုတ်ပြန်ကြေညာချက်နှင့်အတူ EPZ အယူအဆ ကိုလိုက်နာကျင့်သုံးသော အာရှ-ပစိဖိတ်နိုင်ငံများ အနက် ပထမဆုံးနိုင်ငံများတွင် ပါဝင်ပါသည်။ BEPZA သည် Export Processing Zone-EPZ ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ဆောင်များ၊ ဖန်တီးမှုများအတွက် တာဝန်ရှိသော အစိုးရကိုယ်စားလှယ်လည်း ဖြစ်ပါသည်။ ကနဦးအဖြစ် EPZ ကို ၁၉၈၃ ခုနှစ် စစ်တကောင်းတ္ွင် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် Dhaka ၌ ကနဦး EPZ အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ EPZ များ၏ ရည်ရွယ်ချက်များမှာ ပို့ကုန်များအတွက် FDI ကိုဆွဲဆောင်ရန်ဖြစ်သည်။ BEPZA သည် EPZ များအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ အဖြစ် ထိထိရောက်ရောက် ဆောင်ရွက်ပါသည်။ လက်ရှိတွင် နိုင်ငံ ၄၀ နီးပါးမှ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ EPZ (၈) ခုရှိသည်။ ဦးဆောင်နေသော ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှာ တရုတ်၊ဂျပန်နှင့် ကိုးရီးယား သမ္မတ နိုင်ငံတို့ဖြစ်သည်။ အဓိကမူလ ရည်မှန်းချက်ပန်းတိုင်မှာ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုဖြစ်သည်။သို့သော် BEPZA သည် အသုံးအဆောင်များ ထုတ်လုပ်ခြင်းတွင် ရင်းနှီး မြှုပ်နှံမှု ကိုသာရည်ရွယ်ပါသည်။ EPZ များသည် ပြည်ပရင်းနှီးမြှုပ်နှံသူများ၊ ဖက်စပ်လုပ်ငန်းများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ကုမ္ပဏီများကို ဖိတ်ခေါ်လုပ်ဆောင်ရန် လမ်းဖွင့်ထားပါသည်။ EPZ များမှ လုပ်ဆောင် နေသောလုပ်ငန်းများအနက် ၆၀% နီးပါးသည် နိုင်ငံခြားပိုင်ဖြစ်သည်။

BEPZA သည် အနည်းဆုံးနှစ်(၃၀)အရ ဝန်ဆောင်မှုအပြည့်အဝပါဝင်သည့် မြေကွက်များ ပါဝင်သော အခြေခံအဆောက်အအုံများကို ရင်းနှီးမြှုပ်နှံသူများအတွက် ထောက်ပံ့ပေးပါသည်။ ၎င်းသည် စီမံကိန်းအတည်ပြုခြင်းများ၊ အလုပ်ခွင့်ပြုမိန့်များ၊ သွင်းကုန်ထုတ်ကုန် ခွင့်ပြုမိန့်များ၊ စက်ရုံနေရာများတွင် အခွန်အကောက်ရှင်းလင်းမှုနှင့် အလေးပေး ဆောင်ရွက်ခြင်းအတွက် One stop service-OSS အဖြစ် ဆောင်ရွက်ပါသည်။ EPZ အများစုသည် အထည်အလိပ်များ၊ လျှပ်စစ်ပစ္စည်းဆိုင်ရာထုတ်ကုန်များ၊ ဓာတုပစ္စည်း များ၊ software ၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ အရုပ်များနှင့် လုပ်သားသုံးထုတ်လုပ်ခြင်း လုပ်ငန်းများအပေါ် အလေးထားပါသည်။ အခွန်မက်လုံးများတွင် နှစ်နှစ်ကြာအခွန် ကင်းလွတ်ပေးခြင်း၊ ၃နှစ်မြောက်နှင့် ၄နှစ် မြောက်တွင် အခွန် ၅၀% ကင်းလွတ် ခွင့်လုပ်ဆောင်ခြင်းများနှင့် ၅နှစ်မြောက် အတွက် အခွန် ၂၅% ကင်းလွတ်ခွင့်များ ပါဝင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် စပ်လျဉ်း၍လည်း အခွန်အကောက်ကင်းလွတ်ခွင့်များကိုခံစားနိုင်ပါသည်။

BEPZA ၏ နောက်ဆုံးရနှစ်စဉ်အစီရင်ခံစာအရ EPZ (၈) ခုသည် အလုပ်သမား ၄၂၀,၀၀၀ နီးပါးအတွက် အလုပ်အကိုင်များဖန်တီးပေးသောစက်ရုံ ၄၃၂ ရုံ၏ဒေါ်လာ ၃.၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုများနှင့် စုစုပေါင်းပြည်ပပို့ကုန်၏ ၁၉% သည်ဒေါ်လာ ၄၄ ဘီလီယံတန်ဖိုးရှိ ပေါ်ပေါက်သောပို့ကုန်များကို လုပ်ဆောင်ပေးနိုင်ခဲ့ပြီး အလုပ်သမားများ၏ သုံးပုံနှစ်ပုံသည် အမျိုးသမီး များဖြစ်သည်။

BEPZA သည် အစိုးရပိုင်ဖြစ်ပြီး အစိုးရမှ လည်ပတ်ပေးသော အဖွဲ့အစည်း ဖြစ်သည်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဖြစ်စေရန် အစိုးရသည် တစ်လကို ဒေါ်လာ ၇၀ အထိ အနည်းဆုံး လစာတိုးမြှင့်ခဲ့သည်။ EPZ အလုပ်သမားများ၏အခွင့်အရေးများနှင့် လူမှုဖူလုံရေးကိစ္စရပ်များသေချာရန် ၂၀၁၀ ခုနှစ်တွင် EPZ Workers Welfare Association နှင့် Industrial Relation အက်ဥပဒေကို အတည်ပြုခဲ့ပါသည်။ လူမှုရေးဆိုင်ရာနှင့်ပတ်ဝန်းကျင်ဆိုင်ရာစူးစမ်းလေ့လာသူများသည် လူမှုပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများနှင့် အဆင့်အတန်းများကို ကုမ္ပဏီများ အပြည့်အဝ လိုက်နာမှုရှိစေရန် စောင့်ကြည့်ရပါသည်။ ပတ်ဝန်းကျင်ရေရှည် စဉ်ဆက်မပြတ် တည်တံ့စေရန်BEPZA သည် စွမ်းအင်လုပ်ငန်း၊ အဓိကအညစ်အကြေး စွန့်သော လုပ်ငန်းများနှင့် ရေလုပ်ငန်းများ အပါ အဝင် အဆင့်မြင့်နည်းပညာသုံး eco-friendly စက်ရုံများကိုတည်ဆောက်ခဲ့ပါသည်။

၁၉၈၀ ခုနှစ် ပုဂ္ဂလိကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအက်ဥပဒေသည် လယ်ယာမြေ သိမ်းယူခြင်း၊ နိုင်ငံပိုင်ပြုလုပ်ခြင်းအားလုံးကို အကာအကွယ် ပေးပြီး အကျိုးအမြတ်ကို လွတ်လပ်စွာ လွှဲပြောင်းခွင့်နှင့် သာတူညီမျှကိုင်တွယ်ဆောင်ရွက်မှုကို လုပ်ဆောင် ပေးပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ EPZ များသည် နည်းပညာမြင့်မားသော စက်ရုံများမှ နိုင်ငံတွင် ပွင့်လင်းမြင်သာယှဉ်ပြိုင်နိုင်သော အကျိုးတရားများ ရှိသည့် လုပ်သား အင်အားသုံးသော အထည်ကဏ္ဍ တိုးတက်လာခြင်းအထိ အစိုးရက အလေးထား ဆောင်ရွက်ပြီးနောက် အောင်မြင်လာခဲ့ပါသည်။
(http://epzbangladesh.org.bd/pages;
http://bdembassyuae.org/pdf/EPZ%20in%20Bangladesh%20-%20An%20Attractive%20Investment%20Destination.pdf).

## Box ၅.၁၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ရှိသောEPZ များ

၁၉၈၀ ခုနှစ်အစောပိုင်းကာလများတွင် Deng Xiaoping ဦးဆောင်သော တရုတ်နိုင်ငံသည် အထူးစီးပွားရေးဇုန်များကို စတင်ဆောင်ရွက်ခဲ့သည်။အထင်ရှားဆုံး အထူးစီးပွားရေးဇုန်ဖြစ်သည့် ရှန်ကျန်းမြို့သည် တံငါရွာကလေးမှ နှစ်၂၀ကာလတော အတွင်း လူဦးရေ ၁၀ သန်းကျော်ရှိသည့် မြို့ တစ်မြို့အဖြစ် ပြောင်းလဲလာခဲ့သည်။ ၁၉၈၈ ခုနှစ်ကတည်းက တရုတ်ပြည်၏ နယ်စပ်ဒေသများ၊ ယန်စီမြစ်ကမ်း တစ်လျှောက် ဒေသများနှင့်ကုန်းတွင်းပိုင်းဒေသများအပြင် ကမ္ဘာသို့ တံခါးဖွင့်လှစ် ခဲ့ပါသည်။ကွမ်တုံ ပြည်နယ် နှင့် ဖူကျန့်ပြည်နယ်တွင်ရှိသော SEZ များ- ရှန်တုံ, ရှမန်, ကျူဟိုင်နှင့် ရှန်ဟိုင်း (ပုတုံ)နှင့် ဟိုင်နန်ကျွန်း ပါဝင်သော အခြားမြို့များသည် ရှန်ကျန်းSEZ အတိုင်း လိုက်နာဆောင်ရွက် ပါသည်။ နောက်ဆုံးအထူး စီးပွားရေးဇုန်အဆိုပြုချက်သည် တရုတ်နိုင်ငံ အနောက်ဘက်မှ ရှင်းကျန်ပြည်နယ် တွင်ရှိသော ကတ်ရှ်ဂါတွင် ဖြစ်သည်။ ဒါ့အပြင် လွတ်လပ်သော ကုန်သွယ် ရေးဇုန်များအပြင် နိုင်ငံအဆင့် စီးပွားရေးနှင့် နည်းပညာ ဆိုင်ရာ ဖွံ့ဖြိုးမှုဇုန်များနှင့် အဆင့်မြင့် နည်းပညာသစ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဇုန်များကို မြို့ကြီးများနှင့် အသင့်အတင့် ဖွံ့ဖြိုး ပြီး မြို့များတွင် တည်ဆောက်ခဲ့ပါသည်။ SEZ များသည် ကုန်သွယ်ရေးနှင့်အတူ သိပ္ပံဆိုင်ရာ၊ တီထွင်ဆန်းသစ်မှုဆိုင်ရာနှင့် စက်မှုဆိုင်ရာ ပေါင်းစပ်ပါဝင်သည့် ပြည်ပ ကုန်သွယ် ရေး ဦးစားပေး သီးခြားနယ်မြေများ ဖြစ်သည်။ နိုင်ငံခြားလုပ်ငန်းကြီးများ သည် ဦးစားပေးမူဝါဒများဖြစ်သော နည်းပါးသည့်အခွန်နှုန်းများ၊ ဖြေလျှော့ပေးထားသော စည်းမျဉ်းများ၊ ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးများ ကာကွယ်ပေးခြင်း၊ မြေအသုံးချခွင့်၊ မြေငှားရမ်းခြင်း များမှ အကျိုးရလဒ်များရရှိပါသည်။

တရုတ်နိုင်ငံတွင် ယေဘူယျကျသော SEZ အစီအစဉ်များသည် FDI တစ်ဦးချင်း ဝင်ငွေ ၂၁.၇ % တိုးတက်လာပြီး FDI စီးဝင်မှုတိုးတက်မှုနှုန်းသည် ၆.၉ % အထိ ရှိပါသည်။ ၁၉၈၀-၁၉၉၀ ခုနှစ် ကာလများအတွင်း FDI ၏ ၇၀% ကျော်သည် SEZ များ (သို့) SEZ များကဲ့သို့ဇုန်များသို့ စီးဝင်ခဲ့ပါသည်။ FDI ဆွဲဆောင်ခြင်းတွင် ဇုန်များသည် များစွာ အောင်မြင်ခဲ့ပြီး FDI စီးဆင်းလည်ပတ်မှုနှင့် SEZ များ ချဲ့ထွင်ခြင်းကြားတွင် ပွင့်လင်းမြင်သာသော အပြုသဘောဆောင်သော ဆက်ဆံရေး များ ရှိပါသည်။

တရုတ်နိုင်ငံ၏တမူထူးခြားသည့်အချက်မှာ SEZ အစီအစဉ် များသည် ၎င်း၏ ဗဟိုချုပ်ကိုင်မှုစနစ်ကိုလျှော့ချသည့်ပုံစံများကြောင့်ဖြစ်သည်။ ဒေသဆိုင်ရာအစိုးရ ကန့်သတ်ချက်များရှိပါသည်။ FDI စီမံကိန်းများ အတည် ပြုခြင်းပါဝင်သောဇုန်များ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စီမံကွပ်ကဲကြီးကြပ်ရေးမှူး များသည် စီမံကွပ်ကဲသော ကော်မတီတစ်ခုကို ရွေးချယ်ခဲ့ပါသည်။ တိုးတက်မှုရှိသော အခြေခံ အဆောက်အအုံ များနှင့် ဒေသဆိုင်ရာစီမံခြင်း၏ မြေအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းများကို ကမ္ဘာဘဏ်က တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ဇုန်များအနက် ပြိုင်ဘက်မရှိသော ဇုန်အဖြစ် ဖော်ပြခဲ့ပါသည်။ အကြောင်းမှာ ၎င်းတို့၏ နယ်ပယ်အတွင်းတွင် ဖွင့်ထားသော ကြီးမားသည့် စီးပွားရေးဇုန်တွင် ပြည်နယ်အဆင့်၊ ဒေသအဆင့် သေးငယ်သောဇုန်များအား ထပ်မံလုပ်ကိုင် စေပါသည်။

စီးပွားရေးအင်္ဂါရပ် များအား အဓိက နယ်ပယ် (၄)ရပ်ကိုကိုယ်စားပြုပါသည်- (၁) နိုင်ငံခြား မတည်ငွေရင်းအသုံးချခြင်းနှင့် ဆွဲဆောင်ခြင်းအပေါ် အဓိကအားဖြင့် တည်ဆောက်ခြင်း (၂) နိုင်ငံခြား ရာခိုင်နှုန်းပြည့်လုပ်ငန်းများနှင့် တရုတ်နှင့်နိုင်ငံခြားပိုင် ကုမ္ပဏီများကြား အစုစပ်ပါဝင်သော လုပ်ငန်းများ ရင်းနှီးမြှုပ်နှံခြင်း (၃) ထုတ်ကုန်များမှာ အဓိက အားဖြင့် ပို့ကုန်ဦးစားပေး ဖြစ်ခြင်း (၄) စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအား ဈေးကွက် တွန်းအားဖြင့်အဓိကဆောင်ရွက် ခြင်းတို့ဖြစ်သည်။ SEZ တည်ထောင်ခြင်း နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏အခြေခံရည်ရွယ်ချက်မှာ ၎င်းတို့၏ကွန်မြူနစ် သဘောတရားများနှင့်အတူ နိုင်ငံ၏လိုက်လျော

ညီညွတ်မှုအဆင့်များ ထိန်းသိမ်းလုပ်ဆောင်ရင်းဖြင့် ဈေးကွက်တွန်းအားဖြင့် လက်တွေ့စမ်းသပ်မှုဖြင့် တည်ဆောက်ရန် အဓိကရည်ရွယ်ပါသည်။ ယင်းရည်ရွယ် ချက်အတွက် SEZ များသည် ပြိုင်ဘက်ကင်းသော လွတ်လပ်မှုကိုရရှိခဲ့သည်။ ဥပမာ- ၎င်း၏ပထမ ၁၀ နှစ်ကျော်တွင် ရှန်ကျန်းပြည်နယ်သည် အချုပ်အခြာ အာဏာဆိုင်ရာနှင့် ဒေသဆိုင်ရာအစိုးရများသို့ အခွန်ဘဏ္ဍာများတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ချက်များမှ ကင်းလွတ်ခွင့်ရခဲ့ပါသည်။ ၎င်းဖြစ်စဉ်သည် မူဝါဒများနှင့် အစဉ်အလာများကို လက်တွေ့လုပ်ဆောင်ရန်ခွင့်ပြုထားပြီး စီးပွားရေးကို အသက်သွင်း ပေးပါသည်။

ရှန်ကျန်းပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃၀ ဘီလီယံကျော်သည် နိုင်ငံခြားပိုင်နှင့်အစုစပ်ရင်းနှီးမြှုပ်နှံမှုဖြစ်လာပြီး အဓိကအားဖြင့် ထုတ်လုပ်ခြင်းကဏ္ဍဖြစ်ပြီး မကြာသေးမီ လတ်တလောနှစ်များတွင် ဝန်ဆောင်မှု လုပ်ငန်းများလည်း ပါဝင်ပါသည်။ Shenzhen သည် အထည်အလိပ်ကိုအလေးပေးဆောင်ရွက်ခဲ့ပြီး ဆက်သွယ်ရေးနှင့်လျှပ်စစ်ပစ္စည်း ထုတ်လုပ်ခြင်းတွင် တရုတ်နိုင်ငံက ဦးဆောင်သောမြို့ အဖြစ်ပြောင်းလဲလာခဲ့သည်။ ၎င်းသည် Electronic Manufacturing Suppliers (EMS) နှင့်Original Equipment Manufactures (OEM) အတွက် လက်ရှိတွင် ဗဟိုအချက်အချာနေရာလည်းဖြစ်သည်။

Shenzhen ရည်ရွယ်ချက်မှာ “Learning by doing” ဖြစ်ပြီး ဒေသမှ ဝယ်ယူသူများနှင့် အပြန်အလှန် ချိတ်ဆက်မှုများဖန်တီးသွားရန်ဖြစ်သည်။ ၁၉၉၈ ခုနှစ်အထိ ရှန်ကျန်း SEZ အတွင်းတွင် စက်မှုဆိုင်ရာထုတ်လုပ်မှု၏ ၄၀ နီးပါးအတွက် နည်းပညာမြင့်သော စက်ရုံများဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်တွင် ရှန်ကျန်းပြည်နယ်သည် တရုတ်နိုင်ငံတွင်ရှိသော အခြားသောမြို့များထက် မူပိုင်ခွင့် ၂၄၈၀ ခုနှင့် အတူများစွာသော မူပိုင်ခွင့်များကိုလည်း မှတ်ပုံတင်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်ကြားတွင် ရှန်ကျန်းပြည်နယ်၏တစ်ဦးချင်းGDP သည် RMB ၆၀၆ မှ RMB ၁၄၉, ၅၀၀ (အမေရိကန်ဒေါ်လာ ၂၄,၀၀၀)အထိ ၂၅ % နီးပါးတိုးလာခဲ့ပါသည်။ လူဦးရေအနေဖြင့် ကမ္ဘာ့မြို့တစ်မြို့အဖြစ် ၃၀,၀၀၀ မှ နေထိုင်သူ ၁၀ သန်းကျော်အထိတိုးလာခဲ့ပါသည်။ (UNIDO, ၂၀၁၅ခုနှစ်) ၎င်းတွင် မြို့ပြအလုပ်သမားများနှင့် ကျေးလက် မှရွှေ့ပြောင်းလာသော အလုပ်သမားများအားလုံးအတွက် တရုတ်နိုင်ငံ၏ Labor Contract Law အသစ်ကို ၂၀၁၈ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ပါသည်။ ၎င်းစာချုပ်အသစ်တွင် ဥပဒေအရ အကာအကွယ်ပေးခြင်းနှင့် အလုပ်သမားများကို အလုပ်ခွင်လုံခြုံမှုပေးခြင်းများ ပါဝင်ပြီး အလုပ်ရှင်များသည် ကုန်သွယ်ရေး သမဂ္ဂများနှင့် အလုပ်သမား ကိုယ်စားလှယ်များဖြင့် တိုင်ပင်ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။ (MaCallum,၂၀၁၁)

နိဂုံးချုပ်အနေဖြင့် Shenzhen SEZ ၏စီးပွားရေးဆိုင်ရာ သက်ရောက်မှုသည် နိုင်ငံ တစ်ဝန်းဈေးကွက်အဖွဲ့အစည်းများနှင့် အစိုးရကို မိတ်ဆက်ပေးပါသည်။ Wang (၂၀၁၃ခုနှစ်) က SEZ များသည် FDI စီးဆင်းမှုကို အထောက်အပံ့ဖြစ်စေသည်ကို တွေ့ရှိခဲ့ပါသည်။ စုစုပေါင်းထုတ်ကုန်များ၊ နည်းပညာကူးပြောင်းခြင်းများသည် SEZ များတွင်ရှိသော အလုပ်သမားများအတွက် မြင့်မားသောလစာများကိုလည်း တိုးလာ စေပါသည်။ SEZ များသည် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပေါ်ထွက်လာခြင်း မဟုတ်သလို ပျောက်ကွယ်သွားမှုတို့အတွက် သက်ဆိုင်ခြင်းမရှိကြောင်း Wang က တွေ့ရှိခဲ့ပါသည်။ သို့သော်လည်း Gopalakrishnan (၂၀၀၇)က SEZ များ နှင့်စပ်လျဉ်း၍ အပြုသဘော မဆောင်သော သက်ရောက်မှု များကိုသာ တွေ့ရှိခဲ့ပြီး SEZ သည်အောင်မြင်သည်ဆိုသည့် အပေါ်ကန့်ကွက်ခဲ့ပါသည်။ အပြုသဘော မဆောင်သော ကဏ္ဍများအနက် Wang က မြေအသုံးပြုအခွင့် အရေးများ၊ အိမ်ရာမြေ၊ အလုပ်သမား ညည်းပန်း နှိပ်စက်ခြင်းနှင့် ကလေးအလုပ်သမားများ၊ ပြောင်းရွှေ့နေထိုင်ခြင်းအခက်အခဲများနှင့် ရာဇဝတ်မှုများရှိသော ဒေသများတွင် စွန့်စားရင်းနှီးမြှုပ်နှံသော ဈေးကွက်များကိုဖော်ပြခဲ့ပါသည်။

*Sources*: Wang (2013), online resources and references mentioned in the text.

SEZ များအတွက် အင်စတီကျူးရှင်းဆိုင်ရာ အစီအမံတွင် ပုံမှန်အားဖြင့် ဖော်ဆောင်သူ (ရင်းနှီးမြှုပ်နှံသူ)၊ လုပ်ငန်းဆောင်ရွက်သူ နှင့် ကြီးကြပ်သူ (ဇုန်အာဏာပိုင်များ) နှင့် ပိုင်ဆိုင်သူ (အစိုးရ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ) တို့ပါဝင်ပါသည်။ အင်စတီကျူးရှင်းဆိုင်ရာ ဖွဲ့စည်းပုံသည် အများပြည်သူနှင့် အပြည့်အဝသက်ဆိုင်သော (အစိုးရ လုပ်ငန်းဆောင်ရွက်သူ၊ အစိုးရ ဖော်ဆောင်သူ၊ အစိုးရ ကြီးကြပ်သူ) ဖွဲ့စည်းပုံမှ

ပုဂ္ဂလိကနှင့် အပြည့်အဝ သက်ဆိုင်သော (ပုဂ္ဂလိက လုပ်ငန်းဆောင်ရွက်သူ၊ ပုဂ္ဂလိကဖော်ဆောင်သူ နှင့် ပုဂ္ဂလိက ကြီးကြပ်သူ) ဖွဲ့စည်းပုံ အထိ အမျိုးမျိုးကွဲပြားနိုင်ပါသည်။ ဖြစ်စဉ်အများစုတွင် အများပြည်သူ ဆိုင်ရာ ကဏ္ဍာ လုပ်ငန်း ဆောင်ရွက်သူများ နှင့် ဖော်ဆောင်သူများသည် အစိုးရအထောက်အပံ့ ရယူထား သော ဌာနများ အဖြစ် ဆောင်ရွက်ကြပြီး ၎င်းတို့တွင် စီးပွားရေးလုပ်ငန်းများ၏ အင်စတီကျူးရှင်း ဖွဲ့စည်းပုံများ ကဲ့သို့သော ဖွဲ့စည်းပုံရှိပြီး ဘက်ဂျက်ဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိကြသည်။ SEZ များအား ဖော်ဆောင် ရာတွင် အစိုးရ - ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်းများဆိုင်ရာ အစီအမံတစ်ခု၏ အောက်တွင် ဖော်ဆောင်လေ့ ရှိကြပြီး ပုဂ္ဂလိကကဏ္ဍာ ဖော်ဆောင်သူတစ်ဦးအနေဖြင့် စီမံကိန်းတစ်ခုမှ သင့်လျော်သည့် အကျိုး အမြတ် နှုန်းထားတစ်ခု (ပုံမှန်အားဖြင့် အဆိုးကြုံနိုင်ခြေအဆင့်များအလိုက် ၁၀ ရာခိုင်နှုန်းမှ ၂၀%) ပြန်လည် ရရှိစေရေးအတွက် အများပြည်သူဆိုင်ရာကဏ္ဍာက အတိုင်းအတာ တစ်ခုအထိရှိသော အထောက်အပံ့များ (လုပ်ငန်းခွင်ပြင်ပ အခြေခံအဆောက်အဦများ၊ အစုရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများ၊ အထူးချေးငွေများ၊ ချေးငွေ ထုတ်ပေးခြင်းများ၊ အစရှိသည်) ကို ပေးအပ်ပါသည်။[96]

FIAS (၂၀၀၈) က ဖွံ့ဖြိုးဆဲဖြစ်ပြီး အကူးအပြောင်း စီးပွားရေးစနစ်များအတွင်းရှိ SEZ အများစုကို ပုဂ္ဂလိကကဏ္ဍာမှ ဖော်ဆောင်ကာ လည်ပတ်နေခြင်းဖြစ်သည်။ ၎င်းသည် အစိုးရ - ပုဂ္ဂလိက မိတ်ဖက်လုပ်ငန်း များအတွက် အောက်ပါ ပုံစံများကို စာရင်းပြုစုထားပါသည်။

- လုပ်ငန်းခွင်အတွင်းရှိ အခြေခံအဆောက်အဦ နှင့် ကိရိယာများအတွက် ပုဂ္ဂလိက ငွေကြေးပံ့ပိုးမှု ရရှိရန် မက်လုံးတစ်ရပ်အဖြစ် လုပ်ငန်းခွင်ပြင်ပရှိ အခြေခံ အဆောက်အဦ နှင့် ကိရိယာများ အပေါ် အများပြည်သူဆိုင်ရာ ပြဋ္ဌာန်းချက်များ (ဝန်ဆောင်မှု ဆက်စပ်မှုများ၊ လမ်းများ)။
- ပုဂ္ဂလိက ဇုန်ဖော်ဆောင်ရေး အုပ်စုများထံ ငှားရမ်းရန် အစိုးရထံတွင် ခိုင်မာသည့် ပိုင်ဆိုင်မှု အထောက်အထား နှင့် ဖော်ဆောင်နိုင်သည့် အခွင့်အရေးများရှိသည့် မြေကွက်များကို စုစည်း ခြင်း၊ ပိုမိုကောင်းမွန်သည့် မြေယာ အသုံးပြုမှု/ပိုင်ဆိုင်မှု ဥပဒေများ နှင့် စည်းမျဉ်း စည်းကမ်း များ ရေးဆွဲဖော်ဆောင်ရန် နှင့် အသုံးချနိုင်သည့် ဇုန်သတ်မှတ်မှု နှင့် မြေယာ အသုံးပြုမှုဆိုင်ရာ အစီအစဉ်များအား ကျင့်သုံးခြင်း
- လုပ်ငန်းခွင်အတွင်းနှင့် ပြင်ပရှိ ဇုန် အခြေခံအဆောက်အဦများနှင့် ကိရိယာများအတွက် အစိုးရ ၏ အာမခံချက်များ နှင့်/သို့မဟုတ် ငွေကြေးဆိုင်ရာ အထောက် အပံ့များဖြင့် တည်ဆောက်- လည်ပတ်-လွှဲပြောင်းသည့် ချဉ်းကပ်မှုများနှင့် တည်ဆောက်-ပိုင်ဆိုင်- လည်ပတ်သည့် ချဉ်းကပ် မှုများ
- အစိုးရပိုင် ဇုန်များအား ပုဂ္ဂလိကမှ စီမံခန့်ခွဲရန် စာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် အစိုးရဇုန် ပိုင်ဆိုင်မှုများအား ပုဂ္ဂလိက လုပ်ငန်းဆောင်ရွက်သူတစ်ဦးမှ ငှားရမ်းပေးရန် စာချုပ် ချုပ်ဆို ခြင်း (ပိုင်ဆိုင်မှု အခွင့်အရေး)

[96]Available from **http://www.internationaldevelopmentgroup.com/practice-areas/public-private-partnerships-special-economic-zones**.

- တင်ကြိုသတ်မှတ်ထားသည့် အရည်အသွေး အဆင့်များ ရောက်ရှိသည့်အခါတွင် ဝယ်ယူ နိုင်သည့် ရွေးချယ်စရာနည်းလမ်းကို ကျင့်သုံးနိုင်သည့် အစိုးရဇုန်အား ပုဂ္ဂလိက ကန်ထရိုက် စီမံခန့်ခွဲသူ တစ်ဦးမှ အစုရှယ်ယာလွှဲပြောင်းသည့် အစီအစဉ်များ

## ၂။ အထူးစီးပွားရေးဇုန်များ အောင်မြင်မှုရှိပါသလား။

SEZ များ၏ အတွေ့အကြုံများအရ ယင်းတို့၏ သက်ဆိုင်ရာ ရည်ရွယ်ချက်များပေါ် မူတည်၍ အချို့သောနိုင်ငံများတွင် အထိုက်အလျောက် အောင်မြင်မှုရှိခဲ့ပြီး အခြားနိုင်ငံများတွင်မူ အောင်မြင် မှုမရှိပေ။ လက်တွေ့တွေ့ရှိချက်များသည် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်လည်ပတ်သည့် ဇုန်များကို အာရုံစူး စိုက်ခြင်းမရှိဘဲ အစိုးရမှ ဦးဆောင်လည်ပတ်သည့် ဇုန်များ၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက် မှုများကိုသာ အာရုံစူးစိုက် ပါသည်။ SEZ များ၏ လူမှုရေး နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို အာရုံစူးစိုက် ခဲ့သည့် လေ့လာချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို တွေ့ရှိခဲ့ရသည်။ သို့ရာတွင် အဆိုပါ လေ့လာချက်များသည် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများ ရှိနိုင်ဖွယ်ရှိသည့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုမူ လေ့လာခဲ့ခြင်းမရှိပေ (FIAS, ၂၀၀၈)။ လေ့လာမှုများသည် SEZ များရှိ မက်လုံး ပေးခြင်းများ၏ အကျိုးရလဒ်များအား ဇုန်များ၏ ပြင်ပရှိ မက်လုံးများ၏ အကျိုးရလဒ်များနှင့် နှိုင်းယှဉ် လေ့လာရန်လည်း ပျက်ကွက်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ အကျိုးသက်ရောက်မှုကို အကဲဖြတ်သုံးသပ်နိုင်ရန် အတွက် ဇုန်များ၏ အကျိုးကျေးဇူးများ နှင့် ကုန်ကျ စရိတ်များတွင် မည်သည်တို့ ပါဝင်ကြောင်း သတ်မှတ်ရန် လိုအပ်ပါသည်။ FIAS (၂၀၀၈) နှင့် Farole နှင့် Akinci (၂၀၁၁) တို့က တည်ငြိမ်သည့် စီးပွားရေး အကျိုးသက်ရောက်မှုများနှင့် ပြောင်းလဲနေသည့် အကျိုးသက်ရောက်မှုများကို ခွဲခြားသတ်မှတ် ထားပါသည်။

- အလုပ်အကိုင်များ တိုက်ရိုက်ဖန်တီးပေးခြင်း နှင့် ဝင်ငွေများ ဖန်တီးပေးခြင်း
- ပို့ကုန်များ ကြီးထွားမှု နှင့် ပို့ကုန် အမျိုးအစားစုံလင်ကွဲပြားလာမှု
- နိုင်ငံခြား ငွေလဲလှယ်မှု ဝင်ငွေများ
- FDI များအား ဆွဲဆောင်မှု (နှင့် FDI များ၏ အကျိုးကျေးဇူးများ)
- အစိုးရဝင်ငွေများအတွက် အထောက်အပံ့ဖြစ်စေမှု

ပြောင်းလဲနေသည့် အကျိုးကျေးဇူးများမှာမူ ရေရှည်ဖြစ်ပြီး တိုင်းတာရန် များစွာ ပိုမို ခက်ခဲ ပါသည်။ သို့ရာတွင် ယင်းတို့သည် များစွာ ပိုမိုအရေးကြီးနိုင်ပြီး FDI များ၏ မျှော်မှန်းထားသည့် အကျိုးကျေးဇူးများနှင့် တိုက်ရိုက်ချိတ်ဆက်နေပြီး အောက်ပါတို့ ပါဝင်ပါသည်-

- တိုက်ရိုက်မဟုတ်သည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း (TNC များနှင့် ဇုန်အတွင်း သို့မဟုတ် ပြင်ပရှိ ပြည်တွင်း ကုမ္ပဏီများကြားရှိ သတင်းအချက်အလက်၊ ပစ္စည်းများ၊ ငွေကြေးများ စီးဆင်းသည့် လမ်းကြောင်းများ အပါအဝင်)
- ကျွမ်းကျင်မှုများ အဆင့်မြှင့်တင်ခြင်း
- အမျိုးသမီးများအတွက် အလုပ်အကိုင်များ ရရှိစေမှု

- နည်းပညာလွှဲပြောင်းပေးအပ်မှုများ
- "အကောင်းဆုံး ကျင့်သုံးမှုများ" မှပေါ်ပေါက်လာသည့် "သရုပ်ပြ အကျိုးသက်ရောက်မှု"

FIAS (၂၀၀၈) က ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးဇုန် ဖော်ဆောင်ရာတွင် ဇုန်အာဏာပိုင် အဖွဲ့အစည်းများအတွင်းရှိ အစိုးရဝန်ထမ်းများ၏ လစာများ နှင့် အခြားလုပ်ငန်းလည်ပတ်မှု အသုံးစရိတ်များ၊ အခြေခံ အဆောက်အဦ အသုံးစရိတ်များ၊ သွင်းကုန်အခွန် နှင့် အခြားကောက်ခံမှုများ ဆုံးရှုံးခြင်း၊ နှင့် ပြည်တွင်းအကောက်ခွန်နယ်နိမိတ်အတွင်းမှ ဇုန်အတွင်းသို့ ရွှေ့ပြောင်းလာသည့် လုပ်ငန်းများထံမှ ရရှိမည့် အခွန်များ ဆုံးရှုံးခြင်းတို့ အပါအဝင် ဘဏ္ဍာရေး နှင့် စီးပွားရေးဆိုင်ရာ ကုန်ကျစရိတ် များလည်း ရှိနေကြောင်းလည်း ထပ်မံမှတ်ချက်ပြုထားပါသည်။ အစိုးရမှ ဖော်ဆောင်၊ လည်ပတ်ပြီး စီမံခန့်ခွဲသည့် SEZ များ၏ ကုန်ကျစရိတ်များသည် ပိုမို များပြားမည်ဖြစ်ကြောင်းသည်လည်း သံသယဖြစ်ဖွယ်မရှိပေ။ ရွေးချယ်ခဲ့သည့် တည်နေရာ နှင့် သတ်မှတ်ထားသော ရည်ရွယ်ချက်အတွက် သင့်လျော်သည့် ကုန်ကျစရိတ်-အကျိုးအမြတ် စိစစ်လေ့လာမှု မလုပ်ဆောင်ခဲ့ဘဲ ဖော်ဆောင်ခဲ့သည့် SEZ များ နှင့် လိုအပ်သည့် စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှု သို့မဟုတ် အရင်းအမြစ်များ မရှိသည့် အစိုးရအဖွဲ့အစည်းများ နှင့်/သို့မဟုတ် အရာရှိများမှ ဖော်ဆောင်လည်ပတ်နေသည့် SEZ များတွင် ကုန်ကျစရိတ်များသည် ပိုမို မြင့်မား လေ့ရှိပ ါသည်။ ကျယ်ပြန့်သည့် နိုင်ငံရေး ကတိကဝတ်များ နှင့် အားပေးမြှင့်တင်သည့် မူဝါဒ ဝန်းကျင် တစ်ခုရှိပါက SEZ များသည် အလုပ်အကိုင်များ ဖန်တီးခြင်း၊ ပို့ကုန်များ နှင့် FDI များ ကဲ့သို့သော စီးပွား ရေးဆိုင်ရာ ကိန်းရှင်များအတွက် တရုတ် နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ SEZ များတွင် မြင်တွေ့ခဲ့ရသကဲ့သို့ ကောင်းမွန်သည့် အကျိုးသက်ရောက်မှု ရှိပါသည်။ သို့ရာတွင် အဆိုပါ အကျိုးအမြတ်များအား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် ကုန်ကျစရိတ်များနှင့် နှိုင်းယှဉ်ကာ အကဲဖြတ်သင့်ပါသည်။

SEZ များ၏ ကုန်ကျစရိတ်များတွင် စီးပွားရေးဆိုင်ရာ ကုန်ကျစရိတ်များသာ မကဘဲ လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်ကျစရိတ်များပါ ရှိနေကြောင်းကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ SEZ များစွာတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ တင်းကျပ်သည့် ဥပဒေများကို ရှောင်ရှားနိုင်ရန် လာရောက်ရင်းနှီးမြှုပ်နှံကြပြီး အလုပ်သမား နှင့် သဘာဝ ပတ်ဝန်း ကျင်ဆိုင်ရာ စံနှုန်းများကို ထိခိုက်စေကြောင်း စွပ်စွဲပြောဆိုချက်များ ရှိနေပါ သည်။ မကြာခဏဆိုသလိုပင် မြေယာသိမ်းဆည်းရယူမှုများကြောင့် အိုးအိမ်မဲ့ဖြစ်သွားသည့် လယ်သားများသည် နစ်နာကြေး အနည်းငယ်မျှကိုသာ ရရှိကြသည် (အိန္ဒိယနိုင်ငံ၏ ဖြစ်စဉ်ကို ကြည့်ရှုရန်အတွက် အကွက် ၅.၁၃ ကို ကြည့်ရှုပါ)။ SEZ များသည် ရေရှည်တည်တံ့ခြင်း မရှိသည့် ရေအသုံးပြုမှုများ၊ လေထုညစ်ညမ်းမှု နှင့် စက်ရုံမှ စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝ ပတ်ဝန်းကျင် အပေါ် ဆိုးကျိုးများ ဖြစ်စေလေ့ရှိပါသည်။ ဥပမာအားဖြင့် UNIDO (၂၀၁၅) က "ဗီယက်နမ်နိုင်ငံ၏ စက်မှုဥယျာဉ်များသည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးကို လျှင်မြန်စွာ အသွင်ကူးပြောင်းရန် အထောက်အကူပြုခဲ့သော်လည်း ယင်းတို့သည် ဗီယက်နမ်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ယိုယွင်း ပျက်ဆီးမှု အပေါ် များစွာ အကျိုးသက်ရောက်မှုများ ရှိနေပါသည်။ ဗီယက်နမ်နိုင်ငံ၏ စက်မှုဇုန်များ၏ သုံးပုံတစ်ပုံခန့်တွင် ဗဟိုမှ ထိန်းချုပ်သည့် စွန့်ပစ် ရေသန့်စင်မှု သို့မဟုတ် မိလ္လာစနစ် မရှိပေ။ ထို့ပြင် စက်မှုဇုန်များသည် ထိရောက်မှုမရှိသည့် ကုန်ထုတ်လုပ်ရေးနည်းစနစ်များကို အသုံးပြုနေသောကြောင့် စွမ်းအင်များစွာ သုံးစွဲလျက် ရှိနေပါသည်။ စက်မှုဇုန်များအတွင်းရှိ ကုမ္ပဏီ အများစုသည် တင်းကျပ်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ

စံနှုန်းများကို လိုက်နာကျင့်သုံးခြင်းမရှိဘဲ ဖုန်မှုန့်၊ $SO_2$, NOx, GHG, UP-POP တို့ကဲ့သို့သော အဆိပ်အတောက် ဖြစ်စေနိုင်သည့် ထုတ်လွှတ်မှုများ ပြုလုပ်နေသောကြောင့် လေထုအရည်အသွေး ကျဆင်းမှုကို ဖြစ်စေပါသည်။" ဟု အစီရင်ခံတင်ပြထားပါသည်။ SEZ များအတွင်း ရင်းနှီး မြှုပ်နှံသူ များအား လျှင်မြန်စွာ ခွင့်ပြုပေးရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု စိစစ် လေ့လာချက်များကို ထိန်ချန်ထားလေ့ရှိပါသည်။ FIAS (၂၀၀၈) သည် SEZ များ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ပြည့်စုံစွာ ဆွေးနွေးဖော်ပြထားပါသည်။ SEZ များအား ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် အဆိုပါ ကိစ္စရပ်များအား သင့်လျော်သည့် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများဖြင့် ဖြေရှင်းရန်လိုအပ်ပါသည်။

## Box ၅.၁၃ အိန္ဒိယနိုင်ငံတွင်ရှိသော SEZ များ - Falling Short of Expectations

၁၉၆၅ ခုနှစ်တွင် Kandla မှာ အာရှ၏ပထမ EPZ ကိုဖွဲ့စည်း ခဲ့ပြီးအိန္ဒိယနိုင်ငံသည် ပို့ကုန်မြှင့်တင်ခြင်းတွင် EPZ ၏ အကျိုးရှိမှုကို လက်ခံသည့် အာရှ၏ပထမဆုံး နိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်သည်။ ၎င်းကို ၁၉၇၄ ခုနှစ်Mumbai တွင်ရှိသော Santa Cruz Electronics Export Processing Zone (SEEPZ) နှင့် Noida, Madras, Cochin, Falta နှင့်Visakhapatnam ဇုန်များက လိုက်နာဆောင်ရွက်ခဲ့ပါသည်။ထိန်းချုပ်မှုများနှင့် အခွန်ဆိုင်ရာရှင်းလင်းမှုများ၊ နယ်နိမိတ်ဆိုင်ရာ ကမ္ဘာ့အဆင့်မီ အခြေခံအဆောက်အအုံများ မရှိသည့် ပြဿနာများနှင့်တည်ငြိမ်မှုမရှိသော ဘဏ္ဍာဆိုင် ရာစနစ်များကြောင့် တွေ့ကြုံရသော အားနည်းချက်များကို ကျော်လွှားရန် ရည်ရွယ်ချက်များနှင့်အတူ အိန္ဒိယနိုင်ငံတွင် များပြားသောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန် မျှော်မှန်းချက် ဖြင့် အထူး စီးပွားရေးဇုန်များ (SEZs) မူဝါဒကို ၂၀၀၀ ခုနှစ် ဧပြီလတွင် ကြေညာခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် အထူး စီးပွားရေးဇုန်အက်ဥပဒေကို အတည်ပြုခဲ့ပါသည်။ ကျယ်ပြန့်သော ဆွေးနွေး ညှိနှိုင်း ပြီးနောက် SEZ စည်းမျဉ်းများကို ထောက်ပံ့ပေးသော အက်ဥပဒေသည် ဗဟိုနှင့် ပြည်နယ် အစိုးရ ဆိုင်ရာ အခွန် ရှင်းလင်းမှုကို single window အဖြစ် အသုံးပြုရန် ထောက်ပံ့ပေးလျက်ရှိပြီး ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် အသက်ဝင်လာခဲ့ပါသည်။ များစွာ ဆွဲဆောင်မှုရှိသော ဘဏ္ဍာရေးဆိုင်ရာ မက်လုံးများ ပေးသော အက်ဥပဒေတွင် အကောက်ခွန်၊ ယစ်မျိုးခွန်၊ ဝန်ဆောင်မှုအခွန်၊ ဝင်ငွေခွန်၊ ကုမ္ပဏီလုပ်ငန်းများ (၂) ခု လုံးအတွက် လုံခြုံရေးဆိုင်ရာ အခွန်များ နှင့်စပ်လျဉ်း၍ ကင်းလွတ်ခွင့်များပါဝင်ပါသည်။ ၁၅ နှစ်ကြာ အခွန်ပလပ်ခြင်းဆိုသည်မှာ ၅ နှစ် အတွက် အခွန်ရာခိုင်နှုန်းပြည့်ကင်းလွတ်ခြင်း၊ နောက်ထပ် (၅) နှစ်အတွက် ၅% နှင့် နောက် (၅)နှစ်အတွက် ပို့ကုန်တင်ပို့မှုမှရသော အကျိုးအမြတ်ကို ပြန်ရင်းနှီးလျှင် ၅၀% နှင့် လုပ်ငန်းရှင်များအတွက် ပိတ်ဆို့ထားသော ၁၅ နှစ်တွင် ၁၀ နှစ်ကြာဝင်ငွေခွန်ရာခိုင်နှုန်းပြည့် ကင်းလွတ်ခြင်းများပါဝင်ပါသည်။ Single Window SEZ အတည်ပြုသည့် လုပ်ထုံးလုပ်နည်းကို SEZ Board of Approvals (BoA) ဝန်ကြီးအဆင့်အဖွဲ့ဝင် ၁၉ ဦးမှတဆင့် ထောက်ပံ့ပေးပါသည်။

Lal (2013) က SEZs သည် အလုပ်အကိုင်ရရှိမှုကိုဖန်တီးပေးသည့် လုပ်သားသုံးသော စက်ရုံများကို ဆွဲဆောင်ပြီး အိန္ဒိယနိုင်ငံ၏ ပို့ကုန်များကိုလည်း မြှင့်တက်စေပါသည်။ ရင်းနှီးမြှုပ်နှံမှုများ မှရရှိသော အကျိုးအမြတ်များနှင့် နောက်ထပ် SEZs တွင် စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုနှင့် အလုပ်အကိုင်ရရှိမှုများသည် မြေရရှိခြင်းအတွက် ဆုံးရှုံးခြင်းနှင့် အခွန်ကင်းလွတ်ခွင့်အပေါ် ပို၍အလေးပေးပါလိမ့်မည်။ ဘဏ္ဍာဆိုင်ရာဖြေလျှော့မှုများအတည်ဖြစ်ရေးသည် အစိုးရ၏ရည်ရွယ်ချက်ဖြစ် သည်ကို အများပြည် သူက လက်ခံရန်လုံးဝအရေးပါသည်ဟု Lal ကမှတ်ချက်ပြုခဲ့ပါသည်။ Aggarval (2007) က မှရင်းနှီးမြှုပ်နှံမှု အများစုသည် ပြည်တွင်းလုပ်ငန်းများဖြစ်သည်ဟု ဖော်ပြထားပါသည်။ ၁၉၈၉ ခုနှစ်တွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် FDI လုပ်ငန်း အစုရှယ်ယာသည် ၁၂% မှ နှစ် ၂၀၀၀ တွင် ၁၈% အထိ တိုးတက်လာပြီး ဆယ်စုနှစ် အကုန်အထိ ၂၅ % အထိတိုးလာပါသည်။

သို့သော်လည်း အိန္ဒိယနိုင်ငံတွင် SEZs ၏အကျိုးသက်ရောက်မှုကို လေ့လာ အကဲဖြတ်ခြင်း၊ ယေဘုယျပြောဆိုခြင်းများသည် လုံးဝအပြုသဘော ဆောင်ခြင်း မဟုတ်ပါ။ ဥပမာ- အိန္ဒိယနိုင်ငံမှ SEZs ၏ မူဝါဒများသည် ပို့ကုန်များ၊ အလုပ်အကိုင် ရရှိမှုနှင့်ရင်းနှီးမြှုပ်နှံမှု နှင့်စပ်လျဉ်း၍ အသင့်အတင့် ဖြစ်သော

ရလဒ်များ ပေါ်ထွက်လာပါသည်။ နေရပ်စွန့်ခွာသူများ၏ လူမှုစီးပွားရေးဆိုင်ရာကုန်ကျစရိတ်နှင့် မြေအသုံးချခြင်း၏ ဥပဒေအကျိုးဆောင် ကုန်ကျစရိတ်များသည် မူဝါဒမှတိုးပွားလာသော အကျိုးရလဒ်များကိုသာ အလေးပေးပါသည်။ Aggarval (2007) ကအမျိုးသမီး အလုပ်သမားများ အတွက် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုမျှသာမက SEZs နှင့်စပ်လျဉ်း၍ အလားအလာမရှိကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ ဇုန်ပြင်ပမှ ထုတ်ကုန်လုပ်ငန်းများကဲ့သို့ တူညီသော နည်းပညာသုံးသော အိန္ဒိယနိုင်ငံမှ SEZs သည် နည်းပညာအလယ်အလတ် များသုံးပြီးလုပ်ဆောင်မှု အများစုကိုလည်း စိတ်ဝင်စားပါသည်။ ထို့ကြောင့် နည်းပညာ ကူးပြောင်းခြင်းအတွက် အခွင့်အရေးနည်းပါးပါသည်။ SEZs ၏အကျိုးသက်ရောက်မှု အပေါ် လောလောဆယ် လေ့လာမှုများမရှိပါကြောင်း၊ အထူးသဖြင့် ၂၀၀၅ ခုနှစ် SEZ အက်ဥပဒေကို ကျင့်သုံးပြီးနောက် SEZ တွင် လျင်မြန်သော တိုးတက်မှုနှင့် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်းတို့ဖြစ်လာပါသည်။ သို့သော် လည်း အိန္ဒိယနိုင်ငံ၏ အပြုသဘောမဆောင်သော စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှု အခြေအနေများတွင် နိုင်ငံခြားငွေလဲလှယ်ခြင်းများနှင့် အခြားသော ငွေကြေးဆိုင်ရာ အကျိုးအမြတ်များနှင့် ယှဉ်၍ ပေးရသောမက်လုံးများ ၏မြင့်မားသောကုန်ကျစရိတ်များနှင့် အကောက်ခွန် မက်လုံးများ ပေးရသဖြင့် ဆုံးရှုံးရသောဘဏ္ဍာငွေများ ပါဝင်ပါသည်။ ဇုန်ပြင်ပ (သို့) အတွင်းတွင်ရှိသော ပြည်တွင်းစီးပွားရေး လုပ်ငန်းများ အပြန်အလှန်ချိတ်ဆက်မှုများကို အဓိကအားဖြင့် ကန့်သတ်ထားပါသည်။ အပြုသဘော မဆောင်သော လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု များတွင် မြေလုယူခြင်း၊ ပုံမှန်ဝင်ငွေမရှိခြင်းနှင့် ရွှေ့ပြောင်းရသောလယ်သမားများကို လုံလောက်သောလျော်ကြေးများ မရရှိခြင်းများပါဝင်ပါသည်။ Nomani နှင့်Rauf (2012) က လူ့အခွင့်အရေးကို ဖိနှိပ် ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ပါသည်။ ဒါ့အပြင် အလုပ်သမားများ အခွင့်အရေးနှင့် ဖိနှိပ်ရန်ကြိုးပမ်းမှုနှင့် ကုမ္ပဏီစီမံခန့်ခွဲမှုတွင် ပြည်တွင်းအာဏာပိုင်များကလိမ်ရန် ပူးပေါင်းကြံသော ကိစ္စရပ်များရှိပါသည်။

SEZs အဖွဲ့သည် SEZ ၏ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းမှုတွင် ထိခိုက်မှု နည်းသောကြောင့် လျင်မြန်သောလမ်းကြောင်းဖြင့် အတည်ပြုချက်ကိုရရန် Environmental Impact Assessment (EIA) ကင်းလွတ်ပါမည်။ အကြောင်းမှာ SEZs တွင် လေထုညစ်ညမ်းမှုကို မဖြစ်စေသောစက်ရုံများနှင့် ရေအတွက် လိုအပ်ချက်များမရှိသော လုပ်ဆောင်မှုများကိုသာခွင့်ပြုပါသည်။ ဒါ့အပြင် အိန္ဒိယနိုင်ငံမှ SEZs သည် နည်းပညာရှင်များအတွက်အထောက်အပံ့ဖြစ်သော နည်းပညာကဏ္ဍ ကိုတည်ဆောက်ခဲ့ ပါသည်။ သို့သော် နေရပ် စွန့်ခွာရသောလယ်သမားများ နှင့်အခြားကျွမ်းကျင်မှုမရှိသော အလုပ်သမားများအတွက် မပါဝင်ပါ။ SEZs တွင် စီးပွာရေးအကျိုးအမြတ်များကို ကန့်သတ်မှုရှိပြီး အပြုသဘောမဆောင်သော လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု ထက် စီးပွာရေးအကျိုးအမြတ်များကိုသာ အလေးထားပါသည်။

အိန္ဒိယနိုင်ငံနှင့်အခြားသောနိုင်ငံများတွင် SEZs ၏နည်းပါးသောအောင်မြင်မှု အတွက် အကြောင်းပြချက်သည် အထောက်အကူဖြစ်စေသော နိုင်ငံ၏မူဝါဒများ၊ လိုက်လျောညီထွေရှိသော အလုပ်သမား မူဝါဒများနှင့် ဇုန်ပြင်ပတွင်လိုအပ်သော အခြေခံအဆောက်အအုံများ မရှိခြင်းအပေါ်မူတည်ပါသည်။ SEZs များသည် တရုတ်နိုင်ငံနှင့် ယှဉ်လျှင် အလွန်သေးငယ်သော ပမာဏသာ ရှိသည်။ သို့သော် အကျိုးအမြတ်များရရှိရန် နိုင်ငံ၏ကျန်ဒေသများနှင့်လည်း အနေးနှင့်အမြန်ဆိုသလို ဆက်သွယ်မှုများ လုပ်ဆောင်ရပါမည်။ နိုင်ငံ၏ကျန်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုမရှိသောကြောင့် SEZs ၏ မျှော်မှန်းထားသည့် အကျိုးအမြတ်များ ရရှိမည်မဟုတ်ပါ။ ကောင်းမွန်သောအခြေခံ အဆောက် အအုံများ၊ လိုအပ်သော ကျွမ်းကျင်မှုများ ရရှိမှုနှင့် ပုဂ္ဂလိကကဏ္ဍတွင် ဖြစ်နိုင်က ဇုန်များနှင့်စပ်လျဉ်း၍ သင့်လျော်သောစီမံခန့်ခွဲမှုများဖြင့် ရင်းနှီးမြှုပ်နှံသူ များကို ဆွဲဆောင် မည်ဆိုလျှင် SEZs သည် ထိရောက်မှုရှိလာနိုင်ပါသည်။ ဒေသဆိုင်ရာ ဖွဲ့စည်းထားသော စည်းမျဉ်းများသည် အရည်အသွေး ပြည့်ဝမှုမရှိသော ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို အဟန့်အတားဖြစ်စေပါသည်။ SEZs မှကုမ္ပဏီများသည် အိန္ဒိယနိုင်ငံ၏ အခြေခံ စားသုံးသူများထံမှ အကျိုးအမြတ်ကို ရရှိနိုင်ပါသည်။ ပြည်တွင်း ဈေးကွက်သို့ ၎င်းတို့၏ ထုတ်ကုန်များရောင်းလျှင် တင်သွင်း အခွန်ပေးဆောင်ရမည်။ ထိရောက်သော ရင်းနှီးမြှုပ်နှံမှု နှင့် စီးပွာရေးအခြေအနများမရှိသည့်အတွက် အခွန်မက်လုံးများစွာမပေးနိုင်ပါ။ SEZs ဒေသမှ ၇၅ % သည် နေထိုင်ရေးနှင့်စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ၊ အရောင်းစင်တာများနှင့် ဆေးရုံများပါဝင်သောအရေးမပါသည့် လုပ်ဆောင်မှုများဖြစ်သည်။ စီးပွားရေး လုပ်ငန်းရှင်များက ယင်းကို ပို့ကုန်မှ အိမ်ယာမြေလမ်းကြောင်းမှတဆင့် ပိုက်ဆံရရှိရန် လုပ်ဆောင်ပါလိမ့်မည်။

*Source*: References quoted in text.

အမှန်တကယ် အကျိုးသက်ရောက်မှုအပေါ် လက်တွေ့အထောက်အထားများသည် ရောထွေးနေပြီး စာရင်းအင်းဆိုင်ရာ အခက်အခဲများကြောင့် ထိခိုက်နှောင့်နှေးစေပါသည်။ Farole နှင့် Akinci (၂၀၁၁) က ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်နိုင်ငံ ထိုင်ဝမ်ဒေသ နှင့် ဗီယက်နမ်တို့ရှိ တည်ငြိမ်သည့် စီးပွားရေးအကျိုးကျေးဇူးများ (အထူးသဖြင့် အလုပ်အကိုင်ရရှိမှု) အပေါ် SEZ များ၏ အထောက်အကူပြုမှုကို မှတ်ချက်ပြုခဲ့သော်လည်း လုပ်အားများစွာ လိုအပ်သည့် လုပ်ငန်းများထက် (အလိုအလျောက် SEZ များ၏ စက်ပစ္စည်းများ အသုံးပြုသော) အခြားကဏ္ဍများတွင် ပိုမိုမြင့်မားသည့် ကျွမ်းကျင်မှုများ၊ နည်းပညာ နှင့် ပိုမိုကောင်းမွန်သည့် အခြေခံအဆောက်အဦများကဲ့သို့သော FDI အတွက် ပိုမို ခေတ်မီတိုးတက်သည့် အစိတ်အပိုင်းများ လိုအပ်သောကြောင့် SEZ များ၏ ဈေးပေါသည့် လုပ်သားများဆိုင်ရာ အားသာချက်သည် လျော့ကျလာနေကြောင်းကိုလည်း ထောက်ပြခဲ့ပါသည်။ ထို့ပြင် WTO အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံများ အနေဖြင့် WTO ၏ သတ်မှတ်ချက်များ (အထူးသဖြင့် ပို့ကုန် အရည်အသွေးကို ထိခိုက်စေနိုင်သည့် သတ်မှတ်ထားသော ထောက်ပံ့ကြေးများပေးခြင်းအပေါ် တားမြစ်ချက်)နှင့် ကိုက်ညီစေရန်အတွက် ပို့ကုန်ဆိုင်ရာ မက်လုံးများနှင့် ထောက်ပံ့ကြေးများ၏ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ရန် လိုအပ်မည် ဖြစ်ပါသည်။ ထိုနည်းတူစွာပင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များသည် ကုန်သွယ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အစီအမံများ (TRIMS) နှင့် ဆန့်ကျင်လျက် ရှိနေနိုင်ပါသည်။ အဆိုပါ ပြဿနာအား အကွက် ၅.၁၄ တွင် ထပ်မံ ရှင်းလင်းဖော်ပြထားပါသည်။

### Box ၅.၁၄ မဖွံ့ဖြိုးသောနိုင်ငံများတွင် SEZs မက်လုံးများအတွက် WTO စည်းမျဉ်းများ ပါဝင်ပတ်သက်ခြင်း

အထူးစီးပွားရေးဇုန်များနှင့်ဆက်စပ်နေသော မက်လုံးများကို အုပ်စု(၃)စု ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ခွဲခြားနိုင်ပါသည်-(၁) SEZs မှ ပို့ကုန်များအပေါ် အခွန်အကောက် ကင်းလွတ်ခြင်းသည် WTO နှင့်ကိုက်ညီသော ဆောင်ရွက်မှုများ(၂) အထူး သဖြင့် ပို့ကုန်ထောက်ပံ့ငွေနှင့် သွင်းကုန်အစားထိုးခြင်း (သို့) ပြည်တွင်းထောက်ပံ့ငွေများသည် WTO ဥပဒေအရ စိန်ခေါ်သောအရာ (သို့) တားမြစ်ထားသောဆောင်ရွက်မှုများ (၃) သီးခြားအကြောင်းအရာအချက်အလက်များအပေါ်မူတည်သော WTOနှင့်ကိုက်ညီသော ဆောင်ရွက်မှုများတို့ဖြစ်သည်။ WTO လေးစားလိုက်နာမှုရရှိရန် အရေးကြီးဆုံးသောဇုန် မူဝါဒပြုပြင်ပြောင်းလဲမှုတစ်ခုမှာ တင်သွင်းသော အခွန်အကောက်များ ကျင့်သုံးခြင်းထက် အခြားသောတားမြစ်ချက်များမရှိဘဲနှင့် နိုင်ငံအကောက်ခွန်နယ်ပယ်ထဲသို့ SEZ မှထုတ်လုပ်သောကုန်ပစ္စည်းများတင်သွင်းခြင်း ခွင့်ပြုမိန့်နှင့် တင်ပို့ရန် လိုအပ် ချက်များအားလုံးကို ဖယ်ရှားရန်တို့ဖြစ်သည်။

Subsidies Countervailing Measures (SCM) သဘောတူစာချုပ်သည် တားမြစ်ထားသော၊ ထောက်ပံ့ငွေများကို ခွဲခြားထားပါသည်။

တားမြစ်ထားသောထောက်ပံ့ငွေများသည် ပို့ကုန်တင်ပို့မှုအပေါ် တိကျမှုမရှိသော စိုက်ပျိုးရေးနှင့် မသက်ဆိုင်သည့် ထောက်ပံ့ငွေနှင့် တင်သွင်းသောကုန်ပစ္စည်းများအစား ပြည်တွင်းကုန်ပစ္စည်းများကို အသုံးပြုခြင်းအပေါ် တိကျမှုမရှိသောထောက်ပံ့ငွေတို့ဖြစ်သည်။ တားမြစ်ထားသော ပို့ကုန်ထောက်ပံ့ငွေများ ၏ ဥပမာများမှာ-

- ပို့ကုန်တင်ပို့သူများ၏ အပိုဆုငွေများပါသော ငွေကြေးဆိုင်ရာထိန်းသိမ်းခြင်း အစီ အစဉ်များ
- ပြည်တွင်းပို့ကုန်များထက် ပို၍ကောင်းမွန်သော ပြည်ပပို့ကုန်များအပေါ် ပြည်တွင်း ပို့ဆောင်ရေးနှင့် ကုန်စည်နှင့်စပ်လျဉ်းသည့်အဖိုးခများ
- ပြည်တွင်းစားသုံးသောကုန်ပစ္စည်းများထက် ပို၍ကောင်းမွန်သော ပြည်ပပို့ကုန်များ ထုတ်လုပ် ခြင်း

အတွက် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုတားမြစ်ခြင်း

- ပို့ကုန်များဆောင်ရွက်မှုအတွက်(သို့) ပို့ကုန်အတွက်အဖိုးများ (သို့) အခွန်များ အတွက် ခွင့်ပြုမှု (သို့) ကင်းလွတ်မှုများ
- ပြည်တွင်းစားသုံးမှုအတွက် ထုတ်ကုန်များကိုရောင်းသည့်အခါ ပိုနေ သောအခွန်များ (သို့) ပြည်ပ ပို့သည့်အခွန်များ နှင့်စပ်လျဉ်းသည့် ကင်းလွတ်ခွင့်များ
- အာမခံသူများ၏ ကုန်ကျစရိတ်များနှင့်ဆုံးရှုံးမှုများကို ရေရှည်ဆောင်ရွက်ပေးခြင်း မရှိသော အာမခံကြေးများတွင် ပို့ကုန်ငွေကြေးအာမခံမှုများ
- ရန်ပုံငွေကုန်ကျစရိတ်အောက်တွင်ရှိသောပို့ကုန်ဆိုင်ရာငွေကြေးနှုန်းများ

နိုင်ငံတကာကုန်သွယ်ရေးအပေါ် ထိခိုက်သောရလဒ်များရှိသည့် အဖွဲ့ဝင်နိုင်ငံက ခွင့်ပြုထားသော ထောက်ပံ့ငွေများရှိပါသည်။ အကြောင်းမှာ အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းစက်ရုံများကိုထိခိုက် စေသောအကြောင်းတရား၊ တရားမဝင်သော (သို့) မမျှတသောအကျိုးရလဒ်များ(သို့) အကြောင်းတရား များသည် အခြားအဖွဲ့ဝင် နိုင်ငံများ၏ စိတ်ဝင်စားမှုကို များစွာထိခိုက်စေနိုင်သော ကြောင့်ဖြစ်သည်။

WTO စည်းမျဉ်းများသည် LCDs ကဲ့သို့ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများနှင့် ဆီလျော်မှု အရှိဆုံးဖြစ်ပြီး GNP ဒေါ်လာ ၁၀၀၀ အောက်ရှိသောနိုင်ငံများသည် သဘောတူညီမှုနှင့် ကင်းလွတ်ကြ ပါသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ဆောင်ရွက်သော ဆောင်ရွက်ချက်များသည် WTO စည်းမျဉ်းများတွင်ရှိသော အကြောင်းအရာများ မဟုတ်ပါ။

*Source:* Creskoff and Walkenhorst (2009); FIAS (2008).

Aggarwal နှင့် အခြားပုဂ္ဂိုလ်များ (၂၀၁၁) က ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ နှင့် သီရိလင်္ကာနိုင်ငံ တို့တွင် ပို့ကုန် အရည်အသွေး နှင့် ထုတ်ကုန်များ အမျိုးအစားစုံလင်ကွဲပြားစေမှုအပေါ် SEZ များ၏ အခန်း ကဏ္ဍ သည် ကဏ္ဍများ နှင့် ထုတ်ကုန်များအလိုက် အမျိုးမျိုးကွဲပြားကြောင်း မှတ်ချက်ပြုထားပါသည်။ အထူးသဖြင့် ယင်းတို့က “SEZ များထံမှ များပြားသည့် ပို့ကုန်များ ထွက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် သီရိလင်္ကာတို့ရှိ ကဏ္ဍအချို့သည် SEZ များ တည်ထောင် ခြင်း မပြုရသေးမီ ကာလ ကတည်းက ပို့ကုန်များကို အသားပေးခဲ့ကြကြောင်းကို တွေ့ရပါသည်။”ဟု မှတ်ချက်ပြုထားပါသည်။ ယင်းတို့က အဆိုပါ နိုင်ငံများ အတွင်းရှိ SEZ များသည် ထုတ်ကုန် များ နှင့် ပို့ကုန်များ အမျိုးအစား စုံလင် ကွဲပြားစေရေးနှင့် ကြီးထွားမှုတို့ အပေါ် အထောက်အကူ ပြုသည့် အထောက်အထားများကို တွေ့မြင် ရသည်ဟု ဆိုပါသည်။

SEZ များသည် အာဆီယံနိုင်ငံများအတွင်း၊ အထူးသဖြင့် မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အထိုက် အလျောက် အောင်မြင်မှုရှိခဲ့ပါသည်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံရှိ Clark SEZ သည် ပို့ကုန်ဆိုင်ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဘီလျံ နှင့် လုပ်သားပေါင်း ၇၀၀၀၀ အတွက် အလုပ် အကိုင်များ ရရှိစေခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဇုန် များသည်လည်း နိုင်ငံ၏ စုစုပေါင်းပို့ကုန်များ၏ ၄၀% ကို အထောက်အကူပြုခဲ့ပါသည် (UNIDO, ၂၀၁၅)။ မလေးရှားနိုင်ငံ၏ အီလက်ထရောနစ် ပစ္စည်းများ ထုတ်လုပ်ရေးနှင့် တင်ပို့ရေးတို့ကို မြှင့်တင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည့် မလေးရှား နိုင်ငံ၏ SEZ များ အပေါ် လေ့လာချက်အရ EPZ များသည် တိုက်ရိုက် အကျိုးသက်ရောက်မှုများတွင် အောင်မြင်မှုရရှိခဲ့ပြီး တိုက်ရိုက်မဟုတ်သည့် အကျိုးသက်ရောက်မှုများတွင်မူ အတော်အသင့် နည်းပါးနေသေး ပြီး ပီနန်ကဲ့သို့သော အချို့ဒေသများတွင်သာ စုစည်းနေကြောင်းတွေ့ရသည် (Furby, ၂၀၀၅)။

UNIDO ၏ လေ့လာချက် (UNIDO, ၂၀၁၅) ၌ အာဆီယံတွင် SEZ ပေါင်း ၈၀ ကျော် အပါအဝင် စီးပွားရေးဇုန်ပေါင်း ၁၀၀၀ ကျော်ရှိကြောင်း တင်ပြထားပါသည် (အများစုမှာ စက်မှု ဥယျာဉ်များ

ဖြစ်ကြသည်)။ အဆိုပါ လေ့လာချက်အတွင်း အာဆီယံနိုင်ငံများသည် SEZ များအား ဆွဲဆောင်ရန်အတွက် မက်လုံးများစွာ ပေးအပ်ခြင်းဖြင့် အပြင်းအထန် ပြိုင်ဆိုင်ကြကြောင်းကိုလည်း မှတ်ချက်ပြုဖော်ပြထားပါသည်။ စီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ကိန်းဂဏန်းများ စုစည်းမှုများသည် တစ်နိုင်ငံချင်းစီပေါ် မူတည်၍ များစွာကွဲပြားမှုရှိသောကြောင့် အာဆီယံအတွင်းရှိ SEZ များ၏ အကျိုး သက်ရောက်မှုကို တိုင်းတာရန် ခက်ခဲပါသည်။ ဥပမာ အားဖြင့်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့တွင် စီးပွားရေးဇုန်များအား စီမံခန့်ခွဲသည့် အစိုးရ အဖွဲ့အစည်းမရှိဘဲ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်တို့တွင်မူ စီးပွားရေးဇုန်များအား စီမံခန့်ခွဲသည့် အစိုးရ အဖွဲ့အစည်းများ ရှိကြပါသည်။ ယင်းတို့မှာ ထိုင်းနိုင်ငံရှိ ထိုင်းနိုင်ငံစက်မှုဇုန် အာဏာပိုင်အဖွဲ့အစည်း (IEAT) နှင့် ဗီယက်နမ်နိုင်ငံရှိ စီမံကိန်း နှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန၏ စီးပွားရေးဇုန်များဆိုင်ရာဌာနတို့ အသီးသီး ဖြစ်ကြပါသည်။ အဆိုပါ အဖွဲ့အစည်းများသည် ယင်းတို့၏ သက်ဆိုင်ရာ နိုင်ငံများတွင် စီးပွားရေးဇုန်များအား စောင့်ကြည့်လေ့လာရန်နှင့် အားပေးမြှင့်တင်ရန် တာဝန်ယူဆောင်ရွက်ကြပါသည်။ SEZ များသည် ကမ္ဘောဒီးယား နှင့် ဗီယက်နမ်နိုင်ငံတို့တွင် စက်မှုလုပ်ငန်းများ ဖော်ဆောင်ခြင်းမှတစ်ဆင့် အလယ်အလတ် ဝင်ငွေ အဆင့်အတန်း ရရှိရန် ဆောင်ရွက် ရာတွင်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ သို့ရာတွင် SEZ များသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ် ပူပန်မှုများ ရှိနေပါသည်။ ကြီးထွားလာနေသည့် SEZ လမ်းကြောင်းအတွင်းသို့ နောက်ဆုံး ဝင်ရောက်လာခဲ့သည့် နိုင်ငံသည် မြန်မာနိုင်ငံဖြစ်ပါသည် (ထားဝယ် SEZ အကြောင်း အကွက် ၅.၁၅ ကို ကြည့်ရှုပါ)။

**ဇယား ၅.၁၅ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးများ - မြန်မာနိုင်ငံ၏ ထားဝယ်အထူးစီးပွားရေးဇုန်**

၂၀၀၈ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြားနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းဒေသကြီး၌ ထားဝယ်အထူးစီးပွားရေး ဇုန်ဖွံ့ဖြိုးတိုးတက်ရေးတွက် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါထားဝယ်အထူး စီးပွားရေးဇုန်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူနှင့် ပြည်တွင်းကုမ္ပဏီများ ပေါင်းစပ်ထားသည့် အာဆီယံ၏ အကြီးမားဆုံး အထူးစီးပွားရေးဇုန်/စက်မှုဇုန် ဖြစ်လာမည်ဟု ထင်မြင်ယူဆခဲ့ပါသည်။ ၎င်းအထူးစီးပွားရေးဇုန်ကိုထိုင်းနိုင်ငံမှ Italian-Thai PLC နှင့် Max Burma စုပေါင်းအဖွဲ့တို့ပါဝင်သည့် consortium ဖွဲ့စည်းခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍမှ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟုထင်မြင်ယူဆခဲ့ကြပါသည်။ သို့ရာတွင် စီမံကိန်းကို Italian-Thai PLC မှ ငွေကြေးမထည့်ဝင်နိုင်တော့ဘဲ Max Burma စုပေါင်းအဖွဲ့ မှ စီမံကိန်းကို ရုပ်သိမ်းခဲ့ပါသည်။ အဆိုပါ အချက်များနှင့် စာရင်းစစ် ကုမ္ပဏီများမှ စာရင်းစစ်များက အထူးစီးပွားရေးဇုန်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် တည်ဆောက်ခြင်းရှိမရှိစစ်ဆေးရန်လည်း နှောင့်နှေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ရေး လုပ်ငန်းများကိုစတင်ရန် ကြန့်ကြာခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့မှ စီမံကိန်းကိုလွှဲပြောင်းရယူခဲ့ကြပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကို ရှာဖွေခဲ့ပါသည်။ ဂျပန်နိုင်ငံကို ရင်းနှီးမြှုပ်နှံသူအဖြစ် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ သို့ရာတွင် ဂျပန်နိုင်ငံအစိုးရမှ အဆိုပါစီမံကိန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ဆောင်ရွက်ရန်ကိစ္စကို ငြင်းဆိုခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် အဆိုပါစီမံကိန်းကို ထိုင်းဘဏ်များမှ အထောက်အပံ့ပေး ခဲ့ပါ သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ဂျပန်နိုင်ငံမှ အဆိုပါစီမံကိန်းတွင် ပူးပေါင်းပါဝင်ရန် သဘောတူခဲ့ပါသည်။ ထိုင်းနိုင်ငံ အစိုးရသည် Italian-Thai ကုမ္ပဏီကို ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင်သူအဖြစ် ထပ်မံ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပြီး မြန်မာနိုင်ငံကို ချေးငွေ များ ထောက်ပံ့ပေးခဲ့ပါသည်။ နောက်ထပ် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်သူအဖြစ် Rojana Industrial Park PLC မှ အဆိုပါစီမံကိန်းတွင် ပါဝင်လာခဲ့ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများသည် ဆောင်ရွက်နေဆဲဖြစ်ပြီး အထူးစီးပွားရေးဇုန် အပြည့်အဝ လုပ်ငန်းလည်ပတ်ရန် နှစ်ပေါင်းများစွာ ကြာမြင့် မည်ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အပိုကုန်ကျစရိတ်များနှင့် လက်ဆုပ်လက်ကိုင် ပြနိုင်သည့် ဖွံ့ဖြိုးမှုစီမံကိန်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက် မရှိခြင်း အပါအဝင် ပြဿနာအခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ စီမံကိန်းကနဦး အစကတည်းက ဘဏ္ဍာငွေကြေးနှင့် စပ်လျဉ်း၍ ကောင်းမွန်သည်ဟု မယူဆခဲ့ပါ။ သို့ရာတွင် ဇုန်၏ အကြီးမားဆုံးဝေဖန်မှုမှာ ယေဘူယျအားဖြင့် မှန်ကန်သည်ဟုလက်ခံထားသည့် အချက်အပေါ်၌သာ အခြေခံထားပြီး အထူးသဖြင့် မြန်မာနိုင်ငံ တွင် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေ ပြဋ္ဌာန်းမထားနိုင်ခြင်းကဲ့သို့သော ရေရှည်တည်တံ့ခိုင်မာသည့်အချက်အပေါ် အခြေခံထားမှု မရှိခြင်းပင်ဖြစ်ပါသည်။ စီမံကိန်းများအား ဖိအားပေး၍ မြေသိမ်းယူခြင်း၊ မြေကိုနိုင်ငံပိုင်သိမ်းယူခြင်း၊ လျော်ကြေးငွေလုံလောက်စွာမပေးခြင်း အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံလူ့အဖွဲ့အစည်းများ၏နှင့် နေထိုင်သည့် အဆောက်အအုံနှင့် အစာရေစာ လုံလောက်စွာရရှိမှုတို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ငြင်းဆိုခြင်းတို့အတွက် ကုန်ကျစရိတ်များ တောင်းခံလျက်ရှိပါသည်။ ဒါ့အပြင် ဇုန်သည် သဘာဝ ပတ်ဝန်းကျင် နှင့် ကျန်းမာရေးဆိုင်ရာ ညစ်ညမ်းမှုများအတွက် အဓိကအရင်းအမြစ်များ ဖြစ်လာမည်ဟု ယူဆချက် များလည်း ရှိနေပါသည်။

ထားဝယ်စီမံကိန်းသည် ထိုင်းနိုင်ငံအရှေ့ပိုင်းRayongပြည်နယ်ရှိ Map Ta Phut စက်မှုဇုန်ထက် ၈ဆပိုကြီးမည်ဖြစ်ပါသည်။ ထားဝယ်စီမံကိန်းတွင် ရေနက်ဆိပ်ကမ်း ၊ ကျောက်မီးသွေးသုံး လျှပ် စစ် ဓာတ်အားစီမံကိန်း၊ ရေနံနှင့် အခြားဆက်စပ် စက်မှုလုပ်ငန်းများ ပါဝင်မည်ဖြစ်ရာ အဆိုပါ လုပ်ငန်းများသည် ညစ်ညမ်းမှု အမြောက် အများ ဖြစ်ပေါ်စေလိမ့်မည်ဟု မျှော်မှန်းထား ကြပါသည်။ အဆိုပါ စီမံကိန်းတွင် ဒေသခံပြည်သူ ၃၀,၀၀၀ကျော်ကို ပြန်လည်နေရာချထားရန်လည်း လိုအပ်ပါသည်။ စီမံကိန်းထဲကို ဝင်ရောက်ကြည့်ရှုရန် ထားဝယ်ဒေသခံများဖြင့် တည်ထောင်ထားသည့် ထားဝယ် ဖွံ့ဖြိုးမှုအသင်း၊ ဒေသခံလူ့အဖွဲ့အစည်းများပူးပေါင်းထားသည့် ပူးပေါင်းအဖွဲ့ တို့ကို ဖွဲ့စည်းထား ပြီး အသိပညာများ မြှင့်တင်ပေးလျက်ရှိပါသည်။ The Tavoyan Women's Union က ၂၀၁၄ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်ခုတွင် , ထားဝယ်ရှိဒေသခံများ၏ အခွင့်အရေးကို လိုက်ပါ ဆောင်ရွက်နေသည့် NGOများက စီမံကိန်းကြောင့် မြေသိမ်းယူခြင်း၊ ဒေသခံများအား ကမ်းရိုးတန်းသို့ ဝင်ရောက်ခွင့်ကို တားဆီးခြင်း၊ လယ်ယာမြေများကိုဖျက်ဆီးခြင်းကဲ့သို့သော ဆောင်ရွက်မှုများသည် ဒေသခံများ၏ စိုက်ပျိုးရေး ၊ ငါးဖမ်းခြင်းကဲ့သို့သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပြိုကွဲအောင် ပြုလုပ်သည်ဟု ဆိုကာ လျော်ကြေးတောင်းဆိုခဲ့ကြပါသည်။ အစီရင်ခံစာတွင် ထားဝယ် ရွာသူရွာသားများသည် အစားရေဆာ မလုံလောက်မှု ရင်ဆိုင်နေရပြီး ပြည်သူသုံးပုံတစ်ပုံကို ခြုံငုံ လေ့လာထားသည့် အစီရင်ခံစာအရ ငွေကြေး အခက်အခဲကြောင့် ဒေသခံများ အနေဖြင့် ၎င်းတို့၏ ကလေးများကို ကျောင်းမှ ထုတ်ပယ်ထားရသည်လည်းတွေ့ရှိရပါသည်။

အထူးစီးပွားရေးဇုန်သည် မဟာဗျူဟာကျသည့် နေရာတွင်မတည်ရှိခြင်း၊ ဒေသ၌အခြေခံ အဆောက်အအုံနှင့် ဖွံ့ဖြိုးတိုးတက်မှု မရှိခြင်းတို့ကြောင့် အထူးစီးပွားရေးဇုန်အတွက် တည်နေရာမှာ သင့်လျော်မှု မရှိပါ။ အဆိုပါ နေရာမှာ ခေါက်သွေ့ပြီး လူဦးရေနည်းပါးသောကြောင့် အသင့်အသုံးပြုနိုင်သော လုပ်သားအင်အား မရရှိနိုင်ပါ။ အဆိုပါဇုန်မှာတည်ထောင်ထားသည့် ကုန်သွယ်ရေးလမ်းကြောင်းမှ အဝေး တွင်လည်း တည်ရှိပါ သည်။

*Sources:* online resources including: **http://www.terraper.org/web/en/node/1012** (Bangkok Post, 16 October 2013); Sekine (2016): **http://www.burmalibrary.org/docs21/TNI-2016-02-04-Dawei_SEZ-Sekine-en-red.pdf;http://www.newmandala.org/myanmar-special-economic-zones-part-i; http://myanmarbusinessgateway.com/tags/dawei-sez.**

SEZ များ၏ ဆယ်စုနှစ်များစွာရှိသော အတွေ့အကြုံများကို အခြေခံကာ FIAS (၂၀၀၈) က ယင်းတို့၏ အောင်မြင်မှုအတွက် အတွေ့အများဆုံးသော အခက်အခဲများကို အောက်ပါအတိုင်း ဖော်ပြ ထားပါသည်။

- လုပ်ငန်းခွင် တည်နေရာ မကောင်းမွန်ခြင်းကြောင့် ငွေအရင်းအနှီး အသုံးစရိတ်များစွာ အသုံးပြုရခြင်း
- ယုဉ်ပြိုင်နိုင်စွမ်းမရှိသည့် မူဝါဒများ - အခွန်ကင်းလွတ်ခွင့်များကို မှီခိုနေခြင်း၊ တင်းကျပ်သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ၊ အလုပ်သမားများဆိုင်ရာ မူဝါဒများ နှင့် ကျင့်သုံးမှုများ အားနည်းခြင်း
- ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့် အခွန်ဆိုင်ရာ မက်လုံးများ
- ဇုန်ဖော်ဆောင်ရေး ကျင့်သုံးမှုများ အားနည်းမှု - သင့်လျော်စွာ ပုံစံရေးဆွဲထားခြင်း မရှိသည့် အဆောက်အဦများ သို့မဟုတ် အလွန်အမင်း ပုံစံရေးဆွဲထားသည့် အဆောက်အဦများ၊ ထိန်းသိမ်းမှုနှင့် မြှင့်တင်ရေး ကျင့်သုံးမှုများ မလုံလောက်ခြင်း
- ငှားရမ်းခ အထောက်အပံ့များ နှင့် အခြား ဝန်ဆောင်မှုများ
- ဝန်ထုတ်ဝန်ပိုးဖြစ်စေသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဇုန်အတွင်း လုပ်ငန်းဆောင်ရွက်မှုများအပေါ် ကန့်သတ်ချုပ်ချယ်မှုများ
- စီမံခန့်ခွဲမှု ဖွဲ့စည်းပုံများ မလုံလောက်ခြင်း သို့မဟုတ် ဇုန်စီမံခန့်ခွဲရာတွင် အဖွဲ့အစည်းများ ပါဝင်မှုများပြားလွန်းနေခြင်း၊ စီမံခန့်ခွဲသည့် အဖွဲ့အစည်းများ အားနည်းခြင်း
- အခြေခံအဆောက်အဦများ ဖော်ဆောင်ရာတွင် ပုဂ္ဂလိက ဖော်ဆောင်သူများနှင့် အစိုးရများ အကြား ညှိနှိုင်းဆောင်ရွက်မှု မရှိခြင်း
- ကုန်သွယ်မှုလုပ်ငန်းဇုန်များအား နှစ်နိုင်ငံသဘောတူညီချက်များနှင့် ဒေသတွင်း ကုန်သွယ်ရေး သဘောတူညီချက်များတွင် ထည့်သွင်းခြင်းမပြုဘဲ ချန်လုပ်ထားခြင်း

SEZ များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် မအောင်မြင်ရသည့် အခြား အကြောင်းအရင်းများတွင် ဗျူဟာမြောက် အစီအစဉ်ရေးဆွဲမှု အားနည်းခြင်း၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးပံ့ပိုးမှု မရှိခြင်းနှင့် နိုင်းယှဉ်နိုင်သည့် အားသာချက်များအား လွဲမှားစွာ ချိတ်ဆက်ခြင်းတို့ ပါဝင်ပါသည် (IFC, ၂၀၁၃)။ ဆွဲဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်မှု မရှိခြင်းသည်လည်း SEZ များ မအောင်မြင်ရသည့် အချက်များတွင် တစ်ချက်အပါအဝင်ဖြစ်ပါသည် (Farole, ၂၀၁၁)။

ကမ္ဘာအနှံ့ရှိ စီးပွားရေးဇုန်များ၏ စွမ်းဆောင်ရည်အပေါ် စနစ်တကျ အချက်အလက်များဖြင့် စိစစ်လေ့လာထားမှု မရှိခြင်းကြောင့် အထောက်အထားများကို အခြေခံကာ မူဝါဒများ ချမှတ်ရာတွင် အဟန့်အတားဖြစ်စေသည် (Farole, ၂၀၁၁)။ ဤကိစ္စရပ်နှင့်စပ်လျဉ်း၍၊ SEZ များ တည်ထောင်သည့် အခွင့်အလမ်းဆိုင်ရာ ကုန်ကျစရိတ်သည် အတော်အသင့် များပြားနိုင်ပါသည်။ တစ်နည်းဆိုရပါက အဆိုပါ အရင်းအမြစ်များအား ပညာရေးနှင့် ကျန်းမာရေးတို့ကဲ့သို့သော လူမှုရေးအရ ပိုမို၍ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများအတွက် အသုံးပြုနိုင်ပါသလား? တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မရှိခြင်းကို ဖြေရှင်းရန်အတွက် SEZ များ အနေဖြင့် မည်သည့်အတိုင်းအတာအထိ ကြိုးပမ်းနေပါသနည်း? နောက်ထပ် အဟန့်အတား တစ်ရပ်မှာ သင့်လျော်သည့် ဝယ်လိုအား အကဲဖြတ်မှု မရှိခြင်းဖြစ်သည်။ SEZ များ တည်ထောင်

ရာတွင် ဝယ်လိုအားကို အခြေခံရမည်ဖြစ်ပြီး ဈေးကွက် လိုအပ်ချက်များကို တုန့်ပြန်နိုင်ရမည် ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ဖြစ်ထွန်းနိုင်ခြေဆိုင်ရာ လေ့လာမှု တစ်ခု လုပ်ဆောင်ရန် လိုအပ်လေ့ရှိပါသည်။

အဆုံးသတ်တွင် SEZ များနှင့်စပ်လျဉ်းသည့် အတွေ့အကြုံများသည် ရောထွေးနေပါသည်။ SEZ များသည် အလုပ်အကိုင် ဖန်တီးရေး၊ နည်းပညာလွှဲပြောင်းပေးအပ်ရေး နှင့် စက်မှုလုပ်ငန်း ပြန်လည် တည်ဆောက်ရေးတို့နှင့်စပ်လျဉ်း၍ များသောအားဖြင့် FDI များအား ဆွဲဆောင်ခြင်းဖြင့် အရှေ့အာရှတွင် အထိုက်အလျောက် အောင်မြင်မှုရရှိခဲ့ကြောင်း လုံလောက်သည့် အထောက် အထားများကို တွေ့ရပါသည်။ FIAS (၂၀၀၈) က

> "မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အဓိကအားဖြင့် ဇုန်များအတွင်း တည်ရှိသည့် အီလက်ထရောနစ် ကဏ္ဍများအား သိသာသည့် လုပ်ငန်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ခဲ့ပါသည် (Lall, ၂၀၀၀)။ ဖိလစ်ပိုင်စီးပွားရေးဇုန်အာဏာပိုင်များသည် ဖိလစ်ပိုင်ဂေဟစနစ်ဆိုင်ရာဇုန်များအတွင်း ကျွမ်းကျင်မှုဆိုင်ရာ အဆင့်များ သိသိသာသာ မြင့်တက်လာကြောင်းနှင့် ကျွမ်းကျင်မှု ပိုမိုလိုအပ်သော ပုံစံရေးဆွဲခြင်းနှင့် သုတေသနလုပ်ငန်းများကို ဦးစားပေးသည့်အတွက် အီလက်ထရောနစ် လုပ်ငန်းများအတွင်းရှိ လုပ်သားထု ပမာဏ လျော့ကျသွားသည်ကို မှတ်တမ်းတင်ထားပါသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံရှိ ဆော့ဖ်ဝဲ နည်းပညာ ဥယျာဉ်များသည် ပုံမှန် အချက်အလက်များ ထည့်သွင်းခြင်းနှင့် ဆော့ဖ်ဝဲရေးသားသည့် လုပ်ငန်းများအတွက်သာမကဘဲပိုမိုရှုပ်ထွေးသည့် ဆော့ဖ်ဝဲရေးသားမှု၊ ကုန်ကြမ်း ဖွံ့ဖြိုးတိုးတက်မှု နှင့် မာလ်တီ မီဒီယာလုပ်ငန်း များအတွက်ပါ အလွန်အရေးပါ ပါသည်။" မှတ်ချက်ပြုထားပါသည်။

လာမည့် အပိုင်းငယ်အတွင်း SEZ ဖော်ဆောင်ရေး၊ လုပ်ငန်းလည်ပတ်ရေးနှင့် စီမံခန့်ခွဲရေးတို့ကို အောင်မြင်စေမည့် အခြေအနေများနှင့် မူဝါဒဆိုင်ရာ အကြံပြု တင်ပြချက်များကို အနှစ်ချုပ် ဆွေးနွေးထားပါသည်။

## ၃။ SEZ ဖော်ဆောင်ရေး၊ လုပ်ငန်းလည်ပတ်ရေး နှင့် စီမံခန့်ခွဲရေးတို့ကို အောင်မြင်စေမည့် အခြေအနေများနှင့် မူဝါဒဆိုင်ရာ အကြံပြုတင်ပြချက်များ

FDI များအား ဆွဲဆောင်ရန် နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းတစ်ရပ် အဖြစ် SEZ များအား ဖော်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အကောင်းဆုံး အလေ့အထများနှင့် ရရှိနိုင်သည့် စာပေ အထောက်အထားများကို အခြေခံကာ အောက်ပါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြအပ် ပါသည် (Farole နှင့် Akinci, ၂၀၁၁၊ FIAS, ၂၀၀၈၊ Engman နှင့် အခြားပုဂ္ဂိုလ်များ ၂၀၀၇)-

- ကမ္ဘာ့စီးပွားရေးစနစ်၏ ပြောင်းလဲလာမှု နှင့် အမေရိကန်ပြည်ထောင်စု နှင့် ဥရောပတို့ အနေဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားအပေါ် ထိန်းချုပ်နိုင်မှု လျော့ကျလာခြင်းတို့ကြောင့် စုပေါင်းဆောင်ရွက်သည့် လုပ်ငန်းများအပေါ် အာရုံစူးစိုက်သည့် သမားရိုးကျ SEZ များ/EPZ များ တည်ထောင်မှုသည် ယခင်ကဲ့သို့ အောင်မြင်သည့် ဗျူဟာတစ်ရပ် မဖြစ်နိုင်တော့ပေ။ နိုင်ငံများ

အနေဖြင့် လုပ်အားခ ကုန်ကျစရိတ်ဆိုင်ရာ အားသာချက်များ သိသိသာသာ မရှိနေလျှင် သို့မဟုတ် ကြီးမားသည့် ပြည်တွင်းဈေးကွက်တစ်ခု ဖော်ဆောင် မပေးနိုင်လျှင် ယင်းတို့ အနေဖြင့် ရင်းနှီး မြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် ပိုမို ခေတ်မီဆန်းသစ်သည့် နည်းဗျူဟာများရှိရန် လိုအပ်မည် ဖြစ်သည်။

- SEZ များသည် ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး (အကွက် ၅.၁၆ ကို ကြည့်ရှုပါ) နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှ ပြည်တွင်းသယံဇာတများအား ထုတ်ယူသည့် ပို့ကုန် အခြေပြု လုပ်ငန်း များ ("enclave" syndrome) ကို ရှောင်ကျဉ်ရမည်ဖြစ်သည်။ အထူးသဖြင့်၊ SEZ များသည် လုပ်သားအခြေပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ဆွဲဆောင်ရာတွင် အာရုံမစူးစိုက်ဘဲ ဆန်းသစ်တီထွင်မှုကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှု များအား ဆွဲဆောင်ရာတွင် အာရုံစူးစိုက် သင့်သည်။ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (Global supply chain) နှင့် ပေါင်းစည်းရေး၊ သမားရိုးကျ ပို့ကုန်ဈေးကွက်များရှိ အားနည်းချက်များ၊ အပြည်ပြည်ဆိုင်ရာ စည်းမျဉ်း စည်းကမ်း များ (WTO) နှင့် ယှဉ်ပြိုင် နိုင်သည့် အားသာချက်တစ်ရပ်ဖြစ်သော လုပ်အားခ နည်းပါးမှုများ လျော့ကျလာခြင်း တို့ကြောင့် SEZ များ/EPZ များ၏ သမားရိုးကျ သဘော တရားသည် နှိုင်းယှဉ်နိုင်သည့် ဆီလျော်မှု နည်းပါးလာပါသည်။ ပိုမို၍ တန်ဖိုးမြှင့်ထားသော၊ နည်းပညာနှင့် ဝန်ဆောင်မှု တို့ဖြင့် ဦးဆောင်သည့် ဇုန်များသည် ပိုမိုအရေးကြီးပါသည် (ICT, ဇီဝနည်းပညာ၊ အစရှိသည်)။
- SEZ အသစ်များသည် ဒေသတွင်း စီးပွားရေးစနစ်နှင့် ပိုမို၍ ခိုင်မာသော ရုပ်ပိုင်းဆိုင်ရာ မဟာ ဗျူဟာဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ ချိတ်ဆက်မှုများတွင် အာရုံစူးစိုက်သင့်ပါသည်။ ထူးခြား ကောင်းမွန်သည့် အခြေခံအဆောက်အဦများ၊ စိတ်ချယုံကြည်ရသော လျှပ်စစ် ဓာတ်အားနှင့် ကျွမ်းကျင်မှု ပြည့်ဝသော လုပ်သားများ ထောက်ပံ့ပေးနိုင်ရေးသည် မက်လုံးများထက် များစွာ ပိုမိုအရေးကြီးပါသည်။ SEZ များတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်များနှင့် ပံ့ပိုး ကူညီမှုများ အားလုံးကို အပြည့်အဝအသုံးချနိုင်သည့် တံခါးပေါက်တစ်ချပ်ရှိသင့်ပါသည်။ လုပ်ငန်းခွင်အတွင်း ဆွဲဆောင်မှုရှိသော လူနေအဆောက်အဦများ (စာသင်ကျောင်းများ၊ ဈေးဝယ်စင်တာများ၊ R&R) ရရှိသင့်ပါသည်။ အတိုချုံး၍ ဆိုရပါက SEZ များအနေဖြင့် နိုင်ငံ၏ ကျန်အစိတ်အပိုင်းများထက် ပိုမို၍ ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် တစ်ခု ကို ဖန်တီးရန် လိုအပ်ပါသည်။
- SEZ များသည် ဗျူဟာမြောက် တည်နေရာများ၊ တစ်နည်းဆိုရသော် ခေတ်မီတိုးတက်သည့် အခြေခံ အဆောက်အဦများ (ဆိပ်ကမ်းများ၊ ရထားလမ်းများ၊ လမ်းများ၊ အစရှိသည်) လူထူ ထပ်သော မြို့ပြစင်တာများနှင့် နီးစပ်သည့် တည်နေရာတွင် ရှိသင့်ပါသည်။ SEZ များအား ကုန်း တွင်းဆိပ်ကမ်းများ၏ အစိတ်အပိုင်းများတွင်သာမကဘဲ ကုန်းတွင်းပိုင်းဒေသများတွင်လည်း ဖော်ဆောင်နိုင်ပါသည်။

## ဇယား ၅.၁၆ ထိုင်းနိုင်ငံ၏ အထူးစီးပွားရေးဇုန် နယ်နိမိတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် မက်လုံးများ

၂၀၁၅ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အာဆီယံစီပွားရေးအသိုက်အဝန်း(AEC)၏ အချက်အခြာအဖြစ် ထိုင်းနိုင်ငံကို မြှင့်တင်ရန်အတွက် အထူးစီးပွားရေးဇုန်အသစ်တွင် ရင်းနှီးမြှုပ်နှံမှုကိုအားပေးရန် အခွန် ဆိုင်ရာမက်လုံး(မက်လုံး) နှင့်သက်ဆိုင်သည့် တော်ဝင်အမိန့် (မူကြမ်း) တစ်ခုကို ထိုင်းနိုင်ငံ အစိုးရမှ အတည်ပြုခဲ့ပါသည်။[97]

အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို မြှင့်တင်ရန်အတွက် Tak, Sa Kaeo, Trat Mukdahan, Songkhla, Chiang Rai, NhongKhai, NakhonPhanom, Kanchanaburiနှင့် နာရာသီဝပ် (Narathiwat) အစရှိသည့် ဖွံ့ဖြိုးတိုးတက်မှုရှိသည့် နယ်စပ်ဧရိယာများ၌ အဆိုပါ အထူးစီးပွားရေးဇုန်ကိုအပိုင်း(၂)ပိုင်းဖြင့် တည်ထောင်မည် ဖြစ်ပါသည်။ မူလက မက်လုံးများတွင် စီးပွားရေး လုပ်ငန်းများ၏ဝင်ငွေခွန် ကင်းလွတ်ခွင့် (၈) နှစ် နှင့် နောက်ထပ်(၅) နှစ်အတွက် စီးပွားရေး လုပ်ငန်းများ၏ ဝင်ငွေခွန် (၅၀) ရာခိုင်နှုန်းလျှော့ချခွင့် (လက်ရှိတွင် စီးပွားရေးလုပ်ငန်းများအပေါ် ကောက်ခံသည့် ဝင်ငွေခွန်မှာ ၂၀ ရာခိုင်နှုန်းဖြစ်ပါသည်)၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းအပေါ်တွင် သွင်းကုန်ခွန် ကင်းလွတ်ခွင့်၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့် ရေသုံးစွဲမှုကုန်ကြစရိတ်တို့မှ နှစ်ဆ နုတ်ယူခွင့်ကို (၁၀) နှစ်ခွင့်ပြုခြင်း၊ အသုံး အဆောင်များတည်ဆောက်ခြင်း ၊ တပ်ဆင်ခြင်းတို့အတွက် ၂၅ ရာ ခိုင်နှုန်း အပို ကုန်ကျစရိတ် နုတ်ယူခွင့်တို့ပါဝင်ပါသည်။

အစိုးရသည် ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့မှ တစ်ဆင့် ရင်းနှီးမြှုပ်နှံသူ၏ အကျိုးအမြတ်အဖြစ် အဆိုပါ မက်လုံးများကိုနွေးနွေးထွေးထွေးမြှင့်တင် အားပေးလျှက် ရှိပါသည်။ ဥပမာ- အထူးစီးပွားရေးဇုန် အတွင်းရှိ သင့်တော်သော စီးပွားရေး အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုတွင် အခွန်ကောက်ခံရမည့် နှစ်မှစ၍ ၁၀ နှစ် ကာလအတွက် ၁၀ ရာခိုင်နှုန်းစီးပွားရေးလုပ်ငန်းများအပေါ် ကောက်ခံသည့် ဝင်ငွေခွန် လျှော့ချခွင့်ပြုခြင်း။ အခြားအထူးအခွင့်အရေးများတွင် စက်ပစ္စည်းတင်သွင်းခြင်းအပေါ် ကောက်ခံသည့် သွင်းကုန်ခွန် ကင်းလွတ်ခွင့်၊ ကုန်ကြမ်းအတွက် သို့မဟုတ် ပြည်ပသို့ တင်ပို့ရန် အတွက် ကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုရန် မရှိမဖြစ် လိုအပ်သော ပစ္စည်းသို့မဟုတ် ကုန်ကြမ်း အပေါ်တွင် (၅) နှစ် ကင်းလွတ်ခွင့် နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်လိုသည့် ကဏ္ဍများတွင် ကျွမ်းကျင်မှု မရှိသည့် နိုင်ငံခြားသား အလုပ်သမားများ ခန့်အပ်ခွင့်ပြုပေးခြင်းစသည့် မက်လုံးများပါဝင်ပါသည်။ ထိုင်းနိုင်ငံ အစိုးရသည် ၎င်းတို့ ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် မြေငှားရမ်းခ နှုန်းထားများနှင့်အညီ အစိုးရ ဌာနအဖွဲ့အစည်းများမြေအသုံးပြုခြင်းအတွက် မြေယာခွဲဝေရန် Treasury Department သို့ လည်းကောင်းပုဂ္ဂလိကမှ ငှားရမ်းရန် နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ၏ စက်မှုနယ်ဇုန် အာဏာပိုင်အဖွဲ့ (Industrial Estate Authority of Thailand)သို့ လည်းကောင်း သို့မဟုတ် အခြား အစိုးရဌာနအဖွဲ့ အစည်းများသို့လည်းကောင်း လွှဲအပ်ထားပါသည်။

အထူးစီးပွားရေးဇုန်တွင် အဓိကထားသည့် ကဏ္ဍများမှာစိုက်ပျိုးရေးနှင့်ငါးမွေးမြူရေး၊ ကြွေထည် မြေထည် လုပ်ငန်း၊ ပရိဘောဂ၊ ချည်ထည်နှင့် အထည်ချုပ်လုပ်ငန်း၊ သားရေလုပ်ငန်း၊ ဆေးဝါး အသုံး အဆောင်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ဆိုင်ကယ်၊ ကားအစရှိသည့် ယာဉ်နှင့် ယာဉ်အပိုပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း၊ လက်ဝတ်ရတနာ ထုတ်လုပ်သည့် လုပ်ငန်း၊ လျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း၊ ပလပ်စတစ်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုဇုန် နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းတို့ ဖြစ်ကြပါသည်။

အဆိုပါ အထူးစီးပွားရေးဇုန်မှာဝေဖန်ခံနေရပါသည်။ ပထမအနေဖြင့် ပျမ်းမျှ အမျိုးသား မြေယာ တန်ဖိုး အပေါ် ရာဖြတ်နှုန်းထားများ၂၅ ရာခိုင်နှုန်းတိုးမြှင့်ခြင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အာဏာ သက်ဝင်စေ ခဲ့ပါသည်။ အစိုးရအသစ်သည် အထူးစီးပွားရေး ဇုန်၏ မြေယာတန်ဖိုးအပေါ် ရာဖြတ်နှုန်း ထားများကို ၅၀ ရာခိုင်နှုန်းနှင့်အထက် တန်ဖိုးသတ်မှတ်ခဲ့ပြီးအချို့သောကိစ္စများတွင် ၉၀ ရာခိုင်နှုန်း အထိတိုးမြှင့်ခဲ့ပါသည်။ ဒုတိယအနေဖြင့် အထူးစီးပွားရေးဇုန်သည် မဟာဗျူဟာကျသည့်နေရာတွင် မရှိခြင်းသည် ရင်းနှီးမြှုပ်နှံသူများ၏ ကနဦးစိတ်ဝင်စားမှုကိုမဖြစ်ပေါ်စေနိုင်ပါ။ တတိယအနေဖြင့် အချို့သောဒေသများတွင် အဆိုပြုအထူးစီးပွားရေးဇုန် အနီးရှိဒေသခံများသည် နေထိုင်ရာ မြေကိုစွန့်ခွာ၍ အဝေးသို့ ထွက်ခွာရသည့်အခါ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ပြောင်းလဲရမည်ဖြစ်သည့်အတွက် ကြောက်ရွံ့မှုရှိကြောင်းပြောဆိုခဲ့ကြပါသည်။ စက်မှုနယ်မြေများ၏ အနာဂတ်သဘာဝပတ်ဝန်းကျင် သက်

[97] www.ey.com . Global Tax Alert, ၁၉ မေ ၂၀၁၅ တွင် ရရှိနိုင်ပါသည်။

ရောက်မှု များကိုလည်း ဒေသခံများအနေဖြင့်စိုးရိမ် ကြောက်ရွံ့မှုရှိကြောင်းကိုလည်း ပြောဆိုခဲ့ကြ ပါသည်။ စတုတ္ထအနေဖြင့် ဦးစားပေးမြှင့်တင်မည့် စက်မှုလုပ်ငန်းများမှာ လုပ်သားအင်အား အများအပြား လိုအပ်သည့် စက်မှုလုပ်ငန်းများအပေါ် မူတည်နေပါကြောင်း၊ လုပ်သား အင်အားအများအပြားလိုအပ်သည့် စက်မှုလုပ်ငန်းများသည် လုပ်ခလစာနည်းပါးသော အိမ်နီးချင်းနိုင်ငံများကို ယှဉ်ပြိုင်နိုင်မည် မဟုတ်ကြောင်း မှတ်ချက်ပြုထားပါသည်။ ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်မှု သုတေသနအဖွဲ့ (The Thailand Development Research Institute-TDRI) မှ ထိုင်းနိုင်ငံ၏ထုတ်လုပ်မှုကုန်ကျစရိတ်သည် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ထက် ၁၅ ဆ မြင့်မားနေသောကြောင့် အထူးစီးပွားရေးဇုန်တွင် လုပ်သားအခြေပြု စက်မှုလုပ်ငန်းများကိုအခြေခံသည့် စက်မှုလုပ်ငန်း များကိုအသုံးမပြုရန် မှတ်ချက်ပြုခဲ့ပါသည်။ ဒါ့အပြင် ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်မှုသုတေသနအဖွဲ့ (The Thailand Development Research Institute-TDRI) မှအစိုးရအနေဖြင့် နိုင်ငံ၏ယှဉ်ပြိုင်မှုစွမ်းအားများကိုတိုးမြှင့်ရန် အသိပညာကို အခြေခံသည့် ကဏ္ဍမှ တန်ဖိုးမြင့် ထုတ်ကုန်နှင့် ဆန်းသစ်တီထွင်မှုရှိသော ထုတ်ကုန်များကို ရှေးရှုသင့် ပါကြောင်းနှင့် လုပ်သားအခြေပြုစက်မှု လုပ်ငန်းများကို မစဉ်းစားသင့်ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

အထူးစီးပွားရေးဇုန်အပေါ် သုံးသပ်ချက်အပြည့်အစုံနှင့် ခံစားနိုင်သည့် မက်လုံးများ၊ ဇုန်သတ်မှတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့မှ ထုတ်ပြန်သည့် အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် လမ်းညွှန်ချက် (ဩဂုတ်လ ၂၀၁၅ခုနှစ်)တွင် ဖတ်ရှုလေ့လာ နိုင်ပါသည်။ အဆိုပါလမ်းညွှန်ချက် စာအုပ်ကို http://www.boi.go.th/upload/content/BOI-book%202015_0150818_95385.pdf တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

Source: online resources (see footnotes in text).

- SEZ စီမံခန့်ခွဲမှုများသည် ပြောင်းလွယ်ပြင်လွယ်ရှိကာ စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ သာမကဘဲ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ဆောင်ချက်များကိုပါ ခွင့်ပြုသင့်ပါသည်။ အကောင်းဆုံးမှာ R&D, နိုင်ငံတကာစံနှုန်းများ လိုက်နာမှုနှင့် အသိအမှတ်ပြု ဌာနများ ရရှိနိုင်မှုနှင့် SEZ အရာရှိများ သင်တန်းပို့ချမှုတို့တွင် အာရုံစူးစိုက်ကာ ခေတ်မီသော SEZ များ အား အမျိုးသားအဆင့်နှင့် ဒေသအဆင့် ရင်းနှီးမြှုပ်နှံမှုစနစ်များအတွင်း ထည့်သွင်းခြင်း ဖြစ်ပါ သည်။

- မက်လုံးများပေးရာတွင် အခွန်ဆိုင်ရာ မက်လုံးများပေးအပ်ခြင်းထက် စည်းမျဉ်းစည်းကမ်း နှင့် စီမံခန့်ခွဲမှုဆိုင်ရာ မက်လုံးများ နှင့် ပံ့ပိုးကူညီမှုများ ဖြင့်လည်း ပေးအပ်နိုင်ပါသည်။ (R&D အတွက် ကိရိယာများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရေး အပါအဝင်) စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုများသည် အခွန်ဆိုင်ရာ မက်လုံးများထက် ပိုမိုအရေးကြီးပါသည်။ မက်လုံးများပေးအပ်ရာတွင် စွမ်းဆောင်ရည်ကို အခြေခံသင့်ပါသည် (အပိုင်း (ခ) ကို ကြည့်ရှုပါ)။

- ဇုန်များဖော်ဆောင်ခြင်းသည် တစ်နိုင်ငံလုံးတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပြုပြင်မှုများအကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများကို အစားမထိုးသင့်ပေ။ စီးပွားရေး စနစ်တစ်ခုလုံးအတွက် မည်သည့်ပြုပြင်ပြောင်းလဲမှုများသည် အလုပ်ဖြစ်နိုင်မည်ကို သိရှိရန်အတွက် ဇုန်များအား စမ်းသပ်သည့် နယ်မြေများအဖြစ် အသုံးပြုနိုင်ပါသည်။ စီးပွားရေး ဇုန်၏ အောင်မြင်မှု အား အဆိုပါဇုန် နှင့် ဒေသတွင်းစီးပွားရေးစနစ်တို့၏ကြားတွင် အချိတ်အဆက်များ မည်မျှပမာဏအထိ ဖန်တီးနိုင်ကြောင်းကို ကြည့်၍ ဆုံးဖြတ်ပါသည် (OECD, ၂၀၁၀)။

- ပြည်တွင်း (SME) ပေးသွင်းသူများသည် စက်မှုလုပ်ငန်းဆိုင်ရာ စံသတ်မှတ်ချက်များ နှင့် ကိုက်ညီရန်အတွက် သတ်မှတ်ထားသည့် စွမ်းဆောင်ရည်များရှိရန် လိုအပ်ပါသည်။ ဇုန် အတွင်းရှိ SME များ သို့မဟုတ် ဇုန်အတွင်းနေထိုင်သည့် ကုန်ပစ္စည်းပေးသွင်းသော ကုမ္ပဏီများသည် အခွန်လွတ် သွင်းကုန်များ နှင့် အခွန်ဆိုင်ရာ အထူးအခွင့်အရေးများကဲ့သို့သော မက်လုံးများ ရရှိနိုင်ရန် လိုအပ်ပါသည်။ လုပ်ငန်းများ စုဝေးလာခြင်း၏ အကျိုးသက်ရောက်မှုများသည် အလွန်အားကောင်းသောကြောင့် မူဝါဒဝန်းကျင်

သို့မဟုတ် တည်နေရာတို့သည် ဆွဲဆောင်မှု မရှိသော် လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အဆိုပါ နယ်မြေများအတွင်း ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိလာကြမည်ဖြစ်သည် (Yehoue, ၂၀၀၉)။

- ဝန်ဆောင်မှုလုပ်ငန်းများ နှင့် FDI များအတွင်းရှိ ဝန်ဆောင်မှုများသည် ပိုမို၍ အရေးပါလာ နေပါသည်။ သို့ရာတွင် SEZ များအနေဖြင့် ဝန်ဆောင်မှုများ ဖော်ဆောင်ရန် လိုအပ်ချက် အတိ အကျသတ်မှတ်ထားခြင်း မရှိပေ။

- SEZ များအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအတွက် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များအား ဖယ်ရှားပေးရန် လိုအပ်ပြီး လုပ်သားဈေးကွက်များသည် ပြောင်းလွယ်ပြင်လွယ်ရှိရန် လိုအပ်ပါသည်။ လုပ်သားဈေးကွက် ပြောင်းလွယ်ပြင်လွယ်ရှိမှုဆိုသည်မှာ ဇုန်များနှင့် ကျန် စီးပွားရေး စနစ်အကြားရှိ လုပ်သားများ ရွေ့လျားပြောင်းလဲမှုတွင် အဆင်ပြေချောမွေ့မှုရှိခြင်းကို ဆိုလိုပါသည်။ နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများအား ဆက်ဆံရာ တွင် ခွဲခြားဆက်ဆံမှု မရှိသင့်ပေ။ ဇုန်များကိုလည်း ပို့ကုန်အတွက် သာမဟုတ်ဘဲ ဈေးကွက် ပေါင်းစုံနှင့် ချိန်ကိုက်ထား ရမည်ဖြစ်သည်။

- တစ်ခါတစ်ရံတွင် ထောက်ပံ့ပို့ဆောင်မှု ကုန်ကျစရိတ်များသည် ထုတ်လုပ်သည့် ကုန်ကျ စရိတ် များထက် ပိုမိုမြင့်မားနေတတ်ပါသည်။ SEZ များသည် ထောက်ပံ့ပို့ဆောင်မှု ဆိုင်ရာ များကို ဖြေရှင်းရန် လိုအပ်ပါသည်။ တစ်နည်းဆိုရသော် တည်နေရာနှင့် သယ်ယူပို့ဆောင်မှုပုံစံမျိုးစုံ ပါဝင်သော အချိတ်အဆက်များနှင့်တကွ ဖြန့်ဖြူးမှု လမ်းကြောင်းများနှင့် နီးစပ်မှုနှင့် အရောင်းပိုင်း အထောက်အပံ့တို့သည် အရေးကြီးပါသည်။

- SEZ များအား FTA များကြောင့် ယှဉ်ပြိုင်နိုင်စွမ်းပြောင်းလဲလာမှုများ အထူးသဖြင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း၊ ပစိဖိတ်ဒေသပြင်ပ မိတ်ဖက်လုပ်ငန်းများနှင့် ဒေသတွင်း ဘက်စုံ လွှမ်းခြုံသော စီးပွားရေး မိတ်ဖက်လုပ်ငန်းတို့ကဲ့သို့သော ဒေသဆိုင်ရာ အကြီးစားပြောင်းလဲမှုများနှင့် ချိန်ကိုက်ထားရန် လိုအပ်ပါသည်။

- SEZ များသည် လိုအပ်သည့် အခြေခံအဆောက်အဦများနှင့် သာမန် ဝန်ဆောင်မှုများ ထောက်ပံ့ ပေးသင့်ပါသည်။ သို့ရာတွင် ယင်းတို့သည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အဆင်ပြေ ချောမွေ့စေရေးနှင့် ဗျူရိုကရေစီဆန်မှုတို့အား ဖြေရှင်းခြင်းမရှိပေ။ ထို့ပြင် ကျွမ်းကျင်သည့် လုပ်အား ထောက်ပံ့မှုများသည် SEZ များတွင် အလိုအလျောက် ပါဝင်လာခြင်း မရှိသည့် အခြား တင်ကြို လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ SEZ များသည် သင့်လျော်ပြီး စွမ်းရည်ပြည့် ဝသော စီမံခန့်ခွဲမှု ပုံစံတစ်ခုရှိမှသာ ထိရောက်မှုရှိမည် ဖြစ်သည်။

- SEZ များအတွက် ဥပဒေအရ ပြဋ္ဌာန်းထားသည့် သီးခြားလွတ်လပ်သော စည်းမျဉ်း ထိန်းသိမ်း ရေးဆိုင်ရာ အဖွဲ့အစည်းများ ရှိသင့်ပါသည်။ စည်းမျဉ်းထိန်းသိမ်းရေးဆိုင်ရာ အာဏာပိုင် အဖွဲ့ အစည်းများသည် SEZ ဖော်ဆောင်သည့် ဌာနနှင့် မတူညီသည့် အဖွဲ့အစည်း ဖြစ်နိုင် ပါသည်။

- ပုဂ္ဂလိကကဏ္ဍသည် ဖွံ့ဖြိုးရေးနှင့်စီမံခန့်ခွဲမှုအတွက် ဦးစီးဦးဆောင်ပြုလုပ်သင့်ပါသည်။ အခြေခံအဆောက် အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများပြည်သူ - ပုဂ္ဂလိက မိတ်ဖက် လုပ်ငန် များနှင့် ငွေကြေးပံ့ပိုးသည့် လုပ်ငန်းများသည် သင့်လျော်သည့် စီမံခန့်ခွဲမှုနှင့် စည်းမျဉ်း ထိန်းသိမ်းမှု ပုံစံများအောက်တွင် ဖြစ်ပါက အလုပ်ဖြစ်နိုင်ခြေ အရှိဆုံး ဖြစ်ပါသည်။

- ဇုန်အာဏာပိုင်များတွင် အထူးသဖြင့် ဝန်ထမ်းခန့်အပ်ခြင်း၊ ဘက်ဂျက်များ၊ သုံးစွဲမှုများနှင့် မူဝါဒ ချမှတ်မှုများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသင့်ပါသည်။ ဇုန်အာဏာပိုင်များ၏လုပ်ငန်း ဆောင်ရွက်ပုံများအား သီးခြားလွတ်လပ်သော ဘုတ်အဖွဲ့တစ်ခုမှ ကြီးကြပ်သင့်ပါသည်။ ဘုတ် အဖွဲ့အား ဖွဲ့စည်းရာတွင် အဓိကကျသော အစိုးရဝန်ကြီးများနှင့် ပုဂ္ဂလိက ကဏ္ဍ ကိုယ်စားလှယ်များ ပါဝင်သင့်ပြီး အမြင့်ဆုံး အစိုးရ

အဆင့်သို့ အစီရင်ခံတင်ပြသင့်ပါသည်။ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု၊ ရလဒ်ကိုဦးတည်မှုနှင့် ဖောက်သည်များအပေါ် အာရုံစူးစိုက်မှုတို့ကို သေချာစေရန်အတွက် ဘုတ်အဖွဲ့ဝင်အများစုသည် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ ဖြစ်သင့်ပါသည်။

- ဇုန်သတ်မှတ်ဖော်ဆောင်ရေး စံနှုန်းများသည် ဇုန်၏ ရည်မှန်းချက်များအား ဖော်ဆောင်ရာတွင် အသုံးဝင်ပါသည်။ ယင်းသို့သော စံနှုန်းများသည် နယ်ပယ်၊ အကျယ်အဝန်းနှင့် လုပ်ငန်းခွင် ချထား ပေးခြင်းများ၊ တည်နေရာများ၊ အဆောက်အဦများ အသုံးပြုမှု၊ နေထိုင်သူများ၊ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံသူ အမျိုးအစား၊ မိလ္လာ နှင့် စွန့်ပစ်ရေ ဖယ်ရှားမှု၊ လုပ်အားခများနှင့် လုပ်သားဆိုင်ရာ သတ်မှတ်ချက်များ၊ အများပြည်သူဆိုင်ရာ ကိရိယာများ၊ ဖွံ့ဖြိုးရေးအတွက် အချိန် သတ်မှတ်ချက်များ၊ အစရှိသည့် လိုအပ်ချက်များကို ရင်ဆိုင်ဖြေရှင်းပါသည်။
- ဇုန်များအား စီမံခန့်ခွဲရာတွင် ကုန်ကျစရိတ် ပြန်လည်ရရှိရေးကို အခြေခံကာ ဖောက်သည် များ အပေါ်တွင် အာရုံစူးစိုက်သင့်ပါသည်။ ကုန်ကျစရိတ် ပြန်လည်ရရှိရေးကို ဆောင်ရွက်ရာတွင် ထောက်ပံ့ကြေးများအား အကန့်အသတ်နှင့် ထားရှိခြင်းနှင့် ဈေးကွက် ပေါက်ဈေးများကို အခြေခံသည့် ကျသင့်ငွေများ ကောက်ခံခြင်းဖြင့် အဆင့်မြှင့်တင်နိုင် ပါသည်။
- မူဝါဒချမှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ဇုန်ဖော်ဆောင်ရေး၊ မြေယာဖော်ဆောင်ရေး၊ လုပ်သားများ၊ ငွေကြေးနှင့် အကောက်ခွန်များ အစရှိသည်တို့တွင် ပါဝင်ပတ်သက်သည့် အစိုးရ ဌာနများကြားတွင် သင့်တော်သည့် ညှိနှိုင်းဆောင်ရွက်မှု စနစ်များ တည်ထောင်သင့် ပါသည်။ နိုင်ငံတော်အစိုးရနှင့် ဒေသန္တရ အစိုးရတို့အကြား သင့်လျော်စွာ ညှိနှိုင်းဆောင်ရွက်မှု ရှိစေရေး သည်လည်း အရေးကြီးပါသည်။
- SEZ များအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရေရှည်တည်တံ့ရေးတို့သည် အလွန်အရေးကြီးသော်လည်း လစ်ဟင်းနေလေ့ရှိပါသည်။ ဆောက်လုပ်ခြင်း၊ လေလံဆွဲခြင်းနှင့် လုပ်ငန်းလည်ပတ်မှုတို့တွင် ပွင့်လင်းမြင်သာမှု အပြည့်အဝရှိရန် လိုအပ်ပါသည်။ ဇုန်များ တည်ထောင်ခြင်း၊ မြေယာဝယ်ယူခြင်းများ၊ ပြန်လည်နေရာ ချထားခြင်းနှင့် နစ်နာကြေးပေးခြင်း ဆိုင်ရာ ဗျူဟာများတွင် ဒေသခံလူထု ပါဝင်ရန်လည်း လိုအပ်ပါသည်။
- SEZ များသည် နိုင်ငံတကာ စံနှုန်းများ နှင့် စည်းမျဉ်းစည်းကမ်းများ၊ ဆိုလိုသည်မှာ သတ်မှတ် ထားသည့် FTA များ နှင့် WTO (ဥပမာ - TRIMS, SCM သဘောတူညီချက်)၊ ILO (အလုပ်သမားများဆိုင်ရာ စံနှုန်းများ) ကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- SEZ များအား တည်ထောင်ရာတွင် ဝယ်လိုအားကို အခြေခံ၍ တည်ထောင်ခြင်း ဖြစ်သင့်ပါသည်။ ဖြစ်မြောက်နိုင်ခြေ လေ့လာချက်အား ရေရှည်စီမံကိန်းရေးဆွဲခြင်းနှင့် ဖော်ဆောင်မှုအဆင့်များ သတ်မှတ်ခြင်းတို့ လုပ်ဆောင်ရာတွင် ထည့်သွင်းအသုံးပြုရမည် ဖြစ်ပြီး (က) "လက်တွေ့ကျသော" ဘဏ္ဍာရေး နှင့် စီးပွားရေးစနစ်ဆိုင်ရာ အကျိုးသက်ရောက်မှု စိစစ်လေ့လာချက်များကို အခြေခံထားရမည် (ခ) အခြေခံအဆောက်အဦများအတွက် အများ ပြည်သူ ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးအရ အကျိုးရှိရမည် (ဂ) SEZ အစီအစဉ်မှ ရရှိနိုင်စေသည့် စီးပွားရေးဝန်းကျင် တိုးတက်မှုကို ရည်ရွယ်ကာ ကုန်ထုတ်လုပ်ရေးနှင့် စီးပွား ဖြစ်ကဏ္ဍများရှိ ရင်းနှီးမြှုပ်နှံမှုများတွင် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော ဈေးကွက်ဆိုင်ရာ အဆိုး ကြုံနိုင်ခြေများကို လက်ခံနိုင်သည့် အတိုင်းအတာနှင့် ဝယ်လိုအား (နှစ်ခုစလုံးရှိပြီး ၎င်းတို့အား ထိန်းချုပ်ထားသည်) ကို စိစစ်လေ့လာသည်။

ထို့ကြောင့် ဝယ်လိုအား အကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်သည် SEZ များရှိ ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိက ဦးတည်သည့် ကဏ္ဍများကို ခွဲခြားသတ်မှတ်ရန်၊ ရင်းနှီးမြှုပ်နှံသူများ၏ အရေးပါသော ရင်းနှီး

မြှုပ်နှံမှုကို တွန်းအားပေးသည့်အရာများနှင့် အဟန့်အတားများကို သတ်မှတ်ရန်၊ ဝန်ဆောင်မှုပေးသည့် မြေ (m2)၊ တင်ကြိုဆောက်လုပ်ပြီးသား အဆောက်အဦ အကျယ်အဝန်း (m2) နှင့် နှစ်ပေါင်း ၂၀ အတွင်း ဖြစ်နိုင်သည့် အခြေအနေများ - အခြေခံဖြစ်ရပ်တစ်ခု - ဖြစ်နိုင်ခြေရှိသည့် အခြေအနေ နှင့် အတင်းအကျပ် ယူဆသည့် အခြေအနေ - အကောင်းဆုံး အခြေအနေတို့အား အကဲဖြတ်ရန်ဖြစ်ပါသည်။

## (ဃ) ဆွေးနွေးစရာ ကိစ္စရပ်များ

1. What incentives does your country use to attract FDI? What criteria are used for foreign investors to qualify for different kinds of incentives? Are these incentives in compliance with international legal requirements? Are these incentives a drain on the national budget or worth the tax revenue and other economic benefits obtained from foreign investors? What metrics and data collection methods do you use to assess the impact of economic and social costs and benefits?

2. Does your country impose performance requirements on foreign investors? If so, what kind of requirements? Do you consider these requirements restrictive or conducive to sustainable development? Have they undermined the inflow of desirable FDI? Are your country's incentives linked to performance requirements?

3. Does your country have special economic zones of any kind, such as EPZs? If so, what is the objective of these zones? What is your experience with the establishment, governance and operation of such zones? Do you think there is a proper level of coordination among concerned bodies, such as EPZ boards, government ministries, private sector developers and operators? Do you think the regulatory framework for such zones is satisfactory?

4. Have SEZs in your country been successful in attracting FDI? Are they demand- driven? Have they contributed to economic/sustainable development, e.g. through labour creation and forging effective linkages with domestic companies?

5. Has your country conducted a cost-benefit analysis of SEZs? Are they developed in strategic areas or in underdeveloped areas? What have been the social and environmental impacts of these zones? Is your country implementing policies/adopting legislation to make such zones more sustainable?

# ရည်ညွှန်း

Abbas, S. M. Ali and AlexanderKlemm (2013). A partial race to the bottom: Corporate tax developments in emerging and developing economies.*International Tax and Public Finance*, vol. 20, Issue No. 4, August, pp. 596–617. Available as IMF working paper (2012) from **https://www.imf.org/external/pubs/ft/wp/2012/wp1228.pdf**.

Aggarwal, Aradhna (2007). Impact of special economic zones on employment, poverty and human development. Indian Council for Research on International Economic Relations. Working paper no. 194. May. Available from**http://www.democraciaycooperacion.net/IMG/pdf/1-working_paper_194.pdf**.

Aggarwal, Aradhna, MombertHoppe andPeter Walkenhorst (2011). Special economic zones and economic diversification: some evidence from South Asia. Chapter 13. *Breaking into new markets: emerging lessons for export diversification*. RichardNewfarmer, WilliamShaw and Peter Walkenhorst, eds. (2009). Washington, D.C.:World Bank. Available from **http://citeseerx.ist.psu.edu/viewdoc/download?doi=10.1.1.457.488&rep=rep1&type=pdf#page=249**.

Bernasconi-Osterwalder, Nathalie and Diana Rosert (2014). Investment treaty arbitration: Opportunities to reform arbitral rules and processes. International Institute for Sustainable Development (IISD). January. Available from **http://www.iisd.org/pdf/2014/investment_treaty_arbitration.pdf**.

Bolle, Mary Jane and Brock R. Williams (2013). U.S. foreign-trade zones: background and issues for Congress. Congressional Research Service. CRS Report no. 7-5700. 12 November. Available from **http://fas.org/sgp/crs/misc/R42686.pdf**.

Chaisse Julien (2016a). Renewables re-energized? The internationalization of green energy investment rules and disputes. *Journal of World Energy Law & Business,*vol. 9, Issue No. 4, August, pp. 269-281. Available from **https://academic.oup.com/jwelb/article/9/4/269/2578767/Renewables-re- energized-The-internationalization.**

______ (2016b). Investor-state arbitration in international tax dispute resolution: A cut above dedicated tax dispute resolution?*Virginia Tax Review*, vol. 41, Issue No. 2, 1 January,pp. 149-222. The Chinese University of Hong Kong. Available from **http://works.bepress.com/julien_chaisse/75**.

Chen, Duanjie (2015). The Framework for Assessing Tax Incentives: A Cost Benefit Analysis Approach. Paper prepared for the Workshop on Tax Incentives and Base Protection, New York, 23-24 April 2015. Available from **http://www.un.org/esa/ffd/wp-content/uploads/2015/04/2015TIBP_PaperChen.pdf.**

Chen, Xiangming (2009). The evolution of free economic zones and the recent development of cross-national growth zones.*International Journal of Urban and Regional Research*,vol. 19, Issue No. 4, October, pp. 593-621. Available fromdoi 10.1111/j.1468-2427.1995.tb00530.x.

Collins, David (2015). *Performance requirements and investment incentives under international economic law*. Cheltenham, United Kingdom; Northampton, Massachusetts, United States:Edward Elgar Publishing Ltd.

Creskoff, Stephen and Peter Walkenhorst(2009). Implications of WTO disciplines for special economic zones in developing countries. World Bank Policy Research Working Paper No. 4892. April. Washington, D.C. Available from **http://papers.ssrn.com/sol3/papers.cfm?abstract_id=1410477**.

Daniel, Kobina Egyir and Xavier Forneris (2010). *Investment law reform: A handbook for investment practitioners*. June. Investment Climate Advisory Services of the World Bank Group. Washington, D.C.:The World Bank Group. Available from **http://documents.worldbank.org/curated/en/306631474483143823/Investment-law-reform-a-handbook-for-development-practitioners**.

De Mooij, Ruud A. and Sjef Ederveen (2008). Corporate tax elasticities: A reader's guide to empirical findings. *Oxford Review of Economic Policy*, vol. 24, Issue No. 4, 1 December, pp. 680-697.

Engman, Michael, Osamu Onodera and Enrico Pinali (2007). Export processing zones: past and future role in trade and investment. OECD Trade Policy Working Paper No. 53. Available from **http://search.oecd.org/officialdocuments/displaydocumentpdf/?doclanguage=en&cote=td/tc/wp(2006)39/final**.

Farole, Thomas (2011). *Special economic zones in Africa: comparing performance and learning from global experiences*. Washington, D.C.:World Bank. Available from **http://dx.doi.org/10.1596/978-0-8213-8638-5**.

Farole, Thomas and GokhanAkinci, editors. (2011). *Special economic zones: progress, emerging challenges and future directions*. Washington, D.C.:World Bank Group. Available from**https://openknowledge.worldbank.org/handle/10986/2341.**

Foreign Investment Advisory Service (2008). *Special economic zones:performance,lessons learned, and implications for zone development*. Washington, D.C.:World Bank. Available from**http://documents.worldbank.org/curated/en/343901468330977533/pdf/458690WP0Box331s0April200801PUBLIC1.pdf.**

Fletcher, Kevin (2002). Tax incentives in Cambodia, Lao PDR, and Vietnam. Paper prepared for the IMF Conference on Foreign Direct Investment for Cambodia, Lao PDR and Viet Nam, (Hanoi, Viet Nam, August 16-17).

Fujita, Mai (2011). Knowledge-based linkages and local firms' capability formation in the Vietnamese motorcycle industry. In *A comparative study on the role of university and PRI as external resources for firms' innovation,* A Sunami and P. Intarakumnerd, eds.Chapter 4. ERIA Research Project Report 2010-10, June. Jakarta: ERIA. pp.169-217. Available from **http://www.eria.org/publications/research_project_reports/images/pdf/y2010/no10/4_Knowledge_Based_Linkages.pdf**.

Furby, Mats (2005). Evaluating the Malaysian export processing zones with special focus on the electronic industry. Master thesis. School of Economics and Management. Lund University. Available from**http://econwpa.repec.org/eps/it/papers/0510/0510004.pdf**.

Gopalakrishnan, Shankar (2007). Negative aspects of Special Economic Zones in China. *Economic and Political Weekly*, vol. 42, Issue No. 17, 28 April-4 May, pp. 1492-1494. Available from **http://www.jstor.org/stable/pdf/4419511.pdf?_=1466406685249**.

International Finance Corporation (IFC) (2013). *Assessing private sector contributions to job creation and poverty reduction*. Available from **http://www1.ifc.org/wps/wcm/connect/0fe6e2804e2c0a8f8d3bad7a9dd66321/IFC_FULL+JOB+STUDY+REPORT_JAN2013_FINAL.pdf?MOD=AJPERES**.

International Monetary Fund (IMF) (2015). Options for low income countries' effective and efficient use of tax incentives for investment. A Report to the G-20 Development Working Group by the IMF, OECD, UN and World Bank. October. Available from **https://www.imf.org/external/np/g20/pdf/101515.pdf** or **https://www.oecd.org/tax/tax-global/options-for-low-income-countries-effective-and-efficient-use-of-tax-incentives-for-investment.pdf**

International Trade Centre (ITC) (2010). *Thailand in global automobile networks*. Edited 10 July. Available from **http://www.intracen.org/uploadedFiles/intracenorg/Content/Trade_Support_Institutions/Business_voice_in_policy_making/WTO_accession_implication_for_business/Thailand_in_global_automobile_networks.pdf**.

Investment Consulting Associates (ICA) (2013). Benchmarking investment incentives in CARIFORUM countries. Final Report. Report produced for Caribbean Export Development Agency. 19 July. Amsterdam.

Available from **http://www.carib-export.com/obic/documents/Incentive_Benchmark_Study_for_CARIFORUM_Final_Report.pdf**.

James, Sebastian (2009, 2013). Tax and non-tax incentives and investments: Evidence and policy implications. 1 September. The World Bank Group. Available from **https://www.researchgate.net/publication/228119737_Tax_and_Non-Tax_Incentives_and_Investments_Evidence_and_Policy_Implications**.

James, Sebastian and Stefan Van Parys (2009). *Investment climate and the effectiveness of tax incentives*. World Bank Group.

Johnson, Lise and Perrine Toledano (2013). Investment incentives: The good, the bad and the ugly. Assessing the costs, benefits and options for policy reform. Background Paper for the Eighth Columbia International Investment Conference, 13-14 November 2013, Columbia University. Draft as of 8 November 2013. Vale Columbia Centre on Sustainable International Investment; Investment Climate Advisory Services of the World Bank Group; Investment Consulting Associates (ICA). Available from**http://ccsi.columbia.edu/files/2014/01/VCC_conference_paper_-_Draft_Nov_12.pdf.**

Kinda, Tidiane (2014). The quest for non-resource-based FDI: Do taxes matter? IMF Working Paper No. 14/15. January. Washington, D.C.:International Monetary Fund.

Lal, Banoth (2013). Special economic zones in India: an introspection. *International Journal of History and Research*, vol. 3, Issue No. 4,October, pp. 13-18. TJPRC Pvt. Ltd. Available from**https://www.academia.edu/4884547/Special_Economic_Zones_in_India_An_Introspection**.

Lall, Sanjaya (2000). *Technological change and industrialization in the Asian Newly Industrializing Economies; technological learning and economic development: the experience of the Asian NIEs*. Cambridge University Press.

Loewendahl, Henry (2009). Foreign direct investment and incentives: the role of incentives in investment promotion. WAIPA-JAPTI Focus Meeting on Investment Incentives in FDI Attraction, 23 -24 November 2009, Ljubljana.

______ (2013). The impact of taxes and incentives on the inward investment performance of US States. Results of a study by Dr. Henry Loewendahl. Powerpoint presentation. October. Available from **http://www.wavteq.com/files/Incentives%20and%20Inward%20Investment%20IEDC%20(26%20Sept%202013)%20final.pdf.**

Mazzucato, Mariana (2015). *The entrepreneurial state: Debunking public vs. private sector myths*. London:Anthem Press. Available from **http://www.looooker.com/wp-content/uploads/2015/05/The-Entrepreneurial- State-Debunking-Public-vs.-Private-Sector-Myths.pdf**.

McCallum, Jamie K. (2011). Export processing zones: comparative data from China, Honduras, Nicaragua and South Africa. ILO Working Paper No. 21. Available from **http://www.ilo.org/wcmsp5/groups/public/---ed_dialogue/--- dialogue/documents/publication/wcms_158364.pdf.**

Mishima, Kohei (2005). *The supplier system of the motorcycle industry in Vietnam, Thailand and Indonesia: localization, procurement and cost reduction processes.* Available from **http://www.grips.ac.jp/vietnam/KOarchives/doc/EB02_IIPF/9EB02_Chapter8.pdf**.

Moran, Theodore H. (1998). *Foreign direct investment and development: The new policy agenda for developing countries and economies in transition*. December. Washington, D.C.:Institute for International Economics.

______ (2011). Foreign direct investment and development: launching a second generation of policy research. Peterson Institute for International Economics. April.Washington, D.C.Available from **https://piie.com/bookstore/foreign-direct-investment-and-development-launching-second-generation-policy-research.**

Murray, Megan (2010). *What are Special Economic Zones?* The University of IowaCenter for International Finance and Development. 9 February.

Mutti, John and Harry Grubert(2004). Empirical asymmetries in foreign direct investment and taxation. *Journal of International Economics*,vol. 62, Issue No. 2, March, pp. 337–358. Elsevier. Available from**doi:10.1016/S0022-1996(03)00016-3**.

Nikièma, Suzy H. (2014). *Performance requirements in investment treaties*. Best practices series. International Institute for Sustainable Development. December. Available from **http://www.iisd.org/sites/default/files/publications/best-practices-performance-requirements-investment-treaties-en.pdf**.

Nomani, Zafar Mahfooz and Mohammad Rauf(2012). Human right violations and special economic zone in India: a socio-economic appraisal in managerial perspective. *International Human Right Review*, Volume III. June. Calcutta.

Organisation for Economic Co-operation and Development (OECD) (2010). Designing economic zones for effective investment promotion. Presentation. Available from **http://www.oecd.org/mena/investment/44866506.pdf**.

Rajan, Ramkishen S. (2004). Measures to attract FDI investment promotion, incentives and policy intervention.*Economic and Political Weekly*. 3 January. Available from**http://www.jstor.org/stable/4414454**.

Reardon, Thomas, C. Peter Timmer and Bart Minten(2012). "Supermarket revolution in Asia and emerging development strategies to include small farmers. *Proc Natl Acad Sci U S A.*, vol. 109, Issue No. 31, pp. 12332–12337. 31 July. Available from**http://www.ncbi.nlm.nih.gov/pmc/articles/PMC3412023**.

Salil. Tripathi (2007). India must face its SEZ reality.*Far Eastern Economic Review,* Volume 170, No.4, pp 27-30. May.

Sauvant, Karl P. and others (2014). Trends in FDI, home country measures and competitive neutrality.In*Yearbook on International Investment Law & Policy 2012-2013,* Andrea K. Bjorklund,ed. Chapter 1. Oxford University Press. Available from **https://works.bepress.com/karl_sauvant/157; https://papers.ssrn.com/sol3/papers.cfm?abstract_id=2814307.**

Sekine, Yukari (2016). Land confiscations and collective action in Myanmar's Dawei Special Economic Zone area: implications for rural democratization. Colloquium paper no. 59 presented at an international colloquium on *"Global governance/politics,climate justice & agrarian/social justice: linkages andchallenges."* 4-5 February 2016. International Institute of Social Studies, The Hague. Available from **http://www.burmalibrary.org/docs21/TNI-2016-02-04-Dawei_SEZ-Sekine-en-red.pdf**.

Singh, Vikram (2013).FDI in multi-brand retail sector – A study regarding Indian context. *Asia Pacific Journal of Marketing & Management Review*, vol. 2, No.7. Available from **http://www.indianresearchjournals.com/pdf/APJMMR/2013/July/12.pdf**.

Techakanont, Kriengkrai (2011). Thailand automotive parts industry.In *Intermediate goods trade in East Asia: Economic deepening through FTAs/EPAs*, Kagami, Misuhiro, ed. Chapter 6. BRC Research Report No. 5. Bangkok Research Centre. IDE-JETRO. Bangkok. Available from **http://www.ide.go.jp/English/Publish/Download/Brc/pdf/05_chapter6.pdf.**

Thomas, Kenneth P. (2007). *Investment incentives: Growing use, uncertain benefits,uneven controls; an exploration of government measures to attract investment*. Global Subsidies Initiatives (GSI) and the International Institute for Sustainable Development (IISD). November. Geneva. Available from **http://www.iisd.org/gsi/sites/default/files/GSI_Investment_Incentives.pdf**.

Thuy, Nguyen Bich (2007). *Industrial policies as determinant of localization: the case of Vietnamese automobile industry*. Available from **http://www.grips.ac.jp/vietnam/VDFTokyo/Doc/34NBThuy21Jul07Paper.pdf**.

United Nations Conference on Trade and Development (2000). Tax incentives and foreign direct investment: A global survey.ASIT Advisory Studies, No. 16. New York and Geneva:United Nations. Available from **http://unctad.org/en/docs/iteipcmisc3_en.pdf**.

______ (2003). Foreign direct investment and performance requirements: New evidence from selected countries. New York and Geneva:United Nations. Available from **http://unctad.org/en/docs/iteiia20037_en.pdf**.

United Nations Industrial Development Organization (2015). *Economic zones in the ASEAN: industrial parks, special economic zones, eco-industrial parks, innovation districts as strategies for industrial competitiveness*. August. UNIDO Country Office in Viet Nam. Available from **http://www.unido.org/fileadmin/user_media_upgrade/Worldwide/Offices/ASIA_and_PACIFIC/UCO_Viet_Nam_Working_Doc.pdf**.

Wang, Jin (2013). The economic impact of Special Economic Zones: Evidence from Chinese municipalities. *Journal of Development Economics*, vol. 101, March, pp. 133-147. Elsevier. Available from **http://www.sciencedirect.com/science/article/pii/S0304387812000934**.

World Bank (2003). *Global economic prospects and the developing countries 2003*. Chapter 3. Washington, D.C.:The World Bank. Available from **http://documents.worldbank.org/curated/en/867491468124755492/pdf/multi0page.pdf**.

Yehoue, Etienne B. (2009). Clusters as a driving engine for FDI.*Economic Modelling*, vol. 26, Issue No. 5, pp. 934-945. Elsevier. Available from **http://www.sciencedirect.com/science/article/pii/S0264999309000467**.

t cef
6

# 6 ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ အခန်းကဏ္ဍများ၊ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှု

## (က) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များ

ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန်အတွက် အခြေခံလိုအပ်ချက် ဖြစ်နေသလို နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို ရွေးချယ်ချဉ်းကပ်ခြင်း (targeting)နှင့် အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း (facilitation) တို့ကို တက်ကြွစွာ အပြိုင်အဆိုင် ဆောင်ရွက်လာကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံအများစုသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများ တည်ထောင်ပြီး ၎င်းတို့အား လုပ်ပိုင်ခွင့် အာဏာများပေး၍ စနစ်တကျ ဖွဲ့စည်းခဲ့ကြသည်။ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ အဖွဲ့အစည်း (the World Association of Investment Promotion Agencies -- WAIPA)တွင် နိုင်ငံပေါင်း (၁၃၀)မှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (၁၇၀) ဖြင့် ဖွဲ့စည်းထားပါသည်။ ESCAP ၏ ဒေသဆိုင်ရာ အဖွဲ့ဝင် နိုင်ငံ (၅၃)နိုင်ငံအနက် နာရူနိုင်ငံ (Nauru)၊ တူဗားလူနိုင်ငံ (Tuvalu)နှင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံတို့မှလွဲ၍ အဖွဲ့ဝင်နိုင်ငံ (၅၀)တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများရှိကြပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများကို အထွေထွေ သဘောဆန်သော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အက်ဥပဒေ သို့မဟုတ် ဥပဒေ၏ ပုဒ်မတစ်ရပ်ဖြင့်ဖွဲ့စည်းတည်ထောင်လေ့ရှိသည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ကျစ်ကျစ်လစ်လစ် ဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ ဖွဲ့စည်းတည်ထောင်ရန်အတွက် သီးခြားဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်းမှာ ပိုမိုကောင်းမွန် ပါသည်။ အကြောင်းမှာ IPA များသည် FDI အား ဆွဲဆောင်ရန်သာ အာရုံစိုက်လေ့ရှိပြီး ရင်းနှီးမြှုပ်နှံမှု ဥပဒေများ သည် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်မျိုးလုံးကို လွှမ်းခြုံနိုင်ပါသည် (Daniel and Forneris, 2010)။ အဆိုပါ ဥပဒေများတွင် IPA ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို သတ်သတ် မှတ်မှတ် ဖော်ပြပြီး မည်သည့်ကိစ္စရပ်များတွင် ဆောင်ရွက် ရမည်ကိုလည်း ဖော်ပြပေးရမည် ဖြစ်သည်။ IPA များသည် FDI မူဝါဒများနှင့် ဖွံ့ဖြိုးရေးပန်းတိုင်များ ချမှတ်ရာတွင် ပါဝင်လေ့မရှိပေ။ သို့သော်လည်း မူဝါဒ အပြောင်းအလဲ များ လုပ်ဆောင်ရာတွင် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိပါသည်(UNCTAD, 2008a)။

**ဇယား ၆.၁။ အာရှ- ပစိဖိတ်မှ ရွေးချယ်ထားသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ၏ လုပ်ဆောင်ချက်များနှင့် အခြေခံဥပဒေများ**

. ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူ ချောမွေ့စေရေး အဓိက အေဂျင်စီ အဖြစ်ဆောင်ရွက်ရန် **၁၉၈၉ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ အက်ဥပဒေ** အရ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ကို တည်ထောင် ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအား အရှိန်အဟုန်မြင့် သုံးသပ်ချက်များနှင့်အတူ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် လွယ်ကူချောမွေ့စေရေးတို့ကို ဆောင်ရွက်ပေးရန် အတွက် ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့အား တာဝန်ပေးအပ်ထားခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ရင်းနှီး မြှုပ်နှံမှုဘုတ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဆိုင်ရာ အခြေခံလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံသူများအား သတင်းအချက်အလက်များပေးခြင်း၊ မြေနှင့် လုပ်ငန်း ဆောင်ရွက်မည့်နေရာရရှိရေး အပါအဝင် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း လုပ်ငန်းများ၊ သဘောတူညီမှုများအား တစ်နေရာတည်းတွင် အလုံးစုံ ဝန်ဆောင်မှုပေးသည့် စင်တာတစ်ခုအဖြစ်ဆောင်ရွက်ခြင်းနှင့် မူဝါဒပိုင်းဆိုင်ရာကိစ္စများကိုလည်း ဆောင်ရွက်ပါသည်။ (http://boi.gov.bd).

ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီကို ၁၉၉၄ ခုနှစ် ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ဥပဒေသည် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအတွက် အစိုးရ၏ အမြင့်ဆုံးဆုံးဖြတ်မှုအဆင့်အား ဆောင်ရွက်နိုင်သည့် တာဝန်အား ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီသို့ ပေးအပ်ထားပါသည်။ အဆိုပါ ကောင်စီတွင် ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌ အနေဖြင့် ဆောင်ရွက်ပြီး သက်ဆိုင်ရာ အစိုးရ အေဂျင်စီများမှ အကြီးတန်းဝန်ကြီးများမှ အဖွဲ့ဝင်များအဖြစ် ပါဝင်ပါသည်။ ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီနှင့် ကမ္ဘောဒီးယားနိုင်ငံသားများ၏ အထူးစီးပွားရေးဇုန်ဘုတ်အဖွဲ့တို့သည် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု အတွက် ကောင်စီ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ကမ္ဘောဒီးယားဖွံ့ဖြိုး တိုးတက်ရေးကောင်စီ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် အခြေခံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပါသည်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံသူများအား သတင်း အချက်အလက် ဝန်ဆောင်မှုပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်ရရှိရေးတို့အတွက် ဆောင်ရွက်ချက်များနှင့် အာမခံချက်များအား ဆွဲဆောင်မှုပေးခြင်းတို့ကို အထောက်အကူပြု ဆောင်ရွက်ပါသည်။

ဂျော်ဂျီယာနိုင်ငံတွင် ပြည်သူ့ရေးရာ ဥပဒေ၏ တရားဝင်အဖွဲ့အစည်း တစ်ရပ်အဖြစ် (အဆိုပါ ဥပဒေသည် လိုက်လျောညီထွေဖြစ်စေသည့် ဥပဒေအား အခြေခံသည့် အဖွဲ့အစည်းကို ဖန်တီးခြင်း၊ စီမံအုပ်ချုပ်မှုကို သီးခြားဆောင်ရွက်ခြင်း၊ ထိန်းချုပ်မှုကင်းသည့် လွတ်လပ်သော အစိုးရအဖွဲ့အစည်းအဖြစ် ရပ်တည် ဆောင်ရွက်ခြင်း) ဆောင်ရွက်မည့် ဂျော်ဂျီယာ အမျိုးသား ရင်းနှီးမြှုပ်နှံမှု အေဂျင်စီကို ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ၎င်း၏တည်ထောင်မှုသည် နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အကျုံးဝင်သက်ဆိုင်ခြင်း မရှိပါ (ဥပမာအားဖြင့် ၁၉၉၆ ခုနှစ် ဂျော်ဂျီယာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှင့်အာမခံခြင်း ဥပဒေ)။ ၂၀၁၅ ခုနှစ်တွင် အေဂျင်စီသည် ဂျော်ဂျီယာနိုင်ငံ၏ ဝန်ကြီးချုပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ဆောင်ရွက်ပြီး ဂျော်ဂျီယာနိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်းနှင့် လွယ်ကူ ချောမွေ့စေရေး အတွက် တာဝန်ယူမှုရှိသော တရားဝင် အဖွဲ့အစည်းဖြစ်သည်။ အေဂျင်စီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ဂျော်ဂျီယာ အစိုးရတို့အကြား ချိတ်ဆက်ဆောင်ရွက်သည့် အခန်းကဏ္ဍတစ်ခုအဖြစ် ဆောင်ရွက်ပါသည်။ ၎င်း အနေဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိပြီး တည်ဆဲရင်းနှီး မြှုပ်နှံသူများအား ပိုမိုပြည့်စုံသည့် ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ပံ့ပိုးပေးလျက်ရှိပါသည်။ ၎င်းအပြင် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများအတွက် ဈေးကွက်ရှာဖွေရာတွင် လွယ်ကူချောမွေ့စေရန် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။ (http://www.investingeorgia.org/en).

မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် မလေးရှားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့အစည်း (MIDA) ဖြစ်ပြီး ၁၉၆၇ ခုနှစ် မလေးရှား စက်မှုဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင် အက်ဥပဒေအရ ပြဋ္ဌာန်းထားသည့် အဖွဲ့အစည်း တစ်ရပ်အနေဖြင့် ဖွဲ့စည်းထားပါသည်။ မလေးရှားနိုင်ငံ၏ ရင်းနှီး

မြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ၏လုပ်ငန်းတာဝန်များမှာ (က) မလေးရှားနိုင်ငံ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်၊ (ခ) စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်၊ (ဂ) စက်မှုဖွံ့ဖြိုး တိုးတက်စေရေးအတွက် မူဝါဒများနှင့် မဟာ ဗျူဟာများအား ချမှတ်ဆောင်ရွက်ရန်၊ (ဃ) စက်မှုရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုများ၊ လုပ်ငန်းလိုင်စင်များ၊ စီမံအုပ်ချုပ်မှုများအား သုံးသပ်ရန်၊ (င) ၎င်းတို့၏ စီမံကိန်းများအား လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုမ္ပဏီများအား အကူအညီပေးရန်နှင့် (စ) အစိုးရ-ပုဂ္ဂလိက အေဂျင်စီများနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများအား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များဖလှယ်ခြင်းတို့ကိုလွယ်ကူချောမွေ့စေရန်တို့ဖြစ်ပါသည်။
(http://www.mida.gov.my).

တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အက်ဥပဒေသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် အခြေခံဥပဒေတစ်ရပ် ဖြစ်သည်။ အဆိုပါ အက်ဥပဒေအရ ကိုရီးယားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများအား အထောက်အကူပြုရန်အတွက် ကိုရီးယား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီအတွင်း ဆောင်ရွက်သည့် တစ်နေရာတည်း တွင် အလုံးစုံဝန်ဆောင်မှုပေးသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစင်တာ ဖြစ်သည့် Invest Korea ကို တည်ထောင်ထားပါသည်။ အထူးသဖြင့် ကိုရီးယားရင်းနှီးမြှုပ်နှံမှုသည် သတင်းအချက်အလက်များပံ့ပိုးပေးခြင်း၊ ကိုရီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများ (ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ခင် ဆွေးနွေးတိုင်ပင်ခြင်း)အား ပြည်တွင်း လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း (ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အပ) နှင့် လေ့လာရေး ခရီးစဉ်များအား စီစဉ်ပေးခြင်းနှင့် တည်ဆဲရင်းနှီးမြှုပ်နှံသူများအား ကြီးကြပ် ဆောင်ရွက်ခြင်းနှင့် ရင်းနှီး မြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးကို ပံ့ပိုးရန်တို့ဖြစ်သည်။
(http://www.investkorea.org and https://www.kotra.or.kr).

သီရိလင်္ကာနိုင်ငံတွင် ၁၉၇၈ ခုနှစ် သီရိလင်္ကာရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းထားသည့်အထူးအဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) ကို တည်ထောင် ခဲ့ပါသည်။ အဆိုပါ ဥပဒေအား ၂၀၁၂ ခုနှစ်တွင် နောက်ဆုံးအကြိမ် ပြင်ဆင်ခဲ့ ပါသည်။ ရင်းနှီးမြှုပ်နှံမှုအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် လုပ်ငန်းများ လွယ်ကူချောမွေ့ စေရေးတို့ကို အဓိကထား ဆောင်ရွက်ပြီး ဗီဇာရရှိရေး၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းများ၊ ဥပဒေရေးရာ ကိစ္စများအား ဝန်ဆောင်မှုပေးခြင်း၊ စက်မှုလက်မှုလုပ်ငန်းများအား ချိတ်ဆက်ပေးခြင်း၊ ပြည်တွင်း လုပ်ငန်းရှင်များအား ရှာဖွေပေးခြင်း စက်မှုဇုန်များစီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များအား ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။
(http://www.investsrilanka.com)

ထိုင်းနိုင်ငံတွင် ပြင်ဆင်ထားသည့် ၁၉၉၇ ခုနှစ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (BOI) ကို ပြင်ဆင်ဖွဲ့စည်းခဲ့ ပါသည်။ အဆိုပါအဖွဲ့တွင် ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ စက်မှု ဝန်ကြီးဌာနမှ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ကြပါသည်။ ၂၀၁၄ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ရုံးသည် စက်မှုဝန်ကြီးဌာနမှ ဝန်ကြီးချုပ်ရုံးသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် စီမံခန့်ခွဲမှုများအား ကောင်အထည်ဖော်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ကင်းလွတ်ခွင့်၊ သက်သာခွင့်များကို ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို တက်ကြွစွာ ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ကို အကူအညီပေးရန်အပါအဝင် စီးပွားရေး လုပ်ငန်းများကို အထောက်အကူပြုသည့် ဝန်ဆောင်မှုများအား အထောက်အပံ့ပေးခြင်းတို့ကို ဆောင်ရွက် လျက် ရှိ ပါသည်။ (http://www.boi.go.th).

*အရင်းအမြစ်။ နိုင်ငံများ၏ အမျိုးသား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ ဝက်စ်ဆိုက်*

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများ၏အဓိကရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များမှာ-

(၁) အိမ်ရှင်နိုင်ငံ/ဒေသတစ်ခုအား ဆွဲဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုဒေသတစ်ခု ဖြစ်လာစေရေး အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် နိုင်ငံ၏ပုံရိပ် တည်ဆောက်ရာတွင် ဦးဆောင်ဦးရွက်ပြု၍ တက်တက်ကြွကြွ ဆောင်ရွက်ပေးခြင်း။ ရင်နှီးမြှုပ်နှံမှုပြပွဲများ (roadshows)၊ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်များကျင်းပခြင်း၊ ရင်းနှီးမြှုပ်နှံသူများထံ သွားရောက်လည်ပတ်ခြင်း၊ ကြော်ငြာလက်ကမ်းစာစောင်များ (brochures) ထုတ်ဝေခြင်း။

(၂) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း။ ရင်းနှီး မြှုပ်နှံမှု ဝန်းကျင်၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများ ထုတ်ပြန်ပေးခြင်း။

(၃) ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များ၊ မှတ်ပုံတင်ခြင်းများ၊ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း။

(၄) အခြားသော ကြီးကြပ်ထိန်းကျောင်းမှုဆိုင်ရာ လုပ်ငန်းတာဝန်များ။ စီမံခန့်ခွဲခြင်း နှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာမက်လုံးများ ခွင့်ပြုခြင်း၊ စည်းကမ်းချက်များ ထုတ်ပြန်ခြင်း။

(၅) ရင်းနှီးမြှုပ်နှံသူများအတွက် site visit များ စီစဉ်ပေးခြင်း။

(၆) ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး (ခွင့်ပြုမိန့်များ၊ မှတ်ပုံတင်ခြင်းများ၊ လိုင်စင်များ၊ ဗီဇာများထုတ်ပေးခြင်း)အတွက် တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့်စနစ်ဖြင့်ဆောင်ရွက်ခြင်း။

(၇) ရင်းနှီးမြှုပ်နှံမှု တည်ထောင်လုပ်ကိုင်ပြီးနောက် အကူအညီပေးခြင်း (aftercare services)။ (ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုဌာန၊ စောင့်ကြည့်လေ့လာမှု အဖွဲ့အစည်း၊ နစ်နာမှုကို ဖြေရှင်းပေးသည့် အဖွဲ့အစည်းများ)။

(၈) မူဝါဒအား လိုက်လျောညီထွေပြောင်းလဲရန် အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း (policy advocacy)။

(၉) ရင်းနှီးမြှုပ်နှံမှု မူဝါဒချမှတ်ခြင်း။ ပုံမှန်အားဖြင့် IPA များသည် မူဝါဒချမှတ်သည့် အလုပ်ကို မလုပ်သော်လည်း အချို့မှာမူ ပြုလုပ်တတ်ကြသည်။ ဥပမာအားဖြင့် စင်္ကာပူနိုင်ငံ)

(၁၀) ရင်းနှီးမြှုပ်နှံမှုနှင့် တိုက်ရိုက်မသက်ဆိုင်သည့် အခြားသော လုပ်ငန်းတာဝန်များ။ ဥပမာ အားဖြင့် ကုန်သွယ်မှုမြှင့်တင်ခြင်း။ အချို့သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း တာဝန်နှစ်မျိုးလုံး ဆောင်ရွက်တတ် ကြသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများသည် ပြည်ပသို့ စီးထွက်သော နိုင်ငံခြားသို့ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (Outward FDI) ကိုလည်း လုပ်ဆောင်ကြသည်။ အခြေခံ အားဖြင့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံ သူများနှင့် အိမ်ရှင်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် အကြား ကြားခံ ဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်သည် (figure 6.1)။ မည်သို့ပင် ဆိုစေကာမူ အခန်း(၄) တွင် ဖော်ပြခဲ့သည့်အတိုင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများသည် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ မူဝါဒ/ ကြီးကြပ်ထိန်းကျောင်းရေး လုပ်ငန်းတာဝန်များကို မဆောင်ရွက်ကြပေ။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များသည် မူဝါဒ/ကြီးကြပ် ထိန်းကျောင်းရေး လုပ်ငန်းတာဝန်များနှင့်

ကွဲပြားနေပြီး၊ အဖွဲ့အစည်းတစ်ခုတည်းမှ ၂ မျိုးစလုံးကို ဆောင်ရွက်ပါက အကျိုးစီးပွား တိုက်ဆိုင်မှု (conflict of interest) သို့ ဦးတည်စေနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ စံနမူနာ လုပ်ငန်းတာဝန်များကို အမျိုးအစား (၆) မျိုး ဖြင့် ခွဲခြားနိုင်ပါသည် (figure 6.2)။ အကောင်းဆုံး အကျိုးရလာဒ်များ ထွက်ပေါ်လာစေရန်အတွက် အစိုးရများအနေဖြင့် အဆိုပါ အမျိုးအစား (၆) မျိုးအား မည်ကဲ့သို့ အထိရောက်ဆုံး အသုံးချရမည်ကို စဉ်းစား ရွေးချယ်ရန်လိုအပ်ပါသည်။

**(၁) မဟာဗျူဟာ**

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ၏ ပင်မလုပ်ငန်းတာဝန်သည် ထိရောက်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ပြည်တွင်းနှင့် နိုင်ငံတကာ မူဝါဒများကို ရှင်းလင်းပြီး ပြည့်စုံစွာ နားလည်သဘောပေါက်ပြီးနိုင်ငံက (မူဝါဒမှ ချမှတ်ထားသည့်အတိုင်း) လိုချင်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အရည်အသွေးနှင့် ပမာဏကို ရရှိရန်အတွက် အဆိုပါမဟာဗျူဟာက မည်သို့အကျိုးဖြစ်ထွန်းစေမည်ကိုပါ ဂဃနဏ နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။ ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်စေလိုသော အဓိကကဏ္ဍများ ကို ဖော်ထုတ်ထားရှိရန် လိုအပ်ပါသည်(Loewendahl, 2001)။

## (၂) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ဆွဲဆောင်ရန်အတွက် တာဝန်ရှိ သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအား ထိရောက်သည့် လည်ပတ်နိုင်အောင် ဖွဲ့စည်း တည်ထောင် ရန် အစိုးရတိုင်းအနေဖြင့် လိုအပ်ပါသည်။ အလေ့အထကောင်းများရှိသည့် အဖွဲ့အစည်းဆိုင်ရာ အခြေခံစည်းမျဉ်း အချို့မှာ အေဂျင်စီတစ်ခုအတွက် ရှင်းလင်းစွာ သတ်မှတ်ထားသော အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်၊ ရှင်းလင်းစွာ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် သတင်း အချက်အလက်များကို ရယူ အသုံးပြုနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် တတိယအဖွဲ့ အစည်းများ၏ ဩဇာသက်ရောက်မှု မရှိဘဲ လွတ်လပ်စွာ လည်ပတ်နိုင်ရမည်ဖြစ်ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကမှ ပါဝင်ပတ်သက်သူများနှင့် အချိတ်အဆက် အားကောင်းရန်လည်း အရေးကြီးပါသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ၊ နိုင်ငံအဆင့်အစိုးရ အေဂျင်စီများ၊ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် ရှေ့နောက် ညီညွတ်ပြီး သဟဇာတဖြစ်သော မူဝါဒ တစ်ရပ်ကို ဖော်ထုတ်ပေးရန် လိုအပ်ပါသည် (Zanatta and others, 2006)။

## (၃) ပုံရိပ်ကောင်းတည်ဆောက်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ ပင်မလုပ်ငန်းတာဝန်များအနက်မှ တတိယမြောက်လုပ်ငန်းတာဝန် သည် ကောင်းမွန်သော ပုံရိပ်တစ်ရပ် ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိ လာအောင် ဈေးကွက် ရှာဖွေပေးခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းတာဝန်မှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ အခန်းကဏ္ဍ၏ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာအောင် ဆောင်ရွက်ခြင်းနှင့် အလား အလာ ရှိသော ရင်းနှီးမြှုပ်နှံသူများကို ဖော်ထုတ်၍ နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို သိရှိ စေမည့် ဈေးကွက် ရှာဖွေခြင်းနှင့် မြှင့်တင်ရေး သတင်းအချက်အလက်များကို ထောက်ပံ့ပေးခြင်းတို့ ဖြစ်ပါသည်။ ဈေးကွက် ရှာဖွေခြင်းဆိုသည်မှာ အိမ်ရှင်နိုင်ငံအားရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုရှိသော ပုံရိပ်ကောင်းဖြစ် လာအောင် ဖော်ဆောင်ခြင်းပင်ဖြစ်သည်။ ဈေးကွက်ရှာဖွေခြင်း နည်းစနစ် အမျိုးမျိုးရှိပြီး ပုံရိပ်ကောင်း တည်ဆောက်ခြင်း နှင့် နိုင်ငံ၏ ထူးခြားအားသာမှု (place branding) ကို ဖော်ဆောင်ရာတွင် အရှိန်မြှင့် တင်ပေးနိုင်ပါသည်။

**ပုံ ၆.၁ ကြားခံဆက်သွယ်ပေးသူတစ်ယောက်အနေဖြင့်ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ၏ အခန်းကဏ္ဍ**




*Source:* Inter-American Development Bank:
http://www.probarranquilla.org/expoprobarranquilla2013/downloadableFiles/virtualZone/ponencias/4.%20Tendencias%20de%20la%20Promocion%20de%20Inversion%20%20e%20IED%20a%20nivel%20mundial.pdf.

## (၄) ရင်းနှီးမြှုပ်နှံသူအား ရွေးချယ်ချဉ်းကပ်ခြင်း (Investor Targeting)

ရင်းနှီးမြှုပ်နှံသူအား ရွေးချယ်ချဉ်းကပ်ခြင်းသည် ဦးစားပေးကဏ္ဍများကို အခြေတည်၍ အကန့် အသတ်ရှိသော အရင်းအမြစ်များကို ထိရောက်စွာ အသုံးချစေသည့် တွင်ကျယ်သော နည်းစနစ် တစ်ရပ် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူအား ရွေးချယ်ချဉ်းကပ်ခြင်းဆိုသည်မှာ စီးပွားရေး ကဏ္ဍအချို့ကိုနှင့် ယင်း စီးပွားရေး ကဏ္ဍမှ ကုမ္ပဏီအချို့ကို ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာအောင် ဆွဲဆောင်ခြင်းဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ရာတွင် မိမိနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွင် အရေးကြီးသည်ဟု ချမှတ်ထားသော စီးပွားရေး ကဏ္ဍများနှင့် နိုင်ငံ၏ နှိုင်းယှဉ် အားသာချက်ရှိသော လုပ်ငန်းအမျိုးအစားများကို ဖော်ထုတ် သတ်မှတ် ပေးခြင်းများလည်း ပါဝင်ပါ သည်။ ရင်းနှီးမြှုပ်နှံသူအား ရွေးချယ်ချဉ်းကပ်ရာတွင် ပုဂ္ဂိုလ်ရေး ကွန်ယက်များ တည်ဆောက်ခြင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ချဉ်းကပ်လိုသော ရင်းနှီးမြှုပ်နှံသူများနှင့် ရေရှည် ဆက်ဆံရေး တည်ဆောက်ရန်အတွက် ပုံမှန်အဆက်အသွယ် ပြုလုပ်ပေးရန် လိုအပ်ပါသည် (အခန်း ၇ အား ကြည့်ရှုပါရန်)။

## (၅) ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုပေးခြင်း (လွယ်ကူချောမွေ့စေခြင်း) (Investment servicing (facilitation))

ရင်းနှီးမြှုပ်နှံသူအား ရွေးချယ်ဖော်ထုတ်ခြင်းမှ ထွက်ပေါ်လာသော အလားအလာရှိသည့် ရင်းနှီး မြှုပ်နှံမည့်သူ(leads)များက အမှန်တကယ် ရင်းနှီးမြှုပ်နှံလာစေရန် ထိရောက်သော ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့စေရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအား လွယ်ကူ ချောမွေ့ အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှု စုံစမ်းမေးမြန်းခြင်းမှ အမှန် တကယ် ရင်းနှီးမြှုပ်နှံမှုသို့ ဖြစ်ပေါ်လာအောင် ပြောင်းလဲပေးခြင်းပင်ဖြစ်သည်။ အောင်မြင်သော နည်းလမ်း များမှာ အလေးအနက် ဆက်သွယ်လာသော စုံစမ်းမေးမြန်းမှုများ၊ အလားအလာရှိသော ရင်းနှီး မြှုပ်နှံသူ သို့မဟုတ် အလားအလာကောင်းသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသီးသီးအတွက် ဒိုင်ခံဖြေရှင်း ပေးမည့် တာဝန်ခံ (key accounts or key management)များကို သီးခြားသတ်မှတ်ပေးထားရန် လိုအပ် ပါသည်။ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို သိရှိနားလည်ခြင်း၊ သင့်လျော်သော သတင်း အချက် အလက်များ ပံ့ပိုးပေးခြင်း၊ site visit များ စီစဉ်ပေးခြင်း၊ တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှု ပေးသည့် စင်တာများ တည်ထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူကဏ္ဍ၊ အမျိုးအစားအလိုက် အသင့်ပြင်ဆင်ထားသော သတင်း စာစောင် များ၊ အစီအစဉ်များ (ready-made tailored packages) ကို ဖန်တီး ထားခြင်း တို့မှာ လွယ်ကူချောမွေ့ရေး အခြေခံလုပ်ငန်းများဖြစ်ပါသည်(Loewendahl, 2001)။ ရင်နှီး မြှုပ်နှံမှုပြုရန် နေရာဒေသရွေးချယ်ရာတွင် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများတွင် လိုအပ်သည့် သတင်းအချက်အလက်များ လုံလုံလောက်လောက် မရှိတတ် သဖြင့် ၎င်းတို့၏ သက်ဆိုင်သည့် သတင်းအချက် အလက်များကို ပံ့ပိုးပေးရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးပါသည် (Zanatta and others, 2006)။ အခန်း(၈)တွင် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေခြင်းအကြောင်းကို အသေးစိတ် ရှင်းလင်း သွားပါမည်။

## (၆) ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လုပ်ကိုင်စဉ်အတွင်း ကူညီဆောင်ရွက်ပေးခြင်းနှင့် မူဝါဒပိုင်း မျက်မှောက် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ရန် အဆိုပြုပေးခြင်း (Aftercare and Policy Advocacy)

ရင်းနှီးမြှုပ်နှံမှုအားလွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးခြင်းသည် ရင်းနှီးမြှုပ်နှံမှု အကောင်အထည် ဖော်ပြီးသည်နှင့် ရပ်တန့်၍မသွားဘဲ ရင်းနှီးမြှုပ်နှံသူအားဖော်ထုတ်ချဉ်းကပ်ခြင်း၊ ရောက်ရှိလာ သည့် ရင်းနှီးမြှုပ်နှံမှုများကို ထိန်းသိမ်းခြင်း၊ ၎င်းတို့၏ လုပ်ငန်းများ တိုးချဲ့လာနိုင်ခြင်း၊ ပြည်တွင်းမှ ကုန်ပစ္စည်း ပေးသွင်းမည့် လုပ်ငန်းများနှင့် ချိတ်ဆက်ပေးခြင်းစသည့် လုပ်ငန်းရပ်များ ပါဝင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လုပ်ကိုင်စဉ်အတွင်း ကူညီဆောင်ရွက်ပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှု အား တည်မြဲစေခြင်းနှင့် တိုးချဲ့လာနိုင် စေခြင်းတို့ ဖြစ်ပါသည်။ ၎င်းပြင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများသည် လက်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှုများတွင် ရင်ဆိုင်ကြုံတွေ့ နေရသော အခက်အခဲ၊ အတားအဆီးများကို ဖော်ထုတ်ပြီး လိုအပ်သော မူဝါဒပိုင်း အပြောင်းအလဲများ ပြုလုပ်ရန် အကြံပြု တင်ပြနိုင်သည့် အခွင့်အလမ်းရှိပါသည်။

### ပုံ ၆.၂ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် မူဘောင် : ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ၏ လုပ်ဆောင်ချက်များ




*Source*: Loewendahl (2001); VCC(2009).

အထက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုမြှင်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး လုပ်ငန်းရပ် (၆)မျိုးသည် နိုင်ငံ အသီးသီး၏ ဖွံ့ဖြိုးမှုအဆင့်ပေါ်မူတည်၍ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများ ကွဲပြားတတ်ကြပါသည်။ UNCTAD ၏၂၀၀၁ စစ်တမ်းအရ OECD နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများသည် ရင်းနှီးမြှုပ်နှံသူအားရွေးချယ်ချဉ်းကပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လုပ်ကိုင်စဉ်အတွင်း ကူညီ ဆောင်ရွက်

ပေးခြင်းတို့ကို အလေးထားဆောင်ရွက်ကြောင်းတွေ့ရှိရပြီး ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒပိုင်း အကြံပြု တင်ပြခြင်းနှင့် ပုံရိပ်ကောင်းရရှိအောင် တည်ဆောက်ခြင်းတို့ကို အလေးထားဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ အချို့သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများမှာ လုပ်ငန်းတာဝန်များစွာ ဆောင်ရွက်ကြသည်။ ဥပမာ အားဖြင့် နယူးဂီနီနိုင်ငံ98ဖြစ်သည်။ Figure 6.3 တွင် IPA များ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်မှု စက်ဝန်း (investment promotion cycle) ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

## ပုံ ၆.၃။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းသံသရာ နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများ၏ အခန်းကဏ္ဍ

*အရင်းအမြစ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံဉာဏ်များပေးသည့်အဖွဲ့အစည်းများ*




98Available from **https://www.ipa.gov.pg**.

ဖွံ့ဖြိုးမှုအဆင့်မြင့်မားပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများစွာ လက်ခံရရှိထားသော နိုင်ငံ များမှ IPA များသည် ရင်းနှီးမြှုပ်နှံမှုအလွန် ဝန်ဆောင်မှုပေးခြင်း/ လက်ရှိ ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှု ပေးခြင်း (aftercare)နှင့် ရင်းနှီးမြှုပ်နှံမှုကို ထိန်းထားခြင်းနှင့် လုပ်ငန်းတိုးချဲ့စေခြင်းတို့တွင် အလေးထား လုပ်ဆောင်ကြသည်။ အဆိုပါနိုင်ငံများတွင် များသောအားဖြင့် လုပ်ငန်းများအကြား ချိတ်ဆက်ပေးမှု အစီအစဉ်များ (linkage programmes)နှင့် ပိုမိုတန်ဖိုးမြင့်သော ရင်းနှီးမြှုပ်နှံမှုများ (value-added investment) ကို ပိုမိုအလေးထား လုပ်ဆောင်ကြသည်။

လာမည့် အခန်းများတွင် အဆိုပါ လုပ်ငန်းတာဝန်များကို အကျယ်တဝင့် ရှင်းလင်း ဖော်ပြပေးပါမည်။

## (ခ) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ အဖွဲ့အစည်းဆိုင်ရာ အခြေခံသဘောတရားများ (Organization Principles)ကို သတ်မှတ်ခြင်း

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်ပြီး ကျွမ်းကျင်မှုရှိသော အဖွဲ့အစည်း အဖြစ် ဖွဲ့စည်းထားရှိရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာ အခြေခံ သဘောတရားများဖြစ်သည့် (ဥပမာ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ပန်းတိုင်များ (vision, mission, goals and etc.) စသည်တို့ကို ရှင်းလင်းစွာ သတ်မှတ်ထားရှိရန် လိုအပ်ပါသည်။

### (၁)မျှော်မှန်းချက်နှင့် ရည်ရွယ်ချက် (vision and mission)

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအသီးသီးသည် အဖွဲ့အစည်းနှင့်/သို့မဟုတ် နိုင်ငံအတွက် မျှော်မှန်းချက်ကို စဉ်းစားထားရပါမည်။ မျှော်မှန်းချက်သည် ကျစ်လစ်ပြည့်စုံရမည်ဖြစ်ပြီး အဖွဲ့အစည်း အနေဖြင့် အနာဂတ်ကာလတွင် အောင်မြင်ဖြစ်မြောက်လိုသောအရာများကို ရှင်းလင်းစွာ ဖော်ပြပေးရပါမည်။ ထို့ကြောင့် အဖွဲ့အစည်း၏အနာဂတ်ရလဒ်များကို ဖော်ပြချက်လည်း ဖြစ်ပါသည်။ မျက်မှောက်ခေတ် မျှော်မှန်းချက် အများစုမှာ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို ရည်ညွှန်းလေ့ရှိပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ ပြည်သူတို့အပေါ် မည်သို့သော အကျိုး သက်ရောက်မှုရှိရမည်ကို ဖော်ပြပါရှိသည်။

မျှော်မှန်းချက်အား မည်ကဲ့သို့ အောင်မြင်ပေါက်မြောက်အောင်အကောင်အထည်ဖော်မည်ကို ရည်ရွယ်ချက် တွင် ဖော်ပြရပါသည်။ ရည်ရွယ်ချက် ဖော်ပြချက်တွင် မျှော်မှန်းချက်အား အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် အကြီးစားပန်းတိုင်များကို ထည့်သွင်းဖော်ပြရပါသည်။ အထူးသဖြင့် ရည်ရွယ်ချက်

များသည် လိုရင်း၊ တိုရှင်းပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ၏ ဝန်ထမ်းများအားလုံး ရှင်းလင်းစွာ သိရှိနားလည်ထားရန် လိုအပ်ပါသည်။[99]

လက်တွေ့တွင် မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ပန်းတိုင်များသည် မကြာခဏ ဆိုသလို ပင် ရှုပ်ထွေးပြီး တစ်ခုနှင့်တစ်ခု တူနေတတ်သလို အပြန်အလှန် နီးနီးကပ်ကပ် ဆက်နွယ် နေတတ် သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများသည် ရည်ရွယ်ချက်သာရှိပြီး မျှော်မှန်းချက် မရှိတတ်ကြပေ။ အချို့သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် ပန်းတိုင်များ မထားရှိဘဲ ရှည်လျားသော ရည်ရွယ်ချက်များ ထုတ်ပြန်တတ်ကြသည်။Box 6.2 တွင် ဒေသတွင်းမှ လက်ရှိ IPA များ၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များကို ဥပမာအနေဖြင့် ဖော်ပြပေးထားပါသည်။

**ဇယား ၆.၂။ အာရှ-ပစိဖိတ်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ ဖော်ပြခြင်း**

**ကမ္ဘောဒီးယား။ ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ သို့မဟုတ် ရင်းနှီး မြှုပ်နှံမှု ဘုတ်အဖွဲ့**
(**http://www.cambodiainvestment.gov.kh/about-**us/who-weare.html):

မျှော်မှန်းချက်။ ၎င်းတို့၏မျှော်မှန်းချက်သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီဖြစ်ရန်နှင့် စွမ်းဆောင်မှုနှင့် ထိရောက်သော လုပ်ဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းမှ ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်သူများအား အကျိုးအမြတ်များ ပိုမို ရရှိစေရန် ဖြစ်သည်။
၎င်းတို့၏ရည်ရွယ်ချက်သည် ကမ္ဘောဒီးယားအစိုးရ၏ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု မူဝါဒအား စီမံခန့်ခွဲရန်နှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ထုတ်လုပ်မှုကိုထိန်းသိမ်းထားရန်နှင့် ဆွဲဆောင်မှုများကိုအကူအညီပေးရန် တို့ဖြစ်သည်။

**ဂျော်ဂျီယာ အမျိုးသားရင်းနှီးမြှုပ်နှံမှု အေဂျင်စီ (ဂျော်ဂျီယာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံမှု)**
(**http://www.investingeorgia.org/en/agency/about-the-agency**):

မျှော်မှန်းချက် - သတ်မှတ်ထားခြင်း မရှိပါ။
ရည်ရွယ်ချက်။ ဂျော်ဂျီယာနိုင်ငံသားများ၏ အခွင့်အလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အား မြှင့်တင်ခြင်း၊ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်စဉ် နှင့် ဆောင်ရွက်ပြီးနောက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား အထောက်အကူပြုခြင်း၊ အစိုးရအနေဖြင့် ကနဦးဆောင်ရွက် ထားသည့်လုပ်ငန်းစီမံကိန်းအား စဉ်းစားရာတွင် အထောက်အကူဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှုများ ဖန်တီးခြင်း၊ ပိုမို ကောင်းမွန်ခြင်းကို တည်ဆောက်ရန်အလို့ငှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို မြန်ဆန်စေခြင်းနှင့် စီးပွားရေးတိုးတက်မှုနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အလားအလာရှိသည့် ဝန်းကျင်များ တည်ဆောက်ရန်ဖြစ်သည်။

[99] See, i.e. **https://www.extension.iastate.edu/agdm/wholefarm/html/c5-09.html**.

**ကာဂျစ်စတန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ**

(http://www.kgembassy.org/wp-content/uploads/2015/07/ Legal-aspects-of-Doing-Business-in-Kyrgyzstan-aspects.pdf):

မျှော်မှန်းချက်။ ကာဂျစ်စတန်နိုင်ငံ၏ စီးပွားရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမြှင့်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် မျှော်မှန်းပါသည်။

ရည်ရွယ်ချက်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ကာလရှည်ချိတ်ဆက်ဆောင်ရွက်မှု ရရှိစေရန် ရည်ရွယ်ပါသည်။

**မလေးရှားရင်းနှီးမြှုပ်နှံမှု အာဏာပိုင်အဖွဲ့**

(http://www.mida.gov.my/home/about-mida/posts)

မျှော်မှန်းချက်။ နိုင်ငံသားများ၏ ကျွမ်းကျင်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကွဲပြားမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများနှင့် အကောင်းဆုံးမိတ်ဖက်အဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ် သည်။

ရည်ရွယ်ချက်။ ၂၀၂၀ ခုနှစ်တွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် မလေးရှားနိုင်ငံ စီးပွားရေးအသွင်ကူးပြောင်းမှု ပန်းတိုင်အား အောင်မြင်မှု ရရှိ စေရန်။

**ပါကစ္စတန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအဖွဲ့**

http://www.boi.gov.pk/AboutUs/AboutUs.aspx

မျှော်မှန်းချက်။ ပါကစ္စတန်နိုင်ငံ၏ နိုင်ငံတကာယှဉ်ပြိုင်မှုနှင့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက် အကူပြုစေရန်နှင့် ပြည်တွင်းပြည်ပ ရင်းနှီး မြှုပ်နှံမှုအား မြှင့်တင်ရန်။

ရည်ရွယ်ချက်။ မူဝါဒပိုင်းဆိုင်ရာအထောက်အကူပြုမှု- ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အား ပုံမှန် တိုးတက်မှုများရရှိစေရန်၊ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်း ပုံမှန် တိုးမြှင့်ခြင်း အားဖန်တီးခြင်းကို ဆောင်ရွက်ရန်၊ မလိုလားအပ်သည့် လုပ်ထုံး လုပ်နည်းများ အား ဖယ်ရှားပြီး ရှင်းလင်း လွယ်ကူမှုရှိသည့် ဆောင်ရွက်မှုများကို လုပ်ဆောင်ရန် နှင့် စက်မှုဇုန် များဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရာတွင် လွယ်ကူ ချောမွေ့စေခြင်းနှင့် ခွင့်ပြုမိန့်များ၊ ဥပဒေလုပ်ထုံး လုပ်နည်းများအား ရှင်းလင်း လွယ်ကူစေရန်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း။ အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် အကောင်းဆုံး ဦးဆောင်မှုဖြင့် ပံ့ပိုးရန်၊ ကုန်ကျစရိတ် သက်သာစေပြီး ထိရောက်စွာ အကောင်အထည် ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း ဆိုင်ရာ မဟာဗျူဟာများ ချဉ်းကပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု တစ်ဦးချင်း ကိုယ်စား ထိရောက်မှု ရှိသည့် ရင်းနှီးမြှုပ်နှံသူများအား လွယ်ကူ ချောမွေ့စေသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ခြင်းနှင့် ဗဟိုမှချုပ်ကိုင်သည့် အချက်အလက် စုဆောင်းသည့် ဘဏ်တစ်ခု အဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။

**ဖိလစ်ပိုင်ရင်းနှီးမြှုပ်နှံမှုအဖွဲ့**

http://www.boi.gov.ph/index.php/en/about-boi/mandate.html

မျှော်မှန်းချက်။ ချမှတ်ထားခြင်း မရှိပါ။

ရည်ရွယ်ချက်။ ၎င်းတို့အဖွဲ့သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ကူညီ ဆောင်ရွက်ခြင်းကို ကတိကဝတ် ပြုကြပြီး ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်း ရှိသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန်၊ နိုင်ငံ၏ အရင်း

အမြစ်များ အသုံးချပြီး တာဝန် ယူမှုရှိသည့် အလုပ်အကိုင် များပြားလာစေရန်၊ အစိုးရ၏ ပူးပေါင်း ဆောင်ရွက်ခြင်း နှင့် ပုဂ္ဂလိကမှ ကနဦးဆောင်ရွက်မှု အခြေခံမှုများအား လမ်းညွှန်ရန်ဖြစ်သည်။
အဆိုပါ ကတိကဝတ်များကို လိုက်နာရန်အလို့ငှာ ၄င်းတို့အနေဖြင့် ကျွမ်းကျင်မှုနှင့် ပေါင်းစပ် ဆောင်ရွက်ခြင်း နှင့် အတူ ထိရောက်မှုနှင့်ယှဉ်ပြိုင်စွမ်း ရှိစေရန် အလို့ငှာ မိမိတို့ကိုယ်တိုင် ပေါင်းစပ်မှုများကိုဆောင်ရွက်ပါသည်။
၄င်းတို့သည် စိန်ခေါ်မှုများကိုရင်ဆိုင်လျက်ရှိပြီး ခိုင်မာသောခေါင်းဆောင်မှုနှင့် ထိရောက်မှုရှိသည့် ညွှန်ကြားမှု များနှင့် စည်းကမ်းများနှင့်အတူ ရှေ့ဆက် ဆောင်ရွက်မှုများကို ပြုလုပ်သွားရန်ဖြစ်သည်။

**သီရိလင်္ကာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အဖွဲ့**
(**http://www.investsrilanka.com/about_us**):
မျှော်မှန်းချက်။ အာရှတွင် စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုအကောင်းဆုံးနေရာ ဖြစ်စေသည့် သီရိလင်္ကာအဖြစ် ရပ်တည်ရန်။
ရည်ရွယ်ချက်။ သယံဇာတများကို အကောင်းဆုံးအသုံးပြုပြီး စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်သည့် ရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင်ရန်နှင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ထိရောက်မှုရှိပြီး သဘာဝ ပတ်ဝန်းကျင်များကို အသုံးပြု၍ ဟန်ချက်ညီစွာဖြင့် ဆောင်ရွက်နိုင်ရေးတွင် ရင်းနှီးမြှုပ်နှံသူအား လွယ်ကူ ချောမွေ့စေရန် အကောင်းဆုံးဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းများအား စွမ်းရည် မြင့်မားစွာဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။

အရင်းအမြစ်။ နိုင်ငံ၏ အမျိုးသားရင်းနှီးမြှုပ်နှံမှုအေဂျင်စီများ၏ ဝက်ဆိုဒ်များ

## (၂) ပန်းတိုင်များနှင့် ဦးတည်ချက်များ (Goals and Objectives)

ပန်းတိုင်များသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီက အောင်မြင်အောင် ဆောင်ရွက် လိုသော အထွေထွေဖော်ပြချက်များဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်တို့နှင့် ချိတ်ဆက်မှုရှိရန် လိုအပ်ပါသည်။ လိုအပ်သော သတင်းအချက်အလက်များကို စုစည်းပြီး နောက်ပြုလုပ်သည့် မဟာဗျူဟာအစီအစဉ်ဆွဲခြင်းတွင် ပန်းတိုင် ချမှတ်ခြင်းသည် ပင်မရလဒ် ဖြစ်သည်။ ပန်းတိုင်များမှာ အောက်ပါအချက်များနှင့် ကိုက်ညီ သင့်ပါသည်။

- **သင့်လျော်မှု**- မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိခြင်း
- **လက်ခံနိုင်ဖွယ်ဖြစ်မှု** - အဖွဲ့အစည်းနှင့် ဝန်ထမ်းများ၏ တန်ဖိုးများနှင့် ကိုက်ညီမှုရှိခြင်း
- **နားလည်သဘောပေါက်မှု** - ရိုးရှင်းပြီး နားလည်လွယ်မှုရှိခြင်း
- **ပြောင်းလွယ် ပြင်လွယ်နိုင်မှု** - လိုအပ်သလို ပြောင်းလဲနိုင်မှုရှိခြင်း[100]

ဦးတည်ချက်များနှင့် ပန်းတိုင်များအား အလျဉ်းသင့်သလို သုံးစွဲကြသော်လည်း ကွဲပြားမှု ရှိပါသည်။ ဦးတည်ချက်များမှာ တိကျ၍ တိုင်းတာနိုင်ပြီး အချိန်ဇယားအလိုက် အောင်မြင်အောင် ဆောင်ရွက် ရမည့် အချက်များကို ဖော်ပြပါသည်။ မည်သည့်အချိန်ကာလတွင် အပြီးသတ်လုပ်ဆောင်ရမည်ကိုလည်း ဖော်ပြရပါ

[100] Available from **https://www.extension.iastate.edu/agdm/wholefarm/html/c5-09.html**.

သည်။ ဦးတည်ချက်များသည် ပန်းတိုင်များဆီသို့ လျှောက်လှမ်းရာတွင် ဖြတ်သန်းရမည့် မှတ်တိုင်များဖြစ်ကြသည်။ ဦးတည်ချက်များအား တစ်ပိုင်းတစ်စပန်းတိုင်များ (ပန်းတိုင် ငယ်များ) အဖြစ်ရှုမြင်နိုင်ပါသည်။ ပန်းတိုင်နှင့် ဦးတည်ချက် နှစ်မျိုးစလုံးသည် ထိရောက်မှု ရှိရန်အတွက် SMART ဖြစ်ရပါမည်။

- **Specific** - တိကျသည့် ရလာဒ်အားသတ်မှတ်ခြင်း
- **Measurable** - ဦးတည်ချက်အား အကောင်အထည်ဖော်ရာတွင် ရလာဒ်များအား မည်သို့ တိုင်းတာ မည်ကို ရှင်းလင်းမှုရှိခြင်း
- **Agreed or achievable** -လက်တွေ့ကျသော မျှော်မှန်းချက်များ ထားရှိခြင်း
- **Relevant** - အဖွဲ့အစည်းနှင့် တာဝန်ပေးမည့်သူတို့မှာ ဆက်စပ်မှုရှိခြင်း။
- **Time-based** - စတင်သည့် ရက်နှင့် ပြီးဆုံးမည့်နေ့ရက်တို့ကို ရှင်းလင်းစွာ ဖော်ပြပါရှိခြင်း။

ထို့ပြင် ဦးတည်ချက်များသည် ချမှတ်ထားသည့် ပန်းတိုင်များနှင့် ချိတ်ဆက်မှုရှိရပါမည်။ ပန်းတိုင်များ (goals)ကို ဆောင်ရွက်ချက်များ (goals)၊ ဝန်ဆောင်မှုများ (services)နှင့် မကြာခဏ လွဲမှားတတ်ကြပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများတွင် အတွေ့ရများသော ပန်းတိုင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- အရည်အသွေးကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုများ ပေးအပ်ခြင်း။
- တည်နေရာအလိုက် ကြော်ငြာစာစောင်များ၊ ဆွဲဆောင်ရေး စာစောင်များပြုစုထုတ်ပြန်ခြင်း။
- သုတေသနပြုခြင်း၊ အချက်အလက် စုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမှုများ အပေါ် အကြောင်းပြန်ခြင်းနှင့် ပြန်လည်ဆက်သွယ်ခြင်း။
- ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲများကို အွန်လိုင်းနှင့် ပြင်ပတွင် စီစဉ်ကျင်းပပေးခြင်း။
- အရည်အသွေးပြည့်ဝသည့် Website တစ်ခုကိုတည်ထောင်၊ လည်ပတ်ခြင်း။
- ရင်းနှီးမြှုပ်နှံမှု စုံစမ်းခြင်းများကို မှတ်တမ်းပြုစု၍ ၎င်းတို့၏ တည်နေရာ ရွေးချယ် ဆုံးဖြတ်ချက် များ ကို လေ့လာစုံစမ်းခြင်းနှင့် site visit များအတွက် ကူညီဆောင်ရွက် ပေးခြင်း။

သို့သော်ငြားလည်း "ပန်းတိုင်များ"များမှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ၏ ဝန်ဆောင်မှု များနှင့် ဆောင်ရွက်ချက်များကိုသာသုံးနှုန်းပြောဆိုနေတတ်ကြပြီး မကြခဏဆိုသလိုပင် SMART စံနှုန်းနှင့် ကိုက်ညီလေ့မရှိပေ။ Box 6.3 တွင် အာရှပစိဖိတ်ဒေသမှ IPA အချို့၏ ပန်းတိုင်များကို သာဓက အဖြစ်ဖော်ပြပေးထားပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီတစ်ခုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်အတွက် တည်ထောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်း၏ ပန်းတိုင်များသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်းနှင့် မြှင့်တင်ခြင်းကို ရှေ့ရှုကြိုးပမ်းရမည်ဖြစ်သည်။ ကာဂျစ်စတန် IPA (Kyrgyzstan Investment Promotion Agency) သည် အစိုးရ-ပုဂ္ဂလိက ပူးတွဲလုပ်ဆောင်မှု တစ်ရပ်ဖြစ်ပြီး (ပန်းတိုင်

ထက် လုပ်ငန်းတာဝန်ဖြစ်သော) အဆိုပါပန်းတိုင်အတွက်သာ ဝဘ်ဆိုက်တစ်ခုလုံးကို အသုံးပြုထားပါသည် (box 6.3)။[101]

**ဇယားကွက် ၆.၃။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ ရည်မှန်းချက်ပန်းတိုင်များ၏ ဥပမာများ**

**ကာဂျစ်စတန် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ**
(http://www.kgembassy.org/wp-content/uploads/2015/07/Legal-aspects-of-Doing-Business-in-Kyrgyzstan-aspects.pdf):

ရည်မှန်းချက်ပန်းတိုင်များ:

- ကာဂျစ်စတန်၏ စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံမှုကိုလွယ်ကူချောမွေ့စေရန်
- ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မြှင့်တင်ရန်နှင့် ကာဂျစ်စတန်၏စီးပွားရေးပုံရိပ် တိုးတက်စေရန်
- ပြည်တွင်းကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ထောက်ပံ့ပေးရန်

လုပ်ငန်းတာဝန်များ:

- ကာဂျစ်စတန်၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အကောင်အထည်ဖော်ရန် အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ရှာဖွေရန်နှင့် ဆွဲဆောင်ရန်
- နိုင်ငံတကာ စီးပွားရေး အသိုင်းအဝိုင်းတွင် ကာဂျစ်စတန်ကို မြှင့်တင်ရန်
- PPP ပုံစံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို အထောက်အပံ့ပေးရာတွင် ပါဝင်ဆောင်ရွက်ပေးရန်
- ရင်းနှီးမြှုပ်နှံမှု အခက်အခဲများကို ဖယ်ရှားရန်နှင့် လိုအပ်သည့် ခွင့်ပြုချက်များ ရယူရာတွင် အကူအညီ ထောက်ပံ့ပေးရန်
- ရင်းနှီးမြှုပ်နှံသူ၏ ပြဿနာများ ဖြေရှင်းရာတွင် ကူညီပေးရန်
- ရင်းနှီးမြှုပ်နှံသူများသို့ သတင်းအချက်အလက် ဝန်ဆောင်မှုများနှင့် ဆွေးနွေးမှုများ ထောက်ပံ့ပေးရန်
- ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် စီးပွားရေး အစီအစဉ်များ၏ ပညာရှင် အကဲဖြတ်မှုကို ဆောင်ရွက်ပေးရန်

**သီရိလင်္ကာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့၏ အဓိက ရည်မှန်းချက်များ**
(**http://www.investsrilanka.com/about_us**):

- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေရန်နှင့် စောင့်ကြပ်ကြည့်ရှုရန်
- စီးပွားရေး၏ အခြေခံ ကျယ်ပြန့် ခိုင်မာစေရန်
- ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရန် (အထူးသဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု)
- ပညာရပ်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်
- မက်ခရို စီးပွားရေး စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ တည်ဆဲ စီးပွားရေး လုပ်ငန်းများကို ကူညီရန်နှင့် ၎င်းတို့၏ အသွင်ကူးပြောင်းရေးတွင် ကူညီပေးရန်
- နိုင်ငံခြားငွေ လဲလှယ်သည့် ရင်းမြစ်များကို ချဲ့ထွင်ရန်နှင့် ပို့ကုန်မှ ရရှိငွေများကို မြှင့်တင်ရန်
- ဆန်းသစ်တီထွင်မှုနှင့် နည်းပညာသစ်များ ချမှတ်ဆောင်ရွက်ခြင်းကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်သစ်များ ဖော်ထုတ်ရန်
- အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှတဆင့် နိုင်ငံတဝှမ်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဇုန်များ တည်ထောင်ရန်
- သီရိလင်္ကာကို ကုန်သွယ်မှုအချက်အချာအနေဖြင့် မြှင့်တင်ရန်

*Sources*: websites of countries' national IPAs.

[101]Available from **http://www.ppp.gov.kg/en**

## (၃)The Client Charter

"Client Charter" ဆိုသည်မှာ အလားအလာကောင်းသော ရင်းနှီးမြှုပ်နှံသူများအား ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် အရည်အသွေးပိုင်းအဆင့်များအကြောင်း အသိပေးသည့် "letter of engagement" အမျိုးအစားတစ်ခုဖြစ်သည်။ ၎င်းတွင် ရင်းနှီးမြှုပ်နှံသူများမှ လိုက်နာရမည့် အချက်များကို ဖော်ပြပြီး IPA ကလည်း ဖြည့်ဆည်းပေးမည့် ဝန်ဆောင်မှုပန်းတိုင်များ ချမှတ်ဖော်ပြသည်။ အထူးသဖြင့် Charter တွင် အောက်ပါအချက်များ ပါဝင်သည်။

- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီက ရင်းနှီးမြှုပ်နှံသူများအတွက် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှု များ၊
- အဆိုပါ ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးမည့် နည်းလမ်း၊
- အချိန်ကာလသတ်မှတ်ချက်။

Charter သည် အောက်ပါအချက်များကို သေချာခိုင်မာစေသည်။

- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူများကို ဦးစားပေးမှု၊
- ရင်းနှီးမြှုပ်နှံသူများနှင့် ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်မှု၊
- သတ်မှတ်ထုတ်ပြန်ထားသော ဝန်ဆောင်မှုများထက် ကောင်းမွန်အောင် ဖြည့်ဆည်းပေးမှု၊
- အစီအစဉ်နှင့် ဝန်ဆောင်မှုများသည် ရင်းနှီးမြှုပ်နှံသူအလိုက် လိုအပ်ချက်များကို ချိန်ညှိဖြည့် ဆည်းပေးခြင်း။

**ဖယားကွက် ၆.၄. Client Charter တစ်ခု၏ ဥပမာ: MIDA**

ကျွန်ုပ်တို့သည် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများရှိ စက်မှုလုပ်ငန်းများနှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများသို့ အတတ်ပညာ၊ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်ဆိုင်ရာ ထုံးစံတို့ဖြင့် အောက်ပါ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရန် ကတိပြုပါသည်-

- ရင်းနှီးမြှုပ်နှံမှုအတွက် စုံစမ်းမေးမြန်းမှုများ အားလုံးကို ယဉ်ကျေး ပျူငှာစွာဖြင့် ချက်ချင်း ပြန်လည်ဖြေကြားရန်
- ရင်းနှီးမြှုပ်နှံမှုများအပေါ် တိကျသည့် နောက်ဆုံး သတင်းအချက် အလက်များကို ဖြန့်ဝေပေးရန်
- ရင်းနှီးမြှုပ်နှံသူများ၏ စီမံကိန်းများ အကောင်အထည်ဖော်ရာ တွင် ကူညီပေးရန်

ကျွန်ုပ်တို့သည် သက်ဆိုင်သည့် စုံစမ်းမေးမြန်းမှုများကို ဖြေကြားပေးရန်နှင့် လျှောက်လွှာ များကိုအကဲဖြတ်ခြင်းအား ပြည့်စုံသည့် သတင်းအချက်အလက်များကို ရရှိသည့်နေ့မှ အောက် ဖော်ပြပါ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ပြီးစီးစေရန် အတွက် ကတိပြု ပါသည်-

- ဝဘ်ဆိုဒ်မှတဆင့် ရရှိသည့် စုံစမ်းမေးမြန်းမှုများ - အလုပ်လုပ်ရက် ၂ ရက်
- ကုန်ထုတ်လုပ်မှု လိုင်စင်
  - ပုံမှန်လမ်းကြောင်း - ၄ ပါတ်
  - အမြန်လမ်းကြောင်း - အလုပ်လုပ်ရက် ၇ ရက်
- ကင်းလွတ်ခွင့်/သက်သာခွင့်များ - ၆ ပါတ်
- အကောက်ခွန်မှ အခွန်ကင်းလွတ်ခွင့်များ - ၄ ပါတ်
- အခြေခံ အချက်အချာ - ၆ ပါတ်
- ဒေသတွင်းရုံးခွဲ နှင့် ကိုယ်စားလှယ် ရုံး - ၄ ပါတ်
- ကျွမ်းကျင်ပညာရှင် ရာထူးများ
  - ပုံမှန်လမ်းကြောင်း - ၄ ပါတ်
  - အမြန်လမ်းကြောင်း - အလုပ်လုပ်ရက် ၇ ရက်

*Source:* http://www.mida.gov.my/home/client-charter/posts.

## (ဂ) ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ ထိရောက်မှုရှိရန်အတွက် လိုအပ်ချက်များ

### ၁။ အေဂျင်စီ၏ ဝါစဉ်နှင့် နေရာချထားမှု (status and position)

နိုင်ငံအများစုတွင် IPA များသည် အစိုးရ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီး ဌာနများအောက်တွင် ထားတတ်ကြသည်။ သို့သော် IPA များသည် ပေါင်းစပ်ညှိနှိုင်းပေးရသော တာဝန်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ထူးခြားသောသဘာဝရှိသည့်အားလျော်စွာ IPA များစွာ က လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ခွင့် သို့မဟုတ် ကိုယ်ပိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်ခွင့်ကို (independence or autonomy) တောင်းဆိုလာကြသည်။ ထိရောက်စွာ လည်ပတ်နိုင်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများသည် ကိုယ်ပိုင်

ဆုံးဖြတ် လုပ်ပိုင်ခွင့်ရှိကြပြီး အစိုးရ သို့မဟုတ် နိုင်ငံ့ခေါင်းဆောင်ကို တိုက်ရိုက် အစီရင်ခံကြသည်။ ၎င်းတို့သည် ကော်ပိုရိတ်ဆန်ဆန် (စီးပွားရေးဆန်ဆန်) ရုံးလည်ပတ်မှု အလေ့အထ (corporate office culture)ကို ဖော်ဆောင်နိုင်ကြပြီး အခြားလုပ်ငန်းများမှ ပေးသော လစာနှင့် ယှဉ်နိုင်သော၊ တန်းမီသော လစာများပေး၍ ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများကို ဆွဲဆောင်နိုင်ကြသည်။ အချို့ IPA များသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း အလုပ်အား ပုဂ္ဂလိကသို့ လက်ခွဲလုပ်ကိုင်စေသည်(Daniel and Forneris, 2010)။ ယင်းနည်းလမ်းသည် အစိုးရဘဏ္ဍာငွေကို ချွေတာရာ ရောက်သလို စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကိုသိသော လူပုဂ္ဂိုလ်များကိုသာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ကိစ္စရပ်များကို တာဝန်ယူခိုင်းခြင်းဖြစ်သည်။ သို့သော်ငြား လည်း အခက်အခဲမှာ ပုဂ္ဂလိကပိုင် IPA များသည် အများသုံးဝန်ဆောင်မှုကို ပေးအပ်ရသော်လည်း အစိုးရဌာနများနှင့် ညှိနှိုင်းရာတွင်အကန့်အသတ်များစွာ ရှိပါသည် (UNCTAD, 2001)။

ဆိုခဲ့ပြီးသလိုပင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများသည် စီးပွားရေး၊ စက်မှု၊ စီမံကိန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး သို့မဟုတ် နိုင်ငံခြားရေး ဝန်ကြီးဌာနများ အောက်တွင် ထားရှိကြသည်။ အဆိုပါ ဝန်ကြီးဌာနများသည် အေဂျင်စီများ၏ ဘဏ္ဍာငွေကို ခွဲဝေသုံးစွဲစေသည်။ ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများ၏ အကြီးအကဲများသည် သက်ဆိုင်ရာဝန်ကြီးဌာနကို အစီရင်ခံပြီး ဝန်ကြီး ဌာနသည် ဘဏ္ဍာရေးဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ပိုင်ခွင့်ရှိသည်။ ဥပမာ-တရုတ် ပြည်သူ့သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ (China"s Investment Promotion Agency) သည် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန အောက်တွင်ရှိပြီး ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ (Viet Nam's Foreign Investment Agency) သည် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနအောက်တွင် ထားရှိသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အောက်တွင် ထားရှိသည်။ အချို့ IPA များကို နိုင်ငံတော်သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်ရုံးက တိုက်ရိုက်ကွပ်ကဲပြီး လက်ရှိတွင် ပါကစ္စတန်နှင့် ထိုင်း နိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့တို့လည်း ပါဝင်ပါသည်။ အဆိုပါနည်းလမ်းသည် အေဂျင်စီ၏ အရေးပါမှုကို မြှင့်မားစေသည်။ အထူးသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေပါသည်။ သို့သော် အားနည်းချက်မှာ ဆုံးဖြတ်ချက်များသည် အစိုးရ၏ ထိပ်ပိုင်းအကြီးအကဲ၏ ဝင်ရောက် ဖြေရှင်းပေးမှု အပေါ် များစွာမူတည်နေတတ်ပါသည်။ လွတ်လပ်သောအေဂျင်စီများသည် ပြည်သူ့ ဘဏ္ဍာငွေ အပေါ် မှုခိုနေရသေးသော်လည်း အစိုးရ-ပုဂ္ဂလိက ဘုတ်အဖွဲ့ ဒါရိုက်တာများမှ တဆင့် အစီရင်ခံ တင်ပြကြသဖြင့် ငွေကြေးပိုင်း အချုပ်အနှောင် သိမရှိပေ (UNCTAD, 2001)။

အချို့ IPA များသည်နိုင်ငံတကာအကူအညီ အပါအဝင် ဝန်ဆောင်မှုများအပေါ် ကောက်ခံသည့် ဆောင်ရွက်ခများဖြင့် ၎င်းတို့၏ ဘတ်ဂျက်ဝင်ငွေ ပိုမိုသုံးစွဲနိုင်သည်။ ဥပမာ- IPA များက ၎င်း၏ ဝန်ဆောင်မှု များဖြစ်သော စီးပွားရေး ဝန်ဆောင်မှုများ၊ ဥပဒေဆိုင်ရာ အကူအညီ၊ လုပ်ငန်းဖြစ်နိုင်ခြေရှိ၊ မရှိ လေ့လာမှု များတွင် အကူအညီပေးခြင်းနှင့် အရည်အချင်းရှိသော ပြည်တွင်းဝန်ထမ်းများ ကူညီရွေးထုတ် ပေးခြင်းတို့ အတွက် ဝန်ဆောင်ခများ ကောက်ခံတတ်ကြသည်။ သို့သော်လည်း အဆိုပါဝန်ဆောင်မှုများအတွက် ရင်းနှီး မြှုပ်နှံသူ သို့မဟုတ် အစိုးရမှ မည်သည့်နှုန်းထားဖြင့်ပေးရမည့်အပေါ် အငြင်းပွားစရာဖြစ်ပါသည် (UNCTAD, 2001)။ ဝန်ဆောင်ခသတ်မှတ်ချက်မှာ အိမ်ရှင်နိုင်ငံ/တည်နေရာသည် ရင်းနှီးမြှုပ်နှံသူအတွက် မည်မျှ ဆွဲဆောင်မှုရှိသည်ဆိုသည့် အခြေအနေအပေါ် မူတည်နိုင်ပါသည်။ ရင်နှီးမြှုပ်နှံမှု ဝန်းကျင်ကောင်း များ ရှိသောနိုင်ငံ၊ ဒေသများသည် ရင်နှီးမြှုပ်နှံမှုဝန်းကျင် ညံ့သောနိုင်ငံ၊ ဒေသများထက် ဝန်ဆောင်မှုများ

အပေါ် ဆောင်ရွက်ခများ ပိုမိုကောက်ခံနိုင်ကြသည်။ အကြောင်းမှာ အခြားသော အားနည်းချက်များ ရှိသော ကြောင့် ဝန်ဆောင်ခ များကို လျှော့ကောက်ရပါသည်။

နိုင်ငံကြီးများ၊ စီးပွားရေးအင်အားကြီးနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးများ၊ ပြည်နယ်များ သို့မဟုတ် မြို့များတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီရုံးခွဲများ၏ ဖွဲ့စည်းလာကြသည်(box 6.5)။ နိုင်ငံတစ်နိုင်ငံထဲမှာပင် ဒေသ၊ တည်နေရာများအလိုက် အားနည်းချက်များနှင့် အားသာချက်များ မတူကွဲပြားနေတတ်သဖြင့် ဒေသအဆင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများကို ဖွဲ့စည်းနိုင်ပါသည်။ ဒေသအဆင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီရုံးခွဲများသည် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရာတွင် အထောက်အကူ ဖြစ်စေသော်လည်း နိုင်ငံအဆင့် IPA က ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးပြီးနောက် ဝင်ရောက်လာသည့်အခါလွယ်ကူအဆင်ပြေ ချောမွေ့စေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ဖော်စဉ်တလျှောက်အကူအညီပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအသုံးဝင်ပါသည်။ VCC (2009) က အလယ်အလတ်၊ ငွေကြေးမတတ်နိုင်သော တက်သစ်စ နိုင်ငံများမှ မြို့များအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လက်စွဲစာအုပ် တစ်ခုကို ရေးသား ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်တွင် မြို့နယ်အဆင့် IPA များအကြောင်းပါ အခန်းတစ်ခုတွင် ဖော်ပြပါရှိပါသည်။

ဒေသအဆင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများသည် နိုင်ငံအဆင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ အခွဲများ ဖြစ်နိုင်သော်လည်း များသောအားဖြင့် မဟုတ်တတ်ကြပေ။ ဒေသ အသီးသီးမှ IPA များအကြား ရင်းနှီးမြှုပ်နှံမှုအား အပြိုင်ဆွဲဆောင်ခြင်းသည် နိုင်ငံအဆင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပါသည် (Zanatta et. al, 2006)။ နိုင်ငံအဆင့် IPA များသည် ဒေသအလိုက် IPA များကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်သလို မလိုလားအပ်သော ယှဉ်ပြိုင်မှုများ မဖြစ်ပေါ်လာအောင်လည်း ထိန်းသိမ်းပေးပြီး ရင်းနှီးမြှုပ်နှံသူများကိုလည်း ဒေသ IPA များနှင့် ချိတ်ဆက်ညွှန်ကြားပေးပါသည် (UNCTAD, 2001)။ သို့သော် လက်တွေ့တွင် အဆိုပါ ပေါင်းစပ်ညှိနှိုင်းမှု အလုပ်များမှာ ခက်ခဲလေ့ရှိပြီး အလုပ်ဖြစ်မည့် ဆက်သွယ်ရေး လမ်းကြောင်း တစ်ရပ် ချမှတ်ကျင့်သုံးရန် လိုအပ်ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ESCAP ၏ ၂၀၀၀-၂၀၀၂ ခုနှစ် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးခြင်းစီမံကိန်း[102] အကောင်အထည်ဖော်စဉ် ကာလ အတွင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် ပြည်နယ်ကော်မတီများ၏ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဌာနများ အကြား ပေါင်းစပ်ညှိနှိုင်းမှုသည် ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအေဂျင်စီများ အကြား ချိတ်ဆက်မှုထက် ပိုမိုပြဿနာ ကြီးမားခဲ့သည်ကို တွေ့ရှိရပါသည်။ အလားတူ ပြဿနာမျိုးကို ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံတို့တွင်လည်း တွေ့ရှိရပါသည်။

[102]Forum for the Comprehensive Development of Indo-China, phase V. This is a large-scale programme of assistance funded by the Government of Japan.

**ဖယားကွက် ၆.၅. ဒေသန္တရ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ ဥပမာ: Zhejiang အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စင်တာ၊ တရုတ်**

Zhejiang အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စင်တာ ကို Zhejiang ခရိုင် ပြည်သူ့အစိုးရ၏ ခွင့်ပြုချက်ဖြင့် ၂၀၀၁ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် နိုင်ငံပိုင် အဖွဲ့အစည်းတစ်ခု အနေဖြင့် စင်တာသည် Zhejiang ခရိုင်၏ စက်မှုဆိုင်ရာ မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို မိတ်ဆက်သည့် အရေးပါသော လုပ်ငန်းတာဝန်တစ်ခုကို ထမ်းဆောင်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်းနှင့် ဒေသတွင်း စီးပွားရေး လုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ လုပ်ငန်းများ အဖြစ် ရောက်ရှိစေရေး အားပေးကူညီ ဆောင်ရွက်ခြင်း တို့ကိုလည်း ဆောင်ရွက် ပါသည်။ ဝန်ဆောင်မှု စနစ်သစ်တစ်ခု ဖြစ်သည့် "One Acceptance, Whole Services" နှင့်အတူ စင်တာကို ဌာန ၈ ခုဖြင့် ဖွဲ့စည်းထားပါသည်။ အဆိုပါ ဌာနများမှာ စီမံဌာန၊ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး ဌာန၊ ပြင်ပ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာန၊ ဆက်ဆံရေး ဌာန၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ပြည်သူ့ဝန်ဆောင်မှု နေရာ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အတွက် Zhejiang တိုင်ကြားရေး စင်တာ (တိုင်ကြားမှုများကို အရေးယူဆောင်ရွက်သည့် ဌာန)၊ Zhejiang နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှု စင်တာ၊ Zhejiang စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖလှယ်ရေး ဝန်ဆောင်မှု စင်တာတို့ ဖြစ်ပြီး နောက်ဆုံးဌာန ၂ ခုကို ခရိုင်တစ်ဝှမ်း ရုံးခွဲများ ဖွင့်လှစ်ထားရှိပြီး တစ်နိုင်ငံလုံး စီးပွားရေး ကွန်ယက်ကို ချဲ့ထွင်ထားပါသည်။

အဓိက တာဝန်ဝတ္တရားများမှာ-

(၁) နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ဥပဒေများနှင့် စည်းမျဉ်းများ၊ Zhejiang ဒေသ၏ စက်မှု လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ရင်းနှီး မြှုပ်နှံမှု ဝန်းကျင်ကို မိတ်ဆက်ခြင်း၊

(၂) နိုင်ငံခြား အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူ များ၏ Zhejiang ဒေသတွင်း စီးပွားရေး ခရီးစဉ်များကို ကူညီပေးခြင်း၊ စီမံကိန်းများ မြှင့်တင်ခြင်းနှင့် စီမံကိန်း ပြီးနောက် ဝန်ဆောင်မှုမှ တဆင့် အဆင့်မြင့် စီမံကိန်းများ အကောင်အထည် ဖော်ရန်အတွက် Zhejiang ခရိုင်၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ စီရင်စုအဆင့် မြို့များ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဗျူရို နှင့် စီးပွားရေးဇုန်များသို့ ထောက်ပံ့ပေးရန်၊

(၃) ခရိုက်အစိုးရမှ အားပေးထောက်ခံသည့် "Go Global" မဟာဗျူဟာကို အကောင်အထည်ဖော်ရန်၊ ပြည်ပတွင် စာရင်းသွင်းသည့် ကုမ္ပဏီဖြစ်ရန်၊ နိုင်ငံဖြတ်ကျော် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ စီမံကိန်းများ စာချုပ်ချုပ် ဆိုရန်နှင့် လုပ်သားများ ပို့ဆောင်ရန် ရည်မှန်းထားသည့် ဒေသတွင်း လုပ်ငန်းများ အတွက် ထောက်ပံ့ပေးသော အခြေအနေများ ဖန်တီး ပေးရန်၊ နိုင်ငံတကာ အဆင့် သို့ ရောက်ရှိရန်အတွက် ကုန်ကျစရိတ်များ သက်သာစေရေး ကူညီပေးရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ဆောင်မှုများကို ကမ်းလှမ်းပေးရန်၊

(၄) ပြည်တွင်း ပြည်ပ နှစ်ခုစလုံးတွင် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ချက်များ ပြုလုပ်ခြင်းဖြင့် ရင်းနှီး မြှုပ်နှံမှု နှစ်မျိုးလုံးကို မြှင့်တင်ရန်၊

(၅) နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှုများ ထောက်ပံ့ ပေးရန်၊ ဥပမာ အနေဖြင့် စီမံကိန်း အတွက် တိုင်ပင်ဆွေးနွေးခြင်း၊ နည်းပညာ လေ့လာအကဲဖြတ်ခြင်း၊ ဈေးကွက် လေ့လာ ဆန်းစစ်ခြင်း၊ ဖြစ်နိုင်စွမ်းကို လေ့လာခြင်း၊ လုပ်ထုံးလုပ်နည်း ကိုယ်စားလှယ်၊ အုပ်ချုပ်မှုဆိုင်ရာ လျှောက်လွှာ နှင့် ခွင့်ပြုမိန့်၊

(၆) Zhejiang ခရိုင်အတွင်း နိုင်ငံခြား ကိုယ်စားလှယ် ရုံးခွဲများနှင့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် ဖွဲ့စည်းတည်ထောင်ခြင်းတို့အတွက် အေဂျင့်ဝန်ဆောင်မှု ပေးခြင်း နှင့် တရုတ်အလုပ်သမားများအတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများပေးခြင်း၊

(၇) ပြည်တွင်း အဖွဲ့အစည်းများအတွက် လူ့စွမ်းအား အရင်းအမြစ် ပြင်ပဝန်ဆောင်မှုများ ထောက်ပံ့ ပေးခြင်း၊ ဥပမာအားဖြင့် နိုင်ငံပိုင်အဖွဲ့အစည်းများ၊ နိုင်ငံပိုင် မဟုတ်သည့် လုပ်ငန်းများနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၊

(၈) အကြီးတန်း ပုဂ္ဂိုလ်များအတွက် ပြည်ပ သင်တန်းနှင့် စီးပွားရေး သင်တန်း၊ နှင့် စပ်လျဉ်း၍ ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေး နည်းလမ်း နှစ်မျိုးလုံးကို စီစဉ် ဆောင်ရွက်ရန်၊ တစ်နိုင်ငံလုံးဆိုင်ရာ ကုန်စည်

ပို့ဆောင်ရေး အရည်အချင်း စစ်ဆေး၍ အထောက်အထား လက်မှတ်ထုတ်ပေးရန် နှင့် အလုပ်သမား စေလွှတ်ရန်တို့ကို စီစဉ် ဆောင်ရွက်ရန်၊ ပြည်ပ စီးပွားရေးနှင့် စပ်လျဉ်း၍ ဖိုရမ် အမျိုးမျိုး ကို စီစဉ် ကျင်းပရန်၊

(၉) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ တိုင်ကြားချက်များကို ကိုင်တွယ် ဖြေရှင်းရန်၊ တရားစွဲဆိုမှု ဆိုင်ရာ နှင့် အနုညာတဆိုင်ရာ ခုံရုံးဆိုင်ရာ ကိစ္စရပ်များတွင် ကိုယ်စားလှယ် ဝန်ဆောင်မှုနှင့် ဥပဒေ ဆွေးနွေး ညှိနှိုင်းမှု များကို ထောက်ပံ့ ဆောင်ရွက်ပေးရန်၊

(၁၀) နိုင်ငံတော်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆက်သွယ် ဆောင်ရွက်ခြင်းနှင့် ညွှန်ကြားခြင်း၊ တိုင်ကြားချက်များ ကိုင်တွယ် ဖြေရှင်းရေး အဖွဲ့အစည်းများ အနေဖြင့် တာဝန်ယူဆောင်ရွက်ခြင်းအပြင် ခရိုင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဇုန်များအတွက်လည်း တာဝန်ယူ ဆောင်ရွက်ခြင်း၊

*Source:* http://www.zjfdi.com/news/20131114/n41851672.html.

နောက်ဆုံးအနေဖြင့် အလားအလာကောင်းသော ရင်းနှီးမြှုပ်နှံသူများကို ထိထိမိမိဆက်သွယ် ချိတ်ဆက်နိုင်ရန် အလို့ငှာ ပြည်ပရုံးခွဲများကို IPAများက တည်ထောင်လာကြသည်။ ပြည်ပရုံးခွဲများသည် အလားအလာကောင်းသော ရင်းနှီးမြှုပ်နှံသူများကို ရွေးချယ်ချဉ်းကပ်နိုင်ကြပြီး ပုံရိပ်ကောင်း ဖော်ဆောင်ခြင်း နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ပါသည်။ သို့သော် ပြည်ပရုံးခွဲများသည် စရိတ်စက ကြီးမားသည့်အတွက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် မတတ်နိုင်ကြပေ။UNCTAD survey (2001) အရ အာရှ-ပစိဖိတ်ဒေသမှ အေဂျင်စီ (၅)ခုအနက် တစ်ခုသာလျှင် အိမ်နီးချင်းနိုင်ငံ(၁)နိုင်ငံတွင် ပြည်ပ ရုံးခွဲ ဖွင့်လှစ်ထားရှိကြောင်း သိရှိရပါသဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို ပြည်တွင်း၌သာ လုပ်ကိုင်ဆောင်ရွက် သည်ဟု ဆိုနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံစေလိုသော နိုင်ငံများတွင် ရုံးတစ်ရုံး သပ်သပ် ဖွင့်လှစ်ရန်တော့ အမြဲလိုသည် မဟုတ်ပေ။ ပြည်ပသံရုံးများတွင်အရည်အချင်းပြည့်မီသော၊ စွမ်းဆောင်နိုင်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အရာရှိ (၁) ဦး၊ (၂)ဦးလောက် ထားရှိလျှင် လုံလောက်ပါ သည်။ IPA များသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို အကြံပေးလုပ်ငန်း အထူးပြုသော အဖွဲ့ အစည်း များကို ငှားရမ်းအသုံးပြုကြပြီး အသုံးစရိတ်ချွေတာရာ ရောက်နိုင်ပါသည်။

အစိုးရဖွဲ့စည်းပုံအတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီအား ထည့်သွင်းဖွဲ့စည်းပုံ အခြေခံအား ဖြင့် ပုံစံ(၄)မျိုး ရှိပါသည်။

(က) အဓိကဝန်ကြီးဌာနတစ်ခုနှင့် ချိတ်ဆက်ထားသော ဌာနတစ်ခု (ဥပမာ- စက်မှု၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ စီမံကိန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားရေး)

(ခ) ဝန်ကြီးချုပ်ရုံး သို့မဟုတ် သမ္မတရုံးမှ ဌာနတစ်ခု

(ဂ) သီးခြားဝန်ကြီးဌာန[103]

(ဃ) လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရ အေဂျင်စီ

အမျိုးအစားတစ်ခုစီ၏ အားသာချက်နှင့် အားနည်းချက်များကို ဇယား ၆.၁ တွင် ကြည့်ရှုနိုင်ပါသည်။

[103]This type has become increasingly rare. In Viet Nam before, the Ministry of Planning and Investment was responsible for investment promotion until it established the specialized Foreign Investment Agency within MPI. In Sri Lanka, there is a Ministry for Enterprise and Investment Promotion which nominally oversees the Board of Investment but the Ministry actually in charge of FDI is the Ministry of Finance.

**ဇယား ၆.၁. IPA အဆင့်အတန်း အမျိုးအစား အမျိုးမျိုး၏ အားသာချက်များနှင့် အားနည်းချက်များ**

| (၁) တည်ဆဲ ဝန်ကြီးဌာနတစ်ခု၏ ကောင်းမွန်သော ဌာနအနေဖြင့် တည်ရှိခြင်း | |
|---|---|
| **အားသာချက်များ** | **အားနည်းချက်များ** |
| • အစိုးရအဖွဲ့အတွင်း IPA ၏ အဆင့် အတန်းသည် အခြားသော အပိုင်း တို့နှင့် ရှင်းလင်း ကွဲပြားပါသည်။<br><br>• ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် ဝန်ကြီးဌာနတွင်း မူဝါဒကို ကောင်းစွာ လွှမ်းမိုးမှုထားပါသည်။ ပြဿနာများကို ဝန်ကြီးဌာနတွင်း ဖြေရှင်းနိုင်သဖြင့် ရည်ရွယ်ချက်များ နှင့် အစီအစဉ်များ ယှဉ်ပြိုင် ရနိုင် သည့် အစိုးရ အေဂျင်စီများ အကြား ဆွေးနွေးမှုများကို ရှောင်ရှားနိုင် ပါသည်။<br><br>• ဝန်ကြီး အနေဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းအား ဦးစားပေးတစ်ခု အနေဖြင့် ရှုမြင်နိုင်ပါသည်။ အသစ် တည်ထောင်ထားသည့် IPA အနေ ဖြင့် ဝန်ကြီးဌာန ဝါစဉ်သို့ ထပ်မံ ဖြည့်စွက်သောကြောင့် ရင်းနှီး မြှုပ်နှံ မှု ဆိုင်ရာ ပြဿနာများ အတွက် ဝန်ကြီး အနေဖြင့် ခိုင်မာသည့်အဘော မျိုး ခံစားရမည် ဖြစ်ပါသည်။<br><br>• ကိစ္စအများစုတွင် IPA တစ်ခုအား တည်ဆဲ ဝန်ကြီးအတွင်း ဥပဒေ သတ်မှတ်ချက် မလိုဘဲ တည်ထောင် နိုင်ပါသည်။ | • ဝန်ကြီးဌာနဆိုင်ရာ ရုံးခန်း တစ်ခုအနေဖြင့် အောင်မြင်သည့် IPAs အများစုကဲ့သို့ စီးပွားရေး လုပ်ငန်း ဦးစားပေး ဆောင်ရွက် သည့် ယေဘုယျ ပုံစံနှင့် ကောင်းစွာ သင့်လျော် မှု မရှိနိုင်ပေ။<br><br>• ပြည်သူ့ ဝန်ဆောင်မှု လုပ်ထုံးလုပ်နည်း များမှာ နှေးကွေး၍ ခက်ခဲနိုင်ပါသည်။ IPA တစ်ခု သည် ဘတ်ဂျက်ကို ခွဲဝေချထားရန် အတွက် ဗဟို ဘဏ္ဍာရေး အဖွဲ့အစည်းမှ ဆုံးဖြတ်ချက် တစ်ခုချင်းစီ ရယူရန် မလိုအပ်ဘဲ ဘဏ္ဍာရေး ဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရရန် လိုအပ်ပါ သည်။ ဥပမာအနေဖြင့် အမှုဆောင်အရာရှိ သည် ဝန်ကြီးဌာန သို့မဟုတ် ပြည်သူ့ ဝန်ဆောင်မှုရှိ အခြားသော သူများကို ရည်ညွှန်းရန် မလိုဘဲ ဝန်ထမ်းတစ်ဦးအနေဖြင့် နိုင်ငံခြား ခရီး တစ်ခုကို သတ်မှတ်နိုင်ရမည် ဖြစ်သည်။<br><br>• ပုဂ္ဂလိက ကဏ္ဍအတွေ့အကြုံရှိသည့် ကျွမ်း ကျင်သူများကို အစိုးရ အဖွဲ့အစည်းတွင် အလုပ်လုပ်ရန်အတွက် ခန့်ထားရာတွင် ပိုမို ခက်ခဲနိုင်ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ အောင်မြင် သည့် IPAs အများစုတွင် အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ခုလုံးမှ ကျွန်းကျင်သည့် ပုဂ္ဂိုလ်များအား ပေါင်းစပ် ထားပါသည်။ |

| (၂) အစိုးရအဖွဲ့အကြီးအကဲ/နိုင်ငံ အကြီးအကဲ၏ ရုံးအောက်တွင် IPA ကို ဖွဲ့စည်းခြင်း | |
|---|---|
| **အားသာချက်များ** | **အားနည်းချက်များ** |
| • ဝန်ကြီးချုပ် သို့မဟုတ် သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုရုံး အောက်တွင် ဖွဲ့စည်းခြင်းဖြင့် IPA ၏ အဆင့် အတန်းကို မြှင့်တင်နိုင်မည် ဖြစ်ပြီး IPA ၏ လွှမ်းမိုးနိုင်မှု အလားအလာ ကိုလည်း မြှင့်တင်နိုင်ပါသည်။<br>• IPA သည် မည်သည့် ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်တွင် ပူးတွဲခြင်း မရှိသော ကြောင့် ဝန်ကြီးဌာနများ အကြား ပူးပေါင်း ဆောင်ရွက်မှုကို ပိုမို အားကောင်း စေနိုင်ပြီး ထိရောက် သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကောင်အထည် ဖော်ရေး တို့အတွက် စွက်ဖက်သည့် ဝန်ကြီးဌာနများ ပြောင်းလဲမှုအတွက် ကိစ္စရပ်များကို ငြင်းခုံ နိုင်မည် ဖြစ်ပါသည်။ အခြား သော ဝန်ကြီးဌာနများအနေဖြင့် IPA အား အပြိုင် ဝန်ကြီးဌာန တစ်ခု၏ အေဂျင်စီ အနေဖြင့် ကြည့်မြင်မှု လျော့နည်းသွားမည် ဖြစ်ပါသည်။<br>• DI သည် အစိုးရအတွက် ဦးစားပေး အနေဖြင့် အချက်ပြမှု တစ်ခု ပေးပို့ နိုင်သောကြောင့် IPA သည် အစိုးရ၏ ဗဟိုတွင် တည်ရှိနေခြင်းကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နှစ်သက် လေ့ရှိကြပါသည်။<br>• IPA ကို အထူး ဥပဒေပြဋ္ဌာန်းချက် မလိုအပ်ဘဲ တည်ထောင်နိုင်ပါသည်။ | • များပြားလှသော လုပ်ရိုးလုပ်စဉ် ဆုံးဖြတ်ချက် များကိုလည်း တာဝန်ကြီးလေးသည့် အစိုးရ အဖွဲ့ဝင်များထံသို့ ရည်ညွှန်းလိမ့်မည် ဖြစ် သဖြင့် အန္တရာယ်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အဆိုပါ ဆုံးဖြတ်ချက်များသည် နောက်ကျ နိုင်ပါသည်။ ထို့ပြင် လုပ်ငန်း လည်ပတ်မှု ဆုံးဖြတချက်များသည် IPA ဝန်ထမ်းတွင် တာဝန်ရှိသည့်ဆိုသည့် အမြင်ကို လျော့နည်း စေပါသည်။<br>• IPA သည် ပြည်သူ့ဝန်ဆောင်မှု လုပ်ထုံး လုပ်နည်းများဖြင့် ကန့်သတ် နိုင်သဖြင့် လုပ်ငန်း ဆောင်ရွက်မှုကို နှေးကွေးစေပြီး အခက်အခဲ ဖြစ်စေနိုင်ပါသည်။ IPA တစ်ခု သည် ဘတ်ဂျက်ကို ခွဲဝေချထားရန်အတွက် ဗဟို ဘဏ္ဍာရေး အဖွဲ့အစည်းမှ ဆုံးဖြတ်ချက် တစ်ခုချင်းစီ ရယူရန် မလိုအပ်ဘဲ ဘဏ္ဍာရေး ဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရန် လိုအပ်ပါ သည်။<br>• ပုဂ္ဂလိက ကဏ္ဍအတွေ့အကြုံရှိသည့် ကျွမ်း ကျင်သူများကို အစိုးရ အဖွဲ့အစည်းတွင် အလုပ်လုပ်ရန်အတွက် ခန့်ထားရာတွင် ပိုမို ခက်ခဲနိုင်ပါသည်။ အောင်မြင်သည့် IPAs အများစုတွင် အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ခုလုံးမှ ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များအား ပေါင်းစပ် ထားပါသည်။<br>• စီမံကိန်းကြီးများကို ညှိနှိုင်းရာတွင် စီးပွားရေး စံနှုန်းများထက် ကာလတို နိုင်ငံရေး စဉ်းစားမှု များ လွန်ကဲစွာ လွှမ်းမိုးမှုကို ရှောင်ရှားရန် ခက်ခဲပါသည်။ ၎င်းသည် လွန်မင်းစွာ ရက်ရက်ရောရော လိုက်လျောစွာ ခွင့်ပြုရန် အတွက် ဖိအားပေးမှုများ ဖြစ်ပေါ်စေ ပါသည်။ |

| (၃) သီးခြား ဝန်ကြီးဌာန | |
|---|---|
| **အားသာချက်များ** | **အားနည်းချက်များ** |
| • IPA သည် ကိုယ်ပိုင် ဘတ်ဂျက်ဖြင့် ကိုယ်ပိုင်အထောက်အထား ရှိပါသည်။ အခြားသော ဝန်ကြီးဌာန၏ တွဲဖက် ထက် ကိုယ်ပိုင် အခွင့်အရေးဖြင့် အစိုးရ၏ အရေးပါသော အစိတ်အပိုင်း တစ်ခု အနေဖြင့် ထင်မြင်နိုင်ပါသည်။<br>• IPAသည် အစိုးရအတွင်း ဆွေးနွေးမှု များ ပြုလုပ်နိုင်ရန်အတွက် ကိုယ်ပိုင် ဝန်ကြီး ရှိပါသည်။<br>• ဝန်ကြီးဌာန တစ်ခုအတွင်းရှိ အဖွဲ့ တစ်ခုဖြစ်ပါက အကန့်အသတ် ရှိနိုင် သည့် အခြား အစီအစဉ်များ၏ လွှမ်းမိုးမှု မရှိဘဲ ရင်းနှီးမြှုပ်နှံသူ တစ်ဦးချင်းစီ၏ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ပါသည်။ | • IPA သည် ဘတ်ဂျက်နှင့် ဝါစဉ်အရ ဝန်ကြီး ဌာနငယ်တစ်ခု ဖြစ်လိမ့်မည် ဖြစ်ပြီး အဆိုပါ အချက်ကြောင့် အကန့်အသတ်ရှိသော အခြေအနေဖြင့် ဝန်ကြီးတစ်ဦးမှ ဦးဆောင် ရလိမ့် ဖြစ်ပါသည်။ ဝန်ကြီးဌာနအား FDI ကိစ္စများကို ဆုံးဖြတ်ရန်လည်း လုံလောက် သည့် ဩဇာအာဏာမရှိသည့် အငယ်တန်း ဝန်ကြီးမှ ဦးဆောင်နိုင်ပြီး ပိုမို ကြီးမားသည့် ဝန်ကြီးဌာနကို အစီရင်ခံ ရနိုင်ပါသည်။<br>• IPA အနေဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ထုံး လုပ်နည်းများ အတိုင်း လည်ပတ်ရနိုင် ပါသည်။ ရလဒ်အနေဖြင့် ဗဟို ဘဏ္ဍာရေး အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏ ဘတ်ဂျက် ကို ခွဲဝေချထားရာတွင် ဘဏ္ဍာရေး ကိုယ်ပိုင် စီစဉ် အုပ်ချုပ်ခွင့် မရှိနိုင်ပေ။<br>• IPA ၏ အစိုးရဌာန အဆင့်အတန်းသည် ပုဂ္ဂလိက ကဏ္ဍ အတွေ့အကြုံရှိသည့် ကျွမ်း ကျင်သူများကို ခန့်ထားရန် ခက်ခဲလိမ့်မည် ဖြစ်သည်။<br>• အဆိုပါ ဖွဲ့စည်းပုံသည် IPA ကို ကာလတို နိုင်ငံရေး အခြေအနေများကို ပိုမို သတိထား ရလိမ့်မည် ဖြစ်သည်။ အဆိုပါ အခြေအနေ သည် အလားအလာ များစွာရှိသည့် ရင်းနှီး မြှုပ်နှံသူများနှင့် ဆွေးနွေးရာတွင် အကျိုး သက်ရောက် စေနိုင်ပါသည်။ ထို့ကြောင့် IPA အနေဖြင့် ကြီးမားသည့် စီမံကိန်းများအတွက် နေရာချထားခြင်းမှ စီမံကိန်း၏ ရေရှည် စီးပွားရေး အကျိုးအမြတ်ထက် ကာလတို နိုင်ငံရေး အကျိုးအမြတ်ကိုသာ အာရုံ စူးစိုက် နိုင်ပါသည်။ ရလဒ်အနေဖြင့် အလွန်အမင်း လိုက်လျောမှုများအား နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံသူထံကို ကမ်းလှမ်းရနိုင်ပါသည်။ |

| (၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အေဂျင်စီ | |
|---|---|
| **အားသာချက်များ** | **အားနည်းချက်များ** |
| • IPA သည် ကွဲပြားသည့်သတ်မှတ်ချက် တစ်ခုရှိပြီး ကိုယ်ပိုင် ဘတ်ချက်၊ ကိုယ်ပိုင် အမှုဆောင် အရာရှိချုပ်နှင့် ဘုတ်အဖွဲ့ ရှိပါသည်။<br>• အစိုးရအဖွဲ့အစည်းထက် ပိုမိုပျော့ပြောင်း သည့် လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်နိုင်ပါသည်။အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ခုလုံးမှ ဝန်ထမ်းများ ငှားရမ်း နိုင်ပါသည်။ လိုအပ်သည့် အသုံးစရိတ် များကို ခွင့်ပြု နိုင်ပါသည်။<br>• IPAအနေဖြင့် စီးပွားရေး အသိုက် အဝန်းတွင် အပြောင်းအလဲအတွက် လူသိရှင်ကြား စည်းရုံးရာတွင် အစိုးရ ဌာန တစ်ခုတွင် ထည့်သွင်းထားခြင်း ထက် ပိုမို ကောင်းမွန်နိုင်ပါသည်။<br>• သီးခြားတည်ရှိပြီး တာဝန်ခံမှုရှိသော ဌာနအနေဖြင့် IPA ၏ စွမ်းဆောင် ရည်သည် လွှတ်တော်နှင့် အများ ပြည်သူ စိစစ်ရန်အတွက် ပိုမို ပွင့်လင်း နိုင်ပါသည်။<br>• စွမ်းဆောင်ရည်ရှိသော ပုဂ္ဂလိကကဏ္ဍ မှ ခေါင်းဆောင်များကိုလည်း ဘုတ် အဖွဲ့တွင် ပါဝင်ရန် ဆွဲဆောင်နိုင်ပြီး ပြည်သူ့ဝန်ဆောင်မှု စည်းကမ်းချက် များထက် ပုဂ္ဂလိကကဏ္ဍဝန်ထမ်း များကို စာချုပ်ချုပ်၍ ခန့်ထားနိုင် ပါသည်။ | • ယခုပုံစံသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့် သဘော တရားနှင့် အကျွမ်းတဝင် မရှိသော အစိုးရအောက်တွင် ကောင်းစွာ မလည်ပတ် နိုင်ပါ။ အစိုးရ၏ အောက်တွင်ရှိသော အေဂျင်စီ ကဲ့သို့ မူဝါဒဆိုင်ရာ လွှမ်းမိုးမှုတွင် မတူညီ နိုင်ပါ။ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အေဂျင်စီ အနေဖြင့်တည်ထောင်ရန် ဖြစ်နိုင်ချေ မရှိ ဖြစ်တတ်ပါသည်။<br>• IPA တွင် ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုရန်၊ စီးပွားရေး လုပ်ပိုင်ခွင့်များ အတည်ပြုရန်၊ အခြားသော အစိုးရဌာနများမှ တာဝန်ရှိသည့် ခွင့်ပြုမိန့်များ ထုတ်ပေးရန် လုံလောက်သည့် အာဏာ မရရှိပါက ယခု ပုံစံသည် ကောင်းစွာ ကျင့်သုံး ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ နောက်ဆက်တွဲ အနေဖြင့် အလားအလာ ရှိသော ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ရယူရာတွင် IPA ကို "One more stop" အနေဖြင့် သတ်မှတ်နိုင်ပါသည်။ |

*Source:* Multilateral Investment Guarantee Agency. *Investment Promotion Toolkit*, No. 2. Developing an Investment Promotion Agency (2000); Daniel and Forneris(2010).

အထက်ဖော်ပြပါ လေ့လာဆန်းစစ်မှု၊ သုတေသနနှင့် အတွေ့အကြုံအရ ဥပဒေအရ ဖွဲ့စည်းထားသည့် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရပြီး ဝန်ထမ်းအင်အားနှင့် အခြားသော အရင်းအမြစ်များ ပြည့်ပြည့်ဝဝ ရရှိသော ဌာန တစ်ခုသည် အခြားသော IPA များထက် ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်သည့် အလားအလာရှိပါသည် (Daniel and Forneris, 2010)။IPA သည် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များပါဝင်သော ကြီးကြပ်ရေး ဘုတ်အဖွဲ့ကို အစီရင်ခံတင်ပြရပါက ၎င်း၏ ထိရောက်မှုမှာ ပိုမိုအားကောင်းလာပါသည်။ အထူးသဖြင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ် အရေအတွက် များများ ပါဝင်လေလေ IPA မှာ ပိုမိုထိရောက် လေလေ ဖြစ်သည်။ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်ခွင့်ရသော ဌာနအနေဖြင့် ဆက်စပ်နေသော ကဏ္ဍအလိုက် ဝန်ကြီးဌာန

များနှင့် အခြားသော ဌာနများနှင့် လည်း ပိုမိုပေါင်းစပ်ညှိနှိုင်းပေးနိုင်ပါသည်။ အထူးသဖြင့် (ဝန်ကြီးချုပ်/ သမ္မတ စသည့်) နိုင်ငံတော် အကြီးအကဲ သို့မဟုတ် အစိုးရအကြီးအကဲအား တိုက်ရိုက်သတင်းပို့ရလျှင် ပိုမို ထိရောက်စွာ ပေါင်းစပ် ညှိနှိုင်းပေးနိုင်ပါသည်။

## ၂။ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှု

အရွယ်အစားကြီးမားသော IPA များက သာလွန်ကောင်းမွန်သည်ဟု ယူဆခြင်းမှာ မှားယွင်းမှု တစ်ခု ဖြစ်သည်။ များသောအားဖြင့် အရည်အချင်းရှိသော ဝန်ထမ်းများနှင့် လုံလောက်သော အရင်းအမြစ်များ ရရှိသည့် IPA များက ဝန်ထမ်းနှင့် အရင်းအမြစ်ပါ များပြား သော IPA များထက် ပိုမိုစွမ်းဆောင်နိုင်ပါသည်။ IPA များတွင် အနိမ့်ဆုံးအားဖြင့် အောက်ဖော်ပြပါ အချက်များနှင့် ပြည့်စုံသင့်ပါသည်။

- ဌာနအကြီးအကဲ၊ အမှုဆောင်အရာရှိချုပ်
- ရင်းနှီးမြှုပ်နှံသူများ၏ စုံစမ်းမေးမြန်းမှုများကို ပြန်ကြားရသည့်အပြင် ရင်းနှီးမြှုပ်နှံရန် အလား အလာ ရှိသူများကိုလည်း ဖော်ထုတ်၍ မေးမြန်းစုံစမ်းမှုများ ပြုလုပ်ရန် တာဝန်ရှိသည့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး မန်နေဂျာ
- ရင်းနှီးမြှုပ်နှံသူအပေါ် စည်းကမ်းထိန်းသိမ်းပေးခြင်း၊ ခွင့်ပြုမိန့်၊ ဥပဒေရေးရာနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် လုပ်ငန်းသစ်များ တည်ထောင်ရာတွင် ကြုံတွေ့ရသည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ်ဖြေရှင်းဆောင်ရွက်မည့် ရင်းနှီး မြှုပ်နှံမှု လွယ်ကူချောမွေ့ စေရေး မန်နေဂျာ
- နေရာဒေသအား မြှင့်တင်ပေးရန်နှင့် ရင်းနှီးမြှုပ်နှံသူများ လိုအပ်သော သတင်းအချက်အလက် များကို ပံ့ပိုး ပေးရန်အတွက် သုတေသနနှင့် ကြော်ငြာရန်အတွက် အထောက်အကူပြု စာရွက်စာတမ်းများ ဖော်ထုတ်ရန် သုတေသန ကြော်ငြာမှုတာဝန်ခံ မန်နေဂျာ

ဘဏ္ဍာငွေ အသုံးစရိတ် လုံလောက်မည်ဆိုပါက ပုံ ၆.၄ တွင် ဖော်ပြထားသည့်အတိုင်း မန်နေဂျာ များ၏ အလုပ်ကို ဝိုင်းဝန်းကူညီပေးမည့် ဝန်ထမ်းများကို IPA အနေဖြင့် ဖြည့်စွက် ခန့်အပ်နိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုရှာဖွေခြင်းနှင့် သုတေသန မန်နေဂျာသည် ရင်းနှီးမြှုပ်နှံသူများအတွက် သက်ဆိုင်မှု ရှိသည့် သုတေသနကို ဆောင်ရွက်ခြင်း၊ ဝက်(ဘ်)ဆိုဒ် တည်ထောင်ခြင်းကို ပြုလုပ်ရပါသည်။ အဆိုပါ မန်နေဂျာသည် နိုင်ငံ/ဒေသဆိုင်ရာ သတင်းအချက်အလက်များကို တစတစ စုဆည်းသိမ်းဆည်းပေးရပါသည်။ ထို့အပြင် နိုင်ငံတွင် ရင်းနှီးမြှုပ်နှံ နေကြသောပြည်တွင်းနှင့်ပြည်ပမှ ထိပ်တန်း ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံ ရေး တည်ဆောက်ခြင်းနှင့် အခြားသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုရှိရပါမည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင် ရေး မန်နေဂျာသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းရပ်များကို တာဝန်ယူဆောင်ရွက်ရသည်။ ဥပမာ အားဖြင့် ပုံရိပ်ကောင်းဖော်ဆောင်ခြင်း (image building)၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာ ချမှတ် ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူရှာဖွေချဉ်းကပ်ခြင်း။ ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး မန်နေဂျာသည် ကွင်း ဆင်း လေ့လာမှုနှင့် ရင်းနှီးမြှုပ်နှံမှုအလွန် ကူညီပံ့ပိုးပေးခြင်း(after-care)များ ဆောင်ရွက်ပေးရပါသည်။

## ကားချပ် ၆.၄ ရင်းနှီးမြှုပ်နှံမှု အေဂျင်စီဌာနခွဲ၏ အခြေခံဖွဲ့စည်းပုံ




*Source*: VCC (2009); Investment Consulting Associates.

အရွယ်အစား သေးငယ်သော IPA များတွင် ဝန်ထမ်းအရေအတွက် အကန့်အသတ်ရှိသောကြောင့် အရင်းအမြစ်များကိုလည်း ထိရောက်စွာ အသုံးပြုသင့်ပသည်။ IPAများသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်သင့်သည့်အပြင် ရင်းနှီးမြှုပ်နှံလိုသူများ၏ မေးမြန်းချက်များ ကိုလည်း အလေးထား ဖြေကြားပေးပြီးရပါမည်။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံသူများတွင် ရွေးစရာနေရာ ဒေသများစွာ ရှိတတ်ကြပါသည် (box 6.6)။ စီမံကိန်းမန်နေဂျာအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတာဝန်ခံအရာရှိ၏ အထောက်အပံ့ဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ မေးမြန်းစုံစမ်းခြင်းများကို ဦးဆောင်၍ တာဝန်ယူ ဖြေကြားပေးရပါမည်။

**ဇယားကွက် ၆.၆။ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ၏ အတွေ့အကြုံကောင်းများ သြစတြီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်း(Invest in Austria-ABA)**

သြစတြီးယားစီးပွားရေးအေဂျင်စီ (ABA) သည် အစိုးရပိုင် နိုင်ငံတော် ရင်းနှီးမြှုပ်နှံမှု အေဂျင်စီဖြစ်ပြီး ဝန်ထမ်း ၃၀ခန့် ရှိကာ သြစတြီးယား နိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် စီးပွားရေးလုပ်ငန်း တည်ထောင်မှု ကို အကူအညီပေးလျက်ရှိပါသည်။ အေဂျင်စီသည် သိပ္ပံသုတေသနနှင့်စီးပွားရေး ဝန်ကြီးဌာနသို့ တိုက်ရိုက် အစီရင်ခံရပါသည်။ အေဂျင်စီမှ ပေးသော ဝန်ဆောင်မှု များသည် အခမဲ့ဖြစ်ပါသည်။

သြစတြီးယား နိုင်ငံတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စား သည့် လုပ်ငန်း ရှင်များအား တည်နေရာနှင့် ရွေးချယ်ထားသည့် လုပ်ငန်းအပေါ် မူတည်၍ စီးပွားရေးဆိုင်ရာ အကြံဉာဏ်များလည်း ပေးလျက်ရှိပါသည်။ ယင်းအဖွဲ့သည် အာရှနိုင်ငံများ၊ ကနေဒါနိုင်ငံ၊ ဥရောပ နိုင်ငံများနှင့် အမေရိကန် နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများကို အဓိကထား၍ ဆွဲဆောင် လျက်ရှိပြီး နိုင်ငံခြား ရုံးခွဲများအနေဖြင့် တိုကျို၊ ရှန်ဟိုင်းနှင့် နယူးယောက်တို့တွင် ဖွင့်လှစ်ထား ရှိပါသည်။ ပထဝီအနေအထားနှင့် လုပ်ငန်း/ကဏ္ဍများ အလိုက် ဝန်ထမ်းများကို တာဝန်ခံစေကာ ချိတ်ဆက်ပေးလျက်ရှိပါသည်။ အဓိကအားဖြင့် ဂျာမဏီနိုင်ငံကို အာရုံစူးစိုက် ဆောင်ရွက်ပြီး တောင်နှင့် မြောက် ဌာန နှစ်ခု ခွဲ၍ လည်းကောင်း၊ အာရှ၊လက်တင်အမေရိကနှင့် ဗြိတိန်နိုင်ငံ များကို ပေါင်းပြီး ဌာနတစ်ခုအနေဖြင့် လည်းကောင်း၊ ဥရောပတိုက်၌ အီတလီနှင့်တောင်ဥရောပ၊ အနောက် ဥရောပ (ဗြိတိန်နိုင်ငံမပါ) နှင့်အရှေ့နှင့် ဗဟိုဥရောပဟူ၍ဒေသသုံးခုခွဲကာ ဦးတည် ဆောင်ရွက်လျက် ရှိပါသည်။ ဇီဝဗေဒနှင့်အခြားဆက်စပ်သည့် ဘာသာရပ်များနှင့် ခရီးသွား ကဏ္ဍ၊ အိုင်တီစီနှင့် တယ်လီကွန် ကဏ္ဍ၊ စက်မှု အင်ဂျင်နီယာကဏ္ဍ၊ ထောက်ပံ့ ပို့ဆောင်ရေး ကဏ္ဍ၊ အီလက်ထောနစ်ကဏ္ဍ၊ ဓာတုအင်ဂျင်နီယာ၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့် မော်တော်ကားဆိုင်ရာ ကဏ္ဍများသည် အဓိက လုပ်ဆောင်လျက်ရှိသည့်ကဏ္ဍများဖြစ်ပါသည်။ အေဂျင်စီ၏ အထူးအဖွဲ့ဖြစ်သည့် သြစတြီးယား မြှင့်တင်ရေးအဖွဲ့မှ နိုင်ငံတွင်းတွင် ထုတ်လုပ် လျက်ရှိ သည့် နိုင်ငံတကာ အဆင့်မီ ရုပ်ရှင် လုပ်ငန်းများတွင် အကောင်းဆုံး အချက်အချာနေရာအဖြစ် သြစတြီးယားကိုမြှင့်တင်ရန် ဆောင်ရွက်နေပြီး သင့်လျော်သည့် ရိုက်ကွင်း နေရာများကို ရွေးချယ်ရာတွင်လည်း အကြံပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သုတေသနနှင့် အုပ်ချုပ်ရေး၊ သတင်းစီမံ ခန့်ခွဲရေး၊ ဆက်သွယ်ရေး၊ လုပ်ငန်းစတင်ခြင်းနှင့် ဖွဲ့စည်းခြင်း ဌာနခွဲများ သီးခြားထားရှိပြီး အမှုဆောင် ဒါရိုက်တာက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်အတွက် အေဂျင်စီအနေဖြင့် ဘဏ္ဍာငွေ ယူရို ၄.၃ မီလီယံ သုံးစွဲခဲ့ပါသည်။ ဝန်ထမ်းလစာအဖြစ် ယူရို ၂.၅ မီလီယံ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင် ရေးအတွက် ၁.၂ မီလီယံ၊ အထွေထွေနှင့် ရုံးခန်းငှားခ အဖြစ် ယူရို ၃ သိန်း၊ ဆက်သွယ်ရေး၊ ကြော်ငြာ စသည်တို့အတွက် ယူရို ၂ သိန်း၊ သြစတြီးယားရုပ်ရှင် ကော်မရှင်အောက်ရှိ လုပ်ငန်းများအတွက် ယူရို ၁ သိန်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ၁.၂ မီလီယံ သုံးစွဲကျခံသုံးစွဲပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဘဏ္ဍာငွေများအနက် ပြပွဲများအတွက် ၁.၄ သိန်း၊ အကြံပေးခ ၅.၁ သိန်း၊ ဈေးကွက်အတွက် ၁.၇ သိန်း၊ ခရီးသွားစရိတ် ၂.၁ သိန်း၊ ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ဝန်ဆောင်မှု (Aftercare) အတွက် ၂ သောင်း၊ သတင်းနှင့် အချက်အလက် ဝန်ဆောင်မှု၊ ဖုန်းဆက်သွယ်မှုနှင့် စားသောက်ဆိုင်တွင် ရပ်နားမှု ကုန်ကျစရိတ် စသည်တို့အတွက် ၇ သောင်း လျာထားသုံးစွဲခဲ့ပါသည်။

သြစတြီးယားစီးပွားရေးအေဂျင်စီ (ABA) သည် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် ၂၀၀၉ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီရင်ခံစာတွင် နိုင်ငံပေါင်း ၁၈၁ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အေဂျင်စီများအနက် လုပ်ဆောင်မှုကောင်းမွန်သည့် ထိပ်ပိုင်းအဆင့်တွင် ရပ်တည် လျက်ရှိပါသည်။ ABA ၏ ထုတ်ပြန်ထားသည့် မှတ်တမ်းများအရ ၂၀၀၆ ခုနှစ် ပထမနှစ်ဝက်၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း အသစ် ၁၆၄ ခုရှိသော ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သုံးဆတိုးတက်ခဲ့ပြီး ယခင်နှစ်တွင် ရရှိထားသည့် အလုပ်အကိုင် အခွင့်လမ်းပေါင်း ၁၀၄၆ ထက် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကရင်းနှီးမြှုပ်နှံသူအဖြစ် ဂျာမနီနိုင်ငံနှင့် ဒုတိယအနေဖြင့် အီတလီနိုင်ငံမှ ရပ်တည်ခဲ့ ပါသည်။[104]

*Source:*Available from**http://investinaustria.at/en**.

[104]Available from**http://investinaustria.at/en/press/press-releases/half-year-results-2016.pdf**.

IPA တွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မရှိသောအခါ အကြံပေးဘုတ်အဖွဲ့က ဘုတ်အဖွဲ့ ဒါရိုက်တာများ၏ တာဝန်ကိုယူကြသည်။ (ဥပမာ ဝန်ကြီးဌာနတစ်ခု၏ အစိတ်အပိုင်း)။ အကြံပေးဘုတ်အဖွဲ့ဆိုသည့် အမည် အတိုင်း (အာဏာပေးအပ်ထားခြင်း မရှိသည့်အတွက်) အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များ ပါဝင်သည်။

- အမှုဆောင်အရာရှိချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများအား အဆိုပြု စီးပွားရေး စီမံကိန်း နှင့် အကောင်အထည်ဖော်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ အကြံဉာဏ် ပေးခြင်း၊
- မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဌာနဆိုင်ရာလုပ်ထုံး လုပ်နည်းများနှင့် စပ်လျဉ်း ၍ အသစ်နှင့်လက်ရှိရင်းနှီးမြှုပ်နှံသူများအကြားရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ၊ စိုးရိမ်မှု များ အကြောင်းကို သက်ဆိုင်ရာဝန်ကြီးအား အသိပေးခြင်း။
- အလုပ်အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဝန်ကြီးဆီသို့ တင်ပြလာသော ကိစ္စရပ်များအပေါ် အကြံ ပြုချက်များနှင့် သဘောထားမှတ်ချက်များပေးခြင်း။
- သက်ဆိုင်ရာအဖွဲ့အစည်း (သို့မဟုတ်) ဌာန၏ စွမ်းဆောင်မှုနှင့် အနာဂတ်အလားအလာများ အပေါ် မှတ်ချက်များပါသော နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း။

အကြံပေးဘုတ်အဖွဲ့သည် တစ်လတစ်ကြိမ်ဖြစ်စေ ပုံမှန်တွေ့ဆုံသင့်ပါသည်။ ရင်းနှီးမြှုပ်နှံ သူများ တင်ပြ သော အကဲဖြတ်သည့် စီးပွားရေးအချက်အလက်များကို ဘုတ်အဖွဲ့ဝင်များ အလွဲသုံး စားမဖြစ်စေရန် အခြေခံစည်းမျဉ်းများ ချမှတ်ထားရမည် ဖြစ်သည်။

IPA အနေဖြင့် အကောင်းဆုံး လုပ်ကိုင်နိုင်ရန်အတွက် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ရှိသင့်ပါသည်။ သို့သော် အဆိုပါ IPA ဖွဲ့စည်းမှုပုံစံသည် ငွေကြေးအင်အားတောင့်တင်းသော နိုင်ငံကြီးများ/ ဒေသများ အတွက်သာ ပိုမိုသင့်လျော်ပါသည်။ ယင်းသို့ မှီခိုမှုကင်းစွာ လည်ပတ်နိုင်ရန် အရင်းအမြစ်များစွာ လိုအပ်ပြီး ဝန်ထမ်းများနှင့် သီးခြားရုံးခန်းနှင့် အခြေခံသုံးစွဲမှုများအတွက် အသုံးစရိတ် မြောက်များစွာ သုံးစွဲရပါလိမ့်မည် (VCC, 2009)။ အနိမ့်ဆုံးအားဖြင့် နိုင်ငံအဆင့် IPA များတွင် ၁၀ ဦးမှ ၂၀ ဦးနှင့်အထက် အချိန်ပြည့် ဝန်ထမ်းများ လိုအပ်မည်ဖြစ်ပြီးဒေသ IPA များတွင် ၁၀ ဦးနှင့်အထက် အချိန်ပြည့်ဝန်ထမ်းများ လိုအပ်ပေ လိမ့်မည်။ IPAs များစွာသည် ကဏ္ဍနှင့်/သို့မဟုတ်ဒေသအလိုက် ဖွဲ့စည်းတတ်ကြပါသည်။ အရွယ်အစား သေးငယ် သော IPA များ၏ ဝန်ထမ်းများမှာ နေရာဒေသနှင့် လုပ်ငန်းစု/ကဏ္ဍ နှစ်ခုလုံးကို ပူးတွဲလုပ် ဆောင်ကြရပါသည်။ ဥပမာအနေဖြင့် အရွယ်အစားကြီးမားသော နိုင်ငံအဆင့် IPA တစ်ခု ဖွဲ့စည်းပုံသည် ပုံ ၆.၅ တွင် ဖော်ပြထားသည့်အတိုင်းတွေ့ရမည် ဖြစ်သည်။

**ကားချပ် ၆.၅. အကောင်းဆုံး အမျိုးသား ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ၏ ဖွဲ့စည်းပုံ**




*Source:* VCC (2009); Investment Consulting

ဒါရိုက်တာများအဖွဲ့သည် အကြံပေးအဖွဲ့နှင့် အလားသဏ္ဍာန်တူပါသည်။ သို့သော် လွတ်လပ်စွာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော IPA တစ်ခုတွင် အတွေ့ရများသည်။ ဘုတ်အဖွဲ့ဝင်များသည် သက်ဆိုင်ရာ အစိုးရ ဌာနများမှ အကြီးအကဲများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်ပါသည်။ သဘာပတိမှာ စီးပွားရေးလောကတွင် လေးစားမှုခံရသူဖြစ်သင့်ပြီး အကျိုးစီးပွားတစ်စုံတစ်ရာ မရှိရပေ။ (ဥပမာ ဝန်ကြီး ဖြစ်မနေရခြင်း စသည်ဖြင့်)။ အဆိုပါ ဘုတ်အဖွဲ့သည် အောက်ပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရပါမည်။

- မူဝါဒပိုင်း ဆီလျော်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်မှု -အသစ်နှင့် လက်ရှိ လုပ်ကိုင်နေ သောFDI နှင့် ရင်းနှီးမြှုပ်နှံသူများ ရင်ဆိုင်ကြုံတွေ့နေရသောမူဝါဒပိုင်း၊ စည်းမျဉ်း စည်းကမ်း ပိုင်း (regulatory)နှင့် ဗျူရိုကရေစီ အဟန့်အတားများအပေါ် အစိုးရ၏ အာရုံစိုက်မှု ရရှိလာအ ောင် ကြိုးပမ်းဆောင်ရွက်ခြင်း။

- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာန၏ အလုပ်အမှုဆောင်အရာရှိများက ပြုစုအဆိုပြုသည့် နှစ်ပတ် လည် လုပ်ငန်းအစီအစဉ်/လုပ်ငန်းစီမံချက် (business plan)ကို အတည်ပြု ပေးခြင်း။

- အမှုဆောင်အရာရှိချုပ်ကို အကြံဉာဏ်များပေးခြင်းနှင့် စီးပွားရေးကွန်ရက်များနှင့် ချိတ်ဆက် ပေးခြင်း။

- လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရာတွင် ကူညီပံ့ပိုးပေးခြင်း။

- လုပ်ငန်းဆောင်ရွက်မှုနှင့်ပြီးစီးမှုအခြေအနေကို အသေးစိတ်တင်ပြသော နှစ်ချုပ်အစီရင်ခံစာကို နှစ်အလိုက် ထုတ်ပြန်ခြင်း။

အမှုဆောင်အရာရှိချုပ် (CEO)ကို ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများမှ ရယူခန့်အပ်နိုင်ပါသည်။ ၎င်းသည် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်ပြီး၊ ရှေ့ဆောင်ရှေ့ရွက်ပြုသည့် သဘောထားရှိ၍ သတင်း ဆက်သွယ်ရေး ပိုင်းတွင်လည်း လိမ္မာပါးနပ်သင့်ပါသည်။ ၎င်းတွင် နိုင်ငံတကာ စီးပွားရေး အသိပညာ၊ ဗဟုသုတ ကြွယ်ဝပြီး အစည်းအဝေးများကို စီမံခန့်ခွဲနိုင်သလို အထင်ကရ ကုမ္ပဏီများ၏ အကြီးတန်း အမှုဆောင် အရာရှိများနှင့်လည်းမဟာဗျူဟာကျကျ၊ အချက်ကျကျ စကားပြောဆိုတတ်ရပေမည်။၎င်းသည် ဘုတ်အဖွဲ့ အတွက် (ဘုတ်အဖွဲ့မှတဆင့်သက်ဆိုင်ရာ ဝန်ကြီးဌာနအတွက်) တာဝန်ရှိသူဖြစ်ပြီး ဘုတ်အဖွဲ့ (သို့မဟုတ်) ပြည်ထောင်စုဝန်ကြီးအား တာဝန်ခံရပြီး ဝန်ကြီးထံသို့လည်း တိုက်ရိုက်ဆက်သွယ်ခွင့်ရှိပါသည်။ အမှုဆောင်အရာရှိချုပ်သည် ပုံမှန်အားဖြင့် အောက်ပါအခန်းကဏ္ဍများကို ဆောင်ရွက်ရပါသည်။

- နှစ်ပတ်လည် လုပ်ငန်းအစီအစဉ်၊ နှစ်ချုပ်အစီရင်ခံစာနှင့် သုံးလပတ် စောင့်ကြည့် လေ့လာမှု အစီရင် ခံစာများကို ဘုတ်အဖွဲ့သို့ တင်ပြခြင်း။

- IPA ၏ ပင်တိုင် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း။

- အေဂျင်စီအား ငွေရေးကြေးရေးအရ၊ မဟာဗျူဟာအရ၊ ဝန်ထမ်းရေးရာအရ စီမံခန့်ခွဲခြင်း။

- ကြီးမားသောရင်းနှီးမြှုပ်နှံမှု အဆိုပြုမှုများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခြင်း။

- ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ပြည်ပခရီးစဉ်များကို စီမံဆောင်ရွက်ခြင်း။

- မူဝါဒပိုင်း လျော်ညီကောင်းမွန်အောင် စည်းရုံးခြင်းနှင့် ပြည်တွင်း/ပြည်ပမှ ပုဂ္ဂလိကကဏ္ဍ အဖွဲ့ အစည်းများနှင့် အစိုးရဌာနများနှင့် ချိတ်ဆက်၍ ရင်းနှီးမှု တည်ဆောက်ခြင်း။

ဥပဒေရေးရာဌာနစုသည် ရင်းနှီးမြှုပ်နှံသူများအား ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများအား ခွင့်ပြုပေးခြင်းနှင့် လိုင်စင်များ ထုတ်ပေးခြင်းကို တာဝန်ယူ ဆောင်ရွက်ရပါသည်။

စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနကို ပုံမှန်အားဖြင့် ဘဏ္ဍာရေးညွှန်ကြားရေးမှူး(သို့မဟုတ်) ဘဏ္ဍာရေး အမှုဆောင်အရာရှိမှ ဦးဆောင်ပါသည်။ အဆိုပါဌာနစုသည် ဘဏ္ဍာရေး၊ လူ့စွမ်းအား အရင်းအမြစ်များ၊ စနစ်များ၊ အခြေခံအဆောက်အဦ၊ စီမံကိန်းနှင့်မူဝါဒပိုင်းတွင် တာဝန်ရှိပြီး ဒါရိုက်တာအစည်းအဝေးများကို စီစဉ်ပေးခြင်း၊ နှစ်ပတ်လည်အစီရင်ခံစာများကို ပြင်ဆင်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားရေးကိစ္စရပ်များကို ထောက်ပံ့ပေးခြင်းများပြုလုပ်ရပါသည်။ IPA များစွာ၏ အရင်းအမြစ်များမှာ ကျွမ်းကျင်ဝန်ထမ်းများ၏ အုပ်ချုပ်မှုစည်းကမ်း/ လုပ်ထုံးလုပ်နည်းများတွင် ကုန်ဆုံးနေတတ်သည်။ သို့သော်ငြားလည်း ၎င်းသည် ဌာနခွဲ များ အကြားအရေးကြီးသော လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်။

(ရင်းနှီးမြှုပ်နှံမှု) ဈေးကွက်ရှာဖွေခြင်းနှင့်ဆက်သွယ်ရေးအဖွဲ့သည် တိုင်းနှင့် ပြည်နယ် IPA များတွင် အဓိကကျသော အခန်းကဏ္ဍတစ်ခုရှိပါသည်။ ၎င်းအဖွဲ့ဝင်များသည် (ရင်းနှီးမြှုပ်နှံမှု) မြှင့်တင်ရေး အဆိုပြု ချက်များ ပြုစုခြင်း၊ မြှင့်တင်ရေးပွဲများစီစဉ်ခြင်းနှင့် တက်ရောက် အားပေးခြင်း၊ ဆက်သွယ်ရေး မဟာဗျူဟာ တစ်ရပ်ပြုစုခြင်း စသည်တို့ ပါဝင်သည့် ကြော်ငြာအစီအစဉ်များရေးဆွဲရာတွင် တာဝန်ရှိပါသည်။ အသေးစား နှင့် အလတ်စားအေဂျင်စီများမှာမူ သုတေသနပြုလုပ်ပေးရန်ပါ တာဝန်ရှိပေသည်။ ထို့ကြောင့် ဈေးကွက် ရှာဖွေ ခြင်းသည် စီမံကိန်းမန်နေဂျာ၏ ဆောင်ရွက်ချက်များကို ကူညီထောက်ပံ့ပေးရာတွင် အရေးပါပေသည်။

သုတေသနနှင့် စာရင်းအင်းလုပ်ငန်းသည် အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပြီး (ပြည် တွင်း/ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ)ရင်းနှီးမြှုပ်နှံမှု ခေတ်ရေစီးကြောင်းကို ဆန်းစစ်ရန်အတွက် အချက် အလက်များ စုဆောင်း၍ စာရင်းအင်းများပြုစုပြီး၊ ရင်းနှီးမြှုပ်နှံမှုများအား အမျိုးအစား၊ လာရာနိုင်ငံ၊ သွား ရောက် သည့်နိုင်ငံ၊ ပမာဏ၊ ခွင့်ပြုမှုနှင့် အမှန်ဝင်ရောက်လာမှု စသည်တို့ ပါဝင်ပါသည်။ထို့အပြင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာအောင် အစီအစဉ်ချပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် တည်နေရာ အချက် အလက် စုစည်းခြင်းများ၊ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများအတွက် သုတေသနပြုစု၍ အချက်အလက်များ ထောက်ပံ့ပေးခြင်း၊ ဦးတည်ရည်ရွယ်သော ရင်းနှီးမြှုပ်နှံသူများ သတ်မှတ်ဖော်ထုတ်၍ ကိုယ်ရေးရာဇဝင် ပြုစုခြင်းနှင့်စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွက် အချက်အလက် ကောက်ခံခြင်းများ ပါဝင် ပါသည်။

ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးဌာနသည် IPA ၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သည်။ လွယ်ကူ ချောမွေ့စေရေးဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံသူများ လိုအပ်သည့် ခွင့်ပြုမိန့် (သို့မဟုတ်) လိုင်စင် တစ်ခုခုကို တာဝန်ခံအဖွဲ့တစ်ဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်သလိုဆွဲဆောင်ရေး မက်လုံးများရရှိရေး လျှောက်လွှာများ၊ လုပ်ငန်းနေရာ ရယူခြင်းနှင့် ငှားရမ်းခြင်း စသည့် လွယ်ကူ ချောမွေ့စေရေး ဝန်ဆောင်မှုများ ကို စီစဉ်ဆောင်ရွက်ပေးရပါသည်။ အဖွဲ့အစည်းများ၏ အရွယ်အစား ပေါ်မူတည်၍ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူ ချောမွေ့ရေး အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေး ကဲ့သို့သော ကိစ္စရပ်များ၌လည်း ပါဝင်ကူညီ ပေးနိုင် ပါသည်။ အဆိုပါအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာ ရမည့် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သော အဓိက အရင်း အမြစ်အဖြစ် ဆောင်ရွက်နိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ အဆိုပါအဖွဲ့သည် စီမံကိန်း မန်နေဂျာ

များနှင့် ညှိနှိုင်းဆောင်ရွက်ပြီး တတ်နိုင်သဖြင့် အကျိုးရှိစွာနှင့် ပွင့်လင်းမြင်သာစွာဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း စီမံကိန်းများ ချောမွေ့စွာ လုပ်ကိုင် နိုင်အောင် ကူညီပံ့ပိုးပေးရမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စေရေး လုပ်ငန်းတွင် aftercare အစီအစဉ်ကိုပါ ထည့်သွင်းရ မည်ဖြစ်သည်။ ၎င်းအစီအစဉ်သည် ကျယ်ပြန့်ပြီး လုပ်ငန်းရပ်များစွာ ပါရှိပြီးIPA၏ အရေးပါသော အခန်း ကဏ္ဍ တစ်ရပ်လည်းဖြစ်သည်။ အချို့သော IPAများသည် ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုပေးရေး စင်တာများ သီးသန့် ဖွင့်လှစ်ထားရှိကာ ရင်းနှီးမြှုပ်နှံသူများအား ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက် လုပ်ငန်းတည်ထောင်ခြင်း၊ လုပ်ငန်းလည်ပတ်မှုအဆင့်ထိ ကူညီဆောင်ရွက်ပေးကြသည်။ Aftercare တွင် ရင်းနှီးမြှုပ်နှံသူများမှ တိုင်ကြားလာမှုများနှင့် နစ်နာဆုံးရှုံးမှုများအတွက် ကိုင်တွယ်ဖြေရှင်းပေးသည့် ombudsman တစ်ခုကို ဖွဲ့စည်း ပေးခြင်းလည်း ပါဝင်ပါသည်။ Ombudsman သည် အမှုဆောင်အရာရှိချုပ်ကို တိုက်ရိုက် အစီရင်ခံပြီး Investment facilitatation နှင့် aftercare အကြောင်းအရာများကို အခန်း(၈)တွင် ပိုမို ပြည့်စုံစွာ ဖော်ပြ ထားပါသည်။

IPA များအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ တိုင်ကြားမှုများအား အမြဲတမ်းဖြေရှင်း ဆောင်ရွက် ပေးနိုင်မည်မဟုတ်ပေ။ သို့သော် အဆိုပါ IPAများသည် မူဝါဒပိုင်းတိုးတက်ကောင်းမွန်လာအောင် ဆောင်ကြဉ်း ပေးနိုင်စွမ်းရှိပြီး ၎င်းသည် aftercare နှင့်ပါ ချိတ်ဆက်နေပါသည်။UNCTAD (2008a)၏ ဖွင့်ဆို ချက်အရ IPA သည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး၊ အိမ်ခြံမြေ၊ အကောက်ခွန်၊ အခြေခံအဆောက်အဦ၊ နည်းပညာနှင့် ပညာရေးတို့နှင့် ဆက်စပ်နေသော ကဏ္ဍများ၏ စည်းမျဉ်းများ၊ ဥပဒေများ၊ အစိုးရမူဝါဒများနှင့် အုပ်ချုပ်မှုပုံစံများ ပြောင်းလဲရာတွင် ကြိုးပမ်း ဆောင်ရွက် ပေးမှု ဟု အဓိပ္ပါယ်ရပါသည်။ လတ်တလောပန်းတိုင်မှာ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင် နိုင်ရန်နှင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများထံမှ အကျိုးကျေးဇူးရရှိရန်အတွက် ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော် ဆောင်ပေးရန်ဖြစ်သည်။ IPA၏ အန္တိမပန်းတိုင်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကြောင့် နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက် စေရန်ဖြစ်သည်။ သုတေသနစာတမ်းများအရ မူဝါဒပိုင်း အထောက်အကူ ပြုပေးခြင်းသည် IPA ၏ အခြားသော လုပ်ငန်းရပ်များထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာအောင် လွှမ်းမိုးမှုရှိသည်ဟု သိရှိရသည် (Morriset and Andrew-Johnson, FIAS 2004)။ UNCTAD (2008a)၏ အဆိုအရ မူဝါဒပိုင်းအထောက်အကူပြုပေးခြင်း၏ ပန်းတိုင် (၃) ရပ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာစေရန် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း တစ်ရပ်ကို ပုံဖော်ပေးခြင်း။

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ အကျိုးကျေးဇူးပိုမိုရရှိနိုင်စေမည့် မူဝါဒများချမှတ်အကောင်အထည် ဖော်ခြင်း။

(၃) ကမ္ဘာ့စီးပွားရေးဇာတ်ခုံတွင် နိုင်ငံ/သို့မဟုတ် ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်း တိုးတက် လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်း။

IPA များသည် စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်မှ အကျိုးသက်ဆိုင်သူ အားလုံးကို လက်လှမ်းမီ၍ စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်နှစ်ရပ်လုံးကို နားလည်သဘောပေါက်ကြသဖြင့် နိုင်ငံများစွာတွင် အရေးကြီးသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ယင်းကြောင့် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကြားတွင် ချိတ်ဆက်သတင်းဖလှယ်ပေးနိုင်သည်သာမက စီးပွားရေးအားကောင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အတွက်ပါအပြောင်းအလဲ ဖော်ဆောင်ရေး အင်အားစုတစ်ရပ် ဖြစ်စေပါသည်။ UNCTAD (2008a)

မူဝါဒပိုင်းအထောက်အကူပြုရာတွင် UNCTAD(2008a) က အဆင့် (၄) ဆင့် သတ်မှတ်ထားသည်။

(က) အခက်အခဲပြဿနာများကို ဖော်ထုတ်၍ အစီအစဉ်ချမှတ်ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူများနှင့် မကြာခဏဆက်သွယ်၊ ဆွေးနွေးရန် လိုအပ်ခြင်း

(ခ) ရှိရင်းစွဲ စံနှုန်းများ (ဥပမာ ဖြစ်နိုင်သည့် အကျိုးသက်ရောက်မှု) အပေါ် အခြေခံ၍ အကောင်းဆုံး မူဝါဒကုထုံးများ ချမှတ်ခြင်း၊

(ဂ) အစိုးရ-ပုဂ္ဂလိက ဖိုရမ်များ၊ မူဝါဒဆွေးနွေးပွဲများမှတဆင့် အများသဘောတူ လက်ခံမှု တစ်ရပ် ထွက်ပေါ်လာအောင် ဆောင်ရွက်ခြင်း။

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်းတို့ဖြစ်သည်။The UNCTAD guide အား **http://unctad.org/en/docs/iteipc20076_en.pdf** တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

စီမံကိန်းမန်နေဂျာများသည် ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းမှုများ ဖြေကြားပေးခြင်း၊ ၎င်းတို့၏ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံသူများကို ကူညီပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို မိမိဘက်မှ စတင်ရွေးချယ်ခြင်းတို့တွင် အဓိကတာဝန်ရှိသည့် ပုဂ္ဂိုလ် ဖြစ်ပါသည်။စီမံကိန်းမန်နေဂျာများသည် aftercare ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက်လည်း အဖွဲ့တွင် ပါဝင်ပါသည်။ အဖွဲ့အစည်းကြီးများအတွက် စီမံကိန်းမန်နေဂျာများကိုဒေသအလိုက် သို့မဟုတ် ကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ထားနိုင်ပါသည်။ စီမံကိန်းမန်နေဂျာများသည် ရင်းနှီးမြှုပ်နှံသူ တစ်ဦးချင်းစီအတွက် ငွေစာရင်းအမှုဆောင်အရာရှိများအဖြစ် ဆောင်ရွက်သင့် ပါသည်။

## ၃။ ကျွမ်းကျင်မှုများနှင့် နည်းစနစ်များ

IPA အနေဖြင့် ၎င်း၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုဆိုင်ရာ အဓိကစိန်ခေါ်မှုများ ရှိပါသည်။ ၎င်းတို့မှာ လူသားအရင်းအမြစ် (human capital)၊ ဖွဲ့စည်းတည်ဆောက်ပုံ အရင်းအနှီး (structural capital)နှင့် ဆက်ဆံရေးအရင်းအနှီး (relational capital) တို့ဖြစ်ပြီး (ဇယား၆.၂) ဖော်ပြပေးထားပါသည်။

**ဇယား ၆.၂ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများ**

| လိုအပ်ချက်များ/စိန်ခေါ်မှုများ | |
|---|---|
| လူသားအရင်းအမြစ် | • လက်ရှိ အလုပ်သမားများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း<br>• နည်းပညာနှင့် သိပ္ပံဆိုင်ရာ နားလည်ထားရှိမှု၊ဘာသာစကားစွမ်းရည်၊စီးပွားရေးအတွေ့ အကြုံ စသည့် အခြေခံများရှိသည့် အလုပ်သမားသစ်များခန့်ထားခြင်း |
| ဖွဲ့စည်းပုံအရင်း အမြစ် | • စစ်ဆေးမှုမှတ်တမ်းနှင့် ရည်မှန်းချက်အသစ်များ ဖွံ့ဖြိုး စေခြင်း<br>• စံသတ်မှတ်ထားသည့် ဝန်ဆောင်မှုအသစ်များ ဖွံ့ဖြိုး စေခြင်း<br>• ပိုမိုလွယ်ကူမှုရှိသော ဝန်ဆောင်မှုပုံစံအသစ်များ အသုံး ပြုခြင်း<br>• တိုင်းတာစစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်းစနစ်သစ်များ လုပ်ဆောင်ခြင်း |
| ဆက်သွယ်မှု အရင်းအမြစ် | • ပြန်လည် ရင်းနှီးမြှုပ်နှံခြင်း၊ ကြီးကြပ်ခြင်းနှင့် ဌာနခွဲ ဖွံ့ဖြိုးမှု<br>• ဆက်စပ်လျက် ရှိသည့် အခြားဝန်ကြီးဌာနများနှင့် ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံခြင်း |

*Source:* Investment Consulting Associates. Presentation made by Charles Krakoff at International Best Practices for Building and Managing an IPAWorkshop Presentation to Warmia & Mazury Economic Forum, Poland, 10-11 June 2015

**http://investinwarmiaandmazury.pl/Photos/Attachment/694ec403-2a87-4496-9c61-0ccff4e3934d-IPA-Best-Practices-Poland-Investment-Conference-2015.pdf**.

IPA တစ်ခုသည် ထိထိရောက်ရောက် စွမ်းဆောင်နိုင်ရန် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု အပေါ်တွင် မူတည်ပါသည်။အခန်းကဏ္ဍများအလိုက် သူ့နေရာနှင့်သူ တတ်ကျွမ်းသော ဝန်ထမ်းများ လိုအပ်ပါသည်။ ဥပမာ အားဖြင့် ဈေးကွက်ရှာဖွေရေးဝန်ထမ်းများသည် ဈေးကွက်ရှာဖွေရေးဘွဲ့များ ရရှိထားသင့်ပြီး ဆက်ဆံရေး အလွန်ပြေပြစ်ကောင်းမွန်မှု ရှိရပါမည်။ website အား ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းရန် အရည် အချင်း ပြည့်ဝသော IT ဝန်ထမ်းများသည် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အဆင်ပြေ ချောမွေ့စေခြင်းနှင့် aftercare အရာရှိများသည် ရင်းနှီးမြှုပ်နှံသူ၏ စိုးရိမ်မှုများ၊ ရင်းနှီးမြှုပ်နှံမှု တည်နေရာ ရွေးချယ်ရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ရှိသင့်ပါသည်။အဆင်ပြေချောမွေ့စေရေးနှင့် aftercare အရာရှိ များသည် ဥပဒေပိုင်း ကျွမ်းကျင်ပိုင်နိုင်သင့်ပါသည်။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံသူများ၏ စုံစမ်း မေးမြန်းမှု များသည် ဥပဒေပိုင်း အခက်အခဲများ ဖြစ်တတ်ပါသည်။ ထို့အပြင် တနေရာတည်း အပြီးသတ် ဝန်ဆောင်မှု ပေးသည့် one-stop-shop များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဆက်သွယ် ချိတ် ဆက်မှု ပိုင်းတွင်လည်း ကျွမ်းကျင်ထားသင့်ပါသည်။ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အဆင် ပြေ ချောမွေ့စေရေးနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအနေဖြင့် အောက်ဖော်ပြပါကျွမ်းကျင်မှုများ ရှိသင့် (သို့မဟုတ်) ရှိလာအောင် တည်ဆောက်သင့်ပါသည်-

- စီးပွားရေး အင်္ဂလိပ်စာ အရေးအသားနှင့် အပြောအဆို ကျွမ်းကျင်ပိုင်နိုင်ခြင်း။ ဆွဲဆောင် လိုသော အဓိကရင်းနှီးမြှုပ်နှံသူများ၏ အဘာသာစကားများ (ဥပမာ-ဂျပန်၊ ကိုးရီးယား၊ တရုတ်) ပြောဆိုရေးသားနိုင်မှုအား အဆင့်အတန်း မြှင့်တင်ခြင်း။

- ရင်းနှီးမြှုပ်နှံသူနှင့် ဆက်ဆံရေးစီမံခန့်ခွဲမှု အစီအစဉ် (CRM) နှင့် အဆင်ပြေ ချောမွေ့စေရေး အတွက် ရင်းနှီးမြှုပ်နှံလိုသူများကို ခြေရာခံခြင်း၊ aftercare ပြုလုပ်ပေးနိုင်ခြင်းနှင့် တာဝန်ခံမှု ရှိခြင်း။
- ရင်းနှီးမြှုပ်နှံမှုတည်နေရာများကို နှိုင်းယှဉ်တိုင်းတာနိုင်ခြင်း။
- IPA များအကြား နှိုင်းယှဉ်တိုင်းတာနိုင်ခြင်းနှင့် IPA စွမ်းဆောင်ချက်အား တိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ခြင်း။

- ခင်ကျင်းပြသပွဲများ၊ အခမ်းအနားများနှင့် ဆွေးနွေးပွဲများကို ထိရောက်စွာနှင့် အကျိုးရှိစွာကျင်းပ ပြုလုပ်ပေးနိုင်ခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်ရန် လိုရင်း တိုရှင်းနှင့် စိတ်ဝင်စားဖွယ် ပြည့်စုံစွာ တင်ပြဆွေးနွေးနိုင်စွမ်းရှိခြင်း။

- စီးပွားရေးလုပ်ငန်း ဖွဲ့စည်းပုံများကို နားလည်၍ ယှဉ်ပြိုင်မှု၏ အားများ နားလည်ခြင်း။

- နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၏ ဆုံးဖြတ်ချက်သည့် လုပ်ငန်းစဉ်များနှင့် စီးပွားရေးလုပ်ငန်း သံသရာစက်ဝန်းကို နားလည်ခြင်း။
- အမျိုးသားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ဦးစားပေးများ၊ ရေရှည်တည်တံ့မှု ကိစ္စရပ်များ နှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထဆိုင်ရာ နိုင်ငံတကာ အခြေခံစည်းမျဉ်းများကို တိကျသေချာစွာ သိရှိနားလည် ခြင်း၊

- ရင်းနှီးမြှုပ်နှံသူများမှ ဆက်သွယ်စုံစမ်းမေးမြန်းမည့် မေးခွန်းများကို ကြိုတင်တွက်ဆ၍ ဖြေကြားပေးခြင်း။

- ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသူများ (investment leads)ကို ဖော်ထုတ်ရန် အဆင့်မြင့် သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နည်းစနစ် (advanced promotion techniques)များကို အသုံးပြုနိုင်ခြင်း။

- ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တိုးတက်ကောင်းမွန်လာအောင်စည်းရုံးသိမ်းသွင်းနိုင်စွမ်း၊ အကြံပြုတင်ပြနိုင်စွမ်း ရှိခြင်း။

- ဒေသများ၊ လုပ်ငန်းကဏ္ဍများနှင့် ကုမ္ပဏီများအလိုက် ရင်းနှီးမြှုပ်နှံသူကို ရွေးချယ်ချဉ်းကပ်နိုင်စွမ်း ရှိခြင်း။

- ပြည်တွင်း(လုပ်ငန်းရှင်များနှင့်) ချိတ်ဆက်ပေးသည့် အစီအစဉ် (local linkages programmes) များ ချမှတ်ကျင့်သုံးနိုင်စွမ်းရှိခြင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်၊ အပြည်ပြည်ဆိုင်ရာ တွဲဖက်လုပ်ကိုင်သူများနှင့် အကျိုးသက်ဆိုင်သူများ၊ အထူးသဖြင့် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အစိုးရ ဝန်ကြီးဌာနများနှင့် ဌာနများ၊ စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များနှင့် ကုန်သည်များ စသည်တို့နှင့် ဆက်သွယ် ချိတ်ဆက်နိုင်စွမ်းရှိခြင်း။

အဆိုပါ အရည်အချင်းများ ထွက်ပေါ်လာနိုင်သော ဝန်ထမ်းများအား ရာထူးတာဝန်အလိုက် သီးခြား လေ့ကျင့်သင်ကြားပေးသင့်ပြီး ထို့အတွက်လည်း IPA များအနေဖြင့် သီးသန့် ဘတ်ဂျက်များ ရာထားသင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အဆင်ပြေချောမွေ့စေခြင်းနှင့်ပတ်သက်၍ IPA တစ်ခု အတွက် အရေးကြီး

သော ရာထူး (၂) ခုအတွက် အလုပ်တာဝန် (job descriptions) များနှင့် အရည်အချင်း လိုအပ်ချက်ကို ဇယား ၆.၃ တွင် ဖော်ပြထားပါသည်။

နိဂုံးချုပ်အားဖြင့် IPA တွင် ရှိသင့်သည့် အသုံးအဆောင်များ၊ နည်းပညာများနှင့် ပစ္စည်း ကိရိယာ စသည့် အထောက်အကူပြု ပစ္စည်းများမှာ

ပုဂ္ဂလိကနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးဖြင့် အလွယ်တကူ ရောက်ရှိနိုင်သည့် နေရာ။

- ဝန်ထမ်းတစ်ဦးချင်းစီအတွက် သီးခြား တယ်လီဖုန်းလိုင်းခွဲ။
- အစည်းအဝေးအခန်းပါဝင်သော သီးခြားရုံးနှင့် သင့်တော်သော ဆိုင်းဘုတ်များရှိသည့် အဆောက် အအုံ၏ ရှေ့မျက်နှာစာနှင့် ရုံးခန်းများ။
- နောက်ဆုံးပေါ် ဆော့ဖ်ဝဲလ်နှင့် ဒေတာဘေ့စ်များနှင့် ချိတ်ဆက်ထားသော ကွန်ပျူတာ ကွန်ရက် စနစ်။
- IPA ၏ ဝန်ဆောင်မှုများကို သုံးစွဲသူများနှင့် ဆက်ဆံရေး စီမံခန့်ခွဲမှုစနစ် (Customer Relationship Management -- CRM)။
- ကောင်းမွန်သေသပ်၍ စိတ်ဝင်စားဖွယ်ကောင်းပြီး သုံးရလွယ်ကူသည့် ဝဘ်ဆိုဒ်တစ်ခု၊ ၎င်း ဝဘ်ဆိုဒ် အား နိုင်ငံအဆင့် IPA ဝက်ဘ်ဆိုဒ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ များနှင့် ချိတ်ဆက်ထားသော သီးခြားဝဘ်ဆိုဒ်။
- ဘာသာပြန် ဝန်ဆောင်မှုများ။[105]

[105]Available from **http://www.investinwarmiaandmazury.pl/Photos/Attachment/694ec403-2a87-4496-9c61-0ccff4e3934d-IPA-Best-Practices-Poland-Investment-Conference-2015.pdf**.

**ဇယား ၆.၃ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအတွင်း အဓိက နေရာ နှစ်ခုအတွက် အလုပ်သတ်မှတ်ချက်များနှင့် အရည်အချင်း**

| ရင်းနှီးမြှုပ်နှံမှု ဗဟိုညွှန်ကြားရေးမှူး | |
|---|---|
| **အလုပ်သတ်မှတ်ချက်**<br>• ရင်းနှီးမြှုပ်နှံမှုစင်တာသို့ ညွှန်ကြားမှု အားလုံးကို ထောက်ပံ့ ပေးခြင်းနှင့် ဥက္ကဋ္ဌထံ သို့ အစီရင်ခံ တင်ပြခြင်း<br>• နှစ်စဉ်အလုပ်အစီအစဉ်များ ပြင်ဆင်ခြင်း<br>• အလုပ်တာဝန်များအား ဝန်ထမ်း များကို တာဝန်ခွဲဝေပေးခြင်း<br>• ဒေသနှင့်ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း(ဥပမာ အိုင်တီနှင့် Web ဝန်ဆောင်မှု၊ လုပ်ငန်းဆောင်ရွက်မှုဌာန)<br>• ပြင်ပပါဝင်ပတ်သက်သူများနှင့် စီးပွားရေး အဖွဲ့အစည်းများနှင့် ဆက်ဆံပြောကြားရာတွင် တာဝန်ယူခြင်း<br>• ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း၊ ဖြေလျှော့ခြင်း၊ ကြီးကြပ်ခြင်း ဆိုင်ရာ ဆောင်ရွက်မှု<br>• နိုင်ငံခြားသုတေသန အစီအစဉ် နှင့် ဆောင်ရွက် ချက်များ ရေးဆွဲခြင်း<br>• ဝန်ထမ်းများစွမ်းဆောင်ရည်ကို အကဲ ဖြတ်ခြင်းနှင့် ဝန်ထမ်း စွမ်းရည် မြှင့်တင်ပေးသည့် သင်တန်းများ စီစဉ်ပေးခြင်း | **အရည်အချင်းများ**<br>• စီးပွားရေး လုပ်ငန်း၊ စီးပွားရေး စီမံခန့်ခွဲမှု (မဟာဘွဲ့) (သို့) အခြား သက်ဆိုင် သည့် စည်းကမ်း ချက်<br>• နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ တွင် အနည်းဆုံး ၇ နှစ် တာဝန် ထမ်းဆောင် ခဲ့သည့် အတွေ့အကြုံ ရှိပြီး ဈေးကွက်၊ ပြည်သူ ဆက်ဆံ ရေး၊ ရင်းနှီးမြှုပ်နှံသူ များနှင့် ဆက်ဆံမှု ရှိခြင်း သို့မဟုတ် အလားတူ ဧရိယာ တွင် တာဝန် ထမ်းဆောင်ဖူးသူ<br>• စားသုံးသူနှင့် ဆက်ဆံရေး စီမံ အုပ်ချုပ်မှု စနစ်များ (CRM) တွင် အတွေ့အကြုံ ရှိသူ<br>• အင်္ဂလိပ်စာ အရေးအဖတ်နှင့် ကျွမ်းကျင် စွာ ပြောဆိုနိုင်ရမည် ဖြစ်ပြီး၊ အခြား ဘာသာ များတွင် ကျွမ်းကျင်မှုရှိပါက ပိုကောင်းမွန် ပါသည် (တရုတ်၊အာရေဗျ၊ တူရကီ၊ ကိုရီးယား၊ ဂျာမန်၊ ပြင်သစ်)<br>• ကျွမ်းကျင်ဝန်ထမ်းများကို စီမံနိုင်သည့် စွမ်းရည် ရှိရမည် ဖြစ်ပြီး ထပ်ဆောင်း အနေဖြင့် သင်တန်း အတွေ့အကြုံ ရှိရမည်<br>• ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ စွမ်းအင်၊ နည်းပညာ နှင့်/သို့မဟုတ် စက်မှု ကုန်ထုတ်လုပ်မှု စသည့် ကဏ္ဍများ တွင် အတွေ့အကြုံရှိခြင်း |

| ရင်းနှီးမြှုပ်နှံမှု အကြီးတန်းအရာရှိ | |
|---|---|
| **အလုပ်သတ်မှတ်ချက်** | **အရည်အချင်းများ** |
| • ရင်းနှီးမြှုပ်နှံမှုဗဟိုညွှန်ကြားရေးမှူးသို့ ကူညီပေးခြင်း<br>• လက်ရှိ ရင်းနှီးမြှုပ်နှံသူ များနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာ မြင့်မားသူများ၏ ကိုယ်ရေးအကျဉ်း အတွက် "account executive" အဖြစ် ထမ်းဆောင် ရန်<br>• မူဝါဒပြုပြင်ပြောင်းလဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ တို့ အပေါ် ရပ်တည်ချက် စာတမ်းများ အကြမ်း ပြုစုရန်<br>• CRM စနစ်အား ထိန်းသိမ်း ခြင်းနှင့် သေချာစွာအသုံး ပြုရန်<br>• သုတေသနလုပ်ရှားမှုများတွင် ဦးဆောင်ပေးခြင်း | • စီးပွားရေး၊ စီမံခန့်ခွဲမှုပညာ (မဟာဘွဲ့) (သို့) အခြားသက်ဆိုင် သည့် စည်းကမ်းများ<br>• နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ တွင် အနည်းဆုံး ၅ နှစ် တာဝန် ထမ်းဆောင်ခဲ့သည့် အတွေ့ အကြုံ ရှိပြီး ဈေးကွက်၊ ပြည်သူ ဆက်ဆံ ရေး၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံမှုရှိခြင်း သို့မဟုတ် အလားတူ ဧရိယာတွင် တာဝန် ထမ်းဆောင်ဖူးသူ<br>• အင်္ဂလိပ်စာ အရေးအဖတ်နှင့် ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည် ဖြစ်ပြီး၊ အခြားဘာသာများတွင် ကျွမ်းကျင်မှုရှိပါက ပိုကောင်းမွန် ပါသည် ( တရုတ်၊ အာရေဗျ၊ တူရကီ၊ ကိုရီးယား၊ ဂျာမန်၊ပြင်သစ်)<br>• သုတေသနနှင့် အရေးအသား စွမ်းရည် ရှိမှု<br>• ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင် ရေး၊ စွမ်းအင်၊ နည်းပညာ နှင့်/ သို့မဟုတ် စက်မှု ကုန်ထုတ်လုပ်မှု စသည့်ကဏ္ဍ များတွင် အတွေ့အကြုံ ရှိခြင်း<br>• စားသုံးသူနှင့် ဆက်ဆံရေး စီမံ အုပ်ချုပ်မှု စနစ်များ (CRM) တွင် အတွေ့အကြုံ ရှိသူ<br>• ဝဘ် ဒီဇိုင်း၊ Database စီမံခန့်ခွဲမှု သို့မဟုတ် အခြားသော အိုင်တီ အတွေ့အကြုံများ ရှိသူ |

*Source:* Investment Consulting Associates(2015), Availble from http://www.investinwarmiaandmazury.pl/Photos/Attachment/694ec403-2a87-4496-9c61-0ccff4e3934d-**IPA-Best-Practices-Poland-Investment-Conference-2015.pdf**.

## ၄။ ဘတ်ဂျက်လျာထားခြင်းနှင့် အစီအစဉ်ချမှတ်ခြင်း

IPA များအတွက် ဘဏ္ဍာငွေလျာထားရာတွင် အဓိကသုံးစွဲရမည့် စရိတ်များကို တိကျ ရှင်းလင်းစွာ နားလည်ရန် လိုအပ်ပါသည်။

- (သင်တန်းပေးခြင်းအပါအဝင်) ဝန်ထမ်းများအတွက် ကုန်ကျစရိတ်များ၊
- မြန်နှုန်းမြင့်အင်တာနက်အပါအဝင် (ရေ/မီး စသည့်) အခြေခံအသုံးစရိတ်များနှင့် ရုံးအသုံးစရိတ်များ၊
- ဝန်ထမ်းတစ်ဦးချင်းစီအတွက် ကွန်ပျူတာတစ်လုံးစီ စီစဉ်ပေး၍ ပရောဂျက် မန်နေဂျာများအတွက် တတ်နိုင်လျှင် လက်စွဲကွန်ပျူတာများ၊

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝက်ဘ်ဆိုဒ်နှင့် သတင်းအချက်အလက်ဘဏ်တိုက် (database) (investor tracking system) များကို တည်ဆောက် ထိန်းသိမ်းခြင်း။
- ဈေးကွက်ရှာဖွေမှု စာရွက်စာတမ်းများကို ပြုစု၊ ထုတ်ဝေခြင်း၊
- ရင်းနှီးမြှုပ်နှံသူများလာရောက်ပါက ကွင်းဆင်းလေ့လာမှုများအတွက် လိုက်လံပို့ဆောင်နိုင်ရန် မော်တော်ယာဉ်များ၊
- ပြည်တွင်း၊ ပြည်ပ တယ်လီဖုန်းခေါ်ဆိုခ၊ တံဆိပ်ခေါင်း၊ စာရေးကိရိယာပစ္စည်းများ ပုံနှိပ်ကုန်ကျစရိတ်၊
- ရင်းနှီးမြှုပ်နှံသူများ၊ အကျိုးသက်ဆိုင်သူများအား တွေ့ဆုံရန် ခရီးသွားလာစရိတ်။
- အရေးကြီးသော ဥပဒေစာရွက်စာတမ်းများ၊ မြှင့်တင်ရေး စာရွက်စာတမ်းများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း။

အဓိက အသုံးစရိတ်စာရင်းတွင် ပြည်ပသို့ သွားရောက်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ခရီးစဉ်များ၊ အရေးကြီးသော နိုင်ငံတကာ စီးပွားရေးကဏ္ဍ အခမ်းအနားများ တက်ရောက်ခြင်း၊ ဝက်ဆိုဒ် နှင့် marketing စာရွက်စာတမ်းများ ပြုစုထုတ်ဝေရန်အတွက် FDI အထူးပြုလုပ်ကိုင်သော အဖွဲ့အစည်းလုပ်ငန်းများကို ငှားရမ်းခြင်း၊ ကုမ္ပဏီသတင်းများနှင့် အရေးပါသော သတင်းအချက်အလက် အရင်းအမြစ်များ ဝယ်ယူသုံးစွဲခြင်း/ လစဉ်၊နှစ်စဉ်ကြေးပေး၍ သုံးစွဲခြင်း စသည်တို့ ပါဝင်ပါသည်။

IPA ၏ ခန့်မှန်းကုန်ကျစရိတ်အနေဖြင့် အသေးစားအေဂျင်စီများအတွက် အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ ခန့် ကုန်ကျနိုင်ပြီး နိုင်ငံတကာနှင့် ရင်ဘောင်တန်း၍ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်သော စွမ်းရည်ပြည့် ဝန်ထမ်းအင်အား ၂၀ ဦးမှ ၃၀အထိခန့်အပ်ထားသော လွတ်လပ်စွာလည်ပတ်သော အကြီးစား အေဂျင်စီများအတွက် အမေရိကန်ဒေါ်လာ ၅ သန်းနှင့်အထက် ကုန်ကျနိုင်ပါသည်။ ပုံမှန်အားဖြင့် ကုန်ကျ စရိတ်၏ ၆၀ ရာခိုင်နှုန်းမှာ ဝန်ထမ်းများအတွက် ကုန်ကျစရိတ်ဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှာ လုပ်ငန်း အစီအစဉ်များ အတွက် ဖြစ်ပါသည်။ ကျန် ၂၀ ရာခိုင်နှုန်းမှာ အထွေထွေ ကုန်ကျစရိတ်ဖြစ်ပြီး ၂ ရာခိုင်နှုန်းမှာ ငွေလုံးငွေရင်း အသုံးစရိတ်ဖြစ်ပါသည်။ လုပ်ဆောင်ချက်အလိုက် ခွဲခြမ်းပြရမည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် ၃၀ ရာခိုင်နှုန်း၊ ဈေးကွက်ရှာဖွေရေးအတွက် ၂၅ ရာခိုင်နှုန်း၊ သုတေသနလုပ်ငန်းများ အတွက် ၂၀ ရာခိုင်နှုန်း၊ အဆင်ပြေချောမွေ့စေရေးအတွက် ၂၀ရာခိုင်နှုန်း၊ aftercare အတွက် ၅ ရာခိုင်နှုန်း အကြမ်းဖျင်း သတ်မှတ်နိုင်သည်။ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ aftercare တွင် တိုးမြှင့် သုံးစွဲနိုင်ပါသည် (VCC, 2009)။

IPAများအတွက် ငွေကြေးရရှိသည့်ရင်းမြစ်မှာ အစိုးရဘက်ဂျက်၊ ပုဂ္ဂလိကကဏ္ဍများမှ ထည့်ဝင်ငွေများနှင့် နိုင်ငံစုံ အကူအညီပေးရေး အေဂျင်စီများ ထောက်ပံ့ငွေများ ဖြစ်သည်။ IPA သည် ရင်းနှီးမြှုပ်နှံသူအား ထောက်ပံ့ကူညီသည့် အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံသူများထံမှ မှတ်ပုံတင်ကြေး မကောက်ခံသင့်ပေ။

IPA အဖွဲ့အစည်း၏ အတွင်းစီမံခန့်ခွဲမှုမှ အရေးပါသောအချက်တစ်ခုမှာ ကြိုတင်အစီအစဉ် ရေးဆွဲချမှတ်ခြင်းဖြစ်သည်။ ၎င်းတွင် (ဘုတ်အဖွဲ့ အစည်းအဝေးများနှင့် အစီရင်ခံတင်ပြရမည့် ရက်စွဲများကို ဖော်ပြသော) ဌာနတွင်း/အဖွဲ့အစည်းတွင်းအစီအစဉ်ပြ ပြက္ခဒိန်ကို ရေးဆွဲထားရှိခြင်း၊ Management Information Systems များ အပါအဝင် စာရင်းအင်းဆိုင်ရာ ကြည့်ရှုစစ်ဆေးမှု အစီအမံများ (statistical tracking

mechanisms) တည်ဆောက်ထားရှိမှု၊ (ခရီးသွားခြင်း၊ ဖျော်ဖြေရေးနှင့် ပျက်ကွက်မှုစသည့်) အဖွဲ့ အစည်း အတွင်း လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများပြဌာန်းခြင်း၊ (ကွန်ပျူတာ၊ လက်ပတော့၊ မိုဘိုင်းဖုန်း၊ ပုံနှိပ်စက်၊ ဆော့ဝဲလ်များ အစရှိသည့်) သတင်းနည်းပညာ အခြေအခံ အဆောက် အအုံ/ စက်ပစ္စည်းကိရိယာများ ဝယ်ယူထားရှိခြင်းနှင့် ပုံမှန်အဆင်မြှင့်တင်မှုများခြင်းများ ပါဝင်သည်။

## (ဃ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ၏ စွမ်းဆောင်ချက်အား အစီအစဉ်ချမှတ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း[106]

### ၁။ အစီအစဉ်ချမှတ်ခြင်း၊ စောင်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ရည်ရွယ်ချက်

စောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်း (monitoring and evaluation)သည် အဖွဲ့အစည်း တစ်ခု၏ ယခင်ဆောင်ရွက်မှု အခြေအနေနှင့် လက်ရှိ ဆောင်ရွက်မှု အခြေအနေများနှင့် သက်ဆိုင်သော သတင်း အချက် အလက်များကို ထုတ်ယူသုံးစွဲစေ လာနိုင်စေပြီး အဆိုပါသတင်း အချက်အလက်များမှ တဆင့် အဖွဲ့အစည်း၏ အကောင်အထည် ဖော်မှုနှင့် ဆောင်ရွက်ချက် နည်းလမ်းများကို သင့်လျော်သလို ပြင်ဆင်၊ ပြောင်းလဲလာနိုင် စေပါသည်။ အဖွဲ့အစည်းသည် ချမှတ်ထားသော ရည်မှန်းချက် ပန်းတိုင်များဆီသို့ မည်သည့်အတိုင်းအတာထိ ရောက်ရှိပြီး အဆိုပါရည်မှန်းချက်များသို့ မည်သို့ ပိုမိုထိရောက်စွာ၊ အကျိုးရှိစွာ အကောင်အထည်ဖော် နိုင် အောင် ပြင်ဆင်ပြောင်းလဲနိုင်ရန် ဆန်းစစ်ရာ တွင် M&E က လွန်စွာအရေးပါပါသည်။ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းသည် အစီအစဉ် ချမှတ်ခြင်းနှင့် နီးကပ်စွာ ပတ်သက်ဆက်နွယ်မှုရှိသည်။ စီမံကိန်းရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွက် အဓိပ္ပါယ်ဖွင့်ဆိုမှု အမျိုးမျိုးရှိသော်လည်း UNDP (၂၀၀၉) ၏ ဖွင့်ဆိုချက် သည် ပိုမိုရှင်းလင်း၍ အသုံးဝင်ပေသည်။ UNDP ၏ အဆိုအရ စီမံကိန်း/ အစီအစဉ် ရေးဆွဲခြင်း ဆိုသည်မှာ ရည်မှန်းချက် ပန်းတိုင်များချမှတ်ခြင်း၊ နည်းဗျူဟာများရေးဆွဲခြင်း၊ လုပ်ငန်း အကောင်အထည် ဖော်ဆောင်မှုအစီအစဉ်များ သတ်မှတ်ခြင်း၊ ရည်မှန်းချက်ပန်းတိုင်အား ဖော်ဆောင် ရာတွင် လိုအပ်မည့် အရင်း အမြစ်များကို ခွဲဝေ သတ်မှတ်ထားရှိခြင်းတို့ပါဝင်သော လုပ်ငန်းစဉ် ဖြစ်သည်။ ထိရောက်သော စီမံကိန်းရေး ဆွဲမှု တွင် အောက်ဖော်ပြပါ မတူကွဲပြားသော အဆင့်များ ပါဝင်သည်-

- အဖွဲ့အစည်း၏ မျှော်မှန်းချက် (vision)၊ ပန်းတိုင် (goals)များနှင့် ဦးတည်ချက် (objectives) များ အား သတ်မှတ်ခြင်း၊
- အဖွဲ့အစည်း၏ မျှော်မှန်းချက်နှင့် ပန်းတိုင်များကို ရယူဆွတ်ခူးနိုင်ရန်အတွက် မဟာဗျူဟာ ချမှတ်ခြင်း၊
- အဖွဲ့အစည်း၏ မျှော်မှန်းချက်နှင့် ပန်းတိုင်များကို ရယူဆွတ်ခူးနိုင်ရန်အတွက် လိုအပ်မည့် (ငွေကြေးနှင့် အခြားသော)အရင်းအမြစ်များကို သတ်မှတ်ခြင်း၊

[106]The M&E of an IPA performance is strongly linked to M&E of individual investment projects though the KPIs are quite different. Nevertheless, an IPA's performance is often and obviously linked to the performance of the investment they managed to attract. For a more elaborate discussion of M&E of investment projects, see chapter 8.

- အဖွဲ့အစည်း၏ မျှော်မှန်းချက်နှင့် ပန်းတိုင်များကို လျှောက်လှမ်းရာတွင် လုပ်ငန်း အကောင် အထည် ဖော်ဆောင်မည့် အစီအစဉ်များ/နည်းလမ်းများ (implementation arrangements) ကို ချမှတ်ခြင်း၊ ၎င်းတွင် M&E ပိုင်း အစီအစဉ်များပါ ပါဝင်သင့်သည်။

UNDP (၂၀၀၉)၏ လေ့လာတွေ့ရှိချက်အရ လုပ်ငန်းအစီအစဉ်များ၊ စီမံချက်များ၊ ကြိုးပမ်းချက်များနှင့် ဆောင်ရွက်ချက်များ ပိုမိုထိရောက်စေရန်အတွက် အစီအစဉ်ကောင်းများနှင့် စောင့်ကြည့်၊ အကဲဖြတ်မှုများ လိုအပ်ပါသည်။ ကောင်းမွန်သော အစီအစဉ်ချမှတ်မှုကြောင့် အဖွဲ့အစည်းသည် အကျိုးရလာဒ်များကို အာရုံစိုက်ဖြစ်ပြီး စောင့်ကြည့်၊ အကဲဖြတ်မှုကြောင့် ယခင်အောင်မြင်မှုများနှင့် စိန်ခေါ်ချက်များမှ လေ့လာဖြစ်စေပြီး လက်ရှိနှင့် အနာဂတ် အစီအစဉ်များအား ကောင်းမွန်သည့် ရလာဒ်များ ထွက်ပေါ်စေမည့် ဆုံးဖြတ်ချက်မျိုးကို ဦးတည်စေပါသည်။

UNDP (၂၀၀၉) သတ်မှတ်ချက်အရ စောင့်ကြည့်ခြင်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခုကရင်း၏ ပန်းတိုင်နှင့် ဦးတည်ချက်များသို့ ရောက်ရှိအောင် ဆောင်ရွက်မှုအပေါ် တိုးတက်မှုရှိမရှိကို အကျိုး သက်ဆိုင်သူများအား ပုံမှန်အသိပေးသည့်ဖြစ်စဉ်ကို ဆိုလိုခြင်းဖြစ်သည်။ ရည်ရွယ်ချက် ပန်းတိုင်သို့ ရောက်ရှိအောင် အေဂျင်စီ၏ တိုးတက်မှု သို့မဟုတ် ဆောင်ရွက်ချက်ပြီးစီးမှု အခြေအနေအား ပုံမှန် စစ်ဆေးခြင်းဟု MIGA (2000)မှ ရှိးရှင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ အဓိကအချက်မှာ အဖွဲ့အစည်းသည် လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ခြင်းရှိ/မရှိ ကို စောင့်ကြည့်စစ်ဆေးခြင်းမဟုတ်ဘဲ အဆိုပါလုပ်ဆောင်ချက်များသည် ချမှတ်ထားသောပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိကို ပိုမိုအလေးထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စောင့်ကြည့်ခြင်းဆိုသည်မှာ ပန်းတိုင်တစ်ခုသို့ လျှောက်လှမ်းနေခြင်း ရှိ၊ မရှိကို ဆိုလိုပြီး အချိန်ကာလ သတ်မှတ်ချက်အတွင်း တိုးတက်မှုအခြေအနေမှာ အားရဖွယ်မရှိ၊ သို့မဟုတ် မျှော်မှန်းထားသည်ထက် လျော့နည်းနေပါက အချိန်မီပြင်ဆင်ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

UNDP (၂၀၀၉) သတ်မှတ်ချက်အရ အကဲဖြတ်ခြင်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခုသည် ချမှတ်ထားသော ဦးတည်ချက်များကို မည့်သည့်အတိုင်းအတာအထိ ပြီးဆုံးပြီဖြစ်ကြောင်းသိရှိစေရန်နှင့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ဆောင်ရွက်ပြီးလုပ်ငန်းနှင့် ဆောင်ရွက်ဆဲလုပ်ငန်းတို့အပေါ်တွင် အသေးစိတ် ဘက်မလိုက်စွာဆန်းစစ်ခြင်းဖြစ်သည်။ လေ့လာစောင့်ကြည့်ခြင်းလိုပင် အကဲဖြတ်ခြင်းသည် နယ်ပယ်များစွာတွင် သုံးစွဲနိုင်ပါသည်။ လုပ်ဆောင်ချက်၊ စီမံချက်၊ အစီအစဉ်၊ မဟာဗျူဟာ၊ မူဝါဒ၊ ခေါင်းစဉ်၊ အကြောင်းအရာ၊ ကဏ္ဍ သို့မဟုတ် အဖွဲ့အစည်း စသည်တို့တွင် အသုံးပြုနိုင်ပါသည်။ MIGA (2000)က အကဲဖြတ်ခြင်းဆိုသည်မှာ စီမံကိန်း ဦးတည်ချက်အား အောင်မြင်အောင် စွမ်းဆောင်နိုင်ခြင်း ရှိ၊ မရှိကို စစ်ဆေးသည့် လုပ်ငန်းစဉ် ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပြီး အောင်မြင်သည်ဆိုပါက မည်မျှ အကျိုးရှိပြီး ရေရှည်တည်တံ့နိုင်မည်ကို ဆက်လက်စစ်ဆေးပါသည်။

UNCTAD (2008b) အရ အကဲဖြတ်သုံးသပ်ခြင်းဆိုသည်မှာ ဦးတည်ချက်များအတွက် ဆောင်ရွက်ချက်များသည် သက်ဆိုင်မှု၊ ထိရောက်မှု၊ အကျိုးရှိမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် အကျိုး သက်ရောက်မှုအပေါ် စနစ်တကျနှင့် ရည်ရွယ်ချက်ရှိရှိ ဖော်ထုတ်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ IPAအတွက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းကို မက်လုံးဆွဲဆောင်မှု အစီအစဉ်များ၊ စွမ်းဆောင်ရည်ပြည့်မီရန် လိုအပ်ချက်များ၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်မှု အပေါ် အကဲဖြတ်ခြင်းတို့တွင် အသုံးပြု

နိုင်သလို၊ IPA က ရည်မှန်းထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဝင်ငွေပမာဏ သို့မဟုတ် ရည်ရွယ်သော ကဏ္ဍများတွင် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများကို ဆွဲဆောင်နိုင်သည့် အရေအတွက်နှင့် အမှတ်တကယ် အကောင်အထည်ဖော်မှုတို့တွင် အသုံးပြု နိုင်ပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာတွင် M&E ၏ ရည်မှန်းချက်ကြီး များဖြစ်သော ချိတ်ဆက်ပေးနိုင်မှု အရည်အတွက်နှင့် အရည်အသွေး၊ နည်းပညာလွှဲပြောင်း ရယူနိုင်ခြင်း၊ အလုပ်အကိုင် ဖန်တီးနိုင်ခြင်းစသည်တို့လည်း ဖြစ်ပေါ်လာရပါမည်။

Box 6.7 တွင် အစီအစဉ်ချမှတ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းများအကြား ချိတ်ဆက်မှုကို ဖော်ပြပေးထားပါသည်။ ဇယား ၆.၄ တွင် IPA တစ်ခု လုပ်ဆောင်သည့် အဓိက ရည်ရွယ်ချက်များကို ဖော်ပြပေးထားပါသည်။

**Box ၆.၇ အစီအစဉ်ချမှတ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းများ အကြား အပြန်အလှန်ချိတ်ဆက်မှုနှင့် မှီခိုမှုတို့ကို နားလည်ခြင်း**

မည်မည်ရရ အစီအစဉ်ချမှတ်မှု မရှိခြင်းနှင့် ရည်ရွယ်ထားသော ရလဒ်များကို ရှင်းလင်းစွာ ဖော်ပြခြင်း မရှိခြင်း၊ မည်သည့်အရာများကို လေ့လာစောင့်ကြည့်ရမည်ကို ရှင်းလင်းမှု မရှိခြင်း တို့ကြောင့် လေ့လာစောင့်ကြည့်ခြင်းကို

- ကောင်းမွန်အောင် မဆောင်ရွက်နိုင်ခြင်း
- ထိရောက်သော အစီအစဉ်ချမှတ်ခြင်းမရှိခြင်း၊ အကဲဖြတ် သုံးသပ်မှု အခြေခံအားနည်းခြင်းကြောင့် အကဲဖြတ်သုံးသပ်ခြင်းကို ကောင်းမွန်အောင် မဆောင်ရွက်နိုင်ခြင်း
- သေချာစွာလေ့လာစောင့်ကြည့်ခြင်းမရှိခြင်း၊ လိုအပ်သော အချက်အလက် စုဆောင်းနိုင်မှု မရှိခြင်း တို့ကြောင့် လေ့လာ စောင့်ကြည့်ခြင်းအား ကောင်းမွန်အောင် မဆောင်ရွက်နိုင်ခြင်း
- လေ့လာစောင့်ကြည့်ခြင်းသည် လိုအပ်သော်လည်း အကဲဖြတ် သုံးသပ်ခြင်းအတွက်မူ လုံလောက်မှု မရှိခြင်း
- လေ့လာစောင့်ကြည့်ခြင်းသည် အကဲဖြတ်သုံးသပ်ခြင်းကို ဖြေလျော့ပေးနိုင်သော်လည်း အချက်အလက်များ အချက်အလက်များအသစ် ထပ်မံစုဆောင်းရန် လိုအပ်ပြီး ဆန်းစစ်ရန်အတွက် ကွဲပြားသော မူဘောင်များကို အသုံးပြုရမည်ဖြစ်ခြင်း
- လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း အစီအစဉ်တစ်ခုသည် အစီအစဉ် စီမံချက်များကို ပြောင်းလဲစေနိုင်ပါသည်။ ဆိုလိုရင်းမှာ လေ့လာစောင့်ကြည့်ခြင်းအတွက် အချက်အလက်များစုဆောင်းရာတွင် အခြားပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ခြင်း ဖြစ်ပေါ်ခြင်းကို ဆိုလိုပါသည်။

*Source:* UNDP(2009).

**ဇယား ၆.၄.   IPAs ၏ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းတို့၏ အဓိက ရည်ရွယ်ချက်များ**

| ရည်ရွယ်ချက် | ပုံစံများ၊ လိုအပ်ချက်များ |
|---|---|
| ၁။ ရင်းနှီးမြှုပ်နှံသူများအတွက် IPA ၏ ဝန်ဆောင်မှုများ တိုးတက်လာ ခြင်း | • IPA ၏ ဝန်ဆောင်မှုများ အရည်အသွေး နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူများထံမှ တုံ့ပြန်မှု<br>• IPA ထံမှ ထပ်မံလိုအပ်သော ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူများထံမှ တုံ့ပြန်မှု<br>• ရင်းနှီးမြှုပ်နှံသူအတွက် ဝန်ဆောင်မှု အမျိုးမျိုး ပြီးမြောက်ရန် လိုအပ်သည့် အချိန်ကာလအတွက် ပိုမိုကောင်းမွန်သည့် အဆင့်အတန်းကို ချမှတ်ရန်<br>• ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှု ပေးရန် လုံလောက်သော ဝန်ထမ်းဦးရေ၊<br>- တခါတရံတွင် Executives/ case officers များမရှိခြင်းသည် အဓိကအခက်အခဲတစ်ခုဖြစ်သည်။ |
| ၂။ IPA ၏ အလုပ်လုပ်ကိုင်နိုင်စွမ်းအား ပိုမို ခိုင်ခံ့စေခြင်း | • ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူများထံမှ တုန်ပြန့်မှုများသည် IPA ဝန်ထမ်း များအား သင်တန်းပို့ချပေးရမည့် နယ်ပယ် ကို သတ်မှတ် ရန်အကူအညီပေးခြင်း<br>• လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက် များကို IP ဝန်ထမ်းများ၏ နှစ်စဉ် လုပ်ဆောင်မှု မှတ်တမ်းများမှ ညွှန်းဆိုနေပါသည်။<br>• တိကျသောနယ်ပယ်များတွင် အဆင့်မြင့်  IPA စီမံ အုပ်ချုပ်မှု သင်တန်းပေးခြင်း |
| ၃။ IPA ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မဟာဗျူဟာ အတွက် ဦးတည်ချက်နှင့် ပန်းတိုင်များချမှတ်ခြင်း | • မူလဦးတည်ချက်များနှင့် ပန်းတိုင်များ နှင့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ချက်များမှ ရရှိ လာသော အမှန်တကယ် ရလဒ်များကို နှိုင်းယှဉ်ရန်<br>- အောင်မြင်မှုရရှိနေလား ? အကယ်၍ မရရှိပါက မည်သည့်အတွက်ကြောင့် ဟူ၍ သတ်မှတ် မည်နည်း ? IPA ၏ ချို့ယွင်းချက်များလား ? ကမ္ဘာလုံး ဆိုင်ရာ သို့မဟုတ် ဒေသတွင်း အချက်အလက်များသည် IPA ၏ ထိန်းချုပ် နိုင်စွမ်းထက် ကျော်လွန်နေ သလား ?<br>• နှစ်စဉ် သို့မဟုတ် ကာလရှည် ပန်းတိုင် များနှင့် ဦးတည်ချက်များကို ပြန်လည် ပြင်ဆင်ရန်<br>– အကဲဖြတ် သုံးသပ်မှုများမှ ရရှိလာသော ရလဒ်များ ပေါ်တွင် မူတည်ပြီး ပို၍ လက်တွေ့ ကျပြီး သို့မဟုတ် ပိုမို ရည်မှန်းချက်မြင့်သော ပန်းတိုင်များ ဆောင်ရွက်ရန် |

| | | |
|---|---|---|
| | | • သတ်မှတ်ထားသော ရလဒ်များအား ရရှိစေရန် အတွက် IPA၏ မဟာဗျူဟာ များနှင့် စီမံကိန်း များကို ညှိနှိုင်းမှုများ ပြုလုပ်ရန် |
| ၄။ | IPA ၏ တာဝန်ခံမှု ရှိခြင်း | • IPA ကို အခွန်ပေးဆောင်သူများ၏ ရန်ပုံငွေများ ဖြင့် တည်ထောင်ထားသည့် အားလျော်စွာ အများ ပြည်သူ စိစစ်ခွင့်အောက်တွင်တည်ရှိပြီး ဘဏ္ဍာရေး တာဝန်ခံမှု ရှိခြင်း၊ စွမ်းဆောင်ရည် ရှိခြင်းနှင့် ဆန်းစစ် သုံးသပ်ခြင်း ကဲ့သို့သော ကိစ္စရပ်များ အား အရေးပါမှု ပိုမို မြင့်မား ပါသည်။<br>• IPA များသည် အကျိုးသက်ရောက်မှု၊ ထိရောက်မှု၊ စွမ်းဆောင်ရည်ရှိမှု တို့ကို ပြသရန်နှင့် စောင့်ကြည့် ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်း၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ဖိအားများ တိုးလာခြင်း အောက်တွင် တည်ရှိနေပါသည် |
| ၅။ | ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို တိုးတက် စေခြင်း | • ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကြုံတွေ့နေရလေ့ ရှိသည့် ပြဿနာများ(သို့) အဓိကတိုင်ကြားချက် များမှ ဧရိယာများ ကို တိုးတက်ရန် လိုအပ်ခြင်း<br>– မည်သည့်အရာသည် မိမိ၏ လုပ်ပိုင်ခွင့်ဖြင့် ဆုံးဖြတ် နိုင်မှု ရှိခြင်းနှင့် မည်သည့်အရာသည် အခြား သက်ဆိုင် ရာ အဖွဲ့အစည်းများ ဆောင်ရွက်ရန် လိုအပ်သည်ကို ဖော်ပြရန်၊<br>• IPA ၏ ကိုယ်ပိုင် အကဲဖြတ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များသည် ရင်းနှီး မြှုပ်နှံမှုမှ အကျိုးရလဒ်များအတွက် တားမြစ်ထားသည့်အချက်များကို သတ် မှတ် နိုင်ပြီး မည်သည့် အလုပ်များက ကောင်းမွန်စွာ ဆောင်ရွက်နိုင် သည်ကို သိမြင်ခြင်း-<br>– IPA ပန်းတိုင်များ အောင်မြင်မှု မရရှိခြင်းသည် မည်သည့် အကြောင်း တရားများကြောင့် ဖြစ်သ နည်း? အချို့သည် IPA ထဲတွင်မဟုတ်ဘဲ ပတ်ဝန်းကျင် တစ်ခုလုံး တွင် တည်ရှိနေခြင်း<br>– အကယ်၍ IPA သည် ၎င်း၏ ပန်းတိုင်ထက် ကျော်လွန် ပါက အဘယ် အရာသည် အောင်မြင် စေသည့်အချက် များ ဖြစ်သနည်း? အဆိုပါ အချက်များကို ကြီးမားသော အကျိုး ကျေးဇူး များ ပေါ်ပေါက် လာစေရန် ပိုမို အားကောင်း စေနိုင်ပါ သလား? |

*Source:* ICA/ESCAP; Loewendahl(2001).

Monitoring & Evaluation ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် နယ်ပယ်များမှာ အမှန်တကယ်ဆောင်ရွက်ခြင်းနှင့် ဖော်ပြထားသော အကျိုးရလာဒ်များပေါ်တွင် မူတည်ပါသည်။ နယ်ပယ်နှင့် သာဓက မေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ဆက်စပ်မှု (relevance)** - ဦးတည်ချက်များ(objectives)နှင့်ရည်မှန်းချက်ပန်းတိုင် (goals) များသည် ဖြေရှင်းပေးရမည့် ပြဿနာများ သို့မဟုတ် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊

**အကျိုးရှိမှု (efficiency)** - စီမံကိန်းအား ကုန်ကျစရိတ် အသက်သာဆုံးနှင့် အချိန်ကိုက် ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်နိုင်ခြင်း ရှိ၊ မရှိ၊

**ထိရောက်မှု(effectiveness)** - ဝင်ရောက်ကူညီဆောင်ရွက်မှုသည် ဦးတည်ချက်အား မည်သည့်အတိုင်းအတာအထိပေါက်မြောက်စေသလဲ။ အကောင်အထည်ဖော်စဉ် ကြုံတွေ့ရသည့် အတားအဆီးများနှင့် အထောက်အကူဖြစ်စေသည့် အချက်များက ဘာတွေလဲ။

**အကျိုးသက်ရောက်မှု (impact)** - စီမံချက်ကြောင့် မည်သည့်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာပါသလဲ။ မျှော်လင့်မထားသော ကောင်းကျိုး၊ ဆိုးပြစ်များပါ ဖော်ပြနိုင်ပါသည်။

**ရေရှည်တည်တံ့မှု(sustainability)**- ကြားဝင်ဆောင်ရွက်သည့်စီမံချက် အလွန်ရေရှည် တည်တံ့ကျန်ရစ်သည့် အကျိုး ကျေးဇူးများ ရှိ၊ မရှိ။[107]

ကောင်းမွန်သည့် Monitoring & Evaluation မူဘောင်၏ အခြေခံလမ်းညွှန် စည်းမျဉ်းများ ကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။[108]

- ရရှိနိုင်သည့် အရင်းအမြစ်များအရ**အာရုံစူးစိုက်၍လက်တွေ့ကျ**ကျဖြင့် အရင်းအမြစ်များကို ဖြုန်းတီးရာမရောက်ဘဲ အထောက်အပံ့ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်လာနိုင်ခြင်း။ (ဥပမာ အားဖြင့် သိရှိရလျှင်ကောင်းမည်ထင်သော သတင်းအချက်အလက်များထက် သိရှိရယူထိုက်သည့် သတင်းအချက်အလက်များကိုသာ အာရုံစူးစိုက် ကောက်ခံခြင်းဖြစ်သည်)
- အဖွဲ့အတွက်လေ့လာသင်ယူမှု၊ အဖွဲ့၏ဆုံးဖြတ်ချက်ချခြင်းနှင့် စီမံချက် ပုံစံရေးဆွဲခြင်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် သတင်းအချက်အလက်များကို လိုအပ်သည့်အချိန် (timely) တွင် အကျိုးရှိရှိ (useful) အသုံးချနိုင်ခြင်း။
- အခြား stakeholders များက ကောက်ခံထားသော သတင်းအချက်အလက်များနှင့် နှိုင်းယှဉ်ခြင်း သက်သက် သို့မဟုတ် နှိုင်းယှဉ်အသုံးချနိုင်ပြီး သက်သေအထောက်အထားများ ပိုမိုရိုင်လုံလာ စေခြင်း။
- ရရှိအသုံးချနိုင်သည့် အရင်းအမြစ် အတိုင်းအတာအတွင်း လက်ခံအသိအမှန်ပြုမှု (credible)၊ အခြေအမြစ်ရှိမှု (valid)၊ ယုံကြည်အားထားမှု (reliable)ရှိခြင်း။
- အချက်အလက်များစုဆောင်းရာတွင် ပါဝါချိန်ကွင်လျှာများ ရှိသည်ကို နားလည်လက်ခံနိုင်စေခြင်း။ (ဥပမာ အားဖြင့် ပြောဆိုဆွေးနွေးနိုင်စွမ်းအားနည်းသော အသေးစားရင်းနှီးမြှုပ်နှံသူများ၏ အသံကို နားစွင့်ခြင်း။)
- သတင်းအချက်အလက်များ ရယူအသုံးပြုခွင့်နှင့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ သတင်းအချက်အလက်များကို လျှို့ဝှက်ထားပြီး မပေါက်ကြားစေခြင်း။

[107]World Bank **http://siteresources.worldbank.org/INTBELARUS/Resources/M&E.pdf**. See also, Austrian Development Cooperation, 2009.
[108]Available from **http://www.geog.ox.ac.uk/research/technologies/projects/mesc/guide-to-monitoring-and-evaluation-v1-march2014.pdf**.

အကယ်၍ Monitoring & Evaluation အား စနစ်တကျ ဆောင်ရွက်ပါက M&E သည် IPAs အတွက် အောက်ပါအကြောင်းတရားများအရ အလွန်အရေးကြီးပါသည်။

ပထမအကြောင်းတရားမှာ M & E စနစ်တစ်ခုသည် ရင်းနှီးမြှုပ်နှံမှုကြောင့် နိုင်ငံ၊ ဒေသ အတွက် စီးပွားရေးအကျိုးသက်ရောက်မှု (economic impact)၊ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် အတွက် သီးခြားရည်မှန်းချက် (targets) များစသည့် ကိုယ်တိုင် ချမှတ်ထားသည့် ရည်မှန်းချက် ပန်းတိုင်များဆီသို့ လျှောက်လှမ်းတိုးတက်မှုအခြေအနေကို အကဲဖြတ်နိုင်ရန် IPA အား အထောက် အကူ ဖြစ်စေပါသည်။

ဒုတိယ အကြောင်းတရားမှာ M & E သည် IPAs ၏ စီမံကိန်းများ၊ ဆောင်ရွက်ချက်များနှင့် အထူး အစီအစဉ်များကို သင့်တော်စွာ ချိန်ညှိပေးရန် အရေးပါပါသည်။ ပြဿနာများကို စောစောစီးစီး ဖော်ထုတ် ပေးနိုင်ခြင်းဖြင့် အရင်းအမြစ်များ အလေအလွင့် မရှိအောင် ကာကွယ်ပေးပြီး အကျိုး သက်ရောက်မှုမရှိသော၊ အကျိုးဖြစ်ထွန်းမှုမရှိသော လုပ်ဆောင်ချက်များကို စွန့်လွှတ်ခြင် သို့မဟုတ် အရင်းအမြစ်များကို ပြောင်းလဲ သုံးစွဲခြင်းတို့ကို ကူညီပေးပါသည်။ ထို့ပြင် စီမံချက်ဟောင်းများမှ အကောင်း၊ အဆိုးသင်ခန်းစာများကို မှီငြမ်း၍ အနာဂတ် စီမံချက်များကို ပိုမိုအားကောင်းလာစေရန် အထောက်အကူ ဖြစ်စေပါသည်။

တတိယ အကြောင်းတရားမှာ စနစ်တကျဆောင်ရွက်သည့် M & E မှ ခိုင်လုံသော သက်သေ အထောက်အထားများကို အရင်းအမြစ်များ၏ အကောင်းဆုံး အသုံးပြုနိုင်ရန်အတွက် ဆုံးဖြတ် ချက်ချရာ တွင်အသုံးပြုနိုင်ပါသည်။

စတုတ္ထအကြောင်းတရားမှာ ၎င်းသည် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တိုးတက်လာအောင် မည်သို့ဆောင် ရွက်ရမည်ကို မူဝါဒချမှတ်သူများသို့ အဖိုးတန်သော အကြံပြုချက်များ ထွက်ပေါ်စေပါသည်။ IPA များ အနေဖြင့် တိကျ၍ ပြည့်စုံသော အချက်အလက်များနှင့် ရှာဖွေတွေ့ရှိချက်များကို ဆုံးဖြတ်ချက် ချမှတ်သူများ အား တင်ပြပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။

ပဉ္စမအကြောင်းတရားမှာ M & E သည် IPAs ၏ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာရှိမှု အားကောင်း စေပါသည်။ IPAs ၏ ဆောင်ရွက်မှုများ သို့မဟုတ် စွမ်းဆောင်ချက်များအပေါ် အကဲဖြတ်မှုအစီရင်ခံစာများ (evaluating reports)ထုတ်ပြန်ခြင်းဖြင့် IPAs က ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်နေကြောင်း ဖော်ပြရာ ရောက်ပါသည်။ အဆိုပါအချက်သည် အစိုးရနှင့် စီးပွားရေး နယ်ပယ်များအတွက် ယုံကြည်မှုပိုမို ကြီးမားလာစေပါသည်။

ထိရောက်မှုရှိသော M & E စနစ်ကြောင့် ထွက်ပေါ်လာမည့် အခြားသော အကျိုး ကျေးဇူးများမှာ

- ဌာနတွင်းနှင့် တစ်နိုင်ငံလုံးအတွက် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များဆီသို့ ဆောင် ရွက် ပြီးစီးမှု အခြေအနေကို တိုင်းတာပေးသည်။
- အစိုးရနှင့် စီးပွားရေးနယ်ပယ်များသို့ သတင်းအချက်အလက်များ ပံ့ပိုးပေးသည်။
- (ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ရှားမှုဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ ကူညီပံ့ပိုး ပေးသည်။
- အနာဂတ်စီမံချက်များနှင့် အစီအစဉ်များကို အထောက်အကူဖြစ်စေသည်။
- ပြည်သူ့ဘဏ္ဍာငွေကို ကောင်းမွန်၊ အကျိုးရှိစွာအသုံးချမှုရှိကြောင်း လက်တွေ့ပြသသည်။
- အခြားသောအရာများ IPA များနှင့် ချိန်ထိုးနှိုင်းယှဉ်ရာတွင် အထောက်အကူ ဖြစ်စေသည်။

M & E သည် IPA ၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ အကျိုး သက်ရောက်မှုများကို ခြေရာခံနိုင်ရန် အကူအညီပေးပါသည်။ သို့သော် လက်တွေ့ကျင့်သုံးရာတွင် အမြဲလွယ်ကူစွာ ခြေရာခံနိုင်သည် မဟုတ်ပေ။ အကျယ်ချဲ့ရလျှင် ရလာဒ်ထွက်ပေါ်မှုတစ်ခုသည် မိမိ၏ လုပ်ကိုင် ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည်ကို မည်ကဲ့သို့ သိနိုင်ပါမည်လဲ။ စစ်တမ်း (surveys) များ ကောက်ယူ၍ အဖြေရှာဖွေ နိုင်သော်လည်း အကြောင်းတရားများ၏ တစိတ်တပိုင်းကိုသာ သိရှိနိုင်မည် ဖြစ်သလို ရင်းနှီးမြှုပ်နှံသူများက အိမ်ရှင်နိုင်ငံအား မျက်နှာမပျက်စေလို၍သဘောထားအမှန်များကို ပြောချင်မှ ပြောပေလိမ့်မည်။"မည်သည့် IPA အတွက်မဆို ကြုံတွေ့ရသော အဓိက စိန်ခေါ်ချက်တစ်ရပ်မှာ M & E အတွက် သင့်လျှော်သော စနစ်တစ်ခု သတ်မှတ်ထူထောင်ရန် ဖြစ်သည်ဟု UNCTAD (2001) တွင် ဖော်ပြထားသည်။ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များသည် အခြေအနေ၊ အကြောင်းအချက်များစွာအပေါ်တွင် အခြေခံဆုံးဖြတ်ကြသဖြင့် IPA သည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသော်လည်း ရင်းနှီးမြှုပ်နှံမှုတစ်ခု ဝင်ရောက်လာသည့်အပေါ် IPA ကြောင့် သက်သက် အမှတ်ယူနိုင်ရန် ခက်ခဲပါသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းကဲ့သို့ အကျိုးအမြတ်အတွက် မဟုတ်သည့် ဆောင်ရွက်ချက်များကို အကဲဖြတ်မည့် နည်းလမ်းများကို ဖော်ထုတ်ရန် ခက်ခဲပါသည်" သို့သော် ထိရောက်မှုရှိသော M & E စနစ်သည် IPA ၏ လုပ်ဆောင်ချက်များကို တိုးတက်ကောင်းမွန်လာစေနိုင်ပါသည်။ ရှင်းလင်းသော ပန်းတိုင်များရှိပြီး ဆောင်ရွက်ချက်များကို အကဲဖြတ် တိုင်းတာ မည်ကို သိရှိထားပါကIPA ဝန်ထမ်းများ အနေဖြင့် ကောင်းမွန်စွာ ကြိုးပမ်းဆောင်ရွက်လိုစိတ် ရှိလာကြပါမည်။ အခြားသော အကျိုးကျေးဇူးများမှာ ဆုံးဖြတ်သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေမည့် data များ ရရှိလာခြင်း၊ IPA နှင့် နိုင်ငံ၏ ရည်မှန်းချက်ပန်းတိုင်များဆီသို့ လျှောက်လှမ်းတိုးတက်မှုများကို အကဲဖြတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ပံ့ပိုးတည်ဆောက်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များကို အထောက်အကူ ဖြစ်စေမည့် အချက်များကို အသုံးပြုခြင်း၊ မိမိ IPA ၏ စွမ်းဆောင်ချက်များကို အခြားသော IPA ၏ စွမ်းဆောင်ချက်များနှင့် နှိုင်းယှဉ်ပြီး အများနည်းတူ စွမ်းဆောင်နိုင်လာအောင် အလေ့အကျင့်ကောင်းများကို ကောက်နှုတ်သုံးစွဲခြင်းတို့ ပါဝင်ပါသည်။ IPA သည် နိုင်ငံ၏ ရန်ပုံငွေ အရင်းအမြစ်များမှဖြစ်စေ၊ ပြည်ပအလှူရှင်နိုင်ငံများမှဖြစ်စေ ငွေကြေးထောက်ပံ့မှု ရရှိပါက ရန်ပုံငွေ ထောက်ပံ့သော အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ငွေကြေးများကို ရည်ရွယ်ချက် ချမှတ်ထားသည့်အတိုင်း အောင်မြင်လာအောင်မည်ကဲ့သို့ အကျိုးရှိစွာ သုံးစွဲသည်ကို သိရှိလိုကြပါသည်။ ရည်ရွယ်ချက်သို့ မည်မျှအောင်မြင်သည်ကို အကဲဖြတ်ရန်အတွက် ဆန်းစစ်ချက်တစ်ခုကို သီးခြားအထူးပြုအဖွဲ့အစည်းတစ်ခုမှ ဆောင်ရွက်သင့်ပါသည်။

## ၂။ IPA တစ်ခု၏ စွမ်းဆောင်ချက်အား အကဲဖြတ်ခြင်း (အနီးကပ် ကြည့်ရှုလေ့လာမှု)

အကဲဖြတ်ခြင်းကို အဆင့်လေးဆင့်အဖြစ် သတ်မှတ်နိုင်သည်ကို figure 6.6 တွင် ဖော်ပြထားပါသည်။ ထို့ပြင် အဆိုပါအကဲဖြတ်မှု အဆင့်လေးဆင့်တွင် အမျိုးအစား (၃)မျိုး ထည့်သွင်းပေါင်းစပ်နိုင်ပါသည်။

အစီအစဉ်ဒီဇိုင်း ပြန်လည်သုံးသပ်ခြင်းဟု လူသိများသော ex-ante evaluation သည် အစီအစဉ်တစ်ခုကို အကောင်အထည်မဖော်မီ ၎င်း၏ဒီဇိုင်းကို အကဲဖြတ်ပြီး စီမံကိန်းတစ်ခု၏ နောက်ဆုံး အစီအစဉ်ကို ရေးဆွဲရန် အထောက်အကူဖြစ်စေပါသည်။ အဆိုပါ အကဲဖြတ်မှုသည် IPA များတွင်အသုံးနည်းသော်လည်း

ရှုပ်ထွေးသော အစီအစဉ် သို့မဟုတ် စီမံချက်များကို လုပ်ကိုင် ဆောင်ရွက်ရာတွင် စီမံကိန်းအား ကောင်းမွန်စွာ ရေးဆွဲလာနိုင်အောင် များစွာ အထောက်အကူ ဖြစ်စေပါသည်။ ၎င်းကို formative evaluation (FE) ဟုလည်း ခေါ်ပါသည်။ formative evaluation (FE) သည် ယေဘုယျအားဖြင့် စီမံကိန်းဒီဇိုင်းနှင့် စွမ်းဆောင်မှုကို တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စီမံကိန်းတစ်ခု အကောင်အထည်ဖော်စဉ်ကာလ သို့မဟုတ် မတိုင်မီ ကာလတွင် ပြုလုပ်ကြပါသည်။[109] formative evaluation (FE) ကို အောက်ပါတို့အား အကဲဖြတ်ရန် အသုံးပြုကြသည်-[110]

- အဆိုပြုထားသည့် အချက်အလက်၊ အကြောင်းအရာများသည် ရည်ရွယ်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့ အစည်းများ (ဥပမာ ရင်းနှီးမြှုပ်နှံသူများ) ဆီသို့ ရောက်ရှိပြီး ၎င်းတို့က နားလည် သဘော ပေါက်ခြင်းနှင့် လက်ခံခြင်း ရှိ၊ မရှိ။
- အစီအစဉ်တစ်ရပ်အား သို့မဟုတ် ဆောင်ရွက်ချက်သစ်တစ်ခုကို စတင်ရန် အချိန်အခါ ကောင်း ဟုတ်၊ မဟုတ်။
- အစီအစဉ်များနှင့် မဟာဗျူဟာများသည် အောင်မြင်နိုင်ဖွယ် ရှိ၊ မရှိ။
- ရင်းနှီးမြှုပ်နှံသူများက သတင်းအချက်အလက်များ မည်ကဲ့သို့ ရရှိလာမှု။
- တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများက မည်ကဲ့သို့သော (ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ) တာဝန်ခံ အရာရှိများ၊ သို့မဟုတ် IPA ကိုယ်စားလှယ်များကို လေးစားမှု၊
- သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် ကိရိယာတန်ဆာပလာများ၊ မဟာဗျူဟာများ၊ စက်ယန္တရားများနှင့် စပ်လျဉ်းသည့် မမြင်နိုင်သော အခက်အခဲ ရှိ၊ မရှိ။




**ပုံကားချပ် ၆.၁. စိစစ်အကဲဖြတ်ခြင်း အဆင့်ဆင့်**

*Source:* ICA.

[109]Available from **http://evaluationtoolbox.net.au/index.php?option=com_content&view=article&id=24&Itemid=125**.

[110]Available from **http://www.urbanministry.org/wiki/four-stages-evaluation**.

နှစ်လယ်ပြန်လည်သုံးသပ်မှု (mid-term review evaluation) သည် အစီအစဉ် သို့မဟုတ် စီမံကိန်း စက်ဝန်းတစ်ခု၏ အလယ်တွင် စီမံကိန်း အကောင်အထည်ဖော်မှုနှင့် ကနဦး အကျိုးသက်ရောက်မှုများကို အကဲဖြတ်ရန်ဖြစ်သည်။ ရည်မှန်းချမှတ်ထားသည့် ရလဒ်ရရှိများ ထွက်ပေါ်လာရန်အတွက် စီမံကိန်း အကောင်အထည်ဖော်မှုအပေါ် အပြောင်းအလဲမှုများ လုပ်ဆောင်ရန် လိုအပ်မှု ရှိ၊ မရှိ ပြန်လည် သုံးသပ်နိုင်ရန်အတွက် နှစ်လယ်ပြန်လည်သုံးသပ်မှုမှာ အရေးကြီးပါသည်။ အချို့သော အစီအစဉ် သို့မဟုတ် စီမံကိန်းမှာ အခြေအနေ အကြောင်းကြောင်းကြောင့် အောင်မြင်အောင် ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း mid-term review evaluation အရ သိရှိရသည့်အခါ အရင်း အမြစ်များကို အခြားအကျိုးရှိသော နေရာများတွင် ပြောင်းလဲ သုံးစွဲရန် အတွက် စီမံကိန်းကို ပယ်ဖျက်သင့်ပေသည်။ Mid-term review evaluation သည် စောင့်ကြည့် လေ့လာခြင်း လုပ်ငန်းစဉ် (monitoring process) နှင့် နီးနီးကပ်ကပ် ဆက်စပ်နေပြီး အဆိုပါလုပ်ငန်းစဉ် အပေါ်တွင် တည်ဆောက်ထားပါသည်။ ၎င်းသည် လုပ်ငန်းစဉ် အကဲဖြတ်မှု (process evaluation) နှင့်လည်း ဆက်စပ် နေပြန်ပါသည်။ လုပ်ငန်းစဉ် အကဲဖြတ်မှု (process evaluation) သည် IPA အား ၎င်း၏ အစီအစဉ် များသည် ရည်ရွယ်ထားသည့် ရင်းနှီးမြှုပ်နှံသူများသို့ ထိရောက်စွာ ရောက်ရှိခြင်း ရှိ၊ မရှိကို ဖော်ထုတ် ရာတွင် အထောက်အကူ ဖြစ်စေပါသည်။ အဆိုပါ အကဲဖြတ်ခြင်းကို စီမံကိန်း စတင် အကောင် အထည်ဖော်စဉ်မှစ၍ စီမံကိန်းကာလတစ်လျှောက် လုပ်ဆောင်သင့်ပါသည်။ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တွင် အောက်ပါ အချက်များ ပါဝင်ပါသည်-

- ရည်ရွယ်ထားသည့် ရင်းနှီးမြှုပ်နှံသူများကို ရောက်ရှိရန် ကြိုးပမ်းရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို သတ်မှတ်ဖော်ထုတ်ခြင်း၊
- ၎င်းတို့၏ အစီအစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ဆောင်ချက်များနှင့် အသုံးအဆောင်ပစ္စည်းများ မည်သည့်အတိုင်းအတာအထိ ကောင်းမွန်စွာ အလုပ်ဖြစ်မှု ရှိသည်ကို အကဲဖြတ်ရန်နှင့်လိုအပ်သလို ပြောင်းလဲမှုများ ပြုလုပ်လာနိုင်စေခြင်း၊
- ရန်ပုံငွေနှင့် ငွေကြေးထောက်ပံ့သော အဖွဲ့အစည်းများကို အစီအစဉ်၏ လုပ်ဆောင်ချက် အဆင့်၊ အခြေအနေကို ဖော်ပြပေးခြင်း၊
- ပါဝင်ဆောင်ရွက်သူများကို အားပေးခြင်း၊
- ဆန်းစစ်ချက်ပုံစံသစ်များ (additional formative evaluation) ကို ဖန်တီးနိုင်ရန်အတွက် ပြဿနာနယ်ပယ်များကို ဖော်ထုတ်ခြင်း။

Ex-post evaluation သို့မဟုတ် summative evaluation သည်ဆောင်ရွက်ပြီးသော (သို့မဟုတ် ဖျက်သိမ်းထားသော) အစီအစဉ် (သို့မဟုတ်) စီမံကိန်းတစ်ခု၏အကျိုးသက်ရောက်မှုများ၊ အကောင်အထည် ဖော်မှု အခြေအနေ၊ အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချမှု အခြေအနေကို ဆန်းစစ်ပြီး ဝင်ရောက် ဆောင်ရွက်မှုနှင့် အကျိုးရလာဒ်များအကြား ဆက်စပ်မှုကို နားလည်ခြင်းနှင့် စီမံကိန်း၏ ဆက်လက် ဆောင်ရွက် မည့်အဆင့်များ သို့မဟုတ် စီမံကိန်းအသစ်များအတွက် ထိုးထွင်း အမြင်များ ပံ့ပိုးပေးခြင်းတို့ကို ဆုံးဖြတ် နိုင်ရန် ပြန်လည် ဆန်းစစ်ခြင်းဖြစ်ပါသည်။ Ex-post evaluation တွင် ရလာဒ်အကဲဖြတ်ခြင်း (outcome evaluation) နှင့် အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်း (impact evaluation) နှစ်မျိုးစလုံး ပါဝင်ပါသည်။ ရလာဒ် အကဲဖြတ်ခြင်း (outcome evaluation) မှာIPA ၏ရည်ရွယ်ချက်များနှင့် ရည်မှန်း ချက်များသို့ ပေါက်မြောက် အောင်မြင်မှုကိုမူလအခြေအနေနှင့် နှိုင်းယှဉ်တိုင်းတာခြင်းဖြစ်ပြီး အကျိုးသက်

ရောက်မှု အကဲဖြတ်ခြင်း (impact evaluation)မှာ အစီအစဉ်၏ ရေရှည်အကျိုးသက်ရောက်မှု၊ ရည်ရွယ်သည့် အကျိုးသက် ရောက်မှုနှင့် မရည်ရွယ်သည့် အကျိုးသက်ရောက်မှုများကို တိုင်းတာခြင်း ဖြစ်သည်။

အထက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ အမျိုးအစားနှင့် ဖော်ပြချက်များပေါ် အခြေခံ၍ စီမံကိန်း ရေးဆွဲခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့အကြား ချိတ်ဆက်မှုများအား Figure 6.7 တွင် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းတွင် အပြန်အလှန်ချိတ်ဆက်မှုများကိုအစီစဉ်အတိုင်း လိုအပ်ချက်များကို သတ်မှတ်မှု မှစ၍ စက်ဝိုင်းပုံသဏ္ဍာန်ဖြစ်စဉ် (cyclical process) ကို ဖော်ပြထားပါသည်။ ၎င်းသည် အစီအစဉ် ချမှတ်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး IPA ၏ clients များ (ဥပမာ ရင်းနှီး မြှုပ်နှံမှု သို့မဟုတ် ဦးတည်သည့် ရင်းနှီးမြှုပ်နှံသူအုပ်စု)၏ လိုအပ်ချက်ကို ဆန်းစစ်ခြင်းလည်း ပါဝင်သည်။ ၎င်းသည် စီမံကိန်း လုပ်ဆောင်ချက်အနေဖြင့် ဦးတည်ချက်ထားသော အုပ်စု၏ လိုအပ်မှုများကို ဖြည့်ဆည်း ပေးရာတွင် မျှော်လင့်ထားသည့် အကျိုးရလာဒ်များဖြစ်သည်။ ထိရောက်သော အစီအစဉ်များ ချမှတ်ရန် ဆောင်ရွက်သော အကဲဖြတ်မှု လုပ်ရပ်များကို တိုးတက်မှုအခြေအနေပြအကဲဖြတ်ခြင်း (developmental evaluation) ဟုလည်း ရည်ညွှန်းပြောဆိုတတ်ကြသည်။[111]

တိုးတက်မှုအခြေအနေပြအကဲဖြတ်ခြင်း (developmental evaluation) သည် စီမံကိန်း အကောင် အထည်ဖော်ရာတလျှောက် နောက်ပိုင်း ဆက်လက်လုပ်ဆောင်ရန် ဖြစ်သော်လည်း Formative evaluation နှင့် ထပ်တူ အရေးပါသည်။ IPA ၏ အစီအစဉ် ပုံဖော်ခြင်း (သို့မဟုတ်) ဒီဇိုင်းရေးဆွဲခြင်း ဆောင်ရွက်စဉ် အကဲဖြတ်ခြင်း မူဘောင်တစ်ခုကို တည်ထောင်သင့်ပေသည်။ အဆိုပါ မူဘောင်တွင် တန်ဖိုးဖြတ် အကဲဖြတ်မှု တစ်ခု (Evaluability assessment) ပါဝင်ပြီး အဆိုပါ အကဲဖြတ်မှုသည် ပါဝင်သူများ (stakeholders) ကောင်းစွာ နားလည်စေပြီး philosophy နှင့် မူဝါဒ နည်းလမ်းတစ်ခုအတွင်း ဒီဇိုင်းရေးဆွဲခြင်း အစီအစဉ် တစ်ခု အနေဖြင့် သေချာစေသည့် အဓိပ္ပါယ်ရှိသည့်အပြင် အစီအစဉ် အောင်မြင်ခြင်း ရှိ မရှိကို မည်သည့် စံနှုန်း ဖြင့် ဆုံးဖြတ်မည်ကို သေချာစေမည် ဖြစ်ပါသည်။ ဒုတိယခြေလှမ်းသည် စီမံကိန်းလုပ်ဆောင်ချက်များကို အကောင် အထည်ဖော်ခြင်းနှင့် ကြားဝင် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။ M & E ဘက်မှကြည့်လျှင် အဆိုပါ အဆင့်တွင် လုပ်ငန်းစဉ်နှင့် ထိရောက်မှု အကဲဖြတ်ခြင်းတို့ပါဝင်သော အစီအစဉ် စောင့်ကြည့်ခြင်းနှင့် ဖြစ်စဉ် အကဲဖြတ်ခြင်းတို့ ဆောင်ရွက်ရပါသည်။ နောက်ဆုံးအနေဖြင့် စီမံကိန်း၏ အကျိုးရလာဒ်၊ သက်ရောက်မှု၊ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုများကို အကဲဖြတ်ရန် လိုအပ်နေခြင်းကို summative evaluation ဟု ခေါ်ပါသည်။ ယင်းတွင် အရင်းအမြစ်များကို တိုးချဲ့ရန်နှင့် ပမာဏ မည်မျှရရှိနိုင်သည်ကို အကဲဖြတ်ရန်အတွက် "စရိတ်-အကျိုးရှိမှု အကဲဖြတ်ခြင်း (cost-effectiveness evaluation)" ကျေနပ်ဖွယ် အကျိုးရလာဒ်ကို ဖြစ်ပေါ် စေပါသည်။

IPA သည် စံသတ်မှတ်ချက်များအရ အကျိုးရလာဒ်ကို အကဲဖြတ်ရမည် ဖြစ်သည်။ ယေဘုယျ အားဖြင့် စီမံကိန်း၏ အကျိုးရလာဒ်များကို အကဲဖြတ်ရန် နည်းလမ်း (၅) သွယ် ရှိပါသည်။ ပထမအချက် အနေဖြင့် IPA သည် ရလာဒ်များ၏ ဆက်စပ်မှုကို စဉ်းစားနိုင်သည်။ ရလာဒ်သည် IPA မှ ဖြေရှင်းလိုသည့် လိုအပ်ချက်များ၊ ကိစ္စရပ်များနှင့် ပြဿနာများနှင့် ဆီလျော်မှု ရှိခဲ့သလား? UNDP (2009) အရ ဆက်စပ်မှု၏

[111]Available from
**http://www.oninjuryresources.ca/downloads/publications/Eval_Toolkit_Stages_of_an_Evaluation.pdf**.

အရေးကြီးသည့် အမျိုးအစားခွဲတစ်ခုသည် စံသတ်မှတ်ချက်၏ သင့်လျှော်ခြင်းဖြစ်ပါသည်။ ၎င်းသည် ကနဦး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့် လုပ်ဆောင်ချက်များ၏ ဖြစ်နိုင်ချေရှိမှုအပြင် ယေဘုယျ လက်ခံသော အကြောင်းအရာနှင့် ဆက်စပ်နေပါသည်။ ဒုတိယအချက်အနေဖြင့် IPA အနေဖြင့် ရလာဒ်များ ရရှိစေရန် အရင်း အမြစ်များကို မည်သို့ အကျိုးရှိစွာ အသုံးချသည်ကို အကဲဖြတ်နိုင်ပါသည်။ အောင်မြင် သည့် အစီအစဉ်များသည် ရလာဒ်များ ရရှိစေရန် အရင်းအမြစ်များကို စဉ်းစားထားသည်ထက် ပိုမို အသုံးပြု နိုင်ခဲ့ပြီး အရင်းအမြစ် မပြည့်စုံမှုကြောင့် အောင်မြင်မှု မရှိသည့် အစီအစဉ်များလည်း ရှိနိုင်ပါသည်။ တတိယ အချက်အနေဖြင့် IPA ၏ ရည်ရွယ်ချက် အောင်မြင်မှုရရှိရန် မည်သည့် အားထုတ်ကြိုးပမ်းမှုများ ပါဝင်သည်ကို ဆုံးဖြတ်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ရှိမှုကို တိုင်းတာနိုင်ပါသည်။ စတုတ္ထ အချက်အနေဖြင့် IPA သည် အဖွဲ့အစည်းတစ်ခုလုံးအတွက် အကျိုးရလာဒ်များနှင့် လုပ်ဆောင်ချက်များ၏ အသုံးဝင်ပုံ (သို့မဟုတ်) အကျိုးသက်ရောက်မှုကို အကဲဖြတ်နိုင်သည်။ ပဉ္စမအချက်အနေဖြင့် IPA သည် စီမံကိန်း (သို့မဟုတ်) အစီအစဉ်များမှ ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၏ ရေရှည်တည်တံ့နိုင်မှုကို အကဲဖြတ်ရန် လိုအပ် ပါသည်။ အောင်မြင်စေခြင်းကို ဖြစ်စေသည်။ လုပ်ဆောင်ချက်များ ဆက်လက် လုပ်ဆောင်ရန် လိုအပ် ပါသလား ? သို့မဟုတ် ဖျက်သိမ်းမည်ဆိုလျှင် အကျိုးသက်ရောက်မှု မည်မျှ ကျန်ရှိနိုင်ပါမည်နည်း ?

**ပုံကားချပ် ၆.၂. အစီအစဉ်ချမှတ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း စက်ဝိုင်း**




*Source:*Available
from<u>http://www.oninjuryresources.ca/downloads/publications/</u>**Eval_Toolkit_Stages_of_an_Evaluation.pdf.**

စီမံချက်အား သုံးသပ်ရာတွင် အကဲဖြတ်မှုထိရောက်မှုရှိစေရန် အကြောင်းအကျိုး ဆန်းစစ်မှု ပါဝင်ပါသည်။ ၎င်းမှာ စီမံကိန်းဆောင်ရွက်ချက်များသည် ရလဒ်များနှင့် ဆက်စပ်မှုကို လေ့လာခြင်း ဖြစ်သည်။ ဤနေရာတွင် အကျုံးဝင်မှု (attribution) မှာ အရေးကြီး ပါသည်။ ဆိုလိုသည်မှာ ရလာဒ်များသည် IPA ၏

ဆောင်ရွက်ချက်များကြောင့် ရရှိခဲ့သလား (သို့မဟုတ်) အခြားပြင်ပ အကြောင်းတရားများကြောင့် ရရှိခဲ့သလား ကို ဆန်းစစ်ခြင်းဖြစ်သည်။ ထိရောက်မှုရှိခြင်းကို အကဲဖြတ်ရာတွင်အခြေခံအချက် (၃) ချက် ပါဝင်ပါသည် (UNDP, 2009)-

(က) လေ့လာသော အကျိုးရလာဒ်များသည် ပြောင်းလဲမှုကို တိုင်းတာခြင်း၊

(ခ) ကနဦးလုပ်ဆောင်ချက်/အစီအစဉ်များကြောင့် အပြောင်းအလဲများ ဖြစ်ပေါ်လာခြင်း ဟုတ်၊ မဟုတ် (attribution) သတ်မှတ်ခြင်း (project evaluation)၊ သို့မဟုတ် တွေ့ရှိသည့် အပြောင်းအလဲများမှာ IPA ကြောင့် ဟုတ်၊ မဟုတ် လေ့လာခြင်း၊

(ဂ) ပြောင်းလဲမှုတန်ဖိုးအား အကဲဖြတ်ခြင်း(ကောင်းကျိုး သို့မဟုတ် ဆိုးပြစ်)

နောက်ဆုံးအနေဖြင့် အကဲဖြတ်ခြင်းအလုပ်အား မည်သူကတာဝန်ယူမည်ကို ဆုံးဖြတ်ရန် အရေးကြီးပါသည်။ ကုမ္ပဏီတစ်ခုချင်းစီအတွက် တာဝန်ခံအရာရှိများ (individual account executives) များသည် အစီအစဉ်စောင့်ကြပ်ကြည့်ရှုခြင်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပြီး ဝန်ထမ်းတစ်ဦးချင်း၏ စွမ်းဆောင်ချက်ကို အကဲဖြတ်ခြင်းရန် အကျိုးသက်ဆိုင်သူများသို့၊ အထူးသဖြင့် ရင်းနှီးမြှုပ်နှံသူများသို့ အကဲဖြတ်မှု မေးခွန်းများ ပေးပို့ရမည်ဖြစ်ပါသည်။ ၎င်းကို internal evaluation လုပ်ငန်းစဉ်ဟု ခေါ်ပါသည်။ သို့သော် IPA အပေါ် အသိအမှတ်ပြု၊ ယုံကြည်မှုကိုးစားမှုကို မြှင့်တင်ရန် အလို့ငှာ external evaluation တစ်ခုကိုလည်း သီးခြားပြင်ပ အကဲဖြတ်သူမှ တာဝန်ယူ လုပ်ဆောင်ခြင်းသည် အရေးကြီးပြီး ထို့အတွက်လည်း IPA အနေဖြင့် ဘတ်ဂျတ် လိုအပ်ပေသည် (box 6.8)။

## Box ၆.၈ **အကဲဖြတ်သုံးသပ်ခြင်းအတွက် စည်းမျဉ်းများနှင့် အရည်အသွေးသတ်မှတ်ချက်**

ဩစတြီးယား ဖွံ့ဖြိုးတိုးတက်မှု အေဂျင်စီ (ADA) အနေဖြင့် အကဲဖြတ်သုံးသပ်ခြင်း ကျင့်သုံး နေသော စည်းမျဉ်းများနှင့် အရည်အသွေး သတ်မှတ်ချက်များသည် OECD Development Assistance Committee (DAC) ၏ အချက်များ ပေါ်တွင် အခြေခံထားပါသည်။ အဆိုပါ စည်းမျဉ်း များနှင့် သတ်မှတ်ချက်များကို ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့များ (development assistance) များ ကိုးကားနိုင်သည့် အပြင် IPAs. များ အနေဖြင့် လည်း ကိုးကားနိုင်ပါသည်။

- **မှီခိုမှုကင်းခြင်း။** အကဲဖြတ်သုံးသပ်ခြင်းတစ်ခု၏ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်မှုသည် ဖြစ်နိုင်သည့် အကြီးမားဆုံး မှန်ကန်မှုနှင့် သမာသမတ်ကျမှု ရှိရမည်။ မိတ်ဖက်နိုင်ငံများမှ နိုင်ငံအလိုက် ကျွမ်းကျင်သူများ ပေါင်းစည်းထားသော နိုင်ငံတကာ ကျွမ်းကျင်သူများနှင့် မှီခိုမှုကင်းသော အဖွဲ့များအနေဖြင့် အကဲဖြတ်သုံးသပ်ခြင်းများကို ဆောင်ရွက်နိုင်ရမည်။

- **အများယုံကြည်လက်ခံနိုင်ခြင်း။** အကဲဖြတ် သုံးသပ်မှုအဖွဲ့သည် လိုအပ်သော နည်းစနစ်များ ထည့်သွင်းရေးဆွဲနိုင်ရမည် ဖြစ်ပြီး၊ သက်ဆိုင်ရာ ဘာသာရပ် ဗဟုသုတနှင့် စပ်လျဉ်းသည့် အရည်အချင်းရှိရမည်။ အကဲဖြတ် သုံးသပ်သော နည်းလမ်းများနှင့် ၎င်းတို့၏ တွေ့ရှိချက်များကို အကဲဖြတ်သုံးသပ်အစီရင်ခံစာတွင် တိကျရှင်းလင်းစွာ ဖော်ထုတ် ပြနိုင်ရမည်။

- **ပူးပေါင်းပါဝင်ခြင်း။** အကဲဖြတ်သုံးသပ်ခြင်းကို လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဒီဇိုင်းရေးဆွဲခဲ့ပြီး စီမံကိန်း ဆောင်ရွက်သူများအနေဖြင့် ပြင်ပကျွမ်းကျင်မှုနှင့် အကဲဖြတ်မှု ပေါင်းစပ်ဆွေးနွေးခြင်းဖြင့် အနာဂတ်လုပ်ငန်းပေါ်တွင် အမြင်သစ်များ၊ ညှိနှိုင်းမှုများ ရရှိနိုင်သည်။

- **ပွင့်လင်းမြင်သာမှုရှိခြင်း။** ဘာသာရပ်၊ ရည်ရွယ်ချက်၊ နယ်ပယ်၊ ဖော်ပြချက်များ၊ အကဲဖြတ် သုံးသပ်မှု မေးခွန်းများ၊ နည်းလမ်းများ၊ အချိန်ဇယား၊ အကဲဖြတ်သုံးသပ်မှုအဖွဲ့၏ အရည်အချင်းများ၊ အစီရင်ခံခြင်းနှင့် ပေါင်းစပ်ခြင်းများသည် အကဲဖြတ် သုံးသပ်ရာတွင် ကိုးကားရန်အတွက် တိကျသေချာရှင်းလင်းနေရမည်။

- **ကိုယ်ကျင့်တရား။** အကဲဖြတ်သုံးသပ်ခြင်းသည် လူပုဂ္ဂိုလ် သို့မဟုတ် ကဏ္ဍ အပေါ် စိတ်ဝင်စားမှုများ ထင်ဟပ်နေခြင်း မရှိစေရပါ။ အကဲဖြတ်သုံးသပ်သူများသည် ပုဂ္ဂိုလ်ရေး ရိုးသားဖြောင့်မတ်ခြင်း၊ အဖွဲ့အစည်းများနှင့် တစ်ဦး တစ်ယောက်ချင်း၏ ကိုယ်ရေး အချက်အလက်များ အပေါ် လေးစားမှုရှိခြင်းနှင့် ယုံကြည်မှုနှင့် ပြည်တွင်း လူမှုရေးနှင့် ယဉ်ကျေးမှု ပတ်ဝန်းကျင် ဓလေ့ထုံးတမ်းများကို နားလည် လေးစားမှု ရှိရမည်။

- ယုံကြည်စိတ်ချရမှုသည် တိုင်းတာမှုတွင် ကိုက်ညီမှုကို ရည်ညွှန်းပါသည်- ဥပမာ အားဖြင့် မေးခွန်းလွှာကဲ့သို့ အချက်အလက် စုဆောင်းမှု ပစ္စည်းတစ်ခုသည် တူညီသော အခြေအနေတစ်ခုတွင် တူညီသော သို့မဟုတ် အတူတူဖြစ်သော တုန့်ပြန်မှုကို ရယူခြင်း

- ကျိုးကြောင်း ညီညွတ်ခြင်းသည် တိုင်းတာမှု၏ ကိုက်ညီမှုကို ရည်ညွှန်းပါသည်- ဥပမာအားဖြင့် တိုင်းတာသည့် အချက်အလက် စုဆောင်းမှုသည် အမှန်တကယ် တိုင်းတာရန် ရည်မှန်းထားသည့်အတိုင်း သေချာမှု ရှိရမည်။ အချက်အလက်များမှ ယူဆချက်များ သို့မဟုတ် အဆုံးသတ်မှုများသည် ကျိုးကြောင်းခိုင်လုံမှုရှိရသည်။

- အသုံးဝင်မှု။ အကဲဖြတ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များသည် Stakeholders များ အားလုံးအတွက် အသုံးဝင်သင့်ပါသည်။ မူဝါဒနှင့် လက်တွေ့အဆုံးအဖြတ်ပေးရသူများ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရာ တွင် တိကျသေချာမှု ရှိရမည်။

အကဲဖြတ်သုံးသပ်ခြင်း အဆင့်များတွင် နိုင်ငံတကာ အရည်အသွေး သက်ဆိုင်ရာ အချက်အလက်၊ ထိရောက်မှု၊ အကျိုးရှိမှု၊ သက်ရောက်မှု၊ စဉ်ဆက်မပြတ်တိုးတက်မှု တို့ပါဝင် ပါသည်။

*Source:*Austrian Development Agency: http://www.entwicklung.at/en/ada/evaluation.

မည်သည့်အချက်များကို တိုင်းတာရမည်မှာ အမြဲရှင်းလင်းလွယ်ကူသည် မဟုတ်ပေ။ အကြောင်းမှာ တိုင်းတာရန် ဖြစ်နိုင်ချေများစွာမှာ အမြဲတစေ ထင်ရှားပေါ်လွင်မှု မရှိတတ်ပေ။ IPA အနေဖြင့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများအတွက် သွင်းအားစုများနှင့် ၎င်းတို့မှ ထွက်ပေါ်လာသော အကျိုးရလာဒ်များ၊ aftercare ကဲ့သို့သော သီးခြား အစီအစဉ်များ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကဲ့သို့သော သီးခြား စီမံချက်များ (သို့မဟုတ်) IPA ၏စွမ်းဆောင်ရည် ခြုံငုံဖော်ပြချက်များကို တိုင်းတာနိုင်ပါသည်။

တိုင်းတာခြင်းနှင့် အချက်အလက်ကောက်ယူခြင်းသည် တိုင်းတာမည့်အရာများပေါ် မူတည်ပြီး အရည် အသွေးပိုင်းနှင့် အရေအတွက်ပိုင်းအချက်အလက်များဖြင့် ရောပြွန်းနိုင်ပါသည်။

IPA များစွာတွင် အဓိကကျသည့် စွမ်းဆောင်ချက် ညွှန်းကိန်းများ ရှင်းရှင်းလင်းလင်း မဖော်ပြထား တတ်ပေ။ ၎င်းညွှန်းကိန်းများတွင် ဝန်ထမ်းများ၏ စွမ်းဆောင်မှုကို တိုင်းတာခြင်း၊ တိုးတက်မှုကို နှိုင်းယှဉ် တိုင်းတာမည့် မူလအခြေအနေ (baseline) တို့ ပါဝင်ပါသည်။ အဆိုပါ ညွှန်းကိန်းများသည် အရေအတွက်ကို သာမက (ဥပမာ ရင်းနှီးမြှုပ်နှံမှု စီမံချက် အရေအတွက်၊ ဆွဲဆောင်နိုင်ခဲ့သော ငွေကြေးအရင်းအနှီး၊ အလုပ်အကိုင် ဖန်တီးမှု၊ အခွန်ကောက်ခံရရှိမှု) သို့မဟုတ် အရည်အသွေးပိုင်း (ဆွဲဆောင်လိုက်သော ကုမ္ပဏီများနှင့် လုပ်ငန်း ကဏ္ဍများသည် ဦးစားပေးနှင့် မဟာဗျူဟာကျသော ကဏ္ဍများသို့ ရောက်ရှိလာမှု၊ဖန်တီးပေးသော အလုပ်အကိုင် များ၏ အရည်အသွေး)ကိုပါ တိုင်းတာသင့်ပါသည်။ IPA အများစုသည် ၎င်းတို့၏ အောင်မြင်မှုကို တိုင်တာရာတွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုထက် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုကြေညာသည့် ပမာဏကိုသာ အခြေခံတတ်ကြပါသည်။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ဖော်ရန် ခွင့်ပြုသည့်အချိန်မှ ၂ နှစ်အထိကြာတတ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုများမှ တိုက်ရိုက်ဖန်တီးပေးသည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ကာကွယ်ပေးလိုက်သည့် အလုပ် အကိုင်များ(safeguarded jobs) နှင့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများကိုလည်း တိုင်းတာပါသည်။

IPA မှပေးသော ဝန်ဆောင်မှု၊ ဆောင်ရွက်ချက်များ၏အကျိုးရှိမှုကို အကဲဖြတ်ရာတွင် အသုံးဝင်နိုင် လောက်သော ညွှန်းကိန်းတစ်ခုမှာ မေးမြန်းစုံစမ်းမှု အသီးသီးအတွက် မည်သည့်အချိန်အတွင်း IPA က တုံ့ပြန်ဖြေကြားသည်ကို လေ့လာခြင်းဖြစ်သည်။Box 6.9 တွင် ဖြစ်နိုင်ချေရှိသော ညွှန်းကိန်းအချို့နှင့် Box 6.10 တွင် ကောင်းမွန်စွာ အကဲဖြတ်နိုင်ရေးအတွက် အဓိကစိန်ခေါ်ချက်များနှင့် လိုအပ်ချက်များကို ဖော်ပြပေး ထားပါသည်။ နောက်ဆက်တွဲဇယားများတွင် IPA ၏ အဓိက အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များအတွက် ကိုယ်တိုင်ဆန်းစစ်နိုင်သော ဘောင်များကို ဖော်ပြပေးထားပါသည်။ အခန်း (၇) တွင် ရင်းနှီးမြှုပ်နှံမှု စီမံချက် များ၏ M&E ကို ဆွေးနွေးထားပါသည်။

| ဇယား ၆.၉ ။ မည်သည့်အရာများကို တိုင်းတာသင့်သနည်း။ အဓိက ဖြစ်နိုင်သည့် IPAs ၏ စွမ်းဆောင်ရည် ညွှန်းကိန်း တစ်ချို့ | |
|---|---|
| • ရင်းနှီးမြှုပ်နှံမှုအရေအတွက်<br>• ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ တန်ဘိုး<br>• အလုပ်အကိုင်အခွင့်အလမ်းဖန်တီး နိုင်မှု အရေအတွက်<br>• အခွန်ဝင်ငွေတိုးတက်မှု<br>• တစ်ဦးချင်းဝင်ငွေ တိုးတက်မှုနှုန်း<br>• ပြည်တွင်းကုမ္ပဏီများနှင့် ဆက်သွယ် ဆောင်ရွက်ရန် အောင်မြင်စွာ ချိတ်ဆက် မှုအရေအတွက်<br>• ရင်းနှီးမြှုပ်နှံသူများ၏ တည်နေရာ အပေါ် သဘောထားအမြင်<br>• IPA ၏ ဝန်ဆောင်မှုအပေါ် ရင်းနှီး မြှုပ်နှံမှုများ၏ အဆင့်သတ်မှတ်ချက်<br>• ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆက်လက် ထိန်းသိမ်းထားခြင်း နှင့် ချဲ့ထွင်မှုနှုန်းထားများ<br>• ကူးပြောင်းမှုနှုန်းထားများ<br>- အဆက်အသွယ်များမှ ရင်းနှီးမြှုပ်နှံ ရန် စိတ်ပါဝင်စားသူများဖြစ်လာခြင်း<br>- စိတ်ပါဝင်စားသူများမှ ကွင်းဆင်း လေ့လာမှုများ ပြုလုပ်ခြင်း<br>- ကွင်းဆင်းလေ့လာသူများ အဖြစ်မှ ရင်းနှီးမြှုပ်နှံသူများ ဖြစ်လာစေခြင်း | • ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တွင် မူဝါဒနှင့် စည်းမျဉ်းများ တိုးတက်လာမှု<br>• တိုင်းပြည် (သို့မဟုတ်) ပြည်နယ် ဖွံ့ဖြိုး တိုးတက်မှုနှုန်း<br>• ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှုန်း<br>• ရင်းနှီးမြှုပ်နှံမှုအရည်အသွေး(ဥပမာ၊ ကွင်းဆက် ရွေ့လျားမှုမြင့်မားခြင်း)<br>• ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များ<br>• (မတူကွဲပြားမှုသည် တစ်ခု သို့မဟုတ် နှစ်ခု အပေါ်တွင် မှီခိုခြင်းထက် ပိုမို ကောင်းမွန်ခြင်း)<br>• စက်မှုလုပ်ငန်း နယ်ပယ်သစ်များ ဆွဲဆောင်ခြင်း<br>• ဦးဆောင်မှုအရင်းအမြစ်များ (ဆွေးနွေးပွဲ၊ စာပို့ခြင်းနှင့် ကြော်ငြာခြင်း အစရှိသည်)<br>• TNC ရုံးချုပ်များတည်ထောင်နိုင်မှု အရေအတွက်<br>• TNCs အနေဖြင့် တည်ထောင်ထားသည့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု အရေအတွက်များ |
| *အရင်းအမြစ်:* ESCAP, ICA. | |

ဇယား၆.၁၀.　IPA ကို အကဲဖြတ်ခြင်း၏ လိုအပ်ချက်များနှင့် အဓိက စိန်ခေါ်မှုများ

**( IPAs မှ တင်ပြချက်)**

- IPA တစ်ခု၏ စွမ်းဆောင်ရည်က ၎င်း၏အရည်အချင်းကို ကျော်လွန်ပြီး ကိစ္စရပ် အများအပြားပေါ်တွင် မူတည်နေခြင်း
- အကဲဖြတ်အချက်အားလုံးကို မှတ်ပုံတင်ရန် စွမ်းဆောင်ရည် အားနည်းခြင်း
- သတင်းအချက်အလက်များ အလွယ်တကူ မရရှိနိုင်ဘဲ စုဆောင်းရာတွင် အချိန် ယူခြင်း
- ဒေတာစုဆောင်းခြင်းများအတွက်စနစ်တကျချဉ်းကပ်မှုမရှိခြင်း
- အဓိကဦးစားပေးထည့်သွင်းစဉ်းစားမှု မရှိခြင်း
- အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်အကဲဖြတ်ရန်အတွက် စံသတ်မှတ်ချက် မရှိခြင်း
- အထူးသဖြင့် ထိရောက်သော အကဲဖြတ်မှု ဆောင်ရွက်ရန်အတွက် ပြင်ပ ကျွမ်းကျင်သူနှင့် ဆက်သွယ်ဆောင်ရွက်ရန် လုံလောက်သော ရန်ပုံငွေ မရှိခြင်း

**အဓိကလိုအပ်ချက်များ**

- လေ့ကျင့်မှု၏ ရည်ရွယ်ချက်များအား ဖြစ်နိုင်သမျှ ရှင်းရှင်းလင်းလင်း သတ်မှတ်ဖော်ပြခြင်း
- နောင်လာမည့် အကဲဖြတ်ခြင်းအတွက် အကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်၊ မျှော်လင့်ချက်နှင့် လုပ်ငန်းစဉ်တွင် ပါဝင်မှု အခန်းကဏ္ဍတို့ကို အဖွဲ့အစည်းနှင့် ပြင်ပမိတ်ဖက်များအား အကြံပေးခြင်းဖြင့် ပြင်ဆင်ခြင်း
- စိတ်ဝင်စားသူများကို အတတ်နိုင်ဆုံး အကြံဉာဏ်ပေးခြင်းနှင့် ဖြစ်နိုင်ပါက တန်ဖိုးရှ ိသော သွင်းအားစုများ ပါနိုင်သမျှ ထောက်ပြပေးခြင်း
- တိုးတက်မှု၊နည်းလမ်းများ၊ နောက်ဆုံးတွေ့ရှိချက်နှင့်အတူ ပွင့်လင်းမြင်သာမှုအတွက် ကြိုးပမ်းဆောင်ရွက်မှု။

ကုလသမဂ္ဂအကဲဖြတ်အဖွဲ့ (UNEG) မှ "ကုလသမဂ္ဂစနစ်အတွက်အကဲဖြတ်ရန် စံနှုန်းများ" အချို့ကို သတ်မှတ်ပေးခဲ့သည်။ ၎င်းတွင် ဘက်မလိုက်မှု၊ သီးခြားဖြစ်မှု၊ ပွင့်လင်းမြင်သာမှု နှင့် အသိပညာ တည်ဆောက်ခြင်းသို့ ပါဝင်ခြင်း တို့ ပါဝင်ပါသည်။

*အရင်းအမြစ်*: UNCTAD(2008b).

ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဆွဲဆောင်ရာတွင် IPA များ၏ အောင်မြင်မှုအနေအထားကို ပိုမိုကောင်းမွန်စွာ အကဲဖြတ်နိုင်စေရန်အတွက် Loewendahl (2016b) က အောက်ဖော်ပြပါ စာရင်းကိုင်စံနှုန်းများကို ဖော်ထုတ်ထားသည်။ ၎င်းသည် အဓိကနယ်ပယ် ၈ မျိုးတွင် အခြေခံပြီး investment tracking systems များကို အားဖြည့်ပေးသည် (see also chapter 8, box 8.12)။

၁။ **ကုမ္ပဏီ အချက်အလက်။** ။ ကုမ္ပဏီအမည်၊ အမျိုးအစား (အများပိုင်/ကိုယ်ပိုင်)၊ နိုင်ငံခြားသား ပိုင်ဆိုင်မှု အချိုး (percentage foreign equity)၊ မိခင်ကုမ္ပဏီ၏ မူလနိုင်ငံ။

၂။ **ရင်းနှီးမြှုပ်နှံမှု စီမံချက် အသေးစိတ်နှင့် အခြေအနေ။** ။ စီမံချက်အမျိုးအစား (အသစ်/ ထပ်တိုး/ ဝယ်ယူ ပေါင်းစည်း/ အစုစပ်)၊ စီမံချက် အခြေအနေ (အသိပေးကြေငြာပြီး/စတင်ပြီး)၊ စီမံချက် အကြောင်း ရှင်းလင်းဖော်ပြချက်။

၃။ **တည်နေရာနှင့် ကဏ္ဍဆိုင်ရာ အချက်အလက်။** ။ ရင်းနှီးမြှုပ်နှံမှုတည်နေရာ လိပ်စာ၊ လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းရပ်နှင့်အတူ the International Standard Industrial Classification sector code သို့မဟုတ် စီမံချက်အသီးသီးအတွက် အလားတူ သင်္ကေတများ၊

၄။ **ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် ဖန်တီးမှု။** ။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏနှင့် ၃ နှစ်အတွင်း အလုပ်အကိုင်ဖန်တီးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ဖန်တီးမှုများ အမှန်ဟုတ်၊ မဟုတ်ကို အချိန်နှင့်အမျှ စိစစ်အတည်ပြုခြင်း၊

၅။ **ကြေငြာထားသော ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိခြင်း။** ။ စီမံချက်လုပ်ဖြစ်၊ မဖြစ် ကို ရင်းနှီးမြှုပ်နှံသူများထံမှ အထောက်အထားများ တောင်းယူကြည့်ရှုခြင်း (စီမံချက် အချက်အလက်၊ လုပ်ငန်းအစီအစဉ်၊ တရားဝင်ကြေငြာချက်ထုတ်ပြန်မှု)နှင့်/သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ် စတင်ခြင်း ရှိ၊ မရှိ (ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ မြေယာဝယ်ယူငှားရမ်းမှု စာချုပ်၊ အလုပ်ခန့် အပ်မှု)။

၆။ **ရင်းနှီးမြှုပ်နှံမှုကို ဝင်ရောက်စေရန်အတွက် IPA ၏ ကျိုးစားပါဝင်မှု အထောက်အထား။** ။ EDO marketing အလုပ်များမှ မေးမြန်းစုံစမ်းမှုများ၊ ကုမ္ပဏီများနှင့် တွေ့ဆုံပြီး စီးပွားရေး သတင်း အချက်အလက်များ ပေးခြင်း သို့မဟုတ် ကုမ္ပဏီများက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအကြောင်း သတင်းမထုတ်ပြန်မီ ခံစားခွင့်မက်လုံးများ ပေးခြင်း၊ ကွင်းဆင်းလေ့လာမှုများကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း။

၇။ **ရင်းနှီးမြှုပ်နှံမှု အရည်အသွေး။** ။ နိုင်ငံတကာသတ်မှတ်ချက်များအရ စီမံချက်တစ်ခုချင်းစီ၏ နည်းပညာ အဆင့်အတန်း၊ ပျမ်းမျှ လစာနှုန်းထားများ၊ နည်းပညာမြင့်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် ဖန်တီးမှု မြင့်မားခြင်းရှိသည့် မဟာဗျူဟာ စီမံကိန်းများ ဟုတ်၊ မဟုတ် ခွဲခြားခြင်း။

၈။ **ရင်းနှီးမြှုပ်နှံမှုမှ ထွက်ပေါ်လာမည့် အကျိုးအမြတ်။** ။ စီမံချက်တစ်ခုချင်း အလိုက် ကုန်ကျစရိတ်၊ အလုပ်အကိုင်တစ်ခုချင်းအလိုက် ကုန်ကျစရိတ်၊ EDO budgets များနှင့်ချိန်၍ ရင်းနှီး မြှုပ်နှံမှုမှ ထွက်ပေါ်လာမည့် ဆင့်ပွားအကျိုးသက်ရောက်မှုများ၊ ကုမ္ပဏီများအတွက် ကွင်းဆင်း လေ့လာရေး ခရီးစဉ်များ။ ခံစားခွင့်မက်လုံးများကြောင့် ရရှိလာသော အကျိုးအမြတ်အခြေအနေကိုလည်း တွက်ချက်သင့်ပါသည်။

နောက်ဆုံးအားဖြင့် UNCTAD ၏ IPA များအပေါ် အကဲဖြတ်သော စာတမ်းသည် အကျယ် တဝင့်အဖြစ်ဆုံး ကိုးကားစရာစာအုပ်ဖြစ်ပြီး အကဲဖြတ်ရာတွင် အသုံးပြုသည့် နည်းစနစ်များကို အသေးစိတ် ဖော်ပြပေးထားသည်။ အဆိုပါ စာတမ်းကို **http://unctad. org/en/docs/ diaepcb 20082_en.pdf** တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

**သတင်းအချက်အလက်များ ကောက်ယူခြင်း။** ။ အကဲဖြတ်မှု ကောင်းမွန်မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် အတွက် သတင်းအချက်အလက်များ ကောက်ယူရာတွင် အခက်အခဲ အမြဲရှိတတ်သည်။ IPA များသည် (စာရွက် ဖြင့်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ) စစ်တမ်းကောက်ယူခြင်း၊ လူတွေ့ မေးမြန်းခြင်းနှင့် အခြားသော နည်းလမ်းများကို အသုံးပြု၍ (ရင်းနှီးမြှုပ်နှံမှု) ဝန်ဆောင်မှု သုံးစွဲသူများ၏ ကျေနပ်မှုကို ဆန်းစစ် လေ့လာ နိုင်သလို မိမိနိုင်ငံတွင် လည်ပတ်နေသော ပြည်ပကုန် သည်ကြီးများအသင်းနှင့် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်များ၊ ကွန်ဖရင့်များမှ မူလသတင်းအချက်အလက်များ၊ တဆင့်ခံသတင်းအချက်အလက်များ၊ နိုင်ငံတကာ စီးပွားရေး နှင့် ဘောဂဗေဒဂျာနယ်များမှ သတင်းဆောင်းပါးများကို ဖတ်ရှုလေ့လာ၍လည်း အကဲဖြတ်နိုင်ပါသည်။ အကဲ ဖြတ်ရာတွင် အသုံးပြုသော သတင်းအချက်အလက်များကို Table 6.5 တွင် ရှင်းလင်းဖော်ပြ ပေးထားသည်။ Box 6.11 တွင် IPA တစ်ခုအတွက် အကောင်းဆုံးလုပ်ဆောင်နိုင်သော M&E အလေ့အထ တစ်ခုကို သုံးသပ် ဖော်ပြထားသည်။

**ဇယား ၆.၅ ။ အကဲဖြတ်အတွက်အသုံးပြုသည့်ဒေတာနှင့်သတင်းအချက်အလက်**

| အမျိုးအစား | ဘာလဲ? | ဘာကြောင့်လဲ? | ဥပမာများ |
|---|---|---|---|
| ပူးပေါင်းပါဝင်သူများ၏ အမြင်များ။ | မိတ်ဖက်များနှင့် သက်ဆိုင်သူများမှမြင်ကွင်းများ။ | IPA အနေဖြင့် မူဝါဒ မျှော်မှန်းချက်များသို့ မည်သည့်အတိုင်းအတာ မျှ ပါဝင်သည်ကို ရှာဖွေ ရန် နှင့် မည်သို့ ပိုမို ကျယ်ပြန့်စွာ ပါဝင်နိုင် သည်ကို ရှာဖွေရန်။ | စက်မှုလုပ်ငန်းနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနများ၊ အသင်းများ၊ အခြား IPAs များနှင့်အတူ ဆွေး နွေး ညှိနှိုင်းခြင်း။ |
| IPA၏ အမြင်များ။ | IPA မန်နေဂျာများ နှင့်ဝန်ထမ်းများ၏ အမြင်များ။ | IPA၏ဖွံ့ဖြိုးတိုးတက်မှု၊ ၎င်း၏မဟာဗျူဟာမြောက်အခြေအထားများ၊ လုပ်ငန်းလည်ပတ်အခြေအနေများ၊ ပြင်ပမိတ်ဖက်လုပ်ငန်းလည်ပတ်အခြေအနေ များကို နားလည်ခြင်း။ | IPA သည် မကြာ မီအချိန် အတွင်း ပိုမို ကြီးမားသည့် စီးပွားရေးဖွံ့ဖြိုးရေးအဖွဲ့ အစည်းသို့ပေါင်းစပ်ခဲ့ ကြလိမ့်မည်ဖြစ်သည်။ |
| Client ၏ တုံ့ပြန်ချက်။ | IPA ၏ ဝန်ဆောင်မှု များကို အသုံးပြုသည့် ရင်းနှီးမြှုပ်နှံသူများမှ တုန့်ပြန်မှုများ | IPA ဝန်ဆောင်မှုများ၏ အကျိုးခံစားခွင့်ရှိ သူများမှ တုံ့ပြန်ချက် ရယူခြင်း။ | ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ တွင် ပါဝင်သည့် တစ်ဦးချင်းစီ၏ စစ်တမ်းများ |
| Non-Client ၏ တုန့်ပြန်ချက်။ | IPA ၏ ဝန်ဆောင်မှု ကို အသုံးမပြုသော ရင်းနှီးမြှုပ်နှံသူများထံမှတုံ့ပြန်ချက်။ | အချို့ကုမ္ပဏီများမှ IPA အား မည်သည့်အတွက် ကြောင့် အသုံးမပြုမှုကို နားလည် ခြင်း။ | မေးခွန်းများစုမှာ ရင်းနှီးမြှုပ်နှံသူများ စစ်တမ်း တွင်ပါသည့် မေးခွန်းနှင့် တူညီခြင်း။ |
| ဖြစ်ရပ်မှန်လေ့လာမှုများ။ | အချို့လာရောက် ရင်းနှီးမြှုပ်နှံသူများ ကိုယ်စားလှယ်များကို အသေးစိတ် လေ့လာမှု။ | မည်သည့်နေရာများ တင် IPA အနေဖြင့် ကူညီနိုင်သည်နှင့် အများဆုံး ကူညီနိုင်သည်ကို သတ်မှတ်ရန်နှင့် ရင်းနှီးမြှုပ်နှံသူမှ မည်သည်ကို အများဆုံး တန်ဖိုးထားသည်ကို သတ်မှတ်ရန် | လုပ်ငန်းစဉ်တွင် ပါဝင်သူများနှင့် ကုမ္ပဏီများမှ ပုဂ္ဂိုလ်များအား အင်တာဗျူးခြင်းအပေါ် နောက်ခံ သုတေသန ဆောင်ရွက်ခြင်း |
| အခြေခံ စံနှုန်း (Benchmark-ing) | မည်သည့်လုပ်ဆောင်မှုများကို အကဲဖြတ် နိုင်သည်နှင့်ဆန့်ကျင် သည့် | နှိုင်းယှဉ်ခြင်းနှင့်သင်ယူခြင်း။ | ပြိုင်ဘက်နိုင်ငံများရှိအမျိုးသား IPAs များ၏ စွမ်းဆောင်ရည် နှင့် အလေ့ အထများကို လေ့လာမှု။ |

| | | | |
|---|---|---|---|
| | အချက်များကို ကိုးကားခြင်း | | |
| စာပေ၊ အစီရင်ခံစာများ နှင့် စာရွက် စာတမ်းများ။ | IPA နှင့်သက်ဆိုင် ဆက်နွယ်သော ဘာသာရပ်များ အပေါ် ပုံနှိပ်ထုတ်ဝေ မှုများ | တွက်ချက်မှုကို လွှမ်းမိုး သည့် ပတ်ဝန်းကျင် ပြောင်းလဲမှုကို နားလည်ခြင်းနှင့် အကျိုးဖြစ်ထွန်းသည့် သီအိုရီတစ်ခုကို ဖော်ထုတ်ခြင်း | OECD , UNCTAD World Bank တို့မှ ထုတ်ဝေမှုများ၊ စာလွှာများ၊ သီးသန့် မူဝါဒများအပေါ် အစီရင်ခံ စာများ |
| လုပ်ကိုင်နိုင် စွမ်းစောင့်ကြည့် ရေး အချက်အလက် | IPA:ရည်ရွယ်ချက် များရရှိမှုကို တိုင်းတာသည့် အချက်အလက်များ | IPAရဲ့စွမ်းဆောင်ရည်အကဲဖြ တ်များအတွက်အခြေခံ ပါဝင်ပါသည် | စီမံကိန်းများအောင်မြင်မှု၊ အလုပ်အကိုင်အခွင့် အလမ်း ဖန်တီးမှု၊ ကုမ္ပဏီ များအနေဖြင့် လာရောက် လည်ပတ်မှု၊ ပြည်ပသို့ တင်ပြချက်များ စသည် တို့၏ အရေအတွက်။ |
| ဘဏ္ဍာရေး သွင်းအားစု။ | ဆောင်ရွက်မှုများ၏ဘဏ္ဍာ ငွေ တွက်ချက် မှု | IPA ၏ငွေကြေး ရန်ပုံငွေကို ဆုံးဖြတ်ရန်။ | အခိကပံ့ပိုးကူညီသည့် ဌာန ထက် အခြားအဖွဲ့များ (သို့) ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် IPA သို့ ငွေကြေးအထောက်အကူ ပေးနိုင်လိမ့်မည်။ |

*ရင်းမြစ်: UNCTAD (2008b) ။*

## Box ၆. ၁၁။ IPA တစ်ခု၏ အကောင်းဆုံး စောင့်ကြည့်မှုနှင့် အကဲဖြတ်မှု (M&E) အတွေ့အကြုံ- ဆွီဒင်စီးပွားရေး (Business Sweden)

၁၉၉၉ ခုနှစ်မှ စတင်၍ ဆွီဒင်ရင်းနှီးမြှုပ်နှံမှု အေဂျင်စီ (Invest in Sweden Agency-ISA) နှင့် ဆွီဒင်စီးပွားရေး (Business Sweden) တို့တွင် ရလဒ်တိုင်းတာရန်အတွက် ခြေရာခံသည့် အထူးစနစ်တစ်ခုကို အသုံးပြုခဲ့ကြပါသည်။ ယေဘုယျ ပန်းတိုင်မှာ ရင်းနှီးမြှုပ်နှံမှုပုံစံများနှင့် နှိုင်းယှဉ်ရည်မှန်းချက် အပြုအမူတစ်ခုတွင် အရည်အသွေးရှိသည့် စုံစမ်း မေးမြန်းမှုတို့မှ ရလဒ်ကို ခြေရာခံရန်နှင့် တိုင်းတာရန် ဖြစ်ပါသည်။ ISA ၏ လုပ်ဆောင်ချက် များအတွက် ထိန်းချုပ်သည့် စနစ်တစ်ခုလည်း ဖြစ်ပါသည်- လည်ပတ်နေသည့် လုပ်ဆောင်မှုများမှ ရလဒ်များကို တိုင်းတာ တွက်ချက်နိုင်သည့် စံသတ်မှတ်ချက်ကို တည်ထောင်ခြင်းနှင့် စံသတ်မှတ်ချက်ကို အခြေခံပြီး အရင်းအမြစ်များ အသုံးပြုရန်အတွက် ဦးစားပေးများ ချမှတ်ခြင်း။

စနစ်၏ ရည်မှန်းချက်များမှာ ISA ဆောင်ရွက်ချက်များ၏ ရလဒ်များကို တိုင်းတာရန် နှင့် အကဲဖြတ်ရန်၊ ရင်းနှီး မြှုပ်နှံထားသည့် မတည်ငွေရင်းမှ ပြန်ရမှုကို တွက်ချက်ရန်၊ အချိန်ကာလ၊ နိုင်ငံနှင့် စီမံကိန်းအသီးသီးတို့မှ ရလဒ်များကို နှိုင်းယှဉ်ရန် တို့ဖြစ်ပါသည်။ ဥပမာ အနေဖြင့် အရင်းအမြစ် အသုံးပြုမှုအတွက် ဦးစားပေးများ ချမှတ်ခြင်း၊ ISA ၏ ဆောင်ရွက်မှု များကို ထိန်းကျောင်းပေးရန်အတွက် စာရွက်စာတမ်းသက်သေကဲ့သို့ စနစ်ကို အသုံးပြုခြင်း၊ ပြင်ပ အကဲဖြတ်ခြင်းအတွက် စာရွက်စာတမ်းသက်သေများ ထောက်ပံ့ပေးခြင်း၊ ဘဏ္ဍာငွေ တောင်းခံမှုများ အတွက် စာရွက်စာတမ်း သက်သေများ (ဥပမာ-ဘတ်ဂျက် စာရွက်စာတမ်း) ထုတ်ဝေပေးခြင်း၊ နောက်ဆုံးအနေဖြင့် တည်ထောင်မှုအတွက် ဆုံးဖြတ်ချက်များကို တွက်ချက် ရန်အတွက် အမျိုးသားရေးစံနှုန်းတစ်ခုကို ထူထောင်ခြင်းတို့ ဖြစ်ပါသည်။

အဆိုပါစနစ်တွင် အစိတ်အပိုင်း (၆) ခု ပါဝင်ပါသည်။ ၎င်းတို့မှာ စုံစမ်းမေးမြန်းမှုများကို နောက်ဆက်တွဲ ထပ်မံဆောင်ရွက်ရန်အတွက် CRM စနစ် (အရောင်းအင်အားစု- Salesforce) တွင် မှတ်ပုံတင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူမှ ဖြည့်စွက်ပြီး ဖြစ်သည့် မေးခွန်းလွှာတစ်ခု၊ စာရင်းစစ် ကော်မတီမှ အကဲဖြတ်မှု၊ ရင်းနှီးမြှုပ်နှံသူ အမြင်လေ့လာမှု ( ISA ၏ ဝန်ဆောင်မှုများ အပေါ် ရင်းနှီးမြှုပ်နှံသူများ မည်သို့ နားလည်သည်အပေါ် နှစ်စဉ် စစ်တမ်းကောက်ယူခြင်း)၊ ပြီးခဲ့သည့် ၃ နှစ်တာကာလအတွင်း တည်ထောင်မှုအသစ်များ မည်သို့ ဖွံ့ဖြိုးခဲ့သည်အပေါ် နှစ်စဉ် နောက်ဆက်တွဲ ဆောင်ရွက်ခြင်း၊ ရမှတ်ကဒ်တစ်ခု ဖြစ်ပါသည်။

အရောင်းအင်အားစု (Salesforce) "အခွင့်အလမ်းများ" နှင့် "ခေါင်းဆောင်မှုများ" စသည့် အရည်အသွေးရှိသည့် စုံစမ်းမှုနှစ်မျိုးစလုံးနှင့် ဖောက်သည်များ၏ အဆက်အသွယ်များ အားလုံးကို မှတ်တမ်းတင်ထားပါသည်။ ၎င်းမှာ ကုမ္ပဏီများနှင့် ဆက်သွယ်မှုများ၏ ဆက်လက် မှတ်တမ်းတင်မှုများနှင့် ကိစ္စရပ်တစ်ခုကို ဖြေရှင်းရာတွင် ပါဝင်သည့် ပုဂ္ဂိုလ်များကို အမျိုးအစား ခွဲခြားခြင်းနှင့် ပြန်လည် မှတ်တမ်းတင်ခြင်းတို့ ဖြစ်ပါသည်။ ISA မှ ပါဝင်ပါက ဆွီဒင်တွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်သည့် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် မေးခွန်းလွှာတစ်ခု ဖြည့်စွက်ရန် လိုအပ်ပါသည်။ အဆိုပါ မေးခွန်းလွှာတွင် ရင်းနှီးမြှုပ်နှံမှု အချက်အလက်များ၏ အတည်ပြုမှု နှင့် ISA ၏ ဝန်ဆောင်မှုများနှင့် ပါဝင်မှုအပေါ် အကဲဖြတ်မှု အကျဉ်းဟူ၍ အပိုင်း နှစ်ပိုင်း ပါဝင်ပါသည်။ (ပုံကားချပ် ၆.၈)

တာဝန်ခံ အမှုဆောင်အရာရှိမှ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် အခြေခံ အချက်အလက် များကို တင်ပြရမည်ဖြစ်ပြီး စာရင်းစစ် ကော်မတီ အဖွဲ့ဝင်များမှ မေးမြန်းသည့် မေးခွန်းများကို ဖြေကြားရမည် ဖြစ်ပါသည်။ ထို့နောက် ကော်မတီမှ ရင်းနှီးမြှုပ်နှံမှု၏ အရေးကြီးမှုနှင့် ISA ပါဝင်မှု၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကို အရေးပါမှုကို အကဲဖြတ်ရာတွင် အတိုင်းအတာအနေဖြင့် (၅) မှတ် သတ်မှတ်ထားပြီး ၁ မှတ်မှာ အနည်းဆုံးဖြစ်၍ ၅ မှတ်မှာ အများဆုံး ဖြစ်ပါသည်။ ISA ၏ ပါဝင်မှုကို အကဲဖြတ်ရာတွင် အနည်းဆုံး၊ အလယ်အလတ်နှင့် အမြင့်ဆုံး ဟူ၍ အတိုင်းအတာ (၃) ခုပေါ်တွင် မူတည်၍ အကဲဖြတ်ပါသည်။

ရမှတ်ကဒ်များကို တစ်နှစ်လျှင် တစ်ကြိမ် ထုတ်ပြန်ပါသည်။ အဆိုပါ ရမှတ်ကဒ်များ သည် နိုင်ငံများအတွက် အရေးပါသည့် အကျဉ်းချုပ် အချက်အလက်များ ဖြစ်ပြီး ဧရိယာများနှင့် စီမံကိန်းများအပေါ်တွင် အလေးထားပါသည်။ ရည်ရွယ်ချက်မှာ အသုံးပြုသည့် အရင်းအမြစ်နှင့် ရလဒ်အကြား ချိတ်ဆက်ထားမှု အကျဉ်းချုပ်ကို ထောက်ပံ့ပေးရန်နှင့် အသုံးဝင်သည့် သုံးသပ်ချက်ကို ချမှတ်ရန် ဖြစ်ပါသည်။

**ပုံ ၆.၈။ ISA / ဆွီဒင်စီးပွားရေး လုပ်ငန်း ရင်းနှီးမြှုပ်နှံသူ မေးခွန်းလွှာ တစ်ခု၏တစ်စိတ်တပိုင်း**

| 1. Contact details - investing company | 2. Contact details - company in Sweden |
|---|---|
| Name of company investing in Sweden | Name of company/entity in Sweden |
| Contact person | Contact person |
| Telephone no. | Corporate registration no. |

**3. Type of investment** *(please choose one)*

- ☐ New establishment
- ☐ Joint venture
- ☐ Expansion *(of existing business in Sweden)*
- ☐ Acquisition
- ☐ Franchise
- ☐ Strategic alliance
- ☐ Venture capital
- ☐ Other:

| 4. Jobs at the entity in Sweden | |
|---|---|
| a) If acquisition, please indicate number of existing jobs at the acquired entity | |
| *For any type of investment (incl. acquisition), please indicate:* | |
| b) Number of **new** jobs created **at the time of** the investment | |
| c) Expected number of **new** jobs created **one year after** the investment (in total) | |
| d) Expected number of **new** jobs created **two years after** the investment (in total) | |

| 5. Capital | |
|---|---|
| Approximate capital investment (SEK) | |

**6. Type of services provided by ISA**

- ☐ Advice and counseling in the decision process.
- ☐ Information especially tailored to your needs.
- ☐ Publications/fact sheets
- ☐ Contacts with regional and local authorities, companies and others.
- ☐ Practical assistance in the actual establishment process.
- ☐ Other:

| 7. Quality | Poor 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | Excellent 10 |
|---|---|---|---|---|---|---|---|---|---|---|
| Overall quality of assistance | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| Quality of publications/fact sheets provided | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |

| 8. ISA participation | Not at all 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | Substantially 10 |
|---|---|---|---|---|---|---|---|---|---|---|
| To what extent did ISA contribute to your investment in Sweden? | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |

*ရင်းမြစ်: နှင့် ICA; UNCTAD (2008b) (နောက်ဆက်တွဲ II)။*

## ၁။ ရလာဒ်များကို သုံးစွဲခြင်း - IPA ၏ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ပိုမိုကောင်း မွန်စေခြင်း

M&E မှ တွေ့ရှိချက်များကို မျှဝေသုံးစွဲခြင်း မရှိပါက၊ ရရှိလာသော သင်ခန်းစာများအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း မရှိပါက M&E အစီရင်ခံစာများမှာ အကျိုးရှိမည် မဟုတ်ပေ။ M&Eလုပ်ရခြင်း၏ လွှမ်းခြုံရည်ရွယ်ချက်မှာ IPA ၏ စွမ်းဆောင်ရည်ကို တိုးတက်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ပိုမိုကောင်းမွန်လာစေရန်အတွက် ဖြစ်သည်။ ထိုမှတဆင့် ... သည် ပိုမိုထိရောက်မှုရှိလာပြီး နိုင်ငံ/တည်နေရာတွင် အလုပ်အကိုင်နှင့် ဝင်ငွေများ တိုးပွားလာသလို လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပါလိမ့်မည်။

အကဲဖြတ်ချက်များကို အများသိရှိနာလည်လာအောင် ဝေမျှနိုင်သော နည်းလမ်းများစွာ ရှိပါသည် (UNDP, 2009)။

- အကဲဖြတ်ချက်မှတ်တမ်း၊ အစီရင်ခံစာများနှင့် အခြားစာတမ်းများကို IPA ဝဘ်ဆိုက်တွင် ဖော်ပြပါ။ အဆိုပါ ထုတ်ပြန်ချက်များကို အများနိုင်လည်နိုင်သော အသုံးအနှုန်းများဖြင့် (အင်္ဂလိပ်ဘာသာဖြင့်ပါ) ရှင်းလင်းလွယ်ကူစွာ ရေးသား ဖော်ပြရပါမည်။
- စိတ်ဝင်စားမည့် အကျိုးသက်ဆိုင်သူများကို ဖိတ်ကြား၍ အစည်းအဝေးတစ်ရပ်ကို စီစဉ်ပါ။ ဥပမာအားဖြင့် ရင်းနှီး မြှုပ်နှံသူများ၊ ဝန်ကြီးဌာနများ၊ အလှူရှင်များ၊ ငွေကြေးပံ့ပိုး သူများနှင့် IPA ဝန်ထမ်းများကို ဖိတ်ကြား၍ အကဲဖြတ် ချက်မှ သင်ခန်းစာ၊ တွေ့ရှိချက်များကို ဆွေးနွေးပါ။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများကို နှစ်စဉ် ကျင်းပ ဆောင်ရွက် သင့်ပါသည်။
- အကဲဖြတ်ချက်မှ တွေ့ရှိချက်များနှင့် သင်ခန်းစာများကို IPA မှ ထုတ်ပြန်ထားသော အစီရင်ခံစာများ၊ စာစောင်များ၊ ကြော်ငြာသင်ပုန်းများစသည့် ထုတ်ပြန်မှုများတွင် ဖြည့်စွက်/ထည့်သွင်းအသုံးပြုပါ။
- IPA ၏ လုပ်ဆောင်ချက်များ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖော်ပြသည့် လက်ကမ်း စာစောင် (brouchure) တစ်ခုကို ရေးသားထုတ်ဝေပါ။
- ရိုးရိုးရှင်းရှင်းရေးသားထားသော အကျဉ်းချုပ်ဖော်ပြမှုစာစောင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပါ။
- အကဲဖြတ်ချက်မှ တွေ့ရှိချက်များအပေါ် အခြေခံ၍ IPA နိုင်ငံနှင့် ပင်မရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှ (ပညာရေး၊ ဘောဂဗေဒ သို့မဟုတ် စီးပွားရေး) ဂျာနယ်တစ်ခုခုတွင် ဆောင်းပါး ရေးသားပါ။
- အကြောင်းအရာတစ်ခုခုအပေါ် အကဲဖြတ်ချက်နှင့် ပတ်သက်ဆွေးနွေးသော နှီးနှောဖလှယ်ပွဲတစ်ခုတွင် စာတမ်း တစ်စောင် တင်ပြဆွေးနွေးပါ။ အဆိုပါပွဲမှာ ရန်ကုန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကဲ့သို့သော ပြည်တွင်း၌ ပြုလုပ်သည့် ရင်းနှီး မြှုပ်နှံမှု ဖိုရမ် သို့မဟုတ်the UNCTAD World Investment Forum or Dubai Annual Investment Meeting ကဲ့သို့သော ပြည်ပတွင် ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှု နှီးနှောဖလှယ်ပွဲ များလည်း ဖြစ်နိုင် ပါသည်။

မူဝါဒချမှတ်သူများအနေဖြင့် မူဝါဒအပြောင်းအလဲများ လုပ်ဆောင်ရာတွင် ခိုင်လုံသော အထောက် အထားများ လိုအပ်ပါသည်။ ထို့အတွက် M&E လုပ်ငန်းစဉ်များက အပြောင်းအလဲ လုပ်ဆောင်နိုင်ရန် အတွက် ခိုင်မာသော အချက်အလက်၊ အထောက်အထားများကို တိတိကျကျ ပေးအပ်နိုင်ပါသည်။ IPA အကြီးအကဲအနေဖြင့် အကဲဖြတ်ချက်မှ တွေ့ရှိချက်များ၊ အကြံပြုချက်များကို အစိုးရအဖွဲ့မှ အကြီးတန်း ခေါင်းဆောင်များထံသို့ တင်ပြ၍နိုင်ငံ၏၊ တည်နေရာတစ်ခု၏ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တိုးတက်လာအောင်၊ ပိုမိုယှဉ်ပြိုင်နိုင်သည့် ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်လာအောင် အားပေးဖော်ဆောင်ရန် တိုက်တွန်းနိုင် ပါသည်။

## (င) ထိရောက်သော IPA တစ်ခုကို ဖွဲ့စည်းတည်ထောင်ခြင်း - ခြုံငုံဖော်ပြချက်နှင့် အကြံပြုတင်ပြချက်များ

ထိရောက်သော IPA တစ်ရပ်၏ သွင်ပြင်လက္ခဏာများကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

### ၁။ အထောက်အပံ့

IPA အားအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံးမှ ပင်မဆုံးဖြတ်ချက်ချသူများနှင့် နိုင်ငံရေး အရ အထောက်အပံ့ရရှိရန်အလွန်အရေးကြီးပါသည်။ ဆိုလိုသည်မှာ လုံလောက်သော ရန်ပုံငွေ၊ ဝန်ထမ်းအင်အားနှင့် လုပ်ပိုင်ခွင့်အာဏာရှိခြင်းတို့ လိုအပ်သည်။ သက်ဆိုင်ရာ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြီး အများ သဘောတူညီချက် (consensus) နှင့် အသိအမှတ်ပြုမှု (legitimacy) ရရှိရန်လိုအပ်ပါသည်။

### ၂။ ရှင်းလင်းသော ဦးတည်ချက်များ (objectives)၊ မျှော်မှန်းချက် (vision)နှင့် ရည်ရွယ်ချက် (mission)

IPA တွင် ရှင်းလင်းလွယ်ကူသော **ဦးတည်ချက်များ (objectives)၊ မျှော်မှန်းချက် (vision)နှင့် ရည်ရွယ်ချက် (mission)** သတ်မှတ်ဖော်ပြချက်များ ရှိသင့်ပါသည်။ အဆိုပါ ဦးတည်ချက်များသည် VCC (2009) တွင် ဖော်ပြထားသော ရေရှည်တည်တံ့မှုနှင့် ချိတ်ဆက်မှုရှိပြီးရေရှည်တည်တံ့မှု၏ မျက်နှာစာ ၄ ခုကို ထင်ဟပ် သင့်ပါသည်။

### ၃။ သင့်လျော်သော ရန်ပုံငွေ နှင့် ကျွမ်းကျင်မှုများ

IPA အတွက် ရန်ပုံငွေ အများစုသည် နိုင်ငံအစိုးရမှ ရရှိသည်။ ရန်ပုံငွေ ပမာဏသည် အရေးကြီး သော်လည်း ပမာဏတစ်ခုအလွန်တွင် IPA၏ ထိရောက်မှုမှာ ကျဆင်းသွားသည်။ (ရန်ပုံငွေများများသုံးတိုင်း ထိရောက်မှုရှိသည် မဟုတ်ပေ။) တစ်နည်းဆိုရသော် နိုင်ငံအရွယ် အစားအလိုက်အသင့်တော်ဆုံး၊ အများဆုံး သုံးစွဲရမည့် ဘတ်ဂျက်အကန့်အသတ် ရှိပါသည်။ ဘတ်ဂျက်တိုးသုံးစွဲတိုင်း ရလာဒ်ကောင်း ရရှိနိုင်ခြင်း မရှိပေ။ အသင့်လျော်ဆုံးသုံးစွဲသင့်သည့် ဘတ်ဂျက်ပမာဏသည် အမေရိကန်ဒေါ်လာ ၁ မီလီယံနှင့် ၅ မီလီယံဖြစ်သည်။ ကဏ္ဍအလိုက်၊ လုပ်ငန်းစုအလိုက် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ကောင်းစွာနည်းလည် သဘော ပေါက်ပြီး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊ လွယ်ကူချောမွေ့စေခြင်းနှင့် aftercare စသည့် သိမ်မွေ့သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းများကို ဆွဲဆောင်ခန့်အပ်ရန် လိုအပ်ပါသည်။

### ၄။ ရင်းနှီးမြှုပ်နှံမှု နှင့် စီးပွားရေးဝန်းကျင်

ထိရောက်သော IPA သည် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်များကို ပြောင်းလဲနိုင်စွမ်းရှိသလို ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများမှလည်း အကျိုးအမြတ်အများဆုံး ထွက်ပေါ်လာအောင် ကူညီပေးနိုင်စွမ်း ရှိပါသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထောက်အကူပြုမှုဝန်းကျင်ကောင်းတစ်ရပ် မရှိဘဲ IPA အနေဖြင့် မယ်မယ်ရရ လုပ်ကိုင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သည့် ဝန်းကျင်ကောင်းမရှိဘဲ ထိရောက်စွာ လုပ်ကိုင်နိုင်သော IPA လည်း မရှိနိုင်သလောက်ပေ ဖြစ်သည်။

## ၅။ ဦးစားပေးကဏ္ဍများ

ဘတ်ဂျက်အကန့်အသတ်ရှိပါက IPA များအနေဖြင့် ရသလာဒ်အများဆုံး ထွက်ပေါ်စေမည့် လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်ပါသည်။ စစ်တမ်း များအရaftercare/policy advocacy တို့မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်လာအောင် အများဆုံး စွမ်းဆောင်ပေးနိုင်ကြောင်း တွေ့ရှိရပြီးပုံရိပ် တည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံသူ ဝန်ဆောင်မှုပေးခြင်းနှင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအား ဖော်ထုတ်ချဉ်းကပ် ခြင်းတို့မှာလည်း aftercare/advocacy ပြီးလျှင် အရေးကြီးပါသည် (UNDTAD , 2001)။

## ၆။ ဖွဲ့စည်းတည်ဆောက်ပုံ

အထိရောက်ဆုံးသော IPA များသည် သီးခြားရပ်တည်သော လွတ်လပ်သည့် အဖွဲ့အစည်းများ ဖြစ်ပြီး IPA ဉက္ကဋ္ဌသည် အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦး (သို့မဟုတ် အစိုးရအဖွဲ့ခေါင်းဆောင် ဆိုလျှင် ပိုကောင်းသည်) နှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စား လှယ်များပါဝင်သော ကြီးကြပ်မှု (အကြံပေး)အဖွဲ့တို့ကို အစီရင်ခံတင်ပြသည်။ IPA များသည် အရွယ်အစားအားဖြင့် အလယ်အလတ်/ အသင့်အတင့်နှင့် စီမံခန့်ခွဲရန် အဆင်ပြေသော အရွယ်အစားဖြစ်သင့်ပြီး ဒေသအလိုက်ရုံးခွဲများနှင့် ဘတ်ဂျက် လုံလောက်မှုရှိပါက ဦးတည်ရည်ရွယ်သော ရင်းနှီးမြှုပ်နှံသူများရှိသည့် တိုင်းပြည်များတွင် နိုင်ငံရပ်ခြား ရုံးခွဲများပါ ဖွင့်လှစ်ထားရှိနိုင်သည်။

## ၇။ ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

IPA များ ထိရောက်မှုရှိစေရေးအတွက် ရှင်းလင်း၍ သီးခြားဖြစ်သော လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ ထားရှိရမည် ဖြစ်သည်။ ဥပဒေသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြပေးသင့်ပြီး လိုအပ်သော လုပ်ပိုင်ခွင့်အာဏာကိုလည်း အပ်နှင်းထားသင့်သည်။ သို့မှသာ ၎င်း၏ လုပ်ငန်း တာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယင်းအတွက် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းရန် လိုအပ်ပါသည်။ ၎င်းတို့မှာ (က) အေဂျင်စီသည် ရင်းနှီးမြှပ်နှံမှု မြှင်တင်ရေးသက်သက် လုပ်မည်လား၊ သို့မဟုတ် ကုန်သွယ်မှုကိစ္စရပ်များကိုပါ ဆောင်ရွက်မည်လား၊ (ခ) အေဂျင်စီသည် ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ လွယ်ကူချောမွေ့စေရေး၊ အတည်ပြုချက်ပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်မည်လား။ အေဂျင်စီ၏ အကောင်းဆုံးပုံစံမှာ FDI ဝင်ရောက်မှု တိုးတက်လာစေရေး၊ လက်ရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ရင်းနှီးမြှုပ်နှံသူအသစ်များကို အကူအညီပေးခြင်းတို့နှင့် ဆက်စပ်နေသော သီးခြားလုပ်ငန်းတာဝန်များကိုသာ ဆောင်ရွက်ရန် ကန့်သတ်ထားသင့်သည်။ အထက်တွင် ရှင်းလင်းဖော်ပြခဲ့သလိုပင် ရင်းနှီးမြှုပ်နှံမှုအား လွယ်ကူချောမွေ့စေရေး လုပ်ငန်းတာဝန်မှာ အေဂျင်စီ၏ ပင်မတာဝန်တစ်ရပ် ဖြစ်သင့်ပါသည်။

## ၈။ မူဝါဒပိုင်း စည်းရုံးနိုင်မှု (policy advocacy) ၏ အရေးပါပုံ

IPA များသည် ခေတ်အခြေအနေနှင့် လိုအပ်ချက်အရ မူဝါဒပိုင်း ပြင်ဆင်ပြောင်းလဲနိုင်ရေးအတွက် စည်းရုံးရေးဆင်းရန် အရေးကြီးပါသည်။ ရင်းနှီးမြှုပ်နှံသူများ၏ သဘောထားမှတ်ချက်များကို အခြေခံ၍ အေဂျင်စီများသည် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ပိုမိုကောင်းမွန်လာစေရန်နှင့် စဉ်ဆက် မပြတ်ဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်ပေါ်လာစေရန်အတွက် မူဝါဒများနှင့် မဟာဗျူဟာများတွင် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရန် အကြံပြုတင်ပြနိုင်ပါသည်။

## ၉။ လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း

IPA များ၏ စွမ်းဆောင်ရည်များကို အနီးကပ်လေ့လာစောင့်ကြည့်ပြီး လုပ်ငန်း ဆောင်ရွက်ချက်များ ထိရောက်မှုရှိ၊ မရှိကို ဦးတည်ချက်ပန်းတိုင်များနှင့် ချိန်ထိုး၍ အကဲဖြတ်ရန် လိုအပ်ပါသည်။ မိမိအေဂျင်စီ၏ စွမ်းဆောင်ရည်ကို အခြားနိုင်ငံများ (သို့မဟုတ် ဒေသတွင်းနိုင်ငံများ) ၏ စွမ်းဆောင်ရည်နှင့် နှိုင်းယှဉ်မှုပြုရန် နှိုင်းရစံနှုန်းများ (benchmarks) ကို အသုံးပြုနိုင်ပါသည်။ သို့ရာတွင် အကဲဖြတ်မှုသည် FDI ကိန်းဂဏန်း ပိုင်းနှိုင်းယှဉ်မှုသက်သက်မဟုတ်ဘဲ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စသည့် အရည်အသွေးပိုင်းတွင်ပါ နှိုင်းယှဉ် ချိန်ထိုး သင့်ပါသည်။

**နောက်ဆက်တွဲဇယား ၆ က: IPAs တွင် မဟာဗျူဟာနှင့် အဖွဲ့အစည်း စီမံခန့်ခွဲမှုများအတွက် ကိုယ်တိုင် ဆန်းစစ်အကဲဖြတ် မူဘောင်**

| ရှုထောင့် | အချက်များ | လက်ရှိစီမံခန့်ခွဲမှုများ၏ထိရောက်မှု (ရမှတ်များ 1- 5, 5 = အကောင်းဆုံးအလေ့အကျင့်) |
|---|---|---|
| **မူဝါဒ အကြောင်းအရာ** | မြို့တော်အေဂျင်စီများနှင့်အတူညှိနှိုင်းဆောင်ရွက်ခြင်း။ | |
| | အမျိုးသား အေဂျင်စီများနှင့်အတူပူးတွဲမြှင့်တင်ခြင်း။ | |
| | မူဝါဒ ထောက်ခံမှု၊ အဆင့်အတန်း၊ မြင်နိုင်စွမ်းနှင့် ထိန်းချုပ်မှု | |
| **ရည်ရွယ်ချက် များ** | ရှင်းလင်းသည့် လုပ်ငန်း လုပ်ပိုင်ခွင့် | |
| | ပစ်မှတ်များနှင့် ဘတ်ဂျက်၊ စီးပွားရေး စီမံကိန်းတို့နှင့် သဘောတူညီမှု | |
| **ကဏ္ဍနှင့် ဈေးကွက်နည်းဗျူဟာ** | ကဏ္ဍပစ်မှတ်ထားသည့် မဟာဗျူဟာနှင့် သုတေသန | |
| | ဈေးကွက် (ပထဝီဆိုင်ရာ) မဟာဗျူဟာနှင့်သုတေသန။ | |
| | စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ပိုမို ကျယ်ပြန့် စေရန် ချိတ်ဆက်ဆောင်ရွက်မှုများ | |
| **အဖွဲ့အစည်း** | လွယ်ကူရှင်းလင်းသော၊ ထိရောက်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ ဖွဲ့စည်းပုံ။ | |
| | ဝန်ထမ်းသစ်များ ခန့်အပ်ခြင်းနှင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေခြင်း | |
| | နိုင်ငံသားနှင့် ပြည်ပနိုင်ငံများမှ ပါဝင်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်ခြင်း။ | |
| | အရောင်းခန့်မှန်းခြင်းနှင့် စားသုံးသူ အလေးထားခြင်း။ | |

*ရင်းမြစ်: Henery Loewendahl. Bargaining with multinationals: the investment of Siemens and Nissan in North-East England. (Landon: Palgrave, 2001), pp:120-121, as quoted in VCC, 2009*

**နောက်ဆက်တွဲဇယား ဖ၈:    IPAs တွင် ဈေးကွက်ရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်း စီမံခန့်ခွဲမှုများအတွက် ကိုယ်တိုင် ဆန်းစစ်အကဲဖြတ် မူဘောင်**

| ရှုထောင့် | အချက်အလက် | လက်ရှိစီမံခန့်ခွဲမှုများ၏ ထိရောက်မှု (ရမှတ်များ 1- 5, 5 = အကောင်းဆုံး အလေ့အကျင့်) |
|---|---|---|
| ကဏ္ဍအလိုက် သုတေသနနှင့် ဈေးကွက်ရှာဖွေခြင်း အထောက်အကူပြုပစ္စည်းများ | ပစ်မှတ်ထားသည့် ကဏ္ဍတစ်ခုစီ၏ SWOT အကဲဖြတ်ခြင်း | |
| | ရှင်းလင်းသော ဈေးကွက် ရှာဖွေခြင်း ဆောင်ပုဒ် | |
| | ကဏ္ဍတစ်ခုစီအတွက် ဈေးကွက် ရှာဖွေမှု သတင်းများ | |
| | ကဏ္ဍတစ်ခုစီအတွက် လက်ကမ်း စာစောင်/အချက်အလက်စာရွက် | |
| | ကဏ္ဍတစ်ခုစီအတွက် အရောင်း တင်ဆက်မှုများ | |
| ပုံရိပ်တည်ဆောက်ခြင်းနှင့် အသိအမြင် ဖန်တီးမှု | အရည်အသွေးမြင့်မားသည့် ရင်းနှီးမြှုပ်နှံမှု ဝက်ဘ်ဆိုဒ် | |
| | မြို့နှင့်တိုင်းပြည်အတွင်း အကြီးတန်းအစိုးရအရာရှိများ၏ မြင်နိုင်စွမ်းနှင့် ကတိကဝတ် | |
| | ရင်းနှီးမြှုပ်နှံမှုကြားခံများနှင့် ကွန်ယက်တည်ဆောက်ခြင်း (အကျိုးဆောင်များနှင့်နိုင်ငံတကာ အဖွဲ့အစည်းများ) | |
| | ထိရောက်သောစီမံကိန်းရေးဆွဲခြင်း ၊ ကြိုးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း နှင့်အတူ အခမ်းအနား/ ကုန်သွယ်မှု ပြပွဲအစီအစဉ် | |
| **ရင်းနှီးမြှုပ်နှံသူ သတ်မှတ်ချက် နှင့် ခေါင်းဆောင်မှု မျိုးဆက်** | ကုမ္ပဏီ ပစ်မှတ် သတ်မှတ်ချက် နှင့် သုတေသန | |
| | ဆက်သွယ်ခြင်း၊ အလားအလာ နှင့် ကုမ္ပဏီများအား နီးကပ်စေရန် ပြုလုပ်ခြင်း | |
| | ပစ်မှတ်ကုမ္ပဏီများနှင့် အပြန်အလှန် ဆက်သွယ်မှု တည်ဆောက်ခြင်း | |
| | အရည်အချင်းရှိသူများ ပြန်ရောက်လာစေရန်အတွက် မူဝါဒများ | |
| | ထိရောက်သော စားသုံးသူဆက်ဆံရေး စီမံခန့်ခွဲခြင်းစနစ် | |

*Source:* Based on Henry Loewendahl. *Bargaining with multinationals: the investment of Siemens and Nissan in North-East England.* (London: Palgrave, 2001), pp. 120-121; as quoted in VCC, 2009.

**နောက်ဆက်တွဲဇယား ၆ဂ:  IPAs တွင် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့ရေး စီမံခန့်ခွဲမှုများအတွက် ကိုယ်တိုင် ဆန်းစစ်အကဲဖြတ် မူဘောင်**

| ရှုထောင့် | အချက်အလက် | လက်ရှိစီမံခန့်ခွဲမှုများ၏ ထိရောက်မှု (ရမှတ်များ 1- 5, 5 = အကောင်းဆုံး အလေ့အကျင့်) |
|---|---|---|
| **ခွင့်ပြုချက်** | ရင်းနှီးမြှုပ်နှံသူများ အထောက်အကူပြုရန် လမ်းပြမြေပုံ/ တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုပေးခြင်း | |
| | ရှင်းလင်းသောခွင့်ပြုချက်စနစ်များ | |
| | မြန်ဆန်ပြီး ကြိုတင်ဆောင်ရွက်နိုင်သည့် ခွင့်ပြုချက်များ | |
| | FDI အချက်အလက် ဒေတာစနစ်များ | |
| **မက်လုံးများ** | ကြောင်းကျိုးညီညွတ်ပြီး ခန့်မှန်းနိုင်သည့် မက်လုံးများ မူဝါဒ | |
| | မက်လုံးများအား ညှိနှိုင်းဆောင်ရွက်ရန်အတွက် IPA ၏ ရှင်းလင်းသော အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည် | |
| **စီမံကိန်း ကိုင်တွယ်မှု** | IPA ၏စီစဉ်မှုဖြင့် ထိရောက်သော စီမံကိန်း ကိုင်တွယ်မှု | |
| | စီမံကိန်း ကိုင်တွယ်ရာတွင် ဆက်စပ်ဝန်ကြီး ဌာနများနှင့် အမျိုးသား IPA တို့နှင့်အတူ ထိရောက်သောညှိနှိုင်း ဆောင်ရွက်မှု | |
| | အခြား ပူးပေါင်းပါဝင်သူများ (city stakeholders) နှင့် အတူ ညှိနှိုင်းဆောင်ရွက်ခြင်း (အိမ်ခြံမြေအကျိုးဆောင်၊ အလုပ်ခန့်အပ်ခြင်း၊ ထောက်ပံ့ပေးသူများ၊ အစရှိသဖြင့်...) | |
| | စုံစမ်းမေးမြန်းမှုများကိုအထူးဂရုစိုက်ခြင်း | |
| | စုံစမ်းမေးမြန်းမှုကို ဦးစားပေးခြင်း | |
| | ရင်းနှီးမြှုပ်နှံသူများအတွက် အဆိုပြုလွှာများ ပြုလုပ်ရာတွင် အရည်အသွေးရှိပြီး တစ်သမတ် တည်းဖြစ်ခြင်း | |
| | ဝယ်ယူသူဆက်ဆံရေး စီမံခန့်ခွဲခြင်းနှင့် အဓိကစာရင်း စီမံခန့်ခွဲမှု စနစ်များ | |

*Source:*Based on Henry Loewendahl. *Bargaining with multinationals: the investment of Siemens and Nissan in North-East England.* (London: Palgrave, 2001), pp. 120-121; as quoted in VCC, 2009.

**နောက်ဆက်တွဲဇယား ၆ ဃ: IPAs တွင် ရင်းနှီးမြှုပ်နှံမှုပြီးနောက် ဝန်ဆောင်မှု ပေးခြင်း (aftercare) နှင့် မူဝါဒဆိုင်ရာ စည်းရုံးလှုံ့ဆော်မှု အစီအစဉ်အတွက် ကိုယ်တိုင် ဆန်းစစ် အကဲဖြတ်မှုဘောင်**

| **ရှုထောင့်** | **အချက်အလက်** | **လက်ရှိအစီစဉ်၏ ထိရောက်မှု (ရမှတ် ၁-၅၊ ၅=အကောင်းဆုံး လေ့ကျင့်မှု)** |
|---|---|---|
| **ရင်းနှီးမြှုပ်နှံမှုပြီးနောက် ဝန်ဆောင်မှု ပေးခြင်း (aftercare)** | FDI မဟာဗျူဟာနှင့် အဖွဲ့အစည်း တွင် ရင်းနှီးမြှုပ်နှံမှုပြီးနောက် ဝန်ဆောင်မှု ပေးခြင်း၏ ဦးစားပေးမှု | |
| | လွယ်ကူရှင်းလင်းသော ရင်းနှီးမြှုပ်နှံမှုပြီးနောက် ဝန်ဆောင်မှု ပေးခြင်း မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ပေးပို့မှု အစီအစဉ်များ | |
| **မူဝါဒဆိုင်ရာထောက်ခံမှု** | မူဝါဒဆိုင်ရာ ထောက်ခံမှုအတွက် ရှင်းလင်းသောမူဘောင် | |
| | ကုန်ထောက်ပံ့သူ ဆွဲဆောင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ချိတ်ဆက်ခြင်းအစီအစဉ် | |
| | FDI အတွက် မြို့တော်၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရန် အစပျိုးခြင်း (ဥပမာ အိမ်ခြံမြေ၊ အခြေခံအဆောက်အအုံ နှင့် ပညာရေးအစပျိုးခြင်း) | |
| **ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း** | အဖွဲ့အစည်းများ အားလုံးနှင့် FDI လုပ်ဆောင်ချက်များ၏ ရှင်းလင်းသောကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း | |
| | ပွဲများ/ကုန်သွယ်မှု ပြပွဲများ၏ ရှင်းလင်းသော ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း | |
| | ရင်းနှီးမြှုပ်နှံမှုပြီးနောက် ဝန်ဆောင်မှု ပေးခြင်း၏ ရှင်းလင်းသော ကြီးကြပ်ခြင်း နှင့် အကဲဖြတ်ခြင်း | |

*Source:*Based on Henry Loewendahl. *Bargaining with multinationals: the investment of Siemens and Nissan in North-East England.* (London: Palgrave, 2001), pp. 120-121; as quoted in VCC, 2009.

# (စ) ဆွေးနွေးစရာ ကိစ္စရပ်များ

1. Does your country/locality have an IPA? What is its role and mandate?
2. How do you rank the following roles of your IPA in order of importance: image building, investment promotion, investment targeting, aftercare, policy advocacy, investment screening, investment approvals, granting incentives, investment policy, trade policy? Which one(s) need improvement?
3. Is your IPA autonomous or part of a ministry? How independent is the IPA? Do you think the IPA has sufficient financial and human resources to undertake its assigned role?
4. What does the management and board of your IPA look like? Is it chaired by a minister or the Prime Minister?
5. Is your IPA back up by a specific law or part of a generic investment law?
6. Does your IPA have subsidiaries in the provinces/ cities or do those localities have their own independent IPA? How are these IPAs coordinated?
7. What are the vision and mission statement of your IPA? If you have none, what would be an appropriate vision and mission statement? What is the specific goal or objective of the IPA?
8. Does your IPA have a client charter? If so, is this helpful? If not, should you have one?
9. What is the size of the IPA's budget? Is it big enough? If the IPA had more funds, what should it do in addition to what it already does?
10. Does the IPA undertake a planning exercise of its activities to meet its stated goals and objectives? Does it undertake regular M&A of its activities, results and impacts? If so, how can it be improved?
11. Does your IPA have overseas offices? How effective are they? Does your IPA coordinate or collaborate with IPAs in other countries, in particular those your country has an RTA with?
12. What could be done to improve the overall performance of your IPA and what criteria do you use?

# ရည်ညွှန်း


Austrian Development Agency (2009). *Guidelines for project and programme evaluations*. Final draft. July. Vienna. Available from**http://www.oecd.org/development/evaluation/dcdndep/47069197.pdf**.

Investment Climate Advisory Services of the World Bank Group (ICAS) (2010). *Investment law reform: A handbook for investment practitioners*. June. Washington, D.C.:The World Bank Group. Available from **https://www.wbginvestmentclimate.org/uploads/Investment-Law-Reform-Handbook.pdf**.

Loewendahl, Henry (2001). A framework for FDI promotion. *Transnational Corporations*,vol. 10, No. 1, pp. 3-42. UNCTAD. Available from **http://www.investmentmap.org/docs/fdi-2547.pdf**.

______ (2016a). *Comparison of official and EDO/IPA FDI accounting methods*. WAVTEQ. January. Available from**http://www.wavteq.com/uploads/Comparison%20of%20Official%20and%20EDO-IPA%20FDI%20Accounting%20Methods%20(2016).pdf**

______ (2016b). A new foreign direct investment accounting methodology for economic development organizations. *Columbia FDI Perspectives on topical foreign direct investment*,Issues No. 165, 18

January. Columbia Center on Sustainable Investment. Available from **http://ccsi.columbia.edu/files/2013/10/No-165-Loewendahl-FINAL.pdf.**

Morisset, Jacques andKelly Andrews-Johnson (2004). *The effectiveness of promotion agencies at attracting foreign direct investment.* Foreign Investment Advisory Services (FIAS) Occasional Paper,No. 16. Washington, D.C.:World Bank. Availablefrom **https://openknowledge.worldbank.org/handle/10986/15073**.

Multilateral Investment Guarantee Agency (MIGA) (2000). Investment Promotion Toolkit, 8. Monitoring and evaluation activities in investment promotion agencies. Washington, D.C.:World Bank Group.

United Nations Conference on Trade and Development (UNCTAD) (2001). The world of investment promotion at a glance: a survey of investment promotion practices, *ASIT Advisory Studies*, No. 17. Geneva. Available from **http://unctad.org/en/docs/poiteipcd3.en.pdf**.

**______** (2008a). Investment promotion agencies as policy advocates. *Investment Advisory,* Series A, Number 2. New York and Geneva:United Nations. Availablefrom **http://unctad.org/en/docs/iteipc20076_en.pdf**.

**______** (2008b). Evaluating investment promotion agencies.*Investment Advisory,* Series A, No. 3. New York and Geneva:United Nations. Available from **http://unctad.org/en/docs/diaepcb20082_en.pdf**.

______ (2014). Skills and foreign direct investment promotion: what can an investment promotion agency do? The Observer. IPA No. 3. Available from **http://unctad.org/en/PublicationsLibrary/webdiaepcb2014d2_en.pdf**.

United Nations Development Programme (UNDP) (2009). *Handbook on planning, monitoring and evaluation of development results*. New York. Available from **http://web.undp.org/evaluation/evaluations/handbook/english/documents/pm e-handbook.pdf**.

Vale Columbia Center on Sustainable International Investment (VCC) (2009). Handbook for promoting foreign direct investment in medium-size, low- budget cities in emerging markets. November. New York:Columbia University. Available from **http://mci.ei.columbia.edu/files/2012/12/MCI-City-Investment-Promotion-Handbook2.pdf**.

Vale Columbia Center on Sustainable International Investment (VCC) and the World Association of Investment Promotion Agencies (WAIPA) (2010). *Investment promotion agencies and sustainable FDI: moving toward the fourth generation of investment promotion*. Available from **http://ccsi.columbia.edu/files/2013/12/fdi.pdf**.

World Bank (2009). *Global investment promotion benchmarking 2009:Overview*. Washington, D.C.:WorldBank.Available from**http://documents.worldbank.org/curated/en/256571468332444886/pdf/491180WP0v10EN10Box338941B01PUBLIC1.pdf**

Zanatta, Mariana,Ionara Costa andSergey Filippov (2006). Foreign direct investment: key issues for promotion agencies. *Policy Brief*,No. 10. UNU-MERIT Programme. United Nations University. Available from **https://collections.unu.edu/eserv/UNU:899/unu_pb_2006_10.pdf**.

t cef 7

# 7 ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် ပံ့ပိုးတည်ဆောက်ခြင်း

## (က) ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မဟာဗျူဟာများ

### ၁။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၏အရေးပါမှု

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ဆွဲဆောင်ရာတွင်နိုင်ငံများအကြား အပြိုင်အဆိုင် အလွန်များသည်။ တချိန်တခါက နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကိုအမြတ်ထုတ်ခြင်းနှင့် ကိုလိုနီပြုခြင်း အဖြစ် ရှုမြင်ကာ လက်ခံရန်ငြင်းပယ်ခဲ့ကြသည်။ယနေ့အချိန်အခါတွင်မူ နိုင်ငံအတော်များများသည် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို (အနည်းဆုံး သဘောတရားအားဖြင့်) အရင်းအနှီး၊ ကျွမ်းကျင်မှု၊ နည်းပညာ များနှင့် နိုင်ငံခြားဈေးကွက်များသို့ပေါက်ရောက်လာနိုင်ခြင်း စသည်တို့ ရရှိစေသည်ဟု လက်ခံလာ ကြသည်။ သီအိုရီအရရော လက်တွေ့အခြေအနေအရပါ ပြသနေသည်မှာတက်ကြွထိရောက်မှုရှိစွာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးခြင်းကြောင့် ပမာဏပိုမိုကြီးမားသောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားတစ်ချို့ကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ဦးတည်ချက်များနှင့်အညီ ဆွဲဆောင်ရာတွင် များစွာအထောက်အကူ ဖြစ်စေသည် (ဥပမာကို Harding and Javorcik, 2007 ကိုရှုပါ)။ စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်များတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်သော်လည်း ထိုသို့ ပြုလုပ်ရုံမျှဖြင့် လုံလောက်မှု မရှိပါ။ သတင်းအချက်အလက်များ သိရှိမှုကွာဟချက် (information asymmetries) ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့ဆီသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအသစ်များဝင်ရောက်လာရန်အတွက် အားပေးမြှင့်တင်ပေးသည့်အနေဖြင့် "မိမိဖက်က စ၍ ကမကထပြု ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနများနှင့် မဟာဗျူဟာများ" ချမှတ်ရန် လိုအပ် ပါသည် (Loewendahl, 2001; Moran, 2011; Harding and Javorcik, 2012)။ ထို့အပြင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း အရေအတွက်များမှသည် အရည်အသွေးရှိသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီး မြှုပ်နှံမှုများသို့ ပြောင်းလဲပေးနိုင်ရန် မိမိဖက်မှစ၍ ကမကထပြုဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်များ လိုအပ်ပါသည်။ ဆိုလိုသည်မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုအားပေးမြှင့်တင်ခြင်းဖြစ်သည် (Zanatta and others, 2006; Guimón

and Filippov, 2012)။ Velde (2001) ၏ အဆိုအရ၊ ကျွမ်းကျင်မှုနိမ့်ပါးခြင်းနှင့် ဝင်ငွေနည်းပါးခြင်း အခြေအနေ (low-skill, low-income trap) တွင် ပိတ်မိမနေရန်အတွက် နိုင်ငံ၏ နှိုင်းယှဉ် အားသာချက်များကိုအားပေးသည့် အကျိုးဖြစ်ထွန်းစေမည့် ဦးဆောင်ဦးရွက်ပြီး မဟာဗျူဟာကျသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်ဖော်ဆောင်ရန် လိုအပ်ပါသည်။

ကမ္ဘာ့ဘဏ်၏လေ့လာချက်များအရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဘတ်ဂျက်ကို ၁၀ရာခိုင်နှုန်း တိုးသုံးလျှင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ၂.၅ရာခိုင်နှုန်း တိုးဝင်လာကြောင်း ပြသနေပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်း၏ အသားတင်ကာလတန်ဖိုးမှာ ၁ ဒေါ်လာ လျှင် ၄ ဒေါ်လာ နီးပါးဖြစ်သည်။ Hard နှင့် Javorcik (2010) တို့မှဆန်းစစ်လေ့လာချက်အရရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက်၁ ဒေါ်လာသုံးစွဲသည့် တိုင်းနိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၁၈၉ ဒေါ်လာ တိုး၍ စီးဝင်လာကြောင်းတွေ့ရှိရသည်။ နိုင်ငံခြားလက်အောက်ခံကုမ္ပဏီမှ အလုပ်အကိုင်တစ်ခု ဖန်တီးပေးလာရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အသုံးစရိတ် ၇၈ ဒေါ်လာ ကုန်ကျသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက်သာ အရေးပါပြီး ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများအတွက် သိပ်အရေးမကြီးဟု ၎င်းတို့က ဆက်လက်သုံးသပ်သည်။

UNCTAD (2001) အရရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် ဝန်ဆောင်မှုလုပ်ငန်းများစွာပါဝင်ပြီး ဈေးကွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းမှ ရင်းနှီးမြှုပ်နှံမှုဖြစ်နိုင်ခြေရှိ/မရှိ လေ့လာမှုမှသည် ပတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ချက်များအထိ ဝန်ဆောင်မှုပေးရသည်။ ဤလက်စွဲစာအုပ်၏ ရည်ရွယ်ချက်အရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိုနိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုအတွက် အစိုးရမှ ကြိုးပမ်းဆောင်ရွက်သော မြှင့်တင်ရေးလုပ်ဆောင်မှုများအဖြစ်သာ အဓိပ္ပါယ်ဖွင့်ဆိုပါမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား မက်လုံးများခွင့်ပြုခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ စီမံကိန်းများကိုစိစစ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းမှုများမပါဝင်ပေ။ သို့သော်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများသည် အထက်တွင်ဖော်ပြခဲ့သောအခြားဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်သည် (Wells & Wint, 2001)။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသူများ ပေါ်ထွက်လာအောင် အားထုတ်ကြိုးပမ်းမှု (investment generation)(ဥပမာ - ပုံရိပ်တည်ဆောက်ခြင်း၊ အထွေထွေကြော်ငြာဆွဲဆောင်ခြင်း(general marketing)၊ ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ချဉ်းကပ်ခြင်း (investor targeting) အပါအဝင်လုပ်ငန်းဆောင်ရွက်မှု များစွာပါဝင်ပါသည်။ တဖက်၌ ရင်းနှီးမြှုပ်နှံမှုအား လွယ်ကူချောမွေ့စေရေး (investment facilitation) လုပ်ငန်းများတွင် တည်နေရာတစ်ခုအား ယှဉ်ပြိုင်နိုင်စွမ်းရှိလာအောင် ကြိုးပမ်းမှုများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုအလွန် ဝန်ဆောင်မှုပေးခြင်း (aftercare services) နှင့် မူဝါဒပိုင်းစည်းရုံးပြောဆိုမှု (policy advocacy) များပါဝင်သည်။ သွယ်ဝိုက်၍ ရှင်းပြရပါက ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့စေရေးလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုဖြစ်ထွန်းမှုစက်ဝန်း (investment development cycle) ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

အခန်း (၆) တွင် ဆွေးနွေးခဲ့သည့်အတိုင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို တာဝန်ယူ ဆောင်ရွက်ရသည့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်မှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာန (Investment Promotion Agency – IPA) ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ တိုင်းပြည်လူထုအတွက် ကြီးမားသော စီးပွားရေးအကျိုးအမြတ်များ ထွက်ပေါ်လာအောင် မလုပ်ဆောင်နိုင်ခြင်း သို့မဟုတ် လုပ်ဆောင်ဖွယ်မရှိခြင်း အခြေအနေများဖြစ်သည့် ဈေးကွက်က မဖော်ဆောင်နိုင်မှုများ (market failures) ကြောင့် ပြည်သူ့ဘဏ္ဍာဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဌာနများကို တည်ထောင်လာကြသည်။ နိုင်ငံခြား ဈေးကွက်များသို့ရင်းနှီးမြှုပ်နှံသူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ လက်လှမ်းမမီအောင် အတားအဆီးများစွာ ရှိနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဌာနများကို လိုလားအားကိုးရသည့် အကြောင်းအရာများအနက် ဈေးကွက်အားနည်းချက်မှာ သတင်း အချက် အလက် မပြည့်ဆည်းပေးနိုင်ခြင်းပင် ဖြစ်သည် (UNCTAD 2009)။

**ပုံ၇-၁ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးအောင် လုပ်ကိုင်ဆောင်ရွက်ပုံစက်ဝန်း**




ဇစ်မြစ်-UNCTAD (2014).

သတင်းအချက်အလက်ဆိုသည်မှာ အသုံးပြုလိုက်၍ ကုန်သွားသည် မရှိသလို တန်ဖိုးလျော့ကျသွားခြင်းလည်းမရှိဘဲ ထပ်ကာထပ်ကာ ပြန်လည်သုံးစွဲနိုင်ပါသည်။ ထိုအကြောင်းကြောင့် သတင်းအချက်အလက်သည် အများပြည်သူနှင့်ဆိုင်သော အများပိုင်ပစ္စည်းဖြစ်သည်။ သတင်းအချက်အလက်ကို ရယူစုဆောင်းမှုအတွက် ကုန်ကျစရိတ်မှာ ပုံသေဖြစ်ပြီး၊ အရေအတွက်၊ ပမာဏများစွာ ရောင်းချနိုင်သည့် ကုမ္ပဏီကြီးများသည် ပမာဏနည်းနည်းသာ ရောင်းနိုင်သည့်လုပ်ငန်းငယ်လေးများထက် အသာစီးရမည် ဖြစ်သည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပို့ကုန်မှတဆင့် နိုင်ငံခြားဈေးကွက်တွင် စီးပွားရေးလုပ်ကိုင်ရန် ရည်ရွယ်သော ကုမ္ပဏီများသည် သတင်းအချက်အလက်များရှိရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် သင့်လျော်မည့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ ကုန်ကျစရိတ်များ၊ တည်နေရာများ၊ ကျွမ်းကျင်မှု အနေအထား၊ အခွန်များ၊ ဥပဒေများကို သိရှိရန်လိုအပ်သည်။ ပြည်ပသို့ကုန်ပစ္စည်း တင်ပို့သူများအနေဖြင့် နိုင်ငံခြားဈေးကွက်မှအလားအလာရှိသော သွင်းကုန်လုပ်ငန်းရှင်များ၊ သွင်းကုန်ခွန်များ၊ အရေ အတွက် ကန့်သတ်ချက်၊ ကုန်ပစ္စည်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့် သဘာဝပတ်ဝန်းကျင် စံချိန်စံညွှန်းများကို သိရှိရန်လိုအပ်သည်။ ထိုသို့သောသတင်းအချက်အလက်များ စုဆောင်းခြင်းသည် ကုန်ကျစရိတ် များပြားနိုင်ရာ လုပ်ငန်းကြီးများက တတ်နိုင်သော်လည်း (ဥပမာ - ဝန်ထမ်းများပိုမိုငှားရမ်းခြင်းအားဖြင့်) ကုမ္ပဏီငယ်လေးများတွင် အရင်းအမြစ်လုံလုံလောက်လောက်မရှိတတ်ပေ။ ဤသို့သော ဈေးကွက်အားနည်းမှု အခြေအနေအတွက် အစိုးရရန်ပုံငွေဖြင့် လည်ပတ်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနက သတင်းအချက် အလက်များကို စုဆောင်း ပြီး ဈေးနှုန်းသက်သက်သာသာဖြင့် (သို့မဟုတ်အခမဲ့) ဖြန့်ဝေပေးနိုင်ပါသည်။ သတင်းစုဆောင်းမှု ကုန်ကျ စရိတ်ထက် အသုံးပြုသူ များစွာ ရရှိသည့် အကျိုးကျေးဇူးက ပိုများပါသည်။ သို့သော် ဤလက်စွဲစာအုပ်တွင် ရင်းနှီးမြှုပ်နှံသူများ တောင်းဆိုသည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးခြင်းကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီ ဆောင်ရွက်ပေးခြင်း (investment facilitation) သာဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမှာ နေရာဒေသတစ်ခုအား ရင်းနှီးမြှုပ်နှံမှုထိုက်သည်ဟု ရှုမြင်လာအောင် ကြော်ငြာစည်းရုံးမှုမျိုးဖြစ်သည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနများသည် ရင်းနှီးမြှုပ်နှံသူများအား ချဉ်းကပ်၍ ယခင်က မသိထား၊ မကျွမ်းဝင်သောနေရာဒေသတစ်ခုတွင် ရင်းနှီးမြှုပ်နှံချင်လာအောင် အားပေးမြှင့်တင်ခြင်းဖြစ်သည်။ ထိုသို့သော မြှင့်တင်ရေး ကြိုးပမ်းမှုများ မရှိပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့နေရာဒေသအား အလားအလာ ရှိသည့် ရွေးချယ်စရာ အဖြစ် ထည့်သွင်းစဉ်းစားချင်မှ စဉ်းစားပေလိမ့်မည်။

**ဇယားကွက် ၇.၁ ကိုယ်တိုင်ကမကထပြုသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး - ကော့စတာရီမှ Intel**

ကော့စတာရီကာနိုင်ငံတွင် ၁၉၈၀ ခုနှစ်၌အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်သည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ တိတိပပဆိုရသော် အထည်အလိပ်နှင့် အထည်ချုပ်ကဏ္ဍကိုဆွဲဆောင်ရန်ရည်ရွယ်၍ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံများတိုးတက်အောင် အဓိကကျသောပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပါသည်။ သို့သော် ပြုပြင်ပြောင်းလဲမှုမှာမရှိမဖြစ်လိုအပ်သော်လည်း ၎င်းတစ်ခုတည်းကိုလုပ်ဆောင်ရုံမျှဖြင့် ၎င်းတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် အပြိုင်အဆိုင်ဖြစ်လာအောင် လုံလောက်သောလုပ်ဆောင်မှုမဟုတ်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့်လုပ်အားခ မြင့်တက်ခြင်းနှင့် အထည်အလိပ်နှင့် အထည်ချုပ်ကဏ္ဍတွင် နိုင်ငံတကာပြိုင်ဆိုင်မှု တိုးလာနေသည့်အခါမျိုးတွင် ဖြစ်သည်။ အဆိုပါအခက်အခဲများကို တုန့်ပြန်ရန်အတွက် အစိုးရက နိုင်ငံ၏ Coalicion Costarricense de lniciativas de Desarollo (CINDE) ခေါ်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပိုမိုခေတ်မီ သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများရှာဖွေရန်အတွက် ၁၉၉၂ ခုနှစ်တွင် အဆိုပါ အေဂျင်စီအား လုပ်ပိုင်ခွင့်ပေးခဲ့သည်။ CINDE က သတင်း အချက်အလက် ဈေးကွက်များတွင် အားနည်းချက်များကို လျှော့ချမှုပြုလုပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများအား တည်နေရာကို နိုင်ငံတကာနှင့် နှိုင်းယှဉ်နိုင်အောင် ရိုးရိုးအချက်အလက်ပေးသည်သာမက ကော့စတာရီကာကို အလားအလာ ရှိသည့်ရင်းနှီးမြှုပ်နှံသူများ မြေပုံတွင် ပါဝင်လာအောင် မိမိဘက်က ကမကထပြု၍ လုပ်ဆောင်မှုများ ပြုလုပ်ရန် ပိုမို လိုအပ်သည်ဟုဆိုသည်။

CINDE သည် လျှပ်ကူးပစ္စည်း ထုတ်လုပ်သည့် စက်ရုံတွင် ရင်းနှီးမြှုပ်နှံရန် Intel ကို ပစ်မှတ်ထား၍ တက်ကြွစွာ လုပ်ဆောင်သည်။ ကော်စတာရီကာသည် ထိုလုပ်ငန်းတွင် အတွေ့အကြုံမရှိသည့်အတွက် နိုင်ငံတွင် အခြားပိုကောင်းသော နေရာများမှ အခြေအနေများနှင့် ကိုက်ညီမှုရှိ/မရှိ Intel ၌ သတင်းအချက်အလက် မရှိပေ။ တကယ်တမ်းတွင်လည်း Intel ၏ ရွေးထားသောစာရင်းတွင် ဘရာဇီး၊ ချီလီ၊ အင်ဒိုနီးရှား၊ မက္ကစီကိုနှင့်ထိုင်းနိုင်ငံတို့ပါဝင်သည်။ ထို့ကြောင့် CINDE ၏စိန်ခေါ်မှုမှာယခင်က မှတ်တမ်းကောင်းမရှိသော နေရာ၊ မသေချာမရေရာသည့်အဆင့်တွင်လည်း ရင်းနှီးမြှုပ်နှံမှု၏ တန်ဖိုးကို ရင်းနှီးမြှုပ်နှံမှုပြုပြီးမှသာ ဆန်းစစ်နိုင်မည့် နေရာမျိုးတွင် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုပြုရန် Intel အား ယုံကြည်လာအောင် ဆွဲဆောင်ရေးဖြစ်သည်။

ကော့စတာရီကာတွင်အဓိကကျသော မသေချာမရေရာမှုများမှာ လျှပ်စစ်မီးပျက်သောကြောင့် ထုတ်လုပ်မှုတွင် အနှောက် အယှက်ဖြစ်ရခြင်း၊ ဈေးကွက်က နှေးကွေးနေခြင်းနှင့်လေ့ကျင့်ပေးထားသောလုပ်သားများ ရှားပါးခြင်းတို့နှင့် ဆိုင်သော ကြောက်ရွံ့ရမှုများ ရှိသည်။ အဆိုပါ မသေချာမရေရာမှုများကို ဖြေရှင်းနိုင်ရန်အတွက် ကော့စတာရီကာသည် Intel စက်ရုံဖြစ်လာမည့်နေရာတွင်ရည်မှန်းလျက် အစိုးရဓါတ်အားလိုင်းတွင် ဓါတ်အားခွဲရုံတစ်ခုဆောက်ပေးခြင်း၊ ပစ္စည်း တင်ပို့မှုများ လျင်မြန်စေရန် အမျိုးသားလေဆိပ်ကို ပြင်ဆင်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာနအား ညွှန်ကြား၍ သက်မွေး ပညာ သင်ကြားရေးအစီအစဉ်ဖြင့် အိုင်တီလုပ်သားများထွက်ပေါ်လာစေရန် Intel မှ ဆရာများနှင့် လေ့ကျင့်သင်ကြား ပေးခြင်းများကို လုပ်ဆောင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ပေးခြင်းကြောင့် Intel သည် ကော့စတာရီကာကို အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုနေရာအဖြစ် မြေပုံတွင် ထည့်သွင်းခဲ့သည်။ နောက်ထပ် အမြတ်များများရနိုင်သည့် မက်လုံးများပေး ခဲ့ခြင်းနှင့်အတူ ကော့စတာရီကာသည် ဆုံးဖြတ်ချက်ကိုလည်း Intel ဘက်လိုက်ကာ ချမှတ်ခဲ့ခြင်းကြောင့် ၁၉၉၀ ခုနှစ်များ အကုန်တွင် Intel က ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည်။

ဤဆုံးဖြတ်ချက်သည် ကောစကာရီကာကိုလည်း အကျိုးအမြတ်ရှိကြောင်း သက်သေပြနိုင်ခဲ့သည်။ Intel ၏ ရင်းနှီးမြှုပ်နှံမှုသည် ပြည်တွင်းစက်မှုလုပ်ငန်းနှင့် အရေးပါစွာ ချိတ်ဆက်နိုင်ခဲ့ပြီး အခြားရင်းနှီးမြှုပ်နှံသူများကိုလည်း ၎င်း၏ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်ထိရောက်သော အချက်ပေးမှုများ လုပ်ဆောင်နိုင်ခဲ့သည်။

ဇစ်မြစ်: Moran (၂၀၁၁) ။

အခန်း (၄) တွင်ဆွေးနွေးခဲ့သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနများ (IPAs) နှင့်ကုန်သွယ်မှု မြှင့်တင်ရေးရုံးများ (TPOs) များမှဝန်ဆောင်မှုသုံးစွဲသူများအကြား ကြီးမားသောခြားနားမှုရှိပါသည်။ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးဌာနများသည် နိုင်ငံရပ်ခြားတွင် အခြေစိုက်သော အလားအလာရှိသည့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများထံ သတင်းအချက်အလက်များကို အဓိကဖြည့်ဆည်းပေးပြီး ကုန်သွယ်မှုမြှင့်တင်ရေး ရုံးများသည် နိုင်ငံအတွင်းအလုပ်လုပ်နေသော ကုမ္ပဏီများကို ဦးတည်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီး မြှုပ်နှံမည့် နေရာဒေသ၏သတင်းအချက်အလက်များလိုအပ်သည်။ တချိန်တည်းတွင် အောင်မြင်သော ပို့ကုန် လုပ်ငန်းအနေဖြင့်လည်း အလားအလာရှိသော ဖောက်သည်များကို ပို့ကုန်သမား၏ ထုတ်ကုန်များ အကြောင်း သတင်းအချက်အလက်များပေးရန်လိုအပ်သည်။ ထိုနယ်ပယ်တွင် ဈေးကွက် မအောင်မြင်မှုများ ရှိတတ်ရာ အစိုးရက ဝင်ရောက်ဆောင်ရွက်ရန် အကြောင်းပြချက် ဖြစ်လာနိုင်သည်။ နိုင်ငံတစ်ခုနှင့် နိုင်ငံအတွင်းမှ ကုမ္ပဏီများ၏ ထုတ်ကုန်များနှင့် ပတ်သက်သော ဗဟုသုတ သတင်းအချက်အလက်များသည် နိုင်ငံ အတွင်းရှိ ကုမ္ပဏီများနှင့် ၎င်းတို့၏ထုတ်ကုန်များ၏ မျှော်လင့်ချက်များအပေါ် အပေါင်းလက္ခဏာဆောင်သော သက် ရောက်မှုများ ပေးနိုင်သည်။ ပြင်ပသို့လည်း အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှုများရှိပါသည်။

ကုမ္ပဏီတစ်ခုက အရောင်းမြှင့်တင်ရေးအတွက်ငွေကြေးသုံးစွဲတော့မည်ဟုဆုံးဖြတ်ပါက ၎င်းသည် ကိုယ်ပိုင်အမြတ်မည်မျှပြန်ရမည်ဆိုသည်ကိုသာ သီးသန့်ကြည့်လေ့ရှိသည်။ ပြင်ပသို့ သက်ရောက်မှုများကို ထည့်စဉ်းစားလေ့မရှိပါ။ သို့သော် အမျိုးသားရှုဒေါင့်မှကြည့်ပါက ထိုသို့သော ကုမ္ပဏီတစ်ခုချင်းစီ၏ အရောင်း မြှင့်တင်ရေး ကြိုးပမ်းမှုများသည် အလွန်သေးငယ်ကာ ပိုမိုအရောင်းမြှင့်တင်နိုင်မှ အကျိုးအမြတ် ရှိမည်ဖြစ်ပြီး ကုမ္ပဏီတစ်ခုအတွက်သာမက တစ်တိုင်းပြည်လုံးနှင့်ချိန်၍စဉ်းစားရန် လိုအပ်သည်။ အစိုးရက ငွေကြေး ထောက်ပံ့ သော IPA သို့မဟုတ် TPO များရှိပြီး ၎င်းတို့လုပ်ငန်းများမှ ထုတ်ကုန်များ အကြောင်း နိုင်ငံတကာ သို့ အရောင်းမြှင့်တင်ခြင်းသည် ဈေးကွက်မအောင်မြင်မှုအဖြစ်များကို ကုစားပေးသည့် နည်းလမ်းဖြစ်သည်။ သို့သော် မတူသော ဦးတည်ချက်များ၊ ပစ်မှတ်များရှိခြင်းကြောင့် ဌာနတစ်ခုတည်း၏ လုပ်ငန်းဆောင်တာ များတွင် TPO ၏ လုပ်ငန်းများနှင့် IPA ၏ လုပ်ငန်းများ ပေါင်းစပ်လုပ်ဆောင်ခြင်း မပြုသင့်ပေ (UNCTAD, 2009) ။

ပုံရိပ်၊ ကုန်အမှတ်တံဆိပ်သိရှိမှု၊ ခံယူထားသည့် အမြင်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမည့် နေရာအတွက် ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးသော အချက်များဖြစ်သည် (IFC-FIA, 1997)။ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမည့်နေရာအတွက် ဆုံးဖြတ်ချက်များကို ၎င်းတို့ စုဆောင်းထားသည့် သတင်း အချက်အလက် အစုအပေါင်းနှင့် အဆိုပြုလာသည့် နေရာဒေသအပေါ် နားလည်မှုတို့ကို အခြေခံ၍ ချမှတ် သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းသည် နိုင်ငံအတွင်း လာရောက် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်ရာ တွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ TNCs များအပေါ် အခြေခံသော ရင်းနှီးမြှုပ်နှံမည့် နေရာအတွက် သတင်းအချက်အလက်များသည် ပြည့်စုံမှု မရှိခြင်းကြောင့် ဆုံးဖြတ်ချက်ချရာတွင်လည်း ခန့်မှန်းမှုများ အပေါ်သာ အခြေခံရသလို ဘက်လိုက်မှုများလည်းရှိနိုင်သည်။ ၎င်းမှာ အုပ်ချုပ်ရေး လုပ်ငန်းစဉ် များကြောင့် ဖြစ်တတ်ပြီး မှားယွင်းသော ပြိုင်ဆိုင်မှုများ၊ ပုံပျက်နေသော စွန့်စားမှုနှင့်ဆိုင်သော ခံယူထားသော အမြင်များ၊ အိမ်ရှင် နိုင်ငံများအပေါ် အနုတ်လက္ခဏာဆောင်သော သို့မဟုတ် မှားယွင်းသော ခံယူထားသော အမြင်များ၊ TNCs များ၏ လက်အောက်ခံများကြားနိုင်ငံရေး ပြိုင်ဆိုင်မှုများကြောင့် သက်ရောက်မှုများ ရှိနိုင်သည်။ အကျိုးဆက်မှာ ကုမ္ပဏီအများစုသည် အလားအလာရှိသော နေရာအနည်းငယ်ကိုသာ စဉ်းစားရန်

ကျန်ရှိတော့ခြင်း ဖြစ်သည်။ အချို့နေရာများမှာ ၎င်းတို့၏ မြေပုံပေါ်တွင်ပင် ပါဝင်ခြင်းမရှိတော့ပေ။ ရင်းနှီးမြှုပ်နှံမည့် နေရာအတွက် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ဈေးကွက်အလိုအရ လိုအပ်ချက်များ၊ မပြည့်စုံမှုများကို တန်ပြန်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ခြင်းမှာ ထိရောက်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ဆောင်ရန် အရေးဆိုရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကြီးမားစွာ တိုးလာသော်လည်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အနည်းငယ်ပင် မလုပ်သည့် နိုင်ငံအချို့လည်းရှိပါသည်။ တရုတ်နိုင်ငံသည် ထိုအချက်အတွက် အကောင်းဆုံး ဥပမာဖြစ်ရာ ၎င်း၏ ကြီးမားသော ဈေးကွက်အခွင့်အလမ်းနှင့် ဈေးပေါပြီး ထုတ်လုပ်မှုစွမ်းအားရှိသည့် လုပ်သားအင်အားတို့ကို ကျေးဇူးတင်ရမည်ဖြစ်သည်။ အင်ဒိုနီးရှားသည်လည်း နောက်ထပ်ဥပမာတစ်ခုဖြစ်ကာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမလုပ်ပဲ မူဝါဒပြုပြင်ပြောင်းလဲရေးလုပ်ဆောင်မှုအပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုမှာ အရေးပါခဲ့သည် (Chidozie, 2014)။ တနည်းပြောရလျှင် နာမည်ကောင်း ရှိခြင်း၊ ပိုကောင်းသော စီးပွားရေးရေခံမြေခံနှင့် တရားဥပဒေစိုးမိုးခြင်း၊ နိုင်ငံများကြား ပြိုင်ဆိုင်ရာတွင် ရှင်းလင်းသော အားသာချက်ရှိခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ များအား ဆွဲဆောင်နိုင်သည့် မဟာဗျူဟာ ကျသော နေရာ သို့မဟုတ် အခြားပိုင်ဆိုင်မှုများရှိခြင်း (ဥပမာ - ရရှိနိုင်မှု သို့မဟုတ် ဈေးကွက်ကြီး သို့မဟုတ် သဘာဝ သယံဇာတ) စသည်တို့ရှိသည့် နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ဆောင်ရန် လိုအပ်မှု နည်းမည် ဖြစ်သော်လည်း သတင်းအချက်အလက် ဖြည့်ဆည်းပေးနိုင်မှုမှာ အရေးပါနေဆဲဖြစ်သည်။

တခါတရံ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများနှင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မှားယွင်းသော ခံယူချက် အမြင်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးတိုးတက်ရေးကို ချက်ခြင်းဖြစ်စေသည်ဟုဖြစ်သည်။ တကယ်တမ်းတွင် လျင်မြန်သော ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး ကြီးထွားနှုန်းနှင့် ဆက်နွယ်နေသော ဈေးကွက် အလားအလာများက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်းဖြစ်သည် (Hornberger and others, 2011; Iamsiraroj and Doucouliagos, 2015)။ ဤနေရာတွင် ဖြစ်စဉ်နှစ်ခုစလုံးသည် အပြန်အလှန် အထောက်အပံ့ပြုလျက်ရှိသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် အဆုံးအဖြတ် ပေးသော အဓိကအရာများမရှိပဲ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ဆောင်လျှင်လည်း သက်ရောက်မှု အနည်း ငယ်သာ ရှိမည်ဖြစ်သည်။ သို့သော် စီးပွားရေးအရ အားသာချက် စကေးမမြင့်သော နိုင်ငံငယ် အချို့အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် ပြိုင်ဆိုင်မှုပြင်းထန်လျှင် တက်တက်ကြွကြွ လုပ်ဆောင်သော ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးသည်လည်း အခြေအနေကို တမျိုးပြောင်းသွားစေသည်။ အောင်မြင်သော ကိစ္စရပ်များကို ပြရပါက ဟောင်ကောင်၊ တရုတ်၊ စင်္ကာပူတို့ဖြစ်ပြီး ၎င်းတို့သည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ အရေး ပါသော ပမာဏစီးဝင်လာအောင် ဆွဲဆောင်ရာတွင် အောင်မြင်သည်။ ရှင်းလင်းစွာ မြင်သာသော အချက်မှာ အဆိုပါနယ်မြေများ သို့မဟုတ် နိုင်ငံများသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ရာသီဥတုမှာ မြင့်မားသော အခြေအနေတွင် အမှတ် များစွာရလေသည်။

## ၂။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာ

OECD (၂၀၁၅) ၏ ဖော်ပြချက်အရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာတွင် ပါဝင်သော အကြောင်းအရာများသည် "ဘာကိုမြှင့်တင်မလဲ" ဆိုသည့် မေးခွန်းကိုသာ သိုင်းဝိုင်းအဖြေရှာထားခြင်းဖြစ်ကာ တဖက်တွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအတွက် နိုင်ငံ၏ စီးပွားရေး ပြိုင်ဆိုင်မှုနှင့် ဆွဲဆောင်မှု၊ အခြား တစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ ခံယူချက်အမြင်များနှင့် ရင်းနှီးမြှုပ်နှံအတွက် ရည်ရွယ်ချက်များတို့၏ နှစ်ခုအကြား ချိန်ခွင်လျှာညီမှုအပေါ် မူတည်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာတွင် SMART ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ရှင်းလင်းသည့် ပန်းတိုင်ရှိကာ ပန်းတိုင်ကို ရောက်ရှိရန် တာဝန်ယူ လုပ်ဆောင်ရမည့် လုပ်ဆောင်ရန်များကို ဖော်ပြထားရသည်။ ဥပမာအားဖြင့် ကိုဆိုဗို (Kosovo) သည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာတစ်ခုရေးဆွဲခဲ့ရာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်၊ ထိန်းသိမ်းထားရန်၊ ကြီးထွားလာရန်နှင့် နှစ်စဉ်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု€ 400 သန်း စီးဝင်ရန် ရည်မှန်းချက်ပန်းတိုင်ပါဝင်သည်။ တခါတရံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာ၏ ရေရှည် မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် ပန်းတိုင်များသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာန (IPA) နှင့်ခြုံကြည့်ပါက အတူတူဖြစ်နေတတ်သည်။ သို့သော် IPA ၏ပန်းတိုင်သည် လက်တွေ့ကျကျ အဆင့်ပိုမြင့်နေသင့်ရာ IPA တစ်ခုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းသာမကရင်းနှီးမြှုပ်နှံမှုများချောမွေ့စေရန် ကူညီခြင်း၊ မူဝါဒအရေး ဆိုမှုများနှင့် အခြားလုပ်ငန်းဆောင်တာများကိုပါ တာဝန်ယူလုပ်ဆောင်ရမည်ဖြစ်သည်။ တနည်းပြောရလျှင် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာ၏ပန်းတိုင်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မည်မျှစီးဝင်ရန်၊ မည်သည့်ရင်းနှီးမြှုပ်နှံမှုပုံစံ၊ မည်သည့်ကဏ္ဍနှင့်မည်သည့်တည်နေရာ (ရေရှည်တည်တံ့ရေးအပါအဝင် အချို့သော အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ)တို့တွင် အချိန်ကာလသတ်မှတ်ချက်တစ်ခုအတွင်း ဆွဲဆောင်ရန် စသည်တို့ကို သတ်သတ်မှတ်မှတ် ဖော်ပြထားသင့်သည်။ အကောင်းဆုံးပုံစံအနေဖြင့် အောင်မြင်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာ၏ ပန်းတိုင်သည် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒ တစ်ခုလုံး၏ ပန်းတိုင်နှင့် ချိတ်ဆက်နေသင့်ပြီး တနည်းဆိုရပါက အထွေထွေဖွံ့ဖြိုး တိုးတက်ရေး ပန်းတိုင်နှင့် ချိတ်ဆက်နေသင့်သည်။

အောင်မြင်သော ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာတွင် အောက်ပါ အစိတ်အပိုင်း ၁၀ ခုပါဝင်သည်-

- ရေရှည်မျှော်မှန်းချက်နှင့် ရည်မှန်းချက် ဖော်ပြချက်၊
- မဟာဗျူဟာကျသည့် ရည်ရွယ်ချက်များ၊
- အခြေခံစံနှုန်းနှင့် ပုံရိပ်တည်ဆောက်ခြင်း၊
- စျေးကွက်ရှာဖွေခြင်းနှင့်မြှင့်တင်ခြင်း၊
- ထုတ်လုပ်မှု တိုးတက်စေခြင်း (ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်ရန် လုပ်ဆောင်မှုများ)၊
- ဘတ်ဂျက်နှင့်အရင်းအမြစ်ခွဲဝေခြင်း၊

- အဖွဲ့အစည်း၏ အရင်းအမြစ်များ(ဌာနတစ်ခုချင်းစီနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ပြသသည့် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံဇယား)၊
- စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် လုပ်ဆောင်မှု တိုင်းတာသည့် အဓိက ညွှန်ကိန်းများ(KPI)၊
- လုပ်ငန်းစီမံချက် - လျာထားချက်နှင့် ပန်းတိုင်တစ်ခုချင်းစီအတွက် လိုအပ်သော ကာလတို၊ ကာလလတ်၊ ကာလရှည် လုပ်ဆောင်ရန်များနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတွင် အသုံးပြုမည့် နည်းလမ်းများနှင့် ဘတ်ဂျက်ကို ရေးဆွဲခြင်း။

## ပုံ ၇-၂ အခြေခံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာ လုပ်ငန်းစီမံချက်ပုံစံ




ဇစ်မြစ်-ESCAP, International Consulting Associates.

ပုံ ၇-၂ က အခြေခံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာ လုပ်ငန်းစီမံချက်ပုံစံကို ပြသထားပါသည်။ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင်လုပ်ဆောင်ချက်များကိုတာဝန်ယူလုပ်ဆောင်ရန်လိုအပ်သည်။ အချို့သော တွေ့မြင်နေကျနှင့် ထိရောက်သောနိုင်ငံတကာပုံရိပ် တည်ဆောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ဆောင်ချက်များတွင် အောက်ပါတို့ပါဝင်သည်-

- ပြက္ခဒိန်နှစ်တစ်နှစ်တွင် အနည်းဆုံးတစ်ကြိမ် နိုင်ငံခြားငွေကြေးဆိုင်ရာ မီဒီယာများအား ဖိတ်ခေါ်ခြင်း၊
- ပြည်ပမီဒီယာများနှင့် IPA ၏ အကြီးတန်းတာဝန်ရှိသူများအကြား ပုံမှန်တွေ့ဆုံမှုများ ပြုလုပ်ခြင်း၊

- အီလက်ထရောနစ် နည်းဖြင့်လည်းကောင်း၊ မေးလ်ဖြင့်လည်းကောင်း သတင်း အချက်အလက်များ နှင့် စာရွက်စာတမ်းများဖြန့်ဝေခြင်း၊
- နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုပြပွဲများတွင် ပါဝင်ခြင်း၊
- နိုင်ငံခြားကုန်သည်ကြီးများအသင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များမှ အဖွဲ့ဝင်များအား "ဂုဏ်ထူးဆောင်ရင်းနှီးမြှုပ်နှံမှုသံတမန်များ" အဖြစ် ခန့်အပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အတွက် ခရီးလှည့်လည်၍ ပြပွဲများပြုလုပ်ခြင်း။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာ၏ ပန်းတိုင်များအောင်မြင်ရန် မဟာဗျူဟာသည် အထွေထွေ မူဝါဒနည်းလမ်းများကို ဖော်ပြသင့်သော်လည်း ထိုနည်းလမ်းများကို ရေရှည်တွယ်ကပ်မနေသင့်ပါ။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာ တစ်ရပ်သည် ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် မတူဘဲ၊ တစ်ခုချင်းစီ၏ ပန်းတိုင်များမှာ အဆင့်အလိုက် ကွဲပြားမှုရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒများသည် ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ခြုံငုံတိုးတက်စေရန် ရည်ရွယ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာတွင် ပို၍တိုင်းတာနိုင်သည့် ပန်းတိုင်များဖြစ်သည့် အချိန်ကာလတစ်ခုအတွင်း ရည်ရွယ်ထားသော နေရာတစ်ခုတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏတစ်ခုကို ဆွဲဆောင်ရန်ဆိုသည်မျိုးပါဝင်သည်။ တနည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး မဟာဗျူဟာတွင် မူဝါဒများကိုပါ အကြုံးဝင်စေခြင်းမရှိသော်လည်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် ဆွဲဆောင်နိုင်ရန် (ချောမွေ့အောင် အကူအညီပေးရန်) ခိုင်မာသော နည်းလမ်း များ၊ နည်းစနစ်များကို ပိုမိုဦးတည်ပါသည်။ အဆိုပါနည်းစနစ်များ(tools) များကို လာမည့် အခန်းငယ်တွင် အသေးစိတ် လေ့လာသွားမည်ဖြစ်ပါသည်။

သုတေသနပြုချက်အရ ကဏ္ဍများကို တက်ကြွစွာ ဦးစားပေးပြီး ပစ်မှတ်ထားနိုင်သည့် IPA များသည် သီးသန့်ကဏ္ဍများကို ပစ်မှတ်မထားနိုင်သည့် IPA များထက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်သည်ဟု ပြသနေသည်။ (ချောမွေ့အောင် အကူအညီပေးရန်) ခိုင်မာသောနည်းလမ်းများ၊ နည်းစနစ်များကို ပိုမိုဦးတည်ပါသည်။ IPA များအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် တန်ဖိုးကြီးသည့် သတင်းအချက်အလက်များ စုဆောင်း၍ပေးနိုင်ရန်လိုအပ်သော်လည်း IPA များအနေဖြင့် ကဏ္ဍအားလုံးတွင် ကျွမ်းကျင်သူဖြစ်ရန်မှာ ရှုပ်ထွေးသောကိစ္စဖြစ်သည်။ ထို့ကြောင့်ပင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် တန်ဖိုးရှိမည့်ကဏ္ဍအနည်းငယ်ကို ရှာဖွေ၊ ဖော်ထုတ်၍ ၎င်းတို့ကို ဦးစားပေးအဖြစ် သတ်မှတ်ရန်မှာ မရှိမဖြစ် ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်သည်။ လက်တွေ့တွင်မူ IPA များသည် ဦးစားပေး ကဏ္ဍစာရင်းများအား ဖော်ထုတ်သည့် သဘောရှိသော်လည်း သီးသန့်ကဏ္ဍအလိုက် အသိပညာနှင့် ကျွမ်းကျင် ဝန်ထမ်းများစုဆောင်းမှုကို အနည်းငယ်သာ လုပ်ဆောင်ခြင်း သို့မဟုတ် ဦးစားပေး မေးမြန်းစုံစမ်းလာမှုများအနေဖြင့် ပြန်လည်ဖြေကြားမှုများ လက်ခံရရှိမှု သေချာအောင် လုပ်ဆောင်ခြင်းတို့မရှိပေ။ ခရီးသွားလာရေး ကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများကို ဦးစားပေးကဏ္ဍများအဖြစ် မကြာခဏ ပစ်မှတ်ထားလေ့ရှိသည် (UNCTAD, 2017)။ ရင်းနှီးမြှုပ်နှံသူကို ပစ်မှတ်ထားခြင်းနှင့်ပတ်သက်၍ အောက်တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

IPA ၏ ကျရှုံးမှုများ၏ မူလအကြောင်းပြချက်တစ်ခုမှာ ကျွမ်းကျင်မှုနှင့် သတင်းအချက်အလက်များ မလုံလောက်ခြင်းကြောင့်ဖြစ်သည်။သို့သော်လည်း အစိုးရ IPA အများစုမှာ အလားအလာရှိသည့် ရင်းနှီး

မြုပ်နှံသူများ လိုအပ်သည့် သတင်းအချက်အလက်များကို ရယူပေးနိုင်သည့် အဖွဲ့အစည်းအလိုက် လက်လှမ်းမီသော အနေအထားတွင်ရှိသည် (World Bank, 2016)။ အစိုးရများသည် ပုဂ္ဂလိကကဏ္ဍက ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့် အလုပ်သမား၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေး၊ အခွန်၊ ဥပဒေနှင့် နည်းဥပဒေများ၊ အခြားအရေးပါသည့် စီးပွားရေးဝန်းကျင်ဆိုင်ရာ အချက်များအပေါ် အချက်အလက်များ ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းများကို လုပ်ဆောင်သည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် အစိုးရများကဲ့သို့ ထိုအရင်းအမြစ်များကို ရယူခြင်းမရှိသည်မှာ ထိုသို့လုပ်ဆောင်ခြင်းကြောင့် အကျိုးအမြတ်မရှိကြောင်း တွေ့ရှိရ၍ဖြစ်နိုင်သည်။ အစိုးရ IPA အများစုသည်အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ လိုအပ်သည့် သတင်းအချက်အလက်များကို ဖော်ထုတ်ပေးရုံသာဖြစ်ပြီး၊ အဆိုပါ သတင်းအချက်အလက်နှင့်ဆိုင်သော အစိုးရဇစ်မြစ်နှင့် အဆက်အသွယ်ထူထောင်ပေးရန်ဖြစ်သည် (ပြည်သူ့ရေးရာ မူဝါဒတွင် ထိုသို့သော လုပ်ပိုင်ခွင့် မပါရှိပါက ထည့်သွင်းရန် အားပေးလေ့ရှိသည်)။ အခါအားလျော်စွာ နောက်ဆုံးရသတင်းအချက်အလက်များ စုဆောင်းပြီး ပြည့်ပြည့်စုံစုံဖြစ်စေကာ အားအနည်းငယ် စိုက်ထုတ်ရုံမျှဖြင့် ရယူနိုင်စေရန်၊ မြှင့်တင်ခြင်းအတွက် ထိရောက်မှုရှိသော နည်းလမ်းများဖြင့် အဆိုပါသတင်းအချက်အလက်များကို ပေးနိုင်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ကောင်းမွန်သည့် IPA တစ်ခု၏ ဝက်ဘ်ဆိုက်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သည့် ဗီဒီယို၊ လုပ်ငန်းကဏ္ဍ၏အကြောင်း၊ လုပ်ငန်းသတင်းများ၊ အချက်အလက်များ၊ ထိုကဏ္ဍအတွက် ကျေနပ်မှု ရှိကြသော ရင်းနှီးမြှုပ်နှံသူများထံမှ ထောက်ခံရေးသားထားချက်များ အပါအဝင် ဦးစားပေး မတိုင်မီ လုပ်ငန်းသတင်းအချက်အလက်များပါဝင်ရသည်။ ယခင်ကဖော်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်ချမှတ်ရခြင်းများသည် ခက်ခဲသော်လည်း မည်သည့်ကဏ္ဍကို အာရုံပြုဦးတည်မည်ဆိုသည်ကို IPA တစ်ခု၏ အကန့်အသတ်ရှိနေသည့် အရင်းအမြစ်အပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချခဲ့သည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ ပထမအဆင့် အောင်မြင်သည်ဟုဆိုနိုင်သည်။ အောင်မြင်သော IPA များသည် ခြွင်းချက်မရှိသလောက်နီးပါးဖြင့် သတ်သတ်မှတ်မှတ်ဦးစားပေးကဏ္ဍများကို ပစ်မှတ်ထားနိုင်ခဲ့ပြီး ၎င်းကဏ္ဍများကို ၎င်းတို့၏ ဝက်ဘ်ဆိုဒ်တွင်ထင်ရှားစွာ ပြသထားနိုင်သည်။ အရည်အသွေး မြင့်မားသည့် IPA များကသာရင်းနှီးမြှုပ်နှံလိုသူများ၏ စုံစမ်းမေးမြန်းမှုတိုင်းကို ပြန်လည်ဖြေကြားနိုင်သော်လည်း ထိပ်တန်း IPA များတွင် ကျယ်ကျယ်ပြန့်ပြန့် တူညီသော လက္ခဏာတစ်ရပ်မှာ ၎င်းတို့သည် ဦးစားပေးအနည်းငယ်ကိုသာ ဖော်ထုတ်ကြပြီး ထိုဦးစားပေးများ အပေါ်တွင်သာ ပုံအောရ၍ မြှင့်တင်မှုများနှင့် ချောမွေ့အောင် အကူအညီပေးရေးကြိုးပမ်းမှုများ လုပ်ဆောင်နေကြခြင်းဖြစ်သည်။ အဆိုပါနည်းလမ်းသည် အတွင်းကျကျ စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အချက်အလက် လိုအပ်ချက်များကို ပြည့်စုံအောင် ဖန်တီးရန်နှင့် သီးသန့်ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်တို့ လုပ်ဆောင်ပါက မရှိမဖြစ်လိုအပ်သည်။

## (ခ) ရင်းနှီးမြှုပ်နှံသူ၏ ခံယူထားသောအမြင်နှင့် ပုံရိပ်တည်ဆောက်ခြင်း

### ၁။ ရင်းနှီးမြှုပ်နှံသူ၏ ခံယူထားသော အမြင်

ICA ၏သုတေသနက ဖော်ထုတ်ခဲ့သည်မှာ အလုပ်အပ်သည့် နေရာဒေသအတွက် အတိုင်ပင်ခံကုမ္ပဏီများ၏ ၇၀ % ကျော်သည် နေရာဒေသရွေးချယ်ရေးပညာရှင်နှင့် စာချုပ်မချုပ်မီ ရွေးချယ်နိုင်မည့် နေရာဒေသ စာရင်းကို ဦးစွာပြုစုသည်။ ထိုစာရင်းသည် ဆုံးဖြတ်ချက်ချမှတ်သူများ၏ပုဂ္ဂလိက ခံယူချက် အမြင်အပေါ်အခြေခံသည်။ ရင်းနှီးမြှုပ်နှံသူများသည် ပုံမှန်အားဖြင့် တည်နေရာများကို ပြန်လည်သုံးသပ်လေ့ ရှိသည် (VCC, 2009) ။

- ၎င်းတို့ ထိုနေရာဒေသတွင် ရင်းနှီးမြှုပ်နှံဖူးခြင်း၊
- ၎င်းတို့နှင့် ယှဉ်ပြိုင်ဘက်များက ထိုနေရာတွင်ရင်းနှီးမြှုပ်နှံမှု လုပ်ထားပြီးဖြစ်ခြင်း၊
- အဓိကစားသုံးသူများ သို့မဟုတ် ပစ္စည်းပေးသွင်းသူများက ထိုနေရာတွင် ရှိနေခြင်း၊
- တည်နေရာအရ ဆွဲဆောင်မှုရှိသော အဆင့်သတ်မှတ်ချက်များတွင် ပါဝင်နေခြင်း၊
- ထိုနေရာဒေသအကြောင်းကို စီးပွားရေးသတင်းစာများနှင့် မီဒီယာများတွင် အပေါင်း လက္ခဏာ ဆောင်သည့် အစီရင်ခံစာများဖတ်ရှုထားဖူးခြင်း၊
- ၎င်းတို့သည် ထိုနေရာဒေသသို့ စီးပွားရေးလုပ်ငန်းခရီးစဉ်များ သို့မဟုတ် အားလပ်ရက် အလည် အပတ်များ သွားဖူးခြင်း၊
- ၎င်းတို့မိသားစု၏ ဆွေမျိုးများရှိခြင်း။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဒေသအချို့အကြောင်း သိရှိနေကြသည့်တိုင် ထိုသိရှိမှုများသည် မှန်လည်း မှန်နိုင်သလို၊ မှားလည်းမှားနိုင်သည့် ၎င်းတို့ခံယူထားသော အမြင်သာဖြစ်နိုင်ပြီး တိကျမှုမရှိပေ။ ဗီယက်နမ်နိုင်ငံသည် ၁၉၈၆ခုနှစ်တွင် Doi Moi မူဝါဒ သို့မဟုတ် စီးပွားရေးဖြေလျှော့ရေးအစီအစဉ်ကို စတင် သည့်အခါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် ချက်ချင်းပုံအောဝင်ရောက်လာခြင်း မဟုတ်ပေ။ ရင်းနှီးမြှုပ်နှံသူများက တိုင်းပြည်တွင်စစ်ပွဲမရှိတော့ကြောင်း ယုံကြည်လာစေရန် များစွာ လုပ်ဆောင်ခဲ့ရသည်။ တကယ်တမ်းတွင် စစ်ပွဲများမှာ လွန်ခဲ့သော ဆယ်နှစ်ကတည်းက အဆုံးသတ်သွားခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ် နိုင်ငံကို စစ်ပွဲနိုင်ငံအဖြစ် အနုတ်လက္ခဏာဆောင်သော အမြင်များမှာ ၁၉၉၀ ခုနှစ်များအထိ ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် ဆက်သွယ်ရေးသည်မိမိ၏ထုတ်ကုန်တစ်ခု သို့မဟုတ် ပစ်မှတ်ထားခြင်းကဲ့သို့ မဟာဗျူဟာ မြောက် သည်။ မှန်ကန်သည့် ဆက်သွယ်ရေးနည်းလမ်း (communication tool) ကို ရွေးချယ်ခြင်းသည် ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများမစတင်မီ မရှိမဖြစ်လုပ်ဆောင်ရမည့်အလုပ်ဖြစ်သည်။ သို့မှသာ မှန်ကန်သော သတင်းစကားများကို အချိန်ကိုက်ထုတ်လွှတ်နိုင်မည်ဖြစ်သည် (marketing mix - နည်းပေါင်းစုံ ရောထား

သော မြှင့်တင်ရေး)။ ဆက်သွယ်ရေးကို မှားယွင်းစွာ စီမံခန့်ခွဲမှုကြောင့် ဖြစ်ရသော အနုတ်လက္ခဏာဆောင်သည့် ဘက်လိုက်မှုများသည် မိမိတို့တိုင်းပြည် နေရာဒေသတစ်ခု၏ ဆွဲဆောင်နိုင်မှုအပေါ် အမှန်တကယ် ထိခိုက်စေနိုင်ပါသည်။ မိမိတို့တိုင်းပြည်မှ တည်နေရာဒေသကို ရင်းနှီးမြှုပ်နှံမည့်သူများက မတွေ့ရှိခြင်းကမှ တွေ့အောင်လုပ်၍ရသေးသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအစီအစဉ်၏ ပထမ ခြေလှမ်းသည် ပုံရိပ်တည်ဆောက်ခြင်းပင်ဖြစ်သည်။ အိမ်ရှင်နိုင်ငံ/နေရာဒေသ၏ စစ်မှန်သောဝိသေသလက္ခဏာများကို ဆက်သွယ်ပြောကြားမှုသည်ရင်းနှီးမြှုပ်နှံသူများအတွက် အရေးပါသည့်ကိစ္စရပ်ဖြစ်သည်။ ပုံရိပ် တည်ဆောက်ခြင်းတွင် ရင်းနှီးမြှုပ်နှံသူ၏ ခံယူထားသောအမြင်များကို အပေါင်းလက္ခဏာဆောင်သည့် အားဖြည့်ပေးမှုများ သို့မဟုတ် နေရာဒေသအပေါ် ရင်းနှီးမြှုပ်နှံသူ၏ မှားယွင်းသော သဘောထားအမြင်ကို အခြေခံသည့် အနုတ်လက္ခဏာဆောင်သည့် ဘက်လိုက်မှုများကို ဖယ်ရှားရေး/ပြင်ဆင်ပေးရေးတို့ပါဝင်သည် (Loewendahl, 2001; Fan, 2010)။

ပုံရိပ်တည်ဆောက်ခြင်း မဟာဗျူဟာ၏ သော့ချက် အစိတ်အပိုင်းများအား တည်ဆောက်နိုင်ရန် တည်နေရာ ဒေသ အကြောင်းအား အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများက ဘာတွေစဉ်းစားသည် ဆိုသည်ကို ပထမဆုံး ဖော်ထုတ်ရန်လိုအပ်သည်။ ရင်းနှီးမြှုပ်နှံသူ၏ ခံယူထားသော အမြင်များကို နည်းလမ်းအမျိုးမျိုးဖြင့် တိုင်းတာနိုင်သည် (ကမ္ဘာ့ဘဏ် 2016) ။

- **အများပြည်သူ ရယူနိုင်သည့် အစီရင်ခံစာများ။** တည်နေရာဒေသ တစ်ခုနှင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အခြေအနေနှင့် ပတ်သက်ပြီး အများပြည်သူ ရယူနိုင်သည့် အစီရင်ခံစာများကို ဆိုလိုသည်။ ကဏ္ဍပေါင်းစုံမှ အဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးသည် ထိုအစီရင်ခံစာများကို ရေးသားထုတ်ပြန်ကြသည်။ ထိုအဖွဲ့အစည်းများတွင် ကမ္ဘာ့ဘဏ်၊ UNCTAD (ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ) နှင့် ပုဂ္ဂလိက အတိုင်ပင်ခံ ကုမ္ပဏီကြီးများက ရေးသားသည့် ရင်းနှီးမြှုပ်နှံမှု လမ်းညွှန်များ ပါဝင်သည်။

- **အင်တာနက်မှတဆင့် အွန်လိုင်းရှာဖွေမှုများ။** သီးခြားအစီရင်ခံစာများ/ မဂ္ဂဇင်း/ ကာလအပိုင်းအခြားနှင့် ထုတ်ဝေသည့် သတင်းစာများ၊ မော်ကွန်းတင်ထားရှိသည့် နာမည်ကြီး သတင်းစာများကို အင်တာနက်မှတဆင့် အွန်လိုင်းရှာဖွေမှုများဆောင်ရွက်ခြင်းကို ဆိုလိုသည်။ နိုင်ငံ၏ အစီရင်ခံစာများနှင့် သတင်းဆောင်းပါးများအားအွန်လိုင်းတွင် ရှာဖွေကြည့်ရှုကြသည်ကို ကြည့်၍ နိုင်ငံတစ်နိုင်ငံအကြောင်း ပုံဖော်ရာတွင် အစိုးရနှင့် မီဒီယာရင်းမြစ်များသည် မည်မျှသြဇာရှိသည် ဆိုသည်ကို ရှင်းလင်းစွာ သိရှိနိုင်သည်။ဤသို့ ပုံဖော်ရေးသားမှုများသည် တည်နေရာအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ ယေဘုယျသဘောထားအမြင်များအား ပုံသွင်းပေးနိုင်သည့်ပြင် ကဏ္ဍတစ်ခုနှင့် တစ်ခုလည်း ကွဲပြားနိုင်ပါသည်။ အကယ်၍ နေရာတစ်နေရာသည် သတ်သတ်မှတ်မှတ် ကဏ္ဍတစ်ခုမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ကို လက်ခံပြီးဖြစ်ပါက အဆိုပါ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများသည် တည်နေရာနှင့် ပတ်သက်၍ ပျမ်းမျှသတင်းအချက်အလက်ထက် ပိုမို ရရှိလိုမည် ဖြစ်သည်။ သတ်သတ်မှတ်မှတ် နေရာမရွေးရသေးပါကမူ ပျမ်းမျှသတင်း အချက်အလက်ကို လက်ခံနိုင်သည်။

- **စစ်တမ်းများနှင့် မေးခွန်းလွှာများ။** လက်ရှိနှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူတို့၏ ခံယူထားသော အမြင်များအပေါ် စစ်တမ်းများနှင့် မေးခွန်းလွှာများ မေးမြန်းခြင်းဖြစ်သည်။ ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ကဏ္ဍမှ ဖြစ်စေ သို့မဟုတ် အခြားကဏ္ဍမှဖြစ်စေ၊ တည်နေရာနှင့် ပတ်သက်၍ သီးသန့်ရှုဒေါင့်မှ ခံယူထားသော အမြင်များကိုသိရှိရန် လိုအပ်လိမ့်မည်ဖြစ်သည် (ကမ္ဘာ့ဘဏ်/MIGA, 2000b, 2003) ။

ရင်းနှီးမြှုပ်နှံသူများသည် မေးခွန်းလွှာများကို ဖြည့်စွက်ရန် စိတ်ပါလေ့မရှိခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူ၏ ခံယူထားသောအမြင်များကို စစ်တမ်းကောက်ခြင်းသည် တိုတိုတုတ်တုတ်သာ ဖြစ်သင့်သည်။ အထူးသဖြင့် ရှည်လျား၍ ခက်ခဲသည့် မေးခွန်းများအတွက်ဖြစ်သည်။ လုံလောက်သည့် ဖြေဆိုသူ အရေအတွက် ရရှိရန်အတွက် ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူအရေအတွက် များသင့်သည် (ဥပမာ - ကုမ္ပဏီ ၅၀၀)။ အကြောင်းမှာ ထိုအထဲမှ ၅-၁၅% ကသာပြန်လည်ဖြေဆိုဖွယ် ရှိသောကြောင့်ဖြစ်သည်။ ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူများတွင် တည်နေရာကို ဆွဲဆောင်မှုရှိသည်ဟု လက်ခံယုံကြည်ဖွယ် အများဆုံးရှိသည့်နိုင်ငံနှင့် လုပ်ငန်းအမျိုးအစားလုပ်ကိုင်သော ကုမ္ပဏီများ ပါဝင်သင့်ပါသည်။ ဌာနတွင်း သတင်းအချက်အလက် စုဆောင်းထားမှု (database) မရှိသော အေဂျင်စီများသည် ကုမ္ပဏီအချက်အလက်များ စုဆောင်း၍ ရောင်းချခြင်းကိုသာ အထူးပြုလုပ်ကိုင်သည့် ကုမ္ပဏီများထံမှဝယ်ယူနိုင်ပါသည်။ အချက်အလက်များမှာ ဈေးကြီးဖွယ် မရှိပေ (Worldbank/MIGA, 2000b, 2003) ။

## ပုံ၇-၃ရင်းနှီးမြှုပ်နှံသူတို့၏ခံယူထားသောအမြင်စစ်တမ်းနမူနာ

**အောက်ဖော်ပြပါအချက်များအပေါ်သင်၏ခံယူထားသောအမြင်ကိုအဆင့်သတ်မှတ်ပေးပါ**

စကေး 1 မှ 6 ကိုအောက်ပါအတိုင်းသတ်မှတ်ထားသည် -

1. အလွန်မကောင်း
2. မကောင်း
3. လက်ခံနိုင်
4. ကောင်း
5. အလွန်ကောင်း
6. မသိ/မပြောတတ်

| | 1 | 2 | 3 | 4 | 5 | 6 |
|---|---|---|---|---|---|---|
| နိုင်ငံရေးအခြေအနေ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| စီးပွားရေးအခြေအနေ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| FDI ကို ဆွဲဆောင်ရန် အစိုးရ၏ သဘောထား | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ဈေးကွက် အသုံးပြုနိုင်မှုနှင့် ဖြန့်ဝေမှု | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ထုတ်လုပ်နိုင်စွမ်းရှိသော လုပ်သားခန့်နိုင်စွမ်း | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ပုံမှန်အသုံးစရိတ်များ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| မက်လုံးစနစ်များ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| တယ်လီကွမ်းအခြေခံအဆောက်အဦ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| အခွန်စနစ်နှင့် အမြတ်ပြန်ရနိုင်မှု | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| အလုပ်အပ်နှံမှုနှင့် တဆင့်ခံ ကန်ထရိုက် အခွင့်အလမ်းများ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| စီးပွားရေးစတင်ထူထောင်ရန် လုပ်ထုံးလုပ်နည်းများ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| FDI ကို ဆွဲဆောင်ရာတွင် တိုင်းပြည်၏ မှတ်တမ်းများ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ရင်းနှီးမြှုပ်နှံမှုအတွက် ခြုံငုံသော ရာသီဥတု | ☐ | ☐ | ☐ | ☐ | ☐ | ☐ |

ပုံ ၇-၃ သည် ထိုသို့သော စစ်တမ်း၏ နမူနာကို ဖော်ပြထားပါသည်။ စစ်တမ်းများနှင့် မေးခွန်းလွှာများ ဖြေဆိုခြင်းမှ ဖော်ထုတ်ရရှိသော သတင်းအချက်အလက်များက ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံသူများသည် တည်နေရာအပေါ် မည်သို့ရှုမြင်သည်ဆိုသည်နှင့် ဒေသခံအာဏာပိုင်အဖွဲ့က တည်နေရာအပေါ် အနာဂတ်တွင် မည်သို့သော ပုံစံရှိစေချင်သည် ဆိုသည့် နှစ်ခုအကြား ကွာဟချက်ကို IPA က ဖြည့်ပေးရန် မည်သို့သော အဆင့်များ လုပ်ဆောင်ရန် လိုအပ်သည်ကို ပြောပြပါလိမ့်မည်။ ဤဈေးကွက်သုတေသနသည် ထိရောက်သော ပုံရိပ်တည်ဆောက်ရေး မဟာဗျူဟာရေးဆွဲရန်နှင့် ပုံရိပ်တည်ဆောက်ရေးလှုပ်ရှားမှုတစ်ခု၏ ဗဟိုဈေးကွက်ရှာဖွေရေး၏ အာဘော် (theme) ကို ဆုံးဖြတ်ရန်တို့တွင် အရေးပါသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည် (World

Bank, 2016)။စစ်တမ်းတွင် ဖြေဆိုသူများက မကြာသေးမီကမှ ပြင်ဆင်ထားသည့် အချို့သော တည်နေရာနှင့် ပတ်သက်သည့် အချက်များအပေါ် အနုတ် လက္ခဏာဆောင်သည့် သဘောထားအမြင်များရှိပါက ဤသတင်း အချက်အလက်များသည် ဒေသခံအာဏာပိုင်များကို ပုံရိပ်တည်ဆောက်ခြင်းလှုပ်ရှားမှုများတွင် ဘာကို တိတိကျကျ အာရုံပြုရမည်ဆိုသည်ကို ဖော်ထုတ်ရန် ကူညီနိုင်လိမ့်မည်ဖြစ်သည်။

စစ်တမ်းရလဒ်များကလည်း ဒေသခံအစိုးရများအနေဖြင့် တကယ်တန်း ပုံရိပ်တည်ဆောက်ခြင်း လှုပ်ရှားမှုကို စတင်လုပ်ဆောင်သင့်/မသင့် ညွှန်ပြပေးနိုင်ပါသည်။ ဥပမာအားဖြင့် ရလဒ်များက ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် တည်နေရာ၏နိုင်ငံရေးနှင့်/ သို့မဟုတ် စီးပွားရေးတည်ငြိမ်မှုအပေါ် မနှစ်သက်သော ရှုထောင့်အမြင်များရှိနေပါက ဖော်ပြပေးပါလိမ့်မည်။ အကယ်၍တည်နေရာတစ်ခု၏ နိုင်ငံရေးနှင့် စီးပွားရေးဝန်းကျင်တည်ငြိမ်မှုမရှိပါက ပုံရိပ်တည်ဆောက်ရေးလှုပ်ရှားမှုစတင်ရန် အချိန်မဟုတ်သေးဘဲ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တွင်အပေါင်းလက္ခဏာဆောင်သည့် အပြောင်းအလဲများ ပေါ်ပေါက်လာပြီးမှသာ စတင်သင့်သည် (World Bank, 2016)။ ထိုသို့သော ကိစ္စရပ်များတွင် ထိုအချက်အလက်များကို အစိုးရက အလေးပေးလာစေရန် သင့်လျော်သည့် တုန့်ပြန်ဆောင်ရွက်မှုများကို IPA က လုပ်ဆောင်ပေးရမည်ဖြစ်သည်။ သို့မှသာ ဖော်ထုတ်ထားသော အတားအဆီးများကို ဖယ်ရှားပေးနိုင်မည်ဖြစ်သည်။ တည်ငြိမ်ပြီးပုံပိုးမှုရှိသော ရင်းနှီးမြှုပ်နှံမှုရာသီဥတုရှိသော နိုင်ငံမှ စစ်တမ်းသည် IPA သတိမထားမိသော ရင်းနှီးမြှုပ်နှံသူ၏ သီးသန့်ကိစ္စရပ်များကို ထောက်ပြနိုင်သည်။ အလားတူစစ်တမ်းများသည် IPA ၏စွမ်းဆောင်မှုကို စောင့်ကြည့်လေ့လာ၍ အကဲဖြတ်သည့်နည်းလမ်း (Monitoring and Evaluation tool) အဖြစ်လည်း သုံးပြုနိုင်ပါသည်။အကွက်၇-၂တွင်၂၀၁၅ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ကပြုလုပ်သော အလားတူစစ်တမ်းရလဒ်များကို ဖော်ပြထားသည်။

**ဇယားကွက် ၇-၂ရင်းနှီးမြှုပ်နှံသူကခံယူထားသော အမြင်အပေါ် ကောက်ယူသော စစ်တမ်း၏ရလဒ်များ - ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) သည် ပုဂ္ဂလိကအတိုင်ပင်ခံကုမ္ပဏီဖြစ်သော Bolliger & Company Ltd. (ထိုင်း) အား "ထိုင်းနိုင်ငံရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှု" စစ်တမ်းကို နှစ်စဉ်ပြုလုပ်စေသည်။ ၂၀၁၅ခုနှစ်အတွက် ရလဒ်များကို ထိုနှစ် စက်တင်ဘာလအတွင်း BOI သို့တင်ပြသော အစီရင်ခံစာဖြင့် ထုတ်ပြန်ခဲ့သည်။ လိုအပ်သော သတင်းအချက်အလက်များကို စုစည်းရန်အတွက် ထိုင်းနိုင်ငံတွင် တည်ရှိသော နိုင်ငံခြား ကုမ္ပဏီ ၃၀၀၀ထံသို့ မေးခွန်းလွှာပေးပို့ခဲ့ပါသည်။ ရွေးချယ်ထားသည့် ကုမ္ပဏီများအား နိုင်ငံခြားရှယ်ယာ အနည်းဆုံး ၂၀% ရှိရန် ကန့်သတ်ထားပြီး BOI က မြှင့်တင်ပေးသော ကုမ္ပဏီများရော BOI က မြှင့်တင် မထားသော ကုမ္ပဏီများရော ပါဝင်ပါသည်။ နိုင်ငံခြားကုမ္ပဏီ ၃,၀၀၀အနက် ကုမ္ပဏီ ၆၀၀ (ပြန်လည်ဖြေကြားသည့် နှုန်း၂၀%) မှ ပြန်လည်ဖြေကြားခဲ့သည်။ Bolliger & Company Ltd. (ထိုင်း) သည် သတင်းအချက်အလက်များ ထပ်မံရရှိရန်၊ မှတ်ချက်များ၊ အကြံပြုမှုများ ရရှိနိုင်ရန် ကုမ္ပဏီပေါင်း ၆၀၀ ထဲမှ ကုမ္ပဏီ ၂၅ ခု အား အသေးစိတ် အင်တာဗျူးများ ပြုလုပ်ခဲ့သည်။ မေးခွန်းလွှာပြီးစီးအောင် ဖြေဆိုခဲ့သော ကုမ္ပဏီ ၆၀၀ ခု အနက် ၉၉% မှာ BOI က မြှင့်တင်ပေးထားသော ကုမ္ပဏီများဖြစ်ပြီး ၁% မှာ မြှင့်တင်မပေးခဲ့သော ကုမ္ပဏီဖြစ်သည်။ အဆိုပါ ကုမ္ပဏီ အများစုမှာ ဂျပန်ကုမ္ပဏီများဖြစ်သည် (၅၆%)။ ထုတ်လုပ်မှုအရ အမျိုးအစားခွဲရပါက သတ္တုထုတ်ကုန်၊ စက်ပစ္စည်း နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများက ဖြေကြားမှုအများဆုံး ပြုကြသည် (၃၂%)။ အရွယ် အစားအရ ပြောရမည်ဆိုပါက ဖြေဆိုသူများ ၏ ၂၅.၅၀% မှာ တန်ဖိုး ဘတ် သန်း ၀ - ၅၀ ခန့် ပိုင်ဆိုင်သော ကုမ္ပဏီငယ်များဖြစ်ပြီး ၂၅.၃၂% သည် ဘတ် သန်း ၅၀၀ ကျော် ပိုင်ဆိုင်သော ကုမ္ပဏီကြီးများဖြစ်ကြသည်။ အလုပ်အကိုင်ပေးထားနိုင်မှုအရ ဆိုရပါက ၃၁.၃၃% သည် ဝန်ထမ်း ၁ ဦး မှ ၅၀ ဦးထိ ရှိကာ ၈၂.၀၀% သည် နိုင်ငံခြား ဝန်ထမ်းများကို အချို းး၁၀% ထက် မပိုဘဲ ခန့်ထားကြသည်။ စိတ်ဝင်စားဖွယ် လေ့လာသိရှိရသည်မှာ ကုမ္ပဏီ အများစု (၆၈%) သည် ပြည်တွင်းရော နိုင်ငံတကာ ဈေးကွက်နှစ်ခုစလုံးမှ ဝင်ငွေများ ရရှိနေသည် ဆိုသည့် အချက်ဖြစ်သည်။

၂၀၁၅-၂၀၁၆အတွက် စစ်တမ်းက တွေ့ရှိရသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအများစုသည် ထိုင်းနိုင်ငံတွင် ၎င်း တို့၏ရင်းနှီးမြှုပ်နှံမှုအဆင့်ကို ဆက်လက်ထိန်းသိမ်းရန် သို့မဟုတ် တိုးမြှင့်ရန်စီစဉ်ထားသည်ကို တွေ့ရသည်။ ပို၍တိတိကျကျဆိုရပါက ၇၃% သည် ရင်းနှီးမြှုပ်နှံမှုအဆင့်ကို နဂိုအတိုင်း ဆက်လက်ထိန်းသိမ်းထားရန် ရည်ရွယ်ပြီး ၂၅% က တိုးချဲ့ရန်ရည်ရွယ်ကြသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုအဆင့်ကို ခန့်မှန်းရန် စီးပွားရေး လုပ်ငန်းအပေါ် ခံယူချက်ညွှန်းကိန်း (Business Sentiment Index - BSI Index) ကို ညွှန်းကိန်း (indicators) ၆ ခုဖြင့် တွက်ချက်သည်။ ၎င်းတို့မှာ (က) စုစုပေါင်းဝင်ငွေ၊ (ခ) ပြည်တွင်းအရောင်း၊ (ဂ) ပြည်ပ အရောင်း၊ (ဃ) အမြတ်အစွန်း၊ (င) ပေးရန်ရှိ တာဝန်နှင့် (စ) စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ အကယ်၍ BSI သည် ၅၀ ဖြစ်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ယုံကြည်မှုသည် ယခင်ကာလအတိုင်း မပြောင်းလဲဘဲ ဆက်လက်ရှိနေ သည်ဟု ဆိုရမည်။အကယ်၍ BSI သည် ၅၀ ထက်ကြီးပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ယုံကြည်မှုသည် ယခင် ကာလ ကထက် တိုးတက်လာသည်ဟု ဆိုရမည်။ အကယ်၍ BSI သည် ၅၀ ထက်နည်းပါက နိုင်ငံခြား ရင်းနှီး မြှုပ်နှံ မှု၏ ယုံကြည်မှုသည် ယခင်ကာလကထက် ပိုဆိုးသွားပြီဟု ဆိုရမည်။ ၂၀၁၅ ခုနှစ် အတွက် BSI က ပြသသည်မှာ စုစုပေါင်းတန်ဖိုးသည် ၅၀ထက်ပိုနေပြီး ပေးရန်ရှိတာဝန်အတွက် ညွှန်ကိန်းတွင်သာ ၅၀ ထက်နည်းသည်ကို တွေ့ရ သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအများစုသည် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို အပေါင်းလက္ခဏာဆောင် သည်ဟု စဉ်းစားခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် များစွာ အထောက်အကူဖြစ်ခဲ့သည့် ပံ့ပိုးသော အချက်များမှာ (က) ပစ္စည်း ပေးသွင်းသူများ ရရှိနိုင်မှု၊ (ခ) ကုန်ကြမ်း/အစိတ်အပိုင်းများရရှိနိုင်မှု၊ (ဂ) အခြေခံအဆောက်အအုံ တစ်ခုလုံး၊ (ဃ) လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ (FTAs) မှ အထူးအခွင့်အရေး၊ (င) ပို့ဆောင်ရေးနှင့် ထောက်ပံ့ ရေး စနစ်များဖြစ်သည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့၏ ရလဒ်များကို နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ပံ့ပိုး သည့်အချက်များ၏ ရမှတ်များသည် ပြည်တွင်းစီးပွားရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးစနစ်များ တည်ငြိမ်မှုများမှလွဲ၍ ၂၀၁၄ ခုနှစ်ထက် ၂၀၁၅ ခုနှစ်သည် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။

ဇစ်မြစ်-Bolliger &Co. (ထိုင်း) Ltd, 2015: 2015 နိုင်ငံခြားရင်းနှီးမြှုပ်နှံသူယုံကြည်မှုစစ်တမ်း (စက်တင်ဘာလ)၊http://www.boi.go.th/upload/Foreign_Investor_Confidence_Survey_(EN)_85544.pdf.

နောက်ဆုံးအနေဖြင့် မေးခွန်းလွှာများမှ တွေ့ရှိချက်များသည် IPA အတွက် ဘတ်ဂျက်နှင့် ဆိုင်သော အကျိုးဆက်များရနိုင်ပါသည်။ပုံရိပ်တည်ဆောက်ခြင်းလုပ်ရှားမှုကို ဘယ်လောက်ကြာအောင် လုပ်ဆောင်သင့်သလဲဆိုသည့်အပေါ် အဖြေမရှိပါ။ သို့သော် လက်ရှိခံယူချက်အမြင်များက အနုတ်လက္ခဏာ ဆောင်နေပါက လှုပ်ရှားမှု၏ ပင်မသတင်းစကားသည် အခြေအနေမှာ တိုးတက် လျက်ရှိခြင်း သို့မဟုတ် တိုးတက်ပြီးဖြစ်ကြောင်း အနုတ်လက္ခဏာဆောင်နေသော ပုံရိပ်ကို ချေပရန်အတွက် မြင်သာ ထင်သာသော သက်သေပြသည့် သတင်းစကား ဖြစ်သင့်ပါသည်။ ထိုသို့သော ကိစ္စရပ်များတွင် ပုံရိပ် တည်ဆောက်သည့် လှုပ်ရှားမှုသည် နှစ်အတန်ကြာ လုပ်ဆောင်ရဖွယ်ရှိသောကြောင့် ထိုလှုပ်ရှားမှုအတွက် IPA ၏ ဘတ်ဂျက်တွင် နှစ်အတန်ကြာသည်အထိ ထည့်သွင်းထားသင့်သည် (World Bank, 2016) ။

## ၂။ ပုံရိပ်တည်ဆောက်ခြင်း

### (က) ပုံရိပ်တည်ဆောက်ခြင်းအတွက်အခြေခံစည်းမျဉ်းများ

ပုံရိပ်တည်ဆောက်ခြင်း လှုပ်ရှားမှုသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာ၏ ပထမဆုံး ခြေလှမ်း တစ်ရပ် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူ၏ သဘောထားအမြင်လေ့လာမှုသည် ပုံရိပ်တည်ဆောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာတို့ကို တိုးတက်ဖော်ဆောင်ခြင်းအတွက် ပထမဆုံး အရေးကြီးသည့် အဆင့်ဖြစ်သည်။ ထိရောက်သော IPA များသည် လက်ရှိရင်းနှီးမြှုပ်နှံသူများ၏ တိုင်ကြားချက်များကို တုန့်ပြန်လုပ်ဆောင်ပေးသင့်ပြီး ၎င်းတို့ကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်နှင့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အပေါ် အပေါင်းလက္ခဏာဆောင်သည့် ပုံရိပ်များ ဖြန့်ဝေပေးနိုင်ရန် ဦးတည်သည့် အပြောင်းအလဲများကို အရေးဆိုပ ေးသင့်သည်။ အကျိုးဆက်အားဖြင့် နောက်တစ်ဆင့်သည် တိုင်းပြည်၏ အမှတ်တံဆိပ်ပုံရိပ် (brand image) ကို သတ်မှတ်ရန်ဖြစ်သည်။ထို့အပြင် စစ်မှန်သော အရောင်းနှင့်ဆိုင်သော သတင်းစကားများနှင့် လုပ်ဆောင်ရန် ရည်ရွယ်သည်များကို အခြေခံသည့် အရောင်းမြှင့်တင်ရေး ထောက်အကူပစ္စည်းများနှင့် နည်းစနစ်များကို ရေးဆွဲနိုင်ရန် ပစ်မှတ်ထားသည့် လုပ်ငန်းကဏ္ဍအတွက် ယှဉ်ပြိုင်ဘက်တည်နေရာများနှင့်အတူ ပရော်ဖက် ရှင်နယ် စံသတ်မှတ်ချက်များ ကို အကောင်အထည်ဖော်ရန်ဖြစ်သည် (UNCTAD, 2008) ။

IPA များသည် အချိန်ကြာလာသည်နှင့်အမျှ တိုင်းပြည်/နေရာဒေသ၏ပုံရိပ်တိုးတက်ရန်မဟာဗျူဟာ ချဉ်းကပ်နည်းလမ်းတစ်ခုကို ချမှတ်ရန်လိုအပ်ပါသည်။ ထိုမှတဆင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခြားနေရာ များကိုပါ အဆင့်အားလုံးတွင် ရင်းနှီးမြှုပ်နှံမှုကို ချောမွေ့အောင် အကူအညီပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား ဝန်ဆောင်မှုပေးခြင်း၊ သက်ဆိုင်သည့် နယ်ပယ်အားလုံးတွင် ထိရောက်သည့် ကြားလူအဖြစ် လုပ်ဆောင် ပေးခြင်း တို့ဖြစ်ပါသည်။ ပုံရိပ်တည်ဆောက်ခြင်းသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်သည့် လုပ်ငန်းစဉ်တွင် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ၎င်း၏ အခန်း ကဏ္ဍမှာ TNC ကို ရင်းနှီးမြှုပ်နှံအောင် တိုက်ရိုက်ဆွဲဆောင်ရန်ထက်စာလျှင် မူလအားဖြင့် တည်နေရာအပေါ်ရင်းနှီးမြှုပ်နှံသူ၏ အကျိုးစီးပွားကို အာရုံပြုရန်နှင့် အနုတ်လက္ခဏာဆောင်သော ခံယူချက်အမြင်များကို ဖယ်ရှားပေးနိုင်ရေးဖြစ်သည်။

ပုံရိပ်တည်ဆောက်ခြင်းသည် အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်းက အသစ်ဖြစ်နေသည့် နိုင်ငံများ၊ လျင်မြန်သော နိုင်ငံရေးနှင့်/သို့မဟုတ်စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသည့် နိုင်ငံများ သို့မဟုတ်အကြမ်းဖက်သို့မဟုတ် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုရင်ဆိုင်ခဲ့ရသော နိုင်ငံ များ အတွက် အထူးအရေးကြီးသည်။ ၎င်းသည် နိုင်ငံတကာမီဒီယာများတွင် အနည်းငယ်သာ ဖော်ပြခြင်း ခံရသော နိုင်ငံငယ်များအတွက်လည်း ထပ်တူအရေးကြီးပါသည်။ ပုံရိပ်တည်ဆောက်ခြင်းသည် အချိန်ကြာ လာသည်နှင့်အမျှ ပမာဏများပြီး ကောင်းစွာပစ်မှတ်ထားသော အသုံးစရိတ်လိုအပ်သော်လည်း ရင်းနှီးမြှုပ်နှံ သူများက နိုင်ငံတစ်ခု သို့မဟုတ် နေရာဒေသတစ်ခုကို ရင်းနှီးမြှုပ်နှံရမည့် နေရာတစ်ခုအဖြစ် ဆုံးဖြတ်ချက် ချမှတ်ရေးတွင် ငွေသုံးစွဲရုံမျှဖြင့် မလုံလောက်ပေ (Asfour and Declan, 2005)။ ပုံရိပ် တည်ဆောက်သည့် အဆင့်တွင် ရင်းနှီးမြှုပ်နှံသူများကို ခြုံငုံ၍လည်းကောင်း၊ ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံသူများ အတွက်လ ည်းကောင်း၊ တိုင်းပြည်/နေရာဒေသတစ်ခုကို မြှင့်တင်ပေးရန် အခြေခံ အရောင်းမြှင့်တင်ရေး နည်းလမ်းများ (tools) ကို အသုံးပြုသည်။ နည်းစနစ်များတွင် ဈေးကွက်များကို အစိတ်အပိုင်းများအဖြစ်ခွဲထုတ်ခြင်း၊တိုက်ရိုက်ဈေးကွက်မြှင့်တင်ခြင်း၊ ဖုန်းဖြင့် ဆက်သွယ်၍ ဈေးကွက်မြှင့်တင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြပွဲများ၊ မစ်ရှင်များနှင့် ဆွေးနွေးပွဲများ နှင့်တိုက်ရိုက်ရောင်းချမှုများ ပါဝင်ကာ ထိုသို့လုပ်ဆောင်ခြင်းများတွင် ကုမ္ပဏီတစ်ခုချင်းသည် အဓိက ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံသူများကို ကိုယ်စားပြုသည်။

တိုက်ရိုက်ရောင်းချခြင်းများအတွက် ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ငန်းအရ လိုအပ်ချက်အပေါ် အခြေခံပြီး ပိုမိုပစ်မှတ်ထားသည့် နည်းလမ်းတစ်ခုလိုအပ်ပါသည်။ ဤနည်းလမ်းသည် ရေရှည် လုပ်ငန်းစဉ် တစ်ခု ဖြစ်နိုင်ပြီး စီးပွားရေးလုပ်ငန်း မဟာဗျူဟာအသစ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမည့် တည်နေရာကို ဆုံးဖြတ်ခြင်းများတွင် ရင်းနှီးမြှုပ်နှံသူ၏ စိတ်ထဲ၌ IPA နှင့် နိုင်ငံကို အလိုအလျောက် စဉ်းစားမိသည့် အခြေအနေမျိုးမရောက်မီအထိ ရင်းနှီးမြှုပ်နှံသူများနှင့် နှစ်အတန်ကြာသည် အထိ ပုံမှန် အဆက်အသွယ် လုပ်ပေးနေရန် လိုအပ်သည်။ လက်တွေ့တွင် ဤနည်းလမ်း အမှန်တကယ် အလုပ်ဖြစ်စေရန် IPA နိုင်ငံက အဆိုပြုသော အားသာချက်များကိုသာ ရှာဖွေနေသည့် ကုမ္ပဏီများအား အာရုံပြု ဦးတည်ခြင်းနှင့် အဓိကကျသော ဆုံးဖြတ်ချက် ချမှတ်သူများဖြင့် ပုံမှန်အဆက်အသွယ်ကို ထိန်းသိမ်း ထားခြင်းဖြင့် မိမိနိုင်ငံကို ပထဝီအနေအထားဆိုင်ရာ အဓိကဈေးကွက်များတွင် ပါဝင်နေအောင် လုပ်ဆောင်၍ ထိန်းသိမ်းထားရန်ကို သက်ဆိုင်ရာ IPA က လုပ်ဆောင်ရမည်ဖြစ်သည် (World Bank, 2016) ။

## (ခ) ပုံရိပ်တည်ဆောက်ခြင်းတွင် ပါဝင်သော အခြေခံလုပ်ငန်းစဉ်အဆင့် (၈)ဆင့်

IPA အများစုသည် ပုံရိပ်တည်ဆောက်ခြင်းမဟာဗျူဟာကို ရေးဆွဲ၊ လုပ်ဆောင်ဖူးခြင်း မရှိသဖြင့် ၎င်းကို မည်သို့ လုပ်ဆောင်ရမည်ဆိုသည်ကို သေချာစွာ မသိရှိနိုင်ပေ။ IPA တစ်ခုအတွက် ပုံရိပ်တည်ဆောက်ခြင်း မဟာဗျူဟာတစ်ခုကို ပြင်ဆင်ရာတွင် အထောက်အကူပြုရန် ရိုးရှင်းသည့် လုပ်ငန်းစဉ်အဆင့် (၈) ဆင့်အား အောက်တွင် အဆိုပြုပါသည်။

**အဆင့် ၁** -လိုအပ်သောသတင်းအချက်အလက်များရရှိစေရန်၊ IPA အတွင်းနှင့် အပြင်ရှိအကြီးတန်း တာဝန်ရှိပုဂ္ဂိုလ်များသည် ပုံရိပ်တည်ဆောက်ခြင်းလုပ်ဆောင်ရေးအတွက် သန္နိဋ္ဌာန်ရှိစေရန်၊ IPA များမှဝန်ထမ်းများသည် ပုံရိပ်တည်ဆောက်သည့် လှုပ်ရှားမှုများ၏ အစိတ်အပိုင်းအားလုံးကို တာဝန်ယူဆောင်ရွက်ရန်

လိုအပ်သော စွမ်းဆောင်ရည်ရှိစေရန် တို့ကို သေချာအောင် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်သော ပုံရိပ်တည်ဆောက်ရေး လုပ်ဆောင်မှုအတွက် ပြင်ဆင်ပါ။

**အဆင့် ၂** - လက်ရှိနှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများ၊ အများပြည်သူ၏ ထင်မြင်ချက်ကို ဩဇာလွှမ်းမိုးနိုင်သည့်ပုဂ္ဂိုလ်များနှင့် အခြားပစ်မှတ်ထားသူများအပါအဝင် ပုံရိပ်တည်ဆောက်သည့် လှုပ်ရှားမှုတွင် ပစ်မှတ်ထားမည့်သူများကို အဓိပ္ပါယ်သတ်မှတ်ပါ။

**အဆင့် ၃** -ပုံရိပ်တည်ဆောက်ခြင်း၏သတင်းစကားတွင် ပါဝင်မည့် အရာများအားရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုပါ။ ထိုသို့သော သတင်းစကားတွင် သီးသန့်ရောင်းချခြင်းဆိုင်ရာ အဆိုပြုချက် သို့မဟုတ် အချက်များ(Unique Selling Proposition or Point)(USP) ပါဝင်သင့်သည်။ ၎င်းမှာ တည်နေရာကို ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် နေရာတစ်ခုအဖြစ် ပြိုင်ဆိုင်ခြင်းအပြင် ဈေးကွက်မြှင့်တင်နိုင်မည့် နေရာအဖြစ် သတ်မှတ်မည့် လက္ခဏာများပါဝင်သော ထုတ်ပြန်ချက်ဖြစ်သည်။ USP ကို SWOT သုံးသပ်ချက်အပေါ် အခြေခံ၍ ရေးဆွဲခြင်းဖြစ်ပြီး တိကျပြီး မှန်ကန်မှုရှိသင့်သည်။ USP သည်ရင်းနှီးမြှုပ်နှံသူများအား စိတ်သဘောကျလာအောင် လုပ်ဆောင်နိုင်သင့်ပြီး တည်နေရာ၏ ပေါ်လွင်သည့် ဆွဲဆောင်မှုအပေါ် ယုံကြည်မှု ရှိလာစေရန် လုပ်သင့်ပါသည် (ကမ္ဘာ့ဘဏ်/MIGA, 2000b) ။ ထူးခြားသော USP နမူနာ အချို့အား ဇယားကွက်၇-၃တွင်ကြည့်ပါ။ အကယ်၍ တည်နေရာတစ်ခုသည် အဓိပ္ပါယ်ရှိသည့် USP တစ်ခုကို ရေးဆွဲလုပ်ဆောင်နိုင်ခြင်း မရှိပါက တန်းတူပြိုင်ဆိုင်နိုင်သည့် အားသာချက်ရှိသော အခြားတည်နေရာများ ရှိသည့်တိုင် မိမိ၏တည်နေရာတွင် ရင်းနှီးမြှုပ်နှံရန် အားသာချက်များကို ရှင်းလင်းစွာ ပြောပြနိုင်မည့် အဆင့်တစ်ခုကို ထည့်သွင်းရေးဆွဲ၊ လုပ်ဆောင်သင့်သည်။

**အဆင့် ၄** -အနုတ်လက္ခဏာဆောင်သည့် သီးသန့်ပုံရိပ်များအား ဖယ်ရှားခြင်း သို့မဟုတ် သင်၏ တည်နေရာအတွက် အသစ် သို့မဟုတ် လူသိနည်းသော အပေါင်းလက္ခဏာဆောင်သည့် သွင်ပြင်လက္ခဏာများအား သိရှိလာစေရန်လုပ်ဆောင်ခြင်း အပါအဝင် ပုံရိပ်တည်ဆောက်ခြင်း လှုပ်ရှားမှုအတွက် ရှင်းလင်းသည့် ပန်းတိုင်များနှင့် ဦးစားပေးများ ချမှတ်ပါ။ ရည်မှန်းချက် တစ်ခုချင်းစီအလိုက် ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများအား ဆန်းစစ်ပါ။ ဦးစားပေးအဆင့် နိမ့်သော ကိစ္စရပ်များအတွက် ပန်းတိုင်များ/ ရည်မှန်းချက်များကို ချန်ထားပါ သို့မဟုတ် ချန်ထားရေးအတွက် စဉ်းစားပါ။ ပန်းတိုင်/ရည်မှန်းချက် တစ်ခုစီနှင့် သက်ဆိုင်သည့် ကြားကာလ လျာထားချက်များအပါအဝင် လျာထားချက်များကို ရှင်းလင်းသည့် အချိန်ကာလ သတ်မှတ်ချက်နှင့် ချမှတ်ပါ။ ထိုလျာထားချက်များသည် စောင့်ကြည့်နိုင်ရမည်ဖြစ်ကာ အဖွဲ့ဝင်များကိုလည်း စိတ်အား ထက်သန်စေရမည်ဖြစ်သည်။

**အဆင့် ၅** - ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူများသို့ သတင်းစကားများ ပေးပို့ရေးအတွက် အဓိက မဟာဗျူဟာ လုပ်ဆောင်ချက်များကို ဖော်ထုတ်၍ ရေးဆွဲပါ။ ပုံရိပ်တည်ဆောက်ခြင်း မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်း အချို့မှာ (က) ဈေးကွက်ရှာဖွေရေးအာဘော် - USP၊ (ခ) ရင်းနှီးမြှုပ်နှံသူများထံသို့ ပစ်မှတ်ထားသည့် သတင်းစကားများနှင့် မြှင့်တင်ရေးအထောက်အကူပစ္စည်းများ၊ (ဂ) ပြည်သူ့ဆက်ဆံရေးနှင့်ဆိုင်သော ထောက်ကူပစ္စည်းများအား စဉ်ဆက်မပြတ် တိုးတက်စေ၍ အချက်အလက်အသစ်များ ထည့်သွင်းခြင်း၊ (ဃ) သတင်းစကားကို ပေးပို့နိုင်ရန် မီဒီယာ၏ ကျယ်ပြန့်မှုကိုအသုံးပြုရန်၊ (င) မီဒီယာများနှင့် အဆက်အသွယ်ထူထောင်၍ တိုးတက်အောင်လုပ်ရန်၊ (စ) ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် မီဒီယာများက

ပြည်တွင်း IPA ကို သတင်းအချက်အလက်အတွက် အကောင်းဆုံး ရင်းမြစ်အဖြစ် နေရာပေး၍ အလုပ်လုပ်ရန် (အသိအမှတ်ပြုမှုကို တည်ဆောက်ပါ)၊ (ဆ) အဖွဲ့အစည်းအတွက် ပုံမှန်ပြောရေးဆိုခွင့်ရှိသူအဖြစ် ပြည်တွင်း IPA ၏ ခေါင်းဆောင်ကို တာဝန်ပေး၍ လုပ်ကိုင်ပါ။

**အဆင့် ၆** -လှုပ်ရှားမှုမစတင်မီ ဝိရောဓိဖြစ်နေသော ကတိကဝတ်များ မရှိစေရေး သို့မဟုတ် ထပ်နေသော အစီအစဉ်များနှင့် လုပ်ဆောင်မှုများ မရှိစေရေး သေချာစေရန်နှင့် လှုပ်ရှားမှုကို အကောင်အထည်ဖော်ရာတွင် အချိန်လုံလောက်စွာရှိမှု သေချာစေရန် ပါဝင်သောလူများ၊ ဖြစ်နိုင်သော မိတ်ဖက်များနှင့် ညှိနှိုင်းပါ။ လူထုဆက်ဆံရေးကို အစီအစဉ်ရေးဆွဲရာတွင် အဓိကအမှားနှစ်ခုမှာ (က) အခြားသူများ ဘာတွေစီစဉ်ထားသည်ကို မသိရှိခြင်း၊ (ခ) သင့်၏အစီအစဉ်ကို အကောင်အထည်ဖော်ရန် လုံလောက်သော အချိန်မပေးခြင်းတို့ဖြစ်သည်။

**အဆင့် ၇** - စီမံချက်ရေးဆွဲနေသည့် အဆင့်များနှင့် အကောင်အထည်ဖော်နေသည့် ကာလတလျှောက် အဖွဲ့ဝင်များ၊ အခြားပါဝင်ပတ်သက်နေသူများနှင့် ဆက်သွယ်နေပါ။

**အဆင့် ၈** -IPA ၏ ဒါရိုက်တာဘုတ်အဖွဲ့ သို့မဟုတ်အကြံပေးဘုတ်အဖွဲ့တို့က စဉ်းစားနိုင်ရန် စီမံချက်ကို ရှင်းလင်းသော နောက်ဆုံးပြီးစီးရမည့်ရက်၊ လုပ်ငန်းတာဝန်ခွဲဝေမှုများဖြင့် ချရေးနိုင်ရန် ပြင်ဆင်ပါ။ အသေးစိတ် ပရောဂျက်အစီအစဉ်သည် ရည်ရွယ်ချက်များ၊ အရင်းအမြစ်လိုအပ်ချက်များ၊ အချိန်ဇယားနှင့် သမိုင်းမှတ်တိုင်များကိုဆက်သွယ်ပြောကြားရာတွင် အထောက်အကူဖြစ်သည်။ ထိုသို့သော စီမံချက်တစ်ခုသည် -

- အချိန်ကာလနှင့် ဘတ်ဂျက်ခန့်မှန်းမှုများသည်လက်တွေ့ကျမှုရှိစေရေး သေချာစေသင့်သည်၊
- စီမံချက်ရေးဆွဲရာတွင်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် လိုအပ်သော သွင်းအားစုနှင့် အရင်း အမြစ်များရရှိမှု၊ အချိန်ကိုက်ဖြစ်မှုတို့ကို စစ်ဆေးခြင်း ပါဝင်စေရေး သေချာစေသင့် သည်။
- အရေးပါသည့် အောင်မြင်မှုအချက်များအား ဖော်ထုတ်သင်သည်။
- အောင်မြင်မှုကိုအတားအဆီးဖြစ်နိုင်ဖွယ်များကို ဖော်ထုတ်သင့်သည် - ကျွမ်းကျင်မှု မရရှိနိုင်ခြင်း၊ သတင်းအချက်အလက်များ မရရှိနိုင်ခြင်း၊ လက်ရှိအလုပ်ပမာဏများခြင်း။

အရင်းအမြစ်များကို အာမခံသည့်အခါတွင် လိုအပ်ချက်များကို သေချာစွာ ခန့်မှန်းသင့်သည်။ ဥပမာ အားဖြင့်-

- လူဘယ်နှစ်ယောက်လိုအပ်သနည်း- တစ်ဦးချင်းစီအနေဖြင့်ဘာလုပ်ကြမည်နည်း။
- ကျွမ်းကျင်မှုအမျိုးအစားနှင့် မည်သည့်အခြေအနေတွင်အဆိုပါကျွမ်းကျင်မှုလိုအပ်သနည်း။
- လုပ်ဆောင်မှုတစ်ခုစီအတွက် ဘယ်လိုပံ့ပိုးမှုများ၊ ထောက်ကူပစ္စည်းများ အစရှိသဖြင့် လိုအပ်သနည်း။
- မည်သည့် အိုင်တီနည်းပညာ အထောက်အပံ့ လိုအပ်သနည်း။
- မည်သည့် စုစုပေါင်း ကုန်ကျစရိတ်ရှိသနည်း - ခန့်မှန်းချက်များသည် ကျိုးကြောင်း ဆီလျော်နိုင်သလား။
- အကယ်၍ ပြင်ပ အရင်းအမြစ်များ လိုအပ်ပါက ဝယ်ယူနိုင်သလား သို့မဟုတ် ကန်ထရိုက်ပေးနိုင်သလား။

**ဇယားကွက် ၇-၃ ပုံရိပ်တည်ဆောက်ရန် ရည်ရွယ်ချက်များအတွက် သီးသန့်ရောင်းချခြင်းဆိုင်ရာ အဆိုပြုချက်များနှင့် အချက်များ(Unique Selling Proposition or Point)(USP)နမူနာများ**

USP ကောင်းတစ်ခုသည် သက်မှတ်ထားသည့် တည်နေရာ သို့မဟုတ် ဝန်ဆောင်မှုတစ်ခုက မည်သို့ရှိသည်ကို ဖော်ပြချက်ဖြစ်သည်-

- ပြဿနာကိုဖြေရှင်းခြင်း။
- လက်ရှိအခြေအနေကိုတိုးတက်စေခြင်း။
- အကျိုးအမြတ်ကိုပေးအပ်ခြင်း။
- အခြားတည်နေရာများထက် သာလွန်ကောင်းမွန်နေခြင်း။

ကောင်းမွန်သည့် USP များမှာ ရှားပါသည်။ မည်သည့်တည်နေရာတစ်ခုကမျှ သီးသန့်အခြေအနေမျိုးရှိ မနေဘဲ အချို့သော IPA များသည် မှတ်မိလွယ်သော ယေဘုယျစကားရပ်များကိုအသုံးပြုကြပြီး၊ အဘယ်ကြောင့် တည်နေရာ တစ်ခုသည် သူများနှင့်မတူ၊ သီးသန့်အခြေအနေရှိနေရသည်ကို ရှင်းပြခဲ့လှသည်။ ၁၉၈ဝ ခုနှစ်များ အလယ် ခန့်က အိုင်ယာလန်နိုင်ငံသည် ဆော့ဖ်ဝဲရေးဆွဲရေးလုပ်ငန်း၌ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန် အတွက် လုပ်ငန်းတူစုဖွဲ့ မှုအစီအစဉ်တစ်ခုကို ရေးဆွဲခဲ့သည်။ ၎င်း၏IPA ဖြစ်သောIrish Development Authority သည် "Young Europeans – hire them before they hire you." (ဥရောပသား လူငယ်များကို သူများမငှားမီ ကိုယ်က ဦးအောင် ငှားလိုက်ပါ) ဟူသော စာသားကိုသုံး၍ အစီအစဉ်ကို အထောက်အကူဖြစ်ရန် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်သည့် အသိပညာပေးလှုပ်ရှားမှုတစ်ခုကို လုပ်ဆောင် ခဲ့သည် (World Bank/MIGA, 2000b) ။

မက်ဒရစ်မြို့တွင် ဝက်ဘ်ဆိုဒ်တစ်ခုရှိကာ ထိုဝက်ဘ်ဆိုဒ်တွင် ၎င်း၏ USP ကို တင်ဆက်ထားရာ မြို့ တော်၏ အားသာချက်များနှင့် ဆွဲဆောင်မှုများအား ရှည်လျားစွာခြုံငုံဖော်ပြထားသည် (http://www.investinmadrid.com/index.php/business-location-madrid/unique-selling-proposition/112-unique-selling-proposition)။ သို့သော် ထိုသို့သော ခြုံငုံဖော်ပြမှုသည် အရေးကြီးပြီး SWOT ဆန်းစစ်မှု၏ အစိတ်အပိုင်း ဖြစ်သော်လည်း ၎င်းမှာ USP မဟုတ်ပါ။ USP တစ်ခုသည် ရင်းနှီးမြှုပ်နှံမှုမည့် တည်နေရာအကြောင်းကို သူများနှင့် မတူ ထူးခြားမှုကို ဈေးကွက်ရှာဖွေရေးကို အကျဉ်းပြောပြသည့်ဆောင်ပုဒ်ဖြစ်သင့်သည်။

မက်ဆီဒိုးနီးယားနိုင်ငံ၏ IPA ဖြစ်သော Agency for Foreign Investments and Export Promotionတွင် ရိုးရှင်းသော USP တစ်ခုရှိသော်လည်း သီးသန့်ထူးခြားမှုရှိသည်ကို မထင်ဟပ်နိုင်ပေ။ အနည်းဆုံးအားဖြင့်တော့ စရိတ်သက်သာသော ရင်းနှီးမြှုပ်နှံမှု တည်နေရာအဖြစ် နိုင်ငံ၏ ဈေးကွက်အရ အားသာချက်ကို ချက်ခြင်း ထင်ဟပ် ပြသနိုင်ခဲ့သည်။ "Need to cut costs? Invest in Macedonia?"(ကုန်ကျစရိတ်လျှော့ချလိုသလား၊ မက်ဆီဒိုးနီးယားနိုင်ငံမှာရင်းနှီးမြှုပ်နှံပါ) ဆိုသည့် စာသားကိုသုံးခဲ့သည် (http://www.investinmacedonia.com)။

မလေးရှားနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် မဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာ ခရီးသွား ဧည့်သည်များကို ဆွဲဆောင်ရန် ရည်ရွယ်၍ ကမ္ဘာအနှံ့ကိုဈေးကွက်မြင့်တင်သော လှုပ်ရှားမှု စတင်ခဲ့ရာ ၁၉၉၉ ခုနှစ်တွင် "Malaysia, Truly Asia" (စစ်မှန်တဲ့အာရှကိုကြည့်လိုလျှင် မလေးရှားကိုလာပါ) ဟူသော စာသားကို အသုံးပြုခဲ့သည်။ ထိုလှုပ်ရှားမှုသည် အကြီးအကျယ်အောင်မြင်ပြီး နိုင်ငံခြားခရီးသွား ၇.၄ သန်း

ကျော် လာရောက်ခဲ့သည်။ အဆိုပါ ဆောင်ပုဒ်သည် နှားစွဲလွယ်ရုံသာမက နိုင်ငံအတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသား လူမျိုးများကို စစ်မှန်စွာထင်ဟပ်ပြနိုင်ခဲ့သည်။

Malaysian Investment Development Authority (MIDA)တွင်USP ရှိပြီး "Invest in Malaysia: Your Profit Centre in Asia." (မလေးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံပါ၊ အာရှမှ သင့်အတွက် အမြတ်ရရှိမည့် ဗဟိုဌာန) ဟူသောစာသားကအသုံးပြုထားသည် (http://www.investsrilanka.com)။ ထို USP သည် ကောင်းမွန်သော နမူနာဖြစ်ရာ တိုင်းပြည်သည် အကောင်းဆုံးအမြတ်ရရှိမည့် ဗဟိုဌာနဖြစ်သည်ကို ရှင်းမပြဘဲ ရင်းနှီးမြှုပ်နှံသူများအား အမြတ်ရနိုင်သည့် အခွင့်အလမ်းအလားအလာကို သတင်းပေးနိုင်ခြင်းကြောင့် ဖြစ်သည်။ ဤနေရာတွင် ထိုသို့သတင်းပေးမှုမှာ အနည်းဆုံးအားဖြင့် စစ်မှန်ရမည်ဖြစ်ကာ အလွန် ရည်မှန်းချက်ကြီးလွန်းခြင်း မဖြစ်သင့်ပေ။

သီရိလင်္ကာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် "Sri Lanka: the Wonder of Asia." (သီရိလင်္ကာ - အာရှ၏အံ့ဘနန်း) ဟူသော ဆောင်ပုဒ်ကို အသုံးပြုခဲ့သည် (http://www.investsrilanka.com)။ ၎င်းသည် ကောင်းမွန်သော ဆောင်ပုဒ်တစ်ခုဖြစ်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံရမည့် တည်နေရာတစ်ခုအဖြစ် အပြိုင်အဆိုင်ကြားတွင် သီရိလင်္ကာ၏ သီးသန့် ထူးခြားသော အားသာချက်ကိုမပြသနိုင်ပဲ ခရီးသွားမည့် သူများကိုသာ အာသီသပိုရှိစေပါသည်။ အဘယ်ကြောင့်ဆိုသော် အံ့ဘနန်းဆိုသည်မှာ ဘာလဲဆိုသည်ကို ရင်းနှီးမြှုပ်နှံသူများက သိကောင်းသိချင်ပေလိမ့်မည်။

ဩစတြီးယားနိုင်ငံ IPA(ABA) ၏ဝက်ဘ်ဆိုဒ်သည် "Austria: where your profits grow sky high." (ဩစတြီးယားသည် သင့်အမြတ်အစွန်းကို မိုးသို့ မြင့်စေမည်) ဟူသောဆောင်ပုဒ်ကို အသုံးပြုထားသည်။ ဆောင်ပုဒ် အနေဖြင့် ဆွဲဆောင်မှုရှိသော်လည်း USP သည် အခြားနေရာများတွင်မဟုတ်ဘဲ ဘာကြောင့် ဩစတြီးယား တွင်မှ အမြတ်က မိုးသို့မြင့်ရသည်ကို ရင်းနှီးမြှုပ်နှံသူများအား အမှန်တကယ် သတင်း အချက်အလက်များ မပေးနိုင်ခဲ့ပေ။ ကောင်းမွန်သည့် USP တစ်ခုဆိုလျှင် သာမန်မြင်တွေ့နေကျ ဆောင်ပုဒ်မျိုးကို မသုံးဘဲ ဘာကြောင့်အမြတ်က မြင့်မားရသည်ကို ရှင်းပြမည် ဖြစ်သည် (http://investinaustria.at/en)။

ဇစ်မြစ် - အထက်တွင်စာသားထဲမှာဖော်ပြခဲ့သောဝက်ဘ်ဆိုဒ်များ။

## (ဂ)ပုံရိပ်တည်ဆောက်ခြင်းနည်းလမ်းများ(tools)

ပုံရိပ်တည်ဆောက်ခြင်း နည်းလမ်းများသည် အခြေခံအားဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ပစ်မှတ်ထားခြင်းများ အတွက်လည်း အသုံးပြုသည့် သတင်းအချက်အလက် နည်းလမ်းများ (information tools) ဖြစ်သည်။ ၎င်းတို့တွင် အောက်ပါတို့ပါဝင်သည်-

- **သတင်းထုတ်ပြန်ခြင်းများ** - အထူးကဏ္ဍများနှင့် ဆောင်းပါးများ။ ထိုသို့သောသတင်း ထုတ်ပြန်ခြင်းများနှင့် ဆောင်းပါးများသည် နာမည်ကြီးသတင်းစာများနှင့် သင့်လျော်သော စီးပွားရေး ဂျာနယ်များတွင်သာ ပါလိမ့်မည်ဟု အမြဲတမ်းအာမခံနိုင်ခြင်း မရှိဘဲ IPA ကလည်း အယ်ဒီတာ များအပေါ် အနည်းငယ်သာဩဇာရှိနိုင်သည်။ ထို့အပြင်ထိုသို့သောထုတ်ပြန်ချက်ကိုထိရောက်မှုရှိစေရန် တသမတ်တည်းရှိသော သတင်းစကားပါဝင်သည့် ဆောင်းပါးမျိုးကို ထပ်တလဲလဲ ထည့်သွင်းရန် ဖြစ်သည်။

- **မိတ်ဆက်လက်ကမ်းစာစောင်များ**။ ကောင်းမွန်စွာရေးဆွဲထားသည့်ဒီဇိုင်း၊ ညွှန်ပြလိုသည့် သတင်းအချက်အလက် အကျဉ်းချုပ်၊ တိကျမှုနှင့် မှန်ကန်မှုရှိခြင်းတို့ ရှိရမည့်အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် မျှော်လင့်နိုင်သော ဝန်ဆောင်မှုအကျဉ်းချုပ်တို့ ပါဝင်သင့်သည်။ လက်ကမ်း စာစောင်သည် ရင်းနှီးမြှုပ်နှံသူက အဆိုပါတည်နေရာတွင် ဘာကြောင့် ရင်းနှီးမြှုပ်နှံသင့်သလဲ ဆိုသည့်မေးခွန်းကို ယုံကြည်လာအောင် ပြန်လည်ဖြေဆိုထားခြင်း ဖြစ်သင့်သည်။

- **အချက်အလက်များဖော်ပြထားသောစာရွက်** (fact sheet)။ ယေဘုယျစီးပွားရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ကုန်သွယ်ရေးစာရင်းဇယားများ၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ညွှန်ကိန်းများ၊ မက်လုံးများ၊ အလုပ်သမားများနှင့် ကျွမ်းကျင်မှုများရရှိနိုင်မှု၊ အခြေခံကျသော ဥပဒေများနှင့် နည်းဥပဒေများ၊ အခွန်များ၊ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်းအတွက် ကုန်ကျစရိတ်များ၊ ဘဝ၏အရည်အသွေး၊ IPA များက ဖြည့်ဆည်းပေးမည့် အခန်းကဏ္ဍနှင့် ဝန်ဆောင်မှုများ အပါအဝင် ရင်းနှီးမြှုပ်နှံသူများနှင့် သက်ဆိုင်သော အချက်အလက်အကျဉ်းနှင့် ရိုးရှင်းသောစာရင်း။ လက်ရှိရင်းနှီးမြှုပ်နှံသူများ၏ ထောက်ခံချက်များကိုလည်း ထည့်သွင်းနိုင်ပါသည်။

- **ဝက်ဘ်ဆိုက်နှင့်ဆိုရှယ်မီဒီယာ**။လက်ကမ်းစာစောင်များနှင့် အချက်အလက် ဖော်ပြထားသောစာရွက်များကို IPA ၏ဝက်ဘ်ဆိုဒ်နှင့် Linkedln နှင့် Facebook ကဲ့သို့သော ဆိုရှယ်မီဒီယာများတွင် ဖော်ပြနိုင်သည် (ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် ဝက်ဘ်ဆိုဒ်နှင့် ဆိုရှယ်မီဒီယာတို့၏ အခန်းကဏ္ဍကို အောက်တွင် ကြည့်ရှုနိုင်သည်) ။

- **ဈေးကွက်မြှင့်တင်ရေးဗီဒီယို**။ ဈေးကြီးပြီး ခဏတာအတွင်း ခေတ်ကုန်သွားနိုင်သည်။ ဗီဒီယိုသည် လိုချင်သောအချက်ကို ထိပြီး ဦးတည်ချက်ပါဝင်ကာ အကျဉ်းချုပ်ဖြစ်သင့်သည်။ ကြည့်ချင်အောင် စိတ်ဝင်စားမှု ရှိသင့်ကာ တိုင်းပြည်က မည်မျှအံ့သြဘွယ်ကောင်းကြောင်း နိုင်ငံရေးသမားများ၏ ရှည်လျားသော ဖော်ပြချက်များ မပါသင့်ပေ (ဇယားကွက်၇-၄) ။

- **ကြော်ငြာလှုပ်ရှားမှုများ**။ ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံများမှသည် ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံသူများအထိ ကြော်ငြာနိုင်သော်လည်း ထိုသို့လုပ်ဆောင်ရန်မှာ တန်ဖိုးကြီးနိုင်သည်။ အဆိုပါလှုပ်ရှားမှုများကို သက်ဆိုင်သည့် ဂျာနယ်များနှင့် သတင်းစာများတွင် ထည့်သွင်းနိုင်ပြီး အဓိကရုပ်မြင်သံကြားလိုင်းများတွင် ကြော်ငြာပုံစံထည့်သွင်းနိုင်သည်။ တခါတရံ ကြော်ငြာ လုပ်ဆောင်မှုများသည် လူအများ၏ အသိအမှတ်ပြုမှု မရှိတတ်သောကြောင့် နိုင်ငံတကာတွင် နာမည်ရပြီးသော ရင်းနှီးမြှုပ်နှံသူများ၏ ထောက်ခံချက်များ ပါဝင်သင့်သည်။ အကယ်၍ IPA ၏ ဘတ်ဂျက်ခွင့်ပြုပါက အထက်က ဆိုခဲ့သော ရည်ရွယ်ချက်အတွက် ကြော်ငြာကို အထူးပြုလုပ်ဆောင်သော/ အများပြည်သူနှင့် ဆက်သွယ်ရေးလုပ်သည့် ကုမ္ပဏီများကို အသုံးပြုနိုင်သည်။

- **ရုပ်မြင်သံကြားတွင်ကြော်ငြာရှည်များထည့်သွင်းခြင်း**။ ထိုသို့သောလုပ်ဆောင်မှုများသည် ထပ်ခါထပ်ခါ ပြသနိုင်မှ ထိရောက်မှုရှိနိုင်ပါသည်။ သို့သော်လည်း ၎င်းတို့ကို ရိုက်ကူးထည့်သွင်း ရခြင်းမှာ ငွေကုန်ကြေးကျများလှသည်။ ထိုအခါမျိုးတွင် ကြော်ငြာတွင်ပါဝင်သည့် အရာများအတွက် IPA က လုံးဝထိန်းချုပ်နိုင်ရမည် ဖြစ်သည်။

- **ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သည့် ညီလာခံများ၊ ပြပွဲများ၊ ဆွေးနွေးပွဲများနှင့် ခရီးလှည့်လည်၍ ပြပွဲများ ကျင်းပခြင်း။** ၎င်းတို့မှာ ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံသူများအတွက် ရည်ရွယ်ပါသည်။ ထိုသို့ လုပ်ဆောင်ရန် ရင်းနှီးမြှုပ်နှံရမည့် တည်နေရာအတွက် သံတမန်အဖြစ်လုပ်ပေးမည့် နာမည်ရ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အရည်အချင်းမြင့်သည့် ဟောပြောမည့် ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်သင့် ပါသည်။ ထိုပွဲများကို စာနယ်ဇင်းများ၌ ဖော်ပြစေရေးကို သေချာအောင်လုပ်ဆောင်မှုကလည်း အရေးကြီးသည်။ ပြပွဲကြီးများကို သီးသန့်လုပ်ငန်းကဏ္ဍ တိုးတက်လာမှ သို့မဟုတ် ပုံရိပ်တည် ဆောက်ခြင်း လှုပ်ရှားမှု စတင်ပြီးမှသာ လုပ်ဆောင်သင့်ပြီး ပုံရိပ်တည်ဆောက်ခြင်း နည်းလမ်းထက် စာလျှင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနည်းလမ်းသာ ဖြစ်သင့်သည်။

**ဇယားကွက် ၇-၄ ကောင်းမွန်သည့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဗီဒီယိုတစ်ခုအတွက် အဓိကလိုအပ်ချက်များ**

(၁) တိုတိုတုတ်တုတ် တင်ဆက်ပါ။ လေးမိနစ် သို့မဟုတ် ငါးမိနစ်ခန့်သာ အရှည်ဆုံးဖြစ်သင့်သည်။

(၂) ဦးတည်ချက်မပျောက်ပါစေနှင့်။ ကြည့်ရှုသူများကို သူတို့ဘာကြောင့် သင်၏တည်နေရာတွင် ရင်းနှီးမြှုပ်နှံ သင့်သလဲ ဆိုသည့်အချက်ကို တသမတ်တည်းပြောပါ။

(၃) ဇာတ်ကားတွင် CD-ROM နှင့် IPA ၏ဝက်ဘ်ဆိုဒ်တွင် အကျဉ်း ဗီဒီယိုကားတိုအဖြစ် အသုံးပြုနိုင်မည့် တိတ် (tape) ပါဝင်သင့်သည်။

(၄) ပြည်တွင်းရိုက်ကူးသူများကို အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်လျှော့ချပါ။

(၅) ၁၈လ မှ ၂နှစ်ခန့် အထိ ပြသနိုင်မည့် ဗီဒီယိုတစ်ကားကို ကြိုးစားဖန်တီးပါ။ ဥပမာ-ထင်ရှားသော နိုင်ငံရေး သမားများအကြောင်း ဗီဒီယိုတွင်ထည့်သွင်းအသုံးပြုခြင်းသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်စေသည့် ရှုဒေါင့်မှ ကြည့်ပါက အသုံးဝင်သော်လည်း ဝန်ကြီးအပြောင်းအလဲဖြစ်သွားပါက သူ့အကြောင်းပါသည့် ထိုဗီဒီယို သည် သုံး၍ မရတော့ပေ။

(၆) အချိန်တိုအတွင်း ကြည့်ရှုသူများက မှတ်သားနိုင်မည့် သတင်းအချက်အလက် များများပါဝင်မည့် ဂရပ်ဖစ် များနှင့် ပုံအောက်တွင် ဖော်ပြသောစာများကို ကျယ်ကျယ်ပြန့်ပြန့်သုံးပါ။

(၇) သင်သည် အစီအစဉ်စတင်ရေးဆွဲစဉ်ကပင် ဗီဒီယိုတစ်ကားကို ပင်ဘာသာစကားအမျိုးမျိုးဖြင့် ထုတ်လုပ် ရန် စီစဉ်ပါ။

(၈) သင်၏ဆက်သွယ်ရေးမဟာဗျူဟာကို ရေးဆွဲစဉ်က သတ်မှတ်ထားသည့် ဈေးကွက်ရှာဖွေရေး သတင်း စကားများနှင့် အဓိကအကြောင်းအရာများအား ထင်ဟပ်စေသည့် ဗီဒီယိုကိုထုတ်လုပ်ပါ။

ဇစ်မြစ်။ ကမ္ဘာ့ဘဏ်/MIGA (2000b) ။

အခြားနည်းလမ်းများမှာ သတင်းလွှာများနှင့် လုပ်ငန်းကဏ္ဍအလိုက်လေ့လာမှုများဖြစ်ပြီး ၎င်းတို့သည် အလုပ် ဖြစ်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနည်းလမ်းများ (tools) အဖြစ် ပို၍အသုံးဝင်ပါသည်။ ထိုနည်းလမ်းများမှ အချို့၊ အထူးသဖြင့် ဝက်ဘ်ဆိုဒ်အကြောင်းကို ရှေ့လာမည့်အခန်းတွင် အသေးစိတ် သုံးသပ်ပါမည်။

IPA များသည်ရင်းနှီးမြှုပ်နှံသူများက မရှိလျှင်အလုပ်လုပ်၍ မရသော သတင်းအချက်အလက်များ ပါဝင်သည့် ရင်းနှီးမြှုပ်နှံသူများအတွက် အခြေခံသတင်းအချက်အလက်စုစည်းထားသော မှတ်စု (investor package) ကို ပြင်ဆင်ရန် လိုအပ်သည်။

၎င်းတွင် အနည်းဆုံးအောက်ပါတို့ ပါဝင်သင့်သည် -

- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး "လက်ကမ်းစာစောင်"နှင့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် လမ်းညွှန်။
- အချက်အလက်များဖော်ပြထားသောစာရွက် (fact sheet)။
- သင်၏ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရမည့် တည်နေရာနှင့်ပတ်သက်သည့် USP (ထိုနေရာတွင် ရင်းနှီးမြှုပ်နှံရန် မြှုပ်နှံမည့်သူများအား ယုံကြည်အောင် ပြောပြနိုင်ရန်) ။
- ရင်းနှီးမြှုပ်နှံမှု "အခွင့်အလမ်းများ အကြောင်းဖော်ပြချက်"
- စီးပွားရေး လုပ်ငန်းလုပ်ဆောင်ခြင်းအတွက် ကုန်ကျစရိတ်။
- နောက်ဆုံးထုတ် သတင်းလွှာ (ရှိပါက)။
- အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များ။

ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအကြောင်းဖော်ပြချက်တွင် အလားအလာရှိသည့် စီးပွားရေး မိတ်ဖက် များနှင့် ရရှိနိုင်သည့် အထောက်အကူများအပါအဝင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် ခွင့်ပြုထားသည့် လုပ်ငန်းကဏ္ဍအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများ၏ သွင်ပြင်လက္ခဏာများ ပါဝင်သင့်သည်။ ၎င်းတွင် တည်နေရာနှင့် လုပ်ငန်းကဏ္ဍနှစ်ခုလုံး၏အဓိကကျသော အချက်အလက်များနှင့် ကိန်းဂဏန်းများပါဝင်သည့် အချက်အလက်များဖော်ပြထားသော စာရွက် (fact sheet) တွဲလျက် ပါသင့်သည်။

# (ဂ) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် တည်နေရာနှင့် လုပ်ငန်းတည်မည့်နေရာများ (Locations and Sites)အား ဈေးကွက်မြှင့်တင်ခြင်း

## ၁။ရင်းနှီးမြှုပ်နှံသူများ စုဖွဲ့ ၍လုပ်ငန်းတည်မည့်နေရာ ရွေးချယ်ခြင်းလုပ်ငန်းစဉ်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏အခြေခံအကျဆုံးသွင်ပြင်လက္ခဏာမှာ ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူ တစ်ဦးအား နိုင်ငံတစ်ခုလုံးအနေဖြင့်ဖြစ်စေ၊ မြို့တစ်မြို့ဖြစ်စေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် အခြားတည်နေရာတစ်ခုတွင်ဖြစ်စေ၊ သတ်သတ်မှတ်မှတ် တည်နေရာတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် ယုံကြည်မှုရှိလာအောင် လုပ်ဆောင်ရခြင်းဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အကျယ် ဖွင့်ဆိုရပါက သတ်မှတ်ထားသော တည်နေရာတစ်ခုကို ထိုနေရာ၌ ရင်းနှီးမြှုပ်နှံရန် အရောင်းမြှင့်တင် ရေးလုပ်နေသည်နှင့် အတူတူပင် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ပုံရိပ်တည်ဆောက်ခြင်းနှင့် စတင်ရသည်။ ပုံရိပ်တည်ဆောက်ခြင်း ဆိုသည် တည်နေရာတစ်ခုအား အပေါင်းလက္ခဏာဆောင်သော ပုံရိပ်များ တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။ အဓိပ္ပါယ်ရှိသော ပုံရိပ်တည်ဆောက်ခြင်းနှင့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာကို ရေးဆွဲရန် IPA များသည်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်သည့် တည်နေရာအား အခြားနိုင်ငံများမှ အခြားတည်နေရာများနှင့် ယှဉ်ပြိုင်ရာတွင် မိမိတို့၏ လက်ရှိ အဆင့်ကို လက်တွေ့ကျကျသဘောပေါက်မှုရှိရန် လိုအပ်သည်။ငင်းတွင် ခိုင်မာသောတည်နေရာ၏ တန်ဖိုးအပေါ်အဆိုပြုမှု(location value proposition) (LVP) တစ်ခုအဖြစ် ရလဒ်ထွက်လာ စေသင့်သည့် ပြည့်စုံသည့် အခြေခံစံနှုန်းသတ်မှတ်မှုများပါဝင်သည်။ အဓိပ္ပါယ်ရှိသော စံနှုန်း သတ်မှတ် ခြင်းနှင့် LVP တိုးတက်ထွက်ပေါ်လာစေရန် IPA များသည်ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံရန် အတွက် လုပ်ငန်းတည်မည့်နေရာကို ရွေးချယ်ရာတွင် အသုံးပြုသည့် အချက်များနှင့် ထည့်သွင်း စဉ်းစားသည့် အရာများအား သိထားရန် လိုအပ်ပါသည် (ပုံ ၇-၄)။ တနည်းဆိုရလျှင် ရင်းနှီးမြှုပ်နှံသူများ၏လိုအပ်ချက်များ၊ လုပ်ငန်းတည်ရန်နေရာတွင် ဘာတွေရှာဖွေသလဲ ဆိုသည်တို့ကို သိရှိခြင်းသည် ဆွဲဆောင်မှုရှိသည့် LPV တစ်ခုအဖြစ် တင်ဆက်နိုင်ရန် အခြေခံကျသောကိစ္စဖြစ်သည်။ ထိုသို့သော LPV သည် မိမိတို့ အရောင်းမြှင့်တင်နေသော တည်နေရာ/လုပ်ငန်းတည်ရန် နေရာမှာ အကောင်းဆုံး ရွေးချယ်စရာတစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံသူများကို ယုံကြည်လာအောင် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံသူများ စုဖွဲ့ထားသောအဖွဲ့ (သို့မဟုတ် တည်နေရာအတွက် ပရော်ဖက်ရှင်နယ် အကြံပေးများနှင့် လုပ်ငန်းတည်မည့်နေရာရွေးချယ်ရေး အတိုင်ပင်ခံအဖွဲ့များ) သည် တည်နေရာများ၏ ပြိုင်ဆိုင်မှုကို တန်ဖိုးဖြတ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အမြတ်ပြန်လည်ရရှိနိုင်မှုကို တွက်ချက်ရန် မော်ဒယ်ပုံစံများကို အသုံးပြုကြသည်။ ပို၍ တိတိကျကျဆိုရပါက ပုံ ၇-၅ တွင် ပြထားသည့်အတိုင်း မြင်တွေ့နေကျ ရင်းနှီးမြှုပ်နှံသူများ စုဖွဲ့ထားသောအဖွဲ့၏ တည်နေရာရွေးချယ်ရေးလုပ်ငန်းစဉ်အား အဆင့် ၅ ဆင့် အဖြစ် ဖော်ထုတ်နိုင်သည်။ ထိုအဆင့် ၅ ဆင့်အား IPA များကလည်း ၎င်းတို့၏ ကိုယ်ပိုင်စံနှုန်း ဖော်ဆောင်ခြင်းနှင့် ရင်းနှီး

မြှုပ်နှံသူများ၏လိုအပ်ချက်များကို ခန့်မှန်းရာတွင် ရင်းနှီးမြှုပ်နှံသူများ စုဖွဲ့ထားသောအဖွဲ့၏ တည်နေရာ ရွေးချယ်မှုမှ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်ကို မြင်ယောင်ကြည့် နိုင်ရေးအတွက် အသုံးပြု နိုင်သည်။

## ပုံ ၇-၄ ရင်းနှီးမြှုပ်နှံသူ၏ လုပ်ငန်းတည်မည့်နေရာ ရွေးချယ်ရေးလုပ်ငန်းစဉ်




*မှတ်ချက်။ ရင်းနှီးမြှုပ်နှံသူများသည် နောက်ပိုင်းတွင် လုပ်ငန်းတည်မည့်နေရာ ရွေးချယ်ရေးလုပ်ငန်းစဉ်ကို တည်နေရာ အတွက် ပရော်ဖက်ရှင်နယ် အကြံပေးများနှင့်လုပ်ငန်းတည်မည့် နေရာရွေးချယ်ရေး အတိုင်ပင်ခံအဖွဲ့များသို့ အပ်နှံလာ လျက် ရှိသည်။

ဇစ်မြစ်-World Bank Group/MIGA(2006); figure 1.

## ပုံ ၇-၅ ရင်းနှီးမြှုပ်နှံသူ၏ တည်နေရာအတွက် ဆုံးဖြတ်ချက်ချမှတ်သည့်မူဘောင်




ဇစ်မြစ်-Investment Consulting Associates.

- **မဟာဗျူဟာဆန်းစစ်ချက်** ။ ကနဦးအဆင့်တွင် မည်သည့်နေရာတွင် မည်သို့ရင်းနှီးမြှုပ်နှံမည်၊ မည်သို့သော လုပ်ငန်းဆောင်တာများက ရင်းနှီးမြှုပ်နှံမှုနယ်ပယ်အတိုင်းအတာ၏ အစိတ်အပိုင်းဖြစ်မလဲ ကဲ့သို့သော အရေးကြီး သည့် မေးခွန်းများကို အဖြေရှာသည်။ ရင်းနှီးမြှုပ်နှံသူများ စုဖွဲ့ထားသောအဖွဲ့၏ ရည်ရွယ်ချက်များက ဘာတွေလဲ (ဆိုလိုသည်မှာ ဈေးကွက်ရှာဖွေခြင်း သို့မဟုတ် စွမ်းဆောင်နိုင်မှုကို ရှာဖွေခြင်း)။ စီးပွားရေး အဖွဲ့အစည်းသစ်သည် ဘယ်အချိန်မှာ လုပ်ငန်းစတင် လုပ်ဆောင်သင့်သနည်း။ တည်နေရာနှင့် ပတ်သက်သော အရေးအကြီးဆုံးအချက်တွေက ဘာတွေလဲ၊ ၎င်းတို့ကို ဘယ်လိုဦးစားပေး သင့်သလဲ။ ကုမ္ပဏီများ သည် ရင်းနှီးမြှုပ်နှံမည့် တည်နေရာအပေါ် မဟာဗျူဟာ ဆန်းစစ်ချက်ကို ပြုလုပ်ရာတွင် ကုန်ကျစရိတ်၊ လုပ်သားအင်အား ရရှိနိုင်မှု၊ စီးပွားရေး လုပ်ဆောင်ရာတွင် လွယ်ကူမှု၊ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားပေါ်မူတည်၍ အခြေခံအဆောက်အအုံနှင့် အခြားဆုံးဖြတ်ရာတွင် ပါဝင်သည့် အချက်များအပေါ်စဉ်းစားမှုများအား အခြေခံ၍ လုပ်ဆောင်သည် (အခန်း ၁) ။ တခါတရံ တည်နေရာ တစ်ခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ရှိနေနှင့်ပြီးဖြစ်ခြင်း သည်လည်း ဆုံးဖြတ်ရာတွင် ထည့် သွင်း စဉ်းစားသော အရေးကြီးသည့်အချက်ဖြစ်သည် (Mukim နှင့် Nunnenkamp, 2010) ။

- **တည်နေရာကို စစ်ထုတ်ခြင်း၊ မော်ဒယ်ပုံစံအသုံးပြုခြင်းနှင့် စံနှုန်းများသတ်မှတ်ခြင်း**။ ဒုတိယ အဆင့်တွင် တည်နေရာနှင့် ပတ်သက်ပြီး သီးသန့်အချက်အလက်အားလုံးကို ရှိပြီးသားစာရွက် စာတမ်းများအပေါ် အခြေခံ၍ လုပ်ဆောင်သော သုတေသန၊ အလုပ်အကိုင်ရှာဖွေပေးသူများ၊ ပွဲစားများ၊ တက္ကသိုလ်များနှင့် အခြားဝန်ဆောင်မှုပေးသူများထံ တက်ကြွစွာ အရောက်သွားခြင်းဖြင့်နည်းများဖြင့် ကောက်ယူပါသည်။

တည်နေရာအားလုံးကို မတူသော စံနှုန်းသတ်မှတ်သည့် နည်းစနစ်များကို အသုံးပြု၍ တန်ဖိုးဖြတ်ခြင်း၊ စံနှုန်းသတ်မှတ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်းများကို လုပ်ဆောင်ရသည်။ ဤအဆင့်တွင် သုတေသနကို ပုံမှန်အားဖြင့် နိုင်ငံအဆင့်မှ စတင်ရသော်လည်း မကြာမီတွင်ပင် နိုင်ငံသို့မဟုတ် မြို့ကြီးတစ်ခုအတွင်းရှိ ဒေသတစ်ခုအပေါ် အာရုံပြု လုပ်ဆောင်ရ ပါသည်။

- **ကုန်ကျစရိတ်နှိုင်းယှဉ်ခြင်း**။ တတိယအဆင့်တွင် ပြည့်စုံသော ဘဏ္ဍာငွေဆိုင်ရာအသုံးစရိတ် မော်ဒယ်ပုံစံတစ်ခုသည် သီးသန့် တည်နေရာတစ်ခုနှင့် သက်ဆိုင်သည့် လက်တွေ့လုပ်ငန်း လုပ်ဆောင်သော စရိတ်နှင့် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များကို စစ်ဆေးဖော်ထုတ်ပေးသည်။ ဘဏ္ဍာငွေဆိုင်ရာ အသုံးစရိတ် မော်ဒယ်ပုံစံတစ်ခုသည် ဆယ်နှစ်အတွက် အသားတင် လက်ရှိ တန်ဖိုးတွက်သည့် နည်းစနစ် (ten-year net present value technique) ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုအပေါ် မျှော်လင့်နိုင်သော အမြတ်ပြန်လည်ရရှိနိုင်မှုကို စနစ်တကျ တွက်ချက်ပေးနိုင်သည့် နည်းတစ်ခု ဖြည့်ဆည်း ပေးသည်။ ၎င်းတွင် အတွင်းနှင့်အပြင် စီးပွားရေး ရာသီဥတု ၏ အစိတ်အပိုင်း အားလုံးကိုလည်း ထည့်သွင်းထားသည်။

- **လုပ်ငန်းခွင်နေရာများသို့ကွင်းဆင်းခြင်း**။ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်သည် နောက်ဆုံး အဆင့်ဖြစ်ပါက တည်နေရာနှင့် အဆိုပြုထားသော လုပ်ငန်းတည်မည့်နေရာ (စက်မှုဇုန်) အား စုံစမ်း ဖော်ထုတ်ရန်မှာ မလုပ်မဖြစ်လုပ်ရမည်ဖြစ်သည်။ ပုံမှန်အားဖြင့် ဤအဆင့်တွင် IPA တာဝန်ရှိသူ များနှင့် အစည်းအဝေးများ ပြုလုပ်ရန် စီစဉ်ထားရမည်ဖြစ်ပြီး၊ ဇုန်ကို အုပ်ချုပ်နေသူများ၊ ဒေသန္တရ အစိုးရ တာဝန်ရှိသူများ၊ စာရင်းအင်းနှင့် ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများကိုပါ တွေ့ဆုံရန် စီစဉ်ထားရမည် ဖြစ်သည်။ ဤအဆင့်အတွင်း အရေးပါသည့် သွင်ပြင် လက္ခဏာတစ်ခုမှာ မက်လုံးနှင့်ဆိုင်သည့် အလားအလာကို ဥပဒေအရ ခိုင်မာအောင် လုပ်ပေးရန်နှင့် ဒေသတွင် နောက်ထပ်ရှိနေသည့် မက်လုံးများကို ဆန်းစစ်ရန် ဖြစ်ပါသည်။ ၎င်းမှာ IPA များ အတွက် ရင်းနှီးမြှုပ်နှံမှုကို ချောမွေ့အောင် အကူအညီပေးရာတွင် အရေးပါသော သွင်ပြင်လက္ခဏာဖြစ်သည်။

- **အိမ်၊ ခြံ၊ မြေနေရာနှင့် ပတ်သက်သည့်အဖြေရှာခြင်းများ** ။ ပဉ္စမနှင့်နောက်ဆုံးအဆင့်တွင် သင့်တင့်လျောက်ပတ်သော အိမ်၊ ခြံ၊ မြေနေရာနှင့် ပတ်သက်သည့် အဖြေရှာမှု သို့မဟုတ် မြေ နေရာ နှင့် ပတ်သက်သော အစီအစဉ်များအတွက်မြေပိုင်ရှင်သို့မဟုတ် တည်နေရာနှင့် ဆိုင်သည့် အစိုးရဌာနတို့ဖြင့် ညှိနှိုင်းဆွေးနွေးရပါသည်။

**(က)အဆင့် ၁ - မဟာဗျူဟာ ဆန်းစစ်ချက်**

ကုမ္ပဏီပိုင်းအနေဖြင့် ခြုံငုံသော စီးပွားရေးမဟာဗျူဟာနှင့် ပန်းတိုင်များအတွင်း လျာထားသည့် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်အတွက် လိုအပ်သော ထည့်ဝင်မှုအဖြစ်မဟာဗျူဟာဆန်းစစ်ချက်ကို လုပ်ဆောင်ရ သည်။ IPA အပိုင်းအတွက် ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုပရောဂျက်အပေါ် မဟာဗျူဟာဆန်းစစ်ချက် လုပ်ဆောင်ရခြင်းသည် ပုံမှန်အားဖြင့် ပထမဦးဆုံး လုပ်ဆောင်ရမည့် အဆင့်လည်းဖြစ်သည်။ အဆိုပါ အဆင့်တွင် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်၏ နယ်ပယ်နှင့် ပန်းတိုင်များအပြင် ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်ချက်များကို သတ်မှတ်၊ အဓိပ္ပါယ်ဖွင့်ဆိုပေးခြင်း ပါဝင်သည်။ တနည်းဆိုရပါက ရင်းနှီးမြှုပ်နှံသူများသည် အိမ်ရှင်နိုင်ငံအတွင်းရှိ လုပ်ဆောင်နိုင်စွမ်းရှိသည့် အချက်များ (capability factors)နှင့် အမျိုးမျိုးသော ကုန်ကျစရိတ်နှင့် ဆိုင်သောအချက်များ (cost factors) ကို အကြမ်းဖျဉ်း အိုင်ဒီယာ သိရှိရန် လိုအပ်သည်။ လုပ်ဆောင်နိုင်စွမ်း

ရှိသည့် အချက်များကို အမျိုးအစား နှစ်မျိုး ခွဲနိုင်သည်။ ၎င်းတို့မှာ သဘာဝအရ ပါလာသော စွမ်းဆောင်ရည်နှင့် ဖွံ့ဖြိုးလာအောင် လုပ်ယူထားသော အရင်းအမြစ်များ ဟူ၍ ဖြစ်သည် (ဇယား၇-၁)။

**ဇယား ၇-၁ လုပ်ဆောင်နိုင်စွမ်းရှိသည့်အချက်များ - သဘာဝအရပါလာသော စွမ်းဆောင်ရည်နှင့်ဖွံ့ဖြိုးလာအောင် လုပ်ယူထားသော အရင်းအမြစ်များဟု ခွဲခြားထား။**

| သဘာဝအရပါလာသော စွမ်းဆောင်ရည်များ | ဖွံ့ ဖြိုးလာအောင် လုပ်ယူထားသောအရင်းအမြစ်များ |
|---|---|
| ရေကို အလျှံပယ် ရယူနိုင်ခြင်း | လေဆိပ်များနှင့် ပင်လယ်ဆိပ်ကမ်းများ |
| ရာသီဥတု | လူသားအရင်းအမြစ်များ |
| ကုန်ကြမ်းများနှင့် သတ္တုများ | တက္ကသိုလ်များ - ပညာရေး |
| ပင်လယ်ထွက်ပေါက် | လမ်းများ |
| အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ် | တယ်လီဖုန်းဆက်သွယ်မှုအခြေခံအဆောက်အဦ |
| လူဦးရေ | စက်မှုမြို့များနှင့် လွတ်လပ်သောဇုန်များ |
| မြို့ ကြီးများ | ဥပဒေမူဘောင်များ |
| ရှေးဟောင်းယဉ်ကျေးမှုရတနာများ | ဈေးကွက်အခွင့်အလမ်းများ |

ဇစ်မြစ်-Investment Consulting Associates.

လုပ်ဆောင်နိုင်စွမ်းရှိသည့်အချက်များနှင့် ကုန်ကျစရိတ်နှင့်ဆိုင်သော အချက်များကို ပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အချက်များ (business factors) ဟု ရည်ညွှန်းလေ့ရှိသည်။ လုပ်ငန်း တည်မည့်နေရာ ရွေးချယ်ရေးလုပ်ငန်းစဉ်ဖြစ်သော ဤအဆင့်သည် အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုပရောဂျက်၊ ပရောဂျက်အတွက် လုပ်ဆောင်ရန်များနှင့် အကျိုးဆက်များ၏ ပကတိခြုံငုံကြည့်ရှုနိုင်မည့် စာတမ်းတစ်ခု ရေးနိုင်ရေးကို အာရုံပြုရသည်။ ထိုခြုံငုံကြည့်ရှုမှုကို အဓိပ္ပါယ်ကောက်ကာ စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အချက်များကို အခြေခံသော ဦးစားပေးသတ်မှတ်ပြီးသော တည်နေရာအတွက် အမျိုးအစားသတ်မှတ်ချက်များ ပါဝင်သည့် အပြည့်အစုံစာရင်းတစ်ခု ထွက်ပေါ်စေပါသည်။ ဤအဆင့်၏ရည်ရွယ်ချက်သည် စီးပွားရေးလုပ်ငန်းအတွက် လိုအပ်ချက်များကို ဦးစားပေးသတ်မှတ်ပြီးသော တည်နေရာနှင့်ဆိုင်သော အချက်များနှင့် ဦးစားပေးသတ်မှတ်ပြီးသော စံနှုန်းအမျိုးအစားများ ပါဝင်သော ပြည့်စုံသည့် စာရင်းတစ်ခုအဖြစ် အဓိပ္ပါယ်ကောက်ကာ အသွင်ပြောင်းပေးနိုင်ရေးဖြစ်သည်။

ဤအဆင့်တွင် အောက်ပါမေးခွန်းများကိုဖြေကြားသင့်သည် -

- **ကုမ္ပဏီ၏ ရေတိုနှင့် ရေရှည်ပန်းတိုင်များနှင့် ၎င်းတို့ အောင်မြင်အောင် လုပ်ဆောင်ရမည့် မူဝါဒတွေက ဘာတွေလဲ**။ တည်နေရာနှင့်ဆိုင်သော အမျိုးအစားအားလုံးတွင် အချို့သည် သီးသန့် ထုတ်လုပ်မှု အမျိုးအစားအုပ်စုများ (ဆိုလိုသည်မှာ အလိုအလျောက်စက်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ထုတ်လုပ်မှုများ) ဖြစ်ပြီး

ကျန်သော အမျိုးအစားများသည် ပထဝီ အနေအထား နှင့်/သို့မဟုတ် ပရော ဂျက်လုပ်ဆောင်မည့် အချိန်နှင့် ဆက်စပ်နေသည်။ကုမ္ပဏီ၏မူဝါဒသို့မဟုတ်ကိုယ်ရည်ကိုယ်သွေး အချက်များနှင့် ဆက်စပ်နေသည့် ဆုံးဖြတ်ချမှတ်ရမည့် အမျိုးအစားများလည်းရှိသည်။ ထို့ကြောင့် ကုမ္ပဏီ၏မဟာဗျူဟာများနှင့် မူဝါဒများသည် တည်နေရာနှင့်ဆိုင်သော အဆုံးအဖြတ်များကို ပြဋ္ဌာန်းသည်။ ကုမ္ပဏီအတွင်းမှ လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို နားလည် ခြင်းသည်လည်း အရေးပါသည့် တန်ဖိုးဖြစ်သည်။

- **ရင်းနှီးမြှုပ်နှံမှုပရောဂျက်၏အဓိကလိုအပ်ချက်များက ဘာတွေလဲ**။ ဤမေးခွန်းကို ဖြေကြားရသည့် ရည်ရွယ်ချက်မှာတည်နေရာဆုံးဖြတ်ချက်ကိုသက်ရောက်မှု ရှိနိုင်သည့်အချက် အားလုံးကို အကဲဖြတ်ခြင်းနှင့် တွက်ချက်ခြင်းတို့ဖြင့် ဆက်စပ်နေပါသည်။ ဤအချက်အလက်များကို များသောအားဖြင့် ရည်ရွယ်ချက်များ၊ (လက်ရှိ) လုပ်ငန်းတည်နေရာများနှင့် အဆောက်အဦများ၊ ဘဏ္ဍာရေးဆိုင်ရာ မှန်းဆချက်များ၊ တန်ဖိုးမြှင့်ကွင်းဆက် (value chain) ၊(လူ့စွမ်းအား)အရင်းအမြစ်များ၊ အသုံးပြုနိုင်မှုများနှင့် ဂေဟဗေဒနှင့် ဆက်စပ်နေသော စစ်တမ်းမေးခွန်းလွှာများမှတဆင့် ရရှိနိုင်သည် (ဆိုလိုသည်မှာ အဆင့် ၃ အတွက် ပံ့ပိုးသည့် အချက်များဖြစ်သည်) ။

အခန်း ၁ တွင် ရှင်းပြခဲ့သည့်အတိုင်း စိတ်အားထက်သန်စေသည့် အချက်များကို ကြည့်ရှုသည့် နည်းလမ်းတစ်ခုမှာ အဆုံးအဖြတ်ပေးသော အရာနှစ်ခုအကြားမတူညီမှုကို ခွဲခြားသိရန်ဖြစ်သည်။ ပထမတစ်ခုသည် ကုမ္ပဏီ သို့မဟုတ် စက်မှုလုပ်ငန်းအတွက် သီးသန့်အဆုံးအဖြတ်ပေးသောအရာများ ဖြစ်ကာ ၎င်းတို့ သည် မိခင်နိုင်ငံ ပြင်ပတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းအတွက် တာဝန်ယူရသည့် ကနဦး ဆုံးဖြတ်ချက်ကို လွှမ်းမိုးသည့် အရာများဖြစ်သည်။ ဒုတိယတစ်ခုအနေဖြင့် အိမ်ရှင်နိုင်ငံ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု အတွက် သီးသန့် အဆုံးအဖြတ်ပေးသောအရာများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နောက်ဆုံးရွေးချယ်သော နေရာအား ဆုံးဖြတ်မှုအပေါ် လွှမ်းမိုးသည့်အရာ ဖြစ်သည်။ ထိုအချက်များပါသော အုပ်စုနှစ်ခု၏ အရေးပါပုံမှာ ကုမ္ပဏီ၏အရွယ်အစား၊ ဈေးကွက်ဦးတည်မှု (ပြည်တွင်းလား၊ နိုင်ငံခြားတင်ပို့မှုလား)၊ စက်မှုလုပ်ငန်းကဏ္ဍခွဲ၊ ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားတို့အပေါ်မူတည်၍ အမျိုးမျိုးရှိသည်။ IPA များသည် ကုမ္ပဏီအတွက် သီးသန့် အဆုံးအဖြတ်ပေးသောအရာများကို နားလည်ရန်လိုအပ်ပြီးရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက်တည်နေရာအတွက် သီးသန့်အဆုံးအဖြတ်ပေးသောအရာများ အပေါ်တွင်လည်း လွှမ်းမိုးနိုင်ရမည်။

## (ခ)အဆင့် ၂-တည်နေရာကို စစ်ထုတ်ခြင်း၊ မော်ဒယ်ပုံစံအသုံးပြုခြင်းနှင့် စံနှုန်းများသတ်မှတ်ခြင်း။

ရင်းနှီးမြှုပ်နှံသူများအတွက် မဟာဗျူဟာဆန်းစစ်ချက်တွင် အသုံးပြုသော အမျိုးမျိုးအစားအမျိုးမျိုး၊ အထူး သဖြင့် ကုန်ကျစရိတ်များအပေါ် အခြေခံလျက် တည်နေရာများကို ဖော်ထုတ်ခြင်းနှင့် နှိုင်းယှဉ်ခြင်းများ လုပ်ဆောင်ရသည် (အဆင့် ၃ ကြည့်)။ ၎င်းတို့သည် ယခုလုပ်ဆောင်မှုအတွက် ထည့်ဝင်မှုများပေးနိုင်ရန် IPA ကို ဆက်သွယ်လာနိုင်သည်။ ထို့ကြောင့် IPA အတွက် ဤအဆင့်၏ ရည်ရွယ်ချက်တွင် အစိတ်အပိုင်း နှစ်ခုပါသည်။ ပထမအပိုင်းမှာ အိမ်ရှင်နိုင်ငံ၏/တည်နေရာ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အတွက် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းတွင် ပြိုင်ဆိုင်မှုအဆင့်ကို သရုပ်ခွဲသုံးသပ်လေ့လာရန်ဖြစ်ပြီး ဒုတိယအပိုင်း

တွင် အဆင့် ၁ ၌ ရေးဆွဲခဲ့သော သတ်မှတ်ချက်အမျိုးအစားများကို အခြေခံ၍ အချက်အလက် စုဆောင်းခြင်းနှင့် တည်နေရာ မော်ဒယ်ပုံစံအသုံးပြုခြင်းများမှတဆင့် အလားအလာရှိသည့် တည်နေရာများကို အကဲဖြတ်ခြင်းနှင့် နှိုင်းယှဉ်ခြင်းပြုလုပ်ရန် ဖြစ်သည်။ ထို့ကြောင့် ဤအဆင့် တွင် အခြေခံအားဖြင့် အဆင့် ၂ ဆင့် ထပ်ဆင့် ပါဝင်သည်-

- ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာနိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းများကို သရုပ်ခွဲလေ့လာခြင်းနှင့်
- သတ်မှတ်ထားပြီးဖြစ်သည့် တည်နေရာသတ်မှတ်ချက်အမျိုးအစားစာရင်းကိုအခြေခံ၍ တည်နေရာနှင့်ဆိုင်သော စံနှုန်းကို သရုပ်ခွဲလေ့လာမှုပြုလုပ်ခြင်း။

ရွေးချယ်မည့် ရင်းနှီးမြှုပ်နှံမည့်နေရာ၊ ရင်းမြစ်များ၊ လုပ်ငန်းကဏ္ဍများနှင့်ဆိုင်သော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများအပေါ် သုတေသနလုပ်ခြင်းသည် IPA အား ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွင် အိမ်ရှင်နိုင်ငံ၏ ပြိုင်နိုင်စွမ်းရှိသည့်အဆင့်ကို သတ်မှတ်ရာတွင် လွယ်ကူစေသည်။ ဤသရုပ်ခွဲလေ့လာမှုသည် သီးသန့်လုပ်ငန်းကဏ္ဍနှင့် စီးပွားရေးလုပ်ဆောင်မှုတစ်ခုသည် လက်ရှိရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းနှင့် ကိုက်ညီမှု ရှိ/မရှိ သတင်းအချက်အလက်များပေးပါသည်။ ထိုနည်းတူ တူညီသော လုပ်ငန်းကဏ္ဍမှ အလားတူ ကုမ္ပဏီများ၏ ရင်းနှီး မြှုပ်နှံမှုလမ်းကြောင်းကိုလည်း ပြသသည်။ ဤအရေးအတွက်ပြ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆန်းစစ်ချက်ကို ဆက်မလုပ်တော့သည့် အချိန်တွင် စုစည်းထားသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းကို ပြသသည့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလေ့လာဆန်းစစ်ခြင်း (scan) ကို စတင်လုပ်ဆောင်ရမည်ဖြစ်သည်။ တဖြည်းဖြည်းနှင့် သရုပ်ခွဲလေ့လာမှုသည်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဈေးကွက်အနေအထားကို ဆန်းစစ်ခြင်း၊ အိမ်ရှင်နိုင်ငံ၏ ပြိုင်ဆိုင်မှု အဆင့်ကို ပြည့်မီစေမည့် သို့မဟုတ် ပိုကောင်းလာအောင် ထည့်ဝင်မှုပေးနိုင်မည့် အာမခံချက်ရှိသည့် လုပ်ငန်းကဏ္ဍများနှင့် စီးပွားရေးလုပ်ဆောင်ချက်များကို အစိတ်အပိုင်း ခွဲခြင်းများကို ပိုမိုအာရုံပြုလာလိမ့်မည်ဖြစ်သည်။

မတူသော ပထဝီဆိုင်ရာအဆင့်များ (ဥပမာအားဖြင့် ကမ္ဘာကြီး၊ အာရှ၊ အရှေ့တောင်အာရှ၊ တိုင်းပြည်၊ ပြည်နယ်၊ မြို့ သို့မဟုတ် ပို့ကုန်ဦးစားပေးဇုန်) အတွက် IPA သည် အောက်ပါ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဆန်းစစ်ချက်ကို လုပ်ဆောင်ရသည် -

- ရင်းမြစ်ဈေးကွက်အတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆန်းစစ်ချက် - နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် ဘယ်ကလာသလဲ။
- ခရီးဆုံးဈေးကွက်အတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆန်းစစ်ချက် - နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ စုပြုံတိုးနေသည့် နေရာသည် ဘယ်နေရာလဲ။
- လုပ်ငန်းကဏ္ဍများနှင့် လုပ်ငန်းကဏ္ဍခွဲများအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆန်းစစ်ချက်
- စီးပွားရေးလုပ်ဆောင်ချက်များအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆန်းစစ်ချက်
- သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုအတွက် အဓိကရင်းနှီးမြှုပ်နှံရသည့်အကြောင်းရင်းနှင့် တည်နေရာ အပေါ် အဆုံးအဖြတ်ပေးသည့် အရာများကို ဖော်ထုတ်ပါ။

တည်နေရာ စံနှုန်းအပေါ် သရုပ်ခွဲလေ့လာခြင်းနှင့် ပတ်သက်၍ အဆင့် ၁ တွင် တာဝန်ယူ လုပ်ဆောင်ခဲ့သည့် ပရောဂျက်ကို အဓိပ္ပါယ်ဖွင့်ဆိုမှုအား လက်တွေ့ စံနှုန်းသတ်မှတ်ချက်များအဖြစ် ထိရောက်စွာ အသွင်ပြောင်းပေးနိုင်ရန် အရေးကြီးသည်။ ထိုသို့လုပ်ဆောင်ရန် မတူသောတွက်ချက်မှု နည်းစနစ်များရှိရာ သုံးလေ့သုံးထရှိသော နည်းစနစ် သုံးခုကို အောက်တွင်ဖော်ပြထားပါသည် -

- **စံနှုန်းသတ်မှတ်ခြင်းပုံစံ (Benchmark module)** ။ တည်နေရာနှင့်ဆိုင်သော အချက်များကို အမျိုးစုံအောင် ကျယ်ကျယ်ပြန့်ပြန့်ရွေးချယ်ခြင်းဖြင့် နိုင်ငံများနှင့် မြို့ ကြီးများ၏ယှဉ်ပြိုင်နိုင်စွမ်းကို အကဲဖြတ်ခြင်း၊ စံနှုန်းသတ်မှတ်ခြင်းနှင့်အဆင့်သတ်မှတ်ခြင်း။
- **အလေးပေးမှုအပေါ် သရုပ်ခွဲသုံးသပ်သောပုံစံ (Weighted analysis module)** ။အိမ်ရှင်နိုင်ငံ/ တည်နေရာ၏သီးသန့် လိုအပ်ချက်များကို အခြေခံ၍ တည်နေရာများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို စံနှုန်းသတ်မှတ်ရန် သတ်မှတ်ချက်အမျိုးအစားပေါင်းစုံနှင့် လုပ်နေကျ အလေးပေးမှုကို သရုပ်ခွဲ လေ့လာမှု တို့ကို အသုံးပြုခြင်း၊
- **ကုန်ကျစရိတ်နှင့် ရလာသည့်အကျိုးအမြတ်ကို တွက်ချက်သည့် ပုံစံ (cost-benefit module)** ။ ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံတစ်ခုလုံးကို နောက်ထပ်ဖော်ထုတ်ရန်နှင့် စီစစ်နိုင်ရန် နိုင်ငံများနှင့်မြို့ကြီးများကို ၎င်းတို့၏ ကုန်ကျစရိတ်အပေါ် အကျိုးအမြတ်ရနိုင်သည့်စွမ်းဆောင်ရည်နှင့်အညီ စံနှုန်းသတ်မှတ်ခြင်းနှင့် အဆင့် သတ်မှတ်ခြင်း။

စံနှုန်းသတ်မှတ်ခြင်းကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းမပြုမီ သင့်လျော်သည့် အချက်အလက်များကို စီစစ်ခြင်းနှင့် အခြားရရှိနိုင်သည့် ရင်းမြစ်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ပြုလုပ်သင့်သည်။ ထို့အပြင် တည်နေရာနှင့်ဆိုင်သော အချက်များကို အလေးပေးထားသင့်သည်။ အလေးပေးခြင်း လုပ်ငန်းစဉ်သည် အတိုင်းအတာတစ်ခုအထိ အနည်းငယ်မမျှတမှုရှိနိုင်သော်လည်း အရှိတရားကို တတ်နိုင်သမျှ ထင်ဟပ်ရမည်။ ဥပမာအားဖြင့် အလုပ်သမားကုန်ကျစရိတ်သည် နှစ်စဉ်လုပ်ငန်းလည်ပတ်ကုန်ကျစရိတ်၏ ၆၇% ရှိနေသည် ဆိုပါက ထိုအချက်ကို ဦးစားပေးသတ်မှတ်ရမည်ဖြစ်သည်။

ဤအဆင့်မှ ထွက်ပေါ်လာသော ရလဒ်သည် လက်ရှိပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်း၊ ကုမ္ပဏီ၏ ပရောဂျက်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော ရင်းမြစ်များနှင့်ခရီးဆုံးနေရာတို့နှင့်ပတ်သက်ပြီး ရှင်းလင်း၍ အသေးစိတ်ခြုံငုံဖော်ပြထားချက်ဖြစ်သည်။ ထို့အပြင် ဤအဆင့်သည် အသေးစိတ်၊ အချက်အလက်ကိုအခြေခံထားသော စံနှုန်းအစီရင်ခံစာတွင် အကျဉ်းချုပ် ဖော်ပြထားသည့် ပရောဂျက်အဓိပ္ပါယ် ဖွင့်ဆိုထားမှု (ပထမအဆင့် တွင် သတ်မှတ်ထားသည့် အတိုင်း) ကို အခြေပြုထားသောအလားအလာရှိတည်နေရာများအပေါ် အကဲဖြတ်မှုနှင့်အဆင့်သတ်မှတ်မှုတို့ကို ဖြည့်ဆည်းပေးသည်။ IPA သည် ရင်းနှီးမြှုပ်နှံသူထက်စာလျှင် တည်နေရာကို စံနှုန်းသတ်မှတ်ရန် ပိုမိုကောင်းမွန်သည့် အနေအထားတွင်ရှိနေသည်။ အကြောင်းမှာ IPA သည် ရင်းနှီးမြှုပ်နှံသူအနေဖြင့် အလွယ်တကူ မရနိုင်သော မူရင်းနှင့် နောက်ဆုံးရအချက်အလက်များကို ရယူနိုင်သောကြောင့်ဖြစ်သည်။ IPA ၏အခန်းကဏ္ဍသည် ရင်းနှီးမြှုပ်နှံမည့် တည်နေရာကိုရင်းနှီးမြှုပ်နှံသူ၏ အလေးပေးစဉ်းစားမှုရအောင် ဆောင်ကြဉ်း ပေးရန်နှင့်ရင်းနှီးမြှုပ်နှံသူ၏အကျိုးစီးပွားတိုးစေရန်ဖြစ်ပြီး ထို့နောက်တွင်မှ ရင်းနှီးမြှုပ်နှံသူနှင့် အလုပ်လုပ်ကာ လိုအပ်သောသတင်းအချက်အလက်များအားပေးရန်နှင့် စစ်မှန်သော အတိုင်းအတာဘောင်ကို အခြေပြုသည့် တည်နေရာကို အရောင်းမြှင့်တင်ရန်ဖြစ်သည်။

### ဇယားကွက် ၇-၅ A.T. Kearney Global Services တည်နေရာဆိုင်ရာ ညွှန်းကိန်း (GSLI)

GSLI (အများဆုံး ၁၀ မှတ်) သည် နိုင်ငံ ၅၅ နိုင်ငံမှ ကုမ္ပဏီများက အခြားနိုင်ငံမှ လူများကို အလုပ်ပေးနိုင်ခြင်း အနေအထားကို ခြေရာခံကြည့်ရာ အဓိက သတ်မှတ်ချက်အမျိုးအစား သုံးမျိုးကို ကြည့်သည်။ ငွေကြေး ဆိုင်ရာ ဆွဲဆောင်နိုင်မှု (၄၀%) ၊ ပြည်သူများ၏ ကျွမ်းကျင်မှုနှင့် ရရှိနိုင်မှု (၃၀%) ၊ စီးပွားရေး ပတ်ဝန်းကျင် (၃၀%) တို့ဖြစ်သည်။ ငွေကြေးဆိုင်ရာ ဆွဲဆောင်နိုင်မှုတွင် နစ်နာကြေးအတွက် ကုန်ကျစရိတ်၊ အခြေခံ အဆောက်အဦ၊ အခွန်နှင့် ဥပဒေများအပေါ် ဆန်းစစ်ချက်များပါဝင်သည်။ ပြည်သူများ၏ ကျွမ်းကျင်မှုနှင့် ရရှိနိုင်မှုတွင် ဝန်ဆောင်မှုအတွေ့အကြုံနှင့် ကျွမ်းကျင်မှု အစုအပေါင်း၊ လုပ်သားအင်အားစု ရရှိနိုင်မှု၊ ပညာရေး ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဘာသာစကားကျွမ်းကျင်မှုများ ပါဝင်သည်။ စီးပွားရေး ပတ်ဝန်းကျင်တွင် ရှုဒေါင့် လေးခုပါသည်။ နိုင်ငံတွင် စွန့်စားရမှု၊ ယဉ်ကျေးမှုတွင် အံဝင်နိုင်မှု၊ နိုင်ငံ၏ အခြေခံအဆောက်အဦ၊ ဉာဏ ပစ္စည်း လုံခြုံမှုတို့ဖြစ်သည်။ ပုံ ၇-၆ သည် ၂၀၁၆ ညွှန်းကိန်းတွင် ထိပ်ဆုံး ၁၀ နိုင်ငံကို ပြသပါသည်။ GSLI အပြင် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ဆောင်ရန် လွယ်ကူမှု အဆင့်သတ်မှတ်ချက် ကဲ့သို့သော နိုင်ငံ/ဒေသ တစ်ခု၏ ဆွဲဆောင်နိုင်မှုစံနှုန်းအပေါ် အခြားလေ့လာမှုများလည်း ရှိပါသေးသည် (အခန်း ၃ ကြည့်) ။

### ပုံ ၇-၆ ၂၀၁၆ ခုနှစ်အတွက်A.T. Kearney Global Services တည်နေရာဆိုင်ရာ ညွှန်းကိန်း ထိပ်ဆုံး ၁၀ နိုင်ငံ




ဇစ်မြစ်- A.T. Kearney (2016)

## (ဂ) အဆင့် ၃ - ကုန်ကျစရိတ်နှိုင်းယှဉ်ခြင်း

ရင်းနှီးမြှုပ်နှံသူအတွက် ဤအဆင့်အတွင်း လုပ်ဆောင်မှုများတွင် ကုန်ကျစရိတ်မော်ဒယ်ပုံစံများ ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏတွင်တည်နေရာကို ထည့်သွင်းစဉ်းစားသောကြောင့် ကုန်ကျစရိတ် မတူညီမှုကို တွက်ချက်ခြင်း၊နှစ်စဉ်လုပ်ငန်းလည်ပတ်စရိတ်၊ အခွန်နှင့်တန်ဖိုးလျော့သည့် နည်းလမ်းများ၊ လက်ရှိမက်လုံးပေးသည့် စနစ်များပါဝင်သည်။စံနှုန်းသတ်မှတ်ခြင်းကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတွင် အောက်တွင် ဖော်ပြထားသော ကုန်ကျစရိတ်နှင့်ဆိုင်သော အချက်များကို ဆန်းစစ်ခြင်းပါဝင်သည် -

- လုပ်အားခနှင့်လစာကုန်ကျစရိတ်၊ ကုန်ထုတ်လုပ်မှုအဆင့်များ၊ ပညာရေးအဆင့်။
- မြေနှင့် အိမ်ခြံမြေ ကုန်ကျစရိတ်နှင့် အိမ်ခြံမြေများ၏အရည်အသွေး။
- အသုံးပြုမှုများ၏ကုန်ကျစရိတ်များ၊ စွမ်းအင်(ဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား)၊ ပစ္စည်းပေး သွင်းမှုနှင့် ကွန်ရက်၏ ယုံကြည်စိတ်ချရမှု။
- ရေနှင့်သန့်ရှင်းမှု။
- ရေနံနှင့်ဆက်စပ်သော ထုတ်ကုန်များ။
- သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)။
- အခွန်။
- ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုပေးသူများအတွက် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ နှင့် ဝန်ဆောင်မှုပေးခြင်းများ၏အရည်အသွေး။
- အပြည်ပြည်ဆိုင်ရာ လေကြောင်းကုန်ကျစရိတ်နှင့် လေကြောင်းလိုင်းများ၏ယုံကြည်စိတ်ချရမှု (ဥပမာ-ကြန့်ကြာမှု) ။
- လုံခြုံရေးကုန်ကျစရိတ်နှင့် လုံခြုံရေးကုမ္ပဏီများ၏အရည်အသွေး (ဥပမာ-ယခင်ဖောက်သည်များထံမှ ညွှန်းဆိုမှုများ)။
- အကောက်ခွန်နှင့်သွင်းကုန်အတွက် အခွန်များ။
- အာမခံ(ဥပမာ-အိမ်ခြံမြေ၊ထုတ်ကုန်၊သင်္ဘောတင်ပို့မှုအစရှိသည်တို့အတွက်)။

အဆိုပါကုန်ကျစရိတ်နှင့်ဆိုင်သောအချက်များကို ခန့်မှန်းအရောင်းပမာဏများ၊ ရရှိနိုင်သည့် မက်လုံးများဖြင့် နှိုင်းယှဉ်သည်။ အဆင့် ၂ မှ ရရှိလာသော ထိုးထွင်းသိမြင်နိုင်မှုသည် ဤခွဲခြမ်းစိတ်ဖြာ သုံးသပ်မှု၏ အခြေခံကို ဖွဲ့စည်းနိုင်လာပါလိမ့်မည်။

ရလဒ်မှာ ဖော်ထုတ်ထားသည့် မတူသော ရင်းနှီးမြှုပ်နှံရမည့် တည်နေရာများတွင် ရင်းနှီးမြှုပ်နှံမှုပရောဂျက် လုပ်ဆောင်ပါက ဘဏ္ဍာရေးအရ ဖြစ်နိုင်ခြေများကို ခြုံငုံကြည့်ရှုနိုင်ခြင်းဖြစ်သည်။ ဤမော်ဒယ်ပုံစံသည် ရင်းနှီးမြှုပ်နှံရမည့် တည်နေရာတစ်ခုစီအတွက် အသားတင်လက်ရှိတန်ဖိုး (Net Present Value-NPV)၊ ကုမ္ပဏီတွင်းမှအချက်များကိုအခြေခံ၍ တွက်ချက်သော အမြတ်ပြန်လည်ရရှိနိုင်မှုနှုန်း (Internal Rate of Return-IRR)၊ စုစုပေါင်းအရှုံး-အမြတ်စရိတ်များနှင့် စုစုပေါင်း အသားတင်ဝင်ငွေတို့ ကဲ့သို့သော ဘဏ္ဍာငွေဆိုင်ရာ အချိုးများ (finan- cial ratios) ကို တွက်ချက်နိုင်ရန်နှင့် နှိုင်းယှဉ်ရန် လုပ်ဆောင်ခွင့်ပြုသည် (ပုံ၇-၇)။ နောက်ထပ်ဆန်းစစ်မှုတွင် ရင်းနှီးမြှုပ်နှံမှုပရောဂျက်အဖြစ်ရရှိနိုင်သေးသည့် မတူသော တည်နေရာများမှအဆိုပြုထားသော မတူသောမက်လုံးများ၏ ဘဏ္ဍာငွေဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ခြင်း

ပါဝင်သည်။ အကောင်းဆုံးလုပ်ဆောင်မှုနမူနာမှာ ရင်းနှီးမြှုပ်နှံမှု ပရောဂျက်၏ NPV ကို မက်လုံးအား ထည့်မစဉ်းစားဘဲ တွက်ချက်ကာ မက်လုံးကို ထည့်သွင်းတွက်ချက်ထားသော ဘဏ္ဍာငွေအခြေအနေဖြင့် နှိုင်းယှဉ် ခြင်းဖြစ်သည်။

ထိုသို့ သရုပ်ခွဲလေ့လာမှုပြုလုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံသူသည် IPA အနေဖြင့် အလွယ်တကူ ရရှိနိုင်ခြင်း မရှိသည့်ခိုင်မာပြီး တိကျသည့် အချက်အလက်များ ရှိထားရမည်ဖြစ်သည်။ IPA အနေဖြင့် တည်နေရာနှင့် သီးသန့်ဆိုင်သော အချက်အလက်သာရနိုင်ပြီး ထိုသို့သော အချက်အလက်ကိုလည်း ရင်းနှီး မြှုပ်နှံသူတို့ အလွယ်တကူမရနိုင်။ ထို့ကြောင့် ထိုသို့သော အချက်အလက်များအတွက် IPA သို့ တောင်းခံ နိုင်သည်။

## (ဃ) အဆင့် ၄ - လုပ်ငန်းခွင်နေရာများသို့ကွင်းဆင်းခြင်း။

ပုံမှန်အားဖြင့်ဤအဆင့်တွင် လုပ်ငန်းခွင်နေရာများသို့ ကွင်းဆင်းခြင်းသည် ပြင်ဆင်ပြီးမှ သွား ရောက်ခြင်းဖြစ်ရာသွားရောက်ရန်အတွက် ဒေသခံဝန်ဆောင်မှုပေးသူများအပေါ် ဆန်းစစ်ချက်နှင့် အရင်း အမြစ်များပေါ် အကဲဖြတ်ချက်ကိုအတူလုပ်ဆောင်ပါသည်။ ဤအဆင့်အတွင်း IPA ၏ပရောဂျက် မန်နေဂျာ များသည် သက်ဆိုင်သော အစိုးရဌာနများ၊ လက်ရှိရင်းနှီးမြှုပ်နှံနေသူများ၊ အေဂျင် စီများနှင့် ဝန်ဆောင်မှု ပေးသူများဖြင့် အစည်းအဝေးများ၊ မိတ်ဆက်ခြင်းများပြုလုပ်နိုင်ရန် စီစဉ်ရပါသည်။ အလားအလာ ရှိသည့် ရင်းနှီးမြှုပ်နှံသူသည် ဈေးကွက်သို့ဝင်ရောက်နိုင်သော အရေးပါသည့် အချက်များကို ကြည့်လိမ့်မည် ဖြစ်သည်။ ဤအဆင့်၏ အရေးပါမှုကို အလေးပေး ပြောကြားရန်မလိုပေ။ အဘယ်ကြောင့် ဆိုသော် ဤအဆင့်သည် IPA ကို ရင်းနှီးမြှုပ်နှံသူများအား တိုက်ရိုက်ဩဇာ လွှမ်းမိုးနိုင်အောင် လုပ်ဆောင်ပေးသောကြောင့် ဖြစ်သည်။ ၎င်းသည် ရင်းနှီးမြှုပ်နှံမှုများအား ချောမွေ့အောင် ကူညီပေးခြင်းအတွက် အခြေခံကျပြီး အခန်း ၈ တွင် ပိုမိုဆွေးနွေးပါမည်။

## (င)အဆင့် ၅ - အိမ်၊ ခြံ၊ မြေဆိုင်ရာမဟာဗျူဟာနှင့်လုပ်ငန်းတည်မည့်နေရာကိုအတည်ပြုရွေးချယ်ခြင်း

နောက်ဆုံး၌ အဆင့် ၅ တွင် အိမ်ခြံမြေနှင့် မြေယာလိုအပ်ချက်များတွင် မီးမောင်းထိုးပြကာ မတူညီသော ရွေးချယ်စရာ နေရာများဖြင့် နှိုင်းယှဉ်ခြင်း လုပ်ဆောင်ပါသည်။ အထူးသဖြင့် ကြီးမားသော နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်များအတွက် အဆောက်အဦနှင့် မြေကိုရယူသော လုပ်ငန်းစဉ် သည် စေ့စပ်ညှိနှိုင်းမှုအပေါ်အများကြီးမူတည်နေသည်။ ဤအဆင့်ပြီးစီးပြီးနောက် ရရှိသည့် ရလဒ်မှာ အောက်တွင် ဖော်ပြထားသော နယ်ပယ်များကို အခြေခံပြီးမှ ထွက်ပေါ်လာသော အချက်အလက် အခြေပြု၊ သတင်းအချက်အလက်ပေါင်းစုံ ထည့်သွင်းစဉ်းစားထားသော တည်နေရာနှင့် ဆိုင်သော ဆုံးဖြတ်ချက် ဖြစ်သည် -

- နိုင်ငံတကာအဆင့်သို့ ဦးတည်သောမဟာဗျူဟာအစီအစဉ်၊
- စိန်ခေါ်မှုများနှင့် ချိကျူးစရာများအပါအဝင် နိုင်ငံ/လုပ်ငန်းတည်နေရာ၊ စီးပွားရေး လုပ်ဆောင် ခြင်းတို့နှင့် ဆိုင်သော ကြုံလာနိုင်သည့် အန္တရာယ်များကို ဆန်းစစ်ချက်၊

- ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်၊ စံနှုန်းနှင့်အဆင့်သတ်မှတ်ချက်ရလဒ်များ၊
- ငွေကြေးဆိုင်ရာ စီးပွားရေးလုပ်ငန်း၊
- တည်နေရာတစ်ခုချင်းအတွက် ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် လုပ်ငန်းခွင်သို့ ကွင်းဆင်းခြင်းမှ ရရှိသော စဉ်းစားဉာဏ်နှင့် တည်နေရာအတွက် အသေးစိတ်ဆန်းစစ်ချက်၊
- သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်သူများထံမှ အရေးကြီးသော ထည့်ဝင်မှုများ (ဥပမာ- စက်ရုံဒါရိုက်တာများ၊ အိမ်ခြံမြေပွဲစားများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ ဥပဒေရေးရာများ အစရှိသဖြင့်)၊
- အိမ်ခြံမြေနှင့်ပတ်သက်သော အစီအစဉ်၊
- နှစ်သက်မှုအရှိဆုံး လုပ်ငန်းတည်နေရာအတွက် နောက်ဆုံးအကြံပြုချက်များ။

## ပုံ ၇-၇ ရင်းနှီးမြှုပ်နှံရမည့် အမျိုးမျိုးသော တည်နေရာများအတွက် ဘဏ္ဍာငွေဆိုင်ရာ ဖြစ်နိုင်ခြေ သရုပ်ခွဲသုံးသပ်မှု

**Financial Summary & Assumptions**

(All Amounts in €000's)

| | Country | | | | | |
|---|---|---|---|---|---|---|
| Metric | Location A | Location B | Location C | Location D | Location E | Location F |
| Net Present Value | 2,933 | 2,920 | 2,920 | 2,964 | 2,965 | 2,895 |
| Rank | 3 | 4 | 5 | 2 | 1 | 6 |
| Internal Rate of Return | 19.4% | 19.4% | 19.4% | 19.5% | 19.5% | 19.3% |
| Rank | 3 | 4 | 5 | 2 | 1 | 6 |
| Total P&L Expenses | 22,711 | 22,621 | 22,618 | 22,923 | 22,928 | 22,445 |
| Rank | 4 | 3 | 2 | 5 | 6 | 1 |
| Total Net Income | 853 | 849 | 849 | 861 | 861 | 843 |
| Rank | 3 | 4 | 5 | 2 | 1 | 6 |

| Region | (All Amounts in € 000's)<br>Country<br>Location A | Location B | Location C | Location D | Location E | Location F |
|---|---|---|---|---|---|---|
| Markup From | 23,564,146 | 23,469,997 | 23,467,757 | 23,783,983 | 23,788,567 | 23,288,296 |
| Cost of Sales | | | | | | |
| Raw Materials | 18,000,000 | 18,000,000 | 18,000,000 | 18,000,000 | 18,000,000 | 18,000,000 |
| Chemical Duties/Tariffs | 304,000 | 304,000 | 304,000 | 304,000 | 304,000 | 190,000 |
| Material Transportation | 2,400,000 | 2,400,000 | 2,400,000 | 2,700,000 | 2,700,000 | 2,300,000 |
| Electricity | 72,120 | 72,120 | 72,120 | 84,360 | 84,360 | 93,600 |
| Salaries & Wages | 244,710 | 173,546 | 171,853 | 163,066 | 166,531 | 189,000 |
| Payroll Tax & Employee Benefits | 63,624 | 45,122 | 44,682 | 42,397 | 43,298 | 49,140 |
| Depreciation Expense | 1,357,590 | 1,357,590 | 1,357,590 | 1,357,590 | 1,357,590 | 1,357,590 |
| **Total Cost of Sales** | **22,442,044** | **22,352,378** | **22,350,245** | **22,651,412** | **22,655,778** | **22,179,330** |
| **Gross Margin** | **1,122,102** | **1,117,619** | **1,117,512** | **1,132,571** | **1,132,789** | **1,108,966** |
| Taxes | 269,305 | 268,229 | 268,203 | 271,817 | 271,869 | 266,152 |
| **Net Income** | **852,798** | **849,390** | **849,309** | **860,754** | **860,920** | **842,815** |
| **Total Expenses (Incl. Taxes)** | **22,711,348** | **22,620,606** | **22,618,447** | **22,923,229** | **22,927,648** | **22,445,482** |

ဇစ်မြစ်-Investment Consulting Associates.

ဇယား ၇.၂ သည် ထုတ်လုပ်မှုနှစ်မျိုး လုပ်ကိုင်နေသော ရင်းနှီးမြှုပ်နှံသူတစ်ဦးက ဆုံးဖြတ်ချက်ချရသည့် ကိစ္စရပ် နှစ်ခုကို ပြသရာ လုပ်ငန်းတည်မည့် နေရာ ရွေးချယ်ခြင်းတွင် သုတေသနနှင့် ဖွံ့ ဖြိုးမှုလုပ်ငန်း၊ တီထွင် ဆန်းသစ်မှုများနှင့် သက်ဆိုင်ရာကုမ္ပဏီများ၏ တည်နေရာအပေါ် ဆုံးဖြတ်ချက်များအတွက် အဓိကအချက် များက ညွှန်ပြခြင်းများ ပါဝင်သည်။ သုတေသနနှင့် ဖွံ့ ဖြိုးမှုလုပ်ငန်းကို နိုင်ငံခြားတွင် အပ်နှံခြင်း သို့မဟုတ် ပြည်တွင်းတွင်ပြန် လည်အပ်နှံခြင်းတို့က ထုတ်လုပ်မှုကို နိုင်ငံခြားတွင် အပ်ခြင်း သို့မဟုတ် ပြည်တွင်းတွင် ပြန်လည်အပ်နှံခြင်းတို့၏ နောက်တွင် ဖြစ်ပေါ်လာသောအခါ ထုတ်လုပ်မှုနှင့်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် တီထွင်ဖန်တီးခြင်း တို့ကြားတွင် တစ်ခုနှင့် တစ်ခု အသက်ဝင်နေသော အပြန်အလှန်မှီတွယ်မှုရှိကာ တစ်စုံတစ်ဦးက ထိုစီးပွားရေး လုပ်ဆောင်မှုများအတွက် တည်နေရာကို ပူးတွဲ၍ သုံးကြရန် ပြောလာလိမ့်မည် (Idea Consult, 2014) ။

**ဇယား ၇-၂ ဖြစ်ရပ်လေ့လာမှု - ဥရောပကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမည့် တည်နေရာကို အာရှ-ပစိဖိတ်ဒေသတွင် လုပ်ဆောင်ရန် ဆုံးဖြတ်ခြင်း***

| | ဖြစ်ရပ် ၁ | ဖြစ်ရပ် ၂ |
|---|---|---|
| လုပ်ငန်းကဏ္ဍ | ဆောက်လုပ်ရေးအတွက် ပစ္စည်းများ၊ တီထွင်ဆန်းသစ်သော ပစ္စည်းများ | သံနှင့်သံမဏိမပါသော သတ္တုများ |
| အရွယ်အစား - ဝန်ထမ်းအရေအတွက် | ၅၀,၀၀၀ ထက်နည်း | ၁၀,၀၀၀-၂၅,၀၀၀ |
| ဖြစ်ရပ် - အိမ်ရှင်နိုင်ငံ | ထုတ်လုပ်မှုနှင့်သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ဆောင်မှုများသည် တရုတ်နှင့် အိန္ဒိယတွင်ရှိ | ထုတ်လုပ်မှုနှင့်သုတေသနနှင့် ဖွံ့ ဖြိုးမှု လုပ်ဆောင်မှုများသည် တရုတ်၊ ဂျပန် နှင့် တောင်ကိုးရီးယားတွင်ရှိ |
| တည်နေရာကို ပူးတွဲအသုံးပြုမှုရှိသ လား။ | ရှိပါသည်။ ထုတ်လုပ်မှုနှင့်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းတို့ တရုတ်နှင့်အိန္ဒိယတို့တွင်ပူးတွဲရှိနေ သည့်ပြင် လုပ်ငန်းဆောင်တာတို့မှာလည်းဆ က်စပ်နေ | ရှိပါသည်။ ထုတ်လုပ်မှုနှင့်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းတို့ ပူးတွဲရှိနေ သည့်ပြင် လုပ်ငန်းဆောင်တာတို့မှာ လည်း ဆက်စပ်နေ |
| တည်နေရာနှင့်ဆိုင်သော အချက်များ (အရေးပါမှုအများဆုံးမှအနည်းဆုံးသို့ အဆင့်သတ်မှတ်ထား) | -ပြည်တွင်းဈေးကွက် ရှိနေခြင်း<br>-ကုန်ကျစရိတ် တည်ဆောက်ထားပုံ<br>-ပြည်တွင်းမက်လုံးအစီအစဉ်<br>-ပြည်တွင်းအဖွဲ့ အစည်းများနှင့် ဆက် သွယ်မှု<br>-<br>တက္ကသိုလ်တူရာစုဖွဲ့မှုများ/သုတေသ န အသိုင်းအဝိုင်းနှင့် ထိတွေ့မှု | အရေးကြီးသော ဈေးကွက်ဇရိယာ တွင် ရှိနေခြင်း<br>-ဖောက်သည်များအနီးတွင် ရှိနေခြင်း<br>-အရေးပါသည့်နည်းပညာနယ်ပယ် တွင် ရှိနေခြင်း<br>-စီးပွားရေးနှင့် ကျွမ်းဝင်သော အုပ်ချုပ်ရေးနှင့်ကြိုးနီစနစ် အဆင့်နိမ့် |
| တန်ဖိုးမြှင့်ကွင်းဆက်အတွက်စ ဉ်းစား မှုများ | ဖောက်သည်များ၊ ဈေးကွက်များနှင့် နီး ခြင်းသည် အလွန်အရေးကြီးသည်။ | တန်ဖိုးမြှင့်ကွင်းဆက်ရှိခြင်းသည် အ လွန်အရေးကြီးသည်။ စားသုံးသူလို အပ်ချက်များ/ညှိနှိုင်းနိုင်သည့် စွမ်းအား၊<br>ဦးဆောင်နည်းပညာနယ်မြေတွင် ရှိနေ ခြင်း၏ အရေးပါမှု (တရုတ်၊ ဂျပန်နှင့် တောင်ကိုးရီးယားတွင် သိပ္ပံထိပ်တန်း တက္ကသိုလ်များရှိ) |
| ဈေးကွက်နှင့်ဆိုင်သော | ဈေးကွက်ရှိနေခြင်းသည် အဓိက | ဈေးကွက်ရှိနေခြင်းသည်အဓိကမောင်းနှင်အား |

| | | |
|---|---|---|
| စဉ်းစားမှုများ | မောင်းနှင်အားဖြစ်သည်။ | ြစ်သည်။ ပြည်တွင်းတွင် ရှိ နေရန် စားသုံးသူက တောင်းဆို၊ |
| မဟာဗျူဟာ | ထုတ်လုပ်မှုကို ပံ့ပိုးခြင်း (ပြည်တွင်းဈေးကွက်အတွက်အဖြေများရှာဖွေ)။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ကူညီ (ပြည်တွင်းဈေးကွက်အတွက် ဆန်းသစ်သည့်အဖြေများအဆိုပြု)။ | ဖြစ်နိုင်သော လုပ်ဆောင်မှုအသစ်များ ဖြင့်စတင်ပါ။ |
| နည်းပညာနှင့်တီထွင်ဖန်တီးနိုင်မှု | သုတေသနနှင့် ဖွံ့ ဖြိုးမှုကို အလွန်အလေးပေးသော ကုမ္ပဏီ | သုတေသနနှင့် ဖွံ့ ဖြိုးမှုကို အလွန်အလေးပေးသော ကုမ္ပဏီ |
| ထုတ်ကုန်နှင့်ထုတ်လုပ်မှု သွင်ပြင် လက္ခဏာများ | အလွန်ရှုတ်ထွေးသော ထုတ်ကုန်နှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် | အလွန်ရှုတ်ထွေးသော ထုတ်ကုန်နှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်။ ထုတ်ကုန်အ တွက် ပြည်တွင်းတွင် ပြန်ညှိပေးနိုင် |
| မိခင်နိုင်ငံအပေါ် အဓိကသက်ရောက် မှု | ကမ္ဘာလုံးဆိုင်ရာ ရောင်းချမှုနှင့် ဝင်ငွေ တိုး | အာရှတွင် လုပ်ဆောင်မှုများသည် ကု မ္ပဏီ၏ စုစုပေါင်းအရောင်းနှင့် ဝင်ငွေကို အထောက်အကူဖြစ် |
| အိမ်ရှင်နိုင်ငံအပေါ် အဓိကသက် ရောက်မှု | ဒေသခံ၏ တီထွင်မှုတိုးတက်ရေးနှင့် စွမ်းဆောင်နိုင်မှု အားကောင်း။ | အိမ်ရှင်နိုင်ငံအပေါ် အဓိကသက် ရောက်မှု |

ဇစ်မြစ်-Idea Consult (2014)

မှတ်ချက်။ လျှို့ ဝှက်အပ်သောကြောင့် ပါဝင်သော ကုမ္ပဏီအမည်များကို ဖော်ပြခြင်းမပြုပါ။
*"ကိစ္စရပ်" ကို တည်နေရာ (တွဲဖက်သုံးခြင်းလည်းဖြစ်နိုင်) အတွက် ဆုံးဖြတ်ချက်/အခမ်းအနား တစ်ခုဟု အဓိပ္ပါယ်ဖွင့်ဆို နိုင်ပြီး ၎င်းတွင် ထုတ်လုပ်မှု၊ သုတေသန နှင့်/သို့မဟုတ် ဖွံ့ ဖြိုးမှု၊ သို့မဟုတ် တီထွင်န်တီးမှု၊ သို့မဟုတ် အားလုံး အစုအပေါင်း (ဥပမာ-နိုင်ငံခြားမှ ထုတ်လုပ်မှုအသစ်အတွက် အဆောက်အဦတွင် ရင်းနှီးမြှုပ်နှံသည်) ။

## ၂။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများအတွက် စံနှုန်းသတ်မှတ်ခြင်း- အနီးကပ်ကြည့်ရှုခြင်း

အထက်တွင်ဖော်ပြထားသော လုပ်ငန်းတည်မည့်နေရာရွေးချယ်သည့် လုပ်ငန်းစဉ်ကိုလည်း IPA က လိုက်နာပါသည်။ IPA များသည် USP ကို ရေးဆွဲသည့်အချိန်တွင် ၎င်းတို့၏တည်နေရာအပေါ် စံနှုန်းများ သတ်မှတ်ခြင်းကို လုပ်ဆောင်နေပြီးဖြစ်သည်။ IPA များအတွက် မဟာဗျူဟာဆန်းစစ်ချက်တွင် ပုံမှန်အားဖြင့် တည်နေရာအတွက် SWOT သရုပ်ခွဲ လေ့လာမှု (ဇယားကွက် ၇-၆) ပါဝင်ပြီး ထို့နောက်တွင်မှ မိခင်နိုင်ငံနှင့် အခြားအိမ်ရှင်နိုင်ငံများမှ ပြိုင်ဆိုင်နေသည့် တည်နေရာများ၏ အားသာချက်နှင့် အားနည်းချက်များကို နှိုင်းယှဉ်သည့် စံနှုန်းသတ် မှတ်ခြင်းကို လုပ်ဆောင်သည်။ ၎င်းကို ပြိုင်ဆိုင်၍ နေရာယူခြင်း (competitive positioning) ဟုလည်းခေါ်သည် (Loewendahl, 2001)။ စံနှုန်းသတ်မှတ်ခြင်းသည် တစ်စုံတစ်ခု၏ စီးပွားရေးရာသီဥတုနှင့် လုပ်ဆောင်ချက်ကို အခြားဒေသတွင်း သို့မဟုတ် ကမ္ဘာမှ ပြိုင်ဆိုင်သူများက ရှာဖ ွေတွေ့ ရှိစေရန် နှိုင်းယှဉ်သော လုပ်ငန်းစဉ်ဖြစ်သည်-

- သူတို့ ဘာတွေ ပိုကောင်းသလဲ။
- သူတို့ ပိုမိုကောင်းမွန်စေရန် ဘာတွေလုပ်ကိုင်နေသလဲ။
- ကျွန်ုပ်တို့ ဘာကိုသင်ယူနိုင်သလဲ။
- ကျွန်ုပ်တို့ မည်ကဲ့သို့မှီအောင်မည်သို့ လိုက်မည်နည်း။
- သတ်မှတ်ထားသောအမျိုးအစားအုပ်စုတွင် မည်သို့ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်နိုင်မလဲ။

ထို့ကြောင့် စံနှုန်းသတ်မှတ်ခြင်းများသည် အလွန်အရေးပါပါသည်-

- အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် တည်နေရာအတွက် ဆုံးဖြတ်ခြင်းများ၏ ရှုပ်ထွေးမှုများကို နားလည်ရန်။
- ဒေသတွင်း၌ ယှဉ်ပြိုင်နေသည့် အခြားရွေးချယ်စရာ တည်နေရာများနှင့် နှိုင်းယှဉ်၍အိမ်ရှင်၏ တည်နေရာအကြောင်း ဓမ္မဓိဋ္ဌာန်ကျကျနှင့် လက်တွေ့ကျကျ"ပုံပေါ်" အောင် ဖော်ပြရန်။
- အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူ၏ အချက်အလက်ကို အခြေခံသော ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက် ချမှတ်ရာတွင် အကူအညီပေးရန်။
- IPA ကို ဗဟုသုတကြွယ်ဝသောပရော်ဖက်ရှင်နယ်အဖွဲ့ အစည်းအဖြစ် ထုတ်ဖော်ပြသရန်။
- USP များကို အတွင်းကျကျသိမြင်မှုများကို စဉ်ဆက်မပြတ် ဖြည့်ဆီးပေးရန်နှင့် စောင့်ကြည့်ရန်၊ တည်နေရာ၏ အားနည်းချက်များကို လျှော့ချရန်။

## ဇယားကွက် ၇-၆ တည်နေရာအပေါ် စံနှုန်းသတ်မှတ်ခြင်းအတွက် SWOT သရုပ်ခွဲလေ့လာမှု

SWOT သရုပ်ခွဲလေ့လာခြင်းသည် တည်နေရာတစ်ခု၏ အင်အားများ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို အခြားတည်နေရာများနှင့် နှိုင်းယှဉ်၍ ဆန်းစစ်ရာတွင်အရေးကြီးသည်။ ထိုဆန်းစစ်ချက် ပြုလုပ်ရန် အတွက် မေးခွန်းတစ်စုံကိုမေးမြန်းရန်လိုအပ်ပါသည်။ ထိုမေးခွန်းများသည် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များနှင့် ဦးစားပေးများကို သေချာစွာ အကဲဖြတ်ထားမှုအပေါ် အခြေခံရန် လိုအပ်သည်။ ဥပမာ -

**အားသာချက်နှင့်အားနည်းချက်များ**။အားသာချက်နှင့်ပတ်သက်၍ ဆိုရပါက ရင်းနှီးမြှုပ်နှံသူ၏ ရှုဒေါင့်မှ ကြည့်လျှင် လုပ်သား အင်အားရရှိနိုင်မှုနှင့်ပတ်သက်ပြီး အလားအလာရှိသည့်ရင်းနှီးမြှုပ်နှံမည့်နေရာဖြစ်ရန် ဘာတွေက ဆွဲဆောင်နိုင်မလဲ ဆိုသည့် အချက်မျိုးဖြစ်သည်။ အခြေခံအဆောက်အအုံ (အထူးစီးပွားရေးဇုန်) က နီးစပ်မှုရှိသလား၊ သဘာဝ သယံဇာတ နှင့်/ သို့မဟုတ် ဈေးကွက်အနီးမှာ ရှိသလား၊ တယ်လီဖုန်းဆက်သွယ်ရေး၊ အပန်းဖြေခြင်း၊ သီးသန့် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းနှင့် မက်လုံးများရှိသော ဧရိယာ စသည်တို့ဖြစ်သည်။ အားနည်းချက်များနှင့်ပတ်သက်၍ဆိုရပါက မေးခွန်းမှာ ရင်းနှီးမြှုပ်နှံသူ၏ ရှုဒေါင့်မှကြည့်လျှင် လုပ်ငန်း တည်မည့်နေရာ/တည်နေရာတွင် ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်များ အတွက် မရှိသေးသည့် အရာများကဘာတွေလဲ ဟုဖြစ်သည်။ မေးခွန်းတွင် တူညီသည့်ဝေါဟာရများနှင့် သတ်မှတ်ချက် အမျိုး အစားများကို အသုံးပြုနိုင်ပါသည်။

အားသာချက်များနှင့် အားနည်းချက်များကို အခြားအချက်များအပေါ်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များ နှင့် ဦးစားပေးများအပေါ်တွင်သာ လုံးလုံးအခြေခံလျက် ဆန်းစစ်နိုင်သည်။ သို့သော် နှိုင်းယှဉ်ခြင်းကို အခြေပြု၍ လုပ်ဆောင်သော အလားတူဆန်းစစ်ချက် (အခြားတည်နေရာများအတွက် SWOT ကို ရည်ညွှန်းလျက်) သည် စံနှုန်း သတ်မှတ်ခြင်း လုပ်ဆောင်မှုကို အခြေပြုသော ဆန်းစစ်မှုနှင့် အံဝင်နိုင်က ၎င်းသည် စိတ်ထဲတွင် မှတ်ထင်ထားသော အင်အားဟူသော အရာများသည် တကယ်တမ်းတွင် ထင်သလောက် အားမကောင်းကြောင်း ထုတ်ဖော်ပေးခြင်း သို့မဟုတ် စိတ်ထဲတွင် မှတ်ထင်ထားသော အားနည်းချက်များကလည်း အခြားနေရာများနှင့် ယှဉ်ပါက သိပ်မဆိုးကြောင်း ထုတ်ဖော် ပေးခြင်းများ ရှိပါသည်။

**အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများ**။ ဤနေရာတွင် မေးခွန်းမှာ တည်နေရာတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှု ပြုရန် (အခွင့်အလမ်းများ) ထွက်ပေါ်လာသော၊ အပေါင်းလက္ခဏာဆောင်သော (အခွင့်အလမ်းများ) သို့မဟုတ် အနုတ် လက္ခဏာဆောင်သော (ခြိမ်းခြောက်မှုများ) အဓိကလမ်းကြောင်းများနှင့် ဖြစ်ပေါ်တိုးတက်မှုတွေက ဘာတွေလဲဆိုသည့် မေးခွန်းဖြစ်သည်။ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများသည် တည်နေရာတစ်ခု၏ လက်ရှိအားသာချက်များနှင့် အား နည်းချက်များအပေါ် သက်ရောက်မှုရှိနိုင်ပြီး အဆိုပါလက်ရှိအားသာချက်များနှင့်အားနည်းချက်များသည် ငြိမ်နေမည် မဟုတ်ဘဲ အချိန်နှင့်အမျှ ပြောင်းနိုင်သည်။ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများသည် အားသာချက်များနှင့် အားနည်း ချက်များကဲ့သို့ပင် တည်နေရာနှင့်သာ သီးသန့် သက်ဆိုင် သော်လည်း အခွင့်အလမ်းများအဖြစ် ပြောင်းသွားသည့် စစ်မှန် သော လမ်းကြောင်းများနှင့် ဖြစ်ပေါ်တိုးတက်မှုများသည် လုပ်ငန်းကဏ္ဍတစ်ခုအတွက် နောက်ဆုံး ထွက်ပေါ်လာသော ကနဦး ဖြေလျှော့ပေးမှု ဖြစ်လာနိုင်သည်၊ နှစ်ဦးသဘောတူ သို့မဟုတ် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်၏ နိဂုံးဖြစ်လာနိုင်သည်၊ သဘာဝသယံဇာတအသစ်တွေ့ ရှိမှုဖြစ်လာနိုင်သည်၊ အဆန်းသစ်ဆုံး အိုင်ဒီယာများနှင့် သွင်ပြင် လက္ခဏာများပါဝင်သော အထူးစီးပွားရေးဇုန်တစ်ခု တည်ဆောက်ခြင်းလည်း ဖြစ်လာနိုင်သည်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း ကမကထပြုမှုက ကြန့်ကြာနေခြင်းလည်း ဖြစ်နိုင်သည်၊ မက်လုံးအသစ်များ မိတ်ဆက်ပေးခြင်းလည်း ဖြစ်နိုင်သည်။ ထင်ရှားသောအချက်မှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒကို ပြောင်းလဲမှုများသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဖြေလျှော့ပေး ခြင်း သို့မဟုတ် ကန့်သတ်လိုက်ခြင်းအပေါ် မူတည်၍ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုနှစ်ခုစလုံး ဖြစ်စေနိုင်သည်။ ထိုနည်းတူစွာပင် ခြိမ်းခြောက်မှုများတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခု စဉ်ဆက်မပြတ်ရှိစေခြင်းကို အားနည်းစေသည့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်စေခြင်းများ၊ အလုပ်သမားဆန္ဒပြမှုများနှင့် သပိတ်မှောက်မှုများ၊ သဘာဝ ဘေးအန္တရာယ်များ ဖြစ် ပွားခြင်း (ငလျင်လှုပ်ခြင်း၊ ဆိုက်ကလုံးမုန်တိုင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ခြင်း အစရှိသဖြင့်)၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီး

မြုပ်နှံမှုနှင့် ပတ်သက်ပြီး အစိုးရအတွင်း အိုင်ဒီယာအမျိုးမျိုးနှင့် ပြောင်းလဲခြင်းများ၊ ကောင်းမွန်သော ကုန်သွယ်မှု အထူး အခွင့်အရေးများ သက်တမ်းကုန်သွားခြင်း၊ အလွှာစုံကုန်သွယ်မှုသဘောတူညီချက်များတွင် ပြောင်းလဲမှုများ၊ ဝန်ဆောင်မှု အတွက် အခြေခံ အဆောက်အဦများ မလုံလောက်ခြင်းကြောင့် လျှပ်စစ်မီးပြတ်တောက်ခြင်း စသည်တို့ ပါဝင် သည်။

အထူးသဖြင့်အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို IPA များက ဖော်ထုတ်ရန်လိုအပ်ရာ ပြည်တွင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၊ အဓိကအစိုးရဝန်ကြီးဌာနများနှင့်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် ပါဝင် ပတ်သက်နေသူများဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲများ၊ တွေ့ဆုံမေးမြန်းခြင်းများမှတဆင့် အားသာချက်၊ အားနည်းချက်များ ကို အကြံဉာဏ်ယူခြင်းများ လုပ်ဆောင်သင့်သည်။ ရလဒ်များကို လွတ်လပ်သော စီစစ်မှုများနှင့် အသေးစိတ်လေ့လာမှု များကို နောက်ထပ် သုတေသနများ ပြုလုပ်ရန်လိုအပ်သည်။ ထိုသို့လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ တည်နေရာ တစ်ခုကို သီးသန့်ကဏ္ဍတစ်ခုအတွက် သီးသန့်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းအတွက် အလားအလာရှိသော နောက်ဆုံး ရွေးချယ်စရာ နေရာအဖြစ် အလားအလာကောင်းအပေါ် လက်တွေ့ကျသော ဆန်းစစ်ချက်တစ်ခု ရရှိလာရန် ဖြစ်သည်။

ဇစ်မြစ်-ကမ္ဘာ့ဘဏ်/MIGA (2000a) ။

စံနှုန်းသတ်မှတ်ခြင်းသည် အခြားတည်နေရာများ၏ သွင်ပြင်လက္ခဏာများအား ပုံတူကူး၍ ရရှိလာ သည့် ရလဒ်များ မဖြစ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် အခြေအနေများမှာ ဘယ်သောအခါမှ တူညီခြင်း မရှိခြင်းကြောင့်ဖြစ်သည်။ အရေးပါသော ကွဲပြားသည့် အချက်များကို နားလည်သဘောပေါက်၍ အဆိုပါ အချက်များကို သင်၏ သီးသန့်ကိစ္စရပ်နှင့် ပတ်ဝန်းကျင်တွင်အသုံးပြုပါ။ ၎င်းမှာ ကွာဟနေသော အချက် များကို ဖော်ထုတ်ခြင်းသာဖြစ်သည်။ ကွာဟချက်များကို ကိုင်တွယ်ဖြေရှင်းရန် မူဝါဒအရေးဆိုမှုများကို အသုံးပြု၍ လိုအပ်သော လုပ်ဆောင်စရာများကို အကောင်အထည်ဖော်တုန့်ပြန်ဆောင်ရွက်ခြင်းဖြင့် ကွာဟ ချက်ကို ကျဉ်းမြောင်း အောင် လုပ်ဆောင်ပါ။

IPA များသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း (၎င်း၏ မျှော်မှန်းသော အမြတ်ငွေကို သိလျှင် ပိုကောင်းသည်) ကို နားလည်သဘောပေါက်ရန် လိုအပ်ပြီး ထိုကုမ္ပဏီ၏ မျှော်မှန်းချက်များကို ပြည့်မီစေရေးသေချာစေရန် တည်နေရာအား ပိုကောင်းအောင် လုပ်ဆောင်နိုင်မည့်နည်းလမ်းများကို ရှာဖွေရန်လည်း လိုအပ်သည်။ ဘဏ္ဍာ ငွေဆိုင်ရာ အချိုးအစားများအပေါ် အခြေခံ၍ စံနှုန်းများသတ်မှတ်ခြင်းကို လုပ်ဆောင်ရာတွင် ရင်းမြစ် အားလုံးနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ အားလုံးအား ရှင်းရှင်းလင်းလင်းနှင့် တည်နေရာ တစ်ခုချင်းစီ အတွက် တသမတ်တည်းအခြေခံ၍ အသုံးပြုရန်မှာ အရေးကြီးသည်။ သို့မဟုတ်ပါက IPA များသည် ပန်းသီးကို လိမ္မော်သီးနှင့် နှိုင်းယှဉ်သလို ဖြစ်နေပေလိမ့်မည်။

အမှန်စင်စစ်တွင်လည်းစံနှုန်းသတ်မှတ်ခြင်း၏ နောက်ကွယ်မှ အခြေခံသည့် အိုင်ဒီယာမှာ နိုင်ငံများ သည် ရင်းနှီးမြှုပ်နှံမည့် တည်နေရာကို ရှာဖွေရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ချဉ်းကပ်ပုံ နည်းလမ်းများအား နားလည် သဘောပေါက်ခြင်းဖြင့်သာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် ယှဉ်ပြိုင်နိုင်သည်။ စံနှုန်း သတ်မှတ်ခြင်းတွင် ရင်းနှီးမြှုပ်နှံပြီးမှ နောက်ပိုင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းဆောင်တာများလည်း ရှိသည်။ ၎င်းသည် လက်ရှိရင်းနှီးမြှုပ်နှံမှုများကို ထိန်းသိမ်းရန် အာရုံပြုကာ FDI တိုးချဲ့ခြင်း (ယခင်နေရာ ဟောင်းများကို ရှင်းလင်းပြီး အသင့်ထားရှိသောနေရာတွင် တိုးချဲ့နိုင်သည်) ကို ကူညီရန်ဖြစ်သောကြောင့် လက်ရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေးကို အားကောင်းအောင်လုပ်ပေးသည်။ တစ်ခုလုံးအပေါ် ခြုံ၍

သတ်မှတ် ထားသော စံနှုန်းများရှိသော်လည်း ကုမ္ပဏီတိုင်းသည် လုပ်ငန်းစဉ်ကို လွှမ်းမိုးနိုင်မည့် များပြားလှသော လုပ်ငန်းတည်မည့် နေရာများအနက် အလေးပေးခြင်းပြုလုပ်နိုင်မည့် ကိုယ်ပိုင်ဖော်မြူလာ ရှိကြသည်။ ထို့အပြင် တည်နေရာတစ်ခုချင်းစီတွင်လည်း ရင်းနှီးမြှုပ်နှံသူများ၏ အမျိုးမျိုးသော စီးပွားရေး လုပ်ဆောင်မှုများကို ဆွဲဆောင်နိုင်မည့် နေရာကို အရယူနိုင်သည့်ကိုယ်ပိုင်အခွင့်အလမ်းများကိုယ်စီရှိကြသည်။ IPA များနှင့် မူဝါဒချမှတ်သူများသည် ထိုအချက်ကို သိထားသင့်သည်။ ခြုံ၍ဆိုရပါက စံနှုန်းသတ်မှတ်ခြင်းသည် တဖက်တွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုရာသီဥတုအတွင်း ရှုပ်ထွေးမှုများနှင့် ကွာဟချက်များကို ဖော်ထုတ်ပေးကာ အခြားတဖက်တွင်လည်း ရင်းနှီးမြှုပ်နှံသူများစုဖွဲ့ပြီး လုပ်ငန်းတည်ရန် နေရာရွေးချယ်ခြင်း၏ နက်နဲပုံနှင့် အဆင့်မြင့်ပုံကို ဖော်ထုတ်ပေးခြင်းကြောင့် IPA များနှင့် မူဝါဒချမှတ်သူများအတွက် အသုံးဝင်သော နည်းလမ်း (tool) ဖြစ်ကြောင်း သက်သေပြနိုင်သည်။

IPA များသည် ပြည့်စုံပြီး၊ ထိရောက်သော စံနှုန်းသတ်မှတ်ခြင်းလုပ်ဆောင်မှုအတွက် အဆင့်အမျိုးမျိုးကို တာဝန်ယူလုပ်ဆောင်ရန် လိုအပ်သည်-

- ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို အခြေခံသည့်စံနှုန်းများ၊
- အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များနှင့် ကိန်းဂဏန်းများကို ဖော်ထုတ်ပါ -
    - ပရောဂျက်သည်အလုပ်အကိုင် ဘယ်လောက်လိုအပ်မည်နည်း။
    - မည်သို့သော အလုပ်အကိုင်အမျိုးအစားတွေလဲ။
    - အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူအနေဖြင့် မြေ သို့မဟုတ်ရုံးနေရာ ဘယ်လောက် လိုအပ် သလဲ။
    - ဝန်ဆောင်မှု အသုံးပြုမည့်ပမာဏ၊
    - သယ်ယူပို့ဆောင်ရေး/သိုလှောင်ရန်နေရာများ၊
- သင်၏ ဒေသအတွင်း သီးသန့်အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုပရောဂျက်များအတွက် ပြိုင်ဆိုင် နေသော နိုင်ငံများ နှင့်/သို့မဟုတ် ဒေသများစာရင်းကို ဖော်ထုတ်ရေးသားပါ၊
- ရင်းနှီးမြှုပ်နှံမှုပရောဂျက်များအတွက် သက်ဆိုင်သည့် တည်နေရာနှင့် ဆိုင်သော အချက်အလက်များကို ဖော်ထုတ်ပါ -
    - အလုပ်သမားစရိတ်များ၊
    - အခွန်ကောက်ခံမှုများ၊
    - အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အသုံးပြုနိုင်မှု၊

- ရင်းနှီးမြှုပ်နှံမှုပရောဂျက်များအောင်မြင်ရန် မည်သည့်တည်နေရာနှင့်ဆိုင်သော အချက်များက အသက်တမျှ အရေးပါသည်၊ မည်သည်တို့က အရေးကြီးသည်တို့ကို ဖော်ထုတ်ပါ -

  - အသက်တမျှ အရေးပါသည် - လုပ်အားခနည်း၊

  - အသက်တမျှ အရေးပါသည် - ဝန်ဆောင်မှုအသုံးပြုခ စရိတ်များ၊

  - အရေးကြီးသည် - ကျွမ်းကျင်လုပ်သားရရှိနိုင်မှု၊

  - အရေးကြီးသည် - လက်လှမ်းမီ ရယူနိုင်မှု။

စံနှုန်းသတ်မှတ်ခြင်းသည် အချိန်ကိုက်လုပ်ဆောင်နိုင်မှုတွင် တသမတ်တည်းဖြစ်နေသင့်သည်။ တနည်းဆိုရလျှင် တည်နေရာ၏ သွင်ပြင်လက္ခဏာများသည် နှိုင်းယှဉ်ရမည့်အချိန်တွင် ကောက်ယူပြီး ဖြစ်သင့်သည်။

စံနှုန်းသတ်မှတ်ခြင်းကို လုပ်ဆောင်ရန်အတွက် IPA များသည်သတ်မှတ်ထားသော တည်နေရာများ၏ သတင်းအချက်အလက်များနှင့် စာရင်းဇယားများကို ရယူနိုင်ရန် လိုအပ်သည်။ ထိုသို့သော သတင်းအချက်အလက်များသည် အမြဲတစေတော့ အဆင်သင့်ရှိနေခြင်းမရှိဘဲ ကုန်ကျစရိတ် အတော်များများကို အသုံးပြုမှသာ ရယူနိုင်သည်လည်းရှိနိုင်သည်။အသုံးဝင်နိုင်သော သတင်းအချက်အလက်များ၏ ဇစ်မြစ်များမှာ စာရင်းဇယားဗျူရို၊ EuroStat၊ United States Census၊ ပြည်တွင်းနှင့် ဒေသတွင်းမှ ဗျူရိုများစသည့် အကျိုး အမြတ်ယူ လုပ်ဆောင်သောအဖွဲ့များက တာဝန်ယူရေးသားသည့် အချက်အလက်ဆိုင်ရာ အစီရင်ခံစာများဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် UNCTAD၊ ကမ္ဘာ့ဘဏ်၊ OECD တို့၏ အစီရင်ခံစာများ၊ လွတ်လပ်သောဇုန်နှင့် စက်မှုဇုန်များ၏ စရိတ်နှင့်ပတ်သက်သော အမျိုးအစားအပေါ် စစ်တမ်းအချက်အလက်များ၊ EIU၊FDI executive၊ Creopoint စသည့်အထူးပြု မီဒီယာများနှင့် အွန်လိုင်းအုပ်စုများ၊ တစ်ဦးတည်းပိုင် အချက်အလက် ရင်းမြစ်များနှင့် တိုက်ရိုက် တွေ့ဆုံမေးမြန်းခြင်းများကလည်း ရင်းမြစ်များဖြစ်သည်။ ပြည့်စုံသည့် အချက်အလက် သိုမှီးထားသည့် နေရာ (database) မှာ ကမ္ဘာတစ်လွှားမှ တည်နေရာ ဖြဂဝကျော်အတွက် အဓိက ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ညွှန်းကိန်းများကို ဖော်ပြထားသော ပြည့်စုံသည့် အချက်အလက်အတွဲပေါင်း များစွာ ပါဝင်သော Financial Times fDi Benchmark Services (https://www.fdibenchmark.com) ဖြစ်သည်။

## ၃။ တည်နေရာ၏ တန်ဖိုးအဆိုပြုမှု (Location Value Proposition) ကို ပြင်ဆင်ခြင်းနှင့် တင်ပြခြင်း

### *(က) LVP ကို ပြင်ဆင်ခြင်း*

စံနှုန်းသတ်မှတ်ခြင်းသည် အားကောင်းသည့် LVP များ ဖြစ်လာအောင် ပြင်ဆင်ရာတွင် အခြေခံရမည့် အချက်များကို ဖြည့်ဆီးပေးသည်။ အားကောင်းသည့် LVP များသည် ရင်းနှီးမြှုပ်နှံသူများအတွက် အိမ်ရှင်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော သက်ဆိုင်သည့် အချက်အားလုံးအား ရှင်းရှင်းလင်းလင်း နားလည်စေနိုင်သည့် ခြုံငုံဖော်ပြမှုကို ဖြည့်ဆီးပေးသည်။ထိုအချက်က LVP ကို IPA တို့ မကြာခဏ အသုံးပြုသည့် အရေးအကြီးဆုံး ဈေးကွက်မြှင့်တင်ရေးလက်နက် (tool) တစ်ခုဖြစ်လာစေသည်။ ပုံရိပ် တည်ဆောက်သည့် အခြေအနေ တွင် တည်နေရာစံနှုန်းသတ်မှတ်ခြင်းကို ရင်းနှီးမြှုပ်နှံမည့်သူများ၏ ခံယူထားသောအမြင်နှင့် ပတ်သက်သော စစ်တမ်း ကောက်ယူခြင်းနှင့်အတူ တပြိုင်နက်လုပ်ဆောင်လေ့ရှိရာ LVP များသည် ရှေ့သို့ တစ်လှမ်းတိုးခြင်း ဖြစ်ကာပိုမို ပြည့်စုံသည့် သတင်းအချက်အလက်များပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ရည်ရွယ်ချက်များအတွက် ပိုမိုသင့်လျော်သည်။ LVP သည် အိမ်ရှင်နိုင်ငံ သို့မဟုတ် တည်နေရာနှင့် ဆက်စပ်သည့် အရေးကြီးသော စီးပွားရေးရာသီဥတုနှင့်ဆိုင်သော အချက်အားလုံးကို မီးမောင်းထိုးပြသင့်ပါသည်။ ထူးခြားသော စွမ်းဆောင်နိုင်ရည်များနှင့် ကျိုးကြောင်းဆီလျော်မှုရှိသည့်ကုန်ကျစရိတ်အဆင့်များကို အဆိုပြုနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရမည့် တည်နေရာများသည် ယေဘုယျအားဖြင့် စံနှုန်းသတ်မှတ်ခြင်းလုပ်ဆောင်ရာ၌ အဆင့်သတ်မှတ်ချက်မြင့်တတ်သည်။ ဆိုလိုသည်မှာရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်မှုရှိသည်ဟု ဆိုနိုင်သည်။

LVP များသည် စာရင်းဇယားများကိုသာ ပြသခြင်းမဟုတ်ပဲ ဆွဲဆောင်နိုင်စွမ်းရှိသော တန်ဖိုးအဆိုပြုချက်ထွက်ပေါ်လာရန် အားကောင်းသည့် သုံးသပ်ချက်ပြုရာတွင်လည်း အထောက်အကူပြုသည်။ ထိုနှစ်ခုစလုံးကို လုပ်ဆောင်ရခြင်း၏ အားသာချက်မှာ IPA ၏ တန်ဖိုးအဆိုပြုချက်သည်အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်လာစေသည်။ တန်ဖိုးအဆိုပြုချက်ကို တိုတိုတုတ်တုတ်၊ ရိုးရိုးရှင်းရှင်းနှင့် ဦးစားပေးလုပ်ငန်းကဏ္ဍ တစ်ခုစီအတွက် တစ်ခုစီရေးသားရမည်ဖြစ်သည်။ အဆင့်မီသော ရင်းမြစ်များကိုသာ အသုံးပြုပါ (တိုက်ရိုက်ကိုးကားပါ၊ နောက်ဆုံးပေါက်ဈေးများ၊ စသည်) ။

ဇယားကွက် ၇-၇ သည် တောင်အာဖရိကနိုင်ငံတွင် သတင်းအချက်အလက်နည်းပညာကဏ္ဍ၌ အားကောင်းသော LVPဥပမာကို ပြသပါသည်။

**ဇယားကွက် ၇-၇ တောင်အာဖရိကနိုင်ငံတွင် သတင်းအချက်အလက်နည်းပညာကဏ္ဍ၌ တန်ဖိုးအဆိုပြုမှု နမူနာ**

- သင်၏ လုပ်ဆောင်မှုအတွက် လိုအပ်သော IT ဝန်ထမ်းကို ရှာပါ - ကိတ်ပ်တောင်းဒေသတွင် IT ဝန်ဆောင်မှုများ၌ လူ ၁၇,၀၀၀ ခန့်ထားလျက်ရှိသည်။ ထို့အပြင် ကျောင်းသား ၄၅,၀၀၀ ခန့်ရှိရာ ကိတ်ပ်တောင်းသည် နှစ်စဉ် အလုပ်ခွင်ဝင်နေသော ပညာတတ်များကို မွေးထုတ်လျက်ရှိသည်။
- အာဖရိက၏ ဆာဟာရဒေသခွဲတွင် ဆော့ဖ်ဝဲနှင့် IT ဝန်ဆောင်မှုများတွင် အကောင်းဆုံးတည်နေရာ - ကိတ်ပ်တောင်း သည် အာဖရိက၏ ဆာဟာရဒေသခွဲတွင် ဆော့ဖ်ဝဲနှင့် IT ဝန်ဆောင်မှုတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် ရှေ့မှဦးဆောင်နေသော တည်နေရာဖြစ်ရာ Amazon.com ၊ Computer Sciences Corpo- ration ၊ Propel Software ၊ End2End ၊ Amcat, Tamar နှင့် Escrow Europeအပါအဝင် ရင်းနှီးမြှုပ်နှံသူများရှိပါ သည်။ ထို့အပြင် ကိတ်ပ်တောင်းတွင် IT နှင့်ဆော့ဖ်ဝဲကုမ္ပဏီ ၂၀၀ ကျော်ရှိသည်။
- ကြီးမားပြီး စွမ်းအားအပြည့်ရှိသော ဈေးကွက် - ကိတ်ပ်တောင်းတွင် ဒတ်ဘာလင်၊ ဘူတာပက်၊ ဝါဆောသို့မဟုတ် ပရပ်ခ်တို့တွင်ရှိသော စီးပွားရေးထက်ကြီးသော €၄၀ ဘီလီယံ စီးပွားရေးရှိသည်။ ကိတ်ပ်တောင်းသည် အားကောင်းသော စီးပွားရေးကြီးထွားနှုန်း သေချာခြင်းကြောင့် ICT ကုမ္ပဏီများအတွက် စီးပွားရေးအခွင့်အလမ်း အများအပြားကို ဆက်လက်အဆိုပြုပေးနိုင်ဦးမည်ဖြစ်သည်။

များမကြာသေးမီက တောင်အာဖရိကသည် ပြင်ပသို့ အပ်နှံခြင်းနှင့် နိုင်ငံခြားတွင် အပ်နှံခြင်း (BPO&O) ပြုလုပ်သည့် ဆွဲဆောင်မှုရှိသော စီးပွားရေးလုပ်ငန်းစဉ်ကို စတင်ခဲ့ရာ တောင်အာဖရိကသည် ထိုရည်ရွယ်ချက်အတွက် တန်ဖိုး အဆိုပြုချက်ကို ရေးသားခြင်းဖြစ်သည်။

ဇစ်မြစ် - IT Value Proposition for Wesgro, Cape Town, developed by fDi Intelligence, Financial Times Lt.

ဇယားကွက် ၇-၇ ၏ ဥပမာက ပြသသည်မှာ စီးပွားရေးနှင့်ဆိုင်သော အချက်များ (IT လုပ်သား ၁၇,၀၀၀၊ ကျောင်းသား ၄၅,၀၀၀၊ € ၄၀ ဘီလီယံ စီးပွားရေး) သည် တန်ဖိုးအဆိုပြုမှုအပေါ် အများစုလက်ခံ အသိအမှတ်ပြုမှု တိုးလာစေသည်ဟုဖြစ်သည်။ စီးပွားရေးနှင့်ဆိုင်သော စာရင်းဇယားအချက်များကို ဆွဲဆောင်မှုရှိသော တန်ဖိုးအဆိုပြုမှုနှင့်တွဲ၍ ပြသလာခြင်းသည် တဖက်လူ ယုံကြည်လာအောင် လုပ်ဆောင်နိုင် သည့် ဈေးကွက် မြှင့်တင်ခြင်းလက်နက် (tool) တစ်ခုဖြစ်သည်။

*(ခ) LVP အားတင်ပြခြင်း*

တည်နေရာကို ထိရောက်စွာ မြှင့်တင်နိုင်ရန် IPA ၏အကြီးတန်းအရာရှိများသည် ကောင်းမွန်စွာ ရှင်းလင်း တင်ပြမှုပေးနိုင်သည့် ကျွမ်းကျင်မှုရှိရမည် ဖြစ်သည်။ ၎င်းတွင် ရှင်းလင်းတင်ဆက်ခြင်း ပြုလုပ်ရုံသာမက ရှင်းလင်း တင်ပြမှုမလုပ်မီ ပြင်ဆင်ခြင်းလည်း ပါဝင်သည်။

မကြာခဏဆိုသလိုပင် IPA မှ တာဝန်ရှိသူများသည် မည်သူမဆိုအားလုံးနီးပါးယူ၍ အသုံးပြု နိုင်သော အထွေထွေ ရှင်းလင်းတင်ပြမှုကို အသုံးပြုလေ့ရှိသည်။ သို့သော် ထိုသို့ အလွန် ယေဘုယျကျသော တင်ပြမှု မျိုးသည် ကောင်းမွန်သော နည်းဗျူဟာဟုတော့ သတ်မှတ်၍မရနိုင်ပါ။ ၎င်းတို့သည် ရှင်းလင်း တင်ပြမှု ကို မိမိဦးတည်သော ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားနှင့် ကိုက်ညီအောင် ပြင်ဆင်ထားသင့်ပြီး ဈေးကွက်မြှင့်တင်သည့် ဖော်ပြချက်များကို မှန်ကန်ကြောင်းပြသနိုင်ရန် အချိန်နှင့် တပြေးညီ အချက်အလက်များနှင့် ကိန်းဂဏန်းများကို အသုံးပြုသင့်သည်။ အမှန်အတိုင်းဆိုရလျှင် ရှင်းလင်းတင်ပြပွဲတွင် တက်ရောက်သူ ပရိသတ်များသည် သီးသန့်လုပ်ငန်းကဏ္ဍမှ ဦးတည်သော အုပ်စုနှင့် နှိုင်းယှဉ်လျှင် မတူကွဲပြားသူ အမျိုးမျိုး တက်ရောက်လာပါက အထက်ကဆိုသလို ပြုလုပ်ရန် ပိုမိုခက်ခဲနိုင်သည်။ သို့သော် မည်သို့ပင်ဆိုစေ IPA အနေဖြင့် ၎င်းဦးတည်ရန် မျှော်မှန်းသော ပရိသတ်အမျိုးအစားကို ပစ်မှတ်ထား တင်ဆက်နိုင်ရန် ကြိုးစားသင့်သည်။ IPA အနေဖြင့် ရှင်းလင်းတင်ပြမှုတွင် ရှင်းလင်းသော ရည်ရွယ်ချက်ရှိကြောင်း သေချာအောင် လုပ်သင့်သည်။ IPA က ၎င်း၏ ပရိသတ်ကို ပေးချင်သည့် အဓိကပွိုင့်များက ဘာတွေလဲ။ အထက်က ဆိုသကဲ့သို့ သတိရနေသင့်သည်မှာ ပထမဆုံး တွေ့ဆုံချိန်တွင် အထင်ကြီးမှုရအောင် လုပ်ဆောင်နိုင်သည့် အခွင့်အရေးမျိုး နောက်တစ်ကြိမ် ဘယ်တော့မှ မရနိုင်ဟူ၍ဖြစ်သည်။

အကယ်၍ ရှင်းလင်းတင်ပြမှုအတွက် အချိန်ဘယ်လောက်ပေးရမည်ကို မသေချာပါက ပွဲစီစဉ်သူကို မေးသင့်သည်။ အကယ်၍ ရှင်းလင်းတင်ပြမှုသည် ပေးထားသော အချိန်အတွင်းမပြီးနိုင်ပဲ ရှည်လျားလွန်းပါက တင်ပြသူအနေဖြင့်အရေးကြီးသော သတင်းစကားအားလုံး ပါဝင်ရန် မဖြစ်နိုင်ပေ။

ယနေ့အချိန်အခါတွင် ပရော်ဖက်ရှင်နယ်အကျဆုံးရှင်းလင်းတင်ပြမှုများကို မိုက်ခရို ဆော့ဖ်ပါဝါပွိုင့်ဖြင့် ပြင်ဆင်ကာ ပိတ်ကားတွင် ပရိုဂျက်တာဖြင့် ပြသပါသည်။ ဤနည်းလမ်းသည် စာသားကို ရိုးရှင်းစွာ ဖတ်ရခြင်းကို ပိုမိုနှစ်သက်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ပရိသတ်ကို ပို၍ စိတ်ဝင်စားစေပြီး (၎င်းသည် မျက်စိဖြင့် ပြင်ပတွင် မြင်သလိုပေးနိုင်သည်) လိုအပ်ပါက ရှင်းလင်း တင်ပြသူအနေဖြင့်က ဇယားများ၊ ဂရပ်ဖစ်များဖြင့်ပါ ပြသနိုင်သောကြောင့်ဖြစ်သည် (ဇယား ၇-၃ တွင် မြင်တွေ့ နေကျ ဖော်ပြမှုမျိုးကို ကြည့်ပါ) ။

ဇယား ၇-၃ တည်နေရာနှင့်ဆိုင်သော တန်ဖိုးကို ရှင်းလင်းတင်ပြမှုအတွက် ပုံမှန်အသုံးပြုသည့်ပုံစံ

| **အဓိကအကြောင်းအရာ** | **အကြောင်းအရာ** |
|---|---|
| **၁။ ခေါင်းစဉ် slide** | သင်၏ (ပုံရိပ်တည်ဆောက်ခြင်း) အဓိကအကြောင်းအရာဖြင့်စတင်ပါ၊ ထိုအကြောင်းအရာသည် ရင်းနှီးမြှုပ်နှံသူများအတွက် တန်ဖိုးအဆိုပြုမှု သို့မဟုတ် သီးသန့်စီးပွားရေးအခွင့်အလမ်းကို ဖော်ပြသည်။ |
| **၂။ ကုန်ကျစရိတ်အားသာချက်အပါအဝင် တည်နေရာ၏ သော့ချက်ကျသော ဖော်ပြချက်နှင့် အကျိုးအမြတ်များ** | ဘဝ၏ အရည်အသွေးများ (ကျောင်းများ၊ ဖျော်ဖြေမှုများ စသည်) အပါအဝင် သီးသန့်လုပ်ငန်းကဏ္ဍအတွက် သင်၏ နိုင်ငံ/တည်နေရာ၏ သော့ချက်ကျသော စွမ်းဆောင်နိုင်မှုများနှင့်ကုန်ကျစရိတ်နှင့် ပတ်သက်သော အားသာချက် သို့မဟုတ် ထူးခြားသော အင်အားများကို မီမောင်းထိုးပြပါ။<br><br>ပိုမိုကျယ်ပြန့်သော ဒေသတွင်းမြေပုံအတွင်း နိုင်ငံ၏ မြေပုံနှင့် ၎င်း၏ တည်နေရာ များ (ဥပမာ-ပြည်နယ်များ၊ အဓိကကျသော မြို့နီစပယ်များ၊ စီးပွားရေးဦးစားပေး ဇုန်များ၊ စသည်) ကို သင့်တော်သည့်နေရာတွင် အဓိကသယ်ယူပို့ဆောင်ရေး နေ ရာပြများဖြင့်ဖော်ပြပါ။ |
| **၃။ အချက်အလက်ပြ အထောက်အထား** | သင်၏ နိုင်ငံ/တည်နေရာကို အခြားတည်နေရာများနှင့် နှိုင်းယှဉ်ထားသော ဂရပ်ဖ်/ဇယားများအပါအဝင် သင်၏ နိုင်ငံ/တည်နေရာ၏ စွမ်းဆောင်နိုင်မှုများနှင့်ကုန်ကျစရိတ်သက်သာသည့် အချက်များကို သရုပ်ဖော်ပြရန် အချက်အလက် များကို အသုံးပြုပါ။<br><br>သီးသန့်လုပ်ငန်းကဏ္ဍတွင် သင်၏ နိုင်ငံ/တည်နေရာ၏ သူများထက်ကောင်းမွန်သော အချက်များကို ပြသပါ။ |
| **၄။ဖြစ်နိုင်သော ရင်းနှီးမြှုပ်နှံမှုများကို သက်ရောက်မှုရှိမည့် အဓိက ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းတင်ပြခြင်း** | ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးသည်။ ရင်းနှီးမြှုပ်နှံမှုတွင် အကြုံးဝင်နေသော တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ၎င်းတို့အား ပြသပါ၊ ပိုင်ဆိုင်မှု (ဥပမာ-ဖက်စပ်) ၊ မြေ၊ လူမှုရေးနှင့် အလုပ်သမား၊ ဖလှယ်ခြင်း ၊ ဥပဒေအသက်ဝင်ခြင်းနှင့် အနုညာတဖြေရှင်းခြင်း၊ ပို့ကုန်သွင်းကုန်၊ ပတ်ဝန်းကျင်၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုစာချုပ်များ စသည်တို့နှင့် အကြုံးဝင်သော ဥပဒေ၊ နည်းဥပဒေများဖြစ်သည်။ |
| **၅။မက်လုံးပံ့ပိုးမှုအပါအဝင် ပံ့ပိုးသည့် ဝန်ဆောင်မှုများ** | ရနိုင်သော မက်လုံးများ၊ တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပေးခြင်းများနှင့် နောက်ပိုင်းဝန်ဆောင်မှုများအပါအဝင် ဗဟိုအဆင့် /ဒေသန္တရအဆင့် IPA က ဖြည့်ဆီးပေးနိုင်သော ဝန်ဆောင်မှုများနှင့် ပတ်သက်သော သတင်းအချက်အလက်အကျဉ်းချုပ်ပေးပါ။ |
| **၆။ထောက်ခံချက်/ဖြစ်ရပ်လေ့လာမှု** | သီးသန့်လုပ်ငန်းကဏ္ဍ/တည်နေရာအတွက် ရင်းနှီးမြှုပ်နှံသူ၏ ထောက်ခံချက် သို့မဟုတ် အောင်မြင်သော ရင်းနှီးမြှုပ်နှံမှုဖြစ်ရပ်လေ့လာမှုကို ထည့်သွင်းပါ။ |
| **၇။ဘာကြောင့်လဲဆိုသည့် ထိပ်ဆုံးအကြောင်းပြချက် ၁၀ ချက်** | ရောင်းချမှုအတွက် ရှင်းလင်းတင်ပြခြင်းကို ဘာကြောင့် သင်၏ တည်နေရာတွင် ရင်းနှီးမြှုပ်နှံသင့်သည်ဆိုသည့် ထိပ်ဆုံးအကြောင်းပြချက် ၁၀ ချက်ကို အကျဉ်းချုပ် တင်ပြခြင်းဖြင့် သင်ပေးလိုသော သတင်းစကားကို ပြန်ပြော၍ အဆုံးသတ်ပါ |

ဇစ်မြစ်-Investment Consulting Associates.IPA Handbook(2012).

ရှင်းလင်းတင်ပြမှုများတွင် ပြုလုပ်လေ့ရှိသော အမှားတစ်ခုမှာ စာရင်းဇယားအများအပြားကို ထည့်သွင်းခြင်းဖြစ်သည်။ စာရင်းဇယားအတွဲလိုက်ကြီးကို ကဗျာရွတ်သလို ရွတ်ပြနေခြင်းသည် ပရိသတ်ကို ပျင်းသွားစေပြီး သူတို့အနေဖြင့် ဂရုစိုက်၍ နားထောင်သည့်တိုင် အသေးစိတ်ကို မှတ်မိလိမ့်မည်မဟုတ်ပေ။ တခါတရံ ဇယားကွက်ကြီးတွင် စာရင်းဇယားများ၏ စာလုံးအရွယ်အစားမှာ ပရိသတ်အားလုံးအတွက် သေးလွန်းနေပါသည်။ ထို့ကြောင့် ရည်ရွယ်ချက်ကို ဖော်ပြသော စာရင်းဇယားများကိုသာ ရွေးချယ်အသုံးပြုပါ။ ထိုစာရင်းဇယားအပေါ်တွင် အခြေပြု၍ ထွက်ပေးလာသော လမ်းကြောင်းများက ဘာလဲဆိုသည်ကိုလည်း အကျဉ်းချုံး၍ပြောပါ။ ရှင်းလင်းတင်ပြသော သတင်းအချက်အလက်များသည် တိကျပြီး နောက်ဆုံးရရှိသော သတင်းအချက်အလက်ဖြစ်စေရန်ကို သေချာအောင် လုပ်ဆောင်ပါ။

ရှင်းလင်းတင်ပြမှုပြုလုပ်ခြင်းသည်လည်း တင်ပြရန် ပြင်ဆင်သည့်အပိုင်းနှင့်ထပ်တူ အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ဖြစ်ရပ်အများစုတွင် ရှင်းတင်ပြပုံသည် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအတွက် ပထမဆုံးအထင်ကြီးလေးစားမှုကို ဖြစ်ပေါ်စေသည်။ ကောင်းမွန်သော ရှင်းလင်းတင်ပြခြင်းနှင့် အားကောင်းကောင်းနှင့် ပေးလိုသည်ကို ပေးလိုက်နိုင်ခြင်းသည် ရင်းနှီးမြှုပ်နှံ သူများက IPA ကို ပရော်ဖက်ရှင်နယ်ကျသည်ဟု ယုံကြည်သွားစေနိုင်သည်။ ထိုသို့ ယုံကြည်သွားခြင်းဖြင့် IPA က ရှင်းလင်းတင်ပြသော တည်နေရာတွင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားလာနိုင်သည့်အခွင့်အလမ်းတိုးလာနိုင်သည်။ ထို့ကြောင့် IPA များသည် ရှင်းလင်းတင်ပြမှုအတွက် ကြိုတင်၍ လေ့ကျင့်ရန် အချိန်ယူသင့်သည်။ IPA သည် ၎င်းပြသလိုသော ပါဝင်သည့်အကြောင်းအရာနှင့် ပေးလိုသော အဓိကသတင်းစကားတို့ကို ရှင်းလင်းစွာ သဘောပေါက်သင့်ပါသည်။ တင်ပြမည့်သူများသည် ကြည့်လို့ကောင်း၍ ကျွမ်းကျင်မှုရှိသင့်ပြီး ရှင်းလင်းတင်ပြပုံနှင့် စကားပြော ကျွမ်းကျင်မှု တို့တွင် အလွန်ကောင်းမွန်ရပါမည်။ အင်္ဂလိပ်ဘာသာ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ မူရင်းနိုင်ငံဘာသာစကားကို ကျွမ်းကျင်စွာ ပြောနိုင်ရပါမည်။ တင်ပြမည့်သူသည် ပရိသတ်နှင့် အပြန်အလှန်စကားပြော၍ ပရိသတ်ကို ပါဝင်လာအောင် လုပ်ဆောင်သင့်ကာ တဖက်သတ်စကားအရှည်ကြီးပြောခြင်းထက် အပြန်အလှန် ပြောခြင်းမျိုးဖြစ်လာအောင် လှုံ့ဆော်ပေးရမည်။ တနည်းပြောရလျှင် ရှင်းလင်းတင်ပြသူများသည် ပရိသတ်ကို ဖတ်ပြနေရုံသက်သက် မလုပ်သင့်သည့်အပြင်နားမလည်နိုင်သော အသံထွက်မျိုး သို့မဟုတ် အသံတိုးတိုးလေးဖြင့် ပြောခြင်းမျိုး မလုပ်သင့်ပေ။ နောက်ဆုံးပိတ်ဖော်ပြချက် သို့မဟုတ် တန်ဖိုးအဆိုပြုချက်သည် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် အဓိကကျသော သတင်းစကားပေးရန် နောက်ဆုံး အခွင့်အရေး ဖြစ်သောကြောင့် ဖြစ်သည်။ ရှင်းလင်းတင်ပြသူများသည် အဓိကကျသော အချက်များကို အကျဉ်းချုပ်တင်ပြနိုင်ရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများက တွေ့ဆုံမှုများလုပ်လာရန် ပြောရမည်ဖြစ်သည်။ ရှင်းလင်းတင်ပြမှုအပြီးတွင် ရှင်းလင်းတင်ပြသူနှင့်လည်းကောင်း၊ IPA လုပ်ဖော်ကိုင်ဖက်များနှင့် လည်းကောင်း တွေ့ဆုံခြင်း၊ ၎င်းတို့ကို လုပ်ငန်းခွင်တည်မည့်နေရာများသို့ သွားရောက် လည်ပတ်ရန် စီစဉ်ပေးရန် အဆိုပြုလာခြင်းများဖြစ်သည်။

အတိုချုပ်ဆိုရပါက ရောင်းချမှုအတွက် ရှင်းလင်းတင်ပြရာတွင် သော့ချက်ကျသော အကောင်းဆုံးအလေ့အထများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ရှင်းလင်းပြောဆိုမည့် တင်ပြချက်ကို ပွဲမဝင်မီ ဇာတ်တိုက်ရန်နှင့် ပြန်လည် ကြည့်ရှုခြင်းပြုလုပ်ပါ။ အကောင်းဆုံးပုံစံမှာ IPA မှ ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော အရာရှိတစ်ဦးထက်ပို၍ တင်ပြမှုပြုလုပ် မည်ဆိုပါက ၎င်းတို့သည် တကယ့်ရှင်းလင်းတင်ပြမှု ပုံစံအတိုင်း ဇာတ်တိုက် သင့်ပါသည်။

- တွေ့ဆုံပွဲကို မည်သည့်အချိန်တွင်စတင်၍ မည်သည့်အချိန်တွင်ပြီးဆုံးမည်ကို ရင်းနှီးမြှုပ်နှံသူနှင့် သဘောတူညီချက်ရယူပါ။ ရင်းနှီးမြှုပ်နှံသူ၏ အချိန်ဇယားသည် အပြည့်ရှိနေခြင်း ရှိ/မရှိကို သေချာ အောင်လုပ်၍ ရှင်းလင်းတင်ပြပွဲကို စီစဉ်ပါ။ ထို့နောက်တွင် အစီအစဉ်တွင်ပါဝင်သော အချိန်အတိုင်း လိုက်နာပါ။
- ရှင်းလင်းတင်ပြမှုမပြုလုပ်မီ၊ တင်ပြမှုပြုလုပ်မည့် IPA အရာရှိတစ်ဦးစီသည် သူ၏ အခန်းကဏ္ဍ အကြောင်း၊ အဖွဲ့အစည်းအကြောင်း အကျဉ်းမျှ မိတ်ဆက်ပေးသင့်ပြီး ဘာကြောင့် ဤတွေ့ဆုံပွဲ ကျင်းပရပုံနှင့် မည်သို့သော အောင်မြင်မှုရလိုသည်ကို ပါဝင်အောင် ပြောစေလိုသည်။
- ရှင်းလင်းတင်ပြမှုသည် ရင်းနှီးမြှုပ်နှံသူ၏ အရေးပါသော လိုအပ်ချက်နှင့်ကိုက်ညီပြီး အတိအကျ ဖြစ်သင့်သည်။
- မကြာခဏမေးလေ့ရှိသော မေးခွန်းများကို အဖြေနှင့်တကွ ပြုစုကာ အဓိက ရှင်းလင်း တင်ပြမှုနှင့် သီးခြားခွဲထားကာ ကြိုတင်ပြင်ဆင်ထားရှိခြင်းသည် ကောင်းမွန်သော အလေ့အထဖြစ်သည်။ အကယ်၍ မေးခွန်းအတွက် ပြည့်စုံသော အဖြေကို မသိရှိပါက တစ်စုံတစ်ဦးက မှတ်သားထားကာ ရင်းနှီးမြှုပ်နှံသူအား တစ်စုံတစ်ဦးက လာရောက်ဖြေကြားပေးမည်ဟု ပြောကြားပါ။ ထို့နောက် တတ်နိုင်သမျှ အမြန်ဆုံး သွားရောက်ဖြေကြားပေးရမည်ဖြစ်ကာ အချိန်အကြာကြီးဆွဲမထားပါနှင့်။
- ရင်းနှီးမြှုပ်နှံသူများ၏ မူလစိတ်ဝင်စားမှုသည် ၎င်းတို့၏ အမြတ်၊ကုန်ကျစရိတ်တို့ကို သက်ရောက် သည့် အချက်များ၊ ရင်းနှီးမြှုပ်နှံမှုပုံစံအမျိုးမျိုးအတွက် လုပ်သားအင်အား အရည်အသွေးနှင့် ရရှိနိုင်မှု တို့တွင်ဖြစ်သည်။ ရှင်းလင်းတင်ပြမှုသည် ထိုသော့ချက်ကျသည့် ကိစ္စရပ်များ အကြုံးဝင်စေရေးကို သေချာအောင် လုပ်ရပါမည်။
- ရှင်းလင်းတင်ပြမှုအဆုံးသတ်တွင် IPA ဝန်ထမ်းသည် ကုမ္ပဏီ၏ နိုင်ငံတကာမဟာဗျူဟာ၊ ၎င်းတို့ ၏ နိုင်ငံကို ရင်းနှီးမြှုပ်နှံစဉ်းစားဖွယ်ရှိသလား၊ အချိန်ကာလမည်မျှအတွင်းဖြစ်မည်နည်း စသည်တို့ နှင့် သက်ဆိုင်သော သော့ချက်ကျသည့် မေးခွန်းများမေးသင့်သည်။ အကယ်၍ ရင်းနှီးမြှုပ်နှံ သူသည် ၎င်းတို့နိုင်ငံကို ကြိုတင်ရွေးချယ်ထားပြီး သို့မဟုတ် ရွေးချယ်မည့်စာရင်းတွင် ထည့်သွင်းထားပြီးဖြစ် ပါက IPA အနေဖြင့် လုပ်ငန်းတည်ဆောက်ရန် သတ်မှတ်ထားသည့် နေရာသို့ သီးသန့် သွား ရောက်ရန် အကူအညီပေးရမလားဟု ရင်းနှီးမြှုပ်နှံသူအား မေးမြန်းနိုင်သည်။
- အစည်းအဝေးအပြီးတွင် IPA အနေဖြင့် နောက်ထပ်လုပ်ရမည့်အဆင့်များကို အတည်ပြုပါ။ ထို့ နောက်တွင် ထိုအစီအစဉ်အတိုင်းနှင့် သဘောတူထားသော လုပ်ဆောင်ရန်များအတိုင်း လိုက်လုပ်ပါ။

IPA များသည် ၎င်းတို့ ပစ်မှတ်ထားသော ကုမ္ပဏီများကဲ့သို့ပင် ယခုအခါတွင် စံနှုန်းသတ်မှတ်ခြင်းများနှင့် LVP များကို ပြင်ဆင်ခြင်းများကို တာဝန်ယူလုပ်ဆောင်ရန် ပရော်ဖက်ရှင်နယ်အေဂျင်စီများကို ပိုမို အသုံးပြုလာကြသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ပရော်ဖက်ရှင်နယ်များ ရှာဖွေရန် အကြံပြုလိုသော အရင်းအမြစ်တစ်ခုမှာ WAVTEQ က လုပ်ဆောင်ထားသော အချက်အလက် သိမ်းဆည်းရာနေရာ (database) ဖြစ်သည့်www.fdiprofessionals.comဖြစ်သည်။ အဆိုပါ database တွင် လုပ်ငန်းတည်နေရာရွေးချယ်ခြင်း အပါအဝင် နယ်ပယ်အမျိုးမျိုးမှ FDI နှင့် ပတ်သက်သော ပရော်ဖက်ရှင်နယ် အေဂျင်စီအများအပြား၏ သတင်းအချက်အလက်များပါဝင်သည်။ ၎င်းသည် IPA များအနေဖြင့် ရင်းနှီးမြှုပ်နှံသူ၏ မြေပုံတွင် တည်နေရာတစ်ခုအဖြစ် ပါဝင်ရန်နှင့် အဓိကကျသော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ သက်ဆိုင်သူထံ တည်နေရာနှင့်ပတ်သက်ပြီး ဈေးကွက်မြှင့်မှုပြုနိုင်ရန်တို့တွင် အထောက်အကူ ဖြစ်ပါသည်။

## (ဃ) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အသုံးပြုနိုင်သည့် နည်းလမ်းများ (Tools) - ဝက်ဘ်ဆိုဒ်များနှင့် ဆိုရှယ်မီဒီယာ

### ၁။ ဝက်ဘ်ဆိုဒ်တစ်ခုကို ရေးသား၍ တိုးတက်အသုံးပြုခြင်း

IPA တစ်ခုအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် အသုံးပြုနိုင်သည့် အရေးအပါဆုံး နည်းလမ်းတစ်ခုမှာ ၎င်း၏ဝက်ဘ်ဆိုဒ်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဝက်ဘ်ဆိုဒ်ကို အသုံးပြုခြင်း၏ အဓိကအားသာချက် အနည်းဆုံးသုံးခုရှိသည်။ ၎င်းတို့မှာ (က) အင်တာနက်ချိတ်ဆက်၍ရသော မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည်၊ (ခ) သင်၏ မြှင့်တင်ရေးအတွက် အသုံးပြုနိုင်သော နည်းလမ်း (tools) အားလုံးနီးပါးကို ဝက်ဘ်ဆိုဒ်တွင် ထည့်သွင်းထားနိုင်သည်၊ (ဂ) ဈေးကွက်မြှင့်တင်ရေးနှင့်ဆိုင်သော ပစ္စည်းများကို စာရွက်စာတမ်းများဖြင့် ထုတ်လုပ်ခြင်းနှင့်ယှဉ်လျှင် ကုန်ကျစရိတ်အလွန်သက်သာသည်။

သို့သော် ထိရောက်သော ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်လာအောင် ဖန်တီးရခြင်းမှာ လွယ်ကူသော အလုပ်တစ်ခုတော့ မဟုတ်ပါ။ ဝက်ဘ်ဆိုဒ်၏ အခန်းများကြားတွင် လိုအပ်သော အချိတ်အဆက်များ ပြုလုပ်နိုင်ရန် ဝက်ဘ်ဆိုဒ် ရေးဆွဲသည့်ပုံစံ၊ အကြောင်းများထည့်သွင်းမှု၊ ဒီဇိုင်းနှင့် နည်းပညာကျွမ်းကျင်မှု အချို့အတွက် ကောင်းမွန်စွာ ကြိုတင်အစီအစဉ်ရေးဆွဲရန် လိုအပ်သည်။ ကမ္ဘာတလွှားမှ ဩစတြေးလျ၊ စပိန်၊ ဟောင်ကောင်၊ တရုတ်နှင့် စင်္ကာပူ တို့ကဲ့သို့သာ ကောင်းစွာ လုပ်ဆောင်နိုင်သော IPA အချို့၏ ဝက်ဘ်ဆိုဒ်များသည် ဆွဲဆောင်မှုရှိသော ဝက်ဘ်ဆိုဒ်များအဖြစ် နမူနာများပြသနေပါသည် (ပုံ ၇-၄) ။

## ပုံ ၇-၄ အကောင်းဆုံးထိပ်တန်း IPA ဝက်ဘ်ဆိုဒ်များ (၂၀၁၂)

| ကမ္ဘာတလွှားထိပ်တန်း ၁၀ | အရှေ့ အာရှမှ ထိပ်တန်းများ | အနောက်အာရှမှ ထိပ်တန်းများ |
|---|---|---|
| Austria: ABA - သြစတြီးယားတွင်ရင်းနှီးမြှုပ်နှံ (www.aba.gv.at)<br><br>Czech Republic: CzechInvest (www.czechinvest.org)<br><br>Australia: Austrade (www.austrade.gov.au)<br><br>Germany: Germany Trade and Invest (www.invest-in-germany.de)<br><br>Denmark: ဒိန်းမတ်တွင်ရင်းနှီးမြှုပ်နှံ (www.investindk.com)<br><br>Spain: စပိန်တွင်ရင်းနှီးမြှုပ်နှံ (www.investinspain.org)<br><br>Turkey: ရင်းနှီးမြှုပ်နှံမှုပံ့ပိုးခြင်းနှင့်တူရကီ၏မြှင့်တင်ရေးအေဂျင်စီ (www.invest.gov.tr)<br><br>Nicaragua: PRONicaragua (www.pronicaragua.org)<br><br>Taiwan Province of China: ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုများဌာန (http://investtaiwan.nat.gov.tw/cht/main.jsp)<br><br>Hungary: ဟန်ဂေရီရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးဖွံ့ဖြိုးမှုအေဂျင်စီ (www.itdh.hu) | Hong Kong, China:InvestHK (www.investhk.gov.hk)<br><br>Philippines: ဖိလစ်ပိုင်ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (www.boi.gov.ph)<br><br>Singapore: စက်ဘ်ပူစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (www.sedb.com)<br><br>Taiwan Province of China: ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုများဌာန (http://investtaiwan.nat.gov.tw/cht/main.jsp)<br><br>Thailand: ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (www.boi.go.th) | Armenia: အာမေးနီးယန်းဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (www.ada.am)<br><br>Georgia: ဂျော်ဂျီယာအမျိုးသားရင်းနှီးမြှုပ်နှံမှုေအဂျင်စီ (Invest in Georgia) (www.investingeorgia.org)<br><br>Turkey: ရင်းနှီးမြှုပ်နှံမှုပံ့ပိုးခြင်းနှင့်တူရကီ၏မြှင့်တင်ရေးအေဂျင်စီ (www.invest.gov.tr) |
| **ဖွံ့ ဖြိုးတိုးတက်ပြီး အာရှ၏ ထိပ်တန်း** | **တောင်အာရှ ထိပ်တန်း** | |
| Japan: Japan External Trade Organization (JETRO) (www.investjapan.org)<br><br>Republic of Korea: Invest Korea(www.investkorea.org) | Bangladesh: ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (www.boi.gov.bd) | |

ဇစ်မြစ်-World Bank Investment Climate, Global Investment Promotion Best Practices (2012). https://www.wbginvestmentclimate.org/advisory-services/investment-generation/investment-policy-and-promotion/gipb/best-practice-web-sites.cfm. တွင် လေ့လာနိုင်ပါသည်။

IPA များသည် ဈေးကွက်မြှင့်တင်ခြင်းနှင့်ဆိုင်သော အထောက်အကူစာရွက်စာတမ်းအမျိုးမျိုးအပြင် သက်ဆိုင်သော အချက်အလက်များကို ၎င်းတို့၏ ဝက်ဘ်ဆိုဒ်တွင် အခြားဝက်ဘ်စာမျက်နှာသို့ သွားကြည့်နိုင်မည့်လင့် (link) ဖြစ်စေ၊ ဒေါင်းလုပ် (download) ပြုလုပ်နိုင်မည့်လင့်ဖြစ်စေ ထည့်သွင်းထားသင့်သည်။ အင်တာနက်တွင် ဝက်ဘ်ဆိုဒ်ကို မလွှင့်တင်မီ အရာရာသည် ကောင်းစွာ အလုပ်လုပ်ခြင်း ရှိ၊ မရှိ သေချာအောင် အချိန်ယူ၍ လိုင်းပေါ်မတင်သေးပဲ စမ်းသပ်သင့်သည်။ လွှင့်တင်ပြီးသည့်နောက်တွင် IPA များအနေဖြင့် အမြဲတမ်း မှတ်သားထားသင့်သည်မှာ ဝက်ဘ်ဆိုဒ်ကို ဆက်လက်ပြုပြင်ထိန်းသိမ်းရေး လုပ်ဆောင်ရန် တာဝန်သည် ဆက်လက်ရှိနေရမည့် လုပ်ငန်းစဉ် ဖြစ်သည်ဆိုသည့်အချက်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ဝက်ဘ်ဆိုဒ်တွင် ထည့်သွင်းထားသည့် သတင်းအချက်အလက်များ၏ နောက်ဆုံးအခြေအနေများကို ထည့်သွင်းရန်၊ အမြဲတမ်းအသစ်များထည့်သွင်းရန်၊ ဝက်ဘ်ဆိုဒ်ကို မှန်မှန်စမ်းသပ်မှုများ ပြုလုပ်ရန်များ ပါဝင်သည်။ အကယ်၍ ပြုပြင်ထိန်းသိမ်းမှုကို မလုပ်ဆောင်နိုင်ပါက ဝက်ဘ်ဆိုဒ်သည် အချိန်ကာလနှင့် မကိုက်ညီတော့ဘဲ ဈေးကွက်ရှာဖွေရေးတွင် တဖြည်းဖြည်း အနုတ်လက္ခဏာဆောင်လာမည်ဖြစ်သည်။

အင်တာနက်တွင် ဝက်ဘ်ဆိုဒ်တင်ရုံမျှဖြင့် လုပ်ငန်းတည်မည့်နေရာကို ဈေးကွက် မြှင့်တင်ခြင်းအတွက် လုံလောက်မှုမရှိသေးပေ။ အရေးကြီးသည်မှာ အသုံးပြုသူတစ်ဦးက အင်တာနက်တွင် ရှာဖွေမှုပြုလုပ်ပါက မိမိ၏ ဝက်ဘ်ဆိုဒ်အမည် ပေါ်လာစေရန်အတွက် နာမည်ရ ဝက်ဘ်ဆိုဒ်ရှာဖွေရေးအင်ဂျင်များ (search engine) များတွင် မိမိ၏ ဝက်ဘ်ဆိုဒ် ကို မှတ်ပုံတင်ထားပြီးဖြစ်ရန်ဖြစ်သည်။ ၎င်းမှာ Search Engine Optimization (SEO) ကို ရည်ညွှန်းသည်။ IPA သည် ဝက်ဘ်ဆိုဒ်ကို တင်လိုက်သည် သို့မဟုတ် အကြီးစား ပြုပြင်မှု ပြုလုပ်ပြီးသည့်အခါမျိုးတွင် သတင်းထုတ်ပြန်ချက်မျိုး ထုတ်ပြန်ရန် စဉ်းစားသင့်သည်။ ဝက်ဘ်ဆိုဒ်ကို မြှင့်တင်နိုင်ရန်အတွက် အခြားနည်းတစ်မျိုးမှာ အခြားအဖွဲ့အစည်းများနှင့် သဘောတူညီချက်ယူ၍ တစ်ဖွဲ့ချင်းစီ၏ ဝက်ဘ်ဆိုဒ်တွင် လင့်များ ဖော်ပြပေးခြင်းသည် အရေးကြီးသည်။ ဤနေရာတွင် သက်ဆိုင်သည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့အစည်းများကို ဖော်ထုတ်နိုင်ရန် အရေးကြီးရာ ကုန်သည်ကြီးများအသင်း၊ အစိုးရဝန်ကြီးဌာနများ၊ အိမ်ရှင်နိုင်ငံများ၏ သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများ စသည်တို့ ဖြစ်သည်။ နောက်ထပ်တွေ့ ရလေ့ရှိသည်မှာ ဗဟိုအဆင့်မှ IPA များနှင့် ပြည်နယ်အဆင့်/မြို့နီစပယ်အဆင့် IPA များကြားတွင် အချိတ်အဆက်ရှိနေစေရေးဖြစ်သည်။

ယနေ့အချိန်အခါတွင် ဝက်ဘ်ဆိုဒ်သည် IPA တစ်ခုက ပြင်ပကမ္ဘာနှင့် လက်လှမ်းမီအောင် ထိတွေ့သည့် နေရာတစ်ခုဖြစ်သည်။ အင်တာနက်သည် ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမည့် တည်နေရာနှင့် လုပ်ငန်းတည်မည့်နေရာ ရွေးချယ်ရေးအတွက် သုတေသနပြုလုပ်ရာတွင် အသုံးပြုသည့် ပထမဆုံးနှင့် ပင်မကိရိယာနည်းလမ်း (tool) တစ်ခုဖြစ်သည်။ ထို့ကြောင့် ဝက်ဘ်ဆိုဒ်တစ်ခုသည် သတင်းအချက် အလက်များ ဖြည့်ဆည်းပေးရန်နှင့် ပုံရိပ် တည်ဆောက်ရန်အတွက် အရေးကြီးသည်သာမက အိမ်ရှင်နိုင်ငံ တွင် FDI ပရောဂျက်များ တိုးလာရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို ဦးတည်လာရန် ဖော်ဆောင်ပေးသည့် မူလအသုံးပြုသည့် နည်းလမ်းကိရိယာတစ်ခု ဖြစ်သည်။ အကောင်းဆုံးပုံစံအနေဖြင့် အိမ်ရှင်နိုင်ငံအကြောင်း သို့မဟုတ် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှု နေရာအကြောင်း ပိုမိုလေ့လာလိုရန် စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများကို

ဖမ်းစားနိုင်ရန် ဖောက်သည်နှင့် ဆက်ဆံရေး စီမံခန့်ခွဲခြင်းစနစ် (Customer Relationship Management - CRM) ပုံစံအချို့ ဝက်ဘ်ဆိုဒ်တွင် ပါဝင်သင့်သည်။

## ၂။ အောင်မြင်သော ဝက်ဘ်ဆိုဒ်တစ်ခုအတွက် အကောင်းဆုံးလုပ်နည်းကိုင်နည်းများနှင့် အစိတ်အပိုင်းများ

တကယ်တမ်းတွင် အတွေ့ရများသည်မှာ ၆၀-၈၀% သော FDI တို့သည် ဝက်ဘ်ဆိုဒ်မှတဆင့် သို့မဟုတ် လက်ရှိရင်းနှီးမြှုပ်နှံနေသူများက ညွှန်သဖြင့် ရောက်ရှိလာကြခြင်းဖြစ်သည် (VCC, 2009) ။ အရည်အသွေးမြင့်သော ဝက်ဘ်ဆိုဒ်တစ်ခုသည် အိမ်ရှင်နိုင်ငံတစ်ခုအနေဖြင့် လက်ခံရရှိသည့် ရင်းနှီးမြှုပ်နှံမှုအတွက် စုံစမ်းမှုအဆင့်တွင် ကြီးစွာခြားနားမှုကို ဖြစ်စေနိုင်သည်။ ကမ္ဘာတလွှား IPA များက အသုံးပြုသည့် ဝက်ဘ်ဆိုဒ်များတွင် အကောင်းဆုံးကို သုတေသနပြုချက်များအရ ဝက်ဘ်ဆိုဒ်တည်ဆောက်ထားပုံများမှာ IPA များက ပေးနေသော သီးသန့်ဝန်ဆောင်မှု၊ အိမ်ရှင်နိုင်ငံ၏ လက္ခဏာရပ်များအပေါ် မူတည်၍ အမျိုးမျိုးရှိနိုင်သော်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသော ဒီဇိုင်းပုံစံ (design template) မှာမူ လက်တွေ့တွင် အတူတူဖြစ်သည်ကို ပြသနေသည်။

ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အကောင်းဆုံးလုပ်နည်းကိုင်နည်းများ အစီရင်ခံစာ (World Bank, 2012) အရ အာရှ၏အကောင်းဆုံး IPA ဝက်ဘ်ဆိုဒ်မှာ တရုတ်၏ တိုင်ဝမ်ပြည်နယ်မှ ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုဌာန၏ဝက်ဘ်ဆိုဒ်(http://investtaiwan.nat.gov.tw/eng/main.jsp)ဖြစ်သည် (ပုံ ၇-၈) ။

တစ်ကမ္ဘာလုံးအနေဖြင့်ကြည့်ပါက အမှတ်အများဆုံးရသည့် ဝက်ဘ်ဆိုဒ်မှာ ဩစတြီးယားတွင် ရင်းနှီးမြှုပ်နှံပါ (ဩစတြီးယား စီးပွားရေးအေဂျင်စီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့်www.aba.gv.at) အမည်တပ်ထားသည့် ဝက်ဘ်ဆိုဒ်ဖြစ်သည်။ ၎င်းတွင် ရိုးရှင်းသော ဒီဇိုင်းရှိကာ ကောင်းမွန်သော အခန်းများခွဲထားမှုလည်းရှိပြီး၊ ဆန်းသစ်သော mapping နည်းပညာများ အသုံးပြုထားသည် (ပုံ ၇-၉)။ အဓိကကျသော ဘာသာစကား ၇ မျိုးဖြင့် အဓိက သတင်းအချက်အလက်များကို ဖော်ပြထားကာ လိုအပ်ပါက ဒေါင်းလုပ် ပြုလုပ်နိုင်သည်။

ပုံ ၇-၈ ဒေသတွင်းအကောင်းဆုံးလုပ်နည်းကိုင်နည်းများ - တိုင်ဝမ်တွင် ရင်းနှီးမြှုပ်နှံပါ ဝက်ဘ်ဆိုဒ်




ဇစ်မြစ်-http://investtaiwan.nat.gov.tw/eng/main.jsp.တွင် တွေ့ နိုင်သည်။

ပုံ ၇-၉ ကမ္ဘာပေါ်တွင် အကောင်းဆုံးလုပ်နည်းကိုင်နည်းများ - သြစတြီးယား၏ စီးပွားရေးအေဂျင်စီ




ဇစ်မြစ်-www.aba.gv.at.တွေ့ နိုင်သည်။

အောင်မြင်သော IPA ဝက်ဘ်ဆိုဒ်တစ်ခု၏ အစိတ်အပိုင်းများက ဘာတွေလဲ။ ကောင်းစွာ တည်ဆောက် ထားသော ဝက်ဘ်ဆိုဒ်တစ်ခုကို ဖန်တီးရန် ပထမဦးစွာ ရည်မှန်းချက်ပန်းတိုင်များကို ချမှတ်ရန်လိုသည် -

- **အသုံးပြုသူအတွက် ရည်မှန်းချက်ပန်းတိုင်များ** - အသုံးပြုသူများက ဝက်ဘ်ဆိုဒ်ကို ဝင်ရောက်ကြည့်ရှုသည့်အခါ ဘာတွေ ရရှိလိုသည်ကို နားလည်ရန်နှင့် သူတို့အနေဖြင့် ဝက်ဘ်ဆိုဒ်ကို မည်သို့ဖွဲ့စည်းထားသည်ကို နားလည်ရန် အရေးကြီးသည်။

- **IPA အတွက် ရည်မှန်းချက်ပန်းတိုင်များ** - IPA က ဘာတွေ အောင်မြင်လိုသည်ကို စဉ်းစားရန် အရေးကြီးသည်။ ဝက်ဘ်ဆိုဒ်တွင် ဈေးကွက်မြှင့်တင်ရန် လိုအပ်သည့်လုပ်ငန်းတည်မည့်နေရာအတွက် စာမျက်နှာများ သို့မဟုတ် အခန်းများပါရှိသလား။ ဥပမာအားဖြင့် ရည်မှန်းချက်မှာ ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံသူအတွက် ပရောဂျက်အဆိုပြုမှုကို ဖတ်ရှုစေလိုပါက ၎င်းတို့ကို အဖွင့်စာမျက်နှာတွင် မီးမောင်းထိုးပြခြင်း သို့မဟုတ် ပေါ်လွင်အောင်ဖော်ပြခြင်းတို့ကို ပြုလုပ်သင့်သည်။

IPA အနေဖြင့် ၎င်း၏ ဝက်ဘ်ဆိုဒ်အား အသုံးပြုခြင်းဖြင့်မည်သည့်အောင်မြင်မှုရလိုသည်ကို ရှင်းလင်းစွာ သိရှိနေသင့်သည်။ ထိုသို့ နားလည်သဘောပေါက်မှု မရှိပါက ရှုပ်ထွေးမှုရှိနေမည်ဖြစ်ကာ IPA သည် အချိန်နှင့် အရင်းအမြစ်များကို ဖြုန်းတီးပစ်ရာ ရောက်ပေလိမ့်မည်။ IPA သည် ဝက်ဘ်ဆိုဒ်ဖန်တီးမှုကို အဘယ်ကြောင့် ပထမနေရာတွင် ထားသည်ဆိုသည့် အကြောင်းရင်းကို နားလည်သင့်ပြီးမှ အောင်မြင်သော အကောင်အထည်ဖော်မှုဆီသို့ ဦးတည်သွားသင့်သည်။ ဝက်ဘ်ဆိုဒ်တစ်ခုအတွက် ပုံမှန်တွေ့နေကျ ရည်ရွယ်ချက် အချို့ မှာ -

- **ပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း** - လေ့လာသင်ယူနိုင်ရန် ရင်းမြစ်များ ဖြည့်ဆည်းပေးခြင်း
- **အရောင်းမြှင့်တင်ခြင်း** - နိုင်ငံကိုမြှင့်တင်ခြင်းနှင့်ရင်းနှီးမြှုပ်နှံသူများသို့ IPA ဝန်ဆောင်မှုများ အဆိုပြုခြင်း၊
- **လုပ်ငန်းဆောင်တာများကို ပံ့ပိုးခြင်း** - ရင်းနှီးမြှုပ်နှံသူများ၏ တောင်းဆိုချက်များကို အီးမေးလ်၊ ဖုန်း၊ သဘောထားမှတ်ချက်ဖော်ပြသည့်ပုံစံများဖြင့် ကိုင်တွယ်ခြင်း၊
- **စီးပွားရေးလုပ်ငန်းအပေါ် ပံ့ပိုးမှုပေးခြင်း** -ရင်းနှီးမြှုပ်နှံသူ၏ လျှောက်ထားမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းစဉ်အတွက် အထောက်အကူဖြစ်မည့် သတင်းအချက်အလက်များ ပေးခြင်း၊
- **အသိုင်းအဝိုင်းတစ်ခု** -ရင်းနှီးမြှုပ်နှံသူများအသုံးပြုနိုင်မည့် အကြံဉာဏ်များ၊ အတွေ့အကြုံများ၊ ကိစ္စရပ်များ စသည်တို့ကို မျှဝေနိုင်မည့် ဖိုရမ်တစ်ခု သို့မဟုတ် အသိုင်းအဝိုင်းတစ်ခု တည်ဆောက် ခြင်း။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ရည်ရွယ်ချက်အတွက် ကမ္ဘာ့အဆင့်မီ ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်ရန်အတွက် အောက်ပါ အစိတ်အပိုင်း ဆယ်ခုကို ထုတ်နုတ်ဖော်ပြပါသည် (ဥပမာ - Loewendahl, 2001; World Bank Group, 2012 ကြည့်ပါ) –

- **တည်နေရာ၏ အမှတ်တံဆိပ်နှင့် ပေးလိုက်သော သတင်းစကားများ၏ စစ်မှန်မှု အရည်အသွေး -**

  - ဒေသ၏ စစ်မှန်ပြီး၊ သီးသန့်ဖြစ်သည့်တည်နေပုံကို ဆက်သွယ်ပြောကြားခြင်း (USP)၊
  - မှတ်မိလွယ်သော တစ်နိုင်ငံလုံးနှင့်ဆိုင်သည့် အစိတ်အပိုင်းများကို အသုံးပြုခြင်း၊
  - ဝက်ဆိုဒ်ကို အသုံးပြုလာစေရန် အသုံးပြုသူများ၏ အလေးပေးကြည့်ရှုမှုကို ဆွဲယူခြင်း၊

- **လမ်းကြောင်းညွှန်ပြမှု (navigation) ရှင်းလင်း၍ လွယ်ကူခြင်း -**
  - ရိုးရိုးထိပ်တွင် ဘားဖြင့်ဖော်ပြခြင်း (top bar) နှင့်/သို့မဟုတ် ရိုးရိုးဘေးတွင် စာရင်း ဖော်ပြခြင်း (side menus)၊
  - အလားအလာရှိသည့်သီးသန့်အခန်းများကို ပိုမိုထင်ရှားအောင် နေရာပေးထားခြင်း၊
  - ရိုးရိုးရှင်းရှင်း နားလည်လွယ်သည့် လမ်းကြောင်းညွှန်ပြမှု၊
  - အများဆုံးတောင်းဆိုခံရသည့်ထိပ်ဆုံးမှ စာမျက်နှာ ၁၀ ခုကို ဖော်ပြပေးခြင်း၊
  - တန်ဖိုးရှိသော အကြောင်းအရာများကို ပင်မစာမျက်နှာမှ သုံးချက် သို့မဟုတ် ထို့ထက်နည်း၍ နှိပ်ရန် (clicks) သာ ပြုလုပ်ထားပါ။

- **အသုံးပြုသူများအားလွယ်ကူစေခြင်း -**
  - စာလုံး (Verdana or Arial) အရွယ်အစားအလယ်အလတ်ကို အသုံးပြုခြင်းဖြင့် ဖတ်ရ လွယ်ကူစေခြင်း၊
  - ဂရပ်ဖစ်များကို သင့်လျော်သလို အသုံးပြုခြင်း၊
  - ပီဒီအက်ဖ် (PDF) မှတ်တမ်းများကို အလွယ်တကူ ဒေါင်းလုပ် (download) လုပ်နိုင်ခြင်း၊

- **အကြောင်းအရာများ၏ နက်နဲမှုနှင့် အရည်အသွေး -**
  - စာမျက်နှာများကို ပုံနှိပ်ထုတ်ဝေနိုင်ရန်၊ မှတ်တမ်းများနှင့် အချက်အလက်များကို ဒေါင်းလုပ် ပြုလုပ်နိုင်ရန် ပါဝင်သော အကြောင်းအရာများအား စီမံခန့်ခွဲသည့် စနစ်တစ်ခုကို အသုံးပြု ခြင်း၊
  - သတင်းအစိတ်အပိုင်းများနှင့် အဖြစ်အပျက်များကို အပတ်စဉ် နောက်ဆုံးရ အချက်အလက် များဖြင့် ပြင်ဆင်ခြင်း၊
  - အကြောင်းအရာများကို ဗီဒီယိုဖြင့် ပြသခြင်း၊
  - ရင်းနှီးမြှုပ်နှံမှုလမ်းညွှန်များကို တိုက်ရိုက် (တစ်ချက်နှိပ်ရုံဖြင့်) ရယူနိုင်စေခြင်း၊
  - သတင်းအချက်အလက်များကို ရည်ညွှန်းများဖော်ပြ၍ တိကျပါစေ၊
  - သက်ဆိုင်မှုရှိသည့်သတင်းအချက်အလက်များကိုသာ ဖော်ပြပါ (ဇယားကွက် ၇-၈)၊

- **အသုံးပြုသူများကို ပိုင်းခြားထားခြင်း** - အဓိကအားဖြင့် နိုင်ငံခြားနှင့် ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံ သူများ အတွက်။

- **ဈေးကွက်ရှာဖွေသော နည်းလမ်းများကို ရှာဖွေမှု၌ အသုံးပြုခြင်း -**
  - ဝက်ဘ်ဆိုဒ်ရှာဖွေသော အင်ဂျင်များက (search engines) သင့်အားရှာဖွေနေသူနှင့် ချိတ်ဆက် ပေးခြင်း၊

- ကလစ်နှိပ်ခြင်းများသည် အခမဲ့ဖြစ်နိုင်သည် (အဓိက ကော်လံမှ စာရင်းတွင် နိုပ်ရန်) ၊ သို့သော် အဆင့်သတ်မှတ်ခြင်းကို ရယူရန် ခက်မည်၊
- ကလစ်နှိပ်ပါက ငွေဖြတ်ခြင်းလည်းရှိနိုင်သည် (ညာဖက်တွင် ကြော်ငြာများရှိသည်) ၊ ထိုနေ့ရက်တွင်ပင် စာရင်း၏ ထိပ်ဆုံးသို့ ရောက်နိုင်သည်၊
- သင်၏ တည်နေရာ သို့မဟုတ် IPA အမည်ကို ရှာဖွေရာတွင် ထွက်လာသောစာရင်း၏ ထိပ်ဆုံး၌ ပေါ်နေစေရေးကို သေချာအောင်လုပ်ဆောင်ပါ ။
- နောက်ထပ်လမ်းကြောင်းများ (traffic) တွင် သွားနိုင်ရန် ငွေပေးရသော ရှာဖွေခြင်း (pay-per-click or PPC) ကို အသုံးပြုပါ။[112]

- **အီးမေးလ်ဖြင့် ဈေးကွက်မြှင့်တင်ခြင်းနှင့်သတင်းကဏ္ဍများအား ထိရောက်စွာအသုံးပြုခြင်း -**
  - အလားအလာရှိသူများနှင့် ရင်းနှီးမြှုပ်နှံသူများထံ လစဉ်အီးမေးလ်ဖြင့် သတင်းလွှာများ ပေးပို့ခြင်း၊
  - ထိုသတင်းလွှာများ အလုပ်ဖြစ်မဖြစ် ခြေရာခံလိုက်ကြည့်ခြင်း၊
  - သတင်းလွှာများနှင့် သတင်းကဏ္ဍများကို IPA ဝက်ဘ်ဆိုဒ်တွင် အပတ်စဉ် သို့မဟုတ် လစဉ် တင်ပေးခြင်း၊
  - အမြဲတမ်းနောက်ဆုံးရအချက်အလက်များကို ထည့်သွင်းပေးပါ။ သို့မဟုတ်ပါက သတင်းများသည် ပြောင်းပြန်ရလဒ်ထွက်တတ်သည်။

- **မကြာခဏလုပ်ပေးရသော ထိရောက်သည့် လုပ်ဆောင်ချက်အလုပ်ဖြစ်မဖြစ် လိုက်လံ ကြည့်ရှုမှု -**
  - တစ်လတစ်ကြိမ် လုပ်ဆောင်ချက် အစီရင်ခံစာ လက်ခံရရှိခြင်း (ဒေသအလိုက်နှင့် IPA အလိုက်) ၊
  - လာ 'ထိ' သော အကြိမ် (ဆိုလိုသည်မှာ ဝက်ဘ်ဆိုဒ်ကို ရှာဖွေသည့်အင်ဂျင်ဖြင့် ရှာဖွေသည့် အကြိမ်အရေအတွက်) ကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ - ၎င်းမှာ မှားယွင်းသော ညွှန်ကိန်း ဖြစ်သည်၊
  - သီးသန့်ရင်းနှီးမြှုပ်နှံသူတစ်ဦးချင်းစီက ဝင်ရောက်ကြည့်ရှုမှု (နောက်ပိုင်း ဝင်ရောက်ကြည့်ရှု မှုကို ကြည့်နိုင်)၊ ရည်ညွှန်းသောဝက်ဘ်များ (ရှာဖွေရေးအင်ဂျင်ဖြင့် ဝင်ရောက်မှု) နှင့် ဒေါင်းလုပ် ပြုလုပ်သည့် အရေအတွက်ကို မှတ်တမ်းတင်ခြင်း၊
  - ကြော်ငြာများ၊ ဝက်ဘ်များ၊ PR ထိရောက်မှုများကို မှတ်တမ်းတင်ထားခြင်းများအား ပေါင်းစည်းပေးခြင်း၊
  - လမ်းကြောင်းများနှင့် မှတ်တမ်းတင်မှုအတွက် Google Analytics ကို အသုံးပြုပါ။

- **လုပ်ငန်းတည်မည့်နေရာကို အကဲဖြတ်ခြင်းနှင့် ရွေးချယ်ခြင်းရည်ရွယ်ချက်များအတွက် မြေပုံများ နှင့် ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ် (Geographic Information System – GIS) နည်းပညာကို အသုံးပြုခြင်းသည် မရှိမဖြစ်လိုအပ်သည်** (ဇယားကွက် ၇-၉) –
  - IPA ဝက်ဘ်ဆိုဒ်နှင့် ပေါင်းစည်းပါ ။
  - အလွှာအမျိုးမျိုးပါဝင်သော မြေပုံများကို အသုံးပြုခြင်း (သယ်ယူပို့ဆောင်ရေး၊ ပညာရေး စသည်) ၊
  - စုစည်းထားသော အိမ်ခြံမြေရှာဖွေရေး/GIS mapping ဆော့ဖ်ဝဲများ အသုံးပြုခြင်း၊

[112]တစ်ချက်နှိပ်တိုင်းငွေပေးရခြင်း (pay-per-click) (PPC) ကို တစ်ချက်နှိပ်တိုင်းကုန်ကျမှု (cost per click) (CPC) ဟု ခေါ်ပြီး၊ ၎င်းမှာ ဝက်ဘ်ဆိုဒ်သို့ တိုက်ရိုက်ရောက်သွားနိုင်သော အင်တာနက်ကြော်ငြာပုံစံကို အသုံးပြုထားခြင်းဖြစ်သည်။ ၎င်းတွင် ကြော်ငြာကို ကလစ်နှိပ် ပါက ကြော်ငြာရှင်က ဝက်ဘ် ဆိုဒ်တင်ထားသူ (ပုံမှန်အားဖြင့် ဝက်ဘ်ဆိုဒ်ပိုင်ရှင် သို့မဟုတ် ဝက်ဘ်ဆိုဒ်ကွန်ရက်) အား ငွေပေးရသည်။

- သက်ဝင်လှုပ်ရှားနေမည့် လူဦးရေဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အစီရင်ခံစာများ ထုတ်လုပ် ခြင်း၊

- **မီဒီယာအသစ်နှင့် ဆိုရှယ်မီဒီယာတို့ကို အသုံးပြုခြင်း** - ဝက်ဘ်ဆိုဒ်သည် ဆိုရှယ်မီဒီယာနှင့် ထိရောက်သော ချိတ်ဆက်မှုများရှိသင့်သည် -
  - IPA သည် ၎င်း၏ ဝက်ဘ်ဆိုဒ်၊ LinkedIn ၊ Facebook ပရိုဖိုင်းများကြားတွင် လင့်များ (links) ထည့်ပေးခြင်း၊
  - Twitter အကောင့်ကို အမြဲတမ်းအသုံးပြုနေပါ၊
  - ဘလော့ဂ် (blog) တစ်ခုထားရှိကာ တစ်လလျှင် လေးကြိမ် နောက်ဆုံးရ အချက်အလက်များ ထည့်သွင်းခြင်း၊
  - သင်၏ ဝက်ဘ်ဆိုဒ်တွင် share လုပ်နိုင်ရန် share သင်္ကေတကို ထည့်သွင်းထားခြင်း၊

**ဇယားကွက် ၇-၈ IPA ဝက်ဘ်ဆိုဒ်တစ်ခုအတွက် သက်ဆိုင်သည့် သတင်းအချက်အလက်များ**

ရနိုင်သောသတင်းအချက်အလက်အားလုံးသည် ရင်းနှီးမြှုပ်နှံသူများအတွက် သက်ဆိုင်လိမ့်မည်ဟုယူဆကာ ဝက်ဘ်ဆိုဒ်တွင် အချက်အလက်များစွာကို ဖြစ်သလိုထည့်သွင်းလေ့ရှိသည်။ သို့သော် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အရေးပါသည်ဆိုသည့် သတင်းအချက်အလက်များကိုသာပေးသည့် ဝက်ဘ်ဆိုဒ်မျိုးကိုသာ ပိုမိုအမှတ်ပေးလေ့ရှိသည် (အောက်တွင် ဇယား ၇-၅ ကြည့်)။ ဆိုလိုသည်မှာ ၎င်းတို့နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်ကိုဖြစ်သည်။ သက်ဆိုင်သည့် သတင်း အချက်အလက်တွင် အောက်ပါတို့ပါဝင်သည်-

- လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်အပါအဝင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုအတွက် ကုန်ကျစရိတ်များ၊
- လုပ်ငန်းတည်မည့်နေရာနှင့် တည်နေရာ၏ အားသာချက်များ၊
- စီးပွားရေး ရေခံမြေခံများ - အခွန်များ၊ ဥပဒေများ စသည်၊
- ရနိုင်သော မက်လုံးများ၊
- သီးသန့်အခန်းကဏ္ဍနှင့်ဆိုင်သော သတင်းအချက်အလက်များ (ထုတ်လုပ်မှု၊ ဝန်ဆောင်မှုများ)၊
- စံနှုန်းသတ်မှတ်ခြင်းနှင့်လုပ်ငန်းတည်မည့်နေရာ ရွေးချယ်မှုအတွက် အသုံးပြုနိုင်သော သတင်းအချက်အလက်များ၊
- အချက်အလက်များရေးသွင်းထားသည့်စာရင်း (factsheets) ၊
- ရင်းနှီးမြှုပ်နှံမှုနှင့်မိတ်ဖက်လုပ်ဆောင်နိုင်မည့်အခွင့်အလမ်းများ။

အကောင်းဆုံးပုံစံအနေဖြင့် သတင်းအချက်အလက်များကို အမျိုးအစားများခွဲခြင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် မက်ထရစ်စနစ်နှင့် ငွေကြေးစနစ်အမျိုးမျိုးကို အသုံးပြုခြင်းဖြစ်သင့်သည်။ သတင်းအချက်အလက်များကို အင်္ဂလိပ် ဘာသာအပြင် အခြားအဓိကကျသည့်ရင်းနှီးမြှုပ်နှံမည့်နိုင်ငံများ၏ ဘာသာစကားဖြင့် ဖော်ပြရမည်။ ဝက်ဘ်ဆိုဒ်တွင် သက်ဆိုင်သော အကြောင်းအရာများအတွက် သော့ချက်မှာ -

- သင့်ဝက်ဘ်ဆိုဒ်ကို အသုံးပြုမည့်သူများကို နားလည်ပါ။ ၎င်းမှာ အဓိပ္ပါယ်ရှိပြီး ပြည့်စုံစွာ ပါဝင်သည့် အကြောင်းအရာကို ရေးဆွဲထည့်သွင်းရန် သော့ချက်ဖြစ်သည်။
- သင်၏ပရိသတ်ကို အမျိုးအစားခွဲ၍ အသုံးပြုသူများကို ဦးစားပေးသတ်မှတ်ပါ (ရင်းနှီးမြှုပ်နှံသူများ၊

လုပ်ငန်းတည်မည့်နေရာ ရွေးချယ်ခြင်းအတွက် အကြံပေးများ၊ မီဒီယာ၊ သုတေသနပြုသူများ စသည်)၊

- အသုံးပြုသူအမျိုးအစားတစ်ခုချင်းအလိုက် ၎င်းတို့ သင်၏ဝက်ဘ်ဆိုဒ်ကို ဝင်ကြည့်သောအခါ ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်အောင်မြင်ရေးအတွက် ကူညီရန် ဦးတည်ပါ၊
- သင့်တွင်ရှိသော အကြောင်းအရာနှင့် စတင်ပါ၊ သက်ဆိုင်မှု၊ အရည်အသွေး၊ ပြည့်စုံစွာ ပါဝင်မှုတို့အတွက် အကဲဖြတ်ပါ၊
- ပါဝင်သော အကြောင်းအရာများအတွက် ဇစ်မြစ်များသည် အသုံးပြုသူများက ယုံကြည်မှုရှိခြင်း၊
- ထို့နောက် ကွာဟနေခြင်းများကို ဖြည့်ပါ။

**ဇယား ၇-၅ ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ငန်းတည်နေရာရွေးချယ်မည့်သူများ လိုအပ်သည့် သတင်းအချက်အလက်များ**

| ၎င်းတို့ အမှန်တကယ် ဘာတွေ လိုအပ်သလဲ | ၎င်းတို့ အမှန်တကယ် ဘာတွေ မလိုအပ်သလဲ |
|---|---|
| • ဆက်သွယ်နိုင်သည့်သတင်းအချက်အလကဖ်များ | • အလုပ်ကြမ်းသမား စာရင်းဇယားများ |
| • မက်လုံးပေးသည့် အစီအစဉ်များ | • လုပ်ခလစာသတင်းအချက်အလက်အတွက် ဒုတိယအဆင့် ဇစ်မြစ် |
| • အခွန်နှုန်းထားများနှင့် ကုန်ကျစရိတ်အချက်အလက်များ | • အထွေထွေအဆင့်သတ်မှတ်ခြင်းများ |
| • မကြာသေးမီက ကြေညာချက်များ | • အခြားအဓိကမြို့ ကြီးများသို့ အကွာအဝေး |
| • ထောက်ခံချက်များ၊ | • အထွေထွေရာသီဥတုနှင့် မိုးလေဝသခြေအနေများ |
| • စက်မှုလုပ်ငန်းကို ပစ်မှတ်ထားသည့် သတင်းအချက်များ | |
| • သင်၏ နယ်မြေ မြေပုံ | |
| • အကြီးဆုံးအလုပ်ရှင်များ | |
| • ကောလိပ်နှင့် တက္ကသိုလ်နယ်မြေများ | |

ဇစ်မြစ်-ICA, World Bank Group (2012).

IPA သည် ပန်းတိုင်များနှင့် ရည်ရွယ်ချက်များကို ခေါင်းထဲထည့်ထားကာ အောက်ပါ အခြေခံကျသည့် ဝက်ဘ်ဆိုဒ်ပုံစံ (template) ကို အသုံးပြုနိုင်သည် -[113]

[113]VCC (2009)တွင်ကိုးကားထားသကဲ့သို့ Loco Software Ltd. ကရေးဆွဲသည်။ Loco Software သည်အိုင်ယာလန်တွင်အခြေစိုက်ကာကမ္ဘာအနှံ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများအတွက်ဝက်ဘ်ဆိုဒ်ရေးဆွဲမှုနှင့်ဆိုင်သောအွန်လိုင်းအပလီကေးရှင်းများရေးဆွဲသည်။http://fdiapp.com/indexFdiWebsites.html.တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

- မိမိတို့အကြောင်း - IPA အကြောင်းသတင်းအချက်အလက်များ - သမိုင်းကြောင်းအကျဉ်း၊ ရေရှည်မျှော်မှန်းချက်၊ ရည်မှန်းချက်ဖော်ပြချက်များ၊ ရည်ရွယ်ချက်များ၊ စီမံခန့်ခွဲရေးအဖွဲ့၊ တည်ဆောက်ထားပုံနှင့် အဖွဲ့အစည်းဇယားပုံစံ၊ နှစ်စဉ်အစီရင်ခံစာများ။
- ဝန်ဆောင်မှုများ - သက်ဆိုင်သည့် တာဝန်ရှိသူများ၏ ဆက်သွယ်နိုင်သည့် အသေးစိတ်အချက် များ ပါဝင်သော လုပ်ငန်းတည်မည့်နေရာသို့ သွားရောက်လေ့လာခြင်းများနှင့် နောက်ပိုင်း ဝန်ဆောင်မှု ပေးခြင်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှု လွယ်ကူအောင်လုပ်ဆောင်ပေးသည့် ဝန်ဆောင်မှု များနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ စီးပွားရေးလုပ်ငန်း မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများနှင့် ပုံစံများ၊ အခြားခွင့်ပြုချက် ပါမစ်များနှင့် လိုင်စင်များ အတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေး သောနေရာ။
- ယေဘုယျစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ရေခံမြေခံနှင့်ပတ်သက်သော သတင်းအချက်အလက်များ - အောက်ပါအခြေအနေတွင် စီးပွားရေးလုပ်ဆောင်ခြင်း (အောက်တွင် လမ်းညွှန်ပါသော အကျဉ်းချုပ်) –
  - အမျိုးသားစီးပွားရေးကို ခြုံငုံကြည့်ရှုခြင်း [ဒေါင်းလုပ်လုပ်ရန် အချက်အလက်ဇယား ပါဝင်သော အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးနှင့် FDI တို့၏ အဓိကသွင်ပြင် လက္ခဏာများ အကျဉ်းချုပ်]
  - ဒေသဆိုင်ရာစီးပွားရေးကို ခြုံငုံကြည့်ရှုခြင်း [ဒေါင်းလုပ်လုပ်ရန် အချက်အလက်ဇယား ပါဝင်သော အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရှိ ဒေသများ၏ အဓိက စီးပွားရေးဒေသများနှင့် FDI တို့၏ အဓိက သွင်ပြင်လက္ခဏာများ အကျဉ်းချုပ်]
  - ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် နည်းဥပဒေများ၊ မြေယာနှင့် အလုပ်သမားဥပဒေများနှင့် နည်းဥပဒေများ၊ ဘဏ်လုပ်ငန်းဥပဒေများနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ စသည်တို့ အပါအဝင် သက်ဆိုင်သောဥပဒေများကို ခြုံငုံကြည့်ရှုခြင်း၊
  - ရနိုင်သော မြေယာ၊ သယ်ယူပို့ဆောင်ရေးနှင့် အသုံးပြုနိုင်သော ပံ့ပိုးပစ္စည်းများ (စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များ) များကို ခြုံငုံကြည့်ရှုခြင်း၊
  - စီးပွားရေးလုပ်ငန်းလုပ်ဆောင်ခြင်းအတွက် ကုန်ကျစရိတ်များကို ခြုံငုံကြည့်ရှုခြင်း - ဝန်ဆောင်မှု အသုံးပြုခြင်းများ၊ လုပ်သားအင်အား၊ မြေငှားရမ်းခများ၊ နေ့စဉ်လည်ပတ်မှု အတွက် အရင်းအနှီး၊ သယ်ယူပို့ဆောင်ရေး၊
  - ဘဝအရည်အသွေး
  - လက်ရှိရင်းနှီးမြှုပ်နှံနေသူများထံမှ ထောက်ခံချက်များ၊
  - အသုံးဝင်မည့်အချိတ်အဆက်များနှင့် ဆက်သွယ်ရန် လိပ်စာများ (အသင်းကြီးများ၊ ဝန်ကြီးဌာနများ၊ သံရုံးများ၊ ဘဏ်များ၊ မီဒီယာစသည်)၊
- အိမ်ရှင်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ [အောက်တွင် လမ်းညွှန်ပါသော ရင်းနှီးမြှုပ်နှံသူအတွက် ပရောဂျက်အဆိုပြုချက်များ၏ အကျဉ်းချုပ်များ] –
  - ကဏ္ဍ A [ဒေါင်းလုပ်လုပ်နိုင်သည့် အချက်အလက်ဇယားပါဝင်သည့် တန်ဖိုး အဆိုပြုချက်များနှင့် ထိုကဏ္ဍ၏ သော့ချက်ကျသည့် အကျိုးအမြတ်များအကျဉ်းချုပ်]
  - ကဏ္ဍ B [ဒေါင်းလုပ်လုပ်နိုင်သည့် အချက်အလက်ဇယားပါဝင်သည့် တန်ဖိုး အဆိုပြုချက်များနှင့် ထိုကဏ္ဍ၏ သော့ချက်ကျသည့် အကျိုးအမြတ်များအကျဉ်းချုပ်]
  - ကဏ္ဍ C [ဒေါင်းလုပ်လုပ်နိုင်သည့် အချက်အလက်ဇယားပါဝင်သည့် တန်ဖိုးအဆိုပြုချက်များနှင့် ထိုကဏ္ဍ၏ သော့ချက်ကျသည့် အကျိုးအမြတ်များအကျဉ်းချုပ်]
  - စသည်ဖြင့်၊
- သတင်းစာနယ်ဇင်းများ [အောက်တွင် လမ်းညွှန်ပါသည်] –
  - သတင်းများ [အိမ်ရှင်နိုင်ငံ/တည်နေရာနှင့်ပတ်သက်ပြီး အသစ်ဘာတွေ ရှိသလဲ - ရင်းနှီး မြှုပ်နှံမှု နှင့် ဆိုင်သော ကြေညာချက်များ]

- ပုံနှိပ်ထုတ်ဝေမှုများ [သက်ဆိုင်သည့် ထုတ်ဝေမှုများသို့ သွားနိုင်ရန်လင့်များ]

- စုံစမ်းမေးမြန်းနိုင်သည့်ပုံစံ [အီးမေးလ်ဖြင့် စုံစမ်းစစ်ဆေးနိုင်သည့်ပုံစံနှင့် ဖုန်း/ဖက်စ် ဆက်သွယ်ရန် လိပ်စာများ]
- ကျွန်ုပ်တို့ထံ ဆက်သွယ်နိုင်သည့်လိပ်စာများ။

### ဇယားကွက် ၇-၉ IPA ဝက်ဘ်ဆိုဒ်များတွင် GIS ရရှိနိုင်မှု

ရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်ရန် အရေးကြီးသော သွင်ပြင်လက္ခဏာတစ်ခုမှာ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် အမျိုးမျိုးသော လုပ်ငန်းတည်မည့်နေရာ/တည်နေရာများကို အကဲဖြတ်ရန်နှင့် နှိုင်းယှဉ်ရန် စွမ်းရည်ဖြစ်သည်။ ထိုရည်ရွယ်ချက်အတွက် IPA ဝက်ဘ်ဆိုဒ်သည် ဖြစ်နိုင်သည့်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာနှင့် ဆိုင်သော ပြည့်စုံပြီး သက်ဆိုင်မှုလည်းရှိသော သတင်းအချက်အလက်များကို ပေးနိုင်ရန် လိုအပ်သည်။ ဤနေရာတွင် အလွန်အထောက်အကူဖြစ်သည်မှာ IPA ဝက်ဘ်ဆိုဒ်များတွင် ပေါင်းထည့်ထားသော ပထဝီဆိုင်ရာ သတင်းအချက်အလက် စနစ် (Geographic Information System – GIS) ကို ဖြည့်ဆီးပေးခြင်းဖြစ်သည်။ ထိုသို့သော စနစ်များသည် ရင်းနှီးမြှုပ်နှံသူ များအား ၎င်းတို့ အကဲဖြတ်လိုသော နယ်မြေ/တည်နေရာ/လုပ်ငန်းတည်မည့်နေရာ၏ အနီးကပ်မြင်ကွင်းကို ကြည့်ရှုခွင့်ပေးသည်။ အဆင့်မြင့်လာသော GIS သည် အလွှာအမျိုးမျိုး (သယ်ယူပို့ဆောင်ရေး၊ ပညာရေး စသည်) ပါဝင်သော မြေပုံများကို အသုံးပြုကာ ပေါင်းစည်းထားသော အိမ်ခြံမြေရှာဖွေရေးကို လုပ်ဆောင်နိုင်ပြီး ကောင်းစွာ အသုံးချ နိုင်သည့် လူဦးရေနှင့် စီးပွားရေးဆိုင်ရာ အစီရင်ခံစာများ ထုတ်လုပ်ပေးသည်။ GIS တွင် ရနိုင်သော အိမ်ခြံမြေ နှင့် ကုမ္ပဏီများ (M&A သို့ မဟုတ် မိတ်ဖက်များအတွက်) နှင့် အခြေခံအဆောက်အဦ၊ လက်ရှိ FDI ကုမ္ပဏီများနှင့် နိုင်ငံတကာကျောင်းများ၊ စီးပွားရေးရုံးခန်းများ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များကဲ့သို့သော ရပ်ရွာ၏ ပိုင်ဆိုင်မှုများ ပါဝင်သင့်သည်။ GIS သည် ပရိုဂရမ် ရေးဆွဲရန်မလိုပဲ နောက်ဆုံးအချက်အလက်များ ဖြည့်သွင်းနိုင်ရန် လုပ်ဆောင် ထားသင့်သည်။ ရင်းနှီးမြှုပ်နှံသူများအတွက် GIS မှ ရရှိသော အကျိုးအမြတ်များမှာ -

- ရင်းနှီးမြှုပ်နှံသူများတောင်းဆိုသော ပြည့်စုံစွာပါဝင်သော အလျက်အလက်များကို အွန်လိုင်းဖြင့် ပေးခြင်း၊
- တည်နေရာအတွင်းရှိ ထိပ်တန်း အိမ်ခြံမြေများကို မီးမောင်းထိုးပြထားသည့် FDI နှင့် ပတ်သက်သည့် အိမ်ခြံမြေ များ၏ အချက်အလက်များစုဆောင်းထားသည့် database
- မိမိ၏ တည်နေရာတွင် စီးပွားရေးလုပ်ဆောင်၍ အောင်မြင်နေသည့် ကုမ္ပဏီများ၏ အချက်အလက်များ စုထားသည့် database
- အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်သော၊ နောက်ဆုံးရ အချက်အလက်များ ဖြည့်သွင်းနိုင်သော မြေပုံပေါ်ရှိ တည်နေရာ၏ ပိုင်ဆိုင်မှုပစ္စည်းများ
- တည်နေရာနှင့်ဆိုင်သော အချက်အလက်များကို အနီးအနားရှိအခြားတည်နေရာများနှင့် ပြိုင်ဆိုင်ရန် နှိုင်းယှဉ်ခြင်း

မျိုးဆက်အသစ် GIS များသည် 3D ဖြစ်ပြီး ဂြိုလ်တုနှင့် ချိတ်ထားသဖြင့်ရင်းနှီးမြှုပ်နှံသူများကို တည်နေရာတစ်ခုအတွက် ဝင်ကြည့်ပါက အပြင်တွင် အမှန်တကယ် သွားရောက်ကြည့်ရှုသကဲ့သို့ တွေ့ ရမည်ဖြစ်သည်။

ဇစ်မြစ်-ICA

ဖြစ်ရပ်အများစုတွင် ရင်းနှီးမြှုပ်နှံသူများက IPA နှင့် တည်နေရာအပေါ် ပထမဆုံးအထင်ကြီးလေးစားမှုမှာ IPA ၏ ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုခြင်းမှ စတင်ဖြစ်ပေါ်သည်။ ဝက်ဘ်ဆိုဒ်တစ်ခုသည် ညံ့ဖျင်းစွာဒီဇိုင်းဆွဲထားခြင်း၊ စာလုံးပေါင်းနှင့် သဒ္ဒါအမှားများစွာ ပါဝင်နေခြင်း၊ သို့မဟုတ် နှိပ်၍ ဆက်ကြည့်နိုင်သည့်နေရာများ (buttons) နှင့်လင့်များ (links) သည် ကောင်းစွာ အလုပ်မလုပ်ခြင်း စသည်တို့သည် သင်၏အေဂျင်စီနှင့် တည်နေရာအပေါ် အနုတ်လက္ခဏာဆောင်သော ပုံရိပ်ဖြစ်စေသည်။ သင်၏ ဝက်ဘ်ဆိုဒ်သည်ကောင်းစွာ ဒီဇိုင်းဆွဲထားခြင်း၊ ပရော်ဖက်ရှင်နယ်ဆန်ခြင်းနှင့် နောက်ဆုံးရသတင်းအချက်အလက်များပါဝင်မှုသေချာအောင် လုပ်ထားပါ။ ကောင်းစွာ ဒီဇိုင်းဆွဲထားပြီး အပြန်အလှန်ဆက်သွယ်မှုရှိအောင် လုပ်ထားသော ဝက်ဘ်ဆိုဒ်များသည် အသုံးပြုသူများက ထင်မြင်ချက်ပြန်ပေးလာစေရန် အားပေးသည်။ ၎င်းတို့သည် IPA တစ်ခုအား ၎င်း၏ ဝက်ဘ်ဆိုဒ်ကို ဝင်ရောက်လာသူ (hits) အရေအတွက်ကို အကဲဖြတ်ရန် လွယ်ကူစေသည်။ ထို့အပြင် Google Analytics သည် Google က ပေးထားသော အခမဲ့အသုံးပြုနိုင်သည့် ဝက်ဘ်သရုပ်ခွဲသုံးသပ်ရာတွင် အသုံးဝင်သော ကိရိယာ (tool) တစ်ခုဖြစ်ပြီး ၎င်းသည် ကြီးမားပြီး၊ ရှုတ်ထွေးသောဝက်ဘ်ဆိုဒ်များထက်စာလျှင် သေးငယ်သော ဝက်ဘ်ဆိုဒ်များအတွက် ဝင်ရောက်ကြည့်ရှုသူများကို မှတ်တမ်းတင်ရန်နှင့် အစီရင်ခံစာများအတွက် အသုံးဝင်လှသည်။ ၎င်းသည် ရှာဖွေသည့်အင်ဂျင်များ အသုံးဝင်မှုနှင့်ဈေးကွက် မြှင့်တင်ရေးရည်ရွယ်ချက်များအတွက် ကိန်းဂဏန်း၊ စာရင်းဇယားများနှင့် အခြေခံသရုပ်ခွဲသုံးသပ်သည့် ကိရိယာနည်းလမ်းများ (tools) ကို ဖြည့်ဆီးပေးသည်။ ဝက်ဘ် သရုပ်ခွဲ သုံးသပ်မှုက ဝက်ဘ်ဆိုဒ် သည် ထိရောက်သော မြှင့်တင်ရေးနည်းလမ်းတစ်ခု ဟုတ်မဟုတ်ကို ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်သည်။ မည်သို့ဆိုစေ ဝက်ဘ်ဆိုဒ်တွင် ပါဝင်သော အကြောင်းအရာများက အသုံးပြုသူများကို ဆွဲဆောင်မှုရှိနေသေးသလား၊ ဝင်ရောက်ကြည့်ရှုသူအရေအတွက် တိုးလာသလား၊ လျော့သွားသလား ဆိုသည် တို့ကိုဆုံးဖြတ်ရာတွင် ထိုအချက်အလက်များကို အခြေခံအဖြစ် ပုံမှန်အသုံးပြုသွားရန် လိုအပ်သည်။

## ၃။ ဆိုရှယ်မီဒီယာကို အသုံးပြုမှု

ဆိုရှယ်မီဒီယာ သို့မဟုတ် "Web 2.0" ကို ရင်းနှီးမြှုပ်နှံသူများနှင့်လုပ်ငန်းတည်မည့်နေရာ ရွေးချယ်မည့်သူများက တိုး၍ အသုံးပြုလာကြပြီဖြစ်သည်။ ICA သုတေသနပြုချက်များအရ Facebook ၏ နောက်တွင် LinkedIn ကို သတင်းအချက်အလက်ဇစ်မြစ်အတွက် အများဆုံးအသုံးပြုကြကြောင်းတွေ့ရှိရသည်။ ဆိုရှယ်မီဒီယာသည် IPA များကို ပါဝင်ပတ်သက်နေသူ အားလုံးနှင့် ထိရောက်သော ဆက်သွယ်ရေးနှင့် အချိတ်အဆက်များ ရရှိစေသည်။ ထို့ကြောင့် IPA များသည် ၎င်းတို့၏ ဝက်ဘ်ဆိုဒ်မှတဆင့် ဆိုရှယ်မီဒီယာသို့တိုက်ရိုက် လင့်များရှိနေရန်လိုအပ်သည်။ LinkedIn တစ်ခုတည်းကို ကြည့်ရှုပါက ၎င်းသည် လျင်မြန်စွာကြီးလာနေပြီး ကမ္ဘာပေါ်တွင် အပြည့်စုံဆုံးနှင့် သက်ဝင်လှုပ်ရှားမှုအရှိဆုံး ပရော်ဖက်ရှင်နယ် အွန်လိုင်းမီဒီယာကွန်ရက် နည်းလမ်းကိရိယာတစ်ခု ဖြစ်သည်။ LinkedIn သည် IPA များအား လိုအပ်သော အချိတ်အဆက်များကို ပေးသည်သာမက ရင်းနှီးမြှုပ်နှံသူများ၏ ရှာဖွေမှုလွယ်ကူစေရန် ဆွေးနွေးမှုများ၊ ပံ့ပိုးမှုများနှင့်အကျိုးစီးပွားအုပ်စုများ ဖြည့်ဆီးပေးသည်။

IPA များအတွက် အရေးအကြီးဆုံး ကမ္ဘာလုံးဆိုင်ရာ ဆိုရှယ်မီဒီယာများမှာ အောက်ပါအတိုင်းဖြစ်သည် -

- LinkedIn (www.linkedin.com)- သက်ဝင်လှုပ်ရှားမှုအရှိဆုံး ပရော်ဖက်ရှင်နယ်ကွန်ရက်ဖွဲ့ ပေးသည့် ဝက်ဘ်ဆိုဒ်
- Shareslide (www.shareslide.net)သည် LinkedIn မှ ပိုင်ဆိုင်ခြင်းဖြစ်ကာ -
  - slide များနှင့် PDF ရှင်းလင်းတင်ပြမှုများကို ရယူနိုင်ခြင်း - IPA ၏ သတင်းစကားကို ဈေးကွက်မြှင့်တင်ရာတွင် မျက်စိဖြင့်ကြည့်နိုင်အောင် လုပ်ဆောင်နိုင်သည့် ကောင်းမွန်လှ သော နည်းလမ်း၊
  - ရှင်းလင်းတင်ပြမှုများ (presentation) ၏ ရည်ရွယ်ချက်များကို အနည်းငယ်ပြင်ဆင်ခြင်း၊
  - အခြားဆိုရှယ်မီဒီယာဆိုဒ်များနှင့်အပြန်အလှန်လင့်များထည့်သွင်းပေးခြင်း၊
  - ကမ္ဘာပေါ်တွင် slide များကို ရှယ်ခြင်းအတွက် အကြီးဆုံးနေရာဖြစ်သည်။
- Soundcloud: (www.soundcloud.com)-
  - podcast ၊ စမတ်ဖုန်း၊ iTunes တို့မှတဆင့် IPA ၏ သတင်းစကားများကို အသံဖြင့် ဖြန့်ဝေခြင်း၊
- Youtube: (www.youtube.com)-
  - IPA ၏ သတင်းစကားများကို အွန်လိုင်းမှ ဗီဒီယို (အရုပ်ရော အသံ) ဖြင့်ဖြန့်ဝေခြင်း၊
  - ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော ကိစ္စရပ်များအပေါ် ပညာရပ်ဆိုင်ရာ ရှင်းလင်းတင်ပြမှုများ ပြုလုပ်နိုင်သည် - လူနေမှုဘဝပုံစံများ၊ ရင်းနှီးမြှုပ်နှံသူများ၏ ထောက်ခံချက်များ၊ အိမ်ခြံမြေများနှင့် လုပ်ငန်းတည်မည့်နေရာများသို့ လေ့လာရေးခရီးများစသည်၊
- Twitter: (www.twitter.com)-
  - လူမှုရေးနှင့်ဆိုင်သော ကွန်ရက်ဖွဲ့ခြင်းနှင့် ဘလော့ဂ်အသေးစားလုပ်ဆောင်ခြင်း (microblogging)
  - အင်တာနက်တွင် SMS ပို့ခြင်း၊
  - Twitter အသုံးပြုသူ ၁၀ သန်းကျော်၏ စာရင်းဇယားများကို ခြေရာခံကြည့်ရှုရန်အတွက်နှင့် IPA များက ဘယ်အချိန်၊ ဘယ်နှစ်ခါ၊ မည်သူများက ၎င်းတို့ကို စိတ်ဝင်စားသည် စသည်တို့ကို စောင့်ကြည့် အကဲဖြတ်ရန်အတွက် Twitter Counter (http://twittercounter.com) ကို အသုံးပြု ခြင်း၊
- Web-blogs and webinars - အကြောင်းအရာများကို စိစစ်ရန် ပိုမိုခက်ခဲသောကြောင့် ၎င်းတို့ကို အသုံးပြုမှုနည်းသည်။ ဘလော့ဂ်များမှာလည်း ၎င်းတို့ကို အမြဲတမ်းသက်ဝင် လှုပ်ရှားနေရန် အဆက်မပြတ် နောက်ဆုံးရအချက်အလက်များ ဖြည့်သွင်းနေရခြင်းနှင့် အချိန်ကုန်ခြင်းများ ရှိပါသည်။

ဆိုရှယ်မီဒီယာမဂ္ဂဇင်းဖြစ်သော Social Media Examiner၏ အဆိုအရ ဆိုရှယ်မီဒီယာ၏ ထိပ်တန်းအားသာချက်အပေါ် ၈၅% သော ဈေးကွက်ရှာဖွေရေးသမားများ၏ စစ်တမ်းအစီရင်ခံချက်များက ကုန်အမှတ်တံဆိပ်ကို အများသိအောင်လုပ်ခြင်းဟု ဆိုကြသည်။ ၅၂% ကမူ ၎င်းတို့အနေဖြင့်အရည်အသွေးပြည့်သော ဦးဆောင်မှုကို ရယူနိုင်ရန် အသုံးပြုသည်ဟုဆိုကြသည်။ fDiMagazine က LinkedIn နှင့် Twitter တို့သည် IPA များကြားတွင် အကြိုက်အများဆုံးပလက်ဖောင်းနှစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့သည်။[114]IPA များက အခြေပြုသော အလုပ်နှင့်ပတ်သက်သူအများစုသည် အမှုဆောင်အဆင့်ရှိသူများဖြစ်ကာ ၎င်းတို့သည် facebook သိပ်မသုံးကြသူများဖြစ်၍ Facebook ကို အသုံးပြုသည့် အကြိမ်အရေအတွက်နည်းသည်။ Fortune ၏ ကုမ္ပဏီ ၅၀၀ တစ်ခုချင်းစီ၏ အမှုဆောင်များနှင့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ ၁၀၀ ၏ ၆၅% တွင်

[114]fDi Intelligence article by Barbara Njai: "Have IPAs finally grown to love social media?" 6 April 2012. Available from **http://www.fdiintelligence.com/Locations/Europe/Spain/Have-IPAs-finally-grown-to-love-social-media?ct=true**.

E-consultancy အရ Twitter အကောင့် တစ်ခုစီရှိကြကာ ၎င်းကို LinkedIn ပရိုဖိုင်းနှင့် ချိတ်ဆက်ထားခြင်းသည် IPA များအတွက် လူကြိုက်များသည့် မဟာဗျူ ဟာတစ်ရပ်ဖြစ်လာသည်။[115]

အထက်တွင်ဖော်ပြခဲ့သော ဆိုရှယ်မီဒီယာများသည် အနောက်နိုင်ငံများသို့ အလွန် ယိမ်းသောကြောင့် ၎င်းတို့ အနက်အချို့ကို နိုင်ငံအချို့၌ ပိတ်ပင်ထားပါသည်။ ထို့ကြောင့် တခါတရံ IPA များသည် နိုင်ငံအဆင့် အသုံးပြုနိုင်သော ဆိုရှယ်မီဒီယာကို ရှာဖွေရန်လိုအပ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံတွင် Baidu ၊ Alibaba ၊ Tencent နှင့် Sina (စုပေါင်း၍ "BATS"ဟု သိရှိကြသည်) ကဲ့သို့သော ပြည်တွင်းကုမ္ပဏီကြီးများက ထွင်ထားသော ဆိုရှယ်မီဒီယာများစွာရှိသည်။ ထိုမီဒီယာများသည် အီးကောမတ်စ်၊ fintech နှင့် မိုဘိုင်း ဆက်သွယ်ရေးတို့ကို အထူးပြုထားကြသည်။ Weibo (www.weibo.com) သည် twitter နှင့်ဆင်တူပြီး၊ Wealink (www.wealink.com) သည် LinkedIn နှင့်လည်းကောင်း၊ Renren (www.renren.com)သည် facebook နှင့်လည်းကောင်း ဆင်တူသည်။

ဆိုရှယ်မီဒီယာကို အသုံးပြုခြင်းတွင် ကြုံလာရနိုင်သည့် အန္တရာယ်မရှိဟု မဆိုနိုင်ပါ။ အထူးသဖြင့် ၎င်းတို့သည် စီးပွားရေးတစ်ခုခုအတွက်ချည်း သီးသန့်လုပ်ထားခြင်းမဟုတ်ပေ။ IPA တစ်ခုသည် ဆိုရှယ်မီဒီယာဝက်ဘ်ဆိုဒ်မှ ဆင်းသက်လာသော ပရိသတ်နှင့် သတင်းအချက်အလက်များကို ထိန်းချုပ်ခြင်း မပြုနိုင်ပါ။ IPA တစ်ခုက ပုံရိပ်မှားတစ်ခု ပေးလိုက်နိုင်သည့် အန္တရာယ်ရှိသည်။ ထို့ကြောင့် IPA အနေဖြင့်က မည်သည့်ဆိုရှယ်မီဒီယာနှင့် အလုပ်လုပ်မည်ကို သေချာစဉ်းစား ရွေးချယ်ရန်နှင့် ဘာရည်ရွယ်ချက်အတွက် ဆိုသည်ကို သေချာစဉ်းစားရန် အရေးကြီးသည်။ fDiMagazine ၏ တွေ့ရှိချက်အရ ပို၍အောင်မြင်သော IPA များသည် ထည့်သွင်းမည့် အကြောင်းအရာများကို ၎င်းတို့၏ အပြန်အလှန်ဆက်သွယ်ရေး၏ ဗဟိုချက်တွင် ထားရှိသည်ကို တွေ့ရသည်။ ထိုပလက်ဖောင်းများတွင် သတင်းအချက်အလက်များနှင့်ဆိုင်သော တန်ဖိုးကို ပေးနိုင်သည့် စွမ်းဆောင်ရည်သည် IPA တစ်ခုအား သက်ဆိုင်မှုအရှိဆုံး အလုပ်နှင့်ပတ်သော ဆက်ဆံနေရသူများကို ဆွဲဆောင်ကာ ထိန်းသိမ်းထားနိုင်လိမ့်မည်ဖြစ်သည်။ ရှင်းလင်းသော ရည်ရွယ်ချက်ရှိပြီး စမ်းသပ်မှုပြုရန် စိတ်အားထက်သန်ခြင်းနှင့် အချိန်ကို ရင်းနှီးမြှုပ်နှံခြင်းသည် IPA များအနေဖြင့် Web 2.0 ကမ္ဘာတွင် လျင်မြန်စွာ ထွက်ပေါ်လာသည့် လိုအပ်ချက်များနှင့်အောင်မြင်စွာ အံဝင်ခွင်ကျ ရှိရန် လုပ်ဆောင်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။[116]

နိဂုံးချုပ်ဆိုရပါက အမျိုးမျိုးသော web 2.0 နည်းလမ်းများ (tools) သည် IPA ၏ လုပ်ဆောင်မှုများအားလုံးကို အထောက်အကူပေးနိုင်သည်။ သို့သော် ထိုနည်းလမ်းများအားလုံးကို အကောင်အထည်ဖော်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတွင်မူ၊ အဆက်မပြတ်နောက်ဆုံးရအချက်များ ဖြည့်သွင်းခြင်း၊ အလုပ်ကြိုးစားခြင်း၊ ရည်စူးထားသော ရင်းမြစ်များ၊ သုတေသနတွင်မြှုပ်နှံခြင်းနှင့် ဆန်းသစ်တီထွင်သော သဘောထားခံယူချက်များ လိုအပ်သည်။

[115]၎င်း

[116]၎င်း

# (င) အခြားသော မြင်တွေ့နေကျ ရင်းနီးမြှုပ်နှံမှု မြှင့်တင်ခြင်းနည်းလမ်းများ (Tools)ကို ခြုံငုံကြည့်ရှုခြင်း

## ၁။ နိဒါန်း

အထက်တွင် ညွှန်းဆိုခဲ့သည့်အတိုင်း သိမြင်နားလည်မှုများကို ဖန်တီးပေးခြင်း၊ ပုံရိပ်တည်ဆောက်ခြင်းအတွက် ကနဦးလုပ်ဆောင်ခြင်းများနှင့် အခြေခံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းများတွင် ပုံမှန်အားဖြင့် လက်ကမ်းစာစောင်များ၊ သတင်းလွှာများနှင့် ဗီဒီယိုများကဲ့သို့သော ဈေးကွက် ရှာဖွေခြင်းသို့မဟုတ် ဈေးကွက်မြှင့်တင်ခြင်းနှင့်ဆိုင်သော ထောက်ကူပစ္စည်းများ ပြင်ဆင်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ ပါဝင်သည်။ အသိအမြင်နှင့် ပုံရိပ်တည်ဆောက် ခြင်းလုပ်ဆောင်မှုများအတွက် ဝက်ဘ်ဆိုဒ်မှ လွဲ၍ အခြားပုံစံများတွင် အများပြည်သူနှင့် ဆက်ဆံရေးနှင့် ကြော်ငြာခြင်း၊ ဆွေးနွေးပွဲများနှင့် ရှင်းလင်းတင်ပြပွဲများပါဝင်သည်။ ထိုလုပ်ဆောင်မှုများ၏ ထိရောက်မှုကို ပြည်တွင်းတွင်ရော နိုင်ငံခြားတွင်ပါ ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းရှင်အုပ်စုများနှင့် တိုင်ပင်အကြံဉာဏ်ယူပွဲများမှတဆင့် တိုင်းတာနိုင်သည် (နိုင်ငံရပ်ခြားရုံးများနှင့် သံရုံးကိုယ်စားလှယ်များအသုံးပြု၍)။

ထိုသို့သော ပုံရိပ်တည်ဆောက်ခြင်းနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနည်းလမ်းများတွင် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်များကို အမိအရရယူနိုင်သည့် နည်းလမ်းများ၌ မည်သူမဆိုကို ဖိတ်ခေါ်သည့် ပွဲများ (open house)၊ ညစ်ခံသည့်ပွဲများ၊ ဦးတည်အုပ်စုများ၊ စစ်တမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများပါဝင်သည်။ ထိုနည်းလမ်းများ၏ ထိရောက်မှုနှင့်ပတ်သက်၍ ပစ်မှတ်ထားသည့် ပရိသတ်ထံမှ ထင်မြင်ချက်များကို နောက်လာမည့်ဒီဇိုင်းနှင့်/သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးထောက်ကူပစ္စည်းများတွင် ထည့်သွင်းနိုင်ရန် လိုအပ်သည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးထောက်ကူပစ္စည်းအသစ်များကို ရေးဆွဲရာတွင် IPA သည် အစစ်အမှန်ဖြစ်မှုနှင့် IPI ၏ အခြားမြှင့်တင်ရေး သတင်းစကားများနှင့် ကိုက်ညီမှုရှိစေရန်ကို နှစ်ကြိမ် စစ်ဆေးသင့်သည်။ IPA ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးထောက်ကူပစ္စည်းများ၏ အရည်အသွေးနှင့် အသုံးဝင်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းမှာ လုပ်ဆောင်သင့်သည့်အရာဖြစ်သည်။ဈေးကွက်ရှာဖွေရေးထောက်ကူပစ္စည်းများကိုထိရောက်စွာဖြန့်ဖြူးခြင်းသည်လည်း ထောက်ကူပစ္စည်းအရည်အသွေးနည်းတူအရေးကြီးသည်။ မကြာခဏဆိုသလိုပင် ထောက်ကူပစ္စည်းများကို ထုတ်လုပ်ရာတွင် ဝန်ထမ်းများအတွက် အချိန်နှင့် ငွေကြေးဆိုင်ရာ ရင်းမြစ်များ အပေါ် အလေးပေးလွန်းတတ်ကြပြီး ထောက်ကူပစ္စည်းများကို ပစ်မှတ်ထားသည့်ရင်းနှီးမြှုပ်နှံသူများ၏ လက်ထဲသို့ မည်သို့ရောက်ရှိအောင် ပေးပို့မည်ဆိုသည်ကို အစီအစဉ်ရေးဆွဲခြင်းတွင် အချိန်အနည်းငယ်သာ အသုံးပြုလေ့ရှိသည်။ ဇယားကွက် ၇-၁၀ သည်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးထောက်ကူပစ္စည်းများကို ပြင်ဆင်ရာတွင် အခြားထည့်သွင်းစဉ်းစားစရာများကိုစာရင်းပြုစုထားပါသည်။

**ဇယားကွက် ၇-၁၀ ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးထောက်ကူပစ္စည်းများ**

IPA များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးထောက်ကူပစ္စည်းများအတွက် ပြင်ဆင်ရေးကို မလုပ်လိုကြပေ။ မလုပ်လိုကြခြင်းထက်စာလျှင် ဘတ်ဂျက်သည် အဓိကကျသော အကန့်အသတ်ဖြစ်သည်။ သို့သော်လည်း ရန်ပုံငွေ အလုံအလောက်ရှိသည့်အခါတွင်ပင် ပြင်ဆင်မှုမလုပ်လိုကြပေ။ အမျိုးမျိုးသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးထောက်ကူပစ္စည်းများ၏ သက်ရောက်မှုနှင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို မဟာဗျူဟာကျကျ ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ ယေဘုယျ ပြောရပါက အောက်တွင်ဖော်ပြထားသည်များသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးထောက်ကူပစ္စည်းများ ပြင်ဆင်ရာ တွင် ထည့်သွင်း စဉ်းစားသင့်သည်များကို လေ့လာထားမှုအချို့ ဖြစ်သည်-

- ယေဘုယျဆိုရပါက ထောက်ကူပစ္စည်းများကို အကျယ်ချဲ့ နေခြင်းသည် သတင်းအချက်အလက်များကို တိကျရန်နှင့် အမြဲနောက်ဆုံးအချက်အလက်များ ထည့်သွင်းနေရန်လုပ်ဆောင်ခြင်းလောက် မထိရောက်ဆိုသည်ကို IPA များက တွေ့ ရှိခဲ့သည်။

- ရင်းနှီးမြှုပ်နှံသူများအတွက် ဂရပ်ဖစ်ကောင်းကောင်းရရှိခြင်းထက် သတင်းအချက်အလက်ကောင်းကောင်း ရရှိရန်က ပိုမိုအရေးကြီးသည်။

- အလွန်ဆွဲဆောင်မှုရှိသော ကုန်ကျစရိတ်များသော အစိတ်အပိုင်းရှိနေသည့် အခြေအနေမျိုးတွင် IPA အများစုသည် ယခုအခါ မာလ်တီမီဒီယာ နည်းလမ်းများနှင့် ဝက်ဘ်ဆိုဒ်များအပေါ် ပိုမိုအလေးပေးမှုအား ဦးတည်လာကြသည်။

- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးထောက်ကူပစ္စည်းများတွင် လစ်လျူရှုလေ့ရှိသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက်လည်း အရေးပါသည့် အစိတ်အပိုင်းတစ်ခုမှာ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် နှိုင်းယှဉ်မှုဖြစ်သည်။ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် နှိုင်းယှဉ်မှုနှင့်ပတ်သက်သော တိကျသည့် သတင်းအချက်အလက်များကို ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးထောက်ကူပစ္စည်းအားလုံးတွင် ထည့်သွင်းထားရမည်။

ဇစ်မြစ်-Investment Consulting Associates

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဓိကကျသော အသုံးပြုစရာ နည်းလမ်းများမှာ ပုံရိပ်တည်ဆောက်ရေးအတွက် အသုံးပြုနိုင်သော နည်းလမ်းများနှင့် ဆင်တူသည်။ သို့သော်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ပတ်သက်ပြီး ပို၍အသေးစိတ်ကျသော သတင်းအချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် သက်ဝင်လှုပ်ရှားမှုရှိသည့် အပြန်အလှန်ဆက်ဆံရေးများလိုအပ်သည်။ အဆိုပါအသုံးပြုစရာ နည်းလမ်းများသည် ရင်းနှီးမြှုပ်နှံသူများကို ပစ်မှတ်ထားရာတွင် (အောက်တွင် အခန်း-စ တွင် ကြည့်) အသုံးပြုသော်လည်း ပိုမိုကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှုကို ဖော်ဆောင်ရာတွင်လည်း အသုံးပြုစရာနည်းလမ်းဖြစ်သည်။ ပုံရိပ်တည်ဆောက်ခြင်းကိစ္စရပ်နှင့် မတူသည့်အချက်မှာ IPA က တိုးတက်အောင်လုပ်ဆောင်နေသည်မှာ သာမန်နိုင်ငံ သို့မဟုတ် တည်နေရာ၏ ပုံရိပ်မျှသာ မဟုတ်ပဲ ရင်းနှီးမြှုပ်နှံသူများကသင်၏တည်နေရာသည် ၎င်းတို့လိုအပ်ချက်နှင့် အကိုက်ညီဆုံး ဖြစ်သည်ဆိုသည်ကို ယုံကြည်လာအောင်

လုပ်ဆောင်နေရခြင်းဖြစ်သည်။ ပုံရိပ်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ သာလွန်ကောင်းမွန်သော အသုံးပြုစရာ နည်းလမ်းအချို့ အကြောင်းကို ဆွေးနွေးခဲ့ပြီးဖြစ်ရာ ဤအခန်းတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ရည်ရွယ်ချက်အတွက် ပိုမိုအသေးစိတ်ကို ဆွေးနွေးပါမည်။

### ၂။လက်ကမ်းစာစောင်များ

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အစမှစတင်လုပ်ဆောင်ပါက IPA သည် ရင်းနှီးမြှုပ်နှံမည့် အလာအလာရှိသူများကိုပေးနိုင်မည့် မပါမဖြစ်သတင်းအချက်အလက် အခြေခံစုဖွဲ့ထားမှုရှိရန် လိုအပ်သည်။ အချိန် ကြာလာသည်နှင့်အမျှ IPA အနေဖြင့် မြှင့်တင်ရာတွင် အသုံးပြုနိုင်သည့် နောက်ထပ်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သည်။ သို့သော် လက်ကမ်းစာစောင်များသည် သတင်းအချက်အလက်များ စုံလင်စွာ ပါရှိရမည်ဖြစ်ပြီး အရည်အသွေးမြင့်မားမှုမှာ မရှိမဖြစ်အရေးကြီးသည်။ IPA ၏ ဝက်ဘ်ဆိုဒ်အပြင် မကြာခဏ ဆိုသလိုရင်းနှီးမြှုပ်နှံရန် အလားအလာရှိသူများအနေဖြင့် တည်နေရာတစ်ခုအတွက် မြင်တွေ့နိုင်မည့် ပထမဆုံးသတင်းအချက်အလက်များမှာ အခြေခံလက်ကမ်းစာစောင်တွင်ဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူကို တည်နေရာမှမည်သို့သောအရာများ အဆိုပြုထားသည် ဆိုသည်ကို လေ့လာရန် အားပေးမည့် ကနဦးကောင်းသော ထင်မြင်ချက်များ ဖြစ်ပေါ်ရန်မှာ အရေးကြီးသည်။

လက်ကမ်းစာစောင်အများစုသည် မိခင်ဘာသာစကားအပြင် အင်္ဂလိပ်ဘာသာဖြင့်ပါ ရိုက်နှိပ်ကြသော်လည်း ပိုမိုတိုးတက်သည့် IPA များသည် FDI အတွက် အဓိကဇစ်မြစ်နိုင်ငံများအပေါ်မူတည်၍ ၎င်းတို့၏ လက်ကမ်းစာစောင်များကို ဘာသာအမျိုးမျိုးဖြင့် ရိုက်နှိပ်ကြသည်။ အယ်ဒီတာကောင်းတစ်ဦး (ဘာသာစကားကို မိခင်ဘာသာ စကားအဖြစ် အသုံးပြုသူ) က လက်ကမ်းစာစောင်၏ အခင်းအကျင်းအား ပြန်လည်ကြည့်ရှုမှုပြုလုပ်ရန်ကို သေချာအောင်လုပ်ဆောင်ရမည်ဖြစ်ကာ စာစီစာရိုက်အမှားများ၊ စာလုံးပေါင်းအမှားများနှင့် လိပ်စာရေးသားပုံအမှားများကို ပြင်ဆင်ရပါမည်။

ယေဘုယျအားဖြင့် လက်ကမ်းစာစောင်တစ်ခုတွင် အနည်းဆုံးအားဖြင့် ရင်းနှီးမြှုပ်နှံမည့် သူတစ်ဦးသိရှိရန် လိုအပ်သည့် သော့ချက်ကျသော သတင်းအချက်အလက်အားလုံးကို ခြုံငုံဖော်ပြထားမှု ပါဝင်သင့်သည်။ ၎င်းတို့တွင် IPA က ပေးမည့်ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သော စာရင်းဇယားများ၊ တည်နေရာအတွက် အဓိကရောင်းချနိုင်မှုပွိုင့်များ၊ ကုန်ကျစရိတ်စံနှုန်းအချက်အလက်များ၊ မက်ခရိုစီးပွားရေးအချက်အလက်များ၊ ဆက်သွယ်နိုင်မည့် သတင်းအချက်အလက်များ စသည်တို့ ဖော်ပြထားသင့်သည်။ သတင်းအချက်အလက်များသည် တိကျရန်၊ နောက်ဆုံးရအချက်အလက်များ ဖြစ်ရန်၊ ရင်းနှီးမြှုပ်နှံသူများနှင့်သက်ဆိုင်မှုရှိရန်၊ လှပစွာစုစည်းဖော်ပြရန် လိုအပ်သည်။ အကောင်းဆုံးလက်ကမ်းစာစောင်ကို တရုတ်နိုင်ငံ၊ ဟောင်ကောင်မှ InvestHK တွင် တွေ့နိုင်သည် (http://www.investhk.gov.hk/wp-content/uploads/2017/01/2017.01-corporate-brochure-en-v3.pdf)။

နောက်ထပ်နမူနာကောင်းတစ်ခုမှာ လက်ကမ်းစာစောင်ဟု ဆိုရမည်ထက် ပြည့်စုံစွာ ခြုံငုံဖော်ပြထားသည့် စာအုပ်ငယ်ပုံစံဖြစ်သော Invest in Canada ဖြစ်သည် (http://international.gc.ca/investors-

investisseurs/assets/pdfs/download/1-Flagship_Report.pdf) ။ ပုံ ၇-၁၀ သည် အလွန်ညံ့သည်ဟု မပြောနိုင်သော်လည်း စာသားအနည်းငယ်များသော ပုံမှန်မြင်တွေ့နေကြ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လက်ကမ်း စာစောင်တစ်ခုကို ပြသသည်။ ပိုမိုကောင်းမွန်သော အဆိုပြုမှုများ၊ ပိုမိုကောင်းမွန်၊ ရှင်းလင်းသော အချက် အလက်များ၊ အချက်အလက်ပြဂရပ်ဖ်များနှင့် ဆက်သွယ်ရန် အသေးစိတ်တို့ပါဝင်ရန် လုပ်ဆောင်နိုင်ပါသေးသည်။

အရည်အသွေးမြင့် IPA ဈေးကွက်ရှာဖွေရေး လက်ကမ်းစာစောင်ကို ရေးဆွဲထုတ်လုပ်ရသည်မှာ စိန်ခေါ်မှုရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။ အောက်ဖော်ပြပါ အဓိကကျသော မူများက လမ်းညွှန်မှုအချို့ ပေးနိုင်ပါလိမ့်မည် -

- အမြဲတမ်း ဓမ္မဓိဋ္ဌာန်ကျပါ၊
- အမြဲတမ်း လွတ်လပ်သည့် ဇစ်မြစ်များကို အသုံးပြု၍ အဓိပ္ပါယ်ဖွင့်ဆိုချက်ပေးပါ၊
- အမြဲတမ်းသက်ဆိုင်မှုရှိပြီး တိကျသည့် သတင်းအချက်အလက်များကို ပေးပါ၊
- အမြဲတမ်းမှန်ကန်သော ဘာသာစကားကို အသုံးပြု၍ ရှင်းလင်းသော သတင်းစကားဖြင့် ဆက်သွယ်ပါ၊
- အမြဲတမ်း စိတ်ဝင်စားဖွယ်ပုံစံ၊ မျက်စိနှင့် ကြည့်နိုင်သောအရာများနှင့် အကြောင်းအရာများကို အသုံးပြုပါ၊
- အမြဲတမ်း စာလုံးပေါင်းအမှားများနှင့် စာစီစာရိုက်အမှားများကို ရှောင်ကြဉ်ပါ။

အဆိုပါမူခြောက်ခုသည် ရိုးရှင်းကာ သာမန်စဉ်းစားကြည့်၍ ရနိုင်သည်။ သို့သော် လက်တွေ့တွင် ၎င်းတို့ကို လစ်လျူရှုလေ့ရှိသည်။ ထို့အပြင် အကြောင်းအရာကို ဖော်ပြရာတွင် အခင်းအကျင်းနှင့် တင်ဆက်ပုံတွင် နိုင်ငံတကာအရည်အသွေးစံများအတိုင်း ကိုက်ညီမှုရှိရန် အသုံးပြုနိုင်မည့် လမ်းညွှန်ချက်အချို့ ရှိပါသည် -

- ဈေးကွက်ဖော်ဆောင်ရေး ထောက်ကူပစ္စည်းများသည် KISS (S) မူများကို လိုက်နာသင့်သည် - (Keep it Short, Simple but Specific.) တိုတုတ်ရမည်၊ ရိုးရှင်းရမည်၊ သို့သော် တိတိကျကျ ဖော်ပြနိုင်ရမည်။ ဆိုလိုသည်မှာ-
    - တိကျရမည်ဖြစ်ကာ ဆိုလိုရင်းကို သွေဖည်မသွားရ၊
    - ခက်ခဲသော စကားရပ်များနှင့် အတိုကောက်စာလုံးများကို ရှောင်ပါ (ဥပမာ-SCM- Supply Chain Management)၊
    - ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များသာ ပါဝင်ရမည်ဖြစ်ပြီး တိကျမှု ရှိပါ (ရာသီဥတုနှင့်ဆိုင်သော သတင်းအချက်အလက်များ မပါရပါ။ သို့သော် တည်

နေရာ၏ စီးပွားရေးရေခံမြေခံ အခြေအနေများနှင့်ပတ်သက်သော အချက်အလက်များ ပေးပါ)။

- အကြောင်းအရာနှင့်ချိတ်ဆက်ထားသည့် ရုပ်ပုံများနှင့် သတင်းအချက်အလက်ပေးသော ဇယားများသည် စာကြောင်းရှည်များထက် ပို၍ စွမ်းအားရှိသည်။

### ပုံ ၇-၁၀ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလက်ကမ်းစာစောင် နမူနာ - ကိုမိုရို၏ အမျိုးသား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ(NIPA)





■ Comoros, land of opportunities

3 GOOD REASONS

TO INVEST IN COMOROS

1. An immense and largely under exploited potential for investment and development
2. A privileged location along several long-established trade routes.
3. An investment and economic regime that is favourable for foreign investment

■ About the Comoros :

- The Union of Comoros is an archipelago of islands located in the Indian ocean about 480 kilometers west of the northern tip of Madagascar and 320 km east of northern Mozambique. This archipelago comprises four islands: Grande Comore, Anjouan, Moheli and Mayotte.

- The capital of the Comoros is Moroni and the total land area of the four islands is 2,236 square kilometers.

- Thus, the Comoros are known in Arabic under the name of Juzr al Qamar , which means Islands of the moon. The union of Comoros is a famous for the prehistoric deep sea fish known as the coelacanth, thought to be long extinct, but discovered earlier this century in her waters. Some area in the archipelago is protected zones due to the rare nature of the flora and fauna. Comoros has picture-postcard beaches which remain practically untouched.

■ Investment incentives

The investment code ensures freedom of movement of capital ,significantly enhances the right of foreign investors put on an equal footing with domestic investors and introduced in a number of incentives ,mainly tax, for any more than 5 million the investment program is about 13 400 USD.

As an example

- Exemption of customs duties on materials and equipments for investment projects;

- Deduction of the amount of profit taxable (various profit (tax of the amount of investment made).

The duration of these benefits is 7 years (regime A) for a project between 5 and 100 million. Beyond the 100 million Comorian frank ( about 268.000 USd), the duration of benefit is 10 years( regime B).

■ Investment opportunities in key sectors

- Tourism

Comoros has the potential for investment in small and medium scale. In particular, the diversity of its beaches, its beautiful salt lake, the richness of its wildlife, or the interest in the Karthala volcano offer real opportunities for development of the tourism sector. The observation of the growth experienced by the tourism infrastructure for the other islands of the Indian Ocean can give a clear image of the potential developments of this sector in Comoros and anticipate a growth in tourism, especially the ecotourism in the coming years. Meanwhile, negotiations are expected to soon launch new air links with Europe and the Middle East.

- Real estate

Very closely related to tourism, real estate is also a source of potential investment opportunities of Comoros. The archipelago research actively to build hotels, medical center and others.

- Petroleum and mineral resources

The presence of lateritic bauxite and red earth, olivine and, of pozzolans, and heavy minerals in the Comoros deposits offers investors of opportunities of size. Similarly, the Comorian government has embarked on a program of recognition and evaluation of the hydrocarbon potential of the offshore field of the national basement and therefore, invites all companies to come to explore in the Comoros.

- Infrastructure and logistic

Be it in the construction and development of roads and ports, or connected to the transport sea and airport between the islands of the archipelago and with outside, or others, the union of Comoros a paradise of investment opportunities in this sector.

- Agriculture, food and fisheries industries

This world producer of ylang-ylang and vanilla presents several opportunities in agriculture and related industries whether for the production of salt or milk, installation green houses for the vegetable production, development of land, or other, and the country is open foreign investors.

Similarly, the Union of Comoros has huge fish reserves in its water offering important opportunities in the processing of the fishery products and agricultural products.

ဇစ်မြစ်-http://www.invest-comoros.com/attachments/article/389/Brochure%20An.pdf. တွင်ကြည့်နိုင်သည်။

ဇယား ၇-၆ သည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ရည်ရွယ်ချက်များအတွက် ဈေးကွက်ဖော်ဆောင်ရေး လက်ကမ်း စာစောင်တွင် ရှိရမည့်ပုံစံ၊ ရုပ်ပုံကားချပ်များနှင့် အကြောင်းအရာများနှင့် ဆိုင်သော လမ်းညွှန်များကို သီးသန့် အကျဉ်းခြုံးဖော်ပြထားသည်။

**ဇယား ၇-၆ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးရည်ရွယ်ချက်များအတွက် ဈေးကွက်ဖော်ဆောင်ရေးလက်ကမ်း စာစောင်တွင် ရှိရမည့်ပုံစံ၊ မျက်စိနှင့်မြင်နိုင်သော အရာများနှင့်အကြောင်းအရာများနှင့်ဆိုင်သော လမ်းညွှန်များအကျဉ်းခြုံးဖော်ပြခြင်း**

| ပုံစံ | မျက်စိနှင့် မြင်နိုင်သော အရာများ | အကြောင်းအရာများ |
|---|---|---|
| ကိုးကားချက် သို့မဟုတ် ထောက်ခံ ချက်များကို တင်ဆက်ရာတွင် မတူ သော စာသားပုံစံကို အသုံးပြု၍ ဇစ် မြစ်ကို အမြဲတမ်းဖော်ပြပါ။ | သင်၏ လက်ကမ်းစာစောင်ကို ပရော် ဖက်ရှင်နယ်ဆန်စေရန် ရုပ်ပုံများကို အသုံးပြုပါ၊ သို့သော် ပုံထွက်ကောင်း ပါစေ။ | အချက်အလက်များပါဝင်ရမည်ဖြစ်ကာ ဆိုလိုရင်းကို ထိရမည်။ |
| လက်ကမ်းစာစောင်တစ်ခုလုံး ပုံစံတစ် ခုတည်း (အရောင်၊ အခင်းအကျင်း) အသုံးပြုပါ၊ | စာသားနှင့်ကိုက်ညီသော ရုပ်ပုံများ ကို အသုံးပြုပါ၊ | သင်၏ သော့ချက်ကျသော အင်အား များကို အကျဉ်းချုပ်ဖော်ပြရာတွင် တစ် ချက်ခြင်းခွဲပြပါ၊ |
| ဂရပ်ဖ်များနှင့် ဇယားများ၏ ပုံစံသည် တသမတ်တည်းရှိသင့်သည်၊ | စာသားကို ပိုမိုအဓိပ္ပါယ်ဖော်ပေးသည့် ရုပ်ပုံများကို အသုံးပြုပါ၊ | အသုံးစရိတ်နှိုင်းယှဉ်မှုအချက်အလက် များအတွက် ဇယားကို သုံးပါ (ဥပမာ- လုပ်အားခများ၊ စီးပွားရေးအခွန်များ၊ လုပ်ငန်းစတင်ရာတွင် ကုန်ကျစရိတ် များ၊ ငှားရမ်းခများ) ၊ |
| လွဲမှားသော အရောင်ကို အသုံးပြုခြင်း ကြောင့် စာသားများဖတ်မရတော့ခြင်း ကို ရှောင်ပါ။ | (ပိုမိုကြီးမားသည့် TNC များမှ) အ မှတ်တံဆိပ်ကို အသုံးပြုခြင်းသည် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင် သည်။ | ဂရပ်ဖ်များ၊ ဇယားများအားလုံးတွင် ခေါင်းစဉ်နှင့်ဇစ်မြစ်ထည့်၍ ဖော်ပြပါ၊ |

ဇစ်မြစ်-Investment Consulting Associate.IPA Handbook(2012).

## ၃။ လုပ်ငန်းကဏ္ဍများနှင့် အခွင့်အလမ်းများအကြောင်းဖော်ပြချက်များ

IPA နှင့် ရင်းနှီးမြှုပ်နှံမည့် တည်နေရာတို့ကို ဖော်ပြသည့် အခြေခံလက်ကမ်းစာစောင်အပြင် တည်နေရာတစ်ခုတွင်ရင်းနှီးမြှုပ်နှံသူများ ရနိုင်သည့်သီးသန့် ငွေရှာဖွေနိုင်စွမ်း၊ အခွင့်အလမ်းများနှင့် ပိုမို ကိုက်ညီသော အခြားထောက်ကူပစ္စည်းများလည်း ပြုလုပ်နိုင်သည်။ လုပ်ငန်းကဏ္ဍအကြောင်း ဖော်ပြချက်များ (sector profiles) သည် ထိုကဏ္ဍ၌ တည်နေရာအတွက် ပြိုင်ဆိုင်မှုများနေသည့် အချိန်မျိုးတွင် ကဏ္ဍများနှင့် ပတ်သက်သော သီးသန့် သတင်းအချက်အလက်မျိုးကို ဖြည့်ဆီးပေးသည်။ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း အတွက် ကြီးမားသည့် အလားအလာကို အဆိုပြုပေးရန် ဆန်းစစ်ထားပြီးသောကဏ္ဍများကိုသာ ဦးတည်၍ ထောက်ကူပစ္စည်းများ ရေးဆွဲပါ။ အရေးပါသော ဝင်ငွေရှာဖွေ၍မရနိုင်သော သို့မဟုတ် ပြိုင်ဆိုင်မှု အချက် အလက်များ မရှိသော ကဏ္ဍများအတွက် ကဏ္ဍအကြောင်းဖော်ပြချက်များအတွက် ပြင်ဆင်ရသည်မှာ မတန်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထိုသို့သော အားသာချက်များကို အခြား တည်နေရာများက အဆိုပြုကြမည် ဖြစ်သောကြောင့် ဖြစ်သည်။

ကဏ္ဍအကြောင်းဖော်ပြချက်များကို ပြင်ဆင်ရာတွင် IPA အများစုက မကြာခဏ စောင့်ကြည့်သည်မှာ ကဏ္ဍတစ်ခုတည်းတွင် ရင်းနှီးမြှုပ်နှံမည့် တည်နေရာသည် အခြားနေရာများနှင့် မတူဘဲ ဘာတွေ ထူးခြား

သည်ကို ရှင်းလင်းအောင် ရှင်းမပြသည့်အချက်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကို မည်သည့်နေရာတွင်ပြုလုပ်မည်ကို အမြဲတစေ ရွေးချယ်စရာများမှရွေးခြင်းဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းကဏ္ဍအကြောင်းဖော်ပြချက်များတွင် ရင်းနှီးမြှုပ်နှံသူက ယုံကြည်မှုရှိပြီး တည်နေရာအတွက် ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်ရန် မြှင့်တင်နေသော တည်နေရာသည် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်ကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ကြောင်း ရင်းနှီးမြှုပ်နှံသူက ယုံကြည်မှုရှိအောင် လုပ်ဆောင်ပေးနိုင်မည့် သတင်းအချက်အလက်များပါဝင်ရမည်။ ဥပမာ ငါးလုပ်ငန်း သို့မဟုတ် သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ပြိုင်ဆိုင်ရာတွင် အခြား တည်နေရာများနှင့်မတူဘဲ သီးသန့်တည်နေရာတစ်ခုအား မည်သို့သော အချက်များက ထူးခြားစေမည်ကို စဉ်းစားပါ။ ဇယားကွက် ၇-၁၁ သည် ဖီဂျီနိုင်ငံတွင် ငါးလုပ်ငန်း ကဏ္ဍအတွက် နမူနာ ကဏ္ဍအကြောင်း ဖော်ပြချက်ကို ပေးထားပါသည်။ သို့သော် ထိုဖော်ပြချက်တွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဘာကြောင့် ထိုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသင့်သည်ဆိုသည်အတွက် အကြောင်းပြချက် သို့မဟုတ် အဓိပ္ပါယ်ရှိသောအချက်အလက်များမပါဝင်ပေ။ ကောင်းမွန်သော လုပ်ငန်းကဏ္ဍအကြောင်း ဖော်ပြချက်များသည် တည်နေရာတစ်ခုတွင် ရှိနေသောကဏ္ဍ၏ သွင်ပြင်လက္ခဏာများ (ဥပမာ-အမျိုးအနွယ်၊ အလားအလာရှိသည့် ရင်းမြစ်ပမာဏ၊ ထုတ်လုပ်မှုအဆင့်စသည်) ကိုသာ ဖော်ပြခြင်းမဟုတ်ပဲ ကုန်ကျစရိတ်နှင့်ဆိုင်သော အားသာ သည့်အချက်များ သို့မဟုတ် အခြားပြိုင်ဆိုင်ရာတွင် အားသာချက်များကိုလည်း မီးမောင်းထိုးပြသည်။ အခြားပြိုင်ဆိုင်ရာတွင် အားသာချက်များဆိုရာဝယ် တည်နေရာက အဆိုပါ ထုတ်လုပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် ပြိုင်ဆိုင်နိုင်သည့် အားသာချက် အစုအပေါင်းကို ပေးနိုင်ကြောင်း ပြသနိုင်မည့် အထူးလုပ်ဆောင်ရသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များအတွက် အဆောက်အဦများ သို့မဟုတ် သယ်ယူပို့ဆောင်ရေးစင်္ကြံ (transportation corridors) ကို ဆိုလိုသည်။

### ဇယားကွက် ၇-၁၁ ဖီဂျီနိုင်ငံ ငါးလုပ်ငန်းကဏ္ဍအတွက် လုပ်ငန်းကဏ္ဍအကြောင်းဖော်ပြချက်

ငါးဖမ်းခြင်းကို ဖီဂျီတွင် အပန်းဖြေခြင်းနှင့်လူမှုရေးသွင်ပြင်တစ်ရပ်အနေဖြင့် မြတ်နိုးကြသည်။ နှိုင်းယှဉ်၍ ဆိုရပါက ငါးလုပ်ငန်းကဏ္ဍသည် သကြားနှင့်အခြားသီးနှံများနောက်တွင် တတိယအကြီးဆုံး သဘာဝသယံဇာတကဏ္ဍဖြစ်သည်။ ဖီဂျီတွင် နောက်ထပ်အရေးပါသော ကဏ္ဍမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြစ်သည်။ ၎င်းမှာလည်း ငါးလုပ်ငန်းကဏ္ဍနှင့် အရေးပါသော အဆက်အစပ်ရှိနေသည်။

ငါးလုပ်ငန်းကဏ္ဍသည် အဏ္ဏဝါမျိုးစိတ်များတွင် မတူကွဲပြားသော ရင်းမြစ်များရှိကြောင်း ဂုဏ်ယူရအောင် ပြသလျက်ရှိသည်။ ထိုမျိုးစိတ်များတွင် အဝါရောင်ဆူးတောင်ရှိ တူနာငါးမှသည် big eye tuna ၊ albacore tuna ၊ marlin ၊ swordfish ၊ mahi-mahiအပြင် ရေနက်ပိုင်းငါးများဖြစ်သော snapper ၊ တလားပီးယားမွေးမြူသည့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးအထိပါဝင်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း ထိုကဏ္ဍ၏ လုပ်ဆောင်နိုင်မှုသည် ဖမ်းဆီးနိုင်မှုတိုးလာသည့်ပြင် ဂျပန်တို့၏ စပ်ရှီးမီးစေးကွက်တွင် တူနာငါးဈေးနှုန်းကိုပါ သက်ရောက်မှုများပေးခဲ့သည်။ ဤကဏ္ဍ၏ လုပ်ဆောင်မှု သည် ကမ်းလွန်ငါးဖမ်း လုပ်ငန်းကြီးထွားလာမှုနှင့် နီးကပ်စွာ ချိတ်ဆက်နေသည်။ ဖီဂျီမှ ငါးများကို ရေခဲရိုက်၍လည်းကောင်း၊ အအေးခံ၍လည်းကောင်း တူနာအသားလွှာများ၊ reef fish စသည်များကို နိုင်ငံခြား ဈေးကွက်များသို့ တင်ပို့ သည်။

**ထုတ်လုပ်နိုင်မှု**

အစိုးရသည် နိုင်ငံ၏ ငါးထုတ်လုပ်မှုတိုးတက်လာစေရန် မဟာဗျူဟာအချို့ ရှိသည်။ ၎င်းတို့တွင် ပုဂ္ဂလိကကဏ္ဍကြီးထွားလာအောင် ကူညီလုပ်ဆောင်ပေးခြင်း၊ ရေထွက်ပစ္စည်းမွေးမြူရေးကို မြှင့်တင်ပေးခြင်း၊ ငါးဖမ်းသမားအသေးစားလေးများက တူနာငါး ရင်းမြစ် ဖမ်းဆီးခွင့်ကို အားပေးခြင်း၊ နိုင်ငံ၏ ဝေးလံခေါင်းပါးသော အရပ်တို့တွင် ထွက်ရှိသော ငါးလုပ်ငန်း ထုတ်ကုန်များကို ဈေးကွက်ဖော်ဆောင်ခြင်းတွင် ပံ့ပိုးခြင်းများ ပါဝင်သည်။

## နိုင်ငံခြားသို့တင်ပို့ခြင်း

**ဥရောပသမဂ္ဂဈေးကွက်သို့ တူနာငါးတင်ပို့ခြင်း -**

ဥရောပသမဂ္ဂငါးတင်ပို့ခြင်း စံသတ်မှတ်ချက်များကို လိုက်နာရန်အတွက် လိုအပ်ချက်များမှာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က အသိအမှတ်ပြုထားသော သင်္ဘောများ၊ သင်္ဘောသားများ၊ အအေးခန်းစက်ရုံများနှင့် သိုလှောင်အဆောက်အအုံများဖြစ်သည်။

**အခြားဈေးကွက်များသို့ တူနာငါးတင်ပို့ခြင်း -**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂနှင့် နယူးဇီလန်ဈေးကွက်များ ကဲ့သို့သော အဓိကဈေးကွက်များအတွက် တင်ပို့မည့်သူသည် အောက်ပါ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေး စနစ်များကို ချမှတ်၊ ကျင့်သုံးရန် လိုအပ်သည် -

- HACCP (Hazard Analysis Critical Control Point System) အစီအစဉ်၊
- Standard Sanitation Operating Procedures Plan (SSOP) (ရေသန့်ရှင်းမှုအတွက် စံသတ်မှတ်ချက်လိုက်နာမှု အစီအစဉ်)၊
- Good Manufacturing Practices Plan (GMPP) (ကောင်းမွန်သော ထုတ်လုပ်မှုအလေ့အထများ)။

## အလားအလာရှိသည့် ငါးလုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ

**ရေထွက်ပစ္စည်းမွေးမြူရေး -**

ပုဇွန်၊ ပင်လင်ရေညှိ၊ sea cucumber ၊ တလာပီးယား၊ milkfish ၊ ပုလဲမှတ်ကောင်၊ sea grapes ၊ Asian carp ၊ ornament fish ၊ giant clams နှင့် trochus။

**ကမ်းလွန်ငါးဖမ်းလုပ်ငန်း -**

တူနာကို ဖီဂျီ ငါးဖမ်းလုပ်ငန်းအတွက် အဓိကနိုင်ငံခြားဝင်ငွေရှာပေးနေသည့် လုပ်ငန်းတစ်ခုအဖြစ် ပြည်တွင်း စည်သွပ်ဗူးနှင့် ကြာရှည်ခံလုပ်ငန်းဖွံ့ ဖြိုးရေး၊ ဝင်ငွေကောင်းသည့်ဂျပန်နှင့် အမေရိကန်တို့မှ စပ်ရှီးမီးနှင့် ဆူရှီဈေးကွက်ကပါ မြှင့်တင်ပေးနေသည်။ အဓိကပို့ကုန်အတွက် ထုတ်ကုန်များတွင် အောက်ပါတို့ပါဝင်သည် -

- ရေနက်ပိုင်း snapper ၊
- တူနာမျိုးစိတ်များ - big-eyed ၊ yellow fin ၊ albacore ၊ skipjack။
- အခြားမျိုးစိတ်များ - swordfish ၊ blue marlin ၊ striped marlin ၊ mahi-mahi ၊ wahoo နှင့်
- Sunfish တို့ဖြစ်သည်။

**ကုန်းတွင်းပိုင်းငါးဖမ်းခြင်းလုပ်ငန်း -**

ကုန်းတွင်းပိုင်းအရင်းအမြစ်များကိုလည်း တင်ပို့ရာတွင် အလှဆင်ငါးများ၊ အလှဆင် ကျောရိုးမဲ့သက်ရှိများ၊ သက်ရှိသန္တာများ၊ သက်ရှိကျောက်တုံးများ ကဲ့သို့သော ရေထွက်နှင့်ဆိုင်သော ကုန်ပစ္စည်းများပါဝင်သည်။

**အရင်းအမြစ်များအခြေပြုရာ -**

ဖီဂျီတွင် စီးပွားရေးဇုန်ကျွန်းစု ရေမိုင် ၂၀၀ ရှိရာ စုစုပေါင်း ၁,၂၉၀,၀၀၀ စတုရန်းကီလိုမီတာ ရှိသည်။ စီးပွားရေးဇုန်

အတွင်း Yellow fin ၊ Skipjack ၊ Albacore နှင့် Big eye စသည့် တူနာမျိုးစိတ်ကဲ့သို့သော အဏ္ဏဝါရင်းမြစ်များစွာရှိရာ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများစွာရှိသည်။
ဖီဂျီတလွှားတွင် ဓလေ့ထုံးတမ်းအရ ငါးဖမ်းပိုင်ခွင့်ရှိသော နယ်မြေများရှိရာ Qoliqoli ဟု ခေါ်ပြီး မှတ်ပုံတင်ထားသော နယ်မြေ ၄၁၁ ခုရှိသည်။ ၎င်းတို့သည် ကုန်းတွင်းပိုင်း ငါးဖမ်းလုပ်ငန်းကို များစွာ အထောက်အကူဖြစ်သည်။ တူနာမျိုးစိတ် မဟုတ်သော marlin ၊ sailfish ၊ mahi-mahi ၊ barracuda နှင့် opah စသော ငါးများလည်းရှိသည်။ ဖီဂျီ၏ ကုန်းတွင်းပိုင်း ရေများသည် ကျောက်တန်းတွင် နေသော ငါးများ၏ အခြေပြုရာနေရာဖြစ်သည်။ ကမ်းရိုးတန်းရေများ၊ ကမ်းရိုးတန်းဒီရေ တောများနှင့် ပတ်ဝန်းကျင်သန္တာကျောက်တန်းများတွင် ငါးများ၊ ဂဏန်းများ၊ ခရုငါးများ၊ ဂုံးများ၊ ပုဇွန်များ၊ ပုဇွန်ထုပ်များ စသည်တို့များစွာ ခိုအောင်းနေသည်။ ထို့အပြင် ဖီဂျီရေပြင်တွင် ရေညှိအမျိုးမျိုးကိုလည်း ရနိုင်သည်။

**ပို့ကုန်ပါမစ်လျှောက်ထားခြင်း** -
ငါးနှင့် အခြားအဏ္ဏဝါထုတ်ကုန်များတင်ပို့ရန် ငါးလုပ်ငန်းဌာနမှ ပို့ကုန်ပါမစ်လိုသည်။ အန္တရာယ်ကြုံတွေ့နေရသော အရိုင်း တိရစ္ဆာန်များနှင့် ပန်းမန်များအတွက် နိုင်ငံတကာကုန်သွယ်မှု သဘောတူညီချက် [International Trade in Endangered Species of Wild Fauna & Flora (CITES)] အတွက် လျှောက်လွှာတင်ရခြင်းဖြစ်သည်။ CITES တွင် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသော မျိုးစိတ်များ ဥပဒေ (၂၀၀၂) နှင့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသော မျိုးစိတ်များ နည်းဥပဒေ (၂၀၀၃) တို့တွင် ပါဝင်သော မျိုးစိတ်များစာရင်းကို ပြုစုထားသည်။

**အဆိုပြုသော မက်လုံးများ** -
ငါးဖမ်းလုပ်ငန်းနှင့် သစ်တောအတွက်ရည်ရွယ်၍ တိုက်ရိုက်အသုံးပြုသော အထူးစက်ပစ္စည်းများ။ ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းများအတွက် ငါးလုပ်ငန်းဌာနနှင့် သစ်တောဌာနတို့မှ အတည်ပြုချက်အရ ပေးသော အခြေအနေများအပေါ် မူတည်သည်။

- အခွန်ဘဏ္ဍာဆိုင်ရာ အကောက်ခွန် - လွတ်
- တန်ဖိုးမြှင့်အခွန် (VAT) - ၁၅%

**ဖီဂျီတွင် ငါးလုပ်ငန်းကဏ္ဍအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများ** -
၂၀၀၉ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများ (FIR) နှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (ပြင်ဆင်ချက်) ဥပဒေ ၂၀၁၃ အရ ငါးဖမ်းကဏ္ဍတွင် အောက်ပါလုပ်ဆောင်မှုများကို ကန့်သတ်ထားသည် -

**ငါးဖမ်းခြင်း (စီးပွားဖြစ်) –**
ဖီဂျီနိုင်ငံသားများက ၃၀% ရှယ်ယာကို အနည်းဆုံးပိုင်ရမည်ဖြစ်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် ပိုင်ရှင်၏ ထည့်ဝင်ငွေ သို့မဟုတ် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံငွေအဖြစ် အနည်းဆုံး ဒေါ်လာ ၅၀၀,၀၀၀ ရှိရမည်ဖြစ်သည်။ ၎င်းကို လုပ်ငန်းစတင် လည်ပတ်သည့်နေ့၊ အကောင်အထည်ဖော်သည့် ကာလအတွင်း ဖီဂျီနိုင်ငံအတွင်းသို့ အပြည့်အဝ ယူဆောင်လာရမည်။
ထို့အပြင် အခြားငါးဖမ်းလုပ်ငန်းလုပ်ဆောင်မှုအားလုံးတွင် အနည်းဆုံးရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်မရှိပေ။

ဇစ်မြစ် - Investment Fiji. Available fromhttp://www.investmentfiji.org.fj/pages.cfm/for-investors/sector-industry-profiles/fisheries.html.

IPA အများစုသည် ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြင်သာထင်သာရှိစေရန် အခွင့်အလမ်းအကြောင်းဖော်ပြချက် (opportunity profiles) သို့မဟုတ် သီးသန့် ပရောဂျက်အဆိုပြုလွှာများကို ထုတ်သည်။ အချို့သောကိစ္စရပ်များတွင် အခွင့်အလမ်းအကြောင်းဖော်ပြချက်များသည် အသေးစိတ်ထည့်သွင်းထားသော ပရောဂျက် အခွင့်အလမ်းတစ်ခုတည်းကိုသာ ပေးသော်လည်း အခြားကိစ္စရပ်များတွင် စာရွက်စာတမ်းတစ်ခုတည်း၌ ဖော်ပြချက်အကျဉ်းတစ်စုံပါဝင်သည်။ အခွင့်အလမ်းအကြောင်း ဖော်ပြချက် နှစ်မျိုးနှစ်စားလုံးတွင်ပရောဂျက်တစ်ခုစီအတွက် အောက်ဖော်ပြပါ သတင်းအချက်အလက်များ ပါဝင်သင့်သည် -

- ပရောဂျက်ကမကထပြုသူ၏ အမည်နှင့် ဆက်သွယ်ရန်အချက်အလက်များ၊
- ပရောဂျက်အကြောင်းဖော်ပြချက်၊
- ဘဏ္ဍာငွေခန့်မှန်း၊
- ရင်းနှီးမြှုပ်နှံမှုအပေါ်ခန့်မှန်းအမြတ်နှင့်ငွေပြန်လည်ရရှိမည့်ခန့်မှန်းကာလ၊
- ပူးပေါင်းဆောင်ရွက်မှုပုံစံ (ဥပမာ- ငှားရမ်းမှု၊ ဖက်စပ်ဆောင်ရွက်မှု စသည်)
- အစိုးရက အဆိုပြုသော သက်ဆိုင်မှုရှိသည့် မက်လုံးများ။

အခွင့်အလမ်းအကြောင်းဖော်ပြချက်များသည် ပြည်တွင်းလုပ်ငန်းများအတွက် ဖက်စပ် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းကို ကြော်ငြာရန်အကောင်းဆုံးနည်းလမ်းဖြစ်သည်။ သဘောတရားမှာ ထိုဖော်ပြချက်များသည် နိုင်ငံခြားကုမ္ပဏီများနှင့် ညီတူညီမျှသားတွဲဘက်လုပ်ဆောင်ရန် လမ်းခင်းပေးခြင်းဖြစ်သည်။

### ၄။ရင်းနှီးမြှုပ်နှံမှု ပရောဂျက်အဆိုပြုလွှာများ (IPPs)

ရင်းနှီးမြှုပ်နှံမှုပရောဂျက်အဆိုပြုလွှာများ (IPPs) သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများရင်းနှီးမြှုပ်နှံနိုင်မည့် ထုတ်လုပ်မှုလုပ်ငန်းများ သို့မဟုတ် သတ်မှတ်ထားသော ကဏ္ဍများမှ သီးသန့် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ပရောဂျက်များဖြစ်သည်။ ၎င်းတို့သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု သို့မဟုတ်ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများ ညီတူညီမျှ ဖက်စပ်လုပ်ကိုင်ရန် လမ်းခင်းပေးသည်။ ဆိုလိုသည်မှာ IPP များသည်အိမ်ရှင်နိုင်ငံမှ ပြည်တွင်းကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်အခွင့်အလမ်းများကို ကြော်ငြာရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်သည်။

ပရော်ဖက်ရှင်နယ်ဆန်သော IPP တစ်ခုသည် သင်၏ IPA ၏ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ကို အားကောင်းစေကာ ရင်းနှီးမြှုပ်နှံသူများအကြား ခံယူချက်သဘောထားများအပေါ် အပေါင်းလက္ခဏာ ဆောင်သော လွှမ်းမိုးမှုပေးသည်။ ၎င်းသည် သင်၏ နိုင်ငံတွင် အရေးပေါ် အလိုအပ်ဆုံး ကဏ္ဍများနှင့် ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အားပေးသည်။

IPP များတွင် အဓိက အခန်းလေးခန်းပါဝင်သည် -

- **ဈေးကွက်အကြောင်းအရာ**- ပရောဂျက်ကို မြှင့်တင်နေသူများ၊ လက်ရှိဈေးကွက်အခြေအနေများ၊ ကြီးထွားမှုနှုန်းခန့်မှန်းချက်၊ တည်နေရာတွင်ရှိနေသော သီးသန့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း အတွက် ကဏ္ဍလိုက်ခြုံငုံကြည့်ရှုမှုတို့၏ အသေးစိတ်ကို အကျဉ်းမျှရှင်းပြခြင်း။
- **ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း**- ဈေးကွက်ကို မိတ်ဆက်ပေးခြင်း၊ ပရောဂျက်၏ စွမ်းဆောင်နိုင် သည့် အတိုင်းအတာများ၊ စီးပွားရေးလုပ်ငန်းစဉ်များနှင့် ပြိုင်ဆိုင်နေသူများ စသည်ဖြင့် သတင်း အချက်အလက်များပါဝင်သော သက်ဆိုင်သည့် အချက်များသာ ပါဝင်သည့် စီးပွားရေးကိစ္စရပ် တစ်ခု (business case)၊
- **နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ဖော်ပြခြင်း**- (က) နည်းပညာလိုအပ်ချက်များကိုအကျဉ်းခြုံငုံ ဖော်ပြချက် (ဥပမာ-ပရောဂျက်တည်ဆောက်မှု ဆိုင်ရာ များ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းစဉ် လိုအပ်ချက်များ)၊ (ခ) လက်ရှိစီးပွားရေး လုပ်ငန်း လုပ်ဆောင်မှုအတွက် ကုန်ကျစရိတ်များ - အလုပ်သမားစရိတ်၊ ဝန်ဆောင်မှုအသုံးပြုမှု ကုန်ကျ စရိတ်များစသည်၊
- **ရင်းနှီးမြှုပ်နှံသူအတွက်မျှော်မှန်းထားသည့်အကျိုးအမြတ်များ**- အလားအလာရှိသော မက်လုံး များ(ဥပမာ-အခွန်ကင်းလွတ်ခွင့်)နှင့် ရင်းနှီးမြှုပ်နှံသူအတွက် အခြားသီးသန့် အကျိုးအမြတ်များ၊

စတင်ရမည့်နေရာမှာ သင်၏ ဦးစားပေးလုပ်ငန်းကဏ္ဍတစ်ခုစီတွင် IPP တစ်ခု ရေးဆွဲရန်ဖြစ်သည်။

- ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်မှုနှင့်အကဲဖြတ်မှုများ၊
- အချက်အလက်များကောက်ယူရန်ပေးထားသော ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာပုံစံကို အသုံးပြုပါ၊
- သင့်တော်သည့် အချက်အလက်များကောက်ယူနိုင်ရန်စီးပွားရေးအသိုင်းအဝိုင်း၊တက္ကသိုလ်၊ ကောလိပ်များ နှင့် ဆက်သွယ်ပါ၊
- အခြေခံဂရပ်ဖ်များနှင့်မြေပုံများ ရေးဆွဲပါ၊
- ကောက်ယူထားသော အချက်အလက်များကို အခြေပြု၍ အသုံးဝင်နိုင်မည့် သတိပြုသင့်သည် များကို အကြမ်းရေး၍ အဆိုပြုချက်၏ သင့်လျော်သော အခန်းများတွင် ထည့်သွင်းပါ ၊
- ပရောဂျက်အဆိုပြုချက်၏ အခန်းများကို သက်ဆိုင်မှုရှိသည့် ရုပ်ပုံများ၊ မြေပုံနှင့် ဂရပ်ဖ်များဖြင့် သရုပ်ဖော်ပါ၊
- တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင် စိတ်ဝင်စားမှုရှိရန် အလားအလာရှိသည့် အဓိကကျသော နိုင်ငံ တကာ သို့မဟုတ် ပြည်တွင်းကုမ္ပဏီများ၏ အခြေခံစာရင်းကို ပြုစုထားပါ (ပစ်မှတ်ထားသည့် တင်ပြမှုကို ကြည့်) ၊

IPP တစ်ခုစီတိုင်းသည် ယေဘုယျအားဖြင့် ရှာဖွေရန် မလွယ်ကူသည့် အသေးစိတ်အချက် များစွာ လိုသည်။ သတင်းအချက်အလက်ဖြစ်နိုင်သမျှများအောင် ကောက်ယူနိုင်မည့် အဖြေများ ရှိပါသည် -

- အချက်အလက်ကောက်ယူမှုလုပ်ငန်းစဉ်စတင်ရန်ပုံစံ (template) ကို အသုံးပြုခြင်း၊
- စီးပွားရေးအသိုင်းအဝိုင်းနှင့်အတူပူးပေါင်းဆောင်ရွက်ခြင်း (ဥပမာ-ကဏ္ဍလိုက် ကျွမ်းကျင်သူများ၊ ကဏ္ဍအလိုက် အသင်းအဖွဲ့များ၊ ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ဘဏ်များ၊ အင်ဂျင်နီယာ လုပ်ငန်း ကုမ္ပဏီများ၊ အိမ်ခြံမြေတည်ဆောက်သူများစသည်) ၊
- သင်ကြားရေးဆိုင်ရာမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း(ဥပမာ-နည်းပညာအင်ဂျင်နီယာ လုပ်ငန်း၊ မြို့ပြအင်ဂျင်နီယာလုပ်ငန်း၊ ဗိသုကာပညာ၊ ဘဏ္ဍာရေးနှင့် စာရင်းအင်း နယ်ပယ်များ တွင် ကျွမ်းကျင်သူများ) ၊

- IPP အကြီးစားများအတွက် ပြင်ပအတိုင်ပင်ခံကုမ္ပဏီများကိုငှားရမ်းကြသည်။

IPA တွင် အချက်အလက်များကို နှိုင်းယှဉ်ရန်နှင့် စီစစ်ရန် ပြင်ပမှ ရင်းမြစ်များလည်းပါနိုင်သည်။ ထိုသို့လုပ် ဆောင်ခြင်းဖြင့် IPP များ၏အလုံးစုံအရည်အသွေးကို တိုးတက်စေနိုင်သည်။ IPA သည် သီးသန့် ကဏ္ဍ သို့မဟုတ် ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်သော ၎င်း၏ဗဟုသုတများ တိုးတက်စေရန် ဘာသာ ရပ် အလိုက် ကျွမ်းကျင်သူများနှင့်လည်း ဆက်သွယ်နိုင်သည်။ ရလဒ်အားဖြင့် တိုးတက်လျက်ရှိသော IPP များသည် IPA ၏ သိရှိရန် စုံစမ်းမှုများကို ကိုင်တွယ်နိုင်သည့် စွမ်းဆောင်ရည်များကို တိုက်ရိုက် တိုးတက် လာစေသည်။ သို့သော် ရရှိလာသော ဗဟုသုတများကို မိမိအဖွဲ့မှ အဖွဲ့ဝင်များနှင့် မျှဝေခြင်းက အရေးပါသည်။ IPA သည် ကြီးထွားလျက်ရှိသည့် ပရော်ဖက်ရှင်နယ်များ၏ ကွန်ရက်တွင် ပါဝင်နိုင်သည်။ ထိုကွန်ရက်သည် FDI ကို အောင်မြင်စွာ ဆွဲဆောင်နိုင်ခြင်းရှိမရှိ ခွဲခြားပေးနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုပရောဂျက်အဆိုပြုမှုများ၏ စာရင်းတစ်ခုအတွက် နမူနာကောင်း တစ်ခုမှာ သီရိလင်္ကာ ၏ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ဖြစ်ပြီး http://www.investsrilanka.com/images/publications/pdf/Structured_Pro jects_Proposals.pdf.တွင် ကြည့်နိုင်သည်။

## ၅။ သတင်းလွှာများ၊ သတင်းထုတ်ပြန်ချက်များနှင့် သတင်းအချက်အလက်များပါဝင်သော စာရွက် (fact sheets)

IPA တစ်ခုသည် လက်ကမ်းစာစောင်များအပြင် သတင်းလွှာများကို အခါအားလျော်စွာ ဖြန့်ဝေသင့် သည်။ သတင်းလွှာများဆိုသည်မှာ သတင်းအမျိုးအစားတစ်မျိုးအား အုပ်စုကြီးတစ်ခုဆီသို့ ပေးပို့သော အခါအားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်များပင်ဖြစ်သည်။ များပြားလှသော ပရိသတ်ထံသို့ သတင်း လွှာများ ပို့လွှတ်ခြင်းတွင် စရိတ်အသက်သာဆုံးနည်းလမ်းမှာ အင်တာနက်မှတဆင့် ပို့လွှတ်ခြင်း ဖြစ်ပြီး သီးသန့်ထုတ်လုပ်မှုနှင့်ဆိုင်သော ပွဲများ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူဆိုင်ရာ အစည်းအဝေးများအတွက် သတင်း လွှာ စာရွက်များ (hard copies) ကိုလည်း အသုံးပြု၍ ဖြန့်ဝေနိုင်ပါသည်။

သတင်းလွှာများကို IPA များက ၎င်းတို့၏ တည်နေရာတွင် ဘာတွေဖြစ်နေသည်ဆိုသည့် နောက်ဆုံးရ အချက်အလက်များကို ရင်းနှီးမြှုပ်နှံသူများသိစေရန် အများဆုံးအသုံးပြုလေ့ရှိသည် (ပုံ ၇-၆)။ ၎င်းတို့သည် ရင်းနှီးမြှုပ်နှံသူများနှင့် ပုံမှန်အဆက်အသွယ်ကို ထိန်းသိမ်းထားနိုင်ရန်နှင့် တည်နေရာကို လူ အများ သတိရနေစေရန် အလွန်ထိရောက်သည်။ IPA အသစ် သို့မဟုတ် အသေးစားများအတွက် သတင်းလွှာ များကို နှစ်လ တစ်ကြိမ် သို့မဟုတ် သုံးလ တစ်ကြိမ် ရေးသားဖြန့်ဝေနိုင်သည်။ လစဉ်သတင်းလွှာ ထုတ်ဝေ ခြင်းသည် ပုံမှန်အားဖြင့် အသေးစား IPA များအတွက် အလွန်ဝန်ထုပ်ဝန်ပိုးဖြစ်ရသည်။ အကြောင်းမှာ လစဉ် အရည်အသွေးမြင့်သည့် သတင်းလွှာများကိုရေးသား၊ ပြင်ဆင်ခြင်းနှင့် ဖြန့်ဝေခြင်းများအတွက် အလွန် ပြင်းပြင်းထန်ထန်ကြိုးပမ်းအားထုတ်ရန်လိုအပ်သောကြောင့် ဖြစ်သည်။ ထို့ပြင်စာရွက်၊ ပုံနှိပ်ခြင်းနှင့် အပြင် အဆင်များ၏ အရည်အသွေးကိုလိုက်၍ ကုန်ကျစရိတ်များနိုင်ပါသည်။

အထွေထွေ နောက်ဆုံးရအချက်အလက်များ ဖြည့်သွင်းခြင်းနှင့် သတင်းများသာ လုပ်ဆောင်ခြင်းထက် စာလျှင် မကြာခဏဆိုသလို အဓိကအကြောင်းအရာ (ဥပမာ-မူဝါဒပြုပြင်ပြောင်းလဲခြင်းများ) ကို ရေးဆွဲခြင်း သို့မဟုတ် သတင်းလွှာ၏ ကိစ္စရပ်တွင် ရွေးချယ်ထားသောကဏ္ဍ (ဥပမာ-အစားအသောက်ရေရှည်ခံအောင် လုပ်ဆောင်ခြင်း) ကို မီးမောင်းထိုးပြခြင်းများသည် အသုံးဝင်သည်။ ရင်းနှီးမြှုပ်နှံသူများက ထိုသို့သော သတင်းလွှာများကို အသုံးဝင်သော သတင်းအချက်အလက်များပါဝင်သည်ဟုရှုမြင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတွင် ကဏ္ဍတစ်ခုအတွက် သတင်းအချက်အလက်အနှစ်ချုပ်း ပါဝင်သောကြောင့် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ သိလိုသော လက်ရှိကိစ္စရပ်များ ပါဝင်သောကြောင့်ဖြစ်သည်။

သတင်းလွှာများသည် လက်ရှိနှင့် အလားအလာရှိသောရင်းနှီးမြှုပ်နှံသူများ၊ ပါဝင်ပတ်သက်နေသူများနှင့် ပိုမို ကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းတို့ကို ဆက်သွယ်ရန်အတွက် သော့ချက်ကျသည့် ဈေးကွက် ဖော်ဆောင်ရေး နည်းကိရိယာဖြစ်သည်။ ၎င်းသည် IPA တစ်ခုကို သတင်းလွှာ လက်ခံရရှိသူများအတွင်းမှ အကြောင်းအရာပေါ်မူတည်၍ သီးသန့်အုပ်စုခွဲကာ ရွေးချယ်ကာ ဆက်သွယ်ခြင်း လုပ်ဆောင်နိုင်စေသည်။ ပုဂ္ဂလိကရွေးချယ်ထားသော ပရိသတ်ထံသို့ ဖြန့်ဝေနိုင်သလို ကြော်ငြာများနှင့် အများပြည်သူဆက်ဆံရေး လှုပ်ရှားမှုများထက် ပိုမို ပစ်မှတ်ထားဖြန့်ဝေမှုများ ပြုလုပ်နိုင်သည်။ သတင်းလွှာတွင် ပါဝင်သည့် အကြောင်းအရာများမှာ ကိစ္စရပ်တစ်ခုချင်းစီပေါ် မူတည်၍ အမျိုးမျိုးရှိနိုင်သည်။ အကြောင်းအရာ နမူနာများမှာ အောက်ပါအတိုင်းဖြစ်သည် -

- ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းများ၊ ဥပမာ- နှစ်စဉ် သို့မဟုတ် ၃လပတ်အချက်အလက်ရနိုင်မှုများ။
- လုပ်ငန်းကဏ္ဍအလိုက် အချက်အလက်နှင့် အဖြစ်အပျက်များ၊
- အခြေခံအဆောက်အအုံ စီမံကိန်း/ဖွံ့ ဖြိုးတိုးတက်မှု အသစ်များ၊
- အဓိကကုမ္ပဏီကြီးများက အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု အသစ် များကို ကြေညာခြင်း၊ လတ်တလော အကောင်အထည်ဖော်ဆဲများ၊
- မူဝါဒပိုင်းဆိုင်ရာ ပတ်ဝန်းကျင်တွင် အဓိကပြောင်းလဲမှုများ၊
- ဖြစ်ရပ်လေ့လာခြင်းများနှင့် ထောက်ခံချက်များ၊
- ဘာသာရပ်အလိုက် ကျွမ်းကျင်သူများနှင့်တွေ့ ဆုံမေးမြန်းခြင်းများ၊
- အေဂျင်စီ၏လုပ်ဆောင်ချက်များ၊ ဥပမာ- ကုန်သွယ်မှုပြပွဲများ၊ ဝန်ထမ်းအသစ်စသည်၊
- အိမ်ရှင်နိုင်ငံနှင့်ပတ်သက်ပြီး ကဏ္ဍအသစ်များ လေ့လာခြင်း သို့မဟုတ် စံနှုန်းများလေ့လာခြင်း၊
- အိမ်ရှင်နိုင်ငံ၏အရေးပါသည့်သတင်းများ၊
- အိမ်ရှင်နိုင်ငံအပေါ် နိုင်ငံတကာလေ့လာမှုများမှ တွေ့ရှိချက်များ သို့မဟုတ် အိမ်ရှင်နိုင်ငံတွင်းမှ အဓိကကျသော ဒေသများ၊
- ရင်းနှီးမြှုပ်နှံသူများ၊ အခြားပါဝင်ပတ်သက်နေသူများနှင့် တွေ့ ဆုံမေးမြန်းမှုများ၊
- အိမ်ရှင်နိုင်ငံအကြောင်းနိုင်ငံတကာသတင်းစာများက ဘာတွေပြောသလဲ။

သတင်းလွှာကို IPA က ထုတ်ဝေသင့်ပြီး အီးမေးလ်ဖြင့် ဖြန့်ဝေကာ ၎င်း၏ဝက်ဘ်ဆိုဒ်တွင် တင်ထားရပါမည်။ ပုံ ၇-၁၁ သည် စပိန်နိုင်ငံမှ ထုတ်ဝေသော အရည်အသွေးမြင့် သတင်းလွှာကို နမူနာအဖြစ် ဖော်ပြထားသည်။

အရေးကြီးသည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းအတွက် နောက်ထပ် ထိရောက်သည့် နည်းလမ်းတစ်ခုမှာအချက်အလက်များ ဖော်ပြထားသည့် စာမျက်နှာ (fact sheets) ဖြစ်သည်။ IPA သည် ရင်းနှီးမြှုပ်နှံသူများသို့ လိုအပ်သည့် သတင်းအချက်အလက်များကို ကွက်တိပေးနိုင်ရန် ၎င်းတို့ကို အခါ အားလျော်စွာ ထုတ်လုပ်နိုင်သည်။ အချက်အလက်များ ဖော်ပြထားသည့် စာမျက်နှာ (fact sheets) သည် ပုံရိပ် တည်ဆောက်ရာတွင်သာမက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရာတွင်ပါ အရေးပါသော အခန်းကဏ္ဍ ရှိနေသည်။ ယခင်က ဆွေးနွေးခဲ့သကဲ့သို့ အချက်အလက်များ ဖော်ပြထားသည့် စာမျက်နှာ (fact sheets) သည် စာမျက်နှာ တစ်မျက်နှာမှ သုံးမျက်နှာ လောက်သာ ရှိသင့်ပြီး နောက်ဆုံးရ အချက်အလက်များကို အလွယ် တကူ ထည့်သွင်းနိုင်ရမည် ဖြစ်သည်။ ၎င်းတွင် ပါဝင်နိုင်သော အချက်များမှာ ဝန်ဆောင်မှု အသုံးပြုခနှုန်းများ၊ အလုပ်သမား စရိတ်များ၊ အဓိကကျသော အစိုးရဌာနများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အရေးကြီးသော ဆက်သွယ်နိုင်သည့် လိပ်စာများ၊ အစိုးရမူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုမက်လုံးများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် အခြား အချက်အလက်များဖြစ်သည် (ဇယားကွက် ၇-၁၂) ။

**ဇယားကွက် ၇-၁၂ စင်္ကာပူနိုင်ငံ စီးပွားရေးဖွံ့ ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ မှ fact sheets**


Clean Energy_

At a Glance
As the world moves towards addressing the issues of climate change, fossil fuel depletion and rapid urbanization, the need for more eco-friendly products and solutions is set to accelerate, especially in Asia which has more than half the world's population. Singapore has thus identified the Cleantech industry as a key economic growth area.

In 2007, Singapore allocated nearly S$700 million to develop five key pillars: R&D, developing manpower, grooming Singapore-based enterprises, branding our industry internationally and growing a vibrant industry ecosystem. The city also welcomes Cleantech companies to use Singapore as a 'Living Lab' to testbed and demonstrate innovative solutions before scaling up for the rest of the world.

Clean Energy is an important sector in the Cleantech industry. There is a strong focus on solar energy in Singapore, given our strategic location in the tropical sunbelt and semiconductor capabilities. There is also emphasis on wind energy, biomass, tidal energy, smart grids, green buildings, energy efficiency and carbon services.

EDB

singapore

စင်္ကာပူနိုင်ငံ စီးပွားရေးဖွံ့ ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (EDB) သည် ၎င်း၏ ဝက်ဘ်ဆိုဒ်တွင်အဓိကစီးပွားရေးတိုးတက်ရေးနယ်ပယ်အဖြစ် ဖော်ထုတ်ထားသော သီးသန့်နယ်ပယ် ခြောက်ခုအပေါ်မူတည်၍ မတူ သော fact sheets ခြောက်ခုဖော်ပြထားသည်။ ၎င်းတို့မှာ လေ ကြောင်း နှင့် အာကာသ၊ သန့်ရှင်းသောစွမ်းအင်၊ အီလက်ထရွန်နစ်၊ တိကျမှုအင်ဂျင်နီယာလုပ်ငန်းနှင့် အခြေခံအဆောက်အဦတို့ဖြစ်သည်။ တိုသည် (ငါးမျက်နှာထက်မပို)၊ ထိုးထွင်းသိမြင်မှုများ ပါသော်လည်း အချက်အလက်များအပေါ် အခြေခံသည်၊ ၎င်းတို့သည် အနာဂတ် ရင်းနှီးမြှုပ်နှံမည့် သူများကို ရည်မှန်းကာ စင်္ကာပူ၏ အင်အားများနှင့် ရည်မှန်းချက်များကို ထိရောက်စွာ မီးမောင်းထိုးပြထားသည်။

ရင်းနှီးမြှုပ်နှံသူများကို ယုံလာစေရန်နှင့် ယုံကြည်မှုတိုးလာစေရန် အတွက် စင်္ကာပူ EDB သည် သန့်ရှင်းသော စွမ်းအင်သည် နိုင်ငံ အတွက် မည်မျှအရေးပါကြောင်း ပထမဆုံးဖော်ပြသည်။ “သန့်ရှင်း သော စွမ်းအင်သည် Cleantech လုပ်ငန်းတွင် အရေးကြီးသော ကဏ္ဍဖြစ်သည်။ နိုင်ငံသည် နေပတ်လမ်း ယဉ်စွန်းတန်း တွင် မဟာဗျူဟာကျစွာရှိနေပြီး လျှပ်ကူးစွမ်းရည် တဝက်တပျက်ရှိနေသောကြောင့် စင်္ကာပူသည် ဆိုလာစွမ်းအင်ကို အား ကောင်းစွာ အာရုံပြုသည်။ ထို့အပြင် လေစွမ်းအင်၊ ဇီဝလောင်စာ၊ အစိမ်းရောင်အဆောက်အဦများ၊ စွမ်းအင်ဖော်ဆောင် နိုင်မှု၊ ကာဗွန်ဝန် ဆောင်မှုများကိုလည်း အလေးပေးသည်။”

ဒုတိယအချက်အားဖြင့် စင်္ကာပူ၏ IPA သည် လုပ်ငန်းကို ပံ့ပိုးသည့် လက်ရှိအခြေခံအဆောက်အဦများကိုလည်း မီးမောင်း ထိုးပြသည်။ “စွမ်းအင်ဆန်းသစ်တီထွင်မှုအစီအစဉ်ရုံး (EIPO) သည် စင်္ကာပူ၏ စွမ်းအင်ကဏ္ဍတိုးတက်ရန်

စီမံကိန်း ရေးဆွဲခြင်းနှင့် မဟာဗျူဟာများကို အကောင်အထည်ဖော်ခြင်းများအတွက် တာဝန်ရှိသော သော့ချက်ကျသည့် အေဂျင်စီ အားလုံးနှင့် ချိတ်ဆက်လုပ်ကိုင်သော အလုပ်အဖွဲ့ ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်းကတည်းက EIPO သည် သော့ချက်ကျသည့် ကနဦးလုပ်ဆောင်မှုတချို့ ကို စတင်ခဲ့ရာ အစိုးရကဏ္ဍမှ သုတေသနနှင့် ဖွံ့ဖြိုးမှုစင်တာ၊ ပြိုင်ဆိုင်မှု ရှိသော ရန်ပုံငွေထောက်ပံ့မှု၊ ပင်ကိုယ်စွမ်းရည် ဖွံ့ ဖြိုးမှုအစီအစဉ်များပါဝင်သည်။"

တင်ပြချက်၏ တတိယအချက်သည် စင်္ကာပူ၏ ပြိုင်ဆိုင်စွမ်းရှိသော အားသာချက်အပေါ် မူတည်သည်။ "မြို့တော်သည် အဓိကတဝက်တပျက်လျှပ်ကူးစွမ်းရည်ဗဟိုချက် (semiconductor hub) ဖြစ်နေပြီးဖြစ်ရာ တိကျမှုလုပ်ဆောင်သည့် အင်ဂျင်နီယာလုပ်ငန်း (precision engineering) နှင့် ဓါတုပစ္စည်းထုတ်လုပ်ရေးတို့တွင် ဘက်စုံစွမ်းဆောင်ရည်ရှိ၍ ၎င်းတို့ကို ပိုမိုကျယ်ပြန့်သော သန့်ရှင်းသည့်စွမ်းအင်ထုတ်လုပ်မှုနှင့် ဆိုလာ တို့တွင် အသုံးပြုနိုင်ပါသည်။" face sheets အရ စင်္ကာပူ၏ နောက်ထပ်အားသာချက်မှာ "တိုင်းပြည်သည် နေပတ်လမ်းပေါ်တွင်ရှိသောကြောင့် ဂျာမနီ၊ ဂျပန်တို့ကဲ့သို့သော အပူအအေးမျှတသည့် ဒေသများထက်စာလျှင် နေရောင်ခြည် ၅၀% ပိုရသည်။ ဂျာမနီနှင့် ဂျပန်တို့သည် ယနေ့ ဆိုလာ နည်းပညာအတွက် ဗဟိုဌာနများဖြစ်သည်။"

နောက်ဆုံးမှဆိုရသော်လည်း အရေးကြီးသည့်အချက်မှာ ရင်းနှီးမြှုပ်နှံသူများက ယုံလာအောင် မည်သို့လုပ်ဆောင်ရမည်ကို ကြိုးစားရှာဖွေနေခြင်းဖြစ်ရာ EDB သည် ပင်နာဆိုနစ်ကဲ့သို့သော ကမ္ဘာ့သိ ကုမ္ပဏီများ၏ ဖြစ်ရပ်ကို ဖော်ပြသည်။ ပင်နာဆိုနစ်သည် "စင်္ကာပူတွင် စွမ်းအင်အဖြေရှာမှုအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုဌာနကို ထူထောင်ထားပြီးဖြစ်ရာ ထူထောင်မှုသည် ဂေဟစနစ်ကို ထည့်သွင်းစဉ်းစားထားသော ထုတ်ကုန်နှင့် အဖြေရှာမှုများမှ ဝင်ငွေရှာနိုင်ရန် ဆိုသည့် ပင်နာဆိုနစ်၏ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ၏ သော့ချက်ကျသည့် အစိတ်အပိုင်းဖြစ်သည်။"

EDB ၏ fact sheets သည် အဓိကအချက် လေးချက်အပေါ်တွင် အခြေခံရာ ၎င်းတို့မှာ တိုင်းပြည်အတွက် ထုတ်လုပ်မှုလုပ်ငန်း၏ အရေးကြီးပုံ၊ လက်ရှိအခြေခံအဆောက်အဦများ၊ တိုင်းပြည်၏ ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် အားသာချက်များနှင့် စင်္ကာပူ၏ ရင်းနှီးမြှုပ်နှံမှုရာသီဥတုကို ယုံကြည်မှုရှိပြီးဖြစ်သည့် ကုမ္ပဏီများ၏ နမူနာများ ဖြစ်သည်။ ထို့ကြောင့် EDB ၏ fact sheets များကို အခြား IPA များက ၎င်းတို့၏ ဆွဲဆောင်နိုင်မှုကို တိုးတက်စေရန် လိုက်လုပ်ကြည့်သင့်သည့် နမူနာ ကောင်းဟု ဆိုနိုင်သည်။

ဇစ်မြစ် - https://www.edb.gov.sg/content/dam/edb/en/resources/factsheetsnew/Clean-Energy.pdf.

## ၆။ မြှင့်တင်ခြင်းအတွက် အခြားအသုံးပြုနိုင်သည့် နည်းလမ်းများ (tools)

ကြော်ငြာလှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများ၊ ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကဲ့သို့သော ပိုမိုအဆင့်မြင့်ကာ ငွေကြေးကုန်ကျများသည့်အခြားအသုံးပြုနိုင်သည့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနည်းလမ်းများလည်းရှိသည်။ ထိုနည်းလမ်းများကို ပုံရိပ်တည်ဆောက်ခြင်းတွင်လည်း အသုံးပြုကြသော်လည်း ၎င်းတို့မှာ ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားသည့် နည်းစနစ်အဖြစ် ပိုမိုသင့်လျော်သည့်သဘောရှိသည် (အောက်တွင် ကြည့်ပါ) ။

ပြည်သူ့ဆက်ဆံရေး (PR) နှင့် ကြော်ငြာခြင်း။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလှုပ်ရှားမှုအများစု၏ အရေးကြီးသော အစိတ်အပိုင်းမှာ ပြည်သူ့ဆက်ဆံရေးဖြစ်ရာ မီဒီယာမှ အဓိကကျသော လူများနှင့်ဆက်ဆံရေးနှင့် အဆက်အသွယ်များထူထောင်ခြင်း၊ သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်း၊ အောင်မြင်သော ဇာတ်ကြောင်းများ၊ ထောက်ခံချက်များ၊ လာရောက်လည်ပတ်သော သတင်းစာဆရာများကို ဧည့်ခံခြင်း၊ မီဒီယာတွင် ဖော်ပြချက်များကို စနစ်တကျစောင့်ကြည့်ရန် လိုအပ်သည်။ အထူးသဖြင့် ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံ

သူများ ဖတ်ရှုကြသည့်ထုတ်ဝေထားသည့် အရာများကိုဖြစ်ပြီး ထွက်ပေါ်လာသည့် ရလဒ်ကို ဆန်းစစ်ရမည်။ နောက်ထပ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးပုံစံတစ်ခုမှာ ကြော်ငြာခြင်းဖြစ်သည်။ ၎င်းမှာ ငွေကြေးကုန်ကျ အလွန်များပြားသည့် မြှင့်တင်ရေး နည်းလမ်းကိရိယာ ဖြစ်သည်။ ကြော်ငြာနည်းလမ်းကို အသုံးပြုခဲ့ပါက အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုခဲ့ခြင်း ဟုတ်မဟုတ် ဆုံးဖြတ်နိုင်ရန် အနီးကပ် စောင့်ကြည့်သင့်သည်။ ကြော်ငြာလုပ်ဆောင်မှုတစ်ခုသည် တိတိကျကျပစ်မှတ်ထားနိုင်ကာ ရည်ရွယ်သော ပရိသတ်အပေါ် လိုချင်သော အကျိုးသက်ရောက်မှုရှိ၊ မရှိကို ဆုံးဖြတ်နိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ ထိုပရိသတ်များထဲမှ အချို့ကို မေးမြန်းခြင်းဖြစ်သည်။ ပြန်လည်ဖြေကြားသည့် ကဒ်ပြားများ၊ စစ်တမ်းများ၊ တိုက်ရိုက်အကြံဉာဏ်ယူခြင်းများသည် ထိုသို့လုပ်ဆောင်ရန် ထိရောက်သည့် နည်းလမ်းများဖြစ်သည်။

### ပုံ ၇-၁၁ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး သတင်းလွှာအတွက် အကောင်းဆုံးလုပ်နည်းကိုင်နည်း - စပိန်တွင် ရင်းနှီးမြှုပ်နှံပါ




အားကောင်းသော အချက်များ-
- ခေါင်းစည်းဆောင်းပါး
- ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကြော်ငြာချက်များ
- မီးမောင်းထိုးပြသော ကဏ္ဍ
- စီးပွားရေး ညွှန်ကိန်းများ
- အဖြစ်အပျက်များ

ဇစ်မြစ်-http://www.investinspain.org/invest/en/press-room/periodicals/newsletter/newsletter-detail/CWB2016661564_EN_US.html.

အထောက်အထားအရ ပုံရိပ်တည်ဆောက်ခြင်းနှင့် ပတ်သက်သည့် PR လုပ်ရှားမှုသည် ကုမ္ပဏီက အာရုံပြုနေသည့် လုပ်ငန်းကဏ္ဍကို ပစ်မှတ်ထားခြင်းထက် ရင်းနှီးမြှုပ်နှံမှုပြုခြင်းသို့ ဦးတည်အောင် လုပ်ဆောင်ရာတွင် အတော်အားနည်းသည်ဟုဆိုရမည်။ Loewendahl (2001) က လေ့လာရာတွင် ဖော်ပြပါ အချက်များရှိပါက PR လုပ်ရှားမှုအတွက် အားကောင်းသည့် တင်ပြချက်များရှိနိုင်သည်ဟု ဆိုသည်။ ၎င်းတို့မှာ (က) နိုင်ငံ၏အခြေအနေမှန်သည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းက ထင်မြင်ခံယူထား သည့်ထက် ပိုမိုကောင်းမွန်ခြင်း၊ (ခ) နိုင်ငံသည် အတိတ်ကာလတွင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အဓိကလက်ခံလုပ်ဆောင်မှုမရှိခြင်း၊ (ဂ) အေဂျင်စီအတွက် ၎င်း၏ပုံရိပ်ကို ပြောင်းလဲရန် အခွင့်အလမ်းပေးမည့် ပြည်တွင်းမူဝါဒများကိုရေးဆွဲခြင်း၊ (ဃ) IPA က မဟာဗျူဟာလမ်းကြောင်း ပြောင်းလဲခဲ့ခြင်း၊ ဥပမာ-လုပ်ငန်းကဏ္ဍအသစ် သို့မဟုတ်လုပ်ဆောင်မှုအသစ်များကိုဦးတည်ခြင်း၊ တို့ဖြစ်သည်။

**ဆွေးနွေးပွဲများ၊ရင်းနှီးမြှုပ်နှံမှုဖိုရမ်များနှင့်ညီလာခံများ၊ရှင်းလင်းတင်ပြခြင်းများ။** အခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ဆောင်မှုများတွင် မိန့်ခွန်းများ၊ ဆွေးနွေးပွဲများနှင့် စီးပွားရေး လုပ်ငန်းရှင်များသို့ ရှင်းလင်းတင်ပြမှုများ ပြုလုပ်ခြင်းတို့ ပါဝင်သည်။ IPA က ဖိတ်ကြား ဧည့်ခံသည့်ပွဲများ (open house)၊ ကုန်သွယ်မှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုပြပွဲများ သို့မဟုတ် ဖိုရမ်များ သို့မဟုတ် အခြားစီးပွားရေးနှင့်ဆိုင်သော ပွဲများတွင်ပါဝင်ခြင်း၊ သော့ချက်ကျသည့် စီးပွားရေးအဖွဲ့အစည်းများနှင့်ကြားမှ အကူအညီပေးသည့်အဖွဲ့များအား ရှင်းလင်းတင်ပြခြင်းများဖြစ်သည်။ IPA တစ်ခုအနေဖြင့် နောက်ပိုင်းဆက်လက် စုံစမ်းမှုများပြုသည့် အရေအတွက် အများဆုံးရလဒ်ထွက်ရှိမှု ရှိ၊ မရှိ ဆုံးဖြတ်နိုင်ရန် ထိုလုပ်ဆောင်မှုများကို စောင့်ကြည့်ရန် လိုအပ်သည်။ ဤအချက်မှာ လိုက်နာအပ်လှသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ လုပ်ဆောင်မှုများသည် ငွေကြေးကုန်ကျများရာ အထူးသဖြင့် ဝန်ထမ်းများ နိုင်ငံရပ်ခြားသို့ စေလွှတ်ရခြင်းများ ပါလာပါက ပို၍ကုန်ကျသည်။

အောင်မြင်မှုအရှိဆုံး ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲများ သို့မဟုတ် ညီလာခံများသည် ကဏ္ဍအလိုက်ကို အခြေပြု လုပ်ဆောင်ခြင်းများဖြစ်ပြီး စိတ်ကျေနပ်မှုရှိသည့် ရင်းနှီးမြှုပ်နှံသူများက ရှင်းလင်းတင်ပြမှုများ ပြုလုပ်ခြင်းပါဝင်သည် (Loewendahl, 2001)။ ရလဒ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ ကျွမ်းကျင်သူပညာရှင်များ သို့မဟုတ် သံတမန်များကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အတွက် မကြာခဏအသုံးပြုလာသည်။ ဥမာအားဖြင့် ၎င်းတို့ကို စနစ်တကျပြုလုပ်သည့် ရှင်းလင်းတင်ပြပွဲများ၊ ရင်းနှီးမြှုပ်နှံမှုမစ်ရှင်များတွင် ပါဝင်စေခြင်း၊ သို့မဟုတ် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများနှင့် တစ်ဦးချင်းတွေ့ဆုံ၍ တည်နေရာအကြောင်းအကောင်းပြောဆိုမှုများ လုပ်ဆောင်စေပါသည်။ အများစုမှာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် တည်နေရာ၏ကြိုးပမ်းမှုများကို ပံ့ပိုးမှုပြုရသည်ကို ကျေနပ်ပေလိမ့်မည်။ သို့သော် စီးပွားရေးလုပ်ငန်းရှင်အားလုံးအတွက် ထိရောက်မှု ရှိလိမ့်မည်မဟုတ်ပေ။ အချို့က ဝေဖန်ပြောကြားမှုများ သို့မဟုတ် အနုတ်လက္ခဏာဆောင်သော ပြောကြားမှုများ ရှိလိမ့်မည်။ အချို့သည် အများပြည်သူရှေ့တွင် စကားပြောရာ၌ ညံ့ပြီး အလွတ်သဘော စကားပြောခြင်းများ၊ အစည်းအဝေးငယ်များတွင် ပိုမိုပါဝင်အားကောင်းသူများလည်းရှိနိုင်သည်။ အချို့မှာလည်း ပြောရန်လိုအပ်သည့် သတင်းစကားများ သို့မဟုတ် သီးသန့်မူဝါဒများကို အပြည့်အဝ ပေးနိုင်ခဲ့ခြင်းလည်း ရှိနိုင်သည်။ အချုပ်အားဖြင့်ဆိုရလျှင် အချို့သည် IPA က ပေးနိုင်သည့် ပံ့ပိုးမှုထက် ပို၍မျှော်လင့်

နေသူများလည်းရှိနိုင်သည်။ ထိုသို့သော မိတ်ဖက်များကို အထိရောက်ဆုံးအသုံးပြုနိုင်မှု သေချာစေရန် စီးပွားရေးချန်ပီယံများ၏ လုပ်ဆောင်မှုများကို မှတ်တမ်းတင်ထားရန်နှင့် ဆန်းစစ်မှုပြုရန် လိုအပ်သည်။ ပထမဆုံး အထင်ကြီးလေးစားမှု ရယူနိုင်ခြင်းသည် အရေးကြီးသည်ကို သတိရရန်လိုပါသည်။ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအတွက် ရှင်းလင်းတင်ပြမှုများသည် မှန်ကန်ရမည်၊ ဆိုလိုရင်းထိမိရမည်၊ အချက်အလက်များပါသော ဂရပ်ဖစ်များ သင့်လျော်သည့်အရေအတွက်ဖြင့် စိတ်ဝင်စားဖွယ်ဖြစ်ရမည် (ဂရပ်ဖစ်အသုံးပြုရန် သက်သက်အတွက် မဖြစ်သင့်)၊ စာသားက အကန့်အသတ်သာ ပါသင့်သည်၊ ပရိသတ် နားလည်သည့် ဘာသာစကားဖြင့် တင်ဆက်နိုင်သူဖြစ်ရမည်၊ ပရိသတ်စိတ်ဝင်စားမှုရှိစေရန် ဟာသဉာဏ်ရွှင်သူဖြစ်ရမည်။ တည်နေရာကို အရောင်းမြှင့်တင်ခြင်းအကြောင်းအရာအား ရှင်းလင်းတင်ပြခြင်း အကြောင်းကို အောက်တွင် ဆွေးနွေးပါမည်။

နိဂုံးချုပ်အားဖြင့်ဆိုရပါက IPA များတွင် အမျိုးမျိုးသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အသုံးပြုနိုင်သည့် နည်းလမ်းများနှင့် ထောက်ကူပစ္စည်းများရှိရာ ကဏ္ဍများအကြောင်းဖော်ပြချက် (sector profiles) မှသည် ပရောဂျက်အခွင့်အလမ်းများ၊ ကုန်ကျစရိတ် စံနှုန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ထောက်ခံချက်များအထိပါဝင်သည်။ရင်းနှီးမြှုပ်နှံသူများက အိမ်ရှင်နိုင်ငံကို အကဲဖြတ်ရန်နှင့် တည်နေရာသည် ၎င်းတို့အတွက် အကောင်းဆုံးနေရာ ဖြစ်သည်ဟု ယုံကြည်လာမှုတွင် အထောက်အကူဖြစ်ရန် လိုအပ်သော သတင်းအချက်အလက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မိမိတို့ဖက်မှ စတင်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နည်းစနစ်များကို အသုံးမပြုမီ IPA အနေဖြင့် အရည်အသွေးမြင့်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ထောက်ကူ ပစ္စည်းများ ထုတ်လုပ်ထားရန် အရေးကြီးလှသည်။

IPA အားလုံးနီးပါးက ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ထောက်ကူပစ္စည်းများတွင် အမျိုးအစားများ တူညီမှုများ ရှိနေသော်လည်း ထောက်ကူပစ္စည်းနှင့် နည်းလမ်းများ၏ သီးသန့် အမျိုးအစားနှင့် ပုံစံ (format) (ပုံနှိပ်၊ အီလက်ထရွန်နစ်၊ ဗီဒီယို၊ မည်သည်ဖြစ်စေ) ရွေးချယ်မှုသည် အချက်အချို့အပေါ်မူတည်သည်။ ထိုအချက်များမှာ IPA အတွက် ဘတ်ဂျက်ရနိုင်မှု၊ ပြင်ဆင်မှုအတွက်နှင့် အချို့ကိစ္စရပ်များ၌ ထောက်ကူပစ္စည်းများ ထုတ်လုပ်မှုတို့တွင် မိမိတို့ဌာနတွင်း ရနိုင်မှု သို့မဟုတ် လက်လှမ်းမီမှု၊ IPA က လက်လှမ်းမီအောင် ဆက်သွယ်နေသော ရင်းနှီးမြှုပ်နှံသူအမျိုးအစားများဖြစ်သည်။ IPA သည် မည်သည့် ထောက်ကူပစ္စည်းနှင့် ပုံစံများက အကောင်းဆုံးအလုပ်လုပ်နိုင်သည်ကို ရှာဖွေရန် စမ်းသပ်မှုပြုလုပ်ရန် လိုအပ်သည်။ အချို့သော တွေ့မြင်နေကျ နည်းလမ်းများ (tools) မှာ အောက်တွင် ဆွေးနွေးထားပါသည်။

အထက်တွင် ဖော်ပြထားသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနည်းလမ်းများကို ပုံနှိပ်နိုင်သည်၊ သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ထုတ်လုပ်နိုင်သည်။ သို့သော် ၎င်းတို့ကို IPA ဝက်ဘ်ဆိုဒ်တွင် ထည့်သွင်းသင့်သည်။

## (စ) ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းနှင့် စိတ်ဝင်စားမှုရှိလာအောင် ဆောင်ရွက်ခြင်း (Investof targeting and lead generation)

### ၁။ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းနှင့် လက်ဦးမှုရယူခြင်း ဆိုသည်မှာ အဘယ်နည်း။

ပြီးခဲ့သည့်အခန်းများတွင် ဖော်ပြသည့်အတိုင်း လုပ်ငန်းတည်မည့်နေရာ ရွေးချယ်သူများနှင့် ရင်းနှီးမြှုပ်နှံသူများပေါင်း၍ ဖွဲ့ထားသောအဖွဲ့အတွက်သတင်းအချက်အလက်အချိုးမညီမှုကို ကြုံတွေ့ရပြီး နေရာဒေသနှင့် ပတ်သက်ပြီး ထင်မြင်ယူဆချက်သဘောထား (မှန်လည်းမှန်နိုင်သည်၊ မှားလည်းမှားနိုင်သည်) ၏ လွှမ်းမိုးမှုကိုခံရသည်။ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများထံသို့ တိုက်ရိုက်ဈေးကွက် ဖော်ဆောင်သော သတင်း အချက်အလက်များ ပေးခြင်းသည် ရင်းနှီးမြှုပ်နှံသူ၏ ထင်မြင်ယူဆချက် သဘောထားအပေါ် အပေါင်းလက္ခဏာ ဆောင်သော သက်ရောက်မှု (အမှန်) ရှိနိုင်ပါသည်။ သတင်းအချက်အလက်များကို ကုမ္ပဏီများသို့ ပေးရာတွင် တည်နေရာတွင် ရှိနေသော စီးပွားဖြစ်လုပ်နိုင်သည့် စီးပွားရေးအခွင့်အလမ်းများအကြောင်း ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူကို ရင်းနှီး မြှုပ်နှံမှုပြုလုပ်ရန် အားပေးနိုင်သည်။

အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူအားလုံးကို ဆက်သွယ်ရန်နှင့် ဖြစ်နိုင်သည့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအကြောင်း သတင်းအချက်အလက်များပေးရန် လုပ်ငန်းမှာ မလွယ်ကူသော အလုပ်ဖြစ်သည်။ ထို့ကြောင့် ဈေးကွက်ဖော်ဆောင်သော အရင်းအမြစ်များကိုအဆိုပါ နိုင်ငံ/တည်နေရာ၌ ရင်းနှီး မြှုပ်နှံရန် အတွက် အမြင့်ဆုံး အလားအလာရှိသည့် ရွေးချယ်ထားသော ကဏ္ဍများတွင် အလုပ်လုပ် နေသည့် ကုမ္ပဏီများအား ဦးတည်ရမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းဆိုသည်မှာ အကန့်အသတ်ရှိသော အရင်းအမြစ်များအား ထိရောက်စွာအသုံးပြုကာရင်းနှီးမြှုပ်နှံမှုများ အရေအတွက် အရရော အရည်အသွေး အရပါ များများစီးဝင်လာအောင် ဆွဲဆောင်သည့် နည်းစနစ်တစ်ခုဖြစ်သည် (VCC, 2009)။ ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းတွင် သေချာစွာဖော် ထုတ်ထားသည့် ကဏ္ဍများအတွက် သီးသန့်ကုမ္ပဏီများကို ပစ်မှတ်ထားခြင်းပါဝင်သည်။ ထို့ကြောင့် ၎င်းသည်အချို့သော ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကုမ္ပဏီများကို ဦးစားပေး သတ်မှတ်ရခြင်းနှင့် ဆက်စပ်နေသည်။ Price -waterhouse Coopers က ၂၀၀၀ ပြည့်နှစ်တွင် လုပ်ဆောင်သော အအောင်မြင်ဆုံး IPA များအပေါ် စစ်တမ်းက လက်ရှိရင်းနှီးမြှုပ်နှံသူများကို ပစ်မှတ် ထားခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းသည် အအောင်မြင်ဆုံး လက်ဦးမှုရယူခြင်း (Lead Generation) နည်းလမ်းဖြစ်ကြောင်းပြသနေသည် (VCC, 2009)။ Harding and Javorcik (2010) တို့က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကဏ္ဍများကို ပစ်မှတ်ထား လုပ်ဆောင်ခြင်းသည် ပစ်မှတ်ထားရှိမှု မရှိခြင်းထက် FDI နှစ်ဆ ပိုမိုဝင်ရောက်လာသည်ကို တွေ့ရှိခဲ့သည်။

လက်ရှိကမ္ဘာပေါ်မှ အောင်မြင်လျက်ရှိသည့် IPA များသည် ယခုအခါ သီးသန့်ကဏ္ဍများအတွက် ဂရုပြု၍ ဖော်ထုတ်ထားသော ရင်းနှီးမြှုပ်နှံသူများကို ပစ်မှတ်ထားလာကြသည်။ ထိုသို့ လုပ်ဆောင်ရာတွင် မိမိဖက်မှစပြီး တက်တက်ကြွကြွ လုပ်ဆောင်သည့် ချဉ်းကပ်မှု နည်းလမ်းများလိုအပ်ရာ စုံစမ်းမေးမြန်းမှုများ မလုပ်ဆောင်မီတွင် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို တက်ကြွစွာ ကြိုးစားဖော်ထုတ်ခြင်းပါဝင်သည်။ အဓိက ရည်မှန်းချက်မှာ ကောင်းမွန်သော အရည်အသွေးရှိစီးပွားရေးလုပ်ငန်းများဆီသို့ ဦးတည် လုပ်ဆောင်မည့် ရင်းနှီးမြှုပ်နှံသူများကို ရရှိရန်ဖြစ်ပြီး ၎င်းတို့အား ပစ်မှတ်ထား ဆွဲဆောင်နိုင်မှု မရှိပါက ၎င်းတို့ စဉ်းစား

သည့်အထဲတွင် မိမိတို့၏ တည်နေရာ ပါဝင်လာလိမ့်မည်မဟုတ်ပေ။ ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းတွင် ခိုင်မာသော ဆက်ဆံရေး တည်ဆောက်မှုနှင့် စီးဝင်လာသော ရင်းနှီးမြှုပ်နှံမှု ပရောဂျက်များကို အရေအတွက်နှင့် အရည်အသွေးများ ပိုတက်လာစေရန် သေချာစေမည့် ထိရောက်သော ကူညီပေးမှုများ တွဲပါလာရန် လိုအပ်သည်။ သီးသန့် ကုမ္ပဏီများကို မိမိဘက်မှစ၍ တက်ကြွစွာ ပစ်မှတ်ထားလုပ်ဆောင်နိုင်မှသာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ဆောင်မှုသည်နေရာဒေသတစ်ခုတွင် ဦးစားပေး ထုတ်လုပ်မှုလုပ်ငန်းများ၌ အရည်အသွေး အမြင့်ဆုံး ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် နှိုးဆွပေးမည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းတွင်ပစ်မှတ်ထားသော ကုမ္ပဏီများမှ သီးသန့်အကြီးတန်း မန်နေဂျာများကို သတ်မှတ်ထားသောနေရာဒေသရှိ ကောင်းစွာသုတေသနပြုထားသည့် စီးပွားရေးအခွင့်အလမ်းများကို ရှင်းလင်းတင်ပြခြင်းပါဝင်သည်။ ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်း၏ အဓိကအားသာချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- အကောင်းဆုံးသောအလားအလာများအပေါ်တွင် အားစိုက်ထုတ်ရန်ကိုသာ အာရုံပြုဦးတည်ခြင်း၊
- ရင်းနှီးမြှုပ်နှံသူနှင့် အကျိုးဆောင်များ (ရင်းနှီးမြှုပ်နှံမှုအကြံပေးများ) ၏ သိရှိနားလည်မှု ကြီးစွာ မြင့်တက်လာစေခြင်း၊
- ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့နှင့် သက်ဆိုင်မှုရှိသော ထောက်ကူပစ္စည်းများနှင့် ပတ်သက်ပြီး အကောင်းဆုံး တုန့်ပြန်ခြင်း။
- တူညီသော ဒေသခံထုတ်လုပ်မှုလုပ်ငန်းအစုအဖွဲ့များ ထူထောင်ရာတွင် အထောက်အကူ ဖြစ်နိုင် သည်၊
- ကုန်ကျစရိတ်သက်သာခြင်း - ငွေကြေးထက်အချိန်ပိုယူရခြင်း၊
- အရင်းအမြစ်ခွင့်ပြုသည့် နေရာများတွင်ပြင်ပကျွမ်းကျင်သူများသို့ လုပ်ငန်းအပ်နှံနိုင်ခြင်း။

ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုပေးသည့် အဓိကကျသည့်မူငါးခုရှိပါသည် -

- ပထမဆုံး ထုတ်လုပ်မှု လုပ်ငန်းများနှင့် ကဏ္ဍများကိုပစ်မှတ်ထားပါ။ ထို့နောက်မှ သီးသန့်ကုမ္ပဏီ များနှင့် ရင်းနှီးမြှုပ်နှံမှုပရောဂျက်များကို ဖော်ထုတ်ခြင်းလုပ်ဆောင်ပါ။
- ရင်းနှီးမြှုပ်နှံသူ ရှာဖွေမှုအစီအစဉ်များကို သေချာစွာ အစီအစဉ်ရေးဆွဲ၍ စီမံခန့်ခွဲပါ။
- သီးသန့်ကော်ပိုရေးရှင်းများ၏ ဦးစားပေးများကို စုံစမ်းဖော်ထုတ်၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါ။
- သီးသန့်ကော်ပိုရေးရှင်းများ၏ အမှုဆောင်များသို့ မြှင့်တင်မှုလုပ်ဆောင်ခြင်းကို လျှို့ဝှက် ချိတ် ဆက် လုပ်ဆောင်ပါ။
- အေဂျင်စီ တစ်ခုတည်းက ဦးဆောင်မှုကို ထိန်းသိမ်းထားပါ။

IPA အနေဖြင့် ကုမ္ပဏီများကိုပထမဆုံး ဆက်သွယ်လာသည့်အခါအဆိုပါ ကုမ္ပဏီများတွင် IPA ၏တည်နေရာတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် FDI ပရောဂျက်များအဆင်သင့် ရှိမနေနိုင်ပါ။ အောင်မြင်သော ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်း၏ သော့ချက်မှာ ပစ်မှတ်ထားသည့် ကုမ္ပဏီများနှင့် အဆက်သွယ် မပြတ်အောင် လုပ်ဆောင်နေရန်ဖြစ်သည်။ သို့မှသာကုမ္ပဏီဖက်မှ ရင်းနှီးမြှုပ်နှံမှု ပရောဂျက်တစ်ခု ရှိလာပါက IPA နှင့် တည်နေရာသည် ကုမ္ပဏီ၏ စဉ်းစားမှုတွင် ပါဝင်နေစေမည့် အနေအထားတွင် ရှိနေနိုင်မည်ဖြစ်သည်။ ၎င်းကို လက်ဦးမှုရယူခြင်း (Lead Generation) ဟု ခေါ်သည်။ ရှင်းနေသည့်အချက်မှာ အိမ်ရှင်နိုင်ငံ၏/တည်နေရာ၏ ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် အား

သာချက်များသည် ပစ်မှတ်ထားခြင်းခံရသည့် ကုမ္ပဏီများနှင့် ကိုက်ညီမှုရှိရန်နှင့် ကုမ္ပဏီများ၏ မျှော်လင့်ချက်များမှာလည်း အိမ်ရှင်နိုင်ငံ/တည်နေရာက အဆိုပြုသော လက်တွေ့ကျသည့် အခွင့်အလမ်းများနှင့် ကိုက်ညီမှုရှိရန် တို့မှာ အရေးကြီးသည်။

## ၂။ ထိရောက်သော ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းနှင့် လက်ဦးမှုရယူခြင်းအတွက် မူများနှင့် အဓိကကျသော အဆင့်များ

ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းနှင့် လက်ဦးမှုရယူခြင်းတို့သည် IPA တစ်ခုအနေဖြင့် ပါဝင်လုပ်ဆောင်ရမည့်အဆင့်အမြင့်ဆုံးနှင့် စိန်ခေါ်မှုအရှိဆုံး လုပ်ဆောင်မှုများဖြစ်သည်။ IPA တစ်ခုက ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားမှု လုပ်ဆောင်ချက်အတွက် လုပ်ဆောင်ရမည့်အဆင့်များအတွက် ဦးစားပေး ပြုလုပ်ရာတွင် ထို IPA ၏ သီးသန့်ဝန်းကျင်အခြေအနေများအပေါ်မူတည်ပါသည် (VCC, 2009) ။ ဥပမာအားဖြင့်-

- အကယ်၍ လုပ်ငန်းတည်ရန် ရွေးထားသော တည်နေရာတွင် နိုင်ငံရပ်ခြားတွင် ရောက်ရှိ နေထိုင် နေသော လူဦးရေများစွာရှိပါက နိုင်ငံရပ်ခြားတွင် ရောက်ရှိနေထိုင်နေသော လူဦးရေများနှင့် ပတ်သက်သော မဟာဗျူဟာ (ထိုသူများ မူရင်းနေရာတွင် ပြန်လာ၍ ရင်းနှီးမြှုပ်နှံကြရန်) ကို ပထမဦးဆုံး အကောင်အထည်ဖော်မှသာ အဓိပ္ပါယ်ရှိပါလိမ့်မည်။
- အကယ်၍ လုပ်ငန်းတည်ရန် ရွေးထားသော တည်နေရာတွင် ပို့ကုန်ဦးစားပေးသော ဝန်ဆောင်မှု များ၊ ထုတ်လုပ်မှုများ၊ သို့မဟုတ် ဆေးဝါးထုတ်လုပ်ရေးကဲ့သို့သောကဏ္ဍများတွင် ပြိုင်ဆိုင်နိုင် စွမ်းရှိသော အားသာချက်ရှိသည်ဆိုပါက ကြားမှအကျိုးဆောင် (ပွဲစား) မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်းသည် ဦးဆုံးအကောင်အထည်ဖော်ရမည့် ဗျူဟာဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုကဏ္ဍများတွင် လုပ်ကိုင်နေသော ကုမ္ပဏီများသည် ကြားမှ အကျိုးဆောင်များက အကြံပြုချက်အရ လုပ်ကိုင်နေကြခြင်း ဖြစ်သောကြောင့် ဖြစ်သည်။
- အကယ်၍ လုပ်ငန်းတည်ရန် ရွေးထားသော တည်နေရာတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စုံစမ်းမေးမြန်းမှုများအတော်များများရှိနေပါက ပထမဆုံးလုပ်သင့်သည်မှာ စုံစမ်းမေးမြန်းမှုများကို အခြေပြု၍ ကုမ္ပဏီများအကြောင်းဖော်ပြချက် (profiling of companies) ကို ပြုစုရန်ဖြစ်သည် (VCC, 20019) ။

အရေအတွက်နှင့်အရည်အသွေးပိုရှိသည့် FDI များကို ဆွဲဆောင်ရာတွင် အသုံးပြုမည့် နည်းလမ်း (tool) တစ်ခုအနေဖြင့် ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းသည် မိမိဘက်မှ စတင် လုပ်ဆောင်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတွင် သော့ချက်ကျသည်။ ကမ္ဘာပေါ်မှ ဦးဆောင် IPA အများစုသည် သီးသန့် ကဏ္ဍများ၊ သီးသန့် ကုမ္ပဏီအမျိုးအစားများနှင့် သီးသန့်ကော်ပိုရေးရှင်းများကို ပစ်မှတ်ထားလေ့ ရှိကြသည်။ ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းတွင် ပုဂ္ဂလိကကဏ္ဍကို ချဉ်းကပ်သည့် နည်းလမ်းများသည် IPA များကြားတွင် ပို၍ပို၍ အသုံးပြုလာသော လုပ်နည်းကိုင်နည်းဖြစ်လာနေသည်။ ထိရောက်သော ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းတွင် ဈေးကွက်ကို အစိတ်အပိုင်းများခွဲခြင်း၊ ရွေးချယ်ထားသော ကဏ္ဍများမှ အဓိကကျသော ပစ်မှတ်ထားသည့် ကုမ္ပဏီများမှ ဆုံးဖြတ်ချက်ချမှတ်သူများ၊ အကျိုးဆောင်ပွဲစားများနှင့် ကွန်ရက်များ ထူထောင်ခြင်းများ ပါဝင်သည်။ ယေဘုယျရည်မှန်းချက် ပန်းတိုင်မှာ အနာဂတ် FDI ပရောဂျက်များတွင် အာမခံချက်ရှိစေရန် အရည်အသွေး ကောင်းသည့် စီးပွားရေး၏ ဦးဆောင်မှု ရရှိစေရန်ဖြစ်သည်။ ရလဒ်များမှာ နှစ်အတန်ကြာမှသာ ရွေးချယ်ထားသော ကုမ္ပဏီများကို ချဉ်းကပ်ခြင်း၊ ဆက်သွယ်ခြင်းများကို အဆက်မပြတ်

လုပ်ဆောင်ခြင်းဖြင့်သာ ရရှိလာနိုင်သည်။ ဇယားကွက် ၇-၁၃ သည် ထိရောက်သော ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်း အတွက် အထူးစည်းမျဉ်း ၁၀ ခုကို စာရင်းပြုစုဖော်ပြထားသည်။

**ဇယားကွက် ၇-၁၃ ထိရောက်သော ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းအတွက် အထူးစည်းမျဉ်း ၁၀ ခု**

- စည်းမျဉ်း ၁ - သင်၏ သုတေသနကို သေချာစွာ လုပ်ဆောင်ပါ။
- စည်းမျဉ်း ၂ - ရင်းနှီးမြှုပ်နှံသူ၏ နားနှင့် မျက်စိကို အသုံးပြုပါ။
- စည်းမျဉ်း ၃ - နားထောင်ခြင်းကို စိတ်နှစ်မြှုပ်ထားပါ။
- စည်းမျဉ်း ၄ - ပထမဆုံးရရှိသော အထင်ကြီးလေးစားမှုသည် အရေးပါသည်။
- စည်းမျဉ်း ၅ - စိတ်ချရပါစေ၊ မှန်ကန်ပါစေ။
- စည်းမျဉ်း ၆ - ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်ကို နားလည်ပါ။
- စည်းမျဉ်း ၇ - သင်လုပ်ပေးနိုင်သည်ကိုသာ ကတိပေးပါ။
- စည်းမျဉ်း ၈ - မိမိကို အလုပ်အပ်နှံသူ၏ မျှော်လင့်ချက်ကို ကျော်လွန်အောင်ဖြည့်ဆီးပေးပါ။
- စည်းမျဉ်း ၉ - မိမိကို အလုပ်အပ်နှံသူ၏ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပါ။
- စည်းမျဉ်း ၁၀ - အမှန်တကယ် ပရောဂျက်အပေါ်တွင် အာရုံပြုပါ။

ဇစ်မြစ်-ESCAP

အတွေ့အကြုံက ဖော်ပြသည်မှာ ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းအတွက် အအောင်မြင်ဆုံးနည်းလမ်းများတွင် IPA များနှင့် လက်ရှိရင်းနှီးမြှုပ်နှံနေသူများ၊ စီးပွားရေးလုပ်ငန်းများအကြား အချိတ်အဆက် ထူထောင်ခြင်း၊ ပစ်မှတ်ထားသည့် ကုမ္ပဏီများနှင့် အကျိုးဆောင်အဖွဲ့အစည်းများအကြား ကိုယ်ပိုင်ကွန်ရက်များ တိုးတက်လာစေခြင်းများ ပါဝင်သည်။ အကျိုးဆောင်အဖွဲ့အစည်းများဆိုသည်မှာ ထုတ်လုပ်မှု အသင်းအဖွဲ့များ၊ အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီများနှင့် တည်နေရာရွေးချယ်ခြင်း အတိုင်ပင်ခံများကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုပေါင်းစုံ လုပ်ဆောင်ပေးသည့်အဖွဲ့များပါဝင်သည်။ အရောင်းကိုယ်စားပြုမှု (sale representation) ကလည်း ထိရောက်မှုရှိကြောင်း သက်သေပြခဲ့သည်။ ၎င်းမှာ လုပ်ဆောင်မှုကို တွန်းအားပေးခြင်းဖြစ်သည်။ အခြားတဖက်မှဆိုရပါက လမ်းညွှန်စာအုပ်တွင် ပါဝင်ခြင်းနှင့် တိုက်ရိုက် စာပို့ခြင်းများသည် ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်း လုပ်ဆောင်မှုတွင် ထိရောက်မှု အနည်းဆုံး နည်းလမ်းများ ဖြစ်သည်။

စိတ်ဝင်စားသည့် ကုမ္ပဏီများကို လက်ဦးမှုရယူခြင်း (lead generation) နှင့် (အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုအဖြစ်သို့) အသွင်ပြောင်းခြင်းတို့မှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် ပစ်မှတ်ထားခြင်းတို့၏ သော့ချက်ကျသည့် ရည်ရွယ်ချက်များဖြစ်သည်။ စဉ်ဆက်မပြတ် ဆက်သွယ်နေရမည့် ကုမ္ပဏီများ (Leads) မှာ လုပ်ငန်းတည်ရန်နေရာတွင် အလယ်အလတ်ကာလ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း အတည်ပြုပြီးသည့် ကုမ္ပဏီများ ဖြစ်သည်။ လုပ်ငန်းတည်ရန်နေရာတွင် ပစ်မှတ်ထားသော ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန် အစီအစဉ်ရှိပြီး၊ တည်နေရာသို့ ကွင်းဆင်းကြည့်ရှုရန် IPA ကိုယ်စားလှယ်များနှင့် တွေ့ဆုံလိုသော ကုမ္ပဏီများကို သတ်မှတ်ချက် ဘောင်ဝင်သော ကုမ္ပဏီများ (Qualified leads) ခေါ်သည်။ ရင်းနှီးမြှုပ်နှံမှုပြုရန် စဉ်းစားနိုင်သည့် ပရောဂျက်များ (contestable projects) ဆိုသည်မှာ ဈေးကွက် မြှင့်တင်မှု ပြုလုပ်ပြီးသော တည်နေရာ

တစ်ခုတွင် အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံသူများက စဉ်းစားနေသော လက်ရှိပရောဂျက်များကို ဆိုလိုသည်။ IPA အတွက် ပစ်မှတ်ထားသော ကုမ္ပဏီများ စာရင်းကို ဖြစ်နိုင်သမျှအမြန်ဆုံး စဉ်ဆက်မပြတ် ဆက်သွယ်နေရမည့် ကုမ္ပဏီများ (Leads)၊ သတ်မှတ်ချက် ဘောင်ဝင်သော ကုမ္ပဏီများ (Qualified leads)၊ ရင်းနှီးမြှုပ်နှံမှုပြုရန် စဉ်းစားနိုင်သည့် ပရောဂျက်များ (contestable projects) အဖြစ်လျှော့ချပစ်ရန်မှာ အရေးကြီးလှသည်။ ကုမ္ပဏီသစ်တစ်ခုကို ပထမဆုံး စတင်ဆက်သွယ်သည့် အချိန်မှစ၍ ထိုကုမ္ပဏီအနေဖြင့် IPA တစ်ခု ဝင်ရောက် ယှဉ်ပြိုင်နိုင်မည့် ပရောဂျက်တစ်ခု လုပ်ရန်ရှိလာသည့် အချိန်မှာ ပုံမှန်အားဖြင့် ၁၈ လမှ ၂၄ လခန့် အထိ ကြာတတ်သည်။ ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းလုပ်ငန်းမှာ ရေရှည် လုပ်ဆောင်ရမည့် နည်းလမ်းတစ်ခုဖြစ်ပြီး အထောက်အထားများအရ တည်နေရာတစ်ခုသို့ FDI ဝင်ရောက်သည့် ပမာဏမှာ ကာလတစ်ခုအတွင်း အနည်းဆုံး ၂၀% တိုးလာနိုင်သည်ကို တွေ့ရသည်။ ပုံ ၇-၁၂ က ပြသသည်မှာ အမှန်တကယ် ပရောဂျက်အဖြစ် ဖြစ်လာရေး သေချာစေရန် ပုံမှန်အားဖြင့် ပစ်မှတ်ထားသော ကုမ္ပဏီ ၃,၀၀၀ ခန့်ကို ဂရုစိုက်၍ ဖော်ထုတ်ထားရန် လိုအပ်ပြီး ထိုအထဲမှ စစ်ထုတ်လိုက်ခြင်း၊ ဦးစားပေးသတ်မှတ် လိုက်ခြင်းနှင့် ကုမ္ပဏီ အကြောင်း သိအောင်လုပ်ဆောင်ခြင်းများ လုပ်ပြီးနောက် ပဏာမ ကုမ္ပဏီ ၆၀၀ ဇကာတင်စာရင်း ကျန်ပါလိမ့်မည် (၎င်းကို ၂၀% စည်းမျဉ်းဟု သိကြသည်) (Loewendahl, 2005; VCC, 2009) ။

ပုံ ၇-၁၂ ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းမှသည် အမှန်တကယ်ရင်းနှီးမြှုပ်နှံမှုအဆင့်သို့ရောက်ခြင်း




ဇစ်မြစ် -Loewendahl (2005)

## ၃။ ပစ်မှတ်ထားသည့် ထုတ်လုပ်မှုလုပ်ငန်းများကို မည်သို့ဖော်ထုတ်မည်နည်း။

ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းသည် ကုမ္ပဏီတစ်ခုချင်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို ပစ်မှတ်ထားခြင်း မပြုမီ ထုတ်လုပ်မှုလုပ်ငန်း/ ကဏ္ဍအလိုက် ပစ်မှတ်ထားခြင်းကို စတင်လုပ်ဆောင်ပါသည်-

အောက်ဖော်ပြပါ အမျိုးအစားခွဲခြားထားမှုအပေါ်မူတည်၍ ထုတ်လုပ်မှုလုပ်ငန်း/ကဏ္ဍများကို ပစ်မှတ်ထားသင့်သည် -

- မည်သည့် ထုတ်လုပ်မှုလုပ်ငန်းသည် (ရေရှည်သွားမည့်) FDI ပရောဂျက်ပမာဏ အနေဖြင့် ဈေးကွက်အခွင့်အလမ်းအများဆုံးပေးသနည်း။
- ထုတ်လုပ်မှုလုပ်ငန်းသည် လုပ်ငန်းတည်မည့်နေရာအတွက် လုပ်ဆောင်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ ရည်ရွယ်ချက်များကို မည်သည့်နေရာတွင် ဖြည့်ဆီးပေးနိုင်သနည်း။
- လုပ်ငန်းကဏ္ဍ၏ လုပ်ငန်းတည်မည့် နေရာနှင့်ဆိုင်သော လိုအပ်ချက်များကို တည်နေရာက ဘယ်လိုနေရာတွေမှာ ဖြည့်ဆည်းပေးနိုင်သနည်း။
- တည်နေရာတစ်ခုသည် အခြားပြိုင်ဆိုင်နေသော တည်နေရာများထက် ပိုကောင်းအောင် ဘယ် နေရာမှာ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆီးပေးနိုင်သနည်း။

ထိုသို့ လုပ်ဆောင်ရာတွင် (သုတေသနနှင့် ဖွံ့ဖြိုးမှုတွင် ပါဝင်လုပ်ဆောင်ခြင်းကဲ့သို့သော) သီးသန့်အားသာချက် သို့မဟုတ် လုပ်ဆောင်မှုများကို အဆိုပြုနေသောကဏ္ဍများသည် ရုံးချုပ်ထူထောင်ခြင်း၊ နည်းပညာ လွှဲပြောင်းခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုကဲ့သို့သော FDI ရည်ရွယ်ချက်များကို ဖြည့်ဆီးရန် ပစ်မှတ်ထားခြင်းဖြစ်နိုင်သည်။

VCC (2009) က တည်နေရာအပေါ် SWOT သရုပ်ခွဲသုံးသပ်မှုနှင့်ပြည့်စုံသော အချက်အလက် သုတေသနအပေါ် အခြေခံလျက် ပစ်မှတ်ထားရမည့် ကဏ္ဍများကို ဖော်ထုတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ အမျိုးအစားသတ်မှတ်ချက်များကို ဖော်ပြပေးပါသည် -

- လုပ်ငန်းတည်နေရာအတွင်း ထိပ်ဆုံးလုပ်ငန်းကဏ္ဍ ၅-၁၀ ကိုဖော်ထုတ်ခြင်း၊ လုပ်ငန်းကဏ္ဍ၏ အရွယ်အစားပေါ်တွင် အဆင့်သတ်မှတ်ပါ (ဥပမာ-အလုပ်ခန့်ထားနိုင်မှု)၊
- ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ထားပြီးသော သို့မဟုတ် အကြီးဆုံးနှင့် အအောင်မြင်ဆုံး လုပ်ငန်းများပါဝင်သော ထိပ်ဆုံးလုပ်ငန်းကဏ္ဍ ၅-၁၀ ကို ဖော်ထုတ်ခြင်း၊
- လုပ်ငန်းတည်နေရာအတွင်း အလျှင်မြန်ဆုံးကြီးထွားလာသည့် ထိပ်ဆုံးလုပ်ငန်းကဏ္ဍ ၅-၁၀ ကို ဖော်ထုတ်ခြင်း၊
- လက်ရှိရင်းနှီးမြှုပ်နှံနေသူများက အကောင်းဆုံးအခွင့်အလမ်းရှိနေသည်ဟု ရှုမြင်သော ထိပ်ဆုံး လုပ်ငန်းကဏ္ဍ၅-၁၀ ခုကို ဖော်ထုတ်ခြင်း။

ထိုဖော်ထုတ်ထားမှုများကို အခြေခံ၍ ဆိုရပါက စိန်ခေါ်မှုမှာ လုပ်ငန်းတည်နေရာ၏ အားသာချက်ကို လုပ်ငန်းကဏ္ဍနှင့် ကိုက်ညီအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ စိန်ခေါ်မှုမှာ FDI အတွက် အကောင်းဆုံး

အလားအလာ ရှိနေမှုများအား ဖော်ထုတ်ခြင်းနှင့် (ပြည်တွင်း) စီးပွားရေးကို အကြီးမားဆုံးထည့်ဝင်မှု ပေးနိုင်သည့် အလားအလာများ ထွက်ပေါ်လာအောင် လုပ်ဆောင်ခြင်းနှင့် ထိုသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းကဏ္ဍများကို ဦးစားပေးသတ်မှတ်ခြင်းများဖြစ်သည်။ ရှုဒေါင့်သုံးခုကို အသုံးပြုသော ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် လုပ်ငန်းကဏ္ဍကို ပစ်မှတ်ထားခြင်းမူဘောင် (competitive sector targeting framework) တွင် ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် လုပ်ငန်းတည်နေရာ၏ အနေအထား၊ FDI ကြီးထွားလာနိုင်သည့် အခွင့်အလမ်းနှင့် ပုံ ၇-၁၃ တွင် ဖော်ပြထားသော FDI ၏ ရည်ရွယ်ချက်ကို လုပ်ငန်းကဏ္ဍက မည်မျှ အတိုင်းအတာ ပြည့်မီနိုင်မည်နည်းဆိုသည့် ရှုဒေါင့် သုံးခု ပါဝင်သည်။ ဤ နေရာတွင် စိန်ခေါ်မှုမှာ ပုံ ၇-၁၃ ၏ ထိပ်ဆုံး ညာဖက်ထောင့်တွင်ရှိသော လုပ်ငန်းကဏ္ဍ၌ FDI ရောက်လာအောင် ဆွဲဆောင်နိုင်ရေးဖြစ်သည်။

**ပုံ ၇-၁၃ FDI အတွက် ဦးစားပေး လုပ်ငန်းကဏ္ဍများကို ဖော်ထုတ်ခြင်း**




ဇစ်မြစ်-Loewendahl (2001)

**ဇယား ၇-၇ FDI ဆွဲဆောင်ရန်အတွက် လုပ်ငန်းကဏ္ဍပစ်မှတ်ထားခြင်း နည်းစနစ်များ**

| **အဆင့်များ** | **အချက်များ/အမျိုးအစားသတ်မှတ်ချက်** |
|---|---|
| 1. ကနဦးစာရင်းတစ်ခုပြင်ဆင်ခြင်း | ▪ လုပ်ငန်းတည်ဆောက်ထားပုံ<br>▪ ကြီးထွားမှုလားရာများ<br>▪ ရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှု<br>▪ လုပ်ငန်းအဆက်အသွယ်များ<br>▪ သွင်းကုန်လုပ်ဆောင်မှု |
| 2. အကဲဖြတ်သော သတ်မှတ်ချက်ကိုသုံး၍ အကြိုစစ်ထုတ်ခြင်း | ▪ ကျွမ်းကျင်မှုအတိုင်းအတာ အချိုး<br>▪ နည်းပညာအဆင့်မြင့်မှု<br>▪ သယ်ယူပို့ဆောင်ရေး အသုံးပြုနိုင်မှု လိုအပ်ချက်<br>▪ ထုတ်လုပ်မှုစကေး လိုအပ်ချက်များ |
| 3. ထုတ်လုပ်မှုလုပ်ငန်းသီးသန့်လမ်းကြောင်းများကို သုံးသပ်ခြင်း | ▪ ထုတ်လုပ်မှု/နည်းပညာ လားရာများ<br>▪ အမှန်စားသုံးသူဈေးကွက် လားရာများ<br>▪ ဖောက်သည်များနှင့် ရောင်းသူများ<br>▪ ဝင်ရောက်ရန် အတားအဆီးများ အခြားပြိုင်ဆိုင်နေသော အားများ |
| 4. လုပ်ငန်းတည်နေရာ၏ အံဝင်မှုသရုပ်ခွဲသုံးသပ်ချက် | ▪ အဓိကဈေးကွက်များနှင့် ရောင်းသူများ၏ တည် နေရာ<br>▪ လုပ်သားနှင့် ကျွမ်းကျင်မှုလိုအပ်ချက်များ<br>▪ အဆောက်အဦလိုအပ်ချက်များ<br>▪ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်များ |
| 5. ပစ်မှတ်များဖော်ထုတ်ခြင်း | |

**ဇစ်မြစ်** - Investment Consulting Associates.

ပစ်မှတ်ထားသောထုတ်လုပ်မှုလုပ်ငန်းများ (နှင့် ကုမ္ပဏီများ၏ လုပ်ဆောင်မှုများ၊ ဥပမာ-သုတေသန နှင့် ဖွံ့ဖြိုးမှု သို့မဟုတ် ရုံးချုပ်ထူထောင်ခြင်း) သည် ပထမဆုံးအနေဖြင့် လုပ်ငန်းတည်နေရာ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များကို အားလုံးပြည့်မီသင့်သည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ၏ ကိစ္စရပ်ကို ကြည့်ပါက ပစ်မှတ်ထားသော ထုတ်လုပ်မှုလုပ်ငန်းများသည် တူရာစုဖွဲ့ထားသော ထုတ်လုပ်မှုလုပ်ငန်းများ (industrial clusters) ကို မြှင့်တင်ပေးခြင်းအား အခြေခံသည် (ဇယားကွက် ၇-၄)။ FDI ထံမှ ရရှိလိုသော အကျိုးအမြတ်သည် ပစ်မှတ်ထားသည့် FDI ပရောဂျက်အမျိုးအစားများကို အဆုံးအဖြတ်ပေးလိမ့်မည် (ဥပမာ - အင်ဂျင်နှင့်မောင်းနှင်သောယာဉ်များထုတ်လုပ်မှုလုပ်ငန်းတစ်ခုသည် အင်ဂျင်နှင့် မောင်းနှင်သော

ယာဉ်များအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုတွင် ရင်းနှီးမြှုပ်နှံသည်ထက် အရေအတွက်အရ မတူသော စီးပွားရေးနှင့်ဆိုင်သည့်သက်ရောက်မှုများရှိနိုင်သည်)။ ထုတ်လုပ်မှုလုပ်ငန်းအပေါ် ပစ်မှတ်ထားခြင်းသည် အကောင်းဆုံး FDI အလားအလာများအပေါ် အာရုံပြုရန်မှာ အလုပ်မဖြစ်လုပ်ရမည်ဖြစ်သော်လည်း တူရာစုဖွဲ့ထားသော အစုအဖွဲ့များကို အခြေပြုသော ချဉ်းကပ်နည်းလမ်းသည် ဗဟုသုတသိမြင်နားလည်မှုပေါ် အခြေပြုသည့် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာတွင် ပို၍ လိုအပ်လာသည်။ ဗဟုသုတသိမြင်နားလည်မှုပေါ် အခြေပြုသည့် လုပ်ငန်းကဏ္ဍများမှ ရင်းနှီးမြှုပ်နှံသူများကို အရောင်းမြှင့်တင်နေသော ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များသည် ထိုလုပ်ငန်းကဏ္ဍများမှ ရင်းနှီးမြှုပ်နှံသူများနှင့် သက်ဆိုင်မှုရှိသည့်နည်းပညာများနှင့် တီထွင်ဖန်တီးနိုင်စွမ်းရည် ရရှိနိုင်မှု သို့မဟုတ် ရယူနိုင်မှုကို အခြေခံသင့်သည်။ ပုံ ၇-၇ သည် ယေဘုယျ ထုတ်လုပ်မှုလုပ်ငန်း/လုပ်ငန်းကဏ္ဍ ပစ်မှတ်ထားခြင်း နည်းစနစ်ကို တင်ပြထားသည်။

### ဇယားကွက် ၇-၁၄ အစုအဖွဲ့ကို ချဉ်းကပ်သော နည်းလမ်းအား အခြေပြုသော ထိုင်းနိုင်ငံမှ ပစ်မှတ်ထားသော လုပ်ငန်းကဏ္ဍများ

ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) ၏ ၇ နှစ်တာကာလအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာ (၂၀၁၅ - ၂၀၂၁) အစိတ်အပိုင်းအဖြစ်တူရာ ထုတ်လုပ်မှု လုပ်ငန်းအစုအဖွဲ့များ တစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်မြှင့်တင်ရေးကို အာရုံပြုသည်။ စုဖွဲ့မှု မူဝါဒ (cluster policy) ၏ ရည်ရွယ်ချက်မှာ အနာဂတ် အဆင့်မြင့်နည်းပညာနှင့် စက်မှု လုပ်ငန်းများကို ပံ့ပိုးမည့်ပစ်မှတ်ထားသည့် ထုတ်လုပ်မှုလုပ်ငန်းများအတွက် ထုတ်လုပ်မှုအခြေပြုနယ်ပယ်များနှင့် အလားအလာများ ဖွံ့ဖြိုးလာရန်ဖြစ်သည်။ သို့မှသာ အစုအဖွဲ့၏ အစိတ်အပိုင်းများအနေဖြင့် ထုတ်လုပ်မှုဆိုင်ရာ ပြိုင်ဆိုင်နိုင်သည့် အားသာချက်ရှိလာရန် အချိတ်အဆက်ရှိမည်ဖြစ်သည်။ BOI သည် ထိုရည်ရွယ်ချက်အတွက် မဟာဗျူဟာကျသော တည်နေရာမှ သီးသန့်အစုအဖွဲ့များကို ဦးတည်အာရုံစူးစိုက်၍လည်းကောင်း၊ တန်ဖိုးမြင့်ကွင်းဆက် (value chain) ကို အားကောင်းစေရန်နှင့် ထုတ်လုပ်မှုဆိုင်ရာ ပြိုင်ဆိုင်နိုင်သည့် အားသာချက်များလာရန်အတွက် အစုအဖွဲ့၏ အစိတ်အပိုင်းများနှင့် အဓိကပုဂ္ဂိုလ်များကြား အချိတ်အဆက်များအားကောင်းစေရန်လည်းကောင်း၊ ဒေသ၏ စီးပွားရေး (ဥပမာ - ဒေသ၏ အလုပ်အ ကိုင်ခန့်ထားရေး၊ ဒေသကုန်ကြမ်းအသုံးပြုမှု၊ ဒေသခံ SME များနှင့် စီးပွားရေးအရ ချိတ်ဆက်ခြင်းများ) ကို အစုအဖွဲ့များက ပိုမို ပံ့ပိုးပေးနိုင်ရန်လည်းကောင်း ကြိုးပမ်းရသည်။ ထိုရည်ရွယ်ချက် အတွက် ပုံ ၇-၁၄ တွင် ဖော်ပြထားသကဲ့သို့ FDI ကို ဆွဲဆောင်ရန်နှင့် ဖွံ့ဖြိုးတက်လာရန်အတွက် ယခုခေါ်ဆိုနေသော ‘စူပါ’ အစု အဖွဲ့များနှင့် အခြားအစုအဖွဲ့များကြားတွင် ထူးခြားမှုရှိအောင် လုပ်ဆောင်ရသည်။

**ပုံ ၇-၁၄ ထိုင်းနိုင်ငံမှ FDI အတွက် ပစ်မှတ်ထားသော အစုအဖွဲ့ လုပ်ငန်းကဏ္ဍများ**




ဇစ်မြစ် - Board of Investment, Thailand.

FDI ကို ဆွဲဆောင်ရန်အတွက် IPA များက လုပ်ငန်းကဏ္ဍများဖော်ထုတ်ရာတွင် အထောက် အကူဖြစ်ရန် အွန်လိုင်းမှ အမျိုးမျိုးသော အသုံးပြုစရာ နည်းလမ်းများ (tools) ရနိုင်သည်။ ထိုသို့သော အသုံးပြုစရာ နည်းလမ်းတစ်ခုမှာInternational Trade Centreမှ ရေးဆွဲထားသည့် ရင်းနှီးမြှုပ်နှံမှု မြေပုံဖြစ်သည် (ဇယားကွက် ၇-၁၅) ။

**ဇယားကွက် ၇-၁၅ ITC ၏ ရင်းနှီးမြှုပ်နှံမှုမြေပုံ**

ရင်းနှီးမြှုပ်နှံမှုမြေပုံဆိုသည်မှာ ဝက်ဘ်ကို အခြေခံသော အသုံးပြုနိုင်သည့် နည်းလမ်း (web-based tool) တစ်ခုဖြစ် ပြီး ၎င်းသည် IPA များကို မိမိ၏ နိုင်ငံတွင် မည်သည့်လုပ်ငန်းကဏ္ဍသည် FDI ကို အောင်မြင်စွာ ဆွဲဆောင်နိုင်သည် ဆိုသည်ကို ဆန်းစစ်ရာတွင် အထောက်အကူဖြစ်သည့်ပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လုပ်ငန်းကဏ္ဍ ဦးစားပေးသတ် မှတ်ခြင်းလုပ်ငန်းစဉ်ကိုလည်း IPA များအား အကူအညီပေးသည်။ ထို့အပြင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအတွက် ပြိုင်ဆိုင်နေသော နိုင်ငံများနှင့် သီးသန့်လုပ်ငန်းကဏ္ဍများတွင် တက်ကြွစွာ ရင်းနှီးမြှုပ်နှံနေသော နိုင်ငံများတို့ကို ဖော်ထုတ်ရာ တွင်လည်း အထောက်အကူဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ ကုမ္ပဏီများ၏ ပြည်တွင်းလက်အောက်ခံ ရုံးများ၏ သတင်းအချက်အလက်များသည် လုပ်ငန်းရှင်များအား ကမ္ဘာ့အရောင်းကွင်းဆက် (global supply chain) တွင် ပြည်တွင်း အချိတ် အဆက်ကို ရှာဖွေရန် လွယ်ကူစေသည်။
ရင်းနှီးမြှုပ်နှံမှုမြေပုံသည် အရည်အသွေးရှိ စုစုပေါင်းကိန်းဂဏန်းများပေးသည့် FDI ကို ခြေရာခံလိုက်သော နည်းလမ်း (tool) မျှသာမဟုတ်ပဲ FDI ကဏ္ဍများနှင့် နိုင်ငံကို အစိတ်အပိုင်းများခွဲထားမှုများကိုလည်းပေးသည်။ ထို့အပြင် ၎င်းသည် ရင်းနှီး မြှုပ်နှံမှုစီးဆင်းပုံများနှင့်စတော့များ၊ ကုန်သွယ်ရေးနှင့် အခွန်ဆိုင်ရာအချက်အလက်များ၊ UN ISIC rev 3

အမည်ပေးစနစ်အရနိုင်ငံခြားလက်အောက်ခံကုမ္ပဏီများ၏ လုပ်ဆောင်မှုများနှင့်ဆိုင်သော သတင်းအချက်အလက်များကို စု ပေါင်းပေးသည်။ ရင်းနှီးမြှုပ်နှံမှုမြေပုံသည် ပြည့်စုံသော ဈေးကွက်ဆန်းစစ်မှုတစ်ခုဖြစ်ရန်အတွက် ကမ္ဘာ့ရင်းနှီး မြှုပ်နှံမှု လမ်းညွှန်၊ ဈေးကွက်ကို အသုံးပြုနိုင်ရန် မြေပုံနှင့် ကူးသန်းရောင်းဝယ်ရေးမြေပုံကဲ့သို့သော အခြားအချက်အလက် သိုမှီးထားသည့် database များသို့ တိုက်ရိုက်လင့်များပေးသည်။

ရင်းနှီးမြှုပ်နှံမှုမြေပုံတွင် အောက်ပါတို့ ပါဝင်သည် -

- နိုင်ငံများနှင့် အချုပ်အခြာနယ်မြေ ၂၀၀ ခန့်၏ စုစုပေါင်း FDI စီးဝင်မှုများနှင့် စတော့များ၊
- နိုင်ငံပေါင်း ၁၁၅ နိုင်ငံကျော်အတွက် FDI စီးဝင်မှုများနှင့် စတော့များကို ထုတ်လုပ်မှု လုပ်ငန်းအလိုက်နှင့်/သို့မဟုတ် နိုင်ငံအလိုက် အစိတ်အပိုင်းများခွဲထုတ်ခြင်း၊
- နိုင်ငံများနှင့် အချုပ်အခြာနယ်မြေ ၂၇၇ ခုဝန်းကျင်၏ ကူးသန်းရောင်းဝယ်မှု လုပ်ဆောင်ပုံ ညွှန်ကိန်းများ၊ ပို့ကုန်သွင်းကုန်အချက်အလက်များ၊
- ၁၈၇ နိုင်ငံက အသုံးပြုနေသော အခွန်ဆိုင်ရာအချက်အလက်များ၊ ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံများနှင့် အချုပ်အခြာနယ်မြေ ၂၀၀ ခန့်က ကြုံတွေ့ နေရသည့် အခွန်ဆိုင်ရာ အချက်အလက်များ၊
- လုပ်ငန်းတည်နေရာ၊ အရောင်း၊ အလုပ်အကိုင်ခန့်ထားရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးအသွင်ကူးပြောင်းမှု လုပ်ဆောင်နေသော နိုင်ငံများတွင် ရှိနေသော နိုင်ငံခြားကုမ္ပဏီလက်အောက်ခံ အဖွဲ့အစည်း ၁၅၀,၀၀၀ ၏ မိခင်ကုမ္ပဏီအကြောင်း သတင်းအချက်အလက်များ။

FDI စီးဝင်မှုနှင့် စတော့များ၏ လုပ်ငန်းကဏ္ဍနှင့် နိုင်ငံကို အစိတ်အပိုင်းများခွဲထားခြင်းကို သိရှိရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြေပုံကို ဗားရှင်း (version) အကန့်အသတ်ဖြင့် မှတ်ပုံတင်ရန်မလိုပဲ ရယူနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုမြေပုံကို http://www.intracen.org/itc/market-info-tools/foreign-direct-investm ent မှတဆင့်လည်းကောင်း၊ http://www.investmentmap.org.သို့ တိုက်ရိုက်လည်းကောင်း ဝင်ရောက်နိုင်ပါ သည်။

ဇစ်မြစ်-International Trade Centre

## ၄။ ကုမ္ပဏီများအား ပစ်မှတ်ထားခြင်း

ရင်းနှီးမြှုပ်နှံသူများကို ပစ်မှတ်ထားခြင်းသည်လုပ်ငန်းကဏ္ဍကို ပစ်မှတ်ထားခြင်းထက် သာလွန်သော လုပ်ဆောင်မှုဖြစ်ပြီး ၎င်းတွင် ပြည့်စုံသော သုတေသနနှင့် သရုပ်ခွဲသုံးသပ်မှုများလုပ်ဆောင်ရန် လိုအပ်သည်။ VCC (2009) က အောက်ပါတို့နှင့် ကိုက်ညီသော ကုမ္ပဏီများကို ရှာဖွေရာတွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို ရှင်းလင်းဖော်ပြထားပါသည် -

- လက်ရှိစီးပွားရေးပတ်ဝန်းကျင်နှင့်အံဝင်မည့် ကုမ္ပဏီကို ရှာဖွေရန်ခက်သည်။ ၎င်းမှာ ဈေးကွက်ရှာနေသော FDI (market seeking FDI) ကို ရှာဖွေခြင်းဟု အဓိပ္ပါယ်ဖွင့်နိုင်သည်။ ဆိုလိုသည်မှာ နယ်ပယ်အတွင်းသို့ ပြိုင်ဆိုင်သူအသစ်များကို ဆွဲဆောင်ရန် လုပ်ငန်းကဏ္ဍ တစ်ခုတွင် ဈေးကွက်အရွယ်အစားကို လွှမ်းမိုးနိုင်ခြင်းဟုဆိုနိုင်သည်။ ထို့ပြင် ဒေသခံကုမ္ပဏီ အစုအဖွဲ့များကို ဖော်ထုတ်ခြင်း၊ ထို့နောက် ပျောက်ဆုံးနေသော ထိုအစုအဖွဲ့များကြားတွင် တိုးတက်မှုအတွက် အချင်းချင်း အပြန်အလှန်ကူညီသော ဆက်ဆံရေး အခြေအနေမျိုးကို ဖော်ထုတ်ခြင်း ဟုလည်း ဆိုလိုခြင်းဖြစ်ပြီး ထိုလစ်ဟာချက်ကို ပြင်ပ ရင်းနှီးမြှုပ်နှံသူက ကူညီ ဖြည့်ဆည်း ပေးနိုင်သည်။
- ကမ္ဘာလုံးဆိုင်ရာတန်ဖိုး သို့မဟုတ် အရောင်းကွင်းဆက်သို့ အံဝင်မည့် ကုမ္ပဏီကို ရှာဖွေရန် ခက်သည်။ အကယ်၍ အေဂျင်စီသည် စွမ်းဆောင်ရည်ရှိရှိလုပ်ဆောင်နိုင်မှုကို ရှာဖွေနေသော FDI ကို ဆွဲဆောင်ရန်

ကြိုးစားနေပါက ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြင့်ကွင်းဆက်ကို ခွဲခြမ်း စိတ်ဖြာ သုံးသပ်ခြင်းနှင့် သတ်မှတ်ထားသော ဒေသအတွင်း တည်ရှိနေသော ကုမ္ပဏီများ၏ ပထဝီဆိုင်ရာ နှင့် စီးပွားရေးနှင့်ဆိုင်သော အားသာချက်များကို သတ်မှတ်ခြင်းများသည် မည်သူ့ကို ပစ်မှတ် ထားရမည်ကို ဆုံးဖြတ်ရာတွင်လည်း အထောက်အကူဖြစ်သည်။

သို့သော် IPA များသည် သီးသန့်ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများကိုပစ်မှတ်ထားနိုင်ရန် နောက်ထပ် အမျိုးအစားခွဲမှုများကိုလည်း အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် -

- မည်သို့သော ရင်းနှီးမြှုပ်နှံမှုပုံစံလဲ- မြေအလွတ်ပေါ်တွင် ရင်းနှီးမြှုပ်နှံမည်လား၊ M&A လား၊ ဖက်စပ်လား။

- ရင်းနှီးမြှုပ်နှံသူများ၏ နိုင်ငံသားအမျိုးအစား - မည်သည့် FDI မဆို လက်ခံနိုင်ခြင်းရှိ-မရှိ၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှ FDI များသာ လက်ခံမည်လား၊ သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံများ သို့မဟုတ် RTA မိတ်ဖက်များကိုလက်ခံမည်လား။

- အစုအဖွဲ့များ/အရောင်းကွင်းဆက် - အိမ်ရှင်နိုင်ငံတွင် ရှိနေပြီးသော ကုမ္ပဏီများသို့ အရောင်းကွင်းဆက်နှင့် ဆက်စပ်သည့် ထုတ်ကုန်များ/ဝန်ဆောင်မှုများပေးနေသော သို့မဟုတ် ဆက်စပ်နေသော ကုမ္ပဏီများ။

- ရင်းနှီးမြှုပ်နှံမှုများ၏ အရွယ်အစား-ကုမ္ပဏီကြီးများလား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများလား၊ အစုအဖွဲ့အမျိုးအစားနှင့် ဆက်စပ်နေသလား။

- စဉ်ဆက်မပြတ်ထိန်းထားနိုင်ခြင်း - ၎င်းမှာ လိုအပ်မှုတစ်ခုဖြစ်သည် - အသိအမှတ်ပြုထားသော တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတ်သတ်မှတ်ချက်များကို အကောင်အထည်ဖော်သည့် ကုမ္ပဏီများသာဖြစ်ပြီး မှတ်တမ်းကောင်းရှိကြောင်း ပြနိုင်သည့် ကုမ္ပဏီများဟု ဆိုလိုသည်။

ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းသည် ဈေးကွက်အရောင်းမြှင့်တင်ခြင်း (PR နှင့် ကြော်ငြာ) ထက် ကုန်ကျစရိတ်ပိုမိုသက်သာသည်။ ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းသည် ထိုအတွက်သာသုံးရန်ရည်မှန်းသော အရင်းအမြစ်များ၊ ကဏ္ဍသီးသန့်နှင့် စီးပွားဖြစ်တို့ကို ပိုမိုနားလည်ရန် လိုအပ်သည်။ ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းနည်းတွင် အဓိကကျသည့် အလားအလာရှိသောရင်းနှီးမြှုပ်နှံသူများကို ဖော်ထုတ်ခြင်း၊ ဆက်သွယ်ခြင်းနှင့် ဆက်ဆံရေးတည်ဆောက်ရခြင်းတို့သည် အချိန်ပေး၍ လုပ်ဆောင်ရပြီး ၎င်းအတွက် အောင်မြင်ရန်သော့ချက်မှာ အကန့်အသတ်ရှိနေသော အရင်းအမြစ်ကို ဂရုစိုက်၍ အများဆုံး အသုံးပြုနိုင်အောင်လုပ်ခြင်းဖြစ်သည်။ အောင်မြင်ရန် သော့ချက်ကို ပုဂ္ဂလိကကဏ္ဍက “အရောင်းစီးဆင်းမှုကို စီမံခန့်ခွဲခြင်း” (managing the sales pipeline) ဟုခေါ်သည်။ ဆိုလိုသည်မှာ နိုင်ငံတစ်ခုသည် အား ကောင်းသည့် အရောင်းစီးဆင်းမှု (အရည်အသွေးကောင်းသော ရင်းနှီးမြှုပ်နှံမှုပြုရန် စိတ်ဝင်စားသူ အတော်များများ) ရှိနေစေရေးက သေချာနေသင့်သည်။ ၎င်းသည် ရရှိလိုသော ရင်းနှီးမြှုပ်နှံမှု စီးဝင်လာမှု အဆင့်ကို ရရှိလာစေရန် အထောက်အကူဖြစ်သည်။ တချိန်တည်းမှာပင် အရောင်းစီးဆင်းမှုသည် IPA က စီမံခန့်ခွဲနိုင်မှုထက် ပိုမကြီးသင့်ပါ။

အကယ်၍ ကြီးနေခဲ့ပါက ဝင်လာသည့် ပရောဂျက်များကို ထိန်းသိမ်းရာတွင် လိုချင်သော ရလဒ်နှင့် ပြောင်းပြန် ထွက်တတ်သည်။

ယေဘုယျအားဖြင့် IPA တစ်ခုက ပစ်မှတ်ထားမည့် ရင်းနှီးမြှုပ်နှံသူကို ဖော်ထုတ်ရာတွင် အသုံးပြု နိုင်သည့် အဓိကနည်းလမ်းနှစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည် -

- အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ၏ **အချက်အလက်များစုစည်းသိမ်းဆည်းထားမည့် database** တည်ဆောက်ရန် သုတေသနကို သေချာစွာ ပြုလုပ်ခြင်း၊
- ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားသူများကို ဖော်ထုတ်ရန် သက်ဆိုင်မှုရှိသည့်အဖွဲ့ အစည်း များနှင့် **ကွန်ရက်များဖွဲ့** ဖြိုးတိုးတက်စေခြင်း။

FDI အလားအလာများ နိုင်ငံအတွင်းသို့စီးဝင်မှုအများဆုံးဖြစ်စေရန်အတွက် အထက်က နည်းလမ်း နှစ်ခုကို ပေါင်းစပ်အသုံးပြုရန် လိုအပ်ပါသည်။ ပထမနည်းလမ်းမှာ သိပ္ပံနည်းကျမှုကို ပို၍အခြေခံသော နည်းလမ်းဖြစ်သော်လည်း အရည်အသွေးအမြင့်ဆုံး၊ သက်ဆိုင်မှုအရှိဆုံး ကုမ္ပဏီများကို ဆက်သွယ်မိစေရေး ကို သေချာစေသည်။ ဒုတိယနည်းလမ်းသည် စီးပွားရေးကွန်ရက်များကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားသူများလာအောင် လုပ်ဆောင်သည်။ ထိုကွန်ရက်များသည် သုတေသနရလဒ်များ (အပေါင်း လက္ခဏာ ဆောင်သည်ဖြစ်စေ၊ အနုတ်လက္ခဏာဆောင်သည်ဖြစ်စေ) ကို အတည်ပြုပေးသည်သာမက သုတေသန ပြုရန် လမ်းကြောင်းများ (နောက်ထပ် သရုပ်ခွဲသုံးသပ်မှု ပြုလုပ်ရန် လိုအပ်သည့် ကောင်းမွန်သော ရင်းနှီး မြှုပ်နှံမှုပြုရန် စိတ်ဝင်စားသူများ၏ သဲလွန် စပေးခြင်းဖြင့်) ကိုလည်း ပေးသည်။

ရင်းနှီးမြှုပ်နှံမှု အလားအလာအတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ၏ အချက်အလက် များကို စုစည်းသိမ်းဆည်းထားမည့် database တစ်ခုတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံသူများ၏ ဆက်သွယ် နိုင်သည့် ဆက်သွယ်ရန်လိပ်စာများပါဝင်သည့် လက်ရှိ database သည် အလွန်ကောင်းသော စာရင်းဖြစ်သည်။ အကောင်းဆုံးပုံစံအနေဖြင့် IPA တွင် CRM စနစ်ပုံစံတမျိုးမျိုး ရှိနေနှင့်ပြီးဖြစ်ရာ ၎င်းစနစ်ကို ကုမ္ပဏီများ၏ မှတ်တမ်းများ၊ လက်ရှိဆက်သွယ်ရန်လိပ်စာများကို ရရှိရန် အသုံးပြုသည်သာမက ကုမ္ပဏီများ၏ အရည် အသွေး နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မှတ်တမ်းတင်ရန်လည်းသုံးသည်။ ကုမ္ပဏီများနှင့် ပတ်သက်သော data-base ကို တည်ဆောက်ရာတွင် ပစ်မှတ်ထားရမည့် အခြေခံနည်းလမ်းမှာ သတ်မှတ် ထားပြီးသော အဓိကပစ်မှတ်ထားသည့် လုပ်ငန်းကဏ္ဍတစ်ခုချင်းစီတွင် အလားအလာမြင့်မားသည့် ရင်းနှီး မြှုပ်နှံ သူများကို ဖော်ထုတ်ရန်ဖြစ်သည်။ ပစ်မှတ်ထားမည့် ကုမ္ပဏီများ၏ ကနဦးစာရင်းကို အသေအချာ ပြုစုရာတွင် စီစစ်၍ စစ်ထုတ်မှုလိုအပ်သည်။ မြောက်များစွာသော ကုမ္ပဏီများထဲမှ စစ်ထုတ်ခြင်းကို လုပ်ဆောင်ပြီးမှသာ ပစ်မှတ်ထားရန် အလားအလာရှိသော ကုမ္ပဏီများကို ဖော်ထုတ်ရမည်ဖြစ်သည်။ ဒုတိယ အားဖြင့် database သည် FDI ၏ မိခင်နိုင်ငံမှ အဓိကကျသော ကုမ္ပဏီများနှင့် ကူးသန်းရောင်းဝယ်သည့် နိုင်ငံများမှ ကုမ္ပဏီများကို ပစ်မှတ်ထားသင့်သည်။ နောက်နည်းလမ်းတစ်ခုမှာ FDI အတွက် ယှဉ်ပြိုင်နေသော နိုင်ငံများကို လေ့လာစောင့်ကြည့်ရန်ဖြစ်သည်။ ထိုသို့ လေ့လာရခြင်းမှာ မိမိနိုင်ငံတွင် ရှိနေသော FDI များ၏ မိခင်နိုင်ငံများမှ ကုမ္ပဏီများသည် ယှဉ်ပြိုင်နေသော နိုင်ငံများတွင် သွားရောက် ရင်းနှီးမြှုပ်နှံနေခြင်းရှိ၊ မရှိကို ဖော်ထုတ်နိုင်ရန်ဖြစ်သည်။ အကယ်၍ မိမိနိုင်ငံတွင်ရှိသော FDI တစ်ခု၏ မိခင်နိုင်ငံမှ ကုမ္ပဏီများသည်

ယှဉ်ပြိုင်နေသော နိုင်ငံများတွင် သွားရောက်ရင်းနှီးမြှုပ်နှံနေပါက ထိုနိုင်ငံမှ အခြားကုမ္ပဏီများသည်လည်း သွားရောက်ရင်းနှီးမြှုပ်နှံရန် ဖြစ်နိုင်ခြေအားကောင်းသည့်ပြင် ၎င်းတို့၏ ဖောက်သည်များ၊ ပြိုင်ဖက်များနှင့် နိုင်ငံခြားမှ ပစ္စည်းပေးသွင်းသူများလည်း ထိုနည်းလည်းကောင်းရှိမည်ဖြစ်သည်။ ထိုသို့သောကိစ္စရပ်တွင် IPA အနေဖြင့် စဉ်းစားရန် လိုအပ်သည်မှာ လုပ်ငန်းကဏ္ဍတစ်ခုတွင် ထိုမိခင်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအတွက် သူများထက် ပိုမိုသာလွန်သော ပတ်ဝန်းကျင်မျိုး ဖန်တီးပေးနိုင်သည့် အနေအထားမျိုး ၎င်းတို့တွင် ရှိသလား သို့မဟုတ် အခြားလုပ်ငန်းကဏ္ဍကို ပြောင်း၍ ပစ်မှတ်ထားသင့်သလား သို့မဟုတ် ထိုလုပ်ငန်းကဏ္ဍတွင်ပင် အခွင့်အလမ်းများ ဖော်ထုတ်မလား ဆိုသည်တို့ကို စဉ်းစားရန်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုပြုရန် စိတ်ဝင်စားသူများကို ဖော်ထုတ်နေသော အခြားအဖွဲ့အစည်းများ (ဥပမာ - ကုန်သည်ကြီးများအသင်းများ၊ ဝန်ကြီးဌာနများ စသည်) နှင့်ချိတ်ဆက်ခြင်းမှတဆင့်လည်း database ကို တည်ဆောက်နိုင်သည်။

Database တွင် ရင်းနှီးမြှုပ်နှံသူများ၏ ဇကာတင်စာရင်းမှ ကုမ္ပဏီတစ်ခုချင်း၏ ပြည့်စုံသော အကြောင်း အရာများ (profile) ပါဝင်သင့်သည်။ အကြောင်းအရာများတွင် ရင်းနှီးမြှုပ်နှံသူ၏ ထုတ်ကုန်နှင့် ဈေးကွက်၊ သူ၏ ကြီးထွားလာနိုင်မှုအလားအလာ၊ ဈေးကွက်ဝေစု၊ လက်ရှိရင်းနှီးမြှုပ်နှံထားသော တည်နေရာများ၊ ပို့ကုန်ဝေစု၊ အသုံးပြုထားသော နည်းပညာများ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်မှု၊ စီးပွားရေးမဟာမိတ်များ စသည့် သတင်းအချက်အလက် များပါဝင်သင့်သည်။ Database တစ်ခု တည်ဆောက်ရန် အွန်လိုင်း ရင်းမြစ် အမျိုးမျိုးရနိုင်ပြီး အားလုံးအခမဲ့ဖြစ်ရန် မလိုအပ်ပေ။ မည်သည့် ရင်းမြစ်ကမျှ ထူး၍ ကောင်းသည်ဟု မဆိုနိုင်သော်လည်း ၎င်းတို့အားလုံးမှာ အထောက်အကူပြုကြသည်။ ဇယားကွက် ၇-၁၆ သည် ထင်ရှားသော အွန်လိုင်း ရင်းမြစ်အနည်းငယ်ကို စာရင်းပြုစုထားသည်။

**ဇယားကွက် ၇-၁၆ အွန်လိုင်းရင်းမြစ်များနှင့် ကုမ္ပဏီ database များ**

ရင်းနှီးမြှုပ်နှံသူ database တစ်ခု တည်ဆောက်ရန်အတွက် IPA သည် အွန်လိုင်း database များကို အသုံးပြုရလေသည်။ အချို့ကို ဇယားကွက် ၇-၁၅ တွင် ဆွေးနွေးခဲ့သည့် ITC ၏ ရင်းနှီးမြှုပ်နှံမှုမြေပုံကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများက တင်ပေးထားခြင်းဖြစ်သည်။ အချို့မှာမူ နိုင်ငံအလိုက် သီးသန့် တင်ထားခြင်းဖြစ်သည်။ အွန်လိုင်း အရင်းအမြစ်များ၏ ဥပမာများကို အောက်တွင် ဖော်ပြထားသည် -

- Dun & Bradstreet Business Report -http://www.dnb.com တွင် အမေရိကန်ပြည်ထောင်စုမှ ကုမ္ပဏီများ၏ လုပ်ငန်းလုပ်ဆောင်မှုများ၊ ပိုင်ဆိုင်မှုများနှင့် စီးပွားရေးနောက်ခံအကြောင်းများ ပါဝင်သည်။
- fDi Markets -www.fdimarkets.comသည် Financial Times ၏ ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ရနိုင်သမျှသော နယ်စပ်ဖြတ်ကျော်မြေနေရာအသစ်များပေါ်တွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အပြည့်စုံဆုံး အွန်လိုင်း database ဖြစ်သည်။ နိုင်ငံအားလုံးနှင့် ကမ္ဘာအနှံ့လုပ်ငန်းကဏ္ဍများကို ဖော်ပြထားက နိုင်ငံရပ်ခြားတွင် ရင်းနှီးမြှုပ်နှံနေသော ကုမ္ပဏီများ၏ လုပ်ဆောင်ခဲ့မှုများ၊ အကြောင်းအရာများပါဝင်သည်။
- Strategis Web Site -http://www.ic.gc.ca/eic/site/icgc.nsf/eng/homeကို Industry Canada က ငွေကြေးကျခံထားကာ အချက်အလက်များကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာတို့ဖြင့် ဖော်ပြထားသည်။

ကဏ္ဍ အလိုက်နှင့် အခြားသတင်းအချက်အလက်များ ကြွယ်ဝစွာပါသည်။

- Europages:http://www.europages.com ဥရောပဈေးကွက် လမ်းကြောင်းများ၊ ကဏ္ဍအလိုက် ညွှန်ကိန်းများ နှင့် နိုင်ငံပေါင်း ၃၀ မှ ကုမ္ပဏီပေါင်း ၅၀၀,၀၀၀ ၏ သတင်းအချက်အလက်များ ပါဝင်သည်။
- STAT-USA -http://www.stat-usa.gov(အမေရိကန်ပြည်ထောင်စု၏ကူးသန်းရောင်းဝယ်ရေးဌာနမှ)၊
- EDGAR - (အချက်အလက်များကို အီလက်ထရွန်းနစ်နည်းဖြင့် စုဆောင်း၊ သရုပ်ခွဲကာ အချက်အလက်ပြန်ဖော်သောစနစ်) http://www.sec.gov/edgarhp.htm ကို အမေရိကန်ပြည်ထောင်စု စာချုပ်စာတမ်းများနှင့် လွှဲပြောင်းရေးကော်မရှင်က ထူထောင်ထားသည်။
- EMIS -https://www.emis.com ကို ယူရိုငွေကြေးအဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူကုမ္ပဏီက ထူထောင်ထားရာ ပေါ်ထွက်လာနေသော ဈေးကွက် ၁၂၀ ကျော် တွင်ရှိသော ထုတ်လုပ်မှုလုပ်ငန်း ၂၅၀ ကျော် ၏ ယုံကြည်ရသော ဇစ်မြစ်များမှ ကုမ္ပဏီ၁.၄သန်းကျော်၏စာရင်းကို ထည့်သွင်းထားသည်။
- Hoovers -http://www.hoovers.com သည် ကုမ္ပဏီအရာရှိများအတွက် ကုမ္ပဏီ အကြောင်းအရာများနှင့် သတင်း အချက် အလက်များကို အခမဲ့ ရယူခွင့်ပေးထားကာ ငွေပေး၍ အဖွဲ့ဝင်ထားသူများသည် နောက်ထပ်သတင်းများ နှင့် နောက်ခံသတင်းအချက်အလက်များကို ရရှိနိုင်သည်။
- Companies Online -http://companies.lycos.com ရှာဖွေနိုင်သော လမ်းညွှန်တစ်ခုဖြစ်ပြီး အမေရိကန်၏ အများပိုင်နှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီ ၉၀၀,၀၀၀ ခန့် အတွက် သတင်းအချက်အလက်များ အသေးစိတ်ကို အခမဲ့ ဖော်ပြထားသည်။ အားလုံးကို ဝက်ဘ်ပေါ်တွင် ဆိုဒ်များ ရှိသည်။
- Kompass -www.kompass.comသည် Kompass ကွန်ရက်အတွင်းရှိ နိုင်ငံပေါင်း ၆၆ နိုင်ငံမှ ကုမ္ပဏီများကို ၎င်းတို့ ထုတ်လုပ်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအရ စနစ်တကျ အမျိုးအစားခွဲထားသည်။ ၅၈,၀၀၀ ခန့် ရေးသွင်းထားပြီး မှန်မှန် နောက်ဆုံးရ အချက်အလက်များ ဖြည့်သွင်း ခြင်းကြောင့် သီးသန့်လမ်းညွှန်သဖွယ် ဖြစ်နေကာ ဘာသာပေါင်း ၂၆ ဘာသာသို့ ဘာသာပြန်ဆို ထားခြင်းကြောင့် ကြီးမားသော ဖွံ့ဖြိုးတိုးတက်ရေး ရှုဒေါင့်ကို ဖြည့်ဆည်းပေးနေသည်။
- Vault - www.vault.com သည် ကုမ္ပဏီအကြောင်းအရာများ၊ အဆင့်သတ်မှတ်ခြင်းများ၊ စစ်တမ်းကောက်ထားသော အချက်အလက်များ၊ အလုပ်ရှင်သုံးသပ်ချက်များမှတဆင့် ထောင်နှင့် ချီသော ကုမ္ပဏီအချက်အလက်များ ပေးထားသည်။ မူလက အလုပ်အကိုင်လျှောက်ထားရန်အတွက် စတင်ခဲ့ခြင်း ဖြစ်သည်။

ဇစ်မြစ်-ESCAP

ထိရောက်သော CRM database တစ်ခုတွင် အောက်ပါရေးသွင်းမှုများ ရှိသင့်သည် -

- (သော့ချက်ကျသည့်ကုမ္ပဏီသတင်းအချက်အလက်နှင့် ဆက်သွယ်ရန်များပါဝင်သော ကုမ္ပဏီ၏) မှတ်ပုံတင် ရေးသွင်းမှု၊
- ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို တဆင့်ပြီး တဆင့် မှတ်တမ်းတင်ခြင်း (ကျင်းပသော အစည်း အဝေး အရေအတွက်၊ တည်နေရာ၊ တစ်ခုချင်းအမည်များ၊ သော့ချက်ကျသည့် ရလဒ်များ)၊
- လုပ်ငန်းတည်နေရာသို့ ကွင်းဆင်းမှုများကိုမှတ်တမ်းတင်ခြင်း၊

- စာပေးစာယူများကို မှတ်တမ်းတင်ခြင်း (နေ့စွဲများနှင့် အဓိကပါဝင်သော အကြောင်းအရာများနှင့်တကွ ဖက်စ်များ၊ စာများ၊ အီးမေးလ်များ)၊
- ကုမ္ပဏီတွင် အဓိကကျသော အဆက်အသွယ်များ၊
- ထုတ်ပေးခဲ့သော ပါမစ်များ (လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက်)၊
- ပေးခဲ့သော ဝန်ဆောင်မှုများကို မှတ်တမ်းတင်ခြင်း (အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ သာမက လက်ရှိ ရင်းနှီးမြှုပ်နှံနေသူများအတွက်ပါ)၊
- ရင်းနှီးမြှုပ်နှံမှုပရောဂျက်စက်ဝန်းတွင် မှတ်တိုင်များကို မှတ်တမ်းတင်ခြင်း၊
- ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများကို စနစ်တကျ အမျိုးအစားခွဲခြားခြင်းနှင့် ဆန်းစစ်မှုပြုလုပ်ခြင်း - အလွန် တက်ကြွ၊ အေး၊ တက်ကြွဟု အမျိုးအစားခွဲ၊ လှုပ်လှုပ်ရှားရှားမရှိတော့သော ယခင်က စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများကို အလိုအလျောက်ရပ်နားခြင်း၊
- IPA က တာဝန်ယူလုပ်ကိုင်သော တာဝန်ပေးထားမှုများနှင့် အဓိကလုပ်ဆောင်မှုများကို အကျဉ်းချုပ် ခြင်း။

စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများကို လက်ဦးမှုရယူနိုင်ရန် (lead generation) အတွက် အသုံးပြုနိုင်သည့် အဓိကကွန်ရက်များမှာ -

- **လက်ရှိရှိနေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ**။ လက်ရှိရှိနေသော ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်များကို တိုးချဲ့ရန် ဇစ်မြစ်များဖြစ်ရုံမက ရင်းနှီးမြှုပ်နှံမှုပရောဂျက်များကို အဆင့်မြှင့်ရန် အတွက်လည်း ဇစ်မြစ်ဖြစ်သည်။ သို့သော်လည်း ၎င်းတို့၏ ကွန်ရက်များဖြစ်သော ပစ္စည်းပေးသွင်းသူများ၊ ဖောက်သည် များ၊ ပြိုင်ဆိုင်နေသူများနှင့် အတိုင်ပင်ခံများမှ တဆင့်လည်း လုပ်ငန်းကဏ္ဍတစ်ခုအတွက် အခြား ကုမ္ပဏီ များ၏ ရင်းနှီးမြှုပ်နှံမှုအတွက် ဆုံးဖြတ်ချက်များနှင့် ပတ်သက်သော အတွင်းသဘောများကို ပေးနိုင် ပါသည်။
- **ပြည်တွင်းကုမ္ပဏီများ**။ အထူးသဖြင့် နိုင်ငံတကာတွင် လုပ်ရှားနေသော ပြည်တွင်းကုမ္ပဏီများသည် မိမိတို့ တိုင်းပြည်/တည်နေရာတွင် မည်သည့်နိုင်ငံခြားကုမ္ပဏီများက ရင်းနှီးမြှုပ်နှံရန် စဉ်းစား နိုင်သည့် အလားအလာ ရှိကြောင်းကို ထောက်လှမ်းသိရှိနိုင်သည့် ဇစ်မြစ်ကောင်းများ ဖြစ်သည်။
- **နယ်စပ်ဖြတ်ကျော်မိတ်ဖက်များ**။ အစိုးရများနှင့် အဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်၍ မိတ်ဖက် ပြုလုပ်နိုင်သည်။ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ၏ မိခင်နိုင်ငံရှိ ကုန်သွယ်ရေးနှင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ၊ ကုန်သည်ကြီးများအသင်းများသည် နိုင်ငံရပ်ခြားတွင် ချဲ့ထွင်ရန် စဉ်းစား နေသော ကုမ္ပဏီများကို စုံစမ်းထားမှုများကို ရယူကြသည်။

ကုမ္ပဏီများကို ဆက်သွယ်ခြင်းမပြုမီ စစ်ထုတ်မှုများ၊ ဦးစားပေးများလုပ်ရန် လိုအပ်သည်။ ကုမ္ပဏီ တစ်ခုချင်းစီတွင်ရှိသော ဆုံးဖြတ်ချက်ချသူများနှင့် အဆက်အသွယ်များကို ရှာဖွေဖော်ထုတ်ရန် လိုအပ်သကဲ့သို့ ကြိုးပမ်း အားထုတ်မှုများသည် ရင်းနှီးမြှုပ်နှံရန် အကြီးမားဆုံးအလားအလာ ရှိသည့် ကုမ္ပဏီများကိုသာ အာရုံပြုသင့်သည်။ IPA တစ်ခုသည် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူတစ်ဦးကို ပထမဆုံးအကြိမ် ချဉ်းကပ်သောအခါ ပရောဂျက်အရာရှိသည် မှန်ကန်သည့် ခံယူချက်ရှိရန် လိုအပ်သည်။ အကယ်၍ ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးအရာရှိများအနေဖြင့် ကုမ္ပဏီတစ်ခုကို FDI ပရောဂျက်ရှိ၊ မရှိ မေးမြန်းရုံဖြင့် လုံလောက် ပြီဟု ယုံကြည်ကာ နောက်ထပ်ကုမ္ပဏီတစ်ခုသို့ ဆက်လက်မေးမြန်းရန် ထွက်သွားခြင်းသည် ၎င်းတို့ အောင်မြင်လိမ့်မည်မဟုတ်သည်သာမက ၎င်းတို့၏စိတ်ဓါတ်များ၊ သန္နိဋ္ဌာန်များလည်း လျင်မြန်စွာ ပျောက် ကွယ် သွားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီများကို ချဉ်းကပ်ခြင်းကို နည်းစနစ်တစ်ခုအား လက်တွေ့ လုပ်ဆောင်ခြင်းဟု မရှုမြင်သင့်ပေ။ ၎င်းမှာ နေ့စဉ်သတ်မှတ်ထားသည့် ကုမ္ပဏီအရေအတွက် ပြည့်အောင်

တစ်ကြိမ်တစ်ခါသွားရုံဖြင့် ပြီးစီးသောကိစ္စမဟုတ်ပါ။ ၎င်းမှာ ဈေးကွက်နှင့်ပတ်သက်သော စုံစမ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ဆက်ဆံရေးတည်ဆောက်ခြင်း လှုပ်ရှားမှုတစ်ခုလည်း ဖြစ်သည်။

ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ကုမ္ပဏီများအား နှစ်အနည်းငယ်ခန့် သေချာစွာအစီအစဉ်ရေးဆွဲ၍ မိမိဖက်မှ အဆက်မပြတ်ချိတ်ဆက် ဆက်သွယ်နေမှသာ ရင်းနှီးမြှုပ်နှံသူပစ်မှတ်ထားခြင်းမှ ရလဒ်ကောင်း ထွက်မည်ဖြစ်သည်။ လှုပ်ရှားမှု၏ ပထမနှစ်တွင် အဓိကအားဖြင့် သတင်းအချက်အလက်များ စုံစမ်း ထောက်လှမ်းခြင်းနှင့် သိမြင် နားလည်မှုရှိလာအောင် ဖန်တီးခြင်းတို့ကိုသာ အောင်မြင်အောင် လုပ်ဆောင် နိုင်ပါမည်။ ဒုတိယနှစ်တွင် ပထမနှစ်မှ ဖော်ဆောင်ခဲ့သော စိတ်ဝင်းစားသည့် ကုမ္ပဏီများထံမှ ရလဒ်များ စတင်မြင်တွေ့ ရမည်ဖြစ်သည့်ပြင် ဤဒုတိယနှစ်တွင်လည်း စိတ်ဝင်စားသည့် ကုမ္ပဏီများ ထွက်ပေါ်လာ ဦးမည် ဖြစ်သည်။ တတိယနှစ်တွင်မှသာ ခိုင်မာသော ရလဒ်ကို မျှော်မှန်းသင့်သည်။

IPA သည် သေချာစွာ စီစစ်၍ စစ်ထုတ်ခြင်းနှင့် ဆက်သွယ်ခြင်းများ ပြုလုပ်ပြီးနောက် ဖိတ်ကြား ခံရပါက ကုမ္ပဏီသို့သွားရောက်၍ ရှင်းလင်းတင်ပြခြင်းများနှင့်၎င်း၏ လုပ်ငန်းတည်နိုင်သည့် နေရာအပေါ် မြှင့်တင်ခြင်းများ လုပ်ဆောင်နိုင်သည့် အနေအထားတွင် ရောက်ရှိသွားပြီဟု ဆိုနိုင်သည်။ လုပ်ငန်း တည်နိုင်သည့် နေရာအပေါ် မြှင့်တင်ခြင်းအတွက် အောင်မြင်သော ရှင်းလင်းတင်ပြမှု၏ အရေးကြီးသော သွင်ပြင် လက္ခဏာများအကြောင်းကို ယခင် (ဇယား ၇-၃) က ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ဇယားကွက် ၇-၁၇ သည် ကမ္ဘာ့ဘဏ်မှလည်းကောင်း၊ ၇-၁၈ သည် Forbes ကလည်းကောင်း အဆိုပြုခဲ့သော အားလုံးခြုံငုံပြီး ထိရောက်သည့် ကုမ္ပဏီရှင်းလင်းတင်ပြမှု ပြုလုပ်ရာတွင် စဉ်းစားရမည့် အရေးကြီးသော အချက်များကို စာရင်းပြုစုထားခြင်းဖြစ်သည်။

အကောင်းဆုံးကို မျှော်မှန်း၍ဆိုရပါက အဆက်အသွယ်များထူထောင်ပြီး ကုမ္ပဏီသို့ ရှင်းလင်း တင်ပြမှု ပြုလုပ်ပြီးနောက်တွင် IPA ၏ အရာရှိတစ်ဦးချင်းအတွက် စိန်ခေါ်မှုမှာ ရင်းနှီးမြှုပ်နှံမှု ပရောဂျက် စက်ဝန်း၏ နောက်ပိုင်း ခရီးဆက်ရမည့်တလျှောက် ကုမ္ပဏီမှ ဆုံးဖြတ်ချက်ချမှတ်သည့် ဝန်ထမ်းနှင့် ဆက်ဆံရေး ထူထောင်ကာ ထိုဆက်ဆံရေးကို ထိန်းထားရန်ဖြစ်သည်။ ထိုအရာရှိများသည် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ကုမ္ပဏီများအတွက် ပြင်ပဆက်ဆံရေးအမှုဆောင်များ (account executives) ဖြစ်ပြီး ၎င်းတို့သည် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရာတွင်သာမက ရင်းနှီးမြှုပ်နှံသူများကို ပျော်ရွှင်နေအောင် ထိန်းသိမ်းရာတွင် မရှိမဖြစ် အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထိုပုဂ္ဂိုလ်ရေးဆက်ဆံမှုများကို ထိန်းသိမ်း ထားနိုင်ရန် ပြင်ပဆက်ဆံရေးအမှုဆောင်တစ်ဦးသည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည် -

- အဆက်အသွယ်မပြတ်စေရန် နောက်ဆုံးရအချက်အလက်များကို ပုံမှန်ပေးနေပါ။
- သူ၏ ပုဂ္ဂိုလ်ရေးဆက်ဆံမှုများ၏ ရလဒ်အဖြစ် သူ၏အတွင်းသတင်းအချက်အလက်များကို အသုံးပြုပါ၊ စီမံခန့်ခွဲပါ။
- သေချာစွာ နားထောင်ပါ၊ စီစဉ်သည့်အတိုင်းလုပ်ပါ၊ ကတိကဝတ်ကို ထိန်းသိမ်းပါ။
- ဘာတွေကို လေ့လာသိရှိရသည်ဖြစ်စေ၊ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပါ။

## ဇယားကွက် ၇-၁၇ ကုမ္ပဏီအား ထိရောက်သော ရှင်းလင်းတင်ပြမှုပြုလုပ်ခြင်း (MIGA ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနည်းလမ်းများမှ)

တာဝန်ရှိသော IPA အရာရှိသည် ရှင်းလင်းတင်ပြမှုအတွက် ပြင်ဆင်ရာတွင် အောက်ပါစည်းမျဉ်းများကို ထည့်သွင်းစဉ်းစားသင့်သည် -

- အချိန်မီရောက်ပါစေ၊
- ပရိသတ်၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို မှန်းဆထားပါ၊
- ကုမ္ပဏီကိုယ်စားလှယ်များနှင့် သင်ရင်းနှီးအောင်လုပ်ဆောင်၍ လုပ်ငန်းတည်နေရာရွေးချယ်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့၏ ကဏ္ဍကို နားလည်အောင်လုပ်ပါ။ အင်တာနက်ကို အခြေခံသော ဇစ်မြစ်များနှင့် ကုမ္ပဏီကို ပစ်မှတ်ထားရန် စတင်ဖော်ထုတ်စဉ်က သင်အသုံးပြုခဲ့သော သတင်းအချက်အလက်ဇစ်မြစ်များကို အသုံးပြု၍ ကုမ္ပဏီအကြောင်းများများသိအောင် လေ့လာပါ။

ရှင်းလင်းတင်ပြမှုတွင် အောက်ပါတို့ကို ထည့်သွင်းထားသင့်သည် -

၁။ သင်၏ မိနစ် ၂၀ စာ ရှင်းလင်းတင်ပြမှုကို တည်ဆောက်ထားပုံနှင့် ပါဝင်သော အကြောင်းအရာများကို အကြမ်းဖျဉ်း ပြောခြင်းဖြင့် စတင်ပါ။ သို့သော် ထိုသို့မစတင်မီ ကုမ္ပဏီအား ၎င်း၏ သီးသန့် ပရောဂျက် အကျိုးစီးပွားကို ရှင်းပြရန် တောင်းဆိုပါ။ လိုအပ်ပါက သင်၏ ရှင်းလင်းတင်ပြမှုသည် ၎င်းတို့၏ အကျိုးစီးပွားကို အပြည့်အဝ ကိုင်တွယ်ထားကြောင်း သေချာစေရန် ပြန်လည် ပြင်ဆင်မှုများ ပြုလုပ်ပါ။

၂။ ရှင်းလင်းတင်ပြမှုကို ပြင်ဆင်ရာတွင် အောက်ပါနည်းစနစ်များကို အသုံးပြုပါ -

- ပရိသတ်၏ အာရုံကို ဆွဲကိုင်နိုင်မည့် နိဒါန်းကိုရေးပါ (လိုရင်းနှင့် သက်ဆိုင်မှုရှိသော ဇာတ်ကြောင်း)
- ရုပ်ပုံကားချက်များအသုံးပြုနိုင်အောင် ပြင်ဆင်ပါ။ ရောင်စုံ ပါဝါပွိုင့်ဆလိုက်များကို အသုံးပြုပါ။
- ရုပ်ပုံဖြင့် ရှင်းလင်းတင်ပြခြင်းများသည် အသုံးဝင်ပြီး သက်ဆိုင်မှုရှိသည့် သတင်းအချက်အလက်များနှင့် ကုမ္ပဏီ၏ အကျိုးအမြတ်ကို ဖော်ပြနိုင်ရေးကို သေချာအောင်လုပ်ဆောင်ပါ။ ဆလိုက်များတွင် စာသား သို့မဟုတ် သတင်းအချက်အလက် အများအပြားထည့်သွင်းခြင်း မပြုပါနှင့်။ စာလုံးပေါင်းအမှားမရှိအောင် လုပ်ပါ။
- ဆွဲဆောင်နိုင်ပါစေ၊ မေးခွန်း/ ကန့်ကွက်မှု/ စုံစမ်းမှု မှန်သမျှကို အချက်အလက်ဖြင့် ဖြေကြားပါ။ ကျိုးကြောင်းဆီလျော်သော တင်ပြချက်၊ လွတ်လပ်သော ထောက်ခံချက်များ (အစစ်အမှန်ဖြစ်ရမည်၊ အတုမဟုတ်ရ) ။
- ပရိသတ်နှင့် အမြဲတမ်း မျက်လုံးချင်းဆုံပါစေ။ ဆလိုက်ပေါ်တွင်ပါသော စာသားများကိုသာ ဖတ်နေသော မှားနေကျ အမှားမျိုး မမှားပါစေနှင့်။

၃။ ကုမ္ပဏီအတွက် သင်စီစဉ်ပေးနိုင်သော ကွင်းဆင်းလေ့လာရေးအစီအစဉ်အမျိုးအစားကို အကြမ်းဖျဉ်းဖော်ပြပါ။

၄။ သင်၏ အဆိုပြုသော လုပ်ငန်းတည်မည့်နေရာသို့ သွားရောက်ကြည့်ရှုရန် မည်မျှလွယ်ကူသည်ကို အလေးပေး

ပြောကြားနိုင်အောင် ပုံမှန်လေယာဉ်အချိန်ဇယားကို သိအောင်လုပ်ထားပါ။

၅။ ကုမ္ပဏီ၏ ရည်ရွယ်ချက်ကို တတ်နိုင်သမျှ လေ့လာနိုင်အောင် တွေ့ဆုံမှုများကို အသုံးပြုပါ။ ဥပမာ ကုမ္ပဏီ၏ စကာတင်စာရင်းတွင် ပါဝင်သော အခြားတိုင်းပြည်များ၊ ၎င်းတို့ တည်နေရာကို ရွေးချယ်ရာတွင် အဓိကအချက်များ၊ ၎င်းတို့ ရင်းနှီးမြှုပ်နှံမှု၏ အရွယ်အစားနှင့် အမျိုးအစားအသေးစိတ်၊ ဆုံးဖြတ်ချက်ချမည့် အချိန်အတိုင်းအတာနှင့် ၎င်းတို့ ဆုံးဖြတ်ချက်ချရန် လိုအပ်သော အခြားအချက်အလက်များ စသည့် မေးခွန်းများကို မေးမြန်းပါ။ ပိုကောင်းသည်မှာ သင့်အနေဖြင့် ဦးစွာ သုတေသနပြုထားပြီးမှ ပို၍အသေးစိတ်ကျသော မေးခွန်းများမေးပါက ကုမ္ပဏီအနေဖြင့် သင်သည် အိမ်စာကျေကြောင်းနှင့် ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုအပေါ် အမှန်တကယ်စိတ်ဝင်စား မှုရှိကြောင်း အထင်ကြီးလေးစားမှုကို ရနိုင်သည်။ ကုမ္ပဏီ၏ လက်ရှိခံယူထားမှုများ၊ စိတ်ဝင်စားမှုများကို တတ်နိုင်သမျှ ကြိုးစားထုတ်ဖော်ပါ၊ အမှန်တကယ် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို တတ်နိုင်သမျှသိအောင် လုပ်ပါ။ မည်သူက ဆုံးဖြတ်ချက်ချသည်၊ ဆုံးဖြတ်ချက်ကို မည်သူက လွှမ်းမိုးသည်၊ မည်သူက ဆုံးဖြတ်ချက်ကို ပိတ်ဆို့ရန် ကြိုးစားသည် စသည်တို့ဖြစ်သည်။

၆။ အဆင်ပြေစွာ စီစဉ်နိုင်ရန် လာရောက်လည်ပတ်မည့် နေရက်ကို သတ်မှတ်ပါ။

၇။ ကုမ္ပဏီ၏ စက်ရုံသို့ အကြမ်းဖျဉ်း လှည့်လည်ကြည့်ရှုနိုင်မလား ဟု မေးမြန်းပါ - ထိုသို့ သွားရောက်ခြင်းဖြင့် ၎င်းတို့ ၏ ထုတ်လုပ်ရေးလုပ်ငန်းစဉ်နှင့် (ကျွမ်းကျင်မှု) လိုအပ်ချက်များကို ပိုမိုသိရှိခံစားနိုင်ရန် အထောက်အကူဖြစ်သည်။

၈။ အစည်းအဝေးအပြီးတွင် တာဝန်ယူလုပ်ဆောင်ရမည့် အဓိကဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ရန်များကို အတိအကျ အကျဉ်းချုပ်တင်ပြပါ၊ ပြန်လည်တုန့်ပြန်လုပ်ဆောင်မှုများပေးရန် အချိန်သတ်မှတ်ချက်ကို အတည်ပြုပါ။

၉။ သဘောတူညီထားသော လုပ်ဆောင်ရန်များကို အတည်ပြုသည့်အနေဖြင့် ယဉ်ကျေးမှုသဘောအရ ၂၄ နာရီအတွင်း အီးမေးလ်ပို့ပါ။

၁၀။ အချိန်မှန်မှန် နောက်ဆက်တွဲဆက်သွယ်မှုများဆက်လုပ်ပါ (ဥပမာ-တစ်လ၊ ကုမ္ပဏီမှ စိတ်ဝင်စားကြောင်းပြပါက ပို၍ စိတ်စိတ်) ။

ဇစ်မြစ်- World Bank (2000c). MIGA Investment Promotion Toolkit Module 6: Targeting and Generating Investment Opportunities (Box 11).

**ဇယားကွက် ၇-၁၈ Forbes –ပို၍ အစွမ်းထက်သော စီးပွားရေးဆိုင်ရာ ရှင်းလင်းတင်ပြမှုအတွက် အကြံပေးချက် ၉ချက်**

၁။ ရိုးသားစွာဖြင့် အများ၏ ထောက်ခံမှုကို ထူထောင်ပါ -

- ရှည်လျားသော နိဒါန်းပျိုးခြင်းများနှင့် အလုပ်လုပ်သည့် ဘဝအကြောင်း အလေးအနက်ထားပြောခြင်းများကို ရှောင်ပါ။
- သက်ဆိုင်သည့် အကြောင်းအရာများကို အလွန်တိုတုတ်စွာ တင်ပြပါ သို့မဟုတ် ရှင်းလင်းတင်ပြမှု၊ သုံးသပ်မှုကို ပုံဖော်ပေးသည် အတွေ့ အကြုံများကို မျှဝေပါ။

၂။ ရှင်းလင်းတင်ပြမှု၏ အစောပိုင်းကတည်းက သင်၏ ရည်မှန်းချက်ပန်းတိုင်ကို ဖော်ပြပါ။

၃။ ပံ့ပိုးသည့်ထောက်ကူပစ္စည်းများကို တိကျစွာ အသုံးပြုပါ -

- သင်ပြောလိုသော သတင်းစကားကို ပံ့ပိုးမည့် စာရင်းဇယားများ၊ ရည်ညွှန်းများ၊ အများလေးစားသည့် ပုဂ္ဂိုလ်များ၏ ပြောစကားများကို ကိုးကားမှုများကို အသုံးပြုပါ။ သို့သော် သင်၏ ဆလိုက်များကို ၎င်းတို့နှင့် ပြည့်နေအောင် မလုပ်ပါနှင့်၊ ၎င်းတို့ကို သင်ပြောမည့် စကားအတွက် မှတ်စုတွင်သာ မှတ်သားထား၍ ထည့်ပြောပါ။

၄။ သီးခြား အိုင်ဒီယာများ၊ အချက်များကို အစွမ်းရှိမည့် ရုပ်ပုံများ သို့မဟုတ် ကိုးကားချက်များဖြင့် မိတ်ဆက်ပေးပါ။

၅။ စဉ်းစားမှုကို နှိုးဆွပေးသော သို့မဟုတ် အဖြေမလိုချင်ပဲ အတွေးသက်သက်ပေးလိုသော မေးခွန်းများမေးပါ - ဥပမာ "သင်ဘာကြောင့် မစဉ်းစားမိသလဲ ..." ၊ "ကျွန်တော် ဒီကိစ္စကို ကြည့်ပြီး ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိသည်မှာ ...." ၊ "ဘယ်လောက်ကြာကြာ ကျွန်ုပ်တို့...." ။

၆။ စိတ်ဝင်တစားနှင့် အလေးပေးမှုကို ရရှိရန်နှင့် ထိန်းသိမ်းထားရန် အံ့သြစရာကောင်းသော ဖော်ပြချက်မျိုး (သို့သော် လက်တွေ့ ကျရမည်) လုပ်ပါ။

၇။ ခက်ခဲသော မေးခွန်းများအတွက် ပြင်ဆင်ထားပြီးဖြစ်ပါစေ - သင်တင်ပြခဲ့သော အချက် သို့မဟုတ် သတင်းအချက်အလက်အတွက် ပရိသတ်ထံမှ ထွက်ပေါ်လာနိုင်သော ကန့်ကွက်မှု သို့မဟုတ် မေးခွန်းများကို စဉ်းစားထားပါ၊ သင်၏ ရှင်းလင်းတင်ပြမှုအတွင်း အရေးအပါဆုံးတစ်ခုနှင့် ဆက်နွယ်သော ကန့်ကွက်လာမှုများထွက်လာအောင် ထည့်သွင်းထားပါ သို့မဟုတ် မေးခွန်းထွက်လာပါက ဖြေဆိုနိုင်အောင် ပြင်ဆင်ထားပါ။

၈။ မည်သူမျှမေးမလာခဲ့ပါကလည်း သင်ပြင်ဆင်ထားသော မေးခွန်းများကို ထိန်းသိမ်းထားပါ - နောက်ဆုံးတွင် မေးခွန်းမေးရန်နှင့် အဖြေပေးရန် အချိန်ချန်ထားပေးပါ။ အကယ်၍ မည်သူမျှမေးခွန်းမမေးပါက မိမိမေးခွန်းကို ပြင်ဆင်၍ အဖြေပေးနိုင်သည်။ ထိုအခါမျိုးတွင် "ကျွန်တော် ဆိုရင်တော့ မေးလေ့ရှိပါတယ်...." သို့မဟုတ် "ခင်ဗျားတို့ သိချင်မယ့်အရာ တစ်ခု ရှိမယ်ထင်တယ်..." အစချီ၍ ပြောနိုင်သည်။

၉။ မေးခွန်း၊ အဖြေ အချိန်ပြီးပါက အပိတ်စကားပြောရန် စက္ကန့်အနည်းငယ်ယူပါ၊ ဆလိုက် မသုံးပါက ပိုကောင်းသည်။

ဇစ်မြစ်- Michel Theriault: 9 tips for more powerful business presentations. Forbes. Available fromhttp://www.forbes.com/sites/allbusiness/2013/11/04/9-tips-for-more-powerful-business-presentations/#32a2533843a0.

## ၅။ ရင်းနှီးမြှုပ်နှံသူအား ပစ်မှတ်ထားခြင်းဆိုင်ရာ အဓိကကျသည့် အခြေခံမှုများ အကျဉ်းချုပ်

ရင်းနှီးမြှုပ်နှံသူ ပစ်မှတ်ထားခြင်းဆိုင်ရာ အကောင်းဆုံးလုပ်နည်းကိုင်နည်းအတွက် မူများနှင့် အစိတ်အပိုင်းများကို အောက်ပါအတိုင်း ဖော်ထုတ်ထားပါသည် -

- တင်းကြပ်သော အရည်အသွေးပြည့်မီစေရေး သတ်မှတ်ချက်များကို အခြေခံ၍ လုပ်ငန်းကဏ္ဍ တစ်ခုစီ တိုင်းတွင် လုပ်ငန်းကဏ္ဍနှင့် ကုမ္ပဏီအရေအတွက် အနည်းငယ်အပေါ်ကိုသာ အာရုံပြုပါ။
- အကယ်၍ လူသားအရင်းအမြစ်များတွင် အကန့်အသတ်ရှိခဲ့လျှင် IPA အတွက် ရင်းနှီးမြှုပ်နှံသူ ပစ်မှတ် ထားခြင်းကို တာဝန်ယူ လုပ်ဆောင်ပေးမည့် အဓိကကျသော ကြားလူ (ပရော်ဖက်ရှင်နယ် အဖွဲ့အစည်းများ) ကို ဖော်ထုတ်ရန် အာရုံပြုလုပ်ဆောင်ပါ။ (ရွေးချယ်စရာများအတွက် www.fdiprofessionals.com တွင် ကြည့်ပါ) ။
- မဟာဗျူဟာကျသော ကုမ္ပဏီများအဖြစ် ဖော်ထုတ်ထားပြီးသော အရည်အသွေးမြင့် အလားအလာရှိသူ အနည်းငယ်ကို အကြိမ်ကြိမ်ဆက်သွယ်နိုင်ရန် အရင်းအမြစ်များ၊အချိန်များနှင့် ကြိုးစားအားထုတ်မှုများအပေါ် အာရုံပြုပါ ။
- သင့်လျော်သောအဆင့်တွင် မိတ်ဆက်ရန်နှင့် ကွန်ရက်ဖွဲ့ရန်များအတွက် ယုံကြည်ရသော တတိယအဖွဲ့များကို အသုံးပြုပါ။
- အလားအလာရှိသော စိတ်ဝင်စားသည့် ကုမ္ပဏီများကို ဖော်ထုတ်နိုင်ရန် စက်မှုပြပွဲများနှင့် ကုန်သွယ်ရေး ညီလာခံများ တက်ပါ။
- ပြန်လည်လှုပ်လှုပ်ရှားရှားဖြစ်လာရန်နှင့် ပြန်လည်ချိတ်ဆက်မှုရရှိအောင် အရောင်းစီးဆင်းမှုကိုဖွံ့ဖြိုးလာအောင် လုပ်ပါ။
- မှန်ကန်သော ဈေးကွက်မြှင့်တင်ရေးနည်းလမ်းများ (tools) နှင့် ပေါင်းစပ်နိုင်မှသာ ပစ်မှတ်ထားခြင်းသည် ထိရောက်မည်။
- ကုမ္ပဏီပစ်မှတ်ထားခြင်း လှုပ်ရှာမှုများကို မပြုလုပ်မီဈေးကွက်မြှင့်တင်ရေး တစ်နှစ်စီမံချက်တစ်ခုကို ရေးဆွဲပါ။
- ကုမ္ပဏီများနှင့် တွေ့ဆုံစည်းဝေးမှုများနှင့် ရှင်းလင်းတင်ပြမှုများ ပြုလုပ်သည့်အခါ အဖွဲ့ဝင်များ ကြားတွင် တသမတ်တည်းနှင့် ညှိနှိုင်းမှုများပြုလုပ်ပြီးမှ လုပ်ဆောင်ခြင်းကို သေချာပါစေ။
- သီးသန့်ပစ်မှတ်ထားသော ပရိသတ်နှင့်အံကိုက်ဖြစ်မည့် အဆိုပြုချက်များအပေါ်အခြေခံသော ဈေးကွက်မြှင့်တင်ရေး ထောက်ကူပစ္စည်းများနှင့် စီးပွားရေးကိစ္စရပ်များကို ပြင်ဆင်ပါ။
- ကုမ္ပဏီများနှင့် တွေ့ဆုံရာတွင်သုတေသနနည်းလမ်းများ (tools) နှင့် မေးခွန်းလွှာပုံစံများကို ပြင်ဆင်ထားပါ။
- ပစ်မှတ်ထားခြင်းသည် အချိန်ကုန်ပြီး လုပ်သားအင်အား အများအပြားအသုံးပြုရသည်ကို နားလည်ပါ - ၎င်းမှာ တစ်ကြိမ်တည်းလုပ်ဆောင်ရသော အလုပ်မဟုတ်ဘဲ မဆုတ်မနစ်ရှိခြင်း၊ စိတ်ရှည်ခြင်း၊ တီထွင်ဖန်တီးခြင်းနှင့် ဆက်ဆံရေးထူထောင်ခြင်းများ လိုအပ်သည်။
- အစည်းအဝေးများအပြီး အကဲဖြတ်မှုပြုလုပ်ကာကုမ္ပဏီများသို့ လုပ်ဆောင်ပေးရမည့် နောက်ဆက်တွဲ အဆိုပြုချက် များကို ချက်ခြင်းရေးဆွဲပါ။
- ရေရှည် နောက်ဆက်တွဲလုပ်ဆောင်ပေးမှုများနှင့် ဆက်ဆံရေးတည်ဆောက်ရန်အတွက် ရည်စူးလုပ် ဆောင်ပါ။
- ဝက်ဘ်ဆိုဒ်ကို အခြေခံသော CRM စနစ်ဖြင့် အရောင်းလုပ်ငန်းစဉ်ကို မဟာဗျူဟာကျကျ စီမံခန့်ခွဲပါ။
- စိတ်ဝင်စားသည့် ကုမ္ပဏီများ၊ အလားအလာရှိသော ကုမ္ပဏီများ၊ တက်ကြွသောကိစ္စရပ်များအပေါ်တွင် စကားပြောရန်၂၀ရာခိုင်နှုန်းရည်ရွယ်ချက်ထားပါ။
- နောက်ဆက်တွဲ လုပ်ဆောင်ပေးမှုများနှင့် ပိတ်သိမ်းမှုများအပေါ် အချိန်ကန့်သတ်ပေးရန်/အမှတ်ဖြတ်ခြင်းများ ကို ကျင့်သုံးပါ။

# (ဆ) ဆွေးနွေးစရာ ကိစ္စရပ်များ

1. Does your IPA have an image building and/or investment promotion strategy? What is more important for your country/location: image building or active investment promotion and investor targeting?

2. Has your country/location a positive image with overseas investors? If not, what can you do to improve it?

3. If you have a concrete investment promotion strategy what is the objective of this strategy?

4. What are your most active investment promotion tools: brochures, newsletters, opportunity or sector profiles, investment roadshows and fairs, website? Any order of importance? What tool has proved the most successful in attracting FDI?

5. How do you generally consider the quality of your IPA or investment promotion website? Is there more than one website? Could the contents and lay-out of the website be improved? Does the website of the national level IPA differ from those of local IPAs?

6. Have you undertaken any evaluation of the use of the website and other investment promotion tools? What do investors think of your website and quality of other used tools?

7. Does your IPA engage in reactive or pro-active investment promotion? Considering all your investment promotion efforts, are they focused and cost-effective?

8. What is your experience with using social media for investment promotion purpose? How do see the role of such media for investment promotion?

9. Does your IPA engage in active sector/industry and company/investor targeting and profiling and lead generation? What database does your IPA use? Is this database of sufficient quality? How could it be improved? Are costs a constraint to do more investor targeting?

10. What sectors and companies does your IPA promote/target for FDI? Are these target in line with your countries: (a) needs: (b) competitive advantages?

11. What are your experiences with giving company presentations and following leads? Have they been successful? If there were failures what were the reasons for this?

# ရည်ညွှန်း


Asfour, Mohammad T. and Declan Murphy (2005). *Assessment of challenges faced by Mena investment promotion agencies and investment promotion guidelines for the Mena region.* MENA-OECDInvestment Programme. OECD. Available from **https://www.oecd.org/mena/competitiveness/36086726.pdf**.

Chidozie Ajaegbu, C. (2014). Promoting foreign direct investment (FDI): The case of Uganda. Published in IMPACT: *International Journal of Research in Business Management*,volume 2, Issue No. 4, April, pp. 73-94. Impact Journals. Available from **http://citeseerx.ist.psu.edu/viewdoc/download?doi=10.1.1.678.6978&rep=rep1&ty pe=pdf**.

Fan, Ying (2010). Branding the nation: Towards a better understanding. *Place Branding and Public Diplomacy,* volume 6, Issue No. 2, May, pp. 97-103. Available from**https://doi.org/10.1057/pb.2010.16**.

Guimón, José, andSergey Filippov (2012). Competing for high-quality FDI: management challenges for investment promotion agencies. *Institutions and Economies*, vol. 4, Issue No. 2, July, pp. 25-44. Available from **http://repository.um.edu.my/1129/1/Fulltext2.pdf**.

Harding, Torfinn, andBeata Javorcik (2007). Roll out the red carpet and they will come: effect of investment promotion on FDI inflows. *VOX CEPR's Policy Portal*. Available from **http://voxeu.org/article/roll-out-red-carpet-and-they-will-come- effect- investment-promotion-fdi-inflows**.

______(2010). Roll out the red carpet and they will come: investment promotion and FDI inflows. Working Paper Series No. 18. June. University of Warwick. Available from**http://wrap.warwick.ac.uk/57330/1/WRAP_18.2010_javorcik.pdf**.

______ (2012). Investment promotion and FDI inflows: Quality matters. *Oxford Journals: CESifo Economic Studies*. 5 June. Oxford University Press. Available from**http://users.ox.ac.uk/~econ0247/MIGA.pdf**.

Hornberger, Kusi,Joseph Battat, andPeter Kusek (2011). Attracting FDI: How much does investment climate matter? *Viewpoint*, No. 327. August. World Bank and International Finance Corporation. Available from **http://siteresources.worldbank.org/FINANCIALSECTOR/Resources/327- Attracting-FDI.pdf**.

Idea Consult (2014). Study on the relationship between the localisation of production, R&D and innovation activities. Prepared in partnership with the Danish Technological Institute (DTI), and Vienna Institute for International Economic Studies (wiiw). Prepared for European Commission DG Enterprise and Industry Unit ENTR A4 – Industrial Competitiveness for Growth. ENTR/90/PP/2011/FC. September. European Competitiveness and Sustainable Industrial Policy Consortium. Rotterdam.

Iamsiraroj, Sasi, andHristos Doucouliagos (2015). Does growth attract FDI? *Economics e- Journal.* Discussion paper No. 2015-18. 10 March. Available from **http://www.economics-ejournal.org/economics/discussionpapers/2015-18/file**.

International Finance Corporation and Foreign Investment Advisory Service (IFC-FIAS) (1997). *Foreign direct investment*. Number 5 Lessons of Experience.Washington, D.C.Available from **http://elibrary.worldbank.org/doi/pdf/10.1596/0-8213-4050-6**.

Loewendahl, Henry (2001). A framework for FDI promotion. *Transnational Corporations*, vol. 10, No. 1, pp. 3-42. UNCTAD. Available from **http://www.investmentmap.org/docs/fdi-2547.pdf**.

______ (2005). Competition for investment: Best practice in investortargeting. APEC-OECD Seminar, 14-15 November 2005, Busan, Republic of Korea. OCO Consulting. Available from**http://www.animaweb.org/sites/default/files/kcfinder/files/OCO_InvestorTargeting_2005_EN_2.pdf**.

Moran, Theodore H. (2011). *Foreign direct investment and development: launching a second generation of policy research*. Peterson Institute for International Economics. April. Washington, D.C. Available from**doi: 10.1111/j.1746-1049.2012.00183.x**.

Mukim, Megha, andPeter Nunnenkamp(2010). The location choices of foreign investors: A district level analysis in India. Kiel Working Papers No. 1628. Kiel Institute for the World Economy. June. Available from**https://www.ifw-members.ifw- kiel.de/publications/the-location-choices-of-foreign-investors-a-district-level- analysis-in-india/kwp_1628.pdf**.

Organisation for Economic Co-operation and Development (OECD) (2015). *Strengthening Chile's investment promotion strategy*. March. Available from**https://www.oecd.org/daf/inv/investment-policy/Chile-investment-promotion-strategy-2015.pdf**.

United Nations Conference on Trade and Development (UNCTAD) (2001). The world of investment promotion at a glance: a survey of investment promotion practices, *ASIT Advisory Studies*, No. 17. Geneva. Available from **http://unctad.org/en/docs/poiteipcd3.en.pdf**.

______ (2007). *FDI in tourism: the development dimension*. New York and Geneva:United Nations. Available from **http://unctad.org/en/Docs/iteiia20075_en.pdf**.

______ (2008). Investment promotion agencies as policy advocates. *Investment Advisory Series*, Series A, No. 2. Available from**http://unctad.org/en/Docs/iteipc20076_en.pdf**.

______ (2009). Promoting investment and trade practices and issues. *Investment Advisory Series*,Series A, Nnumber 4. New York and Geneva. Available from **http://unctad.org/en/Docs/diaepcb20099_en.pdf**.

______ (2014). Skills and foreign direct investment promotion: what can an investment promotion agency do? *The Observer*. IPA No. 3. Available from **http://unctad.org/en/PublicationsLibrary/webdiaepcb2014d2_en.pdf**.

Vale Columbia Center on Sustainable International Investment (VCC) (2009). *Handbook for promoting foreign direct investment in medium-size, low-budget cities in emerging markets*. November. New York:Columbia University. Availablefrom **http://mci.ei.columbia.edu/files/2012/12/MCI-City-Investment-Promotion-Handbook2.pdf**.

Velde, te Dirk Willem (2001). Government policies towards inward foreign direct investment in developing countries: implications for human capital formation and income inequality, FDI, Human Capital and Education in Developing Countries, Technical Meeting, 13-14 December. OECD Development Centre, Paris.

Wells, Louis T., and Alvin G. Wint (2001). Marketing a country: Promotion as a tool for attracting foreign investment. 9 April. Harvard Business School. Available from **http://hbswk.hbs.edu/item/marketing-a-country-promotion-as-a-tool-for-attracting-foreign-investment**.

World Bank Group (2012). Global Investment Promotion Best Practices 2012. Washington, D.C.: World Bank. Available from: **https://openknowledge.worldbank.org/handle/10986/20423 License: CC BY 3.0 IGO.**

______ (2016*). Identify investor perceptions and establish image-building objectives*. Investment Climate Department. Washington, D.C.

World Bank Group/Multilateral Investment Guarantee Agency (MIGA) (2000a). *Invstment Promotion Toolkit Module 3: Creating an Investment Promotion Strategy*. Washington, D.C.

______ (2000b). *Investment Promotion Toolkit Module 5: Strengthening the location's image*. Washington, D.C.

______ (2000c). *Investment Promotion Toolkit Module 6: Targeting and generating investment opportunities*. Washington, D.C.

______ (2003). *Strengthening the location's image: Using a questionnaire to test investor perceptions*. Available from **https://www.wbginvestmentclimate.org/toolkits/investment-generation-toolkit/upload/Using_a_Questionnaire_to_Test_Investor_Perceptions.pdf**.

______ (2006). *Investment promotion agency performance review 2006*. Washington, D.C.

Zanatta, Mariana,Ionara Costa, andSergey Filippov (2006). Foreign direct investment: key issues for promotion agencies. Policy brief No. 10. UNU-MERIT Programme. United Nations University. Available from **https://collections.unu.edu/eserv/UNU:899/unu_pb_2006_10.pdf**.

t cef
8

# 8 ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း (Investment Facilitation)

## (က) ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်မှ ရင်းနှီးမြှုပ်နှံမှု အမှန်ဝင်ရောက်မှုနှုန်း တက်လာအောင် ဆောင်ရွက်ခြင်း - ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအကြောင်း မိတ်ဆက်

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အချက်အလက်များနှင့် စာရင်းဇယားများကို ကောက်ယူသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီနှင့် အခြားအေဂျင်စီများသည် နိုင်ငံတွင်းသို့ FDI စီးဝင်မှုကို တင်ပြရာတွင် ရင်းနှီးမြှုပ်နှံမှုအတည်ပြုချက်များ၊ ခွင့်ပြုချက်များကိုသာ အခြေခံ တင်ပြကြသည်။ သို့သော် အတည်ပြုခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှုအားလုံးသည် အမှန်တကယ် ဝင်ရောက်လာခြင်း မရှိတတ်ပေ။ တခါတရံ အတည်ပြုခွင့်ပြုချက်နှင့် အမှန်ဝင်ရောက် မှုအကြား ကွာဟမှုမှာ ၃၀-၅၀% ပင် ရှိတတ်သည်။ ဆိုလိုသည်မှာ အမှန်တကယ် ဝင်ရောက် လာသည့် FDI သည် စုစုပေါင်းခွင့်ပြုမှု၏ တဝက်ထက်နည်းနေခြင်း ဖြစ်သည် (ဥပမာ အိန္ဒိယအတွက် (Nunn– enkamp and Stracke, 2008)၊ အင်ဒိုနီးရှားအတွက် (Suleman and Iqbal, 2013)၊ ကမ္ဘောဒီးယားအတွက် (Cuyvers and others, 2009) တို့ကို ရှုပါ)။ အဆိုပါ ကွာဟချက်အတွက် အကြောင်းပြချက် အမျိုးမျိုးရှိနိုင်ရာ ခွင့်ပြုချက်ရယူရာတွင် စည်းမျဉ်း စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းအတားအဆီးများ၊ အခြေခံအဆောက်အဦပိုင်း လုံလောက်မှုမရှိခြင်း၊ ဒေသန္တရအစိုးရအဖွဲ့၏ ပူးပေါင်း ဆောင်ရွက်မှုမရှိခြင်း၊ မြေနေရာ ရယူမှု/ လုပ်ငန်းခွင် တည်မည့်နေရာကို ရှင်းလင်းမှုဆိုင်ရာ ပြဿနာများ၊ အလုပ်သမားရေးရာ ပြဿနာများ၊ ဘဏ္ဍာရေးဆိုင်ရာ ပြဿနာများ၊ သွင်းကုန် ရှင်းလင်းရေး ဆိုင်ရာ ပြဿနာများ၊ အဂတိလိုက်စားမှုများ၊ စွမ်းဆောင်ရည်အားနည်းသော IPA၊ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပြီး နောက်ပိုင်း ဆက်လက် ဝန်ဆောင်ပေးမှုပျက်ကွက်ခြင်း (aftercare)၊ ပြည်တွင်းအစုစပ် ပါဝင်သူများ၏ စွမ်းဆောင် ရည်ညံ့ဖျင်းခြင်း၊ ရင်းနှီးမြှုပ်နှံသူ၏ စွမ်းဆောင်ရည် မကောင်းခြင်း၊ သဘာဝ ဘေးအန္တရာယ်များနှင့် ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေ စသည်တို့ ပါဝင်နိုင်သည်။

အဆိုပါကွာဟချက်ကို လျော့နည်းစေရန် နည်းလမ်းမှာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းစက်ဝန်း (investment project cycle) (ပုံ ၈–၁) နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစက်ဝန်း(investment promotion cycle) (ပုံ၈–၂) တို့၏ အဆင့်အားလုံးတွင် ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက် ပေးခြင်း (Investment Facilitation) ကို လုပ်ဆောင်ရမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက် ပေးခြင်းကို အဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုကြရာတွင် UNCTAD (2016) က ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့

အောင် ကူညီဆောင်ရွက်ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းတို့ကို ကွဲကွဲပြားပြားဖြစ်အောင် ခွဲခြားပြသခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဆိုသည်မှာ တည်နေရာတစ်ခုအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သောကြောင့် (နိုင်ငံတစ်ခုနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိမှုလည်း ဖြစ်နေတတ်သည်)။ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူများအတွက် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တည်ထောင်ရာ တွင်လည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံမှုအား ချဲ့ထွင်ရာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံတွင် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း ဖြစ်သည်။ VCC (2009) အရ၊ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စုံစမ်းမေးမြန်းမှုများမှ အမှန်တကယ် ရင်းနှီးမြှုပ်နှံလာအောင် ပြောင်းလဲ ပေးခြင်းဖြစ်သည်။ APEC (2008) ဖွင့်ဆိုချက်အရ လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက် ပေးခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုစက်ဝန်း၏ အဆင့်အားလုံးတွင် အစိုးရ၏စီမံအုပ်ချုပ်ရေးဆိုင်ရာ ထိရောက်မှု၊ စွမ်းဆောင်နိုင်မှုအများဆုံးရှိစေရန် အစိုးရက ဒီဇိုင်း ဆွဲ၍ တာဝန်ယူလုပ်ဆောင်ခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ခုတွင် တန်ဖိုးမြင့် FDI ပရောဂျက် ၃၀,၀၀၀ ကို လေ့လာသုံးသပ်ချက်အရ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း (ဥပမာ အစိုးရက သတင်းအချက်အလက် မျှဝေပေးခြင်းနှင့် ကူညီဆောင်ရွက်ပေးခြင်းတို့သည်) သည် နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြု၊ မပြု ရင်းနှီးမြှုပ်နှံရန် အခြေတည်-မတည် စသည့် ဆုံးဖြတ်ချက်အပေါ် များစွာလွှမ်းမိုးမှုရှိသည်ကို ပြသနေသည် (World Bank Group, 2012)။

Investment facilitation သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အထောက်အကူ ဖြစ်စေသည့် အခြေခံအကျဆုံးနှင့် စရိတ်အသက်သာဆုံးသော လုပ်ဆောင်မှုဖြစ်သည်။ ၎င်း၏ အရေးအကြီးဆုံးသော အခြေခံမူများမှာ ပွင့်လင်းမြင်သာမှု (transparency)၊ ရိုးရှင်းလွယ်ကူမှု (simplicity) နှင့် ကြိုတင်ခန့်မှန်းနိုင်မှု(predictability)တို့ ဖြစ်ကြသည် (APEC, 2008)။ APEC (2008) ဖော်ပြချက်အရ – "ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး မဟာဗျူဟာတစ်ရပ် (a sound investment facilitation strategy)"သည် ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်လွှာအားလုံးအပေါ် သာတူညီမျှ၊ သမာသမတ်ရှိရှိဖြင့် လျင်မြန်စွာ ကိုင်တွယ်ဆောင်ရွက်ပေးရပါမည်။ Investment facilitation တွင် အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးပေးနိုင်မည့် အစီအမံများအပါအဝင် ရင်းနှီးမြှုပ်နှံမှုသက်တမ်း တလျှောက်လုံး၌ ပွင့်လင်း မြင်သာ၍ ကောင်းမွန်သော အုပ်ချုပ်ရေး လုပ်ထုံး လုပ်နည်းများကို ချမှတ်ကျင့်သုံးရန် လိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့် Investment facilitation လုပ်ဆောင်ရာတွင် အရည်အသွေးပြည့်မီသော ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦ ရရှိနိုင်မှု၊ အဆင့် အတန်းမြင့်သော စီးပွားရေးဝန်ဆောင်မှုများ ရရှိနိုင်မှု၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိပြီး အခြေအနေ အပေါ် မူတည်၍ လိုက်လျောညီထွေ လုပ်ကိုင်တတ်သော လုပ်သားအင်အားစု ရရှိနိုင်မှု၊ property right ကို အကာအကွယ်ပေးမှုအပေါ်တို့ဖြင့် ပိုမိုတွင်ကျယ်စွာ လုပ်ဆောင်နိုင်ပါသည်။"

ပုံ ၈-၁ ရင်းနှီးမြှုပ်နှံမှုစီမံစက်ဝန်းတွင် ရင်းနှီးမြှုပ်နှံမှုအား လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း၏ အခန်းကဏ္ဍ - ရင်းနှီးမြှုပ်နှံသူများ (ဝန်ဆောင်မှုသုံးစွဲသူများ) က အစိုးရများ (IPAs) နှင့် ထိတွေ့ဆက်ဆံသည့် နေရာ




*Source:* Investment Consulting Associate

## ပုံ ၈–၂ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစက်ဝန်း၏ အစိတ်အပိုင်းတစ်ရပ်

| | | | |
|---|---|---|---|
| ရင်းနှီးမြှုပ်နှံသူအားသတ်မှတ်ခြင်းနှင့် မြှင့်တင်ခြင်း | အချက်အလက်များ ပြင်ဆင်ခြင်း<br>ဈေးကွက်သတ်မှတ်ခြင်း<br>လုပ်ငန်းများအား သတ်မှတ်ခြင်း<br>လုပ်ငန်းအလည်ပတ်များ<br>ဆက်လက်ဆောင်ရွက်ရန်များ | တာဝန်ခံအရာရှိမှ အမြဲဆက်စပ်ကူညီပေးခြင်း | |
| ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆုံးဖြတ်ခြင်း | သတင်းအချက်အလက်များပြင်ဆင်ခြင်း<br>အချိတ်အဆက်များပံ့ပိုးခြင်း<br>တနေရာတည်းတွင် ဝန်ဆောင်မှုပေးခြင်း<br>လုပ်သား၊ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု လိုအပ်ချက်<br>ဆက်လက်ဆောင်ရွက်ရန်များ | | လုပ်သား၊ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုလိုအပ်ချက်များ သိရှိအောင် မေးမြန်း ပြီးဆက်လက်ပံ့ပိုးပေးခြင်း |
| ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း | | | |
| လုပ်ငန်းစတင်တည်ထောင်ခြင်း | တာဝန်ခံအရာရှိသတ်မှတ်ပြီးဆက်လက်ကူညီခြင်း<br>လုပ်သား၊ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုလိုအပ်ချက်<br>ဆက်လက်ဆောင်ရွက်ရန်များ<br>ပြဿနာများရှိပါ အဖြေရှာပေးခြင်း | | |
| လုပ်ငန်းလည်ပတ်ခြင်း | | | |

Source – ESCAP

ထို့ကြောင့် Investment facilitation သည် ရင်းနှီးမြှုပ်နှံသူတစ်ယောက်၏ တည် နေရာ ရွေးချယ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တို့၏ အဆင့်တိုင်းတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ ဇယား ၈–၁ တွင် ပြထားသည့်အတိုင်း facilitation က အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ၏ တည်နေရာတစ်ခုတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးအတွက် ဆုံးဖြတ်ချက်ချမှတ် ရာတွင် လိုအပ်မည့် သို့မဟုတ် တောင်းဆိုမည့် သတင်းအချက်အလက်များကို ရှာဖွေရယူရာ တွင် ကူညီ ပေးခြင်း၊ လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းလေ့လာရန် ကူညီပြင်ဆင်ပေးခြင်း (ရင်းနှီးမြှုပ်နှံမှု အကြို)၊ ရင်းနှီးမြှုပ်နှံသူအား ခွင့်ပြုမိန့်များ၊ လိုင်စင်များ၊ အတည်ပြုမိန့်များစသည်တို့ကို ရယူရာတွင် ကူညီခြင်းဖြင့် အမှန်တကယ်ရင်းနှီးမြှုပ်နှံမှု ဖြစ်ပေါ်လာ စေခြင်း (ရင်းနှီးမြှုပ်နှံမှုပြုခြင်း/ ထူထောင်သည့် ကာလ)၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာမှ ကြုံတွေ့လာရသော ပြဿနာ များကို ကူညီဖြေရှင်းပေးခြင်း (ရင်းနှီးမြှုပ်နှံမှုအလွန် ဝန်ဆောင်မှုပေးခြင်း) တို့ပါဝင်သည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမှာ အခြေခံအားဖြင့် ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်လာရေးအတွက် ပြောဆိုစည်းရုံးခြင်း (ရင်းနှီးမြှုပ်နှံမှုအကြို ဆောင်ရွက်ချက်များ)ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက် ပေးခြင်းမှာ လုပ်ငန်းထူထောင်သည့် ကာလ/ ရင်းနှီးမြှုပ်နှံသည့်ကာလနှင့် ရင်းနှီးမြှုပ်နှံမှုအလွန်အဆင့်များ ပါဝင်သည်။ အကောင်းဆုံးအလေ့အထ များအရ investment facilitation သည် IPA တစ်ခုအတွက် အရေးအကြီးဆုံးသော လုပ်ငန်းရပ်ဖြစ်ပြီး ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းရပ်များထက် အချိန်ပိုမို သုံးစွဲရတတ်သည်။

ရင်းနှီးမြှပ်နှံမှုလုပ်ငန်း ထူထောင်ပြီးအဆင့်တွင် investment facilitation ကို ဆက်လက် လုပ်ဆောင်ရန် မလိုဟု သဘောထားတတ်ကြသည်။ သို့သော် UNCTAD (2016) ၏ ၂၀၁၀ မှ ၂၀၁၅ ကာလအတွင်း လေ့လာချက်အရ ကမ္ဘာတလွှားတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့စေရေး မူဝါဒအသစ် အနည်းဆုံး ၁၇၃ ခုရှိသည်။ သို့သော် ထိုအထဲမှ တစ်ဝက်ခန့်မှာ ရင်းနှီး မြှုပ်နှံမှု မက်လုံးပေးခြင်းများ နှင့် ဆက်စပ်နေပြီး အထူးစီးပွားရေးဇုန်များ နောက်မှကပ်ပါလျက်ရှိသည်။ ထိုအထဲမှ ၂၃% သည်သာ ရင်းနှီး မြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းရပ်များနှင့် သက်ဆိုင်သည်။ IPA အများစုသည် ရင်းနှီးမြှုပ်နှံသူက ရင်းနှီးမြှုပ်နှံမည်ဟု ပြောဆိုသဘောတူပြီးပါက ၎င်းတို့တာဝန်ပြီးဆုံးပြီ ဟု မှတ်ယူတတ်ကြသည်။ ၎င်းမှာ မှားယွင်းသော ခံယူချက်ဖြစ်ပါသည်။ ရင်းနှီးမြှပ်နှံမှုလုပ်ငန်း ထူထောင်ပြီး အဆင့်တွင် လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း သို့မဟုတ် ရင်နှီးမြှပ်နှံမှုအလွန် ဝန်ဆောင်မှု ပေးခြင်း (aftercare) သည် ရင်းနှီးမြှုပ်နှံသူအား ပျော်ရွှင်အောင်ထားခြင်းဖြစ်ပြီး အမှန်တကယ် ရင်းနှီး မြှုပ်နှံရန်လည်း သေချာစေပါသည်။ အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုဖြစ်မလာပါက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ဆောင်မှုမှာ အဓိပ္ပါယ်မရှိလှပေ။ ထို့အပြင် ကျေနပ်ပျော်ရွှင်နေသော ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီး မြှုပ်နှံမှု တည်နေရာတစ်ခုကို ကြော်ငြာအပေးနိုင်ဆုံးဖြစ်သလို လက်ရှိ ရင်းနှီးမြှုပ်နှံနေသူများက နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဆွဲဆောင်ရာတွင် သံတမန်များအဖြစ် ကူညီပေးပါလိမ့်မည်။ ရင်းနှီးမြှပ်နှံမှု အလွန် ဝန်ဆောင်မှုပေးခြင်း(aftercare)မျိုးမရှိပါက ရင်းနှီးမြှုပ်နှံသူများ စိတ်ပျက်သွားပြီး ရင်းနှီးမြှုပ်နှံမှု များ ဆက်လက်လုပ်ဆောင်တော့မည် မဟုတ်ပဲ တိုင်းပြည်မှ ထွက်ခွာသွားကာ အလားအလာရှိသော အခြား ရင်းနှီးမြှုပ်နှံသူများထံသို့ သတင်းဆိုးများ ပြန့်နှံ့သွားပေလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုကို ချောမွေ့အောင်ပံ့ပိုးခြင်း၊ အထူးသဖြင့် ရင်းနှီးမြှပ်နှံမှုအလွန် ဝန်ဆောင်မှုပေးခြင်း (aftercare) သည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် အရေးပါသောအစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် IPA အား လုံလောက်သော အသုံး အဆောင်များ၊ အရင်းအမြစ်များ ဖြည့်ဆည်း ပေးသင့်ပါသည်။

ထို့ကြောင့် investment facilitation ၏ ရည်မှန်းချက်ပန်းတိုင်မှာ ကနဦးရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုး ပေးရန်၊ အဆိုပါရင်းနှီးမြှုပ်နှံမှုကို ထိန်းသိမ်းရန်နှင့် လက်ရှိရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့စေရန်တို့ ဖြစ်သည်။ ၎င်းသည် **ရင်းနှီး မြှုပ်နှံသူများ** (IPA ၏ဖောက်သည်များ) **၏ ကျေနပ်မှုကို တိုးပွားစေရန် ဖြစ်သည်။** ဇယား ၈–၁ တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစက်ဝန်းတလျှောက်လုံး၌ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီ ဆောင်ရွက် ပေးခြင်းအပါအဝင် အရေးအကြီးဆုံးသော သွင်ပြင်လက္ခဏာများနှင့် လုပ်ဆောင်မှုများကို ခြုံငုံဖော်ပြထားသည်။

## ဇယား ၈–၁ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစက်ဝန်းတလျှောက်လုံး၌ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း

| ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆောင်ရွက်ရန် အဆင့်များ | ရင်းနှီးမြှုပ်နှံမှုကို ချောမွေ့အောင် ပံ့ပိုးခြင်းလုပ်ဆောင်မှုများ |
|---|---|
| **ရင်းနှီးမြှုပ်နှံမှုအကြို (ထိရောက်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို အာရုံစိုက်ခြင်း)** | • အိမ်ရှင်နိုင်ငံ၏ တည်နေရာတွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်ချရေးတွင် အထောက်အကူဖြစ်ရန် ရင်းနှီးမြှုပ်နှံသူအား လိုအပ်သော သက်ဆိုင်သည့် သတင်းအချက်အလက်များအားလုံးဖြည့် ဆီးပေးခြင်း။<br>• အလားအလာရှိသော ဖောက်သည်များ၊ အစိုးရဌာနများနှင့် လိုအပ်သော အစည်းအဝေးများ ကျင်းပခြင်း။<br>• လုပ်ငန်းခွင်တည်မည့် နေရာများသို့ ကွင်းဆင်း ရန် ပြင်ဆင်ခြင်း၊ သွားရောက်ခြင်း။ |
| **လုပ်ငန်းတည်ထောင်ခြင်းကာလ (တည်ဆောက်ရေး) (ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ဦးစားပေးခြင်း).** | • "တစ်နေရာတည်းတွင် အပြီးဝန်ဆောင်မှုပေးခြင်း – ရင်းနှီးမြှုပ်နှံမှုလိုင်စင် ရယူရာတွင် ကူညီခြင်း၊ အလုပ် အလုပ်၍ နေထိုင်ခွင့် ပါမစ်၊ မြေယာနှင့် အဆောက်အဦ အသုံးပြုခွင့် (အခြေပစ္စည်း ငှားရမ်း၊ ဝယ်ယူခြင်း) ၊ အလုပ်သမား၊ ဘဏ္ဍာငွေ စသည်။ |
| **လုပ်ငန်းတည်ထောင်ပြီးနောက်ပိုင်းကာ (aftercare) (ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ဦးစားပေးခြင်း).** | • ထုတ်လုပ်နေစဉ်ကာလအတွင်း ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့်၌ ပြဿနာများ၊ ဥပမာ–အလုပ်သမား၊ ဝန်ဆောင်မှုအသုံးပြုခြင်းများ၊ ပါမစ်များ နှင့်၊<br>• ကွင်းဆင်းစစ်ဆေးမှုများကို စီမံခန့် ခွဲခြင်း၊<br>• အခြားအုပ်ချုပ်ရေးဆိုင်ရာ စော်ကားမှုများ၊ အဂတိ လိုက်စားမှုများကို စီမံခန့်ခွဲခြင်း (လျှော့ချခြင်း)။ |

*Source:* ESCAP.

ရင်းနှီးမြှုပ်နှံမှုကို ချောမွေ့အောင်ပံ့ပိုးရာတွင် IPAများ ဂရုပြုစဉ်းစားရမည့် အဓိက သွင်ပြင် လက္ခဏာ အချို့ ပါဝင်သည် –

- Investment facilitation သည် ကနဦးစုံစမ်းသည့် ကာလမှ aftercare အထိ ပရောဂျက် စက်ဝန်း တစ်ခုလုံး ပါဝင်သည်။
- ဝန်ဆောင်မှုပေးရမည်ဟူသောစိတ်ဓါတ်မျိုးကို အမြဲမွေးထားပြီး ရင်းနှီးမြှုပ်နှံသူများကို မိမိ၏ဖောက်သည်များ အဖြစ် မှတ်ယူပါ။
- ကောင်းမွန်သော ပြင်ဆင်မှုများသည် ရင်းနှီးမြှုပ်နှံသူများနှင့် အောင်မြင်စွာဆွေးနွေးနိုင်ရန်အတွက် အရေးပါသည်။
- ပြဿနာများကို အစောပိုင်းကာလများတွင်ပင် ဖော်ထုတ်ရမည်။ အစကတည်းက ရင်းနှီးမြှုပ်နှံသူများနှင့် မိမိဘက်မှစ၍ အဆက်အသွယ်မပြတ်အောင်လုပ်ဆောင်ထားမှသာ ပြဿနာကို အောင်မြင်အောင်ဖြေရှင်းနိုင်မည် ဖြစ်သည်။

- ပြဿနာများ သို့မဟုတ် သတင်းအချက်အလက်တောင်းခံခြင်း သို့မဟုတ် အကူအညီတောင်းခံမှုများကို အချိန်နှင့် တပြေးညီ ကိုင်တွယ်ဖြေရှင်း၊ ဆောင်ရွက်ပေးသင့်သည်။
- စတင်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းသစ်များသည် စဉ်ဆက်မပြတ်အကူအညီပေးရန် ပို၍ လိုအပ်သည်ကို အသိအမှတ်ပြုသင့်ပြီး သေးငယ်သော ကုမ္ပဏီများသည် ကြီးမားသော TNC များနှင့် ယှဉ်ပါက မတူညီသော လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်များရှိသည်။
- ရင်းနှီးမြှုပ်နှံသူများနှင့် အဆက်အသွယ်သည် ပုံမှန်ရှိရမည်ဖြစ်ပြီး အထူးသဖြင့် အဓိကကျသော၊ ကြီးမားသော ရင်းနှီးမြှုပ်နှံသူများနှင့် အဆက်အသွယ် ပုံမှန်ရှိရန် အရေးကြီးပါသည်။
- ဝန်ဆောင်မှုများသည် စာအုပ်ကြီးအတိုင်း မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံသူ တစ်ဦးချင်းအတွက် လိုအပ်သလို ဖြည့်ဆည်းပေးသော ဝန်ဆောင်မှုမျိုးဖြစ်သင့်ပြီး ကုမ္ပဏီရေးရာ အမှုဆောင်/အရာရှိ (account executive) ၏ ချဉ်းကပ်မှုပုံစံအတိုင်း ဖြစ်သင့်သည်။
- ရင်းနှီးမြှုပ်နှံသူများကို အဆက်အသွယ် အမျိုးမျိုးပေးနိုင်ရန်နှင့် အုပ်ချုပ်ရေး ယန္တရားနှင့်ဆိုင်သော အခက်အခဲများ၊ အခြားအတားအဆီးများကို ကျော်လွှားနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံသူများကို အကူအညီပေးနိုင်ရန် IPA များသည် ပုဂ္ဂလိကကဏ္ဍ၊ အခြားအစိုးရဌာနများနှင့် နီးကပ်သော ကွန်ရက် ရှိရမည်။

IPA များအနေဖြင့် ၎င်းတို့သည် ဝန်ဆောင်မှုပေးသူများဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ဖောက်သည်များဖြစ်သည်ဆိုသည်ကို နားလည်ထားရန် လိုအပ်ပါသည်။ ထို့ကြောင့် ဖောက်သည်အား ဝန်ဆောင်မှုပေးသည်ဟု ရှင်းလင်းသော စိတ်နေသဘောထားမျိုးကို ထားရှိ၊ ကျင့်သုံးသင့်သည်။ ရင်းနှီးမြှုပ်နှံသူ များနှင့် မတွေ့ဆုံမီ ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ရန် လိုအပ်ပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများ၏ နောက်ခံ သမိုင်းကို သိရှိထားရန်လည်း လိုအပ်ပါသည်။ ထိုကုမ္ပဏီများတွင် မည်သို့သော လိုအပ်ချက်များ ရှိသလဲ၊ ရင်းနှီးမြှုပ်နှံမှုစက်ဝန်း၏မည်သည့်အဆင့်တွင်ရောက်ရှိနေသလဲ ဆိုသည်တို့ကို သိရှိထားရန် လိုအပ်ပါသည်။ IPA များသည် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အခြေအနေအား အဆက်မပြတ် ခြေရာခံနိုင်ရန် ရင်းနှီးမြှုပ်နှံသူ ကို ခြေရာခံသည့်စနစ် (Investor Tracking System) ကို အသုံးပြုရန် လိုအပ်ပါမည်။ ရင်းနှီးမြှုပ်နှံသူ များသည် နိုင်ငံရပ်ခြားတွင် လုပ်ငန်းလုပ်ဆောင်နေရခြင်း ဖြစ်ရာ ပြဿနာများကို မိခင် နိုင်ငံမှာကဲ့သို့ လွယ်လွယ်ကူကူ ဖြေရှင်းနိုင်ရန် မလွယ်ကူပါ။ IPA များသည် ရင်းနှီးမြှုပ်နှံသူ လိုအပ်သည့် သတင်းအချက်အလက်ကို အတိအကျ ပံ့ပိုးပေးခြင်း (သို့မဟုတ် ပြဿနာအား ဖြေရှင်းပေးခြင်း) ကို အလျင်အမြန် လုပ်ဆောင်ပေးပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ကျေနပ်မှု ပိုရရှိပေလိမ့်မည်။ ကနဦး စုံစမ်းသည့်ကာလမှစ၍ ရင်းနှီးမြှုပ်နှံမှုအလွန် ဝန်ဆောင်မှုပေးခြင်း (aftercare) အထိ ရင်းနှီးမြှုပ်နှံမှုစက်ဝန်း တစ်လျှောက်လုံးတွင် ရင်းနှီးမြှုပ်နှံသူများအတွက် IPA များက ဝန်ဆောင်မှုပေးနေရန် လိုအပ်ပါသည်။

ကမ္ဘာ့ဘဏ်၏စာတမ်း (Ortega and Griffin, 2009) သည် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှိုင်းယှဉ်သတ်မှတ်ခြင်းအစီရင်ခံစာ (၂၀၀၉) (The Global Investment Promotion Bench-marking 2009 Report) ၏ တွေ့ရှိချက်ကို ကိုးကားရာတွင် IPA များ၏ ၇၀% ကျော် သည် ရင်းနှီး မြှုပ်နှံသူများအား ထိရောက်သော investement facilitation ဝန်ဆာင်မှုများပေးရန် ပျက်ကွက်သည်ဟု ဆိုသည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံသူများကို တိကျသော သတင်းအချက်အလက်များ၊ အချိန်မီပေးရမည့် သတင်းအချက် အလက်များပေးရန် ပျက်ကွက်သည်ဟု ဆိုသည်။ အဆိုပါစာတမ်းတွင် investment facilitation သည် အရိုးရှင်းဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံးလုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း ရေးသား ထားသည်။ သို့တိုင်အောင် IPA အတော်များများက ထိုသို့လုပ်ဆောင်ရန် လစ်လျူရှုတတ်ကြသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏

ရင်းနှီးမြှုပ်နှံဝန်းကျင် အတိုင်ပင်ခံဝန်ဆောင်မှုအဖွဲ့ (Investment Climate Advisory Services)၏ စစ်တမ်းတစ်ခုတွင် နှုန်းယှဉ်သတ်မှတ်ခြင်းဆိုင်ရာလေ့လာမှု၌ စွမ်းဆောင်ရည် ထိပ်တန်းကျသော အေဂျင်စီများတွင် အသုံးများသော အလေ့အထ ၁၄ ခုကို ဖော်ထုတ်ခဲ့ကြသည်ဟုဆိုသည်။ စွမ်းဆောင်ရည် အားနည်းသော IPA များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် ဒေါ်လာ ထရီလီယံတန်သော ဈေးကွက်ဝေစုကြီးကို ရရှိနိုင်ရန် အဆိုပါအလေ့အထများကို ကုန်ကျစရိတ်သက်သာစွာ အကောင်အထည်ဖော်နိုင်သည်။ ဇယားကွက် ၈–၁ တွင် ထိုအလေ့အထ ၁၄ ခုကို ဖော်ပြ ထားသည်။

**ဇယားကွက် ၈–၁ ရင်းနှီးမြှုပ်နှံမှုကို ချောမွေ့အောင်ပံ့ပိုးခြင်းအတွက် အသုံးများသော အလေ့အထ ၁၄ ခု**

**ပုဂ္ဂလိက ကဏ္ဍကဲ့သို့ စိတ်ထားမျိုးကို မွေးမြူပါ။**

၁။ အစိုးရဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် အလုပ်လုပ်ဖူးသည့် အတွေ့အကြုံရှိသော သူများကို အလုပ်ခန့်၍ လေ့ကျင့်ပေးပါ။
၂။ ပုဂ္ဂလိကကဏ္ဍတွင် ပေးသော လစာ၊ အပိုဆုကြေးတို့နှင့် အနီးစပ်ဆုံးပမာဏကို ချိန်မြင့်ပါ။
၃။ အလုပ်လုပ်ရာတွင် လွတ်လပ်ခွင့်ကို ပေးထားကာ အစီရင်ခံသည့်လမ်းကြောင်းကို အဆင့် မြင့်ပုဂ္ဂိုလ်အထိ လမ်းကြောင်းပွင့်နေပါစေ။
၄။ ဦးစားပေးလုပ်ငန်းကဏ္ဍအနည်းငယ်အပေါ်တွင်သာ အားထည့်၍ ကြိုးပမ်းလုပ်ဆောင်ပါ။
၅။ တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၊ နိုင်ငံရပ်ခြားမှ ကွန်ရက်များ၊ မိတ်ဖက်များနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ညှိနှိုင်းလုပ်ဆောင်ပါ။
၆။ အင်္ဂလိပ်စကားပြောနိုင်သည့် ဝန်ထမ်းအရေအတွက် လုံလောက်အောင်ထား၍ အဆင်ပြေ ချောမွေ့စေရေး ဆိုင်ရာ ကျွမ်းကျင်မှုများ ရှိနေပါစေ။
၇။ ဝန်ထမ်းများကို အဆက်မပြတ် လေ့ကျင့်သင်ကြားပေးပါ။ တိုးတက်မှုရှိပါစေ။ အထူးသဖြင့် ဆက်ဆံရေး ကျွမ်းကျင်မှု (soft skills)ရှိပါစေ။

**စီးပွားရေးနှင့်ဆိုင်သော ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်နေပါစေ။**
၈။ ဌာနတွင်း သုတေသနလုပ်ဆောင်နိုင်စွမ်းကို အတိုင်းအတာတစ်ခုထိရှိအောင် ထူထောင်ထားပါ။
၉။ ရင်းနှီးမြှုပ်နှံသူများကို စီမံခန့်ခွဲသော မန်နေဂျာများ (account managers)ကို သီးသန့် လုပ်ငန်းသဏ္ဌာအလိုက် ဗဟုသုတဟင်းလေးအိုးများဖြစ်လာအောင် မွေးမြူပေးပါ။
၁၀။ ဗဟုသုတများ စုဆောင်မိစေပြီး သက်ဆိုင်မှုလည်း ရှိပါစေ။

**ကောင်းမွန်သော လွယ်ကူချောမွေ့စေရေး ကူညီဆောင်ရွက်ခြင်းလုပ်ငန်းများ တသမတ်တည်းရှိစေရန် အတွက်ဌာနတွင်းစနစ်များချမှတ်အကောင်အထည်ဖော်ပါ။**
၁၁။ ဝန်ထမ်းများအနက်မှ ပြည့်စုံသောအချိုးကို ဤလုပ်ဆောင်မှုအတွက် ရည်စူးကာ လေ့ကျင့်ပေးခြင်း အပါ အဝင် မဟာဗျူဟာတစ်ခုလုံးကို ခြုံ၍ ပံ့ပိုးကူညီမှုကို ဦးစားပေးသတ်မှတ်ပါ။
၁၂။ အသုံးပြုရလွယ်ကူရန်၊ ခေါ်ဆိုလာမှုများနှင့် အီးမေးလ်များကို အလျင်အမြန်ပြန်နိုင်ရန် ပစ္စည်း

ကိရိယာများ၊ လုပ်နည်းကိုင်နည်းများကို ထိန်းသိမ်းထားပါ။
၁၃။ ရင်းနှီးမြှုပ်နှံသူများအတွက် အရေးကြီးသော သတင်းများကို မကြာခဏထည့်သွင်းပေးခြင်းဖြင့် ဝက်ဘ် ဆိုဒ်မှတဆင့် ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် စွမ်းအားရှိကြောင်းပြသပါ။
၁၄။ ပါဝင်သော အကြောင်းအရာ၊ ပုံစံ၊ အချိန်ကာလသတ်မှတ်ချက်၊ စုံစမ်းမေးမြန်းမှုများကို ပြန်လည် ဖြေကြားမှု များ အရည်အသွေးသေချာစေမှုတို့တွင် အသေးစိတ် လမ်းညွှန်မှုများကို လိုက်နာပါ။

ဇစ်မြစ်−Ortega and Griffin (2009).

UNCTAD(2016) အရ ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးရာတွင် ကျယ်ပြန့် သော မူဝါဒချဉ်းကပ်မှုနည်းလမ်းတစ်ရပ်လိုအပ်ပြီး ရင်းနှီးမြှုပ်နှံမှုကိုလွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်း အတွက် ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်ချက်စာရင်း (Global Action Menu for Investment Facilitation) ကို တင်ပြထားသည်။ အဆိုပါစာရင်းက လက်ရှိ ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ဖြည့်စွက်ကူညီနိုင်ရန် ကြိုးစားထားခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတွင် ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ် ပေးရန် ရည်ရွယ်သော မူဝါဒရေးရာ ကိစ္စရပ်များ မပါဝင်ပေ။ အကြောင်းမှာ ရင်းနှီးမြှုပ်နှံမှုကို အကာအကွယ် ပေးရေး ကိစ္စရပ်များမှာ လက်ရှိနိုင်ငံတော် ဥပဒေ မူဘောင်များနှင့် IIA များတွင် ကောင်းစွာထည့်သွင်း ထားပြီးဖြစ်သည်။ ထိုနည်းတူစွာပင် အာမခံချက်ပေးခြင်း သို့မဟုတ် မက်လုံးပေးခြင်းကဲ့သို့သော ရင်းနှီး မြှုပ်နှံမှုကို တိုက်ရိုက်ပံ့ပိုးသည့် အစီအမံများလည်းမပါဝင်ပေ။ အဆိုပါ စာရင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒ ကိစ္စများအတွက် မူဝါဒချမှတ်သူများနှင့် အစိုးရဌာနများ အနေဖြင့် ရွေးချယ်စရာ အချက် ၁၀ ချက်ကို အဆိုပြုထားသည်။ ၎င်းတွင် နိုင်ငံများက တဖက်သတ် အကောင်အထည် ဖော်ရန် ရွေးချယ် နိုင်သည့် လုပ်ဆောင်ရန်အချက်များအပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် IIA များတွင် ထည့်သွင်းနိုင်သည့် ရွေးချယ်စရာများလည်းပါဝင်သည်။ အဆိုပါစာရင်းသည် UNCTAD ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒမူဘောင် (Investment Policy Framework for Sustainable Development)ကို အခြေခံသည်။ ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်ချက်စာရင်း (Global Action Menu) ကို http:// investmentpolicyhub.unctad.org/Upload/ Documents/ UNCTADAction Menu ForInvestment Facilitation.v4.16.09.2016.pdf တွင် ဖတ်ရှုလေ့လာ နိုင်ပါသည်။

## (ခ) လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုရန် ပြင်ဆင်ခြင်းနှင့် သွားရောက်ကြည့်ရှုခြင်း

### ၁။ လုပ်ငန်းခွင်တည်မည့် နေရာသို့ ကွင်းဆင်းကြည့်ရှုရန် ပြင်ဆင်ခြင်း

ရင်းနှီးမြှုပ်နှံမှုအကြိုအဆင့် (Pre-establishment Phase)တွင် လုပ်ဆောင်သော investment facilitation သည် များသောအားဖြင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို တိကျသော၊ အချိန်မှန်သော၊ နောက်ဆုံးရ သတင်းအချက်အလက်များကို ပေးခြင်းဖြစ်သည်။ သတင်းအချက်အလက်များဆိုရာတွင် IPA နိုင်ငံတွင်ရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေများ၊ ဖြစ်နိုင်သော တည်နေရာနှင့် လုပ်ငန်းခွင်တည်နိုင်သည့် နေရာများ အကြောင်းအချက်များဖြစ်သည်။ သို့ရာတွင် အလားအလာရှိသော ရင်နှီးမြှုပ်နှံသူအသစ်များသည် ထိုင်ရာမထဘဲ သတင်းအချက်အလက်များကို လေ့လာသုံးသပ်ခြင်း (desk research)၊ နှိုင်းယှဉ်မှုအခြေအနေပြ လေ့လာမှုများ (benchmark studies)ကိုသာ အခြေခံ၍ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ပြုလုပ်ကြလေ့ မရှိပေ။ ၎င်းတို့သည် ရရှိထားသည့် အချက်အလက်များကို စိစစ်ရန်၊ သေချာမှန်ကန်မှုရှိရန်အတွက် လုပ်ငန်းခွင် တည်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုပြီးမှသာ ရင်းနှီးမြှုပ်နှံမှု အတွက် ဆုံးဖြတ်ချက်များ ချနိုင်ကြလေ့ရှိသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူက တည်နေရာ တစ်ခုကို အမှန်တကယ်စိတ်ဝင်စားလာပါက investment facilitation ၏ နောက်တဆင့်မှာ လုပ်ငန်းခွင် တည်မည့်နေရာသို့ ကွင်းဆင်းပြသရန် ဖြစ်သည်။

လုပ်ငန်းခွင်တည်နေရာသို့ ကွင်းဆင်းကြည့်ရှုခြင်းသည် ရင်းနှီးမြှုပ်နှံသူတစ်ဦးအတွက် ကိုက်ညီအောင် စီစဉ်ထားသော အစီအစဉ်တစ်ရပ်ဖြစ်ကာ IPA အတွက် တည်နေရာနှင့် ဒေသဆိုင်ရာ စီးပွားရေး ဥတုအခြေအနေ၊ ရရှိနိုင်သောရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အထောက်အကူများ အကြောင်း ပြသခွင့်ရသည်။ ဆိုလိုသည်မှာ လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုခြင်းသည် အလားအလာ ရှိသော ရင်းနှီးမြှုပ်နှံသူများက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် အကောင်းဘက်သို့ ဦးတည်နိုင်ရန် လုပ်ဆောင်နိုင်သော အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ တဖက်တွင် လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းလေ့လာမှု တစ်ခုပြုလုပ်ရန် အစီအစဉ်ရေးဆွဲ၊ ပြသရခြင်းသည် အချိန်နှင့် အရင်းအမြစ်များစွာ လိုအပ်သည်။ IPA တစ်ခု၊ များသောအားဖြင့် ဒေသန္တရ IPA သို့မဟုတ် ဒေသန္တရ IPA ၏ ဌာနခွဲတစ်ခုသည် ရင်းနှီးမြှုပ်နှံသူက ရင်းနှီးမြှုပ်နှံအဆိုပြုမှုတစ်ခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအတွက် တရားဝင်စုံစမ်းမေးမြန်းတစ်ခုကို ပြန်လည်ဖြေဆိုသည့်အခါမှသာ လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းပြသပေးရန် စတင်အစီအစဉ်ရေးဆွဲသင့်သည်။ လုပ်ငန်းခွင် တည်မည့်နေရာသို့ ကွင်းဆင်း ပြသမှုအတွက် အစီအစဉ်ရေးဆွဲခြင်းသည် ရင်းနှီးမြှုပ်နှံမှု အကြိုလုပ်ငန်းတွင် IPA ၏ investment facilitation အခန်းကဏ္ဍတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာအား အသေးစိတ် ကြည့်ရှုစစ်ဆေးရန် လိုအပ်ပြီး IPA က ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် လမ်းညွှန်အဖြစ် ဆောင်ရွက်ပေး သင့်သည်။ အကယ်၍ ရင်းနှီးမြှုပ်နှံမည့်သူအား IPA ၏ အဆိုပြုတင်ပြချက် သို့မဟုတ် ချဉ်းကပ်လုပ်ကိုင်ပုံ သည် အခြားသော IPA များထက် လျင်မြန်စွာဆောင်ရွက်ပေးနိုင်ကြောင်း နားဝင်အောင် ပြောဆိုတင်ပြ နိုင်ပါက ရင်းနှီး မြှုပ်နှံမည့်သူသည်မိမိနိုင်ငံ၊ အရပ်ဒေသတွင် ရင်းနှီးမြှုပ်နှံလာရန် တဝက်မက သေချာနေပြီ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ လုပ်ငန်းခွင် တည်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုမှုစဉ်အတွင်း သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပြီး၊ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အခြားရင်းနှီးမြှုပ်နှံသူများ နှင့် မိတ်ဆက်ပေးနိုင်ပါက အဆိုပါ ရင်းနှီးမြှုပ်နှံမှု မိမိတို့ဆီရောက်ရှိလာရန်အတွက် အရေးပါသော ဆောင် ရွက်ချက်များ ဖြစ်သည်။ IPA သည် ကွင်းဆင်းကြည့်ရှုမည့်အဖွဲ့တွင် မည်သူတွေပါဝင်မည်ကို သိရှိ ထားရန် လိုအပ်ပါသည်။ အဖြစ်နိုင်ဆုံးပါဝင်မည့်သူများသည်မှာ ကုမ္ပဏီမှ အကြီးတန်းအရာရှိများ ဖြစ်နိုင်ပြီး ရင်းနှီး မြှုပ်နှံမှုအသစ်ပြုလုပ်မည့် လုပ်ငန်းတည်နေရာတွင်အခြေစိုက်မည့် အရာရှိ ပါဝင်နိုင်ပါသည်။ ကွင်းဆင်း ကြည့်ရှုမည့်အဖွဲ့တွင် ပါဝင်နိုင်သူများမှာ –

- **အကြီးတန်းမန်နေဂျာ** –ပရောဂျက်အဖွဲ့ကို ကြီးကြပ်မည်။
- **လူ့စွမ်းအားအရင်းအမြစ် မန်နေဂျာ**– အလုပ်သမားဈေးကွက်နှင့် ပညာရေးစနစ်တို့၏ အခြေ အနေများ ကို ဆန်းစစ်မည်။
- **လုပ်ငန်းလည်ပတ်မှုမန်နေဂျာ**– လုပ်ငန်းလည်ပတ်မှုနှင့်စပ်လျဉ်းသော အခြေအနေအားလုံးကို ဆန်းစစ် မည်။
- **အိမ်ခြံမြေ/အဆောက်အဦ မန်နေဂျာ** –ထောက်ပံ့သယ်ယူပို့ဆောင်ရေး၊ စက်ပစ္စည်း ကိရိယာများ ရယူသုံးစွဲနိုင်မှု အပါအဝင် အိမ်ခြံမြေ ကိစ္စရပ်များကို ဆန်းစစ်မည်။
- **သတင်းအချက်အလက်နည်းပညာ (ICT) မန်နေဂျာ**– ဆက်သွယ်မှုများ၊ လျှပ်စစ်စွမ်းအား၊ တယ်လီကွန်းနှင့် ပစ္စည်းကိရိယာနှင့်ဆိုင်သော ကိစ္စရပ်များကို နားလည်ထားရန် လုပ်မည်။
- **လုံခြုံရေးမန်နေဂျာ**– ကုမ္ပဏီဝန်ထမ်းများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို ဆန်းစစ်မည်။

IPA သည် ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်နှင့် သက်ဆိုင်သော အသေးစိတ် သတင်းအချက် အလက် များကို ကြိုတင်စုဆောင်းထားနိုင်လေလေ၊ လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းပြသရာတွင် ရင်းနှီး မြှုပ်နှံ သူ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင်စီစဉ်တင်ပြပေးနိုင်မည် ဖြစ်သည်။ ဥပမာအားဖြင့် IPA သည် ရင်းနှီး မြှုပ်နှံသူ၏ အောက်ပါလိုအပ်ချက်များကို သိ ရှိထားရန် လိုအပ်သည် –

- တည်နေရာ (မြို့ကြီး၊ စက်မှုဇုန်ရိယာ၊ ဆိပ်ကမ်းနှင့်နီးသောနေရာ စသည်ဖြင့်)
- လုပ်ငန်းခွင်နေရာ (အထူးစီးပွားရေးဇုန်၊ မြို့တော်အတွင်း၊ မြို့တော်အပြင်၊ ကုန်ပစ္စည်းပေးသွင်းသူများ နှင့် နီးသောနေရာများ စသည်ဖြင့်)
- အဆောက်အဦ ဥပစာများ (စက်ရုံ၊ သိုလှောင်ရုံများ စသည်ဖြင့်ရရှိနိုင်မှု)
- လူ့စွမ်းအားအရင်းအမြစ်များ
- ထောက်ပံ့သယ်ယူပို့ဆောင်ရေးနှင့် အခြေခံ ဝန်ဆောင်မှုများ (utilities)၊ စွမ်းအင်
- ပစ္စည်းပေးသွင်းသူများနှင့် ချိတ်ဆက်မှု (အချိန်နှင့် အကွာအဝေး)
- ဈေးကွက်နှင့် ချိတ်ဆက်မှု – လက်ကားရောင်းသူများ/ လက်လီရောင်းသူများ/ စားသုံးသူများ (အချိန်နှင့် အကွာအဝေး)

IPA သည် မိမိဘက်မှစ၍ တက်တက်ကြွကြွရှိရန်နှင့် ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်များကို မှန်းဆထားရန်အရေးကြီးသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံသူ၏ ကိုယ်စားလှယ်အဖွဲ့က စုံစမ်းမေးမြန်းရန် သို့မဟုတ် တောင်းဆိုချက်များနှင့် ရောက်ရှိလာချိန်တွင် မည်သို့တုံ့ပြန်ဖြေဆိုရမည်ကို မသိသည့် အဖြစ်မျိုး များကို ရှောင်နိုင်မည်ဖြစ်သည်။ IPA သည် ဦးစွာအနေဖြင့် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီက မည်သည့်အချက် များပေါ် အခြေခံ၍ လုပ်ငန်းတည်နေရာကို မည်သို့ရွေးချယ်သည်ကို သိရှိနေရမည်ဖြစ်သည်။ တခါတရံတွင် လုပ်ငန်းတည် နေရာ ရွေးချယ်မှုကို အကြံပေးပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက လုပ်ဆောင်ကြသည်။ ဥပမာ - နာမည်ကြီး စာရင်းကိုင် ကုမ္ပဏီ၊ အင်ဂျင်နီယာလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်နှင့် ဗိသုကာကုမ္ပဏီများ၊ တန်ဘိုးသတ်မှတ်သည့် ပွဲစားများ (value broker)၊ လုပ်ငန်းတည်နေရာနှင့်ပတ်သက်၍ ကျွမ်းကျင် ပညာရှင်များ၊ ကုမ္ပဏီတွင်းရှိ အထူး ပရောဂျက်အဖွဲ့၊ အကြီးတန်းမန်နေဂျာများ၊ နိုင်ငံတကာ စီးပွားရေး အသင်းအဖွဲ့များ သို့မဟုတ် အိမ်ရှင်နိုင်ငံတွင် ရှိနှင့်ပြီးသော ရင်းနှီးမြှုပ်နှံသူ၏ ကိုယ်စားလှယ်ရုံး (ထိုရုံးသည် ရင်းနှီးမြှုပ်နှံသူ၏ စိတ်ဝင်စားမှုကို အိမ်ရှင် နိုင်ငံအား ပြသပါလိမ့်မည်) စသည်တို့ဖြစ်သည်။ IPA သည် လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်း ကြည့်ရှုမှု ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်ကို ဖော်ထုတ်ရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများစွာသည် အိမ်ရှင်နိုင်ငံသို့ ယခင်က ရောက်ဖူးသူများ ဖြစ်ဖို့များပါသည်။

လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုမှုပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များအပေါ် မူတည်၍ IPA များသည် ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်များ၊ စုံစမ်းလာနိုင်သည်များကို ခန့်မှန်း၍ သက်ဆိုင်မည့် သတင်းအချက်အလက်များကို ကြိုတင်စုဆောင်းထားရန် လိုအပ်သည်။ အဆိုပါ သတင်းအချက်အလက်များတွင် စက်မှုဇုံ များ၏ အရည်အသွေး၊ အခြေခံ အဆောက်အဦ အရည်အသွေးနှင့် ရယူအသုံးပြုနိုင်မှု၊ လူစွမ်းအား အရင်းအမြစ် ရရှိနိုင်မှုနှင့် ကုန်ကျစရိတ်များ၊ ရနိုင်သော မက်လုံးများ၊ ပစ္စည်းပေးသွင်းသူများ၊ ဈေးကွက်များ စသည်တို့ ပါဝင်သည်။

ကွင်းဆင်းကြည့်ရှုမှုအဆင့်တွင် ရင်းနှီးမြှုပ်နှံသူများသည် တည်နေရာကို အကဲဖြတ်ရန် လုပ်ငန်းခွင် တည်မည့်နေရာ ရွေးချယ်သတ်မှတ်မှုဇယား (Site Selection Matrix) ကို အသုံးပြုလေ့ရှိကြသည်။ ရင်းနှီး မြှုပ်နှံသူအများစုသည် ရွေးချယ်စရာ တည်နေရာများ၏ အရည်အသွေး၊ ထူးခြားချက်များကို တည်နေရာ ရွေးချယ်သတ်မှတ်မှုဇယား (sit selection matrix)ကို အသုံးပြု၍ ပိုမိုတိကျ၍ အသေးစိတ်ဆန်သော စံနှုန်းများ ဖြင့် စနစ်တကျအကဲဖြတ်သည်။ အဆိုပါဇယားမှာ ယေဘုယျဆန်သော နှိုင်းယှဉ် လေ့လာမှုဇယား (general benchmarking exercise) (အခန်း ၇ တွင် ရှုပါ) နှင့် တူညီသော်လည်း ပို၍ အသေးစိတ်ကျသည်။ ထို့ကြောင့် အဆိုပါဇယား (matrix) မျိုးကို လုပ်ငန်းခွင်တည်မည့်နေရာ ကွင်းဆင်း ကြည့်ရှုမှု ပြုလုပ်ရန်အတွက် ပြင်ဆင်ရမည့် စာရင်း (checklist) အဖြစ်IPA များကအသုံးပြုနိုင်ပါသည်။ ကုမ္ပဏီက အမျိုးအစားအပေါ် မူတည်၍ အဆိုပါစံနှုန်းများကို နံပါတ်များဖြင့်အရေးပါမှု(criteria numberical weights)ကို သတ်မှတ် လုပ်ဆောင်ခြင်းဖြင့် တည်နေရာရွေးချယ်ရာတွင် ပိုမိုအရေးပါသောအချက်များက နောက်ဆုံး ရမှတ်အပေါ် ပိုမိုလွှမ်းမိုးမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူအသုံးပြုမည့် အလေးပေးမှု/ အရေးပါမှုများကို မှန်းဆနိုင်ရန် ကုမ္ပဏီက မည်သည်ကို ရှာဖွေနေသည်ဆိုသည်ကို IPA များအနေဖြင့် သိရန် လိုအပ် ပါသည်။ အကဲဖြတ်ရာတွင် အဆိုပါ စံနှုန်းများကို အသုံးပြု၍ ဈေးကွက် ကျယ်ပြန့်မှု အတိုင်းအတာ (market dimension)၊ လူ့စွမ်းအားရရှိနိုင်မှု (manpower availability)၊ ရင်းနှီးမြှုပ်နှံမှုမှ ရရှိနိုင်မည့် အကျိုးအမြတ် (market return) စသည့် အချက်များကို ဆန်းစစ်၍ အခြားတည်နေရာများနှင့် နှိုင်းယှဉ် မည်ဖြစ်သည်။

ဇယား ၈–၂ တွင် လုပ်ငန်းခွင်တည်နေရာ ရွေးချယ်မှုဇယား (Site Selection Matrix) တစ်ခုကို ဥပမာအဖြစ် ပေးထားသည်။ နောက်ဆုံးတွင် ရမှတ်အများဆုံးရရှိသော တည်နေရာသည် ရင်းနှီးမြှုပ်နှံမှု တည်နေရာအဖြစ် ရွေးချယ်ရန် အလားအလာအများဆုံးရှိသည်။ အကယ်၍ ရမှတ်ချင်း တူညီနေပါက IPA ကပေးသည့် ဝန်ဆောင်မှု၏အရည်အသွေးသည် နှိုင်းယှဉ်ရွေးချယ်ရာတွင် အရေးပါလာသည်။ ထိုဇယား (Matrix) သည် ကုမ္ပဏီက ကွင်းဆင်းကြည့်ရှုခြင်းမပြုမီ IPA အနေဖြင့် မိမိ တည်နေရာကို အခြားတည်နေရာများနှင့်ယှဉ်ပြီး အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ရန်လွယ်ကူစေသည်။ အကယ်၍ ကွင်းဆင်းကြည့်ရှုစဉ် ရင်းနှီးမြှုပ်နှံသူက အားနည်းချက်များကို ဆွေးနွေးလာပါက ဇယားဖြင့် ပြင်ဆင်ထားသည့်အတွက် အဆိုပါ အားနည်းချက်များကို လက်ရှိဖြေရှင်းနေသည် သို့မဟုတ် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးရန် စီစဉ်ထားသည်ဟု တုံ့ပြန်ဖြေကြားနိုင်ပါလိမ့်မည်။(World Bank/MIGA, 2000)။

### ဇယား ၈–၂ လုပ်ငန်းခွင်တည်နေရာ ရွေးချယ်ရာ၌ အသုံးပြုသည့်နမူနာဇယား

| အမျိုးအစားများ | အလေးချိန် သတ်မှတ်ချက် | တည်နေရာ (က) (IPA အိမ်ရှင်နိုင်ငံ ) | တည်နေရာ (ခ) | တည်နေရာ (ဂ) |
|---|---|---|---|---|
| ဈေးကွက်အတိုင်းအတာ (ဥပမာ ဈေးကွက်အရွယ်အစား၊ ဈေးကွက်လက်လှမ်းမီမှု) | | | | |
| လူ့စွမ်းအားရရှိနိုင်မှု (ဥပမာ ကျွမ်းကျင်လုပ် သား၊ မန်နေဂျာများ၊ သမဂ္ဂဝင်ထားသော အလုပ်သမား %၊ ကျွမ်းကျင်မှုအဆင့်) | | | | |
| ရင်းနှီးမြှုပ်နှံမှုအပေါ်မှ ဝင်ငွေပြန်ရမှု (ဥပမာ နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှု၊ ကော်ပိုရေးရှင်းအခွန်၊ မက်လုံးများ၊ ငွေဖောင်းပွမှုနှင့် ဘဏ်တိုးနှုန်း၊ အလုပ်သမား စရိတ်၊ လူနေမှုစရိတ်) | | | | |
| အိမ်ခြံမြေ (ဥပမာ လုပ်ငန်းနေရာ စရိတ်များနှင့် ဧရိယာ၊ ထုတ်လုပ်ရန်နေရာ၊ ဆောက်အဦနှင့် ငှားရမ်းခ၊ အိမ်ခြံမြေအခွန်များ) | | | | |

| | | | | |
|---|---|---|---|---|
| စီးပွားရေးပတ်ဝန်းကျင် (ဥပမာ ယဉ်ကျေးမှု၊ အလုပ်ခွင် ကျင့်ဝတ်၊ ဒေသန္တရအစိုးရ၏ တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေများ၊ အထူးစီးပွားရေးဇုန်များ) | | | | |
| ထုတ်လုပ်နိုင်မှုအတိုင်းအတာ (ဥပမာ အလုပ်သမားတစ်ဦးချင်း ထုတ်လုပ်မှု၊ GDP/တစ်ဦးချင်း၊ အလုပ်သမားတစ်ဦးချင်း အသားတင်တန်ဖိုးမြှင့် ထုတ်လုပ်မှု) | | | | |
| အကောက်ခွန်စနစ်များ (ဥပမာ အကောက်ခွန်နှင့် တန်ဖိုးမြှင့်ခွန်သက်သာ ခွင့်၊ သွင်းကုန်အတွက် အခွန်နှင့် လုပ်ထုံးလုပ် နည်းများ၊ သွင်းကုန် ရှင်းလင်းရေး အတွက်ကြာချိန်) | | | | |
| တန်ဖိုးကွင်းဆက် (ဥပမာ အစိတ်အပိုင်းများ၊ စက်အစိတ်အပိုင်းများ အသုံးပြုရလွယ်ခြင်း၊ ဒေသခံလုပ်ငန်းရှင်များသို့ တဆင့်ခံကန်ထရိုက်ပေးခြင်း၊ ပစ္စည်းဖြန့်ကွန်ရက်) | | | | |
| ပညာရေး/သုတေသနနှင့် ဖွံ့ဖြိုးရေး (ဥပမာ တက္ကသိုလ်များ၊ ဘွဲ့ရအရေအတွက်၊ အဆင့်မြင့် အင်ဂျင်နီယာလုပ်ငန်း၊ ဆေးဝါး ဝဲနှင့် သုတေသန အသင်းများ ရနိုင်မှု) | | | | |
| ဝန်ဆောင်မှုအသုံးပြုခြင်းများ (ဥပမာ လျှပ်စစ်မီးရရှိနိုင်မှုနှင့်ကုန်ကျစရိတ်၊ ရေ၊ ဓါတ်ငွေ့) | | | | |
| သယ်ယူပို့ဆောင်ရေး (ဥပမာ လမ်းများ၊ မီးရထားလမ်းများ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များ အသုံးပြုနိုင်မှုနှင့် အရည်အသွေး၊ | | | | |

| | | | | |
|---|---|---|---|---|
| ဆက်စပ်စရိတ်များ) | | | | |
| တယ်လီဖုန်းဆက်သွယ်ရေး (ဖုန်းနှင့် မိုဘိုင်းဖုန်းကွန်ရက်များ၊ ကုန်ကျစရိတ်များ၊ အင်တာနက်ချိတ်ဆက်မှုနှင့် အရည်အသွေး) | | | | |
| ပရောဂျက်စီမံခန့်ခွဲမှု (IPA က လုပ်ဆောင်ပေးသော တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးခြင်း) | | | | |
| ဘဝအရည်အသွေး (လူနေမှုစရိတ်၊ အနီးအနားတွင် အရည်အသွေးရှိသော ဆေးခန်း၊ ကျောင်း၊ ဖျော်ဖြေရေးရှိခြင်း) | | | | |

*Source:* World Bank/MIGA(2000); Appendix I.

IPA များသည် ရင်းနှီးမြှုပ်နှံသူများက တွေ့ဆုံလိုမည့် ပြည်တွင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးသူများ နှင့် တွေ့ဆုံမှုအစီအစဉ်တစ်ရပ် ထားရှိရန်လိုအပ်ပါသည်။ တွေ့ဆုံမှုအစီအစဉ်တွင် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ၊ အိမ်ခြံမြေပွဲစားများ၊ စာရင်းကိုင်များ၊ ဥပဒေပညာရှင်များနှင့် တွေ့ဆုံလိုမည် ဖြစ်သည်။ လက်ရှိရင်းနှီးမြှုပ်နှံနေသူများ၊ အလားအလာရှိသော ပြည်တွင်းမှပစ္စည်းပေးသွင်းသူများ၊ ဖောက်သည်များ၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ ဗဟိုအဆင့် သို့မဟုတ် ဒေသအဆင့် အကောက်ခွန် သို့မဟုတ် အခွန်ရုံးများဖြင့် ပါဝင်နိုင်သည်။ ရင်းနှီးမြှုပ်နှံသူများသည် သံရုံးဝန်ထမ်းများနှင့်လည်း တွေ့ဆုံလိုပေလိမ့်မည် (ဇယားကွက် ၈–၂)။

### ဇယားကွက် ၈.၂ ကွင်းဆင်းလေ့လာမှုများ ပြင်ဆင်ခြင်းဆောင်ရွက်ခြင်း ဘယ်သူတွေကိုတွေ့ဆုံမလဲ?

ဥပမာတစ်ခု

- အဓိကကျသည့်လက်ရှိရင်းနှီးမြှုပ်နှံသူများ( ကဏ္ဍတူ သို့မဟုတ် နိုင်ငံတူမှ လေ့လာသူများ)
- ရင်းနှီးမြှုပ်နှံသူများ၏ နိုင်ငံများမှသံရုံးအရာရှိများ
- အဆိုပါကုမ္ပဏီအတွက် အလားအလာရှိသည့် ဒေသတွင်း အရောင်းကိုယ်စားလှယ်များ
- အဆိုပါကုမ္ပဏီအတွက် အလားအလာရှိသည့် အဓိက ဖောက်သည်များ
- စက်မှုကုန်သည်ကြီးများအသင်းနှင့် အခြားစီးပွားရေးအသင်းအဖွဲ့များမှ အလုပ်အမှုဆောင် များ
- ပြည်ပစီးပွားရေးအသင်းအဖွဲ့များ သို့မဟုတ် အဖွဲ့အစည်းများမှ အလုပ်အမှုဆောင်များ
- အဆင့်မြင့်အရာရှိများနှင့် ဒေသတွင်းအစိုးရအရာရှိများ (အဓိကရင်းနှီးမြှုပ်နှံသူများ အတွက်သာ)
- အခွန်ရုံး
- အကောက်ခွန်
- လေဆိပ်၊ မီးရထားတို့မှ အရာရှိများ (အဓိကထုတ်ကုန်သမားများအတွက်သာ)
- သီးခြားကဏ္ဍအတွက် သက်ဆိုင်ရာ ဥပဒေအဖွဲ့အစည်းများ
- ရှေ့နေများ
- စာရင်းကိုင်များ
- အင်ဂျင်နီယာအသင်းများ
- အလုပ်သမားအဖွဲ့အစည်းများ
- မြို့ပြတည်ဆောက်ရေးကိုယ်စားလှယ်များ/ စက်မှုတည်ဆောက်ရေးများ/အထူးစီးပွားရေး ဇုန်များ
- နည်းပညာကောလိပ်များနှင့် အလုပ်သမား လေ့ကျင့်သင်ကြားမှုသင်တန်းများ
- စီးပွားရေးအကြံပေးများ
- ဈေးကွက်ရှာဖွေမှုဝန်ဆောင်မှုများ
- 

*Source:* Investment Consulting Associates.

IPA သည်ကွင်းဆင်းကြည့်ရှုမှုတစ်ခုလုံးအားစီမံခန့်ခွဲရန် တာဝန်ခံအရာရှိတစ်ဦးကို တာဝန်ပေးထား သင့်သည် (စီမံကိန်းတာဝန်ခံအရာရှိဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း(account executive approach)။ သို့မှသာ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူသည် ကွင်းဆင်းကြည့်ရှုမှုအတွက် မည်သူက တာဝန် ယူဆောင်ရွက် ပြီး လုပ်အပ်သည်များရှိပါက အဆိုပါအရာရှိထံတင်ပြနိုင်ပြီး တာဝန်ခံမှုမှာလည်း ရှင်းရှင်းလင်းလင်း ဖြစ်နေပေလိမ့်မည်။ လာရောက်လေ့လာသည့် ကုမ္ပဏီသည် ကုမ္ပဏီကြီးဖြစ်ခဲ့လျှင် ထိုရင်းနှီး မြှုပ်နှံသူ၏ အရေးပါမှုကို ပိုမိုလေးနက် စေရန် IPA မှ အကြီးတန်းအရာရှိတစ်ဦးကို တာဝန်ပေးသင့်သည်။

ကွင်းဆင်းကြည့်ရှုမှုတစ်ခုကို စီစဉ်ရာတွင် IPA ဖက်မှ စဉ်းစားရမည့် အဓိကအချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

- **ကုမ္ပဏီ၏ အကြောင်းကို ကောင်းစွာသိရှိခြင်း** - ၎င်း၏ထုတ်ကုန်များ၊ လိုအပ်ချက်များ၊ ပို့ကုန်ဝေစု၊ လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံများ၊ ထုတ်လုပ်မှုကွင်းဆက်အနေအထား၊ စီးပွားရေး မိတ်ဖက်အဖွဲ့များ၊ တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အထများ စသည်ဖြင့်။
- ကွင်းဆင်းကြည့်ရှုမှုတစ်ခုလုံး (နှင့် နောက်ဆက်တွဲဝန်ဆောင်မှုများ -ရင်းနှီးမြှုပ်နှံမှု စတင်ထူထောင်သည်မှ လုပ်ငန်းလည်ပတ်သည်အထိ) ကို စီမံဆောင်ရွက်ရန် အင်္ဂလိပ်ဘာသာစကား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ ဘာသာစကားကို ကျွမ်းကျင်စွာ ပြောနိုင်သည့် **စီမံကိန်း မန်နေဂျာ(project manager)** တစ်ယောက်၊ တနည်းအားဖြင့် စီမံကိန်းတာဝန်ခံအရာရှိ (account executive) တစ်ဦးကို ခန့်အပ်ခြင်း။
- ကုမ္ပဏီက သွားရောက်လည်ပတ်ကြည့်ရှုလိုသည့် **အချိန်နှင့် ခရီးစဉ်** သဘောတူညီချက် (မိမိ/အိမ်ရှင်နိုင်ငံနှင့် သူတို့/မိခင်နိုင်ငံတို့၏ အစိုးရရုံးပိတ်ရက်များကို ရှောင်ရှားရပါမည်)။
- ကွင်းဆင်းကြည့်ရှုမှုအတွက် **သော့ချက်ကျသော ဦးတည်ချက်များ**အပေါ် သဘောတူညီချက်။
- ရင်းနှီးမြှုပ်နှံသူသိရှိလိုသည့် အိမ်ခြံမြေနှင့် အဆောက်အအုံ သို့မဟုတ် လုပ်ငန်းခွင် တည်မည့် နေရာနှင့် ပတ်သက်သော **အသေးစိတ်အချက်အလက်များနှင့်** အခြားအရေးပါသော သတင်းအချက် အလက်များကို စုဆောင်းပြင်ဆင်ထားပါ (ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမှုရှိသည့် အတိုင်းအတာများ ကိုသာ အသုံးပြုပါ)။
- ရင်းနှီးမြှုပ်နှံမှု စတင်မည့်ရက်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့ကို ဆုံးဖြတ်ရန် **ကြာမည့်အချိန်**ကို သိအောင် ကြိုးစားပါ။
- **ကုမ္ပဏီမှ တက်ရောက်မည့်**သူ၏ ရာထူး၊ အခန်းကဏ္ဍ စသည်တို့ကို သိရှိခြင်း။
- **ကုမ္ပဏီက မည့်သည့် အဖွဲ့အစည်းဖြင့် တွေ့ဆုံလိုသည်**ကို ဖော်ထုတ်ခြင်း။
- **ကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်မည့် အဖွဲ့ဝင်များ**နှင့် ဖြစ်နိုင်လျှင် ၎င်းတို့၏ အိမ်ထောင်ဖက်၏ သတင်းအချက်အလက်များအပါအဝင် အမည်၊ ဆက်သွယ်ရန် အသေးစိတ် အချက်အလက်၊ ဘာသာရေး လိုအပ်ချက်များ၊ အစားအသောက်ပုံစံ၊ နှစ်သက်မှုများ စသည်ဖြင့်။
- ကုမ္ပဏီငယ်များမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပထမဆုံးလာရောက်သည့် ရင်းနှီးမြှုပ်နှံသူများဖြစ်လျှင် **ဂရုစိုက်၍ လိုအပ်သည်များ ဖြည့်ဆည်းပေး(handholding)နိုင်ရန်** ပြင်ဆင်ပါ၊ ဘာသာစကား အတား အဆီးကို ကြိုတင်မှန်းဆထားပါ။
- **စီးပွားရေးအလုပ်ကိစ္စသက်သက်သာမကအပျော်ခရီးလည်း ဖြစ်အောင် ဆောင်ရွက်ပေးပါ**– ရင်းနှီးမြှုပ်နှံသူများကို ယဉ်ကျေးမှုကပွဲများ၊ ဒေသစားသောက်ဆိုင်များသို့ ခေါ်သွားပေးပါ။
- **ခက်ခဲသောမေးခွန်းများအတွက် ကြိုတင်မျှော်လင့်ပြင်ဆင်ထားပြီး ပြိုင်ဘက်တည်နေရာများ**၏ အားသာချက်၊ အားနည်းချက်များကိုလည်းလေ့လာထားပါ။

### ၂။ ကွင်းဆင်းကြည့်ရှုခြင်း

ရင်းနှီးမြှုပ်နှံသူမှ တောင်းဆိုထားသည့်များကို အချိန်ဇယား၊ အစီအစဉ်များအပေါ် အခြေခံပြီး ကွင်းဆင်း လေ့လာကြည့်ရှုမှုအား သေချာစွာ ပြင်ဆင်ဆောင်ရွက်သင့်သည်။ တွေ့ဆုံဆွေးနွေးမှုများကို အလျင်စလို မဖြစ်စေဘဲ ကွင်းဆင်းကြည့်ရှုမှု တစ်ခုစီအတွက် အချိန်လုံလောက်အောင်ပေးသင့်ပါသည်။ IPA အနေဖြင့် အောက်ပါအချက်များကို သေချာစွာစဉ်းစားရန် လိုအပ်မည်ဖြစ်ပြီး စီမံကိန်းအတွက် အရာရှိတစ်ဦးက ကွင်းဆင်း ကြည့်ရှုမှုကို လုပ်ဆောင်ပေးရသည်။

- (IPA နှင့် ရင်းနှီးမြှုပ်နှံသူ၊ လက်ခံတွေ့ဆုံမည့် လူပုဂ္ဂိုလ်များ/အဖွဲ့အစည်းများက) ဂရုတစိုက် ရေးဆွဲ၊ သဘောတူညီထားသည့် အစီအစဉ်တစ်ခု ဖြစ်ပါစေ။
- ရင်းနှီးမြှုပ်နှံမှုအရာရှိသည် အစီအစဉ်များ၊ သွားရောက်မည့်နေရာများနှင့် တွေ့ဆုံမေးမြန်းမည့် လူများ အကြောင်းအသေးစိတ်သိရှိနားလည် နေရပါမည်။ နိုင်ငံခြားဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ရန် လည်း လိုအပ်သည်။
- သယ်ယူပို့ဆောင်ပေးမည့်ပုဂ္ဂိုလ်/ယာဉ်မောင်းက သွားရောက်မည့်နေရာများနှင့်ရင်းနှီးကျွမ်းဝင်မှု ရှိပါစေ။
- ကွင်းဆင်းကြည့်ရှုမှု မစတင်မီ လိုက်ပါမည့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့ဥ‌ေ့သည်များကို အသေးစိတ် ရှင်းလင်း ပြောဆိုထားပါ။
- ကွင်းဆင်းကြည့်ရှုမှုအစတွင် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူအတွက် နိုင်ငံ/ တိုင်းဒေသ ကြီး/ ပြည်နယ်အကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဝန်းကျင်၊ IPA ၏ အခန်းကဏ္ဍနှင့် ဝန်ဆောင်မှုများ အကြောင်း မိတ်ဆက်ရှင်းလင်းပေးပါ။ သို့သော် အဆိုပါ ရှင်းလင်းတင်ပြခြင်းမျိုးကို ယခင် ခရီးစဉ် အတွင်း ပြုလုပ်ခဲ့ပြီးပါက ထပ်မံလုပ်ဆောင်ရန် မလိုအပ်ပါ။
- ထိုသို့သော ရှင်းလင်းတင်ပြခြင်းမျိုးကို IPA ၏ အကြီးတန်းအရာရှိတစ်ဦးမှ ပြုလုပ်သင့်သည်။
- ရှင်းလင်းပြသသည့် အကြောင်းအရာသည် ကုမ္ပဏီမှ ကိုယ်စားလှယ်များ၏ လိုအပ်ချက်များ၊ ကဏ္ဍ နှင့် ပတ်သက်သော စိတ်ဝင်စားသည့် အကြောင်းအရာများနှင့် တတ်နိုင်သမျှကိုက်ညီမှု ရှိပါစေ။
- ကွင်းဆင်းကြည့်ရှုမှု၏ ရလဒ်အားသုံးသပ်ရန် အကျဉ်းချုပ် ပြန်လည်ဆွေးနွေးပွဲတစ်ခုကို ကျင်းပပြီး ရင်းနှီး မြှုပ်နှံသူအနေဖြင့် နိုင်ငံ/တိုင်းဒေသကြီး/ ပြည်နယ်/တည်နေရာ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအတွက် သိချင်နေသေးသော ကိစ္စရပ်များကို ဆွေးနွေးဖြေကြားပါ။ ရင်းနှီးမြှုပ်နှံသူအနေ ဖြင့် ဆုံးဖြတ်ချက်ချမှတ်ရန်လိုအပ်သော အခြားသတင်း အချက်အလက်များကိုလည်းဖော်ထုတ်ပါ။

နေချင့်စဖွယ်ဖြစ်မှု အရည်အသွေး(quality of life) (ဇယားကွက် ၈–၃) ကဲ့သို့သော အရေးပါသည့် ကိစ္စရပ်များကို လျစ်လျူရှုခဲ့ပါက ကွင်းဆင်းကြည့်ရှုမှုမှာ အောင်မြင်မှုမရနိုင်ပေ။ ကွင်းဆင်းကြည့်ရှုမှုအပြီး နောက်ဆက်တွဲဝန်ဆောင်မှုများ အမြန်ဆောင်ရွက်ပေးခြင်းသည် ရင်းနှီးမြှုပ်နှံမှုအမှန်တကယ် ရောက်ရှိ လာရန် အရေးပါသော အချက်ဖြစ်သည်။ တိတိကျကျဆိုရလျှင်ငင်းမှာ IPA၏ (ရင်းနှီးမြှုပ်နှံမှု စီမံကိန်း အပေါ်) အလေးထားမှု (commitment)နှင့် ယုံကြည်စိတ်ချရမှု (credibility) ကို ပြသရာရောက်ပြီး အကယ်၍ တည်နေရာ အပြိုင်အဆိုင်များ ရှိနေပါက ရင်းနှီးမြှုပ်နှံသူက ရွေးချယ်မှုကို များစွာ အကျိုး သက်ရောက်စေပါသည်။ တည်နေရာမန်နေဂျာသည် နောက်ထပ်တောင်းခံသော သတင်းအချက် အလက်များ ရှိပါက၊ အထူးသဖြင့် အခြားအေဂျင်စီတစ်ခုမှ တောင်းခံ၍ ပြန်လည်ပေးပို့ရမည်ဆိုပါက အမြန် လုပ်ဆောင် ပေးသင့်ပါသည်။ IPA သည် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူနှင့် သဘောတူထားသည့် နောက်ဆုံးရက် မတိုင်မီ ထပ်တိုးသတင်း အချက်အလက်/စာရွက်စာတမ်းများကို ပေးအပ်သင့်ပြီး ကုမ္ပဏီမှ ကိုယ်စားလှယ် များ ကွင်းဆင်းကြည့်ရှုမှုပြီးနောက် တိုးတက်ဖြစ်ထွန်းမှုအသစ်များကို အသိပေးသင့်ပါသည်။ နောက်ထပ် သတင်းအချက်အလက်များ မလိုအပ်သည့် တိုင် IPA သည် ရင်းနှီးမြှုပ်နှံသူအား ပုံမှန် ဆက်သွယ်သင့်သည် (သို့သော် ခပ်စိပ်စိပ်မလုပ်သင့်ပါ)။

**ဇယားကွက် ၈–၃ လုပ်ငန်းခွင်တည်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုခြင်း –နေ့ချင့်စဖွယ်ဖြစ်မှု အရည်အသွေး**

- ရင်းနှီးမြှုပ်နှံသူတိုင်းသည် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် တည်နေရာတွင် နေထိုင်ခြင်း၏ ဘ၀အရည်အသွေးကို တန်ဖိုးဖြတ်လိမ့်မည်ဖြစ်သည် – ၎င်းတို့သည် အမှုဆောင်များကို မိသားစုနှင့်စေလွှတ်၍ နေထိုင်စေကာ ထိုနေရာတွင် နေထိုင်ရခြင်းတွင် ဘ၀အရည်အသွေးကောင်းမွန်မှုကို အကဲဖြတ်စေ နိုင်သည်။
- လုံခြုံရေး၊ ပညာရေး၊ အိုးအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့် ပတ်သက်သော မေးခွန်းများနှင့် အိမ်မွေးသည့် ခွေးကိုပါ ယူလာနိုင်သလားစသည့် မေးခွန်းများကို ဖြေဆိုရန် ပြင်ဆင်ထားပါ။
- အချိန်ရှိပါက ယဉ်ကျေးမှုနှင့် အပန်းဖြေစင်တာများသို့လည်း ပို့ပေးပါ။
- အားလပ်ချိန် စီစဉ်ပေးကာ ရိုးရာစားသောက်ဆိုင်စစ်စစ်တွင် ဧည့်ခံပါ (သို့သော် ဧည့်သည် များ၏ စားသောက်မှုပုံစံကို သတိပြုပါ) ။
- ဖြစ်နိုင်သည့်နေရာတွင် စီးပွားရေးကို ပျော်ရွှင်စရာများနှင့်ရောပေးပါ – လုပ်ငန်းလုပ်ဆောင်မည့်နေရာတွင် ပျော်ရွှင်စရာများ၊ စိတ်ဝင်စားစရာများရှိကြောင်းပြ ပါ ။

*Source:* ESCAP; Investment Consulting Associates.

## (ဂ) ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး - လုပ်ငန်းတည်ထောင်သည့်အဆင့်/ ရင်းနှီးမြှုပ်နှံမှု စတင်သည့်အဆင့် (Establishment Phase)

IPAသည် မျှော်မှန်းသည့်အတိုင်း ဖြစ်လာပါပြီး။ ရင်းနှီးမြှုပ်နှံသူက နေရာတစ်ခုတွင် ထုတ်လုပ်မှုစက်ရုံ တည်ထောင်ရန် သဘောတူပါပြီ။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကြိုးစားထားသမျှ အရာထင်လာခဲ့ပါပြီ။ သို့သော် လည်း IPA အနေဖြင့် လုပ်ငန်းစတင်တည်ထောင်သည့်အဆင့်တွင် ရင်းနှီးမြှုပ်နှံသူအား ဂရုတစိုက်လမ်းညွှန် ကူညီမှု မပေးနိုင်လျှင် သဘောတူထားသည့် ရင်းနှီးမြှုပ်နှံမှုကို ဆုံးရှုံးနိုင်ပါသေးသည်။ လုပ်ငန်းစတင်တည်ထောင် သည့်အဆင့်တွင် ရင်းနှီးမြှုပ်နှံသူကို ဂရုတစိုက် မကူညီပါက လိုအပ်ချက်များစွာအကြား လုပ်ကိုင်ဆောင်ရွက်ရင်း အခက်အခဲတွေ့ကာ ရင်းနှီးမြှုပ်နှံမှုကို ပြန်လည်ရုတ်သိမ်းသွားနိုင်သည်။ လုပ်ငန်း စတင်တည်ထောင်သည့် အဆင့်နှင့် ထူထောင်ပြီးနောက်ပိုင်းအဆင့်များတွင် IPA သည် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးကို ဆောင်ရွက်စရာ မလိုအပ်သော်လည်း ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးရပါမည်။ ထို့ကြောင့် ထိုအခန်းကဏ္ဍ သည် မရှိမဖြစ်လို အပ်သည်။ ဇယား ၈–၃ သည် လုပ်ငန်းစတင်တည်ထောင်သည့် အဆင့်တွင် IPA က အကူ အညီပေးရမည့် လိုအပ်ချက်များကို စာရင်းပြုစုထားပါသည်။ ဇယားကွက် ၈–၄ သည်လည်း စီမံကိန်း စတင် ထူထောင်သည့်အချိန်တွင် လိုအပ်ချက်အချို့ကို ဆွေးနွေးထားသည်။

**ဇယား ၈-၃ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်းစတင်ထူထောင်သည့်အဆင့်မှ ကိစ္စရပ်များ**

| ဝင်ရောက်ရန် လိုအပ်သော အတည်ပြုချက်များ | မြေနေရာနှင့် လုပ်ငန်းခွင်နေရာကို ရယူမှုနှင့် ရှင်းလင်းရေး |
|---|---|
| • ဗီဇာနှင့် နေထိုင်ခွင့်များ၊<br>• ကုမ္ပဏီမှတ်ပုံတင်ခြင်း၊<br>• ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် မှတ်ပုံတင်ခြင်း၊<br>• ကနဦးဘဏ်အာမခံငွေ၊<br>• နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့် ခွင့်ပါမစ်၊<br>• အခွန်ဌာနတွင် မှတ်ပုံတင်ခြင်း၊<br>• နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလိုင်စင်လျှောက်ခြင်း၊<br>• စီးပွားရေးနှင့် ရောင်းဝယ်ရေးပါမစ်၊<br>• စာရင်းအင်းဌာနတွင် မှတ်ပုံတင်ခြင်း၊<br>• ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပင်စင်အစီအစဉ် များ၊<br>• လူမှုဖူလုံရေးမှတ်ပုံတင်ခြင်း၊ | • နိုင်ငံပိုင်မြေကို ရယူခြင်း၊<br>• မြို့ပြစီမံခန့်ခွဲမှု လက်မှတ်၊<br>• လုပ်ငန်းခွင် စစ်ဆေးခြင်းနှင့်အထွေထွေအတည်ပြုချက်၊<br>• အဆောက်အဦးဆောက်လုပ်ခွင့်ပါမစ်၊<br>• လျှပ်စစ်မီးနှင့် ပါဝါသွယ်တန်းခြင်း၊<br>• တယ်လီဖုန်း၊ ကြေးနန်း၊ အင်တာနက်၊<br>• ရေနှင့် ရေဆိုး၊<br>• အကောက်ခွန်၊<br>• စာတိုက်သေတ္တာ။ |

*Source:* Morisset and Neso (2002).

**Box 8.1. Establishing an investment project in a new country/location**

ရင်းနှီးမြှုပ်နှံမှုပရောဂျက်တစ်ခုကို စတင်ထူထောင်ရန် ကြိုးစားသောအခါနှင့် လုပ်ငန်းလည်ပတ်နိုင်အောင် လုပ်ဆောင်သောအခါတို့တွင် ရင်းနှီးမြှုပ်နှံသူများသည် များပြားလှသောအဆင့်များကို ကြုံတွေ့ရမည်ဖြစ်ရာ လိုအပ်သောပါမစ်များ၊ လိုင်စင်များ၊ အတည်ပြုချက်များ၊ ရှင်းလင်းရေးများအတွက် အစိုးရဌာနပေါင်းစုံနှင့် အပြန်အလှန်ဆက်ဆံရန် လိုအပ်လာသည်။ ပထမဆုံးအဆင့်အနေဖြင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းခွင်တည်နိုင်မည့် အလားအလာရှိသော နေရာအဖြစ် စူးစမ်းလေ့လာနိုင်ရန် နိုင်ငံတွင်းသို့ ဝင်ရောက်ခွင့် ဗီဇာလိုအပ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသော ရင်းနှီး မြှုပ်နှံမှု ပရောဂျက်တစ်ခုကို ထူထောင်၍ တိုးတက်အောင် လုပ်ဆောင်ရာတွင် အချို့ကိစ္စရပ်များ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်/သို့မဟုတ် အထွေထွေထုတ်လုပ်ခွင့် လိုင်စင်ရရှိရန်လိုအပ်သည်။ လုပ်ငန်း ကဏ္ဍ အလိုက် သို့မဟုတ် သီးသန့်ထုတ်လုပ်မှု လိုင်စင်များမှာမူ များသောအားဖြင့် လုပ်ငန်းစတင် မလည်ပတ်မီတွင်မှ လိုအပ်လေ့ရှိသည်။ ကုမ္ပဏီသစ်ကို စုဖွဲ့ပြီးနောက် မှတ်ပုံတင်ရန် လိုအပ်သည်။ ရင်းနှီးမြှုပ်နှံမှုပမာဏတွင် ပစ္စည်းအနေဖြင့် ပါဝင်မှုရှိပါက တန်ဖိုးသင့်ရန်နှင့် အတည်ပြုရန် လိုအပ်တတ်သည်။ အခွန်ဌာနမှ တာဝန်ရှိသူများကလည်း ကုမ္ပဏီကို မှတ်ပုံတင်စာရင်းသွင်းရန် လိုအပ်သည်။ မှတ်ပုံတင်ခြင်းကို အတည်ပြုသည့်လုပ်ထုံးလုပ်နည်းများတွင် နိုင်ငံခြားငွေလဲလှယ်ခြင်း၊ ပို့ကုန်/သွင်းကုန် အလွှဲအပြောင်းများ ပါဝင်သောကိစ္စရပ်များအတွက် ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး တို့မှ တာဝန်ရှိသူများထံမှ အတည်ပြုချက်များ ပြီးပြည့်စုံရမည်ဖြစ်သည်။ ဗဟိုအဆင့်၊ ဒေသဆိုင်ရာ အဆင့်နှင့် ပြည်နယ်အဆင့်တို့မှ တာဝန်ရှိသူများသည် မြေနေရာရယူခွင့်၊ ဆောက်လုပ်ရေးနှင့် ထုတ်လုပ်ရေး

အဆောက်အဦများတွင် လူဝင်ရောက်ခွင့်များအတွက် အတည်ပြုချက် များပေးရမည်။ ပြည်တွင်းနှင့် ပြည်ပမှ အလုပ်သမားများ ငှားရမ်းမှုအတွက် အလုပ်သမားဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ အတည်ပြုချက်များလိုအပ်သည်။ ပတ်ဝန်းကျင်ဌာန၊ ကျန်းမာရေးဌာန၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမားဌာနတို့မှ ကင်းရှင်းကြောင်း လက်မှတ်နှင့် စစ်ဆေးမှု များလိုအပ်သည်။ အတိုချုပ်ဆိုရသော် ရင်းနှီးမြှုပ်နှံသူ တစ်ဦးသည် လုပ်ငန်းစတင်မလည်ပတ်မီ အစိုးရဌာနအမျိုးမျိုး၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြတ်သန်းကြရသည်။ အဆိုပါလုပ်ငန်းစဉ်အဆင့် တစ်ခုခုတွင် ကြန့်ကြာသွားခြင်းကို နောက်ထပ် ငွေကြေးကုန်ကျရန်အကြောင်း၊ နိုင်ငံခြားဝင်ငွေ လျော့ရခြင်းအကြောင်းအဖြစ် အဓိပ္ပါယ် ကောက်ရလိမ့်မည်။ ပါမစ်၊ အတည်ပြုချက် သို့မဟုတ် ကင်းရှင်းကြောင်းလက်မှတ် စသည်များ မရရှိမှု သည် ပရောဂျက်တစ်ခုလုံးကို ထိခိုက်နိုင်သည်။

ဇစ်မြစ်

*Source*: Al-Fattal (2008).

ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့စေရေး ထိရောက်စွာ ကူညီဆောင်ရွက်ပေးရာတွင် အထူးလိုအပ်ချက်များ ရှိသော ကြောင့် IPA အများစုသည် အထူးပြုဆောင်ရွက်သော**ရင်းနှီးမြှုပ်နှံမှုဝန်ဆောင်မှုပေးရေးစင်တာ (Investment Services Center (ISC))** တစ်ခုကို ထူထောင်လာကြသည်။ အဆိုပါစင်တာအား IPA ၏ ဌာနတစ်ခု သို့မဟုတ် ဌာနခွဲတစ်ခုအဖြစ်ဖွင့်လှစ်ကြပြီး၊ တခါတရံတွင်မြို့တော်နှင့်ဝေးပြီး ရင်းနှီးမြှုပ်နှံမှု စီမံကိန်း အရေအတွက် များစွာရှိသောနေရာဒေသများတွင် သီးသန့်အဖွဲ့အစည်း/ဌာနအဖြစ် ထားရှိကြသည်။ မည်သည့် ကိစ္စတွင်မဆို ISC ဖွဲ့စည်းခြင်းသည် အောက်ပါတို့ကို တာဝန်ယူဆောင်ရွက်ရန် ဖြစ်သည်။

- ရင်းနှီးမြှုပ်နှံမှုမပြုခင် အကြံပြုဆွေးနွေးပေးခြင်း။
- စီးပွားရေးဆိုင်ရာ အလုပ်သဘောခရီးစဉ်များတွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခြင်း။
- သတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သုတေသနများဖြင့် ပံ့ပိုးပေးခြင်း။
- စီးပွားရေးမိတ်ဖက်များကို ဖော်ထုတ်ပေးခြင်းနှင့် တွဲဖက်ပေးခြင်း။
- ရင်းနှီးမြှုပ်နှံမှုအတွက် အတည်ပြုချက်များနှင့် ခံစားခွင့်မက်လုံးများကို ညှိနှိုင်းပေးခြင်း။
- လက်ရှိကြိုးနီစနစ် ပြဿနာများကို ဖော်ထုတ်ဖြေရှင်းခြင်း (trouble shooting)
- ဘဏ္ဍာငွေစီစဉ်ဆောင်ရွက်ရာတွင် အထောက်အပံ့ပေးခြင်း (mobilizing finance)၊
- ရင်းနှီးမြှုပ်နှံမှုအလွန်ဝန်ဆောင်မှုများပေးခြင်း (aftercare) ။

တိတိပပပြောရလျှင် ISC များတွင် အောက်ပါလုပ်ငန်းတာဝန်များရှိပါသည်။

- ကြိုတင်ဆက်သွယ်ထားသော ဧည့်သည်များနှင့် ကြိုတင်ဆက်သွယ်ထားခြင်းမရှိသော ဧည့်သည်များ အားလုံးကို လက်ခံတွေ့ဆုံခြင်း၊
- IPA မှ ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုအမျိုးမျိုးအကြောင်း အခြေခံအချက်အလက်များနှင့် အကြံ ဉာဏ်များပေးခြင်း။လုပ်ငန်းများနှင့် မိတ်ဆက်တွဲဖက်ပေးခြင်း (matchmaking) လည်း ပါဝင်ပါသည်။
- ဖုန်း၊ အီးမေးလ်တို့ဖြင့် သတင်းအချက်အလက်များတောင်းဆိုခြင်းများကို ပြန်လည်ဖြေကြားခြင်း၊
- ရင်းနှီးမြှုပ်နှံသူ တစ်ဦးဦးက စီးပွားရေးလုပ်ငန်း တည်ထောင်ရာတွင် လိုအပ်သော ရုံးလုပ်ငန်းစာရွက်စာတမ်း/ ပုံစံများနှင့် ဆက်သွယ်ရမည့်သူများစာရင်း (contacts) ကို ပေးခြင်း၊

- IPA၊ အခြား အစိုးရဌာနများ (အဆိုပါ အစိုးရဌာနများမှ ကိုယ်စားလှယ်များသည် ISC တွင် စုပေါင်း ရုံးထိုင်လေ့ရှိသည်)နှင့် သင့်လျော်သော ဝက်ဘ်ဆိုဒ်များမှ သတင်းအချက်အလက်များရယူရာတွင် ရင်းနှီးမြှုပ်နှံသူများအား အကူအညီပေးခြင်း၊
- စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့်ပြဿနာများကို ကူညီဖြေရှင်းပေးခြင်း၊
- ISC ဝန်ထမ်းတစ်ဦးက မေးခွန်းတစ်ခုကို ချက်ချင်းအဖြေမပေးနိုင်ပါက၊ သို့မဟုတ် ပြဿနာတစ်ခုကို ချက်ခြင်း မဖြေရှင်းပေးနိုင်ပါက ရင်းနှီးမြှုပ်နှံသူအား သက်ဆိုင်သော IPA သို့မဟုတ် အခြား တာဝန်ရှိသူများနှင့် တိုက်ရိုက်ဆက်သွယ်ချိတ်ဆက်ပေးခြင်း။
- အမေးများသည့် မေးခွန်းများ (frequently asked questions - FAQs) ကို ပြန်လည် ဖြေဆိုရသည့်အခါ အဆိုပါမေးခွန်းများအား အလွယ်တကူရှာဖွေနိုင်ခြင်း (off the shelf) သို့မဟုတ် ဝက်ဘ်ဆိုဒ်တွင် အလွယ်တွေ့နိုင်ခြင်း (off the web) ဘာ့ကြောင့် မရှိသေးသည်ကို IPA လုပ်ဖော်ကိုင်ဖက်များအား အသိပေးခြင်း၊
- အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများအား သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ မည်သည့် နေရာတွင် ရနိုင်သည်ကို အကြံပြုခြင်း၊
- အဆင်သင့်မရနိုင်သည့် သတင်းအချက်အလက်များကိုကူညီရှာဖွေပေးခြင်း၊
- စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဆက်၊ ချိတ်ဆက်ပေးခြင်း (matchmaking)။

ISC များ၏ အခြားအရေးကြီးသော လုပ်ငန်းရပ်မှာ စီးပွားရေးမိတ်ဖက်များ ဖြစ်ပေါ်လာအောင် မိတ်ဆက်၊ ချိတ်ဆက်ပေး (matchmaking) ၍ဖက်စပ်လုပ်ကိုင်မှု၊ နည်းပညာလွှဲပြောင်းမှု၊ အလုပ်ခွဲဝေအပ်နှံခြင်း (outsourcing arrangements)နှင့် ပြိုင်ဆိုင်မှုကို စေ့ဆော်သည့် အခြားသော ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများကို မြှင့်တင်ပေးခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် စွမ်းဆောင်ရည်ရှိသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအသစ်များ (productive new FDIs) စီးဝင်လာအောင် အားပေးရန်ဖြစ်သည်။ စီးပွားရေးမိတ်ဆက်တွဲဖက်ပေးခြင်းတွင် ပြည်တွင်းမှ အလားအလာရှိသော အခွင့်အလမ်းများကို နိုင်ငံရပ်ခြားကုမ္ပဏီများနှင့် ချိတ်ဆက်ပေးခြင်း ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် စိတ်ဝင်စားမှုရှိပြီး သင့်လျော်သော ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ပြည်ပမှ ရင်းနှီး မြှုပ်နှံသူများအတွက် မိတ်ဖက်ဖြစ်လာအောင် ကူညီရှာဖွေပေးခြင်း ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်မှု အားကောင်းရန် လိုအပ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီနှင့်လည်း နီးနီးကပ်ကပ် ကူးလူးဆက်ဆံမှုရှိရန် လိုအပ်ပါသည်။ စီးပွားရေးမိတ်ဖက်များဖြစ်လာအောင် ချိတ်ဆက်ပေးခြင်းသည် ကုန်ကျစရိတ်သက်သာမှု (efficiency seeking)နှင့် မဟာဗျူဟာကျသော ဝယ်ယူမှု (strategic seeking) (M&As)ကို ရှာဖွေနေသည့် FDI များ အတွက် အထူးအရေးပါသည်။ စီးပွားရေးမိတ်ဖက်များကို ဖော်ထုတ်တွဲဖက်ပေးခြင်းသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင် ရေး (ရင်းနှီးမြှုပ်နှံမှုအသစ်များဆွဲဆောင်ခြင်း)နှင့် သက်ဆိုင်သလို ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းတာဝန် (ရင်းနှီးမြှုပ်နှံမှုအကြိုအဆင့်တွင် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူအသစ်များအတွက် မိတ်ဖက် လုပ်ငန်းရှင်များရှာဖွေပေးခြင်း)လည်း ပါဝင်နေသည့် နှစ်ခုစလုံးနှင့်ဆိုင်သည့် (grey area) တစ်ခု ဖြစ်သည်။ IPA များအနေဖြင့် စီးပွားရေးမိတ်ဖက်ရှာဖွေပေးခြင်းစင်တာများ (matching center) နှင့် ရင်းနှီးမြှုပ်နှံမှု အလွန်ဝန်ဆောင်မှု ပေးခြင်းစင်တာများ (aftercare center) သီးခြားလုပ်ဆောင်နိုင်ပါသည်။ (ဥပမာ အတွက် အခန်း ၃ တွင် ဖတ်ရှုပါ) ။

စစ်မှန်သော ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းသည် အုပ်ချုပ်ရေးယန္တရားကို ဦးဆောင် လမ်းညွှန်မှုပေးနိုင်ပြီး ရင်းနှီးမြှုပ်နှံသူအတွက် လိုအပ်သော လိုင်စင်များနှင့် ခွင့်ပြုမိန့်များ အားလုံးရရှိရန် တစ်နေရာတည်း အပြီး ဝန်ဆောင်မှုပေးခြင်း ("one-stop" shop (OSS)) ဖြစ်သည်။ အဆိုပါ ဝန်ဆောင်မှုတွင် ဗီဇာနှင့် နေထိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ စက်ရုံလိုင်စင်များ၊ ကုမ္ပဏီ မှတ်ပုံ တင်ခြင်း၊ ပြည်တွင်းအလုပ်သမား ငှားရမ်းမှု၊ တည်နေရာရှင်းလင်းရေးနှင့် အခြား ခွင့်ပြုမိန့်များနှင့် အချို့ နိုင်ငံများတွင် အရက်ဝယ်ယူခွင့်နှင့် သောက်သုံးခွင့်များပင် ပါဝင်တတ်သည်။

တစ်နေရာတည်းတွင် ဝန်ဆောင်မှုအားလုံးပေးခြင်း (OSS) အမျိုးမျိုးရှိပါသည်။ "တံခါး တစ်ပေါက်" (one-door) (တစ်နေရာတည်းတွင် အစိုးရဌာနအားလုံးမှ ကိုယ်စားလှယ်များရုံးထိုင်ခြင်း) (သို့မဟုတ်) "ပြတင်း ပေါက် တစ်ပေါက်" (one-window) (ဌာနတစ်ခုကအခြားဝန်ကြီးဌာနများ/ ဌာနများ အားလုံးအတွက် ခွင့်ပြုမိန့် လျှောက်လွှာများကို လက်ခံဆောင်ရွက်နိုင်ခြင်း) (သို့မဟုတ်) "ပေါ်တယ် တစ်ခု"(one-portal) (အွန်လိုင်း ပြတင်းပေါက်တစ်ခုတည်း) ဖြင့်လည်း လုပ်ကိုင်နိုင်ရာ အကောင်းဆုံးပုံစံမှာ ဝန်ဆောင်မှုများကို တစုတစည်းထဲ လုပ်ကိုင်ဆောင်ရွက်ပေးခြင်း (an integrated service facility) ဖြစ်သည် (Daniel and Forneris, 2010)။ လက်တွေ့၌ တစ်နေရာတည်းတွင် ဝန်ဆောင်မှုအားလုံးပေးခြင်း (OSS) ကို ဖော်ဆောင်ရာတွင် လွယ်ကူလိမ့်မည် မဟုတ်ဟု မှတ်ယူထားကြသည် (ဇယားကွက် ၈–၅) ။

ကမ္ဘာတစ်ဝှမ်းရှိ IPA များသည် OSS ဝန်ဆောင်မှုများကို တိုး၍ပေးလာကြရာ အောင်မြင်မှု အတိုင်း အတာလည်း အမျိုးမျိုးရှိကြသည်။ Investment Solution Consultants (ISC) များက အောက်ပါဇယား ၈.၃ တွင် ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ကိစ္စရပ်များအနက်မှ ရွေးထုတ်၍ ရင်းနှီးမြှုပ်နှံသူအား လျှင်မြန် ထိရောက်စွာ ကူညီပံ့ပိုးမှုပေးရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ IPA များသည် အဓိကအားဖြင့် အခြေခံ အဆောက်အအုံ၊ လူ့စွမ်းအား၊ ဝန်ဆောင်မှုများပံ့ပိုးပေးခြင်း၊ အကောက်ခွန် ဝန်ဆောင်မှုများစသည့် နယ်ပယ် ျားတွင် လက်ငင်းလိုအပ်ချက်များနှင့် အနာဂတ်လိုအပ်ချက်များကို တင်ကြိုဖော်ထုတ်၍ ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်များကို ချက်ချင်းတုန့်ပြန်မှုပေးနိုင်စေရန် သက်ဆိုင် ရာဌာနများသို့ သတင်း အချက်အလက်များ ပံ့ပိုး ပေးရပါမည်။ OSS များနှင့်ပတ်သက်၍ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များ (best practices) ကို ဖော်ပြရန် ခက်ခဲပါသည်။ အာရှ–ပစိဖိတ်ဒေသတွင် Invest in Taiwan ၏ ဝန်ဆောင်မှု (<u>http:// investtaiwan.nat.gov.tw/eng/show.jsp?ID=223)</u> နှင့် Singapore"s Economic Development Board ၏ ဝန်ဆောင်မှု https://www.edb.gov.sgတို့ကို ဥပမာကောင်းများ အနေဖြင့် ရည်ညွှန်းနိုင်ပါသည်။ ဇယား ကွက် ၈–၆ သည် အင်ဒိုနီးရှား BKPM ၏ မကြာသေးမီက တစ်နေရာတည်းတွင် ဝန်ဆောင်မှု အားလုံးပေးခြင်း (OSS)မှ "တံခါးတစ်ပေါက်"(one-door) ဝန်ဆောင်မှု စင်တာအကြောင်းဖော်ပြထားသည်။

## Box 8.5. One-stop shop for FDI establishment: myth or reality?

၎င်းအတွက် အကျဉ်းဆုံးအဓိပ္ပါယ်ဖွင့်ဆိုမှုအရ OSS ဆိုသည်မှာ အစိုးရဌာနတစ်ခုသည် ခွင့်ပြုမိန့်များ၊ လိုင်စင်များ၊ အတည်ပြုချက်များ၊ ကင်းရှင်းကြောင်းလက်မှတ်များအားလုံးကို ခွင့်ပြုရန် လိုအပ်သော အခွင့်အာဏာရှိသည်ဟု ထိရောက်သော အဓိပ္ပါယ်ဖွင့်ဆိုမှုရှိသည်။ အားလုံးကို လွှမ်းခြုံသော အခွင့်အာဏာ မရှိပါက အဆိုပါဌာနသည် လုပ်ငန်းစဉ်တွင် ထိန်းချုပ်နိုင်မှုမရှိနိုင်ပေ။ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်၏ အဆင့်အမျိုးမျိုးတွင် လိုအပ်သော ခွင့်ပြုချက်အားလုံးကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်လိမ့်မည်မဟုတ် သောကြောင့် အခြားဌာနများကို မှီခိုလာကြရမည်ဖြစ်သည်။

သို့သော် လက်တွေ့တွင် ထိုသို့သော စိတ်ကူးယဉ်ဆန်သည့် OSS သည် လက်တွေ့မကျဟု သက်သေပြမှုများ ရှိခဲ့သည်။ လက်တွေ့လုပ်ဆောင်ရာတွင် ထိုကဲ့သို့သော OSS ပုံစံကို အကောင်အထည်ဖော်ရန် ကြိုးစားကြသည့် အစိုးရအားလုံးသည် မတူသောအုပ်ချုပ်ရေးဆိုင်ရာအဆင့်များတွင် တာဝန်ရှိကြသည့် အစိုးရဌာနများက သဘောမတူပဲ ဆန့်ကျင်မှုကို ကြုံတွေ့ရသည်။ အရေးအကြီးဆုံးမှာ အခြားဝန်ကြီးဌာနများနှင့် ဌာနများက ထိုသို့သော OSS မျိုးကို ဖန်တီးခြင်းသည် ၎င်းတို့၏ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်ကို လျော့ကျသွားစေပြီး အစိုးရ အုပ်ချုပ်ရေးဌာနများအတွင်း ပြင်းထန်သည့် ပြိုင်ဆိုင်မှုစစ်ပွဲကို အလျင်အမြန် ဦးတည်မည်ဟု စိုးရိမ်လာကြသည်။

ပို၍ဆီလျော်သည်မှာ ဌာနတစ်ခုတည်းတွင် တကယ်တန်းအခွင့်အာဏာအတော်များများ ရှိသင့်သလားဆိုသည့် မေးခွန်းဖြစ်သည်။ ဤနေရာတွင် အသိအမှတ်ပြုရန် အရေးကြီးသည်မှာ ဌာနအများစုနှင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များမှာ အစိုးရ၏သီးသန့်မူဝါဒကိစ္စရပ်ကို ဖော်ဆောင်ရန် ဖန်တီးထားခြင်းဖြစ်သည်ဆိုသည့်အချက်ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာပျက်ယွင်းမှု၊ အခွန်ရှောင်တိမ်းမှု သို့မဟုတ် ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များကို ကိုင်တွယ်သည့် ဌာနတစ်ခုစီသည် သီးသန့်ကိစ္စရပ်တစ်ခုစီအတွက် အထူးလေ့ကျင့်ထားသော ဝန်ထမ်းများ၊ သီးသန့်လုပ်ငန်းစဉ်များဖြင့် ကိုင်တွယ်ရန် ကြိုးစားရသည်။ အထက်က ဖော်ပြခဲ့သော နယ်ပယ်များတွင် OSS ကို အရည်အသွေးပြည့်သော အခွင့်အာဏာပေးလိုပါက မိမိ OSS အတွင်းဖွဲ့စည်းထားပုံကို ပြန်လည်တည်ဆောက် (အထက်ကဌာနများတည်ဆောက်ပုံ အတိုင်း) ရန်လိုအပ်သည်။ သို့မဟုတ်ပါက ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုဆန်းစစ်ချက်များ၊ VAT ပြန်လည်ထုတ်ပေးခြင်းများ သို့မဟုတ် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလက်မှတ်များကဲ့သို့သော အတည်ပြုချက်များသည် မူဝါဒရည်ရွယ်ချက်များကို ပြည့်မီလိမ့်မဟုတ်ပေ။ သို့သော်လည်း ထိုသို့သော အုပ်ချုပ်ရေးပိုင်းဆိုင်ရာစွမ်းဆောင်ရည်များကို တည်ဆောက်ထားနိုင်ခြင်းသည် OSS တစ်ခုကို ဝန်ထမ်းနှင့် အရင်းအမြစ် လိုအပ်ချက်များအား ဖြည့်ဆီးထားနိုင်သည့် စူပါဌာနတစ်ခုအဖြစ် ပြောင်းပေးနိုင်သည်။ ထိုသို့သော ဌာနမျိုးသည် လျင်မြန်ပြီး ရင်းနှီးမြှုပ်နှံသူလိုလားသော ဝန်ဆောင်မှုများကို ပုဂ္ဂလိက ကဏ္ဍသို့ ဖြည့်ဆည်းပေးနိုင်ဖွယ်တော့ မလွယ်ပေ။

ထို့ကြောင့် အစိုးရများသည် ကျယ်ကျယ်ပြန့်ပြန့်သဘောတရားမျိုးမပါပဲ ထိုသို့သော OSS ကို ထူထောင်ရန် များသောအားဖြင့် ရှောင်ကြဉ်လေ့ရှိသည်။ ထိုအစား အစိုးရများသည် အမျိုးမျိုးသော အစိုးရဌာနများသည် လက်ရှိ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဆက်လက် ရှိနေစေပြီး ညှိနှိုင်းပေးသည့် နည်းလမ်း ပုံစံကို အသုံးပြုလာကြသည်။ တွေ့ရများသည့် ထိုသို့သော ညှိနှိုင်းပေးသည့် နည်းလမ်းပုံစံအတွက် တည်ဆောက်ထားပုံမှာ ဝန်ကြီးဌာနများနှင့် ဌာနအမျိုးမျိုးမှ ကိုယ်စားလှယ်များသည် နေရာတစ်ခုတည်းတွင် လာရောက်၍ ရုံးဖွင့်လုပ်ခြင်းဖြစ်သည်။ များသောအားဖြင့် IPA ရုံးကို အသုံးပြုကြသည်။

လက်တွေ့တွင်မူ OSS သည် စာတိုက်၏ လုပ်ငန်းဆောင်တာများကိုသာ လုပ်ဆောင်သည်။ ရင်းနှီးမြှုပ်နှံသူက စာရွက်စာတမ်းကိစ္စအတွက် သက်ဆိုင်ရာ တာဝန်ရှိသူထံရည်စူး၍ OSS ရုံးနေရာတွင် လျှောက်လွှာလာတင်ခြင်းသာ ဖြစ်သည်။ Lall (2000) တွင် "အဆိုပါဌာနများတွင် ညှိနှိုင်းပေးရန် လုံလောက်သော အခွင့်အာဏာ မရှိခဲ့ပါက၊ ဥပဒေစည်းမျဉ်းများကလည်း ရိုးရှင်းမှုမရှိခဲ့ပါက တစ်နေရာတည်းတွင် ဝန်ဆောင်မှုအားလုံးပေးသည့်နေရာ (OSS)သည် နောက်ထပ်ဌာနတစ်ခု တိုးလာ ခြင်းသာ ဖြစ်သွားနိုင်သည့် အန္တရာယ်ဖြစ်လာနိုင်သည်" ဟု ဆိုထား သည်။

*Source*: Al-Fattal (2008).

## Box 8.6. One-Stop Service Centre of BKPM Indonesia

Badan Koordinasi Penanaman Modal (BKPM) သည် အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းရေးဘုတ်အဖွဲ့ဖြစ်သည်။ BKPM သည် စီးပွားရေးလုပ်ငန်းများနှင့် အစိုးရကြားတွင် မူလကြားခံ ဆက်သွယ်ပေးသော နေရာဖြစ်သည်နှင့်အညီ ၎င်းကို ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ရာသီဥတုကို ဖန်တီးပေးခြင်းမှတဆင့် ပြည်တွင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ပေးနိုင်သည့် အခွင့် အာဏာပေးထားသည်။ ၂၀၀၉ ခုနှစ်တွင် ဝန်ကြီးဌာနအဆင့်အတန်းကို ပြန်လည်ရရှိခဲ့ပြီး အင်ဒိုနီးရှား သမ္မတကို တိုက်ရိုက်အစီရင်ခံရသည်။ ဤရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ ပန်းတိုင်မှာ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုရှာဖွေရန်ဖြစ်သည်သာမက လူမှုရေးအရ မညီမျှမှု လျော့ချနိုင်ရေးနှင့် အလုပ်လက်မဲ့လျော့ချနိုင်ရေးတို့တိုးတက်စေမည့် အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှု တို့ကို ရှာဖွေရန်ဖြစ်သည်။ BKPM သည် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အင်ဒိုနီးရှား တွင် စီးပွားရေးလုပ်ဆောင်ရာ၌ လိုအပ်မည့်ဝန်ဆောင်မှုများပေးသည့်ပြင် အသုံးဝင်မည့် အုပ်ချုပ်ရေးဆိုင်ရာ၊ လိုက်နာရမည့် အချက်များဆိုင်ရာ သတင်းအချက်အလက်များ၊ လုပ်ငန်းကဏ္ဍများနှင့် အခွင့်အလမ်းများအကြောင်း အသေးစိတ်အချက်အလက်များကိုလည်း ပေးပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် BKPM သည် ၎င်း၏ ဌာနခွဲအဖြစ် တစ်နေရာတည်း (တံခါးတစ်ပေါက်ထဲ) စု စည်းထားသော ဝန်ဆောင်မှုပေးသည့်နေရာ (PTSP) ကို ဖွင့်လှစ်ခဲ့ရာ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအတွက်ငွေကုန်ကြေးကျများသော ကြိုးနီစနစ်များကိုဖယ်ရှားပြီး စီးပွားရေးလုပ်ငန်းများ ဆက်သွယ်ရလွယ်စေမည့် အုပ်ချုပ်ရေးဌာနတစ်ခုဖန်တီးရန် သမ္မတ၏ညွှန်ကြားချက်အရ ဖွင့်လှစ်ခြင်းဖြစ်သည်။ ယခင်ကလည်း အလားတူတစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးခြင်းရှိခဲ့သော်လည်း ယခုတစ်ကြိမ်တွင်မူ အပြည့်အဝစုစည်းထားသော ဝန်ဆောင်မှုကို ပထမဆုံးအကြိမ်ပေးခြင်းဖြစ်သည်။ BKPM သည် အစိုးရအဖွဲ့အစည်း ၂၂ ခုမှ ပေးနေသော လိုင်စင်ဝန်ဆောင်မှုများကို ပေါင်းစည်း၍ တစ်ပုံတည်းဖြစ်အောင်လုပ်ခဲ့သည်။ ယခင်က ထိုအဖွဲ့အစည်း ၂၂ ခုသည် PTSP တွင် တာဝန်ရှိသူ တစ်ဦးစီကို စေလွှတ်ကာ သီးခြားစီလုပ်ဆောင်ကြသည်။

လိုင်စင်ပေးခြင်း ဝန်ဆောင်မှု နှစ်ခု ပေးသည်။ ရင်းနှီးမြှုပ်နှံမှုလိုင်စင်နှင့် ထုတ်လုပ်ရေးလိုင်စင်ဖြစ်သည်။ သုံး နာရီကြာမြင့်သည့် ရင်းနှီးမြှုပ်နှံမှု လိုင်စင်ထုတ်ပေးခြင်း ဝန်ဆောင်မှုတွင် လိုအပ်ချက်များမှာ အနည်းဆုံးရင်းနှီး မြှုပ်နှံမှု ရူပီ ၁၀၀ ဘီလီယံ နှင့်/ သို့မဟုတ် အလုပ်သမား ၁၀၀၀ ရှိရမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု လိုင်စင်ထုတ်ပေးခြင်း ဝန်ဆောင်မှုတွင် ရင်းနှီးမြှုပ်နှံမှု လိုင်စင်အာမခံထားခြင်း၊ လုပ်ငန်းထူထောင်မှုနှင့် အတည်ပြုချက်အတွက် စာချုပ်၊ အခွန် မှတ်ပုံတင်နံပါတ်၊ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်၊ နိုင်ငံခြားသား လုပ်သားငှားရမ်းမည့် အစီအစဉ်၊ အလုပ်လုပ်ခွင့်ပါမစ်၊ သွင်းကုန်လုပ်ကိုင်သူနံပါတ်၊ အကောက်ခွန်မှတ်ပုံတင်နံပါတ်၊ မြေနေရာရရှိမှုအတွက်စာ တို့ ပါဝင်ရသည်။ ထိုစာရွက်စာတမ်းများကို အဖွဲ့အစည်းအမျိုးမျိုးထံမှ တောင်းယူရန် ၁၁ ရက်ကြာသည်။ ထိုဝန်ဆောင်မှုများတွင် ဘဏ်လုပ်ငန်းနှင့် ရေနံ၊ ဓါတ်ငွေ့ရှာဖွေခြင်းလုပ်ငန်းများမှ အပ အားလုံးပါဝင်သည်။ ထိုဝန်ဆောင်မှုအတွက် ဝန်ကြီးဌာန/ အစိုးရဌာန ၂၂ ခုမှ ဆက်ဆံရေးအရာရှိ ၇၇ ဦးကို ခန့်ထားသည်။ စုံစမ်းရေးစားပွဲတွင် ရှိသော ဆက်ဆံရေး အရာရှိများသည် စာရွက်စာတမ်းများကို လက်ခံကာ ရင်းနှီးမြှုပ်နှံသူများနှင့် တိုင်ပင်ဆွေးနွေးမှုများ လုပ်သည်။ နောက်ပိုင်းစားပွဲများမှ ဆက်ဆံရေးအရာရှိများသည် လက်ခံရရှိသော စာရွက်စာတမ်းများကို ဆက်လက်ကိုင်တွယ်သည်။

BKPM သည် PTSP ၌ ပွင့်လင်းမြင်သာမှုရှိစေရန် အွန်လိုင်းစောင့်ကြည့်သည့် ဝန်ဆောင်မှုကို တည်ဆောက်ထားရာ ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ လိုင်စင်လျှောက်ထားခြင်း တိုးတက်မှု အခြေအနေနှင့် သတ်မှတ်ရက်ပြီးစီးမှုသည် ချမှတ်ထားသည့်စံလုပ်ထုံးလုပ်နည်းများနှင့်ညီစေရန် စောင့်ကြည့်ရာတွင် အသုံးပြုနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများ သတင်းအချက်အလက်များရရှိရေးနှင့် တိုင်ကြားမှုပြုလုပ်နိုင်ရေးကို ကူညီရာတွင် ရင်းနှီးမြှုပ်နှံသူများသည် ၂၄ နာရီ၊ ၇ ရက်ပတ်လုံး ဆက်သွယ်နိုင်မည့် ဖုန်းဆက်သွယ်ရေးစင်တာ ကို BKPM က ဖွင့်ပေးထားသည်။

ဇစ်မြစ် –https://www.amcham.or.id/fe/4882-bkpm-launches-one-stop-service; http://www5.bkpm.go.id/en/ home-investmentတို့တွင် ရနိုင်သည်။

*Source*: Available fromhttps://www.amcham.or.id/fe/4882-bkpm-launches-one-stop-service; http://www5.bkpm.go.id/en/home-investment.

လုပ်ငန်းစတင်တည်ထောင်သည့် အဆင့်/ရင်းနှီးမြှုပ်နှံသည့်အဆင့်အတွင်း IPA များနှင့် ၎င်းတို့၏ ISC တို့ထံမှ ပံ့ပိုးရန်လိုအပ်သော အခြားသော ဝန်ဆောင်မှုများမှာ

- ပြဿနာများကို အစဉ်တစိုက် ဖော်ထုတ်ဖြေရှင်းပေးခြင်း
  - အခြေခံဝန်ဆောင်မှုများ၊ စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းရေးဆိုင်ရာ ကိစ္စရပ် များနှင့် – အကောက်ခွန်ရှင်းလင်းခြင်း၊ အလုပ်သမားငှားရမ်းခြင်း၊ အခွန်စည်းကြပ်ခြင်း၊ လူဝင်မှုကြီးကြပ်ရေး အစရှိသည်ဖြင့်၊
  - နိုင်ငံအဆင့်ဥပဒေမူဘောင်နှင့် ကွဲလွဲနေသည့် ဒေသန္တရလုပ်ထုံးလုပ်နည်းများကို ဖြေရှင်း ခြင်း၊
  - ပြည်တွင်းအေဂျင်စီများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း။

- ရင်းနှီးမြှုပ်နှံသူများအတွက် ကွန်ရက်များတက်တက်ကြွကြွတည်ဆောက်ခြင်း
  - ရင်းနှီးမြှုပ်နှံသူများအစည်းအဝေးများ၊
  - စက်မှုဇုန်/အထူးစီးပွားရေးဇုန်/ငှားရမ်းလုပ်ကိုင်သူများ၏ အစည်းအဝေးများ၊
  - ကုန်သည်ကြီးများအသင်းနှင့် အခြားအသင်းအဖွဲ့များ၏ အစည်းအဝေးများ၊

- တန်ဖိုးမြှင့်ဝန်ဆောင်မှုများပေးခြင်း
  - ပစ္စည်းပေးသွင်းမည့်သူများကို ရွေးထုတ်ခြင်း (ဥပမာ – ထိုင်းနိုင်ငံမှ BUILD၊ အခန်း ၃ မှ ဇယားကွက် ၃–၁၁ တွင် ရှုပါ)၊
  - မိတ်ဖက်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းခြင်းနှင့် ချိတ်ဆက်တွဲဖက်ပေးခြင်း (matchmaking)။
  - IPA မှ မပေးသော ဝန်ဆောင်မှုများ ရယူနိုင်ရန် ညှိနှိုင်းပေးခြင်း
    – ဘဏ္ဍာရေး၊
    – ပို့ကုန်သတင်းအချက်အလက်များ၊
    – နည်းပညာပံ့ပိုးမှုအစီအစဉ်များ၊
  - တိုးချဲ့မည့် အစီအစဉ်များတွင် အကူအညီပေးခြင်း၊

- “စာရင်းတာဝန်ခံအရာရှိ” အဖြစ် ဆက်လက်လုပ်ဆောင်ခြင်း
  - စီမံကိန်းများကို ခြေရာခံခြင်းနှင့် လေ့လာစောင့်ကြည့်ခြင်း။
  - ဖြေရှင်းနိုင်မည်နည်းများအား တက်တက်ကြွကြွရှာဖွေခြင်းနှင့် အကောင်အထည် ဖော်ခြင်း၊

ထိရောက်သော ISC တစ်ခုဖြစ်အောင် ဘာလုပ်ရမည်ဆိုသည့် သတ်မှတ်ချက် တိတိကျကျမရှိပေ။ သို့သော် အောင်မြင်ရေးသော့ချက်အချို့ကို ထုတ်ဖော်နိုင်ပါသည် (ဇယား ၈–၄) ။

## ဇယား ၈–၄ ထိရောက်မှုရှိသော ISC တစ်ခုအတွက် သော့ချက်ကျသည့်အချက်များ

| | |
|---|---|
| အဆင့်မြင့် နိုင်ငံရေးထောက်ပံ့မှုပြသရန် | IPA နှင့်အခြားအစိုးရအဖွဲ့အစည်းများ၏ ခေါင်းဆောင်များမှ ထိရောက်သည့်အလုပ်များ ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေရမည်ဟူသော ကတိကဝတ်များ ရှိရမည် |
| စီမံခန့်ခွဲသော မန်နေဂျာများအား ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးအတွက် အသုံးပြုရန် | ရင်းနှီးမြှုပ်နှံသူတစ်ယောက်ချင်းစီအား ဝယ်သူ၏သမိုင်းကြောင်း၊ လက်ရှိအခြေအနေနှင့် တာဝန်ယူမှုနှင့်စပ်လျဉ်းသည့် တီထွင်ကြံဆနိုင်မှုများနှင့်ပတ်သက်သည့် ဗဟုသုတများကို ကိုက်ညီမှုရှိစေရေး အကူအညီပေးနိုင်ရန် အရာရှိတစ်ယောက် သတ်မှတ်ခန့်ထားရမည်။ |
| စီမံခန့်ခွဲသောမန်နေဂျာများတစ်ယောက်ချင်းစီအတွက် ထိရောက်သည့် သင်တန်းများ ပေးရန် | စာရင်းကိုင်အမှုဆောင်တိုင်းသည် ရင်းနှီး မြှုပ်နှံမှုနည်းဥပဒေများနှင့် စည်းမျဉ်းများ၊ IPA များ၏ လုပ်ငန်း ဆောင်ရွက်မှုများနှင့် ဝယ်သူဝန်ဆောင်မှုပေးခြင်း နည်းလမ်း များ ဆိုင်ရာ စနစ်တကျ သင်ကြားသည့် သင်တန်း များသို့ တက်ရောက်သင့်သည်။ |
| သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုစီတွင် သင့်တော် သည့် ပူးပေါင်းဆောင်ရွက်မှု ဝန်ထမ်းခန့်အပ်ရန် | ရင်းနှီးမြှုပ်နှံသူများ၏ ပြဿနာများနှင့် သတင်းအချက်အလက်လိုအပ်ချက်များတွင် IPA ၏ အဓိကဆက်သွယ်သူအဖြစ် ဝန် ဆောင်မှုပေးနိုင်ရန် သက်ဆိုင်ရာ အဖွဲ့ အစည်းတစ်ခုချင်းစီ၌ ဗဟုသုတ ပြည့်စုံသည့် focal person တစ်ယောက်ကို သတ်မှတ် ပေးရမည်။ |
| အခြားသောအဖွဲ့အစည်းများသို့ သင်တန်းများဖွင့်လှစ်ရန် | မိမိတို့ ISC ကြိုးပမ်းမှုများနှင့် မည်သို့ လုပ်ဆောင် နေသည်ကို အခြားသော အဖွဲ့ အစည်းများ သိရှိနားလည်စေရန် ကူညီရမည်။ |

| | |
|---|---|
| | အခြားအဖွဲ့အစည်းများအနေဖြင့် ဗဟိုဌာနကို မည်ကဲ့သို့ ကူညီနိုင်ကြောင်း ရှင်းလင်းသည့် အကြံပြုချက်များပေးရမည်။ |
| အဆင့်မြင့်ကော်မတီ/အငြင်းပွားမှုဖြေရှင်းခြင်းအဖွဲ့ဖွဲ့စည်းရန် (အဖွဲ့အစည်းအတွင်း အငြင်းပွားမှု ပေါ်ပေါက်လာပါက) | IPA နှင့် အခြားအဖွဲ့အစည်းများကြား အငြင်းပွားမှု ဖြစ်ပေါ်လာပါက (သို့မဟုတ် အခြား အဖွဲ့အစည်းများ အကြား ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများ အဓိပ္ပာယ် ကောက်ယူရာတွင်) လျင်မြန်စွာနှင့် ထိရောက် မှုရှိရှိ ဖြေရှင်းနိုင်ရေးအတွက် အဖွဲ့အစည်းတစ်ခု လိုအပ်ပါသည်။ |
| ဝန်ထမ်းများ/စာရင်းကိုင်အမှုဆောင်များအတွက် on-going ဆောင်ရွက်ချက်တိုင်းတာမှုများ အသုံး ပြုရန် | ၎င်းတို့၏ဆောင်ရွက်ချက်များကို တိုင်းတာနိုင်မည့် စံသတ်မှတ်ချက်များ ရှိရမည်။ အရာရှိများမှလည်း အဆိုပါ စံသတ်မှတ်ချက်များကို နားလည်ထားကြောင်း သေချာစေရမည်။ အမျိုးမျိုးသော လုပ်ထုံးလုပ်နည်းများ ပြီးမြောက်ရန်အချိန် မည်မျှ ကြာမည်ကို ၎င်းတို့ ထောက်ပံ့ပေးရန် တာဝန်ပေးခြင်းခံရသည့် ရင်းနှီးမြှုပ်နှံသူများအတွက် စုံစမ်းထားနိုင်ရမည်။ |
| ရင်းနှီးမြှုပ်နှံသူများ၏ အရေးပါမှုကို နားလည် သဘောပေါက်မှု တိုးလာစေရန် အများပြည်သူကို စည်းရုံး လှုံ့ဆော်မှု ဆောင်ရွက်ရန် | ရင်းနှီးမြှုပ်နှံသူများသည်နိုင်ငံနှင့်ဒေသတွင်း လူ့အသိုင်းအဝိုင်းအတွက် အရေးပါသည့်အပြင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအားလုံးမှတစ်ဆင့် အမြင့်ဆုံး အရည်အသွေးဆိုင်ရာ ဝန်ဆောင်မှု များနှင့် ထိုက်တန်ကြောင်းနှင့် မိမိတို့အနေဖြင့် အထောက်အပံ့ ပေးနိုင်ကြောင်း သတင်းများဖြင့် ဆက်သွယ်ထားရမည်။ |
| ISCs ၏ ဝန်ဆောင်မှုများနှင့် ကုန်ကျစရိတ်များသည် ကိုက်ညီမှုရှိပြီး ပွင့်လင်းမြင်သာမှုရှိရန် | ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ကျေနပ်မှုသည် အများပြည်သူအားလုံး၏ ကြီးမားသော အကျိုးစီးပွားကို ဆောင်ယူနိုင် မည်ဖြစ်ပါသည်။ |

*Source:* Investment Consulting Associates.

## (ဃ) လုပ်ငန်းတည်ထောင်ပြီးနောက်ပိုင်း ရင်းနှီးမြှုပ်နှံသူများအား ဆက်လက်ဝန်ဆောင်မှုပေးခြင်း (Aftercare)

### ၁။ လုပ်ငန်းတည်ထောင်ပြီးနောက် ဆက်လက်ဝန်ဆောင်မှုပေးရသည့် အကြောင်းအရင်း

အစဉ်အလာအရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံသူအသစ်များကို ဆွဲဆောင်ရန်ဖြစ်ပြီး ထိရောက်ကောင်းမွန်သည့် လုပ်ဆောင်ချက် (more cost-efficient activity) တစ်ခု ဖြစ်သည့် လက်ရှိရင်းနှီးမြှုပ်နှံသူအား ဂရုစိုက်စောင့်ရှောက်ခြင်းမှ တစ်ဆင့်၎င်းတို့နှင့် ဆက်စပ်သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူအသစ်များ ဆွဲဆောင်ရန် ဖြစ်ပါသည်။ ယခုအပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း/လွယ်ကူ ချောမွေ့စေခြင်းတို့၏ အဓိက လုပ်ဆောင်ချက်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။

Aftercare ဆိုသည်မှာ ကုမ္ပဏီသို့ ပေးနိုင်သမျှသော ဝန်ဆောင်မှုအားလုံးကို ရင်းနှီးမြှုပ်နှံမှု အဂျေင်စီမှ ဝန်ဆောင်မှုပေးခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု အရှည်တည်တံ့မှုနှင့် အောင်မြင်မှု သေချာ စေရန်နှင့် ပြည်တွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ၎င်း၏ပါ ဝင်မှုကို အများဆုံးဖြစ်စေရန်၊ ပြည်ပ လုပ်ငန်းခွဲ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်သည့်စတင်မှု နှစ်ခုစလုံးတွင် လွယ်ကူချောမွေ့စေရန် ပုံစံ ရေးဆွဲ ထားခြင်းဟုလည်း အဓိပ္ပါယ် ဖွင့်ဆိုနိုင်ပါသည်။ (Young and Hood, 1994: VCC, 2009)။ UNCTAD (2007) အရ Aftercare အား အဓိပ္ပါယ်ဖွင့်ဆိုရာတွင် "ရင်းနှီးမြှုပ်နှံမှု ထိန်းသိမ်းခြင်းကို အထောက် အပံ့ဖွံ့ဖြိုးမှု မှတစ်ဆင့် တည်ထောင်ပြီးနောက် လွယ်ကူချောမွေ့ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းဖြင့် ဆက်စပ် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်နှင့် ပိုမိုကြီးမားသည့် ပြည်တွင်းစီးပွားရေး အကျိုးအမြတ်ရရှိရန်" ဟု အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ လုပ်ငန်းတည်ထောင်ပြီးနောက် ကူညီဆောင်ရွက်ပေးခြင်းသည် ရင်းနှီးမြှုပ်နှံသူအား ကူညီဆောင်ရွက်ပေးခြင်းနှင့် လက်ရှိ ရင်းနှီးမြှုပ်နှံနေသူအား လိုလားစွာ ကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းပင် ဖြစ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းသည် ရင်းနှီးမြှုပ်နှံသူများ အောင်မြင်ရန်အတွက် ကူညီခြင်း (investor development) နှင့် ရင်းနှီးမြှုပ်နှံမှု တည်တံ့စေခြင်း (investment retention) နှစ်ခု စလုံးတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ရင်းနှီးမြှုပ်နှံမှု တည်မြဲနေခြင်း၏ အကြောင်း အရင်းမှာ (investment retention) ပြန်လည် ရင်းနှီးမြှုပ်နှံမှုမှ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အများအပြား စီးဝင်ရောက်လာသည့်အတွက် ဖြစ်သည်။ ကမ္ဘာ့စီးပွားရေး ကပ်ဆိုက်သည့်အတွက် ကမ္ဘာတစ်ဝှမ်းတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အသစ်များစီးဝင်မှု ကျဆင်းလာချိန်မှ ပြန်လည်တိုးတက်အောင် ဆောင်ရွက်နေသည့် အချိန်တွင် ရင်းနှီးမြှုပ်နှံလုပ်ငန်းအား တည်မြဲအောင် ဆောင်ရွက်ခြင်းသည် ပိုမိုအရေးပါလာသည်။ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပေးခြင်းနှင့် လက်ရှိရင်းနှီးမြှုပ်နှံမှု တိုးတက်အောင် ဆောင်ရွက်ခြင်းမှ နောက်ဆုံးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်စေခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ပိုမို တိုးတက်စေခြင်းသည် ရေရှည်ဆောင်ရွက်ရမည့် မဟာဗျူဟာတစ်ခု ဖြစ်သည်။

ထို့ကြောင့် လုပ်ငန်းတည်ထောင်ပြီးနောက် ဝန်ဆောင်မှုပေးခြင်း၏ အခြေခံသဘောတရားမှာ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ချယုံကြည်မှု၊ ယုံကြည်အပ်နှံရမှုနှင့် သစ္စာရှိမှုကို တည်ဆောက်ခြင်းပင်ဖြစ်သည်။

ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံသူများအား ကျေနပ်မှုနှင့်သစ္စာရှိမှု အမြင့်ဆုံးရရှိစေပြီး ၎င်းတို့မှတဆင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ပေးမည့် သံတမန်များအဖြစ် သာမက၊ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအတွက် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်နိုင်ရန် အဓိက ကျသည့်လက်နက်သဖွယ် ဆောင်ရွက်ရန် ဖြစ်သည်။

လုပ်ငန်းတည်ထောင်ပြီးနောက် ဝန်ဆောင်မှုပေးခြင်းကို C.R.E.E.D. principle အရ အကျဉ်းချုပ် ဖော်ပြနိုင်ပါသည်-

- **ခိုင်မာကောင်းမွန်စေခြင်း**-လုပ်ငန်း အကောင်အထည်ဖော်နိုင်မှုနှုန်း မြန်ဆန်လာစေခြင်း၊
- **ထိန်းသိမ်းခြင်း**-လက်ရှိ ရင်းနှီးမြှုပ်နှံနေသူများ တည်မြဲအောင် ထိန်းသိမ်းခြင်း၊
- **ခိုင်မာမှု**- ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကျိုးကျေးဇူးများကို ခိုင်မာကောင်းမွန်ခြင်း၊
- **လုပ်ငန်းချဲ့ထွင်ခြင်း**- ပြန်လည်ရင်းနှီးမြှုပ်နှံမှုများ ရရှိအောင် ဆောင်ရွက်ခြင်း၊
- **လုပ်ငန်းများစုံလင်စွာဆောင်ရွက်စေခြင်း**-တန်ဖိုးမြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အခြားရင်းနှီးမြှုပ်နှံသူများအတွက်ပါ အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ(၆၉)ခုကို လေ့လာခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ များအနေဖြင့် ၎င်းတို့ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်၏ ၁၀% သာ လုပ်ငန်းတည် ထောင်ပြီးနောက် ဝန်ဆောင်မှု ပေးခြင်းကို ဆောင်ရွက်နေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ၏ ၈၄% မှာ လုပ်ငန်း ဆောင်ရွက်ပြီးနောက် ဝန်ဆောင်မှုပေးခြင်းသည် ပြန်လည်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်စေရန် (သို့မဟုတ်) လုပ်ငန်း ချဲ့ထွင်နိုင်ရန်အတွက် အခြားလုပ်ဆောင် ချက်များနည်းတူ အရေးကြီးကြောင်းနှင့် ဝင်ရောက်ခဲ့သည့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အားလုံး၏ ၃၂% နီးပါးမှာ ပြန်လည်ရင်းနှီးမြှုပ်နှံမှုမှ ဝင်ရောက်လာခဲ့ကြောင်း UNCTAD (2007,2008)တွင် ဖော်ပြထားသည်။

ထိုကဲ့သို့ လုပ်ငန်းတည်ထောင်ပြီးနောက် ဝန်ဆောင်မှုပေးခြင်းတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များ လျှင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပြီး ရင်းနှီး မြှုပ်နှံမှုများ တိုးပွားစေရန်အတွက် လုပ်ငန်းတည်ထောင်ပြီးနောက် လုပ်ငန်းများ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးခြင်းသည် လုပ်ငန်းတည်ထောင်ပြီးနောက် ဝန်ဆောင်မှုပေး ခြင်းပင် ဖြစ်သည်(Loewendahl, 2001)။ ကမ္ဘာတစ်ဝန်းတွင် မဟာဗျူဟာကျပြီး ရင်းနှီးမြှုပ်နှံမှု ကြီးမားသည့် လုပ်ငန်းအများစုမှာ လက်ရှိ ရင်းနှီး မြှုပ်နှံသူများမှ ဆောင်ရွက် ကြခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများ၏ ၇၀% သည် လက်ရှိ ရင်းနှီး မြှုပ်နှံမှုများနှင့် ချိတ်ဆက်၍ ဝင်ရောက်လာခြင်း ဖြစ်ကြောင်း ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည် (UNCTAD, 2007)။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ လုပ်ငန်းစဉ်များတွင် လုပ်ငန်းတည်ထောင်ပြီး နောက် ဝန်ဆောင်မှုပေးခြင်းသည် လွန်ခဲ့သော ဆယ်စုနှစ် ၁ ခုအတွင်း အလွန် အရေးပါလာသည်။

(UNCTAD,2007;VCC,2009)အဆိုအရ စီးပွားရေးလုပ်ငန်းတစ်ခု တည်ထောင်ပြီးနောက် ဝန်ဆောင်မှု ပေးခြင်း ဆိုသည်မှာ-

- ရင်းနှီးမြှုပ်နှံသူများသည် "အဆွဲဆောင်ခံ ပရိတ်သတ်"များဖြစ်သည်- ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူလျင်မြန်စွာ ဆွဲဆောင်နိုင်ခြင်း။ "ရင်းနှီးမြှုပ်နှံသူအသစ် အတွက် မြေနေရာရှာဖွေခြင်းသည် လက်ရှိရင်းနှီးမြှုပ်နှံသူသို့ ရောင်းချခြင်းထက် ကုန်ကျစရိတ် ၇ ဆပိုများသည်"။ (World Bank/ MIGA,2000)
- လုပ်ငန်းတည်ထောင်ပြီးနောက် ဝန်ဆောင်မှုပေးခြင်းသည် ရင်းနှီးမြှုပ်နှံသူအသစ်များ ဆွဲဆောင်ခြင်းထက် စရိတ်စကများသည်။ (လက်ရှိရင်းနှီးမြှုပ်နှံသူများ အနေဖြင့် အရောင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် ခရီးသွားစရိတ်များ သက်သာမည်ဖြစ်သည့်အတွက်)
- ကျေနပ်မှုရရှိနေသော TNC များသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအတွက် ရင်းနှီး မြှုပ်နှံသူများ ရှာဖွေပေးနိုင်မည် ဖြစ်သည်၊ ယင်းကဲ့သို့သော TNC များကို ရင်းနှီးမြှုပ်နှံသူများ ဆွဲဆောင်နိုင်ရန်အတွက် သံတမန်များသဖွယ် အသုံးပြုနိုင်သည်။
- ဒုတိယမျိုးဆက်၏ လုပ်ဆောင်ချက်များကို လှုံ့ဆော်ပေးခြင်း- (လုပ်ငန်းချဲ့ထွင်ခြင်း၊ အသိအမြင်ကျယ်ပြန့်လာခြင်းနှင့် သေချာစွာ ဂရုစိုက်ဆောင်ရွက်ခြင်း)
- ပြည်တွင်ရောင်းချသူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ပါသည်။
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအငြင်းပွားမှုများကိုကာကွယ်ပါသည်။

လုပ်ငန်းတည်ထောင်ပြီးနောက် ဂရုပြု၍ ဝန်ဆောင်မှုပေးခြင်းသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဖြစ်စေ ကြောင်း အောက်ပါအချက်များအရ ထင်ရှားစေပါသည်-

**ကာလတိုအကျိုးရလဒ်**

- ကနဦးရင်းနှီးမြှုပ်နှံမှု စီမံကိန်းကို အကောင်ထည်ဖော်နိုင်စေရန် ရင်းနှီးမြှုပ်နှံသူကို ပံ့ပိုးပေးခြင်း။

**ကာလရှည်အကျိုးရလဒ်**

- Aftercare ဝန်ဆောင်မှုသည် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးကြီးသော အစိတ် အပိုင်းဖြစ်ပါသည်။ (ဥပမာ-အိုင်ယာလန်နိုင်ငံတွင် Intel နှင့် Apple မှ ဆောင်ရွက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုတွင် ဆက်စပ်လုပ်ငန်းများ စုပေါင်း၍ တာဝန်ယူမှုရှိသော သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်)
- လက်ရှိရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် လိုအပ်သော သွင်းအားစုများအား ဆက်လက်၍ အဆင့်မြှင့် တင်ခြင်း။
- အခြေခံအဆောက်အဦနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာခြင်း။
- ကုန်ပစ္စည်းပေးသွင်းသူ လုပ်ငန်းများနှင့် ဝန်ဆောင်မှုပံ့ပိုးပေးသည့် လုပ်ငန်းများလည်း ဆက်စပ် ပေါ်ပေါက်လာခြင်း။

**ကျယ်ပြန့်သော မူဝါဒဆိုင်ရာ အကျိုးရလဒ်**

- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဈေးနှုန်းသက်သာ၍ ယုံကြည်စိတ်ချရမှု ရရှိလာခြင်း။
- ရင်းနှီးမြှုပ်နှံသူများ၏ အမြင်များနှင့် အတွေးအခေါ်များ အစိုးရထိပ်ပိုင်းအဆင့်များဆီသို့ ရောက်ရှိနိုင် သည့် ဆက်သွယ်မှုများရှိလာခြင်း။
- Aftercare ဝန်ဆောင်မှုမှ ရရှိလာသည့် ဆက်သွယ်ချက်များသည် အရေးကြီး အလားအလာများနှင့် ပြဿနာရပ်များကို ကြိုတင်သိရှိနိုင်သည့် အရင်းအမြစ်တစ်ခု ဖြစ်လာခြင်း။

## ၂။ ထိရောက်မှုရှိသော Aftercare ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း

လုပ်ငန်းတည်ထောင်ပြီးနောက် ဂရုတစိုက် ဝန်ဆောင်မှုပေးခြင်းသည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကို အမြင့်မားဆုံးရရှိစေသည့် အဓိကကျသည့် ဝန်ဆောင်မှုဖြစ်ပြီး အောင်မြင်နေသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ၏ အဓိကသော့ချက်ပင် ဖြစ်ပါသည်။ ထိရောက်သော ဝန်ဆောင်မှုဖြစ်စေရန် IPA မှ တာဝန်ခံအရာထမ်းများသည် ရင်းနှီးမြှုပ်နှံသူများ၏ စီမံကိန်းများကို ကောင်းစွာနားလည်ထားရန် လိုအပ်ပါ သည်။ (VCC 2009) အရ အောက်ဖော်ပြပါ အချက်များသည် အကောင်းဆုံးသော Aftercare ဝန်ဆောင်မှု ဖြစ်စေမည့် အချက်များ ဖြစ်ပါသည်-

- ရင်းနှီးမြှုပ်နှံသူထံသို့ မကြာခဏ အလည်အပတ်သွားရောက်ခြင်း။
- ပြဿနာတစုံတရာ ပေါ်ပေါက်လာမှ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ အမျှော်အမြင်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း။
- ပြဿနာဖြေရှင်းမှုအတွက် ကူညီပေးခြင်းသာမက၊ လုပ်ငန်းတိုးတက်မှုနှင့် အမြင့်မားဆုံးသော အခွင့်အလမ်းများရရှိနိုင်ရေး ဦးတည်ဆောင်ရွက်ရန်။
- အရေးကြီးပုဂ္ဂိုလ်များအားလုံးပါဝင်သည့် ကာလရှည်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်။
- ရင်းနှီးမြှုပ်နှံသူများအားလုံးကို ချဉ်းကပ်ပြီး ဝန်ဆောင်မှုပေးခြင်းအစား သီးသန့်ကုမ္ပဏီများအား အလေးထားဆောင်ရွက်ခြင်း။
- အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များအကြား ညှိနှိုင်းဆောင်ရွက်ခြင်း။

စနစ်ကျနသော လုပ်ငန်းတည်ထောင်ပြီးနောက် ဝန်ဆောင်မှုများတွင် စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ် ခြင်းနှင့် TNC များသို့ မဟာဗျူဟာကျသော ပံ့ပိုးခြင်းများ ပါဝင်ပါသည်။(ဇယား ၈.၅ တွင် အမျိုးမျိုးသော Aftercare ဝန်ဆောင်မှုများကို ဖော်ပြထားပါသည်။ UNCTAD 2007-2008)

**စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများ** ဆိုသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ လည်ပတ်နိုင်ရန် လွယ်ကူအောင်ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ ခွင့်ပြုမိန့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်း တိုးချဲ့နိုင်အောင် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားသား လုပ်သားများနှင့် မိသားစုဝင်များအတွက် အလုပ် လုပ်ခွင့်ပါမစ်၊ နေထိုင်ခွင့်ပါမစ်စသည်တို့ ရရှိအောင် ဆောင်ရွက်ပေးခြင်း (နေထိုင်ရေးအတွက် ကူညီရှာဖွေပေးခြင်းနှင့် မိသားစုဝင် သားသမီးများအတွက် ကျောင်းရှာဖွေခြင်းတို့တွင် ကူညီခြင်း၊ ဘဏ်လုပ်ငန်း၊ ဥပဒေအကြံပေး လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ပွဲစားစသည်တို့နှင့် မိတ်ဆက်ပေးခြင်း အစရှိသည်) တို့ ပါဝင် ပါသည်။

**စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုများ-** နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စွမ်းဆောင်ရည် ရှိရှိဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ယင်းသို့သော ပံ့ပိုးမှုများတွင် သင်တန်းများပေးခြင်း၊ ပြည်တွင်းရောင်းချသူများနှင့် တွေ့ဆုံပေးခြင်း၊ ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ယှဉ်ပြိုင်နိုင်မှု မြှင့်မားလာစေရေးအတွက် အစုအဖွဲ့များဖွံ့ဖြိုး တိုးတက်လာစေရန် ပံ့ပိုးပေးခြင်းတို့ ပါဝင် ပါသည်။

**နည်းဗျူဟာဝန်ဆောင်မှုများ-** မဟာဗျူဟာ ဝန်ဆောင်မှုများသည် ရင်းနှီးမြှုပ်နှံမှု လက်ခံရာဒေသ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းနှင့် စွမ်းဆောင်ရည်အသစ်များ တိုးတက်စေမည့် အနာဂတ် ဦးတည်ချက်များအပေါ် လွှမ်းမိုးမှုရှိသည်။ မဟာဗျူဟာ ဝန်ဆောင်မှုများ၏ ရည်ရွယ်ချက်မှာ ပြည်ပလုပ်ငန်းခွဲများ၏ စီးပွားရေးလုပ်ဆောင်ချက်များ အောင်မြင်ပြီး လုပ်ငန်းချဲ့ထွင်ရန်(သို့) ပိုမိုကောင်းမွန်အောင် မြှင့်တင်ရန် ဖြစ်ပါသည်။ အဆိုပါဝန်ဆောင်မှုများတွင် ပြည်တွင်း ထုတ်လုပ်သူများကို နိုင်ငံတကာစံနှုန်းများ၊ မူဝါဒများနှင့်အညီ တန်ဖိုးမြင့် ထုတ်ကုန်အသစ်များ ထုတ်လုပ်နိုင်ရန်အတွက် ထောက်ပံ့မှု များလည်း ပါဝင် နိုင်သည်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူအား ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း ဝန်ဆောင်မှု ပေးသည့်ဌာန မထူထောင်ရသေးပါက ခွင့်ပြုမိန့်ရရှိပြီးသည့် ရင်းနှီးမြှုပ်နှံသူအား ရုံးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်စနစ်ကို ပထမဦးစွာ စတင်ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူအား ခွင့်ပြုမိန့်ရရှိပြီး နောက်ပိုင်း အသုံးဝင်မှုရှိပြီး မဟာဗျူဟာကျနစွာ ဝန်ဆောင်မှုပေးနိုင်ရန် အတွက် ၎င်း၏ စွမ်းဆောင်ရည်ကို မြှင့်တင် ရန်လိုအပ်ပါသည်။

ပုံ ၈.၄ တွင် ရင်းနှီးမြှုပ်နှံသူအား ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း ဝန်ဆောင်မှုများပေးရန် အတွက် ပေါင်းစပ် ထားသည့် စနစ်တစ်ခုကို ဖော်ပြထားပါသည်။ အဆိုပါပုံသည် ရင်းနှီးမြှုပ်နှံသူအား ခွင့်ပြုမိန့် ရရှိပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးသည့်စနစ်တွင် ပါဝင်သည့် အဓိကအချက် (၄) ချက်ကို ဖော်ပြထား ပါသည်-

- သတင်းအချက်အလက်များ စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှုခြင်း (ရင်းနှီးမြှုပ်နှံသူများ၏ အချက် အလက်များ စုစည်းထားရှိခြင်း၊ အချက်အလက်ကောက်ခံခြင်း၊ CRM စနစ်)။
- ဌာနတွင်း အဖွဲ့အစည်းများ (တာဝန်ခံအရာထမ်းများ- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ၏ အထူး အဖွဲ့ အစည်း သို့မဟုတ် ISC)။
- ရင်းနှီးမြှုပ်နှံသူအရင်းအမြစ်များ (လမ်းပြမြေပုံ၊မဟာဗျူဟာကျ လမ်းညွှန်မှုများနှင့် ရင်းနှီး မြှုပ်နှံသူ များ၏ စီမံကိန်းများတိုးချဲ့ခြင်း- ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် အရင်း အမြစ်များ)။
- ရင်းနှီးမြှုပ်နှံမှုသူများအား ဝန်ဆောင်မှုပေးခြင်း (သတင်းအချက်အလက်များ ဝန်ဆောင်မှု ပေးခြင်း၊ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ပြဿနာများအား လျင်မြန်စွာ ဖြေရှင်းပေးခြင်း၊ ရင်းနှီး မြှပ်နှံမှုလုပ်ငန်းတစ်ခုနှင့် တစ်ခု အကြား ဆက်သွယ်ပေးခြင်း၊ ချိတ်ဆက်ပေးခြင်း)။

**ပုံ ၈.၄ ပြီးပြည့်စုံသည့် ရင်းနှီးမြှုပ်နှံသူများအား ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း ဝန်ဆောင်မှု ပေးသည့် စနစ်တွင် ပါဝင်သည့်အချက်များ**




*Source:* Investment Consulting Associates

ရေရှည်ထိရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံသူအား ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးခြင်း စနစ် အတွက် အနည်းဆုံးလိုအပ်ချက်များ အများအပြားရှိပါသည်-

- **ကတိကဝတ်ပြုခြင်း**

  - တည်ရှိပြီး ကုမ္ပဏီများအား အလေးထား ဆောင်ရွက်ခြင်း
  - တည်ထောင်ပြီးကာစ စီးပွားရေးလုပ်ငန်းများအား အလေးထား ဆောင်ရွက်ခြင်း - ၎င်းတို့သည် ကြီးထွားလာနိုင်ပါသည်။

– **အသိပညာနှင့် နားလည်မှု**

- နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုနားလည်ခြင်း
- သီးခြားစက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာပြဿနာများအား အလေးထားဆောင် ရွက်ခြင်း
- သတင်းအချက်အလက် ထိန်းသိမ်းမှုစနစ်ထားရှိခြင်း

– **မျှော်မှန်းချက်**

- ကာလရှည် ချဉ်းကပ်မှု
- ရှင်းလင်းသည့် ရည်ရွယ်ချက်များ - စာရင်းအင်းစီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲခြင်း

– **ကွန်ယက်**

- သေချာစွာ ကိုင်တွယ်ဖြေရှင်းရန်လိုသည့် ပြဿနာများ (နိုင်ငံရေးစသည်) ကို ဖြေရှင်းနိုင်ရန် အတွက် အဆက်အသွယ်များနှင့် လွှမ်းမိုးမှုများ
- ဗျူရိုကရေစီနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်သည့် နည်းလမ်းများကို သိရှိခြင်း
- အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအကြား ကြားခံအဖြစ်ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်း ဆိုင်ရာ စွမ်းရည်များ

– **အဖွဲ့အစည်း**

- ရင်းနှီးမြှုပ်နှံသူအား ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးရန်အတွက် လုံလောက်သော ဝန်ထမ်းအရေအတွက်နှင့် ရာထူးအဆင့်ဆင့်
- အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များ
- လုံလောက်သည့် အခွင့်အာဏာ
- လုံလောက်သည့် အရင်းအမြစ်

UNCTAD (2007) မှ ထိရောက်မှုရှိသည့် Aftercare ဌာန တည်ထောင်ရာတွင် လိုအပ်သည့် အဆင့် များ ပါဝင်သည့် အောက်ဖော်ပြပါ အဓိကသော့ချက်များကို သတ်မှတ်ထားပြီး လက်တွေ့တွင် အဆိုပါ အချက် များကို အစဉ်လိုက်ဆောင်ရွက်ခြင်းထက် တပြိုင်နက်တည်း ဆောင်ရွက်လေ့ရှိပါသည် -

- **ရင်းနှီးမြှုပ်နှံသူ၏ အသိုက်အဝန်းအား သိရှိနားလည်ခြင်း**သည် သတင်းအချက်အလက် သုတေ သန(သတင်းအချက်အလက်စုစည်းမှု၊ အင်တာနက်အရင်းအမြစ်များ) နှင့် ကွင်းဆင်း သုတေသန (အချက် လက်ကောက်ခံခြင်း၊ ကုမ္ပဏီများသို့ လေ့လာရေး သွားရောက်ခြင်း)တို့ကို အခြေခံ ပါသည်။

ထိုကဲ့သို့ သိရှိ နားလည်ခြင်းသည် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး စက်ဝန်းနှင့် ရင်းနှီးမြှုပ်နှံသူအား ပစ်မှတ်ထားခြင်းတို့ အတွက် ကြိုတင်ထားရှိရန် မရှိမဖြစ်လိုအပ်သည့် အချက်ပင် ဖြစ်ပါသည်။ သို့ရာတွင် Aftercare ဝန်ဆောင်မှု ပေးရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီး မြှုပ်နှံသူ၏ အနာဂတ်တွင် လုပ်ငန်းချဲ့ထွင်မည့် အစီအစဉ်နှင့် မဟာဗျူဟာများ (ထုတ်ကုန်နှင့် ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားဖက်များ၊ အလုပ်အကိုင် ခန့်ထားမှု၊ နည်းပညာ စသည်ဖြင့်)၊ အသေးစိတ် လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိရန် လိုအပ်ပါသည်။

- **ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုပ်ဖော်ကိုင်ဖက် သတ်မှတ်ခြင်း။** ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် နိုင်ငံ/ ဒေသတစ်ခုမှ ရင်းနှီးမြှုပ်နှံသူ၏ ရည်ရွယ်ချက်များနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ရည်ရွယ်ချက်များအကြား ကွာဟချက်ကို သတ်မှတ်ရန် လိုအပ်ပါသည်။ Aftercare အစီအစဉ်၏ ရည်ရွယ်ချက်များမှာ - (က) သတ်မှတ်ထားသည့် TNCs များ၏ တန်ဖိုးမြှင့် လုပ်ဆောင်မှုများအား တိုးမြှင့်ဆောင်ရွက်ရန်၊ (ခ) သတ်မှတ်အဆင့်ရှိ ဝန်ထမ်းများအား တိုးမြှင့် ခန့်အပ်ရန်၊ (ဂ) သတ်မှတ်ထားသည့် စီးပွားရေးဇုန် သို့မဟုတ် ဒေသများရှိ TNCs များထံသို့ ကုန်ပစ္စည်း တင်သွင်းသူများ တိုးတက်လာအောင် ဆွဲဆောင်ရန်၊ (ဃ) တက္ကသိုလ်များ သို့မဟုတ် အခြား သုတေသနနှင့် ဖွံ့ဖြိုးမှု အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီမံကိန်းများ ပိုမို ဆောင်ရွက်ရန်၊ (င) TNCs များ၏ ပြန်လည်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်သည့် အဓိက ဝန်ထုပ် ဝန်ပိုးများကို ဖယ်ရှားရန်နှင့် (စ) သတ်မှတ်ထားသည့် ဒေသအတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံမှု တိုးတက် အောင် ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် Aftercare အစီအစဉ် ကို ၎င်းတို့ချည်းသာ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အခြားအစိုးရ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ အဖွဲ့ အစည်းများ၏ အကူအညီလိုအပ်ပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူ၏ ကိစ္စရပ်များ၊ နစ်နာမှုများနှင့် တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ လျှင်မြန်စွာ ဆောင်ရွက်ပေးရန်၊ အခက်အခဲများနှင့် ပြဿနာများကို အဆင်ပြေစွာ ဖြေရှင်းပေးနိုင်ရန်အတွက် ရင်းနှီး မြှုပ်နှံမှုမှု မြှင့်တင်ရေးအေဂျင်စီအနေဖြင့် အခြား ဌာန ဆိုင်ရာများနှင့် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများပြုလုပ်ရန် အရေးကြီးပါသည်။ အဆိုပါ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်နိုင်ရန်အတွက် တချို့သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အဖွဲ့အစည်းများသည် အငြင်းပွားမှု ဖြေရှင်းသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ (Box 8.8)

- **အရင်းအမြစ်များ သတ်မှတ်ခြင်းနှင့် အဖွဲ့အစည်းများ၏ ရွေးချယ်ပိုင်ခွင့်များကို ဖွံ့ဖြိုးစေခြင်း**: အရင်းအမြစ်ရရှိနိုင်မှုသည် ရည်ရွယ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ရရှိနိုင်သည့် အရင်း အမြစ်များအပေါ် မူတည်၍ ရည်ရွယ်ချက်များကို ပြင်ဆင်ရန်လိုအပ်ပါသည်။ အရင်းအမြစ်များတွင် ဘဏ္ဍာရေးထည့်ဝင်မှုနှင့် ပစ္စည်းထည့်ဝင်မှု တို့ပါဝင်ပါသည်။ ပူးပေါင်းဆောင်ရွက်သူများသည် ဝန်ထမ်း များ၏ အချိန်နှင့်အထောက် အပံ့ပစ္စည်းများကဲ့သို့သော ပစ္စည်းထည့်ဝင်မှုများကို ထောက်ပံ့ ပေးနိုင်ပါ သည်။ အရင်းအမြစ်များ စုဆောင်းပြီးနောက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ ဖွဲ့စည်းပုံနှင့် နည်းဗျူဟာများကို သတ်မှတ်နိုင်ပါသည်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ကိစ္စရပ်တစ်ခုချင်းစီအလိုက် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် စနစ်တကျ ဝန်ဆောင်မှုပေးခြင်းတို့ကို ရွေးချယ်၍ ဝန်ဆောင်မှုပေးနိုင်ပါသည်။ Aftercare လုပ်ငန်း တာဝန်များအား ပူးပေါင်း ဆောင်ရွက်သူ များသို့ ခွဲဝေပေးခြင်း၊ Aftercare ဝန်ဆောင်မှုများကို ကွန်ရက်အသုံးပြု၍ ဝန်ဆောင်မှုပေးခြင်း

သို့မဟုတ် စနစ်တကျ ဖွဲ့စည်းမှုနှင့် ငွေကြေးထောက်ပံ့မှုများကို ပေါင်းစည်း ထားသည့် ချဉ်းကပ်မှုတစ်ခု ချမှတ်ခြင်းတို့ကို ရွေးချယ်၍ ဆောင်ရွက် နိုင်ပါသည်။ (Young and Hood, 1994).

- **စိတ်ဖြာခြင်း၊ မျှော်မှန်းခြင်းနှင့် Aftercare အစီအစဉ်ရေးဆွဲခြင်း**သည် သတ်မှတ်ထားသည့် ရည်ရွယ်ချက်များ၊ မျှော်မှန်းချက်များနှင့် အရင်းအမြစ်များအပေါ် အခြေခံ၍ ရေးဆွဲခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီအနေဖြင့် ရင်းနှီးမြှုပ်နှံသူ၊ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ သို့မဟုတ် တည်နေရာ စသည့် သတ်မှတ်ထား သည့် ချဉ်းကပ်မှုအပေါ် အခြေခံ၍ Aftercare အစီအစဉ်ကို ရေးဆွဲရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစား၊ ရင်းနှီးမြှုပ်နှံမည့်ကဏ္ဍ၊ ဦးစားပေး နေရာဒေသနှင့် အစီအစဉ်၏ ဦးတည်ချက်တို့အပေါ် အခြေခံ၍ ရေးဆွဲရန် လိုအပ်ပါသည်။

- **ဝန်ဆောင်မှုများပေးခြင်းနှင့် ရလဒ်များကို ကြီးကြပ်ခြင်းနှင့် သုံးသပ်ခြင်း** : ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ဝန်ဆောင်မှုပေးမည့် နည်းလမ်းကို ရွေးချယ်ရန် လိုအပ်ပါသည်။ ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီရုံးချုပ်သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအားလုံးကို ကိုင်တွယ်ခြင်း ရှိ၊ မရှိ၊ လိုအပ်သည့် ဝန်ထမ်းအမျိုးအစား၊ အဆိုပါ ဝန်ထမ်းများအတွက် သင်တန်းအမျိုးအစား စသည့် အချက်အလက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးချင်းစီ အတွက် တာဝန်ခံမန်နေဂျာ တစ်ဦးစီအား ခန့်အပ်တာဝန်ပေးရမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အမျိုးအစား၊ လုပ်ငန်းတည်နေရာ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍအလိုက် တာဝန်ခံ မန်နေဂျာများအား တာဝန်ပေးအပ်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအား အချိန်ပြည့်စောင့်ကြည့် ရန် မလိုအပ်သော်လည်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင်၏ စံချိန်စံနှုန်းတစ်ခုလုံး လျော့ကျလာပါက ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ပြဿနာတများကို စဉ်ဆက်မပြတ်ဖြေရှင်းပေးနိုင်ရန်အတွက် အဆင်သင့်ဖြစ်နေရန် လိုအပ်ပါသည်။ Aftercare ဝန်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်သူများ သို့မဟုတ် လက်အောက်ခံ အဖွဲ့အစည်းများမှ ဆောင်ရွက်သင့်ပါသလား။ နိဂုံးချုပ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ သည် ၎င်းတို့မှ ပေးအပ်သည့်ဝန်ဆောင်မှုများသည် ရင်းနှီးမြှုပ်နှံသူ များ၏ မျှော်မှန်းချက်နှင့် ကိုက်ညီမှု ရှိ မရှိ၊ အစီအစဉ်အပေါ်တုန့်ပြန်ချက် သို့မဟုတ် ဝန်ဆောင်မှုများ ပြောင်းလဲရန် လိုအပ်ခြင်း ရှိ၊ မရှိကို သုံးသပ်ရန် လိုအပ်ပါသည်။

### Box 8.8 Aftercare စနစ်၏ အတွေ့အကြုံကောင်းများ -ကိုရီးယားသမ္မတနိုင်ငံ

ကြွေးမြီနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ မူဝါဒပြောင်းလဲမှုကြောင့် ဖြစ်ပွားခဲ့သည့် ၁၉၉၇-၉၈ အာရှငွေကြေး အကြပ်အတည်း ကာလပြီးဆုံးပြီးနောက် ကိုရီးယားနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရန်အတွက် မူဝါဒများ ချမှတ်ရန် တွန်းအားပေးခြင်းခံခဲ့ရပါ သည်။ အဆိုပါ ချမှတ်ခဲ့သည့် မူဝါဒများအနက်မှ သိသာထင်ရှားသည့် ပြောင်းလဲမှုများမှာ ကိုရီးယား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (KOTRA) နှင့် ချိတ်ဆက်ထားသည့် Invest Korea နှင့် Foreign Investment Ombudsman (OFIO) ရုံးတို့ဖြစ်ပါသည်။ Invest Korea ဌာန သည် ကိုရီးယားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီမှ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများကို ဆွဲဆောင်ရန် အတွက် တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုပေးရန် အခွင့်အာဏာပေးအပ်ထားသည့် ဌာန ဖြစ်ပါ သည်။ Investment Ombudsman ရုံးကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအား ခွင့်ပြုမိန့်ရရှိပြီး

နောက်ပိုင်း ဝန်ဆောင်မှုပေးရန်အတွက် တည်ထောင်ထားခြင်းဖြစ်ပါသည်။ (Ahn 2008)

ရင်းနှီးမြှုပ်နှံမှု Aftercare အဖွဲ့ကို ဥပဒေ၊ အလုပ်သမား၊ အခွန်၊ စည်းကြပ် အခွန်၊ အကောက်ခွန်၊ ဆောက်လုပ်ရေး၊ ပတ်ဝန်းကျင်၊ ဘဏ္ဍာရေး၊ နိုင်ငံခြား ငွေကြေးနှင့် ဗီဇာကိစ္စများ စသည့် နယ်ပယ်များတွင် ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည်။ အဆိုပါ ကျွမ်းကျင်သူများကို home doctors ဟု လည်း ခေါ်တွင်ပါသည်။ ၎င်းတို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ၏ နစ်နာမှုများ ကို ဖြေရှင်းပေးခြင်း၊ ကုမ္ပဏီများသို့ သွားရောက်လေ့လာကြည့်ရှုခြင်း၊ လုပ်ငန်း၏ စီမံခန့်ခွဲမှု စနစ်တစ်ခုလုံးအပေါ် သုံးသပ်အကြံဉာဏ်ပေးခြင်း၊ အစိုးရဝန်ကြီးဌာနများ၏ စနစ်ဖွံ့ဖြိုးတိုးတက်မှုများ အတွက် အဆိုပြုခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အစိုးရဌာန အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရန် တောင်းဆိုခြင်း စသည်တို့ကို ဆောင်ရွက်ပါသည်။ ပုံ၈.၅ သည် ကိုရီးယားနိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးဆိုင်ရာ အဖွဲ့အစည်း မူဘောင်အတွင်းရှိ Aftercare ၏ အခန်းကဏ္ဍကို ဖော်ပြခြင်းဖြစ်ပါသည်။

**Figure 8.5. The role of aftercare in the institutional framework for investment in the Republic of Korea**




*Source:* KOTRA, Investment Korea Brochure, April 2016. Available from **http://english.motie.go.kr/wp-content/uploads/2016/09/Invest_Korea_2016_April.pdf.**

OFIO စနစ်ကို ကမ္ဘာလုံးဆိုင်ရာ အဆင့်သတ်မှတ်ချက်ရှိ FDI ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးနှင့် Aftercare ဝန်ဆောင်မှုဆိုင်ရာ ကိစ္စများအတွက် စံနမူနာ ပြုထိုက်သည့် အဖွဲ့အစည်းအဖြစ် မိတ်ဆက် ခဲ့ခြင်း ဖြစ်ပါသည်(KOTRA 2016)။ KOTRA သည် OFIO စနစ်ကို တည်ထောင်ခဲ့သည့်အတွက် UNCTAD မှ ပေးအပ်သည့် ၂၀၀၆ ခုနှစ်အတွက် World Association of Investment Promotion Agencies (WAIPA) ဆုကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်(Ahn 2008)။ KOTRA (2016) အရ ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် ပမာဏသည် လွန်ခဲ့ သော ၅ နှစ်အတွင်း ကိုရီးယားနိုင်ငံ၏ စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု၏တစ်ဝက်နီးပါး ရှိခဲ့ပါသည်။ ထို့ပြင် OFIO သည် ၂၀၁၅ ခုနှစ်အတွင်း စုစုပေါင်းရင်းနှီး မြှုပ်နှံမှု ပမာဏဒေါ်လာသန်းပေါင်း ၈,၆၈၇ တွင် ဒေါ်လာ သန်းပေါင်း ၁,၀၅၂ ကို ဆွဲဆောင်နိုင်ခဲ့ပြီး ရင်းနှီး မြှုပ်နှံမှုဆိုင်ရာနစ်နာမှုပေါင်း ၄၆၂ ခုကို နစ်နာမှုဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများ၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ကုမ္ပဏီများနှင့် ပုံမှန်ဆက်သွယ်သည့် နည်းလမ်းများဖြင့်ကာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါသည် (ဇယား ၈.၆)။

| ဇယား ၈.၆ ကိုရီးယားနိုင်ငံတွင် နစ်နာမှုဖြေရှင်းသည့် နည်းလမ်းကို အသုံးပြု၍ ပြန်လည်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခဲ့သည့် ကိစ္စရပ်များ | | | |
|---|---|---|---|
| **ကုမ္ပဏီ အမည်(မိခင်ကုမ္ပဏီ၏ တည်နေရာ)** | **လုပ်ငန်း အမျိုးအစား** | **ပြန်လည် ရင်းနှီး မြှုပ်နှံမှု (US$)** | **နစ်နာမှုများ** |
| Landing Jeju Development Co., Ltd. (စင်ကာပူနိုင်ငံ) | အိမ်ခြံမြေ | 100 million | ဖွံ့ဖြိုးမှု စီမံကိန်းများ အတွက် အသိအမှတ် ပြုလက်မှတ်/ ခွင့်ပြုချက်အား ရပ်ဆိုင်း ခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှု ဖြေရှင်းပေးခြင်း၊ တည် ဆောက်မှုကာလအား သီး ခြားခွဲ၍ အစီရင်ခံစာ တင်ပြ ခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုဆိုင်ရာအကူအညီပေးခြင်း |
| Siemens (ဂျာမနီနိုင်ငံ) | လျှပ်စစ်ဆိုင် ရာ/ လျှပ်စစ် ပစ္စည်းများ ထုတ်လုပ် ခြင်း | 52 million | ကုမ္ပဏီ၏ Outdoor ကြော်ငြာတွင် ကိုရီးယား စာလုံး ထည့်သွင်းခြင်းနှင့် စပ်လျဉ်း ၍ နစ်နာမှု ဖြစ်ပွားခြင်းကို စီမံကိန်းနေရာ အသစ် ပေးခြင်းဖြင့် ကူညီခြင်း |
| Living Social Korea (US) | လက်လီ လက်ကား (ဖြန့်ဖြူး ရောင်းချ ခြင်း) | 64 million | အီလက်ထရောနစ် ငွေလွှဲ ပြောင်းခြင်း အက်ဥပဒေ အရ အီလက်ထရောနစ် ကြိုတင်ငွေပေးချေခြင်း၏ အဓိပ္ပာယ်ဖွင့်ဆို ချက်နှင့် စပ်လျဉ်း၍ နစ်နာမှုဖြစ် ပွားခြင်း |
| W-Scope Korea (ဂျပန်နိုင်ငံ) | Chemical Engineering | 50 million | စာချုပ်များ ပြောင်းလဲခြင်း အပေါ် အကောက်ခွန် ကင်း လွတ်ခွင့် သို့မဟုတ် လျှော့ချ ခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုဖြစ် ပွားခြင်း |

*Source:* Ahn (2008); KOTRA (2016)

ဇယား ၈.၆ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၊ ၂၀၁၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှု ဖြေရှင်းခြင်းကြောင့် ပြန်လည်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ကြောင်း တွေ့ရှိချက်

| ကုမ္ပဏီအမည် | လုပ်ငန်းအမျိုးအစား | ပြန်လည်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ | အငြင်းပွားမှု ဖြေရှင်းပေးခြင်း |
|---|---|---|---|
| Landing Jeju Development Co Ltd (Singapore) | မြေယာဖော်ထုတ်ခြင်း | သန်း ၁၀၀ | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်စဉ် ခွင့်ပြုချက်များရရှိအောင် ဆိုင်းငံ့ထားမှုများအား ပြေလည်အောင် ဖြေရှင်းပေးခြင်း |
| Siemens (Germany) | လျှပ်စစ်ဓါတ်အား | ၅၂ သန်း | ကိုရီးယားဘာသာစကားဖယ်ထုတ်ပြီး ပြည်ပနိုင်ငံများတွင် ကြော်ငြာသည့်ကိစ္စအငြင်းပွားမှုအား ဖြေရှင်းပေးခြင်း |
| Living Social (US) | လက်လီလက်ကား ဖြန့်ဖြူးရေးလုပ်ငန်း | ၆၄ သန်း | နိုင်ငံတကာသုံး အွန်လိုင်းငွေချေစနစ်အရ ငွေပေးချေမှု အငြင်းပွားမှုအား ဖြေရှင်းပေးခြင်း |
| W-Scope Korea | ဓါတုပစ္စည်း ထုတ်လုပ်ခြင်း | သန်း ၅၀ | အကောက်ခွန်ကင်းလွတ်ခွင့် သက်သာခွင့်အငြင်းပွားမှုများအား ဖြေရှင်းပေးခြင်း |

ထို့အပြင် ထိရောက်မှုရှိသည့် Aftercare အစီအစဉ်တစ်ခု ဖွဲ့စည်းရန်အတွက် ထည့်သွင်း စဉ်းစားရန် လိုအပ်သည့် အချက်များကိုလည်း ဇယား ၈.၇ တွင် ပြထားပါသည်။

**ဇယား ၈.၇** ထိရောက်မှုရှိသည့်Aftercare အစီအစဉ်တစ်ခု ဖွဲ့စည်းရန်အတွက် ထည့်သွင်း စဉ်းစား ရမည့်အချက်များ

| | |
|---|---|
| **ရည်ရွယ်ချက်နှင့် ကာလရှည် မူဝါဒအကြံပြုချက်** | |
| • ရင်းနှီးမြှုပ်နှံမှု အသစ်များကို ဆက်လက်ရှာဖွေနေခြင်းထက် စီးပွားရေး အကျိုး အမြတ်ပြန်လည်ရရှိမှု ပိုမိုကြီးမားသည့် တည်ရှိပြီး ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီး မြှုပ်နှံမှုများ ပိုမိုတိုးတက်စေရန်<br>• ရင်းနှီးမြှုပ်နှံသူအား ဖွံ့ဖြိုး တိုးတက်စေ သည့် ရည်ရွယ်ချက်သည် နိုင်ငံ၏ ထုတ် လုပ်မှု စွမ်းရည်ကို  တိုးတက်စေရန်<br>• ကုမ္ပဏီအရွယ်အစားတိုးမြှင့်ခြင်း၊ ကုမ္ပဏီ၏ တည်နေရာတန်ဖိုး တိုးမြှင့် ခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်သည့် ဒေသတွင်း ဆောင်ရွက် မှု အဆင့်ကို တိုးမြှင့်ခြင်းဖြင့် ရယူရန် | • ပြောင်းလဲမှု သို့မဟုတ် ပြန်လည် ရင်းနှီး မြှုပ်နှံမှု မပြုလုပ်သည့် ကုမ္ပဏီတစ်ခုသည် ၁၀ နှစ်နှင့် အထက် ပို၍ ရပ်တည်နိုင်မည် မဟုတ်ပါ။<br>• နိုင်ငံတကာ ကုမ္ပဏီတစ်ခုနှင့် ခိုင်မာသည့် ဆက်ဆံရေးရှိပါက သတ်မှတ်ထားသည့် အချိန် အတွင်း စီမံကိန်းအမျိုးမျိုးကို ဆောင်ရွက်နိုင်မည့် အခွင့် အလမ်းများ ရရှိစေနိုင်ပါသည်။<br>• စနစ်တကျပေါင်းစည်းထားသည့် ရင်းနှီးမြှုပ်နှံသူ ၏ ပါဝင်မှုသည် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူ တစ်ဦး၏ ပါဝင်မှုထက် ပိုမို ခိုင်မာသည့် တိုးပွား မှုကို ဖန်တီးပေးနိုင်ပါသည်။<br>• ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးတိုးတက်မှုသည် ရင်းနှီး မြှုပ်နှံသူတိုင်းအား ကာကွယ်မှုမပေးနိုင်သော် လည်း ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ခြင်းကို လျော့ နည်းစေပြီး ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် စီးပွားရေး ဆိုင်ရာ အကျိုးအမြတ်များလည် တိုးတက်လာ စေမည် ဖြစ်ပါသည်။ |
| **အဖွဲ့လိုက်ဆောင်ရွက်မှု** | |
| • အသင်းအဖွဲ့၏ ယေဘုယျ ရည်မှန်းချက် ကို ဝေမျှခြင်းမရှိပါက ထိရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးတိုးတက်မှုသည် ကျရှုံးနိုင်ပါသည်။<br>• အဆိုပါ အဖွဲ့ကို အဖွဲ့အစည်း အမျိုးမျိုးမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့သည် အဖွဲ့၏ တာဝန် များ ကိုလက်ခံခြင်းနှင့် အကြံဉာဏ်များ မျှဝေ ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါ သည်။<br>• တာဝန်ခံအဖွဲ့တွင် ခေါင်းဆောင် တစ်ဦး နှင့် ရှင်းလင်းသော ရှေ့ဆက်ဆောင်ရွက် မည့် အစီအစဉ်များ လိုအပ်ပါမည်။ အခြား အဖွဲ့ဝင်များသည် အဖွဲ့၏ မျှော် မှန်းချက် ပြည့်မီရန်အတွက် တိုက်ရိုက် ပါဝင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ | • အဖွဲ့ခေါင်းဆောင်သည် client များ ကနဦး ဆက်သွယ်နိုင်သည့် ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရမည် ဖြစ်သည့်အပြင် အဖွဲ့၏ လုပ်ငန်း ဆောင်ရွက်မှု များတွင် ပူးဆောင်ရွက်ရမည် ဖြစ်ပါသည်။<br>• ကုမ္ပဏီတစ်ခု၏ ဆုံးဖြတ်ချက်များ ချမှတ်သည့် နေရာနှင့် ဩဇာလွှမ်းမိုးမှုအခြေအနေကို သိရှိရန် အရေးကြီးပါသည်။ |
| **မျှော်မှန်းချက်များ** | |
| • စီမံကိန်းတစ်ခုသည် နိုင်ငံအတွင်းလာ ရောက် ရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပါက တည် ရှိပြီး ရင်းနှီးမြှုပ်နှံမှုကဲ့သို့ ထောက်ပံ့မှု များ ပေးအပ်ရမည် ဖြစ်ပါသည်။<br>• ကိစ္စရပ်အများစုတွင် မထင်မရှား အလား | • ကုမ္ပဏီများ၏ အကြပ်အတည်းများအပေါ် ပြန် လည်တုံ့ပြန်မှုများသည် အချိန်ကြာမြင့်လွန်းခြင်း၊ အကြပ်အတည်းများကို ဖြေရှင်းရန် အချိန်ကြာ ရှည်ခြင်းကြောင့် client ၏ အခွင့်အလမ်းများ တိုးတက်စေရေးကူညီရန် အချိန်မလုံလောက်ခြင်း တို့ |

| | |
|---|---|
| အလာရှိသည့် ရင်းနှီးမြှုပ်နှံသူများအား ဝန်ဆောင်မှုအလွန်အကျွံပေးမိပြီး အရေးကြီးသည့် တည်ဆဲရင်းနှီးမြှုပ်နှံသူများ သည် ဝန်ဆောင်မှု အပြည့်အဝမရရှိဘဲ ဖြစ်နေတတ်ပါသည်။<br>• ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မန်နေဂျာများသည် ကျရှုံးမှုအကြောင်းအရင်းများအား ထောက်ပံ့ပေးသူများ မဖြစ်သင့်ပါ။<br>• ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးတိုးတက်မှုသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း စဉ် တစ်ခုဖြစ်ပြီး တောင်းဆိုမှုများအပေါ် ပြန် လည်တုံ့ပြန်ခြင်း မဟုတ်ပါ။ | ဖြစ်စေပါသည်။<br>• မျှော်မှန်းချက် ရွေးချယ်ခြင်းသည် အဖွဲ့အစည်း ၏ ရည်ရွယ်ချက်များအပေါ် သက်ရောက်မှုရှိပါသည်-<br>-မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် ကုမ္ပဏီ - ဦးစားပေးကဏ္ဍတွင် တက်ကြွစွာ ပါဝင်ခြင်း<br>-ပြည်တွင်း စီးပွားရေးတွင် ပိုမို ပါဝင်ခြင်း<br>-ပြည်တွင်းအကျိုးပြုလုပ်ငန်းများတွင် အများဆုံး ပါဝင်ခြင်း<br>• တာဝန်များစွာအပေါ် တာဝန်ယူခြင်း မပြုလုပ်ပဲ ကိုက်ညီမှုရှိသည့် ချဉ်းကပ်မှုကိုအသုံးပြုရန် အရေးကြီးပါသည်။<br>• အားနည်းသည့် ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုး တိုးတက်မှု သည် မည်သည့်အရာကိုမျှ ရရှိနိုင်မည် မဟုတ်ပါ။ |
| **အစီအစဉ်** | |
| • ထင်ရှားသည့် ကုမ္ပဏီများထံမှ ကနဦး ယုံကြည်မှု ရရှိရန်အတွက် ခက်ခဲသော် လည်း အဆိုပါ ကုမ္ပဏီများ နှင့် စဉ်ဆက် မပြတ် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ပါက အောင်မြင်မှု ရရှိနိုင်ပါသည်။<br>• သုတေသနပြုခြင်း၊ ထိရောက်စွာ စုံစမ်း မေးမြန်းခြင်း၊တောင်းဆိုထားသည့်/ ကတိ ပြုထားသည့် လုပ်ငန်းများအား ဆောင်ရွက်ခြင်းဖြင့်ကနဦးအတားအဆီး များကို ကျော်လွှားနိုင်ပါသည်။<br>• ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်နွယ်မှုများကို အလွန်အကြူးကာ ကွယ်ပေးခြင်း မဟုတ်ပါ။ | • ပိုမိုကျယ်ပြန့်သည့် အဖွဲ့အစည်းသည် စီမံကိန်း များအပေါ် ကျွမ်းကျင်သူများ ထောက်ပံ့ ပေးခြင်း၊ မိတ်ဆက်ပေးခြင်းနှင့် အခွင့်အလမ်း တံခါးများ ဖွင့်ပေးခြင်းတို့ ပြုလုပ်ပေးပါက အစီအစဉ်ကို ပို၍ ထိရောက်မှုရှိစေ ပါသည်။<br>• နောက်ဆုံးရလဒ်သည် တိုးပွားလာသော စီမံကိန်း များအား အဆက်အသွယ်များစွာနှင့် လုပ်ကိုင် ဆောင်ရွက်နေသည့် အဖွဲ့အစည်း တစ်ခုအနေဖြင့် ထဲထဲဝင်ဝင် ပါဝင်နိုင်ပါသည်။ |
| **လွှမ်းမိုးမှု နှင့် ကိရိယာများ** | |
| • Client များ၏ လိုအပ်ချက်များအား သိရှိ နားလည်ခြင်းနှင့် ဖြည့်ဆည်း ပေး ခြင်းအားဖြင့် ယုံကြည်မှုနှင့် လွှမ်းမိုးနိုင်မှု တို့ကို ရရှိမည်ဖြစ်ပါသည်။<br>• စီမံကိန်း ရေးဆွဲရန်နှင့် လုပ်ငန်းဆောင် ရွက်မှုများကို ကြီးကြပ်ရန် (ရင်းနှီးမြှုပ်နှံ သူ ဖွံ့ဖြိုးမှုသည် ကုမ္ပဏီများကို ကူညီ ပေးခြင်းအပြင် ရည်ရွယ်ချက်များ ရှိရန် လိုအပ်ပါသည်။ )<br>• ဆက်နွယ်မှုတွင် Client များနှင့် စီးပွား ရေး လိုအပ်ချက်များအပေါ် ပိုမိုတန်ဖိုး မြှင့်တင်ပေးနိုင်မည့် ဝန်ဆောင်မှုကိုသတ် မှတ်သင့်ပါသည်။ | • ရင်းနှီးမြှုပ်နှံသူ ဖွံ့ဖြိုးမှု ဝန်ဆောင်မှုပေးခြင်း တွင် သုတေသန၊ တွေ့ဆုံမှု၊ နားလည်မှု၊ သတ် မှတ်မှု၊ ကိုက်ညီမှု၊ ဖြေရှင်းမှုနှင့် တိုးပွားမှုများ စဉ်ဆက် မပြတ်ဖြစ်ပေါ် နေသည့်ဖြစ်စဉ် ပါဝင်ပါသည်။<br>• ၎င်းတွင် ကျွမ်းကျင်မှု၊ အသိပညာ ဗဟုသုတနှင့် တည်ထောင်မှုလုပ်ငန်းစဉ်များလည်းလိုအပ်ပါ သည်။ |

| | |
|---|---|
| | |
| **အဓိကတာဝန်နှင့် တာဝန်စီမံခန့်ခွဲမှု** | |
| • တာဝန် စီမံခန့်ခွဲမှုသည် အသေးစိတ်လုပ် ငန်းစဉ် တစ်ခုဖြစ်ပြီး ဝန်ထမ်းတစ်ဦး တွင် တာဝန် ၄၀ နှင့်အထက်ရှိခြင်းသည် များပြားလွန်းပါသည်။<br>• နိုင်ငံတကာ ကုမ္ပဏီတစ်ခုတွင် ၅ နှစ် ကျော်အထိ သိသာထင်ရှားသည့် ပြောင်း လဲမှုမရှိခြင်းသည် ကြာမြင့်သည့် အချိန် ကာလဖြစ်ပါသည်။<br>• လူတစ်ဦးလျှင် တစ်နှစ်လျှင် အောင်မြင် မှုနှုန်း ၁၅ ရာခိုင်နှုန်း သို့မဟုတ် ၆ ပုံ ၄ ပုံခန့် ရရှိနိုင်ရန် ရည်မှန်းချက် ထားရှိရ မည်။ | • အောင်မြင်သည့် အဓိကတာဝန် စီမံခန့်ခွဲမှု စနစ် သည် များပြားသည့် အဆင့်ပေါင်းများ စွာအား လွှမ်းမိုးရန် လိုအပ်ပါသည်။<br>• ရင်းနှီးမြှုပ်နှံသူ ရည်မှန်းချက်နှင့် လိုအပ်ချက်များ သည် နိုင်ငံ၏ ရည်မှန်းချက်နှင့် လိုအပ်ချက်များ နှင့်ညီမျှရန် လိုအပ်ပါသည်။ |

**Figure 8.6. Influence and tools for effective aftercare**




*Source:* Investment Consulting Associates.

နိုင်ငံများသည် မြို့တော်အပါအဝင် အဓိကမြို့ကြီးများနှင့်ဝေးသော ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးမှု နည်းပါးသည့်ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် မကြာခဏဆောင်ရွက်လေ့ရှိသည်ကို သတိပြု ရန် အရေးကြီးပါသည်။ ရလဒ်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုအားနည်းသည့် ရင်းနှီး

မြှုပ်နှံမှု ဝန်းကျင်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် ဖိတ်ခေါ်ရပါမည်။ မြို့ပြနှင့်ဝေးသော ဒေသများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စေခြင်းနှင့် မြှင့်တင်ခြင်းကို ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ ရုံးခွဲများ၊ သီးခြားအဖွဲ့အစည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီရုံးချုပ်မှ ဆောင်ရွက်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီရုံးခွဲများ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့် လိုင်စင်ထုတ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရန် ကူညီခြင်းနှင့် aftercare ဝန်ဆောင်မှု ကိစ္စများကဲ့သို့သော လုပ်ငန်းများ ကို ရုံးချုပ်မှ ဆောင်ရွက် ပါသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ ရုံးချုပ်မှ ပြင်ဆင်ထားသည့် aftercare အစီအစဉ်ကို ရုံးခွဲများကလည်း အကောင်အထည်ဖော်ရန် လိုအပ်သကဲ့သို့ အခြားကိစ္စရပ်များကို တည်နေရာ ဒေသအလိုက် ရုံးခွဲများမှ ၎င်းတို့ကိုယ်ပိုင်ပုံစံဖြင့်လည်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဒေသဆိုင်ရာ အစိုးရသည် ပြည်ထောင်စု အစိုးရမှ ထုတ်ပြန်ထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကွဲပြားခြားနားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို မကြာခဏ ထုတ်ပြန်လေ့ရှိခြင်းမှာ မှားယွင်းသည့် လုပ်ဆောင်ချက် ဖြစ်ပါသည် (Box 8.9)။ ထိုကဲ့သို့သော ကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ဥပဒေပြုအာဏာရှိသည့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ကျင့်သုံးသော နိုင်ငံများတွင် တွေ့ရှိရပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် အဆိုပါအခြေအနေမျိုးတွင် အစိုးရအဖွဲ့အစည်းအသီးသီးကို သိရှိနားလည်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီရုံးချုပ်နှင့်ရုံးခွဲများ၏ အကူအညီ လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများကိုပါ လုပ်ကိုင်နိုင်စွမ်းရှိပါသည်။ ဆိုလိုသည်မှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီရုံးချုပ်နှင့် ရုံးခွဲများသည် ဒေသဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများအားလုံးကို နီးကပ်စွာ ပူးပေါင်းဆောင်ရွက် သင့်ပါသည် (Loewendahl, 2001)။ ထို့သို့သော ပူးပေါင်းဆောင်ရွက်မှုများတွင် အောက်ပါအချက်များ ပါဝင်သင့်သည် (VCC 2009)-

- ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း ပေးအပ်သည့် ဝန်ဆောင်မှုများ ရယူထားသည့် ကုမ္ပဏီများ၏ သဘောတူစာရင်း တစ်ခုနှင့် ဆုံးဖြတ်ချက်ချနိုင်သည့် အဆက်အသွယ်များ
- ကုမ္ပဏီတစ်ခုချင်းစီ၏ အဓိကတာဝန်ခံမန်နေဂျာ
- ကုမ္ပဏီများ၏ နောက်ခံသမိုင်း အကျဉ်းချုပ် ပြုစုထားရှိခြင်း
- အစည်းအဝေးများ ပြုလုပ်သည့်အကြိမ်အရေအတွက်နှင့် လုပ်ထုံးလုပ်နည်းများကို အစီရင်ခံခြင်း
- ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာ အစိုးရတို့မှ ပြဋ္ဌာန်းထားသည့်ဥပဒေများ၏ နည်း ဥပဒေများ နှင့် စည်းမျဉ်းများ စုစည်းထားရှိခြင်း သို့မဟုတ် ကိုက်ညီမှုရှိစေခြင်း
- မိခင်ကုမ္ပဏီရုံးချုပ်များနှင့် မည်သို့ဆက်သွယ်၍ ပူးပေါင်း ဆောင်ရွက်ရမည်ကို သိရှိ နား လည်ခြင်း
- ရင်းနှီးမြှုပ်နှံသူများနှင့် သက်ဆိုင်သည့် ကိစ္စများနှင့် နစ်နာမှုများကို ဖြေရှင်းပေးခြင်း (အချို့မှာ ဒေသအလိုက် ဖြေရှင်းနိုင်ပြီး အခြားကိစ္စရပ်များမှာ ပြည်ထောင်စုအဆင့် ဆောင်ရွက်ရန်လိုအပ်သည်)

## Box 8.9 ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ ရုံးချုပ်နှင့် ရုံးခွဲများအကြား ပူးပေါင်းဆောင်ရွက်ခြင်း- ဗီယက်နမ်နိုင်ငံ

၂၀၀၀ မှ ၂၀၀၃ ခုနှစ်ထိ ESCAP သည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက် နမ်နိုင်ငံများကဲ့သို့ GMS နိုင်ငံများကို ရင်းနှီးမြှုပ်နှံမှုနှုန်း တိုးတက်ကောင်းမွန်စေရန်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ အင်ဒို-ချိုင်းနား ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဟုခေါ်သည့် စီမံချက်တစ်ခုကို အကောင်အထည်ဖော်ခဲ့ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အစိုးရအဖွဲ့အစည်းမှာ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန (MPI) ဖြစ်ပါသည်။ MPI သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဒီကရီများချမှတ်ရန်အတွက် တာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ သို့ရာတွင် ပြည်ထောင်စုအဆင့်နှင့်ပြည်နယ်အဆင့်တွင် လူထုကော်မတီများ(People' s Committees (PC)) များတွင် စီမံကိန်း နှင့်ရင်းနှီး မြှုပ်နှံမှုဌာနများရှိပြီး ၎င်းတို့၏ သက်ဆိုင်ရာဒေသ အသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့စေရေးကို ဆောင်ရွက်လိုကြပါသည်။ ရင်းနှီး မြှုပ်နှံမှု ခွင့်ပြုမိန့်များကို ဟနွိုင်းမြို့ရှိ MPI မှ ခွင့်ပြုပေးလျက်ရှိသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဟိုချီမင်းမြို့၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ (Can Tho) နှင့် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း (ဒါနန်းမြို့) တို့ကဲ့သို့သော မြို့တော်နှင့် အလှမ်းဝေးသော ဒေသများတွင် အကောင်အထည်ဖော်လျက် ရှိပါသည်။

ESCAP သည် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့နေရသည့် အတားအဆီးများနှင့် ပြဿနာများကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ အဓိကကြုံတွေ့ရသည့် အတားအဆီးမှာ ဒေသခံလူထုကောင်စီများ၏ သက်ဆိုင်ရာစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဌာနနှင့် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနတို့ အကြားတွင် ထိရောက်သည့်ပူးပေါင်းဆောင်ရွက်မှုရှိစေရေးဖြစ်ပါသည်။ စင်စစ်တွင် ပြည်ထောင်စုအစိုးရ၏ပူးပေါင်းဆောင်ရွက်မှုဗျူဟာ အားနည်းနေချိန်တွင် ဒေသခံအစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဒေသတစ်ခုနှင့် တစ်ခုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မက်လုံးများပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပြိုင်ဆိုင်မှုများ ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

ယခုအခါ လူထုကော်မတီများသည် နိုင်ငံရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ လိုက်လျောညီထွေဖြစ်မှုကို လိုလားသော်လည်း စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်များ မြင့်တက်လျက် ရှိပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအဆင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု အေဂျင်စီကို တည်ထောင်၍ ဗီယက်နမ်အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစင်တာများ(IPCs) တည်ထောင်ခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ခဲ့ပါသည်။ တည်ထောင်ခဲ့သည့် စင်တာများအနက် ဗီယက်နမ်အလယ်ပိုင်း ဒါနန်းမြို့ရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စင်တာသည် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးထက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းကို အဓိကဆောင်ရွက်လျက်ရှိသော်လည်း ချဉ်းကပ်ရန် အလွယ်ကူဆုံး စင်တာဖြစ်ပါသည်။ (http:// central inves. gov.vn/Content/ipcc-structure-of-organization-146.aspx)

အချို့သော ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်မှုဒေသများတွင် ၎င်းတို့ကိုယ်ပိုင် ရင်းနှီး မြှုပ်နှံမှု အေဂျင်စီများ ရှိပါသည်။ ဥပမာအားဖြင့် ဒါနန်းမြို့ရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ဒါနန်းမြို့တော်အတွက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပြီး ဒါ နန်းမြို့၏ လူထုကော်မတီသို့တိုက်ရိုက်အစီရင်ခံတင်ပြရပါသည်။

(http://www.ipc.danang.gov.vn/en/web/ipc-english) ဗီယက်နမ် အလယ်ပိုင်းရှိ စီမံကိန်းနှင့်

ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစင်တာနှင့် ဒါနန်းမြို့ရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီတို့အကြားတွင် အလုပ်သမားခွဲဝေခြင်းနှင့် ဆက်သွယ်ခြင်းသည် ရှင်းလင်းမှု မရှိသည့် အတွက် ရှင်းလင်းမှုများပြုလုပ်ရန် လိုအပ်ပါသည်။

Source: ESCAP, Foreign Investment Agency of Viet Nam

- ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီရုံးချုပ်နှင့် ရုံးခွဲများအကြား အလုပ်သမားဆိုင်ရာ အခြား ကိစ္စရပ်များ
- အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ဆွေးနွေးမှုနှင့် ညှိနှိုင်းမှု နည်းလမ်းများ (ပြည်ထောင်စုနှင့် ပြည်နယ် အဆင့် နှစ်ခုစလုံး)

နိုင်ငံတော်နှင့် ဒေသခံရင်းနှီးမြှုပ်နှံမှု အေဂျင်စီများအကြားနှင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများနှင့် အခြား ပါဝင်သည့် အေဂျင်စီများအကြား ညှိနှိုင်းဆွေးနွေးမှုများအပြင် UNCTAD (2007, 2008) နှင့် Young and Hood (1994) တို့မှ သတ်မှတ်ထားသည့် ထိရောက်သည့် aftercare ဝန်ဆောင်မှုပေးခြင်းနှင့် စပ်လျဉ်း၍ အခြား စိန်ခေါ်မှုများလည်း ရှိပါသည်။ ၎င်းတို့မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

- **အဖွဲ့အစည်းဆိုင်ရာ ယုံကြည်စိတ်ချရမှု**။ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများသည် ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်နေသည့် နေရာများသို့ သွားရောက်လေ့လာခြင်းမှတဆင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းရာတွင် ယုံကြည်စိတ်ချမှုများ ရရှိရန်လိုအပ်ပါသည်။ အခြားရင်းနှီးမြှုပ်နှံသူများ၏ ထောက်ခံချက်များမှလည်း အကူအညီ ဖြစ်စေပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများမှ ထပ်ခါထပ်ခါ မှားယွင်းခြင်း သို့မဟုတ် ကျွမ်းကျင်မှု မရှိခြင်းတို့ ဖြစ်ပွားက ယုံကြည်မှု ပြန်လည်ရရှိရန် ခက်ခဲပါသည်။ အကြိမ်ကြိမ် မှားယွင်းလျှင် သို့မဟုတ် ကျွမ်းကျင်မှုမရှိလျှင် ယုံကြည်မှု ပြန်လည်ရရှိရန်အတွက် အခက်အခဲများ ရင်ဆိုင်ရမည် ဖြစ်သဖြင့် ပထမဆုံးအကြိမ် ထင်မြင်ချက်သည် အရေးကြီးသည့် အချက်ဖြစ်ပါသည်။
- **ဝန်ထမ်းစွမ်းဆောင်ရည်**။ အဖွဲ့အစည်းဆိုင်ရာ ယုံကြည်စိတ်ချရမှုသည် အရေးကြီးသဖြင့် ဝန်ထမ်းများသည် လုပ်ငန်းအတွေ့အကြုံရရှိရန် အချိန်လိုအပ်သော်လည်း စနစ်တကျ လေ့ကျင့်သင်ကြား ရန်နှင့် တာဝန်ခံအရာရှိ၏ တာဝန်များကို ထမ်းဆောင်နိုင်ရန်လိုအပ်ပါသည်။ သို့ရာတွင် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းဖြစ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ရှိရန် မလိုအပ်သော်လည်း customer ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံ ရှိရန် လိုအပ်ပါသည်။ ဝန်ထမ်းများ၏ ရည်ရွယ်ချက်သည်လည်း ၎င်းတို့၏အသိပညာနှင့် အတွေ့အကြုံကဲ့သို့ အရေးကြီးပါသည်။ ဝန်ထမ်းများအနေဖြင့် ရင်းနှီးမြှုပ်နှံသူမှ မေးမြန်းလာသည့် မေးခွန်းများကို ချက်ချင်းပြန်လည်ဖြေကြားခြင်းမပြုလုပ်နိုင်သော်လည်း မေးမြန်းသည့်အကြောင်းအရာနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရယူ၍ ပြန်လည်ဖြေကြားခြင်း ပြုလုပ်ပါက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ အနေဖြင့် အဆိုပါ ဝန်ထမ်းများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသူ၏ ကောင်းမွန် သည့် ထင်မြင်ချက် ရရှိနိုင်ပါ သည်။
- **ရင်းနှီးမြှုပ်နှံသူများအား ဩဇာအာဏာလွှမ်းမိုးခြင်း**။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ အနေဖြင့် ရင်းနှီးမြှုပ်နှံသူ၏ ဆုံးဖြတ်ချက်ကို လွှမ်းမိုးနိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ ယုံကြည်စိတ်ချရမှုနှင့် ဝန်ထမ်းများ၏ အရည်အသွေးပြည့်ဝမှုတို့ရှိရန် လိုအပ်ပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ၏ ဝန်ဆောင်မှုများ သို့မဟုတ် ကြိုးပမ်းမှု များကို ပြန်လည်တုန့်ပြန်ခြင်း မရှိပါက ပိုမိုတုန့်ပြန်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံသူများသို့ ပြောင်းလဲ ချဉ်းကပ်သင့်ပါသည်။ အကယ်၍

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် တုန့်ပြန်မှု မရှိသည့် ရင်းနှီးမြှုပ်နှံသူများအား ဆက်လက်ချဉ်းကပ်နေပါက ဝန်ဆောင်မှုပေးခြင်းထက် အနှောင့်အယှက်ဖြစ်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများသည် အပြုသဘောဆောင်ခြင်းထက် အလုပ်သဘောဆောင်ရန်လိုအပ်ပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံသူသည် အရင်းအမြစ်များကို အစိုးရဌာနပိုင် ဝက်ဘ်ဆိုက်များနှင့် သတင်းအချက်အလက်ဌာနတို့မှ ရရှိနိုင်သဖြင့် ပေးနိုင်သည့် ဝန်ဆောင်မှုများကို ပြသထားပြီး ရင်းနှီးမြှုပ်နှံသူမှ ၎င်းတို့လိုအပ်သည့် အကူအညီကို မည်သည့်အချိန်တွင် ရယူရမည်ကို ဆုံးဖြတ်ခိုင်းသင့်ပါသည်။

- **စဉ်ဆက်မပြတ်ဖြစ်ခြင်း။** ရေရှည်ဆက်ဆံရေးအတွက် ရင်းနှီးမြှုပ်နှံသူများအား နိုင်ငံ/ ဒေသ ဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်စေရန် လိုအပ်ပါသည်။ ထိရောက်မှု ရှိသည့် customer ဆက်ဆံရေး စီမံခန့်ခွဲမှုစနစ်များမှတဆင့် စဉ်ဆက်မပြတ်ဖြစ်စေခြင်းကို မြှင့်တင်ရမည် ဖြစ်ပါသည်။ အရည်အသွေးပြည့်ဝပြီး အတွေ့အကြုံရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ ဝန်ထမ်းများခန့်အပ်ရန်ကိစ္စမှာ အဓိက ကြုံတွေ့ရသည့် စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ များပြားသည့်အတွက် ဝန်ထမ်းများရွှေ့ပြောင်းခြင်းသည် အဓိက စိန်ခေါ်မှုဖြစ်ပါသည်။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ အနေဖြင့် ထိရောက်သည့် ဝန်ဆောင်မှုများမပေးနိုင်ပါက အဆိုပါဝန်ဆောင်မှုများသည် အခြားအေဂျင်စီအဖွဲ့အစည်းများထံသို့ ရောက်ရှိသွားနိုင်ပါသဖြင့် ဝန်ထမ်းသစ်များ ခန့်အပ်ရန်အတွက် ရှင်းလင်းသည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်း များဖြင့် ကမ်းလှမ်းမှုများ ပြုလုပ်သင့်ပါ သည်။
- **ရင်းနှီးမြှုပ်နှံသူများ၏ တုံ့ပြန်မှု။** ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီမှ ရင်းနှီးမြှုပ်နှံသူများ၏ မေးမြန်းမှုများကို ထိထိရောက်ရောက်နှင့် ချက်ချင်း ဖြေရှင်းနိုင်မှုသည် အဖွဲ့အစည်းဆိုင်ရာ ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်ပါသည်။ သို့သော် တခါတရံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် မူဝါဒညွှန်ကြားချက်များကို စောင့်ဆိုင်းရန်လိုအပ်သဖြင့် လျင်မြန်စွာ တုံ့ပြန်နိုင်ခြင်း မရှိပါ။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူ၏ အချိန်ဇယားကို လိုက်နာရန် မဟုတ်ဘဲ မူဝါဒအရ ချမှတ်ထားသည့် အချိန်ဇယားကို လိုက်နာရန် ရည်ရွယ်ပါသည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီး မြှုပ်နှံသူများ၏ မျှော်လင့်ချက်များအပေါ် ထိရောက်စွာ စီမံခန့်ခွဲမှုပြုရန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်ရန် အရေးကြီးပါသည်။ အချို့သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် ဝန်ဆောင်ပေးရန် ကြာမြင့်မည့်အချိန်ကို ဖော်ပြထားသည့် client charters ကို ထုတ်ပြန်ထားပါသည်။

## (င) ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းချက်များကို ထိရောက်စွာ ဖြေရှင်းခြင်း

ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရာတွင် အောင်မြင်မှုရရှိရန်အတွက် ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းချက်များကို တတ်အားသရွေ့ ထိထိရောက်ရောက်နှင့်ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အရေးကြီးပါသည်။ VCC (2009) အရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအများစုတွင် စုံစမ်းမေးမြန်းမှု ၅၀ ရာခိုင်နှုန်းသည် ပြည်တွင်းမှဖြစ်ပြီး ဝက်ဘ်ဆိုက်များသည် ပိုမိုအရေးကြီးလာသဖြင့် အဆိုပါ ရာခိုင်နှုန်းသည် ဆက်လက် မြင့်တက်လာနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဆိုင်ရာ ဖြစ်စဉ်အဆင့်ဆင့်တွင် ရင်းနှီးမြှုနှံသူများ၏ စုံစမ်းမေးမြန်းမှုများ လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ အခန်းကဏ္ဍအနေဖြင့် အထွေထွေအွန်လိုင်းစီးပွားရေး သတင်းအချက်အလက်များ၊ ရွေးချယ်ထားသည့် လုပ်ငန်းများ၏ ကနဦးအဆင့်တွင် သွားရောက်လေ့လာ စုံစမ်းမေးမြန်းခြင်း၊ ရင်းမြှုပ်နှံမှု (မက်လုံးများ) ဆိုင်ရာ ညှိနှိုင်းခြင်းများနှင့် ရေရှည်တွင် လုပ်ငန်းစဉ်များ ပိုမိုမြန်ဆန် စေခြင်းတို့နှင့် ကိုက်ညီရန် လိုအပ်ပါသည်။ အဆိုပါ ဖြစ်စဉ်သည် customer ဂရုစိုက်မှုနှင့် customer နှင့် ဆက်ဆံရေးတိုးတက်အောင် တည်ဆောက်ခြင်း၏ နောက်ဆက်တွဲ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

ထိရောက်သည့် ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းမှု ဖြေရှင်းခြင်းသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတွင် အဓိက ကျပါသည်။ (World Bank, 2012) ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း အလေ့အကျင့်များ (GIPB) စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကမ္ဘာ့ဘဏ် ၂၀၁၂ ခုနှစ်သည် ရင်းနှီးမြှုပ်နှံသူများ၏ စုံစမ်း မေးမြန်းခြင်းများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ၏ အလေ့အကျင့်များအား survey ပြုလုပ် ခဲ့ပါသည်။ (ဇယား ၈.၈) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအများစုသည် ကောင်းမွန်သည့် ဝက်ဘ်ဆိုက်များရှိသော်လည်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသူများ၏ စုံစမ်းမေးမြန်းမှုများအပေါ် ဖြေရှင်းမှု အားနည်းသည်ထက် အားနည်းလာသည်ကို တွေ့ရှိခဲ့ပါသည်။ အထူးသဖြင့် survey တွင် ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ ၈၀ ရာခိုင်နှုန်းသည် GIPB မှ စုံစမ်းမေးမြန်းများအား ပြန်လည်တုံ့ပြန်မှု မရှိသည်ကို တွေ့ရှိရပါသည်။ အကောင်းဆုံးဆောင်ရွက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ ထိပ်တန်းစာရင်းတွင်  အာရှပစိဖိတ်ဒေသမှ တစ်ခု ပါဝင်ပြီး Invest Hong Kong က နံပါတ် ၆ (http://www.investhk.gov.hk/index.html) နှင့် PRONicaragua က နံပါတ် ၁ (http://pronicaragua.gob.ni/en) နေရာတို့ ဖြစ်ကြပါသည်။ (box 8.10) GIPB ၏ဆန်းစစ်ချက်တွင် ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းခြင်းများအား ကျွမ်းကျင်စွာ ဖြေရှင်းပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများရှိသော နိုင်ငံများသည် ပမာဏကြီးမားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များကို ဆွဲဆောင်နိုင်ပါသည်။ (Harding and Javorcik, 2012)

ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းမှုများကို ထိရောက်စွာ ပြန်လည်တုံ့ပြန်ခြင်းတွင် ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်များနှင့် မြေနေရာ လိုအပ်ချက်များကို သိရှိနားလည်ခြင်းတို့လည်း ပါဝင်ပါသည်။ (Loewendahl, 2001) ကိစ္စရပ်အများစုတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက် များကို ကြိုတင်ခန့်မှန်း၍ FAQ များအပါအဝင် အခြားလိုအပ်သည့် သတင်းအချက်အလက်များကို အေဂျင်စီ များ၏ website များတွင် ဖော်ပြထားပါသည်။ UNCTAD သည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ

ဆောင်ရွက်ရာတွင် လိုက်နာရမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအပေါ် သတင်းအချက်အလက်များ (eRegulations) ထောက်ပံ့ပေးရန်အတွက် နိုင်ငံများကို ကူညီပေးလျက် ရှိပါသည်။

**Table 8.8. ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများ၏ ရင်းနှီးမြှုပ်နှံသူမှ စုံစမ်း မေးမြန်းခြင်း အပေါ် ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ GIPB ၏ အမျိုးအစားခွဲခြားသတ်မှတ်ချက်များ**

| အမျိုးအစား | ပါဝင်သည့်အကြောင်းအရာများ |
|---|---|
| **အကောင်းဆုံး အလေ့အကျင့်** | ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံ သူများ၏ မေးခွန်းများကို ကောင်းမွန်စွာ တုံ့ပြန်ပါသည်။ မေးခွန်းများ ပြန် လည်ဖြေကြားခြင်းအပြင် ရင်းနှီးမြှုပ်နှံသူ၏ စာရင်းထိပ်ဆုံးတွင် ရှိနေစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေနေရာ ရွေးချယ် ပေးပြီး စီမံကိန်းကာလတစ်လျှောက်လုံး ဂရုစိုက် စောင့်ရှောက်ပေး ခြင်း စသည်တို့ကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါသည်။ |
| **ကောင်းမွန်သော အလေ့အကျင့်** | ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် မေးခွန်းများ အားလုံးကို အသေးစိတ်ဖြေကြားပေးပြီး အကြောင်းအရာ တစ်စိတ်တစ်ပိုင်းကို မှတ်သားထားပါသည်။ သို့ရာတွင် အချက်အလက်ပြည့်စုံမှုနှင့် ပြန် လည်စစ်ဆေးခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူ ၏ စာရင်းတွင် ပါဝင်နိုင်ရေးသည် ဝန်ဆောင်မှုပေးနိုင်မှုနှင့်တူညီ သော အခြေအနေမျိုးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုအပေါ်မူ တည်နေပါ သည်။ |
| **သာမန်အလေ့အကျင့်** | ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် မေးခွန်းများအား သင့် လျော်စွာ ပြန်လည်ဖြေကြားနိုင်ရေးအတွက် ကြိုးပမ်းမှုပြုသော် လည်း လေးနက်မှုမရှိဘဲ ကွာဟချက်များရှိနေပါသည်။ ရင်းနှီး မြှုပ်နှံသူ၏ စာရင်းတွင် ပါဝင်နိုင်ရေးသည် တဖြည်းဖြည်း ယုတ် လျော့ လာပြီး အချို့ အခွင့်အရေးများကိုလည်း ဆုံးရှုံးနိုင်ပါသည်။ |
| **အားနည်းသော အလေ့အကျင့်** | ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် မေးခွန်းများအား အကန့် အသတ်ဖြင့် ဖြေကြားပေးခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ သိရှိလို သည့် အချက်များကို website တွင်ကြည့်ရှုရန် ညွှန်ကြားခြင်းတို့ ပြုလုပ်ပါသည်။ ဆုံးဖြတ်မှု ပြုလုပ်ရန်အတွက် အကူအညီပေးမှုနှင့် အချက်အလက် ထောက်ပံ့မှုမရှိသလောက် နည်းပါးခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံသူအနေဖြင့် ထည့်သွင်းစဉ်းစားမှု ရှိမည်မဟုတ်ပါ။ |
| **အားအနည်းဆုံး အလေ့အကျင့်** | တုံ့ပြန်မှုမရှိပါ။ ဆောင်ရွက်မှုဆန်းစစ်ချက်တွင် ၁၀ ရာခိုင်နှုန်း အောက်ရှိခြင်းသည် ရင်းနှီးမြှုပ်နှံသူများနှင့် တယ်လီဖုန်းဖြင့်ဖြစ် စေ၊ email ဖြင့်ဖြစ်စေ ဆက်သွယ်ခြင်း မရှိသောကြောင့် ဖြစ်ပါ သည်။ ထိုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် အလား အလာရှိသော ပူးပေါင်းဆောင်ရွက်သူဖြစ်နိုင်မည် မဟုတ်ဘဲ အဆိုပါဒေသရှိ ရင်းနှီးမြှုပ်နှံသူများ၏ အထင်ကြီးလေးစားမှု မရရှိ နိုင်ပါ။ |

## Box 8.10. ဗီယက်နမ်နိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် UNCTAD ၏ eRegulations

UNCTAD သည် အစိုးရဌာနများမှ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့ စေရေးတို့အတွက် eRegulations ဟုခေါ်တွင်သည့် အီလက်ထရော နစ်နည်းလမ်းတစ်ခုကို တည်ထောင်ခဲ့ပါသည်။ အဆိုပါ eRegulations စနစ်သည် ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်း များဖြစ်ထွန်းစေနိုင်မည့် ပြည်တွင်းပြည်ပရင်းနှီး မြှုပ်နှံမှုများကို အဆင်ပြေချောမွေ့ စေရေး အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပွင့်လင်းမြင်သာမှုရှိစေပါသည်။ စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ခြင်း၊ အလုပ်သမား ငှားရမ်းခြင်းနှင့် အခွန်ပေးဆောင်ခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် အချက် အလက်များအား online နှင့် ပုံနှိပ်ထုတ်ဝေခြင်းတို့ဖြင့် တိကျသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးပါသည်။ လုပ်ငန်းစဉ် အဆင့်တစ်ဆင့်စီတိုင်းအတွက် အကြမ်းဖျင်း လိုအပ်ချက်များကို ဆက်သွယ်မေးမြန်းနိုင်သည့် ပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာတို့နှင့်တူ ပြည့်စုံစွာဖော်ပြထားပါသည်။ ထို့အပြင် လိုအပ်သည့် လျှောက်ထားလွှာ ပုံစံများ၊ ကြာချိန်၊ ပေးသွင်းရမည့်ငွေပမာဏနှင့် အခြားလိုအပ်သည့် အထောက်အထားများကိုလည်း အသေးစိတ် ဖော်ပြ ထားပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများကိုကူညီရန်နှင့် အလုပ်အကိုင်အသစ်များ ဖန်တီးပေးနိုင်ရေး ပိုမိုမြန်ဆန် သည့် လုပ်ငန်းစဉ်များဖြစ်စေရန်အတွက် eRegulations စနစ် အကောင်အထည်ဖော်နေရာတွင် ရှင်းလင်းလွယ်ကူ သည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းလုံးရှိနိုင်ငံများနှင့် မြို့များတွင် အဆိုပါစနစ်ကို ၂၀၀၅ ခုနှစ်မှ စတင်၍ ကျင့်သုံးခဲ့ပါ သည်။

eRegulations စနစ်သည် Content Management System (CMS) တစ်ခု ဖြစ်ပါသည်။ ၎င်းသည် administration interface မှ public interface အား ပြုပြင်ခြင်း (အရောင် များ၊ စာသားများ၊ ရုပ်ပုံများနှင့် အမှတ်တံဆိပ်များ)၊ လုပ်ငန်းစဉ်များ နှင့် သက်ဆိုင်ရာ အချက်အလက်များအား update ပြုလုပ်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ menus စီစဉ်ခြင်း၊ အသုံးပြုသူများ ဖန်တီးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကိုအာမခံခြင်း၊ အသုံးပြုသူများ၏ အကြံပြု ချက်များအား လက်ခံသူကို သတ်မှတ်ခြင်းတို့ကို ပြုလုပ်ခွင့်ပြုပါသည်။ သတင်းအချက် အလက်များကို အများ ပြည်သူ အသုံးပြုမှုများပြားသည့် website မှတစ်ဆင့် ဖော်ပြထားပါသည်။ အသုံးပြုသူများသည် အဆိုပါ website မှတစ်ဆင့် ၎င်း၏ administrator များနှင့် email နှင့် online chat အသုံးပြု၍ ဆက်သွယ်နိုင်ပြီး စုံစမ်းမေးမြန်းခြင်း၊ အကြံပြုခြင်းနှင့် တိုင်ကြားခြင်း တို့ ပြုလုပ်နိုင်ပါသည်။

လုပ်ငန်းစဉ်တစ်ဆင့်ချင်းစီကို အသုံးပြုသူ၏ရှုထောင့်မှ ဖော်ပြထားပါသည်။ အစိုးရဝန်ထမ်းတစ်ဦးဦးနှင့် ဆက်သွယ်ဆောင်ရွက်မှုတိုင်းကို အဆင့်တစ်ဆင့်အဖြစ် သတ်မှတ်ပါသည်။ အဆင့်တစ်ဆင့်ချင်းအတွက် အဆိုပါ စနစ်သည် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို ဖော်ပြထားပါသည်-

- အဆင့်အမည်
- အဆင့်၏ ရလဒ်
- အဖွဲ့အစည်း/ ရုံး/ တာဝန်ခံဝန်ထမ်းတို့၏ ဆက်သွယ်ရန်လိပ်စာ
- လိုအပ်ချက်များ (လျှောက်လွှာပုံစံများနှင့် စာရွက်စာတမ်းများ)
- ကုန်ကျစရိတ်
- ကြာချိန် (အနည်းဆုံးကြာချိန်နှင့် အမြင့်ဆုံးကြာချိန်)
- တိုင်ကြားသူ၏အဖွဲ့အစည်း/ ရုံး/ တာဝန်ခံဝန်ထမ်းတို့၏ ဆက်သွယ်ရန် လိပ်စာ;
- တရားဝင်အထောက်အထား
- အဆင့်အား မှန်ကန်စွာ ဖော်ပြထားကြောင်း ထောက်ခံသည့် အာဏာပိုင် အဖွဲ့အစည်း

လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် အဆိုပါစနစ်သည် လိုအပ်သည့်အဆင့်များစာရင်းနှင့် ပါဝင်သည့်အဖွဲ့အစည်းများ၊ မျှော်မှန်းသည့်ရလဒ်များ၊ လိုအပ်ချက်များ၊ အနိမ့်ဆုံးနှင့် အမြင့်ဆုံးကြာချိန်နှင့် တရားဝင် အထောက်အထားများကို ဖော်ပြသည့် အကျဉ်းချုပ်တစ်ခုကို ဖော်ပြပါသည်။

အသုံးပြုသူနိုင်ငံများသည် လုပ်ပိုင်ခွင့်နှင့် ၎င်းတို့၏လိုအပ်ချက်အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲခွင့် အကန့်အသတ် မရှိရရှိပါသည်။ ၎င်းတို့သည် ၎င်းတို့ မှတ်ပုံတင်လိုသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပြီး database ထဲတွင် ရှိသော သတင်းအချက် အလက်များကို အပြည့်အဝပိုင်ဆိုင်ခွင့်ရှိပါသည်။

ဗီယက်နမ်နိုင်ငံသည် eRegulations စနစ်ကို ၎င်း၏ပြည်နယ်များတွင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ပြည်နယ်ဆိုင်ရာ eRegulations စနစ်ကို ဟန္နိုင်းမြို့၊ ဒါနန်း မြို့နှင့် ဟိုချီမင်းမြို့တို့တွင် national portal မှတစ်ဆင့် အသုံးပြုလျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် UNCTAD မှ ကျွမ်း ကျင်သူများမှ eRegulations စနစ်ကို Vin Phuc၊ Hai Duong၊ Binh Dinh နှင့် Phu Yen ပြည်နယ်များတွင် ချဲ့ထွင် ကျင့်သုံးရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် UNCTAD သည် လက်ရှိ အသုံးပြုသူ ပြည်နယ်များတွင် ဗီယက်နမ်နိုင်ငံ၏ အဓိက ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပါဝင်သည့် စနစ်၏ အကျုံးဝင်မှုနယ်ပယ်ကို ချဲ့ထွင် ရန် အတွက် အကူအညီပေးရန် အစီအစဉ်ရှိပါသည်။

UNCTAD ၏ eRegulations စနစ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို httpbusinessfacilita://tion.org/eregulations/overview တွင် ရရှိနိုင်ပါသည်။ ဗီယက်နမ်နိုင်ငံ၏ သီခြား eRegulations စနစ်ကို https://vietnam.eregulations. org. တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

*Source:* UNCTAD.

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းမှုကို လက်ခံရရှိလျှင် အဆိုပါ စုံစမ်းမှုများကို အရေးကြီးမှု အနေအထားအလိုက် စိစစ်ပြီး မေးမြန်းမှု အားလုံးအား တူညီသည့် တုန့်ပြန်မှု ပေးရန် မလိုအပ်ပါ။ မျှော်မှန်းထားသော ဦးစားပေးကဏ္ဍများမှ ရင်းနှီး မြှုပ်နှံသူက စုံစမ်းမေးမြန်းလာခြင်း ဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် မေးခွန်းများကို တတ်နိုင်သမျှ အလျင်မြန်ဆုံးနှင့် အကောင်းဆုံး ပြန်လည် ဖြေကြားပေးရမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အကန့်အသတ်ရှိနေသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ စွမ်းဆောင်ရည်သည် စုံစမ်းမေးမြန်းမှုအားလုံးကို တူညီသောတုံ့ပြန်မှုများပေးရန် အတားအဆီးဖြစ်နေပါသည်။ တစ်ခါတစ်ရံ စုံးစမ်းမေးမြန်းမှုများသည် အမှန်တကယ်စုံစမ်းမေးမြန်းမှုများ မဟုတ်ကြပါ။ အဓိကကျသော မေးခွန်းများမှာ-

- ရှေ့တွင် ရင်းနှီးမြှုပ်နှံမှုများကို တစ်ဦးတည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ၊ မရှိ (လုံလောက်သော သက်သေဖြင့်)။
- ရင်းနှီးမြှုပ်နှံမှုကို တစ်ဦးတည်းဆောင်ရွက်ရန်အတွက် ငွေကြေးလုံလောက်မှု ရှိ၊ မရှိ (သက်သေဖြင့်)
- တစ်ဦးတည်း ဆောင်ရွက်ရန်အတွက် ယုံကြည်စိတ်ချရသော အထောက်အထားများ ရှိ၊ မရှိ
- တစ်ဦးတည်းဆောင်ရွက်ရန်အတွက် ယုံကြည်စိတ်ချရသော ဒေသတွင်းအချိတ်အဆက်များ ရှိ၊မရှိ။ (VCC,2009)

စုံစမ်းမေးမြန်းမှုများတွင် ယေဘုယျမေးမြန်းမှု၊ ကဏ္ဍအလိုက်မေးမြန်းမှု၊ ဦးစားပေး ကဏ္ဍ အလိုက် မေးမြန်းမှု စသည်ဖြင့် အဆင့်(၃)ဆင့်ပါဝင်သည်။ ပထမအဆင့်ဖြစ်သည့် ယေဘုယျ မေးမြန်းမှုတွင် ရင်းနှီး မြှုပ်နှံမှု ဝန်းကျင်၊ လုပ်ထုံးလုပ်နည်းများနှင့် Macro အဆင့်လေ့လာ ဆန်းစစ်မှုများအပေါ် ယေဘုယျ ကျသော သတင်း အချက်အလက်များ လိုအပ်မည် ဖြစ်ပါသည်။ အဆိုပါ သတင်းအချက်အလက်များကို အငယ်တန်း အရာရှိများမှ စီမံဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ FAQs များဖြင့်လည်းကောင်း ချက်ချင်း (၂၄ နာရီအတွင်း) ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ဒုတိယအဆင့်မှာ ဦးစားပေးကဏ္ဍမဟုတ်သည့် ကဏ္ဍများ အတွက် စီမံကိန်းနှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ မေးမြန်းခြင်း ဖြစ်ပါသည်။ အဆိုပါစုံစမ်း မေးမြန်းမှုများကို ပထမအနေဖြင့် ၂၄ နာရီထက် နောက်မကျစေဘဲ ချက်ခြင်း တုံ့ပြန်ရန် လိုအပ်ပြီး ဒုတိယအနေဖြင့် ပိုမိုပြည့်စုံစွာ တုံ့ပြန်ရန်အတွက် ၅ ရက်ထက် နောက်မကျစေဘဲ တုံ့ပြန်ရန် လိုအပ်ပါသည်။ အဆိုပါ မေးခွန်းများအား အတွေ့အကြုံရှိသော အရာရှိများမှ ဖုန်းဖြင့် ပြန်လည် ဖြေကြားခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး တစ်ခါတစ်ရံတွင် Follow up လုပ်ရန်လည်း လိုအပ်ပါ သည်။ တတိယအဆင့်တွင် စီမံကိန်းနှင့်သက်ဆိုင်ပြီး မဟာဗျူဟာကျသည့် ဦးစားပေး ကဏ္ဍများအပေါ် မေးမြန်းလာသော မေးခွန်းများပါဝင်သဖြင့် ကဏ္ဍအလိုက် ကျွမ်းကျင်သူများဖြင့် ပြန်လည်ဖြေကြားပေးရန် လိုအပ်ပါသည်။ မေးခွန်းများကို ၂၄ နာရီအတွင်း ဖြေကြားရမည်ဖြစ်ပြီး အသေးစိတ် သုတေသနကျသော ပြန်လည် ဖြေကြားမှုကို ၅ ရက် အတွင်း ပြုလုပ်ရန် လိုအပ်ပသည်။ လုပ်ငန်းစဉ်အပြီး ၂ ရက် မြောက်နေ့ တွင်လည်း Follow up ပြုလုပ်သင့်ပါသည်။

အဆိုပါ နည်းလမ်းများအပြင် စုံစမ်းမေးမြန်းမှုများကို အချိန်မီပြန်ကြားရန် လိုအပ်ပါသည်။ ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ၎င်း၏ ကနဦး တုံ့ပြန်မှုတွင် ပြည့်စုံစွာ ပြန်လည်တုံ့ပြန်ရန်အတွက် ကြာမြင့်မည့် အချိန်ဇယားကို သတ်မှတ်ထားသင့်ပါသည်။ အဆိုပါ ကာလတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ကုမ္ပဏီ၏ တည်နေရာ၊ ပုံပန်းသဏ္ဌာန်နှင့် အကျိုးအမြတ်ရရှိမှုတို့ကို အတည်ပြုနိုင်ရန် အတွက် ကုမ္ပဏီသို့ ကွင်းဆင်း လေ့လာသင့်ပါသည်။ အတွေ့အကြုံရှိသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ သည် အရေးကြီးသော စုံစမ်းမေးမြန်းမှုများအတွက် စီမံကိန်းအနှစ်ချုပ်ကို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

စုံစမ်းမေးမြန်းမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အကောင်းဆုံးအလေ့အထများ (VCC, 2009) မှာ-

- ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်များကို နားလည်ခြင်း။
- မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးရန် client တစ်ဦးချင်းစီအတွက် အရာရှိ တစ်ဦးစီ သတ်မှတ် တာဝန်ပေးခြင်း။
- အချိန်နှင့် တစ်ပြေညီ တိကျသော သတင်းများနှင့် အချက်အလက်များကို လျင်မြန်စွာ ထောက်ပံ့ ပေးခြင်း။
- ရင်းနှီးမြှုပ်နှံသူ၏ စီမံကိန်းနှင့် မဟာဗျူဟာများကို အချိန်ပြည့် လုံခြုံမှု ပေးခြင်း- ပါဝင်ဆောင်ရွက်သူ အရေအတွက်ကို ကန့်သတ်ခြင်းနှင့် လုံခြုံမှုဆိုင်ရာ သဘောတူ စာချုပ် လက်မှတ်ရေးထိုးခြင်း။
- ပြည်ထောင်စုအဆင့် အဓိက ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် စီမံကိန်းကို သိရှိနားလည် ခြင်း။
- ကုမ္ပဏီများ၏ ရုံးချုပ်များသို့ သံတမန်ရေးရာဝန်ဆောင်မှု ခရီးစဉ်များသွားရောက်မှုကို အားပေး ခြင်း။

ကမ္ဘာ့ဘဏ် ၂၀၁၂ ၏ တိုးတက်မှုရရှိရေး ဆက်လက်ကြိုးကြပ် ဆောင်ရွက်ရန်အတွက် ပေါင်းစည်းထားသည့်စနစ်တွင် ထိရောက်သော စုံစမ်းမေးမြန်းမှုဖြေရှင်းခြင်းများအတွက် အဓိက အရေးပါသော အချက် (၄)ချက် ပိုင်းခြားထားပါသည်- (၁) ရရှိနိုင်မှုနှင့် ဆက်သွယ်နိုင်မှု၊ (၂) တုံ့ပြန် နိုင်စွမ်းနှင့် ကိုင်တွယ်ဖြေရှင်းမှု၊ (၃) တုံ့ပြန်မှုစွမ်းရည်နှင့် (၄) customer အား စဉ်ဆက်မပြတ် ဂရုစိုက်စောင့်ရှောက်ခြင်းတို့ဖြစ်ပါသည်။ (ပုံ ၈.၇) အထက်တွင် ဖော်ပြခဲ့သည့် ကမ္ဘာ့ဘဏ်၏ ၂၀၁၂ GIPB တွင် PRONicaragua ကို ရင်းနှီးမြှုပ်နှံသူများ၏ စုံစမ်းမေးမြန်းမှုများကို ဖြေရှင်းရာတွင် အဆင့် ၁ သတ်မှတ်ထားပါသည်။

## (၁) ရရှိနိုင်မှုနှင့် ဆက်သွယ်နိုင်မှု

ပထမအနေဖြင့် ကုမ္ပဏီများသည် ဆက်သွယ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင် စီ၏ website ကို ကြည့်ရှုပါသည်။ ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီတွင် ဝန်ထမ်းများအားအမှန်တကယ်ဆက်သွယ်နိုင်သည့် အသေးစိတ်အချက်အလက်များ သို့မဟုတ် တိကျသေချာသည့် စုံစမ်းမေးမြန်းခြင်း ပုံစံများရှိပါသည်။ (ဥပမာ- ကဏ္ဍအလိုက်) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေ းအေဂျင်စီကို လွယ်ကူစွာ ဆက်သွယ်နိုင်ရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူအများစုသည် အီးလ်မေး (သို့မဟုတ်) တယ်လီဖုန်းဖြင့် စတင်မေးမြန်းကြပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် တယ်လီဖုန်းဖြင့် ဆက်သွယ်စုံစမ်း မေးမြန်းခြင်းများကို ကောင်းမွန်စွာ ပြန်လည်ဖြေကြားသင့်ပါသည်။ ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူများမှ ရုံးချိန်အတွင်း တယ်လီဖုန်း ဆက် သွယ်၍ စုံစမ်းမေးမြန်းလာပါက ချက်ချင်း ဖြေကြားပေးလေ့ရှိပါသည်။ အကယ်၍ ဖြေကြားပေး နိုင်ခြင်းမရှိပါကလည်း ဖုန်းခေါ်ဆိုသူသည် message ချန်ထား၍ မေးမြန်းသင့်ပါသည်။ message များကို အလုပ်လုပ်ရက် တစ်ရက်အတွင်း ပြန်လည်ဖြေကြားပေးသင့်ပါသည်။ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ တယ်လီဖုန်း ဖြင့် ဖြေဆိုသည့်အခါ ကောင်းမွန်သော စီးပွားရေးအလေ့အကျင့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ပြန်လည်ဖြေကြားပါသည်။ ပြန်လည်ဖြေကြားရာတွင် ဖြေကြားသူ၏အမည်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏အမည်တို့အား ပြောကြားခြင်းနှင့် အေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူအား မည်မျှအကူအညီပေးနိုင်သည်ကို မေးမြန်းခြင်းတို့ ပြုလုပ်ပါသည်။

ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ကောင်းမွန်သော e-mail ယဉ်ကျေးမှုနှင့် ကိုက်ညီအောင်လည်း ပြန်ကြားပါသည်။ ရင်းနှီးမြှုပ်နှံသူသည် တယ်လီဖုန်း (သို့မဟုတ်) e-mail ဖြင့် ပြန်လည် ဖြေကြားခြင်း ၂ မျိုးစလုံးသည် ပြည့်စုံစွာ တုံ့ပြန်လေ့ရှိကြောင်း သိရှိသွားကြမည်ဖြစ်ပါသည်။ ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် ၎င်းတို့၏ တုံ့ပြန်မှုများသည် ရင်းနှီးမြှုပ်နှံသူ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ စီမံကိန်းများနှင့် စပ်လျဉ်း၍ ပိုမိုသိရှိရန် ရင်းနှီးမြှုပ်နှံသူထံ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းကြပါသည်။ စီမံကိန်း တာဝန်ခံသည် ပြန်လည်ဖြေကြားနိုင်ခြင်းမရှိပါက ၎င်း၏အောက်ရှိ ဝန်ထမ်းများသည် စုံစမ်းမေးမြန်းခြင်းနှင့် စပ်လျဉ်းသည့် ယေဘုယျ အချက်အလက်များကို သိရှိရန် လိုအပ်ပြီး message ချန်ထားနိုင်ရန် ဆောင်ရွက်သင့်ပါသည်။ ထိုမက်ဆေ့တွင် ခေါ်ဆိုသူ နာမည်၊ စုံစမ်းမေးမြန်းမှု၏ သဘောသဘာဝနှင့် တာဝန်ခံမှ ပြန်လည်ခေါ်ဆိုနိုင်မည့် အချိန်တို့ ပါဝင်သင့်ပါသည်။ အရာရှိအမည်တို့ ပြန်လည်ခေါ်ရန် ပါဝင်သင့်

ပါသည်။ ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ၏ ဖုန်းခေါ်ဆိုသူအား နောက်တစ်ကြိမ်ပြန်လည်ခေါ်ဆိုရန် မည်သည့်အခါမျှ ပြောဆိုလေ့ မရှိပါ။

### ပုံ 8.1. ရင်းနှီးမြှုပ်နှံသူများမှ စုံစမ်းမေးမြန်းမှုများအား စီမံခန့်ခွဲခြင်း




*Source*: Investment Consulting Associates based on World Bank.

ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် အသိပညာကြွယ်ဝသော စီမံကိန်းတာဝန်ခံအရာရှိ တစ်ဦးကို ဆက်သွယ်နိုင်မည့် အချက်အလက် အသေးစိတ်ကို ဖော်ပြပေးထားပါသည်။ အဆိုပါတာဝန်ခံအရာရှိသည် စုံစမ်းမေးမြန်းလာသော မေးခွန်းများကို အပြည့်အဝ စီမံခန့်ခွဲနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူအား အေဂျင်စီတစ်ခုတည်းအတွင်းရှိ ဆက်သွယ်ရမည့်နေရာ အဆင့်ဆင့် လွှဲပြောင်းခြင်း သို့မဟုတ် အခြားအစိုးရဌာန၊ အဖွဲ့အစည်းများသို့လွှဲပြောင်းခြင်းတို့ မပြုလုပ်သင့်ပါ။ ကုမ္ပဏီတွင်လည်း deadline များ ရှိနိုင်သဖြင့် မေးခွန်းများကို ရင်းနှီးမြှုပ်နှံသူ၏ သတ်မှတ်ထားသည့် အချိန်အတွင်း ပြန်လည်တုံ့ပြန်ခြင်းသည် ကောင်းမွန်သော အလေ့အကျင့်ဖြစ်ပါသည်။

## (၂) တုံ့ပြန်နိုင်စွမ်းနှင့် ကိုင်တွယ်ဖြေရှင်းမှု

ကောင်းမွန်သောအလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများသည် ရင်းနှီးမြှုပ်နှံသူများ၏ စုံစမ်းမေးမြန်းခြင်းများနှင့် ရင်းနှီးမြှုပ်နှံသူ မစဉ်းစားမိသေးသည့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အမျှော်အမြင်ရှိစွာ တုံ့ပြန်နိုင်စေရန်အလို့ငှာ ၎င်းတို့၏ နိုင်ငံများ/ ဒေသများရှိ စက်မှုလုပ်ငန်းများနှင့် အပြည့်ပြည့်ဆိုင်ရာ လမ်းကြောင်းများကို ထိရောက်သည့် သုတေသနများ ပြုလုပ်ကြပါသည်။

ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ၎င်းတို့၏အခန်းကဏ္ဍကို ရှင်းလင်း စွာ သိရှိနားလည်ပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီမှ ဝန်ထမ်းများအားလုံးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်စေရေးအတွက် အေဂျင်စီသည် ကောင်းမွန်သောဌာနတွင်းနည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဝန်ထမ်းအားကို သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီး မြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူ၏ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့် စပ်လျဉ်း၍ ပိုမိုသိရှိရန်အတွက် တတ်နိုင်သမျှ လေ့လာသင်ကြား လေ့ရှိပြီး ရင်းနှီးမြှုပ်နှံသူများအား ကျွမ်းကျင်စွာ သတင်းအချက်အလက်ပေးရာတွင် လုံလောက်သည့် အတွေ့အကြုံ ရှိပါသည်။

တုံ့ပြန်နိုင်စွမ်းနှင့် ကိုင်တွယ်ဖြေရှင်းနိုင်မှုကို တိုးတက်စေရန်အတွက် သင်ကြားရမည့် နည်းလမ်း များ ရှိပါသည်-

- ရင်းနှီးမြှုပ်နှံသူ စုံစမ်းမေးမြန်းမှုကို လက်ခံရရှိကြောင်း ပြန်ကြားရမည်၊
- မေးခွန်းအား အပြည့်အစုံပြန်လည်ဖြေကြားနိုင်မည့် အချိန်ကို သတ်မှတ်ဖော်ပြရမည်၊ ၊
- တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းဖြစ်ပါက မေးခွန်းများကို နားထောင်ပြီး အကျဉ်းချုပ် ရေးသား၍ နားလည်အောင်ဆောင်ရွက်ရမည်၊
- ကဏ္ဍအလိုက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရမည်၊ (လမ်းကြောင်းများ၊ ဖွံ့ဖြိုး တိုးတက်မှု အသစ်များ စသည့်)
- သီးခြား အသိပညာများ လိုအပ်ပါက ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကို ပါဝင် စေရ မည်၊
- CRM Database ကို update ပြုလုပ်ရမည်။

## (၃) တုံ့ပြန်မှုစွမ်းရည်

ရင်းနှီးမြှုပ်နှံသူ၏ မေးခွန်းများအားလုံးကို ဖြေကြားပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံသူမှ မေးခွန်းနှင့် အဖြေကို ရှာဖွေတွေ့ရှိရန်အတွက် စုစည်းထားရှိခြင်းသည် ကောင်းမွန်သော အလေ့အကျင့် တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအရာဇယားပါဝင်သည့် စာရွက်စာတမ်း သို့မဟုတ် presentation တစ်ခုတည်းဖြင့် ပြန်လည်တုန့်ပြန် သင့်ပါသည်။ ကောင်းမွန်သော အလေ့အကျင့် ရှိသည့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီများသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အကောင်းဆုံးဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြချက်ကို အသားပေးရေးသားထားသည့် အကျဉ်းချုပ်တစ်ခုကို ၎င်းတို့၏ တုံ့ပြန်မှုများ၏ အစ သို့မဟုတ် အဆုံးတွင် ထည့်သွင်း ဖော်ပြလေ့ ရှိပါသည်။ အဆိုပါ အကျဉ်းချုပ်ကို ရင်းနှီး မြှုပ်နှံသူမှ ၎င်းတို့၏ ဌာနတွင်း အစီရင်ခံစာများတွင် ထည့်သွင်း ဖော်ပြနိုင်သဖြင့် ရင်းနှီး မြှုပ်နှံသူကို အချိန်ကုန် သက်သာစေသည့်အပြင် ၎င်း၏ နေရာအတွက် မှန်ကန်သည့်

ငြင်းခုန်မှုများ ဖြစ်သည်ကို ပိုမိုသေချာစေပါသည်။ အဆိုပါအကျဉ်းချုပ်တွင် ယုံကြည်စိတ်ချရသည့် အရင်းအမြစ်များမှ ရရှိသော ခိုင်လုံသည့် အချက်အလက်များနှင့် လက်ရှိဖြစ်ပေါ်နေသော အချက်အလက်များ ပါဝင်ရန်လိုအပ်ပါသည်။ အလားအလာရှိသောမြေဖြစ်ကြောင်း ဖော်ပြသည့် အခြားရင်းနှီးမြှုပ်နှံသူများ၏ case study များနှင့် ထင်ရှားသည့် ကုမ္ပဏီများထံမှ သက်သေများရရှိပါက ရင်းနှီးမြှုပ်နှံသူများသည် ပိုမိုကျေနပ်ကြမည်ဖြစ်ပါသည်။

ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီမှ မည်သည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင်မဆိုရှိသည့် အဓိကရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာများကို သိရှိနားလည်ထားပြီး ရင်းနှီးမြှုပ်နှံသူ တစ်ဦးမှ မမေးမြန်းရသေးသော မေးခွန်းများကို မျှော်မှန်း၍ တုံ့ပြန်နိုင်ပါသည်။ ယင်းသည် ရင်းနှီးမြှုပ်နှံသူများ နေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် စီမံကိန်းတွင် ဆက်လက်ပါဝင်မှု ကို ပိုမိုသေချာစေကြောင်း ဖော်ပြ ခြင်းဖြစ်ပါသည်။

## (၄) Customer အား ဂရုစိုက်စောင့်ရှောက်ခြင်းနှင့် ကြီးကြပ်ခြင်း

ကောင်းမွန်သော အလေ့အကျင့်ရှိသည့် ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကို အထောက်အကူပြုစေရန်အတွက် မည်သည့်အရာမဆို ဆောင်ရွက်နိုင်ကြောင်း ပြသသည့် အနေဖြင့် စုံစမ်းမေးမြန်းမှုများကို ရက်သတ္တပါတ် ၂ ပါတ် အတွင်း ပြန်လည်ဖြေကြားပေးပါသည်။ ထိုကဲ့သို့ ဆက်လက် ကူညီခြင်းအားဖြင့် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ၏ပါဝင်မှုကို ဆက်လက် တည်ရှိစေပါ သည်။ ရင်းနှီးမြှုပ်နှံသူမှ လုပ်ငန်းတည်နေရာ ရွေးချယ်ပြီးပါကလည်း မည်သည့်အတွက် ရွေးချယ်သည်ကို သိရှိရန် လိုအပ်ပြီး စီမံကိန်းမန်နေဂျာသည် ရင်းနှီးမြှုပ်နှံသူ၏ သုံးသပ်ချက်ရရှိစေရေး အတွက် ရင်းနှီးမြှုပ်နှံသူအား ဆက်သွယ်နေသင့်ပါသည်။ သို့မှသာ အနာဂတ်ကာလအတွက် မှန်ကန်သော ဆောင်ရွက်မှုများကို ဆက်လက် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## Box 8.11. ရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းမှုများကို ကိုင်တွယ်ဖြေရှင်းဆိုင်ရာ အလေ့အကျင့်များ- PRONicaragua

PRONicaragua သည် တရားဝင် Nicaraguan ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ ဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ၎င်းသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သမ္မတ၏တိုက်ရိုက် အုပ်ချုပ်မှုအောက် တွင်ရှိသော အကျိုးအမြတ်အတွက် ဖွဲ့စည်းထားခြင်းမဟုတ်သော အစိုးရ- ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၎င်းသည် ရင်းနှီး မြှုပ်နှံသူ များအား အောက်ဖော်ပြပါ ဝန်ဆောင်မှုများပေးပါသည်-

- စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေမူဘောင်များ၊ စီးပွားရေးအခွင့် အလမ်းများနှင့် စပ်လျဉ်း၍ အထွေထွေ သတင်းအချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဓိက သတင်းအချက်အလက်များ၊
- ကုမ္ပဏီများအား ၎င်းတို့ လုပ်ငန်း ဆောင်ရွက်မှုများအတွက် လိုအပ်သည့် သတင်းအချက်များ ရရှိစေရန် ကူညီခြင်းနှင့် သတင်းအချက် များပေးခြင်းဖြင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှုများ ပေးခြင်း၊
- လုပ်ငန်းများ၏ အမှန်တကယ် အခြေအနေကို သိရှိ လေ့လာနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်သည့် နေရာများသို့ ကွင်းဆင်းကြည့်ရှုခြင်းနှင့် အစိုးရနှင့် ပုဂ္ဂလိက နှစ်ခုလုံးမှ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်း၊
- ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် အလားအလာရှိသည့် ဒေသခံ ကုမ္ပဏီများအား မိတ်ဆက်ပေးခြင်းနှင့် supplier များနှင့် အခြား စီးပွားရေး မိတ်ဖက်များကို သတ်မှတ်ပေးခြင်း၊
- စီမံကိန်းဆောင်ရွက်ရန် လိုအပ်သည့်မြေနေရာများ သတ်မှတ်ရာတွင်ကူညီပေးခြင်း၊
- ကုမ္ပဏီများအား လုပ်ငန်းတည်ထောင်နေသည့် ကာလတစ်လျှောက်လုံးနှင့် လုပ်ငန်း ဆောင်ရွက်နေစဉ် အတွင်း ဝန်ဆောင်မှုပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏ စီးပွားရေးဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး အပေါ် သက်ရောက်မှုဖြစ်စေနိုင်သည့် အဓိက ပြဿနာများကို ဖြေရှင်းပေးခြင်း၊

၂၀၀၉ GIPB ရလဒ်၏ လှုံ့ဆော်မှုဖြင့် PRONicaragua သည် နောက်ထပ်ပြုလုပ်မည့် ကမ္ဘာ့ဘဏ်၏ စိစစ်အကဲဖြတ်မှု ၂၀၁၂ ခုနှစ်တွင် ထိပ်ဆုံး ၅ နေရာအတွင်းပါဝင်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ချမှတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါစီမံချက်တွင် အခြေခံလုပ်ငန်း တာဝန် (၂) ရပ်ပါဝင်ပါသည်: (၁) အေဂျင်စီ၏ ရင်းနှီးမြှုပ်နှံသူဝန်ဆောင်မှု ပေးခြင်း ဖွံ့ဖြိုး တိုးတက်စေရန်၊ ၎င်း၏ စွမ်းဆောင်ရည်မြင့်တက်စေရန်နှင့် ၎င်းတို့၏ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်အတွက် ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲ ရန်အတွက် Harvard-affiliated business school INCAE နှင့် တွဲဖက်ဆောင်ရွက်ခြင်း၊ (၂) GIBP ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ အလေ့ အကျင့်ကောင်းများနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့် စံချိန်စံနှုန်းများကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံသူအား ဝန်ဆောင်မှုပေးရာတွင် ကမ္ဘာ့အဆင့်မီ လမ်းညွှန်ချက်များနှင့်အညီ ဌာနတွင်း အစီအစဉ်တစ်ခု အကောင်အထည် ဖော်ခြင်းနှင့် website ကို marking tool တစ်ခုအဖြစ် အသုံးချခြင်းတို့ ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်၏ အစိတ်အပိုင်း တစ်ခု အနေဖြင့် အေဂျင်စီသည် အောက်ဖော်ပြပါရင်းနှီးမြှုပ်နှံသူ၏ စုံစမ်းမေးမြန်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ချမှတ်ခဲ့ပါ သည်-

(၁) စုံစမ်းမေးမြန်းမှုကို လက်ခံရရှိကြောင်း ၂၄ နာရီအတွင်း email ဖြင့် အကြောင်းကြားခြင်း၊

(၂) ၇ ရက်အတွင်း ပြည့်စုံစွာ ဖြေကြားပေးခြင်း၊

(၃) အခြား ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များကို နောက်ထပ် ၇ ရက် အတွင်း ပေးပို့ခြင်း သို့မဟုတ် ဖြေကြားချက်ကို လက်ခံရရှိခြင်းရှိ/မရှိ စစ်ဆေး ခြင်းနှင့် အခြားမေးခွန်းများကို လက်ခံခြင်း၊

(၄) နောက်ထပ် ၂၅ ရက်အတွင်း စီမံကိန်းဆောင်ရွက်မှုအခြေအနေ သိရှိရန်အတွက် တွေ့ဆုံမှုများ စီစဉ်ခြင်း၊ မေးခွန်းများဖြေဆိုခြင်းနှင့် အခြားနိုင်ငံများသို့ လေ့လာရေးခရီး စီစဉ်ခြင်း ၊

(၅) နောက်ထပ် ရက် ၃၀ အတွင်း စီမံကိန်းဆောင်ရွက်မှုအခြေအနေများ၊ တွေ့ဆုံမှုများ သို့မဟုတ် လေ့လာရေး ခရီးများ နှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း။

ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် upgrade ပြုလုပ်ခြင်း၏ ရလဒ် အနေဖြင့် PRONicaragua သည် GIPB survey ၂၀၁၂ ခုနှစ်တွင် ပထမနေရာ ၌ ရပ်တည်ခဲ့ပါသည်။ ထို့နောက် ၎င်းသည် website ကို upgrade ပြုလုပ်ခြင်း နှင့် aftercare ဝန်ဆောင်မှုများ တိုးချဲ့ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ ပါသည်။ (http://pronicaragua.gob.ni/en).

*Source:* Investment Consulting Associates and PRONicaragua.

## (စ) ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအား အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်း

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ခြင်းကို နည်းလမ်း (၂)မျိုး ဆောင် ရွက်ရန် လိုအပ်ပါသည်။ ပထမနည်းလမ်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူ များ၏စီမံကိန်းများကို လျှောက်ထားစဉ်မှစ၍ လုပ်ငန်းလည်ပတ်သည်အထိ ၎င်းတို့၏ အခြေအနေနှင့် လုပ်ငန်းစဉ်များကို ကြီးကြပ်သင့်ပါသည်။ ဒုတိယနည်းလမ်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းစက်ဝန်းတစ်လျှောက် လုပ်ငန်းစဉ်များကို တိုင်းတာ ရန်နှင့် ဆောက်ရွက်ချက်များ/ စီမံကိန်း များနှင့် အစီအစဉ်များအပေါ် ပြန်လည်အကြံပြုရန်အတွက် ၎င်း၏ ဆောင်ရွက်ချက်များနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ ဆောင်ရွက်ချက်များအပါအဝင် အေဂျင်စီတစ်ခုလုံး၏ အဖွဲ့ အစည်းဆိုင်ရာ ဆောင်ရွက်ချက်များကို ကြီးကြပ်ရန် လိုအပ်ပါသည်။ အဆိုပါ ဒုတိယနည်းလမ်းကို အခန်း (၆) တွင် ဖော်ပြထားပါသည်။ ဤအခန်းတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အကဲဖြတ်ခြင်းနှင့် ကြီးကြပ် ခြင်းကို ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဆွေးနွေးမည် ဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းများသည် စီးပွားရေးလုပ်ငန်းကဏ္ဍကို ကြီးကြပ်ခြင်းဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံ သူများ၏ စီမံကိန်းများအား သင့်လျော်စွာ ကြီးကြပ်ခြင်းသည် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့နှင့် မသက်ဆိုင်ပါ။ ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းကမ်းများနှင့် လုပ်ထုံး လုပ်နည်း များအား လိုက်နာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီတွင် တာဝန်ရှိပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ခြင်းသည် အရေးကြီးသည့် ရင်းနှီးမြှုပ်နှံသူအား ပေးအပ်သည့် ဝန်ဆောင်မှု တစ်ခုအဖြစ်သို့ ပြောင်းလဲသွားပါသည်။ ရင်းနှီး မြှုပ်နှံမှုစီမံကိန်း လျှောက်ထားခြင်း၊ တည်ထောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းတို့၏ အခြေအနေနှင့်လုပ်ငန်းစဉ်များအား ကြီးကြပ်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမ မြှင့်တင်ရေးအေဂျင်စီသည် ဖြစ်ပေါ်လာသည့် မည်သည့်ပြဿနာကိုမဆို ပိုမိုမဆိုးရွားမီ ကနဦးအဆင့်၌ပင် ဖြေရှင်းနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးအတွက် မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်း တစ်ရပ်ဖြစ်ပါသည်။ ကြီးကြပ် ခြင်းသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ ဝန်ထမ်း၏များအား ရင်းနှီးမြှုပ်နှံသူ မလိုအပ်သေးမီ လိုအပ်လာနိုင်သည့် ဝန်ဆောင်မှုများနှင့် အကူအညီများ ပေးအပ်နိုင်စေ ပါသည်။ အဆိုပါအချက်သည် client ဝန်ဆောင်မှု ကောင်းတစ်ရပ်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဆွဲဆောင်နိုင်သဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအတွက် နာမည်ကောင်း ရရှိစေနိုင်ပါသည်။ ရင်းနှီး

မြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီအား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ကြီးကြပ်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းအချို့ကို ဖော်ပြ ထားပါသည်။

**ပထမအနေဖြင့်** ကြီးကြပ်ခြင်းသည် ပြဿနာများကို ဖြေရှင်းရန် ပိုမိုလွယ်ကူသည့် ကနဦးအဆင့်တွင် သိရှိနိုင်စေပါသည်။ ပြဿနာများကို ဆောလျင်စွာ ထောက်လှမ်းသိရှိနိုင်ခြင်းမရှိသည့် ကြီးကြပ်ခြင်း စနစ်သည် ထိရောက်မှုရှိသည့် စနစ်မဟုတ်ပါ။

**ဒုတိယအနေဖြင့်** ရင်းနှီးမြှုပ်နှံမှုစက်ဝန်း၏ အဆင့်အမျိုးမျိုးတွင် လုပ်ငန်းများသည် မတူညီသည့် လိုအပ်ချက်များရှိပြီး အထူးသဖြင့် SMEs နှင့် TNCs များအကြားတွင် စွမ်းရည်များ လိုအပ်သည်ကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအနေဖြင့် သတိပြုမိသင့်ပါသည်။ စီးပွားရေးလုပ်ငန်းကြီးများသည် ခွင့်ပြုမိန့်ရယူခြင်းနှင့် မှတ်ပုံတင်ခြင်း (တည်ထောင်မှုမပြုလုပ်သေးမီ အကြိုကာလနှင့် တည်ထောင်စဉ်ကာလ) တို့ပြုလုပ်ရာတွင် အကူအညီများနှင့် ကြီးကြပ်မှုများ ပြုလုပ်ရန် ပိုမိုလိုအပ်ပြီး လုပ်ငန်းစတင်လည်ပတ်ချိန်တွင် လိုအပ်ချက်များ လျော့နည်းသွား ပါသည်။ ထို့အပြင် SMEs များသည် အရင်းအမြစ်များ မလုံလောက်ခြင်းနှင့် ဗျူရိုကရေစီ စနစ်ကို ကျော်လွှားနိုင်ခြင်း မရှိသဖြင့် ၎င်းတို့ကို အနီးကပ် ကြီးကြပ်ရန် လိုအပ်ပါသည်။ သို့ရာတွင် ဗျူရိုက ရေစီစနစ်တွင် အသိပညာကြွယ်ဝသည့် ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် နည်းပညာ ကျွမ်းကျင်သူများ မရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ ရှုပ်ထွေးသော သဘောသဘာဝအရ အကူအညီ အမြောက်အများ လိုအပ်နိုင်ပါသည်။

**တတိယအနေဖြင့်** နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပုံမှန်ဆက်သွယ်မှုရှိမှသာ ထိရောက်မှုရှိသော ကြီးကြပ်မှု စနစ်ရရှိမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီမှ တာဝန်ခံအရာရှိများ သို့မဟုတ် မန်နေဂျာများ ခန့်အပ်ထားခြင်းမရှိလျှင် ၎င်း၏ ကြီးကြပ်မှုစနစ်သည် ထိရောက်မှု ရှိမည်မဟုတ်ပါ။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ၏ ဘဏ္ဍာရေးအခက်အခဲများကြောင့် ဝန်ထမ်းများခန့်အပ်ရာတွင် အကန့်အသတ်များရှိနေပြီး ရင်းနှီးမြှုပ်နှံသူများ၏ စီမံကိန်းများအားလုံးကို ကြီးကြပ်နိုင်ရန် အကြပ်အတည်း ဖြစ်နေပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် မည်သည့် ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် စီမံကိန်းများသည် ဦးစားပေးကြီးကြပ်ရန် လိုအပ်သည်ကို မှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် လိုအပ်ပါသည်။

**စတုတ္ထအနေဖြင့်** ကြီးကြပ်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံသူ ဝန်ဆောင်မှုများကို အဖွဲ့ အစည်းအလိုက် ဆောင်ရွက်ခြင်းထက် တစ်ဦးချင်းစီအလိုက် ဆောင်ရွက်သင့်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ ဝန်ထမ်းများသည် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် ၎င်း၏ အခြေအနေများနှင့် ပိုမိုကျွမ်းဝင်မှုရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံသူတစ်ဦးချင်းအတွက် တာဝန်ခံအရာရှိတစ်ဦးစီ သတ် မှတ်တာဝန်ပေးရန်လိုအပ်ပါသည်။

**ပဉ္စမအနေဖြင့်** ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ခိုင် မာ၍ ယုံကြည်ထိုက်သော ဆက်နွယ်မှုများရှိရန်လိုအပ်ပါသည်။ သို့မှသာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ အနေဖြင့် ကြီးကြပ်ရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် ပြဿနာများကို ဆောလျင်စွာ သိရှိရေးတို့အတွက် ရင်းနှီးမြှုပ်နှံသူများထံမှ သတင်းအချက်လက်များကို လွယ်ကူစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

**နောက်ဆုံးအနေဖြင့်** ထိရောက်သော ကြီးကြပ်ခြင်း ဖြစ်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီမှ ဝန်ထမ်းများသည် လိုအပ်သည့် ကျွမ်းကျင်မှုရှိရမည်။ ရင်းနှီးမြှုပ်နှံမှု ကြီးကြပ် သူဝန်ထမ်းများသည် မည်သည့် မေးခွန်းကို မေးမြန်းရမည်၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ ဆောင် ရွက်ပုံ၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို သိရှိနေရမည့်အပြင် ဝေဖန်ပိုင်းခြားနိုင်သည့် အတွေးအခေါ် ရှိရန် လိုအပ်ပါသည်။

လက်တွေ့တွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအား ကြီးကြပ်ခြင်းကို မည်ကဲ့သို့ လုပ်ဆောင်လဲ?

အခြေခံအားဖြင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေခြင်းနှင့် aftercare ဝန်ဆောင်မှုပေးခြင်းများနှင့် လုပ်ဆောင်ချက်ခြင်း တူညီပါသည်။ တာဝန်ခံအရာရှိများသည် လုပ်ငန်းစတင်တည်ထောင်ထားသည့် ကုမ္ပဏီ များ၏ အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများကိုသိရှိနိုင်ရန်အတွက် အဆိုပါ ကုမ္ပဏီများကို လုပ်ငန်းတည်ထောင်ပြီး ပထမနှစ်နှစ်အတွင်းလစဉ် သို့မဟုတ် စီမံကိန်း၏ အခြေအနေအပေါ် မူတည်၍ ဆက်သွယ်ရန်လိုအပ်ပါသည်။ ၎င်းနောက် ရှုပ်ထွေးမှုမရှိသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ၄ လ လျှင် တစ်ကြိမ်ခန့် ဆက်သွယ်နိုင်ပါသည်။

ကြီးကြပ်ခြင်းသည် စီမံကိန်းအခြေအနေကိုသုံးသပ်ရန်နှင့် သတ်မှတ်ထားသည့် အချိန်အတွင်း စီမံကိန်း ပြီးမြောက်စေရန် သို့မဟုတ် ပြဿနာများကို ဖြေရှင်းပေးရန်အတွက် ရင်းနှီးမြှုပ်နှံသူ၏ ကုမ္ပဏီများထံမှ သတင်းအချက်အလက်များနှင့် သုံးသပ်ချက်များရရှိရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီအနေဖြင့် ကုမ္ပဏီသည် စီမံကိန်းမှတ်ပုံတင်ခြင်းနှင့် တည်ထောင်ခြင်းတို့ ပြုလုပ်ရာတွင် လိုအပ်သည့် အချက်အလက်များ အားလုံး လုပ်ဆောင်ခြင်း ရှိ၊မရှိ ပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။ ထိုကဲ့သို့ သုံးသပ်ရာတွင် ကုမ္ပဏီမှ လုပ်ဆောင်ရန်ကျန်ရှိနေသည့် လုပ်ထုံးလုပ်နည်းများကို တွေ့ရှိပါက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် အဆိုပါအချက်ကို ကုမ္ပဏီအားအသိပေးပြီး လိုအပ်သည့် အကူအညီများပေးရမည် ဖြစ်ပါသည်။

ထို့အပြင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် စီမံကိန်းစတင်ချိန်မှစ၍ ရင်းနှီးမြှုပ်နှံသူ၏ အခြေခံအဆောက်အအုံ၊ အလုပ်သမားနှင့် အခြားလိုအပ်ချက်များကို ကြီးကြပ်ရန် လိုအပ်ပါသည်။ အဆိုပါ အချက်များနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီသည် questionnaire များပြုလုပ်၍ ကုမ္ပဏီအား မေးမြန်းနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် အလုပ်များသူများဖြစ်၍ questionnaire များသည် လိုအပ်သည့်အချက်များ အားလုံးပါဝင်သည့် အကျဉ်းချုပ် ဖြစ်ရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံသူမှ ယခင်က ရင်ဆိုင်ကြုံတွေ့ရသည့် အတားအဆီးများနှင့် လိုအပ်ချက်များကို သိရှိအောင်ဖော်ထုတ်ပြီး အကူအညီများပေးနိုင်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ပါက ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက် ပြည့်ဝခြင်း ရှိ၊ မရှိ သို့မဟုတ် ပြဿနာများကို အောင်မြင်စွာ ဖြေရှင်းပြီးခြင်း ရှိ၊ မရှိ ဆက်လက်စစ်ဆေးရန် လိုအပ်ပါသည်။

ရင်းနှီးမြှုပ်နှံသူကို ခြေရာခံသည့် software (Investor tracking software) ကို အသုံးပြု၍ ကြီးကြပ်ခြင်း အတွက် သတင်းအချက်အလက်များ စုဆောင်းပါက ပိုမိုလွယ်ကူနိုင်ပါသည်။ အဓိကအချက်မှာ သတင်း အချက် အလက်များ ရရှိအောင် စောင့်ဆိုင်းနေခြင်းထက် သတင်းအချက်အလက်များ တောင်းခံခြင်း ဖြစ်ပါသည်။ ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် ပေါ်ပေါက်လာသည့်ပြဿနာများကို တုံ့ပြန်ရန်နောက်ကျနေပါက ကြီးကြပ်ခြင်း သည် ထိရောက်မှုရှိမည်မဟုတ်ပါ။ အကယ်၍ ရရှိလာသည့် ဖြေကြားချက်များကို ချက်ချင်းမှတ်တမ်းတင်ရန် ပျက်ကွက်ခဲ့ပါက လိုအပ်သည့် အချက်အလက်များကို အချိန်ကြာမှ ပြန်လည်ရှာဖွေ

သည့်အခါ အခက်အခဲများ ဖြစ်ပေါ်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ခြင်းကို တာဝန်ယူထားသည့် အရာရှိများသည် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်မှုများ၊ စီမံကိန်းအခြေအနေ၊ ပေါ်ပေါက်လာသည့် ပြဿနာများနှင့်မှန်ကန်သည့် အရေးယူ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားသင့်ပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီသည် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း၏ စတုတ္ထမြောက် မျိုးဆက်ဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် တိုးတက်လာစေရေးအတွက် ဆွဲဆောင်ရာတွင် ၎င်းတို့သည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပါသည်။ တစ်နည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ၏ အကျိုးသက်ရောက်မှုကို ၎င်းတို့၏ လုပ်ဆောင်မှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် တိုးတက်စေရေးနှင့် နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို မည်မျှအထောက်အကူပြုသနည်း ဆိုသည့် အချက်အပေါ် မူတည်၍ အကဲဖြတ် သတ်မှတ်ကြပါသည်။ ထိုကဲ့သို့သတ်မှတ်ရာတွင် စဉ်ဆက်မပြတ် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို တိုင်းတာသည့် စံသတ်မှတ်ချက်များ သတ်မှတ်ရေးမှာ စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ၏ မျှော်မှန်းချက်များနှင့် ဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှုထောင့် (၄) ခုမှ တိုင်းတာနိုင်ပါသည်။ ၎င်းတို့မှာ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု (ချိတ်ဆက်မှုများ၊ နည်းပညာလွှဲပြောင်းမှု၊ သင်တန်းပို့ချမှု စသည်)၊ စဉ်ဆက်မပြတ် ပတ်ဝန်းကျင်ထိန်းသိမ်းမှု (ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာများဖြန့်ဝေခြင်း စသည်)၊ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု (အလုပ်သမားနှင့် အလုပ်အကိုင် အဆင့်အတန်း၊ လူထုကျန်းမာရေး၊ ပညာရေး၊ သင်တန်းပို့ချမှု စသည်) နှင့် ကောင်းမွန်သော အုပ်ချုပ်မှု (သင့်တင့်မျှတ၍ လုံလောက်မှုရှိသော ညှိနှိုင်းမှုများ၊ အဆက်အသွယ်များ စသည်) တို့ဖြစ်ကြပါ သည်။ ၂၀၁၀ ခုနှစ်တွင် ပြုလုပ် ခဲ့သည့် VCC-WAIPA စစ်တမ်းအရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီအများစုသည် ၎င်းတို့၏ လုပ်ဆောင်ချက်များ၊ ရည်မှန်းချက်များနှင့် မျှော်မှန်းချက်စာတမ်းများကို စဉ်ဆက် မပြတ်ဖွံ့ဖြိုး တိုးတက်ရေးတွင် အားလုံးသော်လည်းကောင်း၊ တစ်စိတ် တစ်ပိုင်းသော်လည်းကောင်း ပေါင်းစပ်ထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ လုပ်ဆောင်ချက်များကို သိရှိနိုင်ရန်အတွက် တာဝန်ခံ အရာထမ်းများသည် သင့်လျော်သော ခြေရာခံစနစ်များရှိရန် လိုအပ်ပါသည်။ ထိရောက်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ခြေရာခံသည့်စနစ်မှာ WAVTEQ မှ ရေးဆွဲထားသည့် "FDI Accounting" software ဖြစ်ပါသည်။ (box 8.12)။ အဆိုပါစနစ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ ဆောင်ရွက်ချက်များ၊ စီးပွားရေးအပေါ် သက်ရောက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရရှိမှုများကို ခြေရာခံပြီး WAVTEQ ၏ CRM database နှင့် Financial Times fDi database တို့နှင့် ပေါင်းစည်းစေပါသည်။

### Box 8.12. ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်များကို ခြေရာခံခြင်း- WAVTEQ ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ကြီးကြပ်ခြင်းနှင့် တွက်ချက်ခြင်း

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ထုတ်ကုန်များ တိုးတက်စေရေးအတွက် WAVTEQ ကို Dr. Henry Loewendahl မှFinancial Times Ltd. ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ၂၀၁၀ ခုနှစ်တွင် ဟောင် ကောင် ၌ စတင်တည်ထောင်ခဲ့ပါသည်။ ၎င်း၏ ထုတ်ကုန်များအနက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ၏ ရင်းနှီး မြှုပ်နှံမှု စီမံကိန်း များအား ခြေရာခံခြင်းနှင့် အချက်အလက်များ ထိန်းသိမ်းရန်အတွက် FDI greenfield database သည် "FDI Accounting" ကို တီထွင်ခဲ့ပါသည်။ အဆိုပါ software သည် IMF နှင့် OECD တို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ၏ အလေ့အကျင့်ကောင်းများအပေါ် အခြေခံကာ cloud-based၊ easy-to-use data entry platform နှင့် front-end application တို့ကို အသုံးပြုထားပါသည်။ ၎င်းသည် စီမံကိန်း အောင်မြင်စေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ပြည့်မီ စေပါသည်။

software တွင် အောက်ဖော်ပြပါ အချက်များပါဝင်ပါသည်-

(၁) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ကြီးကြပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(၂) ကုမ္ပဏီ၏ အသေးစိတ်အချက အလက်များ၊

(၃) စီမံကိန်း၏ အသေးစိတ်အချက်အလက်များနှင့် အခြေအနေများ၊

(၄) တည်နေရာနှင့် ကဏ္ဍဆိုင်ရာ သတင်းအချက်အလက်၊

(၅) ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်ခန့်ထားမှု၊

(၆) ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်၊

(၇) ရင်းနှီးမြှုပ်နှံမှုတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီ၏ ပါဝင်ဆောင်ရွက် ကြောင်း သက်သေ၊

(၈) စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအရည်အသွေးတိုင်းတာ ချက်များ၊

(၉) ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ပြန်လည်ရှိမှုကို တိုင်းတာချက်များ၊

(၁၀) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ဆောင်ရွက်ချက်များနှင့်ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ် ပြန်လည်ရရှိမှုကို မှတ်တမ်းတင်ခြင်း၊

(၁၁) WAVTEQ ၏ lead generation ဖြစ်သည့် CRM database နှင့် the Financial Times fDi database တို့ကို ပေါင်းစည်းခြင်း။

Access to the database and demos are available at **http://www**. **fdiaccounting.com**. *Source*: Available from http://www.wavteq.com/ias.cfm; **http://www.fdiaccounting.com.**

# (ဆ) ဆွေးနွေးစရာ ကိစ္စရပ်များ

1. What is your investment realization rate compared to overall approved investment? Would you consider this normal, below or above average?
2. To what extent is investment facilitation defined and practiced in your national IPA and local IPAs? How important is aftercare as part of the overall role and activities of your IPA?
3. What is the experience of your IPA with site visits? Have they been successful? Havethere been failures and what lessons were learnt? How does the IPA go about strategically positioning a particular location as a favoured location for investors?
4. Does your IPA provide one-stop shop services? Are these services effective and efficient? How does your IPA manage coordination with various involved ministries and agencies with regard to obtaining permits and licenses etc.?
5. Does your IPA coordinate effectively with local IPAs in the provinces or municipalities? What issues related to effective coordination can you identify that should be addressed?
6. Does your IPA have a specific investor services centre? If not, should you have one? If yes, how would you rate its performance?
7. How effective is your IPA or ISC in responding to investor inquiries? What could be improved?
8. Does or should your IPA have an ombudsman service or special unit addressing investor grievances?
9. Does your IPA engage in closely monitoring the performance of investment projects? If not, what is the reason? Would you see value in doing more in this area?
10. Does your IPA have a functioning digital CRM and/or investor tracking system?
11. To what extent does the feedback from investors reach policymakers and policymaking? Do you think aftercare services yield valuable lessons for investment policy?
12. After having considered the various issues involved in IPA roles and functions what is your priority in improving your IPA's performance and services? What about the longer term?

# ရည်ညွှန်း


Ahn. Choong Yong (2008). New direction of Korea's foreign direct investment policy in the multi-track FTA era: inducement and aftercare services. Paper presented at OECD Global Forum on International Investment 2008. Paris, 27-28 March 2008. Available from **http://www.oecd.org/investment/globalforum/40400795.pdf.**

Asia-Pacific Economic Cooperation (APEC) (2008). APEC Investment Facilitation Plan. Document 2008/MRT/R/004 under agenda item 4 for the Ministers Responsible for Trade Meeting – Retreat Session, Arequipa, Peru, 31 May 2008. Available from **http://www.apec.org/Press/Features/2009/~/media/5B7AA1499678495193D806C776 DEDBCE.ashx.**

Al-Fattal, Munther (2008). Development of One Stop Shop (OSS) for Iraq National Investment Commission (INIC). Concept paper. Tijara/USAID. July. Available from **http://pdf.usaid.gov/pdf_docs/Pnadx186.pdf.**

Cuyvers, Ludo, RethSoeng, and Daniel van den Bulcke (2009). The competitive position of a developing country: the role of foreign direct investment in Cambodia.In *Handbook on small nations in the global economy: The contribution of Multinational Enterprises to national economic success,* Daniel van denBulcke, Alain Verbeke, and Wenlong Yuan, eds.,Chapter 11. Edward Elgar Publishing Limited.

Daniel, Kobina Egyir and Xavier Forneris (2010). *Investment law reform: A handbook for investment practitioners*. June. Investment Climate Advisory Services of the World Bank Group. Washington, D.C.: The World Bank Group. Available from **http://documents.worldbank.org/curated/en/306631474483143823/Investment-law-reform-a-handbook-for-development-practitioners**.

Harding, Torfinn, and Beata Smarzynska Javorcik(2012). Investment promotion and FDI inflows: Quality matters. *Oxford Journals: CESifo Economic Studies*. 5 June. Oxford University Press. Available from **http://users.ox.ac.uk/~econ0247/MIGA.pdf.**

Heskett, James. L, and others (1994). Putting the service-profit chain to work. *Harvard BusinessReview,* vol. 72, No. 2, March–April; pp. 164–174. Available from **http://www.business.uzh.ch/professorships/som/stu/Teaching/Teaching/HeskettJo nesLovemanSasserSchlesinger1994.pdf.**

Korea Trade-Investment Promotion Agency (KOTRA) (2016). *Foreign Investment Ombudsman Annual Report 2015*. Available from **http://125.131.31.47/Solars7DMME/004/16Foreign_Investment_Ombudsman_An nual_Report_2015.PDF.**

Lall, Sanjaya (2000) FDI and development: policy and research issues in the emerging context. Working Paper No. 43. Queen Elizabeth House. University of Oxford.

Organisation of Economic Co-operation and Development (OECD) (2002). *Foreign Direct Investment for Development: Maximising Benefits, Minimising Costs*. Chapters 1 and 3. Paris.

Loewendahl, Henry (2001). A framework for FDI promotion. *Transnational Corporations*, vol. 10, No. 1, pp. 3-42. UNCTAD. Available from **http://www.investmentmap.org/docs/fdi-2547.pdf.**

Morisset. Jacques, and Olivier. L. Neso (2002). Administrative barriers to foreign investment in developing countries.Policy research working paper No. 2848. World Bank and International Finance Corporation. Foreign Investment Advisory Service. May. Available from **http://www-wds.worldbank.org/servlet/WDSContentServer/WDSP/IB/2002/06/24/000094946 _02061104142385/Rendered/PDF/multi0page.pdf.**

Nunnenkamp, Peter, andRudi Stracke (2008). Foreign direct investment in post-reform India: likely to work wonders for regional development? *Journal of Economic Development*,volume 33, Issue No. 2, pp. 55-84. December. Available from **http://www.jed.or.kr/full-text/33-2/3.pdf.**

Ortega, Celia, andCarlos Griffin (2009). Investment promotion essentials: What sets the world's best investment facilitators apart from the rest? *Investment Climate in Practice*. No. 6. September. World Bank Group. Available from **http://documents.worldbank.org/curated/en/558121468331827295/pdf/503560BR I0Box31actice1GIPB01PUBLIC1.pdf .**

Suleman, Areef, and Zafeer Iqbal (2013). Infrastructure development: challenges and the way forward. In*Diagnosing the Indonesian economy: towards inclusive and green growth*, Hal Hill, Muhammad E.Khan, and Juzhong Zhuang, eds. Chapter 7. Asian Development Bank and Anthem Press.

United Nations Conference and Development (UNCTAD) (2007). Aftercare: a core function in investment promotion. *Investment Advisory Series*, Series A, Number 1. New York and Geneva:United Nations. Available from **http://unctad.org/en/Docs/iteipc20071_en.pdf.**

______ (2008). Aftercare - reaching out to your investor community.*Investment Brief*, Number 2. Available from **http://unctad.org/en/Docs/webiteiia20082_en.pdf.**

______ (2016). Global action menu for investment facilitation. September. Available from**http://investmentpolicyhub.unctad.org/Upload/Documents/UNCTAD.GlobalActionMenuForI nvestmentFacilitation.v4.16.09.2016.pdf.**

Vale Columbia Center on Sustainable International Investment (VCC) (2009). Handbook for promoting foreign direct investment in medium-size, low-budget cities in emerging markets. November.New York:Columbia University. Available from **http://mci.ei.columbia.edu/files/2012/12/MCI-City-Investment-Promotion-Handbook2.pdf.**

Vale Columbia Center on Sustainable International Investment (VCC) and the World Association of Investment Promotion Agencies (WAIPA) (2010). *Investment promotion agencies and sustainable FDI: moving toward the fourth generation of investment promotion*. Available from **http://ccsi.columbia.edu/files/2013/12/fdi.pdf**.

World Bank Group (2012). Investment climate: Global investment promotion best practices 2012. Available from **https://www.wbginvestmentclimate.org/uploads/Global%20Investment%20Prom otion%20Best%20Practices_web.pdf.**

World Bank Group/Multilateral Investment Guarantee Agency(MIGA) (2000). Investment Promotion Toolkit Module 7: Servicing investors. Washington, D.C.

World Bank Group Investment Climate Advisory Services (2009). How many stops in a one-stop shop? A review of recent developments in business registration. December. Washington, D.C. Available from**http://docplayer.net/387745-How-many-stops-in-a-one-stop-shop.html.**

Young, Stephen, andNeilHood (1994). Designing developmental after-care programmes for foreign direct investors in the European Union.*Transnational Corporations*, vol. 3, No. 2, pp.45–72. August. Geneva:UNCTAD. Available from **http://unctad.org/en/Docs/iteiitv3no2a4_en.pdf.**

